www.burmeseclassic.com



# ဂျာနယ်ကျော်မမလေး

# ဘဝပုံရိပ်များ

www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ကျော် မမလေး [၁၉၁၇–၁၉၈၂]

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးပျားချို၊ အမိ ဒေါ်ကျွဲတို့က ၁၉၁၇ ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် ဖွားမြင်သည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံ အေဘီအမ်ကျောင်း၌ ကျောင်း စ နေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်း အောင်သည်။ ထို့နောက် ရန်ကုန် မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု မေလ ၁၄ ရက်တွင် ဦးအောင်ဖေယျှနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆–၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟာစ်တိုင် သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈–၄၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး(၁၉၆၁–၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်(၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ] (၁၉၅၆)၊ အာဖရိုအာရှ စာရေးဆရာများ ကွန်ဖရင့် [ဂျပန်](၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး" ဝတ္ထုအတွက် ဂုဏ်ပြုပွဲတက်ကြွားခြင်း [ဂျပန်](၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပစ်စာ'တစ်စောင်ကို တုံ့ပြန် ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည် ဆို၏။ "အမျိုးသမီးများ 'ထကြွသတ်'ဉာဏ် ရှိကြရန်" (မြန်မာ့အလင်း၊ ၁၉၃၆–၃၇) သည် ပထမ ပုံနှိပ်ဆောင်းပါး ဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" [ဂျာနယ်ကျော်၊ ၃၁–၅–၁၉၄၁] ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ**(၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ**(၁၉၄၈)၊ **ရွှေမငြိး**(၁၉၄၈)၊ **စိတ်**(၁၉၅၁)၊ **ကမ္ဘာမြေဝယ်**(၁၉၅၂)၊ **မုန်းရွှေမဟူ** (၁၉၅၅)၊ **တွေးတစိမ့်စိမ့်**(၁၉၆၃)[လှုတစ်မျက်နှာ–၁၉၆၉]၊ **ရင်နှင့်အောင်မွေး**(၁၉၆၇)၊ **ရင်မှတစ်ရှိုက်** (၁၉၇၀)၊ **သွေး** (၁၉၇၃) တို့ ဖြစ်ကြ၏။ **မုန်းရွှေမဟူ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန်ဆု၊ **တွေးတစိမ့်စိမ့်** ဖြင့် ၁၉၆၃ ခု အနုပညာမာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ မြကတ်ကလေးတစ်ပင်(ဂျာမန်–၁၉၆၈)၊ **တွေးတစိမ့်စိမ့်**(ရုရှ–၁၉၈၄)၊ **သွေး** (ဂျပန်–၁၉၇၇)၊ **မုဆိုးမ**(အင်္ဂလိပ်)၊ **မုန်းရွှေမဟူ**(ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်၊ အင်္ဂလိပ်) တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော် မမလေး၏ ကလောင်ခွဲများမှာ ရဆေလှိုင်၊ လှုတခိုင်၊ ဘိုကလေး မတင်လှိုင် တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ**(၁၉၆၂) [**မြန်မာ့ဆေးပညာ**–၁၉၆၇]ကို ပြုစုခဲ့သည်။

၁၉၈၂ ခု ဧပြီလ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

**သီဟရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ**

၁၀၀။ စာရေးဆရာ (၁၀၀) ၏ ၂၀ ရာစု မြန်မာဝတ္ထုတို (၁၀၀)
၁၀၁။ သုမောင်၏ ပီကင်းမှပေးစာ (Pear l S.Buck - Letter from Beijing)
၁၀၂။ မောင်မိုးသူ၏ ကျားကုတ်ကျားခဲ (Ken Follett - EYE OF THE NEEDLE)
၁၀၃။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၀၄။ မင်းလူ၏ အသပြာလုလင်
၁၀၅။ ချစ်ဦးညို၏ မှုန့်မတ်များနှင့် တွေ့ဆုံခြင်း
၁၀၆။ ခင်မျိုးချစ်၏ စွန့်ခဲ့ရ ကျွန်မဘဝပါရှင် (Carve her name with pride)
၁၀၇။ မောင်မိုးသူ၏ ကြေးစား
၁၀၈။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၀၉။ မြသန်းတင့်၏ ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း
၁၁၀။ ဖူကူယားမား၊ သိုးမလေးဒေါ်လီ၊ အီဗီအာမင်နှင့် မျက်မှောက်ကမ္ဘာ့ရေးရာ
အဖြာဖြာ
၁၁၁။ မောင်မိုးသူ၏ မာဖီးယားနှင့် ပေါ်ပီပန်း (Ken Follett - Fruit of the Poppy)
၁၁၂။ ချစ်ဦးညို၏ လောကဓံနှင့် လမ်းလျှောက်အတူထွက်ခြင်း

ဘဝပုံရိပ်များ

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၁၁၄။ တက်တိုး၏ သူတို့အတွေးအခေါ် မှတ်စုများ
၁၁၅။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်
၁၁၆။ ဒဂုန်တာရာ၏ အိပ်မက်ဖြစ်ပါစေရှင်
၁၁၇။ ဒဂုန်တာရာ၏ စိမ်းမြရော
၁၁၈။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၁၉။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၁၂၀။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုပေါင်းချုပ်
၁၂၁။ ညီပုလေး၏ ဆုရစ်၊ ပုဒ်မှား၊ ကျားလျာ၊ ထနောင်း ဝတ္ထုတိုများ
၁၂၂။ မောင်သိန်းဆိုင်၏ သမုဒ္ဒရာအထက်က ရေတစ်စက်နှင့် ဝတ္ထုတိုပေါင်းချုပ်
၁၂၃။ ချစ်ဦးညို၏ ရွှေပြည်ဝန်
၁၂၄။ ဒဂုန်တာရာ၏ သုနပရန္တ (သို့မဟုတ်) မိချောင်းစီးသံ

သီဟရတနာစာအုပ် - (၁၁၃)

# ဘဝပုံရိပ်များ

ဂျာနယ်ကျော်မမလေး

၂၀၀၁ ခုနှစ်၊ ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁၂၀၅၀၅ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၁၀၂၅၃၀၆၀၂ |

ပုံနှိပ်မှတ်တမ်း ■ **ပထမအကြိမ်**

၂၀၀၂ ခုနှစ်၊ မတ်လ၊ ရာပြည့်စာပေ

**ဒုတိယအကြိမ်**

၂၀၀၆ ခုနှစ်၊ ဇူလိုင်

**သီဟရတနာစာပေ**

**အုပ်ရေ** ■ (၁၀၀၀)

**ထုတ်ဝေသူ** ■ ဦးသိမ်းကိုး

(မြ-၀၃၉၈၂)

(သီဟရတနာစာပေ)

အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊

ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်

အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၁၊ ပုဇွန်တောင်။

မျက်နှာဖုံးဒီဇိုင်း ■ THIHA Group

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၄၀,၀၀ ကျပ်

## မာတိကာ

| | |
|---|---|
| – ဖြည့်ပြောစကား | ၉ |
| – ရာပြည့်စာအုပ်တိုက်၏ မှတ်ချက် | ၁၃ |
| ၁။ စာပေဆု | ၁၆ |
| ၂။ စာဆိုတော်နေ့ | ၄၂ |
| ၃။ အမေ | ၅၆ |
| ၄။ မရွေ့မရှိ၊ ရွေ့သည်ချည်းမို့ | ၈၈ |
| ၅။ "သူ" နှင့် မင်္ဂလာလက်စွပ် | ၁၀၃ |
| ၆။ ဒီသား၊ ဒီသမီး | ၁၁၀ |
| ၇။ လွမ်းသူ့စာခွေ | ၁၁၅ |
| ၈။ သည်ရာသီ လ တပေါင်း | ၁၂၁ |
| ၉။ ဂျာနယ်ကျော် ဦးချစ်မောင် အမွေ | ၁၂၇ |
| ၁၀။ သမ္ဗုဏ္ဏောနှင့် ပရိပုဏ္ဏာ | ၁၄၀ |
| ၁၁။ ဆယ်နှစ် | ၁၅၈ |
| ၁၂။ စေတနာ | ၁၉၅ |
| ၁၃။ ပုံနှိပ်တိုက်လောကနှင့် ၆၀၀၀ ကျပ် ကြွေး | ၂၃၃ |
| ၁၄။ လမ်းနှစ်ခွ | ၂၄၃ |
| ၁၅။ အဘ ပေးသော အမွေ | ၂၆၀ |
| ၁၆။ ဘဝရေစက် | ၂၆၇ |
| ၁၇။ ဒိတ္တဂီဝါ | ၂၇၇ |
| ၁၈။ သွမ်းတသသ | ၂၈၃ |

www.burmeseclassic.com

www.burmeseclassic.com


၁၉။ ပြည်ရွှေဘို မြို့တော်မြောက်ဆီက ၂၉၃

၂၀။ ဘဝဟူသည် ၃၀၂

၂၁။ မင်္ဂလာဒေဝယျ ဆရာတော် ၃၄၅

၂၂။ လုံမပျိုနှင့် နောက်ဖေးပေါက် ၃၆၈

၂၃။ မွေးမေမေ ၃၉၀

၂၄။ မြေးအဘွား ၄၀၆

၂၅။ မိညို ၄၁၈

၂၆။ မာလီ ၄၄၂

၂၇။ လူထူး လူဆန်း ၄၆၁

၂၈။ တစ်ဖြစ်လဲ ၄၈၇

၂၉။ သာသောအခါ သာပါလိမ့် ၅၀၃

၃၀။ ငြိမ်းချမ်းရေး အလဲ ၅၃၁

၃၁။ ဒိုးနက် ၅၅၈

၃၂။ ယုမိစံနှင့် နီရှိဒွေစံ ၅၆၈

၃၃။ ဆန်တစ်ဖွန်း ၅၇၃


# ဖြည့်ပြောစကား

(၁)

"ဘဝပုံရိပ်များ" အတွက် အမှာစာ ရေးပေးပါတဲ့...။

ရာပြည့်စာအုပ်တိုက်မှ ဦးစိုးညွန့်က ကျွန်တော့်ကို အမှာစာ ရေးခိုင်းနေပါပြီ၊ ဆိုသောစကားကြောင့် ကျွန်တော် အသက်ရှူကျပ်သွားပါသည်။ အထင်ကရ စာဆိုတစ်ဦး၏ ခက်ရာများကို မနေ့တစ်နေ့ကမှ စာဝက်ပါထဲ ရောက်လာသူတစ်ယောက်က သုံးသပ် ဝေဖန်ဖို့ ဆိုသည်မှာ "မလွယ်ရေးချ မလွယ်ပါ"။ ထို့အပြင် စာအုပ်က တခြားလူ၏ စာအုပ် မဟုတ်၊ မိခင် ရေးသည့် စာအုပ်မို့ ပိုလို့တောင် လက်တွန့်မိပါသည်။ များသော အားဖြင့် အမှာစာကို ဘဝတူ ရေးဖော်ရေးဖက်က ဖြစ်စေ၊ ဆရာသမားက ဖြစ်စေ၊ ဒါမှမဟုတ် အကဲဖြတ် သုံးသပ်အားကောင်းသူက ဖြစ်စေ ရေးပေးလေ့ ရှိပါ၏။ ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောနိုင်ဘဲ ငိုင်နေပါသည်။

ရာပြည့်စာအုပ်တိုက်၏ ဒုတိယနှစ်လည် အထိမ်းအမှတ်နှင့် ကွယ်လွန်သူ ဂျာနယ်ကျော်မမလေး၏ ၁၅ နှစ်မြောက် အမှတ်တရအဖြစ် ၁၊ ဩဂုတ် ၁၉၉၉ တွင် "ဂျာနယ်ကျော်မမလေး လက်ရွေးစင် ဝတ္ထုတိုများ" ထွက်ခဲ့ပါသည်။ စုစုပေါင်း ၂၂ ပုဒ်။ မြန်မာဝတ္ထုတိုစစ်စစ်၏ ရနံ့ကို ရှူရှိုက်ခံစားရင်း ရသပွားနိုင်သော ဝတ္ထုတိုများဟု ရာပြည့်က တံဆိပ်ခတ်နှိပ်ထားပါသည်။

ယခု ရာပြည့်စာအုပ်တိုက်ကပင် "ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ" အမည်ဖြင့် ဝတ္ထုတိုများ ထွက်ဦးမည်။ စာရေးသူ ကွယ်လွန်သည့် နှစ် ၂၀ မြောက်ကို ရည်မှန်း၍ ထုတ်ခြင်း။ စုစုပေါင်း (၃၃)ပုဒ်။ ဒီအတွက် အမှာစာရေးပေးပါလို့ ကိုရာပြည့်က ပြောလာခြင်းပါ။ ၁၀ ကြိမ်မြောက်အဖြစ် "မုန်း၍မဟူ" ဝတ္ထုကို ရာပြည့်စာအုပ်တိုက်က ၁၊ ဒီဇင်ဘာ ၂၀၀၀ တွင် ထုတ်ဝေစဉ် "ငါးမည်ရ မုန်း၍မဟူ" အမည်ရှိ မှတ်တမ်း စာလေးတစ်ခု ကျွန်တော် ထည့်သွင်း ဖော်ပြခဲ့ပါ၏။ မိခင် ရေးသော "မုန်း၍မဟူ" ဝတ္ထုကို နိုင်ငံ ငါးနိုင်ငံက သူတို့ အသီးသီးသော ဘာသာစကားများဖြင့် ပြန်ဆိုထုတ်ဝေ ခဲ့ခြင်း အကြောင်းပါ။ ၎င်း နိုင်ငံခြားစာပေတိုက်တို့၏ သုံးသပ်ချက်များကို စုစည်းတင်ပြ ခြင်းသာ ဖြစ်ပြီး၊ အမှာစာ မဟုတ်ပါ။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘဝပုံရိပ်များ" သည် ရှေ့က ထွက်နှင့်ပြီးသော "ရှုမငြီး"၊ "တွေးတာစိမ့်စိမ့်"၊ "လှတစ်မျက်နှာ"နှင့် "လက်ရွေးစင် ဝတ္ထုတိုများ" လို စာရထားကြီး၏ နောက်ဆက်တွဲ တစ်တွဲအဖြစ် ချိတ်ဆက်သွားပါမည်။ ဒါတောင်မှ ဝတ္ထုတိုတွေ ကျန်နေဦးမှာပါ။ ဂျာနယ်ကျော်နှင့် အခြားစာစောင်တွေမှာ ရှိပါသေးသည်။ တစ်ချိန်ချိန်တွင် သီဟရတနာ စာပေမှ "စရာအလွမ်း၏ ဝတ္ထုတိုတောင်တန်းများ" အဖြစ် အစအဆုံး စာပေါင်းချုပ် အဖြစ် ထုတ်ဝေပါမည်။ "ဘဝပုံရိပ်များ" အတွက် အမှာစာကို မရေးနိုင်ပေမဲ့ "ဘဝပုံရိပ်များ" ဖြစ်ပေါ်လာပုံကိုတော့ ကျွန်တော် ဖြည့်ပြောစကားလေးအဖြစ် တင်ပြချင်ပါသည်။

(၂)

သင်္ကြန်အကြို တစ်နေ့။ စာမူတစ်ထပ်ကြီး ကိုင်ပြီး ကိုရာပြည့် ကျွန်တော့်အိမ် ရောက်လာပါသည်။ 'ကျန်ရှိနေသေးတဲ့ ဆရာမကြီးရဲ့ ဝတ္ထုတို၊ ဆောင်းပါး၊ မှတ်တမ်းများကို စုစည်းပြီး နောက်ထပ် ရိုက်လိုပါတယ်' ပြောပြောဆိုဆိုနှင့် ကျွန်တော့်ကို စာမူတွေ ကမ်းပေးပါသည်။

'ကျေးဇူးပြု၍ ကိုမိုးဟိန်းက ဒီစာမူတွေကို ဖတ်ပြီး တူရာတူရာ အကြောင်းအရာ ခွဲပေးပါ။ မိသားစုဘဝ၊ စာပေ၊ အနုပညာ စသဖြင့်ပေါ့ဗျာ။ အကြောင်းအရာတူတွေ တွဲစပ်ပြီး ဖတ်ရရင် ပိုကောင်းမှာပါ။ အများစုက မဂ္ဂဇင်းတွေမှာ ပါပြီးပေမဲ့ အရင် ထုတ်ခဲ့တဲ့ ဝတ္ထုတို စာအုပ်တွေမှာ မဖော်ပြရသေးပါဘူး'

အားတက်သရော ပြောနေသော ကိုရာပြည့်၏ စကားများနှင့် မဂ္ဂဇင်းအစောင်စောင်မှ ကူးယူလာသော မိတ္တူစာမူများကို နားထောင်ရင်း၊ ကြည့်ရင်း ကျွန်တော် တိတ်တခိုး သက်ပြင်းချမိပါသည်။ ဒီလမှာမှ ဒီစာမူတွေ ရောက်လာပါလား။ ဖခင်သည် ဧပြီလ ၃ ရက်၊ မိခင်က ဧပြီလ ၆ ရက်နေ့များတွင် ကွယ်လွန်ခဲ့ကြသည်။ ဧပြီလ... မြန်မာသင်္ကြန်လ... လွမ်းတသသ ဖြစ်ရသည့် လ။ တိုက်တိုက်ဆိုင်ဆိုင်ပင် စာမူတွေ ဒီလမှာမှ ရောက်လာလေရဲ့။ ဘာပဲဖြစ်ဖြစ် ကိုရာပြည့်ကိုတော့ ကူညီမည်ဟု ဆုံးဖြတ်ပြီး 'ကျွန်တော် ကြိုးစားပါ့မယ်' လို့ ဖြေလိုက်ပါသည်။ သူက ဒီစာမူတွေကို "ဘဝပုံရိပ်များ" အမည်ဖြင့် ထုတ်ဝေမည်ဟု ပြောသွားခဲ့သည်။ "ဘဝပုံရိပ်များ"။ ဩော်... "ဘဝပုံရိပ်များ" ကို မြင်ရဦးမည်ပေါ့။

သင်္ကြန်ရက်များတွင် ဝတ္ထုတိုနှင့် ဆောင်းပါးတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ကျွန်တော် ဖတ်သွားပါသည်။ ယခင်က ဤစာတွေကို မိခင် ရှိစဉ်ကတည်းက ဖတ်ခဲ့ဖူးပါသည်။ သို့ပေမဲ့ စာနှင့်ပတ်သက်ပြီး ပြောဆိုခြင်း မရှိလှပါ။ နဂိုကမှ နှုတ်နည်းပြီး ဗဟုကိစ္စများဖြင့်သာ အလုပ်ရှုပ်နေသည့် မိခင်အဖို့ စာအကြောင်းပေအကြောင်း ပြန်ပြောင်း ပြောဆိုဖို့ အချိန်မပေးနိုင်ပါ။ ထို့ကြောင့် ဖတ်ခဲ့ဖူးသော မိခင် စာတွေမှာ ရုပ်ရှင်တစ်ကားကို ဝင်ကြည့်သလို ရုံထဲတွင်သာ ဝေဒနာ ပလုံစီပြီး ရုံအထွက်မှာ သိမြင်ခံစားမှုတွေ တစ်ဝက်ကျန်ခဲ့သည်နှင့် တူပါတော့သည်။ ယခုတော့ ကိုရာပြည့်က





အလုပ်ပေးသွားပြီမို့ ကျွန်တော် စိစိစစ်စစ် ဖတ်ရပါသည်။ ဖတ်ရင်း အကြောင်းအရာများကို အခြေခံပြီး စာပေ၊ အနုပညာ၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘဝရုန်းကန်မှု၊ မိသားစု၊ ဆေးပညာ စသဖြင့် မှတ်သားခွဲခြားသွားပါသည်။

ပစ္စုပ္ပန်ကို အတိတ်က ဖယ်ရှားလိုက်သည် ထင်ပါ့။ စာတွေဖတ်ရင်း နှောင်းဖြစ်ရုပ်တွေ ပြန်မြင်လာပါသည်။ အထူးသဖြင့် မိခင်၏ ဖြတ်သန်းမှုဘဝ၊ မိသားစုဘဝ အကြောင်းတွေ ဖော်ပြသောအခါ တစ်ထောင့်တစ်ခန်းမှ ပါဝင်ခဲ့သည့် မိမိကိုယ်ကို အရွယ်အမျိုးမျိုး၊ နောက်ခံအမျိုးမျိုးနှင့် လှစ်ခနဲလှစ်ခနဲ တွေ့နေရပါသည်။ ကျွန်တော့်ဘဝထဲတွင် ဒုတိယအကြိမ် ပြန်လည် မွေးဖွားခံရသလိုပါလား။ မိခင်၏ အရင်းနှီးဆုံးသော သားချင်း၊ ဆွေမျိုး၊ မိတ်သင်္ဂဟ အသိအကျွမ်းများကို မှတ်မိသမျှ၊ ကြားမိသမျှ ဟန် သဏ္ဌာန် အသံဗလံတို့ဖြင့် ပြက်ပြက်ထင်ထင် ပြန်ပြီး မြင်ယောင်၊ ကြားယောင်နေပါ၏။ ပြီးလျှင် အားလုံး ပုံရိပ်အသွင်မှ မှုန်မှုန်ရေးရေး ဝေးဝေး ပြယ်ပျောက်သွားကြပါသည်။ အထူးခြားဆုံးမှာ မိခင်...။

မိခင်ကို သက်ရှိထင်ရှားရှိစဉ်က ကျွန်တော် သမားရိုးကျ အသွင်ဖြင့်သာ မြင်ခဲ့ပါသော။ ယခု ပုံရိပ်အသွင်ဖြင့် တစ်ဆက်တည်း အကုန် ပြန်မြင်ရသောအခါ တကယ့်မိခင်ကို တွေ့လိုက်ရပါပြီ။ အယူအဆ၊ အတွေးအခေါ်၊ ခံစား လှုပ်ရှားမှု အားလုံး ဤပုံရိပ်များထဲတွင် မိခင် ပုံအောထားပါလား။ အိမ်မှာ မကြားလိုက်ရသော စကားမြင်လိုက်ရသည့် အဖြစ်၊ မသိလိုက်ရသည့် ကိစ္စတို့မှာ စာရေပြင်တွင် သောင်ထွန်းပြီး ပေါ်လာကြသည်။ 'ဩော်... ဒီလိုကိုး... ဒီလိုကိုး' ဟု ယခုမှ သိရသည့် အဖြစ်နှင့် ဆန်းသစ်နေ၏။ အိမ်ပေါင်းချောင်ထဲမှ လူသား မဟုတ်၊ အလုပ်စားပွဲနောက်က စက်ရုပ်မဟုတ်တော့ဘဲ ဥယျာဉ်ကြီးတစ်ခုတွင် လွတ်လွတ်လပ်လပ် ပွင့်ချင်သလို ပွင့်နေသော ပန်းမှာ မိခင်ကို မြင်ရပါသည်။

ကျွန်တော်သည် မိခင်၏စာပေနှင့် ပတ်သက်၍ ဘာမှ ပြောနိုင်စွမ်း မရှိပါ။ "ဘဝပုံရိပ်များ" ကို ကြည့်ပြီး အသိလေးတွေ တိုးလာပါသည်။ မိခင်၏ ဘဝရှေ့ပိုင်းကို ပြောလာသောအခါ ဘဏ်မန်နေဂျာတစ်ဦး၏ သမီးအဖြစ် စာရင်းအင်းကိုင်သူ တစ်ဦး ဖြစ်မလာဘဲ "ရဝေလှိုင်"၊ "လှတခိုင်"၊ "ဘိုကလေး မတင်လှိုင်" အမည်များဖြင့် စာရေးဘင်ကိုင်သူ ဖြစ်လာသည်။ အိမ်နှင့် ဘဏ်အဆောက်အအုံ၏ လှေကားထစ်များကို ဆင်းနေရာမှ "သခင်မ မတင်လှိုင်" အဖြစ် အနယ်နယ်အရပ်ရပ်သို့ ခြေဦးတည်၍ ခရီးသွားတရား ဟောပါတော့သည်။ မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင်နှင့် ဆုံစည်းသောအခါ အသိုင်းအဝိုင်းကိုစွန့်ပြီး ခင်ပွန်းသည်၏ ရည်မှန်းချက်နှင့် ဆန္ဒများ ပြည့်ဝရန် ကျောက်စုံ လွှင့်ခဲ့သည်။ (၈)နှစ်တာ အိမ်ထောင်သက်တမ်းအတွင်း မြန်မာ့အလင်း ဦးချစ်မောင် ဘဝမှ ဂျာနယ်ကျော် ဦးချစ်မောင်ဘဝသို့ ရောက်အောင် တောက်လျှောက် ဖေးမခဲ့သည်။

ထို့ကြောင့်မှာသည် မိခင်အား အရေထူရန် (၁၃)နှစ်လုံးလုံး မုဆိုးမဘဝဖြင့် ရုန်းကန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းသည်။ သားရေး သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ဆေးပညာ စသဖြင့် ဘဝ ဝဲဩဃထဲတွင် နစ်ထားပြီး မွန်းလောက်ပြီ၊ မောလောက်ပြီဆိုမှ ဆယ်ယူရန် ပြည်ရွှေဘို မြို့တော်မြောက်ဆီက ဦးအောင်ဇေယျကို လွှတ်လိုက်သည်။ ဦးလေး ဦးအောင်ဇေယျသည် ကျွန်တော်တို့ လူလားမြောက်သည့်အရွယ်တွင်မှ မိသားစုဘဝထဲ ရောက်လာသည်။ သူ ရောက်လာရခြင်းမှာ "ကရုဏာ" တရားကို အခြေခံပြီး ရောက်လာခြင်းပါ။ ဒီတစ်ခါ ကံကြမ္မာက ဦးလေးကို မိသားစုဝန်အား ကျုံးရုန်း ထမ်းရန် (၂၃)နှစ် တာဝန်ပေးပြန်ပြီ။

နိုင်ငံတော်အတွက် မြန်မာ့အလင်း ဦးချစ်မောင်၊ မြန်မာ့အလင်း ဦးချစ်မောင် အတွက် ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်အတွက် ဂျာနယ်ကျော် မမလေး၊ ဂျာနယ်ကျော်မမလေးအတွက် ဦးအောင်ဇေယျတို့ကို ကံကြမ္မာက အလှည့်ကျ လက်ဆင့်ကမ်းပေးခဲ့၏။

"ဘဝပုံရိပ်များ" ကို ဖတ်ရင်း... တွေးရင်း... ပုံဖော်ရင်း အသိတစ်ခု ဝင်လာပါသည်။ မိခင်၊ ဖခင်နှင့် ဦးလေး ဦးအောင်ဇေယျ ဆိုသည့် ကျေးဇူးရှင်သုံးဦးကို ဘာ ပါရမီမှ မဖြည့်ပေးရဘဲ အလိုက်သင့် ခံယူသွားသူမှာ ကျွန်တော်တို့ သားသမီးတွေ ပါလား... မြင်းမိုရ်တောင်မှ နှင်းရည်တွေဖြင့် ကျွန်တော်တို့ဘဝ အေးမြစိုပြည်ခဲ့ရပါသည်။ "ဘဝပုံရိပ်" ကြားမှ မိဘတွေကို ကျွန်တော် ပြန်မြင်ခဲ့သလို၊ မိဘတွေက ကျွန်တော်တို့ ဇာတ်တွေကို ပြန်မြင်နိုင်မည်ဆိုလျှင်... "သြော်... သူတို့ လက်ထဲမှာလည်း ကလောင်လေး တွေနဲ့ပါလား" ဟု ပြောကြမည် ထင်သည်။ ဟုတ်ပါသည်၊ ကလောင်ကို ထွန်းညှိပြီး ပုံရိပ်များကို အစဉ် ပူဇော်နေမှာပါ...။

မိုးဟိန်း

# ရာပြည့်စာအုပ်တိုက်၏ မှတ်ချက်

(၁)

- ဤစာအုပ်နှင့်ပတ်သက်၍ အနည်းငယ် တင်ပြလိုပါသည်။

(၂)

- ပထမအချက်မှာ ဤစာအုပ်၏ အမည်နှင့် ပတ်သက်ပါသည်။
- ဂျာနယ်ကျော်မမလေးသည် "သူလိုလူ"ရေးပြီးနောက် မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားလိုပုံ ရပါသည်။ "ငယ်ငယ်ရွယ်ရွယ်"အမည်နှင့်ပင် ကြော်ငြာခဲ့ဖူးပါသည်။ သို့ရာတွင် လုံးချင်းစာအုပ်အဖြစ် ရေးသားထုတ်ဝေနိုင်ခဲ့ခြင်း မရှိပါ။
- သို့ရာတွင် မိမိဘဝနှင့် စပ်၍လည်းကောင်း၊ မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေ အပေါင်းအသင်းတို့နှင့် ပတ်သက်၍ လည်းကောင်း၊ မျက်မြင်ကြုံတွေ့ ခံစားရချက်များ နှင့် ဆက်နွယ်၍ လည်းကောင်း အတ္ထုပ္ပတ္တိဆန်ဆန် ရေးသားခဲ့သည့် ဝတ္ထု၊ ဆောင်းပါး၊ ရသဟန် ဝတ္ထုဆောင်းပါး အချို့ကို ကြိုးကြားရေးဖွဲ့ခဲ့ကြောင်း တွေ့ရှိရ ပါသည်။
- ထိုစာများကို စုစည်းလိုက်သောအခါ ဂျာနယ်ကျော်မမလေး၏ ဘဝကို အပြည့်အစုံ မဟုတ်သည့်တိုင် တစ်စိတ်တစ်ပိုင်း ထုဆစ်ထားသည့် ရုပ်ပုံလွှာအဖြစ် ပေါ်ထွက်လာ ပါသည်။ ဂျာနယ်ကျော်မမလေး၏ ဖြတ်သန်းမှု ဘဝကားချပ် နီးဝေး နိမ့်မြင့် ပုံရိပ်များ ပင် ဖြစ်ပါသည်။
- ဤသို့ဖြင့် ဤစာအုပ်ကို "ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ"ဟု အမည်ပေးခဲ့ ခြင်း ဖြစ်ပါသည်။

(၃)

- ဒုတိယအချက်မှာ ဤစာအုပ် စီစဉ်ထားသိုမှု အပိုင်းပင် ဖြစ်သည်။
- ယခု စာအုပ်ပါ စာများသည် စာနယ်ဇင်း အသီးသီးတွင် ထုံ့ပိုင်းထုံ့ပိုင်း ရေးခဲ့သည်များ ကို စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ရေးသားခဲ့ သည့် စာများပင် ဖြစ်ပါသည်။ ထိုစာများကို စာပြီးနှစ် (ဝါ)စာနယ်ဇင်းတွင် ပါဝင် သည့် ခုနှစ်၊ လ အတိုင်း စီစဉ်ကြည့်ပါသည်။ ထိုအခါ အကြောင်းအရာပိုင်းတွင် အစီအစဉ် မကျသည်များ၊ ခုန်ပျံကျော်လွှားသည်များကို တွေ့လာရပါသည်။ ဖတ်ရ သည့်မှာ ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် မရှိလှပါ။ တောင်ရောက်မြောက်ရောက် အာဒုအထစ်များနှင့် ကြုံရပါသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



- တစ်ဖန် အကြောင်းအရာပိုင်းကို ရှေ့တန်းတင်၍ စီစဉ်ကြည့်ပါသည်။ ထိုအခါ တစ်ပုဒ်နှင့် တစ်ပုဒ်ကြား ထပ်သည်များ၊ အဟပ်ကွာနေသည်များ၊ ဟ နေသည်များ ရှိသော်ငြား ဘဝဖြစ်စဉ် တိုးတက်မှု သက်တံရောင်စဉ် အရိပ်များကို ပုံဖမ်းရနိုင်စရာ ရှိလာပါသည်။ ဤသို့ဖြင့် ဂျာနယ်ကျော်မမလေး၏ ဘဝအဆင့်ဆင့် ဖြစ်တည်မှုကို တစ်ဆင့်စီ၊ တစ်ပိုင်းစီ၊ တစ်ကန့်စီ တဖြည်းဖြည်း မြင့်တက်ပုံဖော်လာမှုအရ စာများကို ရှေ့နောက် နေရာချထားလိုက်ပါသည်။

(၄)

- တတိယအချက်မှာ စာတချို့နှင့် စပ်လျဉ်းသည်များပင် ဖြစ်ပါသည်။
- ရာပြည့်စာအုပ်တိုက်သည် ၁ ဩဂုတ် ၁၉၉၇ တွင် ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ (၁၉၄၁-၁၉၈၁) ကို ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် စာရေးသူ၏ ဘဝကို လှစ်ပြသည့် စာအချို့ပါဝင်ခဲ့ပါသည်။ "မိန်းမဝတ္ထု"၊ "မုဆိုးမ"၊ "ဘဝအခေါ်" နှင့် "တစ်သက်မှာ တစ်ခါကြုံသည်"တို့ပင် ဖြစ်ပါသည်။ ထိုစာလေးပုဒ်ကို ထပ်မံ ထည့်သွင်းခဲ့လျှင် တစ်ဆက်တစ်စပ်တည်း စုစည်းဖတ်ရခြင်းဖြင့် ဘဝပုံရိပ်များ ပိုမို ပီပြင် ထောက်ပလာနိုင်ဖွယ် ရှိပါသည်။ သို့သော် ထိုစာ ဤစာများကို ဟိုမှာသည်မှာ ထပ်ကာထပ်ကာ ထည့်သွင်းခြင်းဖြင့် အဆိုပါစာအုပ် ဝယ်ယူပြီးသူများအတွက် စာအုပ်တန်ဖိုး ကြီးမြင့်လာမှု ဝန်ပိနိုင်ပါသည်။ အဟောင်းကို ပေါင်းတင်ပြီး တံဆိပ်တစ်မျိုးကပ် လှည့်စားခြင်းမျိုး မပြုလိုပါ။ ထို့ကြောင့် ထုတ်ဝေခဲ့ပြီးဖြစ်သည့် စာများကို ယခုစာအုပ်တွင် ထပ်မံထည့်သွင်းခြင်း မပြုတော့ပါ။ ဆက်စပ် ဖတ်လိုပါက အဆိုပါ စာအုပ်ကို ညွှန်းပါရစေ။
- တစ်ဖန် အကြောင်းအရာအားဖြင့် ထပ်နေသည်များကိုလည်း ချန်လှပ်ခဲ့ပါသည်။ ဥပမာ- ကမ္ဘာ့ဒိုင်ဂျက်၊ ဒီဇင်ဘာ ၁၉၅၇ ခုတွင် ပါရှိခဲ့သည့် "ပစ်စာနှင့် ကိုစောဦးတို့က ကျွန်မကို စာပေနယ်ထဲ တွန်းချလိုက်၍"ဆောင်းပါးသည် "စာပေဆု" ဆောင်းပါးထဲမှ ထုတ်နုတ်ချက်ပင် ဖြစ်သည်။ ထို့ကြောင့် ထုတ်နုတ်ချက် ဆောင်းပါးကို ဖြုတ်ပယ်ခဲ့ရပါသည်။ အကြောင်းအရာတူ၊ စာတူက မူရင်းကိုသာ ဦးစားပေးသည့်သဘော ဖြစ်ပါသည်။

(၅)

- စတုတ္ထအချက်မှာ ဓာတ်ပုံများနှင့် ပတ်သက်ပါသည်။
- စာရေးဆရာတစ်ဦး၏ စာပေလက်ရာသည် ဖန်တီးမှု အားကောင်းသည်နှင့်အမျှ၊ သြဇာအရှိန်အဝါ ကြီးမားလာသည်နှင့်အမျှ ကမ္ဘာအနှံ့ ခြေဆန့်လာပါသည်။ ပုဂ္ဂလိကပိုင်၊ မိသားစုပိုင်ဘဝမှ အမျိုးသားပိုင်၊ အများဆိုင် အမွေအနှစ်သို့ ရွေ့လျောလာပါသည်။ စာပေလက်ရာအပေါ် ချစ်မြတ်နိုးခြင်းနှင့်အတူ စာရေးဆရာ၏ ပုဂ္ဂိုလ်ရေးဘဝကို သိလိုမှု ချဉ်ခြင်းတပ်လာပါသည်။ စာနှင့်ဘဝကို စပ်ဟပ်ဖွင့်ဆိုခံစား လာပါသည်။ မိသားစု အယ်လ်ဘမ်သည် လူသားအများဆိုင် အယ်လ်ဘမ်အဖြစ် ပြောင်းလဲ





သွားပါသည်။ နိုင်ငံတကာ စာရေးဆရာများ၏ စာပေလက်ရာများနှင့် အတ္ထုပ္ပတ္တိများတွင် ထိုသဘောကို တွေ့နိုင်သည်ဟု ယူမိပါသည်။
- ဤသို့ဖြင့် "ဘဝပုံရိပ်များ"ကို ပိုမိုအားဖြည့်ပေးနိုင်သည့် ဓာတ်ပုံအချို့ကို ဤစာအုပ်တွင် ထည့်သွင်းထားပါသည်။ စာကို ချစ်သည်နှင့်အမျှ စာရေးသူ၏ ဘဝကိုပါ အနက်အရှိုင်း ခံစားထိတွေ့စေလိုသည့် စေတနာပင် ဖြစ်ပါသည်။

(၆)

- ပဉ္စမအချက်မှာ ကြွင်းကျန်စာများနှင့် ဆိုင်ပါသည်။
- ဂျာနယ်ကျော်မမလေးသည် အလွန့်ကို မအားမလပ်သည့်ကြားမှ စာမျိုးစုံကို အံ့မှုယ်ဖန်တီးခဲ့သည့် စာရေးဆရာ ဖြစ်ပါသည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆေးပညာဆောင်းပါးများ အပြင် စာပေဝေဖန်ရေး၊ စာအုပ်အမှာစာ၊ ခရီးသွားမှတ်တမ်း မှသည် သတင်းစာနှင့် ဂျာနယ် ဆောင်းပါးများအထိ စာစုံ ပါဝင်ခဲ့ပါသည်။ ထိုစာများတွင်လည်း စာရေးသူ၏ ဘဝပုံရိပ်များကို ဖျိုးခနဲ ဖျတ်ခနဲ တွေ့ရသည်များ ရှိပါသည်။ ခေဝဏ္ဏ၊ ဝေဖန်ချက်၊ မြတ်ထန်၏ စာအုပ်အမှာ၊ မန္တလေးရက္ခစိုးဘဏ္ဍာ၊ ဟီးရှိုးရှီးမား၊ ငွေနှင်းဝိုင်ဝိုင် မော်စကို၊ ပြည်ထောင်စု ပဋ္ဌာန ....စသည့် စာများတွင် ဖြစ်ပါသည်။ အဆိုပါ စာများကို စုစည်း၍ "ယဉ်ကျေးမှုခရီးသည်"အမည်ဖြင့် ထုတ်ဝေပါဦးမည်။ ထိုအခါ စာရေးသူ၏ ဘဝထုပ္ပတ် ရုပ်ပုံကားချပ်ကြီးကို အနီးအဝေး အနိမ့်အမြင့် ဆေးသား အထုအပါး၊ အရောင်စုံ အသွေးစုံ မြင်ကွင်းကျယ် တွေ့နိုင်မည် ဖြစ်ပါသည်။

(၇)

- နိဂုံးအနေဖြင့် ဆိုပါရစေ။
- ဤစာအုပ် စီစဉ်ရာ၌ အားတက်သရော အကူအညီ ပေးသည့်အပြင်၊ ထုတ်ဝေခွင့်ပြုခဲ့သည့် ဆရာမိုးဟိန်း၊ ဤစာစုများကို ကနဦး ထည့်သွင်းခဲ့သည့် စာနယ်ဇင်းများ၊ ရှာဖွေစုစည်းရာတွင် ကူညီကြသည့် အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဝန်ထမ်းများ၊ ဓာတ်ပုံများ သုံးစွဲခွင့်ပြုသည့် ဂျာနယ်ကျော်မိသားစုနှင့် ဆွေမျိုးသားချင်းတို့ကို ရာပြည့်စာအုပ်တိုက်က ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။
- ဤစာအုပ်တွင် မသင့်သည်များ၊ အဆီအငေါ် မတည့်သည်များ၊ ချို့ယွင်းချက်များ ရှိခဲ့လျှင် မူရင်း စာရေးသူနှင့် မသက်ဆိုင်ဘဲ၊ ရာပြည့်စာအုပ်တိုက်၏ တာဝန်သာ ဖြစ်ကြောင်း လေးလေးစားစား တင်ပြအပ်ပါသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# စာပေဆု

[ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးမှ စာပေဗိမာန်ဆုရသော စာရေးဆရာများကို ချီးကျူးဂုဏ်ပြုပွဲ ပြုလုပ်ခဲ့စဉ်က မုန်း၍မဟူဝတ္ထု စာပေဗိမာန်ဆုရသော ဂျာနယ်ကျော်မမလေး၏ ပြန်ကြား ပြောဟော ချက်များကို စာပေ မှတ်တမ်း တင်ထားချင်သဖြင့် ဆောင်းပါးရေးပါ ရန် ရှုမဝ စာတည်းအဖွဲ့က တိုက်တွန်းမှုကြောင့် ရေးပေးခြင်း ဖြစ်သည်။ ရှုမဝ စာတည်းအဖွဲ့. ]

## ၁

၁၉၅၇-ဇန်နဝါရီလ ၆ ရက်၊ တနင်္ဂနွေနေ့ ဖြစ်၏။

ကျွန်မသည် ကာလကတ္တားမြို့ ယူဘီအေလေယာဉ်ပျံ ရုံးခန်းကြီးထဲတွင် ကောင်တာခုံမြင့်ပေါ်၌ အငှားအိပ်ရာလိပ်ကို ဖြေခြင်းလေသည်။ စင်ပေါ်သို့ ခိုလွဲ တက်ရကာ လှဲအိပ်လိုက်သည်။

အချိန်မှာ ည ဆယ်နာရီ ဖြစ်သည်။

ယနေ့သည် မြန်မာပြည်၌ စာပေဗိမာန်တွင် စာပေဆုနှင်းပွဲသဘင် ဆင်ယင် ကျင်းပသောနေ့ ဖြစ်သည်။ ကျွန်မမှာ "မုန်း၍မဟူ" ဝတ္ထုအတွက် စာပေဗိမာန်ဆု ရသူ ဖြစ်ရကား ဆင်ယင် ကျင်းပနေကြမည့် ပွဲသဘင်ကြီးကို ထင်ယောင်မြင်ယောင်၍ နေမိသည်။

နယူးဒေလီမြို့တွင် ကျင်းပသော အာရှစာရေးဆရာများ ကွန်ဖရင့်သို့ လာတက်နေခြင်းကြောင့် ကျွန်မနှင့် ဆုပေးပွဲမှာ လွဲနေလေသည်။ ဒေလီတွင် ကွန်ဖရင့် ကျင်းပနေစဉ် ကျွန်မ ဆုရကြောင်း အကြောင်းကြားသော သံကြိုး တစ်စောင်သည် ကွန်ဖရင့်သို့ ရောက်လာသည်။ ကွန်ဖရင့် အတွင်းရေးမှူး မစ္စတာ အာနန်က စည်းဝေးခန်းမကြီးထဲ၌ သံကြိုးစာကို ဖတ်ပြလိုက်ရာ လက်ခုပ်သံကြီး မှာ ဆူညံသွားလေသည်။ ကျွန်မမှာ ဩဘာသံများ စဲသည့်အထိ နေရာမှ ထ၍ ရပ်ပြရရင်း စာပေဗိမာန်မှ ပေးသော စာပေဆုသည် နယူးဒေလီမြို့ အာရှစာရေး





ဆရာများ ကွန်ဖရင့်ကြီးတွင် ဂယက်ရိုက်ခတ်သွားစေသဖြင့် စာပေဗိမာန်ကြီး အတွက် အထူး ဂုဏ်ယူ အားတက်မိသည်။

စည်းဝေးအပြီး နိုင်ငံတကာမှ စာရေးဆရာ လူမျိုးပေါင်းစုံတို့သည် ကျွန်မ အနားသို့ ဝိုင်းအုံလာကာ ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်ကြသည်။ စာပေ ဗိမာန် အကြောင်းကို မေးကြသည်။ ကျွန်မမှာ ဖွဲ့စည်း တည်ထောင်ထားသော စာပေဗိမာန်၏ ရည်ရွယ်ချက်၊ စာပေလုပ်ငန်းများနှင့်တကွ ဆုပေး အစဉ်အလာ များကို ရှင်းလင်း ပြောပြရသည်။

စာပေဗိမာန်မှ ဆုပေးပွဲနှင့် လွဲနေသဖြင့် ကျွန်မအတွက် ရရှိသော ဆုကို မည်သူ တက်ယူသနည်းဟု တွေးတော စဉ်းစားနေရင်း၊ စာပေနယ်ထဲသို့ ရောက် လာသော စာရေးဆရာအဖြစ်ကို မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်လာသည်။

ကျွန်မ စာရေးဆရာ ဖြစ်လာပုံသည် ကိုယ်၌က စာပေဝါသနာထုံ၍၊ ဘာပေနှင့် နီးစပ်၍၊ စာရေးဆရာ ဖြစ်လိုဆန္ဒရှိ၍ စာပေနယ်ထဲသို့ ရောက်လာခြင်း မျိုး မဟုတ်ချေ။

စာပေနယ်ပယ်ထဲသို့ မရောက်ရောက်အောင် တွန်းထိုးလွှတ်လိုက်သဖြင့် သာလျှင် စာပေနယ်ပယ်ထဲ ရောက်ကာ စာရေးဆရာ ဖြစ်လာရခြင်း ဖြစ်သည်။

စာပေလောကသို့ ရောက်သွားအောင် ကျွန်မကို တွန်းထိုးပို့လိုက်၍ စာရေး ဆရာ ဖြစ်လာရသည်မှာ အမှန်စင်စစ် ပစ်စာကလေး တစ်စောင်ကြောင့် ဖြစ်လေ ၏။

ကျွန်မမှာ ပစ်စာ တစ်စောင်ကြောင့် စာရေးဆရာ ဖြစ်လာရသောကြောင့် ထိုပစ်စာသည် ကျွန်မ၏ ဘဝမှတ်တမ်းတွင် အရေးပါသော စာတစ်စောင် ဖြစ် သည်။

အသက် ၁၈ နှစ် အရွယ်လောက်၌ ဘိုကလေးမြို့တွင် နေထိုင်ခဲ့စဉ် ပစ်စာ တစ်စောင် ရလေသည်။ ကျွန်မကို အရပ်က မျက်စိမွေး စူးလွန်း၍ မျက်မုန်း ကျိုးကျိုးဖြင့် ပစ်သောစာလည်း ဟုတ်၏။

ကျွန်မ အပျိုအရွယ်၌ ရခဲ့သော ယင်းပစ်စာကား–

"မြို့မျက်နှာဖုံး လူကုံထံ သမီးတစ်ယောက် ဖြစ်လျက်နှင့် မိန်းကလေး ဣန္ဒြေ တစ်စက်မှ မရှိဘဲ ကာလသားကလေးတွေနဲ့ တွဲပြီး သွားလာနေရုံမက၊ တစ်ဆင့်တက်ပြီး ခုန်ပေါက်ပျံလွှား ကြက်တောင်ရိုက် ကစားနေတာဟာ မြို့ မျက်နှာကို အိုးမည်းသုတ်နေတာနဲ့ အတူတူပဲ။ အပျိုလေးအရွယ်လေး ဣန္ဒြေမှ မထောက်၊ ခုန်လိုက်ပေါက်လိုက်နဲ့ မြို့လယ်ကောင်မှာ ကာလသားတွေနဲ့ ကစားနေတာ ရှက်စရာ ရယ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်၊ မရပ်ဘဲ ဆက်ပြီး ညနေတိုင်း ကစားနေရင် အမည်နာမနဲ့တကွ မြန်မာ့အလင်းသတင်းစာ မောင်းသတင်းထဲ ထည့်ပြီး အရှက်ခွဲမယ်။ စောင့်သာကြည့်။"

**လျှို့ဝှက်သော အမျိုးသမီး ၁၅ ဦးအဖွဲ့**

ကျွန်မသည် ကျွန်မ၏ အပေါင်းအသင်း သူငယ်ချင်းများဖြစ်သော ရွယ်တူ တန်းတူ ယောက်ျားကလေး တစ်စုနှင့် ညနေတိုင်း(ဘက်မင်တန်) ကြက်တောင် ရိုက် ကစားလေသည်။

ထိုကာလ ထိုအချိန်တုန်း၌ ဘိုကလေးမြို့တွင် လူကုံထံသမီး အပျိုကလေး များသည် အိမ်ပြင်ထွက်သော အလေ့ မရှိကြပေ။ မိန်းမပျိုကလေး တစ်ယောက် တည်း လမ်းပေါ်မှာ မတွေ့ရချေ။ အပျိုလေး ဖြစ်လာလျှင် အိမ်တွင်း အောင်းကြ သည်။

ပိုက်ဆံ ကျိကျိတက် ချမ်းသာ၍ ကြပ်ကြပ်ဂုဏ်ရှိလျှင် မြို့တွင် ပွဲလမ်း သဘင် ရှိမှသာ သမီးပျိုလေးကို ပွဲထုတ်ကြသော အလေ့ရှိ၏။ သမီးပျို၏ ရွှေ ရုပ်လွှာကို လူတကာ မမြင်စေရ။ နေရာတကာ မတွေ့စေရ။ အပျိုဈေး ကောင်း အောင် အိမ်ပြင်ထုတ်ခြင်း မရှိ။

ထိုခေတ်က မိန်းမပျိုများမှာ အိမ်တွင်း အောင်းနိုင်မှ အဖိုးတန်ပြီး လင် ကောင်း ရသည်။ မြို့အုပ်၊ ဝန်ထောက်၊ အိုင်စီအက်စ် စသော ဂုဏ်ပုဒ်တို့နှင့် ပြည့်စုံပြီးသော သားရှင်တို့သည် ဒီစတြိတ်မြို့နယ်များမှ အိမ်တွင်းအောင်း သူဌေး သမီးကလေးတွေကို စနည်းနာ၍ သတင်း နားထောင်ကာ ပိုက်စိပ်တိုက် ရှာဖွေ ကြလေသည်။ ပိုက်ဆံ ချမ်းသာသူ၊ အနေအထိုင် ဗိုင်းကောင်းကျောက်ဖိ၊ အိမ်ပြင် မထွက်၊ အိမ်တွင်း အောင်းသူ စသည့် ဂုဏ်ပုဒ်တို့နှင့် ပြည့်စုံနေလျှင် သားရှင်များ ဘက်မှ ရာထူးဂုဏ်နှင့် သမီးရှင်ဘက်မှ ငွေနှင့်စက်လျက် အရောင်းအဝယ် တည့် သွားကြလေသည်။

ယင်းကဲ့သို့ အချိန်အခါ၌ ကျွန်မသည် အပျိုကလေးအရွယ် လူမမြင်ချင် အဆုံး လမ်းမပေါ် ရောက်နေ၏။

အိမ်က ထွက်လျှင် အဖော်မခေါ်၊ တစ်ယောက်တည်း ကိုးချင်းကိုးချင်း သွားတတ်သည်သာတည်း။

ကျွန်မ အစ်မမှာ လမ်းပေါ်သို့ တစ်ယောက်တည်း ထွက်လေ့မရှိ။ မထွက် ဝံ့။ အဖော်နှင့်၊ အစောင့်နှင့်၊ အရှောက်နှင့်မှသာ လမ်းပေါ်၌ လမ်းလျှောက်တတ် လေ၏။

လူတကာ မြင်နိုင်သည့် လမ်းပေါ်တွင် ယောက်ျားကလေးများနှင့် တွဲ၍





ခုန်ပေါက်ကစားနေခြင်းသည် ထိုခေတ်မျက်စိနှင့် ကြည့်လျှင် မျက်စိမွေး စူးချင် ခရာ ပင်တည်း။

ကြက်တောင်ရိုက် (ဘက်မင်တန်) ကစားနည်းမှာ တောမြို့များတွင် ခေတ်မစားသေးချေ။ ပေါ်ဦးပေါ်စ အချိန်ခေတ်လည်း ဖြစ်သည်။ မည်သည့် မိန်းကလေးမျှ မကစားရဲဘဲ ယောက်ျားတွေနှင့် တွဲ၍ လမ်းထွက် ကစားရဲသော ကျွန်မကို မြင်ပြင်းကပ်ကြကုန်၏။

မြို့ပေါ်တွင် စာကြည့်တိုက်ထောင်သောကိစ္စ၊ စကားရည်လုပွဲ လုပ်သော ကိစ္စ၊ ဆွမ်းကြီးလောင်းအသင်း ကိစ္စ၊ ပြေးပွဲပြိုင်ပွဲ ကစားခုန်စားပွဲ ကိစ္စ၊ လူငယ် များ အသင်း၊ နိုင်ငံရေး သခင်အသင်း စသော မြို့ရေးရွာရေး အသင်းအပင်း ဝေယျာဝစ္စအတွက် လူစုလူဝေးနှင့် စုဝေး ပေါင်းစပ်၍ လုပ်လေသော လုပ်ငန်း တိုင်း ကာလသား တစ်အုပ်ထဲတွင် မိန်းမဆို၍ ကျွန်မတစ်ယောက်တည်း အပျို လေး ဖြစ်သည်။

ကျွန်မသည် အသင်းအတွက်၊ မြို့ရေးရွာရေး ကိစ္စအတွက် ကာလသား တစ်အုပ်နှင့် တစ်အိမ်တက်ဆင်း ပိုက်ဆံ အလှူခံသည်။ တစ်အိမ်တက်ဆင်း စာအုပ်စာတမ်း အလှူခံသည်။

လူတကာ မြင်နိုင်သည့် လမ်းပေါ်တွင် ယောက်ျားကလေး တစ်စုနှင့် သွားအတူ လာအတူ ရှိနေသော ကျွန်မကို မျက်မုန်းကျိုးနေကြရာတွင်၊ လမ်းပေါ် ထွက်၍ ယောက်ျားတစ်စုနှင့် ကြက်တောင်ရိုက် ကစားပြန်ခြင်းကြောင့် ကြည့်မရ ရှုမရအောင် မျက်စမွေး စူးလာကြကာ **ပစ်စာ** ပစ်ကြခြင်း ဖြစ်လေ၏။

ယောက်ျားကလေးအုပ်ထဲတွင် ကျွန်မ ရောက်နေသဖြင့် အကယ်၍ ကျွန်မသည် ယောက်ျားလျာ ဖြစ်မည်၊ ယောက်ျားစိတ် ပေါက်နေမည် ဆိုပါ ကလည်း အရုပ်က မြင်ပြင်းမကပ်ဘဲ ယောက်ျားလျာတစ်ယောက် အနေဖြင့် ခွင့်လွှတ်နိုင်ကြမည် ထင်သည်။

ကျွန်မမှာ ယောက်ျားလျာစိတ်လည်း မပေါက်၊ ယောက်ျားလျာဂိုက်လည်း မဟုတ်၊ မိန်းမပျို အရွယ်ကလေး ဖြစ်သည့်အတိုင်း မိန်းမပျိုကလေးပီပီ လှလှပပ အဆန်းအသစ် ဆင်ယင် ထွင်ဝတ်လျက် ကာလသားအုပ်ထဲ ရောနေသဖြင့် ပြော ချင်သူ၊ ဆိုချင်သူ၊ လက်ညှိုးထိုးချင်သူတွေ ပေါများနေပေသည်။

ကျွန်မအား အုပ်ထိန်းသော မိဘများသည် ကျွန်မအကြောင်း ကောင်း ကောင်း သိ၍ ကျွန်မ အရှိန်နှင့် ကျွန်မ ရှိပစေဟု လျစ်လျူရှုထားခြင်း ဖြစ်သည်။ ကျွန်မမှာ အပျိုအရွယ်ကလေး ဖြစ်လာမှ လမ်းပေါ် ထွက်၍ ယောက်ျားကလေး တွေနှင့် သူငယ်ချင်းအဖြစ် သွားအတူ၊ လာအတူ သွားနေလာနေသူ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ ငယ်စဉ်ကတည်းက ယောကျ်ားကလေးတွေနှင့် သွားအတူ၊ လာအတူ၊ ကစားအတူ လမ်းပေါ်တွင် ရောက်နေသူ ဖြစ်သည်။

ငယ်ရာက အပျိုကြီးဖားဖား ဖြစ်လာသည့် အချိန်အထိ တစ်လျှောက်လုံး သူငယ်ချင်း မိတ်ဆွေများထဲတွင် မိန်းကလေးများ ရှိသလို ယောကျ်ားကလေးများလည်း ပါဝင်၏။ ငယ်စဉ်က ယောကျ်ားကလေးတွေနှင့် သူငယ်ချင်းအဖြစ် ချစ်ချစ်ခင်ခင် ရှိလာခဲ့သည့်တိုင်၊ အပျိုအရွယ် ရောက်လာ၍ အပျိုလေးတစ်ယောက်အနေဖြင့် ခေတ်အခြေအနေအရ သူတို့နှင့် မဆက်ဆံဘဲ ကိုယ်ရှိန်သတ်ဖို့ ဖြစ်၏။

ကျွန်မမှာ ကိုယ်ရှိန်မသတ်ဘဲ စိတ်ထားလည်း မပြောင်း မပြင်၊ ငယ်စဉ်ကနှင့် မခြား၊ သည်အတိုင်း တစ်သမတ်တည်း စိတ်ရိုး ကိုယ်ရိုးထားသော သဘောထားကို အကြောင်းသိဖြစ်သော မိဘများသာ ကြည့်မရ ရှုမရ မဖြစ်ကြကာ ကျွ[illegible]ကို နားလည်ကြလေသည်။

ကျွန်မသည် ယောကျ်ားကလေးများနှင့် ခင်မင်ရကောင်းမှန်း သိသွားသော အရွယ်သည် ကိုးနှစ်၊ ဆယ်နှစ်သမီး အရွယ်ကပင် ဖြစ်သည်။

ယောကျ်ားကလေးများနှင့် စတင်၍ ကျွမ်းဝင်ကာ အပေါင်းအဖော် စဖြစ်ခဲ့သော နေရာကား **ကမကလူ**၌ ဖြစ်လေသည်။

ကျွန်မတို့ ဇာတိမှာ ဘိုကလေးမြို့ မဟုတ်ဘဲ ဖျာပုံဇာတိ ဖြစ်သည်။ နွေအခါတွင် ဖျာပုံမြို့၌ ရေရှားပါးသည်။ ပုလိပ်ရောဂါ၊ ဝမ်းရောဂါ ထူထပ်၍ နွေကျောင်းပိတ်ချိန်တွင် ကျွန်မတို့ တစ်အိမ်သားလုံး တောရွာသို့ ရွှေ့နေကြကာ မိုးကျမှ မြို့ပြန်ကြသည်။ ရွာတွင် စပါးစည့်ကြီးနှင့် တွဲလျက် အိမ်ကြီးတစ်လုံး ဆောက်ထားသည်။ အိမ်ရော စပါးစည့်ပါ ချောင်းကမ်းနဖူးတွင် တည်ရှိနေ၏။ ရွာ၏ အမည်သည် ကမကလူ ဟု တွင်လေသည်။

ကမကလူ ရွာကလေးမှာ အိမ်ခြေနှစ်ရာခန့် ရှိသည်။ ဖျာပုံမှ ကမကလူရွာသို့ သင်္ဘော မပေါက်သဖြင့် ကျောင်းပိတ်တိုင်း ကုလားသမ္ဗန်နှင့် သွားကြရသည်။

စပါးစည့်ကြီးနှင့် အိမ်ကြားထဲတွင် ကျွန်မတို့ ညီအစ်မသည် မိန်းမဖော်ကလေးများနှင့် ကတမ်း ခုန်တမ်း၊ ထမင်းအိုး ဟင်းအိုးချက်တမ်း ကစားလေ့ရှိသည်။ တစ်နေ့ ကျွန်မတို့ ကစားနေကြစဉ် ထမင်းအိုး ဟင်းအိုး ပြုလုပ်သော အိုးပုတ်ကလေးများကို ဆေးကြောရန် ရေလို၍ စည့်နောက်ရှိ ဒရဝမ်၏ တဲထဲမှ ရေဆွဲသံပုံးကလေးကို သွားဆွဲကာ တံတားသို့ ဆင်းသွားလေသည်။

အချိန်မှာ နေဝင်မည့်အချိန် ဖြစ်သည်။ ဝင်ဆဲ နေသည် ရွှေရောင်ကို သိဂ္ဂက်လျက် တစ်ဖက်ကမ်းရှိ ဓနိတောထဲသို့ ပုန်းဝင်တော့မည်။ ဓနိခက်များမှာ





ရွှေရောင်ပြက်လျက် တောက်လက်နေသည်။ မလွန့်မယှက်ရှိသော ချောင်းရေယဉ်သည် ငြိမ်းချက်ကောင်းဘိ၏။ မြစ်ကမ်းပါး၌ ငှက်ပျောပင်၊ အုန်းပင်၊ လမုပင်တို့ [illegible] ကိုင်းအုပ်ဝေဆာလျက် သာယာလှသည်။

ချောင်းထဲ၌ လှေကလေးတစ်စီးသည် ကျွန်မ ရပ်နေသော တံတားဆီသို့ [illegible]ဘိုက်ကာ မျောလာနေသည်။ လှေပေါ်၌ သွားခေါခေါနှင့် လူကြီးတစ်ယောက်သည် ပဲ့မှ ထိုင်လှော်လာသည်။ ထိုလူကြီးကို ပုဆိုးသုံးထည်နှင့် တွေ့ရသည်။ [illegible]ဆိုးတစ်ထည်ကို ခေါင်းပေါင်းကာ၊ ပုဆိုးတစ်ထည်ကို ကျောသိုင်းစည်းထား[illegible]က်၊ ခါးတွင် ပုဆိုးတိုတို ဝတ်ထားသည်။ ခေါင်းတွင် ပတ်ထားသော ပုဆိုးသာ [illegible]ကွက်အဆင် ပေါ်၏။ အင်္ကျီ မရှိသော ကျောပြင်ကြီးကို သိုင်း၍၊ ခါးတွင် [illegible]ထားသော ပုဆိုးများမှာ အဆင်လည်း မပေါ်၊ ရွှံ့နှစ်ရောင်အတိုင်း ညစ်ထည်း[illegible]နေသည်။ လှေကလေးကို ခပ်အေးအေး ဖြည်းဖြည်း လှော်လာလေသည်။

ကောင်းကင်ကြီးသည် နီလာထုပြင်ကြီးကဲ့သို့ ပြာရှိုင်းနေလေ၏။ လ[illegible] [illegible]င်းသည် ဝင်ဆဲ နေ၏ ရွှေရောင်ထဲတွင် တစ်ပိုင်းဝင်နေလျက်။ လှေနောက်ပိုင်းမှာ [illegible]ချောင်းထဲသို့ ကိုင်းကျနေသော ကနစိုကိုင်းကြီးအောက်၌ ရိပ်မှိုင်းလျက် ရှိသည်။

ကျွန်မမှာ တံတားပေါ်၌ သံပုံးကလေးကို ချလိုက်ကာ တရွေ့ရွေ့ လာနေသော လှေကလေးကို ကြည့်ကောင်းကောင်းဖြင့် မျက်တောင်မခတ် ငေးစိုက်ကြည့်[illegible]နေသည်။

လှေဦးထိုး၍ ခွဲသွားသော ရေစီးကြောင်းသည် ဘယ်ညာနှစ်ဖက် သွင်သွင်[illegible]ကွက်သွက် စီးကွဲလျက် ရှိနေကာ၊ တရိပ်ရိပ် တငြိမ့်ငြိမ့် ရွေ့တိုးလာသော လှေကလေးကို တငေးငေး ကြည့်နေရင်းပင် လှေကလေးပေါ်သို့ ရောက်ချင်စိတ်ဇောသည် ပေါ်ပေါက်လာသည်။ ငတ်မွတ် ဆာလောင်လာသော သူကဲ့သို့ပင် ကျွန်မမှာ [illegible]ပြင်းပြ မွတ်သိပ်လာမိလေ၏။

ကျွန်မမှာ လှေ တစ်ခါမှ မစီးဖူးသေးချေ။ တောရွာသို့ လာတိုင်း မြစ်ထဲ[illegible]ချောင်းထဲတွင် လှေကလေးများ တွေ့ရသည်။ စီးလိုစိတ်၊ လှော်လိုစိတ် ဖြစ်ပေါ်ခဲ့ဖူးသည်လည်း မရှိဘူး။ ယနေ့ ညနေမှပင် လှပသော လှေကလေးကို ငေးကြည့်ကာ [illegible]စီးချင်စိတ်၊ လှော်ချင်စိတ်မှာ မနေနိုင် မထိုင်နိုင် ပြင်းပြလာသည်။

လှေကလေးသည် တရွေ့ရွေ့ဖြင့် တံတားနားသို့ ဦးဆိုက်လာ၏။ လှေပေါ်[illegible] လူကြီးသည် လှော်တက်ကို လှေဝမ်းထဲသို့ ထိုးပစ်လိုက်သည်။ လှေပဲ့မှ [illegible]လှေဦးသို့ ကူးလျှောက်လာစဉ် မငြိမ်မသက် စောင်းလူးသွားသော လှေကလေးသည် စီးချင်လှသော ကျွန်မအား ဆွနေသကဲ့သို့ပင် ရင်ထဲတွင် ရွသိမ့်နေလေ၏။

ကျွန်မသည် တံတားပေါ်သို့ တက်လာသော ထိုလူကြီးကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့လက်ထဲတွင် ရေနံဆီပုလင်းကို ကြိုးကွင်းစွပ် ကိုင်ဆွဲထား၍ ကျွန်မတို့ အိမ်နောက်ဖေး စည်းရိုးခြံတံခါးမှသည် အိမ်နှင့် ဝင်းချင်းယှဉ်နေသော တရုတ် ကုန်စုံဆိုင်ဘက်သို့ သွားနေလေ၏။

လှေကလေးသည် သူ့တစ်ကိုယ်တည်း ဆိတ်ငြိမ်လျက် ရှိသည်။ မွတ်သိပ် နေသော ကျွန်မ အလိုဆန္ဒကို ဖြည့်လိုပေးချင်ဟန်ရှိလျက် ဖိတ်ခေါ်နေလေသည်။

"ဘယ်သူမှ မရှိဘူး၊ လာခဲ့လေ၊ တက်ခဲ့လေ။ အဲဟိုက ကြိုးဖြုတ်လိုက်"

ကျွန်မမှာ ဘာလုပ်ရမှန်း မသိချေ။ တက်လိုက်ရမလော၊ ကြိုးဖြုတ်ပြီး လှော်သွားရမလော၊ မဝေခွဲနိုင်အောင် ဖြစ်နေသည်။

ကျွန်မသည် ဘေးအန္တရာယ်ကို တွေးရကောင်းမှန်း မသိ။ ရေလည်း မကူးတတ်ချေ။ လှေလည်း မလှော်တတ်ချေ။ သို့သော် လှော်ချင်သည်။ ပိုင်ရှင် မသိအောင် တိတ်တိတ်ဖြုတ်၍ သွားရန် ထိုလူကြီးကို ကြောက်သည်။ မဝံ့သော စိတ်ဖြင့် ချီတုံချတုံ ဖြစ်နေလေသည်။

ကျွန်မသည် စည့်ကြားထဲသို့ ပြေးသွားလေ၏။

'တံတားမှာဟေ့ ... လှေကလေးတစ်စီး လာဆိုက်ထားတယ်။ လှော်ချင် လိုက်တာဟယ်၊ တို့များ သွားစီးရအောင်။ လာကြဟေ့ ... လာကြ'

ကျွန်မ၏ အသံမှာ တုန်နေလေ၏။ ကျွန်မ၏ ရင်မှာ ခုန်နေလေ၏။ ကျွန်မသည် အသက်ရှုပြင် မှားကာ မွန်နေလျက် အဖော်တစ်စုကို လှေစီးရန် အဖော်ညှိလေသည်။

မိန်းကလေးတစ်စုသည် ငြိမ်ချက်သား ကောင်းသွားကြကာ တုတ်တုတ်မျှ မလှုပ်ကြချေ။ မျက်လုံးကြောင်တောင်နှင့် ကျွန်မအား ဝိုင်းကြည့်ကြ၏။

ကျွန်မသည် သူတို့၏ မျက်လုံးအစုံကို ယခုထက်တိုင် မြင်ယောင် မှတ်မိ နေသည်။

မျက်လုံး၏ အာနိသင်ကို ထိုအရွယ်ကလေးကပင် ရူးရှူးရှားရှား မြင်တတ်သွား သည်။ သူတို့သည် မျက်လုံးနှင့် အကြောင်းပြန်ကြ၏။

"မဖြစ်နိုင်တာချည်း၊ မလုပ်ဝံ့ပါဘူး၊ မလိုက်ဝံ့ပါဘူး။ ကြဲကြီးစီရာ... မတော်တရော်"

အကြောင်းပြ၍ ငြင်းဆန် ကန့်ကွက်နေကြသော ယင်းအဓိပ္ပာယ်များသည် မျက်လုံးအသီးသီးတွင် တစ်မျိုးစီ တစ်ဖုံစီ ဖော်ပြနေကြ၏။ သူတို့ထဲမှ စကားပြန် ကလေးပင် မရ၊ ခေါင်းခါပြသည်ပင် မရှိ။

ကျွန်မမှာ အဖော်ညှိမရ၍ အားလျော့သွားသည်။ သူတို့သည် ပယ်လှန် ငြင်းဆန်နေကြသော မျက်လုံးစိန်းစိန်းကြီးတွေနှင့် ဝိုင်းသာ ကြည့်နေကြလေ၏။





'လာပါအေ ... သွားလှော်ရအောင်'

ကျွန်မက အဖော်တစ်စု အထဲမှ ချစ်ခင်သော သူငယ်ချင်းဖော် မြနွယ်ကို အားကိုးစွာဖြင့် ခေါ်ပြန်၏။

မြနွယ်သည် သူ့ခေါင်းကို လေးလေးကြီး ယမ်းလျက် ဖက်ပြန်ပြောစရာ စကား မရှိသကဲ့သို့ နှုတ်ခမ်းမဲ့ပြသည်။

ကျွန်မ၏ မွန်နေသော စိတ်သည် တစ်ဟုန်ထိုး ထူလာကာ၊ ပူလာကာ ဘက်တစ်ချက် ခေါက်လိုက်မိလျက် 'နေဟယ်' ဟု စိတ်လိုက်မာန်ပါ ပြောပစ် ခဲ့ကာ တံတားဆီသို့ ပြန်ပြေးသွားလေ၏။

လှေကလေးမှာ ရှိသေး၏။

လှေကလေးသည် ဗျာများနေသူအား ငြိမ်သက် အေးချမ်းသွားစေအောင် ဆီးလို့ကြိုကာ ကြည်ကြည်သာသာ ဖိတ်ခေါ်လျက် ရှိဆဲပင်။ ကျွန်မမှာ တံတား ပေါ်၌ ခြေတကြွကြွဖြင့် ရင်ထဲ၌လည်း ဆွေ့ဆွေ့ခုန်နေသည်။ ဘယ့်နှယ်ရှိရှိ လှော်သွားမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လှေပေါ်သို့ မတက်ခင် တရုတ် ကုန်စုံဆိုင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက် သည်။ သွားခေါခေါနှင့် လှေရှင်၏ အရိပ်အယောင်ကို မမြင်ရသေး။ အိမ်က လူကြီးတွေ မြင်မှာ စိုးပြန်၍ အိမ်ဘက်သို့ လှမ်းကြည့်လိုက်၏။

ကျွန်မ၏ မျက်လုံးသည် အိမ်နှင့် စည့်ကြားထဲမှ ဖောက်၍ ရှာလမ်းခင်း ထားသော အုတ်လမ်းကို ကွက်မြင်လိုက်သည်။ အုတ်လမ်းဘေး၌ ကောင်ကလေး သုံး လေးယောက် ထွေပစ်ကစားနေကြသည်။

ကျွန်မသည် လှေပေါ်သို့ မတက်တော့ဘဲ ရုတ်တရက်ရသော အကြံဖြင့် စည့်ကြားထဲသို့ ကဆုန်ချ ပြေးသွားလေ၏။

'ဟေ့ ... ဟေ့'

မိန်းကလေးဖော်တစ်စု၏ အသံသည် ကျွန်မအား အတားအဆီး လုပ်နေ ကြသကဲ့သို့ နားထဲ၌ တော်တော် နားဝင်ဆိုးမိလေ၏။ ကျွန်မသည် လှည့်၍မျှ မကြည့်ဘဲ အိုးပုတ်ကလေးတွေကို ကျော်လွှား ဖြတ်ပြေးသွားကာ အုတ်လမ်း အနား ရောက်မှ ကိုယ်ရှိန်သတ်သည်။ မောကြီးပန်းကြီးဖြင့် မျက်လုံးတန်းမိနေ သော ကောင်ကလေးတစ်ယောက်ကို အဖော်ညှိရ၏။

'စံတင့်ရေ တံတားမှာ လှေတစ်စီး လာဆိုက်တယ်၊ ငါ စီးချင်လို့ပါဟယ်။ ငါနဲ့ အဖော် လှော်ရအောင်'

စံတင့်မှာ ရွာဦးက ဘုန်းကြီးကျောင်းသားလေး ဖြစ်သည်။ အရပ်ပုပု၊



www.burmeseclassic.com

www.burmeseclassic.com



လည်ကုပ်တိုတို၊ ဆံရစ်ဝိုင်း ယောင်ထုံးနှင့်၊ သူ့နားတွင် ငွေနားသံသီး ကောက်ကောက်ကလေးကို တွဲလောင်း ပန်ထားသည်။

ကျောင်းက ကိုရင်တွေ အုတ်ကြွပ်ရှာဘက်သို့ လှေနှင့် ဆွမ်းခံထွက်ကြသည့်အခါ လှေလှော်လိုက်သွားသော စံတင့်ကို အခါခါ မြင်ဖူးသည်။ တရုတ်ကုန်စုံဆိုင်ထဲတွင်လည်း မကြာခဏ တွေ့ရတတ်၏။ သူနှင့် ရင်းရင်းနှီးနှီး စကားမပြောဖူးချေ။ သူသည် ကျွန်မနှင့် အသက်ချင်း ရွယ်တူလောက် ရှိမည်။

စံတင့်သည် သူ့လက်ထဲက ပစ်လိုက်တော့မည့် ထွေကို ရုပ်ဆိုင်းလျက် ခေါင်းကို မော့လိုက်လေ၏။ စံတင့်၏ မျက်လုံးများသည် အဆမတန် ပွင့်လာလေသည်။ ကြည်လင်သော အရောင်သည် ရွှန်းရွှန်းတောက်သွားကာ 'ဘယ်တံတား မတုံးဟ' ဟု မေးလေသည်။

ကျွန်မမှာ ရွှန်းလက်နေသော သူ့မျက်လုံးကို ကြည့်ကာ အားမာန်တက်သွားလေသည်။ အားရှိပါးရှိ အသံဖြင့် 'တို့ စည့်တံတားမှာ' ဟု ပြန်ပြောလိုက်သည်။

ကောင်ကလေးသုံးယောက်သည် ထွေကလေးတွေ ဆုပ်လျက် ကျွန်မအနားသို့ ဝိုင်းကပ်လာကြသည်။

'ဘယ်သူ့လှေလဲ၊ နင် သိသလား'

'သိပါဘူးဟာ၊ ဘယ်သူ့လှေဖြစ်ဖြစ်'

အနား အုံလာကြသော ကောင်ကလေးတွေက ဖြေပုံဖြေနည်းကို သဘောကျစွာ ဝိုင်းရယ်ကြလေသည်။

'လှေစီးမဟေ့ ... လိုက်ကြမလား'

စံတင့်၏ မြူးထူးဟစ်ကြွေးလိုက်သော အသံသည် ကျွန်မ နားထဲတွင် နားဝင် ချိုမြ၍သွားကာ အတိုင်းမသိ အားတက်လျက် ပျော်ရွှင်သွားသည်။

လက်ထဲက ထွေကလေးတွေ ပစ်ချလိုက်ကြလျက် 'လိုက်မယ်ဟေ့' ဟု ညီတူ ညာသံပေးလိုက်ကြသော သူတို့၏ အသံဖြင့် ကျွန်မ ခြေထောက်မှာ မြေမှ ကြွသွားကာ ဝမ်းသာအားရ သုံးလေးချက် ဆောင့်ခုန်နေလေသည်။ စံတင့်သည် ပုတက် ပုတက်နှင့် ရှေ့က ပြေးလေ၏။ ကောင်ကလေးတွေက ပြေးလိုက်ကြသည်။

ကျွန်မသည် ဝမ်းသာအားရ ခုန်ဆွခုန်ဆွနှင့် ခုန်နေရင်း ပြေးသွားကြသော သူတို့တစ်တွေကို ကြည့်ကာ ရင်ထဲ၌ မဖော်ပြတတ်သော ကြည်နူးမှုကို ခံစားနေသည်။ သူတို့နှင့် အဖော်ညီရသွားသောကြောင့် စိတ်ကျေနပ်မှုသည် တစ်ခဲနက် ပြည့်လျှမ်းလျက်ရှိကာ၊ နောက်နောက်က ကောင်ကလေးတွေအား ယောကျ်ား





ကလေးတွေဟု သင်းခွဲကာ ဘေးဖယ်နေခဲ့သော စိတ်သည် ပွင့်လင်းသွားလေသည်။ သူတို့နှင့်လည်း အဖော် ဖြစ်သင့်မှန်း၊ ပေါင်းရသင်းရ ကောင်းမှန်း သိမြင်သွားလေ၏။

ကြောက်ခြင်း၊ ရွံ့ခြင်း မရှိ။ သတ္တိရှိသော သူတို့ဇိဇ၊ သူတို့စိတ်ဓာတ်ကို သဘောကျလှလျက်၊ စိတ်တိုင်းကျလှလျက် သူတို့နှင့် သွေးစည်းမိသွားကာ သူတို့နှင့် ခင်မင်သောစိတ်သည် ဤရွာ၌ စတင် ပေါက်ဖွားသွားပေသည်။

ကျွန်မသည် သူတို့နောက်သို့ ပြေးလိုက်သည်။ စည့်ကြားထဲမှ အဖော်တစ်စုသည် လမ်းမှ ဖြတ်၍ မေးကြမြန်းကြသည်။ ကျွန်မမှာ မိန်းမဖော်လေးတွေအား အဖက်ရှိသည်ဟုပင် မမှတ်ချင်ဘဲ၊ အဖက်မလုပ်၊ စကားမပြန် အူယားဖားယား ဖြတ်ကျော် ပြေးသွားလေသည်။

'ဟဲ့ ... ကောင်မလေး၊ အောင်မယ် ပဲ့ဖြင့် မကိုင်တတ်ဘဲနဲ့'

စံတင့်က ဝေါက်သည်။

ကျွန်မတို့သည် လှေပေါ်သို့ လုတက်ကြကာ လှေအကြောင်း ဘုမသိဘ မသိဖြင့် လှေရှင်လူကြီး ထိုင်သော ပဲ့ပိုင်းကို ဦးအောင် လုထိုင်မိသည်။

ကျွန်မနေရာ စံတင့်က ယူလိုက်သည်။ ကျွန်မမှာ လှေပဲ့၌ မထိုင်ရ၍ ဦးသို့ သွားထိုင်သည်။ မျောက်တွေ လှေပေါ် ရောက်လာသည်နှင့်မခြား လှေကလေးမှာ ဟိုဘက်သည်ဘက် စောင်းလျက် မှောက်တော့မလောက်ပင် လူးနေလေ၏။

လှေတစ်ဖက် စောင်းသွားလျှင် သူတို့သည် တဟီးဟီး ရယ်ကြသည်။ ထိတ်စရာ၊ လန့်စရာ မမှတ်ဘဲ ရယ်စရာ သဘောထားကြသဖြင့် ကုန်းပေါ်က ခိန်းကလေးတွေသာဆိုက လှေစောင်းတာနှင့် အော်လိုက်ကြမည် ဖြစ်ခြင်းဟု တွေးမိသည်။

တံတား၌ ချည်ထားသော ကြိုးကို ကျွန်မက ဖြုတ်လိုက်သည်။ တံတားနှင့် ကွာသွားအောင် လှော်တက်နှင့် ထောက်တွန်းသည်။ လှေကလေးသည် တံတားမှ ခွာသွား၏။ ကျွန်မသည် လှော်တက်ကို ရေထဲချကာ မနိုင့်တနိုင်နှင့် ရမ်းသန်းဆော်လေ၏။ စံတင့်မှာ ပဲ့ကိုင်ကျင်လည်သော လှေသမား မဟုတ်ရကား လှေဆက်စ၌ လှေဦးသည် တောင်ယမ်း မြောက်ယမ်း ယမ်းနေလေသည်။

စည့်ကြားထဲမှ သူငယ်ချင်းတို့သည် တံတားသို့ ပြေးထွက်လာကြသည်။ ကျွန်မမှာ လှေပေါ်က နေ၍ သူတို့ကို ရူတစ်မျိုးနှင့် ကြည့်သည်။ မစီးဝံ့ရှာသော သူတို့ကို သရော်သလိုလို၊ သနားတော့သလိုလို သူတို့နှင့် ဘာသာဘာဝ ခြားသွားသည့်အတွက် စိတ်ကြီးဝင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမေ နင့်ကို ဆိုလိမ့်မယ်၊ လိုက်မသွားနဲ့' ဟု ညီမငယ်မှာ ကုန်းအော်နေလေသည်။

လှေကလေးသည် လူးလူးလိမ့်လိမ့်နှင့်ပင် တံတားနှင့် လှမ်းခွဲ၏။

စံတင့်မှာ လှေပေါ်တွင် ပွဲကိုင်လူကြီးအဖြစ် မာန်လိုက် ဝေါက်လိုက်သည်မှာ ပြောစရာမရှိ၊ တိုင်းထွာလည်း ဆဲ၏။

'ဟေ့ကောင်တွေ ငြိမ်ငြိမ်နေကြကွ၊ လှော်ကြကွ၊ ဟကောင်… ဟဲ့… ကောင်မလေး'

သူ့အသံမှာ ဆူညံနေသည်။ နောက်ကနေ လူစေ့တက်စေ့ ဝေါက်ငမ်းနေသည်။ ကောင်ကလေးတွေမှာ သူတို့ကို တိုင်းထွာဆဲလိုက်တိုင်း ရယ်ကြလေသည်။

တံတားနှင့် တော်တော်ကလေး လှမ်းသွားသည့် အခါ၌ ကျွန်မမှာ လှော်တက်ကို ခပ်ဖြောင့်ဖြောင့် ကိုင်နိုင်သွားကာ လှော်နိုင်အား ရှိလာသည်။ လှော်နိုင်အား ရှိမှ ပျော်မြူးလာကာ အော်ချစ်ဟစ်ချင် လာလေသည်။

'ဟေ့ကောင်တွေ လှော်ကြကွာ၊ နင်တို့ကလည်း လှော်ကြလေ'

ကျွန်မအသံနှင့် တစ်ဆက်တည်း သူတို့ရယ်သံတွေ ရောညံသွားလေသည်။ ကျွန်မ နောက်၌ ထိုင်လှော်နေသော သူငယ်သည် ချိန်သားမရှိ နင်းကန်လှော်၏။ စံတင့်ရှေ့က သူငယ်မှာ လက်နှစ်ဖက် ရေထဲချလျက် တအားယက် လှော်လေ၏။ ပွဲကိုင်စံတင့် တစ်ကိုယ်လုံး စိုရွှဲကုန်အောင် ယက်ပက်နေလေသည်။

စံတင့်က ဆဲလေသည်။ သူတို့က ရယ်ကြသည်။ ကျွန်မတို့နှင့် သဘာဝခြားသော သူတို့၏ အပြုအမူ၊ အပြောအဆိုကလေးတွေကို လေ့လာခွင့် ရကာ အစစ အသစ်အဆန်း ကြုံတွေ့နေရသည်။

လှေပေါ်မှ သစ်ပင်များ အုပ်ဝေလျက် ရှိနေသော မြစ်ကမ်းနဖူးကို ကြည့်ကာ စိတ်ရွှင်လန်းနေလေသည်။ အေးသောလေသည် ညင်းညင်းညှံ့ညှံ့ တိုက်လျက် ရွှင်လန်းစိတ်ကို ကြည်မွေ့စေ၏။ လေးဖက်လေးတန်စလုံး ဟင်းလင်းကြီး ပြန့်ပြူးလျက် ရှိသလို ကျွန်မ စိတ်များလည်း ပြန့်ပြူးလွတ်လပ်သွားလျက် ရေပေါ်တွင် ဆိုသော အသိသည် လူရော၊ စိတ်ရော ဖက်ရွက်ကလေးလို ပေါ့နေပေသည်။

လက်ညီညီ လှော်လာကြသည့် အခါ၌ လှေကလေးသည် တငြိမ့်ငြိမ့် ရွေ့လျက် တရိပ်ရိပ် သွားလေသည်။ ကျွန်မမှာ ကိုယ်ကြိုက်လှသော အစာတစ်ခုကို မြိန်ရေရှက်ရေ စားနေရသကဲ့သို့ လှေလှော်ရသော အရသာကို မြိန်ရေယှက်ရေ ခံစားရင်း လှော်သွားသည်။

'ဟိုဘက်မှာ ဝဲကြီးဟေ့၊ စုပ်သွားမယ် …လှော်ကြကွ'

စံတင့်က အော်လိုက်သည်။





ကျွန်မသည် ဝဲကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ ရေလယ်တွင် အတော့ထိုး၍ ပတ်ချာလည်နေသော ဝဲဂယက်ကို မြင်ရသည်။

ကျွန်မတို့သည် အားကြိုးမာန်တက် လှော်ကြလေ၏။ ညာသံပေးကာ အုံးလှော်ကြသည်။ ကျွန်မမှာ ဝဲကြီးကို ကြည့်လျက် စိတ်အား ပို၍ တက်ကြွလာတော့သည်။ အားထုတ်မှု၊ အစွမ်းထုတ်မှု၊ ကြိုးစားမှု ရှိအောင် ဝဲကြီးက သင်ကြား ပို့ဆောင်ပေးနေသည်။ ဝဲထဲ ရောက်မသွားအောင် ညီညာဖြဖြ အားကြိုးမာန်တက် ကုန်းလှော်ကြလေ၏။

'ဟေ့ကောင်ကလေးတွေ … ဟေ့ကောင်ကလေးတွေ'

ချောင်းတစ်ဖက် ခနီတောကမ်းဘက်မှ ပွဲတင်ထပ်ပြန်နေသော တစ်သံပြီး တစ်သံများသည် ချောင်းထဲ၌ မြည်ဟည်းလျက် နေသည်။

လှေရှင်သည် တံတားဦးမှ သံကုန်ဟစ်လျက် ကုန်းအော်နေလေ၏။

ကျွန်မတို့မှာ ဝဲကို မမှုကြဘဲ လှေရှင်ကို ရွံ့သွားကြသည်။ လှေရှင်ကို သည့်ကြည့်ကြကာ တအား ကျုံးလှော်လာကြသည်။ စံတင့်သည် မလှမ်းမကမ်းမှ ဝါးတံတားကလေးသို့ ဦးထိုးလှော်နေလေ၏။

ဝါးတံတား၌ လှေကလေးကို ထိုးဆိုက်လိုက်ကြသည်။ လှေဦးမှ ကျွန်မကြိုးချည်နေစဉ်၊ သူတို့သည် တံတားပေါ်သို့ တက်ပြေးကြလေ၏။ ကျွန်မလည်း ကြိုးချည်ပြီး သူတို့နောက်သို့ ပြေးလိုက်သွားသည်။ လှေဆိုက်သည့် နေရာမှာ ရွာစွန်းရွာဖျားကျ၍ တဲကြို၊ အိမ်ကြိုအိမ်ကြားများကို ဖြတ်ကျော်ကွေ့ပတ်ပြေးကြရသည်။ တဲနောက်ဖေး တစ်ခုတွင် လူစုကြကာ တော်တော်နှင့် အိမ်မပြန်ဝံ့ကြတော့ပေ။ လှေပျောက်၍ လှေခိုးမိရာတွင် ကျွန်မမှာ ခေါင်းသူကြီးအဖြစ် နာမည်ကြီးလျက် တစ်ရွာလုံး ဟိုးဟိုးကျော်သွားလေ၏။

ဤကြ စ လေသည်။

ကျွန်မသည် သူတို့နှင့် ဤကြ စ၍ စိတ်တူကိုယ်တူ ကျွမ်းဝင် ဆပေါင်းသင်းခင်မင်သွားသည်။ ဤကြ စ၍ မိန်းမဖော်လေး တစ်စုနှင့် ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်ကစားနေရာမှ ငြီးငွေ့လာပြီဆိုလျှင် သူတို့ ဆော့နေကြရာ ဝိုင်းထဲသို့ ရောက်သွားတော့လေ၏။ သူတို့နှင့် ထွေဝင်ခင်းသည်။ ဂျင်ဝင်ပေါက်သည်။ အုတ်လမ်းတစ်လျှောက် အပြိုင် ခွေလှိမ့်ကြ၏။

ကျွန်မသည် မိန်းကလေးဘာသာဘာဝ ဆော့နည်း၊ ကစားနည်း ဆော့ကစားလိုမှ မိန်းကလေးတစ်စုနှင့် ရောလျက် ဆော့ကာ၊ မိန်းကလေးများ ဆော့ကစားလေ့ မရှိသော စွန့်စွန့်စားစား ဆော့ကစားနည်းမျိုး ဆော့ချင်လျှင် ယောက်ျားကလေးများနှင့် သွားပေါင်း ရောလိုက်သည်။ အစုအစားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် စွန့်စားရမည့် ကစားနည်းဆိုလျှင် ကျွန်မ ပါမှ ဖြစ်မြောက်မည်ဟု ကောင်ကလေးတွေက အားထားသည်။

အသက် ၁၁ နှစ်၊ ၁၂ နှစ်လောက်တွင် သူတို့နှင့် တန်းတူ သစ်ပင် တက်တတ်နေသည်။ ကျွန်မ စုံမက်သော ကစားစရာများထဲ၌ ကော်ပတ်ရုပ်၊ အိုးပုတ်၊ ခုံညင်းဒိုးများအပြင် မောင်းချခြား၊ သားရေခွ ရှိသည်။

ကျွန်မသည် သစ်ပင်ပေါ်က အသီးမြင်လျှင် သားရေခွနှင့် ပစ်ချသည်။ ပစ်မရလျှင် သားရေခွကို ခါးတိုးကာ မည်မျှမြင့်မြင့် တက်ခူးယူလေ၏။

ကျွန်မ မိခင်သည် ကောင်ကလေးတွေနှင့် တွဲဆော့စက အတူတူ မဆော့ရန်၊ မကစားရန် တားမြစ်သည်။ ဆော့တာမြင်လျှင် ကြိမ်မောင်း ဆွဲပွက်သည်။ ရွံ့ကို တူး၍ လောက်စာလုံး ထိုင်လုံးနေကြခိုက် အမေက မြင်၍ ဝါးခြမ်းပြားနှင့် ရိုက်ဖူးလေသည်။

ကျွန်မ ဖခင်မှာ ထွေပစ်တာ မြင်စက ရုပ်များပင် ကြည့်နေလျက် ပစ်ပုံ ပစ်နည်း သင်ပြပေးသည်။ ကျွန်မ ငယ်ငယ်က ကျွန်မအတွက်နှင့် အဖေနှင့် အမေမှာ တကျက်ကျက် စကားများကြလေသည်။ 'မိန်းကလေးပေမဲ့ စွမ်းမှကွယ့်၊ စွမ်းရည်သတ္တိ ရှိမှကွယ့်' ဟု အဖေက ရေ့နေလိုက်စမြဲ။ အဖေ့စကား သံယောင်လိုက်ကာ စွမ်းရည်သတ္တိ ထုတ်ချင်သော အစွဲသည် ကိုယ်နှင့် ကပ်နေသည်။ နောက်ဆုံး အမေက ပြောရတာ မောလွန်း၍ လက်လျှော့ထားလိုက်လေသည်။

အသက် ၁၃ နှစ်၊ ၁၄ နှစ်လောက်တွင် ထိုခေတ်အခါက အပျို မလုပ်ကြသေး၊ ကလေးပဲ ဖြစ်သေး၏။ စွန်လွှတ်ချိန်ရောက်လျှင် ဖခင်ကိုယ်တိုင် မှန်စာတိုက်ပေးသော ရစ်လုံးကြီးကို ပိုက်လျက် ကန်ပေါင်ရိုးတစ်လျှောက်တွင် ကောင်ကလေး တစ်အုပ်နှင့် စွန်လွှတ်နေကျ ဖြစ်သည်။

ကျွန်မ နေသော စာသင်ကျောင်းမှာ ယောက်ျားကလေးနှင့် မိန်းကလေး ရောပေါင်းသင်သော အစိုးရကျောင်း ဖြစ်သည်။ ကျွန်မမှာ မိန်းကလေး သူငယ်ချင်း၊ ယောက်ျားကလေး သူငယ်ချင်း အတူတူ ခင်လေ၏။ အတန်းထဲတွင် ယောက်ျားကလေးများကို မိန်းကလေးများက ရဲရဲတင်းတင်း စကား မပြောရဲ၊ ရှက်ကိုးရှက်ကန်း ဖြစ်နေကြသည်။ ယောက်ျားကလေးဘက်ကလည်း မိန်းကလေးကို မခေါ်ရဲ၊ မကြည့်ရဲ၊ ရွံ့တွံ့တွံ့ ဖြစ်နေကြသည်။ ကျွန်မမှာ သူတို့နှစ်ဖက်ကြားတွင် ရှိကာ တစ်ဖက်နှင့်တစ်ဖက် အကြောင်းကိစ္စ ရှိကြတိုင်း မိန်းကလေးများက ကျွန်မကို အားကိုးကာ ကျွန်မနှင့် တစ်ဆင့် ဆက်သွယ်ကြသည်။ ယောက်ျားလေးဘက်မှလည်း ကျွန်မပင် ကြားထားလျက် မိန်းကလေးကိစ္စအတွက် ကျွန်မကို လွှဲလေသည်။





ကျွန်မစိတ်သည် တစ်နေ့တခြား ပြောင်းလဲလာလေသည်။ မိန်းကလေးဆန်၊ မိန်းကလေး ပီပီသသ၊ မိန်းကလေးစိတ်မျိုးကို ပျော့ညံ့အားနည်းသည်ဟု အားမရစိတ်ဖြင့် မိန်းကလေးစိတ်ဓာတ်၊ ယောက်ျားကလေးစိတ်ဓာတ် ရောစပ်နေသော စိတ်ဓာတ်နှစ်မျိုး ပူးဝင်နေလေသည်။ တစ်ခါတစ်ရံလည်း ယောက်ျားနေအရာနှင့် မိန်းမစိတ် ရှိလျက်၊ တစ်ခါတစ်ရံလည်း မိန်းမ အမူအရာနှင့် ယောက်ျားစိတ်ဓာတ် ဖြစ်နေသည်။

အသက် ၁၆ နှစ်လောက်၌ သူငယ်ချင်းတစ်စုနှင့် ပိုက်ဆံစုလျက် ကျောင်းထဲ၌ မီးပုံးပျံကြီး လုပ်လွှတ်ကြသည်။ ဘယ်မိန်းကလေးမှ စိတ်ပါဝင်မည် မဟုတ်သော မီးပုံးပျံကြီး လွှတ်ရေးအတွက် ကျွန်မပင် စိတ်ပါလက်ပါ ဦးဆောင်သည်။ မီးပုံးပျံကြီး ကောင်းကင်သို့ မြောက်တက်သွားလျှင် ကျွန်မမှာ အငိုမ့်စိမ့် ပီတိဖြစ်လျက် မီးပုံးပျံကြီးနှင့်အတူ လိုက်ပါသွားလေကာ ကမ္ဘာသစ်ကြီး တစ်ခုသို့ ရောက်နေလေသည်။ မီးပုံးပျံ လွှတ်ချင်ရမလားဟု အမေက 'သမီးလုံး ယောက်ထဲ သုပ် ထူးပါတယ်၊ မိတူး' ဟု အပြစ်ဆိုသည်။ မီးပုံး မှိုင်းခံနေသော ကျောင်းက ဦးပဥ္စင်းသည် ယောက်ျားတစ်အုပ်ထဲ၌ ဦးဆောင်ရှေ့ရွက်လုပ်နေသော ကျွန်မကို နိုင်းစရာ ရှိလျှင် နာမည်မခေါ် ဗိုလ်တကာ့ဘုရင်ဟု ပြောင်ခေါ်လေသည်။

ကျောင်းထွက်ပြီးနောက် အပျိုကြီးဖားဖား ဖြစ်လာသည့်အခါ၌ သက်တူရွယ်တူ မိန်းကလေးသူငယ်ချင်း တစ်စုသည် အပျို လုပ်ကြကာ၊ အလှူအလှူ အိမ်တွင်းအောင်းနေကြကာ ကိုယ်ယောင်ပျောက်နေကြလျက် ကျွန်မတစ်ယောက်သာလျှင် လူမမြင်ချင်အဆုံး လမ်းပေါ်၌ တွေ့နိုင်တုန်းပင်။ အသင်းအပင်းကိစ္စ၊ မြို့ရေးရွာရေးကိစ္စတို့ဖြင့် ယောက်ျားကလေး တစ်စုနှင့် လမ်းပေါ်၌ သွားအတူ လာအတူ လုပ်နေတုန်းပင်။

ကျွန်မသည် ယင်းသို့ ငယ်ရာက ပါလာသည့်စိတ်အတိုင်း ကာလသားဆော့ ကစားနေသော ဘက်မင်တန်(ကြက်တောင်ရိုက်)ဝိုင်းထဲတွင် ရဲရဲတင်းတင်း ညနေတိုင်း ဝင်ကစားနေလေသည်။

၂

ကျွန်မ လက်ထဲ ရောက်လာသော ပစ်စာထဲ၌ ယောက်ျားကလေးတွေနှင့် သွားအတူ လာအတူ တွဲနေခြင်း၊ ကြက်တောင်ဝင်ရိုက်ကစားခြင်းတို့သည် မြို့ပေါ်၌ အပြစ်ကြီး တစ်ခု ကျူးလွန်နေသကဲ့သို့ ဖြစ်နေသည်။ လှိုု့ဝှက်သော အမျိုးသမီးစု ဦး အဖွဲ့သည် ခေတ်နောက်ကျကာ မိန်းမပီပီ အမြင်ကျဉ်းသည်ဟု ထင်မိသည်။ ကျွန်မ အမြင်၌ ကြက်တောင်ရိုက် ကစားခြင်းသည် မြို့မျက်နှာ အိုးမည်း



www.burmeseclassic.com

www.burmeseclassic.com



သုတ်ခြင်းဟု ယူဆ လက်ခံနိုင်ခြင်း မရှိ။ ယောက်ျားကလေးများနှင့် ခင်မင်ခြင်း၊ မိတ်ဆွေ ဖြစ်ခြင်းသည် ဣန္ဒြေနှင့်မဆိုင်၊ အပျိုနှင့်မဆိုင်၊ ဣန္ဒြေမမဲ့၊ အပြစ်မရှိဟု ယုံကြည်၏။

ကျွန်မအဖို့တွင် ယောက်ျားကလေးများနှင့် တစ်သက်ပတ်လုံး ဆက်ဆံခင်မင်လာခဲ့သည်။ ကလေးဘဝက စ၍ အပျိုလူပျိုရွယ်၌လည်း အခင်အမင်မပျက်၊ သွားအတူ လာအတူ ပေါင်းသင်း၍ ဖြစ်နေ၏။ သမီးနှင့်အဖေ၊ မောင်နှင့်နှမတို့သည် အရွယ်ရောက်၍ အနေအထိုင်သာ ပြင်သွားလျက် အချစ်အခင်မပျက်သည့် ဓမ္မတာနည်းတူ၊ ကျွန်မအဖို့တွင် အပျို လူပျိုများ ဖြစ်လာ၍ အရွယ်က ပြင်ပေးသွားသည့် အတိုင်းသာ ပြောင်းလဲခြင်းရှိလျက် မေတ္တာမပျက် ခင်မင်နေနိုင်၏။

ကျွန်မသည် ပစ်စာကို အထပ်ထပ် ဖတ်ကာ အပျိုလေးတစ်ယောက် အနေဖြင့် မိတ်ဆွေသူငယ်ချင်း ယောက်ျားကလေးများနှင့် ပတ်သက်၍ ကိုယ်တွေ့ကြုံခဲ့ဖူးသော အတွေ့အကြုံများကို ပြန်၍ ဆင်ခြင် သုံးသပ်ကြည့်မိသည်။

ဘိုကလေးမြို့မှ သူဌေးသားတစ်ယောက်သည် အင်္ဂလန်သို့ ပညာသင်သွားကာ၊ အင်္ဂလန် ရောက်စဉ်၌ ကျွန်မထံသို့ စာတစ်စောင် ရေးလိုက်သည်။

"နှင့်ကို လူပျိုစကား ပြောရမှာ ငါ့မှာ အခက်ဆုံးပဲ။ ငါ့နှမကို ငါ လူပျိုစကား ပြောရမှာလိုပဲဟာ။ တစ်မျိုးကြီးပဲ၊ အင်မတန် အပြောရ ခက်တယ်။ ဒါကြောင့် နှင့်ကို ဖွင့်မပြောနိုင်ဘူး။ အခုတော့ နှင့်မျက်နှာလည်း ငါ မမြင်ရဘူး။ နင်နဲ့ငါနဲ့ အဝေးကြီးပဲ။ ငါ့ကို မေတ္တာ တုံ့ပြန်နိုင်ရင်လည်း စာပြန်ပါ၊ မဟုတ်ရင်လည်း ဆုတ်သာပစ်။ ဒီအကြောင်းကို ပြုံးချိုတို့၊ ကျော်ဝင်းတို့၊ အုန်းကြွယ်တို့တော့ မပြောလိုက်နဲ့နော်။"

ယခု လွှတ်တော်အမတ် သခင်ပြုံးချို၊ ပုလိပ် ဦးကျော်ဝင်း၊ ရောဝတီဘက်မှ ဦးအုန်းကြွယ်၊ သူတို့သည် ကျွန်မနှင့် သွားအတူ၊ လာအတူ အလွန် ချစ်ခင်သော ငယ်သူငယ်ချင်း တွဲဖော်တွဲဖက်များ ဖြစ်ကြ၏။ ကျွန်မနှင့် ပေါင်းသင်းခင်မင်သော သူငယ်ချင်းတို့သည် ကျွန်မ စိတ်ကို နားလည်ကြကာ သဘောရိုးစွာ ချစ်တတ်ခင်တတ်မှန်း သိကြသည့်အတိုင်း၊ ကျွန်မ အပေါ်တွင် သဘောရိုးစွာ ချစ်ခင်ကြလျက် သူ တစ်ယောက်သာလျှင် အဝေးရောက်မှ စာပေးရဲသည်။

ကျွန်မ အတွေ့အကြုံသည် ကျွန်မဘက်တွင် အစွန်းအငြိ မရှိ လုံခြုံလျက်ရှိကာ၊ အိမ်တွင်းအောင်းနေသော ကျွန်မ သူငယ်ချင်း အပျိုတစ်စုသာ မကြာခဏ စာပေးခံရလျက် အချိတ်အဆက် ဖြစ်သွားကြသည်။

ကျွန်မသည် ကျွန်မ အတွေ့အကြုံများထဲ၌ ဤအချက်ကို ပြန်တွေးနေရင်း





မြန်မာ့အလင်းသတင်းစာ မောင်းသတင်းထဲ ထည့်၍ အရှက်ခွဲမည့် ယင်းပစ်စာကို ခနဲ့ပချင်စိတ် ဖြစ်ပေါ်လာလေသည်။

ကျွန်မထံသို့ ရောက်လာသော ပစ်စာကို ဘိုကလေး တစ်မြို့လုံးသာမက တစ်နိုင်ငံလုံး သိအောင် ဖော်ပြချင်မိသည်။ ပစ်စာကို ဖော်ပြလျက် ကျွန်မ၏ အယူအဆ၊ အတွေးအခေါ်၊ အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်းကြီး ရေးသားချလိုက်ချင်မိသည်။

၁၅ ဦးအဖွဲ့က သတင်းစာထဲ ထည့်မည်ဟု ခြိမ်းခြောက်လိုက်သည့်အတိုင်း ကျွန်မ၏ ချေပချက် ဆောင်းပါးကို မြန်မာ့အလင်းသတင်းစာ၌ ထည့်ဖြစ်အောင် ထည့်မည်ဟု သန္နိဋ္ဌာန် ချလိုက်လေသည်။ ထို့ကြောင့် ပစ်စာသည် သတင်းစာထဲ ထည့်ရန် ဆောင်းပါးရေးရန် ကျွန်မကို နှေ့စဉ် တွန်းထိုး ရေးခိုင်းနေတော့သည်။

စာပေနှင့် ပတ်သက်၍ ဝါသနာထုံသူတို့ကဲ့သို့ ဆောင်းပါးရေးရန်၊ ကဗျာစပ်ရန် စိတ်ကူး တစ်ခါမျှ မပေါ်မိ၊ ဝါသနာလည်း မထုံ။ ကျွန်မမှာ ဆောင်းပါးကို ဘယ်ပုံဘယ်နည်း ရေးရမှန်း မသိအောင် ခက်နေလေသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများထဲ၌ ပါသော ဆောင်းပါးများကို ရေးနည်းရေးဟန် လေ့လာ ဖတ်ရှုကြည့်သည်။

ဆောင်းပါးရေးရန် စိတ်ကူးကွက်ထဲ မဝင်ဘဲ အခက်အခဲ ဖြစ်နေစဉ် ဆရာကို ပြေးသတိရသည်။ ဆရာ့မျက်နှာ ပေါ်လာမှ ရေးရန် အားတက်လာတော့သည်။

ကျောင်းတွင် ကျွန်မတို့ အတန်း၌ မြန်မာစာပြသော ဆရာတင်သည် အဘန်းသားတွေ မြန်မာစာ တော်ကြအောင် အမြဲ အားပေး လမ်းပြခဲ့သည်။

'ဆောင်းပါးရေးတာ ရေးရိုးရေးစဉ်မျိုးတွေ လိုက်မရေးရဘူးကွယ့်။ သူများနဲ့ မတူအောင် ဖွဲ့နွဲ့သီကုံး ရေးသားတတ်ရမယ်'

ဆရာသည် အတန်းထဲ၌ တဖွဖွ သည်စကား ချည်း ပြောတတ်၏။

'ရေးရိုးရေးစဉ် မရေးရဘူးဆိုတာ ဘယ်လို ရေးပုံရေးနည်းမျိုး ပြောတာလဲ ဆရာ' ဟု ကျွန်မက ထ မေးမိသည်။

'အကြောင်းအရာ တစ်ခုကို ရေးခိုင်းရင် မင်း မြင်တာ၊ မင်း သိတာကို ရေး။ မင်း စိတ်ထဲ ဘယ်လို ဖြစ်ပေါ်လာတယ် ဆိုတာတွေလည်း ဖော်ပြ။ အဲဒီအတိုင်း ရေး'

ဆရာသည် ကျွန်မတို့ အတန်းအား သီတင်းကျွတ်လ ပွဲတော်အကြောင်း ဆောင်းပါးရေးခိုင်းသည်။

ခါတိုင်းဆိုလျှင် ကျွန်မသည် သီတင်းကျွတ်လပွဲတော် အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာအတိုင်း ရေးမည် ဖြစ်၏။ နတ်ပြည်တွင် ဘုရားသခင်သည် မယ်တော်မိခင်အား တရားဟောအပြီး လူ့ပြည်သို့ ဆင်းသက်လာပုံက အစချီလျက် ရေးတော့မည်သာတည်း။

ထိုနေ့က ဆရာ ပြောသော အချက်သည် ခေါင်းထဲ၌ စွဲနေသည်။ ရေးရိုးရေးစဉ် လိုက်မရေးဘဲ အတွေးသစ်ဖြင့် ရေးစမ်းကြည့်ချင်သည်။ သီတင်းကျွတ်ပွဲတော်၌ မြင်ခဲ့ တွေ့ခဲ့ဖူးသော အဖြစ်အပျက် တစ်ခုသည် မျက်စိထဲ ပေါ်လာလေ၏။

ကျွန်မသည် မျက်စိထဲ ပေါ်လာသမျှ သိမ်းကျုံးလျက် ရုပ်လုံးပေါ်အောင် ရေးခြယ်လေသည်။

သီတင်းကျွတ်လ စံကျောင်းဘုရားပွဲတော်သို့ သွားရာလမ်း တစ်လျှောက် ၌ ထွန်းညှိထားသော မီးပုံးပုံသဏ္ဍာန်များအတိုင်း အရောင်နှင့်တကွ အတန်းလိုက် သွယ်ထွန်းရေးလိုက်သည်။

လမ်းတစ်ဖက်နှင့်တစ်ဖက် ခုံးလုပ်၍ ကြယ်မီးပုံးတို့ဖြင့် သွယ်ထွန်းသွားပြီးနောက်၊ မီးတန်းကြီးအောက်၌ ကြိတ်ကြိတ်တိုး သွားလာနေကြသော လူအုပ်ကြီးကို ဖော်ပြလေသည်။

လူအုပ်ကြီးကို ရေးသားရာ၌ လူကြီးပိုင်း၊ လူရွယ်၊ ကလေးသူငယ်အထိ မိန်းမ၊ ယောကျာ်းများ၏ ဟန်အမူအရာများနှင့်တကွ အသွင်သဏ္ဍာန်တွေပါ ရေးသည်။ ဝတ်ပုံစားပုံ၊ သွားပုံလာပုံ ဟန်ပန်မူရာသဏ္ဍာန်များတွင် တောလူအုပ်နှင့် မြို့လူအုပ်မှာ အထင်းသား ကွဲခြားလျက် ပေါ်နေလေသည်။ လူအုပ်ကြီးထဲ၌ ပွဲကြည့်သွားသော အသိုက်၊ လူကြီးသူကြီး လိုက်ကန်တော့ကြသော အသိုက်၊ မီးပွဲကြည့်သော အသိုက် စသည်အားဖြင့် လူသိုက်ပါ ကွဲပြားအောင် ဖော်ရေးသည်။

ဤဆောင်းပါးထဲ၌ ကျွန်မကို မီးထွန်းပွဲ လျှောက်ကြည့်သူ၊ ပွဲဈေးစားသွားသူအဖြစ် လူအုပ်ထဲတွင် ရောပေါင်းထားသည်။

မြို့သူမြို့သားနှင့် တောသူတောသားများ ပေါင်းရုံးထားသော လူစုလူအုပ်ကြီးကို ရေးခြယ် ပြရသည်မှာ စိတ်ပျော်ရွှင်လာကာ မြင်သမျှ အသေးစိတ်ရေးသည်။

ကျွန်မသည် လူအုပ်ကြီးထဲတွင် ရောလျှောက်ပါသွားရင်း မီးပုံး၊ ဖြောက်အိုး၊ ကောလိပ်ကျောင်းသား၊ တောသား၊ ခေတ်အပျို၊ တောအပျို၊ ကလေးသူငယ်၊ မင်းကတော် စိုးကတော်၊ ကန်တော့ပွဲ၊ ချွေးနံ့၊ ယမ်းနံ့၊ ရေမွှေးနံ့၊ ဖုတ်ဖုန်၊ အသံဗလံများပါမချန် ဝတ်ပုံစားပုံတွေနှင့်တကွ သီတင်းကျွတ်ပွဲတော်





ရုပ်ပုံ ကားချပ်ကြီးတစ်ချပ် ဖြစ်နေအောင် ရေးခြယ်သွားကာ ပွဲဈေးတန်းသို့ ရောက်သွားလေ၏။

ဘုရားပွဲဈေးတန်းကြီးမှာ အောက်လင်းဓာတ်မီးများ ထိန်လင်းလျက် စည်ကားလှသည်။ ဆိုင်တိုင်း၌ လက်ဆွဲဓာတ်မီးများ ချိတ်လျက် လက်မလည်အောင် ရောင်းနေကြသည်။ ဈေးတန်းတစ်လျှောက် တသီတတန်းကြီး ခင်းကျင်းထားသော ဆိုင်များရှေ့၌ ဘာစားရမှန်းမသိ ရစ်ဝဲရစ်ဝဲ လုပ်နေကြသော အိမ်ကလူအုပ်ကို ထားခဲ့ကာ ဈေးတန်း ဆုံးအောင် လျှောက်သွားလေသည်။

ကျွန်မမှာ ပွဲဈေးလာလျှင် မုန့်ဟင်းခါး၊ ခေါက်ဆွဲ စားလေ့စားထ မရှိ၊ ထူးထူးဆန်းဆန်းလည်း မရှိ။ ပွဲဈေးကျမှ ရနိုင်သော အစားအစာမျိုးသာ ရွေးစားချင်စိတ် ပေါ်သည်။

ကျွန်မသည် ပွဲဈေးတန်းတစ်လျှောက် မုန့်လေပွေသည်ကို လိုက်ရှာနေသည်။

ဈေးတန်းအဆုံး ဈေးသည်ကို မမြင်၍ ဟိုဟိုသည်သည် လှမ်းမျှော်ကြည့်လိုက်သည်။ ဘုရားတန်ဆောင်းကြီးဘေး၌ ပွဲခင်းကြီး ရှိလေသည်။ ပွဲခင်းကြီးမှာ လှမ်း၍ အဝေးကြည့် မြင်ရသည်။ ဓာတ်ခုံပေါ်၌ ပြည်ဖုံ့ကားကြီး ချလျက် ပွဲမထွက်သေး ချေ။ ဓာတ်ခုံအောက်၌ ပွဲကြည့်ပရိသတ်ကြီးမှာ ငါးပိငါးချဉ် သိပ်ထားသည့်အတိုင်း တစ်ယောက်ပေါ်တစ်ယောက် ထပ်နေကြကာ ညပ်သိပ်နေလေ၏။

ပွဲခင်းနှင့် ဘုရားတန်ဆောင်းဘက် ကူးသွားသော အုတ်လမ်းနံဘေး၌ မီးရောင်လက်လက်ကို တွေ့ရလေသည်။ ထိုနေရာ တစ်ဝိုက်၌ မှောင်ကျနေသဖြင့် မုန့်လေပွေ ကင်နေသော မီးတောက်ထဲမှ မုန့်လေပွေသည်ကို ဝိုးတဝါးသာ မြင်နိုင်သည်။ ကျွန်မသည် အုတ်လမ်းပေါ်သို့ ခပ်သွက်သွက် လျှောက်သွားသည်။ အနားရောက်မှ မုန့်လေပွေသည်ကို သဲကွဲစွာ မြင်ရလေသည်။ အသက် ၄၀ ခန့်အရွယ်၊ [illegible]သားသေး မည်းကြုတ်ကြုတ်၊ လုတစ်ကိုယ်လုံး အရိုးချည်းသာ တော့ ရကာ [illegible]ခြောက်နှင့် တူသည်။ ကျောနှင့်ရင်နှင့် ကပ်နေသော သူ့ကိုယ်တွင် အပေါ်အင်္ကျီ[illegible] ညစ်မည်းနေသော ချွေးခံအင်္ကျီသာ ဝတ်ထားသည်။

သူသည် မုန့်ကင်နေရာမှ ခြေသံကြား၍ မော့ကြည့်လေသည်။ မီးရောင်[illegible] သူ၏ မျက်လုံးနှစ်လုံးသည် ရှေ့သို့ ကျွတ်ထွက်လုလု ရှိအောင် အဆမတန် [illegible]ထွက်နေလေသည်။

'မုန့်လေပွေ တစ်ပဲဖိုး ပေးပါ'

ကျွန်မသည် ခါးကို ကိုင်းလျက် ငုံ့ပြောလိုက်သည်။

'ဟဲ့...'



www.burmeseclassic.com

www.burmeseclassic.com



သူသည် အာပြဲပြဲဖြင့် တအားညှစ်၍ အော်လိုက်၏။ လည်ချောင်းထဲ၌ သစ်ထုတ် ဆွဲယူရသော အသံကြောင့် “ဟဲ့” သံသည် အလျှာရှည်ကြာလှကာ အဖျား၌ တုန်ယင် အက်ကွဲသွားလေ၏။

ကျွန်မမှာ ကိုင်ထားသော ခါးကို ပြန်ဆန့်လိုက်ကာ နားထဲတွင် စူးယားသွားလေ၏။

အဝေးမှာ ဖုတ်ဖုတ် ဖုတ်ဖုတ်နှင့် ပြေးလာသော အသံကို ကြားရသည်။ မှောင်ရိပ်ထိုးနေ၍ လူကို မမြင်ရသေးချေ။

‘ကာလနာမလေး’

မိန်းမကြီးသည် တုတ်နှစ်ချောင်းဖြင့် ကိုင်ထားသော မုန့်လွှာကို ဟိုဘက် သည်ဘက် လှန်ပေးရင်း မီးကို ဂရုစိုက်ရသည်အတွက် သူ့အသံ အဆက်ပြတ် သွက်သွားသည်။

ဆယ်နှစ်လောက်ရှိမည့် သူငယ်မလေးတစ်ယောက် မှောင်ထဲမှ ပြေးထွက် လာလျက် မီးရောင်နား နီးလာသည်။ ဖြုန်းခနဲ ကြည့်လျှင် သူငယ်မလေး၏ ရုပ်မှာ တစ္ဆေ မှင်စာရုပ်ကလေးနှင့် တူလှလေသည်။ မျက်နှာပေါ်၌ သနပ်ခါးများ ပျစ်ထူ ပိန်းနေကာ ပါးနှစ်ဖက်၌ ပါးကွက်ကြီး ကွက်ထားသည်။ ထုလွှန်း ပိန်းလွှန်း၍ မျက်ခုံးမျက်ဖန်ပင် မပေါ်တော့ချေ။ လည်ပင်းနှင့် နားရွက်၌ သနပ်ခါးတစ်စက်မှ မရှိ။ မုန့်လေပွေသည် အသားနှင့် တစ်သွေးတည်း နက်ကြုတ်နေသည်။ သူ့ခေါင်း ပေါ်၌ ဆံထုံးကို မမြင်ရ။ ဘယ်မတ္တာပ်က ကောက်ရထားမှန်း မသိသော ဟောင်းဟောင်းနွမ်းနွမ်း စက္ကူပန်းပွင့်ကြီးတစ်ပွင့် ထိပ်ရှေ့တည့်တည့်၌ စိုက်ထိုး ထားသည်။ အင်္ကျီနှင့် ထဘီမှာ မထင်ရှားသော အနွမ်းအဟောင်း ဖြစ်သည်။

‘ဒီမှာ ဝယ်သူ လာနေတယ်၊ တကတဲ ...တော်’

မိန်းမကြီးသည် မီး ဂရုစိုက်ရသဖြင့် နားရပြန်ကာ ပြီးမှဆက်၍ ‘ကာလနာ မလေး’ ဟု အဆုံးသတ်လိုက်သည်။

ကျွန်မမှာ ကလေးမလေးကို ငေးစိုက်၍ ကြည့်နေမိသည်။ ကလေးမလေး သည် ကျွန်မနှင့် မုန့်သည်ကို ရန်လုပ်ထားသော မျက်နှာနှင့် မျက်စောင်းထိုး ကြည့်လျက် နှုတ်ခမ်းစုလိုက်သေးသည်။

‘ပွဲထွက်တော့မယ် အမေရဲ့’

ပွဲခင်းမှ လူခေါ်နေသော ဆိုင်းသံများသည် မုန့်လေပွေဖိုနားသို့ လွင့်လာ လေသည်။ မီးတောက်ပေါ်၌ မုန့်လေပွေသည် မှောက်လိုက်လှန်လိုက်ဖြင့် ကခုန် မြူးထူးလျက် ရှိသည်။

‘ပွဲဖြင့် မထွက်သေးဘူး၊ တော်တော်၍ ဘာမှ ကူဖော်လောင်ဖက် မရဘူး။





ဘယ်မလဲ သင်ကြိုး၊ သင်ကြိုး’ မိန်းမကြီးသည် နှုတ်က တဖျစ်တောက်တောက်နှင့် ခြေဖြာနေရင်း ‘ဟဲ့’ ဟု ထပ်အော်လိုက်သည်။

ကလေးမလေးသည် ပွဲခင်းဘက်သို့ လည်ဆန့်ကြည့်နေသည်။ “ဟဲ့”ဆိုသံ ကြားမှ မလှည့်ချင် လှည့်ချင်ဖြင့် ခေါင်းလှည့်ကာ တောင်းထဲမှ သင်အုကြိုးကို ကုန်းဆွဲယူလေသည်။

‘ရော့... ပြီးတာတွေ ဖောက်သီနှင့်’

ကလေးမသည် ဆောင့်ကြီးအောင့်ကြီးဖြင့် ဆောင့်ကြောင့် ထိုင်ချလိုက် သည်။ မိန်းမကြီးက မုန့်ကင်ရာမှ ‘တယ်လေ’ ဟု တက်ခေါက်လှက် ဖမ်းခေါက် လိုက်ပြန်သည်။

တောင်းပေါ်၌ ပုံထားသော မုန့်ချပ်များကို တစ်ခုပြီးတစ်ခု သင်အုကြိုးနှင့် အလျင်စလို ဖောက်သီလေသည်။ သီစရာ မုန့်ကုန်သွားကာ တစ်ပဲဖိုး မပြည့်အတတ် သေး၍ စောင့်ရဦးမည့်အတွက် ဆောင့်ကြောင့်ထိုင်ရာက မတ်တတ် ထရပ်လိုက် သည်။ ပွဲခင်းကို လှမ်းကြည့်ကာ ပြန်ထိုင်ချသည်။ အဝေးမှ လူခေါ်နေသော ဗုံထိသံသည် ကလေးမကို အငြိမ်မနေနိုင်အောင် ဆွ နေသည်။ ကလေးမှာ ထိုင်ချည်ထချည် ဖြစ်နေသည်။ မိန်းမကြီးသည် လက်မလည်အောင် ကင်နေရင်းမှ ထိုင်ချည်ထချည် လုပ်နေတာကို မြင်ကာ စိတ် တိုသထက် တိုနေသည်။

‘ဒီမှာဖြင့် ဈေးဦး တစ်ပြားမှ မပေါက်သေးဘူး၊ ပွဲကြည့်ဖို့ပဲ သိတယ်’

မိန်းမကြီးသည် ဘယ်သို့ ဘယ်ချမ်းသာဖြင့် လေကြောရှည်ကာ မဲမာန် ခနေလေသည်။ ကလေးမ၏ မျက်လုံးသည် မီးတောက်ကို စိုက်နေလျက် ဆီမန်း ခန်းသလို နှုတ်ခမ်းတလှုပ်လှုပ်နှင့် ကျက်နိုင်ခဲလှသော မုန့်ကို ဆဲရေးနေဟန် ရှိသည်။

မုန့်တစ်ပဲဖိုး ပြည့်သွားမှ နောက်ဆုံး မုန့်ချပ်ကို ပျာယီးပျာယာ ကောက်ယူ ဖောက်ချည်လျက် “ရော့ အင့် ယူ” ဆိုသည့် သဘောနှင့် လက်ကို ခပ်ဆောင့် ဆောင့် ထိုးကမ်းလိုက်သည်။ မုန့်တွဲကြီးသည် ကျွန်မ လက်ထဲ မရောက်ခင် ဖြုတ်ခနဲ အုတ်လမ်းပေါ်သို့ လွတ်ပြုတ်ကျသွားလေ၏။

မိန်းမကြီးသည် ဆတ်ခနဲ ထ၍ သူ့လက်ကို မီးပုံကျော်လျက် ကလေးမ၏ ဆံပင်ထုံးကို လှမ်းဆွဲလိုက်သည်။ ဆံပင်ကို ဆုပ်မိပြီးမှ ထင်းစကြီးကို ကုန်း ကောက်သည်။

‘ကြောက်ပါပြီ အမေရဲ့၊ ကြောက်ပါပြီ အမေရဲ့’

ကလေးမသည် ငယ်သံပါအောင် အော်ရင်း ရုန်းလေသည်။ ခေါင်းကို လွန့်ကာလွန့်ကာ ခြေကန်ရုန်းနေစဉ် မိန်းမကြီးသည် မီးပုံကို ခွေ့ရှောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးဘက်သို့ ရောက်သွားသည်။ ကလေးမသည် ကြောက်အားလန့်အားဖြင့် သူ့အမေ လက်ထဲမှ ထင်းစကို အတင်း ဆွဲလုလေသည်။

မိန်းမကြီးသည် လုရကောင်းလားဟု တစ်တစ်ခွခွ ဆဲလိုက်သည်မှာ မကြားဝံ့အောင် ကြမ်းလှသည်။

ကလေးမက အမေနှင့် ဝင်လုံးပြီး လုနေစဉ် တစ်ယောက်တစ်ပြန် မတ်တတ်လုနေရင်းမှ ထိုင်လျက်ဖြစ်သွားကြကာ၊ ထိုင်လုက်လုကြရာက မြေပေါ်တွင် လဲသွားကြသည်။ လဲသွားရာမှ မြေပေါ်တွင် တစ်ယောက်ပေါ်တစ်ယောက် ဖိလျက် နှစ်ပတ်၊ သုံးပတ် လိမ့်သွားလေသည်။

ကျွန်မမှာ သားအမိ သတ်နေပုံကို မကြည့်ရဲ ကြည့်ရဲ ကြည့်နေလျက်၊ ဒိတ်နှလုံး နောက်ကျိသွားကာ ရင်ထဲ၌ ဆို့နေလေ၏။

မြေပေါ်၌ ပုံနေသော မုန့်တွဲသည် လမ်းက အုတ်စောင်းနှင့် တိုက်လျက် အကြေအကျိုး အစအနများ ပွ နေကာ မရှုမလှ ဖြစ်နေလေသည်။

ပွဲခင်းမှ နင်းကန်တီးနေသော ဗေထိ သံသည် ကျွန်မ ရင်ကို ဆောင့်နေသည်။ ကလေးမ၏ အော်သံနှင့် မိန်းမကြီး၏ ဆဲသံတို့သည် နားထဲမှ လျှံကျလျက်ရှိသည်။ မှောင်ရိပ်ကျကျ၌ လုံးထွေးလိမ့်နေသော သားအမိကို မုန့်လေပွေကင်သောမီး တောက်မှ ထွက်နေသော မီးရောင်ကလေးဖြင့် မနည်း ကြည့်ရလေသည်။

မိန်းမကြီးသည် ကလေးမကို ချုပ်မိလျက် ခွစီးလိုက်ကာ ဘယ်နေရာက ဘယ်အရိုးကို ရိုက်နေမှန်း မသိ၊ ထင်းစ၏ အသံသည် ဂေါက်ခနဲ ဂေါက်ခနဲ နေလေ၏။

'အမယ်လေး အမေရဲ့၊ အမယ်လေး အမေရဲ့'

ကျွန်မမှာ အရိုးပေါ် ရိုက်နေသော တဂေါက်ဂေါက် အသံကြီးကို နားကျိန်းလှသည်။ အမယ်လေး အမေရဲ့ ... အမယ်လေး အမေရဲ့ ... အော်သံဖြင့် ရင်ထဲ၌ နင့်ခနဲ အင့်ခနဲ ဖြစ်သွားသည်။

ဘာလုပ်ရမှန်းမသိ ထူပူနေပြီး၊ နောက်မှ သတိရလျက် ပိုက်ဆံတစ်ပဲကို နှီဆီခွက်ထဲသို့ သွားထည့်လိုက်ကာ မကြားရက်၊ မကြည့်ရက်လွန်းသဖြင့် ထိုနေရာက ထွက်ခဲ့သည်။

မိန်းမကြီးမှာ ပိုက်ဆံတစ်ပဲ ဆုံးရှုံးမှုဖြင့် ကြေကွဲ၍ မဆုံးနိုင်ဘဲ ထင်းစကြီးနဲ့ ဆင့်ကဲ ဆင့်ကဲ ချနေလေ၏။

ကျွန်မ ဆောင်းပါးကို ဆရာက ဖတ်ရှု စစ်ဆေးပြီးနောက် စာပြရန် အတန်းထဲ ဝင်လာသည်အခါ စားပွဲ၌ ထိုင်ထိုင်ချင်း သူ့ဆီလာရန် ကျွန်မကို ခေါ်ထုတ်သည်။ ကျွန်မမှာ သီတင်းကျွတ်ပွဲတော် ဆောင်းပါး၌ တွေ့ရာမြင်ရာတွေ လျှောက်ရေးလိုက်မိသဖြင့် တထိတ်ထိတ်ဖြင့် ဆရာ့စားပွဲနား လာခဲ့သည်။





'မင်း ဆောင်းပါး ဆရာ သဘောကျတယ်။ မင်း တွေးပုံ၊ မင်း ရေးပုံမျိုးဟာ ကျောင်းသားအတွေး မဟုတ်ဘူး။ တစ်ခုပဲ ပြောစရာ ရှိတယ်။ မင်း ဆောင်းပါး အဆုံးမှာ မိန်းမကြီးသည် ကြေကွဲ၍ မဆုံးနိုင်ဘဲ ထင်းစနှင့် ဆင့်ကဲ ဆင့်ကဲ ချနေလေ၏ ဆိုတာ မိန်းမကြီးဟာ ကြေကွဲနေတာ မဟုတ်ဘူး ကွယ့်၊ ဒေါသ ဖြစ်နေတာ။ ဒေါသဖြစ်၍ မဆုံးနိုင်ဘဲ ... ဒီလိုရေးမှ မှန်တော့မပေါ့'

'မဟုတ်ဘူး ဆရာ၊ ကြေကွဲနေတာ'

ကျွန်မမှာ ဆရာ့စကားကို လက်မခံဘဲ ပြန်ပြောလိုက်သည်။ ဆရာသည် ကျွန်မအား မျက်မှောင်ကြုတ်၍ ကြည့်လျက် 'မင်းစိတ်ထဲမှာ မိန်းမကြီး ဒေါသ ဖြစ်နေတယ်လို့ မထင်ဘူးလား' ဟု မေးလေသည်။

'ဒေါသ ဖြစ်နေတယ်လို့ ကျွန်မ စိတ်ထဲမှာ မထင်ဘူးဆရာ၊ ကြေကွဲနေတာလို့ ထင်တယ်'

'ဘာကြောင့်လဲ'

ဆရာသည် စိတ်တိုင်းမကျလျှင် သူ့ခေါင်းကို ရှေ့သို့ ဆန့်ထုတ်ကာ မျက်နှာကြီး သုန်မှုန်ထားတတ်သည့်အတိုင်း သုန်မှုန်သွားလေသည်။

'ဆရာ စဉ်းစားကြည့်ပါ၊ ဆရာတို့ ကျွန်မတို့ အဖို့မှာ ပိုက်ဆံတစ်ပဲနှစ်ပြားဟာ ဘယ်လောက်မှ မဟုတ်ဘူး၊ သူတို့ အဖို့မှာတော့ ပိုက်ဆံ တစ်ပဲဟာ သိပ်အရေးကြီးတယ် ဆရာ၊ ဒါကြောင့် ပိုက်ဆံတစ်ပဲ ဆုံးရှုံးမှုအတွက် ကြေကွဲနေတာပါ'

သုန်မှုန်နေသော ဆရာ့မျက်နှာကြီးသည် တစ်စတစ်စ ပြေသွားသည်။ ကျွန်မအား ကြည့်မြဲ စိုက်ကြည့်လျက် ငြိမ်ကျနေရာမှ 'မင်း မဂ္ဂဇင်း၊ ဂျာနယ်တွေ ဖတ်သလား' ဟု ခပ်လေးလေး မေးလေသည်။

'အိမ်က ဝတ္ထုစာအုပ် မဖတ်ရဘူး ဆရာ' ကျွန်မက ခပ်သွက်သွက် ပြန်ပြောသည်။

'မဖတ်ရရင် ခိုးဖတ်ပေါ့ကွ၊ ခိုးဖတ်။ မင်း စာများများ ဖတ်ဖို့ လိုတယ်၊ မင်း ကြိုးစားရင် စာရေးကောင်းတစ်ယောက် ဖြစ်နိုင်တယ်'

ကျွန်မမှာ ပစ်စာကို ချေပ ရေးသားဖို့ရာ အခက်အခဲ တွေ့ကြုံနေစဉ်၊ စာရေးကောင်းတစ်ယောက် ဖြစ်နိုင်တယ်ဟု ဆရာ အားပေးဖူးသော စကားကို သတိရကာ အားတက်လာလျက် ကြိုးစားပမ်းစား ရေးသည်။

ကျွန်မ၏ အယူအဆ၊ အတွေးအခေါ်၊ အတွေ့အကြုံများဖြင့် ချေပ ရေးသားသည်။ ကျွန်မ ဆောင်းပါးကို အယ်ဒီတာထံပေးသော စာမျိုးဆန်ဆန် ရေးသည်။ ဆောင်းပါးထဲ၌ ပစ်စာကို သူ့အတိုင်း ကူးထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ်ဒီတာ၊ မြန်မာ့အလင်းသတင်းစာ"ဟု လိပ်တပ်လျက် ဆောင်းပါး ပို့လိုက်ပြီးနောက် သတင်းစာထဲတွင် ဆောင်းပါး ပါမပါ စောင့်ဖတ်နေရာ၊ ရက်တွေ ကြာညောင်း၍ မပါတော့မှ စိတ်လျှော့လိုက်ရသည်။

ငါးလခန့် ကြာမြင့်ပြီးနောက် တစ်နေ့တွင် မမျှော်လင့်ဘဲ မြန်မာ့အလင်း အယ်ဒီတာထံမှ ဆောင်းပါးနှင့် ပတ်သက်၍ ပြန်စာရလေသည်။ "သူလိုလူ" စာအုပ်အစတွင် ဖော်ပြ ရေးသားထားခဲ့ဖူးသည့်အတိုင်း ကျွန်မ၏ ချေပ ရေးသားချက် ဆောင်းပါးကို ပယ်ထားသော စာများ အကြားမှ သွားတွေ့ကာ အယူအဆ၊ အရေးအသားကို နှစ်သက် သဘောကျသွားလျက် ဆောင်းပါးများ ရေးပို့ပါရန် ကျွန်မထံသို့ တိုက်တွန်း တောင်းပန်တော့သည်။

ကျွန်မသည် ယင်းပစ်စာကြောင့် သတင်းစာတိုက်နှင့် ဆက်သွယ်သွားမိလျက် ဆောင်းပါးများ အကြိမ်ကြိမ် ရေးပို့ပေးကာ စာပေနယ်ထဲသို့ ရောက်ခဲ့ရသည်။

၂

ယူဘီအေ ရုံးခန်းကြီးများမှာ တိတ်ဆိတ်နေသည်။ ခုံတန်းလျားပေါ်၌ အိပ်နေသော ခရီးသည် ကုလားမ၏ ဟောက်နေသံ ကြားရသည်။ လမ်းမကြီးပေါ်၌ ပြေးလွှားနေကြသော အဝေးမှ ကားသံတို့သည် လမ်းချိုးထဲသို့ လွင့်ပျံ့လာသည်။

လေယာဉ်ပျံ နေရာမရ၍ လေယာဉ်ပျံ စောင့်နေကြသော ခရီးသည် တစ်စုသည် ကျွန်မတို့ကဲ့သို့ပင် ဘိုင်ပြတ်ကြကာ ဟိုတယ်၌ မတည်းနိုင်ကြဘဲ လေယာဉ် ရုံးခန်း၌ တည်းခိုကြလေ၏။ ရုံးခန်းထဲသို့ ဆူဆူညံညံ ဝင်လာသော သူတို့အသံများကို ကြားရသည်။ အသံဗလံများ စဲ၍ တိတ်ဆိတ်သွားသည့်အခါ အိပ်ရန် ကြိုးစား၏။

ကျွန်မမှာ အိပ်ချင်စိတ် မရှိဘဲ အတွေးထဲတွင် မျောနေပြန်သည်။

ကျွန်မ ရေးခဲ့သော ဝတ္ထုများကို စဉ်းစားမိပြန်သည်။ စာပေနယ်ပယ်၌ ရှေးဦးစွာ ကျွန်မ ရေးခဲ့ဖူးသော ဝတ္ထုတိုကလေးကို စဉ်းစားမိသည်နှင့် ကိုစောဦး၏ မျက်နှာသည် ပေါ်လာသည်။

အမှန်စင်စစ် ကျွန်မမှာ ဝတ္ထုရေးစက ဝါသနာအလျောက် ရေးခဲ့သည် မဟုတ်ဘဲ၊ ဝတ္ထုနယ်ပယ်ထဲသို့ စာရေးဆရာ စောဦးက တွန်းထိုးပို့၍သာ ရောက်သွားရသဖြင့် စာပေနှင့် ကျွန်မ ဆုံစည်းရသော ရေစက်သည် လူကြီးတွေ အတင်း ပေးစား၍ လက်ထပ်ရသော သတို့သမီးနှင့် တူလှသည်။

ကျွန်မသည် ဂျာနယ်ကျော်၌ ဆောင်းပါးများသာ တစ်ခါတစ်ရံ ရေးပေး





ခဲ့သည်။ သတင်းစာ၊ ဂျာနယ်၌ ဆောင်းပါးရေးတိုင်း ကျွန်မခင်ပွန်း ဦးချစ်မောင် ခရာပေးသည်ဟု အထင်ခံရပါများသဖြင့် ရေးချင်စိတ်ပင် မရှိသလောက် ဖြစ်နေသည်။

တစ်နေ့တွင် ကျွန်မ အလုပ် လုပ်နေသော စားပွဲနားသို့ မျက်နှာပျက်ပျက်နှင့် စာစီသမားလေး ရောက်လာသည်။

'ခုထက်ထိ ကျွန်တော်တို့ကို အယ်ဒီတာဘက်က ဝတ္ထုချမပေးသေးပါဘူး' ဟု ခပ်တိုးတိုး လာကပ်ပြောသည်။

ကျွန်မမှာ ဝတ္ထုမရသေးဘူးဆို၍ ခေါင်းကြီးသွားသည်။ ရက်ကို တွက်လိုက်လျှင် ဒီနေ့မှ မပေးနိုင်က ဂျာနယ်ထွက်ရန် ကသီလင်တ နိုင်တော့မည်ဟု စိတ်ပူသွားသည်။

ကျွန်မသည် စားပွဲမှ ထ ခဲ့ကာ အယ်ဒီတာဌာနသို့ ကူးသွားသည်။ ဦးချစ်မောင်နှင့် ကိုစောဦးမှာ သူတို့စားပွဲတွင် ရှိကြသည်။

'ဝတ္ထု ခုထက်ထိ မပေးကြသေးဘူးဆို၊ စာစီဘက်က ပုတ်ပြတ်ပြီး ဆိုတော့ သူတို့အဖို့လည်း အချိန်ဆွဲနေရင် အလုပ်သမားအတွက် မကိုက်ဘူး ဒီနေ့မှ ဝတ္ထု စီဖို့ ချမပေးရင် ဘယ်လိုလုပ် ဂျာနယ်ထွက်ဖို့ မိမလဲ'

ကျွန်မမှာ ဂျာနယ်ကျော်၌ တိုက်အုပ်ချုပ်သော လုပ်ငန်းကို တာဝန်ယူ လုပ်ရာ၊ အချိန်ကြန့်ကြာမှုကြောင့် အယ်ဒီတာများနှင့် မကြာခဏ အရေးဆိုရသည်။

ဦးချစ်မောင်က ပြုံးလျက် ကိုစောဦးဘက်သို့ လှည့်ကာ 'ကိုစောဦး ခင်ဗျား ရေးဗျာ' ဟု ပြောလိုက်သည်။

ကိုစောဦးသည် အားနာသော မျက်နှာအမ်းအမ်းဖြင့် 'ကျွန်တော် တွေးလို့ မရဘူးဆရာ၊ ဆရာ ရေးပါ' ဟု ပြုံးစိစိ ပြောနေသည်။

ကျွန်မမှာ ကိုစောဦးဘက်က ငြင်းနေသဖြင့် ဦးချစ်မောင်ဘက်သို့ လှည့်သွားကာ 'ကိုစောဦး မရေးရင် ကိုကိုပဲ ရေးပေါ့' ဟု အရေးဆိုရပြန်သည်။

'ကိုကို မရေးနိုင်ဘူး၊ ရေးစရာတွေ အများကြီး ကျန်သေးတယ်၊ သွားစရာ သည်း ရှိနေတယ်။ ကိုစောဦးသာ ရေးဖို့ ပြောပါ'

ဦးချစ်မောင်သည် ကိုစောဦးကို တိုက်တွန်းရန် မေးစပစ်လျက် ပြုံးနေသည်။

'ဟာ... ဆရာ'

ကိုစောဦးသည် ပြုံးရယ်လျက် ငြင်းဆန်နေသည်။ သူတို့မှာ တစ်ယောက် ခေါ် တစ်ယောက် လွှဲချနေကြလျက် နှစ်ယောက်စလုံး လွှဲသာလျှင် လွှဲချင်သည်



www.burmeseclassic.com

www.burmeseclassic.com



သုခ ည်း ဖြစ်နေသည်။ ကျွန်မမှာ ကသိလင်တဖြစ်မှာ စိတ်ပူလာကာ 'နယ်က ပို့တဲ့ ဝတ္ထုတွေထဲက ရွေးချပေးရှင်' ဟု ကိုစောဦးကို ပြောသည်။

'တစ်ခုမှ မကောင်းဘူး ဆရာကတော်၊ ကျွန်တော် ရှာပြီးပြီ'

ဂျာနယ် မမီမှာ စိုးနေရသည်။ ဂျာနယ် အတွက် နောက်ကျပုံပေါ်လျှင် ကျွန်မသာ ဗျာများလျက် မီအောင် စိုင်းပြင်းရသည်။ စနေနေ့ထုတ် ဂျာနယ်ကို ကြာသပတေးနေ့ည စာအုပ်အဖြစ် အပြီးစီစဉ်ကာ သောကြာနေ့ နယ်ပို့ရသည်။

'ကဲ ... ဒီတော့ ဘယ်သူ ရေးမှာလဲ'

ကျွန်မကို အဖြေမပေးကြဘဲ နှစ်ယောက်စလုံး အဖြေပေးခက်နေ၍ ကျွန်မ မှာ အားမလို အားမရ ဖြစ်သွားသည်။

'တစ်ယောက်ယောက်တော့ ရေးမှပဲ။ ကျွန်မကလည်း မရေးတတ်ရှင့်၊ ရေးတတ်ရင် နားပူမနေပါဘူး' ဟု ညည်းပြောမိသည်။

'ဆရာကတော် မရေးလို့ပါ၊ ရေးနိုင်ပါတယ်။ ဒီတစ်ပတ် ဆရာကတော် ရေးစမ်းပါ'

ကိုစောဦးသည် ကျွန်မကို နောက်ချနေသည်ဟု ထင်မိကာ 'ကျွန်မဘက် မလှည့်နဲ့နော်၊ ကျွန်မ မရေးတတ်ဘူး' ဟု ပြောလိုက်သည်။

'ရေးပါ ဆရာကတော်၊ ဆရာလည်း မရေးနိုင်ဘူး၊ ကျွန်တော်လည်း ရေးဖို့ရာ အတွေးကို မပေါ်ဘူး။ ဒီတော့ ဆရာကတော်က ရေးပါ'

ဦးချစ်မောင်မှာ ဘာမျှမပြော၊ စာသာ ငုံ့ရေးနေလေ၏။ ကျွန်မက 'ကျွန်မ မရေးတတ်ဘူး ကိုစောဦးရယ်' ဟု ဆိုကာ ကျွန်မ နေရာသို့ ပြန်လာခဲ့သည်။ ကျွန်မမှာ ဝတ္ထုဖတ်သူ ဖြစ်သည်။ ဝတ္ထုရေးနိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူ မဟုတ်ပေ၊ မရေးနိုင်ဘူးဟု ထင်ထားသည်။

စာရေးဆရာမ တက္ကသိုလ်ကျော့ရှင်းနှင့်အတူ ...။





နေ့လယ်ပိုင်းတွင် စာစီသမားလေးသည် ကျွန်မ စားပွဲနားသို့ ကပ်လာကာ ဝတ္ထုကော်ပီ လာတောင်းလေသည်။

ကျွန်မမှာ မျက်လုံးပြူးသွားကာ 'ဟ ငါမှ မရေးဘဲ၊ သူတို့ဆီ ရအောင် သောင်း' ဟု ပြောလိုက်သည်။

'ဦးစောဦး ပြန်မလာသေးဘူး၊ ဆရာလည်း မရှိဘူး။ ဦးစောဦးက ဆရာ ကတော် ရေးမယ် ပြောသွားလို့'

ကျွန်မမှာ စာရင်းစာအုပ်ကို ပိတ်ကာ တော်တော် စိတ်ရှုပ်သွားသည်။ သူတို့ အရေး စောင့်နေရာတွင် စားပွဲ၌ နှစ်ယောက်စလုံး မရှိကြဘူးဆို၍ ခေါင်းခဲ သွားသည်။ ကိုစောဦးက ကျွန်မပေါ် လွှဲသွားသဖြင့် မရေးဘဲနေ၍ မဖြစ်တော့မှန်း သိမြင်လာသည်။

ကျွန်မသည် အိမ်ပေါ်သို့ ပြေးတက်ကာ ပက်လက်ကုလားထိုင်ပေါ်၌ ခင်လှဲထိုင်လျက် ဝတ္ထုရေးရန် စဉ်းစားကြည့်သည်။ စိတ်ကူးထဲ၌ ဇာတ်လမ်းလည်း မရှိ၊ ဝတ္ထု မရေးဖူးသူအဖို့ ရေးဟန်ရေးနည်း အကျင့်မရှိဘဲ ရေးရန် ရှုံ့သည်။

ခေါင်းကို မူးနောက်သွားအောင် ဇာတ်လမ်းရှာကြည့်သည်။ ဇာတ်လမ်းမှာ ရှာလေ မရှိလေ၊ တွေးလေ မရလေ ဖြစ်နေကာ အချိန်သာ ကုန်နေလျက် စိတ် အိုက်အိုက်ဖြင့် ချွေးပြန်လာသည်။ တွေးမရနိုင်၍ ခေါင်းပူလာသည်။ မနားမနေ သွားနေသော အတွေးတို့ကို လျှော့ပစ်လိုက်ကာ၊ ကျပ်အိုက်နေသော စိတ်ကို သက်သက်သာသာထားလျက် ခေါင်းအေးအေး တွေးတော့မှပင် ဝတ္ထုဇာတ်လမ်း ကလေးသည် တရေးရေး ဝင်လာသည်။

ကျွန်မသည် "မသိရလေခြင်း" ဟူသော အမည်ဖြင့် ဝတ္ထုတို ရေးပြီး နောက် စာမစီခင် ကိုစောဦးကို ဖတ်ကြည့်ရန် ပေးလိုက်သည်။ ကိုစောဦးသည် ဖတ်ကြည့်ပြီး 'ကောင်းတယ် ဆရာကတော်' ဟု မှတ်ချက်ချသည်။

ကျွန်မမှာ အတော် ညဉ့်နက်အောင် အိပ်မပျော်ဘဲ စာပေလောကနှင့် ကျွန်မကို ဆက်ပေးသော ပစ်စာနှင့် ကိုစောဦးတို့အား တစိမ့်စိမ့် တွေးကာ အမှတ်တရရှိ ဖြစ်နေလေသည်။

ရေမကူးတတ်သော သူတစ်ယောက်ကို ရေကူးတတ်အောင် မြစ်ထဲ ကန်ချ လိုက်၍ မနစ်အောင် ယက်ကန်ယက်ကန် ကူးရင်းဖြင့် ရေကူးတတ်သွားသူကဲ့သို့၊ စာဆေဗိမာန်ဆုရသော ကျွန်မသည်လည်း စာပေနယ်ထဲ တွန်းချလိုက်၍ မဖြစ် ဖြစ်အောင် ယက်ကန်ယက်ကန်ဖြင့် ကူးခဲ့၍သာလျှင် ရရှိရသော စာပေဆုဟု မှတ်တမ်းတင်မိတော့သည်။

[ ရှုမဝ၊ နိုဝင်ဘာ ၁၉၅၇ ]

www.burmeseclassic.com

www.burmeseclassic.com

## စာဆိုတော်နေ့

ဂျပန်ခေတ်။

၁၃၀၆ ခု ကဆုန်လဆုတ် ၂ ရက်နေ့ ဖြစ်သည်။

ညနေခင်း သာသာယာယာ၊ မိုးတိမ်က ပြာပြာ။ သည်နေ့ သည်အခါ ကျွန်မ ခြံဝသို့ ထွက်လာခဲ့သည်။ ထိုအချိန်တုန်းက ကျွန်မတို့ ဘောက်ထော်တွင် နေကြသည်။ ခြံဝ လမ်းဘေးတွင် လူထိုင်ရန် မျက်နှာချင်းဆိုင် အုတ်ခုံတန်းလျားနှစ်ခု ရှိလေရာ လမ်းထိပ်ဘက်သို့ မျက်နှာပြုနေသော တန်းလျားခုံတွင် ထိုင်ချလိုက်သည်။

လမ်းမ၌ လူသွားလူလာ မရှိဘဲ ရှင်းနေသည်။ တစ်ခါတစ်ရံ လမ်းချိုးက မြင်းလှည်းကလေးများ ပေါ်လာတတ်သည်။ မြင်းလှည်းများ လွန်သွားလျှင် လမ်းမ၌ ရှင်းနေသည်။ လူတစ်ယောက်တလေမှ မတွေ့ရဘဲ ရှင်းနေသည့် လမ်းပေါ်မှာ လူတစ်ယောက် လျှောက်လာပုံကို ကြည့်ကြည့်သည်။ "လျှောက်လာပုံ" ဆိုသည်မှာလည်း သူ ပုံပန်းပေါ်လာသည့် လမ်းကွေ့ အချိုးက ကျွန်မ မျက်နှာပြုနေရာ လမ်းထိပ်အထိလောက်သာ ဖြစ်သည်။ ကျွန်မ အနားရောက်အောင် လျှောက်လာနေပုံမျိုး မဟုတ်ပေ။ လမ်းကွေ့အချိုး နေရာက ပေါ်လာလိုက်၊ လမ်းထိပ်လောက်ကို ရောက်လာလိုက်၊ တစ်ဖန် လမ်းချိုးကပင် ပေါ်လာလိုက်နှင့် ဖြစ်သည်။

ထိုပုံသဏ္ဌာန်သည် လမ်းချိုးနှင့် လမ်းထိပ်တွင် နေမဝင်ခင်အထိ ရှိနေသည်။ နေဝင်ခါနီး၌ လမ်းချိုးက ပေါ်လာသော ထိုပုံသဏ္ဌာန်ကား ယခုတစ်ကြိမ်တွင် ယခင်အကြိမ်များလို မဟုတ်တော့ဘဲ၊ ဘောက်ထော်ဘက်သို့ ကွေ့ချိုးလာပြီး လမ်းအတိုင်း စိုက်စိုက်မတ်မတ် လျှောက်လာနေသည်။

အသားညိုညို၊ ဆံပင်တိုတို၊ မျက်မှန်ထုထူ၊ အရပ်အမောင်း ကောင်းကောင်း၊ ပင်နီအင်္ကျီကြမ်း၊ ယောလုံချည်အနက်၊ သားရေဖိနပ်၊ လွယ်အိတ်၊ အိမ်တော်ရာထီး စသည့် ပုံပန်းတွေကား စောစောက ထိုင်ပြီး မျက်စိထဲ မြင်နေသည့် ပုံအတိုင်း တစ်ပုံတည်း ဖြစ်သည်။ အိမ်တော်ရာထီးကို မဖွင့်ဘဲနှင့် ပခုံးပေါ်၌





တင်ထောင်၍ လက်တစ်ဖက်က စာအုပ်များ ပိုက်ထားပုံ၊ သည်ဟန်လောက်သာ ကွဲပါသည်။

လမ်းဘေးတွင် ကျွန်မ ထွက်ထိုင်နေသည်ကို မြင်နေသည့်တိုင်အောင် မြင်ဟန် မပြုဘဲ သူ့ဘာသာသူ မှန်မှန် လျှောက်လာသည်။ ကျွန်မကတော့ ဆုံးခံအတိုင်း အနားရောက်လာ၍ စာအုပ်များ လှမ်းယူလိုက်သည့်အထိ ပြုံးပြီး နေပါသည်။

'တစ်ညနေလုံး ထွက်မျှော်နေလိုက်ရတာ ကိုကိုရာ'

'မြင်းလှည်းတွေ ပိတ်သွားလို့ ကုန်းကြောင်း ကြိတ်ခဲ့ရတယ်၊ ဒါကြောင့် ကြာနေတာ တင်လေးရ'

ဤသို့ပြောပြီး ပခုံးပေါ်က ထမ်းလာသည့် ထီးကို မြေကြီး၌ ထောက်လိုက်သည်။ လက်နှစ်ဖက်စလုံး ထီးရိုးကို စုံအုပ်ပြီး အင်မတန် ကျေနပ်ဟန်နှင့် ဆက်ပြောသည်မှာ 'ဒီနေ့ အပြင်သွားလိုက်တာ သိပ်နေရာကျတာပဲ'

'သတင်းကောင်းသလား ကိုကို'

'ဘယ်ဟာကို မေးတာလဲ'

'နေရာကျတာပဲ ဆိုလို့ "ဟိုဟာ" မဟုတ်ဘူးလား'

'"ဟိုဟာ" မဟုတ်ပါဘူး တင်လေးရဲ့' (သူလျှိုလုပ်ငန်းကို ဆိုလိုကြသည်။)

'ဒို့ ... ဘာများလဲ'

'ဒီနေ့ ပညာရေးဝန်ကြီး ဦးလှမင်းရုံးမှာ စာဆိုတော်နေ့ ကျင်းပရေးအတွက် ဆွေးနွေးပွဲတစ်ခု ညနေသုံးနာရီမှာ ချိန်းထားတယ်။ ကိုကို နှစ်နာရီခွဲ ရုံးတိုင်ကို ရောက်သွားတော့ ကုန်သည်ကြီးအသင်း ဥက္ကဋ္ဌ ဦးမြနဲ့ လူကြီးများက ကိုကို့ကို တိုင်ပင်စရာကိစ္စ အရေးကြီးလို့ အရေးတကြီး ရှာခိုင်းလို့ လိုက်ရှာနေတဲ့ အသင်းက အတွင်းရေးမှူး ကိုသိန်းနဲ့ သွားတွေ့တယ်။ ကိုကိုက စာဆိုတော်နေ့ ကိစ္စက အရေးကြီးလို့ပါ၊ မလိုက်ပါရစေနဲ့ တောင်းပန်ပေမဲ့ သူတို့ကိစ္စကလည်း တိုင်းပြည်အတွက် အင်မတန် အရေးကြီးပါတယ်ဆိုပြီး ဆွဲခေါ်သွား လို့ ပါသွား ရသေးတယ်'

'သူတို့က ဘာကိစ္စလဲ'

'အခု (Inflation) တိုင်းပြည်မှာ ငွေတွေ ပေါချင်တိုင်း ပေါနေတဲ့ ကိစ္စ ကို သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဦးဆက်၊ အခွန်တော်ဝန်ကြီး ဦးအေး၊ ဦး မြ... ... တဲ့အဖွဲ့ ဖွဲ့ပြီး နည်းလမ်းရှာဖွေ လုပ်ကိုင်ဖို့ရှိလို့ ကိုကိုက သူတို့အဖွဲ့ကို အကြံဉာဏ်များ ပေးဖို့ကိစ္စနဲ့ လိုက်ရှာကြတာ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုက ဘာတွေများ ပေးခဲ့သလဲ'

'စာဆိုတော် အစည်းအဝေးကလည်း အရေးကြီးတော့ အရေးကြီးမယ် ထင်တဲ့ အကြံဉာဏ် တချို့လောက်သာ အကျဉ်းချုံးပြီး အကြံပေးခဲ့နိုင်ပါတယ်။ ဒါတောင် ဟိုရောက်တော့ လေးနာရီကျော်နေလို့ အစည်းအဝေး စ နေပြီ'

'အင်း … ပြောပါဦး'

'စာဆိုတော်လို့ ဆိုတာမှာ ဘယ်သူဘယ်ဝါကို ဆိုလိုကြောင်း အဆိုနှစ်ရပ် ပေါ်ပေါက်နေလို့ ဒီအဆိုနှစ်ရပ်ကို ဆွေးနွေးနေကြပြီ။ ကိုကိုလည်း ဝင်ထိုင်ရော၊ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တတိယ အဓိပ္ပာယ် ရှင်းတမ်းတစ်ခု ထုတ်နေတယ်။ ကိုကိုက သူထုတ်တဲ့ ရှင်းတမ်းဟာ ကောင်းမယ် ထင်ပါတယ် ပြောတော့ အားလုံး နှစ်ခြိုက်ကြပြီး လက်ခံလိုက်တယ်။ ဒီနောက် လနဲ့ နေ့ရက် ရွေးဖို့ ကိစ္စကို ဆက်ကြတယ်'

'စာဆိုတော်နေ့လို့ သတ်မှတ်ဖြစ်ပြီပေါ့'

'ဒါပေါ့ တင်လေးရဲ့၊ ဘယ်လကို ယူမလဲဆိုတာ စဉ်းစားကြတယ်။ ဦးလှမင်းက ဆရာလင်း ရေးပေးလိုက်တဲ့ စာကို ကိုကို့ဆီကို ကမ်းလိုက်တယ်။ စာထဲမှာ ဆရာလင်းက မိုးရာသီဟာ အသွားအလာ စိုစွတ် ခက်ခဲလို့ သည်ရာသီကို မရွေးကြဖို့ အကြံပေးထားတယ်။ ဘယ်လ ဘယ်ရက် ရွေးပါလို့တော့ မပါဘူး'

'ဒါဖြင့် ဘယ်လ ရွေးသလဲ'

'ကိုကိုက နတ်တော်လကို ရွေးမယ်ဆိုရင် ကောင်းမယ် ထင်ပါတယ်လို့ ပြောလိုက်တယ်။ ရှေးက မြန်မာဘုရင်များဟာ နတ်တော်လမှာ ဘွဲ့နှင်းသဘင်တွေ ဆင်ယင် ကျင်းပပြီး မင်းပရိသတ်တွေကို ထိုက်သင့်သလို ချီးမြှောက် ဘွဲ့အပ်အမည်ပေး ပြုလုပ်ကြကြောင်းနဲ့ အကြံ စတင်ပေးလိုက်တယ်။ သူရိယဦးသိန်းမောင်က ကိုကို ရွေးတဲ့ နတ်တော်လကိုပဲ ကြိုက်တဲ့အကြောင်းနဲ့ ရှေးက စာဆိုများကိုယ်တိုင်ကလည်း တခြားလတွေထက် နတ်တော်လကိုပဲ ပိုမိုဖွဲ့ဆို ရေးသားကြောင်းနဲ့ သူက ထောက်ခံတယ်။ ဘယ်သူမှ ကန့်ကွက်တဲ့လူ မရှိလို့ ကိုကို ရွေးတဲ့လကို ရွေးချယ်လိုက်ကြတယ်။ မကောင်းဘူးလား တင်လေးရဲ့၊ နတ်တော်လ ကြိုက်ရဲ့လား'

ကျွန်မက စဉ်းစားနေသည်။ ပြီးမှ ကောင်းပါတယ်လေဟု ဆိုလိုက်လေသည်။

'တင်လေးက ဘာစဉ်းစားတာလဲ'

'နတ်တော်လဆိုတော့ အအေးနဲ့ စပ်လျဉ်းပြီး စပ်ကြဟပ်ကြတဲ့ ကဗျာလင်္ကာတွေ သွားသတိရမိတယ်။ နတ်တော်လကို ရွေးတာ ကြိုက်ပါတယ်'





'သည်လကို ရွေးဖို့ စောစောက ကြိုတင်ပြီး စဉ်းစားမထားဘူး။ လကို ရွေး ... ဆိုတော့မှပဲ ကျောင်းနေတုန်းက သင်ဖူးတဲ့ ရတုကို ပြေးပြီး သတိရလို့ ... ဘာရက် အကြံပေးလိုက်တာပဲ'

'ဘယ်ရတုဟာလဲ ကိုကို'

'မင်းဓေယျရန္တမိတ် ဆိုတဲ့ အင်းဝမြို့ဘွဲ့ ရတုပိုဒ်စုံလေ။ ရတုက "နတ်လ ... သဘင်၊ ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံ့ထပ်၊ ဘွဲ့အပ်မည်ပေး၊ သုံ့ရေးတိုက်ဖက်၊ ... ယက်ခေါင်ခေါင်၊ ဆင်ပြောင်မုံရှ၊ နန်းရတုကို၊ ဇမ္ဗူသခင်၊ မရှင်တင့်တောင်း၊ ... ဆောင်းပယ်နွဲ့၊ သိကြားစံသို့၊ မင်းဝံရွှေတောင်၊ တပြောင်သည်၊ ဖြာရောင်မကျွန်း ... သည်လေလော" တဲ့'

သူသည် ရတုကို သံနေသံထားနှင့် ဆိုနေခြင်း မဟုတ်စေကာမူ စကားပြောသည် အသံနေ အသံထားမျိုး မဟုတ်၊ စာသံပေသံ ပါအောင် ရွတ်ပြသည်။ ကျွန်မက ထိုင်ပြီး စိတ်ဝင်စားလှစွာ ရှုးစိုက် နားထောင်နေသည်။ သည်တစ်ကြိမ်မှ မဟုတ်၊ ဘယ်အခါမျိုး မဆို၊ ဘယ်အကြောင်းအရာကို ပြောပြော၊ သူကလည်း ... ပါလက်ပါ ပြောသည်။ ကျွန်မကလည်း ရှုးရှုးစိုက်စိုက် နားထောင်သည်။ သည်အခါမျိုး ရောက်လျှင် ကျွန်မတို့သည် နေရာမရွေး၊ အချိန်မရွေး ဘယ်အရာမှ ... မပြကြတော့ဘဲ သဘောရှိ ပြောနေတတ်ကြသည့် ထုံးစံဖြစ်သည်။ ယနေ့ သည်း အိမ်ထဲ ဝင်ကြဖို့ကို သတိမရဘဲ အိမ်ပေါက်ဝ၌ ပြောနေကြတုန်းပင် ဖြစ်သည်။

'လကို ရွေးပြီးပြီ၊ ရက်ကို ရွေးဖို့ ဦးလှမင်းက ပြောတော့ ကိုကိုက ... လဆန်း ကောင်းတယ်။ လဆန်းမှာလည်း လဆန်း တစ်ရက်ဟာ ဦးဦးဆုံးရက် ဖြစ်လို့ သည်ရက်ကိုသာ ရွေးသင့်တယ်လို့ ပြောလိုက်တယ်။ နတ်တော်လဆန်း ... ရက်နေ့လေ'

သူသည် သူ ပေးခဲ့သည့် ရက်ကို ပြန်လှန် တွေးဆနေဟန် ရှိသည်။ ... မှန်အောက်က သူ၏ တောက်ပ ကြည်လင်သော မျက်လုံးများသည် အစဉ် ... စဉ်းစား၍ စိတ်ကူးထုတ်သည့် အသွင်ကို ဆောင်၍နေသည်။ လေးနက်သည့် အသွင်လည်း ပြသည်။ သူ့ခေါင်းထဲတွင် ထည့်ထားသော စိတ်ကူးစိတ်သန်း ... အဆများမှ ထက်သန်ချက် လက္ခဏာ အဆင်းအရောင်များမှာ ထိုမျက်လုံး ... ခံ့ခံ့ကြီး တောက်ပြောင်၍ နေတော့သည်။ ကျွန်မလည်း သူ့မျက်နှာကို ကြည့်၍ သူပြောသမျှကို ကြားနာကာ နေရင်းမှ 'သည်ရက်ကို ရွေးသလား' ဟု ... လိုက်သည်။

'အားလုံး ကြိုက်ကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ဟာ စာဆိုတော်နေ့ရယ်လို့ ရှေ့လျှောက် ဖြစ်တော့မှာပေါ့'

ကျွန်မက ကျေနပ်လှသည့် အသံနှင့် အားရဝမ်းသာ ကျူးရင့်လိုက်သည်။ သူကား ကျွန်မ၏ ဝမ်းသာပုံကို မြင်လေသည်။ ကျွန်မ၏ စိတ်ဝင်စားမှုကို တွေ့လေသည်။ သည်ရက် သည်နေ့ကို ကျွန်မ အမြဲတမ်း အမှတ်တရ လေးစားသွာ လိမ့်မည်ကို ယုံကြည် နားလည်သွားပေသည်။

'ကိုကိုသဘောက တစ်နှစ်ကို တစ်ရက်လောက် သတ်မှတ်တာ အလကား ဲ ဆင်တယ်။ ဒီရက်က စပြီး တစ်ပတ်လောက်ကို စာပေ အမျိုးမျိုး၊ ဝေဖန်ချက်တွေ၊ အသစ် နားလည်ချက်တွေ ဆက်တိုက်ပြီး အသံလွှင့်လို့ တစ်မျိုး ၊ စကားပြောလို့ တစ်မျိုး၊ လုပ်သွားစေချင်တယ်'

'လုပ်ကြမတဲ့လား'

'ကိုကိုက သည်အကြံကို ပေးတော့ သူတို့က အမှုဆောင်အဖွဲ့ ဖွဲ့စည်းတဲ့ အခါမှ စဉ်းစားဖို့ အကြံပေးကြပြီး အမှုဆောင်အဖွဲ့ ဖွဲ့တယ်။ အမှုဆောင်အဖွဲ့မှာ ကိုကို ဥက္ကဋ္ဌ လုပ်ဖို့ ဦးလှမင်းက တိုက်တွန်းတယ်၊ ဇော်ဂျီက ထောက်ခံတယ်။ ဦးသိန်းမောင်က လူကြီးထဲက ထားမှ ပိုကောင်းမယ်ဆိုပြီး ဦးဖေမောင်တင်ကို ထားဖို့ အကြံပေးတယ်။ ကိုကိုက လက်မခံပါရစေနဲ့၊ ဦးဖေမောင်တင်ပဲ ထားပါလို့ တောင်းပန်တော့ ဦးဖေမောင်တင်ကို ရွေးပြီး ကိုကို့ကို သည်အဖွဲ့မှာ အတင်း ဆော်သြသူ လုပ်ခိုင်းကြတယ်'

'စာဆိုတော်နေ့ကို ရုံးပိတ်ရက် လုပ်ဦးမလား'

'စာဆိုတော်နေ့ကို ရုံးပိတ်ရက် လုပ်ပေးဖို့ ဦးသိန်းမောင်က အဆိုသွင်းတယ်။ ကိုကိုတော့ စိတ်မဝင်စားလို့ ဘာမှ ဝင်မပြောဘူး။ ကိုကို့ သဘောတော့ ရုံးပိတ်ရက် လုပ်ဖို့ မလိုဘူးလို့ သဘောရတယ်။ မလိုပါဘူး တင်လေးရယ်၊ မဟုတ်ဘူးလား'

ကျွန်မက ခေါင်းညိတ် သဘောတူလိုက်သည်။

'ဒါနဲ့ ဒီရက်မှာ ကိုကို လုပ်ချင်တာတော့ တစ်ခု ရှိတယ်၊ ကိုကိုတို့ လုပ်ကြရအောင်'

'ဘယ်လိုလဲ ကိုကို'

'စာဆိုတော်နေ့မှာ စာဆိုတော်တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ သူတို့ရေးသာ ချက်တွေကို ဝေဖန်တာ၊ အသစ် နားလည်ချက်နဲ့ ရေးသားတဲ့ စာပေ အကောင်းဆုံးတွေကို ရွေးပြီး စာဆိုတော်ဆုရယ်လို့ ဆုကြီးတွေ တတ်နိုင်ရင် ပေးချင်လိုက်တာ။ ဥပမာ ဆိုကြပါစို့ ...။





'လက်ဝဲသုန္ဒရအမတ်ကြီးဆိုရင် သူ့ကို မဲဇာတောင်ခြေ ရေးသူအဖြစ်နှင့်သာ အမှတ်ရကြတဲ့သူတွေ များတယ်။ လက်ဝဲသုန္ဒရအမတ်ကြီးဟာ တကယ့်သောရှိ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်တယ် တင်လေးရဲ့။ မြန်မာစာပေကို အဘက်ဘက်က တိုးတက် ကြွယ်ဝအောင် အစောင်စောင်သော ကဗျာရတု၊ အစုစုသောမျိုးတို့ကို ပြုစုသွားရှာပေတယ်။ တကယ့် မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်လည်း ဖြစ်တယ်။ တကယ့် သူရသတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်းကြီး တစ်ယောက်လည်း ဖြစ်တယ်။ တကယ့် ဉာဏဗလနဲ့ ပြည့်စုံတဲ့ ပညာရှင်ကြီးတစ်ယောက်လည်း ဖြစ်တယ်။ တကယ့် တရားနဲ့ ပြည့်စုံတဲ့ ဘုရင့်အမတ်ကြီးတစ်ယောက်လည်း ဖြစ်တယ်။ မွန်တို့ လက်အောက်ကို ရောက်နေရတဲ့ နိုင်ငံတော်ကို အသက်ပေးပြီး ပြန်လည် တိုက်ခိုက်တဲ့ နေရာမှာ ပါဝင်ခဲ့ပုံတွေကို ကောင်းကောင်း မသိကြဘူး။ စစ်တိုက်ချိန်မှာ ပကတိစစ်သားကြီး ဖြစ်သွားပြီး၊ ငြိမ်းချမ်းချိန်မှာ ပကတိ သောရှိကြီးတစ်ယောက် ဖြစ်နေပြီး၊ အေးချမ်း သာယာဝပြောချိန်မှာ ပကတိ ဆက်မြက်တည်ကြည်တဲ့ တရားသူကြီးတစ်ဦး ဖြစ်ခဲ့တယ်။ သူ့ရဲ့ ကျေးဇူးဟာ နိုင်ငံတော်ပေါ်မှာ ဒီလို အမျိုးမျိုး အဖုံဖုံ ရှိခဲ့တယ်။ သူ့အကြောင်းကို စာစောင်ကြီး တစ်စောင်ဖြစ်အောင် ဝေဖန် လေ့လာပြီး ရေးကြဖို့ ကောင်းတယ်။ လွှမ်းချင်း၊ ဆွေးခန်းတွေလည်း အရန်သင့် ပါပြီးဖြစ်တယ်။ ရေးတတ်ရင် တကယ့် အဖိုးတန်တဲ့ စာစောင်ဝတ္ထုကြီးပဲ။ ဒီလို စာပေတွေ ထွက်လာမယ်ဆိုရင် တင်လေးကော ဆုမပေးချင်ဘူးလား'

'ပေးချင်တာပေါ့ ကိုကိုရဲ့၊ ဖြစ်ရမှာပေါ့'

သူ လုပ်ချင်သမျှကို ကျွန်မက ကန့်ကွက်ရိုး ထုံးစံမရှိ။ မဖြစ်မြောက်သောလျှင် ဖြစ်အောင် တိုက်တွန်းတတ်ပြီး၊ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့် ချည်း ဖြစ်၍၊ ဤကိစ္စတွင် စာဆိုတော်နေ့ တစ်နေ့နေ့တွင် ကျွန်မက ဆုပေးဖြစ်အောင် ပေးမည်ဟု သန္နိဋ္ဌာန် ချလိုက်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် အချီအချ စကားပြောနေကြသည့် အချိန်တွင် တစ်ဖက်အိမ်မှာ မစ္စတာယုရှိဒါးလည်း ကျွန်မတို့နှစ်ယောက် အိမ်ထဲသို့ ဝင်နိုင်ကြဘဲ ခြံပေါက်ဝမှာပင် စိတ်အားထက်သန် စကားပြောနေကြပုံကို သူ့ခြံထဲက အကဲခတ်ပြီး ကြည့်နေရာက ကျွန်မတို့ဘက်သို့ ကူးလာသည်။

သူသည် လာကတည်းက မတ်တတ်ရပ် ပြောနေသည်။ သူ့ဌ ဘောင်းသည် ဟူ၍ ထုံးစံမရှိ။ စာပေနှင့် ပတ်သက်၍ သော်လည်းကောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ သော်လည်းကောင်း တစ်ချိန်လုံး မတ်တတ်ရပ် ပြောရမည်ဆိုလျှင် လည်း ပြောနိုင်သည်။ တစ်နေ့လုံး ထိုင်ပြောရမည်ဆိုလျှင်လည်း ပြောနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သုလုံး ထိုင်ရေးရမည် ဆိုလျှင်လည်း ရေးနိုင်သည်။ သူ့အကျင့်သည် ကျွန်မအဖို့ မဆန်းတော့သော်လည်း တစ်ဖက်အိမ်က ဂျပန်အဘိုးကြီး မျက်စိ၌ ဆန်း၍ နေလေသည်။

အပြင်က ခြေကျင် ပြန်လာပြီး အိမ်ထဲ မဝင်ဘဲ လမ်းမ၌ပင် မတ်တတ်ရပ်ပြီး စကားပြောနေ၍၊ ဘာအကြောင်းများ ဖြစ်မလဲဟု သိချင် စုံစမ်းဟန်ဖြင့် ကူးလာမှန်းကို ကျွန်မက ရိပ်မိသည်။

'ခင်ဗျား ပြန်လာကတည်းက ကျွန်တော် ခင်ဗျားတို့ လင်မယား စကားပြောနေတာကို ခြံထဲက ထိုင်ကြည့်နေတယ်၊ ဘာတွေများ ဒီလောက်တောင် ငြင်းခုံစားနေကြသလဲ'

အဘိုးကြီးက တစ်ဖက် ခုံတန်းလျားတွင် ဝင်ထိုင်ရင်း မေးသည်။ သူက ဆော့ ရပ်မြဲပင် ရပ်လျက် ပြောသည်။

'ဒီနေ့ စာပေနှင့် ပတ်သက်ပြီး အထိမ်းအမှတ်အဖြစ် နေ့တစ်နေ့ကို ရွေးကြတယ်၊ အစိုးရကလည်း အားပေးတယ်။ ဒါကို ကျွန်တော် သူ့ကို ပြန်ပြောပြနေတာ'

'သြော်… ဟုတ်သလား၊ ဘယ်နေ့ကို ရွေးပြီး သတ်မှတ်ကြသလဲ'

'မြန်မာအခေါ် ဆိုရင် နတ်တော်လဆန်း ၁ ရက်နေ့၊ အင်္ဂလိပ်လိုတော့ ဒီဇင်ဘာလ ကျပါတယ်'

'ဒါဖြင့် ဆောင်းလရာသီပေါ့'

'ဟုတ်ကဲ့'

'ခင်ဗျားတို့ မြန်မာပြည်မှာတော့ မပြောတတ်ဘူး၊ ဂျပန်မှာ ဆောင်းတွင်း ဆိုရင် နှင်းတွေကျပြီးနေပုံတွေကို စာရေးဆရာတွေဖြင့် သိပ်ပြီး ကဗျာ လင်္ကာ ရေးကြတာပဲ။ ကျုပ်က ကဗျာ လင်္ကာ ဖတ်ဖို့ အင်မတန် ဝါသနာ ပါတယ်၊ မရေးတတ်ဘူး။ ခင်ဗျားကော ဆောင်းရာသီနှင့် ပတ်သက်ပြီး ကဗျာ လင်္ကာတွေ အထူးသဖြင့် မရေးဘူးလား'

'အသင့်အတင့် ရေးပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ ရှေးရှေးက စာဆိုတော်တွေဟာလည်း ဆောင်းအကြောင်းကို စာဖွဲ့ခဲ့တာတွေ အများအပြား ရှိပါတယ်။ အေးတဲ့ရာသီမှာ အအေးဓာတ်ကို အသည်းကျင်အောင် ခံစားရတဲ့အခါမှာ တခိုက်ခိုက် တုန်အောင် ချမ်းလွန်းလို့ ဆောင်းရာသီကို ဆဲချင်သဟန် ရေးတဲ့ ကဗျာတွေတောင် ရှိပါတယ်။ ဆောင်းဥတုနဲ့ စပ်လျဉ်းပြီး ဖွဲ့ဆို စပ်ဟပ်ကြတဲ့ ကဗျာအရပ်ရပ်တွေမှာ အလွန် နှယဉ်လှတဲ့ ကဗျာတွေလည်း ရှိပါတယ်'

'ခင်ဗျားတို့ မြန်မာကဗျာလင်္ကာကို ကျုပ် အင်မတန် ဖတ်ချင်ပါတယ်။





မြန်မာစာ မတတ်လို့ မဖတ်နိုင်ဘူး။ ခင်ဗျား ကျုပ်ကို ဆောင်းလ သက်ဝင်တဲ့ အင်္ဂလိပ်လို လင်္ကာတစ်ပုဒ်လောက် ဒီနေ့ည အားရင် ရေးပေးစမ်းပါ။ မြန်မာပြည်က ဘာဆိုတော်တစ်ယောက်ရဲ့ လက်ရာအဖြစ်နဲ့ ဖတ်ပြီး သိမ်းထားချင်တယ်'

'ဘယ်လို အကြောင်းအရာ ကဗျာလင်္ကာမျိုးကို ခင်ဗျား လိုချင်တာလဲ'

ဂျပန်အဘိုးကြီးလည်း စဉ်းစားဟန်ဖြင့် မျက်စိကို စင်း၍၊ ဆေးလိပ်ကို အားရပါးရ ရှိုက်လိုက်ပြီးလျှင် စီးကရက်ပြာများကို လက်နှင့် တောက်ခါချရင်း 'မြန်မာပြည် ရောက်နေတဲ့ ဂျပန်တစ်ယောက်ရဲ့ စိတ်ကူးလင်္ကာကလေးပေါ့' ဟု ပြောလိုက်ပြီး သူ့စိတ်ကူးကို စိတ်တိုင်းကျသည့်ဟန်နှင့် ပြုံးနေသည်။

နေ အတော်ပင် ကျ၍ သွားတော့ပြီ။ တစ်ဖက်ခြံမှ လွင့်ကြွေကျလာသည့် ရော်ဘာရွက်များလည်း လမ်းပေါ်တွင် ဖုန်တွေနှင့် လိမ်းလျက် လွင့်နေသည်။ ကားဖြတ်သွားတိုင်း လေပင့်၍ လိမ့်လွင့်နေသည့် ဖုန်တွေကား တထောင်းထောင်း ထ နေလေသည်။ ကျီးကန်းတွေလည်း အိပ်တန်းဝင်ရန် ရော်ဘာပင်တွေပေါ်၌ ဆူညံရှန်း တအုန်းအုန်းနှင့် ဆူဆူညံညံ အာနေကြသည်။ ဂျပန်ကြီးလည်း ဂျပန်ပြည်ကို အောက်မေ့သယောင် ငြိမ်သက်စွာ ထိုင်၍ တွေးနေသည်။

ကိုကိုလည်း ဖုန်တွေနှင့် ကျီးတွေကို ကြည့်၍ ငေးနေသော ဂျပန်ကြီးကို ကြည့်နေရာက တစ်စုံတစ်ရာ စဉ်းစားသလို စိုက်နေသည်။

ကျွန်မက အိမ်ထဲ ဝင်တော့မည်ဟု စ၍ ထ လိုက်မှ ဂျပန်ကြီးက မနက် အလုပ်မသွားခင် ကဗျာ လာယူမယ့်အကြောင်း ပြောပြီး၊ သူလည်း နှုတ်ဆက်၍ ထွက်သွားသည်။

ကျွန်မတို့နှစ်ယောက် အိမ်ထဲသို့ ဝင်ခဲ့ကြ၍ ထမင်းပြင်ရန် ပြောဖို့အတွက် ကျွန်မက မီးဖိုဘက်သို့ တစ်ခါတည်း တန်းဝင်သွားသည်။ မီးဖိုမှ ထွက်လာသည့်အခါ ထမင်းစားခန်းရှိ တစ်ဖက်ထောင့်၌ ခင်းထားသော စာရေးစားပွဲတွင် အပေါ်အင်္ကျီကို ချွတ်၍ သူလည်း ထိုင်တော့မည် လုပ်နေသည်။

'ကိုကို ဘာလုပ်မလို့လဲ၊ အပေါ်တက်လေ။ အဝတ်လဲဖို့ လုပ်ထားတယ်၊ နေချိုးပါတော့၊ ထမင်းစားမယ်'

သူသည် သူ့ကျောကို ကုလားထိုင်နောက်သို့ မှီ၍ ချလိုက်ပြီး စားပွဲအောက်တွင် သူ့ခြေထောက်များကို ဆန့်လိုက်ရင်း ကျွန်မဘက်သို့ လှည့်လိုက်ကာ-

'စားတော့မလား တင်လေးရယ်၊ နေပါဦး၊ ကိုကို စာရေးချင်သေးလို့ပါ'

'မဟုတ်တာဘဲ၊ ကိုကိုကလည်း ညကျတော့ ရေးပေါ့၊ အခု ရေချိုးပါ'

'နေပါဦး တင်လေးရယ်၊ ခဏ နေပါရစေဦး။ ကိုကို့ ခေါင်းထဲမှာ စိတ်ကူးကလေး ရလာတုန်း တစ်ဆက်တည်း ရေးလိုက်ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အခု မရေးပါနဲ့၊ ညမှ ရေးပါ ကိုကိုရာ'

'ကိုကို အတိုးကြီး တောင်းတဲ့ လက်ဘကို ခု ရေးလိုက်ချင်လို့ပါ။ ခဏပါပဲ တင်လေးရာ၊ ခဏပါပဲ'

သူလည်း လွယ်အိတ်ထဲက စာရွက်များကို ထုတ်၍ စာရေးရန် ဟန်ပြင်နေသဖြင့်၊ ကျွန်မမှာ သည်ထက်ပို၍ မတားမြစ်နိုင်တော့သဖြင့် မီးဖိုဘက်သို့ အလျင်အမြန် သွားကာ 'မပြင်ကြနဲ့ဦးဟေ့' ဟု တားထားလိုက်ရသည်။

တစ်ဖက်ခန်းတွင် ဆော့နေသော ကလေးများလည်း အိမ်ပေါ်သို့ တက်သွားကြပြီး တစ်ခန်းလုံး ဆိတ်ငြိမ်၍ နေလေသည်။ စာရေးစားပွဲနှင့် ကပ်၍ ခင်းထားသော ပက်လက်ကုလားထိုင်တွင် ကျွန်မ ထိုင်၍ နေသဖြင့် သူ့မျက်နှာကို ကောင်းစွာ မြင်ရသည်။ သူကား စာရေးရန် စဉ်းစားသည့် အချိန်တွင် အခြားသူများလို ဆေးလိပ်သောက်၍ စဉ်းစားခန်း မဝင်သော်လည်း၊ စီးကရက်သောက်သူများ စီးကရက်ဖတ်ကလေးများ လျှာဖျားတွင် ကပ်နေလျှင် နှုတ်ခမ်းနှစ်ခုတွင် လျှာဖျားကို တင်၍ လျှာနှင့် မှုတ်ထွေးလိုက်သလို သည်ပုံအတိုင်း သူလည်း ခဏခဏ စာရေးရာက လုပ်နေသည်။ (ဤကား သူ့အကျင့် ဖြစ်သည်) ထိုသို့ လုပ်ပြီး မေးလိုက်သေးသည်။

'တင်လေး၊ ဆောင်းတွင်းကဗျာတွေကို ဘယ်လို သတိထားမိသလဲ'

ကျွန်မက စားပွဲပေါ်က စာအုပ်တစ်အုပ်ကို လှမ်းဆွဲပြီး ဟိုလှန်သည်လှန် လှန်နေရင်း 'ဘယ်လို သတိထားရမှာလဲ' ဟု မေးလိုက်သည်။

'ဆောင်းအကြောင်း စာဖွဲ့တဲ့ လူတွေဟာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် တယ်ပြီး အဖော်တကြတာပဲ။ ဟုတ်တယ် မဟုတ်လား၊ စဉ်းစားကြည့်စမ်း တင်လေး'

ကျွန်မဘက်သို့ လှည့်၍ အလုပ်ပေးထားလိုက်ပြီးနောက် စာကို ဆက်ရေးနေသည်။

သူ ပြောပြမှ ကျွန်မလည်း စဉ်းစားကြည့်သည်။ ဆောင်းနှင့် စပ်လျဉ်း၍ ရေးကြ စပ်ကြသမျှ အဖော်တ ကြတာသာ များသည်။ ယောကျ်ားစာရေးဆရာကို မဆိုထားဘိ၊ မိန်းမကဗျာရှင်များပင် အဖော် တောင့်တပုံကို ဘွင်းဘွင်းကြီး ရေးစပ်ကြသည်။

မြင့်စိုင်းမင်းသမီး၏ ဆောင်းဘွဲ့ကို ကြည့်လိုက်လျှင်–

"ဟေမန္တာ လေသွေးတော့၊ တအေးအေး စိမ့်တုံ့။ မယ့်ရင်ဝ သည်းအုံမှာ၊ တခုန်ခုန် မနား။ ။ ဖဲ ပိုးညွန့် ထပ်ကာခြုံတယ်၊ မလုံနိုင် အေးလိုက်တာများ။ ။ ဖူးအရင့် ကေခိုင်ရယ်၊ နေ့နိုင်တော်နေ အား၊





ရင်ငွေ့တော် တူနှစ်ပါး၊ လှည့်ပြားလို့ ခိုလှုံ။ ။ သဉ္ဇာလီ ဘုံကြွ၊ သည်လိုမှ နွေးလိမ့်တစ်ပုံ။ ။ ဘယ်တော့များ တူဆုံမယ်၊ ရွှေရင်အုံ လေခတ်တော့၊ သေမတတ် ခန်းကြာညောင်၊ တ မိ ဘုန်းခေါင်။ ။ ဘယ်ကာလ ဆွေဆောင်မှာ၊ မယ်နဲ့မောင် နီးမယ်သိလေး"

ဝန်ကတော်ခင်ဆုံ ဆောင်းဘွဲ့တေးထပ်ကို ကြည့်လျှင်လည်း–

"ကြာခြည် လေပြည်သွဲ့တော့၊ ကြွေမည်မယ့်ပုံသွင်၊ ခင်ခင်လေး မြရင်မှာ စတင်ကာ စိမ့်အေး။ တိမ်လွှာညွန့် ရထည်ခြုံ၊ သည်ပုံကို နွေးဖို့ အဝေး။ ။ သည်လိုနှင့် တာရှည်လျှင်၊ ညာမဒီ ခက်သေး။ ကမ္ဗလာထည် နှင့် ထွေးပေမဲ့၊ သည်အအေး မလုံ။ ။ ငွေဒန္တာ မနေ့ရိုက်၊ သွေးလှိုက်လို့ သည်းရင်ဝခုန်။ ။ ဘယ်နည်းနှင့် ဘယ်ပုံ၊ မယ်လုံအောင် ကြံဖန်ရမယ်တုံး၊ ပြန်လှန်ဆ တယောင်ယောင်၊ ဝဲတိုက် ကြာညောင်။ ။ ဖူးစာရှင် ခင်မေ့မောင်ရယ်၊ ရင်ငွေ့ရောင် လှုံစမ်းချင်လှလေး"

မိန်းမကဗျာရှင်များက ရင်ငွေ့လှုံလှုချင်ကြောင်းကို ပွင့်ပွင့်လင်းလင်းကြီး ရေးစပ်ထားသည်မှာ ဟိုခေတ် ဟိုအခါကမို့ပင်။ ယခုခေတ်၌ကား သည်ကဗျာမျိုး ရေးစပ်သူများ မရှိသလောက် နည်းနေသည်မှာ မဝံ့ကြလို့သာဟု လျှောက်တွေး ကြည့်မိသည်။

'ဟိုခေတ်တုန်းက ဆောင်းတွင်းကို ဦးပုညတို့၊ ဆရာဖေတို့၊ ဆရာကျော် တို့ မပြောနဲ့၊ မိန်းမတွေကတောင် ရင်ငွေ့လှုံချင်တာကို ရဲရဲကြီး ဖွင့်ရေးကြတာပဲ နော်'

ကျွန်မက လှမ်းပြောလိုက်သည့်အခါ သူက စာရေးနေရာမှ ကျွန်မဘက်သို့ လှည့်ပြုံးပြီး 'အခုခေတ်လည်း ရေးကြသားပဲ၊ တင်လေးကော "ငွေ့ရွှေရင်၊ ဆိုး ဆော်သွင်းပါဖျ" လို့ ရေးခဲ့တယ် မဟုတ်လား'

ကျွန်မက ရှက်သယောင် ပြုံး၍နေသည်။

တစ်ခါက သူ့အား "လွမ်းတာကို ဖြေစမ်းပ၊ မေနွမ်းလှ ကိုကို" ဟု စာ တင်းကြောင်းနှင့် စ လိုက်မိသည့်အတွက် ဤကဗျာကို တစ်ပုဒ်ဖြစ်အောင် ဆက် ရေး၍ ပို့ရမည်ဟု အတင်းအကျပ် ခိုင်းသည်။ ကျွန်မက သူ့ထံ၌ ကဗျာသင်ယူဆဲ ရှိသေးသည်။ ထိုအချိန်တုန်းက လက်မထပ်ကြသေးဘဲ တစ်ယောက်ကို တစ် ယောက် ချစ်လှကြောင်းကို ဖွဲ့နွဲ့နေကြတုန်း ရှိသေးသည်။ သူ ခိုင်းသည့်အတိုင်း ကဗျာတစ်ပုဒ် ဖြစ်အောင် စီကုံး၍ ရေးပြီးမှ မဝံ့သည်နှင့် စာထဲတွင် ထည့်မပေးဘဲ ထားခဲ့သော ကဗျာကလေးကို ညာကြမှပင် သူ ဖတ်ရတော့သည်။

ကဗျာကား–



www.burmeseclassic.com

www.burmeseclassic.com



လွမ်းတာကို ဖြေစမ်းပ၊ မေနွမ်းလှကိုကို၊ ပွေ့စမ်းပ နိုနိုတယ်၊ ဗိုဗိုပြီ ရွှေသည်း။ ။ ဓာသင်ညွန့် ဖဲကတ္တီမှာ၊ စွဲပြီးရှင် ဘုန်းမောင့်ပုလဲ၊ လေးတင်ဖြင့် မျှော်မှန်းပါပြီ၊ ရော်ရမ်းကနေဆဲ၊ ဩော် "မြန်းလာနှစ်တွေ တွဲ"ပါလို့ "ဂဟေမြဲပါအောင်"ငွေ့ရွှေရင် လှုံ့ဆော်သွင်းပါဖျ၊ ဘုံ့မော်တွင်း ဖဲသဋ္ဌာညောင်၊ မရှက်တမ်း ရစ်နှောင်မည်၊ ချစ်မောင်တော် ကိုကို တို့က၊ မျို–မျို–မျို့ လေး–တင်–တင့်–တင်၊ ထွေး–ချင်–ချင့်–ချင်၊ ယခုတော့ မဟင့်အင်ပြီ၊ အသင့်ပင်ပါပဲဖျလေး။

ကဗျာစပ်စဉ်က စာတစ်ကြောင်း ရေးစမိသည်ကို ဆက်အစပ်နိုင်းသဖြင့် ဘဲပိုဒ်ပြီးတစ်ပိုဒ် ဖြစ်မြောက်အောင် လျှောက်စပ်ကြည့်ရာက ကဗျာတစ်ပုဒ် ဖြစ်အောင် လုပ်ပုံသာ ဖြစ်ခဲ့သည်။

ယခုအတိုင်း ကဗျာတစ်ပုဒ် ဖြစ်မြောက်သွားသောအခါ သည်ကဗျာကို ကျွန်မ ရေးစပ်ကြောင်း လူသိဖို့ နေနေသာသာ သူသိမှာပင် ဟိုစဉ်က စိုးခဲ့သည်။ အချစ်ကဗျာများကို 'ချစ်ချင်တိုင်း စိတ်ကူးနှင့် ရူး၍ ရေးစပ်သည်ဟု စွပ်စွဲမည် ဆိုလျှင် ရဟန်းရှင်များကို မည်ကဲ့သို့ စွပ်စွဲကြမည်နည်း'ဟု သူက ပြောခဲ့သည်။

'ကဗျာရေးတာ ရေးတိုင်း သူများ ထင်မှာကို ရှက်ဖို့ရာ မဟုတ်ပါဘူး တင်လေးရဲ့။ အချစ်နဲ့ ပတ်သက်တဲ့ ကဗျာတွေမှာ ရဟန်းရှင်တွေ ရေးခဲ့တဲ့ ကဗျာတွေများ ဘယ်လောက် ကောင်းသလဲ၊ ဝန်တောင်လည် ဘုန်းကြီးရဲ့ ရတု ပိုဒ်စုံတို့ကို ကြည့်စမ်း။

'ငယ်ပျိုဗွာနှင့်၊ ခါသာမိတ်ညို့၊ ရွှေရင်စို့ကို၊ နှောင်ဖို့ပေပင်၊ မှတ်ယူထင်လျက်၊ ချစ်လျှင် ချစ်ခြင်း၊ ချစ်တုံးပြင်းသား၊ အဆင်းရွှေသွေး၊ ပန်းပေါက်ပေးသို့၊ ရှင်ထွေးတုလွတ်၊ ပြည်မြို့နတ်နှင့်၊ မချွတ်စုံပေါင်း၊ သည်နှစ်ဆောင်းဝယ် ...။

'တူလျှောင်းတူစက်၊ တူပင်ဖက်၍၊ နွဲ့ယှက်နှစ်ကိုယ်၊ ပျော်ရလိုဟု၊ တ ဆိုလျက်ပင် ...။

'ကိုင်း ...သည်အပိုဒ်တွေက ပါတဲ့ စာသားရဲ့ အဓိပ္ပာယ်ကို ပထမ ကြည့်စမ်း။ ကဗျာကို ဝေဖန်မှာလား၊ ရေးတဲ့ ကိုယ်တော်ကို ဝေဖန်ချင်သလား'

ကျွန်မ ပြုံးနေလိုက်သည်။

သူက ဆက်ရွတ်သည်။

'နောက်ဆုံးပိုဒ်မှာလည်း...။

'ရတည်းပိတ်ပြေ၊ ရင်ရွှေလွမ်းကာ၊ ငယ်ပျိုဟာနှင့်၊ ကေသာ





မြည်ညို့၊ ရွှေရင်စို့ကို၊ နှောင်ဖို့ပေသာ၊ ရေးကျိုးပါ၍၊ ချစ်ရာလွန်ပြင်း၊ ချစ်သက်နင်းသား၊ ချစ်ချင်းလွန်သူ၊ ချစ်စိတ်တူသည် ...။

'အဲသလို ရေးတာ ရဟန်းနှင့် မအပ်မရာ မကြံကောင်းကောင်း မစည် ကောင်း ရေးတယ်ရယ်လို့ ရေးတဲ့ ပုဂ္ဂိုလ်ကို အပြစ်တင်ရမလား။ ဝန်ကြီး ပဒေသ ရာဇာ ရေးတဲ့ ကိုကိုပြောတဲ့ ဟိုကဗျာရော ဘယ်လောက် အဓိပ္ပာယ် ရှင်းသလဲ၊ ခပ်တဲ့ ပုဂ္ဂိုလ်ကို ရိုင်းတယ်လို့ ဆိုရမလား'

သူ ဘယ်လိုပြောပြော ကျွန်မ စိတ်ထဲတွင် ဝန်ကြီးပဒေသရာဇာ ရေးခဲ့ သည့် ကဗျာကို ကျွန်မအနေနှင့် ရိုင်းတယ်လို့ မထင်သည့်တိုင် တစ်ယောက်တည်း ဖတ်၍ ကျိတ်ပြီး ရေးသူကို ချီးမွမ်းမိသော်လည်း အများ ကြားသိအောင် ကျွန်မ က ရွတ်ပြဖို့၊ ရေးပြဖို့ကိုမူ မဝံ့ပေ။

'သူ့ကဗျာက ကောင်းလွန်းလို့ တင်လေးတော့ ရွတ်လည်း မပြဝံ့ပါဘူး၊ ရေးလည်း မပြဝံ့ပါဘူး ကိုကိုရာ'

'အဲဒီ စိတ်မျိုးရှိရင် ဘယ်တော့မှ ကဗျာကောင်း စပ်နိုင်မှာ မဟုတ်ဘူး။ ကဗျာဉာဏ် ဘယ်တော့မှ မရနိုင်ဘူး။ သိပ်ခက်တာပဲကိုး'

သူ့ထံမှ မကျေမနပ် မြည်တွန် တောက်တီးသံမျိုး ကြားရခဲ့၍ ကျွန်မလည်း ကြိမ်းပုံ ဆိုပုံကလေးကို သဘောကျသွားကာ အလွန်တရာမှ ကျေနပ်ပြီး ပြုံးနေ သေသည်။

ရေးက အချစ်နှင့် ပတ်သက်၍ သီးရင့်သည့် စကားလုံးများကို စကားပြေ နှင့် ရေး၍ မကောင်းလျှင် ကဗျာနှင့် ဖတ်၍ ကောင်းအောင်လုပ်ပုံ၊ ကဗျာလင်္ကာ နှင့် ရေး၍ မဖြစ်သေးလျှင် ကဗျာနှင့် ဖုက်၍ ဖုံးပြီး သိမ်မွေ့သထက် သိမ်မွေ့အောင် ရေးကြပုံကို ကျွန်မအား အကျယ်တဝင့် ပြောပြနေပြန်သည်။

'ပဥ္စပါပီရကန်ထဲက "ဆိမ့်"ဆိုတဲ့ စကားလုံးကို ဖုက်ရေးပုံကလေးကော–

'ပါပီမွဲနှင့်၊ မှောင်ထဲ လက်ချင်း ထိလေလျှင်၊ လက်အတွေ့တွေ၊ ကြက်သေ့သေ၍၊ ဆလိမ်ထိပ်ခွင်၊ လုံးကြီးတင်ဝယ်၊ မတွင်ထင်ရှား၊ တဲ့ခွန်လွှား၍၊ အောက်နားကအမြစ်၊ ဘယ့်နှယ်များ ဖြစ်တယ်လို့'

'ဒီနေ့ညတော့ ကိုကို့လက်ာ အပြီးသတ်မှာ မဟုတ်ပါဘူး၊ သေချာ ပါတယ်'

'အပြီးသတ်ပါတယ်၊ စိတ်ချပါ ... ရေးပါ့မယ်'

စာကို ဆက်ပြီး ရေးနေပြန်ပြီးလျှင် တစ်စုံတစ်ခုကို စဉ်းစားနေပြန်သည်။ ခပ်နေသော လင်္ကာအတွက် စကားလုံးရှာသည် ထင်မှတ်၍–

'ကိုကို့ လင်္ကာက ဆောင်းအကြောင်း ပါသလား'



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်ပြသည်။

'အဖော် တ တာပဲလား'

မဟုတ်ပါဘူး၊ ဆောင်းနဲ့ ပတ်သက်ပြီး ယောက်ျားမိန်းမ အဖော်တတဲ့ ကဗျာတွေသာ ရေးကြတယ်ဆိုပေမဲ့ ကိုကိုက ဒါကို ရှောင်ကွင်းပြီး မိန်းကလေး တစ်ယောက်က ဟေမန္တ ဆောင်းဘုရင်ကို တောင်းပန်ပုံ ရေးစပ်ထားတာ ရှိသားပဲ'

'ဘယ်တုန်းက ကိုကို ရေးသလဲ၊ ဘယ်မှာလဲ'

သူလည်း ကလောင်တံကို ချ၍ အံဆွဲထဲမှ စာရွက်စာတမ်းတွေ အကုန် ဆုတ်ပြီး၊ စာရွက်ကလေးတစ်ရွက်ကို စာအုပ်တွေကြားမှ ရှာဖွေ ဆွဲထုတ်ပေးပြီး နောက် ဆက်လက်၍ သူ့လက်ာကို ရေးစပ်နေသည်။

သူ့ကဗျာကား–

"ဤဆောင်းဟေမန် ဒါတော်အဝင်၊ စာတော်သဘင် ရင့်ကျူး စရာ၊ ခါလျော် အသင့် ပွင့်ဖူးလာသည်၊ ပွင့်မှူးမာလာ ဝနာတစ်ခို အပြည့် ။ ။ ခိုင်ပေါ်ခိုင့်ဆင့်၊ မြပန်း ခွာညိုငယ်၊ သမံယမကန်း၊ ပြာသိုတင့် ကြောင်း ဖန်တော့ညှေ့။ ။ ရာသီမှာတော့ နေရှင်း ပလိသည့်၊ ငွေနှင်းမရီ ရီတရီ၊ လေညင်းမပြိုပြို တပြိုငယ်နှင့်၊ ကသီကရီ ကြုံတော့သာ၊ တမေ

စာရေးဆရာမကြီး ရေနံမြေစုနှင့် အတူ (၂၇ နိုဝင်ဘာ ၁၉၅၀) ...။





ပျိုခင် မြုလွှာနှင့် ထွေးသော်လည်း၊ တုန်ခါသာအေး ရှေ့သည်း ခိုက်ပေါ့ ဗျာ။ ။ ကြိုင်လှိုင်သင်းပေ့ မြမာလာကို၊ အလှတန်ဆာ ဝေဖြာရှော့လို့၊ ကေသာ ခွေလျော့ ပြိုင်မရ ယဉ်ကျော့ယဉ်၊ ခိုင်တကာ့ ဆင်တော့ချင်။ ။ တုန်တုန် အေးတဲ့ ဆေးခမန့် ဆေနင်ကို၊ ဟေမန့်ဆွေဘုရင် ရုပ်သိမ်း ပါဦးလေး။"

'စာရေးကြီး ဦးမောင်ကလေး ရေးတဲ့ နတ်တော်လဘွဲ့ ၈၀ ပေါ်တေးထပ် အချိုကလေးကို ဖတ်ဖူးသလား'

'ကိုကို ရေးနေတာကို ပြီးအောင်ရေးပါ၊ စကားသာ ပြောနေရင် ပြီးတော့ မှာ မဟုတ်ဘူး'

'ဒီမှာ ပြီးပါတော့မယ် တင်လေးရဲ့၊ တင်လေး မဖတ်ဖူးဘူး မဟုတ်လား'

ကျွန်မက မြန်မြန်ဆန်ဆန် ခေါင်းညိတ်ပြလိုက်သည်။

'သူ့အစပ်အဟပ်ကလေးဟာ ကိုကို့စိတ်ထဲ သိပ်စွဲလမ်း ငြိတွယ်နေခဲ့လို့ သည်ကဗျာကို ရေးဖြစ်တာ။ သူ ရေးပုံ ဘယ်လောက် ယဉ်သလဲ။

'နတ်တော်ဟေမန်၊ ဝသန်ကြွင်းကို၊ ဖန်ဖန်ငွေ့နှင်း ရီ့တရီ၊ ပြန်လှန် လေညင်း ချို့တချိုငယ်၊ ကရိုကသိ နိုင်ရန်ကော... တဲ့။

'ကောင်းတယ်နော်'

ကျွန်မက ဘာမှ မပြောဘဲ ငြိမ်နေလိုက်၍ လက်ာကို ဆက်ရေးပြန်သည်။ သူသည် အင်္ဂလိပ်ကဗျာလင်္ကာ တစ်ပုဒ်ကို ရေးနေရင်းက မြန်မာကဗျာကို စိတ်ဝင် စားစွာ ဝေဖန်နေသည်။ တစ်ချိန်တည်း အလုပ်နှစ်လုပ် လုပ်နေပုံကို ကျွန်မ အံ့ဩမိသည်။ ကျွန်မအဖို့ တစ်ခုခုကို ရေးနေသည့်အခါ တစ်ယောက်ယောက် လာ၍ စကားပြောနေလျှင် စဉ်းစား၍ ရေး၍မရ ဖြစ်တတ်သည်။ သူ့လို နှစ်ခု လုပ်တတ်ပေ။ သူ့၌ ထူးခြား၍ သူများနှင့် မတူသော အကျင့်မျိုးတွေ အများကြီး ရှိသည်။

သည်ကနေ့အဖို့တွင် သူသည် "စာဆိုတော်နေ့" ဟူ၍ ရက်လ ရွေးချယ် သတ်မှတ် လာခဲ့ပြီးနောက်၊ တစ်ညနေလုံး စာဆိုတော်တွေ၏ အကြောင်းအရာ တွေကို ပြောလျက် ကဗျာလင်္ကာတစ်ပုဒ်ကိုလည်း ရေးနေလေရာ၊ ဆွေးနွေး ပြောဆိုကြသော အကြောင်းနှင့် ဤလင်္ကာကလေးမှာ ကျွန်မအဖို့၌ စာဆိုတော် နေ့နှင့် ပတ်သက်၍ အကြောင်းပေါ်ပေါက်ကာ ဖြစ်ပေါ်လာသောကြောင့်၊ သည် အကြောင်းတွေကို ဘယ်သောအခါမှ မမေ့ပျောက်နိုင်ဘဲ အခါပေါင်းများစွာ သတိရနေတော့သည့် အထိမ်းအမှတ် တစ်ရပ် ဖြစ်လေသည်။

[ စာပေ ဂိမ္ဘန္တ စာစောင်၊ နတ်တော်လဆန်း ၁ ရက် ၁၃၁၂ ခု ]

www.burmeseclassic.com

www.burmeseclassic.com

## အမေ

### ၁

အမေသည် ပြောင်းလဲ၍ နေလေပြီ။

အမေသည် ထိုင်ပြုနေသည်ဟူ၍ မရှိ။ အိပ်ရာထဲတွင် အမြဲတစေ လှဲနေသည်။ အမေ့စိတ်ထဲ၌ မပြောနိုင်အောင် ရှုပ်ထွေးနောက်ကျိလျက် ရှိနေသည်။ နားထဲသို့ ဝင်လာသော အသံဗလံတွေလည်း ဒုက္ခပေးသည်။ မျက်စိတွင် မြင်ရသည့် အရာတွေကလည်း ဒုက္ခပေးသည်။ အိပ်ရာထဲတွင် မျက်စိကို တအားမှိတ်လျက် နားကို လက်နှင့် ဖိပိတ်ထားကာ ရှုံ့မဲ့ကျုံ့ကွေး အိပ်နေသည်။

'အမေ ...ထ ပါဦး၊ ကော်ဖီ သောက်ပါဦး'

မျက်စိကို အတင်းမှိတ်ထားသဖြင့် ရှုံ့တွနေသည့် မျက်နှာကိုပင် မေးမေးဖွင့်ကြည့်သည်။ မျက်လုံးများမှာ အလင်းရောင်ကို မမြင်သကဲ့သို့ ကြောင်တက်တက် နေသည်။ နားများတွင် ပိတ်ထားသော လက်များကို ဆွဲကိုင် ဆန့်လိုက်သည့်အခါ ကွေးထားသည့် အကျီတံတောင်ဆစ်၌ ချွေးတွေ ရွှဲနေသည်။

'အမေ ... ထ ပါဦး၊ ချွေးတွေ ရွှဲလို့ပါကလား'

အမေသည် အိပ်ရာက အထူမှ မစောင့်ဘဲ သူဟာသူ ဝေါက်ခနဲ ထလိုက်သည်။

'အမေ ... ဒီမှာ ကော်ဖီ'

အမေသည် စိတ်ထဲက အတောမသတ် တွေးတောနေသည့် အကြောင်းကို တွေးတောရင်း ကော်ဖီကို သောက်မှန်းမသိ ဖြည်းဖြည်းနွေးနွေး သောက်လေသည်။

'အမေ အိပ်ကြီး မနေပါနဲ့၊ ထိုင်ပြုနေပါဦး။ ခုလို တအိပ်တည်း အိပ်'

အမေသည် ကော်ဖီပန်းကန်ကို ယူလိုက်သည်နှင့် လှဲချလိုက်သည်။ မျက်စိကို တအားမှိတ်လျက်၊ နားများကို လက်နှစ်ဖက်ဖြင့် ပြန်ပိတ်ထားသည်။





အမေ့ကို ဖျောင်းဖျလို့ မရ။ လင်ကို သတ်မှာလား၊ သားသမီးတွေကို သတ်မှာလား၊ အမေ့ကို သတ်မှာလား မသိနိုင်အောင်ဖြစ်ကာ မရေမရာ ရှုပ်ထွေးနေပေသည်။ စိတ်ကူးထဲတွင် ရောက်နေသည့် ဆားရန်တွေကို လွတ်မြောက်ချင်သောအောင် ရောက်တတ်ရာရာ တွေးတော ကြံစည်နေသည်။

ထင်ရာမြင်ရာတွေ တွေးတောနေသော ပျံ့လွင့်နေသည့် အာရုံကို ဆင့်ယှက်မည့် အရာဝတ္ထုများအား ဖယ်ရှားပစ်သည်။ ဘယ်အသံမှ မကြားချင်၍ ပိတ်ထားသည်။ ဘယ်အရာမှ မမြင်လို၍ မျက်စိမှိတ်ထားသည်။ မျက်မှောက်တွေ့မြင်ကြား သိရှိနေသည့် အာရုံများနှင့် လွတ်ကွာနေပေ၏။

အမေ့စိတ်ထဲတွင် "အစာများ စားရင် လင်သား ဒုက္ခဖြစ်မှာလား" ဟု ထင်မြင်လာလျှင် အစားကို မစားဘဲ နေလေသည်။ အမေ့စိတ်ထဲတွင် "စကားများ ပြောရင် သားသမီးတွေများ ဒုက္ခဖြစ်မှာလား" ဟု ထင်မြင်လာလျှင် စကားကို အလျှင်း မပြောဘဲ နေသည်။ တစ်ခါတစ်ရံ မျက်စိထဲတွင် မြင်လိုက်သည့်အရာကို အနက်အဓိပ္ပာယ် ကောက်လိုက်သည်။ တစ်ခါတစ်ရံလည်း နားထဲ၌ ကြားလိုက်သည့် အသံကို အနက်အဓိပ္ပာယ် ကောက်ယူလိုက်သည်။ အမေ့စိတ်ထဲတွင် ကြားလိုက်ရ၊ မြင်လိုက်ရသည့် အထဲမှ စိုးရိမ်စရာရှိသော အဓိပ္ပာယ်တွေဟု ကောက်ယူထင်မြင်သွားလျှင် အိပ်ရာထဲတွင် အသက်မရှူဘဲ အောင့်ထားသည်။

'အမေ ... အသက်ရှူလိုက်ပါ အမေ၊ ဒီလို အောင့်မနေပါနဲ့။ ရှူပါ အမေရယ် ... ရှူပါ'

အမေသည် အသက်ကို မရှူဘဲ တမင် အောင့်နေသည်။ အသက် မရှူနိုင်အောင် ပင်ပန်းကြီးစွာ အောင့်ထားသည်။ အသက်ကို အတန်ကြာကြာ မရှူဘဲ ချုပ်တည်း အောင့်အည်းထားသည့်အခါ ခံစားရသော မွန်းကျပ်သည့် ဝေဒနာနှင့် အမေမှာ သူတစ်ပြန်၊ ငါတစ်ပြန် ဖြစ်နေလေသည်။ ရင်ထဲ၌ ကျပ်ဆို့လွန်း၍ ခံမရပ်နိုင်အောင် ဖြစ်လာသဖြင့်လည်း ရှူလိုက်ချင်သည်။ သို့သော် စိတ်ထဲတွင် စွဲလမ်းထားသော အာရုံက မရှူရအောင် ဆွဲချုပ် ညှစ်အစ်ထားသည်။ အမေသည် မရှူမိအောင် အတင်း အောင့်နေသည်။ အမေ၏ ရင်ခေါင်းထဲမှ "အင့်" ဟူသော အသံကြီး ကျယ်လောင်စွာ မြည်လာသည်။ ထိုအသံမှာ မရပ်ဘဲ တစ်ဆက်တည်း အောင့် အောင့်ကြီး မြည်ထွက်နေသော အသံကြီး ဖြစ်သည်။

'အမေ ... ရှူလိုက်ပါ၊ မောမယ် အမေ၊ ရှူပါ'

အမေ့ကို တစာစာ ဝိုင်းပြောကြသည်။ အမေ့ကို ကိုင်လှုပ်ပြီး သတိပေးနေကြရာ၊ အမေ့တစ်ကိုယ်လုံး လှုပ်ယမ်းနေသည်။ အမေသည် မခံမရပ်နိုင်သည့် အဆုံးကျမှ အသက်ရှူထုတ်လိုက်သည်။ အမေမှာ မောဟိုက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ပြန်ရှူရင်း စုံမှိတ်ထားသည့် မျက်လုံးများ ဖွင့်လှန်ကာ တစ်စုံတစ်ရာကို လိုက်ရှာကြည့်နေသည်။ ထို့နောက် မျက်တောင်များ တဖျပ်ဖျပ် ခတ်ကာ တစ်စုံတစ်ရာကို စဉ်းစားနေသည်။

'သတိထားပါ အမေရယ်၊ စိတ်ကောင်းကောင်း ထားပါ။ အမေ တွေးထင်နေသလို ဘယ်သူမှ ဘာမှ မဖြစ်ပါဘူး အမေရဲ့။ ဒီလို မလုပ်ပါနဲ့၊ အမေသာ ပင်ပန်းတာပေါ့'

'အမေ သေချင် သေပါစေ'

အမေသည် မျက်စိများ ပြန်မှိတ်ကာ၊ နားကို လက်နှစ်ဖက်ဖြင့် ပိတ်၍ နှုတ်က တိုးတိုးပြောသည်။

၂

အမေသည် ပြောင်းလဲ၍ လာပြန်ပြီ။

အမေသည် တစ်အိပ်တည်း အိပ်မနေတော့ချေ။

အိပ်ရာထဲတွင် တစ်ချိန်လုံးလုံး အိပ်မနေတော့ဘဲ ထိုင် ထ သွားလာ နေပြန်ပေသည်။

အမေ၏ မျက်စိများသည် ကျီးကန်းတောင်းမှောက် ကြည့်တတ်လျက်။ တစ်နေ့ တစ်နေ့ ဘယ်နှခါဟု မပြောနိုင်အောင် အောက်ဆင်းလာလိုက်၊ အိမ်ပေါ် တက်လိုက် လုပ်နေသည်။ အိမ်ပေါ်ထပ်မှ အမေ ဆင်းလာလျှင် မသိမသာ ကြည့်ကြရသည်။ ရုတ်တရက် လှေကားမှ ခြေသံမကြား ဆင်းလာတတ်ပြီး၊ ဟိုလိုလို သည်လိုလိုနှင့် ပြန်တက်သွားပြန်သည်။ မြို့ထဲတွင် အမေ နေမကောင်းဘူးဟု သတင်းဖြစ်ကာ လူအများ လာရောက် သတင်းမေးမြန်းကြသည်။

သတင်းမေးမြန်းရန် ရောက်လာသောသူမှာ အမေ အလိုရှိသည့်သူ ဖြစ်က ဘာမှ မဖြစ်သလို ကောင်းကောင်းမွန်မွန် စကားထိုင်ပြောသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အကြောင်းများပင် စပ်မိလျှင် စီကာပတ်ကုံး ပြန်ပြောပြသည်။ အမေသည် အမေ ငယ်ရွယ်စဉ်က အကြောင်းကိုပင် မဟုတ်။ အမေ၏ အမေ ငယ်ရွယ်စဉ် အခါက အကြောင်းများပင် သတိတရ ပြန်ပြောသည်။

'အဒေါ်တို့ အမေဟာ ငယ်ငယ်ကလေးတည်းက အင်မတန် သနပ်ခါး ကြိုက်တယ်။ တစ်နေ့တော့ အိမ်ကို သူခိုး လာခိုးတာ အဒေါ်တို့အမေက မြင်လိုက်လို့ သူခိုး သူခိုးလို့ ခြင်ထောင်ထဲက ကုန်းအော်တာပဲ။ သူခိုးဖမ်းမိလို့ ရုံးတင်စစ်တော့ သူခိုးကလည်း အဒေါ်တို့ အမေနဲ့ အသိ။ သက်သေတွေ စစ်ဆေးပြီး သူခိုးကို အချုပ်ထဲ ပြန်ခေါ်သွားခါနီး "လုံမရယ်၊ နင့် သနပ်ခါးတုံးသေတ္တာ





နှိုက်လောက်တောင်ပဲ နှမြောသလား၊ အော်လိုက်တာ တကတဲ ငယ်သံများ ပါလို့" တဲ့။ သူခိုးက အဒေါ်တို့ အမေကို ပြောသွားသတဲ့'

သတင်းမေး လာရောက်ကြသည့် ဧည့်သည်များက အမေ ပြောတာ နားထောင်ပြီး ရယ်မောကြသည်။ အမေက ပြောပြီး ပြုံးနေသည်။ အမေသည် စကားကို ညင်သာစွာ ပြောတတ်သည်။ မျက်နှာ၌ ဣန္ဒြေအမြဲ ရှိသည်။ အသွင် အပြင်များမှာ အလွန်တရာ ညက်ညောသည်။ သိမ်မွေ့ နူးညံ့သည်။ သိက္ခာပျက် လောက်အောင် အမှားအယွင်း မတွေ့ကြရ။ ခါတိုင်းလိုပင် ရယ်မောစရာရှိလျှင် သွားကလေး ပေါ်ရုံလောက်သာ ပြုံးသည်။ အရှက်အကြောက်နှင့် စပ်ဆိုင်သည့် မိန်းမ ပီသရမည် မှန်သမျှ သတိ လက်လွတ်ခြင်း မရှိ။ အခါတိုင်းကဲ့သို့ပင် ခြေမျက်စိ မပေါ်အောင် ထဘီကို ရှည်ရှည်ဝတ်ထားသည်။ မိန်းမပီပီ ထိုင်လျှင် အလျှင်အတိုင်း ခြေထောက်ကို လုံချည်နားနှင့် ဆွဲဖုံးထိုင်သည်။ စိတ်က ဘောင်တောင်အီအီ တခြားသို့ ရောက်နေသော်လည်း မိန်းမတစ်ယောက် ဟူ၍ အမြဲ ထိန်းသိမ်းထားနိုင်တုန်းပင်။

'မင်းတို့အမေ စိတ်နောက်တာ မဟုတ်ပါဘူးကွယ်၊ နေကောင်းပါတယ်' သတင်းမေးလာသူများက သူ့ကွယ်ရာတွင် ထင်မြင်ချက်ပေးကာ ပြန်သွားကြသည်။

အမေသည် နံနက်လင်းလျှင် ဘုရားဝတ်မပျက်၊ အချိန်မှန် ထ ရှိခိုးသည်။ သံဃာတော်များကို ကိုယ်တိုင်ပင် ဆွမ်းလောင်းသည်။

အိမ်နှင့် မနီးမဝေး ဘုန်းကြီးကျောင်းမှ တုံးခေါက်သံ ကြားရပြီးနောက် သံဃာတော်များ မြို့ထဲသို့ ဆွမ်းခံထွက်ကြသည်။ အမေသည် သက္ကလတ်အင်္ကျီ အညို ထပ်ဝတ်ကာ ပိုးလုံချည်ရင့်ရင့်နှင့် ဝတ်ဆင်ပြီး အိမ်ပေါ်မှ ဆင်းလာသည်။ အိမ်ဝတွင် စားပွဲနှင့် တင်ထားသော ဆွမ်းဇလုံကို ကိုင်ပိုက်ပြီး ဖိနပ်ချွတ်လျက် ဆွမ်းထွက်လောင်းသည်။ ဘုန်းကြီးတွေ လွန်သွားသောအခါ ဆွမ်းဇလုံကို စားပွဲခုံပေါ် ပြန်တင်ခဲ့ပြီးနောက် ဈေးဘက်သို့ ထွက်သွားလေသည်။

ဈေးထဲက 'ဒေါ်ဒေါ် လာပါ၊ ထိုင်ပါဦး' ဟု ဆီး၍ ခရီးဦးကြို ခေါ်ငင်ကြလျှင် ဝင်ထိုင်ပြီး အာလာပသလ္လာပ စကားများကို ချေချေငံငံ ပြန်ပြောလေသည်။ အတော်ကလေး စကားလက်ဆုံ ကျပြီးမှ ဆိုင်တွင်ရှိသော အဖိုးတန် ပိုးထည်များကို စိတ်တိုင်းကျ တစ်ဆင်ပြီးတစ်ဆင် ရွေးချယ်ကာ ဖြတ်ခေ ပြီး အကြွေးယူလာခဲ့သည်။

အမေသည် ဆိုင်က ဝယ်လာသမျှကို အိမ်သို့ ယူမလာဘဲ သူ့ပေးချင်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူကို သွား၍ ပေးလိုက်သည်။ အမေ ပေးသော ပစ္စည်းများကို အချို့ကလည်း လာပြန်ပေးကြသည်။ အချို့မှာလည်း ယူထားကြသည်။

ကြွေးဆပ်ရဖန်များလာမှ ဆိုင်များကို ကြွေးမပေးရန် လိုက်ပိတ်ထားရသည်။ အမေသည် အကြွေးယူ မရတော့၍ အဝတ်အထည်ကောင်းများကို အမှတ်တမဲ့ အောက်က ခံဝတ်လျက် အိမ်မှ ထွက်သွားကာ ပေးချင်သည့်သူကို ချွတ်၍ ပေးခဲ့သည်။ အိမ်ပြန်ရောက်လျှင် အိပ်ရာထဲသို့ ဝင်နေတော့သည်။

အမေသည် ယောက်ယက်ခတ်လာလေသည်။ အာရုံအမျိုးမျိုး ပြောင်းလဲ ဆွဲဆောင်ရာသို့ လိုက်ကာ နှမြောရမှန်းမသိ ဖြစ်လာသည်။ ယခင်က ကြောက်သည့်စိတ်၊ လန့်သည့်စိတ် ဖြစ်နေရာတွင် ပေးချင်ကမ်းချင် စိတ်ပါ ဖြစ်လာပြန်ပေသည်။

၃

တစ်နှစ်တာ၏ ဥတုသုံးပါးတွင် မိုးဥတု၌သာ အမေ့ကို အိမ်ရာထဲ၌ တစ်မိုးတွင်းလုံး တွေ့မြင်ရသည်။ မိုးမှာ မပြတ်မပြတ် သည်းထန်စွာ ရွာသွန်းချ၍ လေးလံထိုင်းမှိုင်းနေကာ အိမ်ပြင်သို့ မထွက်ဘဲ အအိပ်အနေ များနေလေသည်။ မိုးကုန်၍ ဆောင်းဝင်လာသည်နှင့် အမေမှာ သွက်လက်လှုပ်ရှား ထကြွနေလေသည်။

အမေသည် နေ့ခင်းကြောင်တောင် ပိုးစောင်ကလေးကို ခြုံကာ အိမ်ပေါ်က ဖြည်းညင်းစွာ ဆင်းလာသည်။ မုန့်သေတ္တာနှစ်ဘူးကို ထပ်ကာ ပိုက်လျက် လှေကားထစ်များကို တစ်ထစ်ပြီး တစ်ထစ် ဖြည်းဖြည်းဆေးဆေး ဆင်းလာသည်။

အမေမှာ အသက် ၅၀ နီးသော်လည်း ရုပ်ရည် အင်မတန် တင်သည်။ အစားမမှန်၊ အအိပ်မမှန် ကပေါက်ချို ကပေါက်ချာ ဖြစ်နေလျက်နှင့် ကပေါက်ချို ကပေါက်ချာ ဖြစ်မှန်း မသိနိုင်အောင် ဆောင်ထားနိုင်သည့် စွမ်းအားရှိသည်။ ရုပ်လက္ခဏာ အမူအရာများမှာ နဂို ပင်ကိုဟန်အတိုင်း လိုလိုပင်။

လှေကားခြေရင်းက ရပ်လျက် အမေ့ကို စောင့်ဆိုင်းပြီး မော့ကြည့်နေရင်း၊ အမေ၏ တင့်တယ်သော ကျက်သရေကို တွေ့မြင်ရသည်။

နူးညံ့ ဖြူဆွတ်သော အသားအရေ၊ နီမြန်းသော နှုတ်ခမ်း၊ ဖြောင့်တန်းသော နှာတံ၊ ထက်မြက် စူးရှသည့် မျက်လုံး၊ ထောင်ထောင်မောင်းမောင်း မြင့်မားနေသည့် ကိုယ်လုံးကိုယ်ထည်တွင် ပိုးအင်္ကျီ၊ ယောလုံချည် အသစ်စက်စက်နှင့် ပိုးစောင် အဖြူကို ရွှရွကလေး ခြုံလွှမ်းထားသည်မှာ အသက်အရွယ်နှင့် မဟပ်မိအောင် အယဉ်ဆုံး၊ ဣန္ဒြေအရဆုံး တင့်တယ် ခံ့ညား လှပလျက် ရှိသည်။

'အမေ ဘယ်သွားမလို့လဲ၊ ဘယ်ကိုတုံး အမေရဲ့'





လှေကားရင်းမှ နေလျက် တိုင်ပွတ်လုံးဖု နှစ်ခုကို လက်များနှင့် လှမ်းကာထားသောကြောင့် အမေလည်း ရပ်တန့်နေသည်။

'ဒီမုန့်သေတ္တာဘူးတွေကို ဘယ်ယူသွားမလို့လဲ အမေရဲ့'

သိချင်ဇောကြောင့် မုန့်သေတ္တာဘူးများကို လှမ်းကိုင်လိုက်ရာ အမေသည် အထိမခံဘဲ ပုံးများကို တင်းကျပ်စွာ ပိုက်ထားရင်း–

'ဖယ်စမ်းပါ၊ အမေ ဘုန်းကြီးကျောင်း သွားမလို့ပါ' ဟု ပြောပြောဆိုဆို လှမ်းဆင်းလိုက်သည်။

'အမေ အရင်ကလို အိပ်ရာထဲ အိပ်နေတာက ကောင်းပါသေးတယ်။ ဟိုထွက်သွား ဒီထွက်သွားနဲ့ မကောင်းပါဘူး အမေရဲ့၊ ညနေမှ သွားပါနော်'

သမီးစကားကို အမေက နားထောင်ရရိုး မရှိသော မျက်နှာမျိုး တင်းတင်းထားကာ လှေကားရင်းရှိ ထီးစင်မှ ပုသိမ်ထီးကို ဆတ်ခနဲ ဆွဲယူပြီး–

'ဖွင့်လိုက်စမ်း' ဟု ခိုင်းသည်။

အသံမှာ မိခင်၏ အုပ်စိုးသော အသံမျိုးဖြစ်၍ ထီးကို ဖွင့်ပြီး ရိုရိုသေသေ လှမ်းပေးလိုက်ရသည်။

အမေသည် တည်ကြည်သော ဣန္ဒြေကြီးနှင့် ပုသိမ်ထီးကို မိုးလျက် ဘုန်းကြီးကျောင်းသို့ စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားလေသည်။

ဘုန်းကြီးကျောင်းသို့ အမေသွားလျှင် စောင် မတင်ဘဲ သွားရိုးသွားစဉ် မရှိပေ။ လှူဖွယ်ဝတ္ထု တစ်ခုခု မပါဘဲနှင့်လည်း မသွားတတ်။ အဝတ်အစားလည်း လဲဖယ်ပြီး သွားတတ်သည်။ တခြား သွားမည့်အစား ဘုန်းကြီးကျောင်း သွားတာကို ဝမ်းသာအားရ ဖြစ်ရသည်။ အမေ့အတွက် ကျောင်းကသာလျှင် ချမ်းသာရာ၊ အေးငြိမ်းရာ ဖြစ်စေနိုင်မည်ဟု အောက်မေ့မိသည်။

အမေသည် အတန်ကြာမှ ပြန်ရောက်လာသည်။

'အမေ၊ ဆရာတော်နဲ့ တွေ့ခဲ့သလား' ဟု ဆီးမေးကြည့်သည်။ အမေသည် စကား ပြန်မပြောဘဲ ထီးကိုသာ လှမ်းပေးကာ အပေါ်သို့ တန်းတက်သွားသည်။ အပေါ် မရောက်ခင် လှေကားတစ်ဝက်လောက်က ပြန်လှည့်ဆင်းလာပြန်သည်။

'အမေ… ဘာလိုချင်သလဲ၊ ဘာလုပ်မလို့လဲ'

အမေသည် ဘာမှန်းမသိ စိုးရိမ်ပူပန်လျက် ရှိပြန်၏။ အမေ့ခေါင်းထဲ၌ လွတ်ရာလွတ်ကြောင်းကို ရှာဖွေကြည့်သည်။ ဟိုဟို ဒီဒီ လျှောက်၍ ကြည့်ပြီး နောက် ပြန်တက်သွားလေသည်။

အမေသည် ခုတင်ပေါ်တွင် ခြေချထိုင်ကာ ငေးငိုင်နေသည်။ အဝတ်အစားများကို လဲလှယ်ကာ ခြေရင်းက သေတ္တာပေါ်တွင် ပုံတင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမေ ဆေးသောက်ပါ'

အမေလည်း ဆေးခွက်ကို လှမ်းယူကာ မသောက်ဘဲ ကိုင်ထားသည်။ အဝတ်များကို သွားဆွဲခေါက်ရင်း 'သောက်ပါ အမေ' ဟု လှမ်းပြောရသည်။ အမေမှာ ဆေးခွက်ကို ကိုင်ကာ ငေးမော စဉ်းစားနေသည်။

ပိုးအင်္ကျီကို ခေါက်ရန် ဆွဲယူလိုက်သည့်အခါ သော့သံကြားရသည်။ အိတ်ထဲက သော့ကို နှိုက်ယူကြည့်လိုက်ရာ မျက်စိများ ပြာသွားသည်။ သော့ကို ယူလျက် အခန်းထဲက ပြေးလွှား၍ ထွက်ခဲ့ကာ ခေါင်းရင်းခန်းသို့ ဝင်ပြေးသည်။ တဆတ်ဆတ် တုန်နေကာ မီးခံသေတ္တာကို သော့နှင့်ဖွင့်လိုက်ရာ အခေါက်လိုက် ထပ်ထားသည့် ရာတန်စက္ကူများမှာ သေတ္တာထဲတွင် မရှိတော့။

'အမေ၊ သေတ္တာထဲက ငွေတွေကို ခုနက ဘယ်သူ့ကို သွားပေးသလဲ အမေ။ သမီး ရေချိုးတုန်းက သော့ကို မှန်ခုံအံဆွဲထဲမှာ ထားတာ၊ အခုတော့ အမေ့ အိတ်ထဲမှာ တွေ့ရတယ်၊ ငွေတွေလည်း မရှိတော့ဘူး။ ပြောပါ အမေ၊ ဘယ်သူ့ကို အမေ ပေးခဲ့သလဲ'

အမေသည် ငိုင်နေလေသည်။

'မှန့်သေတ္တာဘူးတွေနဲ့ ထည့်ယူသွားတယ် မဟုတ်လား အမေရဲ့၊ ပြောပါ အမေရယ် ... ပြောပါ'

အမေ့အား အသက် မရှူဘဲ တဖွဖွ စစ်မေးကြည့်သည်။ အမေ့လက်ကို ကိုင်လှုပ်ရင်း အကြိမ်ကြိမ် မေးကြည့်သည်။ အမေကား ခေါင်းထဲတွင် အတိုင်း မသိ နောက်ကျိ ရှုပ်ထွေးသွားသည်။ မရမက အတင်းမေးနေခြင်းကို ပြောလည်း ပြောချင်သည်၊ မပြောလည်း မပြောနိုင်။ ဘယ်လိုများ ဒီအဖြစ်မျိုး ဖြစ်နေပါလိမ့်ဟု မသိအောင် စိတ်ရှုပ်သွားကာ မျက်ရည်များပင် လည်နေလေသည်။ နောက်ဆုံးတွင် ဆိတ်ဆိတ်မနေတော့ဘဲ 'သွားစမ်းပါ' ဟု ပြောချလိုက်သည်။

## ၄

အမေသည် စိတ်တိုကာ ခက်ထန်လာသည်။

အမေ့အား စိတ်ထင်သလို ပေးချင်တိုင်း မပေးနိုင်အောင် ကျပ်တည်းလိုက်ကြခြင်းကြောင့် ခက်ထန်နေသည်။ ခက်ထန်လွန်း၍ ကျေနပ်အောင် ငါးကျပ်၊ တစ်ဆယ် ပေးလျှင် 'နင့်အဖေကို ပြောလိုက်စမ်း၊ ငါ့ကို ငါးကျပ် တစ်ဆယ် ပေးရအောင်' ဟု ဒေါသဖြစ်စွာနှင့် ငွေစများကို ကြမ်းပြင်ပေါ်သို့ ပစ်ကြဲပစ်လိုက်သည်။ အမေမှာ ဘယ်သူ့ကိုမှ ကြည့်လို့မရဘဲ တစ်ယောက်တည်း ခက်ထန်ကာ သုန်မှုန်လာတော့သည်။ အစာကိုလည်း ကောင်းစွာ မစား၊ ကောင်းကောင်းလည်း မအိပ်။ ထိုင်လိုက် ထလိုက်နှင့် ကျဉ်းကျပ်ခြင်းကို မကျေမနပ် ဖြစ်နေသည်။





အမေက အိမ်သားများကို ပိပိရိရိ ချောင်းနေတတ်သည်။ အမေ့အား အလစ် မပေးဝံ့ကြ။ အမေ မသိအောင် ဖွက်ကြဝှက်ကြ လုပ်သမျှ အမေ သိသွားဘာချည်း ဖြစ်သည်။ အမေ့ကွယ်ရာတွင် အမေ့အကြောင်း ပြောနေကြလျှင် အမေမှာ ဘယ်အချိန်က ရောက်နေမှန်း မသိ၊ နောက်တွင် ရောက်နေသည်။ အရိပ်အကဲခတ်ပြီး ဘာဆိုတာ တစ်ချက်တည်း သိနိုင်သည်။ အမေသည် နဂိုက အကပ်ပင် လျှင်မြန် ဖျတ်လတ်လာသည်။ စူးရှ ထက်မြက်လာသည်။ နားပါးလာသည်။ အိပ်ရာထဲတွင် နေလျက် အိမ်တွင် အပ်ကျတာက အစ အမေ သိနိုင်၍ အံ့သြရသည်။

အမေ၏ ရောဂါကို ပျောက်ကင်းအောင် ကုသကြ၏။ ဆရာများကို ကောင်းတယ်ဆို ခေါ်ကာ တစ်ယောက်ပြီးတစ်ယောက် နည်းမျိုးစုံ ကုကြသော်လည်း အမေ၏ အခြေအနေမှာ ထူးခြားကောင်းမွန်ခြင်း မဖြစ်လာ။

အမေသည် အတိုင်းမသိ စိတ်ရှုပ်ထွေးလာလျှင် ဟိုနားဒီနား ထွက်သွားသည်။ အမေ့စိတ်တွင် ပူပန်ကြောင့်ကြ ကြီးလာပြန်လျှင် အိပ်ရာထဲက မထတော့၊ အိပ်ရာထဲတွင် အန္တရာယ်နှင့် တွေ့ဆုံကာ ပင်ပန်းကြီးစွာ တိုက်နေလေသည်။ မရှိသော ဘေးရန်ကို ကြံကြံဖန်ဖန် တွေးကြောက်သည်။ အမေက တောင်ထင် မြောက်ထင်နှင့် ပြောလျှင် 'အမေ ထင်သလို ရန် မရှိပါဘူး' ဟု မကြောင့်ကြရန် ချော့ဖျောင်းဖျသော်လည်း နားမဝင်။

'အမေ့ကို ငွေတစ်သောင်း ပေးပါ၊ အမေ လှူလိုက်မယ်၊ အားလုံး အားလုံး ကောင်းအောင်။ ပေးပါ ... ငွေတစ်သောင်း'

အမေသည် ငွေတစ်သောင်းကို မရမက တောင်းနေသည်။ အမေ တောင်းသည့် ငွေကို မပေး၍ တစ်နေ့ထက် တစ်နေ့ တဆူဆူ တပူပူ ဖြစ်နေသည်။ ငွေမရလျှင် ရောဂါတိုးကာ ယခုထက် ဆိုးဝါးလာမည်လားဟု စိုးရိမ်လာကြသည်။ အမေမှာ ငွေတစ်သောင်းသာ နေ့ရှိသရွေ့ တောင်းနေတော့သည်။

'ရန်ကုန်မှာ စိတ်ရောဂါကု ဆေးရုံဟာ အင်မတန် ကောင်းတယ်။ အဲဒီမှာ ကုကြည့်ရင် ပျောက်သွားမှာပဲ' ဟု မိတ်ဆွေတစ်ဦးက အကြံပေးသည်။ အမေမှာ အမေ့အား မပို့ရက်ကာ၊ သည်အတိုင်းပင် အလိုလိုက်လျက် ဆရာများနှင့် ကုသသည်။

အမေမှာ တောင်းသည့်ငွေကို မရ၍ အစာမစား၊ အိပ်ရာက မထ၊ ငွေရအောင် ကြံစည်နေလေရာ အမေ့ကို လန့်နေကြရသည်။ အမေ့ကို ကြောက်နေကြ၍ စိတ်ရောဂါကုဆေးရုံ၌ ကုသကြည့်ရအောင် ဆွေးနွေး တိုင်ပင်ကြတော့သည်။ အမေ့ကို ဆေးရုံသို့ သွားကုရန် ပြောပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်နေလို့ သွားရမှာလဲ၊ မသွားပါဘူး' ဟု အမေက ငြင်းဆန်နေသည်။ 'ငွေတစ်သောင်းသာ အခုပေး၊ နေကောင်းမယ်' ဆိုကာ ငွေကိုသာ တတောင်းတည်း တောင်းနေသည်။

အဖေက 'ဆေးရုံက ဆရာဝန်နှင့် ပြကြည့်ဖို့ ခဏ ရန်ကုန်လိုက်လျှင် အပြန်ကို ငွေတစ်သောင်း ပေးပါမည်' ဟု ပြောကြည့်သည်။

'ဆေးရုံ တက်နေရမှာလား၊ တက်နေရရင်တော့ မသွားဘူး'

'ဆေးရုံ အကြာကြီး တက်မနေရပါဘူး။ ဆရာဝန်နဲ့ စမ်းသပ်ပြီး ဆေးဝါးစား၊ မသကာ ကြာလှ လေးငါးဆယ်ရက်ပေါ့။ ပြန်လာတော့ ငွေတစ်သောင်း ပေးပါ့မယ်'

'ဆေးရုံမှာ တစ်ယောက်တည်း သွားနေရမှာလား'

'သမီးကိုပါ ခေါ်သွားပြီး သမီးနဲ့ နှစ်ယောက်နေကြပေါ့'

အမေသည် သုံးလေးရက် စဉ်းစားနေပြီးမှ 'ငွေတစ်သောင်းပေးရင် သွားမယ်' ဟု သဘောတူလိုက်သည်။

ရန်ကုန် တံတားလေး စိတ်ရောဂါကု ဆေးရုံကား ရှိမှန်းသာ ကြားဖူးကြသည်။ ဆေးရုံအကြောင်းကိုကား မသိကြ။ ဆေးရုံသွားရန် စီစဉ်သည့်အခါ အဖေမှာ အလုပ်က ခွင့်ရက်ခံတာ မရပေ။ အမေ လိုက်မပို့လျှင်လည်း မဖြစ်။ အမေ့အား ဆေးရုံသို့ ပို့ရမည့် အရေးတွင် အကြပ်ခက်နေကြပြန်သည်။

'ဒီလိုဆိုရင်လည်း ဒီက စနေနေ့ည သင်္ဘောနဲ့ လိုက်မယ်၊ ရန်ကုန်ကို တနင်္ဂနွေနေ့ မနက်ရောက်။ အဲဒီနေ့ပဲ အမေ့ကို ဆေးရုံတင်ပြီး ညသင်္ဘောနဲ့ ပြန်လိုက်လာရင် ဒီမှာ တနင်္လာနေ့ မနက် အလုပ်ဆင်းနိုင်တယ်' ဟု အဖေက စီမံလေသည်။

ဘယ်လောက်ကြာအောင် ဆေးရုံတွင် အမေ နေရမည်လဲ မသိကြ။ ရက်ရှည် လများအတွက် အဝတ်အစား ပြည့်ပြည့်စုံစုံ ထည့်ယူရသည်။ ဆေးရုံ၌ အမေ့ကို ထားပစ်ခဲ့မည့်အကြောင်း မရိပ်မိအောင် တိတ်တိတ် ကျိတ်စီစဉ်ကြသည်။ သင်္ဘောဆိပ်သို့ ဆင်းခါနီးတွင် ဆေးရုံသတင်းကို သိရပြန်သည်။ နယ်မှ ဆရာဝန်နှင့် မြို့ပိုင်တို့၏ စိတ်နောက်ကြောင်း ထောက်ခံချက် လက်မှတ်ပါမှ လက်ခံသည် ဟု သိရ၍၊ အပြေးအလွှား တောင်းယူခဲ့ကြရသေးသည်။

၅

သင်္ဘောကြီး၏ ခေါင်းတိုင်မှ ဥဩသံ ပျောက်သွားပြီးနောက် စက်သံပါ တဖြည်းဖြည်း ရပ်သွား၍ မှန်ပြတင်းမှ အပြင်သို့ ထကြည့်လိုက်ရာ၊ ဘာကိုမှ မမြင်နိုင်





အောင် နှင်းများ ပိတ်ဖုံးနေသည်။ အောက်သို့ ငုံ့ကြည့်လိုက်ရာ မြစ်ရေကို ရေးရေးသာ မြင်ရပေသည်။ ကမ်းစပ်မှာ ကောင်းကင်နှင့်ရောလျက် ဖြူပိတ် မှိုင်းမှုန်နေခြင်းကြောင့် ကမ်းပါးပေါ်တွင် ရှိသော အရာဝတ္ထုများကို မည်သည့်အရာ၊ မည်သည့်ခစ္စည်းဟု တပ်အပ် ပြောနိုင်ရန် ခဲယဉ်းလှသည်။ သင်္ဘောကြီးသည် ရှေ့သို့ ဆက်လက်၍ မခုတ်နိုင်ဘဲ ကျောက်ချကာ ရပ်နေရသည်။ အမေသည် သင်္ဘောပေါ်ရောက်ကတည်းက အိပ်ကာ လိုက်ပါလာရာ သင်္ဘောရပ်သည်နှင့် ထ ထိုင်လိုက်သည်။

'သမီး အဖေ့ကို နိုးလေ၊ အဝတ်အစား လဲဖို့ ပြော'

'ရန်ကုန် မရောက်သေးဘူး အမေရဲ့၊ နှင်းတွေ ပိတ်နေလို့ ရပ်နေတာ'

အမေသည် ခြုံခုလိုက်သည့် စောင်ကိုဆွဲကာ ခေါင်းမြီးခြုံပြီး ပြန်အိပ်နေသည်။ နံနက် ကိုးနာရီထိုးသည်အထိ သင်္ဘောမှ စက်သံကို မကြားရ။ နှင်းတို့မှာ ရေကို မမြင်ရအောင် တစ်ခဲနက် ပိတ်ကျလျက်ပင် ရှိသည်။ အဖေမှာ နာရီကို ဘကြည့်တည်း ကြည့်နေသည်။ ရန်ကုန်သို့ နေမြင့်မှ ရောက်လျှင် အစီအစဉ်တွေ နှောင့်နှေး ကြန့်ကြာပြီး နေ့ချင်း မပြန်နိုင်မှာ ပူပင် ကြောင့်ကြနေသည်။ နံနက်စာ သင်္ဘောပေါ်တွင်ပင် မှာစားကြသည်။

'အမေ ... ထပါ၊ နည်းနည်း စားပါဦး၊ အချိန်မရဘူး၊ စားထားမှ'

'ရန်ကုန် ဘယ်အချိန် ရောက်မလဲ' ဟု အိပ်ရာက ထမေး၍ အဖေက–

'တစ်ချက်လောက်မှ ရောက်မလား မသိပါဘူးကွယ်' ဟု ညည်းတွားကာ ပြန်ပြောသည်။

'ရန်ကုန်များ လာပြီလားဆိုရင် ရောက်တဲ့နေ့က စပြီး ပြန်တဲ့နေ့အထိပါပဲ။ အိမ်က လူတွေ၊ သားတွေ၊ သမီးတွေ ဝတ်ဖို့စားဖို့ ဝယ်လိုက် ခြမ်းလိုက်ရတာ။ စားစရာ ထူးထူးဆန်းဆန်းတွေ မြင်ပေမဲ့ ကိုယ့်ဝမ်းထဲများ မထည့်မိပါဘူး။ သင်္ဘောပေါ် ရောက်မှတောင် အိမ်က ကြိုက်တတ်တဲ့ ကော်ပြန့်ကြော်ကို တရုတ်ဆိုင်မှာ အပြေးဆင်း ဝယ်သေးတယ်'

ထမင်းများ နယ်ဖတ်ရင်း အမေက ထိုသို့ အမှတ်တရ လျှောက်ပြောပြနေသည်။ အမေသည် ပြောချင်လျှင် ပြောချင်ရာကို ဖြောင့်နေအောင် ပြောနိုင်နေသည်။ ပြောပြီးလျှင် ထမင်းကို ကောင်းကောင်း မစားဘဲ ငေးငိုင်နေသည်။ အဖေလည်း မျက်နှာ မကောင်းလှဘဲ ထမင်းကို ဟန်ဆောင်ကာ စားနေရ၏။

အမေသည် သံယောဇဉ် ကြီးလှသည်။ ခင်ပွန်း ယောကျာ်း၊ သားသမီးတို့အပေါ်၌ ချစ်ခင် တွယ်တာခြင်းမှာ ရှားမှရှား မေတ္တာမျိုး ဖြစ်သည်။ အဖေ နယ်ထွက်သွားလျှင် ပြန်မရောက်မချင်း အမေ့မှာ မအိပ်နိုင်၊ မစားနိုင် ကြမန်



www.burmeseclassic.com

www.burmeseclassic.com



ပူနေတတ်သည်။ ညဘက် အိမ်က သားများ ထွက်လည်နေလျှင်လည်း ပြန်မလာမချင်း တပူပူနှင့် ထိုင်စောင့်နေတတ်သည်။ မိုးလင်းက မိုးချုပ် လင်ဖို့၊ သားဖို့၊ သမီးဖို့ စသည်မျိုးများဖြင့်သာ မအားမလပ် အချိန်ကုန်ခဲ့ရသည်။

အမေ၏ သံယောဇဉ်ကြီး၍ အချစ်လွန်၊ အပူလွန်၊ အတွေးလွန်ရာက ဤရောဂါ ဖြစ်လာရသလား မပြောတတ်ပေ။ သည်သံယောဇဉ်တွေနှင့် ခွဲခွာကာ အချိန် ဘယ်လောက်ကြာအောင် ဆေးရုံတွင် နေရမည်ကို အမေ့မှာ မသိရှာ။ အမေ့ကို ဆေးရုံတွင် သွားထားကြမည်ဟု ခေါ်လာကြသော အဖေနှင့် သမီးမှာ အမေ ပြောတာ နားထောင်ရင်း ရင်ထဲ၌ ဆို့နေကြသည်။

အမေသည် ထမင်းကို ဟုတ်တိပတ်တိ မစားဘဲ ပြန်လှဲကာ အိပ်နေသည်။ နှင်းမှုန်များ မကွဲတကွဲတွင် သင်္ဘောကြီးလည်း နှင်းထုကို တိုးထွက်လာသည်။ အဖေ့မှာ နံဘေးက တရိပ်ရိပ် ပြေးနေသော ကမ်းနဖူးများကို ထိုင်ကြည့်နေသည်။

အချိန်မှာ ၁၂ နာရီ ထိုး၍ နေပေပြီ။

စက်ကုန်မောင်း၍ ခုတ်လာသော သင်္ဘောကြီးကား လူအမျိုးမျိုးကို တင်ဆောင်လာသည်။ လူအမျိုးမျိုးကလည်း ကိစ္စအမျိုးမျိုး ပါလာကြသည်။ အလျင်လိုသည့် ကိစ္စထဲတွင် အမေ့ကိစ္စလောက် အလျင်လိုသည့် ကိစ္စမျိုး ရှိမည် မထင်မိ။

ဝေးဝေးရှိ သစ်ပင်တွေ ကြားထဲက မြင့်မား ရပ်တည်နေသော ဝင်းနေသည့် ရွှေတိဂုံဘုရား၊ ပြာနှမ်းနှမ်း သွပ်မိုးဂိုဒေါင်ကြီးများ၊ လွင့်နေသည့် တိုက်တာများ၊ တရိပ်ရိပ် ပြေးသွားနေသော မော်တော်ကား ဓာတ်ရထားများ ရှိလေရာ ကမ်းဘက်သို့ ဦးထိုးကာ စက်ကုန်ဖွင့်လျက် ခုတ်မောင်းနေသည်။ "ရန်ကုန်" ဟူသော အသံကား ခရီးသည်များအား အကြည်ဓာတ် ရှိစေသော်လည်း ရန်ကုန်ကို မြင်ရခါမှ ရန်ကုန်နှင့် မျက်နှာချင်းဆိုင်ရန် ကြောက်ရွံ့သလို ဖြစ်သည်။ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်၍ လာသည်အထိ တုန်၍ လာသည်။ အမေ့အား ကြည့်လိုက်၊ အဖေ့အား ကြည့်လိုက်၊ ရန်ကုန်ကို လှမ်းကြည့်လိုက်နှင့် စိတ်ထဲတွင် လှုပ်ရှားကာ ယောက်ယက်ခတ်လျက် ရှိနေသည်။

သင်္ဘောသည် တံတားသို့ ကပ်လိုက်သောအခါ ဆူဆူညံညံ ဟစ်အော်နေသည့် ကားကြိုများ၏ အသံမှာ သင်္ဘောခန်းထဲသို့ ရောက်လာသည်။

'ဝန်စည်စလယ်တွေ ဝင်ထားနေဖို့ အချိန် မရဘူး၊ ဒီကပဲ တစ်ခါတည်း ကားငှားပြီး ဆေးရုံတန်းသွားမှ ဖြစ်မယ်' ဟု အဖေက ပြောကာ ကားသမားကို ကုလီများ ကြားမှ လိုက်ရှာခေါ်လာသည်။





ရှုပ်ယှက်ခတ်နေသော လူတွေကြားထဲမှ အမေ့လက်ကို ဆွဲကိုင်ကာ ကုန်းပေါ်သို့ ဆင်းခဲ့ကြသည်။ ကားပေါ်တွင် ဝန်စည်စလယ်တွေ တင်ပြီး တံတားလေးသို့ တန်းသွားကြသည်။ တံတားလေးဘက်သို့ မရောက်ဖူး၍ ကားသမားကို နေရာ ပြောပြီး အပို့ခိုင်းရသည်။

ကားမှာ မြို့ထဲမှ ထွက်လာပြီး အရှိန်မြန်မြန်ကြီး မောင်းချလာသည်။ အဖေက ခါးတွင် ပတ်ထားသော သေနတ်ကို ကိုင်စမ်းပြီး သေနတ် မပေါ်အောင် အပေါ်အင်္ကျီစနှင့် ဆွဲဖုံးသည်။ ဒါကို အမေက စောင်းကြည့်ပြီး မျက်စိထဲတွင် မြင်လိုက်ရသည့် သဏ္ဌာန်ကို မနှစ်သက်ကာ မျက်မှောင်ကြီး ကုတ်သွားသည်။

'အဲဟိုဟာကြီးပဲ တံတားလေးဆေးရုံ'

ဒရိုင်ဘာက ပြောလိုက်သည်။ မြင့်မားသော အုတ်တံတိုင်းကြီးကို မြင်ရသည်။ အထဲတွင် ဘာရှိမှန်း မသိ။

ကားသည် တံတိုင်းကြီး၏ အပေါက်ရှေ့တွင် ထိုးရပ်လိုက်သည်။ အပေါက်ဝ တံခါးမှာ အလုံပိတ်ထားသည်။ ဘေးရှိ အဆောင် အပေါက်တစ်ပေါက်မှ လမ်းဘက်သို့ ပြူကြည့်နေသော ပန်ချာပီ ကုလားပုလိပ်ကို တွေ့ရသည်။ အဖေက ကားထဲမှ ဆင်းသွားကာ ကုလားပုလိပ်ကို သွား၍ မေးမြန်းစုံစမ်းသည်။ ကုလား ပုလိပ်က ဆေးရုံဖွင့်ချိန် မဟုတ်၍ မည်သူမျှ ဝင်နိုင်ခွင့် မရှိကြောင်း ပြောပြသည်။ လူမမာ ထားချင်၍ ဘယ်လို လုပ်ရမလဲဟု ပုလိပ်ထံတွင် အကြံဉာဏ် တောင်းရသည်။

'ဒီဆေးရုံက ဆရာဝန်ကြီးလက်မှတ် ပါရင် ဝင်ရမယ်၊ အခုတော့ ဖွင့်ပေးနိုင်ဘူး' ဟု ပြောလိုက်သည်။ အဖေမှာ စိတ်ပျက်ပျက်နှင့် ကားဆီသို့ ပြန်ရောက်လာသည်။ 'ခက်တာပဲ၊ ညနေမှ ဝင်ရရင် ပြန်ဖို့ မမီဘူး' ဟု ပြောကာ ကားအမိုးကို ကိုင်လျက် အကြံရ ကျပ်နေသည်။

'ဆရာဝန်ကြီးဆီ သွားတွေ့ရအောင် အဖေရယ်၊ ဆရာဝန်ကြီး ဘယ်နေ့ [illegible]သို့ မေးကြည့်ပါ' ဟု ပြောလိုက်၍၊ အဖေက အပေါက်ဝသို့ ပြန်လှည့်သွားသည်။ နေမှာ ချစ်ချစ်တောက်အောင် ပူပြင်းနေလေရာ နေပူကြီးထဲတွင် အကြာကြီး ရပ်ကာ အတွင်းက ကုလားနှင့် စကားပြောနေရပြန်သည်။

'ဒီဆေးရုံက လာချင်တိုင်း လာလို့ မရဘူးနဲ့ တူတယ်၊ ကျပ်တယ် ထင်တယ်'

ဒရိုင်ဘာက အဖေတို့ကို လှမ်းကြည့်ရင်း ပြောလေသည်။ အမေလည်း ဒရိုင်ဘာကို စိန်းစိန်းဝါးဝါး ကြည့်လိုက်သည်။ ခေါင်းမှာ ဆတ်ခနဲ [illegible]ပြီး မျက်မှောင်ကြီး ပြန်ကုတ်ထားသည်။ အမေသည် "ကျပ်တယ်... ကျ[illegible]" ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးမျိုးကို မနှစ်သက်။ "ကျပ်" ဆိုလိုက်သော စကားလုံးကို အဓိပ္ပာယ် ကောက်ယူချင်သလို ကြံဖန် ကောက်ယူကာ အတွေးနက်နေသည်။

ကုလားပုလိပ်ထံမှ ရခဲ့သော လိပ်စာအတိုင်း ဆရာဝန်ကြီးအိမ်သို့ မောင်းလာကြသည်လည်း အမေက ဂရုမထား။ သပ်ရပ်ခမ်းနားသော တိုက်ဆင်ဝင်ကြီးအောက်၌ ကားရပ်ပြီး ဆင်းပါဆိုလို့သာ အမေ့မှာ ဆင်းလိုက်ရသည်။ ဧည့်ခန်းနှင့် ထမင်းစားခန်း နှစ်ဆောင်ကြားရှိ အဝင်အဝ အဆောင်၌ ရပ်နေလိုက်ကြလျှင် အမေလည်း ရပ်နေသည်။ အတွင်းမှ ကရင်မကလေး ထွက်လာပြီး အဖေနှင့် စကားပြောကြသည်ကိုလည်း အမေ့မှာ သိသလို၊ ကြားသလို၊ မြင်သလို အမူအရာမရှိ။ အမေ၏ မျက်စိကို မဆွဲဆောင်နိုင်ကြ။ အမေ၏ အာရုံကို မတိုးနိုင်ကြ။ ထိုအတွင်း လှေကားမှ မျက်နှာဖြူဘိုကြီး ဆင်းလာကာ အနားရောက်သည့်အထိ အံ့အားသင့်စွာ လျှောက်လာပြီး၊ အဖေနှင့် စကားပြောကြပြီးနောက် ဧည့်ခန်းထဲသို့ ခေါ်သွားသည်အထိ အမေသည် ဘယ်ဒင်းမှ ကြည့်ခြင်း၊ သိခြင်း၊ ကြားခြင်း အာရုံ အလှုပ်ရှား မပြုလေဘဲ ခေါင်းထဲတွင် "ကျပ်" ဆိုသည့် စကားတစ်လုံး နှောင့်ယှက်နေခြင်းကို တိုက်ခိုက် ဖယ်ရှားနေပေတော့သည်။

ဆရာဝန်ကြီးမှာ အသက် ၅၀ ခန့် ရှိပေမည်။ အသားက နီသလို ဆံပင်များလည်း နီနေသည်။ ပြာနေသော မျက်လုံးများနှင့် စူးရှစွာ အမေ့ကို စိုက်ကြည့်နေသည်။ ရှပ်ဖြူလက်တို၊ ဘောင်းဘီအရှည်အဖြူ ဝတ်ထားကာ ကုလားထိုင်နောက်ကိုမှီလျက် လက်ပိုက် ခြေချိတ်ပြီး ထိုင်နေသည်။ အမူအရာမှာ အသက်ကြီးသော်လည်း ကျန်းမာ နုပျို ဖျတ်လတ်နေသည်။ အဖေ ပြောပြနေသည်ကို နားထောင်ရင်း တစ်ချက်တစ်ချက် ခေါင်းကို ညိတ်သည်။

'နိုင်ငံရေးလည်း အင်မတန် ဝါသနာပါတယ်။ ဒိုင်အာခီ၊ ဟုမ္မရူးခေတ်၊ ဂျီစီဘီအေခေတ်က စပြီး နောက်ဆုံး တွဲရေးခွဲရေးခေတ်အထိ သူ သဘောကျတဲ့ ဘက်က စိတ်အားထက်သန် ဆောင်ရွက်တယ်။ ဒီလို ဖြစ်တာကတော့ တောမှာ တွဲရေးဘက်က လူက ခွဲရေးဘက်က လူကို လှံနဲ့ လိုက်ထိုးတယ်လို့ သတင်းကြားကြားချင်း ဒီသတင်း ကြားတဲ့ အချိန်က စပြီး မငြိမ်မသက် ဖြစ်လာတယ်။ ကြောက်တတ်လန့်တတ် ဖြစ်လာတယ်။ သွေးလန့်ပြီး စိတ်ထိခိုက်သွားပါတယ်။ လှံနဲ့ လိုက်အထိုးခံရတဲ့ လူက သူ့အစ်ကိုပါပဲ'

ဆရာဝန်ကြီးအား အမေ၏ အတိတ်ရာဇဝင်ကို အဖေက ဇာတ်ကြောင်းပြန် ပြောပြနေသည်။ ဆရာဝန်ကြီးမှာ အဖေ ပြောနေသည်ကို နားစိုက်ထောင်နေရင်း တစ်ချက် တစ်ချက်တွင် လိုအပ်သည့် မေးခွန်းရှိလျှင် ဖြတ်မေးလိုက်ပြီး စိတ်ဝင်စားစွာ ငြိမ်စိုက် နားထောင်သည်။





'သတိလည်း မလစ်ပါဘူး၊ အကုန် သိပါတယ်။ အမှားမှား အယွင်းယွင်း ဘာမှ မရှိပါဘူး။ အိပ်ရာထဲမှာ အမြဲပဲ အိပ်နေပါတယ်။ သူ့စိတ်ထဲမှာ အထင်များ အမြင်များလည်း ဖြစ်နေတယ်။ တွေးပြီး ကြောက်လန့် စိုးရိမ် ပူပန်နေတယ်။ ပိုက်ဆံတွေရော၊ လက်ဝတ်လက်စားတွေရော ဘယ်ပစ္စည်းမဆို ပေးချင်တဲ့သူကို ပေးပစ်ပါတယ်။ စကားလည်း သိပ်မပြောတော့ပါဘူး၊ အစာလည်း ကောင်းကောင်း မစားပါဘူး၊ အိပ်ပျော်တယ်ရယ်လည်း မရှိပါဘူး။ အခုလည်း ငွေ [illegible]သောင်း ပေးရမယ် တောင်းလို့ ဒီဆေးရုံကို လိုက်ရင် တစ်သောင်းပေးမယ် ဆိုပြီး ခေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့ နယ်က လာရတာပါ၊ အခု သင်္ဘောဆိပ်က တစ်ခါတည်း တန်းလာတာပါ၊ ဒီနေ့ည သင်္ဘောနဲ့ ပြန်ရပါမယ်။ ဒီဆေးရုံ အကြောင်း စုံစမ်းနေဖို့လည်း အချိန်မရပါဘူး၊ ချက်ချင်းပဲ လိုက်လာခဲ့ရတယ်။ မမကို သနားပြီးတော့ ဒီနေ့ပဲ ခင်ဗျား စစ်ဆေးပြီး လက်ခံနိုင်ရင် လက်ခံစေလိုပါတယ်'

ဆရာဝန်ကြီးမှာ စဉ်းစားကာ တွေနေသည်။ အမေသည် ဆရာဝန်ကို တစ်ချက်မှ မကြည့်ဘဲ စိုက်မိစိုက်ရာ ငေးငိုင်နေသည်။ ဆရာဝန်ကြီးက အမေ့ကို စိုက်ကြည့်နေရာမှ မတ်တတ် ထ ရပ်လိုက်သည်။ ခြံဝင်းထဲမှ ဒရိုင်ဘာကို ခေါ်ကာ ကားထုတ်ခိုင်းလိုက်သည်။

"ဆေးရုံသို့ သူ လိုက်ခဲ့မယ်၊ သွားကြရအောင်" ဆို၍ ဝမ်းသာအားရ ဆရာဝန်ကြီးအိမ်မှ ထွက်လာကြသည်။ ဆေးရုံသို့ ရောက်လျှင် ပုလိပ်များက [illegible]ပ္ပာသလဲ တံခါးကြီးကို ဖွင့်ပေးကြသည်။ ကားများ အထဲဝင်မိလျှင် တံခါးကြီးကို ပြန်ပိတ်လိုက်သည်။

စိတ်ရောဂါကု ဆေးရုံ အတွင်းသို့ ယခုမှပင် ဝင်ဖူး၍ ဘယ်ကို ကြည့်ရမှန်းပင် မသိအောင်ဖြစ်ကာ မြင်မြင်သရွေ့ အကုန်လုံးကို ကြည့်လိုက်ကြသည်။

တံတိုင်းတွင်း၌ များလှစွာသော တိုက်တာ အဆောက်အအုံများ၊ နှစ်ထပ်တိုက် တန်းလျားကြီးများ၊ တစ်ထပ်တိုက်ပုပုများကို ဟိုနေရာ ဒီနေရာ တကွဲ တပြားစီ တွေ့ရသည်။ အုတ်နီရောင် အဆောက်အအုံတွေမှာ ထုထည်ကြီးမားပြီး ဆေးရုံသဏ္ဌာန် ပေါ်သည်။ အဆောက်အအုံ တစ်ခုနှင့်တစ်ခု ကူးရန် လုပ်ထားသော မြေလမ်းကလေးများကို သွပ်မိုးထားသည်။ စင်္ကြံလမ်း နှစ်ဖက်တွင် ပန်းပင်များကို တန်းစီကာ ညီညီညာညာ စိုက်ထားသည်။ ပန်းပင်တွေမှာ ဝေဝေဆာဆာ ပွင့်လျက်။ အဆောက်အအုံများ နောက်တွင် အုတ်တံတိုင်းကြီး တစ်ခုကိုပင် တွေ့ရသည်။ လူသူရှင်းကာ စိမ်းလန်းသော သစ်ပင်များပေါ်က ကျေးငှက်များ၏ အသံသာ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက အဆောက်အအုံ တစ်ခုထဲသို့ ခေါ်သွားသည်။ တံခါးဝ၌ စောင့်နေသော ပုလိပ်က ပျာပျာသလဲ တံခါးဖွင့်ပေးလိုက်သည်။

အခန်းထဲရှိ စားပွဲကြီးထိပ်တွင် ဆရာဝန်ကြီးက ထိုင်ကာ စားပွဲရှေ့ ကုလားထိုင်များတွင် ထိုင်ခိုင်း၍ ထိုင်ကြရသည်။ အခန်းထဲတွင် မှန်ဗီရိုများ ရှိသည်။ စားပွဲခုံသေးများကို နံရံနှင့် ကပ်ထားသည်။ စားပွဲခုံသေးများမှာ ဆေးရောင် မသုတ်၊ ရေနှင့် နေ့စဉ် တိုက်ပွတ်ထား၍ ဖုန်မှုန့် မရှိဘဲ ခြောက်ခြောက်မွဲမွဲနှင့် ဖြူနေသည်။

ဆရာဝန်ကြီးက စာရွက်ပေါ်တွင် စာရေးကာ ခေါင်းလောင်းနှိပ်ပြီး အပေါက်ဝက ပုလိပ်ကို ခေါ်ပေးသည်။ မကြာမီ သင်္ကလတ်အင်္ကျီ အညို၊ ရေနံရောင် ဖန်ကောက်လုံချည်၊ ခေါင်းပေါင်း ပန်းရောင်နှင့် လူပုပုတစ်ယောက် ဝင်လာသည်။

ဆရာဝန်ကြီးသည် ကုလားထိုင်မှ ထလိုက်ပြီး မှန်ဗီရိုလေးထဲက တုတ်တံ နှစ်ချောင်း ထုတ်ယူလာကာ အမေ့အား ကုလားထိုင်မှ ထ စေသည်။ အမေ၏ ဒူး၊ လက်၊ တံတောင်၊ လက်ပြင်ရိုး စသည်တို့ကို မနာမကျင် ခေါက်ကြည့်သည်။ တစ်ဖန် နားကျပ်နှင့်လည်း ရင်ညွန့်ကို ထောက်ပြီး စမ်းသပ်ကြည့်သည်။ ဆရာဝန် ကြီးက အမေအား သူ မေးလိုသည့် မေးခွန်းများကို အခန်းထဲသို့ ဝင်လာသော ဆရာဝန်ကလေးနှင့် တစ်ဆင့် ဘာသာပြန်ခိုင်းပြီး စစ်မေးသည်။

'ဆရာဝန်ကြီးက ဘယ်လို ဖြစ်သလဲလို့ မေးပါတယ်၊ အဒေါ် ပြောပြ လိုက်ပါ'

သာယာ ညင်းပျောင်း ချော့မော့ပြောသည့် အသံမျိုးနှင့် ဆရာဝန်ကလေး က ပြောလေသည်။ အမေသည် အဖေနှင့် သမီးကို ကြည့်ကာ ငိုင်နေ၍ ပြောပြ လိုက်ပါဟု တိုက်တွန်းကြရသည်။

'ကျွန်မ သိပ်တော့ နေမကောင်းဘူး၊ လူသံသူသံလည်း မကြားချင်ဘူး။ ခုတစ်မျိုး ခုတစ်မျိုး စိတ်ထဲမှာ ဖြစ်တယ်။ တစ်ခါတစ်ခါ အသံတွေကို နားထောင် လို့ ရတယ်၊ တစ်ခါတလေလည်း မရဘူး'

အမေသည် စကားကို တစ်ဆက်တည်း သွက်သွက်လက်လက် မပြောဘဲ ဖြည်းဖြည်းဆေးဆေး ဆိုင်းနားပြောသည်။ ပြောနေရင်းပင် ဆက်ပြောရမှာ ဆွံ့နေ သည်။ တစ်ချက်တစ်ချက် ခေါင်းတုန်သွားကာ မျက်တောင်များ တဖျပ်ဖျပ် ခတ်လျက် ဆုတ်ဆိုင်းသွားပြီးမှ ဆက်ပြောသည်။

ဆရာဝန်ကလေးက ဆရာဝန်ကြီးကို ဘာသာပြန်ပြောသည်။ ဆရာဝန် ကြီးလည်း နောက်ထပ်မေးရန် မေးခွန်းကို စဉ်းစားပြီး မေးခိုင်းသည်။





'စိတ်ထဲမှာ ဘယ်လို ဖြစ်နေသလဲလို့ မေးနေပါတယ်၊ အဒေါ် ပြောပါဦး'

အမေသည် တစ်ကြိမ်က နှစ်ကြိမ် ထပ်ထပ် မေးနေသည်ကို ချက်ချင်း မဖြေဘဲ၊ ပြောလိုက်ပါဟု ငိုင်းပြောတော့မှ ဖြေသည်။

'စိတ်ထဲမှာ အမြဲ ရှုတ်နေရတယ်'

'ဆရာဝန်ကြီးက ဘာတွေ ရှုတ်နေရသလဲ၊ ဘာဖြစ်လို့ ရှုတ်သလဲလို့ မေးနေတယ်။ ပြောလိုက်ပါ အဒေါ်'

အမေသည် တော်တော်နှင့် အဖြေမပေးပေ။ အတန်တန် မေးမှပင် ဖြေလေ သည်။ အမေ၏ ဖြေလိုက်သော အသံမှာ ဆုတ်နစ်သော အသံ၊ ပင်ပန်း မောဟိုက် သော အသံမျိုး ဖြစ်သည်။

'ကျွန်မ သားတွေ၊ သမီးတွေ အားလုံး အားလုံး ကောင်းအောင်၊ ချမ်းသာ အောင် အမြဲပဲ ရှုတ်နေရတယ်။ ကျပ်တယ်လို့ ကြားလိုက်ရင် မကျပ်ဘူး၊ မကျပ် ဘူးလို့ ရှုတ်နေရတယ်' ဟု တုန်တုန်ယင်ယင် ပြန်ပြောလိုက်ရာ၊ ဆရာဝန်ကြီးက ဆက်မမေးရန် လက်ပြလိုက်သည်။

အမေ့အား ဆေးရုံတွင် ထားရန် ဆရာဝန်ကြီးက လက်ခံလိုက်သည်။ အမေ၏ ရောဂါမှာ ကုသ၍ မြန်မြန် ပျောက်နိုင်စရာ ရှိသည်ဟု ထင်မြင်ချက် ပေးသည်။

ဘယ်အခန်းတွင် ထားမည်လဲ မေး၍ ပထမခန်းတွင် ထားမည်ဟု ပြောရ သည်။ ဆေးရုံ၏ စည်းကမ်းချက်၊ ကုသပုံများကို အနည်းအကျဉ်း ဆရာဝန် ကလေးက ပြောပြရင်းက 'ရန်ကုန် ပုလိပ်မင်းကြီး လက်မှတ်ပါသလား' ဟု ဖြတ်မေးလိုက်သည်။ အဖေက သဘောဆိပ်က တန်းလာကြောင်းနှင့် ပုလိပ် မင်းကြီး လက်မှတ်ကို ယူလာရမည် မသိကြောင်း၊ နယ်က လက်မှတ်များ ပါလာ ကြောင်း ပြောပြလေသည်။

'ခက်တာက အမွေအမှုတွေ၊ ဘာတွေအတွက်နဲ့ ရူးတယ်ဆိုပြီး ဒီအထဲမှာ လာပြီး ပိတ်လှောင် မထည့်နိုင်အောင် ပုလိပ်မင်းကြီးရဲ့လက်မှတ် ပါရတယ်၊ ဆရာဝန် စစ်ရုံနဲ့ ဥပဒေက မပြီးဘူး။ ပုလိပ်မင်းကြီးက သူ ယုံကြည်တယ်ဆိုတဲ့ ထောက်ခံချက်ရမှ ဆေးရုံက လက်ခံရတယ်။ အခုဆိုတော့ လက်မခံနိုင်သေးဘူး'

အဖေ့မှာ ခရီး တော်တော်ရောက်ခါမှ နောက်ဆုံးတွင် ထစ်နေသည်ကို အကြီးအကျယ် စိတ်ပျက်သွားသည်။ အချိန်မှာလည်း ညနေ လေးနာရီ ထိုးတော့ မည် ဖြစ်၍ မကြံတတ်အောင် ဖြစ်နေသည်။

အကြောင်းကြောင်း အခြေအနေကို သက်ညှာသည့်သဘောနှင့် ဆရာဝန် ကြီးက အကြံဝင်ပေးသည်မှာ 'လူနာကိုတော့ ဒီမှာပဲ ထားခဲ့ပါ၊ သူ နေရမယ့်



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ဒီဆရာဝန်က သွားပို့ထားလိမ့်မယ်။ ခင်ဗျားက အခု မြို့ထဲကို ပြန်သွားပြီး ပုလိပ်မင်းကြီး လက်မှတ်ရအောင် သွားယူပါ။ လက်မှတ်ရအောင် ယူပြီး ပြန်လာပို့ပါ။ ပုလိပ်မင်းကြီးဆီကို လက်မှတ် ပေးလိုက်ဖို့ စာတစ်စောင် ရေးပေးလိုက်မယ်' ဟု ပြောကာ စာတစ်စောင် ရေး၍ ပေးလေသည်။

ဆရာဝန်ကြီးလည်း စာကို ပေးပြီးနောက် နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။ 'ကျွန်တော့်သမီးကို ဒီမှာပဲ ထားခဲ့ပါရစေ၊ ပုလိပ်မင်းကြီးကို ဒီစာ သွားပေးပြီး ဟိုက လက်မှတ် ယူခဲ့ပါမယ်' ဟု ပြောသောအခါ ဆရာဝန်ကလေးက 'ထားခဲ့ပါ၊ လက်မှတ်သာ ယူခဲ့ပါ' ဟု ပြောကာ အဖေ့အား အချိန်မကုန်အောင် အမြန်သွားစေသည်။

'သမီးနဲ့ အတူနေနော်' ဟု အဖေသည် အမေ့ကို နှုတ်ဆက်ကာ အခန်းထဲက ကမန်းကတန်း ထွက်သွားလေသည်။

၆

ဆရာဝန် ခေါ်ရာနောက်သို့ အမေ့လက်ကို တွဲကာ လိုက်သွားရသည်။ နောက်မှ အမေ့ယူနီဖောင်း သေတ္တာကြီးကို ကုလားတစ်ယောက် ထမ်းယူလာသည်။ အဆောက်အအုံများကို ဖြတ်ကာ လူသွားလမ်းမှ ကွေ့ချိုးသွားရာ၊ အုတ်တံတိုင်းကြီး ကာထားသော နေရာရှေ့သို့ ရောက်သွားသည်။ ဆရာဝန်က တံခါးတွင် တပ်ထားသော သံကွင်းနှင့် သစ်သားကို ခေါက်လိုက်သည်။ တံခါးရွက် တစ်ဖက်မှ တံခါးပေါက်ကလေးကို အထဲက ဖွင့်ပေးသည်။ ဆရာဝန်က နောက်ဆုံးမှ ကုန်းဝင်ပြီး အမေ့သေတ္တာကို ဧည့်ခန်းမှာ ခဏ ထားလိုက်ဦးဟု ကုလားကို လှည့်ပြောလိုက်သည်။

တစ်တိုင်းပြည်မှ တစ်တိုင်းပြည်ကို လျှောက်သကဲ့သို့ စိတ်ထဲတွင် တစ်မျိုးတစ်မည်ကြီး ဖြစ်သွားသည်။ သည်အထဲတွင်လည်း အဆောက်အအုံတွေ ရှိပြန်သည်။ အဆောက်အအုံတွေမှာ ဆေးရုံတန်းလျားပုံစံ၊ အိမ်ပုံစံများအပြင် သံဆန်ခါကြီးတွေနှင့် ပိတ်ကာထားသည့် တိုက်ရုံကြီးတွေလည်း ရှိသည်။ ဆရာဝန်က 'ဒါက မိန်းမတွေ ထားတာ၊ အပြင်ဘက်က ယောကျ်ားတွေ ထားတာ' ဟု ပြောပြသည်။

စိမ်းလန်းသော မြက်ခင်း၊ သစ်ပင် ပန်းပင်များကို အပြင်ဘက်က အတိုင်းပင် သာသာယာယာ ပြုလုပ်ထားသည်။ ပိတ်အင်္ကျီအဖြူ ချည်ကြမ်းလုံချည်ကို ဆင်တူဝတ်ကာ သွားလာနေကြသော ကြီးကြီးငယ်ငယ် မိန်းမများကို တွေ့ရသည်။

သူတို့ဟာ လင်တွေသတ်၊ လူတွေ သတ်ပြီး သွေးပျက် စိတ်နောက်သွားလို့





ဒီမှာ ကုဖို့ ပို့ပြီး၊ ပျောက်တော့ ဒီမှာ ပြန်ပြီး ထောင်ချထားတဲ့ နှစ်ကြီးသမားတွေဖြစ်ကြောင်း ဆရာဝန်က ပြောပြ၍ သိရသည်။ အကျဉ်းသမားမ တွေ၏ မျက်နှာများမှာ ကြမ်းတမ်း ခက်ထရော်ကာ မထိမ့်မြင် အမူအရာများ တွေ့ရသည်။ သူတို့ကား အပြင်လောကကြီးနှင့် အုတ်တံတိုင်းကြီး နှစ်တန် ခြားနေရသည်။ ထောင်အလုပ်ကြမ်းကို လုပ်ကာ ဒီအထဲတွင် ပိုက်ဆံပေး၍ လာရောက် ကုသနေသည့် အရူးများ၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြုနေရသည်။ ရူးသွပ်သောဆဒနာ ပျောက်ကင်းသည် ဆိုရသော်လည်း အပြင်သို့ မထွက်နိုင်ဘဲ၊ နေ့ရှိသရွေ့ အရူးတွေနှင့် ဆက်ဆံကာ နေကြလေသဖြင့် သူတို့၏ စိတ်နေသဘောကို မှန်းဆကြည့်ကာ သနား ကြင်နာမိသည်။ သူတို့မှာ ပျောက်ကင်းသည် ဆိုရသော်လည်း သူတို့ ကြည့်ပုံ၊ သွားပုံ၊ လာပုံမှာ လူကောင်းနှင့် မတူ၍ နောက်တောက်တောက်သော့ ဖြစ်နေဦးမှာပဲဟု တွေးမိသည်။

တိုက်ပုပု သေးသေးကလေး ရှေ့သို့ ရောက်သောအခါ မိန်းမရွယ်ရွယ်တစ်ယောက် ပြေးလာပြီး တံခါး ဖွင့်ပေးသည်။ ဆံပင်ကို နောက်တွဲထုံးကာ ထဘီကို တိုတို ဝတ်ထားသည်။ မျက်စိစွေစွေနှင့် အသားအရေမှာ ညိုမည်းသည်။ အသက်နှစ်ဆယ်ခန့် ငယ်ငယ်ပင် ရှိသေးသည်။ စကားပြောလျှင် ပေါ့ပျက်ပျက်ပြောကာ ဣန္ဒြေတစ်စက်မှ မရှိပေ။ ဆရာဝန်ကို ကြည့်ပြီး ပြုံးစိစိ ပြိတီတီနှင့်ငယ်ဖြဲဖြဲ ဖြစ်နေ၍ ဆရာဝန်က မျက်နှာကြီး တည်တည်ထားလျက် ရှေ့ကဝင်သွားသည်။

တိုက်ကလေးမှာ သိပ်မကြီးလှ။ အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ ဒါပဲရှိသည်။ ဧည့်ခန်းတွင် ကြိမ်ကုလားထိုင်နှင့် စားပွဲရှိသည်။ အိပ်ခန်းတွင် ခုတင်၊ ခုံတစ်ခုံနှင့် ဗီရိုတစ်လုံး ရှိသည်။

ဆရာဝန်က 'စိန်ခင်၊ ဆရာမကို သွားပြောလိုက်' ဟု အမိန့်ပေးသည်ကို စိန်ခင်က ဆရာဝန်အား မျက်စောင်းထိုးလျက် မဲ့ရွဲ့ပြကာ ပြေးထွက်သွားသည်။

'ဒီမှာ နေရမယ်၊ တော်တော်ကြာတော့ ဆရာမတွေ လာပြီး အိပ်ရာ၊ ခေါင်းအုံး အကုန် စီစဉ်ပေးလိမ့်မယ်။ အခေါ်အတွက် အစစ အရာရာ ဘာမဆို စိန်ခင်က လုပ်ပေးလိမ့်မယ်။ ကျွန်တော်တို့ ဒီအထဲမှာ ကြာကြာနေလို့ မရဘူး၊ သွားမယ်' ဟု ပြောကာ ဆရာဝန်မှာ နေရာချထားပြီး ထွက်သွားတော့သည်။

တိုက်အိမ်ကလေးတွင် လူသစ်ရောက်၍ အကျဉ်းသမများ ဖြတ်လျှောက်သွားရင်း အပေါက်ဝက ပြူပြူကြည့်ကြသည်။ အမေသည် နွမ်းနယ်ကာ ကုလားထိုင်တွင် ပန်းလျစွာ ထိုင်လျက် ညှိုးညှိုးမှိုင်မှိုင် ဖြစ်နေသည်။

'အမေ ... ကောင်းတယ်နော်၊ တိတ်ဆိတ်တယ်၊ ကြိုက်ရဲ့လား အမေ'



www.burmeseclassic.com

www.burmeseclassic.com



အမေက ခေါင်းညိတ်ကာ 'ဒီမှာ အမေတို့ ကြာကြာ မနေဘူးနော်၊ လေးငါးဆယ်ရက်ပဲ နေပြီး ပြန်ကြမယ်နော်'

အမေ့ကို ရုတ်တရက် ပြန်မပြောနိုင်အောင် တစ်ဆို့နေသည်။

'မြန်မြန် ပြန်တာပေါ့၊ အကြာကြီး ဘယ်နေမလဲ' ဟု နှစ်သိမ့်ရသော်လည်း ရင်ထဲ၌ကား မချမ်းသာ။

မျက်နှာဖြူ ဆရာမလေးတစ်ယောက်နှင့် စိန်ခင်တို့ ရောက်လာပြီး အခန်းကို ပြင်ဆင်ကြသည်။ အိပ်ရာများ ခင်းကျင်းပြီးနောက် အမေ့အား ခုတင်ပေါ်တွင် ထိုင်စေသည်။ ဆရာမလေးက အမေ့ခေါင်းကို ရှင်းဖြီးကာ ကျစ်ဆံမြီး ကျစ်ပေးသေးသည်။ စားချိန်၊ အိပ်ချိန် စသည့် အကြောင်းများ လျှောက်မေးကြည့်သည်ကို ဆရာမလေးက ခေါင်းဖြီးရင်း ပြန်ပြောပြသည်။ အမေသည် မကြည်မသာနှင့် အိပ်ရာပေါ်တွင် လှဲချလိုက်ကာ မျက်စိမှိတ်ထားသည်။

အလုပ်ကိစ္စများ ပြီးလျှင် ဆရာမလေး ထွက်သွား၍ စိန်ခင်သာ ကျန်ရစ်ခဲ့သည်။ အပြင်ဘက် ဧည့်ခန်းသို့ စိန်ခင်နှင့်အတူ ထွက်ခဲ့ကြသည်။

'အမေ့ကို ဂရုစိုက်ပါနော်၊ ကျေးဇူး မမေ့ပါဘူး'

'စိတ်ချပါ၊ ကြည့်ပါမယ်ရှင့်။ အဝတ်သေတ္တာကော...'

'အပြင်မှာ ထားခဲ့ရသေးတယ်။ ရှင်က အကျဉ်းသမားလား'

'ဟုတ်တယ်၊ ကျွန်မ လင်ကို ဓားနဲ့ ထခုတ်လို့ စိတ်နောက်တာနဲ့ ဖမ်းလာပြီး ဒီအထဲ ထည့်ထားတာ။ ဆယ်နှစ် နေရမယ်၊ ရွာပြန်ဖို့ အပုံကြီး လိုသေးတယ်'

စိန်ခင်သည် ကိုယ်ကို ယိမ်းထိုးကာ မျက်ခုံးမျက်စ ချီပြီး အသံစာစာနှင့် ပြောသည်။

'ယောကျ်ားကကော...'

'ခုတ်လိုက်တော့ သေတာပေါ့'

စိန်ခင်အား ဆက်မမေးချင်တော့ဘဲ 'ဟိုဘက်က တိုက်က ဘာလဲ' ဟု လွှဲမေးလိုက်ရသည်။

'အဲဒါ ဒုတိယခန်း၊ သွားကြည့်ပါလား၊ ကျွန်မ ဒီမှာ စောင့်နေမယ်'

စိန်ခင်၏ တိုက်တွန်း ညွှန်ပြချက်အရ တစ်ဖက်က အဆောက်အအုံရှိရာသို့ လျှောက်လာခဲ့သည်။ အခန်းများ သူ့အခန်းနှင့်သူ ခြားထားပြီး စိတ်နောက်သူများကို ထည့်ကာ တံခါးကို သော့နှင့် အပြင်ဘက်က ခတ်ထားသည်။ အခန်းထဲတွင် သံခုတင် တစ်လုံး၊ ဗီရို တစ်လုံး၊ ကုလားထိုင် တစ်လုံးသာ ရှိသည်။





သူနာတွေမှာ ခုတင်ပေါ်တွင် ထိုင်ကာ၊ လှဲကာ ငိုလိုငို၊ ရယ်လိုရယ်၊ အဝတ်အစား ကပ်သူကပ်၊ မကပ်သူ မကပ်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြသည်။

လူလျှောက်လာသံ ကြား၍ လူနာ မိန်းကလေးတစ်ဦး တံခါးဝသို့ ထပြေးလာသည်။ သံတိုင်ကို လက်နှင့် ဆုပ်ကိုင်ပြီး မျက်နှာနှင့် အပ်ကာ 'ပြန်ခေါ်ပါ၊ လိုက်ပါရစေ၊ ပြန်ခေါ်ပါ' နှင့် ဟစ်အော်ကာ ရှိုက်ကြီးတငင် ငိုလေသည်။ အခန်းတစ်ခန်းတွင် မိန်းမရွယ်ရွယ် တစ်ယောက် အဝတ် မကပ်ဘဲ နတ်ဝင်သည်လို ခေါင်းတဒိုးဒိုးနှင့် က နေသည်။ အဆောက်အအုံ တစ်ခုလုံး ငိုသံ၊ ရယ်သံ၊ ရှိုက်သံ၊ ဆဲသံ၊ ဆိုသံတို့ဖြင့် ဆူညံနေပေသည်။ တရုတ်မ၊ ဘိုမ၊ မြန်မာမ လူမျိုးစုံရှိ၍ လူမျိုးစုံ စကားအသံနှင့် မသာမယာ ကျွက်ကျွက်ညံနေသည်။

ထိုအဆောက်အအုံမှ ထွက်ခဲ့ကာ လူသွားလမ်းအတိုင်း အခြား အဆောက်အအုံသို့ ရောက်သွားပြန်သည်။ အခန်းထဲ၌ ငြိမ်းငြိမ်းတမ်းတမ်း မဟုတ်သော ငြိမ်သက်သော စိတ်မကောင်းသူများကို သွားတွေ့ရသည်။ အခန်းကြီးက ကျယ်ဝန်းသည်။ စန္ဒရားလည်း ရှိသည်။ ကုလားထိုင်၊ စားပွဲ၊ ပန်းအိုး၊ စာအုပ် စသည့် အသုံးအဆောင်များ ထားကာ ကျကျနန ပြင်ဆင်ထားသည်။ အချို့က စန္ဒရား တီးနေသည်။ အချို့က စာဖတ်နေသည်။ အချို့က ကမ္ဘာ့ဗ္ဗာန်း ထိုင်သလို ထိုင်နေသည်။ စိတ်ဝင်စားရာ ကိုယ်လုပ်ချင်တာ အေးအေးဆေးဆေး လုပ်နေကြသည်။ သူတို့မှာ ယဉ်ယဉ်ကလေး နောက်နေသူများ ဖြစ်၍ လွတ်လပ်စွာ နေထိုင်ခွင့်ရဟန်ရှိသည်။

ဆရာမများ၊ ဆရာဝန်များသာ အထဲ ဝင်နိုင်သည်။ ဤတံတိုင်းထဲသို့ အပြင်က လူများကို ဝင်ခွင့်မပေး။ ကိုယ့်လူမမာ တွေ့ချင်လျှင် တံတိုင်းအပြင်က အဆောက်အအုံ ဧည့်ခန်းဆောင်တွင် ထိုင်စောင့်နေရသည်။ ဆရာမများက လူမမာကို အပြင်သို့ ထုတ်လာကြသည်။ (ဆေးရုံ ဆရာဝန်ကြီး၏ ကျေးဇူးကြောင့် ကြည့်ဖူး မြင်ဖူး၊ ရောက်ဖူး ပေါက်ဖူး ရသည်။) လွတ်လပ်စွာ အထဲ၌ လျှောက်ကြည့်နေရင်း စိတ်ထဲ၌ မချမ်းသာလှတာနှင့် အမေ့နေရာသို့ ပြန်လာခဲ့သည်။

အမေသည် မထဘဲ အိပ်နေသည်။ 'အမေ ဆာသလား' ဟု အသံပြုလိုက်မှ ထ ထိုင်သည်။ အမေသည် အပြင်ခန်းသို့ ထွက်ထိုင်သည်။ စိန်ခင်က အမေ့အား စကားစမြည် ပြောကြည့်သော်လည်း စိန်ခင်ကို မကြိုက်ဘဲ မျက်နှာချင်းပင် မဆိုင်ပေ။ အမေသည် အပေါက်ဝနှင့် တည့်နေသော ဆေးရုံတံခါးကြီးကို မျက်နှာပြုကာ ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ပေါက်လာကာ အမေ့အား နို့တစ်ခွက် လာတိုက်သည်။ ထိုအချိန်၌ တဒေါင်ဒေါင် ခေါက်လိုက်သော သံချောင်းသံကို ကြားရသည်။ အချိန်မှာ ငါးနာရီ ထိုးလေပြီ။

'ရှင် သွားတော့၊ အချိန်စေ့ပြီ၊ ဒီအထဲမှာ အပြင်လူ မနေရဘူး'

ဆရာမလေးက အချိန်စေ့၍ အပြင်ထွက်ရန် သတိပေးလိုက်သည်။

'အဖေလည်း မလာသေးလို့ ခဏ နေပါရစေဦး'

'နေလို့ မရဘူး၊ သံချောင်းခေါက်နေပြီ၊ အပြင်ကို ထွက်ပါတော့'

အမေ့ကို ထားခဲ့ကာ အပြင် ထွက်ရတော့မည် ဖြစ်၍ မရှိတင်ကဲ ဖြစ်မိသည်။ အမေ့အား ဘယ်လို နှုတ်ဆက်ရမှန်း မသိပေ။ "သွားတော့မယ်" ဟု နှုတ်ဆက်၍ကား မဖြစ်။ သို့ဖြင့် 'အမေ သေတ္တာယူဖို့ အပြင် ခဏသွားဦးမယ် နော်' ဟု လေသံပျော့ပျော့ကလေးနှင့် ပြောလိုက်ရသည်။ ဘာမှန်းမသိသော အမေက ခေါင်းညိတ်ကာ ခွင့်ပြုလေသည်။

ဆရာမလေးက တနင်တည်း နှင်နေသည်။ အမေ့အား အားရပါးရ စိုက်ကြည့်ပြီးနောက် တိုက်ကလေးထဲမှ လေးကန်စွာ ထွက်လာခဲ့သည်။ ဆေးရုံ တံခါးဝသို့ ရောက်သည့်အခါ 'သမီး... ရေ... ' ဟု ဟစ်ခေါ်လိုက်သော အမေ၏ အသံကို ကြားရ၍ နောက်ပြန်လှည့်ကြည့်လိုက်သည်။

'အမေ့ကို ဒီမှာ ထားခဲ့တာဆို၊ အမေပါ လိုက်ပါရစေ သမီးရဲ့၊ မထားခဲ့ပါနဲ့'

အမေသည် ငယ်သံပါအောင် လှိုက်လှိုက်လှဲလှဲ ဟစ်အော်ကာ အပေါက်ဝမှ ပြေးထွက်လိုက်ရန် ကြိုးစားနေသည်။ စိန်ခင်နှင့် ဆရာမလေးက အမေ့အား မထွက်နိုင်အောင် ဖက်ချုပ်ထားကြသည်။

'သမီးရေ ...အမေ့ကို ထားခဲ့တာလား၊ လုပ်ရက်လေခြင်းနော်'

အမေ၏ အသံမှာ အသည်းနှလုံးက ပွင့်ထွက်လာသော အသံဖြစ်သည်။ ဘယ်နည်းနှင့်မျှ ရပ်ကြည့်နေ၍ မဖြစ်နိုင်တော့ဘဲ အမေ့ထံသို့ လှည့်ပြေးမည့် အလုပ် တံခါးစောင့် ကုလားမကြီးက လှမ်းဆွဲထားကာ တံခါးမှ ထွက်သွားရန် အတင်း တွန်းထုတ်သည်။ တံခါးကြီးကို ဟ ကာ သူ့အားနှင့် တအား တွန်းထုတ် လိုက်ပြီးနောက် တံခါးကို ဂျိုင်းခနဲ ပိတ်ကာ သော့ခတ်လိုက်သည်။

အမေ၏ တစာစာ ဟစ်ခေါ် ငိုကြွေးနေသည့် အသံမှာ တံခါးပြင်ဘက်သို့ ပေါက်ထွက်လာသည်။ တံခါးကြီးကို ကျောနှင့် ကပ်မှီကာ မျက်ရည် ဖြိုင်ဖြိုင် ကျလျက် အမေ့အသံကို နားစိုက်ထားသည်။ တံခါးမှ ခွာသွားဖို့ရန် အားဆို၍ မရှိတော့ဘဲ၊ တံခါးကြီးကို နောက်ပြန်မှီပြီး ရပ်နေရသည်။





အမေနှင့် သမီးအား တံတိုင်းကြီး ခြားထားလိုက်ပေပြီ။

"ထားခဲ့တာလား" ဟူသော အမေ၏ အသံမှာ နားထဲက မထွက်ဘဲ ရှိတော့သည်။

အပေါက်ကလေးမှ မျက်နှာဖြူ ဆရာဝန်မတစ်ယောက် ကုန်းထွက်လာ သေရာ တံခါးကို မှီကာ ရပ်လျက် ငိုယိုနေသည်ကို တွေ့သည်နှင့် ချော့မော့ အားပေးလျက် ဆွဲဖက်ခေါ်လာသည်။ လမ်းကွေ့သို့ ရောက်လျှင် သူက တစ်ဖက် သို့ သွားစရာ ရှိခြင်းကြောင့် နှုတ်ဆက်ပြီး လမ်းခွဲသွားသည်။

လာလမ်းအတိုင်း ဖြည်းလေးစွာ လျှောက်လာခဲ့ရာ၊ အဆောက်အအုံကြီး ဆောင့်၌ စောစောက ဆရာဝန်နှင့် သွားဆုံသည်။

'ကျွန်မအဖေ လာပြီလား ဆရာ'

'မလာသေးဘူး၊ ငါးနာရီထိုးလို့ ဆေးရုံတောင် ပိတ်လိုက်ပြီ'

'အဖေ ပြန်လာတော့ အပေါက်က ဖွင့်မပေးရင် အခက်ပဲ ဆရာရယ်'

'ကိစ္စ မရှိဘူးလေ၊ အပေါက်ကို တယ်လီဖုန်းနဲ့ လှမ်းဆက်ထားမယ်။ လာ ... လာ ... ကျွန်တော်နဲ့ လိုက်ခဲ့'

အဆောက်အအုံကြီး၏ အုတ်လှေကားကို နင်းတက်ပြီး အခန်းကြီးထဲသို့ ခေါ်သွားသည်။ လူတစ်ရပ်မက မြင့်သော မှန်တံခါးကြီးများ ဖောက်ထားသည်။ တံခါးပေါင်နှင့် အောက်က သစ်သားကို ဆေးအနက် သုတ်ထားသည်။ တံခါး ဘောင်ကြော် ထည့်ထားသည့် မှန်များမှာ အစွန်းအစက် မရှိဘဲ ကြည်လင်နေသည်။ အခန်းထဲတွင် လူနှစ်ဆယ်လောက် ဝိုင်းထိုင်နိုင်သော စားပွဲခုံကြီးတွင် ကုလား ထိုင်များ ဝိုင်းချထားသည်။ အမေ၏ သေတ္တာကို အခန်းထောင့်၌ ချထားသည်။

အဲဒီမှာ ထိုင်စောင့်နေပါ ဆို၍ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက် သည်။ အခန်းထဲတွင် ဆရာဝန်မှတစ်ပါး မည်သူမျှ မရှိ။ ခေါင်းပေါ် လည်နေသော ပန်ကာ၏ အသံမှတစ်ပါး ဘာအသံမျှ မကြားရ။ ဆရာဝန်က ဖိုင်တွဲများ လှန်ကာ ကြည့်နေသည်။ မျက်ရည်စက်လက်နှင့် အမေ့အတွက် ရင်ထုမနာ ဖြစ်နေကာ ငိုင်ဆိတ်စွာ ထိုင်နေရင်း၊ စိတ်များမှာ အမေ့ထံသို့ တစ်ချိန်လုံး ရောက်နေသည်။

'ကျွန်တော်က ခြောက်နာရီထိုးရင် ကျွန်တော့်အလှည့် ပြီးလို့ ပြန်ရမယ်။ ဒါပေမဲ့ မပူနဲ့လေ၊ ကျွန်တော့်နောက် ဝင်မယ့် ညဘက်ဆရာဝန်ကို အပ်ထားခဲ့ မယ်၊ ခင်ဗျားအဖေက ကြာလိုက်တာဗျာ'

အမေ့ထံမှ အဖေ့သို့ စိတ်ရောက်သွားပြန်သည်။ ဝန်စည်စလယ်တွေ နှင့် မြို့ဘက်သို့ ပြန်ထွက်သွားသော အဖေ့အား လှမ်းပူလာသည်။ ခြောက် နာရီ ထိုးသွားသည့်အထိ "လာခဲ့လိုက်တာ" ဟု တကြောင့်ကြကြ ပူပင်ပင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့မထိ ထိုင်မထိ ဖြစ်နေသည်။ မှန်တံခါးအပြင် ဝရန်တာသို့ ထွက်ရပ်ကာ အဝေးက ဆေးရုံတံတိုင်းကြီးကို မျှော်ကြည့်ကာ တစ်လှည့်၊ အမေ ရှိသော အတွင်းက ဆေးရုံနံရံကြီးကို မျှော်ကြည့်ကာ တစ်လှည့် ...။

အမှောင်မှာ တဖြည်းဖြည်း ကျရောက်လာသည်။ အခန်းထဲတွင် မီးပွင့်များ ထွန်းလင်းထားသည်။ ဆရာဝန်က မပြန်ခင် ညဘက် ဝင်လာသည့် ကုလားဆရာဝန်နှင့် အကျိုးအကြောင်း ပြောပြကာ အပ်ထားခဲ့သည်။ ကုလားဆရာဝန်မှာ အခန်းထဲက ထွက်သွားလိုက်၊ အကြာကြီးနေမှ ပြန်လာလိုက်၊ တစ်ခါ ပြန်ထွက်သွားလိုက်နှင့် အလုပ်ရှိရာ သွားလုပ်ရလေသည်။ ဆရာဝန် မရှိလျှင် အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ မှောင်ကျလာသည်နှင့် မယ်တယ်ကုလားတစ်ယောက် ပေါက်လာကာ အခန်းထဲတွင် တံမြက်စည်းလှည်းပြီး တံခါးများကို လိုက်ပိတ်သည်။ လူဝင်လူထွက်အတွက် တစ်ပေါက်သာ ဖွင့်ထားသည်။

အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ လူရိပ်လူခ မမြင်ရ။ လူသွားလမ်းများ အတွက် သွယ်ထွန်းထားသော မီးလုံးလေးများ ရှိ၍သာ သစ်ပင်များကို ဝိုးတိုးဝါးတား မြင်ရသည်။ ခပ်လှမ်းလှမ်း၌ ရှိနေသော အဆောက်အအုံ တချို့၏ မီးရောင်ကိုမူ မြင်ရသည်။ အချို့ အဆောက်အအုံ ရုံးခန်းများမှာ မီးရောင်မရှိဘဲ မှောင်ထဲတွင် မည်းမည်းကြီး ဖြစ်နေသည်။ အဝေးက ဆေးရုံတံတိုင်းကြီးကိုကား တော်တော်ကြီး မှောင်မည်းလာ၍ သဲသဲကွဲကွဲ မမြင်ရတော့။

ဆရာဝန် ထွက်သွားလျှင် အခန်းထဲတွင် မနေချင်ဘဲ ဝရန်တာသို့ ထွက်ကာ ဟိုဟိုဒီဒီ မျှော်ကြည့်နေသည်။ ညအချိန် ဆေးရုံဝင်းကြီး တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဘယ်ကြည့်ကြည့် ခြောက်သွေ့ပြီး ငြိမ်ဝပ်နေသည်။ လူရိပ်လူခကို တွေ့လိုက်ရလျှင် အားရှိသွားကာ၊ လူရိပ်လူခ ကွယ်ပျောက်သွားသောအခါ အားငယ်သွားပြန်သည်။

နက်ပြာရောင်အင်္ကျီ ဝတ်ထားသော မယ်တယ်ကုလားများမှာ တစ်နေရာမှ တစ်နေရာသို့ မှောင်ထဲတွင် ကုန်းကုန်း ကုန်းကုန်းနှင့် ရိုးရိုးရိပ်ရိပ် ကူးသန်းဖြတ်သွားကြသည်။ လူသဏ္ဍာန်မှန်း မပီသ၊ မသဲကွဲခင် အသည်းထိတ်ထိတ်သွားသည်။ ဝရန်တာတွင် လေတဟူးဟူး တိုက်နေသည်။ အေးမြသော လေကား အသားထဲ စူးသွားအောင် တိုက်ခတ်လျက် ရှိသည်။ ကောင်းကင်ပေါ်၌ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော ကြယ်ကလေးများမှာ ညအခါ မြေကြီးပေါ်တွင် စိန်ကလေး တစ်ပွင့်နှစ်ပွင့် တင်နေသကဲ့သို့ ကြည့်နိုင်မှပင် မြင်ရသည်။ မှောင်သည်ထက် မှောင်လာလေရာ စိတ်ခြောက်ချားလာ၍ အထဲသို့ ပြန်ဝင်ထိုင်ရသည်။

တစ်ခါမှ မရောက်ဖူးသော နေရာတွင် အဆောက်အအုံကြီး တစ်ခုလုံး၌





ညအခါ တစ်ယောက်တည်း ဖြစ်နေခြင်းကို အလိုလိုပင် လိပ်ပြာငယ်နေသည်။ အချိန် ကြာလေလေ စိတ်အိုက်ကာ နေမထိ ထိုင်မထိ ဖြစ်လေလေ။ နာရီကို ကြည့်လိုက်ရာ ကိုးနာရီခွဲတော့ပေမည်။ ခေါင်းပေါ်က ပန်ကာသံကို အဖော်ပြုကာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေရင်း အဖေ့အတွက် ပူပန်လာသည်။ “ဘာကြောင့် အချိန်ထိအောင် မပေါ်လာပါလိမ့်” ဟု တွေးပူလာ၍ နေရ ထိုင်ရ ကျဉ်းမြောင်းလာကာ လှောင်ပိတ်ထားသလို မွန်းကျပ်လာသည်။

‘အမယ်လေး ခင်ဗျာ၊ ကယ်ကြပါဦး၊ ကျ ...ကျ ...ကျ... သေပါပြီဗျ’

အသံကုန် ကုန်းအော်လိုက်သည့် အသံကြီးမှာ ညဥ့်ယံ၏ တိတ်ဆိတ်ခြင်းကို ဖောက်ခွင်းပစ်လိုက်ကာ အနားတစ်ဝိုက် ပျံ့နှံ့ပြီး စူးဝါးသွားတော့သည်။

ဘယ်လိုများ ဖြစ်သွားမှန်းပင် မသိတော့။ ကိုယ်ထဲက သွေးများသည် ခန်းသွားသလို ခေါင်းနားပန်းတွင်မက တစ်ကိုယ်လုံး အဆမတန် ကြီးသွားကာ ချမ်းသွားသည့် တစ်ခါမှ မခံစားဖူးသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။ ရှောင်လုံးများကို စုံမှိတ်ကာ ဆုပ်မိဆုပ်ရာ ကုလားထိုင်လက်ရန်းကို ဆုပ်ကိုင်ထားလိုက်သည်။

‘ဘယ်က ကျတာလဲဟေ့’

ခပ်ဝေးဝေးက အသံတစ်သံ နောက်ထပ် ထွက်လာပြန်သည်။ သည်အသံကြားတော့မှ အသက်ကို မှန်မှန် ပြန်ရှူသော်လည်း မျက်စိကိုကား မဖွင့်ဝံ့ပေ။ အရှုပ်ဝါးဝါး ကြောက်စရာ အသံကြီးတွေကို “ဘယ့်နှယ်ဟာတွေများ ပါလိမ့်” ဟု ရင်ထဲ၌ တဆတ်ဆတ် ခုန်နေသည်။

‘မြင်းမိုရ်တောင်ပေါ်က ... ဟေ့၊ မြင်းမိုရ်တောင်ကြီးပေါ်က ကျသွားတာ၊ အသည်းကို ယားသွားတာပဲ’

လူနာများ တစ်နေရာက တစ်နေရာကို လှမ်းအော်နေကြမှန်း တဖြည်းဖြည်း သိလာပေသော်လည်း ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေကာ သည်နေရာမှ အဝေးဘက်တိုင်းကြီး အပြင်ဘက်သို့သာ ထွက်ပြေးချင်သည်။ “မပြေးနိုင်ပါကလား” ဟု စိတ်ငယ်သည်ထက် ငယ်သွားသည်။

စောစောက တိတ်ဆိတ်သလောက် တဖြည်းဖြည်း ဆူညံလာသည်။

‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ’ စသည်ဖြင့် ဟစ်အော်နေသည့် အသံများလည်း ကြားရသည်။

‘စိန်ခြူးကြာသောင် ကြာညောင်’ ဟု အသံကြောင် အသံပြာနှင့် အော်ဟစ်လိုက်လျှင်၊ ခပ်ဝေးဝေး တစ်နေရာက ပါးစပ်ဆိုင်း လိုက်တီးပေးသံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။ တစ်နေရာက တစ်နေရာသို့ ညစ်ပတ်စွာ မအေး၊ နမ လှမ်းဆဲနေကြ သည့် အသံတို့မှာလည်း တစ်ခါတစ်ခါ မှိုးမွှန်သွားလေသည်။

နားမချမ်းသာစရာ၊ စိတ်မချမ်းသာစရာ ရှိရသည့်အထဲ တစ်ချက်တစ်ချက် လေတိုးလိုက်လျှင် သရက်ပင်၊ မရန်းပင် အကိုင်းအခက်တို့၏ တရှဲရှဲ အဖျားခတ် သွားသံများမှာ ကြက်သီးဖြန်းထ သွားလေသည်။

အပြင်ဘက်မှ ဂေါက်... ဂေါက် ... ဂေါက် လျှောက်လာသော ဖိနပ်သံ ကြားရ၍ အားတက်ကာ လှည့်ကြည့်လိုက်ရာ၊ ဆရာဝန်ကိုသာ တွေ့ရသည်။ အဖေ့ကို မတွေ့ရ၍ စိတ်ပူသည်ထက် ပူသွားသည်။

'ဆရာရယ်၊ ကျွန်မအဖေ ခုထက်ထိ မလာသေးဘူး၊ ပုလိပ်မင်းကြီးအိမ်ကို တယ်လီဖုန်း ဆက်မေးပေးစမ်းပါ၊ စိတ်ပူလွန်းလို့ပါ'

ဆရာဝန်က တယ်လီဖုန်းကက်တလောက်ကို လှန်ကြည့်ပြီး တယ်လီဖုန်း ကောက်ဆက်သည်။ ပုလိပ်မင်းကြီးအိမ်မှ ဘဏ္ဍာစိုးက ဘယ်သူမှ မလာကြောင်း ပုလိပ်မင်းကြီးလည်း မလာသေးကြောင်း ပြန်ပြောတယ်ဆိုကာ တယ်လီဖုန်းကို ချလိုက်သည်။ တယ်လီဖုန်းကို စိုက်ကြည့်နေရာမှ မူးလာသည်ဟု ထင်မိသည်။ အဖေ့နောက်ကို ထ လိုက်ချင်သည်။ ဘယ်ကို သွား၍ ဘယ်လိုက်ရမှန်းလည်း မသိ။ ကားလည်း မရှိ။ အဖေ မလာမချင်း ဆေးရုံအပြင်သို့ မထွက်နိုင်။ မျက်စိ မျက်နှာ ပျက်လျက် စိုးရိမ်ကြောင့်ကြ ဖြစ်နေမှန်း ဆရာဝန်က သိ၍ 'ပုလိပ်မင်းကြီး ကို လိုက်ရှာနေတယ် ထင်ပါရဲ့၊ လာမှာပေါ့' ဟု အားပေးနှစ်သိမ့်သည်။

'ကျုပ်အလှည့် စေ့လို့ သွားတော့မယ်၊ ဆရာဝန်တစ်ယောက် လာလိမ့် မယ်၊ စိတ်မပူပါနဲ့၊ အကျိုးအကြောင်း ပြောပြီး အပ်ထားခဲ့မယ်'

အတန်ကြာလျှင် ဖိနပ်သံ ကြားရသည်။ အခန်းထဲသို့ ဆရာဝန် တစ်ယောက် ဝင်လာပြန်သည်။ အချိန်မတော် မိန်းမပျိုငယ် ဧည့်သည်ကို ပက်ပင်း တွေ့၍ အံ့အားသင့်သွားသဖြင့် ကုလားဆရာဝန်က အကျိုးအကြောင်း ပြောပြ လေသည်။ အခန်းထဲသို့ ဝင်လာသော ဆရာဝန်မှာ မြန်မာဖြစ်၍ အားရှိသွားသည်။ ဆရာဝန်မှာ အသက်အရွယ် ငယ်ငယ်ပင် ဖြစ်သည်။ ကုတ်အင်္ကျီအနက် ဘောင်းဘီအနက် ဝတ်ထားပြီး နက်တိုင်အနီ တပ်ထားသည်။ သူ့တွင် ထူးခြား သော မျက်နှာရှိသည်။ နူးညံ့သော၊ သနားကြင်နာခြင်း ရှိသော လက္ခဏာများမှာ ဖြူစင်လှပသော မျက်နှာပေါ်တွင် ပေါ်နေသည်။

တစ်ဦးနှင့်တစ်ဦး အလုပ်ပြောင်းလွှဲ လက်မှတ်ရေးထိုးကြကာ သော့တွဲ တစ်တွဲ ပေးအပ်ပြီး ကုလားဆရာဝန်လည်း နှုတ်ဆက်ကာ ထွက်သွားသည်။





ဆရာဝန်က အကျိုးအကြောင်း လျှောက်မေးပြန်သည်။ နေ့လယ်က ဆေးရုံ ရောက်လာပုံကို အစအဆုံး ပြန်ပြောပြသည်။

'ဒီအထဲကို အပြင်ကလူ ခုချိန်အထိ ဘယ်သူမှ နေရတာ မဟုတ်ဘူး၊ ဘယ်သူမှလည်း နေဖူးတာ မရှိဘူး။ စိတ်နောက်တဲ့ လူတွေက ဒီလိုပဲ။ တစ်ယောက်က စ ဖောက် အော်ရင် တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ လှမ်းအော် ကြတာပဲ။ သူတို့ ကုရတာ တော်တော် ခက်တယ်။ တချို့ ရှင်ဘုရင်စိတ် ပေါက်နေတဲ့ လူနာဆိုရင် ဆေးတိုက်တာ မသောက်လို့ ကျွန်တော်တို့မှာ ဆေးတော်မျိုး၊ ကျွန်တော်မျိုး၊ မှန်ပါ့ဘုရား လုပ်ပြီး အခစားဝင်သလို ဝင်ဆေးတိုက် တယ်။ ဒီတော့မှ သောက်တယ်။ ကျွန်တော်တို့ ဒီဆေးရုံရောက်စက ကိုယ်ပါ ရောက်ချင်ချင် ဖြစ်သွားတယ်။ နောက်မှ ကျင့်သားရလာတယ်။ ကျွန်တော် ရှိသားပဲ၊ အားမငယ်ပါနဲ့။ ခင်ဗျားအဖေလည်း ပြန်လာမှာပါပဲ'

'အမှန်တော့ ကျွန်မတို့ ဒီည ပြန်မို့ပဲ။ အခုတော့ အဖေလည်း ဘယ်ရောက် နေမှန်း မသိဘူး၊ ဟိုထဲမှာ အမေလည်း ဘယ်လို ဖြစ်နေမလဲ မသိဘူး။ ကျွန်မ လည်း ဒီအခန်းထဲမယ် ...'

ဆရာဝန်က သနားကြင်နာစွာ စိုက်ကြည့်ကာ 'ဒါထက် ဘာမှ မစားရ သေးဘူးပေါ့' ဟု စကားမဆုံးခင် ဖြတ်မေးသည်။

'နေပါစေ၊ ကျွန်မ ဆာလည်း မဆာပါဘူးရှင်'

'ဒီမှာ နေရစ်ခဲ့ဦး၊ ခုအချိန် ပေါင်မုန့်နဲ့ နို့တော့ ရမလား မသိဘူး။ ကျွန်တော် ရှာလိုက်ဦးမယ်'

တစ်ယောက်တည်း မနေဝံ့ဘူးဟု မပြောရသော်လည်း ဆရာဝန်က သိ သွားသည်။ ခပ်သုတ်သုတ် ထွက်သွားပြီး ခပ်မြန်မြန် ပြန်လျှောက်လာသည်။ လက်ထဲတွင် ကြွေခွက်အဖြူ ကိုင်းပြာနှင့် နို့တစ်ခွက်၊ ပေါင်မုန့်နှစ်ချပ် ယူလာ သည်။ သောက်ရန်စားရန် အတင်း တိုက်တွန်းနေ၍ နို့ကို သောက်ချပြီး၊ ပေါင်မုန့် များကို ခုံပေါ်သို့ တင်ထားလိုက်သည်။

'ကျွန်မအဖေ အပေါက်ဝ ရောက်ပြီး ဖွင့်မပေးလို့ လှည့်များ ပြန်သွားရ သလား မသိဘူး'

'မရောက်သေးပါဘူး၊ ရောက်လာရင် ဖွင့်ပေးဖို့ ပြောထားပြီးသားပဲ။ ဖွင့်ပေးမှာပါပဲ'

ဆရာဝန်မှာ အခန်းထဲတွင် ကြာကြာထိုင်ပြီး မနေနိုင်။ ဝတ္တရားအတိုင်း ထွက်သွားလေသည်။ ခုပဲ ပြန်လာမယ်ဟု မှာကြားကာ ထထသွားပြီး မကြာမကြာ ရောက်နှာ လာပြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၇

ည ၁၂ နာရီ ထိုးသွား၍ အဖေ့အတွက် ပူပန်လာသည်။ ဆရာဝန်က ပုလိပ်မင်းကြီး အိမ်သို့ တယ်လီဖုန်း ဆက်မေးသည်။ ပုလိပ်မင်းကြီးအိမ်သို့ တယ်လီဖုန်း ခေါ်မရ၍ အဖေ့အတွက် တိုးလို့သာ ပူပန်လာသည်။ ရန်ကုန်နှင့် တံတားလေးမှာ အလှမ်းဝေး၍ အချိန်မတော် လမ်းတွင် လူသူပြတ်သော နေရာတွေ၌ အဖေ့အား တစ်စုံတစ်ရာ ရန်ရှာလို့ သေပြီလားဟု တွေးပူကာ ပြောပြ၍၊ ဆရာဝန်လည်း ပူပင်လာကာ ခဏခဏ တယ်လီဖုန်းဆက်နေသည်။

တဖြည်းဖြည်း စိတ်ရောလူရော ပန်းကျလာသောကြောင့် စားပွဲခုံပေါ်တွင် ခေါင်းကို မှောက်ကာ ဆေးရုံထဲတွင် ယနေ့ည ဖြစ်ပျက်နေပုံကို တွေးတောရင်း နုံးခွေလာသည်။ အမေကား ပြန်သွားပြီဟု အောက်မေ့နေပေတော့မည်။ ဆေးရုံထဲ၌ နေရသော်လည်း အမေနှင့်လည်း မတွေ့ရ၊ အဖေကလည်း ပေါ်မလာ။ ခုလိုသာ ပူလောင်နေရပါက စိတ်များပင် နောက်သွားတော့မလောက် ဂနာမငြိမ် ဖြစ်နေသည်။ ဆရာဝန် အနားရှိလျှင် တော်သေးသည်။ ဆရာဝန် ထွက်သွားလျှင် အခန်းထဲတွင် ကယောင်ချောက်ချားဖြစ်လျက် ကြိတ်မှိတ်အောင့်အည်း နေရသည်။

ဆရာဝန် အခန်းထဲသို့ ပြန်ရောက်လာခါပင် ရှိသေးသည်။ ထိုအတွင်း ဆေးရုံဝင်းကြီး တစ်ခုလုံး ပျံ့နှံ့သွားအောင် ဟိုမှဒီမှ သံချောင်းတွေကို ပြိုင်တူ ခေါက်ကြသည့် အသံများ ထွက်ပေါ်လာကာ ဆူညံသွားသည်။ စားပွဲမှ ခေါင်းကို ထောင်ကာ ဘာများလဲဟု ဆရာဝန်ကို ကြည့်လိုက်သည်။ ရုတ်တရက် တွေးလည်း မတွေးတတ်။ စကားလည်း မပြောနိုင်။ ပြူးကြောင်သော မျက်နှာဖြင့် ကြည့်ရုံမှတစ်ပါး ဘာမျှ မလုပ်နိုင်။

'ဟာ ...' ဟု ဆိုကာ ဆရာဝန်မှာ ထိတ်ထိတ်ပျာပျာ ကုလားထိုင်က ဆတ်ခနဲ ထ လိုက်သဖြင့် ရင်ထဲတွင် ဖိုသွားပြန်သည်။

'မဖြစ်ဘူး ... မဖြစ်ဘူး' ဟု ပြူးပြူးကြောင်ကြောင်နှင့် ပြောရင်း ပျာယီးပျာယာ အပေါက်ဆီသို့ ပြေးလွှားကာ 'ဒီထဲမှာနေ၊ ဒီထဲမှာနေ၊ အပြင်က သော့ခတ်ခဲ့မယ်' ဟု ပြောပြောဆိုဆို တံခါးနားရှိ တိုင်မှ မီးခလုတ်ကို ပိတ်ပစ်လိုက်သဖြင့် မှောင်ကြီးအတိ ကျသွားသည်။

ဂျိုင်းခနဲ တံခါးပိတ်သံ၊ သော့ခတ်သံ၊ ပြေးလွှားထွက်သွားသော ဖိနပ်သံတို့နှင့်အတူ 'ဆရာ... ဆရာ' ဟု ငယ်သံပါအောင် ဟစ်အော်ကာ တံခါးကို ပြေးထုလိုက်သော အသံများမှာ မိနစ်အနည်းငယ်အတွင်း လုံးထွေးသွားတော့သည်။

အပြင်ဘက်မှ ရုတ်ရုတ်ရက်ရက် ညာသံပေး၍ ပြေးကြလွှားကြသော



အသံများနှင့် အဆက်မပြတ် ခေါက်နေသော သံချောင်းသံတို့မှာ ဆေးရုံကြီးထဲတွင် ပွက်ပွက်ရိုက်လျက် ရှိလေသည်။

ပြေးလွှားနေကြသည့် လူသံများမှာ နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ရှိပြီး မှောင်မိုက်ကြီးထဲတွင် နေစရာ မရှိအောင် တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။

ဘာဖြစ်ဖြစ် အပြင်သို့သာ ထွက်ပြေးချင်သည်။ တံခါးကို သော့ခတ်သွား၍ မထွက်နိုင်သဖြင့် မှန်ချပ်များမှ အပြင်သို့ အားစိုက်ပြီး ကြည့်ရသည်။ အဆောက်အအုံ တစ်နေရာနှင့် တစ်နေရာ ကူးရန် သွပ်မိုး လူသွားလမ်းက မီးရောင်လေးမှတစ်ပါး တခြားနေရာများတွင် မှောင်ပိတ်နေသည်။ ကျယ်ပြန့်သည့် ဆေးရုံဝင်းကြီး၌ အလင်းနှင့်အမှောင်မှာ ကွက်တိကွက်ကျား ဖြစ်နေသည်။ အသံဗလံများ ပျောက်သွားပြီး၊ တစ်ချက်တစ်ချက် ဝေးဝေးက စီခနဲ စီခနဲ ကြားရပြန်သည်။

မှောင်ထဲတွင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာ ချွေးချေးများ ပြန်လာသည်။ မျက်ရည်တို့မှာလည်း တစ်မျက်နှာလုံး စိုနေသည်။ အားရပါးရ ဟစ်အော်လို့သာ ငိုလိုက်ချင်သည်။ သို့သော် ရှိုက်ရုံမှတစ်ပါး အသံမထွက်ဝံ့။

ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ဝရန်တာသို့ ပြေးလာကြသော အသံများ ကြားရသော အခါ ငုတ်ခနဲ ထိုင်ချလိုက်ပြီး တံခါးခြေရင်းတွင် ကျုံ့ကျုံ့ကလေး ပုနေရသည်။ ရင်မှာ တဒိတ်ဒိတ် ခုန်လျက် အသက်ရှူလို့ မဖြောင့်အောင် မောကျပ်နေသည်။ မျက်စိများ မှိတ်လိုက်ပြီး 'ဘုရား ... ဘုရား' ဟု တ နေမိသည်။

ဝရန်တာမှ ဖြတ်ပြေးသွားကြသော အသံများ တော်တော် ဝေးသွားသော အခါ တံခါးခြေရင်းမှ တဖြည်းဖြည်း ထ၍ မှန်ချပ်များမှ ပြူချောင်းကြည့်လိုက်သည်။ လှမ်းလှမ်းက လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်ကြသည့် မီးရောင်တွေမှာ အပြင်ဘက်က အမှောင်ထဲတွင် လက်ခနဲ၊ ဝင်းခနဲ ဖြစ်နေသည်။ လက်ခနဲမြင်လျှင် ခုန်ပေါက်က ကုန်းပြီး ကွယ်လိုက်ရသည်။ မီးရောင်များကို နာရီဝက်လောက် ကုန်းလိုက် ကွယ်လိုက်နှင့် ချောင်းကြည့်နေရသည်။ မီးရောင်များမှာ တဖြည်းဖြည်း ပေါ်မလာတော့ဘဲ အသံဗလံများလည်း စဲသွားသည်။ အခန်းထဲက မီးကို ဖွင့်ချင်သော်လည်း ဘာဖြစ်တာမှန်း မသိ၍ ဆရာဝန် ပိတ်ခဲ့သည့်အတိုင်း မဖွင့်ဝံ့ပေ။ စိတ်ငယ်နေစဉ် မှောင်ကြီးထဲတွင်လည်း မနေဝံ့ချေ။ တံခါးပေါက်၌ ဆောင့်ကြောင့်ကလေး ထိုင်ပြီး မျက်နှာကို ဒူးပေါ်၌ မှောက်ထားရသည်။

ဤအတွေ့အကြုံမျိုး တွေ့ကြုံရန် ဆေးရုံထဲသို့ တမင်တကာ ရောက်လာသလို ထင်လာမိသည်။ မှောင်ကြီးထဲတွင် ပိတ်လှောင်ခံနေရခိုက် ကြောက်လိုက်၊ လန့်လိုက်၊ ဝမ်းနည်းလိုက်၊ ဒေါသဖြစ်လိုက်၊ အားငယ်လိုက်၊ ပူဆွေးလိုက်ဖြင့် ရူးလောက်အောင် တစ်ထိုင်တည်း ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာမှ ပြေးလာသော ဖိနပ်သံမှာ ဆရာဝန် ဖြစ်ရမည်ဟု အားတက်ကာ တုန်လာသည်။ တံခါးဝက ဖယ်ပေးရန်ကို လုံးလုံးပင် သတိမရ။ တံခါးမှာ အတွင်းသို့ မတွန်းရဘဲ အပြင်ဘက်က လှပ်ရသည့်တံခါး ဖြစ်သည်။ သော့ဖွင့်ပြီး တံခါးနှစ်ဖက်ကို လှပ်လိုက်လျှင် နှုတ်က 'ဆရာ…' ဟု ထွက်သွားသည်။

ဆရာဝန်မှာ 'ဟင်' ဟု ဒါပဲပြောပြီး တိုက်က ခလုတ်မီးကို လက်လှမ်းကာ လှမ်းဖွင့်လိုက်သည်။ အပေါက်ဝ၌ ဆောင့်ကြောင့်ထိုင်လျက်ပင် မီးရောင်တွင် ဆရာဝန်ကို မော့ကြည့်ပြီး ငိုင်နေမိသည်။ 'လာ … လာ' ဟု ဆရာဝန်က လက်ကို ဆွဲခေါ်ကာ ကုလားထိုင်တွင် ထိုင်ခိုင်းမှ ဝင်ထိုင်သည်။

'လူနာတစ်ယောက် အခန်းထဲက လွတ်ထွက်သွားလို့ ဘေးရန်ရှိတဲ့ အချက်ပေး သံချောင်း ခေါက်တာ။ သူ့လက်ထဲမှာ လက်နက်တစ်ခုခု ရသွားမှာစိုးလို့ ကျွန်တော် တံခါးကို သော့ခတ်ခဲ့ရတာ။ ရှာလိုက်ရတာဗျာ၊ ဒေါင်ချာစိုင်းသွားတာပဲ။ ကိုယ်တော်မြတ်က ရေမြောင်းထဲက ပိုက်လုံးကြီးထဲကို ကိုယ်တစ်ဝက်လေးဖက်ထောက်ပြီး ဝင်ဝပ်နေတယ်။ သူ့ကို သွားတွေ့တော့ ကလေးများ တူတူပုန်းတမ်း ကစားသလိုပဲ "ဝါး" ဆိုပြီး လက်ခုပ်လက်ဝါး တီးပြီး ရယ်လို့ဗျာ။ ကျွန်တော်တို့မှာဖြင့် ဝင်းကြီး တစ်ဝင်းလုံး ရှာလိုက်ရတာ ချွေးပြန်နေတာမဲ။ တစ်စုံတစ်ခု ဖြစ်သွားရင် ကျွန်တော်တို့တာဝန် ခင်ဗျာ့။ ဒါကြောင့် လူနာတွေ ထိန်းရတာ လွယ်တာ မဟုတ်ဘူး'

ထိုသို့ ဆရာဝန်က ပြောပြနေစဉ် ဝရန်တာမှ လူလျှောက်လာသံများ ကြားရသည်။ အဖေလားဟု လှည့်ကြည့်လိုက်ရာ တစ်ကိုယ်လုံး အဖြူဝတ်ထားသော မျက်နှာဖြူ ဆရာဝန်မကြီးတစ်ယောက်နှင့် ဆရာဝန်မကြီး နောက်တွင် အမေ့ကို တွေ့ရသည်။

'အမေ' ဟု အော်လိုက်ကာ ထပြီး ပြေးဖက်လိုက်သည်။ အမေ၏ ရင်ခွင်ကို ခေါင်းနှင့်ခွေ့ကာ အမေ့ကို တအား ဖက်ထားသည်။ အမေသည် ပြန်၍ လှမ်းဖက်သည်။ အမေ၏ မေတ္တာရေစင် ဖျန်းပက်လိုက်၍ တဒင်္ဂအတွင်း ကြည်နူး အေးချမ်းသွားသည်။

'အမေက ပြန်သွားတယ် မှတ်နေတာ၊ မပြန်ဘဲကိုး၊ ရှိသားပဲ'

အမေ့ကို ပြန်၍ကား မပြောနိုင်။ ဒီအချိန်ကြီးတွင် လာတွေ့၍ ဆေးရုံထဲ၌ပင် နေသည်ဟု ထင်မြင် ယုံကြည်သွားသည်။ အမေ့လက်ကို ဆွဲကာ ကုလားထိုင်တွင် ထိုင်ခိုင်းရသည်။

'သည်လူနာအတွက် ပုလိပ်မင်းကြီး လက်မှတ်နဲ့ လူနာပုံစံ ဘာမှ မတွေ့ရ





ဘူး။ ဒါကြောင့် ကျွန်မ တာဝန် မယူနိုင်လို့ ဒီလူနာကို ပြန်ထုတ်လာတယ်၊ အထဲမှာ လက်ခံ မထားနိုင်ဘူး'

ဆရာဝန်ကို ဆရာဝန်မကြီးက မျက်နှာထားဆိုးဆိုးနှင့် ပြောနေသည်။ ဆရာဝန်က ပုလိပ်မင်းကြီးလက်မှတ် သွားယူနေတာ ပြန်မလာသေး၍ စောင့်နေရကြောင်း ရှင်းလင်းပြောပြသည်။

'ဒါဖြင့် ဒီအထဲမှာပဲ ထားချင်ထားပါ၊ လက်မှတ်လာတော့ အကြောင်းကြားပါ'

ဆရာဝန်မကြီးလည်း မိန်းမဆောင်ဘက်သို့ ပြန်ကူးသွားသည်။ အမေသည် ဘာပြောနေကြမှန်းကို နားမလည်ပေ။ စိုက်မိစိုက်ရာ ငေးငိုင်ကာ စိတ်ထဲက ရှုတ်ဖတ်နေသည်။

'ဒီဆေးရုံအုပ်တဲ့ ဆရာဝန်ကြီးက ဘိလပ်က လာတာ မကြာသေးဘူး၊ ဆေးရုံက စည်းကမ်းဥပဒေတွေကိုလည်း သိပ်အရေးစိုက်တာ မဟုတ်ဘူး။ အခုလာတာက မိန်းမဘက်က အကြီးဆုံး ဆရာဝန်မကြီးပဲ။ သူကတော့ ဒီမှာ သမဓိရှည်ပြီး သိပ်စနစ်ကြီးတဲ့ ဆရာဝန်မ'

အဖေ့ကို မျှော်နေရာမှ အမေ့ကို ပြန်တွေ့ရ၍ တစ်မျိုးတစ်ဖုံ ဝမ်းသာနေသည်။

'အမေ ခဏ လှဲနေမလား၊ တော်တော်ကြာမှ ပြန်သွားတာပေါ့နော်' ဟု ပြောလိုက်ရာ အမေသည် ခေါင်းညိတ်လိုက်သည်။

ဝရန်တာဘက်တွင် ရှိသော ခုံတန်းလျားကို ဆရာဝန်နှင့် နှစ်ယောက် အခန်းထဲသို့ သယ်ယူကြပြီး အမေ့ကို ခေတ္တ လှဲနေစေသည်။ အမေသည် ဘာဖြစ်လို့ ဖြစ်နေမှန်း မတွေးတောဘဲ ထိုင်ဆိုထိုင်၊ အိပ်ဆိုအိပ်လျက် ကလေးတစ်ယောက်နှင့် တူနေသည်။

၈

နံနက်သုံးနာရီ ထိုးမှ ဆေးရုံထဲသို့ အဖေ ပြန်ရောက်လာသည်။ အဖေ့ကို မြင်မြင်ခြင်း ဝရန်တာသို့ ပြေးထွက်ကာ ဆီးဖက်လျက် အသံမထွက်အောင် ရှိုက်ငိုမိသည်။

'ရှာလိုက်ရတာ သမီးရယ်၊ ရုံးဆင်းသွားလို့ အိမ်လိုက်တာ မတွေ့ဘူး။ ကလပ်မှာ ရှိမယ်ပြောလို့ ဂျင်မခါနာကလပ် လိုက်သွားပြီး စနည်းနာတော့ ဟိုမှာလည်း မရှိဘူး။ ကလပ်က စောင့်နေတာ မလာတာနဲ့ အိမ်လိုက်သွားပြီး ခြံကပဲ ဘယ့်နှယ်ပဲရှိရှိ မတွေ့ တွေ့အောင် စောင့်နေလိုက်တာ သန်းခေါင်ကျော်မှ အရက်တွေမူးပြီး ပြန်လာတယ်။ အပေါက်ဝက ဆီးပြီး အကျိုးအကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စာပေးတော့ အိမ်ထဲ ခေါ်သွားတယ်။ ဆရာဝန်စာ ဖတ်ပြီး လက်မှတ် ရေးပေး လိုက်တာပဲ'

'အဖေရယ် ... အမေ့ကို မထားခဲ့ပါနဲ့တော့၊ ပြန်ခေါ်သွားကြပါစို့'

'ဘယ့်နှယ် မဟုတ်တာ သမီးရယ်၊ ဒီအထဲ တမင် လာထားတာမှ မဟုတ်ဘဲ၊ ဆေးလာကုတာပဲ။ ခုလောက် အဆင်ပြေပြီးမှ ကုဖို့ပဲ ရှိတယ် မဟုတ်လား'

ဆရာဝန်လည်း အခန်းထဲမှ ထွက်လာကာ အဖေ့အား မထားခဲ့ရန် ဖွတ်ပြောနေသည်ကို ပြန်ခေါ်သွားဖို့ မသင့်ကြောင်း ဝင်ရောက် ဖျောင်းဖျပြောသည်။

အဖေ လာတာကို အမေ မသိစေဘဲ အထဲသို့ အမှတ်တမဲ့ ပြန်ပြီး ခေါ်သွားဖို့ရန် ဆရာဝန်က အကြံပေးသည်။

မိန်းမဆောင်ဘက်သို့ ဆရာဝန်က အကြောင်းကြားလိုက်လျှင် စောစောက လာသော ဆရာဝန်မကြီးပင် ပြန်ပေါက်လာသည်။ အမေသည် တန်းလျားပေါ်တွင် တစောင်းလှဲကာ အိပ်နေသည်။ 'အမေ ထပါ' ဟု အသာလှုပ် ပြောလိုက်ရာ ချက်ချင်းပင် ထ ထိုင်သည်။ အဖေ့မှာ ဝရန်တာဘက်၌ ကွယ်နေရသည်။

ဆရာဝန်မကြီးက အမေ၏ အရပ်အမောင်းကို ပေနှင့် ဆွဲတိုင်း ရေးမှတ်သည်။ မှဲ့၊ အမာရွတ်၊ လက်ပုံစံများကို တစ်ခုစီ စစ်ယူနေသည်။ ဆရာဝန်က 'သူ့သမီးပါ ခဏ အထဲသို့ လိုက်ပို့ခွင့်ပြုပါ' ဟု ခွင့်တောင်းပေးသောအခါ ဆရာဝန်မကြီးက လိုက်ခွင့်ပြုသည်။

---

**အစ်မအရင်း ဒေါ်လှခင်နှင့်အတူ ...။**





'အမေ ... လာ၊ အထဲ သွားကြစို့' ဟု ပြောလျှင် အမေသည် အလွယ်တကူ ထ လိုက်လာသည်။ ဆရာဝန်မကြီးနောက်မှ အမေနှင့်အတူ ဆေးရုံထဲသို့ ပြန်ရောက်သွားပြန်သည်။

အမေ့အား ခုတင်ပေါ်တွင် စောင်များကို ကိုယ်တိုင် ခြုံပေးသည်။

'အမေ ... ပျော်ပျော်အိပ်နော်၊ မတွေးနဲ့နော်၊ မပူနဲ့၊ အိပ်နော်' ဟု တတွတ်တွတ် ပြောကာ ခုတင်အောက်က ထိုင်လျက် အမေ့ကို ဦးချလိုက်သည်။

'သာဓု၊ သာဓု၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ သွား ... သွား၊ သမီး အိပ်ချေတော့'

အမေ့ထံမှ ဆေးရုံဝသို့ ဘယ်လို ဘယ်လို ရောက်သွားသည်ပင် သတိမထားမိ။ မိန်းမဆောင်ဝင်းကြီးမှာ တစ်ဝင်းလုံး မှောင်မည်း ဆိတ်ငြိမ်နေသည်။ တံခါးပေါက်သို့ မှန်းပြေးခဲ့ပြီးနောက် ဆေးရုံတံခါးအပေါက်ကလေးကို ကုန်းထွက်လိုက်သောအခါ ခြေထောက်များမှာ တဆတ်ဆတ် တုန်နေသည်။ တံတိုင်းကြီးကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ အဖေ စောင့်နေရာသို့ သုတ်သုတ် ပြန်ပြေးလာခဲ့သည်။

၆

ဆရာဝန်အား နှုတ်ဆက်ကြပြီး ဆေးရုံဝသို့ ထွက်လာကြသည်။ ကားမှာ ဆေးရုံဝက စောင့်နေသည်။ အရုဏ်တက်လုနီး၍ ကောင်းကင်၌ မှောင်ပိန်းနေသည်။ သို့သော် ကြယ်တို့၏ မှိန်ဖျော့ဖျော့ အရောင်ကလေး သမ်းနေသေးသည်။

အဆောက်အအုံကြီးများ ဘေးမှ ကပ်လျှောက်သွားကြသည်။ အဆောက်အအုံကြီးများမှာ မည်းမည်းမားမားကြီး မိုးကာ ဆိတ်သုဉ်းနေပေသည်။ မှောင်ရိပ်များကို ဖြတ်ကာ မရန်းပင်၊ သရက်ပင်ကြီးများအောက်က ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။ စကားကို တစ်ခွန်းမှ မပြောနိုင်ကြ။ တိတ်ဆိတ်လွန်းအားကြီး၍ မိုးပ်သံများမှ မှောင်ထဲတွင် ကျယ်လောင်နေလေသည်။

မျက်နှာပေါ်သို့ နှင်းစက်၊ နှင်းမှုန်များ တဖွဲဖွဲ လာစဉ်နေ၍ စွတ်စိုအေးမြသွားသည်။ ဆောင်းလေမှာ တသုန်သုန် သုတ်ဖြူးတိုက်ခတ်လျက် ရှိသည်။

'အစိန္တေယျ ... အစိန္တေယျ၊ အပ္ပမေယျ ... အပ္ပမေယျ'

အရုဏ်တက် ကြည်နူးစရာ ကောင်းလောက်အောင် ဆွဲဆွဲငင်ငင် သံနေသံထားနှင့် ထ အော်နေသည့် လူနာတစ်ယောက်၏ အသံကို နားထဲတွင် ကြားလိုက်ကာ၊ တံခါးပေါက်ကလေးက ကုန်းထွက်ခဲ့ပြီး အပြင်လောကသို့ ပြန်ရောက်သွားသည်။

[ ရှုမဝ၊ ဧပြီ ၁၉၅၁ ]

www.burmeseclassic.com

www.burmeseclassic.com

# မရွှေ့မရှိ ရွှေ့သည်ချည်းမို့

လွန်လေပြီးခဲ့သော နှစ်ပေါင်း ၃၀ ကျော် အချိန်ကာလ။

ကုက္ကိုင်း စုနီရှမ်ပတ်လမ်း (သုခဝတီလမ်း)ရှိ ကျွန်မ အစ်မအိမ်တွင် ကျွန်မတို့မိခင် ဘိုကလေးမြို့မှ ရောက်ရှိလာခြင်းကြောင့် အမေ့ကို ကန်တော့ရန် ဘောက်ထော် မင်္ဂလာလမ်း နေအိမ်မှ ထွက်လာခဲ့သည်။

ကျွန်မ ငယ်စဉ်က မွေးနေ့သို့ ရောက်တိုင်း ပျော်ရွှင်ခဲ့ရပုံများကို သတိရမိသည်။

ကျွန်မတို့၌ ညီအစ်မသုံးယောက် ရှိကြသည်။ အစ်မက သူ့မွေးနေ့တွင် လူတွေ ဖိတ်၍ ဘုရားကိုးဆူ ကပ်လေ့ရှိသည်။ ကျွန်မအောက် ညီမလေးက သူ့မွေးနေ့၌ သံဃာတော်များ ပင့်၍ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆွမ်းကျွေးလေ့ ရှိသည်။

ကျွန်မမူကား ဈေးသို့ သွားကာ တောရွာရှိ ဆင်းရဲကြသော အဘိုးအို၊ အဘွားအို၊ ကလေးသူငယ်များအတွက် အဝတ်အထည်များ ဝယ်ခြမ်းခဲ့သည်။ မျက်နှာသုတ်ပဝါ၊ ဖျင်ကြမ်းလုံချည်၊ သရက်ထည်လုံချည်၊ ကလေးဝတ် ရှပ်၊ ပုဆိုး၊ သင်တိုင်း၊ စောင်ကြမ်း စသည့် အထည်ပစ္စည်းများကို ပိုက်ဆံပါသမျှ အမျိုးစုံအောင် ဝယ်သည်။

မွေးနေ့သို့ ရောက်လျှင် အဝတ်မျိုးစုံ သိပ်ထည့်ထားသော ဖာကြီးကို ယူကာ၊ ဘိုကလေးမြို့နှင့် နေ့ချင်းပြန် ရေလမ်းခရီးဖြစ်သော ဓမ္မသုခရွာသို့ အိမ်မှ မော်တော်နှင့် သွားလေသည်။

ဓမ္မသုခရွာသို့ ရောက်လျှင် ဓမ္မသုခ ဆရာတော်ဘုရား၏ ကျောင်း၌ စတည်းချသည်။ ရွာထဲ၌ အလွန် ဆင်းရဲကြသော အဘိုးအို၊ အဘွားအို၊ ကလေးသူငယ်များကို ဆွမ်းစားကျောင်း၌ စုဝေးစေပြီးနောက်၊ ယူဆောင်လာခဲ့သော အဝတ်အထည်တွေကို ပုံလျက် ဆူဆူညံညံ အုန်းအုန်းကျွက်ကျွက် လှူဒါန်းရခြင်းကြောင့် ပျော်ရွှင်ခဲ့ရပုံများကို ဘယ်တော့မှ မမေ့နိုင်။ ရန်ကုန်သို့ ရောက်လာမှ ကျွန်မ၏ မွေးနေ့၌ လှူလေ့ရှိခဲ့သော ထိုအလှူမျိုးကို မလှူရတော့ပေ။

'အမေ့ဆီ လာသလား ဟေ့'





မမတို့ အိမ်အဝင် ကျွန်မ ဆွဲလာသော ခြင်းကို ကြည့်လျက် ဆီးကြို၍ ပြောသည်။

'အောင်မယ် ... နင် ဒီနေ့ ခေါင်းဖြီးလာတာ ရုပ်ကို ပြောင်းသွားတာပဲ ဟယ်'

မမက တအံ့တဩ ရှိပုံဖြင့် ပြောရင်း၊ ကျွန်မခေါင်းကို စိုက်ကြည့်သည်။

မှတ်မိသလောက် လေး၊ ငါးနှစ်သမီး အရွယ်လောက်က စ၍ ဆံတို ကုပ်ဝဲ ဆံတောက် ထားခဲ့ရသည်။ အမေက ဆံပင်ကို ဘေးကွဲ ခွဲ၍ ဖြီးပေးသည်။ ဆံပင် ခွဲကြောင်းမှာ အသားသေလျက် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ။

ကျွန်မအသက် ၃၀ ကျော်ပြီကို မှတ်မှတ်ရရဖြစ်အောင် ဆံပင်ငယ်ရုပ်ပုံစံ ခွဲကြောင်းရာကို ဖျောက်လျက် ထိပ်လယ်၌ ခလယ်ကွဲ ခွဲ၍ ဖြီးခဲ့သည်။

'လူ့ဘဝမှာ ပထမကဏ္ဍ ကုန်ဆုံးသွားပြီ။ ဒုတိယပိုင်း အရွယ်ရောက်လာတဲ့ အမှတ်အသား ထားချင်လို့ အလယ်က ခွဲပြီး ဖြီးလိုက်တာ၊ ရင့်မသွားဘူးလား'

'ဆံပင်ဟာ ရုပ်ကို ပြောင်းသွားတာပဲ၊ မရင့်ပါဘူးဟယ်'

ကျွန်မ ခေါင်းကိုကြည့်၍ သဘောကျသလိုလို၊ မကျသလိုလို မျက်နှာဖြင့် ပြောကာ ပြုံး၍နေသည်။

အိမ်ရှေ့ ဧည့်ခန်းမှ ကျွန်မတို့ အသံဗလံများကြောင့် အိပ်ခန်းထဲမှ အမေ ထွက်လာသည်။

အမေသည် အသက်ကြီးမှ မကျန်းမာချေ။ အမေ့ရောဂါမှာ သည်းခြေ ကျောက်သောရောဂါ။ စကားကို မေးနိုင်မှ ပြောသည်။ လူတွေ့မခံချင်ဘဲ အခန်းထဲ တွင် သူ့ဟာသူ တစ်ယောက်တည်း လှဲအိပ်နေသော အချိန်က များသည်။

အမေ့ကို ကန်တော့ရန် မုန့်သေတ္တာ၊ ဟောလစ်၊ ထောပတ် စသည့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ငြင်ဆင်ပြီး အမေ့ရှေ့ စားပွဲ၌ တင်လိုက်သည်။

'အမေ နေကောင်းရဲ့လား'

အမေသည် ခေါင်းခါပြသည်။

'အမေက အစာ သိပ် မစားဘူးဟာ၊ တအိပ်တည်း အိပ်နေတာပဲ။ အချိန်မှန် ရေချိုးဖို့၊ ထမင်းစားဖို့ အနားက စောင့်ကြည့်ပြီး လုပ်ပေးနေရတယ်။ မနေ့ကပဲ ဒေါက်တာ လာပြီး အားဆေးထိုးသွားတယ်'

ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ တစ်ယောက် တစ်ဘာသာ ဖြစ်ကြသည်။ ကျွန်မ အစ်မက အနောက်တိုင်းဆေးဝါး သုံးစွဲသည်။ နေမကောင်းလျှင် ဆရာဝန် ပင့်လိုက်သည်။

မြန်မာ့ဆေးပညာ လိုက်စား သင်ကြားနေသော ကျွန်မကို 'နင့်လိုမှုန်ဆော့ တစ်သက်လုံး ဓာတ်စာ မစားနိုင်ပါဘူး' ဟု ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ ထိုင်နေသော ကုလားထိုင်ရှေ့ ကြမ်းပြင်ပေါ်၌ ကျွန်မ ထိုင်လိုက်ကာ၊ အမေ၏ ဒူးနှစ်ဖက်ကို ဆုပ်ကိုင်လျက် အမေ့မျက်နှာကို မော့ကြည့်သည်။

အမေ့မျက်နှာကို မော့ကြည့်မှ၊ အမေ့ခေါင်းပေါ်၌ ဆွဲချိတ်ထားသော ဓာတ်ပုံကြီးကိုပါ တစ်ပါတည်း ကြည့်မိသည်။ ထိုဓာတ်ပုံမှာ အမေ အသက် သုံး လေးဆယ် နုပျိုစဉ်က ရိုက်ကူးလျက် ပုံကြီးချဲ့ထားသော ဓာတ်ပုံဖြစ်သည်။

အမေ့ဓာတ်ပုံထဲ၌ ဘီးဆံထုံးတွင် စိန်ဘီး၊ စိန်ဆံထိုး စိုက်ထားသည်။ မဟာနဖူးနှင့် လှလိုက်သည့် မျက်ခုံးမှာ ဖြောင့်တန်းနေသည်။ နှာတံကလည်း ပေါ်၏။ နှုတ်ခမ်းပါးလေးနှင့် မျက်နှာချိုချို။ လည်၌ ကပ်ထားသော ပုလဲနှစ်သွယ်ကြောင့်လည်း လှသထက် လှနေသည်။ ပြည့်တင်းနုညက် ချောမွေ့ လှပနေသော အမေ့မျက်နှာမှာ ကြည့်လေလေ ချောလေလေ။ ဓာတ်ပုံဆေးသားကလည်း ကောင်းပါဘိ။

'ညည်းတို့ အမေဟာ မိန်းမချော၊ မိန်းမလှ'

လူတကာ ပါးစပ်ဖျား၌ ပြောစမှတ်စကား ဖြစ်ခဲ့သည်။

နောက်နောက်တုန်းက အမေ မဖြီးမလိမ်းဘဲ နေသော အခါမျိုး၌ပင် ဖြူဝင်းနေသည့် အမေ၏ အသားအရေတို့သည် အရောင်ထွက်နေသကဲ့သို့ ဝင်းစို နေကာ ကျက်သရေ ရှိလှသည်။

အမေ့ခေါင်းပေါ်က ဓာတ်ပုံနှင့် ဓာတ်ပုံအောက်က အမေ့ရုပ်ကို တစ်ပြိုင်တည်း မြင်လိုက်မိသောအခါ၊ ကျွန်မ တစ်ကိုယ်လုံး တွန့်တုန်သွားတော့သည်။

မကျန်းမမာ ဖြစ်လျက် အသက် ခုနစ်ဆယ်တွင်း ရောက်နေသော အမေ့ရုပ်ပုံ။ အမေ့ မျက်နှာပေါ်၌ အတွန့်၊ အရေး၊ အစင်း၊ အကြောင်းတို့ ရှုပ်ယှက်ခတ်နေလျက် မျက်နှာတစ်ပြင်လုံး ရှုံ့တွဲနေခြင်းကြောင့် ဓာတ်ပုံထဲက အမေ့ရုပ်နှင့် ပုံဖမ်း၍ မရလောက်အောင် ရုပ်ကျ အိုစာလွန်းလှသည်။

သွားမရှိ၍ ပါးနှစ်ဖက်တွင် ခွက်ချိုင့်လျက် အရေး၊ အကြောင်း၊ အစင်းတို့နှင့် ရောထွေးနေသော မှဲ့ခြောက်များကလည်း အပြောက် အပြောက်။

တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်အောင် ဖြူဆွတ်နေသော ဆံပင်တို့သည် အိပ်ရာထဲက ထ လာခဲ့သည့်အတိုင်း မဖြီးမသင် ပွရှုပ်လျက် ဖွာလွင့်နေသည်။ နဖူး၊ နားသယ်စပ်တို့မှ ဆံတိုဆံပြတ်တွေကလည်း ထိုးထိုးထောင်ထောင်၊ မျက်နှာတစ်ဝိုက်၌ ဖွေးဖွေးအုပ်ကျနေလျက်၊ ကြည့်မကောင်းအောင် ဖြစ်နေသည်။

အမေ၏ လက်များကို အသာ ကိုင်ဆွဲယူလိုက်သည်။ လက်တို့မှာ အကြောတွေက ပြိုင်းပြိုင်း၊ အရေပြားသာ ဖုံးလျက်၊ အသား မရှိသလောက် ရင့်ရော် တွန့်ခြောက်နေသည်။





ကျွန်မမှာ အမေ့ခေါင်းပေါ်က ပုံကို ကြည့်လိုက်၊ အမေ့ကို ကြည့်လိုက်၊ ကွာခြားလွန်းခြင်းကို အပြန်အလှန် ယှဉ်ကြည့်ရင်း ရင့်ရော်အိုမင်းသော ဇရာ [...]ကို ရှုမြင်ရခြင်းဖြင့် ကြက်သီး သိမ့်သိမ့် ထ သွားသည်။

အမေ့ကို ကြည့်၍ ဖြစ်ပျက် ဖောက်ပြန်တတ်သော ရုပ်နာမ်တို့ကို ဘေးမှန်း [...]၊ အပြစ်မှန်း သိရန်နှင့် စွဲလမ်း နှစ်သက်ခြင်းတို့ကို နာနာ နှိပ်ကွပ်ပစ်ရန် [...]အခါက စတင်၍ သတိတရား ရခဲ့သည်။

အမေကား ကုလားထိုင်ပေါ်၌ ငုတ်တုတ်၊ သတိသညာ ကင်းမဲ့လျက် အရုပ်ကြီး တစ်ရုပ်ကဲ့သို့ ငုတ်တုတ်။

အမေ့ရှေ့တွင် ဓာတ်ပုံကြည့်လိုက်၊ အမေ့လက်များကို တင်းတင်းကြီး ဆုပ်၍ ကိုင်လိုက်ဖြင့်၊ မငြိမ်မသက် ဖြစ်လျက်ရှိသော ကျွန်မကို မြင်ဟန်မတူ။ [...]မိုက်ရှာ စိုက်လျက်၊ ငြိမ်လျက်။

'အမေ ... နောက် အနှစ်သုံးဆယ်လောက် ရှိရင် အမေ့လိုပဲ သမီး အိုဦးမှာပဲ နော်'

အမေ့နှုတ်မှ အသံမထွက်။

'ဟုတ်တယ် မဟုတ်လား... အမေ'

အမေ့လက်ကို လွှတ်၍ အမေ့ဒူးများကို လှုပ်ယမ်း ပြောတော့မှ ခေါင်းညိတ်ပြသည်။

'အမေ့ကို ကန်တော့ရင် ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဆင်းရဲဒုက္ခဘေးကြီးက လွတ်ကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေလို့ အမေက ဆုပေးနော်'

ဤဆုကို ပေး မပေးမူ အမေ့ထံမှ အသံမထွက်၍ မကြားရ။ ကျွန်မသာ ဤဆုကို တောင်းလျက် ဦးချ ကန်တော့လိုက်သည်။

မမ အနားရောက်လာ၍ လှမ်းပြောလိုက်သည်။

'မမ ... အမေ့ဓာတ်ပုံနဲ့ အမေ့ရုပ်ပုံကို သေသေချာချာ ယှဉ်ကြည့်စမ်း [...]ရယ်'

'ဘာဖြစ်လို့လဲ'

ဘာမျှ ထူးခြားမှု မရှိသကဲ့သို့ မမက ပြန်မေးသည်။

'ဓာတ်ပုံနဲ့ အမေ့ကို ယှဉ်ကြည့်ရင် အိုမင်းရခြင်း ဒုက္ခကို မမ ကောင်းကောင်းကြီး သံဝေဂ ရမယ်'

မမက ရယ်သွမ်းတစ်ဝက်နှင့် ပြန်ပြောသည်။

'ငါ့နှယ် ဘာများလဲလို့၊ အသက်ကြီးလာတော့ အိုတာပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'မမ သိတဲ့ အသိနဲ့ ကျွန်မ သိတဲ့ အသိဟာ မတူပါဘူး'

ကျွန်မက ငြိုးငွေ့သံဖြင့် ပြန်ပြောသည်။

'နင်က ဘယ်လိုသိသလဲ'

မမက ပြုံးစိပြုံးစိဖြင့် မေးနေသည်။ ကျွန်မက ခေတ္တခဏ ငိုင်နေသည်။

'ပြောပါဦးဟ'

'မမ သိတဲ့ အသိက ခေါင်းထဲမှာ ရှိတဲ့အသိ၊ ကျွန်မ အသိက နှလုံးသားထဲ ရောက်အောင် ပေါက်သွားတဲ့ အသိ'

'ဒါဖြင့် နင် ပေါက်သွားပြီပေါ့'

ညီအစ်မနှစ်ယောက်၏ ရယ်မောသံများကြောင့် အမေ နေရာမှ ထသွားသည်။

မမထံမှ အမေ့ဓာတ်ပုံကြီးကို ပုံတူကူးချင်၍ ဖြုတ်ယူလာခဲ့သည်။ အမေ့ ယခုပုံကိုလည်း အလိုရှိ၍ မောင်ငယ် မောင်တင်ဝင်းကို ဓာတ်ပုံ ရိုက်ခိုင်းလိုက်သည်။

အမေ့ဓာတ်ပုံကြီးကို ကျွန်မ၏ မှန်တင်ခုံထိပ်၌ ချိတ်ဆွဲထားသည်။ မောင်တင်ဝင်း ရိုက်ကူးပေးသော အမေ့ပုံကိုလည်း အမေ့ပုံကြီးနှင့် ယှဉ်၍ ချိတ်ဆွဲထားသည်။ အမေ့ထံမှအပြန် မောင်တင်ဝင်းကို ဓာတ်ပုံ ရိုက်ခိုင်းပြီး ဆံပင်အလယ် ခွဲနှင့် ကျွန်မဓာတ်ပုံကိုလည်း အမေ့ပုံ နှစ်ပုံနှင့် တွဲ၍ ချိတ်ထားသည်။

ဤဓာတ်ပုံ သုံးပုံသည် ကျွန်မဘဝ တစ်လျှောက်လုံး ကျွန်မနှင့် သက်ဆိုင်သော အစွဲအလမ်းကြီးတစ်ခု ဖြစ်စေရန် မြင်လောက်အောင် ချိတ်ဆွဲထားခြင်း ဖြစ်သည်။

နေ့စဉ် အလုပ်သွားရန် ခေါင်းဖြီးတိုင်း ထိုဓာတ်ပုံများကို မြင်နေရသည်။ မြင်ရတိုင်း မြင်ရတိုင်း အိုရဦးအံ့ ... ဟူသော သတိ မဖြစ်မိသည် မရှိ။

တစ်ခါတစ်ရံ ခေါင်းပေါ်က ဆံပင်တွေကို ဖြူကြည့်သည်။ မျက်နှာပေါ်က အရေး၊ အကြောင်း၊ အစင်းတို့ဖြင့် အိုရုပ်ထင်အောင် မှန်းဆကြည့်သည်။ မှန်ထဲ တွင် အသက် သုံးဆယ်ပိုင်း နုပျိုသောရုပ်သွင်သည် သူ့ပကတိအတိုင်းမှ စိတ်ကူး ဖြင့် ခြယ်လှယ် မှန်းဆကြည့်လိုက်သော အမယ်ကြီးအိုရုပ်ကို ရုံဖန်ရံခါ တွေ့ရ တတ်သည်။

ဓာတ်ပုံသုံးပုံကို သတိဖြစ်အောင် ကြည့်တတ်လေ့ရှိသော ထိုအလေ့အကျင့် သည် တစ်နေ့တလေ အလေ့အကျင့် မဟုတ်ဘဲ၊ နေ့စဉ် မှန်ကြည့်တိုင်း ဆင်ခြင် နှလုံးသွင်းလိုက်သော အလေ့အကျင့်တစ်ခု စွဲမြဲလာသည်။

အမေ့ထံသို့ နေ့စဉ် ရောက်အောင်သွားသည်။ အမေနှင့် နေ့စဉ် တွေ့ကြုံ





ရခြင်းသည် အိုခြင်းဆင်းရဲကို နေ့စဉ် ဆင်ခြင် ရှုမှတ်နိုင်ခြင်း ဖြစ်လာသည်။ နေ့စဉ် ဆင်ခြင် ရှုမှတ်ဖန် များခဲ့သည့်အခါ၌ ခန္ဓာငါးပါးသည် ဒုက္ခမှ ဒုက္ခ အစစ်ဟု အသိအမြင် ရှင့်သန်လာသည်အထိ ကျေးဇူး ရှိလာခြင်းကြောင့် အမေ့ကို ကျေးဇူးတင်မိသည်။

အမေသည် တစ်နေ့တခြား လုံးပါး ပါးလာလျက် အားအင် ကုန်ခန်းလာ သည်။ အလွန် မေးနိုင်မှ တစ်ခွန်းတလေ တုံ့ပြန်ပြောသည်။ ဝိုင်း၍ တိုက်ကျွေးမှ စားချင် စားချင် စားသည်။ တစ်နေ့လုံး အိပ်ရာမှ မထဘဲ နေတော့သည်။ ထိုနေ့ထက် တစ်နေ့ အမေ၏ ကျန်းမာရေးကို အားမရ ဖြစ်လာကြသည်။

တစ်နံနက် မမက လူလွှတ်၍ အကြောင်းကြားလိုက်သည်။ အမေ သက ဆရာဝန်ဖောက်လာကြောင်း၊ ဆရာဝန်က မရနိုင်တော့ကြောင်း ပြော၍ ကျွန်မကို အမြန်လာရန် အခေါ်လွှတ်လိုက်သည်။

အမေ့ထံသို့ ချက်ချင်း လိုက်သွားသည်။ ကျွန်မ၏မောင်ငယ် မောင် တင်ဝင်းကိုပါ တစ်ပါတည်း ခေါ်လာသည်။

အမေ့ပုံပန်းကို ကြည့်လျက် ဒီတစ်နေ့မှ ခံပါတော့မလားဟု စိုးရိမ်မှုဖြစ် သည်။ စိတ်ထဲ၌ မချမ်းမြေ့မှုကြောင့် သက်ပြင်းကြီးချလျက် မမကို ပြောရသည်။

'အမေတော့ နေရတော့မယ် မဟုတ်ဘူး မမ၊ မမ ဆရာဝန်က မရနိုင် တော့ဘူး ဆိုနေမှပဲ။ နောက်ဆုံး အမေ့ကို အသက် ညင်ညင်သာသာလေး ထွက် အောင် ကျွန်မနည်းနဲ့ ကျွန်မ ပြုစုပါရစေ၊ သဘောတူကြပါ'

'နင် ကြိုက်သလို လုပ်ပါတော့' ဟု မမက မျက်ရည်စမ်းစမ်းဖြင့် ခွင့်ပြု သည်။

မမ ခွင့်ပြု၍ မောင်တင်ဝင်းကို အိမ်မှ ကြေးစည်၊ တောင်တန်ကတိုး၊ ဖယောင်းတိုင်၊ အုန်းသီး၊ ဒေါနပန်းခြောက်များနှင့် သံပရာသီးများ ယူလာရန် ခိုင်း လိုက်သည်။

အလိုရှိသော ပစ္စည်းများ ရောက်လာ၍ အားလုံး အဆင်သင့် ရှိသောအခါ မမကို ချော့ပြောရသည်။

'မမက စိတ်ခိုင်တာ မဟုတ်ဘူး၊ နေကောင်းတာ မဟုတ်ဘူး၊ မမ အခန်း ထဲက ထွက်ပေးပါ။ ကျွန်မ လိုမှ ခေါ်လိုက်မယ်'

မမ အခန်းထဲက ထွက်သွားမှ အမေ့အခန်းထဲသို့ ဘယ်သူမျှ မလာကြစေ ရန် တံခါးပိတ်ထားလိုက်သည်။

အမေ့ရင်ထဲမှ ချွဲသံ၊ သလိပ်သံတို့သည် အပြင်ပေါက်အောင် တကြမ်းကြမ်း ထွက်လျက် အဆက်မပြတ်တော့ချေ။ အမေသည် တစ်ချိန်ထက် တစ်ချိန် အမော



www.burmeseclassic.com

www.burmeseclassic.com



ပိုလာသည်။ တောင်တန်ကတိုးကို သွေးပြီး လိမ်းဆေးနှင့် ဖျော်ကာ ရင်ညွန့်မှ ဆီးခုံသို့ရောက်အောင် ညင်ညင်သာသာ လူးချပေးသည်။ ဒေါနပန်းခြောက်များကို ဆုပ်ညှစ်၍ အနံ့ရှူးရှူးရလေအောင် ခေါင်းအုံးပတ်လည် ခြံရံထားသည်။ ချွဲသံထွက်လျက် မောက်နေသော ရင်ကို ဆေးဖြင့် ခြောက်လိုက်၊ ဆွတ်လိုက် လုပ်ပေးခြင်းကြောင့် တစ်နာရီအတွင်း ချွဲသံများ စဲစ ပြုလာသည်။

ကျွန်မ မျက်ရိပ်ပြ၍ ခိုင်းစေသမျှ မောင်တင်ဝင်းက အနားမှ ဝိုင်းကူလုပ်ပေးသည်။

'ကြည့်ထား၊ ခြေထောက်တွေ သွေးဆုတ်လာပြီ၊ ကြာရှည် မခံတော့ဘူး'

အမေ့ခြေထောက်ကို မောင်တင်ဝင်းက အသာကိုင်စမ်းကြည့်သည်။ အမေ၏ နှာခေါင်း အနေအထား၊ နား အနေအထားတို့ ပုံပျက်ယွင်းကာ သို့သို့လာ...သည်ကိုလည်း လက်ညှိုးနှင့် ထိုးပြလိုက်သည်။

နောက်ထပ် ရင်ကို လေးငါးကြိမ် ဆက်တိုက် လိမ်းပေးပြီးသည့်နောက် ချွဲသံများ ပါ-သွားသော အခါတွင် အမေ့အနားသို့ ကပ်၍ ကြေးစည် တအား ထုခိုင်းလိုက်သည်။

အမေသည် တစ်ချိန်လုံး မျက်လုံး ပိတ်ထားရာက မျက်လုံးကလေး ပွင့်လာသည်။

အမေ၏ မျက်စိပသာဒ မပျက်သေးသောကြောင့် နာရီ ကြာကြာခံလိမ့်ဦးမည်ဟု ကျွန်မ အားရှိသွားသည်။ အမေ ချမ်းသာစွာ နေရစေရန် ခေါင်းအုံးတွေကို အမေ့ပတ်လည်၌ ဝိုင်းဝိုင်းလည် ထောင်ရံလိုက်သည်။ သံပရာရည်များနှင့် အုန်းရည် စပ်၍ ရေနှင့်ရောနှစ်စိမ်လိုက်သော အိပ်ရာခင်း အဝတ်ကို ရေစင်အောင် ညှစ်ကာ၊ အမေ့ကို မျက်နှာသာ ဖော်လျက် အမေနှင့် ရေစိုအဝတ် မထိစေအောင်၊ ခေါင်းအုံးများပေါ်မှ တစ်ကိုယ်လုံး လုံအောင် လွှမ်းအုပ်ပေးလိုက်သည်။

'အမေ... အမေ သတိရတယ်နော်'

အမေ့ကို ခေါ်ကြည့်သည်။ ဘာမှ မတုံ့ပြန်၍ အမေ့မျက်လုံး ပွင့်လာစေရန် ကြေးစည် ထုခိုင်းလိုက်သည်။

အမေ့မျက်လုံးများ ပြန်ပွင့်လာပြန်သည်။ လှုပ်ရှားသည် ဆိုရုံလောက်မျှ ခေါင်းကို ညိတ်ပြပြီးနောက် မျက်လုံးများ ပြန်ပိတ်သွားသည်။

'အမေ... သမီးပြောတာ နားထောင်ပါ အမေ၊ အမေ မနေရတော့ဘူး အမေ။ အမေ့အချိန်ဟာ ကုန်ဆုံးတော့မယ်။ သမီးတို့နဲ့ အမေ ခွဲရတော့မယ်။ ဘုရားကို အာရုံပြုပါ အမေ၊ သင်္ခါရတရားကို အောက်မေ့ပြီး နှလုံးသွင်းနေပါ။ သမီး ရွတ်တာတွေကို နားထောင်ပါ အမေ'





အမေ အသက်ရှိစဉ်က "ငါ သေခါနီးဆဲဆဲမှာ အဖော်ကောင်း လိုတယ်။ ...ခါနီးများ အဖော်ကောင်း ရှိပါရစေ" ဟု စကားစပ်မိတိုင်း အမေ ပြောလေ့...သ ရှိခဲ့သည်။ အမေ့ အလိုဆန္ဒအတိုင်း ကျွန်မမှာ အမေ၏ သေခါနီးအဖော်...ရန် ကြိုးစားရတော့မည်။

အမေ ကြားနိုင်အောင်၊ နားဝင်အောင် အမေ့ နားအဝသို့ ကပ်လျက် ...သုံးချင်း တစ်လုံးချင်း ပြောပြပြီးနောက် မောင်တင်ဝင်းကို ကြေးစည်ထုရန် ...ရိပ်ပြလိုက်သည်။

အမေ့မျက်လုံး ပွင့်လာသည်။ ရီဝေနေသော မျက်လုံးအစုံကို သုံးမိနစ်ခန့် ...ထားသည်။ ချွဲသံများ ပါးသွားသော်လည်း အမေ့ရင်မှာ လှိုင်းထလျက် ရှိသည်။

ကျွန်မမှာ အမေ့အတွက် ဘာရွတ်လျှင် ကောင်းပါလိမ့်မလဲဟု စဉ်းစား...ယ်ရသည်။

'သမီးတို့ ငယ်ငယ်တုန်းက အမေ ဝတ်တက်တိုင်း အမေ ရွတ်တဲ့ ခယ...နဲ့ ဝယဓမ္မကို ရွတ်မယ်နော်။ အမေ အာရုံပြုပါ၊ နားစိုက်ပါ အမေ'

ဣမေ ပဥ္စက္ခန္ဓာ ခယဓမ္မာ အနိစ္စံ၊ ဝယဓမ္မာ အနိစ္စံ၊ အစ္စုဝဓမ္မာ အနိစ္စံ။

ဣမေ ပဥ္စက္ခန္ဓာ၊ ဘယဓမ္မာ ဒုက္ခံ၊ ပဋိပီဠနဓမ္မာ ဒုက္ခံ။

ဣမေ ပဥ္စက္ခန္ဓာ၊ အသာမိကဓမ္မာ အနတ္တာ၊ အဝသဝတ္တနဓမ္မာ အနတ္တာ၊ အသရကဓမ္မာ အနတ္တာ၊ နိဗ္ဗာပါရဓမ္မာ အနတ္တာ။

**ဣမေ ပဥ္စက္ခန္ဓာ**– ဤခန္ဓာငါးပါး အပေါင်းသည်၊ **ခယဓမ္မာ**– ကုန်ခန်းတတ်သော အနက်သဘောကြောင့်၊ **အနိစ္စံ**– အနိစ္စ မည်၏။ **ဝယဓမ္မာ**– ပျက်စီး ချို့ယွင်းတတ်သော အနက်သဘောကြောင့်၊ **အနိစ္စံ**– အနိစ္စ မည်၏။ **အစ္စုဝဓမ္မာ**– အတည်မမြဲ ဖောက်လွဲဖောက်ပြန် ဖြစ်သည်မှန်၍၊ **အနိစ္စံ**– အနိစ္စ မည်၏။

**ဣမေ ပဥ္စက္ခန္ဓာ**– ဤခန္ဓာငါးပါး အပေါင်းသည်၊ **ဘယဓမ္မာ**– ဘေးကို ပြုတတ်သော သဘောကြောင့်၊ **ဒုက္ခံ**– ဒုက္ခမည်၏။ **ပဋိပီဠနဓမ္မာ**– ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတည်းဟူသော ဘေးကြီးလေးပါးတို့သည် စပ်ကာစပ်ကာ နှိပ်စက်တတ်သော အနက်သဘောကြောင့်၊ **ဒုက္ခံ**– ဒုက္ခမည်၏။ ဆင်းရဲ၏။

**ဣမေ ပဥ္စက္ခန္ဓာ**– ဤခန္ဓာငါးပါး အပေါင်းသည်၊ **အသာမိကဓမ္မာ**– အစိုးမရသော အနက်သဘောကြောင့်၊ **အနတ္တာ**– အနတ္တ မည်၏။ **အဝသဝတ္တနဓမ္မာ**– အလိုသို့ မလိုက်သော သဘောကြောင့် **အနတ္တာ**–



www.burmeseclassic.com

www.burmeseclassic.com



အနတ္တ မည်၏။ **အသရကဋ္ဌေန–** အနှစ်သာရ မရှိသော သဘောကြောင့်၊ **အနတ္တာ–** အနတ္တ မည်၏။ **နိဗ္ဗာပါရဋ္ဌေန–** ဗျာပါရ မရှိသော အနတ္တ သဘောကြောင့်၊ **အနတ္တာ–** အနတ္တ မည်၏။

အမေ့ ခုတင်ဘေး၌ ဒူးထောက်ကာ အမေ့နားသို့ ကပ်လျက် အသံကို တရားသံပေါက်အောင် အားထုတ်၍ ဖြည်းလေးစွာ ရွတ်ဆိုပြနေရင်း၊ အမေ့ သက်သာစေရန် ဒေါ်နုခက်များကို နှာဝ၌ တေ့ပေးထားသည်။

'အမေ... အမေ ... ကြားရဲ့လား အမေ'

တစ်ပိုဒ်ပြီး တစ်ပိုဒ် ဆုံးသွားတိုင်း အမေ ကြားမှ ကြားပါလေစဟု အားမရ၍ နားဝသို့ ကပ်မေးသည်။ အမောဆိုက်နေသည့်ကြားမှ မျက်လုံးမှေးမှေး ပွင့်လာသည်။

မျက်လုံးမှေးမှေး ဖွင့်ပြ၍ အမေ ကြားရသည်၊ သတိရှိသည်ဟု အားတက် သွားသည်။ တရားသံပေါက်အောင်၊ နာပျော်ဖွယ် ရှိလေအောင် အသံနေ အသံထား ဖြင့် တတ်နိုင်သမျှ ကြိုးစား၍ ရွတ်ဆိုသည်။

မောင်တင်ဝင်းက အလိုက်သိစွာ တစ်ပိုဒ်ဆုံးတိုင်း ကြေးစည်ထုပေးသည်။ တစ်ချိန်ထက် တစ်ချိန် မကြည့်ရက်စရာ ဝေဒနာ ပြင်းပြစွာ ခံစားနေရခြင်းကြောင့် ဗျာဓိဒုက္ခ ဖိစီးခြင်းကို "ကြည့်ထားလိုက်" ဟု ကျွန်မတို့အား နောက်ဆုံး တရား ပြနေသကဲ့သို့ ရှိသည်။ အိုမှတော့ နာဖို့နှင့် သေဖို့ပဲ ရှိတော့သည်။

ရေစိုအဝတ်ဖြင့် အအေးဓာတ် ပေးထားခြင်းကြောင့် သည်းထန်စွာ အမော မဆိုက်ရသော်ငြားလည်း အသက်ကို လှ၍ပင့်၍ ရှူကာ အစွမ်းကုန် ဝေဒနာ ခံစားနေရပုံကို မြင်ရခြင်းကြောင့်၊ ရင်ထဲ၌ မချိတင်ကဲ ဖြစ်လာကာ မျက်ရည် အဝဲသားနှင့် အသံကို အတော်ထိန်းရွတ်ရသည်။

အမေ အသေဖြောင့်ရန်၊ အသက် ထွက်ခါနီး၌ နှလုံးသွင်း ကောင်းစေရန် အမေ့အား နောက်ဆုံး ကျေးဇူးဆပ်ခြင်း အနေဖြင့် ကျွန်မစိတ်ကို သံတိုင် ကျောက်တိုင်လို ခိုင်ခိုင်ထားရသည်။ အမေ့ အခြေအနေကိုလည်း မပြတ် သတိ ချပ်လျက် ဆေးလိမ်းလိုက်၊ ပန်းနံ့ပေးလိုက်၊ ရွတ်ဆိုလိုက်၊ ကြေးစည်ထုရန် အချက်ပြလိုက်။

သဗ္ဗေသင်္ခါရ အနိစ္စာ၊ သဗ္ဗေသင်္ခါရ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ။

မမြဲပါချေ၊ အစိုးမရပါချေ၊ အသက် မထွက်ရန် တားဆီး၍ မရပါချေ။ အမေသည် မေးထိုး၍ ရှိုက်လိုက်ပြီးလျှင် မျှဉ်းမျှဉ်းကလေး ရှူလျက် အသက် ထွက်မှန်း မသိ ထွက်သွားသည်။

အမေ အသက်ထွက်သွား၍ ကျွန်မက မောင်တင်ဝင်းကို မော့ကြည့်လိုက်





သည်၊ မောင်တင်ဝင်းသည် မျက်လုံးများ ပြူးဝိုင်းလျက် မျက်စဖြင့် မေးသည်။ ကျွန်မက အမေ အသက်မရှိတော့ကြောင်း ခေါင်းခါပြလိုက်သည်။

ကျွန်မတို့မောင်နှမ အမေ့ကို ထိုင်ကန်တော့ကြသည်။ ခေါင်းအုံးပတ်လည် ရှိ ဆေးပန်းများ၊ အဝတ်စိုများကို မောင်တင်ဝင်း ဖယ်ရှား ရှင်းလင်းနေခိုက် ကျွန်မသည် အမေ့အလောင်းကို တစ်ချိန်လုံး စိုက်ကြည့်နေမိသည်။

အမေ၏ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မျက်ဝါးထင်ထင် အဆင့်ဆင့် မြင်ရခြင်းကြောင့် မျက်စိအောက်၌ အမေ၏ ဘဝ အဆုံးသတ်သွားပုံသည် ကျွန်မအတွက် နောက်ဆုံး တရားအမွေ ပေးသွားခြင်းဟု ခံယူမိသည်။

'ကိုင်း... တံခါးဖွင့်ပေးလိုက်'

ကျွန်မ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အမေ့အခန်းထဲ၌ ဆူညံစွာ ဟစ်အော် ငိုကြွေးနေကြသော အသံဗလံများနှင့် ဝေးအောင် ခြံနောက်ရှိ သရက်ပင်ကြီး အောက်၌ သွားထိုင်နေလိုက်သည်။

အမေ မရှိတော့ အဖေ့ကို သတိရမိသည်။ အဖေ့ကို သတိရမှ အဖေ အသက်ထွက်ခါနီး၌ ဘဝကူး ကောင်းပါစေရန် စေတနာ ထက်သန်စွာဖြင့် အဖေ့ ခုတင်ဘေးတွင် ဒူးထောက်၍ ဓမ္မစကြာသုတ် ရွတ်ခဲ့ပုံ၊ အဖေ သေဆုံးပြီးနောက် ကျွန်မခင်ပွန်း ဦးချစ်မောင် အသက်ထွက်ခါနီးတွင်လည်း ခုတင်ဘေး၌ ဒူးထောက် ၍ ဒိုက်ကြီးနှင့် ဓမ္မစကြာသုတ်များ ရွတ်ခဲ့ပုံများကို တရေးရေး မြင်လျက်ရှိစဉ် မောင်တင်ဝင်း ကျွန်မနားသို့ ရောက်လာသည်။

'ဘယ့်နှယ်လဲ ... တော်တော် တရားရလိုက်သလား၊ မမက အမေ့ကို ...ရက် ထားလိမ့်မယ်'

'ထားချင်သလောက် ထားပေါ့။ အမေ့ကို ဂူမသွင်းဘူး၊ မီးသင်္ဂြိုဟ်မယ်၊ ငါကိုယ်တိုင် သင်္ဂြိုဟ်မယ်၊ အမေ့အလောင်း ပြာကျမှ ငါ အိမ်ပြန်မယ်။ မသာ ပြီး လူတွေ အိမ်ပြန်သွားရင် ငါပါ နေခဲ့မယ်'

'ဘာလုပ်ဖို့ မီးသင်္ဂြိုဟ်တာ စောင့်ကြည့်ရမှာလဲ၊ မဟုတ်တာဘဲ၊ မလိုပါ ဘူး'

'လိုတယ်၊ အများကြီးကို လိုတယ်။ မင်း ငါ့ကို နားမလည်ပါဘူး မောင်တင်ဝင်းရယ်'

မောင်တင်ဝင်းက သဘောမတူဟန်ဖြင့် ထပ်ဆင့်ပြောသည်။

'မီးသင်္ဂြိုဟ်တာ ဘာဖြစ်လို့များ ကြည့်ချင်ရတာလဲ'

မောင်တင်ဝင်း သဘောတူအောင်၊ သဘောပေါက်အောင် ကျွန်မက ရှင်း ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သံဝေဂဆိုတာ တစ်ခါတစ်ခါမှ ပေါ်တာမျိုး။ ပေါ်လာတဲ့ သံဝေဂကို တစ်ခါတစ်ခါမှ ပေါ်တာမျိုး မဖြစ်အောင်၊ နှလုံးသားထဲမှာ စွဲနေအောင် ငါ့အတွက် လုပ်ထားချင်လို့ပေါ့။ သံဝေဂဟာ မဂ်ဖိုလ်အတွက် အခြေခံအုတ်မြစ်ကွ။ အိုနာ သေဘေးက လွတ်ကင်းအောင်၊ သံသရာ ဝဋ်ဆင်းရဲပြတ်အောင် လုပ်ကြမယ်ဆိုရင် သံဝေဂဟာ ပထမပဲ မဟုတ်လား'

အမေ၏ အသုဘ ချသည့်နေ့က ကျွန်မ အစ်ကိုနှင့် မောင်တင်ဝင်းမှာ ကျွန်မ အလိုသို့ လိုက်ရသည်။ တာမွေသုသာန်၌ မသာပို့ပြီး ပရိသတ်အားလုံး ပြန်ကုန်ကြသည့်အခါ ကျွန်မ မပြန်ဘဲ နေရစ်ခဲ့သည်။

ထိုစဉ်က တာမွေသုသာန်၌ မီးသင်္ဂြိုဟ်မည် ဆိုလျှင် မြေကြီးပေါ်၌ အလောင်းကို ချကာ မီးရှို့ကြရသည်။

သုသာန်၌ အမေ့ကို မီးသင်္ဂြိုဟ်ရန် ကြိုတင်၍ ထင်းတွေပုံလျက် နေရာ လုပ်ထားသည်။ စဏ္ဍာလများ အမေ့၏ ခေါင်းကို ဖွင့်ကြသောအခါ ကျွန်မ အနားကပ် ငုံ့ကြည့်သည်။ ခေါင်းဖုံးပွင့်၍ အမေ့မျက်နှာကို ငုံ့စိုက်ကြည့်သည့် အခါ အမေ့မျက်နှာမှာ ရုပ်ဖမ်း၍ မရတော့။ ညိုပုပ် ရောင်အမ်းလျက် အယ်နေ သည်။ ခေါင်းအဖုံးကို ဖွင့်လုပ်တာနှင့် စို့နံ့ ညှီလိုက်ပုံမှာ ပျို့အန်ချင်မတတ် ဖြစ်လာသည်။

အမေ့အလောင်းကို ထင်းပုံပေါ်သို့ မှောက်ချကြသည်။ လက်နှစ်ဖက်သည် ကစဉ့်ကလျား ထွက်ကျလာသည်။ အင်္ကျီလက်ကောက်ဝတ်မှ ထွက်ပေါ်လျက် ရှိသော လက်ချောင်းများမှာ ဖောင်းကားလျက် လက်သည်းခွံတစ်ဝိုက် ပြည်ပုပ် တွေ ဥ၍ ဧရာမ လက်ချောင်းကြီးတွေ ဖြစ်နေသည်။ ခြေဖဝါးတွေကလည်း ဖူးဖူးရောင်ရောင် ညိုညိုမည်းမည်း ပုပ်ပွကားလျက် ဧရာမ ခြေဖဝါးကြီးတွေ။

ထင်းပုံပေါ်၌ မှောက်၍နေသော အမေ၏ ကိုယ်ကာယမှ ယိုစီးကျနေသော အရည်တွေက တန်ရွဲရွဲ၊ စို့နံ့ ဟောင်ညှီနေကာ မယတိဖွယ်ရာ ထိကိုင်ချင်စရာပင် မရှိတော့။ မကြာမီ အမေ၏ ကိုယ်ကာယသည် မြေကြီးမီးစာ ဖြစ်တော့မည်။

ကျွန်မ၊ အစ်ကိုကြီးနှင့် မောင်တင်ဝင်းပါ မောင်နှမ သုံးယောက် အမေ၏ ခန္ဓာကိုယ်ပေါ်တွင် အမွှေးနံ့သာ သနပ်ခါးတုံး၊ ကရမက်တုံး၊ နံ့သာဖြူတုံးများ ဖြန့်ပုံပေးကြသည်။

အလောင်းကို မီးမြှိုက်လိုက်၍ မီးစွဲလာသည့်အခါ လေတင်ဘက်၌ ရှိသော သစ်ငုတ်တိုကြီးပေါ်၌ ထိုင်လိုက်သည်။

သချိုင်း တစ်ဝင်းလုံး တိတ်ဆိတ်လျက် မီးခိုးတွေ ဝေနေသည်။ နေရောင် ဖျော့ဖျော့အောက်၌ စီတန်းနေကြသော အုတ်ဂူတွေကလည်း ပုံသဏ္ဌာန် အမျိုးမျိုး၊





အသက်အရွယ် အမျိုးမျိုး၊ မိန်းမ၊ ယောက်ျား၊ ကလေး၊ လူကြီး၊ မည်သူမည်ဝါတွေ ဖြစ်ကြပါကြောင်း ကမ္ပည်းစာတန်းများဖြင့် ဖော်ပြလျက် ရှိကြသည်။

မီးလျှံရောင်ရှိန်ထဲ၌ အမေ၏ အရိုးအဆစ်တွေ ပြုတ်လျက် တဖျစ်ဖျစ် မြည်ထွက်လာသံများကြောင့် နှလုံးမချမ်းသာလိုက်သည်မှာ ပြောစရာ မရှိ။ အသား ဆိုင်များ မီးစွဲလျက် တရှိတ်ရှိတ် တရဲရဲ လောင်ကျွမ်းလျက်နေပုံကို အတိုင်းသား မြင်နေရခြင်းကြောင့် ထိတ်လန့်လိုက်သည်မှာလည်း ပြောစရာ မရှိ။ မီးတောက် ထဲတွင် အမေ၏ ခါးပိုင်းက ကုန်းကွ ကြွလာ၍ စဏ္ဍာလများက တံစို့ဖြင့် နှိက်ချကြသည်။

မီးပုံထဲမှ အမေကား ကျွန်မ မျက်စိထဲ၌ အလောင်းကောင် မဟုတ်ပါ။ ကျွန်မ အမေမှ အမေ။ မီးပုံထဲမှ အမေ့ ခန္ဓာတစ်ကိုယ်လုံး တရှိတ်ရှိတ် လောင်ကျွမ်း လျက် ရှိနေပုံကို အမေကိုယ်တိုင် တွေ့စေချင်စမ်းပါဘိ၊ မြင်စေချင်စမ်းပါဘိ။ ဇာတိ၊ အိုရ၊ နာရ၊ သေရ၊ ကွဲရ၊ ခွဲရ၊ မပြိုခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရ ခြင်း အနတ္တ၊ ဤတရားစစ် တရားမှန်ကို အမေကိုယ်တိုင် ဆင်ခြင် သုံးသပ် ရှုမှတ်စေချင်စမ်းပါဘိတော့။ အမေကိုယ်တိုင် ရှုမှတ် ဆင်ခြင်ခွင့် ရပါခဲ့က သံသရာ ဝဋ်ဆင်းရဲကြီးကို အမေ ထိတ်လန့် တုန်လှုပ်လိမ့်မည် အမှန်။

အမေ အသက်ရှင်စဉ်၊ ကျန်းမာစဉ်က သင်္ခါရတရားကို သားသမီးများ ဆင်ဝင်စေရန် တဖွဖွ ပြောဟောပြတတ်သည်။ ကျွန်မတို့ ငယ်စဉ်က ဘိုကလေးမြို့ ရှိ ရေကန်ကြီးတွေ ရေခန်းကုန်သည့်အခါ နွေကျောင်းပိတ်တိုင်း တောရွာသို့ နှစ်လ ပြောင်းရွှေ့နေကြရသည်။

ရွာရှိ အိမ်တွင် ညစဉ်ညတိုင်း ပြုလုပ်သော တရားဝိုင်းက ပြတ်သည် မရှိ။ ကမကလူရွာ၌ နေကြသော အဘိုး ဦးကံကြီး၊ ဘကြီးအောင်၊ ဘကြီး ဦးပုံးစိန်တို့ကို မကြာခဏ ဖိတ်လျက် တရားဆွေးနွေးကြသည်။ ရွာရှိ အမျိုးသမီး တို့ကိုလည်း ဖိတ်လျက် အကျွေးအမွေးဖြင့် ဝတ်တက်လေ့ ရှိသည်။ အုတ်ဖိုဆရာ တော် ဘုရားကြီး၏ အမွန်းတွေကို အမေကိုယ်တိုင် မွန်းသည်။

သင်္ဂြိုဟ်၊ ပဋ္ဌာန်း၊ ဝိနည်းကျမ်းများကို အမေ လေ့လာ ဆည်းပူးထားခြင်း ကြောင့် တော်တော် ဘုန်းကြီး အမေနှင့် စကားပြောရန် မလွယ်။ "ကျမ်းတတ်၊ စာတတ် ဒကာမ" ဟု ကိုးကွယ် ဆည်းကပ်သော အုတ်ဖို မူလဒွါရဂိုဏ်း ဆရာ တော် အပေါင်းက အသိအမှတ် ပြုထားသူ ဖြစ်သည်။

ရတနာသုံးပါးကို အလေးအနက် ကြည်ညို ကိုင်းရှိုင်းသော အမေ တစ်ယောက်ဖြစ်၍ "အမေတော့ ဘဝကူး ကောင်းမှာပါ" ဟု မချမ်းသာသော စိတ်ကို တစ်ဖက်မှ ဖြေသိမ့်ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများကို ငယ်စဉ်က စ၍ လောကီလောကုတ် နှစ်ဖြာသော အကျိုး ရှိကြဖို့ ရှေးရှုလျက် သွန်သင်လမ်းပြ ဆိုဆုံးမခဲ့ပုံတွေမှာ မှတ်သားစရာ ကောင်း လောက်အောင် ဖြစ်ခြင်းကြောင့်၊ ဂုဏ်ကျေးဇူးများကို တစိမ့်စိမ့် သတိရလာကာ သစ်ငုတ်တိုကြီးပေါ်မှ နေ၍ အမေ့ကို အပြန်ပြန်အခါခါ ရှိခိုးသည်။

အိမ်၌ ဝါတွင်းသို့ ရောက်လေတိုင်း တစ်ဝါတွင်းလုံး ဥပုသ်နေ့ ဥပုသ် စောင့်ကြရမည့် စည်းကမ်းထားသည်။ ကျွန်မ ဆယ်နှစ်သမီး အရွယ်က စ၍ အိမ်ထောင်မကျမီအထိ ဝါတွင်း ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ စောင့်ခဲ့ရသည်။ မွန်းလွဲလျှင် အမေ ပေးသော တရားစာကို အလွတ်ရအောင် သားသမီး အားလုံး စာကျက်ကြရသည်။

အပိုဒ်တိုလျှင် အပိုဒ်တို သုံးပုဒ်တွဲ ဆုငွေ ငါးကျပ်၊ အပိုဒ်ရှည် တစ်ပုဒ် လျှင် ငွေတစ်ဆယ် အမေက ဆုချသည်။ အလွတ်ရအောင် ကျက်ထားသော စာကို အမေ့ရှေ့၌ ရွတ်ပြသည့်အခါ၌ ဆိုင်းနေ၊ ထစ်နေ၊ တွေးနေလျှင် ပြန်ကျက် ခိုင်းကာ ဆုမရကြ။ အမှားမပါဘဲ မွတ်နေအောင် ရွတ်ပြနိုင်ကြမှ ဆုချသည်။

သူတော်ကောင်းတရား ခုနစ်ပါး၊ ဒုစရိုက် ဆယ်ပါး၊ သုစရိုက် ဆယ်ပါး၊ ပုညကြိယာ ဆယ်ပါး၊ မဂ္ဂင် ရှစ်ပါး၊ သတိပဋ္ဌာန် လေးပါး၊ သစ္စာ လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ခန္ဓာ ငါးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါး၊ ၂၄ ပစ္စည်း၊ အာယတန ၁၂ ပါး၊ ပရိတ်ကြီး ၁၁ သုတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ အုတ်ဖိုဆရာတော်ဘုရား ကြီး ရေးသားသော ဘုရားဂုဏ်တော် ကိုးပါး အဖွင့်အနက် ကိုးပုဒ်။

ကျွန်မတို့မှာ ဆုငွေကို လိုချင်ကြ၍ ဥပုသ်နေ့တိုင်း အပြိုင်အဆိုင် အလွတ် ရအောင် ကျက်ကြသည်။ သားတွေ သမီးတွေ ကြီးပြင်းကြလျှင် ဘာသာတရားကို အခြေခံရှိအောင် ပျိုးပေးနေမှန်း မသိကြ၊ မရိပ်မိကြ။ ဆုငွေကိုသာ အလိုရှိလျက် သဲသဲမဲမဲ မရ ရအောင် ကျက်ခဲ့ကြသည်။

လောကုတ္တရာ အခြေခံ တရားတို့ကို နားယဉ်ပါးအောင် တစ်ဖက်မှ ဆွဲဆောင် သိမ်းသွင်းနေသည့်အတိုင်း တစ်ဖက်မှလည်း စည်းကမ်းရှိရန်၊ သန့်ရှင်း ရန်၊ စေ့စပ် သေချာတတ်ရန်၊ သပ်သပ်ရပ်ရပ် ဝတ်စား ဆင်ယင်ကြရန်၊ ဝီရိယ ရှိရန်၊ သဒ္ဓါတရား ရှိရန်၊ အများအကျိုး ဆောင်ရွက်ချင်စိတ် ရှိရန်၊ သည်းခံ တတ်ရန်၊ သတ္တိရှိရန်၊ အကုသိုလ်တို့၌ အရှက်အကြောက်ရှိရန် စသည့် ကျင့်ဝတ် အဖြာဖြာကို သားသမီးစရိုက် လိုက်၍ သင်ကြား ဆုံးမခဲ့ပုံတွေကလည်း မကုန်ခန်း နိုင်အောင် မျိုးစုံလှသည်။

ချိုသာစွာ ချော့မော့ ဖျောင်းဖျ၍ တစ်မျိုး၊ ပြင်းထန်စွာ တင်းကျပ် ဖိနှိပ်





...ခြစ် ချုပ်ချယ်၍ တစ်မျိုး၊ သားသမီးတွေကို မျက်ခြည်မပြတ် စောင့်ကြပ် ... အသေးအဖွဲ ကိစ္စပင် ဖြစ်စေ၊ လျစ်လျူမရှုဘဲ တတွတ်တွတ် တဖွဖွ ...ဆို သွန်သင်လွန်းရ၍လည်း အမေ မမောနိုင်။ သားသမီးတွေအတွက် တစ်နေ့ ...လုံး နေကုန် နေခန်းအထိ မအားလပ်အောင် ကိစ္စများမြောင်လှခြင်းကြောင့် ...ကသာ အမေ့ကို ကြည့်၍ ရင်မောကြသည်။

မိခင်တစ်ဦး အနေဖြင့် စံနမူနာ ထားထိုက်သော အမေ့ကို ရှိခိုး၍ မ... ...ဒုံးတင်၍ မဆုံး။

မီးပုံနှင့် မလှမ်းမကမ်း အုတ်ဂူတစ်ဂူကို မှီရပ်လျက် မီးမြှိုက်ထားသော ...မေ့ကို ငေးမျှော် ကြည့်ရှုနေကြသည့် အစ်ကိုကြီးနှင့် မောင်တင်ဝင်းတို့ ဘယ် ...ရား ထင်၍ ဘယ်အရာကို မြင်နေမည် မသိ။

မီးပုံထဲမှ အမေ့ကို ကြည့်နေရင်းမှ အသက်ရှိစဉ်က အမေ၏ သွားလာ ...ရှားနေသော ရုပ်ပုံသဏ္ဌာန်များကိုလည်း မြင်လာပြန်သည်။

ပျော်ရွှင်နေသော အမေ၊ ရယ်မောနေသော အမေ၊ ပူပင်သောက ရောက် ...က်ရှိသော အမေ၊ စိတ်ရှုပ်ထွေးနေသော အမေ၊ သွန်သင် ဆုံးမနေသော အမေ၊ ... သွားရင်း မော်တော်ပေါ်၌ ပုတီးစိပ်နေသော အမေ၊ ထိုသို့ ပေါ်လာကြသည့် ...ထဲ အမှတ်တရ အဖြစ်ဆုံး ရုပ်ပုံမှာ မီးလင်း၍ အမေ့ကို မြင်လိုက်ကြတာနှင့် ...းမပိသစွာ သပ်သပ်ရပ်ရပ် ဝတ်စား ဆင်သပြီး ဖြစ်နေသော အမေ့ ရုပ်သဏ္ဌာန် ...သည် အထင်ရှားဆုံး ဖြစ်သည်။

ဪ... အမေ ... အမေ ... နောက်ဆုံးကျတော့ မီးပုံကြီးထဲမှာ ကိုယ်ခန္ဓာ ...နှင့်ပြီး မှောက်လျက်ကြီးပါကလား။

ကျွန်မ ရှေ့မှောက်၌ရှိသော ဤမြင်ကွင်းကို မမေ့မပျောက်အောင် စွဲမှတ် ...မ သုံးဆယ့်နှစ်ကောဋ္ဌာသ ကိုယ်ကာယကို အသုဘအဖြစ် အဖန်ဖန် ရှုမိသည့် ...တ် ရှိပေလိမ့်မည်။

အမေ့ တစ်ကိုယ်လုံး လောင်ကျွမ်း ပြာကျသွားသည့်အထိ ကြည့်သည်။

ထိုသို့ အစအဆုံး ကြည့်ရ၍ ကျွန်မမှာ ခန္ဓာကိုယ် အပေါ်၌ ငြီးငွေ့စိတ် ...ဘာ ဖြစ်ခွင့် ရခဲ့သည်။

သချိုင်းမှ ထွက်လာကြသောအခါ ကျွန်မ ခန္ဓာကိုယ်သည် တစ်နေ့တွင် ...နည်းတူ ပစ်လိုက်ရမည့် အပုပ်ကောင်အသိ ထင်ရှား ဖြစ်ပေါ်ခဲ့ခြင်း ကြောင့် ...နေ၊ စိတ်အညစ်အကြေးများ စင်ကြယ်သလောက် စင်ကြယ်သွားသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့် တစ်ဘဝမှ တစ်ဘဝ၊ တစ်ဖိုမှ တစ်ဖို ...ပြောင်းလဲရဦးမည့် သံသရာကိုလည်း မစဉ်းစားဝံ့အောင် ကြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်လိုက် သေလိုက်၊ သေလိုက် ရှင်လိုက် ဘဝသံသရာတွေ နောက်ထပ် မဖြစ်တော့ဘဲ တစ်ဘဝဖြင့် ချုပ်ငြိမ်းသွားချင်သော စိတ်သာ ရှိသည်။

နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုနိုင်မှသာလျှင် သံသရာဘဝ ချုပ်ငြိမ်း ရလိမ့်မည် ဖြစ်ခြင်းကြောင့် ယခုဘဝ၌ ဝိပဿနာဉာဏ် ရောက်အောင် ကြိုးစား ရန် စိတ်ပါဝင်စား လိုလား ကိုင်းညွတ်လာသည်။

နိဗ္ဗာန်ချမ်းသာသို့ ဦးတည်၍ ထားရမည့် လမ်းစဉ်၌ ဗုဒ္ဓ ညွှန်ကြားပြသ သော မကောင်းမှု ဒုစရိုက် အလုံးစုံကို ပယ်နိုင်မှ ဖြစ်မည်။

ကျွန်မ တစ်သက်၌ မြန်မာ့ဇာတ်ပညာ၊ ဆေးပညာအရ ကျန်းမာရေးကို ရှေးရှု၍ စကျွဲ၌ ဖြစ်သော အဆင်း၊ နှာ၌ ကြားသော အသံ၊ နှာခေါင်း၌ ဖြစ်သော အနံ့၊ လျှာ၌ဖြစ်သော အရသာ၊ ကိုယ်၌ ထိတွေ့သော အထိအတွေ့ မှန်သမျှတို့ကို ကိုယ့်ဓာတ်နှင့် မတည့်တာ တစ်သက်လုံး ရှောင်ရန် ဘောင်ခတ် စည်းတား၍ နေ့စဉ် ကျင့်သုံးနေသည့်အတိုင်း အကုသိုလ် ဒုစရိုက် ဆယ်ပါးကို တစ်သက်လုံး မပြုလုပ်မိစေရန် မိမိကိုယ်ကို စည်းဝိုင်းထားလိုက်သည်။

နောက်ဆုံး တရားအမွေ ပေးခဲ့သော မိခင်၏ ကျေးဇူးကား ကြီးလှဘိ၏။

ဘဝခရီးတစ်လျှောက် ကျွန်မ အပေါ်၌ မည်သူကပင် အနိုင်ကျင့်ကျင့်၊ မည်သူကပင် မဟုတ် မတရား မရိုးမသား မလိုမုန်းထား ပြောဆို ပြုမူနှိပ်စက်၍ တရားပျက်ကြခြင်းကို ကြုံရစေဦးတော့။ တွေ့ကြုံရသော ဘေးရန်အပေါင်း၊ လောကဓံ တရားအပေါင်းတို့အား "လူ့ဘဝသည် ခဏတာမျှ မခိုင်မြဲပါ တကား" ဟု ယင်းကဲ့သို့ အသည်းစွဲနေသော အစွဲအလမ်းကြောင့် ခံနိုင်ရည်ရှိသော စိတ်ဓာတ် ဖြစ်ပေါ်နိုင်သည်။

အသက် ၃၀ အရွယ်မှ စ၍ ဆယ်နှစ်တစ်ကြိမ်လောက် အမှတ်တရ ဓာတ်ပုံ ရိုက်ဖြစ်ခဲ့သည်။ လေးဆယ်မှ ငါးဆယ်၊ ငါးဆယ်မှ ခြောက်ဆယ်၊ ဆယ်နှစ် တစ်ကြိမ် ရိုက်ကူးခဲ့သော ဓာတ်ပုံများကို အသက် ၃၀ ပုံဖြင့် နှိုင်းယှဉ်ကာ အဖန်ဖန် ရှုသော သတိသည် ကာလ ရှည်ကြာခဲ့ပေပြီ။

ဆယ်နှစ်တစ်ကြိမ် ရင့်ရော်သော ရုပ်သွင်သို့ ရွေ့လာခြင်း ရှိပုံကို ဓာတ်ပုံ များမှ တစ်ဆင့် နေ့စဉ် မြင်နေရတော့သည်။

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၈၁ ]

## "သူ" နှင့် မင်္ဂလာလက်စွပ်

ရွှေလင်းယုန်သည် "သူ"ဝတ္ထုကို အိမ်ထောင်မကျမီကလေးတွင် မြန်မာ့အလင်း သတင်းစာ၌ အခန်းဆက် ဝတ္ထုရှည်အဖြစ် ရေးခဲ့၏။

ရွှေလင်းယုန်နှင့် လက်ထပ်မည့် သတို့သမီးမှာ မင်္ဂလာမဆောင်မီ နေ့စဉ် သတင်းစာကို စောင့်မျှော်ကာ သတို့သား၏ "သူ"ဝတ္ထုကို ဆတ်တငံ့ငံ့ ဖတ်ခဲ့ရ သည်။

ရွှေလင်းယုန်သည် သူနှင့် လက်ထပ်မည့် သတို့သမီးကို တောင်းရမ်းယူနိုင် အောင် ငွေရှာရမည့်အတွက် မြန်မာ့အလင်းတွင် ဝတ္ထုရှည်တစ်ပုဒ် ရေးမည်ဖြစ်၍ ည်သည့် ဝတ္ထုမျိုး ရေးစေချင်သလဲဟု စာလှမ်းရေး မေးလိုက်သည်။

သတို့သမီးက "ကိုယ်ကျင့်တရား"နှင့် ပတ်သက်သော ဝတ္ထုမျိုး ရေးရန် တိုက်တွန်းတောင်းပန်လိုက်သည်။ ဤဝတ္ထုကို မင်္ဂလာမဆောင်မီ မင်္ဂလာ အထိမ်း အမှတ် မင်္ဂလာလက်စွပ် ပေးအပ်သလိုပင် အမှတ်တရ မှတ်ထင်ယူဆပါမည်ဟု စာပြန်ကြားလိုက်သည်။

"သူ"ဝတ္ထုသည် ကျွန်မဘဝ တစ်သက်တာတွင် မင်္ဂလာမဆောင်မီ သတို့ သားက သတို့သမီးအတွက် အလေးအမြတ် ရေးသား ပေးအပ်သွားသော အမှတ် တရ မင်္ဂလာလက်ဆောင် ဖြစ်ချေ၏။

ဤလက်ဆောင်ကို ပိုင်ဆိုင်ရသော ကျွန်မသည် "သူ"ကို မည်မျှ တန်ဖိုး ထားမည်၊ လေးစား မြတ်နိုးမည်ကို စာဖတ်သူများ တွေးဆနိုင်ပါလိမ့်မည်။

"သူ"ကို ရုပ်ရှင်ရိုက်ချင်လှသော ကိုသုခသည် တစ်နေ့ ကျွန်မထံသို့ ရောက်လာလေ၏။ မန္တလေးရုပ်ရှင်၏ ပွဲဦးထွက် ဇာတ်ကားအဖြစ် ရိုက်ချင် ကြောင်း ပြောလာ၏။

ထိုစဉ်က ကိုသုခမှာ ရွှင်နေလေ၏။

'"သူ" ဝတ္ထုဟာ ကျွန်တော့် အသည်းစွဲဝတ္ထု ခင်ဗျ။ ကျွန်တော့် အသည်းစွဲ ဝတ္ထု တစ်ပုဒ် ဖြစ်လို့လည်းပဲ ကျွန်တော် အင်မတန် ရိုက်ချင်လှတဲ့ကားပါ။ ကျွန်တော်ဟာ ဒါရိုက်တာဘဝနဲ့ "သူ"ကို ရိုက်ဖြစ်အောင် ရိုက်မယ်လို့ ဆုံးဖြတ် ခဲ့တာ မမလေးရေ ... ရိုက်ကြစို့တော့'

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသုခသည် စိန်ထုပ်ကြီး ကောက်ရလာခဲ့သော သူတစ်ယောက်ကဲ့သို့ ပင် မျက်နှာလည်း ရွှင်၏။ အသံလည်း ရွှင်၏။ ဟန်ကလည်း ရွှင်လှပါလေ၏။

တက်ကြွ ရွှင်လန်းလာသော ကိုသုခ၏ မျက်နှာဟန်ပန် အမူအရာများကို ကြည့်လျက် ထိုအချိန် ထိုအခိုက် ကိုသုခ "သူ"ကို ရိုက်ရန် စိတ်ပါရွှင်လန်းနေပုံ များကို ရှေလင်းယှန်ကိုယ်တိုင် မြင်စမ်းစေချင်မိသည်။

'ရိုက်ချင် ရိုက်ပါ၊ ဒီဝတ္ထုကို ကိုသုခက လွှဲပြီး ဘယ်ဒါရိုက်တာနဲ့မှ ကျွန်မ မရိုက်လိုပါဘူး။ ကိုသုခပဲ ရိုက်ပါ'

မန္တလေးရုပ်ရှင်နှင့် ကျွန်မတို့ စာချုပ်ကြသည်။ စာမချုပ်ခင် ဝတ္ထု၏ တန်ရာတန်ဖိုးဈေးကို ကျွန်မ မပြောလိုပါ။ ကိုသုခ သဘောပါပဲဟု ကိုသုခကို လုံးဝ လွှဲအပ်လိုက်သည်။ ကိုသုခသည် ထိုစဉ်က ပေါက်ဈေး'၁၅၀၀ ကျပ်ဟု သူ့သဘောအတိုင်း ဆုံးဖြတ်ပေးလျက် စာချုပ် ချုပ်ကြသည်။

တစ်နေ့သောအခါ ကိုသုခသည် အိမ်သို့ ပေါက်လာကာ ရွှင်ရွှင်ပျပျ မရှိ၊ မှိုင်ငိုင်ငိုင် ဖြစ်လာလေသည်။ ရွှင်သောမျက်နှာ၊ ရွှင်သောအသံ၊ ရွှင်သော ဟန်များ သူ့တွင် ကွယ်ပ နေသဖြင့် ဘာကိစ္စများပါလိမ့်ဟု ခရီးဦးကြိုပြုရင်း စိတ်ထဲ၌ ထင့်သွားမိသည်။

'မမလေးရေ ... "သူ"ကို မန္တလေးရုပ်ရှင်က ပွဲဦးထွက် မရိုက်ဖြစ်တော့ ဘူးဗျ။ ဇာတ်လမ်းထဲမှာ ပလိပ်ရောဂါပါတော့ ပွဲဦးထွက် ဒီကားကို မတင်ချင်ဘူး ဖြစ်နေတယ်။ မန္တလေးက ပလိပ်ဆိုရင် သိပ်ကြောက်ကြတာ။ အဲသလို အခက်အခဲ ရှိနေတယ်'

ပွဲဦးထွက် ရိုက်ရန် အားခဲထားသော ကိုသုခသည် မှန်းခြေမကိုက် ဖြစ်သွား သဖြင့် 'ရိုက်ချင်တဲ့ အချိန်ကျမှ ရိုက်တာပေါ့ ကိုသုခရယ်' ဟု နှစ်သိမ့်စကား ပြေပြောလိုက်ရသည်။

မန္တလေးရုပ်ရှင်မှာ "သူ"ကို တစ်နှစ်ကြာလည်း မရိုက်ဖြစ်ချေ။ နှစ်နှစ် ကြာလည်း မရိုက်ဖြစ်ချေ။ သုံးနှစ်ကြာလည်း မရိုက်ဖြစ်ချေ။ ထို့နောက် လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ် ... ။

ဤအတောအတွင်း ဗိုလ်ဗကိုနှင့် ဦးသိန်းဖေမြင့်အိမ်တွင် စာရေးဆရာ ပြဇာတ်ကိစ္စနှင့် ဆုံမိကြသည်။ ဗိုလ်ဗကိုက မန္တလေးရုပ်ရှင် မရိုက်တော့လျှင် "သူ"ကို သူရိုက်ချင်ကြောင်း ပြောပြ၏။

ဗိုလ်ဗကိုတင်မက "သူ"ကို ဇာတ်ကား ရိုက်ချင်သူများ တစ်ဦးပြီးတစ်ဦး ပေါ်ပေါက်လာကြလေ၏။ မူရင်းဈေးထက် ပို၍ ပို၍ ဈေးမြင့်လာ၏။

"သူ" ဝတ္ထု ရုပ်ရှင်ရိုက်ရေးအတွက် အကယ်၍ မန္တလေးရုပ်ရှင်က မရိုက်





တော့ဘူးဆိုလျှင် ငွေပြန်အမ်းကာ၊ ကိုသုခ ဒါရိုက်တာလုပ်မည့် ကုမ္ပဏီဖြစ်မှသာ ရိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မန္တလေးရုပ်ရှင်မှ ရိုက်မရိုက် စောင့်ဆိုင်း နေမ်းနေရလေ၏။

တစ်နေ့တွင် ကိုသုခ ပေါက်လာလေ၏။

ကိုသုခသည် စိန်ထုပ်ကြီး ကောက်ရလာခဲ့သော သူတစ်ယောက်ကဲ့သို့ပင် မျက်နှာလည်း ရွှင်၏။ အသံလည်း ရွှင်၏။ ဟန်ကလည်း ရွှင်လှပါလေ၏။

'မမလေးရေ ... "သူ" ဇာတ်ကား ရိုက်ဖို့အတွက် မန္တလေးရုပ်ရှင်ဆီက ၄၀၀၀ ကျပ်နဲ့ ပြန်ဝယ်လိုက်ပြီ။ ဒီတော့ ငွေသွားပေးရမယ်။ ရိုက်ဖြစ်ပြီဗျို့၊ ရိုက်ဖြစ်ပြီ'

ရွှင်ပျအားရ ဖြစ်လာသော ကိုသုခ၏ အမူအရာများကို ကြည့်လျက် ထိုအခိုက် ထိုအချိန် သူရိုက်ဖြစ်သဖြင့် ကိုသုခ ရွှင်ပျ ချမ်းသာနေပုံကို ရှေလင်းယှန် ကိုယ်တိုင် မြင်စမ်းစေချင်မိသည်။

"သူ"ဝတ္ထုကို မန္တလေးရုပ်ရှင်သို့ ပွဲဦးထွက် ရုပ်ရှင်ရိုက်ရန် ရောင်းခဲ့စဉ်က ကိုသုခသည် သူ့သဘောနှင့်သူ ၁၅၀၀ ကျပ်ဟု ဈေးသင့်လိုက်သည်။

ယခုတစ်ဖန် မန္တလေးရုပ်ရှင်မှ မရိုက်ဖြစ်၍ စန်းသော်တာ ရုပ်ရှင်ကုမ္ပဏီနှင့် ရိုက်ရန် ပြန်ဝယ်ရာတွင်လည်း၊ ကိုသုခသည် သူ့သဘောနှင့်သူ ၅၀၀၀ကျပ် ကို ပေးဝယ်ရိုက်သည်။

"သူ"ကို ပိတ်ကားပေါ်တွင် တွေ့ရဦးတော့မည်ဟု နှစ်ကြာကြာ စောင့်လာ ခဲ့ရသော ကျွန်မမှာ ရိုက်ဖြစ်ပြီဟု ဝမ်းသာသွားရုံမက "သူ"ဝတ္ထု ပိတ်ကားပေါ် တင်ရန် တစ်နည်းမဟုတ် တစ်နည်းဖြင့်၊ တစ်ကုမ္ပဏီ မဟုတ်လျှင် တစ်ကုမ္ပဏီ ဖြင့် ၁၅၀၀ ကျပ် မဟုတ်လျှင် ၅၀၀၀ ကျပ်ဖြင့် မလျှော့တမ်း ကြိုးပမ်းအားထုတ် ရှာသော ကိုသုခ၏ လုံ့လ စေတနာကို မမြင်ဘဲ မနေနိုင်ကာ စိတ်ထဲ၌ များစွာ လှုပ်ရှားသွားချေသည်။

'ကျွန်တော်တော့ ကြိုးစားပြီး ရိုက်မှာပဲဗျို၊ "သူ"ကို ပိတ်ကားပေါ် ရောက် အောင် ကျွန်တော် ဘယ်လို ကြိုးပမ်းရတယ်ဆိုတာ "သူ" စာဖတ်ပရိသတ်ကြီးက တော့ သိမှာ မဟုတ်ဘူး ခင်ဗျ'

ကျွန်မသည် ကိုသုခ ကားရိုက်ရာသို့ သွားကြည့်လေ၏။

ထိုနေ့က ဆရာဝန် ကိုမြင့်မောင်သည် မခင်လှတို့အိမ်တွင် မကျန်းမမာ ဖြင့်နေကာ၊ အကျော့၏ ပြန့်စာ ရရှိသော အခန်းကို ရိုက်လေ၏။

မခင်လှတို့ သားအမိ နေသော အိမ်လေး၏ မီးဖိုခန်းဝရှိ အိမ်ရှေ့ခန်း ကလေးကို ဆက်တင် ဆောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပစ်ဘေးတွင် ဆရာဝန် ကိုမြင့်မောင်သည် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်နေ၏။ အကျော်၏ ပြန်စာကို ယူလာသောသူထံမှ ဆရာဝန် ကိုမြင့်မောင်က စာကို လှမ်းယူလိုက်ပြီး ဝမ်းသာအားရ မခင်လှကို လှမ်းခေါ်လိုက်ပုံ။

ဤအကွက်ကလေး တစ်ကွက်ကို ရိုက်ရာတွင်ပင် မျက်စိထဲ၌ ရှုပ်ယှက်ခတ် သွားလေ၏။

ကြမ်းပေါ်တွင် မီးကြိုးများ ခြေချစရာ မရှိအောင် ပြန့်ကျဲ ရှုပ်ထွေးနေ၏။ ကင်မရာမင်း ဓာတ်ပုံဆရာမှာ ကင်မရာဓာတ်ပုံကြီးကို လှအုပ်ကြီး တစ်အုပ်နှင့် ဟိုတွန်း သည်ရွှေ့ ဖြစ်နေလျက်၊ အသံဖမ်းစက်ဆရာလည်း အကွာအဝေး အနေအထား တိုင်းထွာ စမ်းသပ်လျက်၊ ဆရာဝန် ကိုမြင့်မောင်မှာ မျက်နှာတည့်တည့် တအား ထိုးထားသော ပူပြင်းလှသည့် မီးရောင်ကြီးထဲတွင် ကုလားထိုင်ပေါ်၌ အနေကျအောင် ဟိုလှုပ် သည်လှုပ်ဖြစ်လျက် မခင်လှမှာ မီးဖိုပေါက်ဝ၌ ခေါ်လိုက်လျှင် ထွက်လာရန် အက်တင်အပြည့်နှင့် စောင့်လျက် ...။

သက္ကလတ်တိုက်ပုံအင်္ကျီ၊ ပင်နီရောင် ရှမ်းဘောင်းဘီ ပွပွကြီး ဝတ်ထားသော ဒါရိုက်တာကိုသုခ၏ နဖူးနားသယ်ပေါ်၌ ချွေးစက်များ ဖွာကျနေကာ၊ ၁၂ ပေလောက်ရှိမည့် ရိုက်ကူးမည့် အခန်းကလေးကို ပတ်ချာလှည့်လျက် ...။

ဆရာဝန် ကိုမြင့်မောင်ဆီ သွား၍ တိုးတိုး ကပ်ပြောလိုက်၊ မီးဖိုပေါက်ဝက မခင်လှဆီ သွား၍ တိုးတိုးတိုးတိုး ကပ်ပြောလိုက်၊ ဓာတ်ပုံဆရာဆီ ပြေးကြည့်လိုက်၊ အသံဖမ်းဆရာဆီ ပြေးပြောလိုက်။ ယင်းသို့ ပတ်ချာလှည့် ခေါင်းချာစိုင်းနေသည့် အချိန်အတောအတွင်း ပါးစပ်ကလည်း အငြိမ်မနေ၊ အသံအမျိုးမျိုး ထွက်နေ၏။ လက်ဟန်၊ ခြေဟန်၊ ကိုယ်ဟန်တို့မှာလည်း အငြိမ်မရှိ၊ လူးလာတုံ့ပြန်၊ ဟိုလှည့် သည်ပြေး၊ ဟိုပြော သည်သွား၊ ဟိုအော် သည်အော် ဖြစ်နေပြီးသော် 'ရိုက်မယ်' ဟု သံကုန်ဟစ်၍ အော်လိုက်၏။

'မခင်လှရေ... မခင်လှ... အေ... မခင်လှ'

တုန်တုန်ယင်ယင်နှင့် ဆရာဝန် ကိုမြင့်မောင်က မခင်လှကို ကုလားထိုင်ပေါ်မှ လှမ်းခေါ်လိုက်ပုံကလေး တစ်ကွက်ပင်။ အနားတွင် ရှိနေ၊ ကြည့်နေကြသော ပရိသတ် ရှိရှိသမျှ အသက်မရှူ၊ မျက်တောင် မခတ်ကြဘဲ အာရုံစိုက်ကာ ရင်တဖိုဖိုနှင့် စောင့်ကြည့်နေကြရသည်။

ဖျတ်ခနဲ တစ်ကွက် ပြီးသွားလေ၏။

'ဟင်း...'

ကျွန်မ ရင်ထဲ၌ မည်သူမျှ မကြားအောင် ဟင်းချလိုက်မိသည်။ စာရေး





ဆရာသည် သူ၏ အသက်မရှိသော ဓာတ်ကောင်တွေကို ကလောင်တစ်ချောင်းဖြင့် နိုင်အောင်ပိုင်အောင် အသက် သွင်းပေးကြရသလိုပင်၊ ဒါရိုက်တာမှာလည်း သူ၏ အသက်ရှိသော ဓာတ်ကောင်တွေကို အသက်မရှိသော အရုပ်တွေကဲ့သို့ နိုင်အောင် ပိုင်အောင် ကိုင်ရလေ၏။

'ရွှေကြည်ရေ... မျက်နှာ အိုးမည်းသုတ်ဟေ့'

'ဟင်း... ဟင်း... အလှပျက်တော့ မခံနိုင်ဘူး ဆရာရေ့... မသုတ်နိုင်ဘူး'

မခင်လှ လုပ်နေသော ကြည်ကြည်ဌေးသည် ပြောပြီး နှုတ်ခမ်းကလေး စူလိုက်သည်။

ကိုသုခသည် ကျွန်မ အနားသို့ တိုးတိုးလာကပ်ပြောလိုက်သည်။

'အင်မတန် ပါးတဲ့ မင်းသမီးဗျ၊ သူ့မျက်နှာ အိုးမည်းသုတ်ခိုင်းတာနဲ့ မင်းသားကို သူက ပို့ပေးရတော့မယ်ဆိုတာ သိလိုက်ပြီ။ ပညာမှာတော့ တကယ် ဆင်တယ်ဗျာ'

ကျွန်မကို တိုးတိုး ပြောပြီးလျှင် 'မသုတ်ချင်လည်း မနေရ၊ သုတ်ရမယ်ဟေ့' ဟု ကြည်ကြည်ဌေးကို လှမ်းအော်လိုက်သည်။

ကြည်ကြည်ဌေးသည် ဒန်အိုးတစ်လုံး၏ ဖင်မှ မီးသွေးကို လက်နှင့် ထုတ်ယူလျက်၊ မှန်ရှေ့၌ မျက်နှာကို သုတ်ခြယ်နေရင်း သူ့ဘဝကို မြည်တမ်း ညည်းညူနေပေ၏။

'ခိုင်းစေသမျှပေါ့ ဆရာ... အိုးမည်းသုတ်ဆို သုတ်လိုက်၊ ငိုလိုက်ဦးဆို ငိုလိုက်၊ ရယ်လိုက်ဦးဆို ရယ်လိုက်။ အရုပ်တွေ... အရုပ်တွေ'

'လက်သည်းနီ ဆိုးထားတဲ့ လက်ချောင်းတွေလည်း ဖျက်လိုက်ပါ' ဟု ကိုသုခက အော်လိုက်ပြန်သည်။

မျက်နှာကို အိုးမည်းသုတ်ပြီးသွားသောအခါ ကြည်ကြည်ဌေးသည် ဓားကလေး တစ်လက်နှင့် ဆေးနီရောင် ဆိုးထားသော လက်ချောင်းကလေးများကို ဖြီးခြစ် ဖျက်နေလေ၏။

'ကျွန်မတို့ ဘဝကို မြင်ပြီလား အစ်မကြီး၊ ဒါရိုက်တာ ခိုင်းစေသမျှ အကုန် လုပ်နေရတာတွေ။ နက်ဖြန် တခြားကား သွားရိုက်ပြန်တော့ ဒီလက်တွေ ပြန်ဆိုးဦးပေါ့ တစ်ခါ'

ကျွန်မသည် ကြည်ကြည်ဌေး မျက်နှာမှ အိုးမည်းကို ကြည့်နေရာမှ ဆရာဝန်ကိုမြင့်မောင်၏ မျက်နှာပေါ်မှ အမာရွတ်ကြီးကို လှမ်းကြည့်လိုက်သည်။

စာရေးဆရာ မောင်သင်သည် ဆရာဝန်ဘဝမှ ရုပ်ရှင်နယ်ပယ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော ရုပ်ရှင်မင်းသား ဖြစ်လေရာ၊ သူ့ဆရာ ရွှေလင်းယုန်၏ "သူ" ဝတ္ထုကို သူကိုယ်တိုင် ဆရာဝန် ကိုမြင့်မောင်အဖြစ် ပါဝင် အသက်သွင်းပေးနိုင်ရန် ရုပ်ရှင်နယ်ထဲသို့များ ရောက်လာရလေရော့သလားဟု တွေးတောမိသည်။

ချိုင်းထောက်ကြီးကို အားပြုကာ မျက်နှာတွင် အမာရွတ်ကြီးနှင့် ကားပေါ်သို့ မတက်မီ၊ မခင်လှတို့ သားအမိကို နှုတ်ဆက်၍ သွားရှာသော အခန်းကို ကြေကွဲစရာကောင်းအောင် ရိုက်ရပေ၏။

ဂျာနယ်ကျော်မမလေး၏ လက်ရေး (၁၉၇၂)...

16000
2632-
2/3 mile - from
hypo-center - 42



ကိုသုခသည် ရိုက်ပြီးသမျှကို စာပေ၊ သတင်းစာနယ်ပယ်မှ မိတ်ဆွေများကို ပြသကာ ဝေဖန်ခိုင်းလေ၏။

ရတနာပုံဇာတ်ကား၌ ကြည်ကြည်ဌေးနှင့် တင်တင်မူတို့ သူတို့နှစ်ဦး [illegible]ကာ အစွမ်းပြသွားကြသလိုပင် "သူ"ဇာတ်ကားတွင်လည်း သူတို့နှစ်ဦး အစွမ်းပြလိုက်ကြပုံကို ပရိသတ်က မြင်ရဦးမည် ဖြစ်၏။

"သူ" ဝတ္ထုကို မန္တလေးရုပ်ရှင်ကုမ္ပဏီက စန်းသော်တာသို့ ငွေ ၅၀၀၀ ကျပ်နှင့် ရောင်းလိုက်သော အခါတွင် ရုပ်ရှင်၊ သတင်းစာ၊ စာပေနယ်ပယ်မှ မိတ်ဆွေများက မန္တလေးရုပ်ရှင်မှ ကျွန်မ ငွေရမရ လာရောက် မေးမြန်းကြ၏။

ကျွန်မက 'မန္တလေးရုပ်ရှင်က နေမှာ မဟုတ်ပါဘူး။ ပထမ ပေးထားတဲ့ ငွေကို နုတ်ပြီး မူပိုင်ရှင်ကို အားလုံး ပြန်ပေးမှာပါ' ဟု ကျွန်မ အထင်နှင့် [illegible] ဖြေရှင်း ပြောလိုက်သည်။

အထူးသဖြင့် စာပေလောကမှ မိတ်ဆွေများသည် ကျွန်မအတွက် ငွေ[illegible] စိုးရိမ် ပူပန်နေကြသည်။ ကျွန်မ တွက်သည့်အတိုင်းပင် မန္တလေးရုပ်ရှင်မှ ပထမ ပေးထားသော ငွေ ၁၅၀၀ ကျပ်ကို နုတ်ယူကာ၊ ကျန်ငွေအားလုံး ကျွန်မထံသို့ နောက်ဆုံး လာရောက် ပေးအပ်လေ၏။

ကျွန်မမှာ ချက်လက်မှတ်ကို ကြည့်လျက် ငိုင်တွေးနေလေ၏။

"သူ"ဝတ္ထုကို ကားရိုက်ရန်အတွက် ကိုသုခ အကြောင်းပြု၍ မန္တလေးရုပ်ရှင်မှ ငွေ ၁၅၀၀ ကျပ်ကို ရခဲ့လေ၏။

ယခုလည်း "သူ"ဝတ္ထုကို ကားရိုက်ရန်အတွက် ကိုသုခ အကြောင်းပြု၍ မန္တလေး ရုပ်ရှင်မှပင် ငွေ ၃၅၀၀ ကျပ် ရပြန်လေ၏။

"သူ"ဝတ္ထုကို ပိတ်ကားပေါ်သို့ မရောက် ရောက်အောင် အနည်းနည်း အဖုံဖုံ ကြိုးပမ်းလေသော အထိမ်းအမှတ်အဖြစ် ကိုသုခကို လက်ဆောင် တစ်ခု ပေးအပ်ချင်သော စိတ်မှာ ပြင်းပြစွာ ပေါ်လာလေသည်။

ကျွန်မ ပေးအပ်ရမည့် အထိမ်းအမှတ် လက်ဆောင်သည် "သူ" ဝတ္ထု[illegible] ဖြစ်ပေါ် ပေါက်ဖွားလာသော မူလ အကြောင်းရင်း အဓိပ္ပာယ်ကိုဆောင်သော အထိမ်းအမှတ်မျိုးသာ ဖြစ်ချင်သည်။

ထို့ကြောင့် ကိုသုခအား ကျွန်မကိုယ်တိုင် ဝတ်ဆင်ပေးချင်သော လက်ဝတ်ရတနာ တစ်ခု ပေးအပ်ရန် ဆုံးဖြတ်လိုက်လေသည်။

[ သွေးသောက်၊ အောက်တိုဘာ ၁၉၆၀ ]

www.burmeseclassic.com

www.burmeseclassic.com

## ဒီသား ဒီသမီး

ခင်လေးမြင့် အသက် ခုနစ်နှစ်ထဲ ဝင်လာပြီး၊ မောင်ချစ်ရှိန်*မှာ ငါးနှစ်ထဲသို့ ကူး၍၊ မိုးဟိန်းလည်း လေးနှစ်ထဲတွင် ရောက်လာကြလေပြီ။

ကလေး သုံးယောက်စလုံးပင် သူကဲ့သို့ ဦးခေါင်းမျိုး ဖြစ်သည်။ ခင်လေးမြင့်ကို မိန်းကလေးဖြစ်၍ ရှိစေဦး၊ သားယောကျ်ားကလေး နှစ်ယောက်ကို သူ့လက်နှင့် တစ်ခါမျှ ယောကျ်ားကလေးများ ကစားစရာ ဘောလုံး၊ မော်တော်ကားစသည်ဖြင့် ဝယ်၍ မပေးဖူးပေ။ ကလေး သုံးယောက်စလုံးအတွက် အရုပ်ပါသော စာအုပ်တွေသာ တစ်ပုံတစ်ပင် ဝယ်ပေးသည်။ ကလေးတွေမှာ စာအုပ်တွေ ရလျှင် တစ်ရွက်ပြီး တစ်ရွက် ထိုင်၍ ဆုတ်ကြသည်။ ကျွန်မက စာမတတ်သေးခင် ဝယ်ပေးလျှင် ဆုတ်ပစ်မည်သာ ဖြစ်၍ မဝယ်ခဲ့ရန် ပြောသည့်အခါ၌ 'အနည်းဆုံး အရောင်ကို သူတို့ အရင် မှတ်မိမယ်၊ တိရစ္ဆာန်တွေကို သူတို့ ခေါ်တတ်သွားမယ်၊ စာလုံးတွေကို မျက်စိ ယဉ်သွားမယ်။ ဒီသုံးယောက်ထဲမှာ ဘယ်သူက စာ ဝါသနာပါတယ် ဆိုတာ တင်လေး အကဲခတ်ကြည့်ပါ'ဟု ပြောသည်။ သူ ပြောသည့်အတိုင်းပင် ကလေးတွေမှာ အစိမ်း၊ အနီ၊ အဝါ၊ အပြာ အရောင်တွေကို ငယ်ငယ်လေးနှင့် အမှန် ပြောတတ်သွားကြသည်။ အေ၊ ဘီ၊ စီ၊ ဒီ စာလုံးတွေကို စာမသင်ခင်က သိနှင့်သည်။ ဤမျှ မဟုတ်သေးဘဲ သူ ဖတ်သော စာအုပ်တွေကို စာအုပ်အမည်ပါ မှန်အောင် ပြောနိုင်ကြပြီး၊ စီရိုထဲက အယူခိုင်းလျှင် မှန်အောင် ယူပေးနိုင်ကြသည်။

ကွီ၊ ဒစ်စရေထီ၊ ဘားနဒ်ရှော၊ ရိုက်စပီးယား၊ နပိုလီယန် စာအုပ်တွေကို အားလုံး မှတ်မိပြီး၊ ပုဂ္ဂိုလ်တွေ၏ အကြောင်းအရာတွေကို ကလေးသုံးယောက်စလုံး ပြောနိုင်ကြသည်။

မောင်ချစ်ရှိန် စားပွဲတွင် ထမင်း ထိုင်စားနေစဉ် ထမင်းစားပွဲတွင် စာရေးနေသော သူက သားလုပ်သူကို 'ဟေ့ကောင်ကြီး... မင့်ပန်းကန်ထဲမှာ စပါးလုံးကြီး

* မောင်သိန်းတန်၏ ငယ်နာမည်





...င်သိုက်ဦး' ဟု လှမ်းပြောသည်။ ကျွန်မလည်း အနားတွင်ရှိ၍ ကျွန်မကပါ ...ကဲသို့ထိုးပြီး အဖယ်ခိုင်းသည်။

ဖအေနှင့် မအေကို တစ်လှည့်စီ ကြည့်ပြီး 'ဘယ်ကလာ စပါးလုံး ဟုတ်ရ ...ဲ ဖေဖေရဲ့' ဟု စပါးလုံးကို သူ့လက်ဝါးပေါ်တွင် ယူတင်ပြီး ပြောသည်။

'နို့ ဘာလဲကွ'

'မှတ်ထား ဖေဖေရဲ့၊ ဒါ မျိုးစေ့ ...မျိုးစေ့'

'တင်လေးရေ ဒီကောင် ကြီးရင် အယ်ဒီတာဖြစ်မယ်' ဟု ပြောပြီး မျက်ရည် ...ား ထွက်အောင်ပင် ရယ်မောလေသည်။

အငယ် မိုးဟိန်းကား မောင်ချစ်ရှိန်ကဲ့သို့ မဟုတ်ဘဲ ဖျိုးဖျိုးဖျတ်ဖျတ် ...ဆိုးဆတ်ဆတ်နှင့် အကြောက်အရွံ့ ကင်းမဲ့ပြီး သတ္တိရှိလှ၍ 'ဒီကောင် ကြီးရင် ...ယ်ဒီတာဖြစ်မှာ မဟုတ်ဘူး ထင်တယ်။ ဆရာဝန်ရင်လည်း ဖြစ်၊ ဝင်ငွေ... ...င်လည်း ဖြစ်မယ်'ဟု မှတ်ချက် ချထားသည်။

တစ်နေ့ နေ့လယ်တွင် အခန်းထဲ၌ ကျွန်မ စာရင်းများကို ထိုင်ထွက်နေ... ...ု တစ်ချက်တီး ရှိနေ၍၊ ကလေးများအား နေ့လယ် တစ်ရေး သိပ်သဖြင့် ...ိဟိန်း မအိပ်၍ စာရင်းတွက်နေရင်းမှ မိုးဟိန်းကို လှမ်းခေါ်သည်။

သူလည်း အပြင်ခန်းမှ မိုးဟိန်းကို ခေါ်လာပြီး ခုတင်ပေါ်တွင် တက်အိပ် ...း ပြောလိုက်သည်။

'မိုးဟိန်း အချိန်ကျပြီ၊ အိပ်... အိပ်'

'မအိပ်ချင်ဘူး'

'မေမေက အိပ်ရမယ်တဲ့ကွ၊ အိပ်လေ အိပ်'

'မအိပ်ချင်ဘူး'

'ခက်တဲ့ကောင်ပဲ ...အိပ်လို့ဆို တက်လေ'

'မတက်ဘူး၊ မအိပ်ချင်ပါဘူး'

'မအိပ်ချင်လည်း မသိပ်ပါနဲ့ တင်လေးရယ်'

'ဘယ့်နှယ် ဒီလို ကလေးရှေ့မှာ ပြောရတာလဲ၊ သူတို့ နေ့တိုင်း ဒီအချိန် ...ာ အိပ်ရတဲ့အချိန်၊ အိပ်ရမယ်'

'ဒီကောင် ခေါင်းမာနေတယ်၊ ကိုကို ပြောလို့ အိပ်မှာ မဟုတ်ဘူး။ ...င်လေးပဲ ပြောတော့'

'အခုမှ တင်လေး ဝင်ပြောလို့ မဖြစ်တော့ဘူး။ ကိုကို ခေါ်လာတာ ...ို့ပဲ ခုတင်ပေါ် တက်အောင် လုပ်ရမယ်။ နောက်ဆိုရင် အမေသာ ကြောက်ပြီး ...ဖေကို မကြောက်ရဘူးလို့ မှတ်သွားရင် မခက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ချင်း ကလေး နားမလည်အောင် အင်္ဂလိပ်လို ပြောကြသည်။

'မိုးဟိန်း ခုတင်ပေါ် တက်အိပ်'

'မအိပ်ချင်ဘူး'

'အိပ်လို့ ပြောနေတာ'

'မိုးဟိန်း မအိပ်ချင်ပါဘူး'

'ကိုင်း... ဘယ့်နှယ်လဲ တင်လေး၊ မအိပ်ဘူးတဲ့၊ ဘယ့်နှယ်လုပ်ရမလဲ၊ မအိပ်ချင်ရင် နေပါစေ'

ကျွန်မလည်း စာရင်း တွက်နေရာမှ 'ရအောင်သိပ်'ဟု ပြောလိုက်သည်။

'ဟော့ ... မင်း မအိပ်ရင် မင့်မေမေက ရိုက်လိမ့်မယ်'

'ဘယ့်နှယ် ဒီလို ပြောရသလဲ' ဟု ကျွန်မက လှမ်းအော်လိုက်သည်။

'နို့ ... ဘယ့်နှယ် ပြောရမလဲ'

'မအိပ်ရင် မင်း အရိုက်ခံရမယ်လို့ ပြောရတယ်'

'မိုးဟိန်း မတက်ဘူးလား၊ မတက်ရင် အရိုက်ခံရလိမ့်မယ်၊ ဘယ့်နှယ်လဲ'

'မိုးဟိန်း မတက်ဘူး'

'ကိုင်း... ဘယ့်နှယ် လုပ်မလဲ တင်လေး၊ ပြောပါဦး'

'ပေတံကလေးနဲ့ ခြောက်ပြီး တက်အောင် လုပ်ပါ'

'မိုးဟိန်း ဒီမှာနော် ပေတံ၊ ကောင်းကောင်း တက်ပြီး အိပ်ရင် ဖေဖေက မရိုက်ဘူး၊ မအိပ်ရင် ဖေဖေက ရိုက်မယ်။ ဘယ့်နှယ်လဲ ... အိပ်မလား'

'မိုးဟိန်း မအိပ်ဘူး'

'ကိုင်း... ကိုကို မပြောဘူးလား၊ မအိပ်ပါဘူးဆိုတာ'

'အခု အခြေအနေဟာ သူ အိပ်ဖို့ မဟုတ်တော့ဘူး၊ ခုတင်ပေါ်ကို သူ တက်အောင် ကိုကို လုပ်ရလိမ့်မယ်။ သူ သိတတ်ပြီ၊ နို့မို့ရင် သူ တစ်သက်လုံး ကြောက်မှာ မဟုတ်ဘူး။ ဒါ လွန်ဆွဲနေတာပဲ၊ လျှော့လို့ မဖြစ်ဘူး'

'မိုးဟိန်း ... အိပ် အိပ်၊ တက် ... ခုတင်ပေါ်ကို တက်'

'မိုးဟိန်း မတက်ချင်ဘူး'

'မတက်ရင် မင်းကို ဖေဖေက ရိုက်လိမ့်မယ်'

'မအိပ်ချင်ပါဘူး'

'ဘယ့်နှယ်လုပ်ရမလဲ တင်လေးရဲ့'

'ရိုက် ... ကိုကိုရဲ့ ... ရိုက်'

'ဟိုး... ကိုင်းကွာ ဖေဖေ ရိုက်မယ်နော်၊ ခုတင်ပေါ် တက်လေ'

'မိုးဟိန်း မအိပ်ချင်ဘူး'

**သီဟရတနာစာပေ**



ကျွန်မ တစ်ချက် ဝင်ပေါက်လိုက်လျှင် ပေါက်ရုံမျှဖြင့် မိုးဟိန်း ခုတင် ...ပေါ်သို့ မုချရောက်သွားမည် ဖြစ်သော်လည်း၊ လက်တောက်လောက် ကလေးက ... သူ မရိုက်မှန်း သိ၍ မကြောက်ဘဲနေသောကြောင့် သားနှင့်အဖ ဖြစ်နေသဖြင့် ...ကို ကြောက်သွားအောင် ကျွန်မက တစ်ခွန်းမှ ဝင်မပေါက်ဘဲ စာရင်းသာ ...ိုင်တွက်နေသည်။

ပေတံ တဝင့်ဝင့်ဖြင့် ခုတင်ပေါ်သို့ တက်ရန် ပြောသော်လည်း မိုးဟိန်း ...း ကျွန်မ စကားတစ်ခွန်းလောက်မှ ကြောက်ရွံ့ခြင်း မရှိလှပေ။

'ကဲ ... တင်ပါးကို ရိုက်ပေတော့'

...အလယ်ချိန်မှာ သားသမီးများနှင့်သာ...။



www.burmeseclassic.com

www.burmeseclassic.com



'မရိုက်ဘဲနဲ့ မပြီးဘူးလား တင်လေး'

'အဲဒါမှ အဆိုးရွားဆုံးပဲ'

တင်ပါးကို တစ်ချက် ရိုက်လိုက်ပြီး အိပ်ရန် ပြောသော်လည်း မအိပ်ပေ။ မရိုက်စဖူး သူက ရိုက်ရမည်လားဟု ပို၍ပင် စိတ်ကောက်သွားပြီး ကပ်ဖွဲ့လုပ်နေ သည်။

'တင်လေး ... ရိုက်လို့လည်း မတက်ဘူး၊ နေပါစေတော့'

'ခုနေများ အလျှော့ပေးလိုက်ရင် သာဆိုးသွားဦးမယ်။ နာအောင် ရိုက်ပါ'

သူလည်း တစ်ချက်ထက် တစ်ချက် ကြိုးစားပြီး ရိုက်သည်။ မိုးဟိန်းသည် ခုတင်ပေါ် တက်ဖို့ရာပင် ဝေးစွ၊ ခုတင်ဘက်သို့ လှည့်၍မျှ မကြည့်၍ နာအောင် ရိုက်ဖို့ရာ တစ်ယောက်တစ်ပြန် အတော်ကြာကြာ ပြောမှ ရိုက်ပေတော့သည်။

ဆင့်ကဲဆင့်ကဲ ခပ်ဆတ်ဆတ် ရိုက်၍ နာလာမှ ခုတင်ပေါ်သို့ တက်သွား ပြီး မှောက်လျက်ကြီး သွားငိုနေသည်။

သူလည်း ကျွန်မ စာရင်းတွက်နေသော သေတ္တာပေါ်တွင် လာထိုင်ပြီး သူ့လက်မောင်းတွင် အသီးလိုက် ယိုထွက်နေသော ချွေးလုံးချွေးပေါက်ကြီးများကို လက်ညှိုးနှင့် သပ်ချလျက် 'စိတ်ပင်ပန်းလိုက်တာ တင်လေးရယ်၊ ကိုကိုဖြင့် သူ့ကို ရိုက်ရတာ ချွေးတွေကို ပြန်ကျလာတာပဲ။ ချစ်လွန်းလို့သာ ရိုက်ရတော့ တာပဲ' ပြော၍ စိတ်၌ သနားသွားမိသည်။

နောက်တွင် ကလေးများကို အပြစ်ပေးရမည် ဆိုလျှင် မရိုက်ဘဲ အခန်းထဲ တွင် လှောင်၍ တံခါးပိတ်ထားလိုက်ပြီး အပြစ်ကို တောင်းပန်မှ သူ ဖွင့်ပေး လေသည်။

ကလေး သုံးယောက်စလုံး ကျွန်မက ထိုင်ဆိုလျှင် မည်သူမျှ မထဝံ့ကြ သလို၊ သူ့ကိုလည်း တုတ်ကိုင်သည့် နေ့ကစ၍ ကျွန်မကဲ့သို့ပင် ကြောက်ရမှန်း သိလာကြပေသည်။

'ဒီကောင် နှစ်ကောင် မြန်မြန် ကြီးလာကြရင် ကောင်းမယ်' ဆို၍ ကျွန်မ က 'အယ်ဒီတာ ဖြစ်စေချင်လှပြီလား' ဟု မေးရာ 'မဟုတ်ဘူး၊ လက်ဖက်ရည် ဆိုင် ခေါ်သွားမလို့။ ဒီနေရာကမှ တကယ် ဗဟုသုတတွေ ရှိတယ်'

*(ဂျာနယ်ကျော် မမလေး၏ "သူလိုလူ" ဝတ္ထု ဒုတိယတွဲမှ အခန်းတစ်ခန်းကို ကောက်နုတ် ဖော်ပြလိုက်ခြင်း ဖြစ်သည်။ အယ်ဒီတာ၊ ဂျာနယ်ကျော်)*

[ ဂျာနယ်ကျော်၊ ၂၅ အောက်တိုဘာ ၁၉၄၇ ]

# လွမ်းသူ့စာခွေ

[ **အမှာ။** ။ ကျွန်ုပ်တို့ ဂျာနယ်ကျော်တိုက်ပိုင်ရှင် အယ်ဒီတာချုပ် ဦးချစ် မောင် ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့သည့် နေ့မှစ၍ ကျန်ရစ်သူ ဇနီး ဒေါ်တင်လှိုင် သည် ၎င်း၏ မှတ်တမ်းစာအုပ်ထဲ၌ ဦးချစ်မောင်အား တမ်းတ၍ ရေးသော မှတ်တမ်းများကို တစ်နေ့မပြတ် ရေးသား ထည့်သွင်းခဲ့ပေသည်။ ထိုမှတ်တမ်း များသည် နေ့စဉ် ကြုံတွေ့ ရင်ဆိုင်နေရသော ပြဿနာများကို ကွယ်လွန်သူ ချစ်ခင်ပွန်းအား တမ်းတ ရည်မှန်း၍ ဖွဲ့ဆို ရေးသားသည့် လွမ်းစာခွေကလေး များ ဖြစ်သည်ဟူ၍လည်း ဆိုနိုင်ပေသည်။ ယခု ဤစာမျက်နှာတွင် ထည့်သွင်း ဖော်ပြလိုက်သော လွမ်းစာခွေကလေးမှာ ဦးချစ်မောင် ကွယ်လွန်၍ တစ်နှစ် မြောက်သော နေ့က ရေးသားထားသည့် မှတ်တမ်းကလေးပင် ဖြစ်ပေကြောင်း။

ဂျာနယ်ကျော် ]

…နေ့ကား တန်ခူးလဆန်း ၂ ရက်နေ့။

ကိုးထပ်ကြီးဘုရားအနီး မင်္ဂလာဓမ္မယုံကျောင်းတွင် ကိုကို့အတွက် ရည်စူး ၍ ဆွမ်းကျွေး၊ သီလယူ၊ ရေစက်ချပြီးနောက် မနှစ်က ကိုကို အသက်ပျောက် …သည့် အချိန်မှာ တင်လေးတို့ ကိုကို့ ဂူကို ရောက်ကြသည်။

လဆန်း ၂ ရက်နေ့တိုင်း တင်လေး ဂူကို ရောက်ရသည့် အကြိမ်မှာ …ခုအကြိမ်နှင့် ၁၂ ကြိမ် ပြည့်ခဲ့လေပြီ။ လစဉ် လဆန်း ၂ ရက်နေ့တိုင်း၌ ကိုကို့ …ကျက် ဆွမ်းသွတ်၍ ကုသိုလ်ကောင်းမှုပြုပြီး ကျေးဇူးဆပ်ထားခဲ့သည့် အကြိမ် …သည်လည်း ၁၂ ကြိမ် ရှိခဲ့ပေပြီ။

လဆန်း ၂ ရက်နေ့တိုင်း အလုပ်မဆင်းဘဲ အဓိဋ္ဌာန်ပြု၍ ဥပုသ် ဆောက် …ည် လာခဲ့သည်မှာလည်း ၁၂ ကြိမ်မြောက်သွားပေပြီ။

ယခုတစ်ကြိမ်တွင် တင်လေး တစ်ယောက်တည်း မဟုတ်ဘဲ အလုပ်သမား …အားလုံးပင် တင်လေးနှင့် အတူ ပါလာကြသည်။

အယ်ဒီတာဌာန၊ အလုပ်ဌာန၊ စာစီဘက်ဌာန၊ စက်ဘက်ဌာန၊ ဌာန …သီးသီးတို့မှ ကိုကို့ လက်ငုတ်လက်ရာကြီးကို ဆက်လက်၍ ထမ်းရွက်ကြိုးပမ်း …ပ်ကိုင်နေကြသော အားလုံးသော အလုပ်သမား အပေါင်းတို့သည် ယနေ့နံနက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဂူ ရှေ့မှောက်တွင် အစုံအညီ ရောက်လာကြသည်ကို မြင်စေချင်စမ်းပါဘိဟု အတိုင်းမသိအောင် တမ်းတ ရော်ရမ်းမိလေသည်။

ဦးထွန်းရှိန်၊ ဦးစိန်လှအောင်တို့၏ ဝဲယာတွင် ကိုကိုနှင့် ဗိုလ်အောင်ကျော် တို့ကို ဂူပုံ တစ်ပုံစံတည်း သွင်းထားသည့် နေရာမှာ ကြံတောသချိုင်းတွင် တသီး တခြား ထီးထီးဝါးဝါးကြီး ရှိ၍၊ တင်လေးတွင်မက မြင်မြင်သမျှသော သူတို့အား နှမြောတသ ယူကျုံးမရဖြင့် အမှတ်တရ ဖြစ်စေအောင် နိုင်ငံ့ဝန်ထမ်းတို့၏ ခန္ဓာကိုယ် ကိန်းအောင်း မြှုပ်လျှောင်ထားရာ တိုက်ခန်း ဖြစ်ပေသည်။

ဤတိုက်ခန်းရှိ ပုဂ္ဂိုလ်တို့၏ အရိုးကား မြေကျ၍ နေပြီ။ ဤတိုက်ထဲ၌ အရိုးဆွေးတော့မည့် ကိုကို့ကို နေ့စဉ်နေ့တိုင်း တအောက်မေ့မေ့ တတမ်းတတနှင့် တွေးလေလေ ဆွေးမပြေ ဖြစ်နေ၍ အိပ်ခါမပျော်၊ စားသော်မမြိန်၊ လွမ်းရှိန် မပျောက်၊ တအောက်မေ့မေ့၊ တသွေ့ထောင်းထောင်း၊ တပြောင်းပျုပျုဟု ကိုးခန်း ဆရာ ရေးစပ်ခဲ့သည့်ပမာ ဗျာပါကျွမ်းလောင်၍ နေတော့သည်။

ဂူကို လှည်း၍ ဂူကို ဆေးနေပါသော်လည်း ဂူကို မမြင်။ ဤမနက် ဤ အချိန်တွင် ဆေးရုံ၌ အမောဖောက်နေသည့် ရုပ်ပုံသွင်ကို ပြန်၍မြင်သည်။

တစ်ဂူလုံးကို ပွတ်သပ် ဆေးကြောနေပါသော်လျက် ဂူရယ်ဟူ၍ တင်လေး မထင်။

ကိုကို့ ခုတင်နားတွင် ရပ်ကာ ကိုကို့ ရင်ပေါ်တွင် လက်တင်ထားရသည့် ပုံပမာအတိုင်း ... ထိုပုံအတိုင်းပင်။

ကိုကို အမောဆို့ပြီး ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ရှူနေသည့် ပင်ပင်ပန်းပန်း အသက်ရှူသံတွေကိုပါ နားထဲတွင် မခံမရပ်နိုင်အောင် ပြန်ယောင်၍ ကြားမိသည်။

သေတော့မှာလား၊ သေတော့မှာလား၊ သေမှာလားဟု အမောဖောက်နေသူ နောက်သို့ အမီလိုက်ပြီး ကသောကမျော ဗလောင်ဆန်ခဲ့သည့် စိတ်တွေကြောင့် အလိမ့်လိမ့် စီးကျလာသည့် မျက်ရည်ပူတွေလည်း မခန်းမခြောက်နိုင်သေးဘဲ ပြန်၍ တပေါက်ပေါက် စီးကျလာသည်။

တစ်ပေါက် တစ်ပေါက် ကျနေရာမှ တဖြိုင်ဖြိုင် ယိုစီးကျလာချင်သော မျက်ရည်တို့၏ အဟုန်ကို ခဲယဉ်းစွာ ပိတ်ဆို့ တားဆီးပစ်ရသည်။

ဂူကို ဆေးကြောပြီး နောက် ဂူပေါ်သို့ ပန်းတွေ ဖုံးတင်ပြီး ဂူလုံးကို စံပယ်ကုံးတွေနှင့် ရစ်ပတ် ဖုံးတင်နေစဉ်လည်း၊ ကိုကို အသက် မပျောက်ခင်ကလေး အမော သက်သာသွားလေမလားဟု စံပယ်ပွင့်တွေနှင့် နှာဝနားတွင် တင်ပေးခဲ့သော မမေ့မပျောက်နိုင်သည့် သေခါနီး အခြင်းအရာတွေ တစ်ခုပြီးတစ်ခု ပေါ်လာသည်မှာ ယနေ့နံနက်တွင် အားလုံး အသစ် အသစ် ဖြစ်ကုန်သည်။





ဤအချိန်တွင် ဆေးရုံပေါ်မှ အလောင်းချသည်၊ ဤအချိန်တွင် ဆေးရုံ ပေါ်မှ အလောင်းထုတ်သည်၊ ဤအချိန်တွင် ဘုရားခြေရင်းသို့ ရောက်ပြီ၊ ဤ အချိန်တွင် ဇရပ်ထဲတွင် အလောင်းပြင်ပြီးပြီ။ မည်သူတွေ လာသည်၊ မည်သူတွေ ရှိသည်။ သူတို့ မည်သို့ ပြောကြသည်၊ သူတို့ မည်သို့ စီစဉ်သည်။

သတိရစိတ်၊ အောက်မေ့စိတ်၊ လွမ်းစိတ်တို့နှင့် တစ်နေ့လုံးလုံး ပြန်ပြောင်း ၍ တလည်လည် ဖြစ်နေသည်။

ဤတွင်မက အသက်ထွက်သွား၍ ကိုယ့်ကိုယ်ကိုယ် "မုဆိုးမ" ဟု သိသိ ချင်း နာနာကျင်ကျင် ခံစားလိုက်ရသော ဝေဒနာဟောင်းပါ ကြွပေါ်လာသည်။

ကိုကို့အလောင်းကို မြေမမြှုပ်မချင်း ရက်အတွင်းတွေက တစ်မျှော်တစ်ခေါ် ကြီး တွေးတောခဲ့၊ စဉ်းစားခဲ့၊ ယူကျုံးမရ ဖြစ်ခဲ့၊ အတောမသတ်အောင် ပူဆွေး ၍ အသည်းထဲ၌ တဟုန်းဟုန်း လောင်နေသည့် မီးကို ကြိတ်မှိတ် ဖုံးဖိ ငြိမ်းသတ် ခဲ့ပုံတွေကို ပြန်လည်ကာ မွှေကြည့်၍ တဟုန်းဟုန်း ပြန်လောင်လာသည်။

အလောင်းကို မြေမြှုပ်ရန် ပြင်နေကြစဉ် တင်လေး ပေးလိုက်သည့်၊ ကတိထားလိုက်သည့် သစ္စာအတိုင်း "ဂျာနယ်ကျော် အမွန့်ရှည်စွာ တည်တံ့ရန်" အကြိတ်ပြီး သချိုင်းက လှည့်ပြန်ခဲ့သည့် ရက်က စ၍ ယနေ့အထိ တင်လေးသည် ဂျာနယ်ကျော်ကို အပတ်စဉ် ထွက်စေပါသည်။

ဂျာနယ်ကျော်ကို "ပေါ်ပင်" မလုပ်ဘဲ ကိုကို ရှိစဉ်ကကဲ့သို့ "မကြောက် မရွံ့ မဟုတ်မခံ မျက်နှာမရွေး မှန်တိုင်းရေးပိမ့်" ဟူသော ကိုကို့ဝါဒကို ဦးထိပ် ရွက်ပန် ထက်သန် ခိုင်မြဲစွာ ဆက်လက်ထားရှိပါသည်။ ရှေ့သို့လည်း မည်သည့် အားရန်ကိုမျှ မကြည့်၊ အသက်စည်းစိမ် ပျက်စီးမည့်တိုင် ဤဝါဒကို အထိအပွန်း မခံဘဲ စည်းစိမ်ဥစ္စာ ပစ္စည်းထက် ဝါဒကိုသာ လေးစား ထိန်းသိမ်းသမျှ ရှိမည်အမှန် ဖြစ်ပါသည်။

ဂျာနယ်တွင်မက ကိုကို မသေခင်က ဆန္ဒအတိုင်း သတင်းစာကိုပါ ဖြစ် မြောက်အောင် လုံးပန်းကြိုးစားခဲ့၍ "ပြည်သူ့ဟစ်တိုင်" နေ့စဉ်ရက်ဆက် ယနေ့ အထိ ထွက်နေပါသည်။

ကိုကို သေဆုံးသည့် ရက်မှစ၍ ယနေ့အထိ ဂျာနယ်နှင့် သတင်းစာ လုပ်ငန်း အခြေအနေကို မှတ်တမ်းတင်ပြီး ပြရသော်—

ကိုကို ရှိစဉ်က ဝိုင်းဝန်း ဖန်တီး သတ်မှတ်ခဲ့သော နေသူရိန် ဆုံးဖြတ်ချက် ကြီးကို မပြောင်းမလွှဲ မယုတ်မလျော့ ရှိသေလိုက်နာ လေးစားခဲ့၍၊ ဂျာနယ်နှင့် သတင်းစာကို ကိုကို့ဝါဒအတိုင်းပင် မှန်သည်ထင်ရာကို ရှေးရှု၍ မျက်နှာမလိုက် ရေးသား ထုတ်ဝေခဲ့ပါသည်။ မိမိတို့ သွားရာလမ်းကြောင်းတွင် အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကန်သင်းကြီးဟု ယူဆကြသော နိုင်ငံရေးသမား မလိုသူ တစ်စုတို့က ဂျာနယ်နှင့် သတင်းစာကို ပါတီသတင်းစာဟူသော အပြစ်တံဆိပ်ကို ရှာ၍ ခတ်နှိပ် ခဲ့ကြပါသည်။ သူတို့တစ်တွေသည် အမျိုးမျိုး စွပ်စွဲ၍ အမျိုးမျိုး အနှောင့်အယှက် ပေးကြပါသည်။ ကွန်မြူနစ်ပါတီ၏ အသံဖြစ်သည် ဟူ၍ ရဟန်းရှင်လူတို့က ငြိုငြင် နားယောင်အောင် သွေးဆောင်လှည့်ဖြား ပြောဟောကြပါသည်။ အချို့ကမူ ခြိမ်းခြောက်ခြင်းပင် ပြုကြပါသည်။ ဂျာနယ်ရော သတင်းစာပါ မထုတ်နိုင်ဘဲ ပြုတ်၍သွားအောင်ပင် စီးပွားရေးနှင့် သတ်ဖို့ ကြိုးစားကြပါသည်။ အမှန်မှာ သူတို့သည် ဝေဖန်မှုကို မခံနိုင်ကြပါ။ သို့သော် သူတို့ အမှားကိုမူ သူတို့ တဖြည်းဖြည်း ဝန်ခံလာကြပါသည်။ ယနေ့အထိ သူတို့ အနှောင့်အယှက်၊ သူတို့ ခြိမ်းခြောက်မှုများကို ခံပြီး ကိုကို မျိုးစေ့ချခဲ့သော အမှန်ကို ညွှန်ကြား ထောက်ပြ ရမည့် သတင်းစာ၊ ဂျာနယ်တို့၏ ဝတ္တရားကြီးကို ရဲရဲကြီး ထမ်းရွက် ကျင့်သုံးလျက် ရှိနေပါသည်ကို ကိုကို ရောက်ရာဘဝက ကျေနပ် ဝမ်းမြောက်ပါတော့ ကွန်မြူနစ်နှင့် ဖဆပလ သဘောချင်း ကွဲလွဲကြ၍ အဖွဲ့မှ ထုတ်ပစ်လိုက်သည့် အခါ အရေးနိမ့်သွားသော ကွန်မြူနစ်များက ပါတီအနေနှင့် ဖဆပလ ရာထူး ယူခြင်းကို အပြင်းအထန် ပြစ်တင် ရှုတ်ချခဲ့ကြရာ၊ ကွန်မြူနစ်နှင့် ဟစ်တိုင် မှုချင်း မတူသော်လည်း သဘောချင်းတူရာ ရောက်သွား၍ ဟစ်တိုင်သည် ကွန်မြူနစ်ဟု လူအများ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြောဟောဖို့ရာ သူတို့အတွက် လွယ်ကူသော လက်နက်တစ်ခု ရခဲ့သော်လည်း၊ ယနေ့တိုင် ဂျာနယ်ကျော်နှင့် ဟစ်တိုင်သည် ကွန်မြူနစ် မဟုတ်ကြောင်းကို သူတို့တစ်တွေထက် ကွန်မြူနစ်တွေက ပို၍ သိလေသည်။

ကိုကို ထားခဲ့သည့် ဝါဒကို လန့်စရာရှိလျှင် သူတို့တစ်တွေထက် ရှေ့တွင် ကွန်မြူနစ်တွေက ပို၍ လန့်စရာ ရှိပေလိမ့်မည်။ တင်လေးတို့သည် ကွန်မြူနစ်ပါတီ မဟုတ်ဘဲ တိုင်းပြည်အား ဟုတ်ရာမှန်ရာ ရေးသားနေကြောင်းကို ကွန်မြူနစ်များ အသိဆုံး ဖြစ်၍၊ ဤအရေးတွင် ကွန်မြူနစ်နှင့် ဂျာနယ်ကျော်သာ သိ၍ တိုင်းပြည်က သိသင့်သလောက် မသိကြသေးပေ။ သို့သော် တိုင်းပြည်က သိအောင် အတိုက်အခံ ပြန်လှန် ဖွင့်လှစ်ချေပခြင်း မလုပ်ခဲ့ဘဲ၊ အမျိုးသားတပ်ပေါင်းစုကြီး ဖြစ်သော ဖဆပလ၏ မျက်နှာကို ကြည့်၍ စီးပွားရေးသာ အထိခိုက်ခံ၍ ထားခဲ့ပါသည်။

ကိုကို ဦးဆောင်ခဲ့သော၊ အမျိုးသားတပ်ပေါင်းစုကြီးဖြစ်သော ဖဆပလ၏ ဂုဏ်သိက္ခာရေ ညှိုးမှိန်ခြင်းကို အလိုမရှိ၍ အတိုက်အခံ ရှင်းလင်းချေပခြင်း မလုပ်ခဲ့ဘဲ၊ ယနေ့ထက်ထိ အထင်အမြင် မှားခံခဲ့ခြင်း ဟူသော ယောနိသော





...ဘာရ စိတ်စေတနာတို့ကြောင့် မည်မျှ နစ်နာ၍ မည်မျှ ခံရသည် ဖြစ်စေကာမူ ...ရှာနှင့် ခံမည်သာ ဖြစ်ပါသည်။

နိုင်ငံတော်သူ နိုင်ငံတော်သားများ တွေဝေသွား၍ တိုင်းပြည် နစ်နာရမည် ...က မည်သူ၏ ဂုဏ်ပုဒ်ကိုမျှ ညှိုးမှိန် ညစ်နွမ်းအောင် ရှင်းလင်း ချေပ အတိုက် ...သုပ်မည် မဟုတ်ပေ။

ဂျာနယ်ကျော်နှင့် ဟစ်တိုင်သည် အစီးပွား တစ်တိုက်တည်းဖြစ်၍ ပျက်စီး ...သည့်တိုင် ပြန်နိုးပြီး ထူထောင်၍ ရနိုင်ပါသေးသည်။ အမျိုးသားတပ်ပေါင်းစု ...ပြီးအက် ပျက်စီးသွားလျှင်မူကား တိုင်းပြည်တွင် အစား ရနိုင်စရာ မရှိ၍ ...အောင် မီးရှို့ခိုင်းကြသည် ဖြစ်စေ၊ မဝယ်ချင်အောင် လုပ်ကြသည်ဖြစ်စေ ...ကွက်ဘဲ တပ်ပေါင်းစုကြီးဖြစ်သော ဖဆပလ၏မျက်နှာ ထောက်ထား၍ ...ခံပါရန် ကိုစောဦးအား တောင်းပန်ခဲ့ပါသည်။

အမှန်ကို လက်မခံနိုင်သော လောကကြီးတွင် ခေတ်ကို မကြည့်၊ အခါကို ...ဘဲ၊ အများ မိုးခါးရေ သောက်သကဲ့သို့ မသောက်သလား၊ မှန်တိုင်းလည်း ...ကောင်းဟု တင်လေးကို ချစ်ခင် ကြင်နာစွာ ပြစ်တင် သတိပေးကြသော မိတ်ဆွေ ...င်းတို့၏ စေတနာတွေနှင့် မဆန့်ကျင်လိုသည် မှန်သော်လည်း၊ အမှန်သည် ...ခံသော ဖြစ်၍ ယခု မမှန်သေး ထင်နေသမျှ နောင် မှန်လာရမည် ဟူသော ...နှင့် အနှောင့်အယှက် အခက်အခဲတွေ ရှေ့က ပိတ်ရံ ဆီးဆို့ထားသည့် ...သဲမှပင် တွန်းထိုးဖောက်ထွင်း၍ ဂျာနယ်ကျော်နှင့် ဟစ်တိုင်ကို အပတ်စဉ် ...၊ နေ့စဉ်မပျက် ထွက်နိုင်အောင် ထွက်ခဲ့သည်။

ရာထူးယူခြင်းသည် ဘာအာဏာမျှ မရှိ။ ကျုပ်တို့ကိုယ် ကျုပ်တို့ ဘာမှန်း ... ဘုရင်ခံဆီမှာသာ အားလုံး အာဏာရှိ၍ ကျုပ်တို့မှာ ဘာတစ်ခုမှ လုပ်ကိုင် ...ရှိသည့် ရယ်စရာကောင်းသည့် ဝန်ကြီးတွေဟု ဘီလပ်အသွား နယူးဒေလီ ...ဝင်၍ ဗိုလ်ချုပ်ကိုယ်တိုင် ထုတ်ဖော် ဖွင့်လှစ် ရှင်းလင်းပြလိုက်မှ ဂျာနယ် ...နှင့် ဟစ်တိုင်၏ မှန်ရာရေးမည် ဟူသော ဝါဒကို တစ်စတစ်စ ရိပ်စား

...နယ်ကျော်မမလေး(ဝဲ-၁၉၅၇)၊ (ယာ-၁၉၇၀)...။



www.burmeseclassic.com



နားလည် ရှင်းလင်းလာကြပြီး ရှေးကကဲ့သို့ မေတ္တာသက်ဝင် ပြန်လည် ဖတ် အားပေးလာကြသည်။

ရှေ့တွင်လည်း ဂျာနယ်ကျော်ကို မည်သည့်ပါတီ သံယောဇဉ်ကိုမျှ မ တွယ်စေဘဲ၊ ကိုကို့ဝါဒအတိုင်း ခေါင်းဆောင်ဂျာနယ်ကြီးပီပီ တိုင်းပြည်အတွ ရှေးရှု၍ ကိုယ်ကျိုးမငဲ့၊ တိုင်းပြည်၏ အကျိုးကိုသာ ငဲ့၍ တစ်သမတ်တည် အစဉ်တစေ တာဝန်ကျေအောင် ထမ်းရွက်လေပါမည်ဟု ဂူတွင် ကန်တော့ရ ယနေ့ သစ္စာထပ်ပြုခဲ့သည်။

ခင်လေးမြင့်၊ မောင်ချစ်ရှိန်တို့ နှစ်ယောက်သာ ခေါ်ခဲ့ရသည်။ မိုးဟိ ကံဘဲ့က ဒေါ်ဒေါ် လာမပို့၍ သူ့အဖေ ဂူကို သူမကန်တော့ရသဖြင့် မိုးဟိ အတွက် စိတ်မကောင်း ဖြစ်ရသည်။ အစ်မကြီး၊ မမကြီး၊ ဒေါ်ဒေါ် မသန်းရွှေ မမြစိန်၊ မလှမြင့်၊ ခင်စောမြင့်တို့ပါ လိုက်ပါလာကြသည်။

ဂူကို ပုံရိုက်သည်။ အားလုံး လူစု၍လည်း ဂူနားတွင် ပုံရိုက်သည်။ ယခ အင်္ဂလိပ် တစ်ခေတ်တုန်းက အတွင်းဝန်ရုံးကို ကိုကို ဝိုင်းခိုင်းလိုက်၍ ပုလိ အရိုက်ခံပြီး သေရရှာသော ဗိုလ်အောင်ကျော်အဖို့ကိုလည်း မမေ့ပေ။ သူ့ဂူကိုလည် ဆေး၍ ပန်းတွေ ဖုံးတင်ခဲ့သည်။ တစ်ယောက်နှင့်တစ်ယောက် မသိကြ တစ်ယောက်နှင့်တစ်ယောက် ပတ်သက်နေကြသည်။ ဤဂူ နှစ်ဂူ၏ အဓိပ္ပာ ရှိပုံကို တင်လေးမှ လွဲ၍ မည်သူမျှ သိကြလိမ့်မည် မဟုတ်။ မည်သူမျှ မသိကြသော

အယ်ဒီတာချုပ်မှ အစပြုပြီး အားလုံးသော အလုပ်သမားအပေါင်းတို ဝပ်တွား ခ ညောင်းပြီး ပန်းပေါင်းစုံတို့ဖြင့် ဂူကို ပူဇော်ကန်တော့ကြသည်။

တိုင်းပြည်အတွက် အခြေပျိုးထားခဲ့သည့် ကိုကို့လုပ်ငန်းကြီးကို ဆက်လ ထမ်းရွက်နေကြသော ကိုကို့ အလုပ်သမားများသည် ယခုကဲ့သို့ ရှေ့တွင်လည် ဆက်လက်၍ သစ္စာရှိစွာနှင့် တာဝန်ကျေစွာ လုပ်ကိုင်နိုင်ကြပါစေဟု ဖြစ်လေ ဘဝမှ ကိုကို အာရုံပြုပါလော့။

မချွတ်မချော်၊ မမှားမယွင်း၊ မတိမ်းမစောင်းရအောင် လုပ်ငန်းကြီး၏ တာဝန်ကို နေ့နှင့်အမျှ ထမ်းရွက်နေ့ရသည့် တင်လေးမှာ ပန်းသည်ကိုမှ ပန်းမှန် မသိ။ မောသည်ကိုမှ မောမှန်းမသိ။ အအိပ်ပျက်၊ အစားပျက်နှင့် အားကိုးရာ မရှိ။ တစ်ယောက်တည်း ဒုက္ခ အမျိုးမျိုး ရောက်ပြီး နေ့မနား၊ ညမနား တင်လေး လုပ်ကိုင် ကြိုးပမ်းနေရပုံတွေကို မြင်စမ်းချင်ပါဘိတော့ ကိုကိုရယ်။

တင်လေးကို မြင်လှည့်စမ်းပါဦး။

[ ၁၃၀၉ ခုနှစ် နှစ်သစ်ကူး အထူး ဂျာနယ်ကျော်စာစောင် ]

## သည်ရာသီ လတပေါင်း

သူ၏ နောက်ဆုံး အဆုံးသတ်။

"သူ၏ နောက်ဆုံး အဆုံးသတ်" ဆိုသည်ထက် ကလောင်တစ်ချောင်း၏ နောက်ဆုံး အဆုံးသတ်ဟု ဆိုက ပိုမို၍ သင့်လျော် ကိုက်ညီမည်ဟု ထင်မိသည်။

၁၉၄၆ ခု မတ်လ၌ တပ်မတော်နေ့ အထိမ်းအမှတ် စာစောင်အဖြစ် ထုတ်ဝေခဲ့သော **ဂျာနယ်ကျော်** တစ်စောင်လုံးသည် တော်လှန်ရေး အရောင်များ လွှမ်းလျှမ်းတောက်၍ နေလေသည်။ ပန်းချီကျော် ဦးအုန်းလွင်၏ "သွေးဆိုး ဆိုပ်" တော်လှန်ရေး ဝတ္ထုတိုလေးမှတစ်ပါး ဂျာနယ် စာမျက်နှာ **၁** မှ စ၍ စာမျက်နှာ **၁၆** နောက်ကျောဖုံးအထိ အစအဆုံး တစ်အုပ်လုံးကိုပင် ကလောင် တစ်ချောင်းတည်း သိမ်းကျုံး ရေးသားထားလေသည်။

ကလောင်ရှင်သည် တပ်မတော်နေ့ အထိမ်းအမှတ် ထုတ်ဝေသော ဤ စာစောင်အပြီး၊ ဘယ်တော့မှ မထူနိုင်တော့မည့် သူ့ကလောင်ကို နောက်ဆုံး အကြိမ် အသုံးချသွားသကဲ့သို့ပင် မှတ်ထင်ရအောင် သွန်၍ ရေးလေသတည်း။

၁၉၄၆ ခု တပ်မတော်နေ့ အထိမ်းအမှတ် ဂျာနယ်ကျော်တိုက်မှ ထုတ်ဝေ သော ဤတပ်မတော်စာစောင်သည် ၁၉၄၅ ခု မတ်လ ၂၇ ရက် တပ်မတော် နေ့နှင့် အလှမ်း မဝေးလှသေးပေ။ ဂျာနယ်အဖုံးကို စ လှန်လျှင်လှန်ချင်း **ယမန် နှစ်က ဤအချိန်တွင် ဘာတွေ ဖြစ်နေကြသနည်း**ဟု ၁၂ လိုင်း စာလုံးမည်းကြီး ဖြင့် ခေါင်းစဉ်တပ်ထားသော အခန်းကို စတင် တွေ့ရပေမည်။

၁၉၄၅ ခုနှစ် မြန်မာပြည်၌ ဖြစ်ပျက် ကြုံတွေ့ခဲ့သော အဖြစ်အပျက်၊ အကြောင်းခြင်းရာ အလုံးစုံကို စုရုံး ရေးခြယ်၍ တင်ပြထားလေသည်။

စစ်သားဂျပန်၊ ကုန်သည်ဂျပန်၊ ကင်ပေတိုင်ဂျပန်၊ နွားဆွဲဂျပန်၊ ချေးတပ် ဂျပန်၊ ပစ္စည်းဆွဲဂျပန်၊ လူညီးဆွဲဂျပန်၊ ကားဆွဲဂျပန်၊ စပါးသိမ်းဂျပန်၊ ...သည့်ဂျပန်၊ အနုကြမ်းဂျပန်၊ အကြမ်းကြမ်းဂျပန်၊ ဘာဂျပန်၊ ညာဂျပန်... ...ဂျပန်အားလုံးကို တစ်နိုင်ငံလုံး သဲသဲမဲမဲ တိုက်ထုတ်ချေမှုန်းကြသော တော်လှန်ရေး လုပ်ငန်းကြီးကို ကွက်ကွက်ကွင်းကွင်း ဖော်ပြရေးသားထားသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းအပြီး နောက်တစ်ခန်းကိုလည်း ၁၂ လိုင်း စာလုံးမည်းကြီးများ ဖြင့်ပင် ခေါင်းစဉ်တပ်၍ ရေးပြန်လေသည်။

**"ဂျပန် အောင်ဆန်း ခေါ်လာသည်ဆိုသော စွပ်စွဲချက်မှာ မှန်သလား မှားသလား၊ တရားခံအစစ် မည်သူနည်း"**

၁၉၄၅ခု မတ်လ ၂၇ ရက်နေ့ ပြီးခဲ့သော တော်လှန်ရေးလုပ်ငန်းသည် ထိုစဉ်က ဖဆပလ အဖွဲ့ချုပ်ကြီး အသွင်ဖြင့် တည်တံ့လျက်ပင် ရှိနေသေးသည်။ ဖဆပလ အဖွဲ့ချုပ်ကို တိုက်ဖျက်ပစ်လိုသော နိုင်ငံရေးသမား တစ်စုက ရွေးကောက် ပွဲ လုပ်လျှင် သုံးနှစ်အတွင်း မြန်မာပြည်ကြီး အလူးအလဲ ခံလိုက်ရကာ၊ ဂျပန်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါ်လာခဲ့သောကြောင့် ဖြစ်သည် ဆိုသော စကားကို လက်ကိုင်သုံးစွဲလျက် ဖဆပလကို အခြေမ ကိုင်ဖြိုရန် တစ်ဖက်မှ ကြံစည် စိုင်းပြင်း လာကြသည်။ ထိုအရိပ်အခြည်ကို မြင်သည်နှင့် တစ်ချက်တည်း ဤစကားမျိုး ရှေ့ဆက်၍ မသုံးစွဲနိုင်အောင် တင်ကြို ဖြေရှင်းကာ ကလောင်နှင့် တားဆီး ခုခံ တိုက်ထုတ် ပစ်လေသည်။ ကလောင်ရှင်သည် ကမ္ဘာ့နိုင်ငံရေးကို နားလည် သိမြင်သောအားဖြင့် အကိုးအကား၊ အချက်အလက် စုံလင်စွာ ရေးသားထုတ်ဖော် ပြလျက်၊ အင်္ဂလိပ်သာလျှင် တရားခံအစစ် ဖြစ်ကြောင်း ဆွဲထုတ်၍ အနိုင်အမာ ပြထားလေသည်။

**"ဂျပန်ကို ထပြီး တော်လှန်ကြခြင်းသည် အင်္ဂလိပ် နိုင်ငံခါးနီး၍သာ ဆိုခြင်းမှာ ဟုတ်သလော၊ လုံးဝ မဟုတ်"**

ဤကား တတိယအခန်း ဖြစ်သည်။ ထိုစကားမျိုးနှင့် တီးတိုး စ၍ ဝါဒ ဖြန့်သော သူများသည် တိုင်းပြည်က ယုံကြည် လက်ခံ မလာမချင်း ဆင့်ကာ ဆင့်ကာ တစ်နေ့တခြား ပြန့်ပွားအောင် ဝါဒဖြန့်ကြလိမ့်မည့် အရိပ်အခြည်ကို ကြိုတင်၍ မြင်ပြန်လေသဖြင့် တစ်ခါတည်း အပြီး၊ အပြေ ဖြေရှင်းပြထားသော အခန်းဖြစ်သည်။

ရှေ့ဆက်၍ ရေးသော အခန်းများမှာ–

**"အင်္ဂလိပ်ကို မလိုလားခဲ့ခြင်းမှာ မြန်မာများ အပြစ်လား"**

**"တော်လှန်ရေး လူငယ်များက အာဏာကျပ်ပြည့် ယူလိုခြင်းမှာ အဆန်း လား"**

**"ဖက်ဆစ်ဝါဒသည် မြန်မာပြည်၌ ယခု ဘယ်ပုံဘယ်နည်းဖြင့် တည်ရှိ နေသနည်း"**

**"သို့ဖြစ်ခြင်းကြောင့်"**

ဝတ္ထုတိုစာမျက်နှာမှ လွှဲ၍ အစအဆုံး နောက်ဆုံး ကျောဖုံးသို့တိုင် သွန်ချ





...သားခဲ့ပြီးနောက်၊ နောက်ဆုံးကျောဖုံး "သို့ဖြစ်ခြင်းကြောင့်" အဆုံးသတ် ...န်း အောက်နားတွင် "ဂျာနယ်ကျော် ချစ်မောင်" ဟု ကလောင်ရှင်၏ လက်မှတ် ...းသားလေသည်။

တော်လှန်ရေးစာစောင်ကြီးကို ဖြန့်ချိ မထုတ်ဝေမီ ကျွန်မမှာ အစီအစဉ် ...ကို အစအဆုံး ဖတ်ရှုလျက်၊ ဂျာနယ်တစ်အုပ်လုံး လက်မှတ်ရေးထိုးပြီး တစ်ခါ ...ထုတ်ခဲ့ဖူးသဖြင့် 'ဆန်းလိုက်တာ၊ ဘယ်လိုအဓိပ္ပာယ်လဲ' ဟု မေးမိသည်။

'"သို့ဖြစ်ခြင်းကြောင့်"ဆိုတာ ခရစ်ယာန်များ တရားဟောပြီးလို့ အဆုံး ...တော့မယ်ဆိုရင် "သို့ဖြစ်ခြင်းကြောင့်"လို့ ပြောတတ်တယ်။ နောက်ဆုံး ...လောင် အဆုံးသတ်လိုက်တာပဲ။ လက်မှတ်ထိုးတာကတော့ အားလုံး မမေ့ ...ရအောင်၊ အထိမ်းအမှတ်ပေါ့'

ထိုအချိန်က ကျွန်မသည် တောင်တောင်မြောက်မြောက် အတွေးမခေါ်ဘဲ ...ထောင်၍ နေခဲ့သည်။ တပ်မတော်နေ့ အထိမ်းအမှတ်စာစောင်ကို ယနေ့ ...၍ ဖတ်ရှုမိသော ကျွန်မသည် ယခုမှ တောင်ရောက်မြောက်ရောက် တွေးတော ...တော့သည်။

"နောက်ဆုံး ကလောင်အဆုံးသတ်"ဟု သူ ပြောသွားသည့်အတိုင်းပင်၊ ...ကလောင်သည် ဤတော်လှန်ရေးစာစောင်အပြီး အဆုံးသတ်သွားချေပြီ။

"အားလုံး မမေ့ကြရအောင် အထိမ်းအမှတ်ပေါ့"ဟု ဆိုသွားသော စကား ...င်ရပ်အတွက် အားလုံး မမေ့ကြရအောင် သူ့အလိုဆန္ဒအတိုင်း အထိမ်းအမှတ် ...နိုင်ကာ၊ နောက်ဆုံး ကလောင် နိဂုံးသတ် စာအုပ်အဖြစ် ပြန်လည် ထုတ်ဝေ ...မြူးချင်စိတ် ဖြစ်ပေါ်လာသည်။

သူ ကွယ်လွန်ပြီးနောက် ငါးနှစ်တစ်ကြိမ်ကျ အထိမ်းအမှတ်ပွဲ လုပ်ခဲ့ပေ ...သည်။ ရှေ့လာမည့် တန်ခူးလသည် ဆယ့်ငါးနှစ်မြောက် အထိမ်းအမှတ်နှစ် ...လေသည်။ တော်လှန်ရေးစာစောင်ကို စာအုပ်ကလေးအဖြစ် ပြန်ရိုက်နှိပ်ကာ ...နှစ်မြောက် အထိမ်းအမှတ်အတွက် အခမဲ့ ဖြန့်ချိဝေငှရန် တောင်တွေး မြောက် ...ရင်းမှ စိတ်ကူးပေါ်သွားလေသည်။

စာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်ကာ ဖတ်ရှု တွေးတောနေခိုက် ...လှန်ရေးစာစောင် ထုတ်ပြီး ရက်မှား မကြာမီအတွင်း သေပွဲဝင်သွားရပုံကိုပါ ...ဆက်တည်း သွားတွေးနေမိသည်။

သူ၏ နောက်ဆုံး အဆုံးသတ်။

သူ၏ နောက်ဆုံး အဆုံးသတ် ဆိုသည်ထက် သူ့ကလောင်၏ နောက်ဆုံး ...သတ်က ပိုမို၍ သင့်လျော်မည် ထင်သဖြင့် စိတ်ထဲ၌ "လဲ...သော ...တစ်ခောင်း" ဟု တခေါ် ဆိုမြည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလသည် တော်လှန်ရေးလဟု ပြည်သူတို့အားလုံး အသိအမှတ်ထားလျက် အထိမ်းအမှတ် ပြုကြလေသည်။

ပြည်သူတို့ထဲမှ ကျွန်မကား တပေါင်းလသည် သူ၏ ကလောင်သက်တမ်းကုန်ဆုံးသွားလေသောလ ဟု ဖြည့်စွက်၍ မှတ်သား ရင်နင့်ရပေသည်။

ကျွန်မအဖို့ ယင်းသို့ ရင်နင့်ရုံသာ မဟုတ်သေး၊ ပိုမို ဖြည့်စွက် မှတ်သားရန် ရင်နာစရာများလည်း တစ်ဆက်တည်း ရှိပါသေး၏။

သူ ကွယ်လွန်ပြီးနောက် သူ ထူထောင်ခဲ့သော ဂျာနယ်ကျော် ပုံနှိပ်တိုက်ကြီး တစ်တိုက်လုံးကို နာလန်ပြန်မထူနိုင်အောင် ဝိုင်းဝန်းချေမှုန်း ဖျက်ဆီးပစ်ကြသော လသည်လည်း သည်တပေါင်းလပင် ဖြစ်ပါပေသည်။

သူ ကွယ်လွန်ပြီးနောက် ဆက်လက်၍ ဂျာနယ်ကျော်ကို ပတ်စဉ် ထုတ်ဝေခဲ့သည့်အပြင်၊ မကွယ်လွန်မီက နေ့စဉ် သတင်းစာကြီး တစ်စောင်ပါ "ပြည်သူ့ဟစ်တိုင်" အမည်ဖြင့် ထုတ်ဝေရန် စီမံ ပြင်ဆင်ထားခဲ့သဖြင့်၊ သူ၏ ဆန္ဒအတိုင်းဖြစ်စေရန် ကျွန်မမှာ တစ်ပတ် တစ်ကြိမ်ထုတ် ဂျာနယ်ကျော်အပြင်၊ နေ့စဉ်ပြည်သူ့ဟစ်တိုင် သတင်းစာကြီးကိုပါ မနိုင်မနင်း ထုတ်ဝေရလေသည်။

မင်းမဲ့တိုင်းပြည်ကြီးကဲ့သို့ပင် လူစုလူအုပ်ကြီးဖြင့် ချေမှုန်း ဖျက်ဆီးပစ်ကြပုံကား တွေးမိတိုင်း ရင်နာစရာ ဖြစ်လေသည်။

သတင်းထည့်သူ အယ်ဒီတာ၊ မသိရှာသူက တိုက်ရှင်၊ လွတ်လပ်ရေးတိုက်ပွဲတွင် မီးရှူးတန်ဆောင်သဖွယ် လူထုအကျိုး သယ်ပိုး ဆင်နွှဲခဲ့သော တိုက်ဖြစ်သည်ကိုမှ မငဲ့ညှာ၊ မထောက်ထား၊ သတ္တိပြောင်သော သူရဲကောင်းကြီးများပမာ သည်လို တိုက်မျိုးကိုမှ လာဖျက်ကြပါပေသည်။

ဒီမိုကရေစီ ဆိတ်သုဉ်းအောင် လူအုပ်ကို ရှေ့ဆောင်လမ်းကြောင်းခဲ့ကြသည်မှာ ရာဇဝင်အစ ဤအချိန်က ဖြစ်လေသည်။

စာခုံစာခွက်ထဲက ခဲစာလုံးများကို စတုံသံခုံကြီးပေါ်၌ သွန်မှောက်ကြကာ ပြားချပ်သွားအောင် တူနှင့် ထုကြလေသည်။ ခဲစာလုံးများ စိတ်တိုင်းကျ ထုနှက်၍ ပြားချပ်ပြီး သုံးမရတော့မှပင် တိုက်ပေါ်မှ မြောင်းထဲသို့ သွန်ပစ်ချကြသည်။ ပြန်လည် ကောက်ယူ မသုံးစွဲနိုင်အောင် အစတုံး လုပ်ပစ်ခဲ့ကြပုံကား တကယ်ပင် ရင်နာဖွယ်ရာ ကောင်းလှပေသည်။

စာခွက်တွေကို စာလုံး ပြန်မထည့်နိုင်အောင် အပိုင်းပိုင်း ရိုက်ချိုးသွားကြလေ၏။ ပုံနှိပ်စက်ကြီးတွေ မလည်နိုင်အောင်၊ သုံးမဖြစ်အောင်၊ ကြက်တန်းရောက်ကုန်အောင် အထက်ပိုင်း ရှိရှိသမျှ ကိရိယာ တန်ဆာပလာ အားလုံးကို သိမ်းကျုံးထုနှက် ဖျက်ဆီးပစ်ခဲ့ကြသည်။

သီဟရတနာစာပေ



ကျွန်မအတွက် ရင်နင့်ခဲ့ရ၊ ရင်နာခဲ့ရသော သည်တပေါင်းလ ရာသီကို ...ဆို့စာဆို ပညာရှင်အပေါင်းတို့က လွမ်းဆွတ်ဖွယ်ရာ လ တစ်လဟု ကဗျာ...က်ာများဖြင့် ရေးစပ်သီကုံး သွားခဲ့ကြသည်။

ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး၊ နတ်သျှင်နောင်၊ မယ်ခွေ၊ ...သုတော်ဦးမင်း၊ ဦးပုည၊ ဦးကျော့ စသော ကဗျာရှင်တို့ ရေးသားသော ရာသီဘွဲ့...ာများတွင် တပေါင်းလ ရာသီ ကဗျာများကို ကြည့်လျှင် လွမ်းဆွတ်ဖွယ်ရာ...တီ ဖြစ်နေသည်။

တပေါင်းလဘွဲ့ တောလား၊ တပေါင်းလဘွဲ့ ရတု၊ တပေါင်းလဘွဲ့ ဧချင်း၊ ...ပေါင်းလဘွဲ့ လူးတား၊ တပေါင်းလဘွဲ့ အဲချင်း၊ တပေါင်းလဘွဲ့ လွမ်းချင်း၊ ...ပေါင်းလဘွဲ့ လေးဆစ်သဖြန်၊ တပေါင်းလ လေးချိုးကြီး၊ တပေါင်းလဘွဲ့ ...ိုင်ချင်း၊ တပေါင်းလဘွဲ့ တေးထပ်။

ကဗျာရှင်တို့ ရေးသား စပ်ဆိုကြသမျှ ကဗျာ၊ လင်္ကာ အသီးသီးပင် ...ည့်ရာသီ လတပေါင်း လွမ်းဖွယ်ရာပင် ကောင်းတော့လေသည်။

ကဗျာဆရာတို့သည် တပေါင်းလရာသီ၌ ရွက်ဟောင်းများ အပင်အောက်...င် ကြွေကျနေလျက်၊ ရွက်သစ်ရွက်နုနှင့် စိမ်းကလေးများ လှန်စပြုနေပုံကို ...ကြည့်၍ ကာရန်ရှာကြသည်။ လေပြည်သွေးလာတိုင်း မငြိမ့်တငြိမ့် ငြိမ့်တငြိမ့်နှင့် ...င့်ပါးကစားနေကြသော ရွက်ရှင်ရွက်နုကလေးများကို ကြည့်၍လည်း ကာရန်...ကို ရှာကြံကြသည်။ စိမ့်စမ်း၊ ရေတံခွန်၊ ချောင်း၊ မြောင်း၊ ခင်တန်း၊ ရဂုံတွင်းမှ ...ယာတင့်တယ်သော သဘာဝရှုမြင်ကွင်း အလှများကို ကြည့်၍လည်း ကာရန် ...ကြလေသည်။ မင်းလွင်မြူခိုးတို့ မှိုင်းမှုန်ဆင်လာကာ၊ ရှုလေရာရာတွင် ပြာရီ ...ောင်နေသည်ကိုလည်း "သည်ချိန်ခါကို၊ သောတပန်မည် မဟာထေရ်တို့၊ ...ကြည်နိုင်အောင် မြူခိုးမှောင်ခဲ့" ဟု လွမ်းရာလွမ်းကြောင်း ပွားဆင့်လောင်းကြ...၏။

ကျွန်မအဖို့ရာ၌မူကား သည်ရာသီ လတပေါင်း၏ လွမ်းစရာ အတွေ့တွေ့

...စာရေးဆရာများ၊ မိတ်ဆွေများနှင့်အတူ (၁၉၇၂)...။



www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်ဆင့်လောင်းရန် အသာထားဘိဦး၊ တပေါင်းလ၏ ရင်နင့်စရာ၊ ရင်နာဖွယ်ရာ အကြောင်းနှစ်ချက်ကြောင့် ကျွန်မ၏ မျက်လုံး တစ်ဖက်တစ်ချက်တွင် တွဲလောင်းဆိုင်းကာ ကျလုဆဲဆဲ ရှိနေသော မျက်ရည်ပေါက်ကြီး နှစ်ပေါက်နှင့်ပင် လုံးလောက်နေပါချေပြီ။

အကယ်၍များ ကျွန်မသာ ကဗျာရှင်တစ်ဦး ဖြစ်ပါဘိမူ သည်ရာသီ လတပေါင်း၏ လွမ်းစရာ လွမ်းကွက်များကို ကြည့်၍ ကာရန် အထူး ရှာကြံနေစရာ မလိုဘဲ၊ တော်လှန်ရေးစာစောင်ကြီးအပြီး ကျဆုံးသွားလေသော ကလောင်တစ်ချောင်းနှင့် ဂျာနယ်ကျော် ပုံနှိပ်တိုက်ကြီး ဘယ်တော့မှ နာလန်မထူနိုင်အောင် ချေမှုန်း ဖျက်ဆီးခံခဲ့ရသော အကြောင်းအချက်များကို ကြည့်၍၊ ကျလုဆဲဆဲ ရှိနေသော မျက်ရည်ပေါက်ကြီး နှစ်ပေါက်ပါ ပါဝင် ချိတ်ဆက် ကာရန်ခက်ကာ ကဗျာတစ်ပုဒ် မုချမသွေ ထွက်လာပေလိမ့်မည်ဟု အောက်မေ့မိလေသည်။

ကဗျာဆရာ မဟုတ်သော ကျွန်မက ကဗျာဆရာ ပညာရှင်အပေါင်းတို့၏ ကဗျာကို မေတ္တာရပ်ခံ တောင်းပန်လိုပါသည်။

"သည်ရာသီ လတပေါင်း"ဟု ခေါင်းစဉ် တပ်ထားသော ကျွန်မ၏ ဆောင်းပါးကို ဖတ်ရှုပြီး၊ ဆောင်းပါးတွင် အကျုံးဝင်သော အချက်အလက်များကို ကောက်ယူကာ၊ ကျွန်မကိုယ်စား သည်ဆောင်းပါးကို ပြန်၍ ကဗျာတစ်ပုဒ် ဖွဲ့စပ်ပေးကြပါရန် လေးမြတ်စွာ တောင်းခံအပ်ပါသည်ရှင့်။

**အထူးမှတ်ချက်**

ကျွန်မအား မေတ္တာထားကာ ရေးသားပေးပို့ကြမည့် ကဗျာကို မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ပေးပို့ကြစေလိုပါသည်။ ကဗျာအတွက် အချက်အလက် စုံစမ်းမေးမြန်းစရာ ရှိကလည်း အောက်ပါလိပ်စာ၌ တွေ့ဆုံ မေးမြန်းနိုင်ပါသည်။ ပေးပို့ကြသော ကဗျာများကို အကဲဖြတ်လူကြီး အဖွဲ့သို့ အပ်ကာ၊ အရွေးချယ်ခံရသော ကဗျာကို ၁၅ နှစ်မြောက် ဂျာနယ်ကျော် ဦးချစ်မောင် အထိမ်းအမှတ် အဖြစ် ငွေ ၃၀၀ (သုံးရာ)ကျပ် ဥက္ကာပူဇော်ခ ပေးအပ်မည် ဖြစ်ပါသည်။

**ဂျာနယ်ကျော်မမလေး**
**တစ်ဆင့်၊ မမလေးကုမ္ပဏီ**
**၂၂၁၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့**

[ ရှုမဝ၊ မတ် ၁၉၆၁ ]

## ဂျာနယ်ကျော်ဦးချစ်မောင် အမွေ

"မေမေ၊ ပညာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာညီညီက ဖေဖေ့စာအုပ်တွေ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကို လှူနိုင်ရင် လှူပါလို့ မေတ္တာရပ်လိုက်တယ် မေမေ"

ခင်လေးမြင့်က ဝန်ကြီးများရုံးမှ အပြန် ဒုတိယဝန်ကြီး ဒေါက်တာညီညီ [illegible]ခဲ့လိုက်သော ကိစ္စကို ဦးစွာပြောပြရင်း ကျွန်မဆန္ဒ မည်သို့ ရှိ မရှိ အကဲခတ်[illegible]သည်။ သူ့ကို စကားပြတ်အောင် 'မေမေ စဉ်းစားဦးမယ်'ဟု ပြောလိုက်သည်။ [illegible]ပြတ်အောင် ပြောလိုက်ခြင်း ဖြစ်သော်လည်း ဤစကား ကြားရသည့် [illegible]ကစ၍ အချိန်ရှိသရွေ့ ဤကိစ္စကို မပြတ်မလပ် စဉ်းစားလျက်သာ နေမိပေသည်။

စာအုပ်များကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ လှူနိုင် မလှူနိုင်၊ [illegible]အုပ်တွေနှင့် ခွဲနိုင် မခွဲနိုင်၊ ကျွန်မကိုယ် ကျွန်မ အကြိမ်ကြိမ် အခါခါ တီးခေါက်[illegible]မိသည်။ စာအုပ်များကို ခွဲနိုင် မခွဲနိုင်ခြင်းနှင့် ပတ်သက်၍ မခွဲနိုင် မခွာရက်[illegible]လောက်အောင် စာအုပ်တွေအပေါ်၌ ကျွန်မ မည်မျှလောက် နှမြောမက်မောလျက်၊ [illegible]လောက် စွဲလမ်းမြတ်နိုးကာ တန်ဖိုးထားကြောင်း ရှင်းလင်းဖော်ပြ လိုပေသည်။

ကွယ်လွန်သူ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် လက်ထပ်ပြီး ရန်ကုန်သို့ [illegible] လိုက်လာသော အခါ၌ 'ခုလောက် စာဖတ်တာ၊ စာအုပ်တွေကော'ဟု [illegible]ကို စ မေးသည်။ စာအုပ်တွေကို ဝယ်၍ ဖတ်ပြီးတိုင်း ရွှိုင်ရယ်စာအုပ်ဆိုင်၌ [illegible]၍ အပ်ထားကြောင်း၊ ဆိုင်နောက်တွင် စင်များရိုက်၍ သိမ်းပေးကြောင်း ပြော[illegible]အတွက် ရွှိုင်ရယ်စာအုပ်ဆိုင်သို့ လိုက်သွားကာ မြင်းရထားဖြင့် အပြည့် [illegible]ယူခဲ့သည်။ အဟောင်းဆိုင်မှ ဝယ်သော စာအုပ်များကို ၃၂ လမ်း၊ (--) [illegible]ကုလားစာအုပ်ဆိုင်၌ စာအုပ်များကို အဖုံးချုပ်ခိုင်းပြီး အပ်ထားသေးကြောင်း [illegible]ပြန်၍ မြင်းရထားဖြင့် သွားတိုက်ယူလိုက်သည်။ နယူးဘားမား အင်္ဂလိပ် [illegible]စာတွင် သူ ရေးသော ဆောင်းပါးများကို အတွဲလိုက် သူ့တပည့် ကိုအုံးမြင့် [illegible]ချုပ်ထားသော စာအုပ်များ တွေ့ရှိရသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်မောင်နှင့် လက်ထပ်စဉ်က သူ့၌ အဝတ်တစ်ထည် ကိုယ်တစ်ခု ဆိုစရာ မရှိ၊ ဦးချစ်မောင်နှင့် စာအုပ်တစ်ထောင်ဟု ပြောစမှတ် ပြုကြရသည်။

လက်ထပ်ပြီးနောက် စာအုပ်ဗီရိုများ နှစ်စဉ်နှစ်တိုင်း တိုးပွားများပြားလာသည်။ စစ်ကြီးဖြစ်သည့် အချိန်၌ မှန်ဗီရိုကြီး ၁၂ လုံး၊ ကက်တလောက် စာရင်း အရ အင်္ဂလိပ်၊ မြန်မာ စာအုပ်ပေါင်း ၅၀၀၀ ကျော် ရှိနေသည်။

ဒီဇင်ဘာလ ၂၃ ရက်နေ့ ရန်ကုန်မြို့ပေါ်သို့ ဂျပန် ဗုံးကြဲသည့် အခါ၌ ကျွန်မတို့ ဂျာနယ်ကျော်တိုက်ကို ပိတ်ထားခဲ့ပြီး သက်န်းကျွန်းသို့ ခေတ္တ ရွှေ့နေကြသည်။ ရန်ကုန်၌ နေမဖြစ်တော့၍ နောက်ဆုံး သင်္ဘောဖြင့် ဘိုကလေးမြို့သို့ ပြေးကြခါနီး၌ ကျွန်မမှာ စာအုပ်တွေကို မထားရစ်ခဲ့နိုင်အောင် နှမြောနေခြင်း ကြောင့် ဂျာနယ်ကျော်ပုံနှိပ်တိုက် ဖိုမင် ဦးဘိုးလှုက ဖြစ်သည့်နည်းဖြင့် စာအုပ်တွေ ကို ရန်ကုန်မှ ဘိုကလေးသို့ သယ်ခဲ့မည် ဆိုသည်။

ဦးဘိုးလှုသည် စာအုပ်တွေကို ချယ်ဂါရီ လက်တွန်းလှည်းဖြင့် သူကိုယ်တိုင် သယ်တွန်းလျက် ကမ်းနား၌ ပုံထားသည်။ လေးငါးရက် ဆက်၍ သယ်ပုံရသည်။ ထိုစဉ်က လူတိုင်း စစ်ပြေးဒုက္ခသည်များ ဖြစ်နေကြ၍ ကမ်းနား၌ ရက်ဆက် ပုံထားသော စာအုပ်များကို ယူမည့်သူ မရှိ၊ အပျောက်အဆုံး မရှိ၊ သမ္ဗန်ကြီးများ ငှားရမ်းလျက် ဘိုကလေးသို့ သယ်လာသည်။

စစ်အပြေး ရေကြောင်းခရီးဖြင့် ဘိုကလေးမြို့သို့ ရောက်လာသော စာအုပ် များမှာ ဘိုကလေးတွင် ကြာရှည် မနေလိုက်ရ။ ရန်ကုန်သို့ ဂျပန်အဝင် ဗိုလ်ချုပ် အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင် တစ်စုက ဦးချစ်မောင်အား ရန်ကုန်သို့ အမြန်ပြန်လာရန် လူလွှတ်ခေါ်သည်။ ရန်ကုန်တွင် ရွှေတောင်ကြားလမ်း၌ တိုက်တစ်လုံးရမည် ဆိုသည်။ ကျွန်မတို့ ရန်ကုန်သို့ ပြန်ခဲ့ကြသော အခါ၌ စာအုပ်တွေမှာ ရေကြောင်းခရီး သမ္ဗန်ကြီးများဖြင့် အခံ့သား လိုက်လာကြသည်။ ကျွန်မတို့ ပိတ်ထားခဲ့သော ရေကျော်ရပ်ကွက် ဂျာနယ်ကျော်တိုက်၌ အိမ်ထောင် ပရိဘောဂများ မပျောက်ရှဘဲ ထားခဲ့သည့်အတိုင်း ရှိနေသည်။ ရွှေတောင်ကြား အိမ်သို့ မသွားကြဘဲ စာအုပ်မှန်ဗီရိုကြီးများ ရှိရာ ဂျာနယ်ကျော်တိုက်သို့ ပြန် တက်ကြသည်။

ရေကျော်၌ နေကြစဉ် မဟာမိတ်တပ်များ ပြင်းပြင်းထန်ထန် ဗုံးလာကြဲ၍ တိုက်ခေါင်မိုး ပေါက်ကျသွားသည်။ မြို့ထဲ၌ နေမဖြစ်တော့မှ စာအုပ်ရော ဗီရိုတွေ ပါ အိမ်ထောင်ပစ္စည်းများ အစုံအလင်ဖြင့် ရွှေတောင်ကြားလမ်းသို့ ပြောင်းရွှေ့ကြ သည်။

ရွှေတောင်ကြားလမ်းမှ တစ်ဖန် ခြောက်ထပ်ကြီးအနီး ဥယျာဉ်ကြီးထဲရှိ





သစ်သို့ ပြောင်းကြရပြန်သည်။ ထိုတိုက်၌ နေသားကျသွားသောအခါ ဂျပန် တပ်မှ ကျွန်မတို့ နေရာကို စစ်မိန့်ဖြင့် သိမ်းပြီး တိုက်ပေါ်မှ အမြန်ဆင်းပေးရန် ခိုင်းကြသည်။ ဥယျာဉ်ခြံ ကျယ်ဝန်း၍ ဂျပန်မြင်းတပ် စခန်းချရန် နေရာ ကောင်းသောကြောင့်ဟု သိရသည်။ ကျွန်မက အလံဝါ ဂျပန်စစ်ဗိုလ်ကို ချက်ချင်း ဆင်းမပေးနိုင်ကြောင်း ငြင်းဆိုပြီး တိုက်ပေါ်ရှိ စာအုပ်ဗီရိုကြီးတွေကို လိုက်ပြ အိမ်စားမရဘဲ ဖယ်မပေးနိုင်ကြောင်း တင်းခံနေသည်။ ကျွန်မ ခေါင်းမာမှု ကြောင့် ဘောက်ထော်ရပ်ကွက် ဘုတာရုံလမ်း၌ရှိသော နှစ်ထပ်တိုက်တစ်လုံးကို စားပေးကြသည်။ ဘောက်ထော် ဘုတာရုံလမ်းသို့ ကျွန်မတို့ ပြောင်းကြရပြန် သည်။ ဘောက်ထော်တိုက်၌ အခြေကျသွားသောအခါ အခြား ဂျပန်စစ်တပ် တပ်က ကျွန်မတို့ နေသော တိုက်ကို အလိုရှိ၍ အိမ်စားပေးပြီး သိမ်းပြန်လေ သည်။

ဂျပန်စစ်တပ်က အိမ်စားပေးသော ပြည်လမ်းသို့ ကျွန်မတို့ ပြောင်းကြရ သည်။ ထိုအိမ်ကြီး၌ ဂျပန်အဘိုးကြီးတစ်ဦးကို အိပ်ခန်းတစ်ခန်း ပေးရပြီး တစ်အိမ်တည်း အတူတူ နေကြရသည်။ ထိုအိမ်၌ နေသားကျမည် မကြာ ထိုအိမ်ကြီးကို အခြားစစ်တပ်တစ်တပ်က လာသိမ်းပြန်သည်။ ထိုအိမ်ကြီးနှင့် ဝေး ပြည်လမ်း၊ ယခင် ဆရာဖြစ်သင် ကျောင်းကြီးနှင့် မျက်စောင်းထိုးရှိ သပ်တိုက်တစ်လုံးသို့ ပြောင်းရန် အိမ်စားပေးသည်။

တစ်ခါတစ်ခါ အိမ်ပြောင်းရလျှင် ကျွန်မမှာ အခြားအိမ်ထောင်ပရိဘောဂ ထက် ဦးချစ်မောင်၏ စာအုပ်တွေကြောင့် ဒုက္ခများလှသည်။ များပြားလှသော အုပ်များကို ကက်တလောက် စာရင်းအတိုင်း ခွဲ၍ သမိုင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံ၊ ဘာသာရေး စသည် စသည် သူ့ဗီရိုနှင့်သူ ပြန်၍ နေသားတကျ ပြန်ထည့်ရသည့် အလုပ်က သေချင်စော် နံသွားသည်ချည်း ဖြစ်သည်။

စစ်ကြီးအတွင်း ဘိုကလေးသို့ စစ်ပြေးသည်ကစ၍ ဤအိမ်သို့ အရောက် ပြောင်းအရွှေ့ အကြိမ်ပေါင်း ရေတွက်ကြည့်သော် ဤစာအုပ် ငါးထောင်ကျော် အထုတ် အသွင်း၊ အရွှေ့အတင် အကြိမ်ပေါင်း ၁၈ ကြိမ် ရှိ၍ သွားချေပြီ။

စစ်အတွင်း ဦးချစ်မောင် ရေးခဲ့သော နေ့စဉ်မှတ်တမ်း၌ "ပြောင်း၍ ၊ အိမ်ပြောင်းပြီးရင်း ပြောင်းရင်းဖြစ်နေ၍ ငွေလည်း ကုန်ခန်းလှပြီ၊ လူလည်း လှပြီ။ ဤမျှလောက် အိမ်ခြေအတည်တကျ မဖြစ်ရခြင်းမှာ လွန်ခဲ့သည့်ဘဝက စ်ပယ် အခွန်ကောက်သူ ဖြစ်ခဲ့ဖူး၍လား မသိပေ။"ဟု ရေးသွားသည်။

ဂျပန်များ စစ်ဆုတ်၍ ပြေးရခါနီးအချိန်၊ မဟာမိတ်တပ်များ ပြည်လမ်း နောက်ဆုံးဗုံးကြဲခြင်းမှာ အပြင်းထန်ဆုံး ဗုံးကြဲမှုတစ်ရပ် ဖြစ်သည်။ ဆရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သင် ကောလိပ်ကျောင်းထဲ၌ ကျသော ဗုံးမှာ ကျွန်မတို့နေသော တိုက်နှင့် မျက်နှာ ချင်းဆိုင် ဖြစ်လေသည်။ ဗုံးကြဲအပြီး ဂျပန်စစ်တပ်က အလောင်းတွေရှေ့ရှု အရေးတကြီး ဖြစ်နေ၍ ကျွန်မတို့အား ဤလမ်းထဲမှ အမြန်ဆုံး ထွက်ခွာသွားရန် အမိန့်ပေးလာသည်။ ကျွန်မတို့နှင့် အတူနေသော ဂျပန်အဘိုးကြီးက ပစ္စည်းများ ရွှေ့ယူနိုင်ရန် ခက်ခက်ခဲခဲဖြင့် အုတ်တိုက်သော လော်ရီကားကြီး တစ်စင်း လာ၍ ပို့ပေးသည်။

'ကိုင်း … အမြန်ဆုံး ထွက်ရမှာ၊ အချိန်မရဘူး။ ကိုယ်လိုချင်တဲ့ ပစ္စည်းတွေ ကားပေါ်တင်ပါ၊ ကျန်ခဲ့တဲ့ ပစ္စည်းတွေကိုတော့ အဆုံးထားလိုက်တော့။ မြန်မြန် နော် … မြန်မြန်'

ကျွန်မအား ဦးချစ်မောင်က အချိန်နှောင့်နှေး ကြန့်ကြာမှာကို စိတ်ပူကြီး စွာဖြင့် လောဆော်နေသည်။

ဤတစ်ကြိမ်သည် ဂျပန်စစ်တပ်များ ရန်ကုန်မှ နောက်ဆုံး ဆုတ်ပြေး မည်ကို ကျွန်မ ကြိုတင်၍ သိနေသည်။ ရန်ကုန်သို့ မဟာမိတ်တပ်များ ပြန်မဝင်ခင် ကျွန်မ ထားခဲ့ရမည့် ပစ္စည်းများသည် ယခင် စစ်ဖြစ်စကလို ပြန်၍ ရနိုင်စရာ မမြင်။ အားလုံးကို အဆုံးထားရမည် ဖြစ်၍ နောက်ဆုံး ဆိုခြင်းကို ကျွန်မ သိလိုက်သည်။

ကျွန်မမှာ စစ်အတွင်း ဘယ်နေရာ၊ ဘယ်အိမ်ရောက်၍ ဘယ်နှခေါက် ပင် ပြောင်းရ ပြောင်းရ၊ နေခဲ့သမျှ အိမ်တိုင်းကို အလှပြင်ကာ အရိပ်တကြည့်ကြည့် နှင့် အိမ်ကို သ နေသူ ဖြစ်သည်။ ဂျပန်ခေတ် အိမ်သို့ လာသော မိတ်ဆွေတိုင်း အိမ်အလှ ပြင်လွန်းသည်ကို မြင်၍ စစ်ဖြစ်နေတာ သတိရရဲ့လား ဟု ကျွန်မကို စကြ နောက်ကြသည်။

ဧည့်ခန်းပစ္စည်းတွေမှာ မထားခဲ့ရက်နိုင်စရာ ဖြစ်သည်။ ဆိုဖာ၊ ကော်ဇော စန္ဒရား စသော ဧည့်ခန်း အသုံးအဆောင် အလှအပ ပစ္စည်းတွေသည် ကိုးနှစ်တိုင် စုဆောင်းလာသော အဖိုးတန်ပစ္စည်းများ ဖြစ်သည်။

ထမင်းစားခန်းကြီးထဲ၌ ဧည့်သည် ဘယ်နှယောက် ကျွေးရ ကျွေးရ ပေါ်များလှသော ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း၊ ဓား အစုံလိုက် အစုံလိုက် သူ့အတွဲ သူ့အစုံနှင့်သူ တုံးလုံးဗီရို အပုများဖြင့် ခန်းလုံးပြည့် ပတ်ရံထားသည့် ထမင်းစားခန်း ပစ္စည်းဖြစ်သော ရေခဲသေတ္တာ၊ စားပွဲ ကုလားထိုင် စသည့် ပစ္စည်း များသည်လည်း မထားရစ်ခဲ့နိုင်စရာ …။

အိမ်ပေါ်ထပ်၌ ရှိသော ဘုရားခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းတို့၌ ရှိသည့် ပစ္စည်းတွေမှာ သာ၍ မထားရစ်ခဲ့နိုင်စရာ …။





အိပ်ခန်းထဲ၌ ရှိသော အဝတ်အထည် ဗီရိုတွေထဲတွင် ကျွန်မ ဝတ်ဆင် သည့် အဝတ်အထည်တွေကပင် များလှဘိခြင်း။ အဖိုးတန် လုံချည် သုံးလေးရာ ရှိသည်။ အပျိုဘဝကတည်းက စုဆောင်းလာသော လွန်းတစ်ရာချိတ်၊ မန္တလေး ချိတ်၊ မန္တလေး ပိုးပြောင် ရောင်စုံ၊ ဇန်ကောက်၊ ပခုက္ကူ၊ ဇင်းမယ်၊ အင်းလေး၊ တားတစ်ရာ၊ ကချင်၊ ယော၊ ထားဝယ်၊ ရခိုင် စသော မြန်မာပြည်ထွက် ပိုးစစ် ထည်များ ထားသည့် ဗီရိုကပင် သတ်သတ်တစ်လုံး …။

အခြား အဝတ်အထည်၊ အိပ်ရာခင်း၊ အိပ်ရာဖုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင် စသော ပစ္စည်းတွေကလည်း ဗီရိုသုံးလေးလုံး …။

ကျွန်မ မည်သို့ လုပ်ရပါမည်နည်း။ အဖြစ်က ခုချက်ချင်း ပြည်လမ်းမှ ထွက်ပေးရမည်။ လော်ရီကားကလည်း တစ်စီးတည်း …။

တစ်အိမ်လုံးရှိ အဖိုးတန်ပစ္စည်းတွေထက် ကျွန်မ တန်ဖိုး မဖြတ်နိုင်သော ဦးချစ်မောင်၏ စာအုပ်တွေသာလျှင် အကုန်ယူသွားရန် ဆုံးဖြတ်ချက် ချရသည်။ အခြားပစ္စည်းများမှာ တစ်နေ့ပြန်၍ အစားဖြစ်နိုင်စရာ ရှိသေးသည်။ ကိုးနှစ်တိုင် တိုင် စုဆောင်းလာခဲ့သော ဤစာအုပ်တွေကား ကျွန်မမှ ယူမသွားလျှင် ဤစစ်ကြီး နှင့် ကျော်လွှားရန် ခဲယဉ်းလှသည်။ ခေါင်းထဲ၌ ပေါ်လာသော ဤအသိကြောင့် ဟိုဟာ သည်ဟာ ယူရန် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ၊ စာအုပ်တွေ ယူသယ်ရန်ကိုသာ ကျွန်မ ဆုံးဖြတ်ချက် ချက်ချင်း ချသည်။

မှန်ဗီရိုကြီး ဆယ့်နှစ်လုံးထဲ၌ ရှိသော စာအုပ် ငါးထောင်ကျော်ကို အိမ် သားများ အားလုံး တစ်ယောက်တစ်လက် ကားပေါ်သို့ တရကြမ်း သယ်ချကြပြီး နောက်၊ မိသားစု ဝတ်ဆင်ရန် အဝတ်အထည် သားရေသေတ္တာ တစ်လုံးနှင့် လက်ဝတ်လက်စား၊ ငွေများ ယူ၍ ကားပေါ်သို့ ပြေးလွှားတက်ရသည်။

ပြည်လမ်းမှ လော်ရီကားကြီး ထွက်ခဲ့သောအခါ ဘယ်သို့ သွားရန်ဟူ၍ ရည်ရွယ်ချက် မရှိသေးဘဲ၊ ကမ်းတစ်ဖက် ကူးရန်သာ ပုဇွန်တောင် ဆိပ်ကမ်းသို့ ရောက်လာကြသည်။ ပုဇွန်တောင်ချောင်းရောက်မှ ဦးချစ်မောင်က သိမ်ချောင်းရွာ သို့ ပြေးရန် အကြံပေးသည်။ ဆိပ်ကမ်း၌ သမ္ဗန်ငယ် ကိုးစီး ငှား၍ စာအုပ်တွေ နှင့် ကျွန်မတို့ သိမ်ချောင်းရွာသို့ ထွက်သွားကြသည်။

သမ္ဗန်ကိုးစီးတိုက် စာအုပ်တွေနှင့် ပြေးလာကြသော ကျွန်မတို့ မိသားစု ကို သိမ်ချောင်း၌ စစ်ပြေးခိုလှုံနေသော ဆရာဇဝနက ဆီးကြိုပေးသည်။ သိမ်ချောင်း ရွာ၌ အိမ်ကြီးတစ်လုံး ကျယ်ကျယ် လိုက်ရှာငှားသည်။ ကမ်းဆိပ်၌ အထမ်းသမားများ စာအုပ်များကို အိမ်ပေါ်သို့ သယ်တင်ကြရသည်။ သိမ်ချောင်းရွာ၌ ငှားသော အိမ်ပေါ်တွင် မိသားစုငါးယောက်၊ အိမ်ဖော်မိန်းကလေး နှစ်ယောက်၊ စာအုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ သားရေသေတ္တာတစ်လုံးနှင့် နေမဖြစ်၍ ရောက်သည့်နေ့တွင် ရွာထဲ၌ ခေါင်းအုံး ခြောက်လုံး၊ ဖျာ ခြောက်ချပ်၊ ထမင်းချက်စားရန် အိုး၊ ခွက်၊ ပန်းကန်၊ ဆန်၊ ဆီ စသည့် စားနပ်ရိက္ခာ ဝယ်ကြရသည်။

သိမ်ချောင်းရွာ ရောက်ပြီးမှ ဦးချစ်မောင်က ရန်ကုန်တွင် ကျန်ရစ်ခဲ့သော ပစ္စည်းတွေ ရလိုရငြား သမ္ဗန်များငှား၍ သွားယူသည်။ အိမ်ဖွင့်လိုက်သည်နှင့် လူအုပ်ကြီး အိမ်ထဲ အတင်းဝင်၍ တစ်အိမ်လုံး ရှိရှိသမျှ လုယက် သယ်ယူကြ၍ ပစ္စည်းတွေ အကုန်လုံး ဆုံးရပြီး၊ တိုင်ကပ်နာရီတစ်လုံးနှင့်သာ ရွာသို့ သူပြန်လာကြောင်း "သူလိုလူ" စာအုပ်၌ ကျွန်မ ရေးသားဖော်ပြခဲ့ဖူးပြီ။

သိမ်ချောင်းရွာ၌ သိပ်ကြာကြာ မနေလိုက်ရပေ။ မဟာမိတ်တပ်များ ဝင်လာပြီး ဦးချစ်မောင် ရန်ကုန်သို့ အမြန်ပြန်လာရန် ဗိုလ်ချုပ်အောင်ဆန်းတို့က (ဧရာဝတီ)ဦးကျော်ငြိမ်းနှင့် အခေါ် လွှတ်လိုက်သည်။ ကျွန်မတို့ သမ္ဗန်များ ငှားကာ စာအုပ်တွေ ပြန်တင်ပြီး ရန်ကုန်သို့ ပြန်လာကြသည်။

သိမ်ချောင်းမှရန်ကုန် အပြန်ခရီး၊ ကျွန်မမှာ သမ္ဗန်တစ်စင်းပေါ်ရှိ စာအုပ်ပုံတွေ ကြားထဲမှ ပါလာသည်။ ဤစာအုပ်တွေ၏ ဘဝခရီးကို အပြန်ပြန် စဉ်းစား၍ ကြည့်မိသည်။ စစ်ဖြစ်တာနှင့် သူတို့တစ်ပြုံကြီး ရေကြောင်းခရီးဖြင့် သမ္ဗန်နှင့် မျောကာ ဘိုကလေးသို့ လိုက်ရရှာသည်။ ဗိုလ်ချုပ်တို့ အခေါ်လွှတ်၍ ဘိုကလေးမှ ရေကြောင်းခရီးဖြင့် ရန်ကုန်ကို ပြန်ရသည်။ စစ်အတွင်း ပြောင်း၍မပြီး၊ ပြောင်းပြီးရင်း ပြောင်းရင်း...။ စစ်ပြီးခါနီး သိမ်ချောင်းမှ ရန်ကုန်သို့တစ်ဖန် သမ္ဗန်တွေနှင့် မျောရပြန်ပြီး၊ သိမ်ချောင်းမှ တစ်ဖန် ရန်ကုန်သို့ ပြန်ရပြန်သည်။ သူတို့သာ စာအုပ် မဟုတ်ကြဘဲ သက်ရှိသတ္တဝါ ဖြစ်ကြမည်ဆိုလျှင် သူတို့၏ ညည်းသံ ညူသံတွေမှာ သမ္ဗန်အစင်းတိုင်း ဆူညံနေတော့မှာပဲ ဟု တွေးမိ၏။ ကျွန်မ၌ ရှိသော အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေနှင့် ဤစာအုပ်တွေကို လဲယူလိုက်ကြောင်း စာအုပ်တွေက အသက်မရှိကြ၍ သိရှာကြမည် မဟုတ်။

ရန်ကုန်ရောက်၍ ကံဘဲ့ ကျောက်ကုန်း၌ ရှိသော အိမ်လွတ်တစ်လုံးပေါ်သို့ စာအုပ်တွေနှင့် တက်ကြရသည်။ စာအုပ်များကို အိမ်ပေါ်ထပ်တွင် ပုံချထားရသည်။ စာအုပ်ပုံကြီးဘေး၌ ပန်းချီဆရာကြီး ဦးအုန်းလွင်နှင့် ဦးစောဦးတို့ အိပ်ကြ၊ နေကြသည်။ အိမ်အောက်ထပ်၌ ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်စီနှင့် အိမ်ထောင်ပရိဘောဂ ဘာမှ မည်မည်ရရ မရှိကြဘဲ ကျွန်မတို့ နေကြရသည်။

ဤအိမ် ရောက်ပြီး လေး ငါးလအကြာ ဦးချစ်မောင် ကွယ်လွန်သွားပါလေသည်။ ကျွန်မ၌ ဤစာအုပ်ပုံကြီးနှင့် ကလေးသုံးယောက် ကျန်ရှိခဲ့သည်။ ဘဝသစ်





ကို ပြန်၍ စရ ထူထောင်ရသည့် အခါဝယ် အိမ်ထောင်ပရိဘောဂ အသစ်များ ထူထောင်နိုင်ခင် စပ်ကြား ရှေးဦးစွာ စာအုပ်များထည့်ရန် ဗီရိုဆယ့်နှစ်လုံးကို အမြန် ဖန်တီး ထူထောင်ရသည်။

ဗီရို ဆယ့်နှစ်လုံး၊ စာအုပ် ငါးထောင်ကျော်နှင့် ကံဘဲ့ ကျောက်ကုန်းမှ မြို့ထဲ ပန်းဆိုးတန်းသို့ ရွှေ့ပြောင်းလာခဲ့သည်။ ပန်းဆိုးတန်း၌ သတင်းစာနှင့် ဂျာနယ် ထုတ်နေစဉ် ပုံနှိပ်တိုက်များ ရိုက်ချိုး ဖျက်ဆီး ခံရပြန်သဖြင့် ပန်းဆိုးတန်းမှ ဘောက်ထော် မင်္ဂလာလမ်း တိုက်သို့ စာအုပ်ဗီရိုတွေနှင့် ပြောင်းရွှေ့ရပြန်သည်။

ဘောက်ထော် မင်္ဂလာလမ်း အိမ်ကို ရောင်းရသည့် အခါ၌ မြို့ထဲ ဘိဂင်းဒက်လမ်း(အနော်ရထာလမ်း)သို့ ပြောင်းရပြန်သောအခါ ဤစာအုပ် ဗီရိုတွေမှာ ကျွန်မနှင့်အတူ မြို့ထဲ ပြန်ရောက်လာကြပြန်သည်။

ဘိဂင်းဒက်လမ်း(အနော်ရထာလမ်း)မှ အခြေအနေအရ မနေနိုင်ပြန်၍ ကုက္ကိုင်းရှိ ကျွန်မ အစ်မ ခြံဝင်းထဲတွင် အိမ်ကလေး ယာယီဆောက်၍ နေရပြန်သောအခါ၊ စာအုပ်ဗီရိုများကို ကိုးထပ်ကြီး မင်္ဂလာဇေယျုံ ကျောင်းတိုက်သို့ သယ်ရွှေ့သွားရပြန်သည်။

မင်္ဂလာဇေယျုံ ဆရာတော်မှာ ဦးချစ်မောင် ကွယ်လွန်သောနှစ် တန်ခူးလဆန်း နှစ်ရက်နေ့မှ စ၍ လစဉ်လတိုင်း ဦးချစ်မောင်၏ လဆန်း နှစ်ရက်နေ့ ဆွမ်းမှ ဝတ္တုအလှူကို ခံယူသော ဆရာတော် ဖြစ်သည်။

ကျောင်းတိုက်သို့ စာအုပ်တွေ ရောက်သွားမှ ဆရာတော်မှာ အလုပ်ရနေသည်။ နေ့စဉ် ဗီရိုများကို တစ်ဗီရိုပြီး တစ်ဗီရို လှပ်ကာ ဖုန်သုတ်၊ ပိုးကောင်ကြည့်၊ အမှိုက်လှည်း အလုပ်ကို ကိုယ်တော်တိုင် လုပ်တော်မူသည်။ တစ်လ တစ်ခါက် လဆန်းနှစ်ရက်နေ့သို့ ရောက်လေတိုင်း ကျောင်းကို ကျွန်မ ရောက်သည့်အခါ စာအုပ်ဗီရိုများကို ဖွင့်ကြည့်သည်။

ကတ္တားခွဲထားသော သူ့ဗီရိုနှင့် သူ့စာအုပ်များ၊ ဖုံမရှိ၊ ပိုးမရှိ၊ ခြမရှိ။ ကျွန်မအိမ်၌ ထားရှိဘိသကဲ့သို့ပင် သပ်ရပ်ကျနစွာ ရှိသည်။

ကုက္ကိုင်း အစ်မခြံမှ မြေနီကုန်းတိုက်သို့ ကျွန်မ ပြောင်းရွှေ့ရသောအခါ မြေနီကုန်းတိုက်မှာ တစ်ထပ်တိုက်ပုကလေးဖြစ်၍ စာအုပ်ဗီရိုများထားရန် နေရာ မှတ် မရှိချေ။ ဤအိမ် အပြောင်းအရွှေ့တွင် စာအုပ် သယ်ရ၊ ထုတ်ရ၊ သွင်းရသော ဒုက္ခ မများဘဲ စာအုပ်များမှာ ဘုန်းကြီးကျောင်း၌ပင် ငြိမ်းချမ်းစွာ နေကြသည်။

ဤအတွင်း မင်္ဂလာဇေယျုံ ဆရာတော် ပျံလွန်တော်မူသွားသည်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ဆရာတော်ကြီး တစ်ပါးထီးတည်းသာရှိ၍ ဆရာတော် ပျံလွန်တာနှင့် ကျွန်မမှာ စာအုပ်တွေအတွက် စိတ်မချ၊ စိတ်ပူလာပြန်ရသည်။ ထို့ကြောင့် စာအုပ်များ ပြန်ယူနိုင်အောင် အိမ်ကြီးကြီး ငှားရပြန်သည်။ ဆရာဖော်ဂျီ၏ ဇနီး မမရင် ရှာပေးသဖြင့် ဝွတ္တလစ်လမ်း(ဆရာစံလမ်း)ထဲတွင် နှစ်ထပ်တိုက်တစ်လုံး ရသည်။ မြေနီကုန်းမှ ဝွတ္တလစ်(ဆရာစံလမ်း)သို့ ပြောင်းရာတွင် ကျောင်းက စာအုပ်တွေပါ တစ်ပါတည်း သယ်ပြောင်းလာကြသည်။ ဝွတ္တလစ်(ဆရာစံလမ်း) တိုက်၌ နေထိုင်စဉ် ဘောက်ထော်၌ မြေနေရာရ၍ ဝယ်ယူလိုက်သည်။

အိမ်ကို စိတ်တိုင်းကျ ဆောက်နိုင်ရန် မြေနှင့်နီးနီး ပြောင်းရွှေ့နေရေး အတွက် ဘောက်ထော်၌ အိမ်ရှာကြရပြန်သည်။ သခင်ကျော်ဒွန်း (ယခု ဆိုဗီ ယက် သံအမတ်ကြီး)၏ နှစ်ထပ်တိုက်သို့ ပြောင်းရွှေ့လာကြသည်။

ပြောင်းလေရာတိုင်း၌ စာအုပ်တွေမှာ အတင်၊ အချ၊ အထုတ်၊ အသွင်း အဆင့်ဆင့် အလီလီ လုပ်ရလျက် သူ့ဗီရိုတွေနှင့် သူ့စာရင်းအတိုင်း ရှိစေရန် တပင်တပန်း လုပ်ရသည့်အတွက်၊ ဤမောပုံ ပန်းပုံမျိုးသည် ဗီရိုထဲသို့ မရောက် မချင်း ဘယ်အမောမျိုးနှင့်မှ မတူသော အမောတစ်မျိုး ဖြစ်သည်။ သခင် ကျော် ဒွန်း တိုက်သို့ ရောက်ကြသောအခါ သခင်ကျော်ဒွန်းက အိမ်လခ မယူပါရစေနှင့် ဖွတ်ငြင်းပြီး နေချင်သလောက် နေပါ ဆို၍ ကျွန်မတို့မှာ အားနာရပြန်သည်။

အိမ်ကို စိတ်တိုင်းကျ ဆောက်နေက နှစ်နှစ်၊ သုံးနှစ် ကြာပေမည်။ အိမ် လခ မပေးဘဲ နှစ်နှစ်၊ သုံးနှစ် နေရန် မသင့်လျော်၍ အိမ်ဆောက်မည့်နေရာ၏ နောက်ဘက်၌ ယာယီ နေနိုင်ရန် အိမ်ငယ်တစ်လုံး တစ်လနှင့်အပြီး ဆောက်ရ သည်။

ယာယီအိမ်ဆောက်ပြီး ပြောင်းရွှေ့ကြသည့်အခါ၌ အိမ်ထောင်ပစ္စည်းများ နှင့် စာအုပ်ဗီရိုများ များပြားနေ၍ မထားလောက်၊ မနေလောက်သောကြောင့် ယာယီအိမ်နှင့် ကပ်လျက် နှစ်ထပ်အိမ်တစ်လုံး ထပ်ဆောက်ရသည်။ နှစ်ထပ်အိမ် အောက်ထပ် အခန်းတစ်ခန်းကို စာအုပ်ခန်း လုပ်ရလေသည်။ စာအုပ်တွေ ဤအခန်းထဲသို့ နေရာတကျ ရောက်ရှိသွားကြသည်။ စစ်အတွင်း ၁၈ ကြိမ်၊ စစ်ပြီးခေတ် ကံဘဲ့ ကျောက်ကုန်းမှ ဘောက်ထော်အထိ စာအုပ်များ အရွှေ့ အပြောင်း၊ အထုတ်အသွင်း နောက်ထပ် ၁၄ ကြိမ် ပိုလာသည်။

ကျွန်မက ၃၂ ကြိမ်မြောက် ဖြစ်သော ဤစာအုပ်တွေ၏ အရွှေ့အပြောင်း သည် ယခု နောက်ဆုံးအကြိမ်ဟု ကြွေးကြော်မိသည်။

စာအုပ်ခန်းကို အလင်းရောင် ဝင်ရေး၊ ပိုးမကိုက် ခြမကိုက်ရေး စောင့် ရှောက်ရသည့် အလုပ်မှာ အလုပ်ကလေး မဟုတ်ပေ။ မပြတ်မလပ် သတိထားပြီး





နေ၍ လူတစ်ယောက် သီးခြား တာဝန်ယူရသည်ချည်း ဖြစ်သည်။ ဦးချစ်မောင် နှင့် လက်ထပ်ပြီး ၁၉၃၇ ခုနှစ်မှ စ၍ ဘောက်ထော်အိမ်သို့ ရောက်လာသည့် အချိန်၊ နှစ်ပေါင်း သုံးဆယ်တိုင်တိုင် စာကြည့်တိုက် ကြည့်ရှုမှု၊ ထိန်းသိမ်းမှု အလုပ်ကို တာဝန်တစ်ရပ်ထား၍ လုပ်လာခဲ့ရသည်။

ကျွန်မ သားသမီးများမှာ အစဉ်အမြဲ တံခါးပိတ်ထားသော အခန်းနှင့် အစဉ် ဗီရိုများ သော့ပိတ်ထားသော စာကြည့်တိုက်ကိုသာလျှင် သူတို့ တွေ့ရ သည်။ အိမ်ပြောင်းရွှေ့မှ များပြားသော စာအုပ်များကို သူတို့ မြင်လိုက်ရသည်။ သူတို့ ဖခင်၏ စာအုပ်များ ဘာစာအုပ်တွေ ရှိမည်ကို သူတို့ မသိကြ။ ကျွန်မမှာ တစ်နေ့ ဤစာအုပ်များသည် သူတို့အတွက် သူတို့အမွေပဲဟု ရည်ရွယ်ထားခဲ့သည်။ ဤအတောအတွင်း ဗီရိုများ ဖွင့်လှစ်ထားလျှင် ပျောက်ပျက်လေ့ရှိပါးကုန်မည် ဖြစ်သောကြောင့် မည်သူ့ကိုမျှ ကြည့်ရှုခွင့် မပြုသေးဘဲ ဘဝခရီးတစ်လျှောက်လုံး ကျွန်မသာလျှင် သော့ကိုင်၊ သော့သိမ်း လုပ်ကာ သော့ပိတ်လာခဲ့သည်။

ဘောက်ထော်သို့ ရောက်၍ ဆယ်နှစ်ကြာသော် ပထမ ယာယီ ဆောက် ထားသော အိမ်မှာ သစ်ရိုင်းများ ပါဝင်ဆောက်လုပ်ထားသောကြောင့် တံခါးရွက် များ တစ်ပေါက်ပြီးတစ်ပေါက် ပိတ်မရအောင် ပြုတ်ကျလာသည်။ ဤယာယီအိမ် ကို ဖျက်၍ အိမ်သစ်ဆောက်မှ ဖြစ်ပေတော့မည်။ အိမ်ဖျက်ရန်၊ အိမ်သစ်ဆောက် ရန် စဉ်းစားနေဆဲ ဒုတိယဝန်ကြီး ဒေါက်တာညီညီက ဦးချစ်မောင်၏ စာအုပ်များ ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကို လှူရန် အလှူခံခြင်း ဖြစ်သည်။

ကျွန်မမှာ အိမ်မဖျက်ခင် စာအုပ်များ လှူရေး၊ မလှူရေးကို မပြတ်မလပ် စဉ်းစားနေဆဲ ရှိရသည်။

ဤစာအုပ်တွေကို အကြိမ်ပေါင်း မြောက်မြားစွာ ရွှေ့ပြောင်းသိမ်းဆည်း ရာ၌ ကျွန်မလောက် ဒုက္ခခံနိုင်သူ မရှိ။ ဤစာအုပ်များကို တန်ဖိုးထားရာ၌လည်း ကျွန်မထက် တန်ဖိုးထားနိုင်သူ မရှိ။ ဤမျှ ခုံမင် မက်မောလျက် မြတ်နိုး တန်ဖိုး ထားခဲ့သည် ဖြစ်ခြင်းကြောင့် စာအုပ်တွေနှင့် မခွဲနိုင် မခွာရက်အောင် ဖြစ်ရသည်ဟု ဆိုရခြင်း ဖြစ်သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ စာအုပ်များ လှူရန် ကျွန်မ၏ မိသားစုနှင့် တိုင်ပင် ဆွေးနွေးသည့်အခါ၌ မိသားစုအားလုံးက ကျွန်မ စေတနာကို ကောင်းကွက်ကြချေ၊ ကြည်ဖြူစွာ သဘောတူကြသည်။

ကျွန်မ လက်ဝယ်၌ ရှိခြင်းထက် အများပြည်သူတို့ အကျိုးကျေးဇူးပြုမည့် နေရာသို့ ပို့လှူခြင်းသည် ဦးချစ်မောင်အား ဘဝထိုထိုတို့၌ ပညာပါရမီ ဖြည့်ရာ ရောက်နိုင်သည်ဟု ယုံကြည်မိသည် သာမက၊ တိုင်းပြည်အတွက် ဦးချစ်မောင်



www.burmeseclassic.com

www.burmeseclassic.com



အမွေပေးခဲ့ရာ ရောက်သည့်အတွက် စာအုပ်များအားလုံး တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ လှူဒါန်းရန် ဘဝင်ကျ၍ သွားလေသည်။

အိမ်ဖျက်လျှင် ပြောင်းရွှေ့နေထိုင်ရန် အိမ်ရှာသည့်အခါ ငါးမိုင် တံတားဖြူ ရပ်ကွက်၌ အိမ်ရသည်။ ယခုတစ်ခေါက် အိမ်အပြောင်း တက္ကသိုလ်များ စာကြည့်တိုက်သို့ စာအုပ်များ လှူရန် ပိုင်းဖြတ်ထားပြီး၍ စာအုပ်များကို သယ်မသွားတော့ဘဲ နှစ်ထပ်အိမ် အောက်ထပ်၌ပင် ထားခဲ့တော့သည်။

ယာယီအိမ် ဖျက်နေခိုက် နှစ်ထပ်အိမ်ပေါ်၌ အိမ်စောင့် လာနေပေးသော ကျွန်မ၏ အစ်မတော်တစ်ယောက် အသည်းအသန် မကျန်းမမာ ဖြစ်လာသည်။ ကျွန်မမှာ အစ်မကို ပစ်လိုက်ရတော့မလားဟု စိုးရိမ် ပူပန်ဇောကပ်ကာ ပြုစုကုသပေးနေရသောကြောင့် အောက်ထပ်၌ရှိသော စာကြည့်ခန်းကို မည်သူမျှ ပြန်မကြည့်နိုင်ကြပေ။ တက္ကသိုလ်များ စာကြည့်တိုက် လှူရန်လည်း မအားလပ်သေးချေ။ တစ်အိမ်လုံး လူမမာအတွက် ခေါင်းချာစိုင်းနေကြသည်။ ကျွန်မတို့မှာ အလုပ်တိုက်သွားလိုက်၊ ဘောက်ထော် လူမမာဆီ သွားလိုက်၊ တံတားဖြူ သွားလိုက်နှင့် ဖတ်ဖတ် ဆာနေကြသည်။

အစ်မ နေကောင်းသွား၍ အိမ်ပေါ်မှ ပြောင်းရွှေ့သွားမှ စာအုပ်များကို စာကြည့်တိုက်လှူရန် ဆရာဇော်ဂျီထံသို့ အကြောင်းကြားရသည်။ ဆရာဇော်ဂျီက စာကြည့်တိုက်မှူး ဦးသော်ကောင်း ခရီးထွက်နေသဖြင့် စာကြည့်တိုက်မှ လူများ လွှတ်လိုက်မည်ဟု အကြောင်းပြန်ကြားသည်။

စာအုပ်လှူရေးကိစ္စအတွက် ငါးမိုင်အိမ်မှ ဘောက်ထော်အိမ်သို့ နံနက်စောစော ထွက်လာသည်။ စာအုပ်တွေ မလှူခင် ပြန်၍ ကြည့်ချင် မြင်ချင်စိတ်ဖြင့် လာခဲ့ခြင်း ဖြစ်သည်။

စာကြည့်တိုက်ခန်းကို သော့ဖွင့်လိုက်သောအခါ အခန်းမှာ တစ်လနီးပါး ခန့် ပြတင်းတံခါးများ ပိတ်ထားခြင်းကြောင့် မှောင်မည်းနေလျက် အနံ့အသက်တစ်မျိုး ထွက်နေသည်။ ပြတင်းတံခါးများ ဖွင့်လိုက်ပြီးနောက် ဦးချစ်မောင်၏ စာအုပ်တွေနှင့် ခွဲရတော့မည့် အသိဖြင့် ဗီရိုနံပါတ် ၁ ကို ရင်တလှပ်လှပ် ဖွင့်လိုက်သည်။

ကျွန်မ မျက်လုံးများ ဘာမျှ မမြင်ရအောင် ပြာမိုက်သွားပါလေသည်။ ဗီရိုပွင့်လျှင် မြင်နေကျ တန်းစီနေသော စာအုပ်များကို အတန်းလိုက် မတွေ့ရ။ ခြအိမ်ချပ်ပြား မည်းမည်းကြီးသာလျှင် တစ်ဗီရိုလုံး ဖုံးအုပ်ထားခြင်းကို မြင်လိုက်ရသည်။ ဗီရိုအတွင်းမှ တဖောက်ဖောက် တစစ်စစ် ထွက်၍ မြည်၍ နေကြသော ခြကိုက်သံတို့မှာ ဗီရိုရှေ့၌ ကျွန်မ ခွေပျော့ကျသွားတော့မတတ် ညှို့ယူဖမ်းစားလျက် ရှိကြသည်။





ကျွန်မလည်း သွေးရူးသွေးတန်း ဖြစ်သလို သတိလက်လွတ် ယောင်ယမ်း၍ အော်ဟစ်လိုက်သည်။

'လာကြပါဦး... လာကြပါဦး၊ အမယ်လေး လာကြပါဦး'

ကျွန်မ ကျုံး၍ ဟစ်သော အသံသည် ကြားရသူတို့ နားကွဲမတတ် ညံသွားကြသည်။

အရပ်ထဲမှ ကုလားများ ပြေးလာကာ ခြအပြင်လိုက်၊ အချပ်လိုက်ကြီးကို ဂုတ်နှင့်ခြစ်ချ၍ တောင်းများဖြင့် ခံပြီး၊ ခြမွနေသော စာအုပ်များကို ပြည်သာယာလမ်း မြောင်းထဲသို့ အပစ်ခိုင်းရသည်။

ဒုတိယဗီရို ဖွင့်ခါနီး၌ အုတ္တေ၊ အသည်းတွေ တုန်လျက် ဘုရားတ၍ ဖွင့်လိုက်ရသည်။ စာအုပ်တန်းများကို မတွေ့ရ၊ ခြအပြင်လိုက်ကြီးသာလျှင် တစ်ဗီရိုလုံး ဖုံးလွှမ်းလျက် တွေ့ရသည်။

နံပါတ် ၃၊ နံပါတ် ၄၊ နံပါတ် ၅၊ နံပါတ် ၆... ထို့အတူ၊ ဤအဘုအလားတူ ခြပြင်ကြီးပင် ဖြစ်နေ၍ ကျွန်မမှာ တယ်လီဖုန်းရှိရာသို့ ပြေးသွားကာ ဆရာဇော်ဂျီဆီသို့ တယ်လီဖုန်း ဆက်ရသည်။

'ဆရာရေ ... စာအုပ်ဗီရိုတွေတော့ ခြတွေကိုက်လို့ ကုန်ပါပြီ ဆရာ။ စာကြည့်တိုက်က လူတွေကို အမြန်လွှတ်ပေးပါ ဆရာ၊ ရသလောက်ကို အမြန်သယ်မှ ရပါတော့မယ် ဆရာ'

စာအုပ်ဗီရိုများအနက် ခုနစ်လုံးထဲက စာအုပ်များမှာ ပြည်သာယာ လမ်းဘေးက မြောင်းထဲသို့ အခေါက်ခေါက် ရောက်ရှိသွားကြပေပြီ။

ကျန်ရှိသော ဗီရိုများ၌ အချို့မှာ တစ်ဆင့်နှစ်ဆင့်သာ ခြတွေ အုံခဲလျက်ရှိနေကာ၊ အောက်ဆင့်များ၌ အကောင်းပကတိ ရှိကြသေးသည်။ အကောင်းပကတိ ရှိသေးသမျှ စာအုပ်များကို အမြန်ဆွဲထုတ်ယူကာ ဖျက်ထားသော တစ်ဖက်အိမ် ကြမ်းပြင်ပေါ်သို့ ပစ်ပုံကြရသည်။

သားနှစ်ယောက် ရောက်လာကြသည်။ သွေးမရှိဘဲ မျက်စိမျက်နှာ ပျက်နေသော ကျွန်မကို ကြည့်၍ သူတို့ပါ မျက်စိမျက်နှာ ပျက်နေကြသည်။

'မေမေ၊ စာကြည့်တိုက် မလှူခင် ဒီစာအုပ်ပုံကြီးထဲက ကျွန်တော်တို့ လိုချင်တာကို ယူခွင့်ပေးပါ'

ကျွန်မမှာ မျက်ရည်များ ဝိုင်းလာကာ သားတွေကို စကားဖြင့် မပြန်ကြားနိုင်ဘဲ ခေါင်းညိတ်၍ ပြလိုက်ရသည်။

မောင်သိန်းတန်က စာအုပ်ပုံတွေထဲမှ သူလိုချင်ရာ စာအုပ်တွေကို ကျုံးယူသည်။ စာအုပ် ၃၀၀ ခန့် ရှိမည်။ မောင်မိုးဟိန်းက ဗိုင်တွဲတွေကို ကျုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မျက်မှောက်၌ ရှိသော ဤမြင်ကွင်း၊ ဤအဖြစ်အပျက်ကို ဆက်လက်၍ မမြင်ရဲ၊ မကြည့်ရဲတော့သဖြင့် နှစ်ထပ်အိမ် အခန်းလွတ် တစ်ခန်း၌ တစ်ယောက်တည်း သွားထိုင်ကာ ရင်နာသော ဝေဒနာကို ပြင်းစွာ ခံစားလျက် ရှိရတော့သည်။


နောက်တစ်နေ့ ဗဟိုစာကြည့်တိုက်မှ လူလေးငါးယောက် လိုက်လာကြသည်။ ကျွန်မက အိမ်ကြမ်းပြင်၌ ဖရိုဖရဲ ပြန့်ကျဲနေသော စာအုပ်ပုံကြီးကို ပြလိုက်သည်။

စာကြည့်တိုက်မှ စာအုပ်လာသယ်သော ပုဂ္ဂိုလ်များသည် ခြလွတ်သော စာအုပ်များကို ဖယ်ရှား ပုံထပ် ရွေးစီလျက်၊ တစ်ချိန်လုံး လက်မလည်အောင် အလုပ်များနေကြသည်။

အိမ်ပြောင်းလေတိုင်း ဤစာအုပ်များ ပါနေကျ ဖြစ်ပါလျက် ယခုအကြိမ်မှ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ လှူချင်၍ မရွှေ့မသယ်တော့ဘဲ ထားရစ်ခဲ့သည်။ လူနှင့် ကင်းကွာကာ တစ်လလောက် ပြန်မကြည့်လိုက်နိုင်သည့်အတွက် နှစ်ပေါင်း ၃၆ နှစ်တိုင်တိုင် ဒုက္ခခံ၍ ထိန်းသိမ်းလာခဲ့သော စာအုပ်များ ခြစာတွေ ဖြစ်ကုန်ရတော့သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ လူများ စာအုပ်တွေ ထုပ်ပိုးပြီးသော အခါ သိလို၍ အရေအတွက် မေးမိလိုက်သည်။ ၁၅၀၀ ခန့်ဟု ခန့်မှန်းပြောကြ

**ဂျာနယ်ကျော် ဦးချစ်မောင်၏ စာအုပ်များကို ရှင်းလင်းရင်း ...။**





သည်။ ကျွန်မမှာ ဘာစာအုပ်တွေ ရရှိကြမှန်း မသိ၊ သိလည်း မသိချင်တော့။ စာအုပ်အားလုံး လှူရန် ပြဋ္ဌာန်းပါလျက် ၁၅၀၀ လောက်သာ ရရှိသည်ဆိုရ၍ ထဲ နင့်သွားသည်။ ရရှိသော စာအုပ်များတွင် စာကြည့်တိုက်အတွက် အသုံးဝင်သော၊ အဖိုးတန်သော စာအုပ်များ ပါဝင်ပါစေရန် မျက်စိမှိတ်၍ တထိတ်ထိတ် ဆုတောင်းနေရသည်။

'အဖိုးတန်တဲ့ စာအုပ်တွေများမှ ပါရဲ့လားရှင်'

တန်ဖိုးရှိသော စာအုပ်တွေ ခြစာထဲ ဘယ်မျှလောက် ပါရှိသွားကုန်သည်ကို မခန့်မှန်းနိုင်တော့၍ စိတ်မအေးဘဲ မေးကြည့်ရသည်။

တက္ကသိုလ်စာကြည့်တိုက်မှ လူများက တစ်ယောက်တစ်ခွန်း ဝမ်းမြောက်အားရ ဖြေကြသည်။

'အဖိုးတန်တဲ့ စာအုပ်တွေ အများကြီး ရပါတယ် အစ်မကြီးရယ်၊ ဒင် ...န် ရှားပါးပြီး တန်ဖိုး မဖြတ်နိုင်တာတွေ အများကြီး ပါပါတယ်'

ကျွန်မမှာ ဤအဖြေ ကြားရ၍ စိတ်သက်သာမှု ဖြစ်သော်လည်း၊ ပစ်လိုက်ရသော ဗီရိုခုနစ်လုံးက စာအုပ်တွေ ပါဝင်မသွားနိုင်ခြင်းအတွက် စိတ်ကျေနပ်မှု မရှိပေ။

ကျွန်မလက်ထဲ၌ ဟိုပြောင်း၊ သည်ရွှေ့ ချာချာလည်လျက် ရှိရပြီးနောက် နောက်ဆုံးအကြိမ်ဟု ကြွေးကြော်လျက် ဆယ်နှစ်ဆယ်မိုး တစ်နေရာတည်း၌ နေရာက ယခု ဤနေရာ မနေရဘဲ ပြောင်းရဦးမည်ဆိုလျှင် လှူထွက်အောင် သွားရဦးတော့မည်မို့ မလိုက်ပါရစေနှင့်တော့ဟု သူတို့ကိုယ် သူတို့ ဘဝတုံးအောင် အဆုံးစီရင်၍ သွားကြကုန်ရော့သလား မသိ...။

စာအုပ်တွေ ထုပ်ပိုးပြီး ကားပေါ်တင်၍ ကားထွက်သွားသော အခါ၌ ကျွန်မမှာ ကားနောက်ပိုင်းကို ငေးကြည့်ကာ ဖြေဆည်၍ မရနိုင်သော ယူကျုံးမရ မှုကြောင့် မျက်ရည်စများ ရစ်ဝဲလာသည်။ ပြည်သာယာ မြောင်းထဲ၌ ပစ်လိုက်ရသော အဖော်တစ်သင်းတို့နှင့် ကွဲသွားချေပြီ။

ကျွန်မ ဘဝ တစ်သက်တာ၌ ယူကျုံးမရ ဖြစ်ခဲ့ရသော ယူကျုံးမရ ဖြစ်ရပ်တွေ စုံလှ၍ ကြုံရပေါင်း များလှချေပြီ။

ယခု ကြုံရသော ယူကျုံးမရမှုကား စာအုပ်ငါးထောင်နီးပါး အကုန်လှူရန် စိတ်စေတနာ ပြဋ္ဌာန်းပါလျက် အကုန် မလှူဒါန်းရလေခြင်းကြောင့် ရင်ထဲရှိ အသည်းတွေ၊ နှလုံးတွေကို ပြုတ်ကြွေအောင် ထောင်းထောင်းခြေ၍ ပစ်လေသော ယူကျုံးမရနည်းမျိုး ဖြစ်ပါလေသတည်း။

[ စန္ဒာ၊ ဒီဇင်ဘာ ၁၉၇၂ ]

www.burmeseclassic.com

# သမ္မုဏ္ဏာနှင့် ပရိပုဏ္ဏာ

၁

နောက်ဆုံး မျက်လုံးကို ဖွင့်လိုက်ရသည်။

နှင်းတို့သည် ပိတ်ဆို့လျက် မှုန်ဝေနေသည်။ ကျွန်မသည် စောင်ကို ဖယ်ကာ အိပ်ရာက မထရသေးမီပင်လျှင် တီးတိုး စကားသံများကို ကြားနေရသည်။

ပြတင်းပေါက် ခန်းဆီးကြားမှ လှမ်းကြည့်လိုက်ရာ မှုန်တီမှုန်မွှား နှင်းဝတ်ရုံကိုသာ မြင်ရသည်။ အေးမြသော လေသည် တသုန်သုန် တိုက်ခတ်နေသည်။ အဝေးရှိ ကားဆိပ်မှ ဘတ်စ်ကားများ တစ်စီးဝင်၍ တစ်စီးထွက်ရန် စက်နှိုးလျက် ရှိကြသည်။

'ထပြီ ... ထပြီ'

အိပ်ခန်းထဲသို့ ချောင်းကြည့်လျက် တစ်ယောက်ကိုတစ်ယောက် တိုးတိုး လှမ်း အချက်ပေးလိုက်ကြပြီး၊ လှေကားမှ ပြေးဆင်းသွားကြဟန် တူသည့် အသံသာ ကြားလိုက်ရကာ လူရိပ်လူစ မမြင်လိုက်ရပေ။

ကျွန်မသည် တန်းပေါ်က တဘက်ကို ဆွဲ၍ လည်ပင်း၌ ပတ်လိုက်ကာ အခန်းထဲမှ ထွက်ခဲ့သည်။

အောက်သို့ဆင်းရန် လှေကားထိပ်၌ ခဏ ရပ်လျက် အောက်ထပ်လှေကား ရင်းတွင် အင်္ဂလိပ်လို တွတ်တွတ်ထိုးနေကြသော အသံများကို အာရုံပြုမိသည်။

ဘာတွေ ပြောနေကြမှန်း မသိ။ စကားသံ မကွဲဘဲ ဘူးလုံး နားမထွင်း ကြားရ၍ ဆန်းပါတယ်ဟု အောက်မေ့မိသည်။

ယနေ့နံနက် တီးတိုးစကားသံတွေကြောင့် လန့်နိုးရသည်။ တိုးတိုး တိုးတိုး နှင့် အောက်ဆင်းလိုက်၊ အပေါ်တက်လိုက် လုပ်နေကြသော အသံဗလံများကြောင့် အိပ်ရာမှ ထ ရသည်။

ထူးခြားသော အရိပ်အယောင်သည် လှေကားမှ မဆင်းမီပင် ပြလျက် ရှိနေပြီ။ ကျွန်မလည်း ရပ်နေရာမှ အသာ လှမ်းဆင်းခဲ့ရာ လှေကားအချိုး ရောက်လျှင် အောက်သို့ ဆက် မဆင်းနိုင်လောက်အောင် ကြက်သေ သေသွားသည်။





'ကောင်းသော မင်္ဂလာနံနက်ခင်းပါ မိခင်၊ ဘုရားသခင်သည် မိခင်အား ...င့်ရှောက်ပါစေ'

ဘိုကေကို ကျကျနန ခွဲဖြီးလျက် နက်တိုင် အစိမ်းအနက် အကျားကို ...င်တု စည်းကာ ရှူးဖိနပ်အနက်၊ ရှပ်လက်ရှည် အဖြူ၊ ဘောင်းဘီရှည် အဖြူ ...ယ်စီနှင့် စမတ်ကျကျ ဝတ်စား ဆင်မြန်းထားကြပြီးနောက် လှေကားရင်း၌ ...င့်ရပ် ကြိုဆိုနေကြသော သားတော်မောင် နှစ်ယောက်၊ မောင်ချစ်ရှိန်နှင့် ...ဟိန်း။

သူတို့ လက်ထဲတွင် အထုပ်ကလေးတွေ ကိုယ်စီ ပိုက်ကာ မော့ကြည့်နေ ...သော မျက်နှာပေါ်တွင် ချိုမြသော အပြုံးကလေးများ ပွင့်လျက်၊ ရွှင်ရွှင်ပပ ...င့်နေကြ၏။

အောက်သို့ မဆင်းနိုင်သေးဘဲ လှေကားချိုး လှေကားတိုင်တွင် ကပ်မှီ၍ ...ဆန်းဆန်း စိုက်ကြည့်ရင်း 'မင်းတို့ စောစောစီးစီး ဘာလုပ်ကြတာလဲ' ဟု ...ရသည်။

'ဒီနေ့ ခရစ္စမတ်နေ့လေ၊ ဘုရားသခင် မွေးနေ့၊ ဒါကြောင့် မာမီကို ...တ်ဆောင်ပေးရအောင် ကျွန်တော်တို့ စောင့်နေကြပါတယ်'

မောင်ချစ်ရှိန်က ပြုံးငုံ့နေပြီး၊ မိုးဟိန်းက အင်္ဂလိပ်လို သွက်သွက် လှမ်း ...ိုက်သည်။

သူတို့ ခြောက်နှစ်နှင့် ငါးနှစ် အရွယ်လောက်ကပင် ဒါဂျီလင်သို့ ပညာသင် ...က်ရသည်။ ဒါဂျီလင်ကျောင်းမှာနေရင် မြန်မြန် ဝန်ကြီး ဖြစ်နိုင်တယ်ဟု ...တို့ ဆင်ခြေနှင့် သူတို့ ကျွန်မကို ပူဆာကြလွန်းသဖြင့် သူတို့ ဆန္ဒကို အလို ...ခဲ့ရခြင်း ဖြစ်သည်။

ဒါဂျီလင်၏ ပညာသင်ကျောင်းစရိတ်ကား ကျွန်မလို မုဆိုးမတစ်ဦးအဖို့ ...ခံမိတ်၍ စွန့်ရသော အသက်ရှူ ကျပ်လောက်သည့် စရိတ်ကြီး ဖြစ်၏။ ...င်းသားနှစ်ယောက်အတွက် တစ်လလျှင် ကျောင်းစရိတ် လေးရာကျော်၊ ...ရာကျော် ကျသည်။ တစ်နှစ် တစ်နှစ် ကျောင်းပို့ခါနီး အဝတ်အစား ချုပ်ရ၊ ...တာ ဝယ်ရ၊ လေယာဉ်ပျံစရိတ် စသည်များမှာလည်း နှစ်ယောက်အတွက် ...သောင် သုံးထောင်နီးနီး ကုန်သည်။

ဆောင်းတွင်း ကျောင်းပိတ်၍ ပြန်လာကြလျှင် ကျောင်းစရိတ် မတတ်နိုင် ...၍ ရှေ့နှစ် ကျောင်းမသွားရန် ကျွန်မက ချော့ပြောသည်။

'ကျွန်တော်တို့ ကြီးရင် ဒီပိုက်ဆံတွေ ပြန်ရှာပေးပါ့မယ်၊ ပြန်ထားပါ

www.burmeseclassic.com



မမေရယ်' ဟု တကောက်ကောက် လိုက်ပူနေကြ၍၊ သူတို့ ဘယ်လို ပူနေ
'ဒီနှစ် မပို့ဘူး' ဟု တင်းနေလျှင် ငိုကြီးချက်မ ဖြစ်ကုန်ကြသည်။

ဖြေဟမရ၊ ချော့မရ၊ တငိုငို၊ တရီရီ၊ တကျည်ကျည် ဖြစ်နေကြ၍ နောက်
စိတ်ညစ်ညစ်နှင့် 'ကိုင်း . . . ဒီတစ်နှစ်တော့ သွားကြဦး၊ နောင်နှစ်တော့ မပို့ဘူး'
လုပ်ရသည်။

ဆိုရှယ်လစ်တွေ ရိုက်ချိုးပစ်ပြီးနောက် တိုက်ပိတ်ထားခဲ့ရာ ပုံနှိပ်တိုက်တွ
ကျန်ရှိသော ပုံနှိပ်စက်နှင့် စာခုံတွေကို ရှမဝအား ပစ္စည်းရော့.နေရာပါ တစ်တို
လုံး ရောင်းချရပြီး၊ ဆက်လက်၍ သည်ငွေနှင့် ဒါဂျီလင်သို့ နောက်ဆုံးနှစ် ပို့ရ
လေသည်။

'ဒီနှစ်တော့ မင်းတို့ နောက်ဆုံးပဲနော်၊ မေမေ မတတ်နိုင်ဘူး။ အတ
အောင် အောင်သာ ကြိုးစားသင်ခဲ့ကြတော့' ဟု လေယာဉ်ပျံ မထွက်ခင် ကျွန်မ
နားလည်အောင် အထပ်ထပ် မှာကြားလိုက်သည်။

လေယာဉ်ပျံ ခရီးသည်တင် ကားကြီး ကွင်းထဲသို့ မောင်းထွက်သွားသည်
နှင့် တစ်ပြိုင်နက် 'မေမေရေ . . . နောင်နှစ်ခါ ပြန်ပို့နိုင်အောင် ထီတစ်အုပ်
ဝယ်ထိုးပါ' ဟု မိုးဟိန်းက အော်သွားသေးသည်။

ယခုနှစ် ကျောင်းပိတ်၍ ပြန်လာကြသောအခါ ဒါဂျီလင်တွင် သုံးနှစ်
သော အတွေ့အကြုံတို့ဖြင့် အတော် လူရည်လည်လာကြသည်။

အင်္ဂလိပ်စကားကို အင်္ဂလိပ်ကလေး တစ်ယောက်နှင့်မခြား ပြောနေကြ
သည်။ မြန်မာစကားကို အင်္ဂလိပ်စကား မပြောတတ်သည့်သူနှင့် ကျမှသာ ပြန်ပြော
သည်။ ပြောပြန်လျှင်လည်း တောင်တစ်လုံး မြောက်တစ်လုံး ဆွဲစပ်လျက် နား
တွင် ကန့်လန့်ဖြစ်အောင် ကပေါက်တိ ကပေါက်ချာ လျှောက်ပြောသည်။

သူတို့ အချင်းချင်း မြန်မာလို စကားပြောသံကို တစ်ခါမှ မကြားဖူးတော
ကျွန်မနှင့် ပြောလျှင်လည်း အင်္ဂလိပ်လိုသာ ပြန်ပြောကြသည်။

အကောင်းမှ ဝတ်ချင်စားချင်သည်။ ခါတိုင်း ကျောင်းပြန်တုန်းကနှင့်
မတူတော့ဘဲ သွေးကြီးမွေးကြီး ဖြစ်နေကြပြီး တော်တော် ဘိုဆန်လာကြကုန်သည်။

၂

ကျွန်မမှာ လေ့ကားထောင့်ချိုးကို မှီလျက် သူတို့ဂိုက်နှင့် သူတို့ အပြုအမူ
စိတ်ပျက်စွာ စိုက်ငေးနေသည်။

'ဘာကြည့်နေတာလဲ မေမေရဲ့၊ လာပါ . . . သည်မှာလေ . . .'

သူတို့ လက်ထဲက အထုပ်ကို ပြလျက် ခေါ်နေကြသည်။





ကျွန်မလည်း သူတို့အနား ဆင်းသွားကာ သူတို့ ကမ်းပေးသော အထုပ်
ငြမ်းယူလိုက်သည်။

သူတို့ ထုံးစံအတိုင်းဆိုလျှင် ကျွန်မက အင်္ဂလိပ်လို "ကျေးဇူးတင်တယ်"
ပြောလိုက်ရမည့်အစား 'ဘာတွေများပါလိမ့်' ဟု ပြောလိုက်သည်။

ထမင်းစားခန်းထဲသို့ ဝင်သွားကာ ထမင်းစားပွဲ၌ ထိုင်ပြီး စက္ကူနှင့် ပတ်
သော အထုပ်ကို ဖြေကြည့်သည်။

သူတို့မှာ ကျွန်မနားတွင် လာရပ်လျက် ပြုံးရယ်ပြီး ကြည့်နေကြသည်။

အထုပ်နှစ်ထုပ်တွင် တစ်ထုပ်က အဝါရောင်၊ တစ်ထုပ်က ခရမ်းရောင်၊
နှင့် ကော်ကြယ်စေ့ ငါးလုံး စက္ကူကတ်ကလေးနှင့် အရုပ်ပါသော ဆုတောင်း
သော ခရစ္စမတ် ပို့စကတ်တွင် သူတို့နာမည် ရေးလျက် ဘူးလွတ်ထဲ၌ ထည့်၍
နှင့် အထပ်ထပ် ပတ်ထားကြသည်။

'ဒါ မင်းတို့ ခရစ္စမတ် လက်ဆောင်လား၊ ဒီကြယ်စေ့ကတ်က ဘယ်က
လဲ'

'မနက်က အစောကြီး ထပြီး ဈေးမှာ သွားဝယ်ရတာ။ ဈေးတောင်
သေးဘူး၊ တစ်မတ် ပေးရတယ်။ ကျွန်တော်တို့ မုန့်ဖိုးထဲက ပိုက်ဆံစုပြီး
ဘာ'

မောင်ချစ်ရှိန်က တစ်ခွန်းမှ မပြောဘဲ မိုးဟိန်းသာလျှင် ပြောသည်။

'ကျွန်တော်တို့ဖို့ရော မေမေက ခရစ္စမတ်လက်ဆောင် ဘာပေးမလဲ'
သုပင် ဆက်မေးနေသည်။

'ခရစ္စမတ်ပွဲနေ့က မေမေတို့ မြန်မာပွဲနေ့ မဟုတ်ဘူးကွယ့်၊ ခရစ်ယာန်
ဘုရားဟာလည်း မေမေတို့ ဘုရား မဟုတ်ဘူး။ ဒီနေ့မှာ လက်ဆောင်ပေးရမယ်၊
ပ်ရမယ်လို့ မေမေတို့ မြန်မာမှာ ထုံးစံ မရှိဘူး'

ကျွန်မ ရှင်းလင်း ပြောပြခြင်းကို ကျေနပ်သွားပုံ မရှိကြပေ။

ကျွန်မထံမှ ထိုနေ့အတွက် လက်ဆောင်သာလျှင် လိုချင်နေသည်။ ကျွန်မ
လည်း အကျင့် ဖြစ်မည်စိုး၍ ထိုနေ့အတွက် လက်ဆောင်ဟူ၍ သီးခြား မပေး
ချင်ဘဲ ဖြစ်နေသည်။

ကျွန်မထံမှ မျှော်လင့်ထားသော ခရစ္စမတ်လက်ဆောင် မရမှန်း နားလည်
ကြသွင် စောစောက ဝမ်းသာရွှင်ပျ တက်ကြွနေသော မူရာဟန်ပန်များသည်
ခဏမကျန် ပျောက်ကုန်ကာ၊ တစ်ယောက်မျက်နှာ တစ်ယောက် ရှက်ကိုး
ကန်းနှင့် ပြန်ကြည့်ကြပြီး ခေါင်းငုံ့လျက် ကျွန်မ အနားမှ ထွက်သွားကြသည်။

အပြင်ဘက်တွင် သူတို့အချင်းချင်း တိုးတိုး တိုးတိုးနှင့် ပြောရင်းလည်းပင်း



www.burmeseclassic.com

www.burmeseclassic.com



က နက်တိုင်လည်စီးကို ချွတ်ပစ်ပြီးနောက် ခြေအိတ်နှင့် ဖိနပ်တို့ ကုန်းချွတ်နေကြသည်။

ကျွန်မ မနိုးခင် အစောကြီး ထ၍ အစီအစဉ်နှင့် ချေးပြေးရ၊ အဝတ်လဲရ၊ အချိန်မီ ပြင်ရဆင်ရ၊ ဖတ်ဖတ်မောသွားကြပုံ ရသည်။

ခဲလေသမျှ သဲရေကျသည့်ဟန်နှင့် လက်တစ်ဖက်က နက်တိုင်စကို တန်းလန်းဆွဲလျက်၊ တစ်ဖက်က ဖိနပ်သစ်ကို လက်နှစ်ချောင်းနှင့် ချိတ်ဆွဲကာ ထမင်းစားခန်းဝ၌ ကျွန်မ ရပ်နေသည်ကို လှည့်မကြည့်ကြတော့ဘဲ ကုပ်ကုပ်ကုပ်ကုပ်နှင့် အပေါ်သို့ အဝတ်လဲရန် ပြေးတက်သွားကြလေသည်။

'မေမေက ဘာလိုချင်သလဲ မေးရင် မေမေ့ကို မောင်ချစ်ရှိန်က ခရစ္စမတ်အတွက် ဘိုင်စကယ် ဝယ်ခိုင်းမယ်၊ မိုးဟိန်းက သေနတ် ဝယ်ခိုင်းမယ်နဲ့ သူတို့အစောကြီးထ တိုင်ပင်နေကြတာ။ မေမေရယ်... ဝယ်ပေးလိုက်ပါ'

ခင်လေးမြင့်က သူတို့အတွက် ရှေ့နေ လိုက်နေသေးသည်။ ကျွန်မမှာ ယနေ့နံနက် စိတ်အနှောင့်အယှက် ဖြစ်လျက် စိတ်မကောင်းစွာနှင့်ပင် အိမ်က ထွက်လာခဲ့ရသည်။

၃

ညနေ အလုပ်မှ အိမ်သို့ ပြန်သွားသောအခါ ခါတိုင်းကဲ့သို့ပင် သူတို့နှစ်ယောက် ခြံထဲတွင် ဆူဆူညံညံ ကစားနေကြသည်။

သူတို့ကို မြင်မြင်ချင်း သူတို့ လိုချင်သည့် ခရစ္စမတ်လက်ဆောင်ကို အမှတ်ရသေးလား၊ ဝမ်းနည်းနေသေးလားဟု အကဲခတ်ကြည့်သည်။ ကျွန်မအပြန် ကျွန်မကို ဆီး နှုတ်ဆက်ကြပြီး ခွေလိုမ့် ကစားမြဲ ကစားနေကြ၍ မေ့သွားပြီဟု သူတို့အတွက် စိတ်ကောင်းသွားကာ အိမ်ပေါ်သို့ တက်ခဲ့လေသည်။

တဖြည်းဖြည်းနှင့် သစ်ပင်များ မည်းလာကာ ကောင်းကင်၌ အဖြူကွက်တို့သည် ပျောက်သလောက် ဖြစ်လာသည်။ ပြာမှုန်သော မိုးတိမ်သည် မည်းညစ်လျက် တစ်စစ အလင်းရောင် ရုပ်သိမ်းသွားလေသည်။

ခုတင်ပေါ်တွင် လှဲကာ ကလေးများ၏ရှေ့ရေးကို အတောမသတ် စဉ်းစားတွေးတောနေမိရာ၊ အခန်းထဲတွင် မှောင်မည်းလာမှပင် မီး ထ ဖွင့်လိုက်သည်။

'မေမေရေ ထမင်းစားမယ်' ဟု အောက်က တကြော်ကြော် အော်ခေါ်နေကြသည်။ 'စားကြတော့၊ စားကြတော့ ... မစားတော့ဘူး' ဟု အကြောင်းပြန်လိုက်ပြီး စားပွဲတွင် ဆောင်းပါးရေးရန် ထိုင်လိုက်လေသည်။





'မေမေ ဆောင်းပါးရေးတာ ဘယ်ကို ပို့ရမှာလဲ၊ ရှုမဝလား ... သွေးသောက်လား'

ကျွန်မသည် စာရေးနေ၍ စကား မပြောအားဘဲ ခေါင်းသာ ညိတ်သည်။

'မေမေက ရှုမဝ ပို့ဖို့ရေးတာ' ဟု မောင်ချစ်ရှိန်က ပြောလိုက်လျှင်၊ မိုးဟိန်းက 'မဟုတ်ဘူး၊ သွေးသောက်ဖို့ ရေးတာ... မယုံ မေးကြည့်' ဟု ဆိုပြန်သည်။

'ဟုတ်လား မေမေ... သွေးသောက်ဖို့လား' ဟု မေးရင်း မပြောမခြင်းလက်မောင်းကို ကိုင်လှုပ်မေးနေသည်။

စာတစ်ပိုဒ်ကို အဆုံးသတ် ရေးပြီးမှ ဖောင်တိန်ကို ချလိုက်ရာ 'ရှုပ်လိုက်ကြတာကွာ၊ ဘာသိချင်လို့ မေးတာလဲ'

နှစ်ယောက်စလုံး အမ်းသွားကြကာ အဖြေ မပေး၍ ပြောလေဟု ထပ်မေးကြည့်သည်။

'ကျွန်တော်တို့ ရှုမဝ ပို့မှာလား၊ သွေးသောက် ပို့မှာလား သိချင်လို့ပါ'

'ရှုမဝဖို့ကွ၊ ရှုမဝဖို့'

'ဘာအကြောင်းလဲ မေမေ' ဟု မိုးဟိန်းက ရှည်နေပြန်သည်။

'မာလီအကြောင်း ရေးတာ၊ မာလီ သေသွားတာ ရေးတာ'

'မေမေ ဆောင်းပါးရေးတာ ပိုက်ဆံရသလား'

မောင်ချစ်ရှိန်သည် သူ သိချင်တာကို စွတ်မေးလိုက်သည်။

'ဆောင်းပါးရေးတော့ ပိုက်ဆံရတာပေါ့ကွယ်'

'ဘယ်လောက်ရသလဲ မေမေ၊ ပြောစမ်းပါ'

'ဘာလုပ်မလို့လဲကွယ်'

'ပိုက်ဆံရတယ်ဆိုရင် ကျွန်တော်လည်း ဆောင်းပါးရေးမယ် မေမေ၊ ရှုမဝမှာ ထည့်မယ်။ ဘယ်လောက်ရမလဲ'

ကြီးကြီးကျယ်ကျယ် ပြောလိုက်၍ ကျွန်မမှာ အတောမသတ် ရယ်မောမိသည်။

'ကျွန်တော် ရေးတတ်ပါတယ် မေမေရဲ့။ ကျောင်းမှာဆိုရင် စာကြည့်တိုက်ထဲက စာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေ၊ ရာဇဝင်တွေ အကုန် ဖတ်တာပဲ'

'အောင်မယ် ... မင်းက ဘာရာဇဝင်တွေများ ဖတ်ဖူးသလဲ' ဟု မေးလိုက်သည်။

'ကျွန်တော်တို့ကျောင်းမှာ ရာဇဝင် သင်ရတယ်၊ မမတို့ စိန်ဂျွန်းကွန်ဗင့် ခြောက်တန်းမှာ သင်တဲ့ ရာဇဝင်စာအုပ်ကို ကျွန်တော်တို့က တစ်တန်းကတည်းက သင်ရတယ်။ အခု သုံးတန်းဆိုတော့ အများကြီး သိတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကျောင်းက ပြန်လာကြသောအခါ ကျောင်းစာအုပ်များ တစ်အုပ်မျှ ပါမလာချေ။ ကျောင်း၏ စည်းကမ်းစနစ်မှာ ကျောင်းစာအုပ်ကို မဝယ်စေဘဲ ငှားသည်။ ထို့ကြောင့် သူတို့ ဘယ်စာ ရောက်၍ ဘာစာ သင်နေမှန်း မသိပေ။

'မင်းတို့ သင်ခဲ့တဲ့ ရာဇဝင်မှာ မြန်မာရာဇဝင်အကြောင်း ပါသလား။ မင်းတုန်းမင်းတို့၊ သီပေါမင်းတို့'

'မပါဘူး၊ ကျွန်တော်တို့ သင်ခဲ့တာက ဆာဝါလ်တာရီလေး၊ ဖီးလစ် ဆစ်ဒနီ၊ ဆာဖရန်းစစ်ဒရိတ်၊ ဝီလျံကွန်ကားရား၊ နယ်လဆင်၊ အက်ဒဝပ် သည်ကွန်ဖက် ဆား၊ ကိုလံဘတ်စ်၊ နပိုလီယံ၊ ဝီလျံ ရှိတ်စပီးယား၊ ကင်းအာသာ မေရီ စကော့၊ အီဘရယ်ဟင့် လင်ကွန်း'

မောင်ချစ်ရှိန် ပြောနေတုန်း မိုးဟိန်းက လု၍ 'ကျွန်တော်ကတော့ မေမေ... ဆာဗက်ဒီးမား၊ ဆာလန်းစလော့၊ ဆာဂါးရက်၊ ဆာကေး၊ ဆာဂျဝိန်း ... အဲဒီ သူရဲကောင်းတွေကို ဖတ်တယ်၊ သဘောကျတယ်၊ ကြိုက်တယ်'

ဘယ်သူပြောတာ နားထောင်ရမှန်း မသိအောင် တစ်ယောက်တစ်ခွန်း အင်္ဂလိပ်လို လုပြောနေကြ၍ ဆူညံနေပေသည်။

'သွားကြစမ်းပါကွာ၊ တခြား သွားကြစမ်းပါ၊ ဒီမှာ စာရေးလို့ မပြီးသေးဘူး' ဟု နောက်ဆုံး အနားမှ နှင်လွှတ်လိုက်ရလေသည်။

'ဆောင်းပါးရေးမယ် မေမေ၊ ဘယ်လောက်ရမှာလဲ ပြောပါ၊ ကျွန်တော် ဘိုင်စကယ် ဝယ်ချင်လို့ပါ'

မောင်ချစ်ရှိန် ပြောသလို မိုးဟိန်းကလည်း 'ကျွန်တော်လည်း ရေးမယ်၊ ကျွန်တော် သေနတ် ဝယ်မယ်။ မေမေမှ ခရစ္စမတ်လက်ဆောင် မပေးတာ၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရှမဝမှာ ဆောင်းပါးရေး ဝယ်မယ်'

ကျွန်မမှာ မနက်က အဖြစ်အပျက်ကို သတိရပြန်ကာ စိတ်မကောင်းလှ၍ 'ကဲ သွားရေးကြ၊ မင်းတို့ ပိုက်ဆံရတော့ ဝယ်လေ' ဟု ပြောလိုက်မိတော့သည်။

၄

ဘောက်ထော်မှာ ညဉ့်နက်၍ တိတ်သွားလေသည်။

လမ်းပေါ်မှ ဘာသံမျှပင် မကြားရချေ။ ဖြတ်သန်းသွားလာသူများပင် မရှိ။ လေတိုက်သဖြင့် သစ်ရွက်များ လှုပ်ရှားသံသာ ကြားရသည်။

"မာလီ" ဆောင်းပါးကို စိတ်ဝင်စားစွာ ရေးသား ပြီးဆုံးသွားမှ တိတ်ချက် သား ကောင်းနေသော အိမ်ကြီးကို သတိပြုကာ အိပ်ကုန်ကြပြီလားဟု လှည့်ကြည့် မိသည်။





အံ့သြစရာ ကောင်းလောက်အောင် တွေ့ရသည်။ ည ရှစ်နာရီဆိုလျှင် အိပ်ရာထဲ ထိုးအိပ်ကြသော ကလေးနှစ်ယောက်မှာ အသံမပြု၊ တိတ်တိတ် ဆိတ်ဆိတ် ညဉ့်နက်သန်းခေါင်ထိအောင် စာကုန်းရေးနေကြလေသည်။

'အလို... မင်းတို့ မအိပ်ကြသေးဘဲကိုး' ဟု ဆိုလိုက်၍ 'ပြီးတော့မယ် မေမေ၊ ဆောင်းပါး ပြီးတော့မယ်' ဟု သည်တော့မှ ပြိုင်တူအော်ပြောကြသည်။

သူတို့နားသို့ ထ သွားကာ 'တကယ် ရေးနေကြတာကိုး၊ ဘာများ ရေးတာ လဲ' ဟု ပြောရင်းဆိုရင်း မောင်ချစ်ရှိန် ရေးထားသော စာရွက်များကို ကောက်ယူ ကြည့်လိုက်သည်။

အင်္ဂလိပ်လို သူ ရေးသားထားသော ဆောင်းပါးစာမျက်နှာထိပ် စာကြောင်း အစကို မြန်မာလို ဘာသာပြန်ရမည် ဆိုလျှင်–

"ရေးသူ ဦးချစ်မောင်၏သား မောင်ချစ်ရှိန်" ဖြစ်လေသည်၊ ထို စာကြောင်း အောက်၌ ဆောင်းပါး၏ အမည်ကား အင်္ဂလိပ်စာလုံး အကြီးစားနှင့် ထင်ရှားအောင် ပြထားသည်။

**"ပြီးခဲ့သော စစ်ကြီး"**

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရပုံ အကြောင်းကို ဇာစ်မြစ်က စ၍ အခြေ အမြစ် ဖော်ထုတ်လျက် စီကာပတ်ကုံး အင်္ဂလိပ် အသုံးအနှုန်းဖြင့် ရေးပြထားပုံကို ရင်ထဲမှ ခံစား ဖတ်ရှုနေသည်။ ဆောင်းပါးရေးနည်း သဘောကို နားလည်နေပါ ကောလား ဟုလည်း အံ့သြလိုက်မိသည်။

အင်္ဂလိပ် အမေရိကန် ခြယ်လှယ်ပုံ၊ ဂျာမနီ စွာပုံ၊ ဂျပန် ဝင်ပုံ၊ နှစ်ဘား စစ်ထဲ ပါလာပုံ၊ ဂျပန်ကို အမေရိကန် အဏုမြူဗုံးချပုံ စသည့် စစ်ကြောင်းခြင်း၍ ရှု နားလည်သလို ရေးထားပြီးမှ နောက်ဆုံး အင်္ဂလိပ်က မြန်မာပြည်ကိုတက်ပြီး မြန်မာပြည် လွတ်လပ်ရေး ရသွားခြင်း အကြောင်းများ စုံစုံလင်လင်ပင် ရေးထား သည်။

ထိုဆောင်းပါး အဆုံးတွင် နောက်ထပ် ဆောင်းပါးတစ်ပုဒ် ဆက်ရေးထား သည်။ ၎င်း ဆောင်းပါးအမည်ကို အင်္ဂလိပ်စာလုံး အကြီးစားနှင့် ထင်ရှားအောင် ပြထားပြန်သည်။

**"ကွန်မြူနစ်"**

စာကြောင်းများ မဖတ်မီ ခေါင်းစီးကို ကြည့်၍ မျက်လုံး ပြူးသွားမိသည်၊ ရင်ထဲ၌လည်း ဖိုလှိုက်လာသည်။ ကျွန်မ သူ့ကို ကြည့်လိုက်ရာ တောက်ပြောင် သော မျက်လုံးအစုံဖြင့် ခံ့ခံ့ကြီး ပြုံးကြည့်နေသည်။

'မင်းက မခေပါလား' ဟု ပြောပြောဆိုဆို ဆောင်းပါးကို ဖတ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆောင်းပါးကို သူရေးထားသည့် စကားလုံးအတိုင်း တစ်လုံးစီ ဘာသာပြန်မှ ဖြစ်မည်။ ရေးထားပုံကား–

"ကွန်မြူနစ်များသည် လူဆိုးများ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကွန်မြူနစ်ဖြစ်အောင် သင့်အား လုပ်ကြမည် ဖြစ်သောကြောင့် ပေတည်း။

လီနင်သည် ပထမဦးဆုံးသော ကွန်မြူနစ်ခေါင်းဆောင်ဖြစ်၍ နောင်လည်း ထာဝစဉ် ဖြစ်မည့်သူ ဖြစ်လေသည်။ ကွန်မြူနစ် များစွာတို့မှာ တရုတ်ပြည်မှ လာကြသည်။

လူပေါင်းများစွာကို ဆိုက်ဘေးရီးယားသို့ ပို့ကြသည်။ အဘယ့်ကြောင့် ဆိုသော် သူတို့သည် ကွန်မြူနစ်အကြောင်း သိပ်ပြော၍ ဖြစ်သည်။

ကျွန်တော် တစ်ခါ မြို့ထဲ၌ ရှိနေစဉ် ကွန်မြူနစ်တစ်ယောက် တရားဟောနေသည်ကို ကြားဖူးပါသည်။ သူက ကွန်မြူနစ် ဖြစ်ရခြင်းမှာ လွန်စွာကောင်းကြောင်း ပြော၍ သင့်ကို ပိုက်ဆံပေးလိမ့်မည်။

သူတို့၏ ပါးစပ်က ပြောနိုင်ကြသော်လည်း၊ အမှန်အားဖြင့် သူတို့သည် လူညာကြီးများ ဖြစ်ကြသည်။

မေမေက ကွန်မြူနစ်ကို သဘောကျပါသည်။ အဘယ့်ကြောင့် ဆိုသော် မေမေသည် ကွန်မြူနစ်များ ဘယ်လို လူစားမျိုး ဆိုသည်ကို မသိသောကြောင့် ဖြစ်ပေသည်။

ရုရှားပြည်ရှိ ကွန်မြူနစ်များကြောင့် မြန်မာပြည်၌လည်း ကွန်မြူနစ်များ ရှိလေသည်။ သူတို့သည် လောင်းကစားသမားများ ဖြစ်ကြသည်။

အမေရိကန်များသည် လွန်စွာ ကောင်းသောသူများ ဖြစ်ကြသည်။ သူတို့သည် စစ်စီသောသူများ မဟုတ်ကြပါ။ သူတို့သည် ဆိုရှယ်လစ် မဖြစ်လိုကြပေ။

ကွန်မြူနစ်မှာ နှစ်မျိုး ရှိလေသည်။ တစ်မျိုးမှာ ဆိုရှယ်လစ် ဖြစ်၏။ တစ်မျိုးမှာ ကွန်မြူနစ် ဖြစ်လေသည်။ ဆိုရှယ်လစ်များလည်း လူဆိုးများ ဖြစ်ကြသည်။

တရုတ်ဖြူနှင့် တရုတ်နီတို့ ယခု စစ်ဖြစ်နေကြသည်။ အမေရိကန်တို့သည် တရုတ်ဖြူကို စစ်တိုက်လိမ့်မည် မဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။

တတိယကမ္ဘာစစ်ကြီး ဖန်တီးမည့်သူများမှာ အမေရိကန်များ





မဟုတ်ကြပါ။ ဆိုရှယ်လစ်များသာလျှင် တတိယ ကမ္ဘာစစ်ကြီးဖြစ်အောင် လုပ်ကြပါလိမ့်မည်။

လူတိုင်းပင် ကွန်မြူနစ်အကြောင်းနှင့် စစ်အကြောင်းကို မတွေးကြဘဲ၊ ငြိမ်းချမ်းစွာ နေထိုင်ဖို့ရာ ကျွန်တော် မျှော်လင့်ပါသည်။"

ကျွန်မမှာ ဆောင်းပါး ဖတ်ပြီးသောအခါ၊ သူ့အနားတွင် ထိုင်၍ စစ်တမ်းကောက်ကြည့်သည်။

'မင်း ကျောင်းသွားနေတာ ကွန်မြူနစ် မကောင်းကြောင်း ဘယ်လို သိခဲ့တာလဲ'

'သိတာပေါ့ မေမေရဲ့၊ ကျွန်တော်တို့ ကျောင်းက ဆရာတွေက တစ်ခါလေ ညနေဘက်မှာ ကျွန်တော်တို့ကို ကွန်မြူနစ် မကောင်းကြောင်းတွေ အစုံပြောပြတယ်။ ဒါကြောင့် သိတာပေါ့'

'ဟုတ်တယ် မေမေ၊ ကျွန်တော်တို့ ဒါဂျီလင်ကျောင်းမှာ ကွန်မြူနစ် အကြောင်း မပြောရဘူး။ ကျောင်းနာမည် ပျက်တယ်တဲ့' ဟု မိုးဟိန်းက ဝင်ပြောလေသည်။

'မင်းကော ဘာရေးသလဲ' ဟု မိုးဟိန်းကို လှမ်းမေးလိုက်ရာ၊ သူ ရေးထားသော စာရွက်ကို လာပြလေသည်။

ပထမ ဆောင်းပါးမှာ သူတို့နေသော ဒါဂျီလင်ကျောင်း အကြောင်းကို ရေးသားထားသည်။ နောက်ဆောင်းပါးမှာ ကွန်မြူနစ် အမည်နှင့် ကွန်မြူနစ် အကြောင်းပင် ရေးထားပြန်သည်။

သူတို့ဆရာက ဘယ်လို ပြောပြထားသည် မသိ။ သူ ရေးပုံမှာ–

ကွန်မြူနစ်များသည် လူဆိုးများ ဖြစ်ကြသည်။ သူတို့သည် လူတွေကို သတ်ကြသည်။ ခြံစောင်တစ်ထည်၊ အသားတုံး တစ်တုံးနှင့် ဆိုက်ဘေးရီးယား တောင်များသို့ စေလွှတ်ကြလေသည်။ ကွန်မြူနစ်များသည် ရုရှားပြည်နှင့် တရုတ်ပြည်မှ လာကြသည်။ မြန်မာပြည်သားများက ရုရှားပြည်သည် လှပသည်ဟု မှတ်ထင်နေကြသည်။ တစ်နေ့သ၌ အမှန်ကို တွေ့ရှိကြပေလိမ့်မည်။

အထူး နိုင်ငံကူး လက်မှတ်နှင့်သာ ရုရှားသို့ သွားနိုင်ကြသည်။ ဆောင်းပါးမှာ မပြီးဆုံးသေးချေ။ ရှေ့လျှောက် သူ ရေးမည့် အကြောင်းကို ကျွန်မက မေးကြည့်သည်။

'မင်းတို့ ဆရာက ကွန်မြူနစ်ကို ဘယ်လို ပြောသလဲ၊ အကုန် ပြောပြစမ်း'



www.burmeseclassic.com

www.burmeseclassic.com



'စတာလင်ဟာ လူသတ်သမားကြီးတဲ့၊ ကွန်မြူနစ်မှာ ဘုရားမရှိဘူး တဲ့ အမေရိကန်က ဘုရား ရှိတယ်၊ အမေရိကန်က ချမ်းသာတယ်။ သူ့ငွေး သခင် ယေရှုရဲ့ ဘုရားကျမ်းစာတွေ ကျွန်တော်တို့ သင်ရတယ်။ ဘုရားသခင်က ဒီရှုပ်ထွေး တွေကို အပြစ်ဒဏ် ပေးမှာပဲနော် မမေ'

ကျွန်မမှာ ဘာမှ မပြောနိုင်ဘဲ သူတို့ကို ငိုင်ပြီး ကြည့်နေမိသည်။ ဒါဂျီလင် သို့ ငွေအမြောက်အမြား အကုန်ခံပြီး ပညာသင် လွှတ်သည်မှာ ကွန်မြူနစ် ဆန့်ကျင်ရေး ပညာကို သိလာ၍၊ မြန်မာမှု ပျောက်အောင် ငွေကုန်ခံ လုပ်ရသလို ဖြစ်နေလေသည်။

'စတာလင်ဟာ မင်းတို့ဆရာ ပြောသလို လူသတ်သမားကြီး မဟုတ်ပါ ဘူး၊ အများရဲ့ ကောင်းကျိုးကို တတ်နိုင်သလောက် စေတနာထားတဲ့ လူကောင်း ကြီး ပါကွယ်'

ဘယ်လိုပင် ကျွန်မက ရှင်းလင်းပြသော်လည်း သူတို့အသည်းတွင် စွဲနေ သော အရာကို ချက်ချင်းပျောက်အောင် လုပ်ဖို့ရာ မလွယ်လှ။ အခြား အရေးထက် ခရစ်တော်ကို သူတို့ဘုရား မှတ်နေသည့် အယူအဆ ပျောက်အောင် လုပ်ဖို့လည်း အရေးကြီးသည်။

မနက်က သူတို့အတွက် စိတ်အိုက်ရသလောက် ယခု သူတို့အတွက် စိတ်ညစ်မိသည်။

မောင်ချစ်ရှိန်သည် သူ့ဆောင်းပါးကို သူ ပြန်ကြည့်နေရာမှ 'မေမေ၊ ကျွန်တော် အကြံတစ်ခု ရတယ်' ဟု လှမ်းပြောလေသည်။

'ဘာများလဲကွာ'

'ကျွန်တော်လေ မနက်ကျရင် စာတစ်စောင် ရေးမယ်။ ကျွန်တော်တို့အမေ ပိုက်ဆံ မရှိလို့ ကျွန်တော်တို့ ဒါဂျီလင်ကျောင်းကို ဒီနှစ် မပြန်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ကို အမေရိကကို ဝန်ကြီးချုပ်က ပညာတော်သင် လွှတ်ပါ။ အမေရိ ကန်မှာ ပညာတတ်လို့ ပြန်လာတော့ ဝန်ကြီးလုပ်ပြီး ဘုရားသခင် အလိုတော် အတိုင်း မြန်မာပြည်က ကွန်မြူနစ်တွေကို တိုက်ပေးပါမယ်လို့။ အဲလို ... အဲလို ရေးလိုက်မယ်'

မိုးဟိန်းက မတ်တတ် ထရပ်ပြီး လက်သီးလက်မောင်း တန်းလိုက်ကာ 'ဟာ ဒီလိုဆိုရင် ကျွန်တော်တို့ အမေရိက သွားရတော့မယ်' ဟု ကြွေးကြော် ဆူညံနေလေသည်။

'ဟေ့ မင်းတို့ ညဉ့်နက်လှပြီ၊ မဆူနဲ့၊ အိပ်ကြပေတော့' ဟု ကျွန်မ ငေါက် လိုက်မှ ငြိမ်သွားကြသည်။

၅

...၏ ရင်တွင်း၌ကား လှုပ်ရှားလျက် ရှိလေသည်။

အိပ်ရာထဲတွင် ဘယ်ပြန်ညာပြန် လိုမ့်နေရာမှ အိပ်မောကျသဖြင့် ကလေး ...သာက်၏ အသက်ရှူသံများကိုပင် ကြားရသည်။

အင်္ဂလိပ် အသုံးအနှုန်း၊ အင်္ဂလိပ် ယဉ်ကျေးမှုထက် အမေရိကန် အသုံး ...န်း၊ အမေရိကန် ယဉ်ကျေးမှုတွေကို ပို၍ တတ်သိနေကြပြီး၊ မြန်မာ့ဓလေ့ ...ယဉ်ကျေးမှုကို သူတို့ ဘာမှန်းမှ မသိကြ။ နားလည်အောင် ဘယ်လို ...ရပါမလဲ၊ ယဉ်ကျေးအောင် ဘယ်နည်းနဲ့ ပြုပြင်ရပါမလဲ။

ညသည် တိတ်ဆိတ်နေလေသည်။ အပြင်ဘက်တွင်ကား သန်းခေါင်ထွက် ...သည် တထိန်ထိန်သာလျက် ရှိသည်။ တောင်ဘက်အိမ်မှ ကလေးငိုသံကို ... ကြားနေရလေသည်။

ကျွန်မသည် "မနက်ကျရင် သည်ပြဿနာကို ဖြေရှင်းမယ်" ဟု ...စ်ဆစ်ချ ဆုံးဖြတ်လိုက်လေသည်။

ခေါင်းအေးသွား၍ ငြိမ်ကျကာ တစ်ခဏ အိပ်ပျော်သွားရာ လင်းအားကြီး ...ာက်တွင် နိုးလေသည်။ ကျေးငှက်များပင် သိုက်မြုံထက်မှ မထကြသေးချေ။

မနက်အစောကြီး လက်ဖက်ရည် စားပွဲ၌ ထိုင်လျက် သူတို့ အိပ်ရာထကို ...င့်ကြိုနေသည်။

မိုးထိန်ထိန်လင်းမှ သူတို့ လှေကားမှ ဖြည်းညင်းစွာ ဆင်းလာကြသည်။

'မင်္ဂလာ နံနက်ခင်းပါ မိခင်'

'အေး ... အေး မျက်နှာသစ်ပြီး လာခဲ့ကြနော်'

ကပျာကယာ သတင်းစာနှင့် မျက်နှာကို ကွယ်လိုက်ကာ တစ်ယောက် ...သည်း ကျိတ်၍ ပြုံးရသည်။ ကျွန်မ အကြံကို သူတို့ မသိကြသေးချေ။

စားပွဲ၌ လက်ဖက်ရည် သောက်ပြီးနောက် ပြောစရာ ရှိတာကို ပြောရ ...ာသည်။

'သားတို့ ဒီနေ့ ကျောင်းသွားရမယ်'

'ကျောင်းတွေမှ မဖွင့်သေးဘဲ၊ ဘယ်ကျောင်းလဲ မေမေ၊ ဘယ်ကျောင်း ...သွားရမှာလဲ'

နှစ်ယောက်စလုံး ထူးဆန်း အံ့သြပုံဖြင့် ဝိုင်းမေးကြသည်။

'ဒီနေ့ ကြည့်မြင်တိုင် ရှမ်းလမ်းက အရင် မင်းတို့ တစ်ခါခါသွားတဲ့ ...န်းကြီးကျောင်းကို မင်းတို့ သွားရမယ်။ စိန်ပေါ်ကျောင်း မဖွင့်ခင် မင်းတို့ ...န်းကြီးကျောင်းမှာ သွားနေပြီး မြန်မာစာ သင်ကြရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် မျက်လုံး နှစ်လုံးကို လင်ကွင်းလောက် ပြူးကာ 'ဘုန်းကြီး ကျောင်းမှာ နေရင် ဖိနပ်စီးခွင့် ရမလား မမေ' ဟု စိုးရိမ်တကြီး မေးလေ၏။

'သားတို့ ဒါဂျီလင်က ဖာသာကျောင်းလို မဟုတ်ဘူးကွ၊ မမေတို့ မြန်မာ ဘုန်းကြီးကျောင်းက ဖိနပ်ချွတ်ရတယ်'

'ကျောင်းမှာ ဘုန်းကြီးတွေနဲ့ တူတူနေရမယ်လား၊ ဘုန်းကြီးတွေက အင်္ဂလိပ်စကား တတ်သလား၊ ကျွန်တော်တို့ကို အင်္ဂလိပ်လို ပြောနိုင်ပါ့မလား'

အင်္ဂလိပ်လို ပြောနေသော မောင်ချစ်ရှိန်၏ မေးခွန်းကို ဖြေရမှာပင် စိတ်ထဲ မသက်မသာ ရှိလှသည်။

'ဘုန်းကြီးတွေက အင်္ဂလိပ်စကား မပြောဘူး၊ မင်းတို့ကို မြန်မာလို ပြော မယ်။ မြန်မာစကားကို ယဉ်ယဉ်ကျေးကျေး ပြောတတ်အောင် သင်ပေးမယ် မြန်မာစာကို ဖတ်တတ်အောင် သင်ပေးလိမ့်မယ်။ မြန်မာစာ ကောင်းကောင်း ဖတ်တတ်တော့ မင်းတို့ဖေဖေ ရေးခဲ့တဲ့ စာအုပ်တွေ ဖတ်နိုင်ရော မဟုတ်လား ဖေဖေ ရေးတဲ့ စာအုပ်တွေ မဖတ်တတ်ချင်ဘူးလား'

'ဖတ်တတ်ချင်တာပေါ့ မမေ'

သူတို့ အဝတ်အစားများကို သားရေသေတ္တာနှင့် ထည့်လျက် ကြည့်မြင် တိုင် ရှမ်းလမ်းရှိ မဟာရာဇိကာရုံကျောင်းတိုက်သို့ ထွက်လာခဲ့ကြသည်။

ဆောင်းဘီတွေ မဝတ်စေ၊ မယူစေရဘဲ သေတ္တာထဲသို့ ပုဆိုးတွေ ရွေးထည့် ပေးပြီး လုံချည်ဝတ် ခေါ်လာခဲ့သည်။

ကျောင်းရောက်သောအခါ ဆရာတော်အား ဦးချစေလျက် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ခိုင်းရသည်။

'တပည့်တော် ကလေးတွေ မြန်မာစာလည်း မတတ်ပါဘူး ဘုရား၊ စကား လည်း ယဉ်ယဉ်ကျေးကျေး မပြောတတ်ပါဘူး။ မြန်မာ အသုံးအနှုန်း ဘာမှ နားမလည်ပါဘူး။ နေတာ ထိုင်တာ၊ ပြောတာ ဆိုတာ မြန်မာမျက်စိနဲ့ဆိုရင် ရိုင်းနေပါတယ်။ အရှင်ဘုရားကို လာအပ်ပါတယ်၊ အစစ အရာရာ ယဉ်ကျေး လိမ္မာအောင် သွန်သင် ဆုံးမပြီး ကျောင်းကြီး မဖွင့်ခင် မြန်မာစာ ဖတ်တတ်အောင် သင်ပေးပါဘုရား'

ဆရာတော်မှာ ဝမ်းသာအားရ ခေါင်းတညိတ်ညိတ်နှင့် 'အေး... အေး ဆရာတော် လိမ္မာအောင် သွန်သင်မယ် မမလေး၊ သူတို့အတွက် ဘာမှ မပူနဲ့ ထားခဲ့။ ကြားလားဟေ့၊ မင်းတို့မေမေ ပြောတာ။ မြန်မာစာတတ်အောင် သင်ရမယ် နော်။ တို့ မြန်မာဘုန်းကြီးကျောင်းမှာ နေရင် ယဉ်ကျေးရတယ်၊ လိမ္မာရတယ် ရိုသေရတယ်။ ဟုတ်လား'

'အင်း... ဟုတ်ကဲ့'



## ၆

...း ကြီးကျောင်းတွင် သွားပစ်ထားလိုက်ပြီးနောက် တစ်ပတ် တစ်ခါမှ အိမ်သို့ ...ခေါ်သည်။

ကျောင်းပို့စက သူတို့အတွက် ကော်ဖီမှုန့်၊ နို့ဆီ၊ သကြား၊ ထောပတ်၊ ...သေတ္တာ တယောင်တဆောင် ပို့သေးသည်။

ကျောင်းတွင် သံဃာတော်တွေမှ ကော်ဖီ၊ မုန့်သေတ္တာ မဘုဉ်းပေးနိုင်ဘဲ ...ကို ဦးပဉ္ဇင်းတွေက ကော်ဖီ အချိန်မှန်မှန် ဖျော်တိုက်နေရသော အလုပ်တစ်ခု ...မုန့်၊ သိသိချင်း၊ ကျွန်မ အိမ်မှ ဘာမှ မပို့ဘဲ ဖြတ်လိုက်သည်။

အခြား ဘုန်းကြီးကျောင်းသားကလေးများနည်းတူ ဘုန်းကြီးကျောင်း ...သလို စားစေ နေစေသည်။

ကျောင်း၌ တစ်ပတ်နေ၍ ပြန်လာကြသည့် နေ့ကမူ သူတို့ ပြောဟာ ...ရ၍ ရင်ထဲတွင် တစ်မျိုး ဖြစ်မိသေးသည်။

'မေမေရာ မနက်စောစောကြီး မိုးမလင်းခင် ထရတယ်၊ ကြေးစည်ထုရင် ...တွေ အုန်ကြတာပဲ၊ ဦးပဉ္ဇင်းက အတင်း ထခိုင်းတာပဲ။ ဆွမ်းစားကျောင်းမှာ ...ပြီး မျက်နှာသစ်ရတယ်။ ဘုန်းကြီးတွေ ဆွမ်းစားကြပြီး ကျွန်တော်တို့လည်း ...ရတယ်။ ဟင်းက တစ်ခွက်တည်း၊ ဟင်းလေးချဉ်အိုးကြီး စားရတယ်။ နေ့လယ် ...တော့ ဘုန်းကြီးတွေက ဒန်ခွက်ကလေးတွေနဲ့ မြို့ထဲက ဟင်းတွေ ယူလာကြ ...ယ်။ တစ်ခွက် နှိုက်လိုက်ရင် အဲဒီဟင်း ခဏကလေး ကုန်သွားတာပဲ'

တစ်ဖက်က မိုးဟိန်း ပြောသလို တစ်ဖက်ကလည်း မောင်ချစ်ရှိန်က–

'ဟုတ်တယ် မေမေ၊ နေ့ခင်းစာ စားပြီးတော့ ကျန်တဲ့ ထမင်းတွေ ဇလုံ ...ထဲ ထည့်ထားတယ်။ ဟင်းကျန်တွေလည်း သိမ်းထားတယ်။ ညကျတော့ ...င်းရဲ့တယ်၊ ဟင်းကျန်က ကောင်းလည်း မကောင်းဘူး၊ ကော်ဖီလည်း မသောက် ...ူး၊ မုန့်လည်း မစားရဘူး'

သူတို့ ဘာပဲပြောပြော သူတို့ အချိုးမှာ တစ်ပတ်နှင့် တစ်ပတ် မတူတော့ ...၊ သိသိသာသာ ပြောင်းလဲလာချေပြီ။

"ကောင်းသော နံနက်ခင်းပါ မေမေ" ဟုလည်း မလုပ်ကြတော့ပေ။ ...ကြီးရှေ့မှ ဖြတ်သွားလျှင် ခေါင်းငုံ့၍ ကုန်းသွားကြသည်။ ကျောင်းမှာ သင်ရ ...သော ဘုရားရှိခိုး၊ မင်္ဂလသုတ်များ ရွတ်ပြကြသည်။ အိပ်ရာဝင် ဘုရားရှိခိုး၍ ...မေကိုလည်း ရှိခိုးပြီးမှ အိပ်ကြသည်။

ခပ်တင်းတင်း ခပ်ဆတ်ဆတ် ထောင့်မကျိုးဘဲ ဖြစ်နေသမျှ ဘုန်းကြီး ...ကျောင်း ရောက်မှပင် အချိုးကျ၍ ဝပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရောက်စကနဲ့ မတူတော့ဘူး၊ ယဉ်လာကြပြီ။ ရောက်စတုန်းက ဘုန်းကြီးပေမဲ့ သူတို့ ထိုင်ပြီး ဦးချ စကားပြောတာ မဟုတ်ဘူး။ မတ်တတ်က အင်္ဂလိပ်လို ရှတ်ရှက်နဲ့ ပြောချင် ပြောတာ။ အခုတော့ အပုံကြီး ယဉ်ကျေးလာပါပြီ'

ဦးပဥ္ဇင်း အမိန့်ရှိသည့် အတိုင်းပင် ကျောင်းသက် နှစ်လလောက်ရလျှင် နူးညံ့ သိမ်မွေ့သွားကြသည်။ ရဟန်း သံဃာ အသုံးအနှုန်းလည်း နှောကျေအောင် သိသွားကြသည်။ လူမှုရေးရာတွင်လည်း ရှေးကလို မဟုတ်ကြ။ မြန်မာမှုကို သိလာသည်။ ယဉ်ပါးလာသည်။ မြန်မာစာ ဖတ်နိုင်လာ၍ အထူး အားရမိတော့သည်။

ကျောင်းထားစက ကျောင်းတွင် ဘယ်လိုများ နေကြသလဲဟု မနက်ဘက် ကျောင်းနားသို့ ကားနှင့် သွားချောင်းကြည့်သည်။

ဦးပဥ္ဇင်းက ရှေ့က သပိတ်ပိုက်လျက်။ မောင်ချစ်ရှိန်မှာ ဦးပဥ္ဇင်းနောက်မှ ဟင်းခွက်ခြင်းတောင်း ဆွဲကာ နေပူထဲတွင် ဆွမ်းခံလိုက်ရသည်။ လမ်းတွင် ကျွန်မကို မြင်မည်စိုး၍ ကားထဲတွင် ငုံ့လိုက်ကာ ခပ်မြန်မြန် ကျော်မောင်းခိုင်းရလေသည်။

၇

"နေအရုဏ်လင့်၊ အချိန်သင့်၍
ပွင့်ချင်းယှက်ငုံ၊ ကြာပဒုံကဲ့သို့
မွေးထုံထူးမြတ်၊ အရဟတ္တမဂ်ဉာဏ် ..."

'နားထောင်ပါ မေမေ၊ ဒါက ဘုရားကိုယ်တော်မြတ်ရဲ့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အဓိပ္ပာယ်ကို ရွတ်ပြတာ'

ကျောင်းက ဦးပဥ္ဇင်းများ စာအံ စာကျက်ကြသည့်အတိုင်း သံနိမ့်သံမြင့် ဆွဲငင်၍ မောင်ချစ်ရှိန် ရွတ်ပြပုံကို ကြည်နူးဆည် နားထောင်နေရသည်။

ကြက်တူရွေး စကားပြောသင်သလိုပင် မြန်မာစာနှင့် စကားကို တတ်မည် တတ်တော့လည်း လူနှင့် မလိုက်အောင် ဖွဲ့နွဲ့ သီကုံး ပြောချင်ကြသည်။

ဥပုသ်နေ့ တစ်နေ့တွင် ဘုန်းကြီးကျောင်းမှ ကျက်ခဲ့ရန် ပေးလိုက်သော စာကို အိမ်ပြင်က ကြားလောက်အောင် အော်ကျက်နေကြရာမှ ဘာစိတ်ကူးရသည် မသိ။ 'မေမေ ကျွန်တော်တို့ကို ဘယ်တော့ သင်္ကန်းဆီးမလဲ' ဟု မေးကြသည်။

'မင်းတို့ သင်္ကန်းဆီးချင်တယ်လား၊ နေပါဦး ... စာဖတ်တတ်တော့ ဆီးတာပေါ့ကွယ်' ဟု သူတို့အလိုကို နှစ်သိမ့်ရသည်။

ကျောင်းက ပြန်လာတိုင်းပင် ရှင်ပြုပေးရန် ပူဆာနေကြသည်။





'သင်္ကန်းတောင်းလည်း ကျွန်တော်တို့ ရပါပြီ၊ ပုတီးစိပ်လည်း ရပါပြီ၊ လိုင်ဆယ်ပါးလည်း သိပါပြီ။ ရှင်ပြုပေးပါတော့ မေမေ'

နားပူလွန်းအားကြီး၍ တစ်ညနေတွင် ဆရာတော်ထံသို့ သွားကာ သူတို့ အတွက် ပရိက္ခရာ ရှင်ဆောင် ဝယ်ပေးရန် လျှောက်ထားရပြီး၊ ရှင်ပြုမည့် နေ့ရက် ကို သတ်မှတ်ခဲ့ရသည်။

ကျောင်းမှအပြန် ကျွန်မနား ကပ်၍ မိုးဟိန်းက 'မေမေ လာတော့ ရှင်ပြု ရှင် ဆောင်းဖို့ ရွှေထီးတစ်လက်ပါ ယူခဲ့ပါနော်' ဟု မှာကြားလိုက်ပေသည်။

မိုးဟိန်း မှာလိုက်သော ရွှေထီးကို ယူမသွား၍ 'မေမေကလည်း ရှင်ပြုဘုန်း ဆောင်းရမှာ၊ ယူခဲ့ပါတော့' ဟု တဖျစ်ဖျစ် ပြောနေလေသည်။

သူတို့မှာ ပျော်မြူးနေကြလေသည်။ ယနေ့ သင်္ကန်းဆီးရတော့မည်။ ကျွန်မလည်း မည်သူ့ကိုမျှ မဖိတ်ကြားဘဲ တိတ်တဆိတ် ရှင်ပြုရမည်ကို ကိုယ့်ဟာ ကိုယ် သဘောကျ ကျေနပ်နေလေသည်။

ည ခုနစ်နာရီလောက် ရှိမည်။ ဘုရားဝတ်တက်ရန် ရိုက်ခတ်လိုက်သော ခေါင်းစည်သံသည် တညင်းညင်း သုတ်ဖြူးလျက်ရှိသော လေယဉ်ကို စီးလျက် ဝတ်ဝန်းကျင် ရှိရာအရပ်သို့ လွင့်၍လွင့်၍ နေလေသည်။

ကျယ်ပြန့်သော ကျောင်းဝင်းကြီး၏ ထောင့်တွင် သိမ်ကျောင်းကို ဆောက် ထားလေရာ၊ သိမ်ကျောင်းက ခေါင်းစည်သံမှာ ကျောင်းတစ်ဝင်းလုံး လွှမ်းနေအောင် မြည်လျက် ရှိသည်။

သိမ်ကျောင်းနှင့် မလှမ်းမကမ်းတွင် ဆရာတော် နေသော တစ်ထပ် သွပ်ချင်း ကျောင်းနှင့် ဆွမ်းစားကျောင်း၊ တစ်ဖက်တွင် စာသင်ကျောင်းလုပ်သော ဇရပ်နှင့် ဦးပဥ္ဇင်းများ သီတင်းသုံးသော ကျောင်းဆောင်များ ဖြစ်သည်။

လေမှာ သုတ်ဖြူးလျက် ရှိသည်။ သိမ်ကျောင်းမှ ဦးပဥ္ဇင်းများ ဘုရား ဝတ်တက်နေသော အသံများသည် လေထဲတွင် လွင့်မျောလာကာ ကြည်နူးစရာ ကောင်းလေသည်။

ကျောင်းဝင်း၏ အလယ်ဗဟိုရှိ မြေကွက်လပ်ကြီး၌ ကျွန်မ ထိုင်လျက် ဘုရားဝတ်တက်အပြီး သင်္ကန်းဆီးရမည့် သူတို့နှစ်ယောက်၊ ကိုရင်တွေ အတန်း လိုက် ဆောင့်ကြောင့်ထိုင်၍ ဘုရားဝတ်တက်နေကြပုံကို လှမ်းကြည့်နေသည်။ ယနေ့ည သေသောသူကို သတိရမိသည်။ သူများ ရှိလျှင် ...။

ကျောင်းပေါ်မှ ဦးပဥ္ဇင်းများ ဆင်းလာကြလျှင် မြေပေါ်မှ ထကာ ကျောင်း ပေါ်သို့ တက်လိုက်သွားလေသည်။

'ကိုင်း ... မင်းတို့ ရေချိုးကြ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် အမိန့်ရှိသည့်အတိုင်း ရေ အလျင် ချိုးကြရသည်။

'မင်းတို့ ပါးစပ်က ခေါင်းရိတ်ပေးနေတုန်း ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ... ဆိုနေ'

ဦးပဉ္စင်းနှစ်ပါးက သင်တုန်းဓားနှင့် သူတို့ခေါင်းကို ရိတ်ကြသည်။

ကျွန်မလည်း ဖြန့်ခံထားသော မျက်နှာသုတ် ပဝါပေါ်သို့ ကျလာသော ဆံပင်များကို တွေပြီး ကြည့်နေသည်။

ဆောင့်ကြောင့်ထိုင်၍ ခေါင်းကို ငုံ့ပေးကာ ဆရာတော် သင်ပေးသည့် အတိုင်း နှုတ်မှ တိုးတိုး ဆိုနေကြသည်။

ခေါင်းရိတ်ပြီးလျှင် ပရိက္ခရာရှစ်ပါး ရှေ့ချလျက်၊ တဘက်ကလေးတွေ ကိုယ်စီခြုံကာ လက်အုပ်ချီပြီး ဆရာတော်အား သင်္ကန်းတောင်းကြရသည်။

ထို့နောက် ဦးပဉ္စင်းများက သင်္ကန်းရုံပေးကြသည်။ သင်္ကန်းဝတ်ပြီး ဆရာတော် ထံ၌ သာမဏေ သီလယူကာ ကိုရင် ဖြစ်သွားကြတော့သည်။

ကိုရင်ဖြစ်ပြီး သူတို့လက်သို့ ပရိက္ခရာများကို ယူ၍ ကပ်လှူသည့်အခါ ကျွန်မကို မကြည့်ဘဲ ဣန္ဒြေကြီးနှင့် ခေါင်းငုံ့၍ လှမ်းယူကြသည်။

'မှတ်ထားနော်၊ မောင်ချစ်ရှိန် ဘွဲ့က သမ္ဗုဏ္ဏ၊ မိုးဟိန်းဘွဲ့က ပရိပုဏ္ဏ၊ မှတ်မိရဲ့လား'

'တင်ပါ့ဘုရား'

၈

ယနေ့နံနက် မိုးဟိန်း မွေးစားအမေ ဒေါ်ဒေါ်သိန်းက ကိုရင်နှစ်ပါးကို ဆွမ်းဖိတ် ကျွေး၍ ကိုရင်တွေကို ကံဘဲ့သို့ လိုက်ပို့ရသည်။

'ကြွပါ ကိုရင်တို့' ဟု ဒေါ်ဒေါ်က အိမ်ပေါ်မှ ဆီးကြို ဦးချပြီးမှ နေရာ ထိုင်ခင်း ပေးခြင်းကို ကိုရင်နှစ်ပါးလုံး ပြုံးစိစိနှင့် ကျေနပ်နေကြသည်။

'ကိုရင်တို့ ... ဘယ်နှရက် ဝတ်မှာလဲ ဘုရား'

'တစ်လလောက် ဝတ်မယ်လို့ မှန်းထားတယ် ဒကာမကြီး' ဟု ကိုရင် ပရိပုဏ္ဏက မိန့်မြွက်လေသည်။

ဒေါ်ဒေါ်မှာ သဘောကျသလို အားရပါးရ ဟားတိုက် ရယ်မောလိုက်ပြီးမှ မျက်နှာပိုးသတ်လျက် 'တပည့်တော် ဝမ်းသာလိုက်တာဘုရား၊ ကျောင်းမဖွင့်ခင် ဝတ်နေဦးပေါ့ ဘုရား။ ကိုရင် ပရိပုဏ္ဏတို့ ကျောင်းဖွင့်တော့ ဘယ်ကျောင်းမှာ နေကြမှာလဲ'

'ကိုရင်တို့ စိန်ပေါ်ကျောင်းမှာ နေရမတဲ့'

သီဟရတနာစာပေ



'အမေရိကား သွားပညာသင်ချင်တာ မသွားတော့ပါဘူး ဒကာမကြီးရယ်'

ယခုတစ်ကြိမ်တွင် ဒေါ်ဒေါ်သာ မဟုတ်၊ ကျွန်မပါ မရယ်ဘဲ မနေနိုင် တော့ပေ။ သူတို့ အဖြစ်ကို တစိမ့်စိမ့် တွေး၍ တခစ်ခစ် ရယ်နေမိသည်။

'ရောက်တဲ့အခါ တပည့်တော်ကို ကိုရင်လေးက တရားဟောသွားပါဦး ဘုရား၊ တပည့်တော် တရားနာချင်လို့ပါ'

ဒေါ်ဒေါ်လည်း လက်အုပ်ချီ၍ တရား နာယူမည့် အမူအရာဖြင့် နားစွင့် နေလေသည်။

'ဒကာမကြီး ... ကိုရင် ဟောမယ်၊ နားထောင် ဒကာမကြီး ... ဒေါသ ကြီးတတ်တာဟာ မကောင်းဘူး၊ အပါယ်ငရဲ ကျတတ်တယ်။ ဒေါသဆိုတာ ဘုသိုလ် မဟုတ်ဘူး၊ အကုသိုလ်လို့ ခေါ်တယ်။ ငရဲကြီးမှာ မကြောက်ဘူးလား။ ဒီတော့ ကိုရင် ဟောတဲ့အတိုင်း ဒေါသတရား မထားပါနဲ့'

ကျွန်မမှာ အူနှိပ်နေရင်း မဖြစ်ချေဘူးဟု ကိုရင်တွေကို ထားခဲ့ကာ ဆောက်ထော်သို့ ပြန်လစ်ခဲ့ရသည်။

နေ့ဆွမ်း စားပြီးချိန်လောက်တွင် ကျောင်းပြန်ပို့ရန် အတွက် ကံဘဲ့သို့ ကိုရင်တွေကို ကားအကြို လွှတ်လိုက်သည်။

အိမ်ရောက်ကြသောအခါ ခဏတစ်ဖြုတ် နား၍ ကျောင်းသို့ ပြန်မည် ပြောကြသည်။

ကျောင်းအပြန် ကားပေါ် မတက်ခင် ဣန္ဒြေကြီးနှင့် ထေရ်ကြီးဝါကြီးလို ခေါင်းငုံ့နေသော ကိုရင်သမ္ဗုဏ္ဏအား 'ကိုရင် စကားလည်း မပြောဘူး၊ စကား ပြောပါဦးလေ၊ ဘာလိုချင်သလဲ ကိုရင်' ဟု မေးလိုက်လေသည်။

'ကိုရင့် ဆောင်းပါး ရှုမဝက ဘယ်တော့ ထည့်မှာလဲ ဒကာမကြီး၊ ရှုမဝ ဘထွာရတော့ လိုရင် ဒကာမကြီးက ဖြည့်ပြီး ဘိုင်စကယ် ဆက်ဆက် ဝယ်ထား လိုက်ပါ'

ရင်ထဲတွင် အလိပ်လိပ် တက်လာ၍ ကိုရင့်ရှေ့တွင် မရယ်မိအောင် မနည်း ထိန်းချုပ်ဆည်လိုက်ရသည်။

[ ရှုမဝ၊ နှစ် ၁၉၆၃ ]

www.burmeseclassic.com

www.burmeseclassic.com

# ဆယ်နှစ်

၁

ဆောင်းပါးရေးမည်ဟု စာရွက်ပေါ်၌ ဤခေါင်းစဉ်ကို ရေးလိုက်သည်။ ခေါင်းစဉ် ရေးပြီးနောက် စာတစ်ကြောင်းမှ မဖြစ်။ **ဆယ်နှစ်**ဟု ရေးချလိုက်သော စာလုံးကလေးများကို ငေးငိုင် စိုက်ကြည့်လျက် အချိန်သာ ကုန်ကာ မရေးနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ရေးမည်ဟု ကြံခဲ့သောနေ့မှာ ဦးချစ်မောင် သေပြီး ဆယ်နှစ်မြောက် အထိမ်းအမှတ် ပြုလုပ် ပြီးစီးသွားသော ၁၃၁၇ ခု တန်ခူးလဆန်း နှစ်ရက်နေ့ ညက ဖြစ်၏။ ခေါင်းစဉ်သာ ရေးသားလျက် စာတစ်ကြောင်းမှ မဖြစ်ခဲ့သော ကော်ပီစာအုပ်သည် ကာလအတန်ကြာအောင် ပျောက်ကွယ်လျက် ရှိချေ၏။

ကုန်ဆုံးခဲ့သော ဆယ်နှစ်မြောက် ၁၃၁၇ ခု တန်ခူးလဆန်း နှစ်ရက်နေ့မှ ၁၃၁၈ ခု တန်ခူးလ ကျော်သွားသည့်တိုင်အောင် **ဆယ်နှစ်**ဟု ခေါင်းစဉ် ရေးထားခဲ့သော ယင်းစာအုပ်ကို မတွေ့မမြင်ဘဲ ရှိမိသည်။

တရုတ်ပြည်မှ ပြန်ရောက်လာသောနေ့ ညက ဤစာအုပ်ကို ယူနီဖောင်းသေတ္တာထဲ၌ သွားတွေ့ရ၏။ ပွရောင်း ရှုပ်ထွေးနေသော အထည်ပုံ ကြားထဲမှ ဤစာအုပ်သည် ထွက်တော်မူလာလေသည်။

**ဆယ်နှစ်**ဟု ရေးထားသော စာလုံးများကို စိုက်ကြည့်လျက် ရှိသော မျက်လုံးသည် လှုပ်ရှားခြင်း မရှိ။ စာရွက်ကို ကိုင်ထားသော လက်သည် လေငန်းဖြတ်၍ အကြောဆွဲနေသော လက်ကဲ့သို့ တဆတ်ဆတ် တုန်နေသည်။ ရင်ထဲ၌ ရှိုက်လျက် လှိုက်လျက်ဖြင့် ငေးစိုက်လျက် ရှိနေ၏။

ခေါင်းစဉ်ကို ရေးလျက် စာကြောင်း မဖြစ်ခဲ့သော အကြောင်းအရာများသည် စုပေါင်း ပေါ်လာကြလေ၏။ ပေါ်လာကြသည့် သဏ္ဌာန်များကို မြင်ပုံမြင်နည်းသည် တစ်မျိုးတစ်ဖုံ ဖြစ်နေပေ၏။ ပေါ်လာသမျှတို့သည် အသက်ဝင်၍ လှုပ်ရှားနေကြကာ၊ ကျွန်မအဖို့မူ အသက် မရှိသူနှင့် တူလှပေ၏။ စိတ်ထဲ၌ မှောင်အတိ ကျသွားလျက် ပတ်ဝန်းကျင်ကိုလည်း သတိမရှိ၊ ကိုယ့်ကိုယ်ကိုယ်





လည်း အမှတ်မရှိ၊ မှောင်ဖုံးလျက် ရှိလေကာ ညမှောင်ထဲ၌ လူးလွန့်နေသော သဏ္ဌာန်ကလေး တစ်ခုကို မြင်နေရပေသည်။

ထိုသဏ္ဌာန်သည် လွန်ခဲ့သော အတိတ်က ကျွန်မ ဖြစ်ခဲ့၏။ လွန်ခဲ့သော အတိတ်က ကျွန်မကို ယခု ကျွန်မ ပြန်မြင်ရသောအခါ တစ်ပါးသူတစ်ယောက်ကဲ့သို့ လှမ်းချွာမြင်နေသော အမြင်တစ်မျိုး မြင်နေလေသည်။ ကျွန်မမှာ ရုပ်ရှင်ကားကောင်း တစ်ခုကို ထိုင်ကြည့်နေရသည်နှင့် မခြား၊ စိတ်ဝင်စားလျက် ရှိတော့၏။ မျက်စိထဲ စ၍ ပေါ်လာသည်ကား မှောင်မှောင်မည်းမည်းထဲ၌ လဲလျောင်း လူးလွန့်နေသော သဏ္ဌာန်က စ လေသတည်း။

၂

ကျွန်မသည် မှောင်ထဲ၌ လဲလျောင်းရင်း မျက်လုံးမှိတ်ကာ လူးလွန့်နေလေ၏။ နှေးဟောင်သံကို ကြားလိုက်ရသည်။ ကျွန်မ ခေါင်းရင်း၌ ခွေးတစ်ကောင် ထဟောင်နေသည်။ အဝေးက မောင်းလာသော ကားသံမှာ တဖြည်းဖြည်း ကျွန်ုပ်ခနားး ရောက်လာကာ ကျွန်မကို သီသီကလေး ပွတ်သွားလေသည်။ လေအဟုန်ဖြင့် ကတ္တရာစေးလမ်းနှင့် ဘီးနှင့် လိမ့်ပွတ်လာသော ဆိုက်ကားသံမှာလည်း ကျွန်မ ကိုယ်ပေါ်မှ ဖြတ်ကြိတ်နင်းသွားတော့မည့် အတိုင်းပင်။ ကျွန်မ စိတ်ထဲ၌ ကျွန်မမှာ ပေတစ်ရာလမ်းဘေး ပလက်ဖောင်းပေါ်၌ လှဲအိပ်နေဘိသကဲ့သို့ ထင်အားမိသည်။

ကျွန်မ အိပ်နေသော ဇရပ်နှင့် ပေတစ်ရာ လမ်းမမှာ တစ်သားတည်းကဲ့သို့ ဆက်ပြင်တည်း နေသည်။ လမ်းဘေး ပလက်ဖောင်းမှာ ကျွန်မ အိပ်နေသော နေရာနှင့် တစ်ပြေးတည်း ဖြစ်လေသည်။

ကျွန်မ ရောက်နေသော နေရာသည် ရွှေတိဂုံဘုရား ခြေရင်းရှိ ပုလိပ်စခန်းကြီးဟောင်း ဦးဘရှိ၏ အောင်မင်္ဂလာဇရပ်ကြီး ဖြစ်သည်။ ဇရပ်ထဲ၌ ရှင်းလင်းချက် သားမွေးကော်ဇောကြီးများ ခန်းပြည့်ခင်းထား၏။ နံရံ၌ ကပ်လျက်ရှိသော စင်မြင့်ပေါ်၌ ကွယ်လွန်သူ ဦးချစ်မောင်၏ ပန်းချီပုံကားကြီး ထောင်ထားကာ ပန်းခက်ပန်းကုံးများ ဝန်းရံ ခွေပတ်ထားလေသည်။

ဇရပ်နောက်ခန်းထဲ၌ မီးရောင်ကလေး လင်းနေလျက်၊ ဇရပ်ထဲတွင် မီးမှိတ်ထား၍ မှောင်နေသည်။

ကျွန်မသည် လမ်းပေါ်မှ ဖြတ်သန်းသွားလာနေသော အသံဗလံများကြောင့် မအိပ်နိုင်ဘဲ လူးလွန့်နေရာမှ ငေါက်ခနဲ ထ ၍ ထိုင်လိုက်လေသည်။ ကျွန်မ ဘေးတွင် ချစ်ခင်သော အစ်မကြီးတစ်ယောက် အိပ်နေ၏။ ခန်းလုံးပြည့်



www.burmeseclassic.com

www.burmeseclassic.com



ခင်းကျင်းထားသော ကော်ဇောများပေါ်တွင် စီးတန်းလျက် တချို့၊ တချို့လည်း ခေါင်းချင်းဆိုင်ကြလျက် အိပ်စက်နေကြသော သူများကို လမ်းမီးရောင်များဖြင့် မှိုးတိုးဝါးတား မြင်နိုင်၏။

မောင်သိန်းတန်နှင့် မိုးဟိန်းမှာ ကျွန်မ ခေါင်းရင်း၌ ကန့်လန့် အိပ်နေကြ၏။ မခင်လေးမြင့်မှာ ခပ်လှမ်းလှမ်းတွင် သူ့အဒေါ်များနှင့် တန်းစီ အိပ်နေလေ၏။

ဆယ်နှစ်မြောက် အထိမ်းအမှတ်ပွဲအတွက် အရုဏ်တက်တွင် သက်ေ့ သံဃာတော်တို့အား ဆွမ်းကပ်လှူရန်၊ ထို့ပြင် ဦးချစ်မောင်၏ မိတ်ဆွေသင်္ဂဟ များအား နံနက်စာ ထမင်းနှင့် ချိုချဥ်ခဲဖွယ်များ ကျွေးရန်၊ အစစ စီမံ ပြင်ဆင်ရခြင်း ဖြင့် ညဥ့်နက်မှ အိပ်ကြရလေရာ အားလုံး အိပ်မောကျလျက် နေကြလေ၏။

ကျွန်မသည် ပန်းခက်ပန်းပွင့်များ ကြားမှ မိုးတဝါး မြင်ရသော ပန်းချီ ကားကြီးကို လှမ်းကြည့်နေလေ၏။

အဝေးမှ ခွေးဟောင်သံများ ထွက်ပေါ်လာသည်။ ဇရပ်ပတ်လည်၌ရှိသော ခွေးတို့သည် တစ်ပြိုင်တည်း လိုက်၍ ဟောင်ကြအူကြလေသည်။ ဆိုးဝါးလှသော ခွေးအူသံများ အုန်းကျွက် ဆူညံလျက် ရှိနေ၍ ထိုင်ရာမှ ထ သွားသည်။ ဇရပ် သံတံခါး အပြင်မှ ခွေးများကို မောင်းနှင်ပစ်သည်။ ခွေးအူသံများမှာ မစဲနိုင်ဘဲ တိုးအူနေကြ၏။ ကျွန်မသည် သံတံခါးနား၌ ရပ်လျက် လမ်းတစ်ဖက်သို့ လှမ်း မျှော်ကြည့်မိသည်။ လမ်းတစ်ဖက်၌ ဝတ်ရုံ ညိုမည်းကြီး လွှမ်းလျက် ဇရာမ သတ္တဝါကြီးနှင့် တူလှသော စတုဒိသာ ဇရပ်ကြီးသည် ကုန်းကုန်းကြီး ဝပ်တွား ဆိတ်သုဥ်းလျက် ရှိ၏။ သံတံခါးနား၌ အသံကုန် ဟစ်လျက် အူနေသော ခွေးအူသံ ကြီးကို အဖော်ပြုလျက် စတုဒိသာ ဇရပ်ကြီးကို မျှော်ကြည့်ရင်း စိတ်ထဲ လှုပ်ရှား လာလေသည်။

ကျွန်မ စိတ်ထဲ၌ လှုပ်ရှားလာသည်နှင့်အမျှ ကုန်းကုန်း ဝပ်တွားနေသော ဇရာမ သတ္တဝါကြီးလည်း လှုပ်ယမ်းလာကာ၊ ကြည့်ရင်းကြည့်ရင်းပင် ကိုယ်ပေါ်မှ ဝတ်ရုံမည်းကြီးသည် တစ်စစ ကွဲဟလာသည်။ ကွဲဟသွားသည့် အတွင်း၌ မီးရောင် များသည် ထိန်လင်း ထွန်းတောက်လျက် ရှိနေသည်။

လူ့သေ၏ အလောင်းကို မွမ်းမံ ပြင်ဆင်ထားသော မသာခုတင်ကို မီးရောင်အောက်၌ ထင်းထင်းကြီး တွေ့ရလေသည်။ ခုတင်အထက်တွင် ဖဲစအနုတ် များဖြင့် နဖူးစည်းလုပ်၍ ပိုးပဝါဖြူများ ပတ်ရုံချကာ ပိုးပဝါလိုက်ပေါ်၌ ဖဲပွင့် အနက်များ တပ်ဆင်ထားသည်။

ခုတင်ပေါ်မှ လူ့သေ၏ မျက်နှာမှ ပိန်ချုံးဟောက်ပက်လျက် ရှိကာ





ညိုးခြောက်နေ၏။ ကိုယ်ပေါ်၌ ယောလုံချည်အနက်၊ ပင်နီအင်္ကျီ လွှမ်းဆင်ထား သည်။ သေသူ၏ မျက်နှာမှာ မှတ်မိနိုင်စရာ မရှိအောင် ပျစ်ထူနေသော ပါးမြိုင်း မွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ဖုံးအုပ်နေလေသည်။

မသာခုတင်ဘေးတွင် ခုတင်ပေါ်၌ ခေါင်းကို စောင်းတင် မှီထားကာ ထိုင်နေသော သူကိုလည်း မြင်မိသည်။ မသာခုတင်နှင့် မလှမ်းမကမ်း၌ ပိုးလိုး ပက်လက် အိပ်စက်နေသော လူမမည်ကလေး သုံးယောက်လည်း တွေ့ရလေ ၏။ ကလေးသုံးယောက်မှာ ခုနစ်နှစ်သမီး အရွယ်နှင့် ငါးနှစ်၊ လေးနှစ်သား အရွယ်များ ဖြစ်ကြသည်။

စတုဒိသာဇရပ်ထဲက မသာခုတင်ဘေးတွင် ခေါင်းတင်လျက် မှီထိုင်နေ သော အကြင်သူနှင့်၊ အောင်မင်္ဂလာဇရပ်ကြီးထဲ၌ သံတိုင်သံတံခါးကို ကိုင်လျက် ရပ်ကြည့်နေသော ကျွန်မနှင့် ကတ္တရာစေး လမ်းမကြီး ခြားနေလေသည်။

ကျွန်မသည် ဇရပ်နှစ်ဆောင် ကြားမှ ပေတစ်ရာလမ်းကို သဲသဲမဲမဲ စိုက်ထွေ ကြည့်ပြန်လျက် ရင်ထဲ၌ လှုပ်ရှားလာလေ၏။

ဇရပ်နှစ်ဆောင် ကြားတွင် ခြားထားသော ဤလမ်းသည် တစ်ဆောင်နှင့် တစ်ဆောင်သို့ ဖြတ်ကူးသွားရန် အမြင်အားဖြင့် ဘယ်လောက်မျှ မဝေးလံလှလျက်၊ ကျွန်မမှာ စတုဒိသာဇရပ်မှ အောင်မင်္ဂလာဇရပ်သို့ ရောက်လာအောင် ဆယ်နှစ် ကာမျှ ကူးလျှောက်ခဲ့ရလေ၏။

ကျွန်မသည် စတုဒိသာ ဇရပ်ထဲမှ မသာခုတင်ပေါ်က သေသူ၏ ရုပ်အလောင်းကိုလည်း မြင်လေ၏။ အောင်မင်္ဂလာဇရပ်ထဲရှိ စင်မြင့်ပေါ်မှ သေသူ ၏ ရုပ်ပုံကားကြီးကို လှည့်၍ ကြည့်လေ၏။ စတုဒိသာဇရပ်ထဲ၌ ခုနစ်နှစ်၊ ငါးနှစ်၊ လေးနှစ်ရွယ်ရှိ ပိုးလိုးပက်လက် အိပ်စက်နေသော ကလေးတို့လည်း အောင်မင်္ဂလာဇရပ်ထဲ၌ ၁၇ နှစ်၊ ၁၅ နှစ်၊ ၁၄ နှစ်အရွယ် ပိုးလိုးပက်လက် အိပ်စက် လျက် နေကြကုန်၏။

စတုဒိသာ ဇရပ်ကြီးထဲ၌ ရှိလေသော ကျွန်မသည် ရှေ့ရေးကို အတော် သေတ် တွေးပူနေလေ၏။ ဒီကလေးတွေနှင့် ရှေ့လျှောက်သွားရမည့် ဘဝခရီးကို တွေးစားဝံ့သလောက် စိတ်ပျက် အားလျော့လျက် ရှိနေ၏။ ဇရပ်ထဲ၌ အခွေး ကြီး ဆွေးနေသူ၊ အပူကြီး ပူနေသူ၊ ခေါင်းမီးလောင်လျက် ပရိဒေဝမီးတောက်နေ သူကို လမ်းတစ်ဖက်ရှိ အောင်မင်္ဂလာဇရပ်မှ ပြန်၍ မျှော်ကာ ကြည့်ကာ ကျွန်မ ရင်ထဲ၌ မချမ်းမသာ ဖြစ်လာတော့၏။

ကျွန်မသည် ဇရပ်သံတံခါးမှ ခွာလိုက်ကာ ကျွန်မနေရာသို့ ပြန်လျှောက် လာခဲ့သည်။ ကော်ဇောပေါ်၌ လှဲလိုက်ကာ နဖူးပေါ် လက်တင်လျက် သက်ပြင်း ကြီး ချမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စတုဒိသာစာရပ်မှ အစချီ၍ ဆယ်နှစ်အတွင်း ကျင်လည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များသည် ပြန်၍ မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်လာလေသည်။ ဆယ်နှစ်ခရီးကို အစအဆုံး ပြန်လည် ဆင်ခြင် သုံးသပ်ကြည့်နေမိလေသည်။

ဆယ်နှစ်အတွင်း ဝမ်းနည်းစရာ၊ စိတ်ညစ်စရာ၊ ထိတ်လန့်စရာ၊ ငိုချင်စရာ၊ သေချင်စရာတွေနှင့်တကွ ခရီးလမ်းတစ်လျှောက်လုံး လှိုင်းတံပိုးတို့ ပုတ်ခတ်လျက် ရှိသော ဘဝကို ဆယ်နှစ်ပတ်လုံး ရင် မ လျက် လူးလဲ ဖြတ်ကျော်ခဲ့စဉ် တစ်ကွေ့တစ်လှည့်တွင်လည်း ဝမ်းသာစရာ၊ အားတက်စရာ၊ ပျော်ရွှင်စရာတို့နှင့် တိုးမိတိုက်မိလျက် ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက်ဖြစ်လိုက် ဖြစ်ပျက်နေသော ဘဝ၏ အဆိုးအကောင်း အကျိုးအပြစ်များကို ခရေစေ့တွင်းကျ ပြန်လည် ထင်မြင်ကြည့်သောအခါ ...။

## ၃

သူသည် ပစ္စည်းသခါ၊ လူသခါရဆိုသော တရားကို ထားခဲ့ကာ ကွယ်လွန်သွားလေသည်။ ကျွန်မသည် သူ သေပြီးနောက် သူ ထားခဲ့သော သည်တရားကို ခေါင်းထဲမှ မထွက်လေအောင် သံမှိုနှက်ထားလိုက်သည်။ ပစ္စည်းသခါ၊ လူသခါရ ဆိုသော တရားသည် သူ သေပြီး ကျန်ရစ်ခဲ့သော သူ့ပစ္စည်းဆိုလျှင်လည်း ဟုတ်မှန်ပေ၏။

သူ မသေမီ သုံးလလောက်က ကျွန်မတို့၌ ကျောအောက်၌ ခင်းအိပ်စရာ ဖျာပင် မရှိသလောက် အဖြစ်ဆိုးနှင့် အလျင် ကြုံရလေသည်။ ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးကို ဗုံးကြဲစဉ်က ကျွန်မတို့မှာ ပြည်လမ်း၌ နေမိ၍ လမ်းထဲမှ အမြန် ထွက်သွားရန် ဂျပန်များက မောင်းထုတ်ကြ၏။ အိမ်ရှိ ပစ္စည်းများကို ပစ်ခဲ့ရကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဂျပန်အလောင်းတွေကို ကျော်လွှား၍ ပြည်လမ်းမှ ထွက်ပြေးကြရ၏။ သိမ်ချောင်းရွာကလေးတွင် ဖြစ်သလို သွားနေကြရ၏။ မြေအိုးမြေခွက်နှင့် ဖျာတစ်ချပ်ရှာကာ စာအုပ်များကို ခေါင်းအုံး၍ အိပ်ကြရသည်။ ကျွန်မမှာ ရန်ကုန် ပြည်လမ်း၌ ကျန်ခဲ့သော အိမ်ကြီးနှင့် အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို နေ့ရှိသရွေ့ မက်မောတမ်းတလျက် နေသည်။ ဂျပန် မပြေးမီကလေး ရန်ကုန်အိမ်ရှိ ပစ္စည်းတွေကို သိမ်ချောင်းရွာသို့ သယ်ထားရန် သူ သွားယူသည့်အခါ၌ လူစုလူဝေးကြီးသည် ကျွန်မတို့အိမ်ကို ဂျပန်အိမ် ထင်မှတ်ကြကာ အိမ်သော့ခလောက် ဖွင့်လျှင်ဖွင့်ချင်း အလုံးအရင်းနှင့် အတင်းဝင် လုယူကြလေ၏။ သူသည် ပြောင်ရှင်းသွားသော အိမ်ကြီးထဲမှ နံရံချိတ်ထားသော နာရီနှင့် ပိုင်ရှင် မရှိသော ခွေးတစ်ကောင်ကို ကြိုးချည်၍ ထွက်ခဲ့ကာ သိမ်ချောင်းရွာသို့ ပြန်ခဲ့လေ၏။





ကျွန်မမှာ ကိုးနှစ်ကာလပတ်လုံး စုဆောင်းရသော အိမ်ထောင်ပစ္စည်းတွေ ... အဝတ်အထည် အမြောက်အမြား တစ်နေ့တည်းနှင့် ပြောင်သလင်းခါသွားပုံကို ... လျက် ရှိရာ သူက ပစ္စည်းသခါ၊ လူသခါရဟု တရားချသည်။

အင်္ဂလိပ်စစ်တပ် ဝင်လာ၍ သိမ်ချောင်းရွာမှ ရန်ကုန်သို့ ကူးခဲ့ကြကာ ...၌ အဒေါ်အိမ်နားရှိ အိမ်လွတ်တစ်အိမ်ပေါ်သို့ ထိုးတက်ကြရသည်။ အဒေါ် ... ခေါင်းအုံး၊ ဖျာ မှုကာ သူ့အိမ်မှ ထမင်းချက်ပို့ပေးသည်။ စာပုံနှိပ်စက်ကလေး ...လုံး လိုက်ရှာဝယ်ကာ ဂျာနယ်ကျော် ထုတ်လေ၏။

အိမ်ထောင်ပစ္စည်းများကို ပြန်၍ အစားမထိုးထောင်ရသေးမီ ဂျာနယ်ကျော် ...၍ (သုံး လေးလ အလွန်တွင်) သူ ကွယ်လွန်သွားပြန်လေတော့သည်။

ကျွန်မကို မကြာခဏ တရားချလေသော ပစ္စည်းသခါ၊ လူသခါရ ...သော တရားအတိုင်း ပစ္စည်းတွေ ရှေ့က ကုန်ဆုံးလျက်၊ နောက်က လူပါ ...၍ သွားသဖြင့် သူ့တရားထက် စစ်သည့် မှန်သည့် တရား မရှိချေ။

စတုဒိသာ ဇရပ်က ထွက်ခဲ့သော ခရီးအစ၌ ကျွန်မနှင့် ခေတ္တ အတူ ...နေသူ ပန်းချီဆရာကြီး ဦးအုန်းလွင်က 'မမလေး ... ဘဝ ဒီက စပြီ၊ ...သစ်ကို စ ပေတော့' ဟု ဆိုလေ၏။

ဘဝကို မည်သို့ စ လာခဲ့ရပုံများသည် မျက်စိထဲ တရေးရေး ပြန်၍ မြင် ...လာလေ၏။

အိုးအိမ်ထောင် ပြန်တည်မည်။ ဂျာနယ်ကျော် ဆက်ထုတ်မည်။ သူ ထုတ် ...သော **ပြည်သူ့ဟစ်တိုင်** သတင်းစာလည်း ထုတ်ဖြစ်အောင် ထုတ်မည်။ ကလေး ... ပညာသင်မည်။

ကျွန်မသည် ဘဝသစ်ကို ဒီအတိုင်း ပုံစံဇယား ချသည်။

ကျွန်မ၏ စိန်ထည်ပစ္စည်း လက်ဝတ်လက်စားများကို လက်ကိုင်ပဝါဖြူ ...နှင့် ထုပ်လျက် ရောင်းချရန် အနောက်ပိုင်းသို့ သွားရ၏။ အနောက်ပိုင်းတွင် ...မ မိဘများနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေ တရုတ် သူဌေးလင်မယား ...သည်။ သူတို့သည် ကျွန်မ လက်ဝတ်လက်စားများကို မြင်လျှင် ကြက်သေ ...ကာ မျက်နှာပျက်သွားကြလေ၏။ 'ဒါတွေ မရောင်းပါနဲ့၊ ဒီပစ္စည်းတွေဟာ ...တွေက တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ပေးနိုင်တာ မဟုတ်ဘူး။ တစ်ခုပြီး ...ခု တဖြည်းဖြည်း စုပြီး လုပ်ပေးခဲ့ရတာတွေ မရောင်းပါနဲ့၊ ဒါတွေ ပြန်ဖြစ် ...ဖို့ အားကြီး ခဲယဉ်းတယ်'

ကျွန်မမှာ သတင်းစာ ထုတ်ရန် ငွေရင်းလိုနေ၏။ မြို့ထဲတွင် အလုပ်တိုက် ...ရန် နေရာလိုသည်။ လူနေရန်လည်း နေရာလိုသည်။ ဂျာနယ်နှင့် သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် စာပုံနှိပ်စက်နှင့် စာခုံများ လိုသည်။ အိုးအိမ်ထောင် ပစ္စည်းများလည်း အစား ထူရဦးအံ့။

ကျွန်မက ကြိုက်ရာ ဝယ်ရန် ဖွတ်ရောင်းနေ၏။ သူတို့က မဝယ်ရက်ဘဲ ခေါင်းခါနေကြလေသည်။

နောက်ဆုံး၌ စိန်ထုပ်ကို ပြန်ပေးလိုက်ကာ ငွေတိုး အသင့်အတင့်နှင့် ငွေချေးကြသဖြင့် သူတို့ထံမှ ငွေငါးထောင် စ ထုတ်ခဲ့လေသည်။

လမ်း ၄၀ ၌ အုတ်ခုံကြီး ရှိနေသော သုံးထပ်တိုက်ကြီး တစ်လုံးကို အမိုး ကာ နေဖြစ်အောင် တစ်တိုက်လုံး ပြန်ဆောက်ရလေ၏။ စာပုံနှိပ်တိုက်ကို လမ်း ၄၀ ၌ ထားသည်။ ပန်းဆိုးတန်း၌ အထပ်နှစ်ထပ်တွင် အပေါ်ထပ်၌ လူနေ၍ အောက်ထပ်၌ ရုံးခန်းဖွင့်သည်။ ပန်းဆိုးတန်း တိုက်ဟောင်း၌ ခေတ္တ လာစဖွင့်သော "ရိုး" ကုမ္ပဏီတိုက်မှ ကျွန်မ နေမည့် အိမ်ခန်းနှင့် အကွက်ကျ သင့်လျော်မည့် အိမ်ထောင်ပစ္စည်းသစ်များဖြင့် အိမ်တစ်ဆောင် မီးတပြောင်ဖြစ်အောင် ဖန်တီး လိုက်သည်။

သူ့မသေမီ တစ်လလောက်က သတင်းစာထုတ်ရန် ရည်ရွယ်၍ သက်နှင်း ကျွန်းက ကုလားတစ်ဦးထံမှ စာပုံနှိပ်စက်ကြီး တစ်လုံးနှင့် စက်ကလေး တစ်လုံး ကို အဖိုးငွေ ခုနစ်ထောင်နှင့် ဝယ်ကာ ကန်ဘဲ့ အဒေါ်အိမ်အောက်၌ ပုံထားခဲ့ လေသည်။

လမ်း ၄၀ ၌ တိုက်ပြင်ဆောက်ပြီးနောက် အဒေါ်အိမ်အောက်၌ ပုံထား ခဲ့သော ပုံနှိပ်စက်များကို ဆင်စေသည်။ ကျွန်မမှာ သတင်းစာထုတ်ရန် အတော် စိုင်းပြင်းရလေ၏။ နေရေးထိုင်ရေး၊ အလုပ်အကိုင် နေရာတကျ ဖြစ်ရေးအတွက် အစဦးတွင် အတော်ကြီး လုံးပန်း စိုင်းပြင်းရလေသည်။

အသက် နှစ်ဆယ့်ရှစ်နှစ်တွင် မုဆိုးမ ဖြစ်ရလေရာ အရွယ်ငယ်သေး၍ တစ်ကိုယ်တည်း မနေရန် ကန့်ကွက်ကြသည်။ ကိုယ်ချည်း မနေဘဲ လူမြင်လျှင် တင့်တယ်အောင် လူကြီးသူကြီး ဆွေမျိုးများကို ခေါ်၍ အတူတူနေရန် အစ်ကို အစ်မများက ဩဝါဒ ပေးသည်။ ကျွန်မတို့ အမျိုးထဲ၌ လူလွတ်ကိုယ်လွတ် လာနေနိုင်သူမျိုး တစ်ဦး တစ်ယောက်မျှ မရှိချေ။ မိသားတစ်စု သို့မဟုတ် ကိုယ့် အလုပ်အကိုင်နှင့်ကိုယ် စုံတွဲရှိသူများသာ ရှိလေသည်။

လူမြင်လျှင် တင့်တယ်အောင် ဆိုကြ၍ တင့်တယ်ရေးအတွက် ဆွေမျိုး ထဲမှ ဦးကြီးနှင့် အဒေါ်ကို ကျွန်မနှင့် အတူတူ လာနေရန် တောင်းပန်ရသည်။ ဘိုကလေး၌ရှိသော သူတို့ဈေးဆိုင်ကို ဖျက်သိမ်းစေ၍ ကျွန်မအိမ်တွင် အတူ





နေပါ၊ အိမ်ဦးခန်းတွင် နေပါ၊ လှူဖို့တန်းဖို့ သုံးစွဲဖို့ တစ်လ ငွေတစ်ရာ ပေးမည်ဟု တာဝန်ခံ ခေါ်ရ၏။

တိုက်နှစ်တိုက်စလုံးအတွက် အစစ အရာရာ စီစဉ် နေရာချပြီး ကန်ဘဲ့မှ ပန်းဆိုးတန်းသို့ ပြောင်းလာခဲ့၏။ ကျွန်မမှာ အိမ်ထောင်ပစ္စည်းသစ်တွေကို ကြည့် ပြီး ဘဝ ပြောင်းသွားသူပမာ ဖြစ်ကာ တစ်ယောက်တည်းပါကလားဟု ရင်ထဲ၌ ဟာသွားလေသည်။ ကျွန်မ၌ အလုပ်တစ်ဖက် ရှိသဖြင့် ကလေးများကို ကိုယ်တိုင် ကောင်းကောင်း ကြည့်ရှု ကျွေးမွေး သုတ်သင် လုပ်မပေးနိုင်ရကား၊ အိပ်ရာလိပ် ခြင်ထောင်ကလေးတွေ ကိုယ်စီကိုယ်ငြဖြင့် စိန့်ဂျွန်းကွန်ဗင့်ကျောင်းသို့ ကျောင်းအိပ် ကျောင်းစား ပို့လိုက်ရလေ၏။ ဒီကြားထဲ အစ်ကိုအကြီးဆုံးတစ်ယောက်မှာ အလုပ် အကိုင် ပြုတ်လျက် နေ့မလင်း ညမလင်း သောက်စား မူးယစ် ပေတေနေကာ၊ သမီးအကြီးကို ကျောင်းထားပေးရန် ကျွန်မထံသို့ ပို့လိုက်ပြန်၏။ ကျွန်မမှာ ကိုယ်လက်ပေးသည့်အတိုင်း ရှိစေတော့ဟု အောက်မေ့ရကာ ကလေးသုံးယောက် ဆိုင်ခဲ့သော မကဘဲ သူ့သမီးပါ စိန့်ဂျွန်းကွန်ဗင့်ကျောင်း၌ ကျောင်းအိပ်ကျောင်းစား ထားပေးရသဖြင့် ကလေး လေးယောက် တာဝန် ဖြစ်လာချေ၏။

လမ်း ၄၀ ပုံနှိပ်တိုက်၌ သတင်းစာ ရိုက်ရန် စက်များ ပြင်ဆင်၍ ပြီးသွား ၏၊ ဆင်ပြီးပြီးချင်း ရန်ကုန်ဂေဇက်တိုက်က ကျွန်မ တိုက်တွင် ဆင်ပြီးသော ပုံနှိပ်စက် နှစ်လုံးသည် သူတို့ ပုံနှိပ်စက်တွေပါဟု ရုံးတက်၍ တရားစွဲလေ၏။

သူ မသေမီ ခုနစ်ထောင်နှင့် ဝယ်၍ အဒေါ်အိမ်အောက်၌ ထားခဲ့သော စက်တွေမှာ သူ သေပြီး ဆင်ကြည့်တော့မှ ရန်ကုန်ဂေဇက်က စက်များလားဟု သံသယ ဖြစ်လာလေ၏။ အင်္ဂလိပ်လက်ထက်က ဂျာနယ်ကျော် အဖုံးများကို ရန်ကုန်ဂေဇက်တိုက်၌ သွားရိုက်နေကျဖြစ်၍ စက်များကို မြင်ဖူး မှတ်မိနေသည်။

ခေတ်ပျက်စဉ်က ရန်ကုန်ဂေဇက်တိုက်ကြီးမှ စာပုံနှိပ်စက်ကြီးများကို ဖြုတ်ယူ ခိုးပြေးကြရာ၊ သူသည် မသေမီကလေးပင် ခိုးရာပါ ပစ္စည်းကို ငွေခုနစ် ထောင်ဖြင့် အပုံလိုက် ဝယ်၍ ပုံထားခဲ့လေသည်။ ကျွန်မမှာ စက်ခိုးတရားခံအဖြစ် ရောက်ရ၏။ ကျွန်မဘက်မှ လိုက်သော ဝတ်လုံဦးကျော်မြင့် (တရားဝန်ကြီး ဟောင်း)သည် တရားခွင်၌ ကျွန်မ၏ အစစ်ခံချက်ကို အံ့အားသင့်နေလေ၏။

'ဒီစက်တွေ ဝယ်စဉ်က ရန်ကုန်ဂေဇက်က စက်မှန်း သိသလား၊ စက် ဝယ်စဉ်က ဘယ်က စက်ဆိုတာ မစုံစမ်းဘူးလား' ရန်ကုန်ဂေဇက်တိုက်ဘက်မှ လိုက်နာဖြူ ဝတ်လုံတော်ရမင်း မစ္စတာဘီချီနီးက ကျွန်မကို မေးခွန်းထုတ်လေ သည်။

'ကျွန်မတို့ ဂေဇက်က စက်မှန်း မသိပါဘူး။ ကျွန်မတိုက်က ဖိုမင်ဦးဘိုးလှ



www.burmeseclassic.com

www.burmeseclassic.com



က သက်နံ့ကျွန်းက ကုလားပုံနှိပ်စက်မှာ စက်နှစ်လုံး ၇၀၀၀ နဲ့ ရမယ်ဆိုလို့ ငွေ ၇၀၁၀ ပေးလိုက်ပါတယ်။ ရုံးတင်ပြထားတဲ့ အရောင်းအဝယ် စာချုပ်ဟာ ဦးဘိုးလှပဲ စာချုပ် လက်မှတ်ထိုးပြီး ဝယ်လာပါတယ်။ အပုံအတိုင်း ဝယ်ပြီး အိမ်အောက်မှာပဲ ပုံထားပါတယ်။ ကျွန်မ ယောကျ်ား သေပြီး စက်ပုံကြီးကို မြို့ထဲရွှေ့ပြီး ဆင်ကြည့်တော့မှ ဒီစက်ဟာ ရန်ကုန်ဂေဇက်က စက်မှန်း သိပါတယ်။ ကျွန်မ ဒီစက်မှာ ဂျာနယ်ကျော်အဖုံး အမြဲ ရိုက်ခဲ့တယ်။ ရန်ကုန်ဂေဇက်ပိုင် စက်တွေ အမှန်ပါပဲ၊ ဖြုတ်သာ ယူပါတော့’

အမှုဖွင့်၍ ကျွန်မအလှည့်တွင် ဤသို့ အစစ်ခံလိုက်သည်နှင့် ရောင်းသူ ကုလားနှင့် သက်သေတွေပါ ရှေ့ဆက်၍ ရှည်ရှည်ဝေးဝေး စစ်ဆေးစရာ မလို တော့ဘဲ တရားသူကြီးသည် ဤအမှုကို စောစောစီးစီး ပိတ်လိုက်နိုင်လေ၏။

ရုံးပေါ်က အဆင်း ရန်ကုန်ဂေဇက်မှ မျက်နှာဖြူ ဝတ်လုံတော်ရမင်းက သူ့ကားနှင့် အိမ်လိုက်ပို့ပေးပါရစေ၊ လက်ခံပါဟု လာပြောလေသည်။

ကားထဲတွင် ကျွန်မမှာ ငြိမ်သက်လျက် နေ၏။ ရုံး၌ မျက်စိမှိတ် ထွက်ဆိုခဲ့သော အဖြစ်ကို ပြန်စဉ်းစားနေသည်။ တရားခွင် ဝင်သည်နှင့် ကျွန်မ စိတ်မှာ ပြောင်းသွားသည်။ အမှုနိုင်ချင်စိတ် မရှိတော့။ သူများ ပစ္စည်းကို အနိုင် ယူရန် စက်ဆုပ်သွားသည်။

ကားထဲတွင် မျက်နှာဖြူ ဝတ်လုံတော်ရက အားနာသော လေသံဖြင့် ‘အများကြီး ဝမ်းနည်းပါတယ် မစ္စစ်ချစ်မောင်၊ ဒီအမှုကို ကျုပ်နိုင်လိမ့်မယ် မထင်ဘူး၊ စက်မှာ အမှတ်အသား ဘာမှ မရှိဘူး။ ခင်ဗျားဘက်က ဝတ်လုံဦးကျော် မြင့်သာ လျှောက်လဲချက်ပေးရင် ကျုပ်တို့ အမှု ရှုံးနိုင်တယ်။ ခင်ဗျားထွက်ချက် ကြောင့် ကျုပ်တို့ နိုင်တာပဲ’ ဟု ပြောနေသည်။

သတင်းစာ ထုတ်ရန် အားလုံး စီမံ စိုင်းပြင်းပြီးခါမှ စက်များကို ရန်ကုန် ဂေဇက်တိုက်က လာဖြုတ်ယူသွားကြလေ၏။ ကျွန်မ လုပ်ငန်းအစတွင် ကမောက် ကမ နိုင်သဖြင့် စိတ်ထဲ၌ ထင့်မိသည်။ လက်ရှိ ပုံနှိပ်စက်များနှင့် သတင်းစာ ထုတ်ရန် မလုံလောက်သဖြင့် ကျွန်မမှာ ပုံနှိပ်စက် ရှာရတော့သည်။ မန္တလေး ဦးခန္တီတောင်တွင် ပုံနှိပ်စက်ကြီး နှစ်လုံး ရောင်းမည်ဟု သတင်းရသည်။ ကျွန်မ သည် တရုတ်သူဌေးထံတွင် နောက်ထပ် ငွေ ၂၅၀၀၀ (နှစ်သောင်းငါးထောင်) သွားထပ်ချေးယူရကာ လော်လီ ထရပ်ကားကြီးတစ်စီး ငှားလျက် ကိုဘိုးလှကို မန္တလေးသို့ စက်ဝယ်ရန် လွှတ်လိုက်ရသည်။

ဘဝသစ်၏ လမ်းခရီး အစီအစဉ်အတိုင်းပင် မကြာမီ **ပြည်သူ့ဟစ်တိုင်** သတင်းစာ ထွက်လာလေ၏။ **ဂျာနယ်ကျော်**လည်း ပတ်စဉ် ထွက်လေ၏။ ကျွန်မ





မှာ အလုပ်တိုက် နှစ်တိုက်နှင့် ဗျာများလှသည်။ နံနက် ရှစ်နာရီမှ ညနေ ငါးနာရီ အထိ ပန်းဆိုးတန်း အလုပ်တိုက်တွင် သတင်းစာနှင့် ဂျာနယ်ကျော်ဌာနမှ စာရေး စာချီ တစ်စုတို့နှင့် ရုံးအလုပ် လုပ်ရလေသည်။ ညနေ ခြောက်နာရီတွင် လမ်း ၄၁ ပုံနှိပ်တိုက် အယ်ဒီတာဌာနသို့ ကူးသွားကာ ရန်ကုန်အတွက် နောက်ဆုံးစာမျက်နှာ ပိတ်ချိန် ညတစ်ချက် နှစ်ချက်အထိ စောင့်ကြည့်အုပ်ချုပ် လုပ်ကိုင်ရလေ၏။

စာပုံနှိပ်စက်များ ဖြုတ်ယူသွားကြ၍ ပုံနှိပ်စက်များ အစားထိုးကာ သတင်း စာ ထုတ်လျက် အစစ နေရာကျပြီဟု မှတ်ထင်ခါမှ အိမ်မီးလောင်ပြန်လေသည်။

သတင်းစာထွက်စ ပုံနှိပ်တိုက်မှ ညဉ့်နက်မှ ပြန်ခဲ့သော တစ်ညတွင် ခေါ်ပန်းလှုပန်းဖြင့် ရုတ်တရက် အိပ်မပျော်ချေ။ နားထဲတွင် တရှဲရှဲသံဖြင့်၊ နှာခေါင်း တွင်လည်း အဝတ်မီးလောင်သည့် အညှော်နံ့ တသင်းသင်း ရနေ၏။ အိပ်ရာမှ ကပျာကယာ လူးလဲထထိုင်ကာ အခန်းအပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။ နေသည့်ခန်းထဲတွင် မီးရဲရဲ တောက်နေလေ၏။ ဆိုဖာကုလားထိုင်ပေါ်၌ တင်ဦး ဘစ်ယောက် အမှတ်တမဲ့ ကျရစ်ခဲ့ဟန်တူသော စီးကရက်တိုမီးဖြင့် ဆိုဖာနှစ်လုံး နှင့် ကော်ဇောကြီး တစ်ခြမ်းမှာ မီးတောက်မထွက်ဘဲ လိုက်လောင်နေကာ မီးခဲ ခဲကြီးလို ရဲရဲနီနေလေ၏။

အရွယ်ငယ်သည်၊ မတင့်တယ် ဆိုကြ၍၊ လူမြင်ရင် တင့်တယ်အောင် တစ်လ တစ်ရာ ကန်တော့ထားရသော ဦးကြီးမှာ အိပ်မောကျနေ၏။ ကျွန်မနှင့် အတူ လာနေသော တူမလေးသာ နိုးသည်။ လဲမှို့များ လိုက်လောင်ကာ တငွေ့ငွေ့ ရှိနေသော ဆိုဖာကြီးကို သစ်သားပေါင်ထဲမှ ကြိုးစား ချွတ်ယူကြသည်။ ချွတ် နေရင်း ကျွန်မကိုယ်မှ အင်္ကျီကို မီးလာဟပ်ပြန်သည်။ အင်္ကျီကို ဆွဲဆုတ်ပစ်လိုက် ရ၏။ ကုလားထိုင်မှ ကျောမှီဖုံကြီးကို မရ ရအောင် ချွတ်နေရသည်။ တညင်းညင်း တိုက်နေသော လေဖြင့် အိမ်ရှေ့မျက်နှာစာ တံခါးမှ ခန်းဆီးရှည်ကြီးမှာ ကုလား ထိုင်ပေါ်သို့ လွင့်လာကာ မီးကူးစက်ပြန်သည်။ ကော်ဇောအောက်က မီးမှာ ကြမ်းခင်းကို စွဲလောင်စ ပြုလေပြီ။ မီးစွဲနေသော ဆိုဖာဖုံကြီးများကို ချွတ်ယူရ လျက် လသာ ဝရန်တာမှ လမ်းမပေါ်သို့ ပစ်ချလိုက်သည်။ လက်တွေ အပူ အလောင်ခံကာ ထိုင်ဖုံကိုလည်း ရအောင် ချွတ်ယူ၍ ဝရန်တာမှ ပစ်ချလိုက်သည်။

လမ်းပေါ်တွင် လူသူလေးပါး မရှိ၊ ရှင်းနေ၏။ ပစ်ချလိုက်တိုင်း အုန်းခနဲ မြည်သွားကာ မီးတောက်မီးခဲကြီးသည် မီးပန်း ကစားသကဲ့သို့ပင် ဖြာစဉ်သွား လျက် တရှဲရှဲ လောင်နေလေသည်။

မီးလောင်ကျွမ်းသွားသော ဆိုဖာကုလားထိုင်ကြီး နှစ်လုံးနှင့် ကော်ဇော ကို အိမ်အောက်သို့ ပစ်ချလိုက်ပြီးနောက် ကြမ်းကို ရေဖျန်းရသည်။ လူမနိုးလျှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး ပြာကျဖို့ရာသာ ရှိတော့၏။ ကျွန်မမှာ စွန့်စွန့်စားစား အပူအလောင်ခံကာ မီးနှင့်ကိုယ်နှင့် သူတစ်ပြန် ကိုယ်တစ်ပြန် အလုအယက် ငြိမ်းသတ်ခဲ့ရလေ၏။ မီးသတ်ပြီး ကိုယ်မှ၊ လက်မှ မီးလောင်ဒဏ်ရာများကို ဆေးထည့်ရင်း ရှုပ်နှောက်သွားသော စိတ်ကို အပန်းဖြေလျက်၊ ပျက်ရင် ဖြစ်အောင်လုပ်မယ်ဟု ကိုယ့်စိတ်ကိုယ် နှစ်သိမ့်ရလေ၏။

ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသော ဧည့်ခန်းကို နောက်တစ်နေ့ ကုလားထိုင်ခုံ အသစ်များဖြင့် အစားထိုးလိုက်လေသည်။

သတင်းစာ ထုတ်သဖြင့် စရိတ်စက ကြီးလာ၏။ အလုပ်တိုက်ကြီး၏ ခရိတ် လစဉ် ကုန်ကျငွေကို ထားဦး၊ ကျွန်မ၏ လစဉ် ကုန်ကျငွေများမှာ ကျွန်မအား ခြောက်လှန့်လျက်ရှိကာ တစ်လနှင့်တစ်လ ချောမောရန် အမြဲ ထိတ်ခဲ့ရသည်။

ကျွန်မသည် လစဉ် ကုန်ကျရမည့် ငွေစာရင်းကို ဆွဲထားသည်။

| | |
|---|---|
| သားသမီး သုံးယောက်အတွက် ဘော်ဒါခ ... | ၃၇၅ ကျပ် |
| အစ်ကိုကြီး သမီးအတွက် ဘော်ဒါခ ... | ၁၂၅ ॥ |
| သားသမီး တစ်အုပ်ကြီးနှင့် အလုပ်အကိုင် မရှိ၊ | |
| ဆင်းရဲ ပြတ်တောက်လျက်နေသော အစ်ကို၏ | |
| အိမ်ထောင်ကြီးအတွက် ထောက်ပံ့ရကြေး၊ တစ်လ ... | ၂၀၀ ॥ |
| မုဆိုးမဘဝ လူမြင် တင့်တယ်ရေး ... | ၁၀၀ ॥ |
| အဝေးရှိ မကျန်းမာနေသော မိခင်ကြီးအတွက် ... | ၁၀၀ ॥ |
| လဆန်း ၂ ရက်နေ့ သွားလေသူအတွက် အလှူ ... | ၁၀၀ ॥ |

စုစုပေါင်း ငွေတစ်ထောင်သည် လစဉ် အလုံးအခဲနှင့် ကုန်ရသည့်ငွေဖြစ်သည်။ အိမ်စရိတ်၊ စားစရိတ်၊ မော်တော်ကားစရိတ်၊ အထွေထွေ ဗာဟီရစရိတ်ကလည်း တစ်လ တစ်ထောင်ခန့် ရှိလေ၏။ ကျွန်မ အသုံးအတွက် အလုပ်ထဲမှ လစဉ် နှစ်ထောင် ယူသုံးစာရင်း ပေါ်နေသည်။

အလုပ်တိုက် စရိတ်ကလည်း မသေးချေ။ အယ်ဒီတာချုပ် ကိုစောဦး၏ လခ တစ်လ ၅၀၀ မှ စ၍ လက်ထောက် အယ်ဒီတာများ၊ သတင်းထောက်များ၊ စာရေးစာချီများ၊ စာစီသမား၊ စက်သမားအထိ အလုပ်သမား လူပေါင်း ခြောက်ဆယ်ခန့် ရှိလေရာ၊ သူတို့၏ လစာငွေများနှင့် အလုပ်နှင့် ပတ်သက်သော အရပ်ရပ် ကုန်စရိတ်ကား လစဉ် သောင်းကျော်လေသတည်း။ လုပ်ငန်းအစ အလုပ်အတွက် ငွေသုံးသောင်း အကြွေးမှ လစဉ် ပေးဆပ်ရန် အတိုး ၆၀၀ ကလည်း ရှိပေသေး၏။





မနားမနေ ကြိုးစား လုပ်ကိုင်နိုင်ပါမှ ဤတာဝန်ကြီးတွေကို တာရှည်ကြီး ခေါင်းပေါ် ရွက်နိုင်မည် ဖြစ်ခြင်းကြောင့် သတင်းစာအလုပ်၊ ဂျာနယ်အလုပ်အပြင် အခြား ပုံနှိပ်လုပ်ငန်းများကိုပါ လက်ခံကာ တစ်လနှင့်တစ်လ ချောမောအောင် ခေါင်းတင် မောင်းတင်၍ နေ့မနား ညမအား ကြိုးနေလေ၏။

သတင်းစာလုပ်ငန်းတွင် ညအချိန်မတော် စက်ပျက်၍၊ ညအချိန်မဆော င်းပျက်၍ သတင်းစာ မထွက်နိုင် ဖြစ်လာလျှင် ထွက်နိုင်ရေးအတွက် မိန်းမသားတစ်ဦးဟု ကိုယ့်ကိုယ်ကိုယ် ဘယ်အခါမှ ကြည့်ငဲ့မနေနိုင်ဘဲ၊ သန်းခေါင်ကျော်သင်းအားကြီး အချိန်လည်း မြို့ထဲ လည်ကာ မနက် ထွက်ဖြစ်အောင် ကြံသည်အန်တီးပေးခဲ့ရပုံလည်း အခါပေါင်း မရေမတွက်နိုင်ခဲ့ချေ။

စာပုံနှိပ်တိုက်မှ ကျွန်မအား တစ်မျိုးပြီး တစ်မျိုး ဒုက္ခပေးလေ၏။ ဒီနေ့ည အစစ ချောပြီဟု စိတ်ချကာ အလုပ်တိုက်မှ သန်းခေါင်ကျော် ပြန်လာပြီး အိပ်ခါမှ သင်းအားကြီး အချိန်တွင် တော့ပြီး မီးပျက်သွားတတ်လေ၏။

ကျွန်မမှာ သတင်းစာ ထုတ်ခဲ့သော ဘဝကို တရေးရေး ပြန်တွေးနေရင်း သန်းခေါင်ကျော် လင်းအားကြီး အချိန် ဂျစ်ကားတစ်စီးနှင့် လှေကားပါသော အာအီးတီဓာတ်မီးပြင် ကားကြီးနောက်သို့ အမြန် မောင်းလိုက်နေပုံ၊ ထိုကားကြီးကို ကျော်တက်ကာ ကားကြီးရှေ့မှ ဂျစ်ကားကို ကန့်လန့် ထိုးရပ်စေလျက် အာအီးတီကားကြီးကို အတင်း ရပ်နိုင်းရပုံတို့သည် ရုပ်ရှင်ထဲကနှင့် တစ်ပုံတည်းဘုနေလေ၏။

ည တစ်ချက် နောက်ဆုံးစာဖောင် စက်ပေါ် တင်ခါနီးမှ လက်က လွှတ်ကျသွားတာ တစ်မျိုးကလည်း ဖြစ်သေး၏။ အိမ်ပြန်ကုန်ကြသော စာစီသမားတွေကို အတင်း လိုက်နှိုးခေါ်ကာ တက်သုတ်ရိုက် စီချခိုင်းရ၏။ အမြန်ပြီးအောင် စက်ပေါ်ဘွင် စာရွက်ကို ဟိုဘက်သည်ဘက် လှည့်ရိုက်စေကာ ကျွန်မကိုယ်တိုင် သတင်းစာ ထိုင်ခေါက်ခဲ့ရသည်လည်း ကြုံခဲ့ရသည်။

ကျွန်မမှာ သန်းခေါင်ကျော်မှ အိပ်ရသည်။ တကြော်ကြော် လာနှိုးသံကို နားစွင့်ကာ အရေးဆိုလျှင် ထလိုက်နိုင်အောင် အဆင်သင့် ပြင်ထားလျက် မီးသတ်ခက်က မီးသတ်သမားနှင့်မခြား အိပ်ကောင်းခြင်းလည်း မအိပ်ရ။

ဤသို့သာလျှင် သံသရာလည်ကာ နေ့ညမပြတ် အားထုတ်ရလျက် အရပ်ရပ် တာဝန်ကြီးတွေကို မနိုင်မနင်း ထမ်းဆောင်နေစဉ် ကံမကောင်း အကြောင်းမလှပုံမှာ သတင်းစာနှင့် ဂျာနယ်ကျော် စောင်ရေသည် ထိုးကျသွားလေသည်။

ကွန်မြူနစ်သတင်းစာဟု တစ်တိုင်း တစ်ပြည်လုံးက သမုတ်ကျသည်။ အချို့နယ်များတွင် ဖဆပလ ဘက်မှ သတင်းစာထုပ်ကို မီးရှို့ပစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ စောင်ရေနှင့် ဂျာနယ်ကျော် စောင်ရေ ထိုးကျသွားသည်နှင့် တစ်ခ ကတည်း သိသိသာသာ ဝင်ငွေ ထိခိုက်သွားတော့၏။ စောင်ရေ ကျသွား၍ ခဏ္ဍာထုပ်သာလျှင် လျှော့ရိုက်ရခြင်းရှိကာ၊ အရပ်ရပ် ကုန်ကျစရိတ်တွေမှာ အရပ်ရပ် ကုန်ကျစရိတ်အတိုင်းပင် ကုန်ရသည် ဖြစ်ခြင်းကြောင့် ကျွန်မသည် လစဉ် ခေါင်းပူရတော့လေ၏။

အလုပ်သမားများ လခကို လခ ထုတ်ချိန်တွင် တစ်ရက်မှ နောက်ကျချင်သည့် စိတ်မရှိ၍ သည်လောက် အလုပ်များ၊ ဗျာများနေသော ကြားထဲမှပင် ဘာအုပ်ရေးပြီး လစာငွေများအတွက် တစ်ဖက်တစ်လမ်း ငွေရှာရသည်။

"သူလိုလူ" စာအုပ်သည် တိုက်တွင် ငွေကျပ်၍ ၁၄ ရက်တိုင်တိုင် ညသန်းခေါင်က စ၍ နံနက်လင်းသွားသည့်အထိ အနားတွင် ရေဇလုံ တစ်လုံးနှင့် အိပ်ချင်ရင်း၊ မျက်နှာသစ်ရင်း ရေးသားထုတ်ဝေခဲ့သော စာအုပ် ဖြစ်လေသည်။ ပုံနှိပ်တိုက်တွင် တစ်ဖက်တစ်လမ်းမှ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်း၊ ဖိတ်စာ၊ ဆေးလိပ်ပတ်မှ မကျန် ဘေးပန်း ပုံနှိပ်လုပ်ငန်း အလုပ်တွေကို ရှာဖွေလျက် စက်ကလေး နှစ်လုံးကို နေ့ရော ညပါ မနားတမ်း ရိုက်စေကာ စရိတ်တွေကို ခုရလေသည်။

ထိုစဉ်က တိုက်အုပ်လည်း ကျွန်မပင်။ အယ်ဒီတာဌာန၊ အလုပ်ရုံနှင့်တကွ သတင်းစာ ခေါက်သည့် နေရာအထိ လူမစုံလျှင် ကျွန်မမှာ နေရာတကာ လှည့်စားဝင်၍ အကုန် လျှောက်လုပ်သည်။ ဘယ်ဘက်ကမှ ခဏ ရပ်ထား၍ မရနိုင်သော တစ်နေ့ အလုပ်ကြီးကို တစ်နေ့ ပြီးစီး ချောမောသွားအောင် လုပ်နေရသူ ဖြစ်၏။ ကျွန်မအတွက် အချိန်နှင့် စားသည်၊ အိပ်သည် ဟူ၍ မရှိချေ။ မနက်ထမင်းကို ညနေမှ စားချင်စားကာ၊ ညထမင်းကို လင်းအားကြီးတွင် စားချင်စားလျက်၊ မစားချင်လည်း မစားတော့ချေ။

စောင်ရေကျ၍ စီးပွားရေး အကျပ်အတည်း ဖြစ်နေခိုက် ထိုအခက်အခဲမှာ ကျွန်မသာ အကျပ်ရိုက် ခက်ခဲစေလျက် မည်မျှ စောင်ရေကျကာ ဝင်ငွေ နည်းသွားစေကာမူ အလုပ် လုပ်နေသူတို့အား ကျွန်မ၏ အခက်အခဲကို မသိစေရပေ။ စောင်ရေကျလည်း အခြေအနေ မပျက်၊ ဣန္ဒြေ မပျက်၊ လခများကို တစ်လနှင့် တစ်လ မှန်မှန်ကြီး ထုတ်ပေးလျက် ရှိလေ၏။

စီးပွားရေး အခက်အခဲ မည်သို့ ရှိရှိ၊ အိမ်သုံး အရပ်ရပ် ကုန်ငွေအတွက်လည်း ပြည့်စုံအောင် ရှာရလေသည်။ ကလေး ကျောင်းလခ၊ မိခင်အတွက်၊ သွားလေသူ အလှူ၊ အစ်ကိုကြီး အိမ်ထောင်အတွက်၊ သူ့သမီး ကျောင်းစရိတ်စသည့် တာဝန်တွေလည်း ပျက်ကွက်သည် မရှိစေရ။ နောက်ဆုံး မှဆိုးမဖြစ်၍





ငွေမြင်ရင် တင့်တယ်ရေးအတွက် အိမ်ဦးခန်းတွင် ထားသော ဦးကြီး၏ လစာ ၁၀၀ ကျပ်ကိုပင် ငွေကျပ်၍ သည်လ ဆိုင်းပါဟု ပါးစပ်က မထွက်ချေ။ လဆန်းတွင် လက်ထဲထည့်၍ ကန်တော့လိုက်၏။ ဦးကြီးနှင့်အဒေါ်မှာ ထမင်းပွဲရှေ့မှောက်သာမှ မပူပင်ရကာ၊ လစဉ် ကန်တော့ငွေ ၁၀၀ ကို အဒေါ်က စုဍ၍ စိန်နားကပ်နှင့် စိန်လက်စွပ် လုပ်ဝတ်သည်။

အစ်ကိုကြီးထံမှ သတိသံဝေဂရသည် မကြား‌ရ။ မူးယစ်ပေတေနေကာ အလုပ်လည်း မလုပ်။ သူ့အိမ်ရှင်မနှင့် သားသမီး တစ်စုသည် ကျွန်မ ပို့သော ငွေ ၂၀၀ ကျပ်နှင့် သုံးစွဲ စားသောက်နေရလေ၏။ မိခင်ကြီးမှာ ကောင်းကောင်းစား ကောင်းကောင်းနေသူ ဖြစ်သည့်အတိုင်း သား အိမ်တွင် ကောင်းကောင်းစားကာ အေးအေးဆေးဆေး နေရပေ၏။ သွားလေသူအတွက် လစဉ် လဆန်း ၂ ရက်နေ့ လှူသော ကိုးထပ်ကြီးဘုရား မင်္ဂလာဇေယျုံကျောင်းတိုက်မှ ဘုန်းတော်ကြီးသည်လည်း လစဉ်လှူငွေ ၁၀၀ ကျပ်ဖြင့် အေးချမ်းစွာ သီတင်းသုံးတော်မူနိုင်လေ၏။ ကျွန်မမှာ အကျပ်အတည်း အခက်အခဲ ရှိနေလျက်ဖြင့် ကျွန်မအတွက် ကြီးလှသည့် တာဝန်ဒုက္ခကို ဒုက္ခဟု မထင်၊ ဒုက္ခဟု မယူဆ။ ကိုယ်ပြုရမည့် တာဝန်ဝတ္တရားဟု ယူဆထားသည်။

သတင်းစာ စောင်ရေ၊ ဂျာနယ် စောင်ရေ ကျသွားသည့်အတွက် ဒိုလ်လက်ျာက အယ်ဒီတာချုပ် ကိုစောဦး နေရာတွင် လူသစ်ပြောင်းထားရန် စိုးရိမ် ပူပန်စိတ်ဖြင့် အခါခါ လာပြောလေ၏။ ကျွန်မမှာ ကိုစောဦးက မထွက်ဘဲ နှင့် ကျွန်မက ဘယ်တော့မျှ မထုတ်ဟု စိတ်ပိုင်းထားသည်။

ကိုစောဦးမှာ တစ်တိုက်လုံး လစဉ် မှန်မှန်ကန်ကန် လစာ ပေးနိုင်နေခြင်းကို ချင့်လျက် အခြေမပျက်သော လုပ်ငန်းကို မြင်နေကာ ပူစရာ၊ ပင်စရာ မလိုဘဲ သူ့ကလောင်နှင့် ဖဆပလ အစိုးရကို အကြိတ်အနယ် တိုက်နေလေ၏။

ကျွန်မမှာ ရင်မလျက် တစ်လနှင့် တစ်လ ချောမောကာ အဆင်ပြေသွားအောင် လစဉ် အပူတပြင်း စိုင်းပြင်းရကာ ဟန်မပျက်၊ အခြေမပျက်အောင် အသက်ဆက်လျက် နေလေ၏။

ကလေးများမှာ တစ်လ တစ်ခါသာ အိမ်ပြန်လာကြ၏။ ကလေးတွေ ပြန်လာ၍ သူများ အမေလို ကလေးတွေနှင့် နေရသည့်အချိန် မရှိ၊ စကား ပြောရသည့်အချိန် မရှိ။ အိမ်ပေါ်တက်၍ မတွေ့တော့မှ ကျောင်းပြန်သွားကြမှန်း သိတော့၏။

ဗိုလ်ချုပ်တို့ ကွယ်လွန်ပြီးနောက် သတင်းစာ စောင်ရေမှာ ထိုးကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ စောင်ရေ တက်လာပြန်၍ အသက်ရှူပေါက်ကလေး ရလာသည်။ စောင်ရေ ကျစဉ်က ကြိုးစားသည်ထက်ပင် အားခဲ ကြိုးစားသည်။ အလုပ်အတွက် လဆပ်သည့် အတိုးကို မဆပ်နိုင်သေး၍ ဆိုင်းထားရာ၊ ခြောက်လခန့် အတိုးတွေကို တစ်လုံးတည်း သွားပေါင်းဆပ်လိုက်နိုင်သည်။ အကယ်၍ သတင်းစာနှင့် ဂျာနယ် စောင်ရေ မကျချေ့က ဘေးပန်း ရှာသမျှ၊ ရသမျှ ဝင်ငွေတို့ဖြင့် အကြွေးသုံးသောင်းသည် အေးအေးကလေး ကျေလောက်နေပြီ။

သတင်းစာနှင့် ဂျာနယ်ဘက်မှ အမြတ်အစွန်း မခံစားရသေးချေ။ ပုံနှိပ်လုပ်ငန်းဘက်မှ ကြိုးစား အလုပ်ရှာနိုင်သလောက် ဝင်ငွေကောင်းနေလေ၏။

စောင်ရေ တက်လာ၍ အရှိန်ရကာ အတန်ငယ် စိတ်သက်သာရာ ရတော့မည် ရှိစဉ် လမ်း ၄၀ မှ ပုံနှိပ်တိုက်ကြီးကို မွမွကြေအောင် ထုရိုက် ဖျက်ဆီးပစ်လိုက်ကြတော့လေ၏။

၄

ကျွန်မသည် နောက်ကြောင်းတွေကို ပြန်တွေး စဉ်းစားရင်း စိတ်မောလာ၍ လဲလျောင်းရာမှ ထ ထိုင်လိုက်သည်။ ဧရပ်စင်မြင့်ပေါ်မှ အလှပြင်ဆင်ထားသော ပန်းချီကားကြီးကို စိုက်၍ ကြည့်နေလေသည်။

ထိုစဉ်က ပုံနှိပ်တိုက်ကြီး ကျိုးပဲ့ပျက်စီး ကြေမွသွားပုံကို သူကိုယ်တိုင် မြင်စမ်းစေချင်မိသည်။

ထိုနေ့က စိတ်နှလုံးလှည့်လည်သွားသော "တောင်သူလယ်သမား" ဆိုသော လူအုပ်ကြီးကို ပန်းဆိုးတန်း အလုပ်တိုက် ဝရန်တာမှ ထွက်၍ ကြည့်လေ၏။ မျက်စိတစ်ဆုံး မျှော်၍ ကြည့်လေ၏။ ဤသူတို့သည် လမ်း ၄၀ ပုံနှိပ်တိုက်ကြီးကို ရိုက်ချိုး ဖျက်ဆီးရန် သွားကြသူတွေဟု မသိချေတကား။ လူစီတန်းကြီး ကွယ်သွားမှ အလုပ်စားပွဲ၌ ပြန်ထိုင် လုပ်နေသည်။

တစ်တိုက်လုံး စိတ်ရှိသလို၊ ထင်သလို အားရပါးရ ရိုက်ချိုး ဖျက်ဆီးပြီး ထွက်သွားကြတော့မှ ပန်းဆိုးတန်းသို့ ကိုစောဦးတို့ လာပြော၍ ကျိုးပဲ့ ပျက်စီး ကုန်မှန်း သိရတော့သည်။

ပန်းဆိုးတန်းမှ လမ်း ၄၀ သို့ လာခဲ့သည်။ ကျွန်မ ရင်ထဲ၌ မချမ်းသာဝုံကား ပြောဖွယ်ရာ မရှိ။ လမ်းထဲသို့ ချိုးဝင်လာသည့်အခါ လမ်းထဲတွင် မွကြေနေသော ခဲစာလုံးတွေ၊ စက္ကူစတွေကို နင်းပြီး လျှောက်လာရသည်။ သူ သေပြီး အပြင်းအထန် ကြိုးပမ်း တည်ထောင်ခဲ့ရသော ဤခဲစာလုံးတွေကို ကျွန်မ ခြေထောက်နှင့် နင်းရခြင်း၊ လူတကာ ခြေနင်းဖတ် ဖြစ်နေခြင်းသည် စင်စစ်





သံဝေဂ ရစရာပင် ကောင်းတော့သည်။ ကျွန်မ နားထဲတွင် ပစ္စည်းသခါရ၊ လူသခါရ ဟု သူ ပြောသွားသော စကားသည် လမ်းလျှောက်လာရင်းပင် ကြားယောင်နေတော့သည်။

အလုပ်တိုက် အောက်ထပ်မှ စက်ခန်းကြီးကို ရှေးဦးစွာ မြင်လိုက်ရ၏။ စက်ခန်းထဲ၌ စက်ကြီး သုံးလုံး၊ စက်ကလေး နှစ်လုံး၊ ပေါင်း ငါးလုံး ရှိသည်။ စက် အထက်ပိုင်းများမှာ ပုဆိန်နှင့် ထုရိုက်သွားကြသဖြင့် ကွေးကောက် ပြုတ်ထွက်ကုန်ကာ၊ အချို့နေရာလည်း ထက်ပိုင်းကျိုးနေသည်။ စက်ကလေး နှစ်လုံးမှာ ရှေ့မလှ ကျိုးပဲ့ ပျက်စီးနေကာ ပြိုကျနေသည်။

နေ့မအား ညမအား လည်ကာ အမှုထမ်းသွားကြသော သူတို့၏ ကျေးဇူးတား ကြီးပါဘိ၏။ သူတို့မှာ သက်မဲ့ပစ္စည်း မှန်သော်လည်း ကျွန်မ စိတ်ထဲတွင် သက်ရှိသတ္တဝါများလိုပင် ဖြစ်နေသည်။ ပုံနှိပ်တိုက်ဖိုမင် ကိုဘိုးလှသည် သူ့စက်တွေကို သက်ရှိသတ္တဝါများလို ဆက်ဆံလေ့ ရှိ၏။ စက်ကြီးများကို "ဒီကောင်ကြီး"၊ စက်ကလေးများကို "ဒီကောင်လေး" ဟူ၍ ခေါ်ဝေါ် ပြောဆိုလေ့ ရှိလေသည်။

ဒီကောင်ကြီးနှင့် ဒီကောင်လေးတွေမှာ တူးရွင်း၊ ပုဆိန်လက်နက်တို့ဖြင့် ခေါင်းတခြား ကိုယ်တခြား၊ လက်တခြား ခြေတခြား မြင်မကောင်း ရှုမကောင်း အနှာစဲ၍ သေပွဲဝင်နေကြသည်။ ကျွန်မမှာ သူတို့၏ ဒဏ်ရာ ဒဏ်ချက်တွေကို ကြည့်လျက် ရင်ထဲ၌ တလှပ်လှပ် တဆတ်ဆတ် ခုန်နေသည်။

ကျွန်မ အပါး၌ ရပ်နေသော ကိုဘိုးလှက မှန်ကုပ်ကုပ် ရှိသော မျက်နှာပေါက် ဆိုးကြီးနှင့် ချုံးသံပါအောင် ညည်းတွားနေသည်။

'ဟိုကောင်လေး နှစ်ကောင်တော့ သွားပါပြီ။ သုံးမရတော့ပါဘူး၊ ကြက်တန်း မြှုပ်ရမှာပဲ။ (ကြက်တန်းမှာ သံထည်ပစ္စည်းဟောင်း သချိုင်း ဖြစ်သည်) ဒီကောင်ကြီးတွေ ပြင်ဖို့ကလည်း ရက်တရက် မလွယ်ဘူး ဆရာကတော်'

ကျွန်မသည် စက်ခန်းဝ၌ အတန်ကြာ တွေ ရပ်ကြည့်နေသည်၊ စက်ခန်းထဲ၌ တူးရွင်း၊ ပုဆိန်တို့ဖြင့် ထုရိုက် ဖျက်ဆီး ချိုးဖဲ့နေကြပုံကို ကျွန်မကိုယ်တိုင် ကြည့်ချင်မြင်ချင်လေသည်။ ကျွန်မနှင့် ရန်ငြိုးရန်ဘက် မဟုတ်ဘဲ သည်လောက် ခက်ထန် ရန့်ကြမ်းကာ ရက်စက်ဆိုးဝါးနိုင်သော သူတို့၏ နှလုံးသားသည် လူသားတို့၏ နှလုံးသားမှ ဟုတ်ပါလေစ ဟု တွေးကြည့်မိသည်။

ဤစက်တွေကို ရစရာ မရှိအောင် ရိုက်ချိုး ဖျက်ဆီးပစ်ကြခြင်းသည် ကျွန်မ လက်ခြေကို ရိုက်ချိုး ဖြတ်ပစ်ခြင်း၊ ကျွန်မ အသည်းနှလုံးနှင့် ကျွန်မ ခေါင်းကို ထုရိုက် ချေမွပစ်ခဲ့ခြင်းနှင့် အတူတူပါပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ကိုယ့်လက်ကိုယ့်ခြေကို မသယ်ချင်သလောက်ပင် အားအင်ကုန်ခန်းသွားလျက် လှေကားကို တုန်တုန်ယင်ယင် လှမ်းတက်ကာ အပေါ်ထပ်စာခုံခန်းတွေကို တက်ကြည့်သည်။ အလယ်ထပ် လက်ဝဲလက်ယာ ခန်းမကြီးနှစ်ဆောင်တွင် စာခုံများ ခုံပေါင်း ၁၀၀ ကျော်ခန့် ခဲစာလုံး အပြည့်ရှိလေ၏။

စာခုံခန်းတွေ မြင်လိုက်ရသည်မှာ မျက်စိထဲ နောက်သွားကာ သွေးချောက်ချားသွားသည်။

အခန်းထဲ၌ ဖျက်ဆီးထားကြပုံကား စာခွက်ထဲမှ ခဲစာလုံးများကို စတုံခုံကြီးပေါ်သို့ မှောက်သွန်ချကြကာ၊ ခဲစာလုံးများကို ပြားချပ်သွားအောင် တူတွေနှင့် တစ်ယောက်တစ်လက် ဝိုင်းထုကြလေ၏။ ထုပစ်သည့် ခဲများကို စာစီခန်းတွင် အသုံးပြုသော ခဲစာလုံးစီပြီး ထည့်ပုံသည့် သွပ်ပြားဂယ်လီတို့နှင့် စတုံခုံကြီးပေါ်မှ ကော်ခပ် ယူကြကာ တိုက်အပေါ်ထပ်မှ မြောင်းထဲသို့ ပစ်ချကြလေ၏။

လမ်းပေါ်တွင် ကျွန်မ နင်းလာခဲ့သော ခဲတွေမှာ အပေါ်က သွန်ပစ်ချကြသည့် အခါတွင် မြောင်းထဲသာမက လမ်းပေါ်သို့ ဖိတ်စဉ် ပြန့်ကျဲ ကျနေသော ခဲစာလုံးတွေ ဖြစ်လေသည်။

စာခွက် စာခုံတို့သည်လည်း ဖြစ်ချင်တိုင်းပင် ပြို၊ လဲ၊ ထပ်၊ ဆင့်၊ မှောက်၊ ပိနေကာ အပိုင်းပိုင်း အစစ ကျိုးလျက် နေကြ၏။

ပုံနှိပ်တိုက်ကြီးအတွက် ခဲစာလုံးတွေ လိုအပ်တိုင်း တဖြည့်ဖြည့်လျက် အမြောက်အမြား ဝယ်ယူ စုဆောင်းလာခဲ့လေသမျှသည် တစ်နေ့တည်းနှင့် ကိစ္စ ချောကုန်ကြလေ၏။

ကျွန်မသည် မျက်မှောက် ဆုံးရှုံး ပျက်စီးကုန်သော ပစ္စည်းတွေကို နှမြောလှသည်။ လုပ်ငန်းအတွက် ပင်ပန်းခြင်းကြီးစွာ အားထုတ်မှု စွမ်းအား ဝီရိယသည် အကျိုးမဲ့ အချည်းနှီးသာ ဖြစ်ရတော့သဖြင့် ကုန်ခန်းကုန်သော စွမ်းအင် စိတ်ဓာတ်တို့ကို ပျက်စီးကုန်သော ပစ္စည်းတွေထက် ပိုမို၍ နှမြောလေတော့သည်။

အယ်ဒီတာ အခန်း၌ သမံတလင်းပေါ်တွင် စာရွက်စာတမ်းများ ပြန့်ကျဲလျက် ရှိ၏။ စားပွဲကုလားထိုင်များမှာ မှောက်ခုံ ပက်လက် ကိုးရိုးကားရား ဖြစ်နေသည်။ အယ်ဒီတာများနှင့် အလုပ်သမား အားလုံး အခန်းထဲ၌ စုရုံးနေကြလျက် အခန်းထဲ ဝင်လာသော ကျွန်မ မျက်နှာကို လှမ်းကြည့်ကြသည်။ အသီးသီး မျက်စိမျက်နှာ ပျက်နေကြခြင်းကြောင့် ကျွန်မ စိတ်ကို ပိုမို၍ ထိခိုက်သွားတော့သည်။ သူတို့နည်းတူ ကျွန်မမှာ မျက်နှာပျက်နေ၍ မဖြစ်၊ တစ်ခုခု ဆုံးဖြတ်၍ တစ်ခုခု လုပ်ရတော့မည်။ သူတို့သည် ကျွန်မထံမှ တစ်ခုခုကို မျှော်လင့်နေဟန် ရှိသည်။ အလုပ်တိုက်ကြီးကို ပိတ်လိုက်မည်လော၊ သို့တည်းမဟုတ် ဆက်လုပ်နိုင်ဦးမည်လော။





ဂျာနယ်ကျော် အပေါ်၌ ယူထားသော တာဝန် အဓိဋ္ဌာန်အတိုင်း ရပ်မပစ်ဘဲ ဆက်လုပ်ရန်သာ ရှိတော့လေ၏။ ဆက်၍ လုပ်ရန်မှာ လွယ်သည့်အရာ မဟုတ်ချေ။ မလွယ်မှန်းလည်း သိ၏။ ပိုမို၍ ဒုက္ခကြီးလိမ့်မည်မှန်း သိလျက်ဖြင့်ပင် စိတ်ကို တင်းကာ ဆက်လုပ်ရန် ပိုင်းဖြတ်လိုက်သည်။

'ကိုစောဦး ... မနက်ဖြန် သတင်းစာ ထွက်မှ ဖြစ်မယ်'

ကိုစောဦးသည် အလွန် စိတ်မချမ်းသာသော အသံဖြင့် ဖြေသည်။

'မဖြစ်တော့ဘူး ဆရာကတော်၊ အချိန်လည်း မရှိတော့ဘူး။ ရိုက်ပြီးသား စာရွက်တွေလည်း မီးရှို့ပစ်ခဲ့တယ်။ စက်ပေါ် ရိုက်နေတဲ့ စာဖောင်လည်း ဖျက်ဆီးခဲ့ကြပြီ'

'ဖြစ်အောင် ထွက်မယ် ကိုစောဦးရယ်၊ အပြင်က စက်တွေမှာ လည်းရိုက်ရမယ်။ တစ်မျက်နှာ တစ်ဖောင်တည်းပဲဖြစ်ဖြစ် နက်ဖြန် သတင်းစာ ထွက်မယ်'

ကျွန်မသည် စက္ကူထုပ်များကို ဂျစ်ကားပေါ်သို့ တင်ကာ အယ်ဒီတာနှင့်အတူ ကြည့်မြင်တိုင်မှ ပြည်သူ့အာဏာ ပုံနှိပ်တိုက်သို့ ထွက်လာခဲ့သည်။

ပြည်သူ့အာဏာ ပုံနှိပ်တိုက်၌ အဆောတလျင် ပြီးအောင် စီခိုင်းကာ တစ်ညလုံး စောင့်ရိုက်ရလျက်၊ နောက်တစ်နေ့နံနက် သတင်းစာ ထွက်သွားလေ၏။

ကျွန်မသည် တိုက်ပျက်ကြီးကို လှည့်၍မှ မကြည့်အားဘဲ အရပ်ထဲ လှည့်၍ သတင်းစာ ရိုက်ထုတ်နေချေသည်။ တိုက်ပျက်ပြီးနောက် နေ့တိုင်း ထွက်နေသော သတင်းစာသည် ပြည်သူ့အာဏာ စာပုံနှိပ်တိုက်တွင် စာမျက်နှာ တင်အောင် ရိုက်လျက်၊ ဗမာ့ခေတ် သတင်းစာတိုက်တွင် တစ်ဖောင်၊ ဒီးဒုတ်ပုံနှိပ်တိုက်တွင် တစ်ဖောင်ဖြင့် အရပ်လည် ရိုက်ထုတ်နေသော သတင်းစာ ဖြစ်သည်။

ကျွန်မမှာ ညနေခြောက်နာရီမှ ည ကိုးနာရီအထိ ပြည်သူ့အာဏာတိုက်တွင် ရှိကာ၊ ည ဆယ်နာရီမှ တစ်ချက်အထိ ဗမာ့ခေတ်တိုက်တွင် ရောက်နေပြီး၊ ည နှစ်နာရီမှ နံနက် ငါးနာရီအထိ ဒီးဒုတ်တိုက်တွင် အချိန်ကုန်သွားသည်။ မိုးလင်းမီ တိုက်တကာမှ ရိုက်ပြီးသော စက္ကူတွေကို ကားဖြင့် တစ်ပတ်ပြန်လည် သိမ်းယူခဲ့သည်။ သေပြေးရှင်ပြေး အမီထိုင်ခေါက်ကြကာ နံနက် သတင်းစာ ထွက်ရသည့် တာဝန်ကြီးလည်း ထမ်းရွက်ခဲ့ဖူး၏။

ဤအတောအတွင်း အပတ်စဉ် ထုတ်နေသော ဂျာနယ်ကျော်ကို မထုတ်နိုင်သကား၊ ပြည်သူ့ဟစ်တိုင် သတင်းစာကို အမည်ပြောင်းကာ ဂျာနယ်ကျော်သတင်းစာဟု နာမည်တပ်ရပြန်လေ၏။

ဤသို့ ကမောက်ကမ ဖြစ်နေရသည့် ကြားထဲတွင် အယ်ဒီတာချုပ် ကိုစော



www.burmeseclassic.com

www.burmeseclassic.com



ဦးကို ဖမ်းချုပ်သွားပြန်လေသည်။ ကျွန်မမှာ စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်လှကာ ရက်ဆက်၍ အအိပ်ပျက်၊ အစားပျက်ဖြင့် အတော်ကြီး ပိန်ချုံးကျသွား၏။ ယနေ့ နက်ဖြန် သေတော့မည့် အသွင်လိုပင် တစ်နေ့တခြား မသာရုပ် ပေါက်လာလေ၏။

အလုပ်အကိုင် ကမောက်ကမ ဖြစ်နေသည့်အခါ နယ်ကိုယ်စားလှယ်များ ထံမှ ရစရာ ငွေများသည် တိုက်ပျက်သည့် အရှိန်နှင့် ရောက်မလာကြတော့ပေ။ အလုပ်သမားများအတွက် ပေးရန်ရှိသည့် လစာငွေများအတွက် ဦးနှောက်ခြောက်ခန်းလေ၏။

ကံကောင်းထောက်မ၍ ဖဆပလ အစိုးရက အာမခံ အပေါင်ပစ္စည်းနှင့် ငွေခြောက်ထောင် အမတော်ကြေး ထုတ်ချေးလေသည်။

အယ်ဒီတာအဖွဲ့ဝင် သတင်းထောက် ဦးစံလှထွန်းက ကျွန်မကိုယ်စား လက်မှတ်ထိုးကာ ယူလာသည်။ လစဉ် အရစ်ကျ ပြန်ဆပ်ရမည်ဟု ဆိုလေသည်။

တိုက်ကို ရိုက်ချိုး ဖျက်ဆီးခံရ၍ အစိုးရက အမတော်ကြေး ထုတ်ချေးသော ငွေခြောက်ထောင်ဖြင့် အလုပ်သမား လခများ ရှင်းပေးလိုက်သည်။ ရိုက်ချိုး ဖျက်ဆီးခံရ၍ ဆုံးရှုံးသွားသော ပစ္စည်းတန်ဖိုး အစုစုမှာ ခုနစ်သောင်း၊ ရှစ်သောင်းမက တန်ဖိုးရှိလေသည်။

ကျွန်မသည် တစ်နေ့ထက် တစ်နေ့ ပင်ပန်းလာကာ မဟာန်နိုင်တော့ဘဲ တစ်နေ့တွင် လှေကားထိပ်မှ အောက်သို့ တလိမ့်ခေါက်ကွေး ထိုးကျသွားလေ၏။ ခေါင်းမှ သွေးများ စီးကျလာကာ မူးမေ့သွားလေသည်။

သတိရသည့် အချိန်၌ ကျွန်မ ခုတင်ဘေးတွင် ဒေါ်ခင်ကြည် သတင်းမေး ရောက်နေသည်။ ဗိုလ်လက်ျာသည် ကျွန်မအား အလုပ်တိုက် ပိတ်၍ တစ်နေရာတွင် အနားသွားယူရန် အတင်း တိုက်တွန်းလေသည်။

ကျွန်မမှာ အားအင်ကုန်ခန်းလျက် ရှိကာ မဟာန်နိုင်တော့သဖြင့် ပစ္စည်းတွေ သာလျှင် သေခါရ ဖြစ်ပေစေ၊ လူတော့ မဖြစ်စေနှင့်ဟု တွေးကာ အလုပ်နှင့် ဝေးရာသို့ ပြေးရန် ပိုင်းဖြတ်လိုက်သည်။ အလုပ်တိုက်ကို မပိတ်စေဘဲ ပတ်စဉ် ဂျာနယ်ကျော် ဆက်ထုတ်ရန် ကိုစောဦးအား လွှဲအပ်ခဲ့ပြီးနောက် ပန်းဆိုးတန်းက ထွက်ခဲ့လေ၏။

၅

တိုက်ပျက်ပြီးမှ ဂျာနယ်ကျော်သည် အသက် မရှည်နိုင်တော့ချေ။ နောက်ဆုံး တိုက်ပိတ်ရသည့် အခြေသို့ ဆိုက်ရောက်သွား၏။ တိုက်ပျက်ကြီးကို ပိတ်လျက်





...န်းတွေကို သော့ခတ်ထားလိုက်သည်။ ကန်ဘဲ့မှ အဒေါ်က ကျွန်မ စိန်ဘယက် ...ဗိုလ်လက်ျာအား ရောင်းခိုင်းလျက် ဘောက်ထော်၌ တိုက်တစ်လုံး ဝယ်ထား ...က်သည်။

ကျွန်မအဖို့ တိုက်ပျက်၊ တိုက်ပိတ်လိုက်ပြီးနောက် လုပ်ငန်းနှင့် ပတ်သက် ...ကျန်ခဲ့သော အကျိုးကား တရုတ်သူဌေးငွေ ၃၀၀၀၀ ကျပ်နှင့် အစိုးရ အမတော် ...ကြေး ငွေ ၆၀၀၀ ကျပ်၊ ပေါင်း သုံးသောင်းခြောက်ထောင် ပေးဆပ်ရန် အကြွေး ...ကျန်သည်။

ဘောက်ထော်တိုက်၌ ဘာအလုပ်မှ မလုပ်ဘဲ နောက်နောက်က အမောဆို့ ...မှ ပက်လက်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်ကာ အမောဖြေနေလေသည်။ ...ဘယ်ရေးအတွက် ကျွန်မနှင့် အတူတူ နေသော ဦးကြီးနှင့် အဒေါ်တို့သည် ...က်မပျက်ခင် ရေနံချောင်း သွားကြ၏။ ဖျာပုံမှ အစ်ကိုနှင့်အစ်မ အိမ်ထောင် ...သားစုက ကျွန်မကို လာ၍ စောင့်ရှောက်နေကြသည်။ ကလေးများမှာ ကျောင်း ...င် ဘော်ဒါနေလျက်ပင်။

ကျွန်မ၌ အလုပ်အကိုင် မရှိ၊ ဝင်ငွေ မရှိချေ။ တရုတ်သူဌေးလင်မယားက ...ယူရန် ငြင်းပယ်လိုက်သော လက်ဝတ်လက်စားများကို ဘဏ်တွင် တစ်ခုပြီး ...တစ်ခု ပေါင်ခြင်းဖြင့် ငွေဝင်နေသည်။

လဆန်းလျှင် ကျောင်းအိပ်ကျောင်းစား ကျောင်းလခများ သွားပေးသည်။ ...ားလေသူအတွက် အလှူငွေ ၁၀၀ ကျပ် သွားကန်တော့သည်။ မိခင်အတွက် ... ၁၀၀ ကျပ် အမြဲပို့သည်။ အစ်ကိုကြီး၏ သမီးမှာ နွေကျောင်းပိတ်၍အပြန် ...ကျုံးနောက် လိုက်ပြေး၍ ကျောင်းစရိတ် လျော့သွားသည်။ လစဉ် ငွေ ...ောက်ခဲ့ရသော အစ်ကိုကြီးသည် ပုံနှိပ်တိုက်ကြီး ပျက်သွားမှ သူ့တာဝန်သူ ...မ်းကာ ကျွန်မထံမှ ငွေ မယူတော့ချေ။ ငွေသုံးသောင်းကြွေးမှ အတိုးနှင့် အစိုးရ ...တော်ကြေးမှ လစဉ် အရစ်ကျ သွင်းရမည့် ငွေများလည်း လစဉ်မပျက် ဆပ်နေ ...သေး၏။

ကျွန်မတွင် အလုပ်အကိုင် ဝင်ငွေ မရှိဘဲ ကုန်စရာတွေမှာ ဗိုင်းဗိုင်းလည် ...ခြင်းကို မြင်ကာ၊ ကျွန်မနှင့် အတူတူနေသူ အစ်ကို အစ်မ မိသားတစ်စုက ...ုပ်အကိုင် မရှိဘဲ အတူတူနေရန် အားနာကြသည်။ ခွဲသွားရမှာကလည်း ...ယောက်တည်း ထားခဲ့ရမည်မို့ သနားကြသည်။ အတူတူ နေရမှာလည်း ...ခ်ကြီးနေမှန်း သိ၍ မနေချင်သော အခက်အခဲများဖြင့် စိတ်လက်မချမ်းမသာ ...ခဲ့ကြသည်။ နောက်ဆုံး ကျွန်မကို ငဲ့လျက် တာဝန် မကြီးစေရန် တားမှ ...ရ ခွတ်ခွဲဆင်းသွားကြလေသည်။ ကျွန်မမှာ ဘောက်ထော်တိုက်တွင် တိုက် ...သုံးနှင့် တစ်ယောက်တည်း ကျန်ရစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မုဆိုးမ အသက်ငယ်ငယ်နဲ့ တစ်ယောက်တည်း မနေနဲ့၊ လူမြင်မကောင်းဘူးကွယ့်" ဟု ဆိုကြသော အခေးမှ အစ်ကို၊ အစ်မများအား တစ်ယောက်တည်းကျန်ရစ်ခဲ့ရသော ကျွန်မဘဝကို ခေါ်ပြချင်လှလေသည်။

တစ်ယောက်တည်း ကျန်ခဲ့၍ အိမ်အောက်ထပ် သံတံခါးတွေကို ပိတ်ခဲ့ကာ အိမ်ပေါ်သို့ တက်ခဲ့သည်။ အိမ်ပေါ်၌ စကြံသာ တွင်တွင်လျှောက်လေသည်။ လျှောက်လွန်း၍ ညောင်းလာလျှင် ပက်လက်ကုလားထိုင်၌ သွားထိုင်ကာ အညောင်းပြေလျှင် ထ လျှောက်ပြန်လေသည်။

ကျွန်မသည် လျှောက်လိုက်၊ ထိုင်လိုက် လုပ်နေသည့် တစ်ချိန်လုံးရှေ့လျှောက် ဘယ်လို အလုပ်အကိုင်နှင့် ဘယ်ပုံ စခန်းသွားရန် တစ်စုံတစ်ရာမျှ မစဉ်းစားချေ။ တိုက်ကြီးတစ်လုံးနှင့် တစ်ယောက်တည်းပါကလား ဟု တစိုးတစိမျှ အားမငယ်ချေ။

ကျွန်မနှင့် လက်ငင်း အလွန် အံကိုက် ဆီလျော် သက်ဆိုင်နေသော လောကဓံတရား ရှစ်ပါးကို အဖော်ပြုကာ၊ နှလုံးသွင်းကာ၊ ထင်မြင်ကာ ပျက်လိုက်ဖြစ်လိုက် မတည်မမြဲသော အဖြစ်သနစ်တို့ကို သံဝေဂ အကြီးအကျယ် ရနေခြင်းမှ ဝမ်းနည်းဖွယ်ရာ ကောင်းလှသော ဘဝကို သည်းခံနိုင်သောစိတ် ဝင်စားလာလေ၏။

နောက်တစ်နေ့မနက် ဗိုလ်လက်ျာနှင့် ကိုလှဘော် ပေါက်လာကြသည်။

'ဘယ်သွားကြသလဲ ... တီတီလို့' ဟု သူတို့က မေးသည်။

'ကိုကိုတို့၊ မမကြီးတို့ မနေ့က ပြောင်းသွားကြပြီ' ဟု ကျွန်မက ဖြေသည်။

ဗိုလ်လက်ျာသည် မျက်လုံးမျက်ဆန် ပြူးသွားကာ 'တစ်ယောက်တည်းလား' ဟု အလန့်တကြား မေးလေ၏။

ကျွန်မက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

'ဟာ... ဘယ်ဖြစ်မလဲ၊ ဘယ်ကို ပြောင်းသွားကြတာလဲ၊ နေရာပြောပါ။ ကျွန်တော် လိုက်ခေါ်မယ်'

ဗိုလ်လက်ျာအား တားဆီး၍ မရချေ။ ပြောင်းသည့်နေရာ မေးပြီးလျှင် ကားပေါ် ပြန်တက်ကာ မောင်းထွက်သွားကြလေ၏။ မမကြီးနှင့် တူမလေးများမှာ ဗိုလ်လက်ျာကို အားနာစရာ ကောင်းသဖြင့် ခေတ္တခဏ ပြန်လာနေကြလေ၏။

ဗိုလ်လက်ျာမှာ ကျွန်မကို ယောက်ျားပေးစားချင်သည်။ တစ်ယောက်တည်း မနေဘဲ အိမ်ထောင်ပြုရန် ခဏခဏ လာနားချသည်။ သူ့စိတ်ထဲတွင် သဘောတူနေသော သူများကို တစ်ဦးမဟုတ် တစ်ဦး လာဆွယ် ပြောလေသည်။





သူကား နားထောင်ရန်၊ အိမ်ထောင်ပြုလိုက်ရန် တိုက်တွန်းသည်။ ကျွန်မမှာ အိမ်ထောင်ပြုလိုက်ရန် အတော် ဝန်လေးမိသည်။

ကျွန်မနှင့် အကြောင်းဆက်မည့်သူသည် တစ်ကိုယ်တည်း၊ တစ်ယောက်တည်း မဟုတ်သော ကျွန်မနှင့် အကြောင်း မဆက်ဘဲ၊ လွတ်လွတ်လပ်လပ်သူနှင့် အကြောင်းဆက်စေချင်သည်။ လောကဇာတ်ခုံကြီးတွင် သူ့ဟာသူ တစ်ဇာတ်ခင်းကြစေချင်သည်။ သူ သွားရမည့် အိမ်ထောင်လမ်းကြောင်းတွင် ဝမ်းနည်းခြင်းတို့၊ ဝမ်းသာခြင်းကိစ္စ စသည့် တွေ့ကြုံသွားရမည့် လောကဓံ၏ ကောင်းမွေ ဆိုးမွေတို့ကို သူတို့ အချင်းချင်း ကျေကျေနပ်နပ် အညီအမျှ ခံသွား၊ စံသွားစေချင်သည်။ ကျွန်မ၏ သားသမီး ဒုက္ခတွေ၊ ကျွန်မနှင့် ပတ်သက်သမျှ တာဝန်ဒုက္ခတွေ ဝင်၍ ခံရန်၊ ဝင်၍ ထမ်းရန် စိတ်ကူးထဲမှ မထည့်ရက်ချေ။ သူတို့ဟာ သူတို့ လွတ်လပ်သူချင်း တစ်ဇာတ် ထောင်ကြကာ တစ်စင် ကစေသချင်သဖြင့် ကျွန်မအား စပ်ဟပ် ပြောဆိုလာတိုင်း ခေါင်းခါ ငြင်းဆန်လိုက်သည်။ ဗိုလ်လက်ျာမှာ အားချမရသဖြင့် လက်လျှော့ထားလေသည်။

အလုပ်မရှိ၊ ဝင်ငွေမရှိ ဖြစ်နေခိုက် ကလေးများ ကျောင်းစရိတ်ကို သူ့လခထဲမှ ထောက်ပံ့ချင်၍ လက်ခံရန် ပြောလေသည်။ ကျွန်မသည် ဗိုလ်လက်ျာ၏ အကူအညီကို လက်မခံဘဲ ငြင်းဆန်လိုက်သည်။

ပိတ်ထားသော လမ်း ၄၀ ပုံနှိပ်တိုက်သို့ မသွားဘဲ နေသည်။ ကိုဘိုးလှသည် စက်ကျိုးများကို သုံးနိုင်အောင် ပြန်ပြင်သည်။ ကိုဘိုးလှအား ကောင်းသည့်စက်နှင့် ဖြစ်သလို လုပ်စားရန်၊ ရသည့်ငွေများ ကျွန်မ မယူလိုဟု ပြောကာ အလုပ်တိုက်သော့ကို သူ့လက်ထဲ အပ်လိုက်သည်။ သူသည် ချောက်ချီးချောက်ချက် ရိုက်ခ ရသည့် ဝင်ငွေဖြင့် တိုက်ပျက်ကြီးနှင့် မခွဲဘဲ တိုက်စောင့်ကြီး လုပ်နေလေ၏။

ကျွန်မမှာ အလုပ်မရှိ ဖြစ်နေခိုက်တွင် ငွေသုံးသောင်း ကြွေးရှင်က မပူပြင်းဘဲ၊ အစိုးရ အမတော်ကြေး ကြွေးက အပူတပြင်း တောင်းနေလေ၏။ လစဉ်ဆပ်နိုင်ဘဲ ပျက်ကွက်နေခြင်းကြောင့် ကျွန်မအား ပြန်ကြားရေးရုံးသို့ ဆင့်ခေါ်ကာ အာဏာပြ တောင်းလေတော့သည်။

'ကျွန်မ ကြိုးစားပြီး ဆပ်လာတာ သုံးထောင်လောက် ရှိပါပြီရှင်၊ အလုပ်အကိုင် မရှိသေးလို့ ပျက်ကွက်နေတာပါ။ ရှေ့ကို တတ်နိုင်သမျှ ကြိုးစားပြီး လစဉ်မှန်မှန် ဆပ်ပါမယ်'

ဆိုင်ရာ အရာရှိမင်းကို အောက်ကျို့၍ တိုးလျှိုး တောင်းပန် ပြောရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘောက်ထော်မှာနေတဲ့ တိုက်ဟာ ကိုယ်ပိုင်တိုက်လား' ဟု အရာရှိမင်းက စစ်၏။

'ဟုတ်ပါတယ်၊ ကိုယ်ပိုင်တိုက်ပါ'

'လစဉ် ဆပ်ဖို့ငွေကို မပျက်ကွက်ပါနဲ့၊ အစိုးရက ဒီလို ကြည့်နေမှာ မဟုတ်ဘူး။ ခင်ဗျား မှန်မှန် မဆပ်ရင် ခင်ဗျားတိုက်ကို လေလံပစ်ရလိမ့်မယ်'

'ကျွန်မ တိုက်ကို အချိန်မရွေး လေလံပစ်ယူနိုင်ပါတယ်ရှင်၊ ပျက်ကွက်ရတာက မတတ်နိုင်သေးလို့ပါ'

ကျွန်မ စိတ်ထဲ၌ မည်သို့မျှ မတုန်လှုပ်တော့ချေ။ အစိုးရက သူ့ငွေ လစဉ်လာမသွင်း၍ အိမ်လေလံလာပစ်လျှင် အိမ်ပေါ်က ဆင်းပေးရန် အဆင်သင့်ပြင်ထားလိုက်သည်။

ကျွန်မ အခြေအနေသည် တစ်နေ့တခြား ဆိုးဝါး၍သာ လာသည်။ အိမ်ပေါ်က ဆင်းပေးရမည့် အခြေအနေပင် ဆိုက်နေ၏။ ထိုအခြေအနေမျိုး ဆိုက်လုက် ကျွန်မ ခေါင်းမှာ ထူး၍ မပူတော့။ ကျွန်မ စိတ်မှာ ထူး၍ မညစ်တော့။ အထက် ရောက်ရောက်၊ အောက်ကျကျ၊ ဝမ်းသာစရာ တွေ့တွေ့၊ ဝမ်းနည်းစရာ တွေ့တွေ့၊ သည်းခံနိုင်သော သဘောရှိအောင် ကိုယ့်စိတ်ကို လေ့ကျင့်ထားလျက် ပွပင်သောက တရားများနှင့် ခွာနိုင်သမျှလည်း ခွာစမ်းကြည့်သည်။

ဝင်ငွေရရန် ဟူ၍ ဆောင်းပါး၊ ဝတ္ထု ရေးချင်သည့် စိတ်လည်း မရှိ။ အချိန်အား ရနေခိုက် ဓာတ်ပညာသာ လေ့လာ လိုက်စားနေလေ၏။ ဖောက်ပြန်တတ်သော ဓာတ်သဘောကို လေ့လာ စမ်းသပ်ကာ ဓာတ်ပညာဖြင့် အချိန်ဖြုန်းနေလေ၏။ အချိန်ကျ၍ ဈေးဖိုး မလွယ်လျှင် သတင်းစာ စက္ကူပုံများကို ကုလားချိန်ခွင်ပေါ်၌ တင်ရောင်းလိုက်ခြင်းဖြင့် ကိစ္စပြီးသည်။ ကျွန်မအတွက် လဆန်းမှ အရေးကြီးသည်။ လဆန်းတွင် လက်ထဲ ငွေကုန်နေက တာဝန်ဝတ္တရားများအတွက် လက်ဝတ်လက်စားများကို အလီလီ ဘဏ်သို့ ပို့လိုက်ခြင်းဖြင့် လိုရာကိစ္စ ပြီးလေသည်။

အခြေအနေအရ ကျွန်မမှာ ဗုဒ္ဓဘာသာ စစ်သထက် စစ်လာလေသည်။ အရာရာတို့သည် ကိုယ်ကြံစည်တိုင်း မဖြစ်၊ ကံစီမံရာ ဖြစ်သည်ဟု စွဲမြဲ ယုံကြည်သည်။ အသက်ထွက်လုမတတ် ပင်ပန်းခံလျက် မနေမနား ဝီရိယကြီးကြီးထား၍ ကြိုးစား လုပ်ကိုင်ခဲ့လင့်ကစား ပျက်ချိန်ကျလျှင် ကံတရားကို တား၍ဆီး၍ မရ၊ ပုဆိန်နှင့်ပေါက် အဖျက်ခံခဲ့ရသည့်အတိုင်း ဖြစ်ချိန်ကိုလည်း ကံသာလျှင် စီမံပေးအံ့။



၆

ကျွန်မအိမ်သို့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဦးတင်နှင့် ဇနီးတို့ လာလည်ကြလေသည်။ ပုံနှိပ်တိုက် ပျက်ပြီး အလုပ်အကိုင်မရှိ ဖြစ်နေသော ကျွန်မအတွက် ဆေးရေးထိုင်ရေး ပူပန်ကြကာ ကုမ္ပဏီထောင်ရန် အကြံပေးလေသည်။ ကျွန်မက ပုံနှိပ်တိုက်သာ လုပ်ချင်လျက်၊ လုပ်တတ်လျက် ကုမ္ပဏီလုပ်ငန်းကို အားခဲသည် စိတ်မပါဘဲ ရှိသည်။ ကုမ္ပဏီလုပ်ငန်းကို အလျင် လုပ်ပြီးမှ တဖြည်းဖြည်း ပုံနှိပ်တိုက် ပြန်ထောင်ရန် အကြံပေးသွားလေ၏။

ဝန်ကြီးဦးတင်၏ မစကြည့်ရှုခြင်းဖြင့် ကျွန်မမှာ နေ့ချင်းညချင်း ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်သွားလေ၏။ ကျေးဇူးရှင် ချစ်မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် ငွေငါးသောင်းသည် ချာတာဘဏ်တိုက်သို့ ကျွန်မ အမည်နှင့် ရောက်သွားသည်။ ရွှေဘုံသာလမ်း ဘဏ်တိုက်အပေါ်ထပ် အလုပ်ခန်းမကြီးတွင် **တင်လှိုင်ကုမ္ပဏီ** ဖွင့်ပွဲကြီး ကျင်းပလေသတည်း။

ကျွန်မမှာ ပြုံးမိလေသည်။

အလုပ်အကိုင် ရှိလာ၍ ဝမ်းမြောက်ဝမ်းသာ ပြုံးသည် မဟုတ်။ မမျှော်လင့်ဘဲ ဖြစ်လာသော ကုန်သည်ဘဝ ကံကြမ္မာကို ပြုံးရခြင်း ဖြစ်သည်။

ကုမ္ပဏီဖွင့်ပြီး လေးငါးရက်အတွင်း ဗိုလ်လက်ျာသည် သူ့မိတ်ဆွေ စီးသော ဘော်စတင် ဆလွန်းကားကြီးကို ကိုးထောင်နှင့် တန်ဖိုးသင့်ကာ၊ တတ်နိုင်သလောက် ပြေလည်အောင် ပေးဆပ်သွားရန် မှာကြား၍ အပို့လွှတ်လိုက်ပြန်ရာ မမျှော်လင့်ဘဲ အိမ်ဝင်းထဲသို့ ကားရောက်လာပြန်၏။

အလုပ်အကိုင်သစ်တွင် ငွေ ၉၀၀၀ ကျပ် စ၍ ကြွေးတင်လေသတည်း။

ကျွန်မ၌ အလုပ်အကိုင် ရှိလာချိန်တွင် လူမြင်လျှင် တင့်တယ်ရေးအတွက် ကျွန်မ အိမ်တွင် ဆွေမျိုးသားချင်း မရှိတော့ချေ။ ကျွန်မမှာ အိမ်ဖော်မိန်းကလေး တစ်ယောက်နှင့် နေလေသည်။ ခြံဝင်းထဲတွင် မာလီကုလားနှင့် ကားဒရိုင်ဘာတို့ နေကြသည်။ နံနက် ရှစ်နာရီ၌ အလုပ်တိုက်သို့ ထွက်သွားကာ ညနေမှ အိမ်ပြန်သည်။

တစ်ကိုယ်တည်း ဖြစ်နေသော ကျွန်မ ဘဝမှာ မိန်းမနှင့် မတူလေဘဲ၊ ကာလေ ယောက်ျားနှင့်သာ တူနေလေသည်။ ကျွန်မ ကားမောင်းသော ဒရိုင်ဘာသည် ကျွန်မကို ကွယ်ရာ၌ "ကျွန်တော့်ဆရာ" ဟု သုံးနှုန်း ပြောဆိုလေသည်။ "ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်" ဟူ၍လည်း ပြောတတ်သေး၏။

အိမ်အဖော် မိန်းကလေး ရွာပြန်သွားသည့်အခါ၌ ဒရိုင်ဘာ ကိုအောင်ကျော်သည် နံနက် လက်ဖက်ရည်စားပွဲကို လှလှပပ ပြင်ထားသည်။ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပြင်ပြီး ဈေးခြင်းဆွဲ၍ ဈေးထွက်သွားကာ ပြန်လာလျှင် မီးဖိုထဲ၌ လေတချွန်ချွန်နှင့် ထမင်းချက်နေလေ၏။ ကျွန်မက အိမ် လူမရှိ၍ စားပွဲပြင်ရန်၊ ထမင်းချက်ရန် စေခိုင်းသည် မဟုတ်ဘဲနှင့် သူ့စိတ်နှင့်သူ ဆရာသမားတစ်ယောက် အနေနှင့် တရိုတသေ လုပ်ကိုင် ချက်ပြုတ်နေသည်။

ကျွန်မသည် အလုပ် မသွားခင် အိမ်ထဲ၌ တံမြက်စည်းလှည်း၊ ကြမ်းတိုက်တတ်သည်။ အိမ်အလုပ် လုပ်နေသည်ကို မြင်လျှင် မာလီကုလားသည် ခြံထဲမှ သူ့အလုပ်ကို ချလျက် အိမ်ပေါ်သို့ ပြေးတက်လာလေသည်။ ကျွန်မ မလုပ်ရန်၊ သူ လုပ်ပါမည်ဟု တောင်းပန်ကာ ကျွန်မ စိတ်တိုင်းကျဖြစ်အောင် အိမ်အလုပ်ကို ကောင်းကောင်း လုပ်ပေးလေ၏။ ယောကျ်ားတစ်ယောက် အိမ်တံမြက်စည်းလှည်း၊ ကြမ်းတိုက်နေလျှင် မျက်စိထဲ ကိုးရိုးကားရား ဖြစ်သလို ကျွန်မ ကြမ်းတိုက်နေသာကို သူတို့ မျက်စိထဲ ကိုးရိုးကားရားများ ဖြစ်သလားဟု ထင်မိသည်။ အလုပ်တိုက် ထွက်သွားလျှင် အိမ်သော့ကို မာလီကုလားလက်၌ အပ်ခဲ့သည်။

ညနေ အိမ်ပြန်လာလျှင် အိမ်မှာ သန့်ရှင်း ပြောင်လက်နေသည်။ အိပ်ခန်းထဲ၌ ခုတင်ပေါ်တွင် နံနက်က ကျွန်မ ဖုံးအုပ်သွားသော အိပ်ရာဖုံးကို သပ်သပ်ရပ်ရပ် ခေါက်လျက် နေရာတကျထားကာ ခြင်ထောင်ကို ချလျက် သပ်သပ်ရပ်ရပ် ညှပ်ချပ်ထားတတ်လေသည်။ မာလီကုလားသည် အိမ်ထဲ အလုပ်မှန်သမျှ ကျွန်မ လုပ်သလို လိုက်အတုခိုး လုပ်ထားနှင့်သည်။ ကျွန်မအိမ်မှာ မိန်းမ မရှိသော အရာရှိကြီး တစ်ဦးတစ်ယောက်၊ တပည့်ဘဏ္ဍာစိုးများနှင့် နေသော အိမ်နှင့် တူနေလေသည်။ သူတို့သည် ကျွန်မအား အထူးသဖြင့် မိန်းမလို မဆက်ဆံခြင်းကို သတိပြုမိလေသည်။

အလုပ်အကိုင်သစ် ကုန်သည်ဘဝ၌ ငွေကြေး အစီအစဉ် ပုံစံရေးထားသည်။

ကုမ္ပဏီလုပ်ငန်းမှ မြတ်သမျှ စွန်းသမျှကို ပုံနှိပ်တိုက်ကြွေး ဆပ်ရန်၊ မော်တော်ကားကြွေး ဆပ်ရန်၊ အစိုးရ အမတော်ကြွေး ဆပ်ရန်၊ လက်ဝတ်လက်စားများ ရွေးရန်၊ တစ်ဖက်မှ ထိုကြွေးများကို ပြေလည်ကုန်အောင် ကြိုးစား ဆပ်သွားရင်း ကလေးကျောင်းစရိတ်၊ လစဉ် ကုန်ရမည့် ငွေကိုလည်း နုတ်ရမည်။ ကြွေးမြေကျေ၍ ပိုလျှံလာလျှင် ငွေစုကာ တဖြည်းဖြည်း ပုံနှိပ်တိုက်ကြီး ပြန်တည်ရန် အစီအစဉ်များ လျာထားလျက် စိတ်ပိုင်းထားသည်။

ကုန်သည်ဖြစ်စ ကုန်သည်လုပ်ငန်းမှာ ငွေဝင်လမ်း ဖြောင့်လေ၏။ အလုံးအရင်းနှင့် ဝင်လာကြသော ငွေတို့သည် သမင်မွေးရင်း ကျားစားရင်းပင်တည်း။ အသုံးစရိတ် ဖယ်ကာ တင်နေသော ကြွေးများကို ပိုသလောက် ဖွဲ့ဆပ်ပစ်လေ၏။

စိန်ဂျွန်းကျောင်း၌ ကျောင်းအိပ်ကျောင်းစားနေသော သားနှစ်ယောက်မှာ





မိန်းကလေးကျောင်း၌ ကြာရှည် ဆက်လက်နေခွင့် မရသဖြင့် ကျောင်းပြောင်းထားမည်ဖြစ်ရာ ဒါဂိုလင်ကျောင်း ပြောင်းပေးရန် ပူဆာကြလေ၏။ ဒါဂိုလင်ကျောင်း စရိတ်ကား ကြီးလှသည်။ စရိတ်ကြီး၍ မပို့ဘူး ငြင်းလိုက်ရာ၊ ငိုကြီး ချက်မ ဖြင့် ပူဆာကြလေသည်။

ကျွန်မသည် သူတို့ကို ခွင့်ပြုလိုက်ကာ ဒါဂိုလင်ကျောင်းသို့ ပို့လိုက်သည်။ ဒါဂိုလင်ကျောင်းစရိတ်မှာ တစ်နှစ်အတွက် ငွေကိုးထောင်ကျော် စရိတ်ကုန်ကျလေ၏။

ဘောက်ထော်အိမ်၌ ဦးချစ်မောင် ကွယ်လွန်သည့် ငါးနှစ်မြောက် အထိမ်းအမှတ်ပွဲ လုပ်လေသည်။ သံဃာတော်တို့အား ဆွမ်းကပ်လျက် မိတ်ဆွေသင်္ဂဟ အပေါင်း ဖိတ်ကာ နံနက်စာ ကျွေးသည်။

ကျွန်မမှာ ငါးနှစ်မြောက်နေ့၌ ကုန်ဆုံးခဲ့သော ငါးနှစ်ကိုလည်း ပြန်လှည့်ကြည့်လေ၏။ ရှေ့လာမည့် အနာဂတ်ကိုလည်း မျှော်ကြည့်မိသည်။ ငါးနှစ်အတွင်း နာလပတ်လည်နေသော ဒုက္ခ သုက္ခတို့ကို ငါးနှစ်အတွင်း ခေါင်းနှင့် ရွက်ထမ်းခဲ့သော တာဝန်တွေဖြင့် ဖြေဖျောက် နှစ်သိမ့်ရကာ၊ ရှေ့လျှောက် ဆက်လက်၍ ထမ်းသွားရဦးမည့် ခရီးစဉ်တွင် လောကဓံအား သည်းခံနိုင်သော စိတ်ဓာတ် ဆထက်တိုးလျက် အားပေး မွေးမြူထားလိုက်သည်။

ကျွန်မမှာ ဘယ်အရာမျှ မတည်မြဲချေဟု အသည်းတွင် စွဲနေသော အခံ ရှိထားသည်။ ဝမ်းသာစရာ တွေ့တွေ့၊ ဝမ်းနည်းစရာ တွေ့တွေ့၊ ဒေါသဖြစ်စရာ တွေ့တွေ့ သည်းခံတတ်လာလေ၏။

ငါးနှစ်မြောက်ပြီးနောက် သူ့အတွက် လဆန်း ၂ ရက်နေ့တိုင်း လစဉ် လှူလာခဲ့သော နဝကမ္မဝတ္ထုငွေ ၁၀၀ ကျပ်ကို ဆရာတော်က များလှသည်ဟု ကန့်ကွက်ကာ လစဉ် ဝတ္ထုငါးဆယ်သာလျှင် အလှူခံတော့၏။ လစဉ် ၁၀၀ ကျပ် ကန့်တော့နေသော မိခင်ကြီးမှာ ကွယ်လွန်၍ သွားခဲ့ချေပြီ။

ကျွန်မမှာ ကုန်သည်လုပ်ငန်း၌ မပျော်ပိုက်ချေ။ မလွှဲသာလွန်း၍သာ လုပ်နေကာ ကိုယ် ဝါသနာပါသော အလုပ်ကို မစွန့်နိုင်ဘဲ "စိတ်" ဝတ္ထုစာအုပ် တစ်အုပ် ရေးသား ထုတ်ဝေခြင်းဖြင့် စာပေဖြန့်ချိရေးအလုပ်ပါ တွဲလုပ်လာသည်။

ကုန်သည်လုပ်ငန်း စခဲ့စဉ်က ကိုယ်ပိုင် ငွေရင်းငွေနှီးဖြင့် မလုပ်နိုင်ခြင်းကြောင့် အရင်းအနှီး ထုတ်ပေးကာ စပ်တူလုပ်ဖက် ငွေ့ရှင်ကြေးရှင်တို့ကို ကျေးဇူးရှရသည်။ လိုင်စင်ကျလာလျှင် ငွေရှင်က ငွေစိုက်လျက် ကုန် မှာလိုက်ကြကာ ငွေ တစ်ကျပ်မြတ်လျှင် တစ်ဝက်အမြတ် ငါးမူး ခွဲပေးရသည်။ ကိုယ့်အတွက် ကုန်သည့်တစ်ဝက် ငါးမူးတွင် အကြွေးတစ်မတ် ဖွဲ့ဆပ်လျက် ကျန်တစ်မတ်သာ ကိုယ့်အသုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိန့်ဂျွန်းကွန်ဗင့် စရိတ်၊ ဒါဂိုလင် စရိတ်၊ သွားလေသူအတွက် အလှူစရိတ်၊ အိမ်ခစရိတ်၊ ကားစရိတ်၊ ကုမ္ပဏီ အလုပ်တိုက်စရိတ်တို့ဖြင့် လည်နေကာ ငွေပို ငွေလျှံ တစ်ကျပ်တစ်ပြားမှ မစုဆောင်းနိုင်ခဲ့ချေ။

ကျွန်မမှာ ထောက်ပံ့ ကြည့်ရှုရမည့် ဆွေမျိုးသားချင်း အရင်းအဖျားများကို မှဆိုးမဟူ၍ တစ်ခါဖူးမျှ ခေါင်းမရှောင်ခဲ့၊ လက်မနှေးခဲ့ချေ။ အဆွေအမျိုးတို့အား တတ်နိုင်သလောက်ဟူ၍ မဟုတ်ချေ။ အကြောင်းကိစ္စ ဖြစ်လာလျှင် ဦးမလေးဘဲ သူတို့ဝန်ကို ငွေအားဖြင့် ဝင်၍ ထမ်းလေ၏။ ဆွေမျိုးသားချင်းအုပ်က ကျွန်မအိမ်ကို "ဘူတာရုံ"ကြီးဟု နာမည်ပေးထားကြ၏။ အကြောင်းကိစ္စ ရှိလျှင် သည်ဘူတာ လာဆိုက်ကြလေသည်။

'လူတကာ့ အပူတွေ ရွက်နေတာ၊ ကိုယ့်ကိုယ်ကိုယ် မှဆိုးမဆိုတာများ စဉ်းစားမိရဲ့လား... ဟင်... ကိုယ့်အလုပ်လား၊ ပြောစမ်းပါဦး'

ကျွန်မညီမ အငယ်ဆုံးသည် သူမသေမီ အိပ်ရာထဲမှ နောက်ဆုံး ရေးပို့လိုက်သော စာထဲတွင် ကျွန်မအား စိတ်ပေါက်ပေါက်နှင့် ရေးသွားသည်။

ကုန်သည်ဖြစ်ပြီး လေးနှစ်ထဲတွင် သတင်းစာ ထုတ်ရန် ဝယ်ခဲ့သည့် စက်ဖိုး အကြွေးသုံးသောင်းသည် အတိုးအရင်း ကျေသွားသည်။ မော်တော်ကားကြွေးလည်း ကျေပြီ။ အစိုးရ အမတော်ကြွေးမှ ကျန်ငွေ သုံးထောင် ဆပ်ရန်ကို လျှော့လိုက်သည်။ ဘဏ်မှ လက်ဝတ်လက်စားများ အချို့ ရွေးကာ၊ အချို့ ကျန်သေးသည်။

ကြွေးမြီရှင်းပြီး၍ အသက်ရှူပေါက်ကလေး ချောင်တော့မည်ရှိစဉ် အိုကို့အလ ဖွင့်လိုက်လေ၏။ ကုန်သည်လုပ်ငန်း၊ လိုင်စင်လုပ်ငန်းများသည် တစ်ရှိန်ထိုး ကျဆင်းသွားလေ၏။

ကုန်တင်သွင်းသမျှ နိုင်ငံခြား၌ မှာယူထားသော ကုန်တို့၏ အရှုံးသည် ကျွန်မ ခေါင်းပေါ်သို့ ပြုတ်ကျလာလေ၏။ ပုစွန်ခြောက်ကုန်နှင့် အထည်အလိပ်ကုန်တွင် ငွေသုံးသောင်းနှစ်ထောင် ရှုံး၍ အကြွေးတင်လေ၏။

ကျွန်မကဲ့သို့ လိုင်စင်ခေတ် ကုန်သည်လုပ်နေကြသော အခြားကုန်သည်များအဖို့ အခိုက်အတန့် ကျွန်မနည်းတူ အရှုံးကြီး ရှုံးကြသည့်တိုင် စောစောက စုမိဆောင်းမိ အထုပ်နှင့် ထေကာ ခုကာ အရှုံး ခံသာသော်လည်း၊ ခံနိုင်သော်လည်း ကျွန်မအဖို့မူ စာပုံနှိပ်တိုက်ကြွေးဟောင်း သုံးသောင်း ဆပ်လိုက်ရခြင်းကြောင့် နောက်ထပ် ကုန်သည်ဘဝ သုံးသောင်း အကြွေးသစ် ပြန်တင်ခြင်းကို မခံနိုင်ဘဲ လူးသွားလေသည်။

ကုမ္ပဏီအလုပ်မှ အရှုံးသည် တစ်နှစ်အတွင်း ရပ်တန့်၍ မသွားဘဲ





တ်တိုက်သာ ဆက်လက် ရှုံးနေသည်။ ရှုံးသမျှ အကြွေးသည် စာရင်းတွင် တ်သထက် တက်လာချေ၏။ ကိုယ့်လက်ထဲ ပြန်ရောက်နေသော လက်ဝတ် တ်စား အချို့သည် ဘဏ်တိုက်သို့ ပြန်စု ရောက်သွားလေကုန်၏။

ဒါဂိုလင်မှ ကလေးများအတွက် ပို့ရန်ငွေကို အချိန်မီ မပို့နိုင်တော့သဖြင့် မ်း ၄၀ မှ ပုံနှိပ်တိုက်မှ အကျိုးအပဲ့နှင့် ကျန်ရှိနေသော ပစ္စည်းများကို နေရာနှင့် ကွ ရှမဝကို ရောင်းကာ ရသည့်ငွေဖြင့် ပို့ပေးလိုက်ရသည်။

ကျွန်မ၏ ဘဝလမ်းကြောင်းသည် တည်ငြိမ်သွားရာက လေမုန်တိုင်းဆင် ျလာပြန်ချေပြီ။ ကျွန်မမှာ တစ်ချီ ပြန်လိမ့်လာပြန်သော လှိုင်းလုံးကြီးထဲတွင် စ်မြုပ် မျောက်မသွားစေရန် စွမ်းအားရှိသလောက် ထိန်းထားသည်။

ကျွန်မသည် ရွှေဘုံသာလမ်းမှ အလုပ်တိုက်ခန်းကြီးကို လက်ဂုဏ်ကုမ္ပဏီ က်ထဲသို့ အပ်ခဲ့ကာ အနော်ရထာလမ်းတွင် အလုပ်ခန်းရှာလုက် ရွှေ့ပြောင်း ခဲ့သည်။ ကုန်ဈေးနှုန်း ထိုးကျကာ ဈေးတွေ ကျနေခိုက် ကုမ္ပဏီအတွက် ကျလာသည့် လိုင်စင်ကို အရှုံးခံ မစွန့်စားရဲတော့သဖြင့် လိုင်စင်ခွန်သာ မပျက်မကွက် ကြ ပေးဆောင်ကာ မမှာဘဲ သိမ်းထားလိုက်သည်။

တစ်နေ့တွင် အစ်မအိမ်သို့ ရောက်သွားလေသည်။ ဘဏ်တွင် ပေါင်ထားသော ပစ္စည်းများကို အတိုးပင် ဆပ်ရန် ခဲယဉ်းလာ၍ စိတ်ညစ်ညစ်ဖြင့် ယ်လောက်ရရ ရောင်းသာပစ်လိုက်ချင်သည်ဟု ညည်းလိုက်မိလေ၏။ ကျွန်မ ၏ ညည်းမိခြင်းသည် ကျားရှေ့၌ မျောက်လျှောက်လဲသည်နှင့် တူလိုက်လေသည်။

ကျွန်မက ရောင်းပစ်ချင်သည်ဟု ညည်းမိသည်နှင့် အစ်မအိမ်တွင် ာရောက် နေထိုင်ကြသော လင်မယားနှစ်ယောက်သည် ပစ္စည်းများကို ကျွန်မပင် အသိ လာမပေးဘဲ ဘဏ်က သွားထုတ်ကြလေသည်။ 'ရောင်းချင်တယ် ပြောသွားလို့ ရောင်းချလာခဲ့ပြီ' ဆိုကာ ငွေနှစ်ထောင် ပေးလာမှ ကျွန်မမှာ အံ့အားကြီး သင့်နေသည်။

'ဘယ်သူ့ ရောင်းခဲ့သလဲ' ဟု မေးလိုက်ရာ 'မပြောနိုင်ဘူး' ဟု ဘူးခံလျက် က်ရက်စက်စက် ပြောင်ပြောင်ကြီး ငြင်းကြလေ၏။

ဒေါ်ဆင်ဘဏ်တွင် မန်နေဂျင်းဒါရိုက်တာ လုပ်နေသော ကျွန်မအစ်ကိုကြီး ာ သူ့အိမ် လာနေသော ရင်းနှီးသူများလည်း ဖြစ်သည့်အတိုင်း ကျွန်မက သူတို့ကို ှတ်လိုက်ကာ ရွေးခိုင်းသည်၊ ရောင်းခိုင်းသည် ထင်မှတ် ယုံကြည်ကာ ထုတ်ပေး လိုက်ခြင်း ဖြစ်သည်။

မခံနိုင်သော ဆွေမျိုးများက ဂါတ်တိုင်ရန် တိုက်တွန်းကြ၏။ မခံနိုင်သော တ်ဆွေများက ပစ္စည်းတွေ ပြန်လိုက်သိမ်းရန် ငွေထုတ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ပျက်စီး ဆုံးရှုံးခဲ့လေသမျှ သည်တစ်ချီတွင် တရားအရဆုံး ဖြစ်သည်။ ကျွန်မသည် ပစ္စည်းများကို ပြန်လိုက်သိမ်းဖို့ရန် ရောင်းသည့်နေရာ ပြောဖို့ရာ အမျိုးမျိုး အဖုံဖုံ တောင်းပန်လေ၏။ ရောင်းခဲ့သည့် ဈေးထက် နှစ်ဆ ပိုပေးပါမည်ဟုလည်း ပြောကြည့် တောင်းပန်၏။ မတရားမှုကို အသနားခံ တောင်းပန်နေပါလျက် ဘူးခံနေသော ထိုလင်မယား၏ မျက်နှာကို စေ့စေ့ကြည့် ကာ တရားရမိတော့သည်။ စိုးစေ့မျှ အမျက်မထွက်မိခဲ့ချေ။ လောကဓံကို သည်းခံ လိုက်ကာ ဥပေက္ခာပြုလိုက်သည်။ ဘဏ်တွင် ပိတ်ဆို့လျက် ပေါင်ထားသော ပစ္စည်းများပင် ဖြစ်လင့်စေကာမူ ကုန်ချင်တော့ အနိုင်ကျင့်သူ ပေါ်ကာ ကြံဖန် အပေါက်ရှာ ထွက်သွားသော ကံကြမ္မာကို ကျွန်မ တစ်သက်၌ သံဝေဂ အရဆုံး ဖြစ်သည်။

တရုတ်သူဌေး လင်မယားက မဝယ်ရက်သဖြင့် အထုပ်အထည် ကျန်နေ သည့် စိန်တစ်ဆင်စာ ပစ္စည်းထုပ်သည် နှုတ်မှ ညည်းမိရုံဖြင့် ခြေလက်ပေါက်ကာ ခုန်ထွက်သွားလေ၏။ ယနေ့ထက်ထိ ကျွန်မ ပစ္စည်းတွေ မည်သူ့လက်ထဲသို့ ရောက်သွားမှန်းပင် မသိရတော့ချေ။ စိန်ထည်ပစ္စည်းများအနက် မြငါးလုံး၊ စိန် အလုံး ငါးဆယ်ဖြင့် ညောင်ရွက်သဏ္ဍာန် လုပ်ထားသော စိန်ကြယ်စေ့သည် စိန်တန်ဖိုး၊ မြတန်ဖိုးတို့ထက် အဖိုးထားသော သားစဉ်မြေးဆက် ရာဇဝင်ကြောင်း ရှိသဖြင့် ကျွန်မမှာ ကြယ်စေ့ကို စွဲလမ်းမြင်ယောင်နေလေကာ၊ တစ်နေ့နေ့ ကျွန်မ ၏ သမီးကလေး လက်ဝယ်သို့ ပြန်ရောက်ပါစေရန် အမြဲမပြတ် ယောင်ယမ်း တမ်းတနေမိလေ၏။

ဒါဂျီလင်မှ ကလေးများမှာ ဒါဂျီလင်သို့ ပြန်မပို့နိုင်တော့သဖြင့် စိန့်ပေါ ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ရောက်နေကြသည်။

ကျွန်မသည် ကုမ္ပဏီလုပ်ငန်း ဟန်မကျသဖြင့် ဘောက်ထော်တိုက်ကို ပေါင်ရကာ ခဲစာလုံး စာခုံများ ဝယ်၍ **ဂန္ဓဝင်ဂျာနယ်**ကို စပ်တူထုတ်လေ၏။

စာပုံနှိပ်စက် မရှိသဖြင့် စပ်တူလုပ်ငန်းဖြစ်သော ဂျာနယ်ကို ဆက်မထွက် နိုင်ဘဲ ရပ်ထားရပြန်သည်။ ကျွန်မသည် ကုမ္ပဏီကြွေးများ ဆပ်နိုင်ရေး၊ ပုံနှိပ်စက် ဝယ်နိုင်ရေးသာ လုံးပန်း ရှေးရှုလျက် ရှိနေကာ တစ်နေ့မျှ စိတ်မလျှော့ချေ။ လောကကြီးသည် ဖြစ်သည်၊ ပျက်သည်၊ ဖြစ်လည်း ဝမ်းသာစရာ မဟုတ်၊ ပျက်လည်း ဝမ်းနည်းစရာ မဟုတ်ဟု ကြံ့ကြံ့ခံထားသည်။

ဘောက်ထော်တိုက်ကို ရောင်းလိုက်ရလေ၏။

ဘဏ်တွင် စိန်ထည်ပစ္စည်းတွေ ရှိနေချေက ကျွန်မတွင် အခြေပျက်သွား စရာ မရှိ။ တိုက်ကို ရောင်းစရာ မလို။ စိန်ဈေးမှာ တစ်ရတီ သုံးထောင်၊





ထောင် အဆမတန် တက်နေလေ၏။ တိုက်ရောင်းပြီး စာချုပ် လက်မှတ် ကာ ရုံးမှအပြန် လမ်းတွင် ပြုံးမိသည်။ ရယ်ချင်စရာကောင်းသော ကံကြမ္မာ အထွေထွေကို တွေးကာ ပြုံးလာမိလေသည်။

တိုက်ရောင်းပြီး အနော်ရထာလမ်း အလုပ်တိုက်နှင့် မျက်နှာချင်းဆိုင်ဘွင် န်းတစ်ခန်း ဝယ်ယူနေထိုင်ကာ ပုံနှိပ်စက်ကလေးတစ်လုံး ဝယ်လှုက် ပုံနှိပ် ငန်း လုပ်လေ၏။

ပုံနှိပ်တိုက်ကြီး ရိုက်ချိုး ဖျက်ဆီးခံရ၍ ပျက်စီးသွားပြီးနောက် ပြန် တည် ာင်ရန် အားခဲ ကြိုးစားလာခဲ့ရာ ပုံနှိပ်တိုက် တစ်တိုက် ပြန်ဖြစ်လာသည်။ က်ရောင်းပြီး မြေနှင့်အိမ် ပြန်ဖြစ်အောင် ကြိုးစားပြန်သည်။ ကမာရွတ် ည်းတန်းရပ်ကွက်တွင် မြေကွက်ကလေးတစ်ကွက် မဖြစ်ဖြစ်အောင် ဝယ်ကာ မ်း၊ ပျဉ်ထောင် အိမ်သစ်ကလေးတစ်လုံး မဖြစ် ဖြစ်အောင် ပြန်ဆောက်သည်။ ခ မီးလောင် ပြာကျသွားလေ၏)

ပစ္စည်းတွေ ရှေ့က ဆုံးပြီးနောက် သူ ကွယ်လွန်သွားပြီးမှ ဘဝသစ်ကို ဆောင်ရာတွင် ဘဝ၏ အခက်အခဲ အဖြစ်နှင့် အပျက်တို့ကို ယှဉ်ပြိုင်စစ်ဆေး ည်သည်။ အဖြစ်ဘက်မှ ဘဝသစ်ကို ပြန်ထူထောင်စ အဘက်ဘက် အဆင်သင့် ထောင် ပြီးစီးသွားမှ အဖျက်ဘက်တွင် ဂေဇက်က စက်တွေ လာဖြုတ်သွားပုံ၊ ျေးလျက် စက်ကြီးနှစ်လုံး ပြန်ဝယ်ဖြည့်ပုံ၊ အိမ်ရာသစ် ထူထောင်ပြီးမှ ဧည့်ခန်း လောင်ပုံ၊ ဧည့်ခန်း အစားပြန်ဖြည့်ပုံ၊ သတင်းစာနှင့် ဂျာနယ်ကျော် စောင်ရေ ကျသွားပုံ၊ စောင်ရေ ထိုးကျသွားမှ ပုံနှိပ်လုပ်ငန်း ဆားပန်းအလုပ် လိုမ့်ဝင်ပုံ၊ တင်းစာ စောင်ရေ ပြန်တက်လာမှ တိုက်ကို နာလန်မထူနိုင်အောင် ရိုက်ချိုး က်ဆီးပစ်ကြပုံ၊ လူသေမလောက် ခံရကာ မသာရပ် ပေါက်နေပုံ၊ လူ မမှတ်မိ ာင် ကျန်းမာ ဝဖြိုးလာပုံ၊ ဘောက်ထော်တိုက် ဝယ်ပုံ။

ကျွန်မသည် သူ သေပြီး ရှေ့ပိုင်း ငါးနှစ်အတွင်း အဖြစ်နှင့်အပျက်ကို ှ်ကြည့်မိသည်။ အပျက်လည်းရှိ၊ အဖြစ်လည်း ရှိသဖြင့် ပျက်လည်း ဝမ်းမနည်း၊ ဖြစ်လည်း ဝမ်းမသာသော စိတ်ဓာတ် တစ်စစ ခိုင်မာလာလေ၏။

ဘောက်ထော်တိုက် ဝယ်ပြီး အလုပ်မရှိပုံ၊ ကုမ္ပဏီထောင်ပုံ၊ ကြွေးမြေဆပ် ပုံ၊ ကြွေးမြေဆပ်ပြီးမှ ကြွေးမြေအသစ် တင်လာပုံ၊ လက်ဝတ်လက်စားများ ဘဏ်တိုက် မီးခံသေတ္တာထဲက ဘယ်သူ့လက်ထဲ ရောက်သွားမှန်း မသိ ဆုံးခဲ့ရပုံ၊ တိုက်ရောင်းရပုံ၊ ဆေးဆရာဖြစ်ပုံ၊ စာပေနယ်တွင် ရောက်သွားပြန်လျက် ဆောင်းပါး ရေးကာ စာရေးဆရာ လုပ်နေပုံ၊ ပုံနှိပ်တိုက် ပြန်ဖြစ်ကာ လှည်းတန်း၌ အိမ်နှင့်မြေ ဝယ်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ငါးနှစ်တွင် ရှေ့ပိုင်းကဲ့သို့ပင် အဖြစ်နှင့်အပျက်သည် ယှဉ်ပြိုင်
ရှိနေလေသည်။ ကျွန်မမှာ ဘယ်လိုပျက်ပျက်၊ ဘယ်လိုကျကျ မလဲဘဲ ပြန်ထော
သော ပစ်တိုင်းထောင် အရုပ်နှင့် တူနေလေ၏။

အကျော်အမော် ဗေဒင်ပညာရှိ ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်များက ကျွန်
အား ဤသို့ တစ်သံတည်း ဟောကြလေ၏။

"မူလဇာတာ ခိုင်လွန်း ကောင်းလွန်းလို့နော်၊ ဒီပြင် မုဆိုးမသာ ဆိုရ
လိမ့်ထွက်သွားတယ်။ ယောကျ်ားဆုံးတဲ့ အသက် ၂၈ နှစ်က ရာဟုထဲ စဝင်လာတာ
ရာဟုသက်က ၁၂ နှစ် ရှိတယ်။ အသက် ၄၀ ကျော်ရင် ရာဟုက လွတ်ပြီး သိုက်
ဝင်လိမ့်မယ်။ ချမ်းသာလိုက်မယ့်ဖြစ်ခြင်း၊ ပိုက်ဆံတွေ ထည့်ဖို့ သံသေတ္တာ အကြ
ကြီး ရှာထား။ အသက်ကြီးလို့ သေသည်အထိ စီးပွားရေးမှာ အဖြစ်ကြီး တွေ
သွားမယ်၊ အပျက်ကို မရှိဘူး"

ကျွန်မသည် ဘာသာတရားကို သဘောပေါက်ကာ ကြည်ညိုလာသည်
လူလားမမြောက်သော အရွယ်လောက်ကပင် ဆုတောင်းတစ်ခု ရှိလေ၏။
ဆုတောင်းမှာ အသက်ကြီး၍ ပစ္စည်းဥစ္စာများ ပြည့်စုံ ချမ်းသာ ပေါများ ကြွယ်
နေပါချေက ထိုပစ္စည်းတွေကို ခင်တွယ် တပ်မက်နေသည့်ကိုယ် မဖြစ်ဘဲ
ပစ္စည်းတွေကို ကိုယ်က ပြန်စွန့်နိုင်ပါစေ၊ လူတွေနှင့် ဝေးရာ ကျောင်းကန်ဇရပ်
နေကာ သံသရာ မနှစ်သည့် တရားကို ရှာနိုင် ကျင့်နိုင်ပါစေသားဟု အမြဲ စိတ်
တောင့်တလေ့ ဆုတောင်းလေ့ ရှိသည်။

အသက်အရွယ် ကြီး၍ ပစ္စည်းတွေက မစွန့်လျှင် ကျွန်မက ပစ္စည်းတွေ
စွန့်ပစ်နိုင်စေရန် တောင့်တ ကြံစည် ကြိုတင် ရည်ရွယ်ထားချက်သည် ဗေဒ
ဟောကိန်းနှင့် တစ်ဖက်တစ်လမ်းပင်တည်း။

ရန်ကုန်သတင်းစာတိုက်ရှင် ဆရာမြို့မမောင်က ကျွန်မ၏ ဘဝကို ဝေဖ
လေသည်။

'ခင်ဗျားဘဝကို ကျုပ် ဝေဖန်ချင်တယ်။ အခက်အခဲ အကျပ်အတည်း
ဘဝကြီးကို လူးလဲ လိမ့်မသွားအောင် ခင်ဗျား ထိန်းနိုင်တဲ့သတ္တိ ရှိတယ်
တော်တော့ သတ္တိ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားမှာ လိုနေတာက ဘဝမှာ တစ်လှည့်
တစ်ကွေ့ ကျွမ်းပြန်ရင် မတ်တည်ပေးရတယ်။ ကျုပ်ကို ကြည့်လေဗျာ၊ ကျုပ်
မိန်းမ ဆုံးသွားတယ်။ ကျုပ်ဘဝဟာ ပျက်သွားတယ် ဆိုရမယ်။ ဒီအပျက်အတိုင်း
ကျုပ် မထားဘူး။ လောက သံသရာမှာ နေသေးတဲ့ အခိုက် အပျက်အတိုင်း
ကျုပ် မနေဘူး။ ပျက်သွားတဲ့ ကျုပ်ဘဝကို အိမ်ထောင်သစ် ပြန်ထူတယ်၊ မိန်းမ
ယူတယ်။ ဟော... ပြန်ထူထောင်ပြီးပြီ။ အားလုံး အတည်တကျ ဖြစ်သွားပြီ





[illegible] ယောကျ်ားယူစမ်းပါ။ အိမ်ထောင်ပျက်နေတဲ့ ခင်ဗျား ဘဝကို အိမ်ထောင်
[illegible]ထူလိုက်စမ်းပါ။ အိမ်ထောင်ပြုလိုက်ရင် ခင်ဗျားဟာ ထိပ်တန်းဖြစ်မယ်။
[illegible] ပြောတာကို စဉ်းစားစမ်းပါဗျာ၊ ဘယ့်နှယ်လဲ'

ကျွန်မမှာ ဘယ်တော့မှ အိမ်ထောင် မပြုဘူးဟု သန္နိဋ္ဌာန် ချထားသည်လည်း
[illegible]ဟုတ်ချေ။ သို့သော်လည်း အိမ်ထောင်ပြုဖို့ရာ လက်မလွတ်သေးသည့် သားသမီး
[illegible]ယောက်ရှိသော၊ သူ့များ ဝန်ကြီး ဝင်ထမ်းမည့် တစ်ဖက်သားအတွက် စိတ်
[illegible]ခေါင့်အယုက်၊ စိတ်မပျော်မရွှင် ဖြစ်မှာကို စိုးရိမ်စိတ်ဖြင့် ဝန်လေးခြင်း ဖြစ်သည်။

ကျွန်မမှာ သူ ပြောတာကို မစဉ်းစားချေ။ အကြောင်းရေစက်ကံကိုလည်း
[illegible]ကိုယ် မသိမမြင်နိုင်သဖြင့် မည်သို့မျှ အဖြေမပေးဘဲ ဆိတ်ဆိတ်ပင် ပြုံးနေလိုက်
[illegible]သည်။

ကျွန်မသည် ဆယ်နှစ်ခရီးကို ဇာတ်လှန်ကာ စားမြုံ့ပြန်လျက် ဝေဖန်
[illegible]သပ် လူးလွန့်နေရာက အိပ်မောကျနေကြသော သားသမီးများကို လှမ်းကြည့်
[illegible]က်လေသည်။ ဆယ်နှစ်ပတ်လုံး သူတို့အတွက် ရွက်လာခဲ့သည့် တာဝန်ကြီး
[illegible] ကြီးလေးလှ၏။ သူတို့သည် မုဆိုးမ သားသမီးဟူ၍ မျက်နှာညှိုးငယ်ရခြင်း
[illegible]ကြ။ လူအောက်သူအောက် မကျဘဲ လူတစ်လုံးသူတစ်လုံး ဖြစ်စေကြရန်
[illegible]မှန်းလျက် ကြိုးစားခဲ့လေသမျှ မှန်းခြေအတိုင်း ရောက်ကာ ကြိုးစားရကျိုးမှ
[illegible]ပါလေမလား။

သူတို့၏ ရှေ့ရေးကို မျှော်ကြည့်ရင်း အရွယ်မရောက် လူလားမမြောက်ကြ
[illegible]သေးသည့်အတွက် ကျွန်မ၏ ဘဝသည် ခရီးပန်းတိုင်သို့ မရောက်ချေသေးဘဲ၊
[illegible]ခုမှ လမ်းခုလတ် ရောက်လာချေသေးသည်ဟု စဉ်းစားရင်း ဟင်းခနဲ သက်ပြင်း
[illegible]ချမိသည်။

စတုဒိသာဇရပ်နှင့် အောင်မင်္ဂလာဇရပ် ကြားရှိ ပေတစ်ရာလမ်းကား
[illegible]ကျွန်မအတွက် ဖြောင့်ဖြူး တိုတောင်းသောလမ်း မဟုတ်ချေ။ တောင်ကြီးနှစ်လုံး
[illegible]ကြားတွင် သွယ်တန်းထားသော ကြိုးတန်းကလေးနှင့် တူလှချေ၏။ ကျွန်မမှာ
[illegible]ကြိုးတန်းလျှောက်သူနှင့် မခြား အောက်သို့ တလိမ့်ခေါက်ကွေး ကျလုလု ကျလုလု
[illegible]ဖြစ်ကာ၊ ခြေလှမ်း မတိမ်းအောင် သတိနှင့်ထိန်းလျက် ရင်တဖိုဖိုဖြင့် စွန့်စွန့်စားစား
[illegible]ဘတ်ကတ် လျှောက်ခဲ့နိုင်၍သာ အောင်မင်္ဂလာဇရပ်သို့ ရောက်လာခဲ့လျက်
[illegible]ခံထောင့် တစ်အောင့် နားခွင့်ရသည်။

အောင်မင်္ဂလာ ဇရပ်ကြီးသည် ဆယ်နှစ်ခရီး၏ မှတ်တိုင်ကြီး တစ်တိုင်
ဖြစ်သည်။ ဤမှတ်တိုင်ကြီးမှ ရှေ့သို့...။



www.burmeseclassic.com

www.burmeseclassic.com

## ၇

အောင်မင်္ဂလာဇရပ်ထဲတွင် လှုံးလွန့်နေသော သဏ္ဍာန်ကလေးသည် တရေးရေး ပျောက်ကွယ်သွားလေသည်။ ကျွန်မ လက်ထဲတွင် ကိုင်ထားသော ကော်ပီစာအုပ်၊ **ဆယ်နှစ်**ဟူသော ခေါင်းစဉ်စာလုံးမှ မျက်လုံးခွာလိုက်ကာ သေတ္တာထဲ၌ ရှုပ်ပွနေသော အထည်ပုံကို ကြည့်သည်။ နှုတ်ခမ်းကို ကိုက်ကာ အံကြိတ်လိုက်မိသည်။

တရုတ်ပြည်သို့ ကျွန်မ သွားနေသည့်အခိုက် သားအလတ် မောင်သိန်းတန်သည် သော့ပိတ်ထားခဲ့သော သေတ္တာကို ချိုးဖွင့်လျက် သေတ္တာထဲမှ မခင်လေးမြင့် လက်ဝတ်လက်စားများကို ယူကာ ရောင်းသုံးပစ်လိုက်၏။ သေတ္တာထဲတွင် အမိုးထိုက် အဖိုးတန် အထည်များလည်း မရှိတော့ချေ။

သူတို့ဖခင် သေပြီး ဆယ်နှစ်မြောက်သော နှစ်၌ မောင်သိန်းတန်နှင့် မိုးဟိန်းတို့ ခုနစ်တန်းအောင်ကြသည်။ ခုနစ်တန်းအောင်ပြီး မောင်သိန်းတန်သည် ဗထူးမြို့ရှိ စစ်တက္ကသိုလ်ကျောင်းကို ပို့ရန် အတန်တန် ပူဆာနေသည်။ ခုနစ်တန်းတွင် ကျောင်းတက်နေရင်းပင် ခုနစ်တန်း အောင်လျှင် စစ်ကျောင်းသွားမည်ဟု ပြောချည်းနေသည်။ ကျွန်မက ဆယ်တန်းအောင်မှ သွားရန် ချော့ပြောသည်။ ကလေးသုံးယောက်အနက် မောင်သိန်းတန်သည် အစွဲအလမ်းကြီးသူ ဖြစ်၏။

သူ့အကြောင်း သိ၍ ကျွန်မက သွားလိုလည်း သွားစေတော့ဟု ခွင့်ပြုလိုက်သည်။ စစ်တက္ကသိုလ်ကျောင်းမှ ဗိုလ်ကြီးဘသောင်းနှင့် တွေ့ဆုံရန် စစ်ရုံးသို့ ခေါ်သွားသည်။ ဗိုလ်ကြီးဘသောင်းမှာ ဝမ်းမြောက်ဝမ်းသာဖြင့် စာမေးပွဲဖြေရန် စာရင်းပုံစံ သွင်းရမည့် စာရွက်ကို သူ လာပို့မည်ဟု ချိန်းလိုက်၏။

သူသည် စစ်ရုံးမှ အိမ်သို့အပြန်–

'စစ်ကျောင်း သွားရပြီကွ' ဟု သံကုန်ဟစ်ကြွေးလျက် လှေကားကို သုံးလေးထစ်ကျော် ခုန်ပြေးတက်လာလေ၏။

ထိုနေ့ ညနေ၌ ဝမ်းမြောက်ဝမ်းသာ ဆွေ့ဆွေ့ခုန်နေလျက် ပျော်မြူးနေလေသည်။ စစ်ကျောင်းသွားတော့မည့် အကြောင်းကို နားငြီးစရာ ကောင်းအောင်ပင် ဆူညံ ပြောဆိုနေသည်။ ကျွန်မက နားငြီးလာကာ သည်လောက် ဖြစ်ရသလားဟု ကြိမ်းမောင်းရသည်။

'ဝမ်းသာလွန်းလို့ပါ မေမေရာ' ဟု ဆိုကာ စစ်သားဟန်ပန် စစ်ရေးပြလျက် မျက်စိနောက်လောက်အောင် အူမြူးနေလေသည်။

သူသည် ခုနစ်တန်း၌ ကျောင်းတက်နေစဉ် သူ့သူငယ်ချင်းအိမ် သွားရင်း ဗထူးမြို့မှ စစ်ဗိုလ်တစ်ဦးနှင့် သိကျွမ်းလာ၏။ 'မင်း အင်္ဂလိပ်စကားပြော သိပ်





…ကောင်းတယ်။ စစ်ကျောင်း လာပါလားကွ။ စစ်ကျောင်းဆင်းရင် မင်းကို နိုင်ငံခြား စစ်ပညာသင် ရွေးမှာ အမှန်ပဲ။ စစ်ကျောင်းသာ လာခဲ့' ဟု ဆွဲလေ၏။

နိုင်ငံခြားသို့ စစ်ပညာသင် သွားရမည်ဟု စစ်ဗိုလ်က ပြောလိုက် ကတည်းက သွားချင်လွန်း၍ ရူးနေသည်။ မိခင်က သွားရန် ခွင့်ပြုသည်နှင့် ကလေးဘိတ်ဖြင့် …မမြင် လေမမြင် မွန်နေလေသည်။

ကျွန်မသည် နေ့ရှင်းသတင်းစာတွင် ဗထူးမြို့ စစ်ကျောင်းဝင်ရန် ကျောင်းသားများ ခေါ်သော ကြော်ငြာကို လှန်ကြည့်လိုက်ကာ စိတ်ထဲ ထင့်သွားသ၏။

ကြော်ငြာထဲ၌ မောင်သိန်းတန် အောင်သောနှစ်က ကျောင်းသားများကို …ခြင်း မဟုတ်ဘဲ၊ တစ်နှစ်စော၍ အောင်ထားသော ကျောင်းသားများသာ သွားနိုင်ခွင့် ရှိနေသည်။

ကျွန်မက ယခုနှစ် စစ်ကျောင်း မသွားနိုင်သေးကြောင်း၊ ကျောင်းဆက်နေ… ပြောပြကာ နေ့ရှင်းသတင်းစာကို ပြလိုက်သည်။ သူသည် သတင်းစာဖတ်ပြီး …အပျက်ကြီး ပျက်သွားလေ၏။

ကျွန်မက ရှစ်တန်း၌ ကျောင်းဆက်ထား၏။ စစ်ကျောင်း မသွားရသဖြင့် ကျောင်းစာကို စိတ်မပါတော့ချေ။ စစ်ကျောင်း မသွားရ၍ မကြည်မသာ မ… …မ်း ဖြစ်နေလေ၏။ ကျောင်းနေချင်စိတ် ပျောက်ကာ ကျောင်းပြေးများနှင့် …င်းမိသွားသည်။ ကျောင်းတက်ဟန် သွားလျက် ကျောင်းပြေးနေလေသော …သည်။

ကျောင်းပြေး စိတ်လေနေသည့်အခိုက် တစ်နေ့တွင် သူ့ဖခင်၏ မိတ်ဆွေ …ရှင်ဒါရိုက်တာ တစ်ဦးနှင့် ဆုံမိကြသည်။

'မင်း ကြီးရင် ဘာလုပ်မလဲ' ဟု ကားအတူ စီးသွားရင်း လှမ်းမေးသည်။

'ကျွန်တော် စာရေးဆရာ လုပ်ချင်တယ်၊ ရုပ်ရှင်မင်းသားလည်း လုပ်ချင်တယ်'

'မင်းအဖေဟာ လောကအကြောင်းကို ဘာမှ သိသွားတဲ့လူ မဟုတ်ဘူးကွ၊ …ရိုး လူအကြီး။ မင်း လုပ်ချင်တာတွေ အကုန် လျှောက်လုပ်စမ်း။ လောက အကြောင်းကို အကုန်သိအောင် လုပ်စမ်း။ အိမ်က ထွက်ပြေးချင်လည်း ပြေးကွ။ …ဟာ ငယ်ငယ်က အိမ်က ထွက်ပြေးသွားတဲ့ကောင်ကွ။ လုပ်ချင်ရာ လုပ်စမ်း'

သူ့အဖေ မိတ်ဆွေက ပြုံးစိပြုံးစိဖြင့် ပြောပြသွားခြင်းကို အဟုတ်ကြီး …ကာ သွေးကြွသွားလေ၏။ များမကြာမီ ကျွန်မ အလစ်တွင် ရွှေလက်ကောက် …ဖက်နှင့် နာရီကို ယူကာ အိမ်မှ ပြေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဒေါင်းတောက်အောင် လိုက်ရှာရသည်။ သူ့သတင်း စနည်းနာ ရင်း လိုက်ရှာရာ မော်တော်ပီကယ် ပုလိပ်တန်းလျားတွင် ပုလိပ်အိမ်ခန်းထဲ သူ့ကို သွားတွေ့သည်။

အိမ်မှ ထွက်ပြေးသွားသော အချိန်အတွင်း အံ့ဩလောက်အောင် ပြောင်းလဲ သွားကာ ပျက်စီးသွားလေသည်။ သူသည် အရက်သောက်ကြည့်သည်။ ဖဲဝိုင်း တကာ ရောက်သည်။ ရုပ်ရှင်၊ ပြဇာတ် တီးဝိုင်းမျိုးစုံမှ လူတကာနှင့် ကျွမ်းသည်။ ရန်ကုန် တစ်မြို့လုံး နေရာအနှံ့ ရောက်ဖူး၏။

စစ်ကျောင်းသွားရန် စိတ်ပျောက်သွားကာ လောကကြီး အကြောင်းကို အစုံအကုန် သိချင် စမ်းချင် နေတော့လေ၏။

ကျွန်မမှာ သူ့ကို ကျောင်းပြန်လွှတ်မရ၍ စိတ်လေမသွားရန် မျက်စိ အလစ်မပေးဘဲ သွားလေရာ ခေါ်သွားသည်။ တစ်နေ့တွင် ထောင်မှ လွတ်လာ သော ဗန်းမော်တင်အောင်ကို သွားတွေ့ရာ လင်းယုန်တိုက်သို့ သူပါလာသည်။

သူသည် နောက်တစ်နေ့ လင်းယုန်တိုက်သို့ ထွက်သွားကာ ဦးလေးက သူ့ဆီကို ခဏခဏ လာရမည် ခေါ်ကြောင်း ပြောလာ၏။ ကျွန်မမှာ တခြား သွားနေမည့်အစား လင်းယုန်တိုက်တွင် ရှိနေစေဟု ကိုတင်အောင်ကို သွားအပ်ကာ ကြိုးရှည်နှင့် လှန်ထားလိုက်သည်။ ထောင်မှ လွတ်လာသော သူ့ဦးလေး ဗန်းမော် တင်အောင်ကို အားကျလာလေသည်။ ထောင်အကြောင်းကို စွဲလမ်းနေ၏။ ထောင် အကြောင်းကို သိချင်နေသည်။ ထောင်ထဲ သွားကြည့်ချင်လိုက်တာဆို၍ လင်းယုန် တိုက်သို့ မလွှတ်ဘဲ တားမြစ်ထားလိုက်သည်။

ကျွန်မမှာ စီးပွားရေးထက် သူ့အတွက်က အတော်ကြီး စိတ်သောက ရောက်ရပြန်ချေသည်။ စီးပွားရေးတစ်ဖက်၊ အိမ်တစ်ဖက်၊ အလုပ်တစ်ဖက်၊ သား သမီးရေး တစ်ဖက်ဖြင့် အပူတွေ ဝိုင်းနေသော ဘဝကို ကြာလေ စက်ဆုပ်လာလေ သည်။ အရွယ် မရောက်တရောက် ယောက်ယက်ခတ်နေသော သူ့အတွက်ကြောင့် ခုမှ သာခက်လာချေပြီဟု စိတ်ညစ်ညူးနေ၏။

ကျွန်မသည် သေတ္တာထဲမှ ပစ္စည်းများကို ဘာရှိ၍ ဘာကျန်မှန်း မသိချင် မကြည့်ချင်ဘဲ ဆောင့်ပိတ်ပစ်လိုက်ကာ **ဆယ်နှစ်**ဟု ရေးထားသော ကော်ပီစာအုပ် သာ ဆွဲထုတ်ယူလိုက်သည်။

တရုတ်ပြည်မှ ပြန်လာပြီး ၁၅ ရက်ခန့် စိတ်အိုက်လျက် ရှိ၏။ အလုပ် ကိုလည်း စိတ်မဝင်စားချေ။ စာလည်း ရေးမရ။ ပြဿနာအရပ်ရပ် အဖြေရှာကာ အချိန်ကုန်နေစဉ် အင်္ဂပူမြို့ အင်္ဂပူကျောင်းတိုက် ဆရာတော့်ထံမှ စာရောက်လာ သည်။





တပည့်

ကမ္မသတ္တာ ဝိဘဇ္ဇတိ၊ ကမ္မ–ကုသိုလ် အကုသိုလ်ကံသည် သတ္တဝါတို့ကို စီမံ ဖန်ဆင်း၏။ ဤ ဘုရားစကားတော်အရ၊ သေ ဆိုတာ ကံစီမံတာပဲ။ ပဋိသန္ဓေ နေရတာလည်း ကံစီမံတာပဲ။ အိုခြင်း၊ နာခြင်း၊ ကွေကွင်းခြင်း၊ ဘေးရန်နှင့်တွေ့ခြင်း၊ ဘေးရန်မှလွတ်ခြင်း၊ ဥပဒ္ဒဝေါနှင့် တွေ့ခြင်း၊ ဥပဒ္ဒဝေါမှ လွတ်ခြင်း၊ လာဘ်ရခြင်း၊ လာဘ် မရခြင်း၊ အခြံအရံရှိခြင်း၊ အခြံအရံ မရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်း ခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပညာရှိ မိဘနှင့် ကြုံရခြင်း၊ ပညာမဲ့ မိဘနှင့် ကြုံရခြင်း၊ သားသမီးမိုက်နှင့် ကြုံရခြင်း၊ လိမ္မာသော သားသမီးနှင့် ကြုံရခြင်း၊ မိတ်ဆွေဆိုးနှင့် ကြုံရခြင်း၊ မိတ်ဆွေ ကောင်းနှင့် ကြုံရခြင်း၊ ဝဋ်ဆင်းရဲ၌ တပြောင်းပြန်ပြန် ကျင်လည် ခြင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း စသည်တို့၏ ကောင်းဆိုး နှစ်တန် ကံစီမံတာချည်းပဲ တပည့်။

ဉာဏ်ကို ထက်အောင်သွေး၊ ကံကို နက်အောင်ထေး။ ဉာဏ် ကို မသွေးက လိုရာ မရောက်၊ ကံကို မထေးက ယိုကာ ပျောက်။ ငါ့တပည့် နိုင်းထောက်ချင့်မြော်၊ အခွင့်တော်ခိုက်၊ သင့်လျော်စိတ်ကူး၊ ကံကို နက်အောင်တူး၊ ဉာဏ်လည်း ထက်မှစူး၊ သို့မှ နောင်ခါ အကျိုးထူး၍ သံသရာ ကြာကြာ မနစ်ဘူး။

**ပဋ္ဌက္ကန္တာ**– ခန္ဓာငါးပါးတို့သည်၊ **နိရုဇ္ဈကာ**– အနည်းငယ် မျှ၊ ဝိပါကမျိုး အကျိုးမရှိကုန်။

**ဓမ္မသုခ ဆရာတော်**

ကျွန်မသည် ဆရာတော့်စာကို အခေါက်ခေါက် ဖတ်ရင်းမှ ပြဿနာ အရပ်ရပ်အတွက် အဖြေရှာရသွားလေသည်။ ကျွန်မအဖြေသည် ဆယ်နှစ်မြောက် အထိမ်းအမှတ်အတွက် ရေးထားခဲ့သော စာရွက်မှ ခေါင်းစဉ် **ဆယ်နှစ်** ပင် ဖြစ်လေသတည်း။

ကျွန်မသည် သားသမီးသုံးယောက်ကို မျက်နှာစုံညီခေါ်ကာ စိတ်ထဲရှိတာ ကြအောင် ဖွင့်ပြောပြလိုက်သည်။

'မင်းတို့အတွက် မေမေ ဘယ်လောက် ဒုက္ခ ရောက်ရတယ်၊ ပင်ပန်းတယ် ဆိုတာ မင်းတို့ကို ပြောပြဖို့ မလိုဘူး။ မင်းတို့ကိုယ်တိုင် သိတော်တဲ့အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြပြီ။ အရင်တုန်းက မေမေ့စိတ်ထဲမှာ မင်းတို့ကို မင်းတို့ အဖေလို လူ
တစ်လုံး သူတစ်လုံးကြီး ဖြစ်စေချင်ပြီး သူများ သားသမီးနဲ့ မတူအောင် ငွေကုန်
ကြေးကျ ခံခဲ့လေသမျှဟာ မေမေ့ဒုက္ခ မေမေ ရှာခဲ့တာပဲ။ ဖအေတော်တိုင်း
သားသမီး တော်ရမယ် မှတ်နေလို့ မဖြစ်ဘူးကွ။ သူ့ကံနဲ့သူ ဖြစ်ကြတာ။ မင်းတို့
မေမေ အခု စိတ်ပြောင်းသွားပြီလို့ မှတ်လိုက်ပေတော့။ မင်းတို့အတွက် နေရေး
ထိုင်ရေး၊ ဝတ်ရေး စားရေး၊ ကျောင်းစရိတ်၊ ဒီဘက်ကလည်း မေမေ ပူရမယ်။
မင်းတို့စိတ် မင်းတို့ အကျင့်တွေ အတွက်လည်း မေမေက ပူရမယ်ဆိုရင် မေမေ့
အသည်းနှလုံးဟာ ကျွမ်းသွားတော့မှာပဲ။

'ရှေ့လျှောက် မင်းတို့ကို ကျောင်းမထားနိုင်မှာသာ ပူတော့မယ်။ မင်းတို့
နေရေးထိုင်ရေး မပြည့်စုံမှာ၊ လူတန်းမစေ့မှာသာ ပူတော့မယ်။

'မေမေက ကျောင်းထားလျက်နဲ့ မင်းတို့က ပညာမသင်လို့ ပညာမတတ်
ရင် မတတ်နိုင်ဘူး။ ပူလိမ့်မယ် မဟုတ်ဘူး၊ မပူတော့ဘူး။ မေမေက လိမ္မာအောင်
ဆုံးမ သွန်သင်လျက်နဲ့ ထူးချွန်ပြီး မိုက်ကြရင်လည်း မတတ်နိုင်ဘူး။ ပူလိမ့်မယ်
မဟုတ်ဘူး၊ မပူတော့ဘူး။ ဒီနေ့က စပြီး မှတ်ထားကြတော့။ မေမေတော့ မင်းတို့
တာဝန်ကြီးကို ထမ်းမှာ ရှေ့ဆယ်နှစ်ပဲ။ ရှေ့ဆယ်နှစ်ဆိုရင် မင်းတို့သုံးယောက်
စလုံး လူလားမြောက်တဲ့အရွယ် ရောက်နေကြပြီ။ လူလားမြောက်ပြီး အရွယ်ရောက်
တာသာ လိုရင်းပဲ။ အဲဒီအချိန်မှာ ပညာတတ်တာ၊ စီးပွားဥစ္စာနဲ့ ပြည့်စုံနေတာ
မင်းတို့ကံနဲ့ မင်းတို့ပဲ။ ဆယ်နှစ်ပြည့်တာနဲ့ တစ်ချက်တည်း မေမေ အေးရာ
အေးကြောင်း သွားချင်တယ်ကွာ'

သူတို့သုံးယောက်အနက် မိုးဟိန်းသည် စိုက်နားထောင်နေရာက မျက်လုံး
မျက်ဆန်ကြီး ပြူးသွားလျက် 'မေမေက ဘယ်သွားချင်တာလဲ' ဟု အလန့်တကြား
မေးလိုက်သည်။

'ဇရပ်ကွ ... ဇရပ်'

[ ရှုမဝ၊ စက်တင်ဘာ ၁၉၅၇ ]

စေတနာ

**ဦးသန်း၊ ဂေဇက်၊ ကြော်ငြာ၊ လက်မှတ်ရောင်း၊ ဓာတ်တိုက်**

စာဆိုတော်နေ့အတွက် ဂျာနယ်ကျော်ဦးချစ်မောင်ဆု ငါးရာကို ပေးရန် တာဝန်
ယူမိသည်။ စာဆိုတော်ဆု ရွှေတံဆိပ်ခြောက်ခု ရှာရန်လည်း တာဝန်ယူမိသည်။
စာဆိုတော်မဂ္ဂဇင်းအတွက် မရှုံးရန်လည်း တာဝန်ယူမိသည်။ စာဆိုတော် ပြဇာတ်
အတွက် ရုံတာဝန်ကို ယူ၍ အနည်းဆုံး အမြတ်တစ်သောင်းကျော် ကျန်အောင်
ကြိုးစားရန်လည်း တာဝန်ယူမိသည်။

ထိုတာဝန်များကို ယူမိသည့်အတွက် မဂ္ဂဇင်းအတွက် ငွေ ၁၅၀၀ ကျပ်၊
ရုံငှား အထွေထွေစရိတ်အတွက် ငွေ ၃၀၀၀ ကျပ် ထုတ်ယူကာ အလုပ် စ ရသည်။
ရွှေတံဆိပ်ဆု ကိစ္စအတွက် မည်သည့်ပုဂ္ဂိုလ်များထံမှ အလှူခံရမည်ကို လျာထား
ထားသည်။ မဂ္ဂဇင်းအတွက် ရန်ကုန်ဂေဇက်သို့ သွား၍ ပေးနိုင်မည့် နှုန်းကို
ဆွေးသတ်ပြီးနောက် အလုပ်အပ်ခဲ့သည်။ မဂ္ဂဇင်းအတွက် အရေးကြီးဆုံး အခက်မှာ
"ကြော်ငြာရမှ ဖြစ်မည်"။ ငွေ ၁၅၀၀ ကျပ်ဖိုးလောက် ကြော်ငြာရအောင် လိုက်
ရမည်။

ပြဇာတ်အတွက် ရုံငှားရန် ပန်းဆိုးတန်းရှိ ရုံများကို စုံစမ်းကြည့်ရာ ရုံအား
မရ၍ နောက်ဆုံး ကာဒွေးရုံသို့ ရောက်သွားသည်။ နတ်တော်လဆန်း ၁ ရက်
တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ ငှားသည်။ အကယ်၍ လူဝင်များ၍ ရက်တိုး
ချင်ခဲ့သော် ပထမပွဲ ပြပြီး နောက်တစ်ပွဲ ငွေချေတွင် ရက်တိုးချင်သည် ပြောက
ရက်တိုးပေးမည်ဟူသော ဝန်ခံချက်ဖြင့် ရုံစရန်ပေး၍ ငှားလိုက်သည်။

ကာဒွေးရုံ၏ နေရာထိုင်ခင်းမှာ ငါးကျပ်၊ သုံးကျပ်ရှစ်ပဲ၊ နှစ်ကျပ်လေးပဲ၊
တစ်ကျပ်လေးပဲ ဖြစ်၍ လက်ရှိနေရာပုံစံအတိုင်း မလုပ်နိုင်ဘဲ ၁၀၀ ကျပ်တန်း၊
၁၀ ကျပ်တန်း၊ ငါးကျပ်တန်း စသည်ဖြင့် ကိုယ့်အကြိုက် နေရာလုပ်ရန် ပုံစံအသစ်
ခင်းတကျ ရေးဆွဲရမည်။ ငါးရက် ခြောက်ပွဲ၊ ခြောက်တန်းအတွက် ပုံစံလေးဆယ်
ကျော်နှင့် ရက်တိုးလိုက အဆင်သင့်ရှိအောင် ပုံစံ ၆၀ ဆွဲရန် တစ်ယောက်တည်း
မဖြစ်နိုင်သဖြင့် မောင်အောင်ကို လိုက်ခေါ်ပြီး တစ်ညလုံး ထိုင်ရေးကြရာ မိုးလင်း
အထိပင် မပြီးနိုင်ဘဲ တစ်ညလုံး ဖားသွားကြတော့သည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ် လက်မှတ်များကို ရန်ကုန်ဂေဇက်၌ အပ်သည်။ ၁၀၀ ကျပ်တန်းအတွက် လက်မှတ် ၅၀ ရောင်းပေးရန် ဝန်ကြီးချုပ်ထံသို့ သွားပြောရာ ရောင်းပေးမည်ဟု ကတိပေးလိုက်သည်။ အစီအစဉ်မှာ ၁၀၀ ကျပ်တန်းများကို လဆန်း ၁ ရက် ဖွင့်ပွဲနေ့၌ ၁၀ ကျပ်တန်း၊ ငါးကျပ်တန်းများ ဖြတ်၍ ၁၀၀ ကျပ်တန်းသာ ထားသည်။ ဝန်ကြီးချုပ်က ရာတန်းလက်မှတ် ၅၀၀၀ ဖိုး၊ ကျွန်မက ရာတန်းလက်မှတ် ၂၀၀၀ ဖိုး၊ ပေါင်း ငွေ ၇၀၀၀ အတွက် နေရာများ လုပ်၍ ပုံစံဆွဲသည်။

လက်မှတ်များကို ကြိုတင် ရောင်းရန်အတွက် ဗိုလ်ချုပ်ဈေး ဒေါ်ခင်ရီ စာအုပ်ဆိုင်၌ နေရာယူသည်။ နေ့စဉ်ထိုင်ပြီး ကြိုတင် ရောင်းပေးရန် လူရှိ၍ ဆရာသခ်ါအိမ်သို့ ဆရာမြို့မမောင်နှင့် သွားကြသည်။ ကိုသခ်ါသည် အသင်း၌ သံဃာဇဉ်ကြီးသူ ဖြစ်သည့်အတိုင်း ရောင်းပေးပါမည်ဟု ဝန့်ခံလိုက်သည်။ ပြဇာတ်လက်မှတ်များကို ဒေါ်ခင်ရီဆိုင်တွင် ကြိုတင် ရောင်းသည်။ ဝန်ကြီးချုပ်ထံသို့လည်း လက်မှတ် ၅၀ ပို့လိုက်ပြီ။ ကျန် ၁၀၀ ကျပ်တန်း လက်မှတ် ၂၀ ကို ကျွန်မက ရောင်းရမည်။

ဗိုလ်ချုပ်ဈေးတွင် ကြိုတင်ရောင်းသော လက်မှတ်ငွေများကို ပထမနေ့၌ ငွေသိမ်းရန် ညနေ ငါးနာရီလောက် ရောက်သွားသည်။ ခြောက်ပွဲအတွက် နေရာအမျိုးမျိုး ကြိုတင်ရောင်းသည့် လက်မှတ်တွေကို၊ သူ့ရက်နှင့် သူ့လက်မှတ်ပုံစံနေရာတွေကို တစ်နေ့စီ ရွေး၍ မှန် မမှန် စစ်ဆေးရခြင်းကြောင့် မိုးချုပ်မှ ပြီးသည်။ ကိုသခ်ါက နောက်နေ့များတွင် ဒီနေ့ ရောင်းငွေကို နောက်တစ်နေ့မှ စာရင်းစစ်၍ ငွေသိမ်းရန် တောင်းပန်၍ လူချင်း ထောက်ထားရမည့် ဝတ္တရားကို နားလည်သည့် သဘောနှင့် ထောက်ထားကာ နောက်တစ်နေ့မှပင် သွားသိမ်းရသည်။

နောက်တစ်နေ့တွင် ဘောက်ထော်နေအိမ်မှ ကျွန်မ အလုပ်တိုက်သို့ တန်းမသွားဘဲ ဗိုလ်ချုပ်ဈေး ကိုသခ်ါဆီသို့ ငွေသိမ်းရန် အလျင်ဝင်သည်။ မနေ့က ရောင်းသည့် လက်မှတ်များကို စာရင်းစစ်ပြီ ဆိုလျှင်ပင် လက်မှတ်ဝယ်သူများ ပေါက်လာကြ၍ ကျွန်မ အလုပ်ကို ခဏထားပြီး ကိုသခ်ါက လက်မှတ်များ ရောင်းနေရသဖြင့်၊ တစ်ယောက်ပြီးတစ်ယောက် နောက်တစ်ယောက် မလာခင် အတွင်း လူရှင်းသွားသည့် အချိန်ကလေးတွေကို ဘေးက အလစ် ထိုင်စောင့်ပြီး ကြိုးကြားကြိုးကြား လုပ်နေရသဖြင့် နေမြင့် မွန်းလွဲတော့မှ ပြီးသည်။

ဗိုလ်ချုပ်ဈေးက ဂေဇက်သို့ သွားရသည်။ ကော်ပီအခြေအနေ၊ ဖောင်ပြီး မပြီး စသည့် မဂ္ဂဇင်းကိစ္စများအတွက် ဝင်ရသည်။

ဂေဇက်မှတစ်ခါ မဂ္ဂဇင်းကြော်ငြာအတွက် မစိုးကြည်ကို တွေ့ရန် ပင်လုံသို့ သွားရပြန်သည်။ ကျွန်မ အလိုရှိသော ကုမ္ပဏီကြော်ငြာများကို မဂ္ဂဇင်းတွင်





ကြော်ငြာပေးပါရန် စာတစ်စောင် ရေးပေးပြီး မစိုးကြည်ကို စေလွှတ်၍ ကြော်ငြာများ လိုက်ယူခိုင်းသည်။ ကြော်ငြာရခဲ့လျှင် မစိုးကြည်အား ကော်မရှင် ပေးမည်ဟု ပြောထားသည်။

မစိုးကြည်မှာ ပင်လုံတိုက် အလုပ်သမားတစ်ဦး ဖြစ်၏။ သူကလည်း သူ ရသည့် အချိန်ကလေးကို အပြေးအလွှား ကြော်ငြာများ စုပေးသည်။ ပင်လုံတိုက်ကို ကျွန်မ ကြော်ငြာစုသည့်နေရာ လုပ်ထားသည်။ သူ့ထံမှ ရခဲ့သလောက် ကြော်ငြာများ စုပေါင်း၍ ဂေဇက်သို့ ပြန်ပို့သည်။ စီပြီးသား ဆောင်းပါး၊ ကြော်ငြာ ပြုပြန်လျှင် ထိုင်ကြည့်ခဲ့သည်။

ဂေဇက်က အပြန် ၁၀၀ ကျပ်တန်း လက်မှတ်များ လိုက်ရောင်းသည်။ ချားသမျှ နေရာတို့တွင် လူမတွေ့သည့်နေရာ၊ လူစောင့်ရသည့် နေရာများလည်း ရှိ၍ အကြောင်း ညီညွတ်ချင်မှ ညီညွတ်ပြီး နေဝင်အချိန် ကုန်သွားသောကြောင့် အလုပ်တိုက်သို့ မဝင်နိုင်ဘဲ အိမ်သို့ ပြန်ပြေးရသည်။ အိမ်သို့ ညခုနစ်နာရီ အသင်းတိုက်က ကားလွှတ်လျှင် ဒေါ်ခင်စုအား ဇာတ်တိုက်ရန် အသင်းတိုက်သို့ ခေါ်သွားရမည်။ အိမ်က ည ခုနစ်နာရီ ထွက်သွားကြရာ ၁၁ နာရီ၊ ၁၂ နာရီမှ အိမ်ပြန်ရောက်သည်။ ကျွန်မ၏ နေ့စဉ် ဒိုင်ယာရီကလေးတွင် **ကိုသခ်ါ၊ ဂေဇက်၊ ကြော်ငြာ၊ လက်မှတ်ရောင်း၊ ဇာတ်တိုက်**ဟု နေ့တိုင်း ပြုလုပ်ရန် လုပ်ငန်းများကို ရေးထားသည်။ နံနက်လင်းလျှင် ကိုသခ်ါဆီသို့ အလျင်ဝင်ပြီး ၁၂ နာရီကျော်မှ ထိုနေရာက ခဲ့၍ ဂေဇက်သို့ သွားသည်။ ဂေဇက်က တစ်ဖန် ပင်လုံသို့ ကြော်ငြာ သွားယူသည်။ ကြော်ငြာမှ တစ်ဖန် ၁၀၀ ကျပ်တန်း လက်မှတ်များ အချိန်ကုန်အောင် လည်ရောင်းနေပြီး အချိန်ကုန်မှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်လျှင် ည ခုနစ်နာရီ ဇာတ်တိုက်ရန် မြို့ထဲသို့ တစ်ဖန် ပြန်သွားပြန်ပြီး၊ ည ၁၂ နာရီမှ အိမ်ပြန်ရောက်သည်။

ဤရက်တွေက ဤအတိုင်း ပုံသေဖြစ်သည်။

နောက်ရက်များတွင်–

နံနက် ရှစ်နာရီ ကိုသခ်ါဆီသို့ အရောက်သွားရာ ရက်နီးလာလေလေ လူအများ ပြုဝယ်လေလေဖြစ်၍ အချိန်အားကလေးတွေကို သည်းခံ၍ စောင့်လုပ်နေရသည်။ ခါတိုင်း ရက်ဦးလောက်ကလို ၁၁ နာရီ၊ ၁၂ နာရီ မဟုတ်တော့ဘဲ တစ်ချက် နှစ်ချက်အထိ ဘေးက ထိုင်ပြီး စောင့်လုပ်ရသည်။ လူတွေ ရှုပ်နေ၍ ငွေသိမ်းဘဲ ထ ပြန်၍ မဖြစ်။ သူကလည်း ညနေ ပြန်ချင်သည်ဖြစ်၍ မနေ့က ရောင်းလိုက်သည့် လက်မှတ်နေရာ ပုံစံငွေတွေ အမှားအယွင်း ရှိမရှိ ချက်ချင်း သိနိုင်အောင် ကြွေးတင်မခံဝံ့ဘဲ နှစ်ယောက်စလုံး သည်းခံလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ ဒိုင်ယာရီအတိုင်း သွားရမည့် နေရာမှာ ဂေဇက် ဖြစ်သည်။ သို့သော်လည်း ပြဇာတ်အတွက် လိုအပ်သည့် အဝတ်များ လိုက်ငှားရန် တာဝန်ထပ်ကျလာပြန်၏။ ဒဂုန်နတ်ရှင်၊ ဒဂုန်တာရာနှင့် လိုက်သွားရသည်။ မွန်စိန်ဇာတ်ပွဲသို့ ရောက်သည့်အခါ အထည်များကို စိတ်တိုင်းမကျကြ၍ ပဲရော့ဦးဆန်နီထံ လိုက်ရန် နောက်တစ်နေ့ ကိုသခ်ါထံမှ ပြီးလောက်မည့် အချိန်ကို မှန်းချိန်ရသည်။ ကျွန်မ၏ အတိုကောက် တို့ထားသော အိပ်ဆောင်ဒိုင်ယာရီကလေးတွင် **ကိုသခ်ါ၊ အဝတ်ငှား၊ ဂေဇက်၊ ကြော်ငြာ၊ ရွှေတံဆိပ်၊ လက်မှတ်ရောင်း၊ ဇာတ်တိုက်**ဟု နေ့တိုင်း ပြောင်း ပြောင်း တို့သော်လည်း၊ အဝတ်ကိစ္စက မပြီးနိုင်ဘဲ လည်ပတ်နေရသည်မှာ အချိန်ကုန်လွန်း၍ ဂေဇက်သို့ မရောက်နိုင်တော့ပေ။ အဝတ်တွေကလည်း အရေးကြီးသည်။

ရွှေတံဆိပ် ခြောက်ဆုအတွက် တစ်ဆုကို ကျွန်မမိတ်ဆွေ ပင်လုံဒေါ်နုယဉ်ထံ၌ အလှူခံရာ ကိုယ့်အလုပ်ကိစ္စကို ပြန်မကြည့်ဘဲ အသင်းကိစ္စတွေနှင့် ဝလချီးလည်နေသည်ကို သိ၍ အချိန်မှန် မစားဘူး၊ အလုပ်တိုက်လည်း မသွားဘူး၊ ကိုးခြင်းကိုးခြင်းနဲ့ ရွာရိုးလျှောက် ခေါင်ချာစိုင်းနေရသလားနှင့် ဆူပူပွက်နေသည်။ နောက်ထပ် တံဆိပ်လှူမည့် ပုဂ္ဂိုလ်ငါးဦးကို လိုက်၍ ရှာဖွေမည် ပြောသည့်အခါ မရှာဖွေစေတော့ဘဲ သူကပဲ အားလုံး လှူမည်၊ သို့သော် အမည် မဖော်ဘဲ လှူမည် ပြောသဖြင့် သူ့စေတနာကို စာရေးဆရာအသင်းထက် ကျွန်မကပင် ပို၍ ကျေးဇူးတင်ကာ မမေ့နိုင်ဖွယ် ရှိတော့သည်။

ကျွန်မ၏ ယနေ့ လုပ်ဆောင်ရန် တို့ထားသော ဒိုင်ယာရီ စာမျက်နှာ၌ **ကိုသခ်ါ၊ အဝတ်ငှား၊ စက္ကူဝယ်၊ ကြော်ငြာ၊ ဂေဇက်၊ လက်မှတ်ရောင်း၊ အလုပ်တိုက်၊ ဇာတ်တိုက်**ဟု အမှတ်အသား တို့နေပြန်သည့်အတိုင်း ကိုသခ်ါဆီက အပြီးတွင် မဂ္ဂဇင်းအတွက် စက္ကူ၊ အဖုံးစက္ကူများကို တစ်တိုက်ပြီးတစ်တိုက် ဈေးသက်သာရာ လိုက်ဝယ်ပေးနေရပြန်သည်။ အဖုံးစက္ကူ ဝယ်ရာ၌ လက်မှတ်ဘောက်ချာကို လျှော့ရေးပေးလိုက်သဖြင့် ငွေစာရင်းရှင်းတမ်း အပ်သည့်အခါ မြို့မမောင် လျှာရှည်ဦးတော့မည်ကို မြင်ယောင်သေးတော့သည်။

ဂေဇက်က ကော်ပီ အစီ နောက်ကျပြန်၍ စကြဝဠာတွင် ပုံနှိပ်တိုက် ခွဲ၍ အပ်ရသည်။ စက္ကူများကို နှစ်တိုက်ခွဲ၍ ပို့ပေးရသည်။ ကိုမင်းရှင် ပျာလောင်ခတ်အောင် အလုပ်များနေပုံကို ထောက်၍ နတ်တော်လဆန်း ၁ ရက်နေ့ မိမှာပဲဟု စိတ်အေးသွားသည်။ ထိုနေ့အဖို့ ဒိုင်ယာရီအတိုင်း တစ်ခုပြီးတစ်ခု လျှောက်လုပ်ပြီးနောက် အချိန်ကုန်၍ ညဘက် ဇာတ်တိုက်ဖို့ ပြန်ရောက်သွားရာ၊ အရေးပေါ်အစည်းအဝေးက အလုပ်တစ်ခု တိုးလာပြန်သည်။ ယခုနှစ် စာရေးဆရာအသင်း





အစစ အရာရာ ခမ်းခမ်းနားနား ပြောင်ပြောင်လက်လက် သစ်သစ်လွင်လွင် ...င်လှသည့် ဗိုလ်ထွန်းလှက အဝတ်အစားဝယ်ရန် ဆုံးဖြတ်ထားသည့် ငွေထက် ...ထပ် အပိုတောင်းပြီး၊ နက်ဖြန် အဝတ်အစားတွေကို လိုက်ဝယ်ပေးရန် ...ဖြတ်ကြပြန်သည်။

...ကျပ်

...ပ်ပိုတွေ ဘယ်လောက်ပဲ ပိုလာလာ၊ ကိုသခ်ါဆီကို အလျင်သွားရသည်။ ...မှ ဗိုလ်ထွန်းလှ၊ ကိုမင်းအောင်နှင့်ကျွန်မ အဝတ်ဝယ် ထွက်ကြသည်။ ဗိုလ်ချုပ် ...တွင် မင်းသမီးများအဖို့ လုံချည်ဝယ်ပြီးလျှင်၊ မင်းသားများအတွက် ပိုးပဲ ...စကို ဝယ်ရန် တီဂျုံးမားတိုက်သို့ သွားကြသည်။ အဝတ်စကို ဖြတ်ပြီးမှ ...ထွန်းလှက သူ့တွင် ပိုက်ဆံ မပါဘူး ပြောသည်။ အဝတ်စလည်း ဖြတ်ကိုက် ...၊ မဂ္ဂဇင်းအတွက် ကိုမင်းရှင်ကို သူ့ပိုက်ဆံထဲက စိုက်ပေးလိုက်၍ သည် ...ဆံ အခုပြန်ပေးရန် ဆိုင်ပေါ်၌ အကြွေးတောင်းသည်။ ကျွန်မတွင် မဂ္ဂဇင်း ...ွက် သုံးရန် ပိုက်ဆံများ ပါမလာဘဲ ကိုသခ်ါဆီက သိမ်းလာခဲ့သော ပိုက်ဆံ ...သာ ရှိကြောင်း ပြောပြပြီး၊ မပေးလျှင် မဖြစ်တော့၍ ကိုမင်းအောင်အား ...နောက်တွင် တင်ထားသော ဖိုင်တွဲကို ယူခိုင်းရသည်။ ကိုသခ်ါထံမှ လက်မှတ် ...င်းငွေများကို စက္ကူအိတ်ကြီးနှင့် ထည့်၍ ဖိုင်တွဲထဲတွင် ညှပ်ထည့်လာခဲ့သည်။ ...င်းအောင် ဖိုင်တွဲယူလာသည့်အခါ ငွေများ ထုတ်၍ ရှင်းလင်းပေးပြီးနောက် ...အတိုင်း ထိုစာအိတ်ကို ဖိုင်ထဲတွင် ထည့်၍ ပိုက်ထားလိုက်ပြီး ကားထဲ ...င်ထိုင်သည်။

ထိုနေရာက လူချင်းခွဲ၍ ကျွန်မ တစ်ယောက်တည်း ခွဲထွက်လာပြီး ...သာလမ်း ဒယ်ဂျီရှယ်ဂျီ ကုလားတိုက်သို့ လက်မှတ်ရောင်းရန် သွားသည်။ ...မှတ်တွေ ယူရန် ဖိုင်တွဲကို ဖွင့်လိုက်သောအခါ ပိုက်ဆံအိတ်ကြီး မရှိတော့ပေ။ ...တ်ထဲတွင် လက်မှတ်ဖိုးငွေများ ငွေ ၈၅၀ ကျပ်နှင့် ကိုသခ်ါ ငွေ ၃၀ ကျပ် ...ကြောင်း လက်မှတ်ထိုးသည့် စာရွက်တစ်ရွက် ပါသွားသည်။

တီဂျုံးမား အထွက်တုန်းက ကျပြီကို သိ၍ အမြန်လိုက်သွားရာ အချည်းနှီး ...ဖြစ်ခဲ့သည်။ လက်မှတ်များကို တစ်တိုက်ဆင်း၊ တစ်တိုက်တက် စိတ်မပါဘဲ ...ရောင်းလိုက်သေးပြီး အိမ်သို့ မိုးချုပ်မှ ပြန်ရောက်သွားသည်။ ငွေပျောက် ...သည့်အတွက် ခြေပစ်လက်ပစ်နှင့် အိပ်ရာပေါ်တွင် လှဲ၍ စိတ်အိုက်နေတုန်း ...မက ဟွန်းသံ တညံညံနှင့် ဇာတ်တိုက်လာရန် လာခေါ်နေသည်။ ငွေများ ...ကြောင့်သာ အိပ်ရာက မထချင် ထချင်နှင့် ပြန်ဆင်းလိုက်ခဲ့ရသော်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



သက်ငင်းအခြေအနေနှင့် ငွေ ၈၅၀ ကျပ်ကို ဘယ်ပုံစိုက်၍ လျော်ရပါမည်နည်း… ခေါင်းနောက်လောက်အောင် မသက်မသာ တွေးရင်းတွေးရင်း အသင်းတိုက်သို့ ရောက်သွားသည်။ ဗိုလ်ထွန်းလှနှင့် ကိုမင်းအောင်တို့ကို ပြောပြရာ သူတို့ကလည်း 'တီဂျူးမား ရှေ့မှာ ကျတာပဲ' ပြောပြီး စိတ်မကောင်း ဖြစ်ကြသည်။

'ရှင်တို့ဖို့ အဝတ်လိုက်ဝယ်ပေးရ၊ ပိုက်ဆံ ထုတ်ပေးရလို့ ကျပျောက်တာ… ကျွန်မဟာ ကျွန်မဆိုရင် ကျချင်မှ ကျမယ်၊ ပျောက်ချင်မှ ပျောက်မယ်။ ရှင်တို့… ဂြိုဟ်တွေပဲ'

ကျွန်မ ပြောသည်ကို ကိုမင်းအောင်က ရယ်နေသည်။ ငွေဥ ခေါင်းကြီး… ဒီငွေကို စာရေးဆရာအသင်းက လျော်သင့်တယ်လို့ အစည်းအဝေးမှာ ထ… ပြောမယ်ဟု ဝင်ပြော၍ နည်းလမ်း မဟုတ်ကြောင်းကို ကျွန်မကပင် ခေါင်း… ငြင်းခဲ့သည်။

မနက်လင်း၍ ကိုသခ်ါဆီသို့ ရောက်လာရာ သူကလည်း လွန်စွာ စိတ်… မကောင်း ဖြစ်ပြီးလျှင် သတင်းစာတွင် ငွေပျောက်ဆုံးကြောင်း၊ သူ့လက်မှတ်… ကလေး ပါကြောင်းကို ထည့်ပြီး ကြော်ငြာဖို့ရန် အတင်း တိုက်တွန်းသည်… ပြန်ရလို ရငြား သတင်းစာထဲ ထည့်ရန် ထပ်တလဲလဲ တိုက်တွန်းနေသည်… ကျွန်မအား ကရုဏာသက်နေသည့် သူ၏ မှုံ့က်နှာနေ မျက်နှာပေးကို ငေးစိုက်… သူ ပြောတာတွေ နားရှိလို့သာ ထောင်နေရသည်။ 'မမ အင်မတန် ကံနိမ့်နေတယ်… တစ်ဆိတ် ငြိမ်ငြိမ်နေစမ်းပါ၊ အေးအေး နေစမ်းပါ။ တခြားရှင်လည်း သွားမနေ… မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ' ဟု ဂျပန်ပြည်က ပြန်ရောက်စက ဦးကိုကိုကြီး ပြောသည့်… စကားသာ ထပ်ကာတလဲလဲ ပြန်ကြားနေလေသည်။ သည်ငွေအကြောင်းသာ… တွေးတွေးပြီး စိတ်မကောင်းဖြစ်နေ၍ သက်သာရာ သက်သာကြောင်းကို အမြန်ဆုံး… ပြောင်းလိုက်ရသည်။

“ပျောက်ပြီးသည့်ကိစ္စ ပြန်တွေးရင် စိတ်မကောင်းနေတာ အပိုပင်၊ ပြန်… မည်လည်း မဟုတ်၍ မေ့လိုက်တာ ကောင်းသည်။ လျော်လိုက်တော့ ၈၅၀”

ပျောက်သွားသည့် ၈၅၀ ကို မေ့ထားလိုက်ပြီး ကိုသခ်ါဆီမှ ပဲရော့ဦးဆ… ခြံ သွား၍ အဝတ်အစားတွေ ယူသည်။ ဆာဦးသွင်ထံသို့လည်း စစ်သူကြီးဝတ်… သွားထားသည်။ မဂ္ဂဇင်းကိုလည်း လဆန်း ၁ ရက်နေ့အမီ ထွက်နိုင်အောင် ရှေ့… တွင် အဖုံးသွားပို့သည်။ ဇေဇက်လည်း ရောက်သည်။ ဓာတ်တိုက်နေသော ရုံ… လည်း သွားသည်။ လက်မှတ်များလည်း လည်ရောင်းသည်။ အသင်းမှ သွား… လာခ စရိတ် တစ်ပြား မထုတ်ဘဲ၊ စေတနာ့ဝန်ထမ်း ကျွန်မကားနှင့် ကျွန်… တစ်ယောက်တည်း တစ်နေ့လုံး အသင်းကိစ္စနှင့် အချိန်ကုန်လေသည်။





## …သင်းက မိုးချုပ်၊ မိုးချုပ်က မိုးလင်း

…တ် မိုးသောက်ပြန်၍ ကိုသခ်ါဆီသို့ ရှေးဦးစွာသွားရာ သန်ဘက်ခါတွင် ရုံတင် …ာမည်ဖြစ်၍ လူတွေ ရှုပ်နေအောင် လက်မှတ် လုဝယ်နေကြသောကြောင့် …ကိုလို အချိန်အလစ် လုပ်ရန် ရပုံမပေါ်တော့၍ တခြား အလုပ်တွေက ရှိသေး …ပြင့် ညနေ လူရှင်းမှပဲ လာမည်ဟု ပြောပြီး ထွက်လာခဲ့သည်။ ဒဂုန်တာရာ …မင်းရှင်နှင့် ကျွန်မတို့ နက်ဖြန် စာအုပ်ထွက်နိုင်ရန် စီစဉ် လုံးပန်းကြသည်။ …ကမှ ဒဂုန်နတ်ရှင်၊ ဒဂုန်တာရာနှင့် ဆွေဇမာဖလင်းသို့ အဝတ်ငှားရန် သွားရ …ခဲ့သည်။ စာရေးဆရာအသင်း၌ ကျွန်မသည် အလုပ်တစ်ခုတည်း တာဝန်ယူ …ထားနေသည် မဟုတ်ဘဲ တစ်နေ့လုံး ရှိရှိသမျှ အချိန်များကို ဟိုအတွက် နည်းနည်း၊ …ည်အတွက် နည်းနည်းနှင့် အချိန်ကို လု၍ အလွတ်မပေးဘဲ လုပ်နေရသည်။ …ေ ငါးနာရီတွင် ကိုသခ်ါဆီသို့ ပြန်ရောက်သွားသည်။ ကိုသခ်ါမှာ ဆိုင်ဝတွင် …တ်ဘတ်ရပ်နေသည်။

'မနက်က ထိုင်ရတာ အခုမှ ထ ရတယ်။ ခင်ဗျား စိတ်ဆိုးချင်ဆိုး၊ ကိစ္စ …ဘူး။ သည်နေ့ ဘယ့်နှယ်မှ ငွေမအပ်နိုင်ဘူး၊ ပြန်ပြီး မထိုင်နိုင်ဘူး။ ဘယ် …ာက် ပင်ပန်းတယ် ထင်သလဲ၊ မလုပ်နိုင်ဘူး'

ကျွန်မမှ မထိုင်ရသေးဘဲ ကျွန်မ မျက်နှာ မြင်လျှင်မြင်ချင်း ဆီးပြောလိုက် …ဘာပြန်ပြောရမှန်းပင် မသိဘဲ ခဏမျှ ကြောင်သွားမိသည်။ ယနေ့အဖို့ တစ်နေ့ …လုံး မထရဘဲ သူ့အဖို့ မည်မျှ ပင်ပန်းသွားရှာသည်ကို ခန့်မှန်း၍ သူ့ပြောသံ …ကို ဘယ့်နှယ်မှ အမှတ်မထားနိုင်ဘဲ အချင်းချင်း နားလည်ပြီးသား ဖြစ်သည့် …ောင်း ပြန်ခဲ့လေတော့သည်။

ပင်ပန်းလွန်းသည့် သူများသည် မည်သည့်နည်းနှင့်မျှ စိတ်ရှည်လ်မှုမည် …တော့၍ သူ့မှာ အမောဆို့ပြီး စိတ်တိုသွားခြင်း ဖြစ်သည်။

ရွှေတံဆိပ်များလည်း လုပ်နေပြီ။ မဂ္ဂဇင်းစာအုပ်လည်း ကြော်ငြာ… …ဘဲ ယနေ့ ကြိုတင်၍ ထွက်ပြီ။ အဝတ်အစားများလည်း ငှားရမ်းပြီး… …ပြီ။ ၁၀၀ ကျပ်တန်လက်မှတ် ၂၀၀၀ ကျပ်ဖိုးလည်း ကုန်ပြီ။ နက်ဖြန်… …န် ၁ ရက်နေ့ ပြဇာတ်ကို ရုံတင်ရန် စခန်းသို့ ရောက်ပြီ။ သို့သော်–

ယနေ့အဖို့ နောက်ဆုံးလုပ်ရန် ကျန်သေးသော ကိစ္စများမှာ မနက်အခါ… …ည ရုံတွင် နေရာထိုင်ခင်းများ ပြင်ဆင်ရန် ကိစ္စအတွက် ကာ… … အမျိုးသမီး ကဇာတ်အဖွဲ့၏ ယနေ့ည ပွဲသိမ်းကို ဆောင်ရန်ကိစ္စ… …ဆုံးနေ့ ရောင်းသော ကိုသခ်ါ၏ လက်မှတ်များနှင့် မနေ့က… …နိုင်သော လက်မှတ်ငွေများကို စာရင်းအပြတ်ရှင်းရန် ကိစ္စသာ… …



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ရီစာအုပ်ဆိုင်မှာ ညနေတွင် ပိတ်၍ မြို့မမောင်အိမ်၌ ရှင်းကြ စီစဉ်ပြီး အိမ်သို့ ပြန်ဖို့ အချိန်မရှိတော့ဘဲ မြို့မမောင် အိမ်သို့ တန်းသွားရသ ကိုသန်းခါ်သည် တစ်နေ့လုံး သူရောင်းလာခဲ့သည့် လက်မှတ်ငွေများကို ကျွန်မအ မအပ်မီ တွက်ချက် စစ်ဆေး စာရင်းလုပ်နေသည်။

ထိုအချိန်တွင် အတွင်းဝန်ရုံးမှ အတွင်းဝန်တစ်ယောက် ပေါက်လာသ ပြဇာတ်လက်မှတ် ရောင်းသည့်နေရာက ကျွန်မ မြို့မမောင်အိမ်တွင်ရှိကြော သွန်လိုက်၍ လိုက်ခဲ့ရကြောင်း ပြောပြပြီး၊ သူ့မိတ်ဆွေ မျက်နှာဖြူတစ်ယော အတွက် ၁၀၀ တန်း လက်မှတ် လာဝယ်လေသည်။ ၁၀၀ တန်းလက်မှတ် မရှိတော့ပေ။ ဝန်ကြီးချုပ်လက်မှတ် ၅၀ အတွက် နေရာ ၁၀၀၊ ကျွန်မလက်မှ အတွက် နေရာထိုင်ခင်း ၄၀ ပြည့်ကုန်ပြီး ဖြစ်သည့်အတွက် အတွင်းဝန်ကို ရော ရန် လက်မှတ်လည်း မရှိ၊ နေရာလည်း မရှိတော့ပေ။

သို့သော်လည်း ကျွန်မအား အသင်းကြီးက ပြဇာတ်ကြည့်ရန် ဦးချစ်မေ ဇနီးအဖြစ်နှင့် ပွဲကြည့်ရန် ပေးထားသော ဖိတ်စာရှိသဖြင့် အသင်းတွင် ၁၀၀ တိုးသွားလျှင် မနည်းဘူးဟူသော စေတနာနှင့် ကျွန်မနေရာကို အတွင်း အား ပေး၍ ငွေ ၁၀၀ ယူလိုက်သည်။ ကိုသန်းခါ် တွက်နေသည်မှာ ညနေ ခြော နာရီက ရှစ်နာရီလောက်မှ ပြီးသည်။ ကျွန်မကို ငွေများ အပ်သည့်အခါ နှစ်ရက် ရောင်းထားသည့် လက်မှတ်များနှင့် နေရာထိုင်ခင်းများ မှန်မမှန် တစ်လက်မှတ် နှစ်ယောက် တိုက်၍ စစ်ဆေးပြီးသည့်နောက် ငွေများကို ရေတွက်ပြီးစီးသ အချိန်ကား ၁၂ နာရီ ထိုးနေပြီ။ နေရာနှင့် လက်မှတ်တိုက်၍ စာရင်းစစ်ဆေ အလုပ်သည် အချိန် အကုန်ဆုံး အလုပ် ဖြစ်သည်။ ခြောက်ပွဲအတွက် နေ့တိုင် ကြိုရောင်းသော လက်မှတ်တွေဖြစ်၍ အမှားအယွင်း မရှိအောင် အထူး ဂရုစိ ရသည်။ ကိုသန်းခါ် ကြိုတင် ရောင်းသော ငွေများမှာ မမှားမယွင်းဘဲ ငွေ ရှစ်ပဲ ပိုနေသည်။ ကိုသန်းခါ်၏ လုပ်ငန်းကို ကျွန်မအဖို့ရာ မှတ်တမ်းမတင်ဘဲ မဖြစ်

ည ၁၂ နာရီ ငွေများ သိမ်းပြီးနောက် အိမ်သို့ ပြန်မသွားနိုင်သေး ရုံကို သွားပြီး မနက်အတွက် နေရာထိုင်ခင်း ပြင်ထားရန် ပလ္လင်အတိုင်း ခုံ ရွှေ့ဖို့ ရှိသေးသဖြင့် ယနေ့ည ဘယ်အချိန်မှ အိမ်ပြန်ရမည် မသိ။ ကျွန်မ နေ ဘောက်ထော်မှာ ရန်ကုန်နှင့် ငါးမိုင်ဝေးပြီး လူလည်း အလွန်ပြတ်သည့်လ ခဏခဏ လုယက်သည့်လမ်း ဖြစ်သဖြင့် ငွေများကို ယူမသွားချင်ဘဲ မြို့မမောင်ထံ ပေးအပ်လိုက်ချင်သော်လည်း ရုံတာဝန်ခံစဉ်က အစည်းအဝေးတွင် ကျွန်မတို့ နားလည်မှုမှာ စာဆိုတော်ပြဇာတ်နှင့် ပတ်သက်၍ ကုန်သမျှငွေကို မြို့မမောင် ကိုင်မည်၊ ရသမျှ အဝင်ကို ကျွန်မက သိမ်းရမည်။ ပြဇာတ်အတွက် ငွေမလော





သမျှ ငွေများကို ကျွန်မ ကြိုတင်ရောင်းငွေထဲက တစ်ပြားမှ မယူဘဲ စာရင်း အောင် သတ်သတ်ငွေ ၅၀၀၀ ကျပ် မြို့မမောင်က ထုတ်ချေးမည်။ ပြပွဲ သည့်အခါမှ စုရှင်းကြမည်။ တခြားစီ ဟူသော အစီအစဉ်စနစ် သဘောတူ ထားသဖြင့် အပ်မနေဘဲ ငွေထုပ်ကို လွယ်၍ အိမ်ပေါ်က ဆင်းလာခဲ့သည်။

ရုံသို့ ရောက်သောအချိန်သည် ကလောင်အဖွဲ့မှ ပြဇာတ်ပြီး၍ ဇာတ်ခင် မှ ဆက်တင်ကားများကို ဆုတ်ခွာနေကြချိန် ရောက်သွားသည်။ တနာ ပေါ်ကြီး သူတစ်လက် ငါတစ်လက် သိမ်းဆည်း ပြန်သွားကြသည့်နောက်ဆောင် မှ မလုပ်နိုင်သေးပါ။ နတ်ရှင်နောင်ပြဇာတ် ဆက်တင်များ ရုံပေါ်အပ်ပြီးအောင် စောင့်နေရသည်။ ပြီးမှ နေရာများကို ပလ္လင်အတိုင်း စီစဉ် ခင်းကျင်းရသည်။ အိမ်သို့ ပြန်ရောက်သည့် အချိန်မှာ နံနက်လေးနာရီ ထိုးနေ၍၊ နံနက် ခြောက်နာရီ ရုံရောက်သွားပြီး လက်မှတ်ရောင်းရန် ကိစ္စရှိသောကြောင့် နှစ်နာရီလောက် သည့်အချိန်ကို အိပ်မနေတော့ဘဲ ဘုရားဆွမ်းကပ်၊ ရေမိုးချိုးပြီး ဆက်တိုက် ရုံသို့ ပြန်ပြေးလာခဲ့သည်။ တစ်ညလုံး တစ်ရေးမှ မအိပ်ရ။ အိပ်ရန်အချိန် ဘယ်မှာ ရှိသနည်း။

## နတ်တော်လဆန်း ၁ ရက်နေ့

နံနက် ခုနစ်နာရီ ရုံပေါက်ဝ၌ လူအများ လက်မှတ်ဝယ်ရန် တိုးဝှေ့စောင့်နေကြ သည်ကို တွေ့ရသည်။ လက်မှတ်များကို ဗိုလ်ချုပ်ဈေးကကဲ့သို့ ကြိုတင် မရောင်း တော့ဘဲ တစ်နေ့စာ တစ်နေ့စာ ရောင်းရန် စီစဉ်လိုက်သည်။

ပွဲပြနေမှ ကျွန်မ၏ နောက်ဆက်တွဲ အလုပ်ပိုတစ်ခု တိုးလာပြန်ပုံကို ဆော်ပြရပေဦးမည်။ ရုံငှားစဉ်က ပထမတစ်ပွဲ အပြီး နောက်နေ့ ငွေချေတွင် ရက်တိုး မတိုး ပြောနိုင်ခွင့် ရှိပါလျက်နှင့် ရုံရှင်က ကျွန်မကို မမေးဘဲ တခြား အရုတ်တစ်ဦးအား ရုံငှားလိုက်၍ ကျွန်မတို့အတွက် ပြရက် ငါးရက်သာလျှင် ရတော့သည်။ အောက်တန်း တစ်သောင်းကျန်အောင် ကြိုးစားမှ ဖြစ်မယ် ဟူသော စကားမှာ ဖြစ်ချင်မှ ဖြစ်တော့မလို ဖြစ်နေသည်။

ရုံတွင် လက်ရှိခုံများ အပြည့်ရောင်းရလျှင် တစ်နေ့ကို ၂၂၀၀ ရမည် ဟူသော စာရင်းကပ်ထားတာ သွားမြင်သည်။ ငါးရက် ခြောက်ပွဲအတွက် ဝင်ငွေ ၁၃၂၀၀ ဖြစ်သည်။ ကျွန်မတို့က ငါးကျပ်တန်း ခုံများကို ၁၀၀ တန်း လုပ်လိုက် သဖြင့် ငွေ ၇၀၀၀ ကျော် ရသည် ဆိုသော်လည်း၊ ၎င်း ၁၃၂၀၀ တွင် ငါးကျပ်တန်း ပါ၍ ငွေ ၇၀၀၀ စလုံး ထည့်၍ မထားသာ။ သို့သော် တစ်ဆယ်တန်းနှင့် ငါးမူးစွန်းများ ရှိ၍ ၁၃၂၀၀ ထဲတွင် ၇၀၀၀ ပေါင်းဖြည့်သော် ၂၀၂၀၀ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်က ဖိတ်စာ လက်မှတ်များနှင့် အသင်းသားအားလုံးအား ငါးကျပ်တန်နှစ်ခုံ အလကား ပေး၍ ၂၀၀၀၀ ရဖို့ ခဲယဉ်းလှသည်။ ကုန်ငွေမှာ ၃၂၅၀၀ အပြင် ဘယ်အထိ ကျော်လိမ့်ဦးမည် မပြောနိုင်၍ ထိုအချိန်တုန်းက အကြမ်းအားဖြင့် ငွေ ၁၀၀၀၀ ကျန်ဖို့ မဖြစ်နိုင်အောင် ဖြစ်နေသည်။ ဤသို့ စိတ်တွက်နှင့် အကြမ်းတွက်လိုက်ပြီး ငွေ ၁၀၀၀၀ ကျန်နိုင်အောင် ညတိုင်း ၁၀၀ တန်းများကို ပထမနေ့၌သာ ထားရန်ဟူသော အစီအစဉ်ကို ပြင်၍ ညတိုင်း ၁၀၀ တန်း ထည့်ရန် အရေးပေါ် တိုးရသည်။ နောက်ထပ် တိုးလိုက်သည့် ရာတန်းလက်မှတ်ကို အချိန်ရအောင် ရှာပြီး တစ်နေ့စာ တစ်နေ့စာအတွက် ရောင်းရန် ကပျာကယာ စီစဉ်ရ၏။ ပွဲပြနေသည်တောင် အတောမသတ်ဘဲ ၁၀၀ လက်မှတ် ရောင်းရမည့် အလုပ် ပိုလာပြန်သည်။

လက်မှတ်များကို ဗိုလ်ချုပ်ဈေးက ကြိုတင် ရောင်းခဲ့၍ မနက်ပွဲကို ဆယ်နာရီလောက်တွင် ကုန်သွားသည်။ နေ့တစ်ချက်မှ ပွဲစမည်ဖြစ်၍ တစ်နာရီ နှစ်နာရီ အချိန်ရသေးသဖြင့် တနင်္ဂနွေနေ့ည ညပွဲအတွက် ရာတန်းခုံများပြည့်ရန် လက်မှတ် လျှောက်ရောင်းရပြန်သည်။ နေ့တစ်ချက် မထိုးခင် ရုံသို့ အရောက် ပြန်ခဲ့ရသည်။ ရုံဖွင့်ပေးခဲ့ပြီး နေ့ပွဲစလျှင် ကျွန်မက အရပ်ထဲ လည်ပြီး ညပွဲ လက်မှတ်များ ပြန်ထွက်ရောင်းနေရ၍ ဝန်ကြီးချုပ် ဘာပြောမှန်းလည်း မသိ။ လူကြီးတွေ ကန်တော့သည်လည်း မမြင်ရ။ ရွှေတံဆိပ် ဘယ်သူ ရမှန်းလည်း မသိသည့်အပြင် ဇာတ်အစ ဘယ်လိုထွက်မှန်းမှ မမီလိုက်တော့ပေ။ ညနေ ခြောက်နာရီ ပွဲပြီးလျှင် အိမ်မပြန်နိုင်ဘဲ ညပွဲအတွက် ရာတန်းခုံများ ရွှေ့ပြင်ရပြန်ပြီး ရုံဖွင့်ပေးလိုက်ရပြီးလျှင် မောင်စိုးလွင်အား တစ်ဆယ်တန်း၊ ငါးကျပ်တန်း၊ သုံးကျပ်ရှစ်ပဲတန်း ပေး၍၊ ကျွန်မက ဇာတ်ခုံဘက်က လက်မှတ်ပေါက်တွင် နှစ်ကျပ်ရှစ်ပဲနှင့် တစ်ကျပ်ရှစ်ပဲတန်း လက်မှတ်များကို သွားထိုင်ရောင်းသည်။

လက်မှတ်ရုံပေါက်၏ လက်ဝင်ပေါက်ကလေးများမှာ လူတစ်ယောက် လက်တစ်ဖက်အတွက်သာ ဖောက်ထားသော်လည်း ယောကျ်ားလက်ကြီး သုံးလက်လောက် အပေါက်ထဲတွင် ဝင်နေပြီး အတင်း ညှာသံပေး၍ လုဝယ်နေကြသည်။ ပါးစပ်ကလည်း မလုရန်၊ မတိုးရန် ဆိုရပြောရ တောင်းပန်ရ။ လက်ကလည်း မပြတ် ရေးရ။ မမှားအောင်လည်း မျက်စိရှင်ရနှင့် စိတ်ညစ်စရာ အလုပ်ကြီး ဖြစ်သည်။ တစ်ယောက် ဝယ်ပြီး၍ တစ်လက် ထုတ်သည့်အခါ အတင်းရန်းပြီး ကျပ်ကျပ်သပ်သပ် ဆွဲထုတ်နေသဖြင့် သွေးတွေ ကျလာမလား၊ လွှနှင့် တိုက်ဖွင့်ပေးရမလားဟု ပူရသည့်အပြင်၊ လက်မထုတ်နိုင်၍ တစ်လစ်ကြီး ဖြစ်နေပြန်လျှင်လည်း အသည်းယားသွားကာ တခြားလက်တွေက ညှာပေးကြပါမည့်အကြောင်း ဝင်ပြောရသည်။ ကိုယ် ခံစားရတဲ့အတိုင်း သူ့အပူ ကိုယ့်အပူ ဖြစ်နေသည်။





လက်တစ်ဖက်က လက်မှတ်ရေးနေသော်လည်း လက်တွေ များလွန်း၍ ကောက်ဆဲယူလိုက်သည့် လက်ကို မှတ်မိအောင် လက်တစ်ဖက်နှင့် ဆွဲကိုင်ထားရသည်။ လက်မှတ်ပေါက်တွင် ဆူညံနေရာက လက်မှတ်ကုန်သွားပြီ ဆိုလျှင်ပင် ဆဲသံတွေ ညံသွားတော့သည်။ ဆဲသံတွေနဲ့ ရုံထဲက ဆိုင်းသံတွေ လုံးထွေးပြီး နားထဲတွင် စီညံနေ၍ နှလုံးနောက်လှသည်။

ပထမနေ့၌ ချောမောစွာ အောင်မြင်သွားပြီး၊ ညတစ်ချက်တွင် အိမ်သို့ ပြန်ရောက်သည်။ မောင်စိုးလွင်နှင့်ကျွန်မ ယနေ့ ရောင်းကြသည့် လက်မှတ်နှင့် ငွေများကို ဘယ်နစောင် ရောင်း၍ ဘယ်လောက်ရမှန်း မကြည့်ချင်တော့ဘဲ၊ ငွေထုပ်နှင့် လက်မှတ်ထုပ်တွေကို ဗီရိုထဲသို့ ပစ်သွင်းလိုက်ပြီး၊ မနေ့ကလည်း မိုးလင်းခဲ့သည့်အတွက် နံနက် ခုနစ်နာရီ ရုံအရောက် လက်မှတ်ရောင်း အမီ သွားနိုင်ရန် လှဲအိပ်တော့သည်။

**နတ်တော်လဆန်း ၂ ရက်နေ့**

ဤနေ့ နံနက်ပိုင်းမျိုးသည် ကျွန်မ ကိုယ်ရေးကိစ္စအတွက် တတ်နိုင်လို့ ဘယ်မျှလောက် အရေးကြီးစေကာမူ လှည့်မကြည့်ဘဲ၊ နံနက်စောစောတိုင်း သွားလေသူ၏ လဆန်း ၂ ရက် သပိတ်ဆွမ်းနှင့် ဂူကို သုတ်သင်ရှင်းလင်းပြီး ပန်းတင် ကန်တော့သော အလုပ်သာ စောစောစီးစီး လုပ်လာခဲ့သည်။ ငါးနှစ်နီးနီး လတိုင်း လတိုင်း လဆန်း ၂ ရက်နေ့တိုင်း လုပ်လာခဲ့သော အစဉ်အလာကြီး တစ်ရပ်ကို ဖျက်၍ ရုံသို့ ခုနစ်နာရီအရောက် ပြေးရပေတော့သည်။ ရန်ကုန်တွင် ကျွန်မ ရှိလျက် ဂူသို့ မရောက်ဘဲ မနေနိုင်သဖြင့် ဆွမ်းချိုင့်နှင့် ဘုန်းကြီးလှူရန် ငွေများကို ဒရိုင်ဘာအား အပို့လွှတ်ပြီးလျှင် သွားလေသူအား ကျွန်မကိုယ်စား ရေစက်ချရန် မှာလိုက်သည်။ ညနေမှ ဂူသွားမည်ဟု လက်မှတ်များသာ ထိုင်ရောင်းပေးသည်။

လက်မှတ်အမျိုးမျိုး အလိုရှိသည့် ပရိသတ်ထုကြီးကို ရောင်းရသည်မှာ မောင်စိုးလွင်တစ်ယောက်တည်း မရောင်းနိုင်၍ ကျွန်မ ကူရောင်းရသည်။ မဂ္ဂဇင်းစာအုပ်ရောင်းရန် ကိစ္စကို လှည့်မကြည့်နိုင်၍ ကိုမင်းရှင်အား လွှဲအပ်ရသည်။ ယနေ့ညအဖို့ ရာတန်းလက်မှတ်များ တစ်စောင်မှ မရောင်းရသေး၍ ရုံမှ ၁၂ နာရီလောက် ပြန်ထွက်လာပြီး လက်မှတ် လည်ရောင်းရ ပြန်လေသည်။ ၁၀၀ တန်းလည်း ဝယ်နိုင်မည့်၊ ယနေ့ညလည်း ကြည့်နိုင်မည့်လူကို ရှာရောင်းရသည့်အတွက် မြို့ထဲတွင် အချိန်ကုန်ချင်တိုင်း ကုန်ပြီး တလည်လည် ဖြစ်နေတော့သည်။

တစ်နေရာတွင် တစ်ခါတည်း နေရာမကျနိုင်ဘဲ တလည်လည် ဖြစ်နေ၍လည်း စိတ်မပျက်။ ၁၀၀ ပေး၍ ဝယ်မည့်သူများကို ခေါင်းထဲတွင် မှန်းနေအောင် တွေးစားပြီး တစ်တိုက်ဆင်း တစ်တိုက်တက် ရောင်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသင်းတွေအတွက် ရန်ပုံငွေ လက်မှတ်ရောင်းကြပြီဆိုလျှင် လူအုပ်နှင့် သွားရောင်းကြရိုး ဖြစ်သော်လည်း၊ စ ရောင်းလာကတည်းက ၁၀၀ တန်း လက်မှတ်ကို အဖော်မပါ တစ်ယောက်တည်း ရောင်းခဲ့ရသည်။

အသင်းပေါ်၌ ထက်သန်နေလိုက်သည်မှာ ၁၀၀ တန်း ဘယ်သူများ ဝယ်မလဲဟု ခေါင်းထဲ၌ တွေးရလွန်း၍ ထမင်းစားဖို့ မေ့နေသည်။ ထမင်းစားဖို့ သတိရမည် ဆိုလျှင်လည်း အခက်။ ကျွန်မ စားသည့် အစားမျိုးကား သွားရင်းလာရင်း ဝယ်စား၍ ရသည့်အစားမျိုး မဟုတ်ဘဲ၊ အိမ်တွင် တမင်ချက်၍ စားသောက်သော ဓာတ်စာကြောင့် မေ့နေတာကပဲ ကောင်းပေသည်။ ညနေ လေးနာရီ ထိုးပြီဖြစ်၍ အချိန် မရှိသဖြင့် လက်မှတ်များ ရသလောက် ရောင်းခဲ့ပြီး သင်္ချိုင်းသို့ သွားရာ ပြည်လမ်းမကြီးတွင် ကားပျက်နေသည်။ ညနေ ခြောက်နာရီ ရုံးမဖွင့်ခင် ရုံးသို့ လက်မှတ်ရောင်းရန် ရောက်အောင် ပြန်သွားရမည်။ ရုံးကလည်း အရေးကြီးသည်။ ဂူကလည်း အရေးကြီးသည်။ ကားကလည်း နှစ်နေရာစလုံး ဘယ်နေရာမှ မပို့နိုင်ဘဲ ရပ်နေသည်။ အရေးထဲမှာ ခွတိုက်နေသည့် ကားပေါ်၌ ထိုင်ပြီး နှစ်နေရာ ရှိသည့်အနက် တစ်နေရာရာကို အချိန်မီ ပို့ပေးနိုင်မည့် ကားကြုံများ ပေါ်လာ မလားဟု ကြည့်နေရသည်။

ကျွန်မ ငယ်စဉ်တုန်းက တစ်ညနေ အိမ်နောက်ဖေးက မြစ်ကမ်းနားတွင် သွားထိုင်နေရာ ကိုဘိုးကြားကြီး လှေလှော်လာသည်။ သူ့လှေထဲတွင် ငါး တစ်ကောင်မှ မပါဘဲ ပိုက်ကွန်ကြီးပဲ ပြန်သယ်လာရ၍ မျက်နှာကြီး သုန်သုန်မှုန်မှုန်နှင့် မရွှင်မပျ လှော်လာသည်။ လှေဆိုက်ပြီး တံတားတွင် ကြိုးချည်နေစဉ် သူ့သမီးလေး စိန်လှ ပြေးဆင်းလာသည်။ ကိုယ်ပေါ်မှာ အင်္ကျီ မရှိဘဲ ထဘီကလေးတိုတို ဝတ်ပြီး ပြေးဆင်းလာသည်။

'အဖေရေ ... အမေ ကလေးမွေးပြီ၊ မိန်းကလေး ... မိန်းကလေး' ဟု စိန်လှက အော်ပြီး ပြေးလာရာ၊ ကိုဘိုးကြားကြီးလည်း လှေချည်နေရာက တက်တစ်ချက် ခေါက်လိုက်ပြီး 'တိုက်လိုက်ဟဲ့ ခွနော်' ဟု ပြန်အော်လိုက်ပုံကို သတိရမိတော့သည်။

ကားကြုံ မမြင်၍ စက်မြန်မြန် ပြင်လို့ ရစေရန် စိတ်တွေ အလျင်စလို ဖြစ်နေသည်။ ခြောက်နာရီထိုးမှ ကားပြင်၍ ကောင်းသွားသည်။ သင်္ချိုင်းသို့ သွားရန် မှောင်နေ၍ ဂူသို့ မသွားနိုင်တော့ဘဲ အိမ်သို့သာ ပြေး၍ အဝတ်လဲပြီး ရုံးကို ပြန်ပြေးခဲ့ရသည်။

ယနေ့ လက်မှတ်များ ရုံးဖွင့်လျှင် ကုန်၍နေသည်။ လက်မှတ်ပေါက်၌ ကုန်ပြီဟု စာချိတ်ထားသော်လည်း 'လက်မှတ်'၊ 'လက်မှတ်'၊ 'လက်မှတ် မရှိဘူးလား' ဟု အော်ဆူနေကြရာ ကျွန်မတို့မှာ လက်မှတ်ခန်းထဲတွင် မနေဝံ့ကြဘဲ နောက်တွင် လှည့်ရှောင်နေရသည်။ တစ်နေ့စာ ရောင်းပြီးသည့် ငွေများနှင့် စာရင်းများကို မောင်စိုးလွင်နှင့် ချက်ချင်း စစ်နိုင်သည့် အချိန်မှာ ဤအခါမှ ရသည်။ စာရင်းနှင့်ငွေများ မှန် မမှန် သိချင် စစ်ချင်သော်လည်း လူမြင်မခံဝံ့ကြ၍ ပုန်းနေရသည်။ ထိုညက ကျွန်မ ကားမှာ မောင်းမရအောင် ပျက်သွားပြီဖြစ်၍ ရုံးအောက်၌ ကားကို ပစ်ထားခဲ့ပြီး တခြားကားကြုံနှင့် ပြန်ရသည်။ လူတွေကို တစ်ယောက်စီ လိုက်ပို့နေပြန်သည့်အတွက် အိမ်သို့ နှစ်ချက်ထိုးမှ ရောက်သည်။ မောင်ဦးခွင် ပေးလိုက်သည့် ငွေထုပ်နှင့် လက်မှတ်ထုပ်ကို ဗီရိုထဲသို့ ပစ်ထည့်လိုက်ပြီး လှဲအိပ်လိုက်ရသည်။ မနက် ငါးနာရီ ထ၍ ခုနစ်နာရီ ရုံးအရောက် သွားရမည်။

**နတ်တော်လဆန်း ၃ ရက်နေ့**

ယနေ့ ကားပျက်နေပြီ ဖြစ်ခြင်းကြောင့် မိုလ်ထွန်းလှက နံနက်စောစော လာကြိုသည်။ ဂူကို မနေ့က မရောက်ခဲ့ရ၍ စိတ်ထဲတွင် မကောင်းလှသဖြင့် ဝမ်းနည်းမိရာ ကိုထွန်းလှက ဂူသို့ လိုက်ပို့သည်။ ဂူသို့ သွားနေ၍ ရုံးသို့ ရှစ်နာရီ ထိုးပြီးမှ ရောက်သွားသည်။ ကျွန်မ မလာသေး၍ လက်မှတ်ဝယ်ရန် စောင့်နေကြသော သူထက်ကြီး၏ "ဟော ဟိုမှာ လာပါပြီ" ဟူသော တစ်ခဲနက် စိတ်မရှည်သံကြီးကို ဆီးကြားရသည်။

မောင်စိုးလွင်ကို နေ့တစ်ချက်အထိ ကူရောင်းပေးသည်။ ယနေ့ည ရာတန်းနေရာများအတွက် လက်မှတ် ထွက်ရောင်းရဦးမည်ဖြစ်၍ ကားတစ်စီး ငှားသွားရသည်။ မရောက်ရသေးသော နေရာတွေ၊ မရောင်းရသေးသော နေရာတွေနှင့် သခုည ကြွလာကြည့်နိုင်မည့် တစ်ရာတန်းရှင်ကို ရှာရသည်လောက် စိတ်ညစ်ဖို့ ကောင်းသည်မျိုး ကြုံကို မကြုံဖူးပေ။

ကိုထွန်းလှကို အချို့ လက်မှတ်များ ရောင်းခိုင်းရာ 'ဒီလက်မှတ်မျိုးဆိုတာ ကြုံရောင်းမှ ဖြစ်တာဗျ။ ခု သွားရောင်းလို့ ခုရတာမျိုး မဟုတ်ဘူး။ သူတို့မှာ သွားစရာ အစီအစဉ်တွေ မရှိမှ၊ ဝယ်လည်း ဝယ်နိုင်မှ လာကြည့်မှာ၊ လွယ်တာ မဟုတ်ဘူး' ဟု ညည်းနေသည်။ တစ်နေ့စာ တစ်နေ့ ထွက်ရှာပေးရသည်၊ နောက်ဆပ် ဆင့်လာသည့် သည်အခက်အခဲတွေနှင့် ကြုံတွေ့နေရသည်။

အသင်းတွင် ငွေတစ်သောင်း မကျန်မှာကို ပူပင်မိပြီး တစ်နေ့ခင်းလုံး ဘလည်လည်နှင့် သဲကြီးမဲကြီး နေကုန်အောင် လျှောက်ရောင်းနေမိသည်။

ညနေဘက်၌ တစ်နာရီလောက် အချိန်ရသေး၍ အိမ်သို့ အပြေးပြေးပြီး အဝတ်သွားလဲသည်။ ပွဲကြည့်သွားသလို အေးအေးဆေးဆေး လုပ်မနေဘဲ







www.burmeseclassic.com

www.burmeseclassic.com



ဗြန်းဗြန်းဒိုင်းဒိုင်း လုပ်ပြီး ဒုန်းဒုန်းဒိုင်းဒိုင်း ပြန်ဆင်းပြေးထွက်ခဲ့ရာ၊ အိမ်သားတွေက ထမင်း မစားဘူးလားဟု ဝိုင်းအော်ကြ၍ 'စားနေရင် မမီဘူး' ဟု ပြန်အော်ခဲ့ရသည်။

ရုံတွင် ခါတိုင်းကဲ့သို့ အစောကြီး လက်မှတ် ကုန်သွားပြန်ပြီ။ လက်မှတ်ဝယ်မရသော လူထုကြီးမှာ အခြားနေ့တွေထက် များလာသည်။ တောင်းပန်မရနိုင်အောင် မကျေမနပ် ဖြစ်ကုန်ကြသည်။

လူတွေကို တောင်းပန်၍ မရနိုင်တော့သဖြင့် လူရိပ် မပြဝံ့တော့ဘဲ လက်မှတ်ခန်းထောင့်တွင် ပုန်းထိုင်နေသည်။ လက်မှတ်ခန်းထဲ၌ ဝင်ထိုင်နေသည့် ရုံပိုင်ကို လက်မှတ်ပေါက်ဝက လူအုပ်ကြီးက 'ဒေါ်တင်လှိုင် ခေါ်ပေးပါဗျာ၊ ဒေါ်တင်လှိုင် ဘယ်မလဲ' နှင့် ဆူပွက်နေကြသည်။

ရုံပိုင်က 'ဒေါ်တင်လှိုင် မရှိပါဘူး' ဟု ပြန်ပြောသော်လည်း မယုံသလို တံခါးသာ အတင်းတွန်းကြသည်။ တံခါးသာ အတင်းပုတ်ကြသည်။

'ဒေါ်တင်လှိုင် ဒီအထဲမှာ မရှိဘူးဗျ၊ ရုံထဲမှာ'

'ရုံထဲမှာလည်း ကြည့်ပြီးပြီ၊ မရှိဘူး။ ကျုပ်တို့ မင်္ဂလာဒုံက လာရတဲ့ စစ်သားတွေ၊ မကြည့်ရရင် မပြန်နိုင်ဘူး။ ပြောပါ၊ ဘယ်မှာလဲ ဒေါ်တင်လှိုင်'

'ဒီအထဲမှာ မရှိဘူး ခင်ဗျ'

'ဟော့ ... မင်းတို့က သူ့ကို ရုံထဲမှာ ရှာကြ။ တို့ ဒီက ပိတ်စောင့်နေမယ်။ သူ ဒီကို လာရမှာပဲ။ ဒီည မကြည့်ရရင် မဖြစ်ဘူး'

သည်အသံတွေ ကြားနေရ၍ ကျွန်မကို မမြင်ကြစေရန် ကွယ်သထက် ကွယ်အောင် ကပ်နေရသည်။ ရုံပိုင်က ကျွန်မဘက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ မရှိလေဟန် လုပ်နေသည်။ လက်မှတ်ပေါက်ဝ၌ လူတွေ များသထက် များလာပြီးလျှင် ဒေါ်တင်လှိုင်ကို ဝိုင်းမယ်ဟု ညာသံပေး၍ နေကြသည်။ ရုံထဲ၌ နေရာများ ပြည့်ကုန်သဖြင့် သည်ပြဿနာကို မရှင်းနိုင်သောကြောင့် တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ကုပ်နေရသည်။

'တံခါးဖွင့်စမ်းပါ၊ တယ်လီဖုန်း ပြောချင်လို့'

ကျွန်မကို ရုံပိုင်က လှမ်းကြည့်ပြီး မျက်လုံး ဝိုင်းနေသည်။ စစ်သားများကို အရပ်သားများထက် ကြောက်ရသည်။ သည့်ပြင်လူတွေက အပြင်ကနေ၍ ဝိုင်းညံပေးသည်။ ရုံပိုင်တွင် တံခါး ထမဖွင့်လည်း အခက်၊ ဖွင့်ပြန်လည်း အခက်။ အဲဒါမှ အခက်။

ကျွန်မက ဖွင့်ပေးလိုက်ရန် လက်ပြလိုက်ပြီး နောက်ဆုံး ကြံမိကြံရာ စားပွဲခုံအောက်သို့ တိုးဝင်လိုက်သည်။





ကျွန်မ အရပ်က မြင့်၍ စားပွဲခုံက နိမ့်နေသည်။ ထိုင်နေလျှင် ကျွန်မခေါင်းနှင့် မလွတ်၍ ခြေသွင်းရန် ဖောက်ထားသည့်နေရာ၌ လေးဖက်ထောက်ပြီး ဝပ်နေရသည်။ ရုံပိုင် ထ၍ ဖွင့်လျှင်ပင် လူတွေ အထဲ ရောက်လာကြသည်။ မြင်များ သွားမလားဟု ပူရထိတ်ရသည်က တစ်မျိုး။ အကယ်၍ မြင်သွားကြလျှင် မြင်မကောင်း ရှုမကောင်း လေးဖက်ထောက် ဝပ်နေပုံကို မြင်ကြလိမ့်မည်ဖြစ်၍ ခုံအောက်၌ ဝပ်နေရင်း ကျွန်မ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေသည်။ တယ်လီဖုန်းဆက်၍ နံပါတ်ခေါ် စကားပြောနေသည်မှာ ၁၅ မိနစ်လောက် ကြာသည်။

ထိုအချိန်၌ ပွဲထွက်နေပြီ။

စားပွဲခုံအောက်၌ လေးဖက်ထောက်၍ ဝင်နေခိုက် ရုံထဲက ဇာတ်ဆရာတို့ ပျက်လိုက်တိုင်း တဝါးဝါး ရယ်သံတွေကို နားထောင်ရင်း၊ ကျွန်မကို ကျော်ပေးနေသော ပွဲကြည့် လူထုကြီးသည် ကျွန်မ ဘက်သို့ လှည့်၍ ကျွန်မ လေးဖက်ထောက်နေပုံကို အကယ်၍များ ဖောက်ထွင်း မြင်နိုင်ကြမည်ဆိုလျှင် ဇာတ်ဆရာတို့ထက်ပင် ပွဲကျမည်ဟု အောက်မေ့မိသည်။

စကားပြောသူများ ပြန်ထွက်သွားလျှင်သွားချင်း ရုံပိုင်က မည်သူ တစ်ယောက်မှ မရှိလေဟန် မီးမှိတ်၊ တံခါးပိတ် ထွက်သွားတော့မှ စားပွဲအောက်က နောက်ဆုတ်ထွက်၍ ကုလားထိုင်ပေါ်သို့ စမ်းတက်ထိုင်ပြီး သက်ပြင်းချမိသည်။

စာရေးဆရာအသင်းနှင့် ကျွန်မ တော်တော်ပဲ အကျိုးပေးသည်။ ဇာတ်ခုံတော်မောင်ကျာဘန်း ပြစဉ်က ကျွန်မ ရုံတာဝန် ယူခဲ့သည်။ အသင်းတွင် ဘယ်တုန်းကမှ မကျန်ဖူးသော အမြတ်များ ရသည်။ ဟိုတုန်းကလည်း လက်မှတ် မရကြ၍ လူတကာ ဆဲဖတ် ဆိုဖတ်ခံပြီး တစ်ယောက်တည်း လုပ်ပေးခဲ့မှုသည်။ ယခုလည်း အကယ်၍များ ကျွန်မကို တွေ့သွားကြလျှင် ခုံအောက်က ဆွဲထုတ်ပြီး ဆဲရုံဆိုရုံနှင့် အားမရဘဲ ဝိုင်းများ ရိုက်ကြမှာလားဟု ကြက်သီးထလာသည်။ လက်မှတ် ဝယ်မရသူတိုင်း ဒေါသထွက် ပြန်သွားကြသည်။

မှောင်ထဲတွင် အကြာကြီး နေပြီးမှ ရုံထဲသို့ အတွင်းတံခါးက လစ်သွားရသည်။ တက္ကစီကားနှင့် အိမ်သို့အပြန် ငွေများလည်းပါ၊ တစ်ယောက်တည်းလည်း ဖြစ်၊ အချိန်ကလည်း မလှ၍၊ ဉက္ကဋ္ဌက အလိုက်တသိ လိုက်ပို့သည်။

**နတ်တော်လဆန်း ၄ ရက်**

ယနေ့ ရုံသို့ အစောကြီး သွားသည်။ လက်မှတ်ဝယ်သည့် ပရိသတ်မှာ မိုးမလင်းခင်က ရောက်နေသည်။ လက်မှတ်များကို နေ့လယ်အထိ ကူရောင်းပေးသည်။ ယနေ့ ရာတန်းလက်မှတ်များ ထွက်ရောင်းရန် မရှိပေ။ ဗိုလ်ချုပ်ဈေးတွင် ကိုသခ်ါ



www.burmeseclassic.com

www.burmeseclassic.com



က ယနေ့ည ရှေ့ဆုံးတန်းကို တစ်ဆယ်တန်း ကြိုရောင်းထားလိုက်၍ ယခုည တစ်ရာတန်းကို ပြန်ဖြုတ်ရပြန်သည်။ အလုပ်ကို ပစ်ထားခဲ့သည်မှာ ကာလ ကြာမြင့်နေပြီ။ အချိန်မရနိုင်၍ မရောက်နိုင်သောကြောင့် နေ့လယ်အားခိုက် အလုပ် တိုက်သို့ သွားသည်။

ညနေ ရုံသို့ စောစောရောက်အောင် သွားသည်။ လက်မှတ်များလည်း ကုန်နေပြီး ဆရာဇော်ဂျီက 'လက်မှတ် မရလို့ အပြင်မှာ လိုက်ရှာနေကြတယ်၊ ပုန်းနေ' ဟု ပြောသဖြင့် မနေ့က အဖြစ်ကို အသည်းချမ်းလှ၍ ကာဒ္ဒေးရုံအောက် ခမြတိုက်ထဲတွင် သွားပုန်းနေရသည်။ လက်မှတ် မရသော ပရိသတ် များလွန်း၍ ဒဂုန်နတ်ရှင်က ဓာတ်ခုံပေါ် တက်ကာ တောင်းပန်နေသည်။ နက်ဖြန်တွင် ကျောင်းသားတွေ ဝိုင်းမည်ဟု ကြားရပြန်သဖြင့် ပုလိပ်မင်းကြီးထံသို့ ဖုန်းဆက်ပြီး ပုလိပ်အစောင့် ပေးပါရန် အကူတောင်းရသည်။

အမှုဆောင်လူကြီးများအား နက်ဖြန် ကျွန်မကို ပစ်မထားကြဘဲ လာ ရောက် စောင့်ရှောက်ပါရန် မေတ္တာရပ်ရသည်။ ယနေ့ညအထိ ငွေပေါင်း မည်မျှ ရပြီ မသိသေး။ အထုပ်တွေ ဖြေစစ်ကြည့်ရန် အချိန် မရပေ။ ညသန်းခေါင်ကျော် ပြန်ကာ စိတ်ပန်းကိုယ်ပန်းဖြစ်ပြီး ထိုးအိပ်ရသည်။ နက်ဖြန် နောက်ဆုံး ပွဲရုံသို့ အစောကြီး ထ သွားရမည် ပါတကား။

**နတ်တော်လဆန်း ၅ ရက်**

ယနေ့ နောက်ဆုံးပွဲ၌ နှစ်ပွဲတိုးပြ၍ ရုံသို့ လင်းလင်းချင်း ရောက်လာပြီးလျှင် မောင်စိုးလွင်နှင့် ကျွန်မ နေ့ပွဲ၊ ညပွဲ လက်မှတ်များကို တစ်ပေါက်စီ ခွဲရောင်း ကြသည်။

လက်မှတ်ပေါက်ကလေးထဲတွင် လက်တွေ ပြုထိုးသွတ်ကြ၍ အရောင်းရ ခက်လှသည်။ ရှေ့က လေပေါက်ကို လူအုပ်ကြီးက ပိတ်ကွယ်ထား၍ မွန်းကျပ် နေသည်။ သူတို့ အချင်းချင်း တိုးမရ၍ ဆူသံတွေ၊ မစောင့်နိုင်ကြ၍ ဆဲသံတွေ ကြောင့် အလျင်လိုသည့်ဇောမှာ လက်မှတ်ရေးရင်း ယောင်ယောင်သွားသဖြင့် နေရာ ထပ် မရောင်းမိအောင် အထူး ဂရုစိုက်ရသည်။ ယနေ့ နောက်ဆုံးပွဲ လက်မှတ် ရောင်းရာတွင် မကြုံစဖူး ထူးကဲသော အချက်ကလေး ဖြစ်ပေါ်သည်။ 'ဟော့... ဒီလို တိုးနေရင် သူ မရ၊ ငါ မရနဲ့ အချိန်ကြာတယ်။ တန်းစီမယ်၊ အရင်ရောက်တဲ့ လူက အရင်ယူ' ဟု ပရိသတ်ထဲက လူတစ်စုက သူတို့ချင်းချင်း ထိန်း၍ "ကြူ"လုပ် တန်းစီ ဝယ်သဖြင့် အသက်ရှူပေါက်ရသွားသည်။

ကျွန်မသည် တစ်မိနစ်ကလေးမှ မနားဘဲ အလိုရှိသည့် အတန်းတွေကို





...င်ဘွင်ကြီး ရေး၍ ပေးသည်။ ငွေဒေါင်းကြီးက ကျွန်မ နားတွင် ထိုင်၍ ...သိမ်းပေးသည်။ အမှုဆောင်လူကြီး အချို့လည်း ကျွန်မ နားတွင် ရှိကြသည်။ ...စ်ယောက်ပြီးမှတစ်ယောက် ဝယ်ရသည့် တန်းစီစနစ်ကို သည်းမခံနိုင်သူများက ...ကြပြန်သည်။

'လက်မှတ်ရေးနေတာ သည်လောက် ကြာရအောင် ရည်းစားစကား ပြော ...ကြသလား'

သည်လို တစ်သံက ဖောက်အော်လိုက်လျှင်၊ နောက်တစ်သံ ထွက်လာ ...သည်။

'ရည်းစားစကား ပြောမနေပါနဲ့၊ လက်မှတ်ရေးပါဗျို့'

ဤကဲ့သို့ ရိုင်းရိုင်းပျပျ ဆူပူအော်ဟစ်နေကြသည်။

ကျွန်မအား ဒိုထက်ဒီ တိုး၍ ဆဲကြသော အသံများကို နားထောင်ရင်း ...တဲ့လက်ကို တစ်စက္ကန့်မှ အနားမပေးဘဲ တွင်တွင်ရေးမှတ် ရောင်းရသည်။ ...က်မှတ်ကုန်လျှင် ထိုနေရာတွင် မနေရဲတော့ဘဲ ရုံထဲသို့ ထွက်ပြေးရတော့သည်။

ရုံ၌ အချိန်စေ့၍ လူပြည့်သွားပြီး နေ့ပွဲထွက်လျှင် ယနေ့ညအတွက် ...တန်း ပြန်ထားနိုင်ရန်အတွက် တစ်ခုံမှ မရောင်းရသေးသော လက်မှတ်များကို ...က်ရောင်းရပြန်သည်။ ရာတန်းနေရာ လုပ်ထားသော ၁၂ နေရာအတွက် ...က်မှတ်ခြောက်စောင်ကုန်အောင် တောင်ရောက်မြောက်ရောက်နှင့် တလည်လည် ...သည်နေလေသည်။

ထမင်းနှင့် မတွေ့ရသည့် ရက်တွေမှာ ကြာလှပြီဖြစ်၍ ရင်ထဲတွင် ကဇော် ...သင်ကြီး ဖြစ်နေလျက်နှင့် နောက်ဆုံးပွဲ၌ ရာတန်းနေရာတွင် အကုန်ပြည့်အောင် ...ကြိုးစားပြီး ရောင်းနေရသည်။ အိမ်ပြန် ထမင်း သွားစား၍ မဖြစ်။ ကျွန်မ ...လောက် အချိန်သည် စာရေးဆရာ အသင်းကြီး၏ ဝင်ငွေဖြစ်၍ အခိုက်ကို ...စိုးမရဘဲ စေတနာ့ဝန်ထမ်း အသင်းကျွန် လုပ်နေတော့သည်။

ရုံသို့ ခြောက်နာရီအရောက် ပြန်လာသည်။ လက်မှတ်များလည်း အကုန် ...ရောင်းခဲ့ရသည်။ ရောက်လျှင်ရောက်ချင်း နံနက်က ရောင်းထားသည့် လက်မှတ် ...များကို စိတ်မချဘဲ အပိုကုလားထိုင်များ ရှာစုပြီး စကောက်တွေကို ဘယ်သူမှ ...ရဲ့အောင် သတ်သတ် စောင့်နိုင်းထားသည်။ ကျွန်မ ထင်သည့်အတိုင်း လက်မှတ် ...တွေ ထပ်လာသည်။ လက်မှတ်ထပ်သူများအား ကုလားထိုင် ထိုးပေးရန် လုပ်သည့် ...ခါ စကောက်တွေဆီက အချို့အသင်းသားများ အတင်း ဆွဲယူသွားကြ၍ ...ကုလားထိုင် မရှိ ဖြစ်နေသည်။ သူတို့ ဗိုလ်ကျပုံကို အကြီးအကျယ် စိတ်ပျက်မိ ...သည်။ နေရာထပ်သူများကို အဆင်ပြေအောင် စိတ်ညစ်ညစ်နှင့် အဓော်ပါ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သည့်ကြားထဲ အပြင်က လက်မှတ် ဝယ်မရ၍ ဆူနေကြသည့် ပရိသတ်ကြီးကိုလည်း ကြောက်ရသဖြင့် ပုန်းလျှိုးကွယ်လျှိုး လုပ်ပေးနေရသည်။ ပွဲပြီး လက်မှတ်ထပ်သည် မဟုတ်ဘဲ နေရာ တစ်တန်းလုံး ချောင်ပြီး လက်မှတ်သာ အေတန်း နှစ်ခါ ရေးပေးလိုက်ခြင်း သိရသည်။

ဤညလောက် စိတ်မောသည့် ညမရှိ။ နှစ်ပွဲဆက်၍ ည တစ်ချက်လောက် အိမ်သို့ ပြန်ရောက်လာသည့် အခါတွင် ငွေထုပ်ကို ဗီရိုထဲသို့ ပစ်ထည့်လိုက်ပြီး အဝတ်အစားတွေမှ မလဲချင်တော့ဘဲ တစ်ခါတည်း ထိုးအိပ်တော့ရာ၊ နောက် တစ်နေ့ တစ်နေ့လုံးလည်း အိပ်ရာထဲက မထနိုင်တော့ပေ။ မထနိုင်သော အဖြစ် မျိုးဖြင့် အိပ်ရာထဲ ရောက်နေသည်။

နတ်ရှင်နောင်ကို ယခင်နှစ်များက ကရန် စီစဉ်ဖူးသော်လည်း မအောင်မြင် ခဲ့ဘဲ ယခုနှစ်မှ က ဖြစ်သွားပေသည်။ နတ်ရှင်နောင် ပြဇာတ်ကြီးမှာ ယခင်က ပြခဲ့သော ဘယ်ပြဇာတ်နှင့်မှ မတူဘဲ အထူး ပင်ပန်းခဲ့ကြရသည့် ဇာတ်ကြီး ဖြစ်သည်။ ဒါရိုက်တာ ဆရာခန့်ကြီးမှာ ပွဲပြီးပြီးချင်း ဆရာဝန် ခေါ်ရသည်။ ပါဝင် ကပြကြသည့် စာရေးဆရာများမှာလည်း နေ့ဆက်ရက်ဆက် အိပ်ပျက် စားပျက်နှင့် အင်မတန် ပင်ပန်းကြပေသည်။ ကျွန်မသည် ဇာတ်ခုံဘက်သို့ ရောက် သွားတိုင်း သူတို့ကို ကြည့်၍ စိတ်မောမိသည်။ ကိုယ့်ထက်ပို၍ ပင်ပန်းနေသူတွေ ပါကလားဟု စိတ်မောရ၍ မဆုံး။

အသင်းအတွက် ငွေရအောင် လုပ်ပေးသူများမှာ သူတို့သာလျှင် အမှန် ဖြစ်၍၊ အပင်ပန်းခံကာ ငွေရှာပေးကြသော သူတို့တစ်တွေလည်း အိပ်ရာထဲတွင် ဘယ်နှယောက်များ လဲနေကြပြီလဲဟု တွေးမိသည်။

**အစိုးရစာရင်းစစ်**

သည့်မျှနှင့် မပြီးဘဲ ခုနစ်ပွဲစာ ရောင်းခဲ့သည့် လက်မှတ်နှင့်ငွေများ စစ်ဆေး ကြည့်ရှုရန် အလုပ်ကြွေး ကျန်နေသေးသည်။ မီးလောင်တုန်းက ကြောက်အား လန့်အားနှင့် သယ်ချသော ပစ္စည်းများကို မီးငြိမ်း၍ ပြန်တင်သည့်အခါ မသယ် နိုင်တော့သည့် လူတစ်ယောက်လို ကျွန်မ ဖြစ်နေလေပြီ။ အိပ်ရာက မထနိုင်သဖြင့် လက်မှတ်များကို လက်ဖျားနှင့်မှ မတို့ချင်တော့ပေ။ တစ်ရက်စာ တစ်ခါ လုပ်ရ သည်ပင် အချိန်ကုန်လွန်း၍၊ ခုနစ်ပွဲစာ အများအမှန် စစ်ဆေးရန် တစ်ယောက် တည်း ပြန်ထိုင်လုပ်ဖို့ရာ မလုပ်ချင်တော့သဖြင့် သည်အလုပ်ကို လက်လျှော့လိုက် သည်။

စာရင်းတွေ မှားပြီး ကျွန်မ ငွေပိုသွားမည်ကိုလည်း အလိုမရှိ။ အသင်းက





...လျော့ရသွားမှာလည်း အလိုမရှိ၍ တိတိကျကျ မှန်မှန်ကန်ကန်နှင့် အမြန်ဆုံး ပြီးသွားစေရန် အစိုးရစာရင်းစစ်ကို ခေါ်ရတော့သည်။ လက်မှတ်များ အမြန်ဆုံး စစ်ဆေးပေးရန် စေ့စပ်သည့်အခါ၊ အစိုးရစာရင်းစစ်က လူသုံးယောက် အပိုခေါ်ပြီး စစ်မှဖြစ်မည်ပြောပြီး၊ တနင်္ဂနွေနေ့ နံနက် ခုနစ်နာရီတွင် စာရင်းကိုင်များ ခေါ်၍ အလုပ်တိုက်သို့ လာခဲ့မည်ဟု ချိန်းသွားသည်။

အသင်းမှ ထုတ်ယူထားသော ငွေ ၄၅၀၀ ကျပ်အတွက် စာရင်းရှင်းရန် ကိုမင်းရှင်နှင့် မတွေ့ရ၍ စနေနေ့တွင် အိပ်ရာက ထ လာပြီး လိုက်ရှာသည်။ ...ကြွေကို ကိုမင်းရှင်ကို တွေ့၍ ပြောရန် သွားမှာသည်။ မြို့မမောင်တိုက်သို့ ...ကာ ကိုမင်းရှင်နှင့် မတွေ့သေး၍ စာရင်း မရှင်းနိုင်သေးသဖြင့် ခေတ္တဆိုင်းရန် ...ပြောသည်။

'ကျွန်တော် စာရင်း မြန်မြန်ပြီးအောင် လုပ်ချင်လို့၊ ခင်ဗျား ယူတဲ့ငွေ ...၀၀ ကျပ်ကို မြန်မြန်ရှင်းဗျာ။ ဟိုဝင်ငွေတွေကတော့ ခင်ဗျားဟာနဲ့ ခင်ဗျား ...မှ အပ်ပေါ့၊ ဒါသာ အရင်လုပ်ပါ'

ကျွန်မကလည်း မြန်မြန် ပြီးလိုက်ချင်ပါပြီ။ ကိုမင်းရှင်နှင့် မတွေ့သေး၍ ...င့်နေရကြောင်း ပြောပြသည်။

ငွေထိန်း၏ အသုံးစာရင်းကို သိမှ အမြတ် ၁၀၀၀၀ ကျန်မကျန် သိနိုင်မည် ...၍ မြို့မမောင်ကို မေးကြည့်သည်။

'အားလုံး ငွေ ဘယ်လောက်ကုန်သလဲ ဆရာ၊ ကျွန်မ သိပါရစေ'

'ကျုပ်က ဘာလုပ်ပြောရမှာလဲ၊ ခင်ဗျား ဘယ်လောက် ရသလဲဆိုတာ ...င်ပြော'

'နက်ဖြန်မှ စာရင်းစစ်တွေ စစ်မှာ ဆရာရဲ့'

'အကြမ်းပြောဗျာ'

'ဆရာက သိနေရင်လည်း အရင် ပြောလိုက်တော့ ဘာဖြစ်လို့လဲ'

'ခင်ဗျား အရင် ပြောမှ ကျုပ် ပြောမယ်၊ ကျုပ် ငွေထိန်း၊ ကျုပ် ပြောမှ ...ဗျား သိရမှာ'

'ဆရာ မပြောရင် ကျွန်မ ဘာလုပ်ပြောရမှာလဲ၊ အစည်းအဝေးမှာ ကျွန်မ ...အပ်တော့ ဘယ်လောက်ဝင်တယ်ဆိုတာ သိလိမ့်မယ်'

'ကျုပ်လည်း မပြောဘူး၊ အစည်းအဝေးမှာ စာရင်းတင်တော့ ဘယ် ...က် သုံးသလဲဆိုတာ ကြားလိမ့်မယ်'

'မပြောရင် နေလေ'

နောက်ဆုံး၌ သူက ကျွန်မထက် ပိုသိချင်သူ ဖြစ်သဖြင့် 'သည်မိန်းမကို



www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးရတာချည်းပဲ' ဟု ရေရွတ်ပြီး စာရင်းထုတ်ပြရာ၊ အကြမ်းအားဖြင့် ကုန်ငွေ ၁၄၀၀၀ ကျပ်လောက် ရှိသည်။ ကျွန်မကလည်း အကြမ်းအားဖြင့် ၂၄၀၀၀ ကျော် ဝင်သည်။ ငွေ ၁၀၀၀၀ ကျန်ရမည်ဟု ပြောလိုက်ရာ မြို့မမောင်မှာ ငွေတစ်သောင်း ကျန်မည် ဆိုလိုက်လျှင်ပင် ဝမ်းသာအားရဖြစ်သွားပြီး 'ကျုပ်က ငွေကို စစ်ပေါက် ပေးလို့ သည်လောက် အမြတ်ကျန်တာ၊ ကျုပ် လုပ်တာ သိရဲ့လား' ဟု ပြော၍ ရယ်ပစ်ကာ ပြန်ဆင်းခဲ့သည်။

### တစ်သောင်းကျော်

ဘခင်နွေနေ့ နံနက် ခုနစ်နာရီ စာရင်းစစ်နှင့် စာရင်းကိုင် လူသုံးယောက် မနက် ခုနစ်နာရီက ထိုင်စစ်ကြရာ ညနေ ခြောက်နာရီ ထိုးမှ ပြီးသည်။ ဥက္ကဋ္ဌလည်း အရှုံးအမြတ် သိချင်၍ တစ်နေ့လုံး လာထိုင်စောင့်နေသည်။

စာရင်းများ စစ်ဆေးပြီးသည့်အခါ ငွေပေါင်း ၂၄၃၀၀ ကျပ် ရရှိ၍၊ ငွေ တစ်သောင်းကျော် မြတ်နေသဖြင့် ရည်မှန်းချက်ကို ရောက်ကာ ပင်ပန်းရကျိုး နပ်သွားသည်။ တစ်သောင်းကျော် မြတ်နေသည့် စာရင်းတွင် သုံးထောင်ရှစ်ရာမှ ဓာတ်သိမ်းသည့် နေ့အထိ ရာတန်း ထွက်ရောင်းပေးသော ငွေများ ပါသဖြင့် မောရကျိုး နပ်ကာ လူလည်း အတော် ရွှင်လန်းသွားသည်။

ငွေများကို စစ်ဆေးကြည့်သည့်အခါ မရသေးသော ရာတန်း ကြွေး လက်မှတ် ၉၀၀ တိတိ လိုသည်။ ၎င်းပြင် ပျောက်သွားသောငွေ ၈၅၀ ကျပ်နှင့် ရုံရောင်း ၁၁၄ ကျပ် ရှစ်ပဲ လျော့နေသည်။ အမှန်မှာ တာဝန်အတိုင်း ၁၁၄ ကျပ် ရှစ်ပဲသာ စိုက်ရန် ရှိပါလျက် ငွေ ၈၅၀ ကျပ် အပို စိုက်လျော်ရဦးမည်။

တနင်္လာနေ့တွင် ဘဏ်တိုက်သို့ ငွေများ သွင်းလိုက်သည်။ ကျွန်မ၏ အလုပ်ကိစ္စနှင့် ပတ်သက်၍ ချာတာဘဏ် ရှိပြီး၊ အိမ်သုံးငွေကလေးအတွက် ဂရင်လေဘဏ် ရှိရာ၊ ငွေများကို ချာတာဘဏ်သို့ ပို့လိုက်လျှင် ကုမ္ပဏီငွေစာရင်း ကို ဘဏ်က အမြဲကြည့်နေ၍ ငွေသွင်းများသည့် စာရင်းဖြစ်၍ ငွေ ၅၀၀၀၀ ကျော် ဖိုး ကုန်မှာက အသွင်းစာရင်း လုနေလျှင် ငွေ ၁၀၀၀၀ ကျပ်နှင့် ကိစ္စပြီးသွားပြီ ဘဏ်က ကျန်ငွေကို အာမခံပေးသဖြင့် ထိုငွေတွေကို ချာတာဘဏ်၌ အပ်ရန် မလုပ်ထိုက်သည့်အတွက် သန့်ရှင်းသည်ထက် သန့်ရှင်းစေရန် အသင်းသို့ စာရင်း မတင်သေးခင် အိမ်မှာ မထားဘဲ ဂရင်လေသို့ သွားပို့ထားသည်။

### ငွေ ... ငွေ ... ငွေအပ်ပါ

၁၀၀ တန်း ကြွေးများကို လိုက်တောင်းနေရပြန်သဖြင့် ပွဲပြီး၍လည်း အလုပ် မပြီးသေး။ တစ်တိုက်ဆင်း တစ်တိုက်တက် ငွေလိုက်သိမ်းနေရပေသည်။ ကိုခင်





...ဆင် ဆါက်လာပြီး ရှမဝ ဝတ္ထုရှည်ကြီး ရေးနေရ၍ နောက်ကျခြင်းကို ခွင့်တောင်းပြီး ...ငွေအင်းစာရင်းများ ရှင်းသည်။

မြို့မမောင်ထံသို့ သွား၍ သူ့ထံမှ ယူသော ၄၅၀၀ ကျပ် စာရင်းကို ...ရှင်းသည်။ စာအုပ်မှာ မရှိုးဘဲ ငွေ ၄၀၀ ကျပ်ခန့် အမြတ်ကျန်၍ ဝမ်းသာ ...သည်။

'အမှုဆောင် အစည်းအဝေး ဘယ်တော့ လုပ်မလဲ ဆရာ'

'သန်ဘက်ခါ လုပ်မယ်၊ ဒါကြောင့် စာရင်းတွေပြီးအောင် လောရတာပဲ'

'အပေါ်က စာရင်းက အစိုးရစာရင်းစစ်က စာဆိုတော်ပွဲမှာ ရတဲ့ ငွေအော့ ...ထားတဲ့ စာရင်း၊ အောက်စာရင်းကလည်း ၄၅၀၀ ကို စစ်ထားတဲ့ စာရင်း၊ ...နဲ့ ၁၀၀၀၀ ကျော် မြတ်တာတော့ သေချာပါပြီ။ ငါးရက်တည်း ရုံရက်နေလို့ ...သောင်းကျန်တာ။ ၁၀ ပွဲ၊ ၁၁ ပွဲဆိုရင် နှစ်သောင်းကျော် ကျန်မှာ ဆရာ'

'ငွေတွေကော...'

'ငွေတွေတော့ ဘဏ်ပို့ထားသေးတယ်။ ၁၀၀ တန်း ကြွေးကျန်တာ ...တောင်းနေရတယ်။ လူမတွေ့လို့ မရသေးဘူး ဆရာ၊ သွားတောင်းဦး ...။ သန်ဘက်ခါ အစည်းအဝေးမှာ ငွေတွေ အပြည့်အကုန် အပ်ရမယ်'

'၁၀၀ တန်း ကြွေးတွေ ခင်ဗျားက လိုက်တောင်းစရာ မလိုဘူး၊ အသင်းမှာ ...ရေးရှိတယ်။ ကျုပ် ငွေထိန်း၊ ကျုပ်ကို ငွေတွေ အခု မအပ်ဘူးလား'

'ဩော် လိုက်တောင်းပေးဖို့ မလိုဘူး ဆရာ ပြောသကိုး။ ကျွန်မကတော့ ...သန်ဘက်ခါ အမှုဆောင် အစည်းဝေးမှာ ငွေအပ်ရင် အပြည့်အပ်နိုင်ဖို့ ကျွန်မ ...တာဝန် ရှိတယ်လို့ အောက်မေ့မိတယ်။ ဒါကြောင့် ကျွန်မ တာဝန်ခံထားတာတွေ ...အပြည့် အပ်မလို့'

'အပြည့်အပ်ဖို့ မလိုဘူး၊ ငွေသာ အခု အပ်ပါ။ ကျုပ်က စည်းမျဉ်းနဲ့ ...ပြောနေတာ'

'ကျွန်မ နားလည်တာက သန်ဘက်ခါမှာ သည်ငွေ အပ်ရမယ်လို့ ...နားလည်တယ်။ စည်းမျဉ်းတွေ ဘာတွေနဲ့ ကျွန်မကိုများ ပြောတောင်းနေတာဟာ ကျွန်မကပဲ စည်းမျဉ်းဖောက်နေသလိုလို ဖြစ်မနေဘူးလား ဆရာရဲ့။ သည်လို ...တာထက် ပိုလာမယ်ဆိုရင် ကျွန်မက သာမအပ်သေးတယ်။ ဘယ်စည်းမျဉ်းက ...သလဲ၊ ကျွန်မ တာဝန်လုံးလုံး ခံထားတဲ့ ပြဇာတ်ငွေတွေကို စာဆိုတော် အမှု ...ဆောင် အစည်းအဝေးမှာ မအပ်ခင် ငွေထိန်းလက်ထဲကို ပေးထားရမယ်လို့ အသင်း ...က ကျွန်မက ရှင်းလင်းအပ်ပြီးသွားတဲ့ အခါမှာ အသင်းက လက်ခံပြီး ငွေထိန်းက



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလေ။ ဆရာက အဲဒီလိုများ ပြောလာရင် ကျွန်မ အပ်လိမ့်မယ် မထင်ပါနဲ့၊ မအပ်ဘူး’

ဤအချိန်အထိ ကျွန်မကို တကယ် ပြောနေသည် မထင်၍ ကျွန်မက လည်း ရယ်ရယ်မောမောနှင့် တစ်ခွန်းမခံ ပြန်ပြောမိသည်။

ထိုအချိန်တွင် ဥက္ကဋ္ဌ ရောက်လာရာ မြို့မမောင်က ဥက္ကဋ္ဌအား ‘ဟောဒီမှာ ငွေအပ်ပါ ပြောနေတာ၊ အစည်းအဝေးမှာ အပ်မယ် ပြောနေတယ်ဗျ’ ဟု ဆီးတိုင် လိုက်သောကြောင့် ဤတွင်မှ သည်လောက်တောင် ဖြစ်နေသလားဟု မြို့မမောင် ၏ မျက်နှာကို စေ့စေ့ကြည့်မိသည်။

‘ကျွန်မ လက်ထဲမှာ အခု ချက် ပါမလာလို့၊ ပါလာရင် အခု ရေးပေးခဲ့ ဘယ်။ နေ့လယ်ကို လူလွှတ်လိုက်ပါ။ သည်ငွေကို စည်းမျဉ်းကြောင့် ပေးတယ်လို့ တော့ မမှတ်ပါနဲ့’

ဤငွေတွေကို စာရေးဆရာ ငွေထိန်းအဖြစ်နှင့် ပေးဖို့ ကျွန်မ စိတ်ထဲ လုံးလုံး သဘောမထားတော့ဘဲ၊ ဦးအောင်မြင် အနေနှင့် “ငွေ ငွေ ငွေပေးပါ” လုပ်နေသည်ကို ကျွန်မက ချက်ချင်းလက်ငင်း ပေးသည်ဆိုသော အဓိပ္ပာယ်နှင့် ပြောခဲ့လေသည်။

## ဖုတ်ပူ မီးတိုက်

မြို့မမောင်အိမ်မှ ဗိုလ်တထောင် စတီးကားပြင်တိုက်သို့ သွားရ၍ အချိန် နောက် ကျမှ အလုပ်တိုက်သို့ ပြန်ရောက်လာသည်။ ယနေ့ ဦးအောင်မြင်ကို ချက် ပေးခဲ့လျှင် စာရေးဆရာအသင်းအား ပျောက်ဆုံးခဲ့သော ငွေ ၈၅၀ ကျပ်နှင့် ၁၁၄ ကျပ် ရှစ်ပဲ စိုက်လျော်ပေးစရာရှိ၍ ကျွန်မ ကိုယ်ပိုင်ငွေ ဘဏ်တိုက်စာရင်းကို ကြည့်ရာ ငွေ ၉၀၀ ကျပ် ချက်တစ်စောင် ပေးလိုက်မိ၏။ ဘဏ်တွင် ကျွန်မပိုင်ငွေ နည်းနေသည်။ နံနက်က ကျွန်မ ချက်ပေးလိုက်သော လူနောက်သို့ လိုက်၍ ငွေ ၉၀၀ ကျပ် ထုတ် မထုတ် သွားမေးရာ ထိုလူနှင့် ချက်ချင်း မတွေ့ခဲ့ပေ၊ ဘဏ်သို့ ပြန်စုံစမ်းရန်လည်း ဘဏ်တွေအားလုံး ပိတ်သွားပြီ။ ဦးအောင်မြင် လိုချင်နေသည့် ငွေကို နေ့မကူးဘဲ ချက်ချင်းလည်း ပေးချင်သည်။ ငွေပေးသည် နေရာတွင် “ကျွန်မ စိုက်လျော်ရမယ့် ငွေများ သည်နေ့ ဆိုင်းပါဦး” ဟု တစ်ခွန်း မပြောချင်တော့သဖြင့် ချက်လက်မှတ် တစ်စောင်ထဲတွင် လျော်စရာ ငွေပါ တစ်လုံး တည်း ရေးချနိုင်အောင် ဖုတ်ပူမီးတိုက် စီစဉ်ပြီး သွားပေးလိုက်သည်။

သည်ငွေကို သည်နေ့ ချက်ချင်း ဘယ်အဓိပ္ပာယ်နှင့် ပေးသည်ကို နားလည် အောင် ထပ်ပြော၍ ပြီးမှ ပေးလိုက်သည်။





ကျွန်မကို ဘာမျှ ပြန်မပြောနိုင်ဘဲ ငြိမ်နားထောင်နေသည်။ ကျွန်မ ထပြန် တော့မှ တာဝန်ရှိလို့ တောင်းမိတာပါဟု ပြောလိုက်သေး၏။ သူ့တာဝန်ကို ဘယ် စည်းကမ်း ဘယ်စည်းမျဉ်းနှင့် ရှာ၍ မရနိုင်။

သန်ဘက်ခါ စာဆိုတော်ရှင်းတမ်း အစည်းဝေးတွင် ပြဇာတ်ဝင်ငွေများကို စာရင်းနှင့်တကွ မှန်မှန်ကန်ကန် အပ်နိုင်ရန်သာ ကျွန်မ တာဝန် ဖြစ်သည်။ သန်ဘက်ခါ မရောက်ခင် သည်အတောအတွင်းတွင် သည်ငွေတွေကို ငွေထိန်း လက်ထဲသို့ ကျွန်မ သဘောအတိုင်း ပေးချင်ပေး မပေးချင်နေ၊ ကျွန်မ တာဝန် ယူထားသရွေ့၊ ကျွန်မ လုံးလုံး တာဝန်ယူထားသေးသရွေ့ သူ့တာဝန် ဆိုလိုက်ပုံကို စဉ်းစား၍ မရနိုင်အောင် ဖြစ်မိသည်။

သင်းလုံးကျွတ် အစည်းအဝေးကြီး မတိုင်မီ အမှုဆောင် အစည်းအဝေးသို့ ရောက်ရာတွင်၊ စာရင်းစစ်က သင်းလုံးကျွတ်တွင် တင်ရန် အစီရင်ခံစာကို ဖတ်ပြ သည်။

ထိုအစီရင်ခံစာတွင် တစ်နေ့ ရောင်းရသော လက်မှတ်ဖိုးငွေများကို ငွေထိန်းထံသို့ နေ့ချင်း လာမအပ်ဘဲ ပွဲပြီးမှ အပ်သည်မှာ လမ်းမဟုတ်ကြောင်း၊

စာရေးဆရာအသင်းတွင် ဘဏ်ရှိလျက် သူမ၏ ဘဏ်တွင်အပ်၍ ချက် လက်မှတ် ပေးသည်မှာလည်း နည်းလမ်း မဟုတ်ကြောင်း၊ ဤအချက်များ ပါရှိ နေသည်။

ငွေထိန်းသည် စာရင်းစစ်အား စစ်ဆေးရန် စာရင်းများသာ ပြရုံမက၊ စာရင်းစစ်အား ဤအချက်တွေပါ ထည့်ပြီး မပြော ပြောအောင် စေ့စေ့စပ်စပ် အစစ်ခံရှာပုံကို သဘောကျ၍ ပြုံးမိသည်။

ကျွန်မက ထ၍ သည်အစီရင်ခံစာကို အစည်းအဝေးမှာ ဖတ်မှာလားဟု မေးလိုက်သည်။

‘ဟုတ်တယ်၊ ဖတ်ပြမယ်’

‘ကျွန်မ ကန့်ကွက်တယ်’

အားလုံး ငြိမ်သွားကြသည်။

‘ဒီအစီရင်ခံစာဟာ စာရေးဆရာအသင်းပေါ်မှာ ကျွန်မ ထားတဲ့ စေတနာ ကို စော်ကားတဲ့ အစီရင်ခံစာမို့ အင်မတန် ရိုင်းတဲ့ အစီရင်ခံစာပဲရှင့်။ လက်မှတ်ဖိုး ငွေတွေဟာ နေ့တိုင်းနေ့တိုင်း ငွေထိန်းထံကို သွားသွားပြီး အပ်ရမယ်လို့ ဘယ် အစည်းအဝေးက ဆုံးဖြတ်ချက် တစ်ရပ် ချမှတ်ကြသလဲရှင့်။ ဆုံးဖြတ်ချက်ကြီး တစ်ရပ် ချမှတ်ထားတာကို ကျွန်မက ကျူးကျော်ပြီး လုပ်နေလို့ရှိရင်တော့ ကျွန်မ လုပ်တာတွေဟာ လမ်းမဟုတ်ဘူးလို့ အစည်းအဝေးကြီးကို ရှင်တို့ အစီရင်



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ပါတယ်။ ကျွန်မက လက်မှတ်ဖိုးတွေ နေ့တိုင်း အပ်ရအောင် သည်ပြဇာတ်မှာ ကျွန်မက လက်မှတ်ရောင်းတဲ့လူ မဟုတ်ဘူး။ ရုံတစ်ရုံလုံး ဝင်သမျှ ငွေတွေ အားလုံး တာဝန်ခံတဲ့ ရုံတာဝန်ခံရှင့်။

'ရုံက ဝင်သမျှ ငွေတွေကို ကျွန်မက သတ်သတ်ကိုင်၊ ပြဇာတ်အတွက် သုံးငွေတွေကို ငွေထိန်းက သတ်သတ်ကိုင်မယ်လို့ နှစ်ဖက် သဘောတူ ကျေကျေ နပ်နပ် လုပ်လာကြပြီး၊ စာရင်း မရှုပ်အောင် ကျွန်မဆီက ငွေမထားဘဲ ငွေ ၅၀၀၀ ကျပ်ကိုပဲ စိုက်ထုတ်ချေးတာ အထင်အရှားကြီး ဖြစ်လို့ ကျွန်မက ငွေ နေ့တိုင်း မပေးဘူး ဆိုတာ ပေါ်ပေါက်ဖို့ လိုသေးသလား။

'အခုမှ နေ့တိုင်း ငွေမပေးဘူးလို့ စာရင်းစစ်ကို ငွေထိန်းက အစီရင်ခံတာ ရယ်၊ ငွေထိန်း အစီရင်ခံသလို စာရင်းစစ်က လိုက်ရေးရတာတွေဟာ စာရင်းစစ် ကို အပြစ်တင်တော့ ဘာမှ မရှိဘူး။ ပထမ နားလည်မှု ရှိလျက်သားနဲ့ နားလည်မှု ရှိပါတယ်လို့ စာရင်းစစ်ကို ငွေထိန်းက အကုန် ထည့်မပြောနိုင်တာကို အံ့ဩလို့ မဆုံးပါဘူး။

'ကျွန်မ တာဝန်ယူထားတဲ့ ငွေတွေကို ကျွန်မ လက်ထဲမှာ ထားရသေး သမျှ ကာလပတ်လုံး သည်ငွေတွေကို အိမ်မှာထားထား၊ ဘဏ်မှာထားထား ဘာဆိုင်သလဲရှင့်။ ကျွန်မ ပေးတဲ့ ချက်လက်မှတ်ဟာကော ငွေ မဟုတ်ဘူးလား'

'ဒေါ်တင်လှိုင်ကို ဆိုလိုတာ မဟုတ်ပါဘူး။ ခင်ဗျား ဂုဏ်ကို ထိခိုက် ရေးတာ မဟုတ်ပါဘူး။ ခင်ဗျား ဂုဏ်သိက္ခာကို လူတိုင်း သိပါတယ်။ နောင် နှစ်တွေအတွက် လုပ်မယ့်လူတွေကို ညွှန်ကြားတာပါ။ ဥပမာဗျာ ကျွန်တော်ဟာ ကုန်သည်ဖြစ်နေရင် သည်ငွေတွေ လှည့်မသုံးနိုင်ဘူးလား။ နောင်နှစ်ခါကို ဆိုလို တာပါ၊ ဒေါ်တင်လှိုင်ကို ဆိုလိုတာ မဟုတ်ပါဘူး'

စာရင်းစစ် ဗိုလ်သိမ်းဆွေက ဤသို့ ပြန်ပြောသည်။

စာရင်းစစ် ဖတ်နေသော အစီရင်ခံစာသည် နောင်နှစ်ခါအတွက် ရေးသော အစီရင်ခံစာ မဟုတ်ဘဲ ယခုနှစ် ကျွန်မ လုပ်ပုံကိုသာ အစီရင်ခံနေသည် ဖြစ်ခြင်း ကြောင့် သည်အစီရင်ခံစာကို နောင်နှစ်ခါအဖို့ လွဲချဖို့ရာ အကြောင်းမရှိချေ။

"ကျွန်တော်သာ ကုန်သည်ဆိုလျှင် မသုံးနိုင်ဘူးလား" ဆိုသည်မှာလည်း အသင်း၏ စာရင်းစစ်က ပြောအပ်သည့် စကားမျိုးလည်း မဟုတ်ပေ။ ပွဲပြီးနောက် ငွေအပ်ရန် သဘောတူ ကျေကျေနပ်နပ်နှင့် လုပ်လိုက်ပြီးမှ သည်အစီရင်ခံစာမျိုး ရေးခြင်းသည် အတော်ရိုင်းတဲ့ အစီရင်ခံစာပါကလားဟု အောက်မေ့မိပေတော့ သည်။





ကျွန်မ ကန့်ကွက်ချက်ကို ငွေထိန်းက ထပ်ပြောပြန်သည်။ 'စာရင်းစစ် ဆိုတာ အကုန်စစ်လို့ ကျွန်တော်လည်း အကုန် ပြောရတာပဲ။ ငွေတွေကို နေ့တိုင်း အပ်လို့ မပြောဘူး ဆိုတာတော့ မဟုတ်ပါဘူး၊ ပြောကြပါသေးတယ်။ ဒေါ်တင်လှိုင် က စာရင်းမရှုပ်အောင် ပြီးမှ အပ်တာ ကောင်းတယ်ပြောလို့ ပြီးမှ အပ်ဖို့ရာ ကျွန်တော်တို့ နားလည်မှု ရှိကြပါတယ်။ ဒေါ်တင်လှိုင် ကန့်ကွက်တဲ့အဘိုင်း ...ပိုဒ်တွေကို ဖြုတ်ပစ်ပါ'

'ငွေတွေကို နေ့တိုင်းအပ်ဖို့ ပြောပါတယ်ဆိုတာ ဘယ်တုန်းက ပြောဘူး သလဲ။ ငွေထိန်း ပြောတာက ဒေါ်တင်လှိုင် ရောင်းတဲ့ ငွေတွေထဲက ပေးလေသား ကျွန်တော်က ထုတ်ချေးရမလား၊ အဲဒီလိုသာ မေးတယ်။ နေ့တိုင်းအပ်ပါဆိုတဲ့ အားလုံး မပါဘူး။ ကျွန်မက စာရင်း မရှုပ်အောင် တခြားစီ လုပ်ရင် မကောင်းဘူး လား ပြောတော့ ကျေကျေနပ်နပ် သဘောတူပြီး ငွေ ၅၀၀၀ ထုတ်ချေးခဲ့တာ မဟုတ်လား။ သည်အစီရင်ခံစာထဲမှာ အပိုဒ်တွေ တစ်ပိုဒ်မှ မပါဖို့ရာ ကျွန်မ ကန့်ကွက်တယ်၊ အစည်းဝေးကြီးမှာ ကျွန်မ ဒါတွေ ထပြီး မပြောပါရစေနဲ့တော့'

အလုပ်ခွင်မှာ (ခုနှစ် ၁၉၅၃) …။



www.burmeseclassic.com



အမှုဆောင်နှင့်တကွ ငွေထိန်းကပါ အားလုံး သဘောတူပြီး အစီရင်ခံစာကို သည်အချက်များ မပါဘဲ ပြင်ရေးရန် ဆုံးဖြတ်ချက် ချကြသည်။

ကျွန်မက နောက်ထပ် ရေးသည့် အစီရင်ခံစာကို ဥက္ကဋ္ဌ စစ်ဆေးပြီး အစည်းအဝေးကြီးမှာ တင်ပါစေဟု ထ၍ ပြောလိုက်သည်။

ဥက္ကဋ္ဌက 'ဗိုလ်သိမ်းဆွေ ... ခင်ဗျား ရေးပြီးရင် ကျွန်တော့်ကို ပြပါဦး ကျွန်တော် ကြည့်ချင်တယ်' ဟု ပြောသည်။

စာရင်းစစ်က 'ကျွန်တော် အသစ် ပြန်ရေးပြီး စနေနေ့ လာပြပါ့မယ်' ဟု ဝန်ခံသည်။

အစည်းအဝေးကြီးတွင် ဤအကြောင်းနှင့် ပတ်သက်၍ ဤအတိုင်းပင် စာရင်းစစ်က ထ၍ ဖတ်ပြလိုက်သောအခါ ကျွန်မ ချက်ချင်း ဥက္ကဋ္ဌဘက်သို့ လှည့်ကြည့်သည်။ 'ကျွန်တော့်ကို မပြဘူး' ဟု ဥက္ကဋ္ဌက လှမ်းပြောသည်။

ဗိုလ်သိမ်းဆွေသည် ဥက္ကဋ္ဌအား မပြဘဲနှင့် ဖတ်ကြားလေသည်။ အမှုဆောင် အဖွဲ့တွင် သည်အချက်များ မပါရန် ဆုံးဖြတ်ထားလျက်နှင့် ပါလာပုံ တစ်ခုသာ ချန်၍ ကျွန်မမှာ အားလုံးပြန်၍ ရှင်းပြောရပြန်လေသည်။ အစီရင်ခံစာတွင် ရေးထားသော ဤအချက်များ ဖျက်ရန် လင်းယုန်နီက အဆိုသွင်းသည့်အခါ တက်တိုးက မဖျက်ရန် ကန့်ကွက်လေသည်။ အတွင်းရေးအကြောင်းကို မသိလို့သာ ကန့်ကွက်တာပဲဟု စာရင်းစစ်ကို သက်ညှာကာ ကျွန်မ ဘာမှ မပြောဘဲ နေလိုက်သည်။ ဇော်ဂျီက ထ၍ ကျွန်မ ရှင်းလင်းချက်တွေ မှတ်တမ်းတင်ရန် အဆိုသွင်းပြန်သည့် အခါလည်း ကျွန်မ၏ ရှင်းလင်းချက်များ မှတ်တမ်းတင်ရန် မလိုသဖြင့် အတွင်းရေးကို မသိလို့သာပဲဟု ငြိမ်နေလိုက်လေသည်။

အသင်း အစည်းဝေး ပြီးသည့်အခါ ဇော်ဂျီက ကျွန်မအား 'မတင်လှိုင် လုပ်တာတွေ ဆရာတို့ မျက်စိနဲ့ မြင်ရမှ ဘယ်လောက် ပင်ပန်းခဲ့ပြီး လုပ်ပါကလား ဆိုတာ သိရတယ်။ ဆရာတို့ဆိုရင် မတင်လှိုင်လို မလုပ်နိုင်ဘူး၊ ပင်ပန်းလှပါတယ်။ နောက်နှစ်တွေဆိုရင် မလုပ်တော့ဘူး၊ ဟုတ်လား' ဟု မေး၍ ကျွန်မက ပြန်ပြောလိုက်သည်။

'အသင်းက ကျွန်မ ကူညီနိုင်သမျှတွေ တာဝန်ပေးရင် ဘယ်အခါမဆို ကူညီဖို့၊ လုပ်ဖို့ အသင့်ပါပဲ ဆရာ'

*(ဂျာနယ်ကျော်မမလေး၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီမှ ကောက်နုတ်ချက်များ)*

[ သွေးသောက်၊ မတ် ၁၉၅၁ ]

## ပုံနှိပ်တိုက်လောကနှင့် ၆၀၀၀ ကျပ် ကြွေး

ကျွန်မသည် ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက် သူ ထားခဲ့သော ရည်ရွယ်ချက်ကြီးတစ်ခုကို ဖြည့်ချင်လိုသော စေတနာဆန္ဒဖြင့် **ပြည်သူ့ဟစ်တိုင်** သတင်းစာကို ထုတ်ဝေခဲ့ပေသည်။

ခုနစ်ရက် တစ်ပတ် ထုတ်ဝေနေသည့် **ဂျာနယ်ကျော်**အပြင် ပြည်သူ့ဟစ်တိုင် သတင်းစာကြီးကို ထုတ်ဝေမည်ပြုစဉ်က သတင်းစာနယ်ပယ်ဘက်တွင် နှစ်ပေါင်းများစွာ ဝါရင့်ခဲ့သော မြန်မာ့အလင်းတိုက်အုပ် ဦးတင်သည် ကျွန်မထံသို့ လာရောက်၍ သတင်းစာ မထုတ်ဝေရန် တားမြစ်လေသည်။ သတင်းစာထုတ်ဝေရေးလုပ်ငန်းကို မိန်းမတစ်ယောက် တာရှည် ဦးစီး လုပ်ကိုင် ဆောင်ရွက်နိုင်မှယ်ရာ မမြင်ကြောင်း ပြောကြားလေသည်။

ဤအလုပ်သည် ကိုယ့်ကိုယ်ကိုယ် တဖြည်းဖြည်း ညှဉ်းသတ်နေသကဲ့သို့ အချိန်လုံးလုံး စိတ်ရော ကိုယ်ရော ပင်ပန်းရသဖြင့်၊ မည်သည့်အသက်မွေးဝမ်းကျောင်း အလုပ်မျိုးနှင့်မှ မတူဘဲ တာဝန်အလွန် ကြီးလေးလှကြောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဝိုင်းဝန်းတားမြစ်ကြခြင်းကို ထိုအခါက သူတို့ပြောကြသော ဒဏ်ကို ကျွန်မကိုယ်ကျွန်မ မုချခံနိုင်ရမည်ဟု ထက်သန်သော ယုံကြည်ချက်ကြောင့် ချိန်ဆစဉ်းစားခြင်း လုပ်မနေဘဲ သတင်းစာထုတ်ရန် စတင် စီစဉ်လေသည်။

ကျွန်မ၏ အလုပ်တိုက်မှာ ပန်းဆိုးတန်းတွင် ရှိသည်။ စာပုံနှိပ်တိုက်နှင့် အယ်ဒီတာဌာနကို လမ်း ၄၀ ၌ သုံးထပ်တိုက်ကြီး တစ်တိုက်ကို ငှား၍ ဖွင့်လှစ်ရသဖြင့် တိုက် နှစ်တိုက် ကွဲ၍ နေသည်။

ပြည်သူ့ဟစ်တိုင်သတင်းစာကို စထွက်ရန် နေ့ရက် သတ်မှတ်လိုက်ပြီး အကာလ စာရွက် သုံးရွက်၊ စာပုံနှိပ်တိုက်အခေါ် စာသား သုံးဖောင်နှင့် နေ့စဉ် ထုတ်ဝေမည့်အတွက် အယ်ဒီတာဌာန၌ အယ်ဒီတာ၊ လက်ထောက်အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန် အယ်ဒီတာ၊ ရုံးသတင်းထောက်၊ လွှတ်တော် သတင်းထောက်၊ အထွေထွေ သတင်းထောက်၊ ဓာတ်ပုံသတင်းထောက်။ ပေါင်း ခုနစ်ယောက်ဖြင့် သတင်းစာ ထွက်ဖို့ရန် လျာထားလိုက်ပါသည်။

**သတင်းစာ၏ တာဝန်ခံ**

သတင်းစာကို နေ့စဉ်နေ့တိုင်း သတင်းစာ ဖတ်သည့်သူများ လက်ထဲသို့ အချိန်မီ ရောက်အောင် တစ်လက်ပြီးတစ်လက် အဆင့်ဆင့် တာဝန်ယူ၍ လုပ်ကိုင်ကြရလေရာ၊ ရှေးဦးစွာ အယ်ဒီတာဌာနက အယ်ဒီတာနှင့် တွဲဖက် အယ်ဒီတာတို့က နယ်သတင်းထောက်တွေထံမှ ပို့သည့် နယ်ပယ်သတင်း၊ မြို့ပေါ်မှ ရုံးသတင်း၊ လွှတ်တော်သတင်း၊ နိုင်ငံရေးသတင်း၊ အထွေထွေသတင်းတွေ၊ ဘာသာပြန် သတင်းနှင့် ခေါင်းကြီး ခေါင်းရန်တို့ကို ရေးသားပြင်ဆင် ဖြတ်တောက် ခေါင်းတတ်ပြီး၊ စာရွက် သုံးရွက် ပြည့်အောင် စိစဉ်၍ စာစီဘက် ဌာနသို့ အချိန်နှင့် အချိန်နှင့် ပေးလေသည်။ စာစီသမားများက အချိန်မီ စီ၍ စက်ဘက်ဌာနသို့ ပေးအပ်ရလေသည်။ စက်ဘက်ဌာနမှလည်း အချိန်မီ ရိုက်ပြီး သတင်းစာရွက်များ ဖြတ်ပေးလိုက်သည်ကို သတင်းစာ စာရွက် ဖောင်ဆွဲသည့် ဌာနမှ သူငယ်များက ဖြတ်ပေးသည့် စာရွက်များကို စာမျက်နှာ အဆင်သင့်အောင် တစ်ရွက်စီ ဆွဲထပ်ပြီး သတင်းစာတစ်စောင် ဖြစ်အောင် လုပ်ပေးရလေသည်။ ထိုသတင်းစာတွေကို ဖြန့်ချိရေးဌာနမှ နံနက် ၅ နာရီအထိ ရထားအမီ၊ သင်္ဘောအမီ အရုပ်ရုပ်ချီ ထုပ်စီး ပေးပို့ရလေသည်။

နံနက် ၈ နာရီ၊ ၉ နာရီက စ၍ နံနက် ၄ နာရီ၊ ၅ နာရီအထိ တစ်လက်ပြီး တစ်လက် တာဝန်ယူ၍ လုပ်ကြရသည်။ သတင်းစာအတွက် နေ့မြင့်နေလျှင် သော်လည်းကောင်း၊ သတင်းစာ မထွက်နိုင်လျှင် သော်လည်းကောင်း တစ်လက်ပြီး တစ်လက် ကြားထဲတွင် တစ်လက်လက်ထဲ၌ ပျက်ကွက်နှောင့်နှေးသွားချေ ထိုပျက်ကွက်ခြင်းမှာ သတင်းစာတိုက်ကို ဦးစီးလုပ်ဆောင်နေသော တိုက်အုပ်၏ တာဝန်သာလျှင် ဖြစ်ချေသည်။

**အယ်ဒီတာတစ်ပိုင်း**

ကျွန်မသည် နံနက် ၉ နာရီတွင် ပန်းဆိုးတန်း အလုပ်ခွင်သို့ ဆင်း၍ နယ်ကိုယ်စားလှယ်များ၊ ကြော်ငြာရှင်များ၊ လ ပေး ကြည့်ရှုသူများ စသည့် အလုပ်တိုက်ဘက် ဆိုင်ရာ စာရင်းအင်း လုပ်ငန်းဝတ္တရားတွေကို စာရေးစာချီ တစ်စုနှင့် ဦးစီးအုပ်ချုပ် လုပ်ရလေသည်။ နေ့ ၁၁ နာရီတွင် ပထမစာမျက်နှာ တစ်ရွက်ကို အယ်ဒီတာများ





...ပေါ်အရောက် ပေးနိုင်မှ ဖြစ်မည်ဖြစ်၍ ပန်းဆိုးတန်း၌ အလုပ် လုပ်နေသော် ...သည်၊ စက်ပေါ်သို့ တစ်ဖောင် ရောက်ပြီလား ဟု စိတ်စောရ၍ နေပေသည်။ ...ယ စာရွက်မျက်နှာကိုလည်း စက်ပေါ်သို့ ညနေ ၄ နာရီတွင် တင်နိုင်မှ ...သည် ဖြစ်၍၊ စက်ပေါ် ရောက် မရောက် အခေါက်ခေါက် စေလွှတ်၍ ကြည့်ရ ...သည်။ ညနေ ၅ နာရီ အလုပ်ခွင် ဆင်းသည်နှင့် တစ်ပြိုင်နက် လမ်း ၄၀ တိုက်သို့ ...တ်ခြေတင်ခဲ့ပြီး၊ ဌာနအသီးသီးတွင် အချိန်မီ ပြီးမည် မပြီးမည်ကို ခန့်မှန်း၍ ကြည့်လိုက်ပြီးလျှင်၊ အယ်ဒီတာဌာနက နှောင့်နှေးနေက စာစီဌာနကို မြန်မြန်စီ ...နှ် တွင်တွင်လောရသည်။ စက်ပေါ်သို့ နောက်ဆုံး တတိယဖောင် တင်လိုက် ...သောလျှင် နက်ဖြန် သတင်းစာ ဘယ်အချိန်ထွက်မည်ကို မှန်းကြည့်နိုင်သည်။ ...နက် ၅ နာရီတွင် သတင်းစာ ထွက်နိုင်ပုံရမည့် နေ့များတွင် သန်းခေါင်လောက် ...င် ဖောင်ဆွဲ၍ ထုပ်ပိုးမည့်သူများအား မှာကြားအပ်လွှဲ၍ ပြန်ခဲ့သည်။ တစ်ခါ ...စ်ရံ အယ်ဒီတာဌာနက သတင်းနောက်ကျ၍ သော်လည်းကောင်း၊ သတင်းထူး၍ သော်လည်းကောင်း အချိန်ယူ၍ စောင့်ဆိုင်းနေသည်ဆိုပါက ထိုနေ့ည အိမ် ...မပြန်နိုင်ဘဲ မည်မျှ ညဉ့်နက်နေနေ စက်ပေါ်သို့ ဖောင်ရောက်သွားပြီး စိတ်ချ ...လောက် ရှိမှပင် ပြန်ခဲ့ရတော့သည်။

**ယောက်ျားလည်း မဟုတ်၊ မိန်းမလည်း မကျ**

...သို့ နံနက် ၆ နာရီမှ ည ၂ ချက်၊ ၃ ချက်ထိ အလုပ်ရှိလျှင် ရှိသလို နေ့စဉ် ...တိုင်း လုပ်လာရသည့်အခါ ကျွန်မသည် တိုက်အုပ် အလုပ်ဝတ္တရားကို ထမ်းရွက် ...လေသော်လည်း၊ တိုက်အလုပ်ပြီး၍ ညနေ ရုံးဆင်းလိုက်လျှင် အယ်ဒီတာ ...ဘက်သို့ ကူးလာသည့်အခါ၌ အယ်ဒီတာ၏ လုပ်ငန်းဆောင်တာများကို ...ဖွာ စိတ်ဝင်စားခဲ့ကာ အယ်ဒီတာများ ထည့်မည့် သတင်းများ၊ ခေါင်းကြီး၊ ...ကော်လံက အစ ပုံနှိပ်စက် မတင်ခင် လာရောက် ဖတ်ရှုရမှု ကျေနပ်ပေသည်။ ...ခါတစ်ရံ အယ်ဒီတာများ ဦးနှောက်ခြောက်နေကြလျှင် ဖိုးကော်လံ အခန်း ...ခင်ရောက် ရေးပေးလိုက်သည်။ မျက်နှာဖုံး သတင်းများကို ခေါင်းတပ်ထား ...၍ ကျွန်မ မကြိုက်ခဲ့လျှင် ပြင်ပစ်ခဲ့သည်။ ထိုသို့ လုပ်သဖြင့် အယ်ဒီတာဌာန ... ကျွန်မ ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ပေ။ ကျွန်မတိုက်တွင် အယ်ဒီတာများ ... လွှတ်လွှတ်လပ်လပ် ၎င်းတို့ယုံကြည်၍ မှန်သည်ထင်ရာ ရေးသားချက်များ ... ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ တစ်စုံတစ်ရာ ကန့်ကွက်ပိတ်ပင် ...မဖြစ်ခြင်းအလုပ်ကို တစ်ခါတစ်ရံမျှ မလုပ်ခဲ့ဖူးချေ။ အယ်ဒီတာချုပ် ထိုပ်သူ ...ဦးချစ်မောင် ရှိစဉ်က မသေမီ ထားရစ်ခဲ့သော အယ်ဒီတာဖြစ်၍ ၎င်းကို



www.burmeseclassic.com

www.burmeseclassic.com



လေးစားသည့်အတိုင်း သတင်းစာ၏ ဝါဒကို သူ့တာဝန်နှင့် သူ့လက်ဝယ်၌ အပ်နှင်းထားသဖြင့် ဤသို့ မရေးပါနှင့်၊ ထိုသို့ ရေးပါ မလုပ်ခဲ့ဖူးပေ။ အယ်ဒီတာများ ရေးသားထားသည့် အချက်များကို သူတို့ဆိုလိုရင်း အဓိပ္ပာယ် မပျက်စေဘဲ ပေါ်ပေါ်ထင်ထင်ကြီး ဖြစ်စေရန် ကောင်းနိုးရာရာ စကားလုံးများကို စိတ်ကူး၍ လျှင် ပြင်ဆင်ရေးသား ဖြည့်စွက်ပေးခြင်းသာလျှင် လုပ်ခဲ့လေသည်။ နေ့စဉ်နှင့် အမျှ အယ်ဒီတာဌာနသို့ ရောက်နေ၍ ကျွန်မလည်း အယ်ဒီတာ တစ်ပိုင်းနည်းနည်း ထိုဌာနတွင် အသုံးဝင်၍ နေချေပြီ။

နေ့စဉ်သတင်းစာ မှန်မှန်ထွက်ရန်၊ အပတ်စဉ်ဂျာနယ် မှန်မှန် ထွက်ရန် သူ့အစီစဉ်နှင့် သူ့အစီစဉ်၊ သူ့တာဝန်နှင့် သူ ထား၍ လုပ်ကိုင်ပေသော်လည်း အားလုံးပေါ်တွင် ကျွန်မက ခြုံ၍ တာဝန်ယူရသည့်အတိုင်း အယ်ဒီတာ မ မကောင်းလျှင် ကျွန်မပင် အယ်ဒီတာ၊ စာဖောင်ဆွဲသည့် သူငယ်တစ်ယောက် ယောက် မလာလျှင် ကျွန်မပင် သူ့နေရာတွင် ဝင်၍ စာဖောင်ဆွဲကာ၊ အလုပ်ကြီး တစ်ခုလုံး၏ တစ်နေ့တွက် တာဝန်ကြီးကို ဟာသည့် နေရာတိုင်းက လိုက်၍ အချိန်မရွေး ကိုယ့်ကိုယ်ကိုယ် အစားထိုးပြီး လုပ်ကိုင်ခဲ့ရပုံများကား၊ လုပ်ရ အမျိုးစုံဖြစ်၍ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ကြုံကြိုက်ခဲ့ရတော့သည်။

ကျွန်မ နေရာသည် အချိန်နှင့် စားမည်၊ အချိန်နှင့် အိပ်မည်ဟု ဇယားချ၍ မရပေ။ ၂၄ နာရီ လုံးလုံးပင် သတင်းစာလုပ်ငန်းကြီး၌ အရေးပေါ်လျှင် အစားထိုးရန် အမြဲတစေ နီးနီးကြားကြား ကိုယ့်ကိုယ်ကိုယ်ကို အဆင်သင့် ရှိနေရပေသည်။

မိန်းမသားတစ်ယောက် လုပ်ဖို့ရန် မတော်ဟု မိမိကိုယ်ကို မိမိ မိန်းမ တစ်ယောက်ဟု အောက်မေ့ထား၍ မရပေ။ ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်း မကျနှင့်၊ ယောကျ်ားတွေနှင့် ရောနှောကာ ယောကျ်ားများသာ လုပ်ရန်သင့်သည့် နေရာတွေ၊ အလုပ်တွေ၊ အချိန်တွေတွင် ကျွန်မ လုပ်လျက် ရှိသည်။

စက်ပေါ်တွင် စာဖောင်များ တင်နိုင်မည့် အချိန်ကိုက်မှန်းပြီး ယနေ့ညဖြင့် စိတ်ချလက်ချ အိပ်မည်ဆိုသည့် ညများမှာ သန်းခေါင်ထက် မစောပေ။ တစ်ခါ တစ်ရံလည်း စောစောစီးစီး ပြီးပုံရသဖြင့် အိမ်ပြန်ကာ စိတ်ချလက်ချ အိပ်နေစဉ် ည၌ ၁ နာရီလောက် လမ်းမကနေ၍ ဆရာကတော်၊ ဆရာကတော်နှင့် တကြော်ကြော် ဟစ်ခေါ်ကြရာ လမ်း ၄၀ ပုံနှိပ်တိုက်တွင် တစ်စုံတစ်ခု ဖြစ်နေပြီကို ချက်ချင်းသိပြီး အိပ်ရာက ထ ကာ အဝတ်လဲပြီး လိုက်ခဲ့ရသည်။

'ဘာဖြစ်သလဲဟေ့ ...'

'မနက်ဖြန် သတင်းစာ မထွက်နိုင်ဘူး'

'ဘာဖြစ်လို့လဲကွယ့် ...'





'၁၁ နာရီလောက်က မီးပျက်တယ်။ ကျွန်တော်တို့လည်း အာ–အီး–တီ ကို အခေါက်ခေါက် သွားပြောတာပဲ။ အလုပ်သမားတွေ မလာသေးဘူး လွှတ်လိုက်မယ်ဆိုလို့ စောင့်နေတာ။ အခုမှ ပြန်ကုန်လို့ မရတော့ဘူးတဲ့'

'ဘယ်ဖောင်ကျန်သလဲ'

'ဒုတိယဖောင်နှင့် တတိယဖောင်'

'မင်းတို့က ဖြစ်ဖြစ်ချင်း ဘာဖြစ်လို့ လာမပြောနိုင်တာလဲ'

'ကျွန်တော်တို့က အာ–အီး–တီ ကို စောင့်နေကြတာ၊ လာမယ်ထင်လို့'

'ဒါ သတင်းစာကွ ...သတင်းစာ၊ မထွက်ဘဲ နေလို့ မရဘူး'

ထိုသို့ ကြိမ်းမောင်းရင်း မနက်ဖြန် သတင်းစာထွက်အောင် မည်သို့ လုပ်ရမလဲဟု ဖြစ်နိုင်မည့် လမ်းများကို တစ်လမ်းပြီးတစ်လမ်း ရှာကြည့်လိုက် သည့်အခါ သူများစက် သွားအပ်ဖို့ရန်လည်း အချိန်မမီ၊ မိမိစက်ကလည်း ဓာတ်မီး မလာ၍ ရိုက်မရ။ ထိုအချိန်က ကျွန်မနေရာတွင် အကယ်၍သာ လခစား တိုက် အုပ်တစ်ယောက် ထားပါမူ အာ–အီး–တီ ကို သွားပြော၍ အလုပ်သမားမှာ ပြန်ကုန်သဖြင့် လုပ်မပေးနိုင်ဟု ဆိုလိုက်ခြင်းဖြင့်ပင် နက်ဖြန် သတင်းစာ မထွက် နိုင်ခြင်းသည် သူ့တာဝန်ဟု ကျွန်မ အပြစ်တင်နိုင်လိမ့်မည် မဟုတ်ချေ။ ကျွန်မ အဖို့လည်း အာ–အီး–တီက လုပ်မပေးလျှင် မဖြစ်နိုင်သည့် ကိစ္စကြီးဖြစ်၍ နက်ဖြန် သတင်းစာ မထွက်နိုင်သည့် အဖြစ်နှင့် အိမ်ပြန်အိပ်ဖို့ ရှိလေသည်။

## သို့သော်

သို့သော် ကျွန်မသည် အာ–အီး–တီကို လိုက်၍ သွားလေသည်။ အာ–အီး–တီ ရုံးခန်းတွင် လူတစ်ယောက်ကို တွေ့၍ အကျိုးအကြောင်း ပြောပြသည့်တိုင် လမ်းမက ဓာတ်မီးတိုင်ကို တက်ပြင်ရန် လှေကားပါသည့် မော်တော်ကား မရှိက လုပ်၍ မရနိုင်ကြောင်းသာ ခေါင်းခါပြီး ပြောနေသည်။ လှေကားပါသည့် ကား မှာ အလုပ်ဝတ္တရားတစ်ခုနှင့် ဗိုလ်တထောင်ဘက်သို့ သွားရကြောင်း ပြောပြီး သူ့အဖို့တွင် တာဝန်ကုန်သကဲ့သို့ ခေါင်းငုံ့ကာ လုပ်စရာများ ဆက်လုပ်နေသည်။

ကျွန်မက လှေကား ရှာပေးလျှင် မလုပ်ပေးနိုင်ဘူးလားဟု အခါခါ တောင်းပန်သည့်အခါမှ ထိုသူလည်း လူတစ်ယောက်ကို ထည့်လိုက်လေသည်။ ကျွန်မသည် လမ်း ၄၀ တိုက်သို့ လာသည့်အခါ ၃၉ လမ်းတိုက် နောက်ဖေးက အိမ်ခေါင်မိုးရန် ထောင်ချည်ထားသော ဝါးလှေကားတွေကို မြင်မိ၍ ဓာတ်မီးပြင် ဆရာကို ဝါးလှေကားနှင့် ဓာတ်တိုင်သို့ တက်နိုင်စေရန် နောက်ဖေးလမ်းကြားထဲမှ ဝင်ပြီး တိုက်နံရံတွင် တွယ်ထားသည့် လှေကားကို ဖြုတ်ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား နံနက် ၂ ချက်ခွဲနေပြီ။ သတင်းစာ ထွက်ရမယ်၊ မီရမယ် ဘာသံထစ်ချ တင်းထားသည့်စိတ်ကို လျှော့လိုက်ရမလား၊ ဒီအတိုင်းပင် တင်းထ ရဦးမလား မသိအောင်ဖြစ်ကာ တထိတ်ထိတ်နှင့် ခေတ်တိုင်ကို မော့ကြည့်နေ သည်။ မီးပြင်ဆရာလည်း လေ့ကားတစ်ဝက်ရောက်မှ ပြန်ဆင်းလာပြီး မိုးတွင် ဖြစ်၍ ဤလှေကားနှင့် တက်၍ မလုပ်ဝံ့ကြောင်း ဆိုသည့်အခါ ကျွန်မလည် ထိုလူကို ခေတ်တိုင်တွင် ချည်၍ ကြိမ်လုံးနှင့် ရိုက်ချင်သော စိတ်များ ပေါက်သွ ပေသည်။ ထိုသို့ ကျွန်မ ထွက်မိသော ဒေါသမှာ အမှန်စင်စစ် ထိုသူ့အပေါ်တွ ဘွက်သည့် ဒေါသမဟုတ်ဘဲ သက်သက်မဲ့ အချိန်ကြန့်ကြာရပုံကိုသာ သည်းမခံ သဖြင့် ထွက်သွားသော ဒေါသဖြစ်မှန်း စဉ်းစားမိလျှင်မိချင်း ထိုသူ့ပေါ်တွ အခွင့်လွှတ်လျက်၊ ကားပေါ်သို့ ပြေးတက်လိုက်ပြီး ဗိုလ်တထောင်ဘက်သို့ ထွ သွားသည် ဆိုသော လှေကားပါသည့် ကားကြီးနောက်သို့ အမြန်မောင်းလို သွားလေသည်။

ထိုအချိန်တုန်းက ကာဖြူးအော်ဒါ ထုတ်ထား၍ လမ်းတိုင်း လမ်းတိုင် ရှင်း၍၊ မှောင်၍၊ တိတ်၍ နေသည်။ ကားကို စက်ကုန်ဖွင့်၍ မောင်းချလာ ကားတစ်စီး နောက်မှ ပန်း၍ ကျွန်မတို့ကားကို ကျော်ဖြတ်တက်သွားသည့်အခ ထိုကားမှာ လှေကားကြီးနှင့် အာ–အီး–တီ ကားကြီး ဖြစ်နေ၍ အရေးထဲတွ ခင်ပွန်းသည် စကားကို သွား၍ သတိရမိသည်။ "တင်လေးဟာ ဖေါသရင်း သိပ်တုတာပဲ"ဟု သူက ပြောခဲ့သည်။ သု ပြောသွားသည့်အတိုင်းပင် ကျွန် ဒုက္ခကို ကူညီရန် နတ်များက ညွှန်ပေးလေသလား ထင်ရသည်။ ကျွန်မကား ထိုကားကို အမီလိုက်နေရပုံမှာ ရုပ်ရှင်ထဲက ကားနှင့်လိုက်သည့်ပုံအတိုင်း အမြ မောင်းလိုက်လေသည်။ ကားကြီးကို မီလျှင်မီချင်း ရှေ့မှ ဖြတ်ကာ ကန့်လန့်ရပ်ပြ ကားကြီးကို ရပ်တန့်စေကာ၊ ကျွန်မတိုက်သို့ ယခု လိုက်၍ မီးပြင်ပေးရန် ဆ အမျိုးမျိုးပေး၍ ခေါ်ခဲ့ရသည်။

လမ်း ၄၀ ခေတ်တိုင်သို့ ပြန်ရောက်ကြချိန်တွင် နံနက် ၃ နာရီခွဲတော့မ ဖြစ်၍ တင်းထားသော စိတ်ကို တစ်ပတ်လောက် လျှော့ကြည့် ကြည့်သည့်အခ ရင်ထဲတွင် မခံနိုင်အောင် ဖြစ်၍ သွားပေသည်။ "ဒီအချိန်ဆိုရင် ပြည်လမ်း သဘော်လမ်း ပါဆယ်ထုပ်များ မမီနိုင်တော့ဘူး၊ မန္တလေးလမ်းနဲ့ ရန်ကုန်သ သတင်းစာ ထွက်နိုင်တော့မယ်"ဤသို့ စဉ်းစားကြည့်၍ စိတ်ပင်ပန်းသွားသမျှ "မီရမယ်လေ... မီရမယ်၊ အားလုံး မီအောင်လုပ်မယ်"ဟု စိတ်ကို တစ်ဖန်ပြန် သံပတ် တင်းပေးလိုက်ပြီး မီးလင်းလာ၍ စက်လည်လျှင် လည်ချင်း ခွေး





ခပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ အမြန်ရိုက်နေသည့် စက်တွေကို စောင့် ရင်း အသက်ရှူမှား၍ နေလေသည်။ ဟိုဘက် ဒီဘက် လှည့်ရိုက်ပေးသည့် က ကျသမျှ စာရွက်တွေကို ထုံးစံ စည်းကမ်းတွေ လုပ်မနေနိုင်ဘဲ ရှေ့ဦးစွာ ပ်ကို ဘယ်ဒင်း အရင်၊ ဘယ်ဒင်း နောက် လုပ်ရမည်ကို ခွဲခြားလိုက်ပြီးလျှင် က ကျလာသည့် စာရွက်တွေကို မျက်စိအောက်တွင် ဖြတ်၊ စာရွက်မျက် မျက်နှာအလိုက် ခွဲထပ်ခိုင်း မနေတော့ဘဲ အထပ်လိုက် အထပ်လိုက်သာ ရေးအတွက် ရေရတော့ပြီးလျှင် အရေးကြီးသည့် မြို့များ၊ လမ်းများကို ပထမ ယ်ထုတ်ဝေ၍ အချိန်ကို လုနိုင်သမျှလု၊ အလုပ်ကို ချုံးနိုင်သမျှ ချုံး၊ ခဏ သည်း ခဏခဏ ကြည့်၊ အသက်ကို မှန်မှန်မရှူနိုင်ဘဲ ကျွန်မက အခ ဒီတာပါ တစ်တိုက်လုံးရှိ လူကုန် တစ်ယောက်တစ်လက် ယမ်းကုန်မီးကုန် ဝန်းလုပ်လိုက်ကြရာ၊ မနက်လင်း၍ အချိန်မီ သတင်းစာ ထွက်သွားသည့်အခါ အသက်ထွက်သွားတော့မလောက် မောပန်းနုံးရိ သွားလေသည်။

ဤအဖြစ်မျိုးကား တစ်ခါတစ်ရံ မဟုတ်ပေ၊ အခါခါ ကြုံရလေသည်။ သမားတွေ ပြန်ကုန်မှ စာဖောင်ကြီးကို အောက်သို့ ယူချလာရာ၊ စက်ပေါ် ဘောင် လက်ပေါ်က လွတ်ကျ၍ ဖောင်ပျက်ကုန်ပြီဟု မိုးမလင်းတလင်း လာ ပြောပြန်လျှင်လည်း ထိုကဲ့သို့ပင် ဒေါင်ချာစိုင်းသွားလေတော့သည်။

**ဒီမိတ် မကောင်းဘူး**

နီးခေါင်ကျော်မှ ဖောင်ဆွဲသမားများ အစုံအညီ မလာရောက်၍ လူနည်းနေသည် လျှင် ဤအတိုင်း ကြည့်နေ၍ မဖြစ်။ တစ်ညလုံး သံမန်တလင်းပေါ်တွင် ထိုင်၍ မိုးလင်းအထိ ဖောင်ဝင်ဆွဲခဲ့ရသည့်အခါ 'ဟဲ့ တစ်နေ့လုံး၊ တစ်ညလုံး ဒီလိုသာ လုပ်နေရင် တစ်နေ့ လဲသွားမှာပေါ့၊ ကိုယ်မပါရအောင် စီစဉ်ထားပါလား' အပြစ်တင်နိုင်သူများက အပြစ်တင်ကြသည့်အခါ၊ အလုပ်ကြီးတစ်ခုလုံးကို ကိုယ်မပါရအောင် အဘက်ဘက်က စီစဉ်ထားပါလျက် အကြောင်းဆိုးရပုံကို နည်းမိပေသည်။ ယနေ့ ဤဌာနက ချို့ယွင်းချက်တွေ့လျှင်၊ နက်ဖြန် ထိုဌာန အသစ်ပြင်ပေးလိုက်ရာ၊ သန်ဘက်ခါ တခြားဌာနက ချို့ယွင်းချက်တစ်မျိုး ပေါ်လာပြန်သဖြင့် ဘယ်ဘက်ကမှ ချို့ယွင်းချက် မရှိအောင် လိုက်လုပ်နေရပြီ၊ နောက်ဆုံး အဘက်ဘက်က ဟန်နေလျှင် ကြံကြံဖန်ဖန် စက်ပေါ်တွင် လူတင် နေပြန်၍ မသာချရသဖြင့် တစ်မျိုးပြီးတစ်မျိုး မကုန်ဆုံးနိုင်အောင် ဘိုက်နှင့် ဒေါင်ချာစိုင်း၍သာ ဗျာများပြီး တစ်နေကုန်သွားလေသဖြင့် သတင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောက်များကပင် ဤတိုက်တွင် တစ်ခုခု ဘာများဖြစ်နေသလဲ။ စက်ပျက်လိုက် မီးပျက်လိုက် တစ်မျိုးပြီးတစ်မျိုး နေ့တိုင်းဒုက္ခပေးနေတယ်။ နိမိတ် မကောင်းဘူး ဟု ဆိုကြလေကုန်သည်။

## မတရား အလုပ်

ထိုသို့ နေထွက်က နေဝင်၊ နေဝင်က နေထွက် တစ်နေ့တစ်ရက် မဟုတ်ဘဲ နေ့စဉ်ရက်ဆက် ပင်ပန်းလာခဲ့သည့် အခါတွင် လူလည်း ကုမ္ဘဏ္ဍာန်းရုပ် ပေါက်၍ မလှုပ်ချင်အောင် ဖြစ်လာခဲ့သော်လည်း၊ စိတ်မှာမူကား နဂိုသာမန်စိတ်မျိုး မဟုတ်ဘဲ ဘာဘဲ ဘယ်လို ဒုက္ခကြုံကြုံ၊ ဘယ်လို စိတ်ပင်ပန်းစရာ၊ လူပင်ပန်းစရာ ဖြစ်ဖြစ် ဘယ်အခက်အခဲ တွေ့တွေ့၊ ဘယ့်နယ်မှ မဖြစ်ဘဲ ဖြစ်နေ၍ နဂိုစိတ် မဟုတ်ဟု ဆိုခြင်း ဖြစ်ပေသည်။

အကယ်၍သာ ဤလုပ်ငန်းသည် ဦးချစ်မောင်လုပ်ငန်း မဟုတ်က ဤမျှ စိတ်တင်းနိုင်မည် မဟုတ်ပေ။ သူ့လုပ်ငန်းကြီးဟု စိတ်တင်း၍ လုပ်ခဲ့ရသည်။ သူ့လုပ်ငန်းကြီးဟူသော စိတ်နှင့် တင်း၍ မထားပါကလည်း အခြားနည်းဖြင့် ခံနိုင်ရည် မရှိတော့ပြီ။ ကျွန်မသည် သတင်းစာအလုပ်ကို မတရားအလုပ်ဟု ဆိုချင်ပေသည်။ လူက အလုပ်ကို နေရာချ၍ မရဘဲ၊ အလုပ်က လူကို နေရာချထား နေသဖြင့် ဒီအချိန် တိုက်ဖွင့်မည်၊ ဒီအချိန် တိုက်ပိတ်မည်ဟု အလုပ်ကို မပိုင်နိုင်ဘဲ တိုက်ပိတ်ရက် တစ်ရက်က လွဲ၍ တံခါး အမြဲ ဖွင့်ထားရပြီး ၂၄ နာရီလုံးလုံး အလုပ်ရှိလေသည်။

## ဝဋ်ခံနေရသည်

သတင်းစာအတွက် သတင်းဦး သတင်းထူးရဖို့ အရေး၊ ကြော်ငြာရဖို့ အရေး၊ အစိုးရထံမှ စက္ကူလုံလုံလောက်လောက်ရဖို့ အရေး၊ နယ်ကိုယ်စားလှယ်များထံမှ ငွေအပြေရဖို့ အရေး၊ သတင်းစာ၏ တိုးတက်ရေး၊ ဂျာနယ်၏ တိုးတက်ရေး၊ သတင်းစာ၊ ဂျာနယ်တို့၏ စီးပွားရေး လုပ်ငန်းကြီး မရပ်မနား လည်နိုင်ဖို့အရေး၊ အလုပ်သမားများ အရေး၊ ဟို အရေး၊ ဒီ အရေးတွေက တစ်မျိုးပြီးတစ်မျိုး ကိစ္စ ထွေပြားလွန်းလှရကား ကျွန်မသည် ဤသို့ လုပ်နေရခြင်းကို ဝဋ်ခံနေရသည်ဟု အောက်မေ့မှတ်ထင်လာကာ ဦးတင် လာ၍ တားမြစ်ပုံကို ဒါတွေကြောင့် တားတာပဲ ဟု သိမြင်လာပေတော့သည်။

အကြောင်းအမျိုးမျိုးကြောင့် စိတ်လက်မချမ်းသာဘဲ ပင်ပန်းကြီးစွာ ဒုက္ခခံ၍ လုပ်လျှက်ရှိစဉ် တစ်နေ့တွင် ရှင်တို့မှုချ သိကြခဲ့သည့်အတိုင်း သတင်းစာ





တိုက် ပုဆိန်ပေါက်ခံရသည့် အထဲတွင် ကျွန်မတိုက်လည်း အပါအဝင်၊ စက်တိုက်လုံး ဖရိုဖရဲနှင့် ပြိုကွဲကျိုးပဲ့ ပျက်စီး၍ ကုန်ပါလေသည်။

## ညဉ့်သုံးယံ

ထိုနေ့က ကျွန်မသည် တစ်တိုက်လုံး ပျက်စီးကြေမွကုန်သည့် အရေးထက် နက်ဖြန် သတင်းစာ ဘယ်လိုလုပ် ထွက်ရမည်ကိုသာ အရေးကြီးနေလေသည်။ ဘာတွေ ကျိုး၍ ဘာတွေ သုံးမရအောင် ဖြစ်ကုန်သည်ကို တစ်ချက်မှ လှည့်မကြည့်အားဘဲ နက်ဖြန်ထွက်ရမည့် သတင်းစာအတွက်သာ အရေးတကြီးထား၍ အစွမ်းကုန် ကြိုးစားရချေသည်။

ရုတ်တရက်ချက်ချင်း အကျိုးအပဲ့တွေကို အစားမထိုးနိုင်သေးခင် သတင်းစာနှင့် ဂျာနယ်ကျော်ကို ရက်ပျက်မရှိစေရန် စာပုံနှိပ်တိုက် တစ်တိုက်ပြီး တစ်တိုက် ညစဉ်ညတိုင်း လည်ရိုက်ခဲ့ရပုံများမှာ စိတ်လည်း မသက်သာ၊ လူလည်း မသက်သာ။ ကြည့်မြင်တိုင်က ရွှေဂုံတိုင်၊ ရွှေဂုံတိုင်က ရေကျော်။ ပုံနှိပ်တိုက် သုံးတိုက်ရှိရာသို့ ညဦးယံက သန်းခေါင်ကျော်၊ သန်းခေါင်ကျော်က လင်းအားကြီး အထိ ညဉ့်သုံးယံတွင် တစ်ယံမှ မနားဘဲ နေ့စဉ်သတင်းစာ ထွက်နိုင်အောင် ညတိုင်းညတိုင်း ရှာစဉ့်ရှာရိုး မိုးအလင်း လည်၍ လုပ်ခဲ့ရလေသည်။

## မီးတင်ရှို့ချင်သည်

ကျိုးပဲ့ကုန်သည့် စက်များကို အမြန်ဆုံး ရိုက်နှိပ်ဖို့ ပြင်ဆင်ရန်၊ ထုရိုက်ပစ်ခဲ့သည့် ခဲစာလုံးပစ္စည်းတွေကို အသစ်ထည့်နိုင်ရန်နှင့် သတင်းစာတိုက် ပျက်သွားပြီ ဟူသော သတင်းကြောင့် နယ်မှ ကိုယ်စားလှယ်များက ပေးရန်ရှိသော ငွေများကို မပေးကြဘဲ နေ၍ အလုပ်သမားတွေအား ပေးရှင်းရန်၊ အထွေထွေစရိတ်ကြီးကို ရှိရှိသမျှ အိတ်ထဲက သွန်၍ လုပ်ငန်းကြီး ပျက်ပြားမသွားအောင် ထိန်းသိမ်းခဲ့ရပုံကား စိတ်နုကိုယ်နုသူ တစ်ဦးဆိုက ထိုင်၍ ငိုမည် ဖြစ်ပေမည်။

ပျက်စီးနေသော စက်များကို ကြိုးစားပမ်းစား ပြင်ဆင်သဖြင့် စက်တစ်လုံး လည်နိုင်သွား၍ အခြားတိုက်သို့ မသွားရဘဲ သတင်းစာကို စက်ပေါ်တွင်တင်၍ ရိုက်နိုင်သည့်နေ့က၊ နံနက် ၃ နာရီလောက်တွင် စာဖောင်များကို ရဲများလာ၍ သိမ်းသွားပြန်ရာ သတင်းစာ မထွက်နိုင်အောင် ဖြစ်ပြန်လေသည်။ တစ်နေ့လုံး တစ်ညလုံး လုံးပန်းထားရသည့် လုပ်ငန်းကြီး ပျက်စီးရတော့မည် ဖြစ်၍ ထွက်နိုင်အောင်ထွက်မည်ဟု သိမ်းသွားသည့် စာဖောင်ကို ခိုးကြောင်ခိုးဝှက် ပြန်၍ စာစီခိုင်းပြီး အလုပ်တိုက် တံခါးများပိတ်၍ ခိုးကြောင်ခိုးဝှက် ပြန်ရိုက်ကာ၊



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပြီးသား စာရွက်တွေကို ပန်းဆိုးတန်းနေအိမ်သို့ ခိုးကြောင်ခိုးဝှက် သယ်ယူထုပ်ပိုးကြပြီးနောက်၊ ဖာတစ်လုံးထဲတွင် သတင်းစာထုပ်တွေ ထည့်၍ လူတစ်ယောက် ရထားပေါ်ကနေ၍ တစ်ဘူတာပြီး တစ်ဘူတာ ပစ်ချသွားရန် စေခိုင်းပြီးလျှင်၊ ရန်ကုန်တွင် မနက်က မထွက်နိုင်သည့် သတင်းစာကို ညနေဘက်၌ ထွက်နိုင်အောင် ထုတ်ဝေခဲ့ပုံတွေမှာ မည်မျှလောက် အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် စွန့်ခဲ့ရပုံတွေကို ပြန်၍မှ စဉ်းစားမကြည့်ချင်အောင် ဖြစ်ခဲ့သည်။ ညနေဘက် သတင်းစာ ထွက်သွားမှ ရဲများက နံနက်က သိမ်းယူလာသည့် သတင်းစာများ အပြစ်မရှိ၍ ရုံးတွင် ပြန်လာယူနိုင်ပြီဟု အကြောင်းကြားလိုက်ရာ၊ တစ်နေ့လုံး ပင်ပန်းသွားသော ကျွန်မလည်း ဤသတင်းကို ကြားလျှင်ကြားချင်း ဒုက္ခပေးလှသော လမ်း ၄၀ တိုက်သို့ပြေး၍ တစ်တိုက်လုံးကို မီးတင်ရှို့ပစ်လိုက်ချင်တော့သည်။

ထိုအတောအတွင်း ကျွန်မတိုက်က အယ်ဒီတာကို ပုဒ်မ ၅ နှင့် ဖမ်းသွားပြန်ရာ အယ်ဒီတာဌာနတွင် အယ်ဒီတာလည်း မရှိ၊ သတင်းထောက်တွေကလည်း တချို့ ကြောက်၍ မလာ၊ ဆိုရှယ်လစ်များက လူတွေကို လာသတ်ဦးတော့မလိုလို သတင်းကြောင့် အလုပ်ဌာနက အလုပ်သမားတွေလည်း အပြည့်အစုံ မတက်ရဲကြနှင့် အလုပ်တိုက်ကြီးမှာ အလုပ်တိုက်နှင့် မတူတော့ဘဲ ကစဉ့်ကရဲ ဖြစ်ချင်တိုင်း ဖြစ်နေသဖြင့်၊ တိုက်ထဲတွင် ကျန်ရစ်သည့် တွဲဖက်အယ်ဒီတာနှင့်ပင် တိုက်အလုပ်ရှော၊ သတင်းစာအလုပ်ပါ နှစ်ယောက်ကျုံး၍ လုပ်ရလေသည်။

## မသာရုပ်

ထိုသို့ အဘက်ဘက်က ချို့ငဲ့နေလေသော်လည်း သတင်းစာကား ကျွန်မ၏ လုံ့လကြောင့် နေ့စဉ်ပင် မှန်မှန်ကြီး ထွက်၍နေသည်။ အိပ်ချိန်မရ၊ စားချိန်မရ၊ အအိပ်ပျက် အစားပျက်နှင့် လူလည်း မသာရုပ်ပေါက်၍ လာချေပြီ။ ကိုယ့်ကိုယ်ကိုယ် မသယ်ချင်သယ်ချင် သယ်၍ လုပ်ကိုင်နေရသည့်အခါ "သေတော့မှာပဲ၊ သေသွားရင် အေးတာပဲ"ဟု အောက်မေ့ကာ၊ မြန်မြန် သေလိုက်ပါတော့ဟု ဆုတောင်းမိတော့သည်။

ကျန်းမာရေးကား လာဘ်ကြီးတစ်ခု ဖြစ်ကြောင်းကို သိပါလျက်နှင့် ကျန်းမာရေးကို ဂရုစိုက်ခွင့်မပေးသည့် ဤကဲ့သို့သော မတရားအလုပ်ကြီးကို လုပ်ရင်း လုပ်ရင်း၊ နောက်ဆုံးတွင် ကျွန်မလည်း အိပ်ပျက်ရဖန် များလှ၍ သုံးထပ်တိုက်ပေါ်မှ လှေကားအဆင်း မိုက်ခနဲ မူးပြီး တလိမ့်ခေါက်ကွေး ထိုးကျသွားရာ တစ်ညလုံး၊ တစ်နေ့လုံး သတိမရတော့ဘဲ မေ့မြော၍ သွားလေသည်။

သတိရသည့်နေ့က ကျွန်မ၏ မျက်လုံးများကို ဖွင့်လှစ်၍ ကြည့်လိုက်သည့်အခါ ကျွန်မဘေးတွင် ကွယ်လွန်သူ၏ မိတ်ဆွေကြီး ဗိုလ်လက်ျာကို စိုးရိမ်ပူပန်





သည့် မျက်နှာနှင့် ရပ်ကြည့်နေသည်ကို မြင်ရလေသည်။ သတိရလာလျှင်ရလာချင်း ဘာဖြစ်လို့ တစ်လက်စာတည်း ကိစ္စချောမသွားရသလဲဟု အသက်ပင်ရှင်သည့် အဖြစ်ကို ဝမ်းမသာနိုင်ဘဲ ဖြစ်မိသည်။ ဆရာဝန်ကို သူပင် ခေါ်လာလေ၏။ ကျွန်မကို စမ်းသပ်စစ်ဆေးကြည့်ပြီးနောက် ဆရာဝန်က အလုပ်အားလုံး ရပ်နားထားလိုက်ပြီး ၆ လလောက် ခေါင်းရှုပ်စရာ ဘာအလုပ်မှ မလုပ်ဘဲ အနားယူနေမှ ဖြစ်တော့မည်ဟု ပြောသွားလေသည်။

ကျွန်မကို အနားမယူလျှင် သေလိမ့်မည် ထင်ကုန်ကြပြီ။ အားလုံးကလည်း အနားယူရန် ဝိုင်း၍ တရားချကြပြီ။ သို့သော်လည်း ဂျာနယ်ကျော်ပေါ်တွင် သံယောဇဉ် ကြီးမားလှသည့် ကျွန်မမှာ အနားယူဖို့ ဝေးစွ၊ မထနိုင်အောင် ဖြစ်ကာ အိပ်ရာထဲတွင် လဲပြီး ဟိုဘက် ဒီဘက်မှ မလှည့်နိုင်အောင် အားနည်းနေသော်လည်း၊ သတင်းစာတိုက်တွင် တစ်ယောက်တည်း လုပ်နေရသော အယ်ဒီတာထံသို့ ခေါင်းကြီးနှင့် ဖိုးကော်လံကို အိပ်လျက်ကပင် ကြိုးစားပြီး ကူညီကာ ရေးသားပေးပို့လေသည်။

ဦးချစ်မောင် ကွယ်လွန်ပြီးနောက်၊ လုပ်ငန်းကြီးနှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့သမျှသော ဒုက္ခတွေကို တစ်ဒုက္ခပြီး တစ်ဒုက္ခ ခေါင်းနှင့် စင်းခံခဲ့ပြီးနောက် ကျွန်မ၏ ဆိုးဝါးရက်စက်လှသော ကံကြမ္မာတွေကို အလုပ်နှင့်ဝေးရာ၊ အနားယူနေသော နေရာက နေ၍ ပြန်လှန် စဉ်းစားကြည့်လိုက်သည့်အခါ၊ လှိုက်လှိုက်လဲလဲ ဝမ်းနည်းလွန်းသဖြင့် မျက်ရည်မဆည်နိုင်အောင်ပင် ဖြစ်မိသည်။

အလုပ်ကို ပိတ်ထားခဲ့ရန် အကြံပေးကြသော်လည်း ကျွန်မ သေလျှင်သာ သေပါစေ၊ အလုပ်ကို မပိတ်ပါရစေနဲ့ဟု ငြင်းဆိုကာ သတင်းစာကိုသာ ကျွန်မ မရှိလျှင် မဖြစ်၍ ရပ်စဲစေပြီးနောက်၊ ဂျာနယ်ကျော်ကိုမူ အပတ်စဉ်မပျက် ထုတ်ဝေပေးရန် အယ်ဒီတာ့လက်ဝယ်တွင် အပ်ခဲ့ရပြီး ခွဲလမ်းမြတ်နိုးလှသော ဤလုပ်ငန်းကြီးကို စွန့်ခွာလျက် အထက်မြန်မာပြည်တွင် သွား၍ နေရလေသည်။

ကျွန်မ ကျန်းမာလာလျှင် ဤအလုပ်ကို ကျွန်မ ပြန်၍များ လုပ်ချင်စိတ်ရှိဦးမလားဟု စာဖတ်သူတို့ သံသယရှိလိမ့်မည် မထင်။ ကျွန်မကိုယ်ကို ကျွန်မ ဓားဖြောင့်စွာ ဝန်ခံချက် ပေးရမည်ဆိုလျှင်လည်း၊ ဤအလုပ်ကို လှည့်၍မျှ မကြည့်ချင်အောင် မုန်းတီးသွားခဲ့ပြီ။

## အဓိဋ္ဌာန်

ပုံနှိပ်စက် ရှိနေသမျှ ဂျာနယ်ကျော်ကို ထွက်ရမည့် ဝတ္တရားရှိကြောင်း သိရှိကြသည့်အတိုင်း ကျန်းမာ၍ ပြန်လာသည့်အခါ၌ ကျွန်မ မရှိသည့်အတွင်း အဘက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က အခြေအနေ ဆိုးဝါးသွားသည့် ဂျာနယ်ကျော်ကို လမ်းပန်းအခြေအနေ မကောင်း၍ ရပ်ဆိုင်းပစ်လိုက်ရန် အယ်ဒီတာက တောင်းပန်သည်ကို လက်မခံဘဲ ကျွန်မ၏ အဓိဋ္ဌာန်ချက်အတိုင်း ဆက်လက်၍ ဖွတ်မိုတ်ပြီး ထုတ်ဝေပြန်ပါသော်လည်း နယ်အခြေအနေ မကောင်း၍ တရှုံးတည်း ရှုံးနေသောကြောင့် အခြေအနေကောင်းမှ ထုတ်ဝေရန် ခေတ္တရပ်ဆိုင်း ထားရပြန်ပါသည်။

## ၆၀၀၀ ကျပ် ကြွေး

ကျွန်မကား ပုံနှိပ်တိုက်လောကမှ ဘယ်တော့မှ လွတ်မြောက်မည် မထင်။ ယခု ခေတ္တရပ်ဆိုင်းထား၍ ဘယ်အချိန်တွင် ပြန်၍ ဖွင့်ကာ ဤလောကကြီးကို မျက်နှာမူရဦးမည်လဲ မသိ။ ဖွင့်ရမည့် ရက်ကိုသာ စောင့်ဆိုင်းလျက် ရှိစဉ် ကျွန်မတို့တိုက်ကို လာရောက် ဖျက်ဆီးကြစဉ်က အမတော်ကြေး ငွေ ၆၀၀၀ ကျပ် အစိုးရထံမှ ချေးယူခဲ့ရာ၊ ထိုငွေကို အရစ်ကျ အမြန်ဆုံး ပေးဆပ်ရန် ကျွန်မကိုခေါ်၍ ညွှန်ကြားရေးဝန်က ပြောလေသည်။ ကျွန်မက ကျွန်မတွင် လုံးလုံး အလုပ်မရှိ ရစရာ ငွေများကလည်း ဘယ်ကမှ မရဘဲ ဖြစ်နေသဖြင့် အရစ်ကျ ပေးသွင်းဖို့ ယခုအခါ မတတ်နိုင်ပါသေး၍ ခေတ္တသည်းခံပြီး အလုပ်ဖွင့်သည့်အထိ စောင့်ဆိုင်းပါရန် အသနားခံသည့်အခါ၊ ကျွန်မ ပျက်ကွက်လျှင် အစိုးရက ပုံနှိပ်စက်ကို လေလံပစ်လိုက်လိမ့်မည်ဟု ဆိုလေသည်။ လေလံပစ်သည် ဆိုသည်မှာ လေလံဆွဲသူက ပစ္စည်းတစ်ခုကို အဖိုးပေး နည်းနေလျှင် နောက်ပစ္စည်းကို လိုက်လိမ့်မည် ဖြစ်၍ မလွယ်ကြောင်းလည်း ပြောပြသည်။

အရက် ၃၀ အတွင်း ငွေ ၆၀၀၀ ကျပ်ကို ပေးလျှင် ပေး၊ မပေးလျှင် ပုံနှိပ်စက်ကို လေလံလာ၍ ပစ်မည်ဟု အစိုးရတို့ အမိန့်ချလိုက်သည့် သဝဏ်လွှာကား စက်တစ်လုံး လေလံပစ်ခံရရုံဖြင့် ဤဘဝက လွတ်လိမ့်ဦးမည် မဟုတ်သေး၍ အစိုးရတို့ ပစ်မည့်ပစ်၊ ခဲစာလုံးတွေပါမကျန် တစ်တိုက်လုံး အကုန်လေလံဝ လိုက်ကြပါရန် ဦးသုံးကြိမ်ချပြီး ပြောချင်စိတ် ပေါ်မိပေတော့သတည်း။

[ ကလောင်ရှင်ဂျာနယ်၊ ဒီဇင်ဘာ ၁၉၄

# လမ်းနှစ်ခွ

၁

'ရှေ့လအတွက် ဝတ္ထုရှည် ရေးပေးပါ'

ကျွန်မမှာ ရှုမဝ စားပွဲတွင် ထိုင်နေကာ ဝတ္ထုရှည်ရေးရန် တောင်းပန်နေသော ဦးကျော်ကို အဖြေမပေးနိုင်ဘဲ ပြုံးကြည့်နေသည်။

'ဒီတစ်ပတ်တော့ ဒေါ်မမလေး ဝတ္ထုရှည် ထည့်ပါရစေ။ ဘယ့်နှယ်လဲ၊ ကျွန်တော်တို့ ရမလား'

ဦးကျော်မှာ ဝတ္ထု ကော်ပီရရန် ပြောနေငြားလည်း သူ့မျက်နှာတွင် အားနာသောအသွင် ပေါ်နေသည်။ ရှုမဝ စာရေးဆရာများအနက် ကျွန်မတစ်ယောက်မှာ ရေးရန် အချိန် အားလပ်ခွင့်ရသူ မဟုတ်မှန်း အစဉ်းသိဖြစ်၍ အားနာစွာနှင့်ပင် ပြောနေရပုံ ရှိသည်။

'အချိန်မရလို့ပါ ဦးကျော်ရယ်၊ မိုးလင်းက မိုးချုပ် လူမမာတွေနဲ့ အချိန်ကုန်ရတာပဲ။ ကျွန်မ ကြော်ငြာထားတဲ့ "ငယ်ငယ်ရွယ်ရွယ်" စာအုပ်တောင် ရေးအားဘူး။ ဆေးဆောင်းပါးတွေ ရေးမိတာ ဆေးဆရာလုံးလုံး ဖြစ်နေပါပြီ'

ကျွန်မတို့ အနားသို့ လာထိုင်သော ဆရာမင်းသုဝဏ်သည် ဦးကျော်နှင့် ကျွန်မတို့ အပြန်အလှန် ပြောကြသော စကားကို နားထောင်နေပြီး–

'အင်း… ကိုယ့်အတတ်နဲ့ ကိုယ်စူးနေပြီ။ ကိုယ့်အတတ်နဲ့ ကိုယ့်စူး၊ နုတ်လို့ မရဘူး'

ဆရာမင်းသုဝဏ်က ဝင်ပြောလိုက်ကာ ကျွန်မကို ကြည့်လျက် ရယ်နေသည်။

'နုတ်မရဘူးတော့ မဟုတ်ပါဘူး ဆရာ၊ နုတ်ရအောင်တော့ နုတ်မှပဲ'

ကျွန်မမှာ ရင်လေးလေးဖြင့် စားပွဲမှ ထ လာခဲ့သည်။

အမှန်စင်စစ် ကျွန်မသည် "ဆေးဆရာ" ဖြစ်ချင်သော သူတစ်ယောက် မဟုတ်ပေ။ ဆေးပညာအတတ်ကို သင်ယူစဉ်က ဆေးဆရာလုပ်ရန် စိုးစဉ်းမျှ ကြံရွယ်ဖူးချေ။ ဆေးကုနေလိမ့်မည်ဟုလည်း မထင်မိခဲ့ချေ။ ဆေးဆရာဖြစ်သွားမှာကိုပင် စိုးလန့်နေခဲ့၏။

**သီဟရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီး အုတ်မြစ်ချပွဲတော် လုပ်သည့်အချိန်က ပဲခူးမြို့သို့ ထွက်သွားကာ ဘုရားပေါ်တွင် ဦးနု နတ်ပွဲပေးသည့် မဏ္ဍပ်ရှေ့ရှိ ဇရပ်တစ်ဆောင်၌ လူပေါင်းတစ်ထောင်ကျော်ကို ကုသိုလ်ဖြစ် ဆေးလှူ ကုသပေးဖူးသည်။

ကျွန်မမှာ စီးပွားရေးအတွက် လူသိအောင် ကြော်ငြာလိုသည့် စိတ်နှင့် သွားလှူခြင်း မဟုတ်။ ဘုရားကြီး အုတ်မြစ်ချနေသည့် အချိန်အခါ၌ ကောင်းမှု ကုသိုလ် တစ်ခုခု ပြုလုပ်ချင်သော စိတ်ဆန္ဒ သက်သက်သာလျှင် ဖြစ်သည်။

ပဲခူးသို့ မသွားမီ သူနာပြုအတတ် အောင်ပြီးသား ဆရာမကလေးများကို နေ့စားပေး၍ ခေါ်သွားသည်။

ဇရပ်ထဲ၌ စိတ်တိုင်းကျ သပ်ရပ် ခမ်းနားစွာ ပြင်ဆင်လိုက်သည်။ ကျွန်မ၏ "ဆေးပေးဌာန" မှာ မြန်မာဆေးပေး ဆေးလှူဌာနနှင့် မတူဘဲ အသွင် ခြားနားနေ၏။ သူနာပြု ဆရာမကလေးများသည် သူတို့၏ အမှတ်အသား၊ အဆင့်အတန်း အလျောက် ခေါင်းပတ်ဖြူ၊ ထဘီအပြာ၊ ထဘီအနီကလေးများ ဝတ်ဆင်ထားကြသည်။

ရောဂါ ဝေဒနာအတွက် ဆေးပေးသည့်ဌာန၊ အနာတွေအတွက် ဆေးထည့်သည့် ဌာန စသည်ဖြင့် နေရာ ခွဲခြားထား၏။ အနာဌာနအတွက် ခေတ်မီသော ကိရိယာ တန်ဆာပလာများကိုပါ ယူလာခဲ့သည်။ ပတ်တီးများ၊ ဂွမ်းလိပ်များနှင့် ကတ်ကြေး၊ ဓား၊ အနာဆေးသည့်ခွက် စသော တန်ဆာပလာများမှာ ဆေးရုံအတိုင်းပင် ဖြစ်သည်။ သန့်သန့်ရှင်းရှင်းနှင့် ခေတ်မီမီ လုပ်ချင်လှသဖြင့် တပင်တပန်း စုဆောင်း ရှာဖွေ ယူလာခဲ့ရသည်။

'ရန်ကုန်က ဆရာဝန်မ၊ နပ်စ်တွေနဲ့ လာတာ'

ဘုရားပေါ်တွင် တစ်မဟုတ်ချင်း သတင်းကြီးသွားလေ၏။ အင်္ဂလိပ်ဆေးပေးဌာန အထင်ရှိပြီး လူနာတွေ လိမ့်လာကြသည်။ လာသမျှ ဝေဒနာသည်များကို ကျွန်မက ဆီး၍ ရောဂါ စစ်ဆေးသည်။ သူတို့နှင့် သင့်မြတ်မည့် အစာကို ရေးပေးကာ၊ ဆရာမကလေးများနှင့် စည်းလား ရိုက်ထားကြသည့်အတိုင်း ဆိုင်ရာဆိုင်ရာ နေရာတွင် မည်သည့်ရောဂါကို မည်သည့်ဆေး ပေးရန်၊ မည်သည့်အနာကို မည်သည့်ဆေး ထည့်ရန် စာရွက်ကလေးနှင့် ညွှန်ကြားရေးပေးလိုက်သည်။

လူနာများသည် ၎င်းတို့ ရသော စာရွက်ကလေးကို ကြည့်လျက် "က-၂"၊ "အ-၁"၊ "ရ-၁"၊ "သ-၂"၊ "သ" ဟု ရေးသားထားသော ဆေးညွှန်းစာကို ဖတ်ကာ 'မြန်မာဆေးဟေ့' ဟု အုတ်အော်ဒေးယျ ဖြစ်သွားလေသည်။ ဇရပ်ရှေ့ အပြင်ပန်းက ကြည့်လျှင် အင်္ဂလိပ်ဆေးပေးဌာန အတိုင်းပင် ပုလင်းထဲက





ဆေးတွေ၊ အရည်တွေပင်။ မပြောလျှင် အင်္ဂလိပ်ဆေးဟု ထင်ကြပေမည်။ ဆေးညွှန်းကို ဖတ်မှသာ မြန်မာဆေးမှန်း သိကြလျက် လေးစားသွားကြသည်။

ကျွန်မမှာ ဇရပ်ထဲသို့ ဝင်လာမစဲ တသဲသဲ ရှိနေသော လူနာများကို လှူဆေးပေး အလုပ်ဖြင့် အတော်ကြီး ဝမ်းသာပီတိ ဖြစ်နေခိုက်၊ ဦးနုသည် ဇရပ်ရှေ့သို့ ရောက်လာကာ ဝမ်းသာအားရ နှုတ်ဆက်လေသည်။

'ဘယ့်နှယ်... ဘာလာလုပ်သလဲ'

'ကျွန်မလေ... ကုသိုလ် လာလုပ်တယ်၊ ဆေးလာလှူပါတယ်'

ထိုစဉ်က ကျွန်မ ရင်ထဲတွင် စိမ့်နေသည်။ ကျွန်မ၏ ကုသိုလ်ကို နှစ်သြိုက်မြဲမိက ပီတိဖြစ်လွန်းသဖြင့်၊ ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်း ၎င်းမဂ္ဂဇင်းထဲ ထည့်ရန် "ရွှေမောဓော အုတ်မြစ်ချပွဲ" ဟု ဆောင်းပါးတစ်စောင် ဆက်ရေးလေသည်။

ဆောင်းပါး ရေးခဲ့သမျှ ဤဆောင်းပါးလောက် စိတ်အားထက်သန်စွာ ရေးသားပုံမျိုး မကြုံဖူးသေးချေ။

ဆေးလှူနေရင်း ဇရပ်ရှေ့က နတ်ကနားတွင် နတ်ဒိုးတီးနေသော ဆိုင်းသံ၊ ထဲတွင် ကန်တော့ပွဲများ၊ တစ်ပွဲပြီး တစ်ပွဲ မြှောက်ပသ နေကြပုံပါ ပေါ်အောင် ။

ကျွန်မ၏ ဆေးလှူနေသော စားပွဲမှ လူနာများကို ဆေးလှူနေရင်း နတ်ပွဲ တစ်ချက် တစ်ချက် လှမ်းကြည့်သည်။

မန္တလေးမြို့မှ ဦးဘသော်သည် ပုဆိုးတောင်ရှည်၊ သိုရင်း အင်္ကျီကို ဝတ် ဖော့လုံး ပေါင်းထားကာ နတ်ထိန်းကြီး လုပ်နေ၏။

ကန်တော့ပွဲကို မြှောက်ပင့်လျက် နတ်များကို ပူဇော်ပသနေစဉ် ဆိုင်းသံ တစ်ကျော့၊ သူ့အသံ တစ်ကျော့ဖြင့် စည်ကား မြိုင်ဆိုင်လှပေသည်။

နတ်များအနက် ၃၇ မင်း နတ်တို့အပြင် မကြားဖူးသော နတ်များကို ဆေးလှူရင်းနေရင်း ကြားနေရ၏။

'နတ်မင်း မောင်ဘခင်၊ ဦးနု အမှူးပြု၍ အသင့်အား ပင့်ဖိတ်လိုက်ပါ၏။ ကန်တော့ပွဲဖြင့် ပူဇော် ပသပါ၏။ ပဲခူးသူ ပဲခူးသားတို့နှင့်တကွ မြန်မာတစ်ပြည်လုံးရှိ လူအပေါင်းတို့ ဘေးမခ ရန်မသီဘဲ အေးချမ်းသာယာ၊ ချမ်းသာကြစေရန် ကြည့်တော်မူပါလော့၊ စောင့်ရှောက်တော် မူပါလော့'

နတ်ပင့်သံ၊ နတ်ဆိုင်းသံများကို နားစွင့်လျက် ဆေးပေးလှူနေရင်း ရင်ထဲ ခံစားချက် အလုံးစုံကို ဥသျှံဖော်ပြ ရေးသားမိ၏။

ဆောင်းပါးရေး၍ အပြီးမသတ်ခင် ဆောင်းပါးကို တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဆောင်းပါးကို ရှုမဝ၌ ထည့်ရန် စိတ်ပျက်သွားသည်။ ဆေး... လူ့ရာတွင် မြန်မာဆေးပညာနှင့် ပညာသင်ယူပုံများ အကျယ်တဝင့် ... ရေးသားထားမိရာ၊ ဤဆောင်းပါး ထည့်လျှင် ဟိုက သည်က ရောဂါ ကုပေး... ပေါ်လာကြကာ၊ မနေနိုင်၍ ကုပေးရင်း တဖြည်းဖြည်း ဆေးဆရာ ဖြစ်သွားမှာ... စိုးလန့်သွားသည်။

ဆေးဆရာဖြင့် မလုပ်ချင်၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ... လုပ်လိုသည့်အတိုင်း ဆေးဆရာ ဖြစ်သွားမှာကြောက်၍ ဆောင်းပါးကို မထ... တော့ဘဲ ဆုတ်ပစ်လိုက်လေသည်။

ရှုမဝမှအပြန် ဆရာမင်းသုဝဏ် ပြောလိုက်သော "ကိုယ့်အတတ်... ကိုယ်ရှုး" စကားကို ပြန်ပြောင်းတွေးရင်း၊ နဂိုကတည်းက ဆေးဆရာ မဖြစ်ချင်... နှင့် ယခု ဆေးဆရာ ဖြစ်နေရခြင်း အကြောင်းရင်းကို တစိမ့်စိမ့် ပြန်တွေး... မိသည်။

**သွေးသောက်**မဂ္ဂဇင်းတွင် ရေးလိုက်သော "တီဘီလား" ဆောင်း... ကြောင့် ဆေးဆရာ ဖြစ်သွားရသည်။ ထိုဆောင်းပါးမှာ မရေးလျှင် မဖြစ်၍ ... ဇွတ်မှိတ်ကာ ရေးခဲ့ရသည်။

၁၉၅၃ က ကျွန်မမှာ မော်စကိုသို့ ယဉ်ကျေးမှုအဖွဲ့နှင့် ပါသွားလေသ... လမ်းခရီးတစ်လျှောက်လုံး စုဝေး စားကြ သောက်ကြသည့်အခါ ကျွန်မ... သင့်မြတ်မည့် အစာအာဟာရကိုသာ ရွေးစားလျက်၊ မသင့်မြတ်မည့် အစာ... "ကျွန်မနှင့် မတည့်ဘူး" ဆိုကာ မတို့ဘဲ နေလိုက်သည်။

မော်စကို မရောက်ခင် ကျွန်မမှာ လူမမာကြီးလုံးလုံး ဖြစ်မှန်းမသိ ဖြစ်... မှန်း နောက်မှ သိရတော့သည်။ အစားစားချိန် "ကျွန်မနှင့် မတည့်ဘူး" ... ငြင်းလိုက်တိုင်း ခရီးအတူ သွားသူအချို့က လူမမာမို့သာ မစားရဲတာဟု ထင်မှ... သွားကြသည်။

မြန်မာဆေးပညာ၊ ဓာတ်ပညာကို စတင် သင်ကြား ဆည်းပူးသည့် အ... ကာလက စ၍ ကိုယ်နှင့် သင့်မြတ်သော အစာ၊ မသင့်မြတ်သော အစာကို ဓာ... ပညာဖြင့် ခွဲခြားလိုက်ကာ၊ သင့်မြတ်သော အစာကို မှီဝဲခြင်းဖြင့် အသက်ထက်... ရောဂါ ကင်းစေနိုင်မည့် အချက်ကို နှစ်ခြိုက် သဘောကျသွားကာ၊ ကိုယ်န... တည့်သော အစာသာ တိတိကျကျ စားနေခဲ့သည်မှာ ရှစ်နှစ်ခန့်ပင် ရှိချေပြီ။

နာရမှာ ကြောက်ကာ လူမမာ မဖြစ်ချင်၍၊ မာကတည်းက မနာအော... တည့်သော အစာသာ ရွေးစားနေခြင်းကို လူမမာမို့သာ မစားရဲတာဟု ယူဆ... ဟန် တူလေ၏။





လူတစ်ယောက် မမာလျှင် ဟိုဟာသည်ဟာ ရှောင်ရကာ တည့်တာသာ ...စားရလျက်၊ ကျန်းမာလာသောအခါ ပြန်ပြီး အားလုံး စားနိုင်သည်ဟု အယူ...။ မာတုန်းကတည်းက မမာ မဖြစ်အောင် ကြိုတင်၍ မတည့်တာ မစား... တွေ့ဖူးဟန် မရှိ။ ထို့ကြောင့် မမာ၍သာ အများနည်းတူ မစားရဲတာဟု ...ဘ် မှားကြခြင်း ဖြစ်သည်။

မော်စကိုသို့ ရောက်သောအခါ ခေါင်းလျှော်ပြီး ဆံပင် ရေစိုကြီးနှင့် ...ဘက် နှင်းထုထဲသို့ တစ်နေ့လုံး ဖြတ်သန်းထွက်နေကာ၊ ဟိုတယ်သို့ ပြန်... ...ကလျှင် အအေးမိပြီး အသံဝင်သွားသည်။

မော်စကိုမှ ဧည့်ခံအဖွဲ့နှင့် စကားပြန်များ အလုပ်များသွားကြသည်။ ...မ အသံဝင်သွားခြင်းကို ပူပင်ကြကာ ချက်ချင်း ဆရာဝန်ပြရန် စီစဉ်ကြလေ...

'ကျွန်မ အအေးမိသွားလို့ပါ၊ ကျွန်မမှာ မြန်မာဆေး ပါလာပါတယ်၊ ...ဝန် ပြဖို့ မလိုပါဘူး' ဟု ငြင်းဆန်လိုက်သည်။

အသံ ဝင်သွားခြင်းကို အသံ ထွက်လာအောင် ကျွန်မသည်နှင့် ကျွန်မ ...လို ကုသတတ်သဖြင့် ဆရာဝန် ပြရန် မလိုဟု ငြင်းလိုက်ခြင်း ဖြစ်သည်။

မော်စကို ဧည့်ခံအဖွဲ့ စကားပြန်များက မြန်မာဆေးယူလာသည်၊ မြန်မာ ...သောက်ရင် အသံ ထွက်လာမည်ဆိုခြင်းကို လက်ခံကြပါလျက်၊ မြန်မာဆေး... ...အရာ မသွင်းသော မြန်မာ့ယဉ်ကျေးမှု အဖွဲ့ဝင် အချို့သည် ဆရာဝန်ပြရန် ...ကွန်းနေတာ ငြင်းရမလားဟု ဘေးက နှာခေါင်း ရှုံ့ကြလေသည်။

ကျွန်မမှာ ကိုယ့်အမျိုးသား အခြေအမြစ်ကို အထင် မသေးပေ။ ...မျိုးသား အခြေအမြစ်သာ အထင်ကြီးပြီး အခြား တစ်ပါး နိုင်ငံခြားကို အထင... ...ရန်လည်း မလိုလားပေ။

'ဆရာဝန် ဘယ်ပြဖွံ့မလဲ၊ ဆရာဝန် စစ်ရင် သူ့ရောဂါ ပေါ်မှာ စိုးသို့ ...ဘာ' ဟု အဖွဲ့ဝင် အချင်းချင်း နောက်ကွယ် တီးတိုး ပြောကြရုံမက၊ မော်စကို ...ဘိုလ်များကို ကျွန်မ၌ တီဘီ ခေါ် ချောင်းဆိုးသွေးပါ ရောဂါရှိဟယ် ဆင်တယ် ...သံတော်ဦး တင်လိုက်ကြသည်။

ကျွန်မတို့ကို ဧည့်ခံသော မော်စကို ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များ ...စကားပြန်များသည် ရောဂါ ကူးစက်မှာ ကြောက်လန့်သွားကြကာ ကျွန်မ ...သို့ မည်သူမျှ ရဲရဲတင်းတင်း မကပ်ရဲတော့ပေ။

မော်စကိုမြို့တွင် ရှိနေစဉ် မြန်မာပြည် ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့... ...မနှင့် ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းကို ဗီယင်နာ ကမ္ဘာ့ ငြိမ်းချမ်းရေး ...ဘခံသို့ ဆက်သွားရန် သံကြိုးပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီယင်နာ ငြိမ်းချမ်းရေး ညီလာခံသို့ သွားရန် မော်စကိုသို့ ရောက်
သော ကျောင်းသားသမဂ္ဂမှ ကိုလှဝင်းကို 'လူမမာကြီး ဘယ်လွှတ်လို့ ဖြစ်မ
ဟု သူတို့က ဆိုကာ၊ ကျွန်မနှင့် အတူသွား (တက္ကသိုလ် ကျော့ရှင်း)ကြည်ကြည်
ကို ဗီယင်နာ ငြိမ်းချမ်းရေးညီလာခံ တက်မလားဟု သူတို့အခန်းထဲ ခေါ်မေး
မြန်မာပြည်ရောက်မှ ကိုလှဝင်း ပြောပြ၍ သိရသည်။ ကြည်ကြည်ဝင်းက မတ
နိုင်ဘူး ပြောလိုက်ကာ ကျွန်မအား သူ့ကို လွှတ်ကြောင်း ပြန်ပြောပြသည်။

မော်စကိုယဉ်ကျေးမှု အဖွဲ့က နိုင်ငံပေါင်းစုံ ဧည့်သည်များကို ဧည့်ခံပွဲ
ပြုလုပ်သောညတွင်၊ နာမည်ကျော် ဆိုဗီယက် စာရေးဆရာကြီး အာရင်ဘတ်သ
ကျွန်မနှင့် တွေ့လိုသည်ဟု မော်စကို ယဉ်ကျေးမှုအဖွဲ့မှ အမျိုးသမီးကြီး တစ်ဦး
လာခေါ်လေသည်။ ကျွန်မ နေရာမှ ထခဲ့ကာ အာရင်ဘတ်ရှိရာ စားပွဲသို့ ကူး
ကြရသည်။

အာရင်ဘတ်သည် ထိုင်ရာမှ ထ၍ ပြုံးလျက် အားရပါးရ လက်
နှုတ်ဆက်လိုက်ကာ 'ဗီယင်နာ ငြိမ်းချမ်းရေး ညီလာခံကို ဘယ်နေ့လောက် ထွ
မလဲ၊ ကျုပ် သွားမယ်၊ ကျုပ်နဲ့ အတူတူ သွားပါ' ဟု ပြောလေ၏။

စကားပြန်က ဘာသာပြန်လိုက်သောအခါ ကျွန်မမှာ ဘုမသိ ဘမသိ
'ဗီယင်နာကို ကျွန်မ မသွားပါဘူး၊ ခရီး ဆက်စရာ မလိုပါဘူး။ မော်စကိုသ
ယဉ်ကျေးမှု အဖွဲ့ဝင်အဖြစ် လိုက်ခဲ့တာပါ။ ညီလာခံ သွားဖို့ ကျွန်မ မတတ်နိုင်
ဘူး' ဟု ရှင်းပြောလိုက်သည်။

အာရင်ဘတ်သည် ကျွန်မ စကားကို မည်သို့ အဓိပ္ပာယ်အနက် ကောက်
သည် မသိ။ 'သွားမှပေါ့၊ သွားဖို့ ကောင်းတယ်။ ငြိမ်းချမ်းရေးလုပ်ဖို့ရာ ကမ္ဘာ
ကမ္ဘာသားများရဲ့ တာဝန် မဟုတ်ဘူးလား။ ရဲရဲရင့်ရင့် လုပ်ဝံ့ရမယ်၊ အခွင့်အ
ကို လက်မလွှတ်ပါနဲ့၊ သွားပါ'

မြန်မာပြည်က ဗီယင်နာ ငြိမ်းချမ်းရေး ညီလာခံသို့ ကျွန်မနှင့် ဦးအော
သန်း တက်ရန် ပို့လိုက်သော သံကြိုးသည် မော်စကို ယဉ်ကျေးမှုအဖွဲ့မှ တစ်ဆ
ပို့ပေးသော သံကြိုးဖြစ်သည်။ ဆိုဗီယက် အမျိုးသမီးကြီးက စာရေးဆရာ
အာရင်ဘတ်အား သံကြိုးလာကြောင်း ကြိုတင် ပြောပြထားချင် ထားမည်
ထိုစဉ်က မရိပ်မိ၊ မတွေးမိ။

ကျွန်မအား မည်သူကမျှ စေလွှတ်ခြင်း မရှိ၊ ဖိတ်ခေါ်ခြင်း မရှိ။ ဘ
အတွက် ကျွန်မကို သီးသန့်တွေ့ကာ သည်လောက်သွားရန် တိုက်တွန်းနေရ
လိမ့်ဟု အံ့သြမိသည်။

အာရင်ဘတ်သည် ငြိမ်းချမ်းရေးညီလာခံ တက်ရန် ကျွန်မ ကြောက်





ညံ့ဟု ထင်မှတ်သွားဟန် ရှိသလား မသိ။ မကြောက်အောင်၊ ရဲရင့်အောင်
ဆက်တက်ရန် ထပ်ခါတလဲ အားပေး တိုက်တွန်းနေလေသည်။

'ယဉ်ကျေးမှု အဖွဲ့နဲ့ လိုက်လာပြီး ကျွန်မ သဘောနဲ့ ကျွန်မ ဗီယင်နာကို
သွားချင်လို့ မဖြစ်နိုင်ပါဘူး၊ အခွင့်အရေးလည်း မရှိပါဘူး။ ငြိမ်းချမ်းရေးကို
ဘူးပါတယ်၊ စားရေးသူတစ်ယောက် အဖြစ်နဲ့ ငြိမ်းချမ်းရေး လုပ်ငန်းကို
နိုင်သမျှ လုပ်သွားဖို့ရာ ကျွန်မ ပြဋ္ဌာန်းချက် ရှိပါတယ်။ အခု မသွားနိုင်ပေ
စ်နေ့တော့ ငြိမ်းချမ်းရေးညီလာခံကို မုချ ရောက်ရလိမ့်မယ်လို့ မျှော်လင့်
တယ်'

ဆိုဗီယက် စာရေးဆရာကြီး အာရင်ဘတ်သည် ကျွန်မကို စိတ်ပျက်စွာ
ကြည့်နေသည်။

ကျွန်မ စကားကို ဘာသာပြန်က ပြန်ပြီး ဆုံးသွားသောအခါ သက်ပြင်း
က် 'ခင်ဗျား မသွားနိုင်တာ ဝမ်းနည်းပါတယ်' ဟု ခေါင်းယမ်း ပြောလိုက်
၏။

ကျွန်မတို့ မော်စကိုမှ ပြန်လာကြပြီး နယူးဒေလီမြို့သို့ ရောက်ကြရာ၊
ဝယ်ထွက်ရင်း အစားအသောက်ဆိုင် တစ်ဆိုင်တွင် ကြည်ကြည်ဝင်း၊ ပန်းချီ
အောင်စိုးနှင့် ကျွန်မတို့ ထမင်း ဝင်စားကြသည်။

ထုံးစံအတိုင်း တည့်တာကို ကျွန်မ မှာယူ စားလေသည်။ ကိုအောင်စိုးက
ကျွန်မတို့နှင့် စိတ်ချင်း မတူ၍ သူ့အတွက် တည့်သည့်အစာကို ရွေးမှာပေးလိုက်
သည်။

ပန်းချီကိုအောင်စိုးမှာ ရယ်နေသည်။

'ဒေါ်မမလေးတော့ ဒုက္ခပါပဲ၊ ဒါကြောင့် ဒေါ်မမလေးကို လူမမာကြီး
ကြတာ။ ဒေါ်မမလေးမှာ ချောင်းဆိုးသွေးပါ ရောဂါရှိတယ်လို့ စွပ်စွဲနေကြ
တယ်။ မော်စကိုကလည်း ဒေါ်မမလေးမှာ ချောင်းဆိုးသွေးပါ ရောဂါရှိတာ ဟုတ်
သလားလို့ မေးကြတယ် ခင်ဗျ'

ကျွန်မမှာ ထမင်းလုတ်ကို မသွင်းနိုင်ဘဲ မျက်လုံး ပြူးနေမိ၏။

'ကိုလှတင် (ယဉ်ကျေးမှုအဖွဲ့ဝင် ရှေ့နေ ဦးလှတင်)ဆိုရင် ကျွန်တော်နဲ့
အခန်ကိုတော်တာပါပဲဗျာ၊ ဘယ်လောက်များ သဲသဲလဲဆိုရင် မြန်မာပြည် ရောက်
ချင်း စတ်မှန် သွားပြေးရိုက်ကြည့်ရမယ်တဲ့၊ ဒေါ်မမလေးနဲ့ စကားစမြည်
ပြောမိတာ ရောဂါများ ကူးနေဦးမလား မသိဘူးတဲ့ ... ခင်ဗျ'

ကျွန်မမှာ ကိုအောင်စိုးကို ငေးကြည့်နေကာ၊ များစွာ ယူကျုံးမရ ဖြစ်သွား
မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်စကို ခရီးတစ်လျှောက်လုံး ကျွန်မတို့ မိန်းကလေးများကို မြန်မာ့
အလင်း အယ်ဒီတာ ဦးစိုးမောင် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြရေးသား
ခဲ့သည့်အတိုင်း၊ မစာမနာ ခရီးသွားအဖွဲ့ဝင် အချင်းချင်း စကားပြောမိလျှ
အော်ကြီးဟစ်ကျယ် လှမ်းပေးစားကာ၊ ရိုင်းရိုင်းပျပျ ပြောင်လှောင် သရော်
လှက်၊ တဝါးဝါး ရယ်ကြ စော်ကားကြပုံကို တစ်လမ်းလုံး ငုံ၍ သည်းခံလာနိုင်
ခဲ့သော်လည်း၊ မော်စကိုယဉ်ကျေးမှု အဖွဲ့မှ ပုဂ္ဂိုလ်များ ကျွန်မ အနား မကပ်ရဲအောင်
"ခေါင်းဆိုးသွေးပါ"ဖြင့် လှန့်ထားလိုက်ပုံကိုမူ စိတ်ထဲတွင် ထိခိုက်သွားမိသည်။

မြန်မာပြည်သို့ ရောက်လျှင် **မောင်ချစ်ရီ** ရေး **မော်စကိုမှတ်တမ်း** ပါသော
သုရိယ သတင်းစာထဲ၌ မော်စကိုတွင် ကျွန်မ သွေးတွေ အန်သည်ဟု ပါလာလေ
သည်။

မော်စကိုမှတ်တမ်း ရေးသူ မောင်ချစ်ရီ(ကိုစောလွင်)သည် ဂျော်ဂျီယာနယ်
ဟိုတယ်တစ်ခုတွင် ထမင်း စားနေကြခိုက် ကျွန်မ ဘေးတွင် ထိုင်နေသော
ကြည်ကြည်ဝင်းကို 'မကြည်ကြည်ဝင်း ... နွေးသွားအောင် ဝိုင်သောက်လိုက်ပါ
ဘယ်သူ့မှ ဂရုစိုက်မနေပါနဲ့၊ အရက်သောက်တယ်လို့ စာအုပ်ထဲ ထည့်ရေးရင်
ခြေထောက်နဲ့ ပြန်ရေးလိုက်မယ်' ဟု ပြောလိုက်သည်။

"ခြေထောက်နဲ့ ပြန်ရေးလိုက်မယ်" ဟု ပြောသော စကားကို ထမင်းစား
တစ်ခြမ်းဘက်၌ ထိုင်နေကြသော သူများ အားလုံး ကြားကြသည်။

အထူးသဖြင့် ကျွန်မနှင့် မြန်မာ့အလင်း အယ်ဒီတာဦးစိုးမောင်(သာဂ
ဓိုး)တို့မှာ ပြောသူနှင့် နီးကပ်နေကြသည်။ ကျွန်မတို့မှာ စာရေးသူများ ဖြစ်ကြ
မော်စကို ခရီးသွားမှတ်တမ်း ရေးလိုကြသော သူများ ဖြစ်သည်။

(ကျွန်မမှာ မော်စကိုသွား မြန်မာယဉ်ကျေးမှု အဖွဲ့ဝင် အချို့၏ ယဉ်ကျေး
၁ မပီသသော အပြောအဆို၊ အပြုအမူများ အမှန်အတိုင်း ဖွင့်ဟရေးရန် မြန်မာ
လူမျိုးများအတွက် ဂုဏ်ပျက်စရာ ကောင်းလှသောကြောင့်၊ ယနေ့ထက်တိုင်
မော်စကိုမှတ်တမ်း ရေးရန် ဖင့်နွှေးနေခဲ့သည် ။ ယခု ဖော်ပြချက်မှာ တစ်စိတ်
တစ်ဒေသ သာလျှင် ဖြစ်သည်။)

ခရီးအတူ ဆက်လက်သွားရန်ပင် စိတ်ကုန်ခန်းသွားလျက် ယဉ်ကျေးမှု
အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဦးအောင်လှအား လှည့်ပြန်သွားပါရစေတော့ဟု
ပြောမိသည်။ ကျွန်မတို့ကို ဖိတ်ခေါ်သော အိမ်ရှင် မော်စကိုမှ ယဉ်ကျေးမှုအဖွဲ့
(VOKS)နှင့် မြန်မာ ဆိုဗီယက် ချစ်ကြည်ရေးကို ငဲ့ကာ ခရီးဆက်လိုက်သွားခဲ့
ရသည်။

မော်စကိုသွား ယဉ်ကျေးမှု အဖွဲ့ဝင်တစ်ဦး ဖြစ်သူ မြန်မာဆိုဗီယက်





ယဉ်ကျေးမှုအသင်း နာယက ဝတ်လုံတော်ရ ဦးဘစိုးသည် ကျွန်မနှင့် တွေ့ဆုံ
သော သုရိယ သတင်းစာထဲတွင် ပါလာသော မဟုတ်မမှန် သတင်းဆိုးကို တရားစွဲ
အကြံပေးလေ၏။

'တရားစွဲသင့်တယ်၊ ဦး ဆောင်ရွက်ပေးမယ်။ ဒီလို ရေးနည်းဟာ
ဂုဏ်သိက္ခာနဲ့ ထိခိုက်တယ်။ နောက်ကို နိုင်ငံခြား သွားဖို့ မခက်ဘူးလား။ ဒါ့အပြင်
နိုင်ငံခြားက နောက်ကို ဖိတ်ဝံ့ကြဦးမလား။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခင်အသွား
ပြုတာ၊ ရောဂါ ရှိမရှိ စစ်ဆေးကြရတာ... တရားစွဲသင့်တယ်၊ ငွေခံ မနေနဲ့တော့
အဲဒီ ဦး လိုက်ပေးမယ်'

'ရှိပါစေတော့ ဦးရယ်၊ မစွဲလိုတော့ပါဘူး'

ကျွန်မမှာ လမ်းတစ်လျှောက်လုံး သည်းခံ လာခဲ့သည့် လက်စဖြင့် သည်းခံ
လိုက်ကာ၊ သုရိယသတင်းစာတွင် မော်စကို၌ သွေးမအန်ခဲ့ရပါကြောင်းကို ဖြေရှင်း
ချက် ပို့ရလေ၏။

ကျွန်မနှင့် မျက်နှာချင်းဆိုင် စကားစမြည် ပြောမိ၍ မြန်မာပြည် ရောက်
လျှင် ချက်ချင်း ဆေးရုံပြေး ဓာတ်မှန်ရိုက်မယ်ဟု အကြီးအကျယ် ထိတ်လန့်စိုးရိမ်
ကြသော မြန်မာဆိုဗီယက်ယဉ်ကျေးမှုအသင်း ဒုတိယ အတွင်းရေးမှူး ဦးလှဌာင်
အတွက် မကြောက်မလန့်စေရန် မြန်မာဆိုဗီယက် ယဉ်ကျေးမှုအသင်း ငွေထိန်း
အဖြစ်မှ အခြေအနေအရ နှုတ်မထွက်ကာ ကျွန်မ နှုတ်ထွက်လိုက်ရသည်။

ဘားမင်းသတင်းစာက ကျွန်မသည် ဆိုဗီယက်ကို မနှစ်သက်၍ နှုတ်ထွက်
သယောင် ဖော်ပြသည်။ အမှန်အားဖြင့် ကျွန်မ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှု
အသင်း ငွေထိန်းအဖြစ်မှ နှုတ်ထွက်ခြင်းမှာ ဆိုဗီယက်ကို မနှစ်သက်၍ မဟုတ်ပေ။

မော်စကိုအသွား တစ်လမ်းလုံး ဘာကြောင့် တည့်တာသော ရွှေးစားခြင်းနှင့်
အသင်းဝင်စဉ်က ဘာကြောင့် ဆရာဝန် မပြခြင်းကို ရှင်းလင်းရန် လိုအပ်သည့်
အတိုင်း၊ အမျိုးသား သိပ္ပံပညာတစ်ရပ်ဖြစ်သည့် မြန်မာ့ဆေးပညာ သဘော
သဘာဝနှင့် အခြေအမြစ်ကို သွေးသောက်မဂ္ဂဇင်း၌ "ဘိဘီလား" ဆေးဆောင်းပါး
ဖြင့် အမြွက်မျှ ရေးသား ဖော်ပြခဲ့ရတော့သည်။

၂

"ဘိဘီလား" ဆေးဆောင်းပါး ထွက်လာပြီးနောက် မြန်မာပြည် အရပ်ရပ်မှ
လူနာများထံမှ သူတို့၏ ရောဂါကို ကုသပေးရန် ပေးပို့သော စာများ စာတိုက်မှ
တစ်ပွဲ ရောက်လာတော့သည်။

ကျွန်မမှာ "ဂန္ဓဝင်ဂျာနယ်"ကို ထုတ်နေသည်။ ဂျာနယ်ထုတ်ကာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦး-ခနဲခိုက် လူနာများ ကျွန်မထံသို့ တစ်ဦးပြီးတစ်ဦး ပေါက်လာကြကာ သူ
ရောဂါကို ကုသပေးရန် တောင်းပန်ကြသည်။

အလုပ်တစ်ဖက်နှင့် ဆေးကုပေးရတော့သည်။ ဆေးဆရာ မဖြစ်ချင်
ဆေးဆရာ ဖြစ်လာသည်။ အနာရောဂါကို စစ်ဆေးကာ တည့်သည့် အစာမ
စားရန် အနာ၏ ကုထုံး ပြည့်စုံအောင် ညွှန်ကြားစာ ရေးရသည်။ ကျွန်မ
ဆေးဖော်ရောင်းသူ မဟုတ်၍ လူနာများနှင့် သင့်မြတ်မည့် ဆေးဝါးကို နေလဝီ
ဆေးတိုက်မှ ယူပေးရလေသည်။

နယ်က ပို့သော ဝေဒနာသည်များထံမှ စာတွေကိုလည်း တစ်စော
ခပြဲန်နိုင်။ အလုပ်တိုက်ထဲတွင် ဂျာနယ်အလုပ်က တစ်ဖက်၊ ဝေဒနာသည်
ဘရန်းရန်းဖြင့် နေ့စဉ်နှင့်အမျှ ဗျာများနေတော့သည်။

ဂျာနယ်ကို ကိုယ်ပိုင် စာပုံနှိပ်စက် မရှိ၍ ရပ်ထားလိုက်ရသည်။ ကိုယ်ပို
စာပုံနှိပ်စက် ရှိမှပင် စာပေလုပ်ငန်းကို လုပ်တော့မည်ဟု ဆုံးဖြတ်ကာ စာ
လုပ်ငန်း ရပ်နားထားခိုက်၊ မိုးလင်းက မိုးချုပ် ဆေးထိုင်ကုပေးနေရ၏။

ဆေးဆရာ ဖြစ်နေငြားလည်း တိုက်တွင် ဆေးတိုက်ဆိုင်းဘုတ် မချိတ်
ပေ။ ဆေးတိုက်ဆိုင်းဘုတ် ချိတ်လျှင် ကျွန်မ၏ စာပေလုပ်ငန်း ပျောက်သွား
မည်။ ပကတိ ဆေးတိုက်ကြီးနှင့် ဆေးဆရာအဖြစ်လည်း လုံးလုံး မဖြစ်ချင်
ဆိုင်းဘုတ်ကို မတင်ဝံ့ပေ။

“ဒေါ်မမလေး တိုက်ကို ရှာလိုက်ရတာ၊ ဆိုင်းဘုတ်ကလေးတော့ ချိ
ထားပါ’ ဟု လူနာများက တိုက်တွန်းကြသည့်တိုင် တော်တော်နှင့် မတင်ဝံ့ပေ
ဆေးတိုက် ဆိုင်းဘုတ် ချိတ်ရမည်ကို ကြောက်ရွံ့နေလေသည်။

နောက်ဆုံး ရပ်ဝေးမှ တကူးတက လာကုကြသော လူနာများက တလ
လည် ဆေးတိုက်ရှာရသည့် အခက်အခဲကို ပြောလွန်းမက ပြောကြ၍၊ လူနာ
အတွက် လွယ်ကူစေရန် စာပုံနှိပ်တိုက်ဆိုင်းဘုတ်ကို ဖြုတ်ချကာ “ဂျာနယ်ကျေ
မမလေး ဆေးတိုက်” ဆိုင်းဘုတ်ကို တင်ချိတ်လိုက်ရ၏။

ပေါက်တဲ့နဖူး မထူးဘူးဟု သွေးသောက်၊ ရှုမဝ မဂ္ဂဇင်းများတွင် ဆေ
ပညာ ဆောင်းပါးများ ဆက်တိုက် ရေးသားခဲ့သည်။ ဆောင်းပါးရေးခြင်းဖြ
မြန်မာ့ဆေးပညာကို ပရိသတ် အတော်များများ လေးစားလာကြခြင်းကို တွေ့ရ
သည့် အတွက် ဝမ်းသာ အားတက်မိသည်။

ကျွန်မ၏ စီးပွားရေး အခြေအနေကား ဂျာနယ် ထုတ်ဝေသော လုပ်ငန်
ထက် ဝင်ငွေဖြောင့်ပေ၏။ ဆေးတိုက်မှ ဆေးပုလင်းများ တစ်လလျှင် နှစ်ထော
ကျော် သုံးထောင်ဖိုးခန့် ရောင်းရလေသည်။ ရောင်းရသည့် ငွေများအနက် ကျွန်မ





အတွက် ကော်မရှင် ဝင်ငွေ မှန်မှန်ရနေ၏။ လူနာတွေ ဆေးဝယ်သောက်ကြ၍
ကော်မရှင်ငွေ ရသည့်အပြင်၊ ရောဂါပျောက်၍ သုံးလေးရာ ပက်ခနဲ အတင်းအဓမ္မ
ပန်းတော့သွားကြသော သဒ္ဓါပေးငွေကလည်း လစဉ်ဆိုသလို မနည်းပေ။ ဆေး
သားများ ဟူ၍ မွှန်မွှန်မြတ်မြတ် စားဖွယ် သောက်ဖွယ်များနှင့် အဝတ်အထည်
ဆက်ဆောင်ပဏ္ဏာများ တသောသော ပို့ပေးကြသေး၏။

ကျွန်မသည် “ဂျာနယ်ကျော်မမလေး ဆေးတိုက်” ဟု ဆိုင်းဘုတ်သာ
ချိတ်ထားသော်လည်း ဆေးတိုက်ကို ဆေးတိုက်နှင့်တူအောင် မလုပ်ပေ။ တိုက်ထဲ
၌ ဆေးပုလင်းများ ထည့်ထားသော ဗီရိုအသေးလေး တစ်လုံးသာ ရှိသည်။
ကျွန်မ ဆေးတိုက်ကို တိုးချဲ့လျက်၊ ခေတ်မီမီ သားသားနားနား အဆင့်အတန်း
ဖြင့် မွမ်းမံကာ သူနာပြုဆရာမများ ထား၍ ကျကျနန ဖီဖီစီးစီး လုပ်လိုက်လျှင်
တစ်ခါ စမ်းသပ်ကြည့်ခ ရွှေဒင်္ဂါးတစ်ပြား ယူကြသော လက်ဖျား ငွေသီးနေသည့်
နာမည်ကြီး ဆေးဆရာဝန်ကြီးများနည်းတူ ဝင်ငွေနည်းမည် မဟုတ်မှန်း သွေးမိ
လေသည်။

ဆေးလုပ်ငန်း တိုးချဲ့လုပ်လျှင် ဆေးလုပ်ငန်းဖြင့် ပိုက်ဆံကို သဲယူသလို
ယူနိုင်ကာ၊ သုံးလေးနှစ်နှင့် သူဌေးဖြစ်နိုင်မည့် လမ်းကြောင်းကို ကွက်ကွက်
ကွင်းကွင်း မြင်မိလေသည်။

ကျွန်မကား ပုထုဇဉ်တစ်ယောက် ဖြစ်သည်။ မှဆိုးမဘဝ ကလေး
သုံးယောက်ဖြင့် မျက်နှာမငယ် မပူရ၊ မပင်ရ ချမ်းချမ်းသာသာ နေထိုင်မှုသည်
ဆေးလုပ်ငန်းကို တိုးချဲ့ကာ ဆေးဖော်၊ ဆေးရောင်း၊ ဆေးကုလျက် ဆေးလောက
ထဲသို့ ခြေစုံပစ် ဝင်လိုက်ရ ကောင်းမလား ဟူသော အတွေးသည် တစ်ခါဘစ်ခါ
ခေါင်းထဲသို့ ဝင်လာလေသည်။

ထိုအတွေးမှာ ခဏသာ ဝင်ရောက်လာနိုင်ကာ အကောင်အထည် မဖြစ်ဘဲ
နှင့် ပျောက်သွားတတ်သည်။ ဆေးလောကထဲသို့ ခြေစုံပစ် ဝင်လိုက်လျှင် စာပေ
လုပ်ငန်း၊ စာပုံနှိပ်တိုက်လုပ်ငန်းကို လုံးလုံး စွန့်ရတော့မည်။ တစ်ကိုယ်တည်း
ဘယ်နည်းနှင့်မျှ ကြာရှည် အလုပ်နှစ်လုပ် မလုပ်နိုင်။ စာပေလုပ်ငန်း သံယောဇဉ်
သည် တစ်ဖက်သို့ မသာအောင် ဆွဲနေသဖြင့် ရှေ့တိုးလုပ်ရန် ဝင်လာသော
အကြံအစည်များ ဆုတ်ဆိုင်းနေ၏။

“ဂန္ဓဝင်” ဂျာနယ် ရပ်စက အင်္ဂလန်သို့ ငွေနှစ်ခစ်ကင်ဆင် ကုမ္ပဏီမှ
တစ်ဆင့် စာပုံနှိပ်စက်ကြီးတစ်လုံး မှာထားလိုက်သည်။

စာပုံနှိပ်စက် ရောက်လာလျှင် ပုံနှိပ်လုပ်ငန်းကို လုပ်ရပေမည်။ စာပေ
လုပ်ငန်းထဲ၌ နေရပေမည်။ စာပေလုပ်ငန်း သံယောဇဉ်သည် ဆေးလုပ်ငန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ခြံနံပစ် မဝင်အောင် ဆွဲထားလေ၏။ စက်မှာ အရောက်နောက်ကျနေကာ တစ်နှစ်ခန့် ကြာမြင့်နေသည်။

စက်မရောက်မီ အတောအတွင်း လူနာများကို လက်ခံကာ ဆေးရောင်း၊ ဆေးကုခြင်းဖြင့် အချိန်ကုန်လွန်နေလေသည်။

ပုံနှိပ်စက် ရောက်လာခဲ့သော် သက်သက်သာသာ ဝင်ငွေရမည့် အလုပ်မျိုး မဟုတ်၍ ပုံနှိပ်စက် လုပ်ငန်းကို မလုပ်တော့ဘဲ ဆေးလုပ်ငန်းပဲ တိုးချဲ့လုပ်ရကောင်းမလား၊ ဆေးလုပ်ငန်းထဲ ခြေစုံပစ် ဝင်လုပ်ရင်တော့ မုချ ဟန်ကျမှာပဲဟုသော အတွေးမှာ ခေါင်းထဲသို့ ရစ်သီရစ်သီ ရောက်လာလေသည်။

ဆေးတိုက် ဆိုင်းဘုတ်ချိတ်ပြီးမှ လူနာများမှာ မျှော်လင့်သည်ထက် ပိုများခဲ့သည်။ တစ်နေ့လုံး မအားလပ်နိုင်၍ ညဘက်၌ ဆောင်းပါး၊ ဝတ္ထုများ ရေးရသည်။ တစ်ညလုံး ညဉ့်နက်သန်းခေါင် အိပ်ပျက်ခံကာ အပြီးထိုင်ရေးပြီး တစ်မှေးအိပ်လိုက်ရာ၊ မနက် အိပ်ရာမှ မနိုးခင် နံနက်အစောကြီး လူနာများ လာစောင့်နေကြ၏။ တစ်နေ့လုံးလုံး လူမမာများနှင့် ရှုပ်ယှက်ခတ်နေသည့်ကြားထဲ၊ အသည်းအသန် လူမမာများအတွက် လာခေါ်လျှင် ချက်ချင်း ထ လိုက်သွားရပြန်သည်။ ရပ်ဝေးက စာများကား တစ်စောင်မှ မပြန်နိုင်။ ကျွန်မထံသို့ လိုက်လာမှသာ ကုပေးနိုင်တော့သည်။

ရှုမဝဦးကျော် အလိုရှိသော ဝတ္ထုရှည်ကို ရေးပေးရမည်ဆိုလျှင် တစ်ညတည်းနှင့် အပြီး မရေးနိုင်။ မပြီးမခ‌ျင်း ညတိုင်း မိုးလင်းချင်လင်း ရေးပို့ပေးရမည်။ ညဘက်တွင် အိပ်ပျက်ခံသဖြင့် နေ့ခင်း တစ်ရေးတစ်မေး အိပ်ရန် အချိန်ရှိဖို့ဝေးစွ၊ ထမင်းစားချိန်ပင် မမှန်တော့ပေ။ လူနာစဲမှ စားရသည်။ ထမင်းစားရင်းတန်းလန်း လူနာ လာခေါ်လျှင် ထမင်းပွဲမှ ထ ပြေးလိုက်ရသည်။

ကျွန်မ မှာထားသော စာပုံနှိပ်စက်ကြီးမှာ ရောက်လာချိန် နီးကပ်လာပြီ။

စာပုံနှိပ်လုပ်ငန်း တစ်ဖက်၊ ဆေးလုပ်ငန်း တစ်ဖက်ဖြင့် မနိုင်မနင်းမည်မှျ ဒေါင်ချာစိုင်းမည်ကို တွေးမိတိုင်း ရင်လေး၍သာ နေတော့၏။

ရှုမဝတိုက်မှ ပြန်ခဲ့ကာ လူနာများ ရှင်းခိုက် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲမှိလျက်၊ ကျွန်မ၏ ဆေးဆရာဖြစ်လာပုံ ဘဝကို အစက ပြန်ပြီး တစိမ့်စိမ့်ထိုင်စဉ်းစား တွေးတောကြည့်မိသည်။

ကျွန်မမှာ လမ်းဆုံလမ်းခွသို့ ရောက်နေလေသည်။ လက်ယာဘက်သို့ သွားရာလမ်းသည် နေ့ည မရှောင် ပင်ပန်းကြီးစွာ ကြိုးစား အားထုတ်လျက် စာပေများ ဖြန့်ဖြူးကာ စီးပွားရှာရမည့် ပုံနှိပ်လုပ်ငန်း ဖြစ်လေသည်။

တစ်ဖက်ရှိ လက်ဝဲဘက်သို့ သွားရမည့်လမ်းကို ကြည့်လျှင် ဝေဒနာ





ခံစားနေရသော လူနာများကို ကုသကာ သူလည်း အကျိုးရှိ၊ ကိုယ်လည်း အကျိုးရှိသည့်ဆေး တွင်ကျယ်လျှင် မြန်မြန် ကြီးပွားချမ်းသာနိုင်သော အဖြစ်သို့ မလွဲမသွေ ရောက်ရှိရပေလိမ့်မည်။

ဤလမ်းနှစ်သွယ်တွင် ဘယ်လမ်းသို့ လိုက်မည်ကို ကျွန်မ ဆုံးဖြတ်ရခြင်ပေလိမ့်မည်။

စာပုံနှိပ်လုပ်ငန်းနှင့် ဆေးလုပ်ငန်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မလုပ်နိုင်ပေ။ စာပုံနှိပ်လုပ်ငန်း၊ ဆေးလုပ်ငန်း၊ လုပ်ငန်း နှစ်ရပ်စလုံးကို စိစစ်ဆန်းကြည့်ရာတွင် အသက်မွေးဝမ်းကျောင်းအတွက် ကောင်းမြတ်သော လက္ခဏာများ လုပ်ငန်းနှစ်ရပ်စလုံး၌ ရှိနေကြသည်။

စာပုံနှိပ်လုပ်ငန်းကို လုပ်လျှင် ကျွန်မ တစ်ဦးတည်း လုပ်၍ မဖြစ်နိုင်ချေ။ စက်ရိုက် လူအများနှင့် ဝိုင်းဝန်းလုပ်မှ ဖြစ်နိုင်သည်။ လုပ်ငန်းကြီးသွင်ကြီးသလောက် လူအင်အား လိုလာသော လုပ်ငန်းမျိုး ဖြစ်သည်။ သတင်းစာထုတ်မည်ဆိုလျှင် အယ်ဒီတာက အစ၊ သတင်းစာ ဝေပေးသည့် လူအထိ အဆင့်ဆင့် မှီနေကာ တစ်လက်တည်းနှင့် ပြီးမည့်အလုပ်မျိုး မဟုတ်။ တစ်ယောက်တည်း သယ်ပိုးရွက်ဆောင်ကာ စခန်း မသွားနိုင်။ တာဝန်ကြီးသော အလုပ်မျိုး ဖြစ်သည်။ ဆေးလုပ်ငန်းကား မိမိအပြင် မည်သူ့ရှိမှဟု အားထားမှီတွယ် မနေရပေ။ ကိုယ်တစ်ဦးတည်း သယ်ပိုးရွက်ဆောင် စခန်းသွားနိုင်လေသည်။

ကျွန်မမှာ စာပုံနှိပ်လုပ်ငန်းကို သံယောဇဉ် တွယ်နေသည့်တိုင်အောင် ခင်းမသား ဖြစ်၍ မည်သူနှင့်မှ မှီတွယ် မလုပ်ရဘဲ ကိုယ်တစ်ဦးတည်း သယ်ပိုးထမ်းရွက်ကာ စခန်းသွားနိုင်သော ဆေးလုပ်ငန်းကို ဘဝခရီးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ပါတော့မည်ဟု ကြံရွယ် စိတ်ကူးလိုက်လေ၏။

၃

မြန်မာ့ဆေးပညာကို နေလဝိဇ္ဇာဆရာကြီး ဆရာခိုင်ထံတွင် သင်ကြားနေရစဉ်၊ ကျွန်မ ဆည်းပူး လေ့လာရမည့် ဓာတ်ပညာမှာ အလွန်ခက်ခဲနက်နဲသော ပညာတစ်ရပ် ဖြစ်၍ ထိုပညာ၏ ကျမ်းရင်းကို သိလိုမိသည်။ ဓာတ်ပညာ၏ အမွေအနှစ်ကို ဆက်ခံကြသော ဓာတ်ဆရာကြီးများ မည်သူမည်ဝါ သိလိုမိသည်။

ဆရာအား ‘ဒီပညာကို ကျမ်းပြုသွားတဲ့ ပုဂ္ဂိုလ်များ မရှိဘူးလား’ ဟု မေးမြန်းကြည့်သည်။

‘ရှိကြတာပေါ့၊ ဒီပညာရဲ့ အခြေအမြစ်ကျမ်းကို “ပုဏ္ဏပညတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကျမ်း” ဆိုပြီး ကျမ်းစာအုပ် တစ်အုပ် ရေးသွားတယ်။ ဒီစာအုပ် ရဖို့များတော့ အလွန်ခက်ပါတယ်’

‘ဆရာ့ကို ဒီဓာတ်ပညာ သင်ကြားပေးတဲ့ ဆရာကော ရှိပါသေးသလား ဘယ်သူပါလဲ’

‘ရှိတယ်၊ တောမှာ...’

‘နာမည်ကကော ဆရာ’

‘ဆရာလှိုင်’

ကျွန်မမှာ ဓာတ်ပညာ သင်ကြားနေရင်း “ပုဂ္ဂလပညတ်ဓာတ်ကျမ်း” စာအုပ်ကို ကြည့်လိုစိတ် ပြင်းပြမှုကြောင့် တောင့်တမိသည်။

“ပုဂ္ဂလပညတ် ဓာတ်ကျမ်း” စာအုပ်သည် ကျွန်မ သင်ယူနေသော ပညာ၏ အရင်းအမြစ် ဖြစ်မှန်း သိရလျက် စာအုပ်မှာ ရှာရဖို့ ဝေးစွ၊ မည်သည့်ပုဂ္ဂိုလ် ရေးသွားမှန်းပင် ကျမ်းပြုဆရာကို သေချာဂန မသိရချေ။

ဆေးပညာသင်ရင်း “ပုဂ္ဂလပညတ်ဓာတ်ကျမ်း” စာအုပ်ကို စုံစမ်း ရှာဖွေကြည့်သော်လည်း အစပျောက် ရှာမရသဖြင့် နောက်ဆုံး စိတ်လျှော့လိုက်ရသည်။

“ပုဂ္ဂလပညတ်ဓာတ်ကျမ်း” ဆိုသော ကျမ်းအမည်မှာ ရင်ထဲတွင် စွဲနေလေသည်။ သတိရတိုင်း တ သ မိသည်။ ကျမ်းပြုဆရာ မည်သူများပါလိမ့်ဟု ဆရာကို ရော်ရမ်း ကြည်ညိုနေမိသည်။

ကျွန်မ သင်ယူနေသော ဓာတ်ပညာ၏ အကျိုးသက်ရောက်မှု၊ ထက်မြက်သော အာနိသင် ရှိမှုများကို သိမြင်လာလေလေ၊ ဤပညာကို “ပုဂ္ဂလပညတ် ဓာတ်ကျမ်း” စာအုပ်ဖြင့် ပြန့်ပွားအောင် ဖြန့်ဖြူးသွားလေသော ဓာတ်ဆရာ၏ ဂုဏ်ကျေးဇူးကို အောက်မေ့လေလေ ဖြစ်နေရသည်။

အလုပ်တိုက်တွင် ဆေးတိုက်ဆိုင်းဘုတ် ချိတ်ပြီး လူနာများဖြင့် အလုပ်ရှုပ်နေစဉ်၊ ကျွန်မတို့၏ ဓာတ်ပညာကို သင်ကြား ဆည်းပူးနေသော ကိုမောင်မောင်ကြည်သည် တစ်နေ့ ကျွန်မထံသို့ ပေါက်လာလေသည်။

သူသည် လွယ်အိတ်နီကို စားပွဲခုံပေါ်သို့ တင်လိုက်ကာ၊ ကျွန်မ ဘေးၛ ထိုင်လျက် ကျွန်မနှင့် လူနာများ စကားပြော အပြီးသတ်အောင် ထိုင်စောင့်နေ၏။

လူနာများ ထ သွားမှ ‘မမဆီ လာခဲ့တာ ဒီကိစ္စပဲ’ ဟု ပြောပြောဆိုဆို လွယ်အိတ်နီထဲမှ စာအုပ်ကလေးကို ထုတ်ယူ လှမ်းပေးလိုက်သည်။

စာအုပ်ကို အဝတ်ဖြင့် ပြန်ဖုံးချုပ်ထားသည်။ စာအုပ်ကို လှမ်းယူလိုက်ကာ ဘာမှန်းမသိ ဖွင့်မကြည့်ခင် သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

သူသည် ချိုသာစွာ ပြုံးလျက် ကြည့်နေ၏။ ဘာစာအုပ်များလဲဟု ရင်ထဲ





...င် ဖိုသွားကာ ဖွင့်လှန်လိုက်ရာ ပုဂ္ဂလပညတ်ဓာတ်ကျမ်း ပုံနှိပ်စာလုံးကို ...သည်နှင့် တစ်ချက်တည်း ဝမ်းသာလွန်း၍ မျက်လုံးများပင် ပြာသွားပေသည်။

‘ကျွန်တော့်စာအုပ် မဟုတ်ဘူး၊ မမကို ပြချင်လွန်းလို့ တွံတေးက မရမက ...သာရတာ၊ ပြန်ပေးရမယ်’

ကျွန်မ ကြည့်ချင်သော စာအုပ်ကို ပညာသင်ပြီး ရှစ်နှစ်ခန့် ကြာမှ လာတွေ့...တော့သည်။ စာအုပ်မှာ ကျွန်မ မမွေးခင်က ပုံနှိပ်ဟန် ရှိသည်။ ခပ်ရွှရွှ မကိုင်...ရင် စာရွက်တွေ ပြတ်ကြွေလုနီးနီး ရှိနေ၏။

မန္တလေးမြို့ဇာတိ၊ ပဝတ္တိ ရန်ကုန်မြို့ ပုဇွန်တောင် ပေတောကုန်းရပ်နိုက်၊ စေ့စပ်သေချာ များသိသာဘို့၊ နေရာတကျ၊ အာစရိယ ပရံပရ လဒ္ဓမုဋ္ဌိ ရရှိသည့်အတိုင်း၊ ကောင်းမွန်စွာ သင်ကြားဆုမ္မ ကုသလျက် ရှိသော ဓာတ်ဆရာကြီး ဆရာသန့်သည် (နေ) (လ) နက္ခတ်ပညာ၊ ဓာတ်၊ သိတ၊ ဉဏ၊ စသည်တို့ကို နောက်သားနောင်လာ၊ မျိုးလေးဖြာဘို့၏ အကျိုးငှာ၊ အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နှုတ် ပြုပြင်စီရင် ရေးသားအပ်သော (ပုဂ္ဂလပညာတ်ဓာတ်ကျမ်း)

**ပဋ္ဌမနှိပ် စာအုပ်ရေ ၅၀၀**

**ရန်ကုန်မြို့ မောင်ထော်လေးလမ်း-**

**တိုက်နံပါတ်- (၄၃)**

**ဗြဟ္မဝတီ-စာပုံနှိပ်တိုက်**

**အဘိုး- ၈၊**

[ မူရင်း စာလုံးပေါင်းသတ်ပုံ အတိုင်း၊]

စာအုပ်၏ ပထမ တစ်မျက်နှာ၌ “ပုဂ္ဂလပညတ်ဓာတ်ကျမ်း” ဆရာကြီး၏ အမည် “ဆရာသန့်”ဟု တွေ့ရှိရပေပြီ။ ဤဆရာကြီးကား ယခုအချိန် အသက်ရှင်လျက် ရှိမရှိ မသိချေ။

မြန်မာ့အမျိုးသား သိပ္ပံပညာတစ်ရပ် ဖြစ်သည့် ဓာတ်ပညာကို နောင်လာနောက်သားများ အကျိုးငှာ ပညာ၏ အမွေအနှစ်ကို စာပေဖြင့် ထားခဲ့ပေသည်။

“ဇမ္ဗူတာန်ခွန်၊ သူမြတ်မွန်တို့၊ ညွှန်အံ့လင်္ကာ၊ မှတ်သားရာကား၊ နည်းနာနယ၊ ဓာတ်လေးဝကို၊ သိကြစိမ့်ငှာ၊ မိန့်မည်မှာအံ့၊ အင်းလည်း သည်မှာ၊ အစာသည်တွင်၊ ဆေးလျှင်သည်က၊ ခနပီယံ၊ သိဒ္ဓိလမ်းကို၊ တတ်စွမ်းနိုင်ပေ၊ ထွက်မြှောက်လေကြည့်၊ လိုရန့်ကိစ္စ၊ ပြည့်ဝဇောက်၊ မုချမှန်၏ ...။”

“အင်း” အလိုရှိလျှင်လည်း အင်း၊ အစာ အလိုရှိကလည်း အစာ၊ ဆေး အလိုရှိလေလျှင်လည်း ဆေး၊ ကိုယ် အလိုရှိသည့် ကိစ္စ၊ ဤကျမ်းထဲတွင် အစုံ



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သည်ဟု လက်အဖွင့်၌ ညွှန်းပြထားသည့် အတိုင်းပင် အလိုရှိရာ ကောက်ယူ
သုံးစွဲနိုင်ကြစေရန် ဒွါဒရာသီ၊ မဟာနရီကွန်ချာ၊ လက္ခဏာဒီပ၊ ဆနဂုတိ၊ နရသုခိ
ဘိုးရာဇာနက္ခတ်၊ ခင်ကြီးပျော်၊ ဓာတုစိန္တာကျမ်း စသော ကျမ်းအစောင်စောင်ရှိ
အဆီ အနှစ်သာရကို စုထုတ်နုတ်လျက် "အချုပ်"ပြ ရှင်းလင်း ရေးသားထားသော
ဓာတ်ကျမ်းတစ်စောင် ဖြစ်ပေ၏။

ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို စာပေဖြင့် ရေးသားထားခဲ့သော ဆရာ
အရှင်တို့၏ ခြေရာစဉ်စိုက်မပျက်၊ ကျောကွင်းချင်း ထပ်နေသကဲ့သို့ နည်းအသွယ်
သွယ် ပရိယာယ်ကြွယ်သဖြင့် လေ့လာ မှတ်သားသူများသည် သဘာဝဖြစ်သော
ဆန်းပါးသော ဓာတ်တို့ကို သိရာသိကြောင်း ကြံဆသည့် အရာ၌ ဉာဏ်ကြီးရင့်ကြ
ဆနိုင်၏။

အင်္ဂဝိဇ္ဇာ အင်္ဂရာသ ဒိဗ္ဗစက္ခု စသော ကျမ်း၊ ဘေသဇ္ဇရှင်ရသေ့၊ ရှင်
အရပ်၊ ပုဂ္ဂလပညတ်ကျမ်း၊ ၎င်းကျမ်းတို့ကို မှီ၍ ဥဒ္ဒေသနည်းဖြင့် ဓာတ်လေးပါး
၏ တည်ရာဌာန ဘဝကို ထုတ်နုတ်ပြလေသည်။

ဓာတ်လေးပါး၏ တည်ရာဌာန ဘဝကို ပြရာ၌ "လောကဟု ခေါ်ဝေါ်
ကြခြင်းမှာ လောကုတ္တရာ ကိုးပါးမှ ကြွင်းသော တရားအပေါင်းတို့သည် လောက
မည်ကုန်၏။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ခေါ်ဝေါ်အပ်
သော လောက၌ ဓာတ်ကိုမြင်အောင် ကြည့်နည်းသည် ဓာတ်၏ တည်ရာဌာန
အလုံးစုံသော ရုပ်အပေါင်း၊ နာမ်အပေါင်း၊ တရားအပေါင်းတို့၏ စီးဝင်ရာ အရပ်
ကား ၃၃ လုံး အက္ခရာ၊ ရှစ်လုံးသော သရ၊ ၄၁ လုံးသော ဝဏ္ဏတို့သည် ပညတ်
မည်၏။ ဓာတ်မည်၏။

သို့ဖြစ်သောကြောင့် **အက္ခရာ ရေသု**– အက္ခရာစကားတို့၌၊ **ဓာတု** –
ဓာတ်တို့သည်၊ **အတ္ထိသန္တိ**– ရှိကုန်၏။

ဓာတ်နှောင့်သည်၊ ဓာတ်ဖြောင့်သည်၊ ဓာတ်တောင့်သည်၊ အခြင်းအရာ
များကို အက္ခရာများနှင့် ယှဉ်ကျုံးမှ လောကဓာတ် အလုံးကို သိစွမ်းနိုင်ရာသည်။

**အက္ခရာသု**– ဗျည်းအက္ခရာတို့ကို လည်းကောင်း၊ **ပိဋကသင်္ချာ**– ပိဋကတ်
သင်္ချာသည် လည်းကောင်း၊ **ဒိဝေစ**– နေ့ကို လည်းကောင်း၊ **သမ္ဗန္ဓ**–အကြောင်း
တရားသုံးပါးနှင့် ပြည့်စုံခြင်းကို လောကဓံတရား သိကာ နှလုံးသွင်း ဖွဲ့လမ်းမိမှ
အနန္တ ကျယ်ဝန်းသော ပညတ်ကို အကျဉ်းချုပ်၍ ယူနိုင်သည်။ အကျဉ်းချုပ်၍
ယူနိုင်မှ ဓာတ်၏ သိမ်မွေ့ကြောင်းကို သိနိုင်သည်။

အက္ခရာ၏ သဒ္ဒါရုံသည် ဒိုးဒိုးဒေါင်ဒေါင်၊ နိုးနိုးနှောင်နှောင်၊ ဆိုးသွင်း





ခင်းနှင်း၊ ချိန်း၊ အုံး၊ ဖြိုး၊ ဖြိုဖြိုး အစရှိသော စည်၊ ပတ္တလား၊ နှဲ၊ ခရား
တို့နှင့် ညှိ၍ သိရမည်။"

ကျွန်မမှာ ဓာတ်၏ တည်ရာဌာန ဘဝကို လေ့လာ ဖတ်ရှုရင်း "နှပ်
ဘပ်၌ ပညတ်ခိုက်ရာ ဓာတ်ပါကြောင်း ဉာဏ်ဆင့်လောင်း၍ ကုကောင်းအွာ
ဆွရာ မိုးဝါး ယူမမှားနှင့်" ဟူသော အချက်ကို တွေးမိ သတိချပ်မိ၏။

ဓာတ်၏ တည်ရာဌာနသည် ၃၃ လုံးသောဗျည်း၊ ရှစ်လုံးသော သရ
လုံးသော ဝဏ္ဏ အက္ခရာတို့၌ သာမက ၁၂၃၄၅၆၇၈၉ အစရှိသည့် သင်္ချာ
သည်း ဓာတ်တည်ရာ ဌာန၊ ဓာတုစိန္တာကျမ်း၌ **အဋ္ဌဂြဟာ**– ရှစ်ပါးသော ဂြိုဟ်
ကို၊ **စတုဘာဝေန**– လေးခု စားသဖြင့်၊ **သေသ**– အကြွင်းသည်၊ **ဓာတု**–
ဓာတ်မည်၏ဟု ဖော်ပြထားခြင်းကြောင့် တနင်္ဂနွေ၊ တနင်္လာ အစရှိသော နေ့၌
သည်း ဓာတ်တည်ရာ ဌာနဟူ၍ အက္ခရာ၊ သင်္ချာ၊ နေ့၊ သုံးဌာနကို ခွဲခြားကာ
သား လေ့လာရလေသည်။

၃၃ စီးသော ဆင်ပြောင်သည် တာဝတိံသာ၌ ထွက်၍ ထွက်၍
စားသောကြောင့် ချည်အပ်သော ကြိုးရှစ်စင်းနှင့် တိုင်လေးတိုင်မှာ ချည်နိုင်
သိရာသို့ ရောက်လေအံ့ ဆိုသော တစ်ချက်။

ရှစ်လုံးသော ဂြိုဟ်သက် ပေါင်းပြီးလျှင် လေးခု စားသည်ရှိသော် ပါပ
လုံး၌ အပိုတစ်ပါး ထွက်၏။ တစ်ဂဏန်း ထွက်၏။ သောမ လေးလုံး၌
ဂဏန်း ထွက်၏။

ပါပလေးလုံး၌ ထွက်သော တစ်ဂဏန်းကို (နေ)ဂဏန်း တနင်္ဂနွေ၊ သူရိ
ယာ။

သောမလေးလုံး၌ ထွက်သော နှစ်ဂဏန်းကို (လ)ဂဏန်း၊ စန္ဒရာ။

ဂြိုဟ်ရှစ်လုံးကို ဓာတ်သက်ပေါင်း၍ ထွက်သော် ၁၀၈ နဝင်းရ
၁၀၈ နဝင်းဂြိုဟ်သက်ကို သတ္တဗီသချေသည်ရှိသော် အသုံးဖြစ်၏။

ကျွန်မသည် တစ်ဂဏန်း၊ နှစ်ဂဏန်း ထွက်အောင်ရှာလျက် တာ
သုံးဆောင်မှ ထွက်လာသော ၃၃ စီးသော ဆင်ပြောင်တို့ကို တိုင်လေးတိုင်၌
ချည်ကြည့်၏။

အဋ္ဌော၊ ဂမ္ဘော၊ စရော၊ ဝံသော၊ ရော၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါး၊
ဂြိုဟ်ကြီး ရှစ်လုံးနှင့်တကွ ပေါ်လာလေသည်။

တနင်္ဂနွေ၊ တနင်္လာ အစရှိသော နေ့အလိုက် ဂြိုဟ်ရှစ်လုံး၏ ဂြိုဟ်သက်
များကို ပေါင်းသည့်အခါ ၁၀၈ နဝင်းရသည်။

ဂြိုဟ်ကြီးရှစ်လုံး အနက်မှ သောမဂြိုဟ်၊ ပါပဂြိုဟ်များကို ခွဲထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘနက်နွေ၊ အင်္ဂါ၊ စနေ၊ ရာဟု၊ ဤလေးလုံးသော ဂြိုဟ်သည် ပါပဂြိုဟ် ဖြစ်လေသည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ဤဂြိုဟ်များသည် သောမဂြိုဟ် ဖြစ်ကြသည်။

နေနှင့်လ– အပူ၊ အအေး ဂိုဏ်းနှစ်ဂိုဏ်း ခွဲခြား သတ်မှတ်ကာ နေဘက်၌ ရှိကြသော ဂြိုဟ်လေးလုံး၊ လ ဘက်၌ ရှိကြသော သောမဂြိုဟ်လေးလုံး၊ ဂြိုဟ် ရှစ်လုံး၏ နက္ခတ် ၂၇ လုံး၊ သတ္တဗီသချေ၍ နဝင်း ဖြတ်ကြည့်သည်။

ဓာတ်ကြီးလေးပါး၊ ဂြိုဟ်ကြီးရှစ်လုံး၊ နက္ခတ် ၂၇ လုံးတို့တွင် အက္ခရာ ဗျည်း ၃၃ လုံးနှင့် လွတ်ကြသည် မရှိ။ နဒီမြစ်မှ ကျလျောသော ရေများမှာ မဟာသမုဒ္ဒရာ အဏ္ဏဝါတွင် ပျောက်ပျက်လေဘိသကဲ့သို့ ထီးခရိုင် ချုပ်သလို အက္ခရာ သရုပ် အချုပ်ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွား တော့သည်။

ဤဓာတ်ပညာ၏ အကျဉ်းချုပ်သည် ဂဏန်းသင်္ချာ ပညတ်၊ နေ့ပညတ် အက္ခရာပညတ်ထဲတွင် ဓာတ်ရှိနေသောကြောင့် ပညာရှေ့ အရာဖြစ်၍ သိရ သိကြောင်း ကြံသူတိုင်း ကလျာဏ ပုထုဇဉ် ဖြစ်နိုင်နေသည်။

ကျွန်မသည် ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို ရရှိပြီးနောက် အချိန်ရသရွေ့ စာအုပ်နှင့် မျက်နှာ မခွာ၊ လှေလာ ဆည်းပူး ကြံဆ အားထုတ်လျက် နေတတ် သည်။ "တိဘိလား" ဆောင်းပါးရေးပြီး ဝေဒနာသည်များကို ဤဓာတ်ပညာ နေလဂိုဏ်းနည်းဖြင့်ပင် ကုသပေးခဲ့၍ ချမ်းသာသွားကြသူတို့၏ ဦးရေမှာလည်း မနည်းတော့ပြီ။

လူအများ အကျိုးငှာ ပညာကို တစ်ဆင့် ဖြန့်ဖြူးကာ ပြန့်ပွားအောင် လုပ်ချင်သော စေတနာစိတ် ပေါ်လာမိသည်။ ဤပညာကို ရှေ့ဆက်လက် အား ထုတ် လှေလာ ကြိုးစားလျက် တစ်နေ့ စာအုပ်ရေးမည်ဟု အကြံပြုမိသည်။

ကျွန်မထံသို့ ဂျွန်ဒစ်ကင်ဆင်တိုက်မှ စာပုံနှိပ်စက်ကြီး ဇန်နဝါရီလဆန်း တွင် အင်္ဂလန်က ရောက်မည်ဟု အကြောင်းကြားလာ၏။

ကျွန်မမှာ ဆေးလုပ်ငန်းဖြင့်ပင် ဘဝခရီးတစ်လျှောက် အသက်မွေး ဝမ်းကျောင်းအလုပ် လုပ်ရန် ကြံစည်မိ၍၊ စက်ရောက်လျှင် မည်သို့ ပြုလုပ်ရမည် နည်းဟု ခေါင်းရှုပ်သွားသည်။

တစ်နေ့ "ပုဂ္ဂလပညတ်ဓာတ်ကျမ်း" ကို လှေလာ ကြည့်ရှုနေရင်း လူ အများ အကျိုးငှာ ဓာတ်ပညာ အမွေအနှစ် ခံယူရန် ကျမ်းပြုသွားသော ဆရာ၏ စေတနာကို နက်နက်နဲနဲ တွေးကြည့်နေမိသည်။

ဤပညာ၏ အရင်းအမြစ်ကို စာပေဖြင့် သိရခြင်းအတွက် စာပေ၏





ကျေးဇူးကို မျက်ဝါးထင်ထင် သိမြင်သွားသည်။ စာပေ၏ ဂုဏ်ကျေးဇူးကို မြင်သည်နှင့် ဤပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် စိတ်အား ထက်သန် မှုများ လျော့ပါးသွားလေ၏။

ရှေးက ဆေးဆရာကြီး တစ်ယောက်နှင့် ကျွန်မ ငယ်စဉ်က နီးနီးကပ်ကပ် နေဖူး၏။ သူသည် ဆေးကုသည့်အလုပ်ကို ပရိယေသန ဝမ်းစာအလုပ် သဘော ထားပေ။ ဆေးအတတ်ကို တတ်ကြား၊ သူ၏ စီးပွားရေးအဖြစ် လယ်ယာကိုင်း ကျွန်း လုပ်ငန်းကို လုပ်နေလျက် ရပ်ထဲရွာထဲတွင် မကျန်းမမာ ရောဂါသည်များ အား ဆေးကုပေး၏။ ပျောက်ကင်း ချမ်းသာ၍ ကန်တော့ကြသော ငွေကြေးကို ထားကာ မြို့ရောက်လျှင် ထိုငွေဖြင့် ဘယဆေးဆိုင်တွင် ဆေးပစ္စည်းများ စုဝယ် ထား၏။ ငွေကို ဆေးဖော်ဖို့ရာသာ အသုံးပြုလျက် ကိုယ်ရေးကိုယ်တာ ကိစ္စ အသုံးမချမှန်း သိရသဖြင့် 'အဘိုး ဘာဖြစ်လို့ ဒီငွေကို မသုံးသလဲ' ဟု မေးကြည့် သည်။

'လူမမာဆီက စားဖွယ်သောက်ဖွယ် အဝတ်အစားယူ ဘော်ရောပေါ့ဟယ်။ ငွေကန်တော့တာ ဆေးဖော်ဖို့ ထားရတယ်။ ဒီဆေးနဲ့ သူတို့ကို ပြန်ကုပေးရမှာ ဆေးကုတာ စီးပွားရေးသဘော မထားကောင်းဘူး'

ကျွန်မမှာ လက်ထဲရှိ "ပုဂ္ဂလပညတ်ဓာတ်ကျမ်း" ထဲမှ စာကြောင်းများကို မြင်၊ ကမကလူ ရွာမှ ဆေးဆရာကြီး ဦးကံကြီး၏ မျက်နှာကို မြင်ယောင်နေကာ စာအုပ်ပေါ်တွင် ခေါင်းမှောက်လျက် လေးလေးနက်နက် စဉ်းစားနေမိသည်။

စာပုံနှိပ်လုပ်ငန်း မလုပ်ဘဲ ဆေးတိုက်ကို တိုးချဲ့ကာ ခေတ်မီမီ အဆင့် အတန်း မြင့်မြင့် လုပ်လိုက်လျှင် ကြီးပွား ချမ်းသာနိုင်မည့် လမ်းကို မြင်နေသော် လည်း၊ ကြိုးစား၍ ကိုယ့်လောဘ ကိုယ်သိမ်းလျက်၊ ဤပညာဖြင့် ဘယ်တော့မှ စီးပွားရေး မလုပ်တော့ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

ကျွန်မအား ဤဓာတ်ပညာကို စတင် သင်ကြားပေးသော ကျေးဇူးရှင် ဆရာကြီးထံသို့ ဤပညာဖြင့် စီးပွားရေး မလုပ်တော့ဘဲ၊ အသက်ထက်ဆုံး လူ အများ အကျိုးငှာ တတ်နိုင်သရွေ့ ကုသိုလ်ဖြစ် လုပ်သွားတော့မည်ဟု စာရေး အကြောင်းကြားလိုက်ကာ၊ ကျွန်မ၏ ဆုံးဖြတ်ချက်အတိုင်း အမိဋ္ဌာန် ပြုလျက် ဆေးတိုက်ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်လေသည်။

ဓာတ်ပညာကို စီးပွားမရှာ၊ ပညာသာလျှင် ရှာမည်ဟု စီးပွားရေးလုပ်ငန်း ရပ်စဲပြီး နောက်ပိုင်း၌ ဤဓာတ်ပညာကို အမွေအနှစ် ခံယူထားသော အိုင်ကလေး မှ ဓာတ်ဆရာကြီး ဆရာလှိုင်နှင့် တွေ့ရတော့သည်။

အိုင်ကလေးမှ ဓာတ်ဆရာကြီး ဆရာလှိုင်ထံ၌ ဓာတ်ပညာကို သင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ကြသော တပည့်တပန်းများထဲတွင် နေလဝိဇ္ဇာ ဆရာခိုင်လည်း တစ်ယော
အပါအဝင် ဖြစ်သည်။

"ပုဂ္ဂလပညတ်ဓာတ်ကျမ်း" စာအုပ်ဖြင့် ပတ်သက်၍ သိလို စုံစမ်းသော
အချက်အလက်များအတွက် မြန်မာ့ဓာတ်ပညာကို အမွေအနှစ် ခံယူထားသော
ဓာတ်ဆရာကြီး ရှိရာသို့ ထောက်လှမ်း ရှာဖွေ စုံစမ်းသွားရာ၊ ကံအားလျော်စွာ
စမ်းချောင်းရပ် ကျိုက်လတ်လမ်းတွင် နေထိုင်လျက်ရှိသော ဓာတ်ဆရာကြ
ဆရာလှိုင်နှင့် တွေ့ရတော့သည်။

အိမ်ပေါ်၌ အင်္ကျီချွတ်လျက် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော
အဘိုးအိုကြီး တစ်ဦးကို လှမ်းမြင်၍ ဓာတ်ဆရာကြီးပဲဟု ဝမ်းသာအားရ လှမ်းတ
သွားသည်။

အသက် ၈၅ နှစ် အရွယ်ရှိကြား မျက်စိ ကောင်းသေး၏။ 'ကျန်းမာရေးန
ပြည့်စုံလှသော အသွင်မှာ အားကျစရာပင်။ ကျွန်မနာမည်နှင့် ဤဓာတ်ပညာ
လေ့လာ လိုက်စားသူ တစ်ဦးဖြစ်မှန်း ရှေးဦးမဆွက ကြိုတင်ကြားသိနှင့် ထာ
သည့်အတိုင်း ကျွန်မကို ဂျာနယ်ကျော်မမလေးမှန်း သိလျှင်သိချင်း ဝမ်းမြော
ဝမ်းသာ နေရာထိုင်ခင်း ပေး၏။

"ပုဂ္ဂလပညတ်ဓာတ်ကျမ်း" ကို ပြုစု စီရင် ရေးသားသွားသော ဓာ
ဆရာကြီး ဆရာသန့် အကြောင်းကို မစမီ ဤဓာတ်ပညာ၏ အမွေအနှစ်
ခံယူရလိုက်ကြသော ပုဂ္ဂိုလ်ကြီးလေးဦး အမည်ကို စတင် အမိန့်ရှိ၏။

'ဆရာဆောင်၊ ဦးပုည၊ ဦးပို၊ ဒွါရ သာသနာပိုင် အုတ်ဖိုဆရာတော်၊
ပုဂ္ဂိုလ်လေးပါးက အရင်းခံ ဆရာများကွယ့်။ ဦးပုညကတော့ အခါပေးမိတဲ့အတွ
အသတ်ခံရတယ်။ ဦးပို ဆိုတာလည်း ဘုရင် သတ်တာပဲ။ ဓာတ်ဆရာကြီး ဦးပို
စလေဦးပုညတို့ အသတ်ခံရပြီးတဲ့နောက် ဆရာဆောင်နဲ့ အုတ်ဖိုဆရာတော်တို့
အောက်ပြည် ရောက်လာကြတာပဲ။ ဒီပုဂ္ဂိုလ် နှစ်ပါးဆီက ဒီဓာတ်ပညာ အဆင့်ဆင့်
ဆက်ခံ ပြန့်ပွားလာတာ။ ဆရာမှဲ့ကြီးတို့၊ ဆရာဦးသာဒွန်းအောင်၊ ပုဂ္ဂလပညတ်
ကျမ်း ရေးတဲ့ ဆရာသန့်။ ဆရာသန့် ပုဂ္ဂလပညတ်ကျမ်း ရေးစဉ်တုန်း
ပေစာတွေ ကူးပေးတဲ့ စာရေးဆရာ ပီမိုးနင်းရဲ့အဖေ ဆရာဖြိုး၊ အဘရဲ့ ဆရာ
ကတော့ ဆရာဦးသာဒွန်းအောင်၊ ဆရာ့ဆီမှာ အဘ ၁၂ နှစ်တိုင်တိုင် သည်ပညာ
သင်ခဲ့ရတယ်'

ကျွန်မမှာ မြန်မာ့ဓာတ်ပညာ၏ ဆရာ အစဉ်အဆက်ကို စာရွက်နှင့်
အမီ လိုက်ကူး မှတ်နေရ၏။

'မမလေး ဒီပညာကို တတ်ချင်ရင် ဆန်း၊ ကလာပ်၊ သန္ဓိ၊ အဘိဓာန်





...ရပ် လေးမျိုးကိုလည်း သင်ရလိမ့်မယ်။ ဆန်း၊ ကလာပ်၊ သန္ဓိ၊ အဘိဓာန်
...မှ ဒီပညာတတ်မှာ။ အဘတော့ ဆရာ မလုပ်ချင်ဘူးကွယ်'

ဆရာ မလုပ်ချင်ဘူးဆိုသော အဘ၏ စကားကို လေးလေးနက်နက်
...ကာ 'ဘာဖြစ်လို့ ဆရာ မလုပ်ချင်တာလဲ အဘရယ်' ဟု မေးလိုက်သည်။

'သတ္တဝါတွေ သနားလို့ပေါ့'

ကျွန်မမှာ အဘကို ငေးကြည့်နေသည်။

'အဘ ကုပေးလို့ အသက်ရှည်တော့ အကုသိုလ်တွေ နင်းလုပ်နေကြရင်
...ပ်ပင် ရေလောင်းပေးတာနဲ့ မတူဘူးလား။ အကုသိုလ် လုပ်ပြီး အသက်တိုကြ
...က အပါယ်ငရဲ ကျမယ်။ အသက်ရှည်သလောက် အကုသိုလ် ရှည်နေကြရင်
...စီ ကျကုန်မယ်၊ အဲဒါ သနားလို့ကွယ့်'

အဘသည် စကားထဲတွင် ဓာတ်ပညာကြောင်းကို ထည့်ကာ ကရုဏာမှ
...တ်ဘိသကဲ့သို့ မှတ်သားဖွယ်ရာများစွာ ပုံဥပမာ ဆောင်လ လ်ကြပြောသော
...သင် ဆုံးမနေ၏။

'အဘကို မေးကြတယ်၊ အဘ တပည့်တွေက တိုက်နဲ့ကားနဲ့ ချမ်းသာလို့၊
...ကတော့ ဆင်းရဲနေတယ်၊ ဘာကြောင့်လဲလို့ မေးကြတယ်'

ကျွန်မမှာ အဘ၏ အဖြေကို နားစွင့်လျက် အဘအား စိုက်ကြည့်နေသည်။

'ငါ ချမ်းသာချင်မှ ချမ်းသာမယ်၊ ငါ မချမ်းသာချင် မချမ်းသာဘူး၊ ငါ
...ချင်လို့ မွဲတယ် မမလေးရယ်'

အဘသည် ကျွန်မအား ပြုံး၍ စိုက်ကြည့်လိုက်ကာ 'ချမ်းသာရင် ဆင်းရဲ
...ယ်၊ သစ်ခေါင်းထဲ ပိတ်ဆို့နေရတာ။ ဆင်းရဲတော့ တံခါးဖွင့်နေရတယ်၊
...ယ်လောက် ချမ်းသာသလဲ။ အဘ ရန်ကုန် လာနေတာ လေးငါးနှစ် ရှိသေး
...ယ်။ အဘ တောမှာ ဥယျာဉ်စိုက်နေတာ ချမ်းသာလိုက်တာကွယ်'

အဘသည် လှိုက်လှိုက်လှဲလှဲ ရယ်နေ၏။

'ဒီပညာ ဆရာ့ဆီမှာ ၁၂ နှစ် သင်ပြီး ၄၅ နှစ်လုံးလုံး သူများ အသက်တွေ
...ယ်ဆယ်ခဲ့ရတာ။ အဘတော့ ဆင်းရဲနေတာပဲ။ မြန်မာစကားကို မြန်မာ နား
...သည်ကြဘူး၊ အဲဒါ အခက်ဆုံးပဲ။ အဘတော့ မောပြီ၊ အေးအေးပဲ နေချင်ပြီ၊
...ယ်မပြောချင်တော့ဘူး။ လူတွေ အမှန်ကို လက်မခံနိုင်ဘူး၊ ဒီပညာက ရန်များ
...ယ် မမလေးရဲ့'

ကျွန်မမှာ တစ်ချိန်လုံး အဘ ပြောတာကိုသာ နားထောင်နေရသည်။
အဘသည် ပညာကြောင်းကို မမောမပန်းနိုင်အောင် တဖွဖွ ပြောနေရင်း စဉ်းစား
...၊ မှတ်လိုက်စမ်းဟု စကားဖြတ် အမိန့်ရှိသဖြင့် စဉ်းစားရ၊ မှတ်ရ၏။ အဘ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြာသည့် စကားများကို ဘာပြောနေမှန်း ရုတ်တရက် အဓိပ္ပာယ် ရိပ်မိရန် အခ်ပ္ပာယ် နားလည်ရန် ခက်၏။

"စာလေးလုံး"ကို စ ပြော၏။ 'ယောကျ်ားနဲ့ မိန်းမ စာလေးလုံး ရှိရတယ် ယောကျ်ားက ၁။ အမေချင်းစာ၊ ၂။ မယားချင်းစာ၊ ၃။ နမချင်းစာ၊ ၄။ သမီးချင်းစာ။

'မိန်းမ "စာ"က ၁။ အဖေချင်းစာ၊ ၂။ မောင်ချင်းစာ၊ ၃။ လင်ချင်းစာ ၄။ သားချင်းစာ၊ အဲဒီ စာလေးလုံး မှတ်လိုက်၊ ခြောက်ဌာနကော သိရဲ့လား မှတ်ထားဦး...။

၁။ ကာမဂုဏ်ကြီးသောသူ၊ ဘယ်မှာ အရှက်ရှိပါ့မလဲ။

၂။ ဘုန်းကြီးနဲ့မိန်းမ၊ ဘယ်မှာ သီလရှိပါ့မလဲ။

၃။ ပျင်းသောသူ၊ ဘယ်မှာ ပညာ တတ်ပါ့မလဲ။

၄။ ဒေါသကြီးသောသူ၊ ဥစ္စာ ဘယ်မှာ ရပါ့မလဲ။

၅။ အစား ဝါသနာ ကြီးသောသူ၊ သူတစ်ပါးအသက်ကို ဘယ်မှာ သနားပါ့မလဲ။

၆။ ယစ်မူးသောသူ၊ စကား ဘယ်မှာ မှန်ပါ့မလဲ။

'တံခွန်ကိုနိုပ်၊ အဆိပ်ကိုပြ၊ မြွေကိုစား၊ အိမ်ပြန်ရောက်ရင်၊ ငါ့သမီး တွေး တွေးပြီး အဘ ပြောတာတွေ အဓိပ္ပာယ် စဉ်းစားခဲ့စမ်း'

ကျွန်မမှာ ဆက်လက်၍ အဘ ပြောနေသော စကားများကို ဆင်ခြင် စဉ်းစားရန် မမေ့အောင် မှတ်နေရ၏။ အပ်ပျောက်လျှင် ဆင်နှင့်ရှာ၊ ဆင်ပျောက် ရင် ဆန်ခါနှင့်ရှာ၊ အရှည်လို အတိုနှင့်ဆက်၊ အတိုလို အရှည်နှင့်ဆက်၊ ဆင်ဖြူ မျက်ခွက် ဆင်မည်း မကြည့်ဝံ့၊ ချောင်လျှင် ထွင်း၊ ကျပ်လျှင် သပ်ပင်း၊ ရွှေမမှန် တော့ ငရုံမီးစားတယ်၊ လူမမှန်လည်း ငရဲမီး စားလိမ့်မယ်။

အဘသည် ၃၆ တြင်း၊ ၁၀၈ နဝင်း၊ ၄ နှင့်စား၍ ဝ(သုည) ကြွင်းခြင်း အတွက် ဆရာရှင်မထီး၏ ကရဏီယအောက် ဝစလေးထောက်၊ ပုဂံရှင်ကြီး ထီးနှင့်ပျောက် ဆိုသော ပညာစခန်းကို ရှင်းပြန်၏။

ဓာတ်ပညာနှင့် အကျုံးဝင်သော ဆုံးမ နည်းပြသည့် ပညာစကားများကို ညနေ ခြောက်နာရီခန့်က ညဆယ်နာရီအထိ ထိုင်ရာမှ မထဘဲ မရပ်မနား ပြော လိုက်၏။

အဘကို ဤပညာဖြင့် စီးပွားမရှာ၊ ပညာသာ ရှာလျက်၊ ကုသိုလ်ဖြစ် စိတ်အဓိဋ္ဌာန် ပြုလိုက်ပြီးဖြစ်ကြောင်း ပြောပြသည့်အခါ 'မမလေး စကားကို အဘ နှစ်သက်တယ်ဟေ့' ဟု ဆိုလိုက်၏။





'အဘကို အဖေအရင်းကဲ့သို့ မှတ်၊ မမလေးကို သမီးရင်းနှင့်မခြား ...က်မေ့မယ်'

အဘအား ဦးချပြီး ထအပြန် အိမ်ပေါ်မှ မဆင်းခင် အဘသည် တင်ခွင်းခွင် ...မ်းမေးနေသေး၏။

'မမလေး၊ လူလိမ္မာသား ဘာဖြစ်သလဲ'

'ယဉ်ပါးပါတယ် အဘ'

'လူမိုက်သားကော...'

'ရမ်းကားပါတယ် အဘ'

'အေး... အေး... စဉ်းစား၊ သွားတော့'

မြန်မာ့ဓာတ်ပညာဖြင့် စီးပွားမရှာ၊ ကိုယ်ကျိုးမပါ၊ ကုသိုလ်ဖြစ် ပြုဆော ...ာ အဓိဋ္ဌာန် ပြုတော့မှ ကုသိုလ်ထူးစွာ အိုင်ကလောင် ဓာတ်ဆရာကြီး ဆေ့ရ ...ာသည်။

၄

...မ့ဓာတ်ပညာ အမွေအနှစ်ကို ဆက်ခံထားသော အိုင်ကလောင်မှ ဓာတ်ဆရာ ကြီးနှင့် မတွေ့ခင် မြေထဲမြို့သို့ အလည်သွားသော ကျွန်မ အင်မတစ်ယောက် ...သည်းအသန် ဖြစ်နေကြောင်း သံကြိုးရ၍ ဆေးတိုက်ဆိုင်ဘုတ်ချပြီး မြေထဲသို့ ...က်သွားခဲ့သည်။

မြေထဲတွင် ကျွန်မ ရောက်လာသည်ကြား၍ ပြည်ထောင်စု လူငယ်အသင်း ...အမှုဆောင်အဖွဲ့သည် ကျွန်မတည်းသည့် အိမ်သို့ လိုက်လာကြသည်။ မြေထဲသို့ ...ာက်လာခိုက် စာပေဟောပြောပွဲတစ်ခု လုပ်ချင်၍ ဟောပြောရန် ပြောလာကြ၏။

စာပေဟောပြောပွဲလုပ်လျှင် စာပေဝါသနာ လိုက်စားသော သူများသော ...ာ တက်ရောက်ကြမည်။ ဗဟုသုတအဖြစ်သာ အကျိုးသက်ရောက်လာ ထိထိ ...ာက်ရောက် အကျိုးရှိ ကျန်ရစ်ခဲ့မည် မမြင်၍၊ အကျိုးရှိ ကျန်ရစ်စေမည့် ...ကြံတစ်ခု စဉ်းစားမိသည်။

'စာပေဟောပြောပွဲ လုပ်ကြရင် တစ်ခဏ ဟောပြောတာလောက်ပဲ ...မယ်။ ကျွန်မ ရှိနေတုန်း အင်မတန် ဆင်းရဲပြီး ဆရာ မပင့်နိုင်၊ ဆေးဝယ် ...ားနိုင် ဖြစ်နေတဲ့ လူမမာတွေကို ရှင်တို့ အသင်းက လှော်ကစ်ပေးပါ။ ကျွန်မ ...တဲ့ ရက်အတောအတွင်း ဝေဒနာသည်တွေကို ဆေးကုပေးသွားမယ်' ဟု အကြံ ...ပေးလိုက်သည်။

ပြည်ထောင်စုလူငယ်အသင်း အဖွဲ့မှာ ဝမ်းသာအားရ ဖြစ်သွားကြကာ၊



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခု ရာကာ မြို့ထဲတွင် ဆင်းရဲသည့် လူနာများကို ဦးရေ ၂၀ လောက် လိုက်ရှာ စုပေးပါမည်ဟု ပြောသွားကြသည်။

အချိန်မှာ နေ့လယ် ၁၂ နာရီခန့် ရှိမည်။ ကျွန်မ ရောက်သွားသည့်နေရာ ကား မြေထဲမြို့ မြူနီစီပါယ်ရုံးခန်း ဖြစ်သည်။ အဆောက်အအုံမှာ သွပ်မိုး၊ ကျူထရံ ကာ တစ်ထပ်ဖြစ်လျက် သပ်ရပ် သန့်ရှင်းပေသည်။ ခန်းမဆောင်ကြီးထဲတွင် တဖြောင့်ဖြောင့် ဖိတ်လက်နေသော စားပွဲအသစ်များ စီတန်းချလျက် ဖြူဖွေးသော စားပွဲခင်းများ ခင်းထား၏။ စားပွဲနှင့် ခပ်ကွာကွာလောက်တွင် အခန်းနံရံနှင့်မှီကာ ကုလားထိုင်များ၊ ခုံတန်းလျားများကို အခန်းပတ်ပတ်လည် ချခင်းထား၏။ ကုလားထိုင်များပေါ်တွင် လူနာသုံးဆယ်ခန့် ကျွန်မကို ထိုင်စောင့်နေကြသည်။ ကျွန်မ နေရန် ပြုလုပ်ပေးထားသော သီးခြားစားပွဲခုံတွင် ဝင်ထိုင်ရကာ ပြည်ထောင်စု လူငယ်အမှုဆောင်အဖွဲ့က လူနာများနှင့် မိတ်ဆက်ပေးသည်။

မြန်မာဓာတ်ပညာ အကြောင်းနှင့် ကျန်းမာရေး ဂရုစိုက်ကြရန် အနည်းငယ် ရှင်းလင်း ဟောပြောပြီးနောက်၊ လူနာများ ကျွန်မ စားပွဲသို့ လာရန် စာရင်းသွင်းထားသော အမည်များကို တစ်ဦးပြီးတစ်ဦး ခေါ်ပေး၏။

ပြည်ထောင်စု လူငယ်အဖွဲ့၏ စနစ်တကျ စီစဉ်ထားသော ကျွန်မ ကုသပေးရမည့် လူနာစာရင်းစာရွက်ကို ယူကြည့်လိုက်သည်။ အမှတ်စဉ်၊ အမည်၊ အသက်၊ နေရပ်၊ ရောဂါဝေဒနာ၊ အကြောင်းအရာ စသည်များကို သူ့အကွက်နှင့်သူ မျဉ်းသားလျက် နံပါတ်စဉ်အလိုက် ပြုလုပ် စီစဉ်ထားသည်။

မြို့မရပ်၊ ကန်ကြီး၊ ရွာထောင်၊ စက်ရုံ၊ တရော်ကုန်း၊ သရက်တော၊ ကျောင်းစု၊ သိမ်ကုန်း၊ ရုံးရပ်၊ ဈေးကုန်း၊ ပွဲစားတန်း၊ စမ်းချောင်း …။

လူနာများ၏ နေရပ်ကို ဖတ်ကြည့်နေစဉ် ပြည်ထောင်စု လူငယ်အဖွဲ့ဝင် ဦးကျော်ခိုင်က 'ကျွန်တော်တို့ လူနှစ်ဆယ်လောက် မှန်းတာပဲ။ ကျွန်တော်တို့ လူစုတာ သတင်းကြားပြီး စာရင်းလာသွင်းတဲ့ လူနာတွေက နည်းတာ မဟုတ်ဘူး ဘယ်လို လုပ်ရမှန်းတောင် မသိဘူး'ဟု ပြောကာ ကျွန်မအား အားနာဟန် ရှိနေ၏။

'ဘယ်လောက်ရှိရှိပေါ့ရှင်။ ဒီနေ့ တစ်ရက်၊ နက်ဖြန် တစ်ရက်၊ နှစ်ရက် စလုံး ကျွန်မ လုပ်ပါမယ်။ မြေထဲမှာ နောက်တစ်ရက်နေပြီး ကျွန်မ ပြန်မှာပဲ'

ကျွန်မ စားပွဲခုံသို့ ရောက်လာသော လူနာများကို သူတို့၏ ဝေဒနာကို စစ်ဆေးကာ သူတို့နှင့် သင့်မြတ်မည့် မှန့်ပဲသရေစာ သစ်သီးဝလံ သားငါးများကို ဖူးစကက် စာမျက်နှာ နှစ်ရွက်ခန့် ရေးပေးကာ၊ ဝေဒနာအတွက် သင့်မြတ်မည့် အနံ့၊ အသံ၊ အထိအတွေ့ စသည်တို့ကို ဓာတ်အားဖြင့် သက်ဆိုင်ရာ ညွှန်ကြား





…သားလျက်၊ ဆေးဖော် စားကြရန်လည်း သင့်မြတ်မည့် ဆေးနည်းများကို …ပေးလိုက်၏။

'ဆေးဖိုးဝါးခ တတ်နိုင်ပုံ မပေါ်ဘဲ မရှိဆင်းရဲကြသည့် လူနာများကိုမူ …ဆံကုန် သက်သာသည့်နည်း၊ ပိုက်ဆံ မကုန်မည့်နည်း၊ ဝေဒနာလည်း ပျောက် …အောင် ဓာတ်ဖြင့် အစွမ်းထက်မည့် လွယ်ကူမည့် ပစ္စည်းကို တစ်ထိုင်ခြင်း …နောက်ခြောက်လောက်အောင် စဉ်းစားကာ ကြံဆ ရေးပေးရ၏။

လူနာများနှင့် သူတို့၏ ဝေဒနာ စစ်ဆေး မေးမြန်းခိုက်သာ ခေါင်းဆောင် …လျက် တစ်ချိန်လုံး ငုံ့၍ ဖူးစကက်စာရွက် တစ်ရွက်ပြီးတစ်ရွက် ကုန်းရေးနေရ …။

အချိန်အတန်ကြာလျှင် တစ်ခန်းလုံး လူတွေ ပြည့်လာ၏။ လာရောက် …ရင်းသွင်းကြသော လူများဖြင့် ပြည်ထောင်စု လူငယ်အဖွဲ့ဝင်များ အလုပ်ရှုပ် …အမည်စာရင်း ရေးမှတ်နေကြရသည်။

ကျွန်မမှာ ကျွန်မ၏ ရည်ရွယ်ချက် အဓိဋ္ဌာန်အတိုင်း အများအကျိုး …တွက် ကုသိုလ်ဖြစ် လုပ်နေခြင်းကို ဆေးတိုက် အခန်းထဲ ထိုင်ကုသနေခဲ့သည် …ကို နှစ်သိမ့် ချမ်းမြေ့မိသည်။

ဆင်းရဲသားလူထုအတွက် ဆေးဖိုးဝါးခ မကုန်ကျဘဲ ပျောက်စေတဲ့ …သော ဤဓာတ်ပညာကို ကျမ်းပြု စီရင်ထားခဲ့ကြသည့် ဆရာ ဆရာအပေါင်းနှင့် …ကျွန်မအား သင်ပြသော ဆရာကြီး၏ ကျေးဇူးဂုဏ်ကို အောက်မေ့ကာ ရင်ထဲတွင် …က်ဖို ကြည်မောလျက် နေတော့၏။

'ကျွန်မ အမေရိကန် ဆေးရုံလည်း တက်ခဲ့ပါပြီ။ အစာအိမ် ခွဲရမယ်ဆိုလို့ …ကြောက်တာနဲ့ မခွဲဘဲ ဆင်းခဲ့တယ်။ ပြန်လာပြီး ဘာစားစား အန်နေတာနဲ့ …ရန်ကုန်မြို့က ဆေးရုံသွားတက်ရပါတယ်။ မသက်သာတာနဲ့ ဆင်းလာခဲ့ပါတယ်'

ဒေါ်ကုလားမ ဆိုသော လူနာမိန်းမတစ်ဦးသည် အနားက လူဖေးမ …သားရလျက် ချည့်နဲ့ မောဟိုက်နေကာ၊ သူ၏ ဝေဒနာကို အသံလေးလေး …ဖြင့် ပြောပြနေသည်။

မခံယဉ်ဘဲလျက် ခံယဉ်းနေရသော သူ၏ မခံမသာ အဖြစ်ကို ငေးကြည့် …ကာ "ဓာတ်မသိတော့ ခက်တယ်၊ ဓာတ်သိရင် အလွယ်ကလေး" ဆိုသော …စကားကို သတိရနေသည်။

သူသည် ငွေကုန်ကြေးကျခံကာ ဝေဒနာကို ကုခဲ့၏။ အလုပ်ပျက်အကိုင် …လည်း ဖြစ်နေ၏။ လူလည်း နေ့သေရမလား၊ ညသေရမလား အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေ၏။ သူ၏ ဝေဒနာမှာ ဓာတ်ပညာဖြင့် ပိုက်ဆံငါးမူးလောက်သာ ကု စရာ ရှိကာ အမြန်ဆုံး ပျောက်ကင်းနိုင်လေသည်။

"နံ့သာဖြူ ဆီးဖြူသီးခြောက်၊ ဇဝက်သာကို ပျားရည်နှင့် စပ်သောက်" ဟု ဓာတ်စာများ ရေးပြီး ဆေးနည်းပေးလိုက်ရသည်။ တစ်နေ့လုံး ဝေဒနာမျိုးစုံနှ တွေ့ရသည်။ အခန်းထဲရှိ ပရိသတ်ကြီးကို ကြည့်လိုက်ကာ အိမ်တိုင်း လူမမ ရှိပါကလား၊ လူတိုင်း ဝေဒနာ ရှိပါကလားဟု မြန်မာလူမျိုး၏ ကျန်းမာရေ အခြေအနေကို များစွာ စိတ်ပျက်မိသည်။

မြန်မာ့ဆေးပညာ၊ ဓာတ်ပညာ ပြန့်ပွား ထင်ရှားပေါ်လွင်လာလျှင် လူတိုင် ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် စားတတ်နေတတ်ကြကာ လူမမာ နည်းသွားမည် အဖြစ်ကို တွေးမိ၍၊ စာပေဖြင့် ပြန့်ပွားအောင် တတ်နိုင်သလောက် ဖြန့်ဖြူးရ အကြံပြုသည်။

တစ်နေ့လုံး လူနာတွေနှင့် အချိန်ကုန်လျက် ညနေစောင်းမှပင် အိမ် ပြန်ခဲ့ရသည်။ နောက်တစ်နေ့ စောစောလာပါရန် မှာကြ၍ နောက်တစ်နေ့တွ နံနက် ရှစ်နာရီ အရောက်သွားရသည်။

အခန်းကြီးထဲတွင် မနေ့ကထက် လူများကာ ပြည့်ကျပ်နေ၏ တစ်ယောက်တည်း မနိုင်၍ ဓာတ်စာ စာရွက်များကို ပြည်ထောင်စု လူငယ်အဖွဲ့ အား ခွဲရေး ခိုင်းရသည်။

လေငန်းဖြတ်ထားသော အဘွားအို၊ အဘိုးအိုတို့ကို လှည်းနှင့် တင်ယူလာ ကြ၍ နေရာမှ ထပြီး လှည်းနား သွားရပ်ကြည့်ရသည်။

'ထမင်းပြန်မစားပါနဲ့၊ ဒီစားပွဲခုံပေါ်မှာပဲ စားပါတော့။ စာရင်းပေးပြ တာ လူ ၁၀၀ ဖြစ်နေလို့။ ဒီနေ့ အိမ်ပြန်ဖို့တော့ စိတ်မကူးပါနဲ့တော့၊ ညဘက် မီးထွန်းပေးပါမယ်'

ကျွန်မမှာ ဆိုင်က မှာပေးကြသော ထမင်းကို စားပွဲခုံပေါ် တင်စားရ နံနက် ရှစ်နာရီမှ ည ဆယ်နာရီအထိ နေရာမထ ရေးပေးနေရသည်။ ဇက်တွေ လည်း တောင့်လာ၏။ ရေးရသည့် စာရွက်များမှာ ဝတ္တုရှည် နှစ်ပုဒ်၊ သုံးပုဒ် ရေးရသလောက် ရှိမည်။ တစ်ယောက်ပြီး၍ တစ်ယောက် ထသည့်ကြား၊ အားလ ခိုက် အချိန်တွင် လက်ချောင်းများ မဆန့်နိုင်၍ ဆွဲဖြန့်ပေးရသည်။

ငုံ့ရေးနေစဉ် ဓာတ်မီးရောင် မြင်ရမှ ဘယ်အချိန်က မှောင်မှန်းပင် မသိ လိုက်ပေ။ လူနာ ၁၀၀ ပြီးအောင် ဖွဲကြီးကြီးနှင့် ကုပေးနေရ၏။ လူတွေကား ဝင်လာမစဲ တသဲသဲပင်။

'အားနာစရာ ကောင်းပါပြီဗျာ၊ မနက် ရှစ်နာရီထဲက လာထိုင်နေတာ





ကြာ ကပါပြီ။ သူ့အိမ်မလည်း လူနာတစ်ဖက်နဲ့၊ နောက်များမှပဲ လာရင် တွေ့ကြ ရ၊ ခင်ဗျားတို့ စာရင်း မသွင်းနိုင်တော့ဘူး' ဟု ပြည်ထောင်စုလူငယ်များက ခေါ် ထပ်လာပေးသော လူသစ်တွေကို တွင်တွင် တောင်းပန်ကာ ပြန်လွှတ် ရသည်။

ညဦးနက်မှ အိမ်သို့ ပြန်လာခဲ့ရသည်။ စာရင်းအရ လူနာ ၁၂၈ ယောက်ကို ကုပေးခဲ့သည်။ အိမ်ရောက်လျှင် ခြေကုန်လက်ပန်းကျကာ အိပ်ရာထဲဘွင် ခွေခွေလုံးလျက် နုံးနေတော့သည်။

မြေထဲမှ မထွက်ခင် စိုးရိမ်စရာ အခြေအနေ ရှိနေသော ဒေါ်ကုလားမ ထံသို့ သွားကြည့်ခဲ့သည်။ ဒေါ်ကုလားမမှာ အိပ်ရာထဲမှ လူးလဲ ထထိုင်ကာ အားငါ သက်သာရာ ရကြောင်း၊ မအန်ကြောင်းကို ရေပက်မဝင်အောင် ဝမ်းသာ အားရ ပြောပြနေ၏။

မြေထဲတွင် ဒေါ်ကုလားမကဲ့သို့ ချမ်းသာ သက်သာရာ ရမည့်သူများ အနည်းမည် မဟုတ်ပေ။ ကျွန်မ၏ အမိဋ္ဌာန်အတိုင်း အများအကျိုး ကုသိုလ်ဖြစ် အောင်ရွက်ပေးရသည့်အတွက် တွေးမိတိုင်း ကျေနပ် နှစ်သိမ့်နေ၏။

ရန်ကုန်အပြန် မြေထဲမှ ပြည်မြို့သို့ ကူးခဲ့ရာ ပြည်မြို့ စာဖတ်အသင်းမ ရောက်တွင် ကျွန်မအား ဂုဏ်ပြု ညစာစားပွဲတစ်ခု ပြုလုပ်၏။ "ပဋ္ဌာလပညာတ်ခောက် ကျမ်း" စာအုပ်ကို အကြောင်းပြု၍ ဂုဏ်ပြုပွဲ၌ စာပေနှင့် ပတ်သက်ရာသာ ပြောချင်လေသည်။ ဗျို့၊ ကဗျာ၊ လင်္ကာ၊ ဝတ္တု၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင် ကျမ်း၊ သင်္ချာကျမ်း စသော စာပေ၏ ဂုဏ်ကျေးဇူးများကို ကြွလာကြသော ပရိသတ်တို့အား တစ်နာရီခန့် ကြာအောင် ဖွင့်လှစ် ထုတ်ဖော် ဟောပြောခဲ့မိ လေသည်။

[ ရှုမဝ၊ မတ် ၁၉၅၅ ]

www.burmeseclassic.com

www.burmeseclassic.com

## အဘ ပေးသောအမွေ

၁

အိုင်ကလောင် အဘဓာတ်ဆရာကြီး ဆရာလှိုင် မကွယ်လွန်မီ ကျွန်မကို အမွေ သုံးရပ် ပေးအပ်သွားသည်။

ကျိုးသွားသော အဘ၏ အံသွားတစ်ချောင်းကို "ရော့ သမီး၊ ယူတော့" ဆိုကာ ပေးသဖြင့် အဘ၏ အံသွားကို ရွှေကြုတ်နှင့် ထည့်ကာ တရိုတသေ အမြတ်တနိုး လည်၌ အမြဲ ဆွဲထားသည်။

ဒုတိယအမွေကား ဓာတ်ပညာကို အချိန်ပေးကာ သင်ကြားပေးပြီးနောက် အဘက မိန့်မြွက်လေ၏။

'မမလေး ... မြို့အုပ်စာမေးပွဲ အောင်ရင် မြို့အုပ် ဖြစ်ကရောလား အစိုးရက အာဏာပေး ခန့်အပ်မှ မြို့အုပ်ဖြစ်သလား'

ကျွန်မက ဖြေသည်။

'အစိုးရ ခန့်အပ်မှ မြို့အုပ်ဖြစ်ပါတယ် အဘ'

အဘသည် ပြုံး၍ ခေါင်းညိတ်သည်။

'မှန်သကွယ့်၊ အခု နေလဓာတ်ပညာမှာလည်း ဒီအတိုင်းပဲ၊ အဘ မသေ သမီးကို ဒီပညာ အပ်ခဲ့ရမယ်၊ အာဏာအပ်ခဲ့ရမယ်'

နေလဓာတ်ပညာကို အမွေ ဆက်ခံရမည်ဆိုသဖြင့် ခေါင်းကြီးသွားမိသည်။ အမွေ ဆက်ခံရမည့် ကျွန်မမှာ ဤဓာတ်ပညာ၏ ဂိုဏ်းနှင့် ဤဓာတ်ပညာ၏ ဂုဏ်ကို နားလည်သိရှိ စောင့်ထိန်းရမည့် ကျွန်မ တာဝန်၊ ကျင့်ဝတ်တွေ မသေး ကလားဟု တွေးမြင်မိသည်။

'သမီးရေ ... ပဲခူး ရွှေမော်ဓောဘုရားမှာ သမီး ဆေးလှူပါ၊ အဘ ပေးမယ် အဲဒီမှာ ပညာအပ်မယ်'

ကျွန်မ ဆေးလှူရန် အဘက ဆေးပုလင်း ၁၅၀၀ ဖော်စပ်ပေးသည်။

ပဲခူး ရွှေမော်ဓောဘုရား ရင်ပြင်တော်ပေါ်၌ ဆေးပုလင်း လှူနေသော ကျွန်မကို အလှူခံသော လူ ၁၀၀၀ ခန့် ဝိုင်းအုံထားကြသည်။ လူအုပ်ကြီး အလယ် မွန်းကျပ်နေကာ လက်မလည်အောင် လှူဒါန်း ဝေငှနေခိုက် အဘက ဇရပ်ပေါ် တစ်ချိန်လုံး ထိုင်ကြည့်နေသည်။





ဆေးလှူပြီးနောက် အဘက ပြောသည်။

'မောင်ဘခိုင် (ကွယ်လွန်သွားသော နေလဝိဇ္ဇာ ဆရာခိုင်)က ဦးတယ်၊ ...လေးက ထူးတယ်။ မောင်ဘခိုင်ကို အဘ ၁-၂ ဂဏန်း ပေးလိုက်တယ်၊ ...သမီး မမလေးကိုတော့ အဘ နေ- လ- စမ ပေးတယ်။ ဒီကနေ့က စ၍ ...သမီး ဓာတ်ရှင်ဘုရင်မ ဖြစ်ပြီ'

အဘသည် ပြောဆိုပြီး နှစ်သိမ့် အားရစွာ ရယ်မောလိုက်သည်။

'အဘ အာဏာအပ်ပြီ၊ ငါ့သမီး ပါးရေနားရေတွန့်သည့် အရွယ်အထိ ...းကု'

ဆက်လက်၍ ပြောဆိုနေသော အဘ မျက်နှာကို ကျွန်မ တစိမ့်စိမ့် စိုက်၍ ...ည့်နေသည်။ ဤနေ့လောက် အဘ၏ ရွှင်လန်း ချမ်းမြေ့လှသော မျက်နှာမျိုးကို ...စ်ခါဖူးမျှ မတွေ့ခဲ့ဖူးပေ။ အဘနှင့် တွေ့ဆုံရသည့် ကိုးနှစ်ပတ်လုံး ကျွန်မကို ...ဘ် ရှိ မရှိ၊ ပါရမီ ရှိ မရှိ၊ ဝီရိယ ရှိ မရှိ၊ သတိ ရှိ မရှိ၊ သမာဓိ ရှိ မရှိ၊ ...ဘ ရှိ မရှိ၊ သဒ္ဓါတရား ရှိ မရှိ၊ သစ္စာ ရှိ မရှိ နေ့စဉ်အမှု အမျိုးမျိုး အဖုံဖုံ ...က်ဘက်မှ စူးစမ်း အကဲခတ် စမ်းသပ်ခံရပြီးမှ ပေးအပ်သည့် ပညာ၊ ပေးအပ် ...ည့် အာဏာ၊ ပေးအပ်သည့် အမွေ ဖြစ်ခြင်းကြောင့် လူသတ္တဝါ အပေါင်းတို့၏ ...ဂါဝေဒနာ အပေါင်းကို ဤဓာတ်ပညာဖြင့် ကယ်ဆယ်နိုင်ပါစေသားဟု ...တောင်းပြီးမှ အဘအမွေကို အလေးအမြတ် ခံယူလိုက်သည်။

တတိယအမွေမှာ အဘ ဓာတ်ဆရာကြီးနှင့် ခွဲခွာရတော့မည့် မကွယ်လွန် ...င် သပိုင်း မတိုင်မီ တစ်နေ့၌ နံနက်ဘက် အဘထံသို့ ရောက်သွားသည်။

အဘသည် ဖြူစင်သော မျက်နှာသုတ်ပဝါကို ခေါင်း၌ ပတ်ပေါင်းထား ...သည်။ ဖြူဆွတ်နေသော ပိတ်အင်္ကျီခါးတို ဝတ်ထားသည်။ ပုဆိုးကလည်း အဖြူ။

နံနက်စောစော ပက်လက်ကုလားထိုင်ပေါ်၌ ဖြူဖြူစင်စင် အဘကို မြင် ...ိုက်ရသည်မှာ စိတ်ကို ကြည်နူးချမ်းသာသွားသည်။

ကျွန်မက ကုလားထိုင် ခြေရင်းမှာ ထိုင်လျက် အဘကို ဦးချလိုက်သည်။

အဘသည် ပက်လက်ကုလားထိုင်ပေါ်မှ ခါးကို ဆန့်လိုက်ကာ၊ ခါးတို ...ကျီ အိတ်ထဲ၌ အရာတစ်ခုကို နှိုက်လိုက်သည်။ အဘယ်အရာမှန်း မမြင်ရ။ ...ဲ ယူလိုက်သော ပစ္စည်းကို လက်ထဲတွင် ဆုပ်ကိုင်ထားပြီးမှ ပြောသည်။

'မမလေး၊ ဝိဇ္ဇာလို့များ လာပြောရင် ဘယ်သူ ပြောပြော မယုံလေနဲ့။ ...ဲသား ... ရော့'

အဘ လက်ကမ်းလိုက်လျှင် ကမ်းလိုက်ချင်း ဘာများပါလိမ့်ဟု အံ့အား ...င့်သင့်ဖြင့် အဘရှေ့သို့ ကိုယ်ကို ညွှတ်ကာ လက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘ လက်ထဲမှ ဆုပ်ထားသော ခတ်လုံးသည် ကျွန်မ လက်ဝါးပေါ်သို့ ရောက်လာသည်။ ခတ်လုံးကို တစ်လှည့်၊ အဘကို တစ်လှည့် အံ့သြကြီးစွာဖြင့် ကြည့်မိသည်။

အဘနှင့် တွေ့ဆုံရကာ ပညာ သင်ယူ ဆည်းကပ် ကိုးကွယ်ခဲ့သည် ကိုးနှစ်ပတ်လုံး အင်္ဂါရတ်၊ လုပ်ရပ်ပညာတို့နှင့် ဆက်စပ်ပတ်သက်၍ တစ်ခါတစ်ခါမှ စကား မစပ်ခဲ့ဖူးပါလျက် ယနေ့မှ ဘယ်အကြောင်းကြောင့် ခတ်လုံးကို ပေးပါလိမ့်။ အဘ ဖိုထိုးကြောင်း လေသံမှ မဟဖူးလျက် ဤခတ်လုံးသည် အဘ၌ ဘယ်အချိန်က ရှိပါလိမ့်။ သို့လော သို့လောတို့ဖြင့် ဝေခွဲ မရနိုင်လောက်အောင်ပင် အံ့သြမိသည်။

ထူးခြားသည်မှာ ကျွန်မ လက်ထဲ ခတ်လုံး ထည့်လိုက်ပြီးနောက် ခတ်လုံးနှင့် ပတ်သက်၍ စကားတစ်ခွန်းမှ ဆက်၍ မပြောဘဲ စကား ပြောင်းလိုက်သည်။

'သမီးများ ဒီခတ်ပညာနဲ့ စီးပွားရှာရင် ပိုက်ဆံတွေ ထားစရာ မရှိအောင် ဖြစ်မယ်။ ပိုက်ဆံတွေ အများကြီးရှိတော့ ဘာလုပ်မှာတုံး'

ကျွန်မမှာ ခတ်လုံးကို ဆုပ်ကာ အဘကို ငိုင်ကြည့်နေမိသည်။ တစ်စုံ တစ်ရာ မပြောဘဲ ငြိမ်သက် တိတ်ဆိတ်နေသည်။

အဘက ဆက်ပြောသည်။

'အဘ နေရတော့မယ် မဟုတ်ဘူး၊ အဘ မရှိတဲ့နောက် အဘ မရှိဘူးလို့ မမှတ်နဲ့၊ အဘ ရှိသလိုပဲ မှတ်။ အဘ ဆိုဆုံးမတာတွေ လိုက်နာပါ သမီး'

အဘထံမှ ပြန်ခဲ့ပြီး အဘ ပေးဖူးသော အံ့သွားကဲ့သို့ပင် ခတ်လုံးကိုလည်း အမွေတစ်ရပ်၊ အဆောင်တစ်ခုအဖြစ် တရိုတသေ သိမ်းထားလိုက်ပြီး ဤခတ်လုံးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တွေးတော စဉ်းစားခြင်းပင် မရှိမိပေ။ အဘ ကွယ်လွန်သွားပြီးနောက် ပေးခဲ့သော ခတ်လုံးမှာ နှစ်ပေါင်း အတန်ကြာ သူ့နေရာ၌ သူ့အတိုင်းပင် ရှိနေ၏။ ထုတ်၍ ကိုင်ကြည့်ခြင်း၊ ခတ်လုံးနှင့် ပတ်သက်၍ တွေးတောစဉ်းစားခြင်း အလျှင်းမရှိ။

၂

လွန်ခဲ့သော လ က ကျွန်မ တူတော်မောင် မော်ဘီ ရှမ်းတပ်ရင်း(၁)မှ ဖိုလ်ကြီး ကျော်ဇော အိမ်ရောက်လာသည်။

'ဟော့ … မင်း ဖိုထိုးနေသေးသလား'

သူ ထိုင်ထိုင်ချင်း ကျွန်မက မေးလိုက်သည်။





'အချိန်ရရင်တော့ ထိုးတာပဲ ဒေါ်ကြီး'

ကျွန်မ သူ့ကို ကရုဏာ ဖြစ်မိသည်။ ရေထမ်းသမားက ခတ်လုံးတစ်လုံး ကောက်ရပြီး သူ့ကို ပေးခြင်းက အကြောင်းပြု၍ ဖိုထိုးနေသူ ဖြစ်သည်။ စစ်တပ်မှ ပြောင်းရွှေ့သွားလေရာ အရပ်တကာ၌ သဲသဲမဲမဲ ဖိုထိုးနေသော သူ့သတင်းကို ကြားရသည်။

အင်္ဂါရတ်ကျမ်း အစောင်စောင် ကြည့်၍၊ ဝါသနာထုံ၍ ဖိုထိုးနေခြင်း မဟုတ်ဘဲ ရေထမ်းသမားထံမှ လက်ဝယ်သို့ ထူးဆန်းစွာ ရောက်ရှိလာသော ခတ်လုံးကလေးကို သူ့စိတ်ကူးနှင့်သူ ကောင်းမည် ထင်သလို စွတ်တင်ထိုးနေသည့်အတွက် သူ့အပေါ်တွင် ကရုဏာ သက်မိသည်။

'မင်းဟာကကွာ စိတ်မောစရာကြီးပါ။ သူများခတ်လုံး ဆက်ထိုးရဘာ ဘာနဲ့ သန္ဓေတည်မှန်း မသိ၊ ဘာနဲ့ ဆုံးရမှန်း မသိ၊ စိတ်မောစရာကြီးပဲ။ ဒေါ်ကြီး ဖိုထိုးဖူးပေမဲ့ ဒေါ်ကြီး ရေးတဲ့ **လောကီရတနာ** ဝတ္ထုထဲက ကြီးကြီးခင်အတွက် သူ့ခတ်လုံး အဆုံးမသတ်တတ် ဖြစ်နေတာ၊ ကြားက ဒေါ်ကြီး တော်တော် စိတ်မောခဲ့ရဖူးတယ်'

တူတော်မောင်က ပြုံးလျက် ပြန်ပြောသည်။

'အခု ကျွန်တော် ထိုးနေတဲ့ ခတ်လုံးက အရင်ခတ်လုံး မဟုတ်တော့ဘူး။ အရင် ခတ်လုံးက ပျောက်သွားတယ်။ ဒိုက်ဦး ဆရာတော်က သံကို ခတ်လုံး လုပ်ပေးပြီး မင်းဟာမင်း စိတ်ကူးရှိသလို လုပ်ဆိုလို့ လုပ်နေတာပဲ ဒေါ်ကြီး'

မောင်ကျော်ဇောသည် အိတ်ထဲမှ ရွှေအဆင်းကဲ့သို့ ရွှေရောင်ဝင်းနေသော ခတ်လုံးကလေးကို ထုတ်၍ ပြသည်။ သူ့ခတ်လုံးကို ယူကြည့်လိုက်ကာမှ အဘ ပေးခဲ့သော ခတ်လုံးကို ဖျတ်ခနဲ သတိရမိသည်။

'ဒေါ်ကြီးလည်း မင်း ခတ်လုံးမြင်မှ အဘ ပေးခဲ့တဲ့ ခတ်လုံး သတိရ တော့တယ်။ ဒေါ်ကြီးကို အဘ မသေခင် ခတ်လုံးတစ်လုံး ပေးသွားတယ်'

'ဟုတ်လား၊ အဘ ပေးသွားတယ်လား။ ဒါနဲ့များ ဒေါ်ကြီးကလည်း နေနိုင်လိုက်တာ။ ဒီအတိုင်းပဲ ထားရသလား၊ ဘာမှ ဆက်မလုပ်တော့ဘူးလား၊ ပြပါ ဒေါ်ကြီးရယ်'

မောင်ကျော်ဇောမှာ အားမလို အားမရ ဖြစ်လှသည့်ဟန် အပြည့်ဖြင့် ကျွန်မကို ပြစ်တင် ညည်းတွားနေသည်။

အတန်ကြာစွာ ငြိမ်နေပြီးမှ ကျွန်မ သူ့ကို မေးလိုက်သည်။

'မင်း ခတ်လုံး ထိုးနေတာ ၁၀၈ နဝင်းအကြောင်းကို အခြေခံဖြစ်နဲ့ သိသလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မသိဘူး ဒေါ်ကြီး'

မောင်ကျော်ဇောက ရိုးသားစွာ ဖြေကြားပြီး ရယ်မောနေသည်။

'ဒေါ်ကြီး သိသလောက်တော့ အင်္ဂါရုတ်ဟာ နဝင်းပဲကွ။ နဝင်းကို စီရင်နိုင်မှ၊ နဝင်းကို ကောင်းကောင်း လေ့ကျက် သင်ယူ မှတ်သွားနိုင်မှ ဖြစ်မှာ'

မောင်ကျော်ဇောသည် လွန်စွာ စိတ်ဝင်စားလာသည်။ ကျွန်မ နားသို့ တိုးရွှေ့လာသည်။

'ဘယ်လို သင်ယူ မှတ်သား လေ့ကျက်ရမယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါ ဒေါ်ကြီးရယ်'

'ဗိုပဲ ထိုးနေမှပဲ၊ ဉာဏ်ကျက်စားဖို့ရာ ရှေးက လုပ်ရပ်ကျမ်းစာတွေ ဖတ်ရဦးမယ်။ ရှင်မထီးကျမ်း၊ အဇ္ဈဂေါဏကျမ်း၊ ရသေ့ ဦးအောင်ကျမ်း၊ ဣန္ဒာစရိယကျမ်း၊ ရေတိမ်ဆရာကျမ်း၊ ပုဂံကျမ်း အစရှိတဲ့ ရှေးဟောင်းလုပ်ရပ်ကျမ်းတွေ လေ့လာရင်၊ ကျမ်းကျင် လိမ္မာ နှံ့စပ်လာရင် နဝင်းအကြောင်း သိလာမယ်။ သိရုံတင် မဟုတ်သေးဘူး၊ ထိုးထွင်းဉာဏ် ရှိသူမှလည်း ပြဒါးကို သေအောင် ၁၀၈ နဝင်းနဲ့ သတ်နိုင်မယ်။ ၁၀၈ နဝင်းက လွဲပြီး ဘယ်ပစ္စည်း ဝတ္ထုနဲ့မှ ပြဒါးကို သတ်လို့ ပြဒါး မသေဘူး။ တနင်္ဂနွေ အစ စနေ ရာဟု ဂြိုဟ် ရှစ်ခုရဲ့၊ ဂဏန်း ရှစ်ခုရဲ့ ဂြိုဟ်သက် ၁၀၈ နဝင်း၊ ဦးသာစိန်ပန်း ဒန်းလှကိုရှာ ဆိုတဲ့ မိတ်ဖက် ဂြိုဟ်သက် ၁၀၈ နဝင်း၊ အင်္ဂွေဂဗ္ဗေ စရေဝံသေ ဆိုတဲ့ ဓာတ်ဖက်ဂြိုဟ်သက် ၁၀၈ နဝင်း။ အဲဒီကျမ်းတွေ ကြည့်ရင် အဲဒီ နဝင်းတွေ သိလာမယ်'

မောင်ကျော်ဇောသည် စိုက်ငေး နားထောင်လျက်မှ ခေါင်းယမ်းလိုက်သည်။

'အင်္ဂါရုတ်ကျမ်းတွေကလည်း ဒေါ်ကြီးရယ် ဖတ်ပြီး နားလည်ဖို့ သိပ်ခက်တယ်။ တချို့ ဘာအဓိပ္ပာယ်တွေမှန်းတောင် ကျွန်တော် မသိဘူး၊ စိတ်ပျက်စရာပဲ'

သူ စိတ်ပျက်သည်ဆို၍ ကျွန်မ ပြုံးမိသည်။

'ရှေးခေတ်က ဉာဏ်ရင့်တဲ့ ပုဂ္ဂိုလ်တွေ ရေးသွားတဲ့ ကျမ်းတွေကွယ့်၊ မမှန်တာ တစ်ခုမှ မရေးဘူး။ ဉာဏ်စမ်းထားတာ၊ ဉာဏ်တူရင် ယူတော့ပဲ။ ဒီကျမ်းတွေကို ခုခေတ် လူငယ်တွေ ဘယ်နားလည်ပါတော့မလဲ။ အဲလကားဟာတွေ ထင်မှာပေါ့။ က ခ ဂ ဃ င တနင်္လာ၊ စ ဆ ဇ ဈ ည အင်္ဂါ ဆိုတာလေးတွေတောင် မသိကြတော့တာ။ စပ်ပူခါးသား ဆေးလေးပါး၊ မယားအိမ်နေ မသိဆေးနှင့်၊ ငရုတ် ကြက်သွန် ဆေးမွှန် နှစ်ပါး၊ တစ်ကို ဂဠုန်၊ သုည နဂါး၊ ရှစ်ကာရာဟု၊ ၁ ၂ ၃ ၄ စာမတွေးနှင့် ဆိုတာတွေ မြင်ရင် ဘာတွေ ရေးထားပါလိမ့်





ဆင်တော့ မပေါ့။ ၁၀၈ နဝင်းကို ပြနေတယ်ဆိုတာ လေ့လာတဲ့သူမှ သိတာ။ ဆေ့ရင် လာပါတယ်'

ကျွန်မ စိတ်ထဲ၌ ၁၀၈ နဝင်းမှ မသိဘဲ ဘယ်ပုံဘယ်နည်း ဖြစ်ပါလိမ့်မလဲဟု သူ့အတွက် စိတ်မောမိသည်။

'အင်္ဂါရုတ်က နည်းအမျိုးမျိုးပါပဲ ဒေါ်ကြီးရယ်၊ ဒေါ်ကြီး ဘယ်နည်းကို သဘောကျသလဲ'

အမေးရှိ၍ အဖြေရှိရတော့သည်။

'ဒေါ်ကြီး သဘောကျထားမိတဲ့ နည်းက "ခြသေ့်ထီးဆောင်၊ အပေါင်းဝင်ရာ" နည်းပဲ ဆိုပါတော့'

ကျွန်မ တူတော်မောင်မှာ ကျွန်မ ဘာပြောမှန်း၊ အဓိပ္ပာယ် သိလိမ့်မည် မဟုတ်မှန်း သိလျက်ဖြင့်ပင် သူ မေး၍ ပြောရသည်။

'လုပ်ရပ်နည်းတွေဟာ အကောက်အယူ မမှန်၊ ကျမ်းဂန်သဘော မပေါက်၊ ဉာဏ်ပညာ မထက်မြက် မစူးရှရင် ပစ္စည်းကုန်ရုံ၊ လူမွဲရုံပဲ ရှိမယ် မောင်ကျော်ဇော'

'ဒေါ်ကြီးပြောတဲ့ "ခြသေ့်ထီးဆောင်း အပေါင်းဝင်ရာ" ဆိုတာကို ကျွန်တော် ဘာမှန်း နားမလည်ဘူး၊ ရှင်းပြစမ်းပါ ဒေါ်ကြီးရယ်'

တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမှ ဖိုမထိုးဖူးသူကို ရှင်းပြရန် အတင်းဆောင်းဆိုနေတော့သည်။

'မင်းတို့ အင်္ဂါရုတ်မှာ ပြဒါးကို မပြေးနိုင်အောင် နှိပ်စက်တားဆီး ချုပ်နှောင်ဖို့ရာ ပြဒါးချုပ်ဆေး ပထမ လိုအပ်တယ် မဟုတ်လား။ "ခြသေ့်ထီးဆောင်း" ဟာ အင်္ဂါရုတ်မှာ မူလဆေးလည်း ဖြစ်တယ်။ ၎ သ ည ခ ဆေးလည်း ဖြစ်တယ်။ က ရ ဏ ယ အောက်ပ– လေးထောက်ဆေးလည်း ဖြစ်တယ်။ ဂြိုဟ်ဆေးလည်း ဖြစ်တယ်။ နက္ခတ်ဆေးလည်း ဖြစ်တယ်။ စကုပညာသ ဆေးလည်း ဖြစ်တယ်။ အင်္ဂါ တြင်း ဆေးလည်း ဖြစ်တယ်။ ၁၀၈ နဝင်းဆေးလည်း ဖြစ်တယ်။ ဒါကြောင့် ခြသေ့်ထီးဆောင်းက ပြဒါးချုပ်ဆေးပဲ၊ သဘောပေါက်သလား'

သူက မဆိုင်းမတွ လျင်မြန်စွာ ဖြေသည်။

'မပေါက်ဘူး ဒေါ်ကြီး'

'အေး ... ဒီအတိုင်း ဖြစ်ရမယ်'

မောင်ကျော်ဇောမှာ တဟားဟား ရယ်နေသည်။

'ပြဒါးကို ဓာတ်ရုပ်ပျောက်ပြီး၊ တစ်ပါးဓာတ် ရုပ်နှာမ်ရောက်သွားအောင် ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်ဖို့ရာအတွက် ပြဒါးသတ်မယ့်ဆေးက "အပေါင်းဝင်ရာ" ဆေးနဲ့ သတ်ရမယ် ဆိုတယ်။ "အပေါင်းဝင်ရာ" ဟာ အာနိဆေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ကြိုဟ်ဆေးလည်း ဖြစ်တယ်။ နက္ခတ်ဆေးလည်း ဖြစ်တယ်။ တြင်းဆေး လည်း ဖြစ်တယ်။ နဝင်းဆေးလည်း ဖြစ်တယ်။ အဲဒီ ပြဒါးချုပ်ဆေး၊ ပြဒါး သတ်ဆေးဆိုတဲ့ ခြသေ့်ထီးဆောင်းနဲ့ အပေါင်းဝင်ရာကို ဓာတ်ဆေးဖော် ရောစပ်ပြီးမှ ပြဒါးကို ဖမ်းရမှာ။ ဒါကြောင့် ဒေါ်ကြီး "ခြသေ့်ထီးဆောင်း အပေါင်းဝင်ရာ" နည်းကို သဘောကျမိတယ်'

ကျွန်မ ပြောသမျှ စိတ်ဝင်စားစွာ နားစိုက်လျက်မှ ပင့်သက်ကလေး ချကာ သူ့အတွေ့အကြုံကို ပြောပြသည်။

'တချို့ ပြဒါးကို ထိုးကြတာတော့ ဘော်၊ နာ၊ ပြဒါး ဒီသုံးပါးကို စံရင်ကြတာပဲ ဒေါ်ကြီး'

'ဒါက ဒန်နာသုတရဓာတ ၁၀၈ ဂဏန်းကောက်ပြီး ထိုးနေကြတာကွယ်။ ၁၀၈ ဂဏန်း ကောက်ထိုးဖို့ရာ မဟုတ်ဘူး။ ၁၀၈ ကို ပြရင်၊ ၁၀၈ ကို မြင်ရင် ဂဏန်း ရှစ်လုံး၊ ဂြိုဟ် ရှစ်လုံး ပြတာဆိုတာ ထိုးထွင်းဉာဏ်နဲ့ မြင်မှ ဖြစ်မယ်။ ပါပဂြိုဟ် ဂဏန်းလေးလုံး၊ သောမဂြိုဟ် ဂဏန်းလေးလုံး၊ ဂဏန်းရှစ်လုံး၊ ဂြိုဟ် ရှစ်လုံးက ဓာတ်ဆေးရှစ်ပါးကို ပြောတဲ့ ၁၀၈ ပဲလို့ အဓိပ္ပာယ် ကောက်ယူကြည့် ပေါ့။ ဒါကြောင့် "ဘီလူးလေးကောင်၊ လူလေးကောင်၊ တောကြောင်နှင့်ဖက် အိမ်ကကြွက်" ကျမ်းမှာ ဆိုထားတယ်။ မင်းက ကျမ်းမကြည့်တော့ ဘယ်လိုမှ ရှင်းအောင် မပြောတတ်ဘူးကွယ်'

'ဒေါ်ကြီး ပြောတာ ဟုတ်တော့ ဟုတ်တယ်၊ ကျွန်တော်ကလည်း ကျမ်း တွေ အစုံကြည့်တာ မဟုတ်ဘူး။ ဖြတ်လမ်းက လိုက်နေတာ'

ဤတွင် မောင်ကျော်ဇောသည် ဟက်ဟက်ပက်ပက် ရယ်ပြန်လေသည်။

'ပြဒါးကို ချုပ်ပြီး၊ သတ်ပြီး ဘာဆက်လုပ်ရမလဲ ဒေါ်ကြီး'

သူ၏ ဓာတ်လုံးကို စိတ်ကူးတည့်ရာ ထိုးနေသော သူက ပြီးဆုံးရမည့် စခန်းကိုတော့ သိချင်စိတ်ရှိမည် အမှန်။

'ချုပ်ပြီး၊ သတ်ပြီး၊ ဖမ်းပြီး နောက်ဆုံး အစာကျွေးရမှာပေါ့။ အစာကျွေး ပြီးတော့မှ အန်တဲ့ပြာကို လိုရာသုံး ဆိုတယ်။ လွယ်တဲ့အလုပ် မဟုတ်ဘူးဟေ့'

'ဟုတ်တော့ ဟုတ်ပါတယ် ဒေါ်ကြီး၊ မလွယ်ပါဘူး ပြောတာတောင် နည်းကျအောင် တိတိကျကျ လုပ်နိုင်ဖို့က အတော်ကြီး လိုဦးမှာ'

စောစောက စိတ်မပါဘဲ ပြောနေသော ကျွန်မမှာ သူ့ထံမှ စိတ်ပျက်သံ ကလေး ထွက်လာ၍ ဆက်ပြောရန် စိတ်ပါလာသည်။ အချိန်ကုန်၊ ငွေကုန် စိတ်နောက်ကိုယ်ပါ မလုပ်စေဖို့အတွက် ဆိုဆုံးမရန် အကွက်ဝင်လာသည်။

'နည်းကျအောင် ဆိုတာကိုက မလွယ်လိုက်တာမှ အခက်ဆုံးပဲ။ ဂဏန်း





...ဒ်အပြင် ကိုတ် ကိုးဂဏန်းလည်း သိရမယ်၊ ဆယ်ဂဏန်းလည်း မြင်ရမယ်။ ...မ္ဘာလောကဓာတ်ကြီး မတည်မကျ ဖြစ်ချီပျက်ချီ ဖြစ်ရတဲ့ ကပ်လေးကပ်မှာ ...မ္ဘာပျက်မိုး ရွာသည်က စပြီး မိုးလျှံစဲသည့်တိုင်အောင် အန္တရကပ် ၆၄ ကပ်နဲ့ ...တဲ့ သံဝဋ္ဋကပ် တစ်ကပ်၊ သံဝဋ္ဋဒါယီကပ် တစ်ကပ်၊ ဝိဝဋ္ဋကပ် တစ်ကပ်၊ ...ဋ္ဋဒါယီကပ် တစ်ကပ်၊ ဒီကပ်လေးကပ်မှာ ကမ္ဘာပြုမိုး ရွာပြီး နေလ ပေါ်သည့် ...ိုင်အောင် လေးကြိမ် ၆၄ ကပ် ကြေဆုံးတဲ့အတိုင်း၊ အသင်္ချေယျ ကပ်လေးကပ် ...ာ မဟာကပ်တစ်ကပ် ဖြစ်တဲ့အတိုင်း ဓာတ်လုံးမှာလည်း ချုပ်တာ၊ ဖမ်းတာ၊ ...တ်တာ၊ အစာကျွေးတာ၊ လေးကြိမ်လေးကပ် ကြေဆုံးမှ အောင်မြင်မယ် ...တယ်။ ကပ်လေးကပ်နဲ့ ညီမျှအောင် စီမံနိုင်ဖို့ရာကလည်းကွာ ဆယ်ဂဏန်းကို ...မြင်ဖို့ နည်းနိဿယ ကျနအောင် အလွန် အရေးကြီးတယ်။ ဒါမှ အောင်မြင်မှာ ...ဲ့ စွတ်တင်ထိုးနေလို့ ငွေကုန်၊ လူမောရုံ ရှိတော့မပေါ့'

စိတ်ရှည်ရှည်ဖြင့် သူမှ ဆင်ခြင်နိုင်ပါစေတော့ဟု သိရှိသမျှ အကျယ်တဝင့် ပြောပြမိသည်။ သူက သူ့အတွေးနှင့်သူ ကောက်ကာငင်ကာ မေးပြန်ချေသည်။

'အဘ ဓာတ်ဆရာကြီးက ဒေါ်ကြီးကို ဓာတ်လုံးပေးတုန်းက ဆက်ထိုးဖို့ ...မသွားဘူးလား'

'ဓာတ်လုံးနဲ့ ပတ်သက်လို့ ဘာမှ အမှာအကြား မရှိဘူး။ ဓာတ်လုံးပေးပြီး ဓာတ်လုံးနဲ့ ပတ်သက်တဲ့ စကားကလေး တစ်ခွန်းမှတောင် မပြောဘူး။ ဓာတ်လုံး ...မ်းမပေးခင် "ဝိဇ္ဇာလို့ ပြောရင် မယုံနဲ့၊ ရော့"ဆိုပြီး အဲဒီစကားတစ်ခွန်းပဲ ပြောတယ်'

'ဓာတ်လုံးက ပြဒါးလား၊ သံလား'

ကျွန်မက ရုတ်တရက် မဖြေဘဲ ဆိတ်ဆိတ်နေသည်။ သူက ထပ်၍ ...ခါမှ မနေသာ၍ ဖြေရပြန်သည်။

'ဘာနဲ့ သန္ဓေတည်ထားမှန်း မသိပါဘူး၊ ဒေါ်ကြီးလည်း ဒီလိုပဲ သိမ်းထား ...ိုက်တာပဲ'

'ပြဒါးလား၊ သံလား သိရအောင် စမ်းကြည့်စမ်းပါ ဒေါ်ကြီးရယ်။ တနင်္ဂနွေနေ့ မှော်ဘီကို လာခဲ့ပါ၊ ကျွန်တော် အဆင်သင့် အကုန် လုပ်ထားမယ်။ ...မ်းကြည့်ရုံပေါ့။ လာပါ ဒေါ်ကြီး၊ ကျွန်တော် စောင့်နေမယ်၊ ဆက်ဆက် လာမယ် ...ဟုတ်လား'

သူ့ကို ကရုဏာသက်သဖြင့် ဖိုမထိုးစေလို၍ စိတ်လျှော့အောင် မသိမသာ ...းချနေပါလျက်၊ ကျွန်မ လာမယ် မပြောမချင်း ထိုင်ရာမထ ဇွတ်ခေါ်နေမည့် ...လျှော့သော သူ့ခွဲလုံ့လကို မြင်၍ ကျွန်မကပင် အလျှော့ပေးလိုက်ရသည်။

'ကောင်းပြီကွယ်၊ မင်း လာစေချင်လှတာ တနင်္ဂနွေနေ့ လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com

## ၃

မလင်းတလင်း မိုးအုံ့နေသော နံနက်ခင်း ဖြစ်သည်။

ကျွန်မ မလာမချင်း တူတော်မောင် တမျှော်မျှော် ရှိတော့မည် ဖြစ်၍ ချိန်းရက်၌ အိမ်မှ စောစောစီးစီးကြီး ထွက်ခဲ့ရသည်။

အင်္ဂရိတ် ထိုးကြသော လုံကိုပင် ကိုယ်တိုင် ကိုင်တွယ် မကြည့်ဖူးခဲ့သော ကျွန်မမှာ ယနေ့ ဖိုဝင်ရမည် ဖြစ်ခြင်းကြောင့် ဘဝသက်တာတွင် မတွေ့စဖူးသော ...နှင့် တွေ့ရတော့မည်။

"မသိလျှင်နစ်၊ သိလျှင်ဖြစ်လိမ့်၊ စစ်စစ်ချင်ချင်၊ သွန်သင်ပြသ၊ သိ... ...နှား၊ အရာရာကို၊ ဘယ်ငှာမကျန်၊ ဟုတ်သောဉာဏ်ဖြင့်၊ ဝေဖန် ခွဲခြမ်း၊ အကျ... ...ခံ၊ဝယ်၊ ပြည့်လျှမ်းကျေးဇူး၊ သိုက်မှန်တူးသို့၊ မမူးမမှိုင်၊ သင်ကြားနိုင်လျှင် ...ပိုင်ပိုင်သသ၊ ကျမ်းထိုမှုတွင်၊ အတ္တအနက်၊ အချက်ချက်ကို၊ ချင့်တွက်ထင်ထ... ...ကြောင်းမြင်၍၊ ဆင်ခြင်ထားစေသတည်း"

လမ်းခရီး ကားပေါ်တွင် သတိတရ ဤစာပိုဒ်ကလေးကို ပြန်လှန် ရွတ်... စဉ်းစားမိရင်းမှ၊ အတတ်ပညာ အရာရာကို သိကောင်းပါကလားဟု လာခဲ့သော ခရီးကို ကောင်းသော လာခြင်းအဖြစ် မှတ်ယူသည်။

ကျွန်မ ထင်သည့်အတိုင်း မောင်ကျော်ဇောသည် အိမ်ရှေ့မှ ထွက်ရ... ကြိုနေသည်။

'အကုန်လုံး အဆင်သင့်ပဲ ဒေါ်ကြီး၊ မီးသွေးလည်း အကောင်းစား မီးသွေ... ဖိုလည်း ရှင်းလင်းထားတယ်'

ခရီး ရောက်မဆိုက် သူက ဆိုသည်။ သူ့ဖိုရုံကို သွားကြည့်လိုက်သည် အခါ၌ ကျွန်မ တွေ့ရသော ဖိုမှာ ဖားဖို မဟုတ်၊ လျှပ်စစ်မီးသွယ်ကာ ပိုက်လုံ... လေပြွန်ဖြင့် ထိုးသော "ခေတ်သစ်အင်္ဂရိတ်ဖို" ဖြစ်လေ၏။ ဖိုရုံဆို၍ လေးတိုင်စ... သွပ်ကလေးတစ်ချပ် မိုးလျက် ဘေးပတ်လည်၌ အကာအရံ ဘာမျှမရှိ။ အမိုး... အောက်၌ မီးဖိုတစ်လုံး၊ မီးဖိုနှင့် ဆက်ထားသော လေပြွန်ပိုက်လုံးမှာ ပန်ကာခလု... ကဲ့သို့ အနေးအပြင်း လိုအပ်သလို လှည့်နိုင်ပိတ်နိုင်သည်။

'မင်း ဖိုက တယ် စမတ်ကျပါကလားကွာ၊ စာဆိုနဲ့ မကိုက်ဘူးဟေ့'

'ဘယ်လို မကိုက်တာလဲ ဒေါ်ကြီး၊ စာက ဘယ်လို ဆိုလို့လဲ'

သူစိတ်ထဲ ထင့်သွားဟန်ဖြင့် စိုးရိမ်မကင်း ပြန်မေးသည်။

'ရုပ်ဆင်းမလှ၊ ဖုံပြာလူး၍၊ အရူးပုံနေ၊ ဗရမ္ပေလျှင်၊ ကေသာဖြူကျာ... ချွေးပူစားသည်၊ မယား မ တ နိုင်တကား။

'စာက အဲသလို ဖိုမျိုး ဆိုတယ်'





ကျွန်မက စာရွတ်ပြပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဒေါ်ကြီး ကြိုက်တဲ့လုံကို ရွေးပါ၊ အဲဒါ အားလုံး လုံသစ်တွေချည်းပဲ'

လုံ အကြီးအငယ် အရွယ်အမျိုးမျိုး သူက ထုတ်ပေးသည်။

'ဇော်မံတာကကော' ကျွန်မက ကြားဖူးနားဝ မေးကြည့်သည်။

'အိမ်ရှေ့မယ် ခြတောင်ပို့ကြီး ရှိတယ် ဒေါ်ကြီး၊ ကျွန်တော် အဲဒီမြေကြီး... ဇော်မံတာပဲ'

'အေးပေါ့ကွာ၊ "နတ်ဖို့ဖန်၊ ခြတောင်အသင့်၊ မြေအသင့်" ပေါ့'

ကျွန်မတို့ ရယ်ကြပြန်သည်။

အိမ်မှ ယူလာခဲ့သော အဘ ဓာတ်လုံးကို လက်ကိုင်အိတ်ထဲမှ ထုတ်ယူ... ...လိုက်ပြီး အလေးချိန် ဘယ်လောက်ရှိမှန်း သိလိုသဖြင့် 'ဘယ်မတုံး ချိန်ခွင်' ...ောင်းလိုက်သည်။

တူတော်မောင် ယူထုတ်လာသော ချိန်ခွင်နှင့် အလေးတွေကို ကြည့်လ... ...န်မမှာ အူတက်မတတ် ရယ်ရပြန်သည်။

'မင်း ချိန်ခွင်ကလည်း အလေး မရှိဘူးလားကွ၊ အလေးလုပ်တဲ့ အတုံး ...လေးတွေက ဘာတွေလဲကွယ့်'

'အလေးတွေက ကလေးတွေ ဆော့လို့ ဘယ်ရောက်ကုန်မှန်း မသိဘူး။ ...အတုံးကလေးတွေက လုံကွဲ အကျိုးအပဲ့ အတုံးကလေးတွေ၊ သူနဲ့ပဲ မှတ်ချိန်... ...တယ်'

ကျွန်မက စိတ်ပျက်ပျက်ဖြင့် အသံထွက်အောင် ဟင်းချလိုက်သည်။

'အင်္ဂရိတ်ထိုးနေပြီး ချိန်ခွင် ဂရုမစိုက်တာ ဆိုးသကွာ။ ဓာတ်လုံး ထိုးကြတဲ့ ...ရာမှာ ဒေါ်ကြီး သိရသလောက် ဆေးချိန်စက်ပုံလောက် အရေးကြီးတာ မရှိဘူး။ ...စက်နည်းက အင်္ဂရိတ်မှာ အချုပ်ပဲ။ ဆေးချိန်က လေ့ဟချိန်လို့ မရဘူး၊ စိတ်မှန်း ...သားချိန်လို့လည်း မရဘူး။ နက္ခတ်တစ်လုံးမှာ ပတ်လေးပတ် ရှိတယ်။ လေးပတ် ...စ်လုံး၊ အလေးချိန် တစ်ကျပ်မှာလည်း လေးမတ် ရှိတယ် မဟုတ်လား။ လုပ်ရပ် ...မ်းတွေမှာ အချင်းချင်း နဝင်းနဲ့ သတ်လို့ ပြထားတယ်။ ဣန္ဒာစရိယကျမ်းက ...ည်း "ကျမ်း၏အရိပ်၊ မိုးကြိုးနှိပ်သို့၊ တံဆိပ်ပုံခတ်၊ ထင်လတ်ကွင်းကွင်း၊ ...င်မြင်းကျွဲနွား၊ ကျားသစ်သွားသို့၊ ထင်ရှား ခြေရာ" လို့ ပြထားတယ်။ အလေး ...ချိန်း ၁၀၈ နဝင်း ၃၆ တြင်း၊ သတ္တဗီသ ကြေဖို့ ကျမ်းက ဆိုထားတာ။ အလေး ...ဟုတ်ဘဲ မင်း လုံကွဲတွေနဲ့ အလေးချိန်ကို စိတ်မှန်းနဲ့ ချိန်နေရင် ဆေးချိန် ...းတော့ ဓာတ်ပျက်ပြားတော့မပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ခါတ်လုံးကို သူ ထည့်ချိန်ပြီး အလေးပြုလုပ်ထားသော လုံကျိုးတွေကို သူ့လက်နှင့် ဆကာ ဆကာ 'သုံးမတ်တောင် ကျော်မယ် ဒေါ်ကြီးရ' ဆို၏။

ခါတ်လုံးကို လုံထဲ၌ ထည့်ကာ 'ဖွင့်ထိုးမလား၊ ဖော်မံမလား' သူက မေးသည်။

'ဖွင့်ကွာ'

ကျွန်မတို့ လေးတိုင်စင်အောက်သို့ ရောက်လာကြသည်။ မီးဖိုထဲ၌ မီးသွေး တစ်ဆုပ် လောင်းထည့်ကာ လုံကို အလယ်၌ ထားပြီး ခလုတ် ဖွင့်လိုက်သည်။

ကုလားထိုင်များ မီးဖိုနှင့် မနီးမဝေး သစ်ပင်ရိပ်အောက်၌ ချပေးသည်။ ကုလားထိုင်ပေါ်၌ ထိုင်ကြကာ မီးတရဲရဲ ရှိနေသော လုံကို လှမ်းကြည့်နေကြသည်။

'ဒေါ်ကြီး၊ အခု ထွက်လာတဲ့ အရောင်အဆင်းက သွပ်ပါတဲ့ အရောင်အဆင်းမျိုး'

သူက နေရာမှ ထ သွားပြီး လှမ်းအော်ပြောသည်။

ခါတ်များကို မီးသွေးအိတ် လေးငါးရာကုန်အောင် ထိုးလာခဲ့ဖူးသူဖြစ်၍ သူ့အတွေ့အကြုံအရ သူက စတင်၍ ထင်မြင်ချက် ပေးသည်။

ကျွန်မ ထသွားပြီး ဖိုပေါ်မှ ဆီး၍ ဆန်းကြယ်လှသော ခါတ်များ၏ အသားအရောင်ကို စဉ်းစားရင်း တစိမ့်စိမ့် စိုက်ကြည့်သည်။

"မီးကောင်းကင်ထက်၊ သူရိန်စက်သို့၊ တက်သစ်အရောင်၊ ထိန်လင်းပြောင် လိမ့်" ဟု ရေးထားသော ရေတိမ်ဆရာကျမ်းကို သတိရမိသည်။

တစ်ခါဖူးမျှ ဖို မထိုးဖူးသော ကျွန်မမှာ မီးပြင်းတိုက်ရာမှ ထွက်ပေါ် လာသော ထွေပြားဆန်းကြယ်သော အရောင်အဝါတွေကို ကြည့်ရင်း မီးဖြင့် ဖုတ်၍၊ အမြုပ်အခိုး၊ အကျိုးအဆက်၊ အဖတ်အရည် ကြည့်မကြည့်၊ လင်မလင်း ဉာဏ် အသိအမြင်ဖြင့် ခါတ်ကသိုဏ်း ရှုမိသည်။

မောင်ကျော်ဓောက ဒုတိယအကြိမ် လုံပိတ်၍ မီးတစ်အုပ် ထိုးပြန်သည်။ သူ စိတ်ရှိသလို လုပ်ပါစေဟု လွှတ်ပေးလိုက်သည်။ ဖားဖိုဆွဲပြီး မီးပူတိုက်ကာ ပင်ပန်းကြီးစွာ ဖိုထိုးနေကြသူများ၏ ပုံစံ မဟုတ်ကြဘဲ ဖုံပြာမလူး၊ သက်သက် သာသာ ရှိလှကာ သစ်ပင်အောက်၌ လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် စကားကောင်း နေကြသည်။

မီးတစ်အုပ်မှာ ခဏကလေး ကုန်ငြိမ်းသွားသည်။ မောင်ကျော်ဓောက လုံကို ညှပ်ဖြင့် ထုတ်ယူလျက် အအေးခံထားလိုက်သည်။ အေးသလောက် ရှိမှ လုံခွဲ၍ ခါတ်လုံးကို ထုတ်ယူလိုက်သည်။

'ဒေါ်ကြီး ခါတ်လုံးက ချောပြီး လုံးဝန်းလာတယ်၊ အထဲမှာ တစ်ခုခု ရှိနေဘယ်၊ ထောင်ကြည့်စမ်းပါ။ ဟိုအနုစ်မှာ ရှိနေတဲ့ အရောင်ပေါ်တက်လာ တယ်'

သူ ပြသည့်အတိုင်း ထောင်ကြည့်လိုက်သည်။

'ပေး ပေး၊ ကျွန်တော် ဆက်ထိုးဦးမယ်၊ မီးနာတော့ အညစ်အကြေးတွေ စင်သွားပြီး ခါတ်သား ပိုပြီး ထင်ရှားလာမယ်'

ကျွန်မက မပေးဘဲ ခေါင်းခါလိုက်သည်။

'တော်လောက်ပါပြီ၊ ဒါလောက် သိရရင် တော်ပြီ။ ခါတ်လုံးထိုးတာ ကိုယ့်ဘာသာကိုယ် သန္နေတည်ပြီး ထိုးရတယ်ကွယ့်'

မောင်ကျော်ဓောမှာ ဆက်မထိုးတော့ဘူးဆို၍ အားမလို အားမရ ဖြစ်သွား သည်။ ကျွန်မကို တိုက်တွန်း၍ မရသဖြင့် ပြောပြန်သည်။

'ဒါဖြင့် ဒေါ်ကြီးဘာသာ ဒေါ်ကြီး ကြိုက်တဲ့နည်းနဲ့ သန္နေတည် ထိုးလေ၊ ဆက်ချား၊ ဇဝက်သာ၊ ကန့်၊ ဆေးဒန်း၊ စိန်၊ ပြဒါး ခါတ်ပစ္စည်းတွေ ရှိတယ်၊ အားလုံး အဆင်သင့်ပဲ၊ ကျွန်တော် ယူပေးမယ်'

'ထိုင်စမ်းပါဦး မောင်ကျော်ဓောရယ်' သူ့ကို ကျွန်မ ထိုင်ခိုင်းပြီး သူ နားလည်အောင် အေးအေးဆေးဆေး ပြောပြရသည်။

'မင်း ခါတ်လုံးထိုးတာ ဘာရည်ရွယ်ချက်နဲ့ ထိုးသလဲ၊ အမှန်အတိုင်း ဒေါ်ကြီးကို ပြောပြစမ်း၊ ရွှေဖြစ် ငွေဖြစ်လား'

သူက မပြောမီ ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် ရွှေဖြစ် ငွေဖြစ် ထိုးတာ မဟုတ်ဘူး'

ကျွန်မက သူ၏ ဖြောင့်မတ် ဖြူစင်သော စိတ်ခါတ်ကို ယုံကြည်စွာဖြင့် သာဓု ခေါ်လိုက်သည်။

'သာဓုကွယ် သာဓု၊ လုပ်ရပ်ထိုးတာ ရွှေဖြစ်ငွေဖြစ် ထိုးရင် ချွတ်ခြုံ ကျပြီး မွဲမယ်သာ ပြင်ပေတော့။ နို့ မင်း ဘယ်လမ်း ဘယ်သိဒ္ဓိ အလိုရှိပြီး ထိုး တာလဲ'

'အသက်ရှည်တဲ့လမ်း ဆိုပါတော့'

စကားမဆုံးခင် ကျွန်မက ဝင်ပြောသည်။

'အသက်ရှည်စေရန်အတွက် ခါတ်လုံးရဲ့ သတ္တိတန်ခိုး မင်းကိုယ်ထဲမှာ သွင်းဖို့ ဖိုထိုးတယ် မဟုတ်လား။ ခါတ်လုံးက အန်မယ့်ပြာကို စားမယ်ပေါ့'

သူက ပြုံးလျက် ခေါင်းကို အသာအယာ ညိတ်ပြသည်။

'တချို့က ရွှေဖြစ်ငွေဖြစ် ထိုးတာ မဟုတ်ပါဘူးလို့ နှုတ်က မပြောပေမဲ့ စိတ်က ရွှေဖြစ်မယ် ဆိုတာကို မက်တယ်၊ လိုလားတယ်။ အဂ္ဂိရတ်ထိုးပြီး ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လုပ်ချင်တဲ့ လောဘဟာ ဘယ်တော့မှ ရွှေမဖြစ်ဘူး၊ မွဲရုံပဲကွ။ ဒေါ်ကြီး တို့ ဓာတ်ပညာမှာလည်း စီးပွားရေးလောဘနဲ့ လုပ်ရင် ဘယ်တော့မှ ဆေးမဖြစ်ဘူး ဆရာမဖြစ်ဘူး၊ ကိုယ်ကျိုးနည်းရုံပဲ။ ပုဂ္ဂလ ပညတ်ဓာတ် ကြော်ငြာတွေ၊ ဆေး ကြော်ငြာတွေ၊ လူတစ်ယောက် ၅၀ ကျပ်၊ ၁၀၀ ကျပ်နဲ့ ခေါ်တဲ့ သင်တန်းတွေ ခုတလော သတင်းစာတွေထဲ မင်း တွေ့မှာပေါ့။ ခုလို ဒေါ်ကြီးတို့ ဓာတ်ပညာ ပိုက်ဆံ ရှာချင်တဲ့ သူတွေဟာ ငါးစာသာ မြင်တာပါကွယ်၊ ငါးစာမှာ တပ်ထား ငါးမျှားချိတ်ကို မမြင်ကြပေဘူး'

ကျွန်မ စကားဖြတ်ပြီး ငြိမ်သက်နေသည်။ ကျွန်မ ဆက်ပြောမည့် စကား ကို စောင့်ဆိုင်းနေသည့်အတွက် သူ့ကို ကောက်မေးလိုက်သည်။

'မင်းက ဒေါ်ကြီးကို ဖိုထိုးစေချင်သလား'

'ဒေါ်ကြီးက ဓာတ်တွေ နားလည်တော့ ဒေါ်ကြီး ဖိုထိုးရင် ဖြစ်မှာပေါ့ ဒါကြောင့် တိုက်တွန်းတာပါ'

'ဒေါ်ကြီးက ဖိုထိုးဖို့ လိုသေးသလားကွ'

မောင်ကျော်ဇောမှာ သဘောမပေါက်ဟန် ကျွန်မကို ကြောင်၍ ကြည့်နေ သည်။

'ဒေါ်ကြီးက မင်းလို ဖိုထိုးဖို့ မလိုဘူးကွယ့်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒေါ်ကြီးရဲ့ နေလဓာတ်ပညာဟာ အင်္ဂရတ်ကျမ်း၊ လုပ်ရပ်ကျမ်းက လာတဲ့ ပညာ ပဲ။ ဒေါ်ကြီး နေ့စဉ်စားနေတဲ့ ဓာတ်စာ၊ အစားအစာ၊ နေ့စဉ်စားတဲ့ဆေး၊ နေ့စဉ်

ရွှေမော်ဓော ဘုရားပွဲတွင် ဆေးလှူနေစဉ် ...။






နှောင်ါးပါးက မတည့်တာ ရှောင်ပြီး တည့်တာ လုပ်နေတာ၊ ဒေါ်ကြီး စားသမျှ သုံးသမျှ အားလုံးဟာ ဂဏန်းရှစ်မျိုး ဂြိုဟ်ရှစ်မျိုးပဲ။ မူလအစာ မူလဆေး ဂြိုဟ်စာ ဂြိုဟ်ဆေး၊ နက္ခတ်အစာ နက္ခတ်ဆေး၊ စတုပညာသ အစာ၊ စတုပညာသ ဆေး၊ တြင်းစာ၊ နဝင်းစာ၊ တြင်းဆေး၊ နဝင်းဆေးပဲ မဟုတ်လား။ ဒီ ၁၀၈ နဝင်းဘောင်က လွတ်ပြီး ဒေါ်ကြီး ဘာမှ မစားဘူး၊ ဘာမှ မလုပ်ဘူး။ ကိုယ့်ကိုယ် ကိုယ် နေ့စဉ် ဖိုထိုးနေလျှက်ပဲ။ ကိုယ်ကိုယ်ကိုယ် ဓာတ်အတိုင်း၊ ၁၀၈ နဝင်းအတိုင်း စားသောက် ကျင့်သုံး နေထိုင်တာ အနှစ်အစိတ် ရှိသွားပြီ'

မောင်ကျော်ဇောသည် ကျွန်မ ပြောသမျှ လေးလေးစားစား နားစိုက်သွားက ရှိသည်။ ဘာကြောင့် ဖိုမထိုးလိုခြင်းကို သူ နားလည်ရန် ဆက်လက်၍ ရှင်းပြောရ သည် ဖြစ်သည်။

'အခု ဒေါ်ကြီး နေ့စဉ် လာသမျှ လူနာတွေ ဆေးကုသပြီး ရောဂါ ပျောက် ကင်းအောင် ကယ်ဆယ်နေတာလည်း ဒီနည်းအတိုင်းပဲ။ ဂဏန်း ရှစ်မျိုး၊ ဂြိုဟ် ရှစ်မျိုး၊ ဒီတြင်း၊ ဒီနဝင်း၊ ဒီဓာတ်နဲ့ ကုသပေးလို့ ပျောက်ကင်းခဲ့မ်းသာကြတာပဲ ဒေါ်ကြီး ဖိုမထိုးလိုပါဘူး'

ပိုမို၍ သူ သဘောပေါက်သွားစေလိုသော စေတနာဖြင့် ကျွန်မက နောက်ဆုံးစကားဖြင့် နိဂုံးချုပ်လိုက်သည်။

'ဒေါ်ကြီး ဖိုထိုးဖို့ ဓာတ်တွေကို မညှဉ်းဆဲ မနှိပ်စက်ချင်ပါဘူးကွယ်'

{ ရှုမဝ၊ ဒီဇင်ဘာ ၁၉၆၅ }

အလှူပွဲတစ်ခုတွင် ဒေါ်သန်းခင်နှင့် အတူ ...။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝရေစက်

နှစ်ဆယ့်ငါးနှစ်မြောက် **သွေးသောက်** အထိမ်းအမှတ်အဖြစ် ,ဒေါ်ခင်လတ်
စာတစ်ပုဒ်ပေးရန် စာဖြင့် တောင်းသည်။ နှစ်ဆယ့်ငါးနှစ်မြောက် သွေးသောက်
အရေးမထား၍ မဖြစ်၊ သွေးသောက်နှင့် ရေစက်ဆုံခဲ့ရသော ကျွန်မ၏ လ
ဘဝအခြေအနေကို ဖုံးကွယ်ထား၍ မရ။

ကျွန်မ စိတ်ထဲ၌ သွေးသောက်မဂ္ဂဇင်း နှစ်ဆယ့်ငါးနှစ် ပြည့်ပါပကော
စဉ်းစားမိတာနှင့် တစ်ပြိုင်နက် သွေးသောက်ကြောင့် ဆေးဆရာ ဖြစ်လာသေ
ကျွန်မ၏ ဆေးဆရာ သက်တမ်းကိုပါ ရေတွက် စဉ်းစားမိသည်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက် ၁၉၄၆ ခုနှစ်
၍ မြန်မာ့ဆေးပညာကို သင်ယူ လိုက်စားခဲ့သည်။ ထိုနှစ်က စ၍ ယနေ့အ
ဓာတ်စာ စားခဲ့သည်။ မျက်စိရှေ့၌ လူနာ တွေ့လျှင် မနေတတ်၍ ဤဓာတ်နည်
ဖြင့် ကုသပေးခဲ့သည်။ ဆေးဆရာကား မဖြစ်သေး။

ဓာတ်စာ စားမှုကြောင့် လူမမာ ထင်ခံခဲ့သည်။ ဓာတ်စာစား၍ လူမ
ထင်ခံခဲ့ရသော အဖြစ်ကို (ယဉ်ကျေးမှုအသင်း ကိုယ်စားလှယ်အဖြစ်) မော်
လိုက်သွားပြီး အပြန်၌ လူမမာ မဟုတ်ရပါကြောင်း ရှင်းလင်းချင်၍ သွေးသော
မဂ္ဂဇင်းတွင် "တီဘီလား" ဆောင်းပါးဖြင့် ရှေးဦးစွာ ရေးသား ဖော်ထုတ်ခဲ့သည်

သွေးသောက်၌ ပါဝင်သော "တီဘီလား" ဆောင်းပါးသည် မြန်မာ့ဆေ
လောက နယ်ပယ်ထဲသို့ ခြေစုံပစ်၍ ရောက်သွားအောင် ပို့ဆောင်ပေးလိုက်သော
ဆောင်းပါးတစ်ပုဒ် ဖြစ်လေသည်။ "တီဘီလား" ဆောင်းပါးကို ဖတ်ကြ
ကျွန်မထံသို့ ရောဂါကုသပေးရန် လူနာ လာအပ်ကြသည်။ ဤဆောင်းပါးဖြ
အရပ်က ခန့်၍ ဆေးဆရာတစ်ယောက် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

သွေးသောက်မဂ္ဂဇင်းတွင် "တီဘီလား" ဆောင်းပါး ပါပြီးသည်
နောက်ပိုင်းမှ စ၍ ယနေ့အထိ ကျွန်မမှာ ဆေးဆရာတစ်ယောက်အဖြစ် ဘ





ရာ ကျင်လည်နေရပေသည်။ လူနာကို ဦးစားပေးရ၍ စာပေနှင့် ကင်းဝေးရ
လည်း ရှိ၏။ လူမှုရေး ပျက်ကွက်ရသည်လည်း ရှိ၏။ စီးပွားရေး လစ်ဟင်း
သည်လည်း ရှိ၏။ ကိုယ့်အချိန်ကို သော်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ်
သော်လည်းကောင်း အစိုးမရဘဲလျက် ဆေးကုသမှုကို ဦးစားပေး တာဝန်ယူနေ
သည်။

စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ် ရေးလိုသည့်အခါများ၌ ကျွန်မမှာ တစ်နေ့ရာရာ
ထွက်ပြေးတိမ်းရှောင်၍ ရေးနိုင်မှသာလျှင် စာရေးနိုင်သော တစ်နေ့တလေ
သို့ ရောက်ရသူ ဖြစ်သည်။ လစဉ်လတိုင်း ထွက်သော မဂ္ဂဇင်းများကို
ပြီးတိုင်း စာရေးချင်စိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်သည်ချည်း ဖြစ်သည်။
ကိုယ် ကျွန်မ အစိုးရမည့် အချိန်၊ တစ်နည်းအားဖြင့် ကျွန်မ၏ အလွတ်လပ်
အချိန်သည် ညသန်းခေါင်မှ နံနက်မိုးသောက်အထိ ဖြစ်သည်။ ဤအချိန်ပိုင်း
လျှင် ကျွန်မ လုံးဝ စိုးပိုင်သော အချိန်ပိုင်း ဖြစ်သည်။

တစ်နေ့လုံး လူနာတွေနှင့် ဦးနှောက်ခြောက်ခန်းခဲ့ရသော ကျွန်မမှာ
ပန်းလက်ပန်းလာလျက် စိတ်အင်အား ချည့်နဲ့သွားခြင်းကြောင့် ဝတ္ထုတစ်ပုဒ်၊
တစ်ပုဒ် ဖြစ်အောင် ညလုံးပေါက် ထိုင်ရေးရန် မတတ်နိုင်ခြင်းလည်း ဖြစ်သည်။

ညလုံးပေါက် ထိုင်ရေးလျှင် နောက်တစ်နေ့ အလုပ်ဆင်း၍ လူနာများနှင့်
ဆုံသည့် အခါ၌ ခေါင်းမရှင်းဘဲ မူးရိပ်ရိပ် ဖြစ်နေသည်။

ခေါင်းမရှင်းလျှင် ဆေးပေး၊ ဓာတ်စာပေး အချိန် ချို့ယွင်းချွတ်ချော်မှုကို
ရခြင်းကလည်း တစ်မျောင့် ဖြစ်သည်။

ယခုတလော ကြိုးကြားကြိုးကြား ကျွန်မ ရေးသားနေသော ဝတ္ထု၊
ဆောင်းပါးများမှာ မရေးလျှင် မဖြစ်၍ မလွှဲသာမှုဖြင့် ရေးပေးရခြင်း ဖြစ်နေသည်။
ပေးရခြင်းဆို၍ ကျွန်မကိုယ်တိုင် ရေးသားမှု မဟုတ်ပေ။ လူရှင်းသည့် အချိန်
ဝက် ရရ၊ တစ်နာရီ ရရ၊ ထိုအချိန်ပိုင်းကလေးကို မရေးလျှင် မဖြစ်သည့်
နှုအတွက် အသုံးချရသည်။ အားလပ်သူ တစ်ယောက်ယောက်အား ကျွန်မ
အား၌ ထိုင်ခိုင်းကာ ကျွန်မ နှုတ်မှ ဘုရားရှိခိုး ရွတ်သကဲ့သို့ တောက်လျှောက်
သွားသမျှကို အမိ လိုက်ရေးစေရသည်။

**စန္ဒာ**မဂ္ဂဇင်းတွင် ရေးသားသော "ရင်မှတစ်ရိုက်" ဝတ္ထုရှည်မှာ ရရှိသော
ခန်ကာလ ပြတ်တောင်းပြတ်တောင်း အတွင်း၌ နှုတ်က ရွတ်ဆိုလျက် တွေ့သမျှ
တွေကို အမိလိုက်ရေးခိုင်းရခြင်း ဖြစ်သည်။ စန္ဒာမဂ္ဂဇင်းတိုက်သို့ ရောက်သွား
သော ဝတ္ထုစာမူများသည် တစ်ပုဒ်လျှင် လက်ရေးပုံစံ လေးငါးမျိုး ဖြစ်သည်။

ကိုယ်တိုင်လည်း အေးအေးဆေးဆေး ရေးချိန် မရ။ နှုတ်က ရွတ်ရခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အားမရသဖြင့် စိတ်တိုင်းမကျ။ ကိုယ်တိုင်ရေးချင်စိတ် ရှိပါလျက် စာရေးခွင့် မရသူ တစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

သွေးသောက်၌ "တီဘီလား" ဆောင်းပါးမှ စ၍ ဆေးဆောင်းပါးများ ဆက်တိုက် ရေးသားခဲ့ရာတွင် "မြန်မာ့ဆေးပညာ" ဆောင်းပါး စာအုပ် တစ်အုပ် အဖြစ် အကြိမ်ကြိမ် ပြန်လည်၍ ရိုက်နှိပ်နေရသည်။ ဤသည်မှာ သွေးသောက်၌ စ ခဲ့၍ မြန်မာ့ဆေးပညာ စာတစ်အုပ် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ဆေးဆရာဘဝ၏ မြစ်ဖျားခဲ့ရာသည် သွေးသောက်က ဖြစ်သည်။ ကျွန်မ အဖြစ်မှာ စာရေးခြင်း အလုပ်ကို ရပ်ဆိုင်း၍ ထားနိုင်သော်လည်း ဆေးဆရာအလုပ် ကို ခေတ္တမျှ ရပ်ဆိုင်း၍ မရနိုင်တော့ခြင်းကြောင့် ဆေးဆရာဘဝသည် သွေးသောက်က စ ခဲ့ရပါသည်ဟု အမှတ်တရ ထားရခြင်း ဖြစ်သည်။

ကျွန်မ ကုသပေး၍ ပျောက်ကင်းသွားကြလေသူတိုင်း ကျေးဇူးတင်စကား ဆိုကြရာတွင် ကျွန်မကို ကျေးဇူးတင်တာထက် ဆေးဆရာဖြစ်အောင် ဖန်တီးပေး သော သွေးသောက်မဂ္ဂဇင်းကိုပါ ကျေးဇူးတင်ကြပါဟု ဆိုခဲ့ရလေသည်။

သွေးသောက်နှင့် ကျွန်မ မကင်းသလို လူနာအပေါင်းလည်း သွေးသောက် နှင့် မကင်းကြဟု ဆိုချင်ပါသည်။ ရောဂါပျောက်သူတိုင်းက ကျွန်မအား အသက် ရာကျော် ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သကြသကဲ့သို့ သွေးသောက် မဂ္ဂဇင်းကိုလည်း အစွန့်ရှည်စွာ တည်ပါစေကြောင်း ထပ်လောင်း၍ မေတ္တာပို့သ ပြုစေလိုပါသည်။

"ဘုန်းကြီးက သိက္ခာချပြီး သင်္ကန်းချွတ်ရင် လူဖြစ်တယ်၊ မမလေး ကတော့ ဒီဘဝမှာ ဆေးဆရာဘဝက သိက္ခာချလို့ မရတော့ဘူး"

အဘဓာတ်ဆရာကြီး ဆရာလှိုင် မကွယ်လွန်မီက အမိန့်ရှိဖူးသွားသည့် အတိုင်း ကျွန်မ၏ ဆေးဆရာဘဝမှာ သိက္ခာချ၍ မရနိုင်တော့ကြောင်းကို နှစ်ဆယ် ငါးနှစ်မြောက် သွေးသောက်မဂ္ဂဇင်းက သက်သေခံနေပါတော့သည်။

[ သွေးသောက်၊ ဒီဇင်ဘာ ၁၉၇၈ ]

# စိတြဂိဝါ

ထုးဆန်းလေစွ။

ဤသတ္တဝါသည် ဘယ်က မျက်စိလည်၍ လာခဲ့လေသည် မသိ။ ခေါင်းလည်း ညိတ်၊ ကိုယ်လည်း မလှုပ်၊ တောင်ပံလည်း မကြွ၊ လူကိုသာ ကြည့်နေလျက် ကြီးပေါ်၌ ဝပ်အောင်း၍သာ နေလေသည်။ လူသံကြားလျှင်၊ သို့မဟုတ် လူကို မြင်လျှင် လန့်ဖျပ်လူးကာ တစ်ဟုန်ထိုး ပျံပြေးတတ်သော သတ္တဝါမျိုး ဖြစ်ပါလျက် ယ်အတွက်ကြောင့် ငြိမ်သက်စွာ ဝပ်၍ နေလေသနည်း။ ဖြူဖွေး ဖြောင့်စင်းသော ၏ လည်တိုင်တွင် ဆန်းကြယ်စွာ ပြောက်ထားသည့် အပြာ အစက်ကလေး ဖြင့် လှပကြော့ရှင်းသော လည်တိုင်ကလေးကို လိမ်ကာ၊ လူကိုသာ ငဲ့ကြည့် က် နေသည်။

တစ်မိနစ်ခန့် သူ့ကို ရပ်ကြည့်နေသော ကျွန်မသည် ထုးဆန်းလေစွဟု ဲ ငေးစိုက်ရင်း 'ဒေါ်ဒေါ်ရေ... ဒေါ်ဒေါ်' ဟု လှမ်းအော်ခေါ်လိုက်သည်။

ဒေါ်ဒေါ် အနားသို့ ရောက်လာသည်။

လှုဝင်ပေါက် တံခါးရှေ့၌ ပိတ်ရပ်နေသော ကျွန်မသည် ဒေါ်ဒေါ် အနား ရောက်လာ၍ တစ်ကိုယ်လုံးကို စောင်းလျက် 'ဒေါ်ဒေါ်၊ ဟိုမှာ' ဟု ပြောကာ က်သို့ ထိုးပြလိုက်၏။

'ဟယ်... ခိုကလေးပါကလား'

ဒေါ်ဒေါ်သည် ပြောပြီး ကြက်သေ သေသွားကာ ငေးကြည့်လိုက်လေ သည်။

'ဘယ်အချိန်က သူ ဝင်လာပါလိမ့်၊ အခုပဲ ဆေးချက်ပြီးလို့ တံခါးကို ပစ်ခဲ့တာ။ ဟိုပေါ်က ကြက်တူရွေးတန်းကများ ဝင်လာသလား မသိဘူး' ဟု ဒေါ်က ပြောသည်။

'ဒေါ်ဒေါ် ခိုကလေးဟာ အကြောင်းရှိလိမ့်မယ်၊ လူမြင်ရက်နဲ့ ထ မပြန် ာ့ အကြောင်းရှိရမယ်'

ဒေါ်ဒေါ်သည် ကျွန်မ နံဘေးမှ ပွတ်ဝင်သွားကာ ခိုကလေးကို ကောက်ယူ က်သည်။ ဒေါ်ဒေါ်၏ လက်ထဲ၌ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ လိုက်ပါလာသော လေးကို အသေအချာ ကြည့်လိုက်သည်။

သနားစရာပင်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်သူ့လက်ချက် ဖြစ်လေမှန်း မသိ။ တောင်ပံအရင်း၌ လက်နှစ်ခန့် ပေါက်ပြဲ၍ သွေးများ တသွင်သွင် ယိုစီးကျနေသော ဒဏ်ရာကြီးကို တွေ့ရသည်။ ထပ်မံ၍ ကြည့်ကြပြန်သောအခါ လည်စောင်း၌လည်း ဒဏ်ရာ ရှိ၏။ ၎င်းဒဏ်ရာမှာ တောင်ပံရင်းကလို ချက်ချင်း ထိလာသော ဒဏ်ရာ မဟုတ် ချေ။ လက်တစ်ဆစ်ခန့် မကျက်တကျက် ကွဲနေသော ဒဏ်ရာဖြစ်၏။ သွေးများ ခြောက်လျက် စေးခဲ၍ အမွေးအမှင်များပင် ကပ်နေ၏။

'ဘယ်သူ့လောက်စာလုံး ထိလာပါလိမ့်၊ ဒီထဲကိုမှ ဝင်လာတာများ အံ့ပါရဲ့' ဟု ဒေါ်ဒေါ်က ဆို၏။

ကျွန်မသည် နာရီပိုင်းအတွင်းက ချက်၍ ပြီးသွားသော စင်ပေါ်မှ ဆေးရည်ပုလင်းကို ဆွဲယူလိုက်ကာ 'ဂွမ်းဟော့… ဂွမ်းယူခဲ့စမ်း' ဟု အိမ်ပေါ် လှမ်းအော် ပြောလိုက်သည်။

မောင်သိန်းမြင့်(ယခင် ဘုန်းကြွယ်)သည် ဂွမ်းကို လက်က ဆုပ်လျက် အခန်းထဲသို့ အပြေးအလွှား ရောက်လာ၏။

BURMESE CLASSIC .com

'ဟာ… ခိုလေး… ခိုလေး ဘာဖြစ်လို့လဲဟင် ဒေါ်ကြီး'

မောင်သိန်းမြင့်သည် ဂွမ်းကို လှမ်းပေးကာ သူ့အရပ်ကလေး မမီ့တမီ ခိုကလေး၏ ဒဏ်ရာကို စိုက်ကြည့်နေ၏။ ကျွန်မ ဆေးထည့်နေစဉ် ခိုကလေး သည် တစ်ချက် နှစ်ချက်သာ တွန့်လှုပ်သွားလျက် ဆေးထည့်ခံနေလေသည်။

'ဘာဖြစ်လို့ သူ ဒီကို ရောက်လာရတာလဲ'

'သူ့အနာ လာဆေးထည့်တာဟဲ့'

ဒဏ်ရာများကို ဆေးထည့်ပေးနေစဉ်၊ ဒေါ်ဒေါ်နှင့် မောင်သိန်းမြင့် အချီအချ ပြောနေကြသည်။

'သူ့အနာ ဒီမှာ လာဆေးထည့်တာ၊ သူ့ကို ဘယ်သူက ဒီမှာ ဆေးရှိတယ် လို့ ပြောလိုက်လို့လဲ ဟင်'

'သတင်းစာထဲက ကြော်ငြာတွေ့လို့ ဖြစ်မှာပေါ့ဟဲ့'

ဒေါ်ဒေါ်သည် ပြောပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။ အသက် ရှစ်နှစ်ခန့် ရှိ၍ နှစ်တန်းသို့ ရောက်နေသော မောင်သိန်းမြင့်သည် ဒေါ်ဒေါ် ပြက်လုံးကို သဘောကျသွားကာ တခစ်ခစ် ရယ်လိုက်သည်။

ခိုကလေး ရောက်လာ ဝင်ခိုသော နေရာသည် မကြာသေးမီက ဆောက် လုပ် ပြီးစီးသော ဆေးချက်ခန်းကလေး ဖြစ်သည်။ သွပ်မိုး၊ ဝါးထရံ ကာလျက် ဓာတ်ဆေးရည်များကို ပေါင်းတိုက်၊ အဆီထုတ်သော ဆေးချက်ရုံ ဖြစ်သည်။ အလျားရှစ်ပေ၊ အနံခြောက်ပေ အကျယ်အဝန်း ရှိသည်။ ပြတင်းပေါက် မရှိ





…င်ပေါက် တစ်ပေါက်သာ ရှိသည်။ ဆေးချက်ခန်းထဲသို့ ကြက်တုရွေးတန်း… တစ်ဆင့် အလင်းရောင် ဝင်သည်။ ခိုကလေးသည် ဆေးချက်သော မီးဖို… မြေပေါ်တွင် ဝပ်အောင်း ရောက်ရှိနေခြင်း ဖြစ်သည်။

"သတင်းစာထဲ တွေ့လို့ လိုက်လာမှာပေါ့" ဟု ဆိုလိုက်၍ ကျွန်မသည်သို့ …ကလေး ဒဏ်ရာနှင့် ရောက်လာပုံမှာ စဉ်းစားစရာ ကောင်းနေလေသည်။ …တွေ အမြောက်အမြားကြီး ရှိပါလျက် အခြားအိမ်များသို့ ရောက်မသွားဘဲ …မ၏ ဆေးချက်ခန်းထဲသို့မှ ဒဏ်ရာကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ …မှာ စဉ်းစားစရာ၊ တွေးတောစရာ ဖြစ်နေလေသည်။

'သူ ညကျ ဘယ်မှာ အိပ်မလဲ ဟင်'

မောင်သိန်းမြင့်က ခိုကလေးအတွက် အိပ်ရာနေရာကို စဉ်းစားမိဟန်နှင့် …ော၏။

'သူ့အနာ တော်တော်ကြာ ပျောက်သွားမှာပေါ့' ဟု ဒေါ်ဒေါ်က ဆို၍ …ကျချင်းပဲ အနာကြီးက ပျောက်သွားမှာလား' ဟု မယုံနိုင်စိတ်နှင့် ထပ်မေးပြန်၏။

'ဒီသတ္တဝါမျိုးဟာ မှတ်ထား၊ သူတို့ကိုယ်ရဲ့ အခိုးအငွေ့ဟာ သိပ်ပူတယ်၊ …း တစ်ခါ နှစ်ခါ ထည့်တာနဲ့ပဲ ပျောက်သွားနိုင်တယ်'

ကျွန်မက ဆေးထည့်ရင်း ရှင်းပြောပြရသည်။ ခိုကလေးသည် ဆေးထည့် …ကိုက်၍ စပ်ပူသွားသော ဝေဒနာကို ပြင်းစွာ ခံစားလျက် တဆတ်ဆတ် တုန်နေ …သည်။

'သူ စားဖို့ ဆန်သွားယူချေ'

မောင်သိန်းမြင့်သည် ဆန်ယူရန် ပြေးထွက်သွားသည်။ ဆေးထည့်ပေးပြီး …ကလေးကို မြေပေါ်သို့ အသာချလိုက်သည်။ ခိုကလေးသည် ဝပ်လျှိုးကာ …သက်နေလေသည်။ သူ့ရှေ့၌ ဆန်များ ပုံပေးခဲ့ပြီး လူဝင်တံခါးကို ပြန်စေ့ကာ …ပေါ်သို့ တက်ခဲ့ကြသည်။

ခိုကလေး၏ ကံကြမ္မာကို စဉ်းစားကြည့်လိုက်မိသည်။ အတော်လည်း … း၏။ ခိုကလေးနှင့် တွေ့ရသော အချိန်သည် အလုပ်တိုက်တွင် လူနာများနှင့် …တွေ့ဆုံနေရမည့် အချိန် ဖြစ်၏။ ထိုနေ့က ကျွန်မသာ အလုပ်တိုက် သွားခဲ့လျှင် …ခိုကလေးသည် ကျွန်မနှင့် တွေ့စရာ အကြောင်းမရှိ။ အနာဒဏ်ရာကြီးနှင့် …ဆေးချက်ရုံထဲ၌ အောင်းနေရကာ၊ နောက် နှစ်ရက် သုံးရက်ရှိမှ အိမ်ကလူမ… …အလောင်းကို တွေ့ရှိကြရမည် ဖြစ်သည်ထင်သည်။ ဆေးချက်ရုံလေး၌ ဆေး… …နေ့စဉ်ရက်ဆက် ဆေးမချက်ဘဲ နှစ်ရက်ခြား၊ သုံးရက်ခြားမှသာ ဆေးချက် …သည်။ ဆေးချက်ပြီးလျှင် ရုံကလေးကို သော့ပိတ်လိုက်စမြဲပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အလုပ်တိုက်သို့ မသွားရသည်မှာ နေမကောင်း၍ ဖြစ်၏။ နေမကောင်းရခြင်းမှာလည်း စာပေညီလာခံနှင့် ပတ်သက်နေ၏။ ကိုယ်စားလှယ် စေလွှတ်ခြင်း ကိစ္စနှင့် ပတ်သက်၍ စာရေးဆရာ စာပေကလပ်၏ သဘောထား သတင်းစာဆရာများအား ဖိတ်ခေါ် ရှင်းလင်း ပြောကြားရန် လီဘာတီဟိုတယ် သွားရ၏။ ဟိုတယ် ခေါင်မိုးပေါ်၌ အမိုးသာရှိလျက် အကာအရံ မရှိဘဲ တရကြမ်း တိုက်နေလေသည်။ ဟိုတယ်အောက်၌ စားသမျှ ဟင်းရာခဲဖွယ်များ ခေါင်မိုးပေါ်၌ ချက်ပြုတ် ကြော်လှော်နေရာ အညှော်နံ့ကလည်း ပြင်း၏။

လေကလည်း အလွန်တိုက်၊ ညှော်နံ့ကလည်း မရှောင်သာအောင် အလွှ သော်နေလေရာ ကျွန်မမှာ ထိုင်နေရင်း ကျော့ထဲက စိမ့်လာသည်။ လီဘာ ဟိုတယ် ခေါင်မိုးပေါ်၌ သုံးနာရီလောက် ထိုင်ပြီး လေတိုက်ခံ၊ ညှော်နံ့ခံခဲ့သော ကျွန်မမှာ ညနေ အိမ်ပြန်ရောက်သည်နှင့် ဖျားချင်သလိုလို၊ ကိုက်ချင်ခဲချင်သ မပြဲစပွေး ဖြစ်လာသည်။ အိမ်တွင် တုပ်ကွေးဖျားသူကလည်းရှိ၍ တုပ်ကွေးဖြစ်မှ စိုးရိမ်ပြီး လူနာများနှင့် တွေ့ရန် ရက်ချိန်းဖြစ်သော်လည်း ချွေးအောင်းချ အလုပ်တိုက်သို့ မသွားဘဲ နေသည်။

နေ့လယ် တစ်ချက်တွင် ချွေးပေါင်းနှင့် ချွေးအောင်းနေခိုက်၊ ဆေးချ ရုံထဲ၌ ဒေါ်ဒေါ်နှင့် မမြင့်တို့ ဆေးချက်နေကြသော အသံဗလံများကို ကြားနေ သည်။

ဓာတ်ဆေးများကို ကိုယ်တိုင် မချက်ဘဲ၊ သူများနဲ့ လွှဲရသည်ကို စိတ်မ ဖြစ်နေသည်။ အခါတိုင်း ချွေးအောင်းပြီးစ ရတ်တရက် လေစိမ်းတိုက် မခံသော လည်း၊ ဆေးချက်ပြီးသွားကြခြင်းကို စိတ်မချ၍ စစ်ဆေးချင်စောဖြင့် ချွေးအော ပြီးပြီးချင်းပင် အိမ်အောက်သို့ ဆင်းလာခဲ့ကာ၊ ပိတ်ထားသော ဆေးချက်ရုံ၏ သော့ကို ဖွင့်လိုက်၍ ခိုကလေးနှင့် ဆုံမိခြင်း ဖြစ်သည်။

သူ့အတွက် ဆေးကုသပေးရန် နေမကောင်းချင်သလို ဖြစ်ရပြီး အိမ်မှာ နေရခြင်းဖြစ်၍၊ တိုက်ဆိုင်ရသော သူ့ကံကြမ္မာကို တွေးကြည့်မိလေသည်။

ဒုတိယအကြိမ် ခိုကလေးကို ဆေးထည့်ရန် ဆေးခန်းဖွင့်၍ ဝင်သွားကြ သော အခါ၌ ခိုကလေးသည် လူကို မြင်သည်နှင့် ကြောက်လန့်စွာဖြင့် ဟိုနေ သည်ခုန် ခုန်ဆွခုန်ဆွ ဖြစ်နေသည်။

နောက်ပါးမှ လိုက်ဝင်လာကြသော ဒေါ်ဒေါ်နှင့် မောင်သိန်းမြင့်တို့က 'ဟော ခုန်နိုင်ပြီ' ဟု ဝမ်းမြောက်ဝမ်းသာ အော်လိုက်ကြသည်။

ဆေးချက်ခန်းထဲ၌ ဟိုခုန်သည်ခုန်၊ ဟိုရောက်သည်ရောက် ဖြစ်နေသော ခိုကလေးကို ဟိုမှသည်မှ လိုက်ဖမ်းယူလိုက်ရသည်။ ခိုကလေးသည် လက်ထဲ၌





နိုင်သော အင်အားရှိသမျှ ထုတ်၍ ရုန်းနေလေသည်။ အနာမှာ အနည်းငယ် ကျက်သွား၍ စိတ်ချသွားရသည်။ ဆေးထည့်ပေးစဉ် ခိုကလေး၏ လည်တိုင်မှာ ကိုက်၊ ဆန့်လိုက်၊ ဝင်လိုက်၊ ရှည်လိုက်ဖြင့် လှုပ်ရှားနေကာ အနာမှ စပ်ဖျဉ်းဖျဉ်း နေပုံရသည်။ ဆေးထည့်ပြီး ဆန်ပုံရှေ့၌ ချပေးလိုက်ရာ၊ ဆန်များကို နှုတ်သီး သိုးယူစားနေလေ၏။

'နောက်တစ်ခါ ဆေးထည့်ရင် သူ့အနာ အကျက်ပဲ၊ ပျောက်ပြီ'

ကျွန်မက ဆေးခန်းမှ ထွက်လာပြီး ပြောလိုက်သည်။

အိမ်ပေါ်တွင် ခိုကလေး အကြောင်းပဲ စုဝိုင်း ပြောနေကြပြန်သည်။ အတိတ်၊ နိမိတ်၊ အယူသီးသော မခင်လေးမြင့်က ခိုကလေး ဒဏ်ရာကြီး ဆေးခန်းထဲသို့ ရောက်လာခြင်းကို နိမိတ်ဖတ်လေ၏။

'မေမေတော့ ရှေ့မှာ လူနာတွေ များဦးမှာပဲ၊ ခိုကလေး ရောက်လာတာ နာများမယ့် နိမိတ်ပဲ'

'ဘာကြောင့်လဲ' ဟု ဒေါ်ဒေါ်က မေးသည်။

'ဆေးခန်းထဲကို ဒဏ်ရာကြီးနဲ့ ဆေးကုပေးဖို့အတွက် ခိုကလေး ရောက် ပုံဟာ နိမိတ်ကောက်ကြည့်ရင် ဒီဓာတ်၊ ဒီဆေးကို လူတွေ အများကြီး ခိုကိုး လိမ့်မယ့် ရှေ့တော်ပြေး နိမိတ်ပဲ။ ဒါကြောင့် ဒီဆေးကို မှီခိုအားထား ကုသကြ လူတွေ များလာလိမ့်မယ်'

ဝိုင်းဖွဲ့၍ အတိတ်နိမိတ် ဖတ်နေကြသော အခါ၌ ကျွန်မမှာ ယခုပင် တွေ အလာ များလွန်းအားကြီး၍ စာရေးဖို့ပင် အချိန်မရနိုင်အောင် ဖြစ်နေ ကို တွေးမိသည်။

'လူနာ များမှာတော့ ကြောက်တယ်ဟေ့၊ စာကို မရေးနိုင်ဘူး၊ ဆေးပဲ နေရတော့မှာပဲ။ ဒီနေ့လည်း မသွားနိုင်လို့သာ၊ တိုက်မှာတော့ လူနာတွေ နေမှာပဲ'

'ဒါဖြင့် ဒီနေ့အတွက် ဒီခိုကလေးက မချိန်းဘဲနဲ့ မမရဲ့ အထူး စပယ်ရှယ် ပေါ့'

မမြင့်က ပြောပြီး ရယ်နေလေသည်။

'အေးပေါ့ ... အထူးလူနာပေါ့၊ သူ့ကို ကုပေးဖို့အတွက် ဒီနေ့ တိုက် ဘဲ နေမကောင်း ဖြစ်ပေးရတယ်။ သတ္တဝါ တစ်ခု၊ ကံ တစ်ခုပဲ'

တတိယအကြိမ်မြောက် ဆေးထည့်ပေးရန် ဆေးခန်းထဲသို့ ဝင်သွားသော ခိုကလေးမှာ ခုန်ပြေးနေ၍ ဖမ်းမိအောင် အတော် ဖမ်းယူရလေသည်။

အနာမှာ လုံးဝ သွေးတိတ်သွားပြီး ကွဲဟနေသော နေရာ၌ အနာချပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ စေ့၍ပင် သွားလေပြီ။ ဆေးထည့်ပေးနေစဉ် ခိုကလေးမှာ လက်ထဲ၌ အငြိမ် မနေဘဲ ရုန်းကန်နေလေ၏။ ဆေးထည့်ပြီးလျှင်ပြီးချင်း ခိုကလေးသည် ကျွန်မ လက်ထဲမှ ရုန်း၍ တစ်ဟုန်ထိုး ပျံသန်းသွားလေသည်။

ခိုကလေးသည် အရှေ့မြောက်စူးစူးသို့ ဦးတည်၍ ပျံလေသည်။ အနောက် ဘက် အိမ်၏ ဝါးပင်၊ ကြောင်လျှာပင်၊ ပိတောက်ပင်ထိပ်ဖျားတို့မှ ဖြတ်ကျော် ပျံသန်းသွားသော ခိုကလေးကို ငေးစိုက် မျှော်ကြည့်ရင်း နှစ်သိမ့်ပီတိ များစွာ ဖြစ်မိသည်။

သင်ကြား တတ်မြောက်ခဲ့သော မြန်မာ့ဆေးပညာဖြင့် လူနာများစွာ ဆေးကုခဲ့၍ အနာမှ ချမ်းသာ ပျောက်ကင်းသွားကြသော အခါ၌ ဖြစ်ရသော ဝမ်းမြောက်ပီတိနှင့် ခိုကလေး ပျံနေပုံကို ကြည့်ရင်း ဖြစ်နေသော ပီတိသည် မနှိုင်းယှဉ်နိုင်လောက်အောင် ပိုမိုကြီးမားနေသည်။ ဤဓာတ်ပညာဖြင့် သေလု သေဆဲ လူနာများကို ပျောက်ကင်းအောင် ကုသပေးခဲ့ဖူးပါ၏။ ဤဓာတ်ပညာဖြင့် သေလုသေဆဲ တိရစ္ဆာန်ကို မကုသပေးဖူးသေး၍ အသက်မှ ချမ်းသာသွားကာ ဘာသာဘာဝ ပျံသန်းသွားနိုင်ခြင်းအတွက် ရင်ထဲ၌ အတော်ခိုက်သွားသော ပီတိ ကြီး ဖြစ်နေမိသည်။

ဆေးခန်းထဲသို့ လာရောက် ဆေးကုသသွားသော ခိုကလေးသည် မြောက် စူးစူးသို့ ဆက်လက် ပျံသန်းဆဲပင် ရှိနေသေး၏။ အစဉ်တစိုက် ခိုကလေး ပျံရာ သို့ မျှော်စိုက်ကြည့်နေသော ကျွန်မသည် မျက်စိရှေ့မှောက်၌ ခိုကလေး မကွယ် မပျောက်မချင်း ပီတိကြီးဖြစ်လျက်၊ တစ်ချိန်လုံး မြန်မာ့ဆေးပညာ၏ ဂုဏ်ကျေးဇူး ကိုသာ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်၍သာ နေမိလေ၏။

ခိုကလေး ကွယ်ပျောက်သွားသော အခါတွင် တစ်ချိန်လုံး ဆေးပညာ၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ ဆင်ခြင်၍ နေမိသော ကျွန်မ၏ ခေါင်းထဲသို့ နောက်ဆက်တွဲတစ်ခု တိုး၍ သတိပေးလာလေသည်။

ဤခိုကလေးကို အသက်မှ ချမ်းသာစေကာ ပျံသန်းနိုင်အောင် ကုသပေး လိုက်နိုင်ခြင်းသည် ဆေးပညာ၏ ကျေးဇူးဂုဏ်ကြီး မဟုတ်။ စာပေလုပ်ငန်း လုပ်ဆောင်၍သာ နေမကောင်း ဖြစ်လာခြင်းကြောင့် ဤခိုကလေးကို ကုသနိုင် အောင် ဖန်တီး ဆက်သွယ်ပေးလိုက်သော စာပေ၏ ဂုဏ်ကျေးဇူးကိုပါ မမေ့သော နှင့်။ "ဆေးလည်း ကုပါ။ စာလည်း ရေးပါ" ဟု ခိုကလေးက သတိပေး လှုံ့ဆော် သွားသကဲ့သို့ပင် တွေးထင် ဆင်ခြင်မိလေတော့သည်။

[ စာပေမဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၅...]

## လွမ်းတသသ

...ရောက်လုံးလုံး အလုပ်များလျက် စိတ်ပန်းကာ အစစ အရာရာ ချောမော ပြေရှင်း ...ပြီးသည့်နောက်၊ ကျွန်မမှာ မလှုပ်မရှားချင်သလောက် နွမ်းသွားသည်။

ကျွန်မသည် ရှမဝ ဦးကျော်အား ယနေ့ည အနားယူပြီး နက်ဖြန်တွင် ...လုပ်မဆောင်းတော့ဘဲ၊ အိမ်တွင် ညှော်ပုန်း၍ ဝတ္ထု အပြီးရေးပေးပါမည်ဟု ...တောင်းပန်စကား ပြောကြားလိုက်သည်။

ဝတ္ထု ရေးစရာရှိ၍ နံနက်စောစောကြီး ထ လေသည်။ ဝတ္ထု မရေးမီ ခေါင်းလျှော်လိုက်ရန် သရက်ပင်ကြီးအောက်မှ ဖြတ်သန်း၍ လျှောက်သွားသည်။ ကျွန်မသည် ရေချိုးခန်းထဲ၌ ခေါင်းလျှော်ရန်ထက် သရက်ပင်ကြီးနှင့် မနီးမဝေး ...ရှိသော ရေဘုံဘိုင်၌ ခေါင်းလျှော်ရန် ပိုသဘောကျသည်။ ကျွန်မ နေသော ...၌ သစ်ပင်ပန်းပင်များ စိမ်းစိုအုပ်ဝေလျက် ရှိသည်။ နွေဦးပေါက်၍ ...ထွက်လာကြသော သစ်ရွက်စိမ်းစိုတို့ကို မျှော်ကြည့်ရင်း အဟောင်းပျက်ကာ အသစ် ...ထွက်လာလေပြီဟု သတိ သံဝေဂ ဖြစ်ရသည်။

ကျွန်မသည် ခေါင်းမလျှော်ခင် အုတ်ခုံကလေးပေါ်၌ ထိုင်ကာ သရက်ပင် ...ကို မော့ကြည့်လိုက်သည်။ မော့ကြည့်နေဆဲ လေဖေ့ တိုက်လာကာ သရက်သီး ...လေးတွေ တဖြုတ်ဖြုတ် ကြွေကျလာကြသည်။ သူတို့အလျင် သီးနှင့်ကုန်သော ...သီးများကား အပင်ပေါ်တွင် လက်တစ်ဆုပ်ခန့်လောက် ကြီးနေကြလျက်။ ...ပေါ်သို့ ကြွေကျလာကြသော အသီးကလေးတို့ကား နောက်မှ သီးရသည်ဖြစ်၍ ...ဒဏ်ဖြင့် အပင်တွင် မတင်နိုင်ဘဲ ကြွေရရှာသည်။ ကျွန်မ အနားသို့ ဖြုတ်ခနဲ ...လာသော သရက်သီးလေးကို ကောက်ယူလိုက်သည်။ ပင်မြင့်ပေါ်၌ သူ့ထက် ...သော အလုံးကြီးတွေကို မော့၍ကြည့်ပြီး၊ နွေဦး၏ လေရူးဒဏ်သာ မခံရလျှင် ...ကလေးလည်း သူတို့ကဲ့သို့ပင် ကြီးထွားလာလျက် သူတို့နှင့် အတူတကွ အပင် ...၌ ကြာရှည်တင်နိုင်ရမည်သာတည်းဟု တွေးတောမိကာ၊ သရက်သီးကလေးကို ...ယုတယ ပွတ်ဆုပ်နေမိလေသည်။

ခေါင်းလျှော်ပြီး စားပွဲ၌ထိုင်ကာ ဝတ္ထုပြီးအောင် ကြိုးစားရေးနေသည်။ ...နေ့ ညနေစောင်းအောင် ထိုင်ရေးမှသာ ပြီးပေလိမ့်မည်။ မြို့ထဲရှိ အလုပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လူနာများ လာခဲ့သော် လွဲပေတော့မည်ဟု ရေးနေရင်း တွေးတော ပူပန်မိသေ
သည်။

ညနေ သုံးနာရီ၌ ဝတ္ထု အပြီးသတ်တော့မည့်ဆဲဆဲ ဧည့်ခန်းထဲ၌ ဧည့်သည်
တစ်ယောက် လာထိုင်စောင့်နေကြောင်း တူမလေးက လာပြောသည်။

'ဘယ်ကလဲဟာ၊ ခဏစောင့်ပါ ပြောပါ၊ ပြီးတော့မယ်'

'လူနာနဲ့ တူတယ်၊ သတင်းစာတိုက်ရှင် ဦးဘခင်က လွှတ်တာတဲ့'

ကျွန်မမှာ အဆုံးသတ်ခါနီး ဝတ္ထုကို ခေတ္တဆိုင်းကာ တွေသွားသည်
ဦးဘခင် ဆိုလျှင် ဟံသာဝတီ သတင်းစာတိုက်ကများလားဟု တွေးသည်
ဘာကိစ္စများ ပါလိမ့်ဟု ဆက်စဉ်းစားသည်။

တစ်ခုခု ကိစ္စပဲဟု ရှေ့ဆက် မတွေးတော့ဘဲ ဝတ္ထုကို ဆက်ရေး အဆုံး
သတ်လိုက်သည်။

ဧည့်ခန်းထဲ၌ စောင့်နေသော ဧည့်သည်သည် အလွန် အရေးကြီးသေ
မျက်နှာဖြင့် ကျွန်မကို မြင်မြင်ချင်း 'တစ်ဆိတ် ဆေးရုံလိုက်ခဲ့ပါဗျာ၊ ဟံသာဝ
ဦးဘခင်က အခေါ်လွှတ်လိုက်ပါတယ်' ဟု ဆီးပြောလေသည်။

'ဘယ်သူ ဘာဖြစ်လို့လဲရှင်'

ကျွန်မမှာ အံ့အားသင့်နေသည်။

'ငွေတာရီ မနေ့က မီးဖွားတယ်။ ဒီနေ့ နေ့လယ်မှာ ဝေဒနာ တော်တော်
တိုးလာပြီး အခုတော့ စကားမေး မရတော့ဘူးဗျာ။ တစ်ဆိတ် လိုက်ကြည့်ပါ'

'ဖြစ်မှ ဖြစ်ရလေရှင်'

ကျွန်မသည် အရုပ်ကြိုးပြတ် ကုလားထိုင်ပေါ်သို့ ကျသွားလေ၏။

ငွေတာရီနှင့် ကျွန်မမှာ လူချင်း အတွေ့အဆုံ အတော်နည်းသည်။ မှတ်မှ
ရရ ရှိမိသည်ကား ငွေတာရီ လက်မထပ်ခင် ငယ်ရွယ်စဉ်က တစ်ခါ တွေ့ဆုံဖူး
၏။ ဦးချစ်မောင် မသေမီ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဖြစ်စဉ် စာဆိုတော်
ကန်တော်ကြီးစောင်း မြိုင်ရုံထဲ၌ တွေ့ကြသည်။ ဟံသာဝတီ ဦးဘခင်၏ ဇနီး
'ကဗျာစပ် သိပ်ဝါသနာ ပါတာပဲ၊ တစ်နေ့ တစ်နေ့ ကဗျာပဲ စပ်နေတာပဲ' ဟု
မိတ်ဖွဲ့ရင်း ပြောပြလေသည်။

သည့်နောက် တွေ့ဆုံကြသေးသည်ဟု ကောင်းကောင်းပင် မမှတ်မိတော့
တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ခွန်းတုံ့ခွန်းပြန် စကားစမြည် မပြောဖူးကြသည်
ကိုကား မှတ်မိသည်။

ကျွန်မမှာ "ငွေတာရီ" ဟု ကြားလိုက်ရလျှင် ကျွန်မနှင့် အလွန် ရင်းနှီး
ချစ်ခင်သော အသိ တစ်ဦးတစ်ယောက်ထက်ပင် နှလုံးတုန် ချောက်ချားသွားသေ
တော့သည်။





သူနှင့်ကျွန်မမှာ လူချင်း အတွေ့နည်းကြသော်လည်း စာချင်း အဆက်
ပြတ် အတွေ့များကြသူတွေ ဖြစ်သည်။ သူ ရေးသားသော စာပေရပ်များအနက်
ကျွန်မမှာ သူ၏ ကဗျာများကို ပို၍အဖတ်များမိခဲ့သည်။ သူ့ကလောင်အမည်ကလေး
နှင့် ကဗျာကလေး တစ်ပုဒ်ကဲ့သို့ ရင်ထဲ စွဲထိနေသည်။

'ခက်တော့တာပဲရှင်၊ ဆေးရုံပေါ်မှာ ကျွန်မ ဘယ်လို လုပ်နိုင်ပါ့မလဲ၊
ကျွန်မ ဘယ်လို လုပ်ခွင့်ရှိပါ့မလဲ။ အဲဒါမှ ခက်တာပဲ'

ကျွန်မသည် စိုးရိမ်ဇောဖြင့် မွန်ပြောမိသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ လိုက်သာ ကြည့်ပါ၊ ဟိုကျ ဦးဘခင်နဲ့ တွေ့မှာပါပဲ။
လိုက်ခဲ့ပါ'

ကားသည် ခြံထဲမှ လျင်မြန်စွာ ထွက်လာခဲ့သည်။ ကျွန်မသည် ကားပေါ်၌
ဘုရားပတ်ဝန်းကျင်ကို ရိပ်ခနဲ ရိပ်ခနဲသာ မြင်တော့ကာ လူမမာ အသက်ချမ်းသာ
ရေးအကြောင်း နှင်းကန် ဆုတောင်းနေလေသည်။

ကားရှေ့မှ လာခေါ်သောသူက သူ့ဝေဒနာကို အရင်းဇာစ်မြစ်က လှန်၍၊
ဆေးရုံတက်ကာ ကလေးမျက်နှာမြင်ပြီး နောက်ဆုံးအခြေအနေ ရောက်သည်
အထိ အဆက်မပြတ် ပြောပြလာလေသည်။

ကျွန်မသည် ရှမဝ မဂ္ဂဇင်းထဲ၌ **ယောကျ်ားဖောင်စီး မိန်းမမီးနေ** ဆိုသော
ဆောင်းပါး ရေးသားခဲ့ပြီးသည့်နောက် ဒပ်ဖရင်သားဖွားဆေးရုံသို့ အရောက်
အပေါက် အတော်နည်းသည်။ ဆေးရုံသို့ တက်ကာ အနောက်နိုင်ငံနည်းဖြင့်
သားဖွားကြသော အမျိုးသမီးများနှင့် ကျွန်မ အယူအဆချင်း မတူညီသဖြင့်
ရှောင်နေခြင်းပင် ဖြစ်သည်။ ကျွန်မမှာ အမျိုးသမီးများ သားဖွားရာ၌ မြန်မာ့ထုံးစံ၊
မြန်မာ့ဓလေ့ကို လုံးလုံးကြီး မပစ်ပယ်အပ်ဟု ယူဆထားသူတစ်ဦး ဖြစ်သည်။

လာခေါ်သော ပုဂ္ဂိုလ် ပြောပြသည့် အခြေအနေအရဆိုလျှင် ငွေတာရီ
သည် အသက်ချမ်းသာဖို့ရန် ခဲယဉ်းနေပေသဖြင့် အကြီးအကျယ် စိတ်ပူပန်ရသည်
နှင့်အမျှ၊ ကျွန်မမှာ ဆေးဆရာတစ်ဦး အနေဖြင့် ဘာမှ လုပ်ပေးနိုင်ခွင့် မရှိခြင်းကို
အကြီးအကျယ် စိတ်ပျက်ရလေသည်။

'ကျွန်မ သူ့ကို ကြည့်ရုံပဲ ကြည့်ရတော့မှာပဲ ထင်ပါရဲ့'

ကျွန်မက ဝမ်းနည်းပက်လက် ပြောလိုက်မိသည်။

'ဟုတ်တာပေါ့ဗျာ၊ ဆရာတစ်ဦး လက်ထဲ ဆရာတစ်ဦး ဘယ်ဝင်ကောင်း
မလဲ။ နောက်ပြီး ကုထုံးကုနည်းချင်းလည်း တူကြတာ မဟုတ်ဘူး၊ တစ်ဘာသာ
စီ ဟာ'

ကားသည် ဆေးရုံရှေ့၌ ထိုးဆိုက်လိုက်သောအခါ၌ ကျွန်မကို ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် အသိအမှတ်ပြုကာ လာခေါ်ကြသော ကာယကံရှင်တို့အား အပြောရ ကျပ်တော့မည့် ကျွန်မအဖြစ်ကို စဉ်းစားမိကာ ရင်ထဲ လေးသွားသေး သည်။

အပေါ်ထပ်သို့ တက်သွားသောအခါ၌ အခန်း၀တွင် ဦးဘခင်နှင့် ဦးရဲ ထွန်း တို့ကို တွေ့သည်။ ဦးဘခင်သည် ကျွန်မနားသို့ လျှောက်လာကာ 'အခြေ အနေကတော့ သိပ်မကောင်းသေးဘူးလို့ ဆရာ၀န်တွေက ပြောတယ်။ ဒါကြောင့် ကျွန်တော် အခေါ်လွှတ်လိုက်တာ'ဟု ခပ်တိုးတိုး ကပ်ပြောသည်။

'ကြည့်ရအောင်' ဟု ကျွန်မက ပြောရာ နှာခေါင်းစည်းဖို့ လက်ကိုင်ပ၀ါ ပါရဲ့လားဟု မေးနေ၍ ကျွန်မမှာ ခေါင်းခါပြီး အခန်းထဲသို့ တန်း၀င်သွားသေး သည်။

ကျွန်မတို့ ၀င်သွားကြသော အခန်းကလေးထဲ၌ လူနာ မရှိဘဲ၊ အခန်းနှင့် ဆက်လျက် နောက်အခန်း တစ်ခန်းထဲတွင် ခုတင်ပေါ်၌ ပက်လက်တင်ထား သော လူနာကို လှမ်းတွေ့လိုက်သည်။ ကျွန်မသည် အခန်းထဲသို့ မ၀င်မီ အရှေ့ ရပ်လိုက်သည်။

ငွေတာရီ၏ခင်ပွန်း မင်းယု၀ေသည် ဆေးရုံအကျီဖြူရှည်ကြီးကို ကျော သိုင်း ၀တ်ထားလေသည်။ ခုတင်ဆေးတွင် ထိုင်ကာ ငွေတာရီ၏ လက်ကလေးကို ဆုပ်ကိုင်ထားလျက် စိတ်မချမ်းမြေ့သော မျက်နှာကြီးဖြင့် ငုံ့စိုက်နေလေ၏။

ခုတင်ပတ်လည်တွင် ဆရာ၀န်မနှင့် သူနာပြုဆရာမများ ၀ိုင်း၀ိုင်းလည် နေကြကာ အရေးတကြီး အလုပ်များနေကြလေ၏။

ဆေးရုံအကျီဖြူ ၀တ်ထားသော အမျိုးသမီးတစ်ဦးက ကျွန်မကို အထဲ ၀င်ခဲ့ရန် လှမ်းခေါ်လေသည်။

ကျွန်မ တွေ့လိုက်ရသော ငွေတာရီ၏ မျက်နှာလေးမှာ သွေးရောင်း မရှိတော့ဘဲ ဖြူဖျော့လျက် နဂိုရုပ် မဖမ်းမိနိုင်စရာ ရုပ်ပျက်လျက် ရှိချေပြီ။ မျက်လုံးတို့သည် အထက်သို့ လန်ကာ မျက်သားအဖြူ ပေါ်နေလေသည်။ နှာခေါင်းတွင် သားရေပိုက်လုံးကလေး တပ်ထားလျက် ပက်လက်လှန် တင်ထား သော ဦးခေါင်းမှာ ပိုမို၍ မော့နေ၏။ အထူးသဖြင့် နှုတ်ခမ်းမှာ ဟ လန်နေကာ သွားကလေးများ ပေါ်နေသည်။ တစ်ကိုယ်လုံး ပိတ်ဖြူ လွှမ်းခြုံထားသည်။ ဘေးနှစ်ဖက်သို့ ထွက်နေသော လက်ကလေး နှစ်ဖက်ကား သေးသေးကွေးကွေး ဖြင့် ကြုံလှီဖျော့လျော့နေလေ၏။

မင်းယု၀ေသည် မျက်ရည်၀ဲ၀ဲဖြင့် ကျွန်မအား သူ၏ အားကိုးသော မျက်လုံးအစုံဖြင့် ပြူးကြည့်လိုက်သည်။ "ကယ်နိုင်ရင် ကယ်ပါဦး အစ်မကြီးရယ်" ဟု မျက်လုံးဖြင့် လှမ်းပြောနေရှာပေသည်။





ကျွန်မမှာ ခုတင်ဘေးရှိ ဆရာ၀န်နှင့် ဆရာမတွေကို ကွေ့ရှောင်ကာ၊ ခြေရင်းဘက်က အ၀တ်စကို အသာလှန်လျက် ခြေမကို သွားစိုက်ကြည့်လိုက် သည်။

မီးနေသည်ကား သွေးပုပ် အထက်လှန်ကာ သွေးတက်လျက် နေရာခေ့ပြီ။ ခုတင်ခေါင်းရင်း၌ ချထားသော သံဇလုံကြီးထဲတွင် ရေခဲတုံးကြီးထည့်ကာ ဖိတ်ပိုင်း အ၀တ်စကို ရေခဲဖြင့် ကပ်လျက် မီးနေသည်၏ နဖူးပေါ်သို့ တစ်ခုပြီး တစ်ခု ပြောင်းလဲတင်ပေးကြသည်။

ဆရာ၀န်မနှင့် ဆရာမများ အသက်ရှူ မအားအောင် အရေးကြီးနေကြ သလိုပင်၊ ကျွန်မ ကုသသော ဓာတ်နည်းနိသျရည်း၌လည်း ဤအချိန်တွင် အသက်ကို လုယူမှ ရတော့မည့် အခြေအနေမျိုး အရေးကြီးနေပေပြီ။

အသက်ကို လုယူမှ ရတော့မည့် အခြေအနေမျိုး ဆိုက်နေသော်ငြားလည်း၊ ကျွန်မ ဘာမှ မလုပ်နိုင်။

ဆေးရုံပေါ်၌ လူနာသည် သူ့အသက်ကို ဆရာ၀န်များထံ အပ်ရမည် ဖြစ်လျက်၊ လူနာကို ဆရာ၀န် ဆရာမများသာလျှင် ပိုင်ဆိုင်ကြသည်။

ဤအချိန်၌ ကျွန်မမှာ ငွေတာရီနှင့် သွေးနီးစပ်ရာ၊ ခင်မင်ရာ၊ ရင်းနှီးရာ သတင်းမေး ရောက်နေသော သူများထက် စိတ်ပိုဆင်းရဲရသည်။

လူနာ၏ အသက်ရှင်ရာရှင်ကြောင်း အားကိုးအားထားဖြင့် အခေါ်လွှတ်၍ ဆေးဆရာ အနေဖြင့် ရောက်လာရသူက၊ နောက်ဆုံး အနေအားဖြင့် ကိုယ်တတ် သည့် ပညာဖြင့် ဘာမှ ကူညီမှု မပေးနိုင်ဘဲ ဒီအတိုင်း ကြည့်နေရသည့်အတွက် စိတ်ပိုဆင်းရဲရသည်။

စာပေသမား အချင်းချင်း အနေဖြင့် ကြည့်လျှင်လည်း၊ စာပေနယ်ပယ်၌ မီးရှူးမီးတိုင်ကလေး တစ်တိုင်သည် ငြိမ်းလုလု ငြိမ်းလုလု ရှိနေသည့် ဖြစ်အင်ကို ကိုယ့်မျက်မှောက်၌ ကြုံကြိုက်ရသည်မှာလည်း အသည်းတယားယား ရှိတော့ သည်။

ဦးဘခင် အခန်းထဲမှ ပြန်ထွက်သွား၍ သူနှင့် စကားပြောရန် အပြင်သို့ ထွက်လာခဲ့သည်။

အခန်း၀၌ အသိ စစ္စတာဆရာမနှင့် တွေ့၍ 'ဘယ်လို အခြေအနေလဲ စစ္စတာ' ဟု ကျွန်မက မေးလိုက်သည်။

'အခြေအနေကတော့ မကောင်းလှသေးဘူး၊ သို့သော်လည်း ကျွန်မတို့ အားလုံး မျှော်လင့်နေကြတာပဲရှင်'



www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်ချက်" ရှိသေး၍ "မျှော်လင့်တာ" ဆိုလိုတာလားဟု သူ့အဖြေကို သေသေချာချာ မဝေခွဲတတ်ချေ။

'ဘယ့်နှယ်လဲ ဒေါ်မမလေး'

ဦးဘခင်သည် အခန်းဝ၌ စိုးရိမ်တကြီး ဆီးမေးလေသည်။

ကျွန်မမှာ အပြောရ ကျပ်လေ၏။

'အခြေအနေကတော့ သိပ်အရေးကြီးနေပြီ ဆိုပါတော့။ အိမ်ပြန်ယူ ကုရအောင်ကလည်း တစ်နေရာကနေ တစ်နေရာ ရွှေ့လို့ ကောင်းမယ့် အခြေ မဟုတ်ဘူး။ အိမ်က မနီးတော့ လမ်းမှာပဲ စိုးရိမ်စရာ ရှိနေပါတယ်'

ကျွန်မ ပြောနေစဉ် ကလေးမလေးတစ်ယောက်သည် အနားသို့ ရောက်လာကာ မင်းယုဝေက အခေါ်လွှတ်ကြောင်း ပြောသည်။ ဦးဘခင်သည် ညှိုးနွမ်းစွာ သက်ပြင်းကြီးကို ချလျက်ရှိစဉ်၊ ကျွန်မလည်း ကလေးမလေးနောက်သို့ လိုက်သွားသည်။

မင်းယုဝေသည် နေရာမှ ထ ကာ ကျွန်မ အနားကပ်လျက် 'အစ်မကြီးရယ် ... ဘယ့်နှယ်လဲ၊ ကုပေးမယ် မဟုတ်လား' ဟု မေးရှာလေ၏။

အခြေအနေမှာ ဆရာဝန်များ အစွမ်းကုန် ကြိုးစားကုသနေဆဲ အချိန်အခါကြီး ဖြစ်နေ၏။ ကျွန်မကို နောက်ဆုံးအနေ ကံစမ်းထားပြီး ကုသနိုင်းသည် ဆိုလျှင်လည်း အဝေး မရွှေ့ဘဲ ဤနေရာ၌သာ ကမန်းကတန်းလုပ်မှ အသက်ရှင်နိုင်မည် ဖြစ်သည့်အတွက် အတော် အဖြေရကျပ်ကာ ခေါင်းကို ငုံ့ချလျက် 'အိမ်ရွှေ့ယူဖို့က အိမ်ကလည်း မနီးဘူး ကိုဝင်းမောင်ရယ်' ဟု ပြောလိုက်ရသည်။

လူနာအား ဖိစီး နှိပ်စက်နေသော ဝေဒနာမှာ ရပ်တန့် မနေဘဲ တစ်ချိန်ထက် တစ်ချိန် တိုးနေခြင်း ဖြစ်ရာ၊ မျက်ခြည်မပြတ် အမီလိုက်လုပ်နိုင်ဖို့မှာ အရေးကြီးလှလေ၏။

'တရားနဲ့သာ ဖြေပါတော့ကွယ်၊ ဘယ်လို လုပ်ပြီး ဒီအခြေအနေနဲ့ ရွှေ့မလဲ၊ ကံပါပဲကွယ်'

မင်းယုဝေ အနား၌ ရပ်နေသော အစ်မကြီးက မင်းယုဝေ၏ ပခုံးလေးကို ပုတ်ကာ ချော့မော့ ဖျောင်းဖျ ပြောလိုက်ရှာသည်။ မင်းယုဝေသည် ခုံတန်းကလေးပေါ်၌ ပစ်ထိုင်ကာ ဖြေမဆည်နိုင်အောင် ဖြစ်နေရှာလေ၏။

ကျွန်မသည် ငွေတာရီကို လှမ်းကြည့်လိုက်ကာ စာပေသမားချင်း၊ ဘဝတူချင်း ဖြစ်လျက် အကူအညီ မပေးနိုင်၍ အကြောင်းကံ မဆုံစည်းလေခြင်းဟု လွန်မင်းစွာ ရင်ထုမနာ ဖြစ်နေတော့လေ၏။

ကျွန်မသည် ငြိမ်းလုလု ငြိမ်းလုလု ဖြစ်နေသော စာပေနယ်ပယ်ထဲ





မီးတိုင်ကလေးကို ရင်တဖိုဖို ကြည့်နေလျက်၊ တစ်ချိန်ထက် တစ်ချိန် ရင်ထဲ သောက်သာလွန်း၍ ဝမ်းနည်းပက်လက်ဖြင့် အခန်းထဲမှ ထွက်ခဲ့ရလေသည်။

မြို့ထဲ အလုပ်တိုက်သို့ ခဏဝင်ကာ ရှုမဝတိုက်သို့ ဝတ္ထုကော်ပီများ သွားပို့၏။

ရှုမဝဦးကျော်နှင့် ကိုသန်းဆွေမှာ ငွေတာရီ အသည်းအသန် ဖြစ်နေသော သတင်း ကျွန်မထံမှ ကြားကြားချင်း မျက်စိမျက်နှာ ပျက်သွားကြလေ၏။

အတန်ကြာမှ ကိုသန်းဆွေက 'ဒေါ်မမလေး ကုမယ်ဆိုရင် ဘယ်လို ကုမလဲ' ဟု မေးလိုက်သည်။

'ဆေးတိုက်လို့ ရမယ့် ဝေဒနာ အခြေအနေ မဟုတ်ဘူးရှင့်၊ ပါးစပ်က အတောင် မသိမ်းနိုင်ဘူး။ ဒီတော့ ဓာတ်နဲ့ ကုရမယ့်နည်းက သုံးနဲ့တည့်မယ့် အနံ့နဲ့၊ အထိအတွေ့နဲ့၊ အသံနဲ့ပဲ ကုဖို့ရာ ဒီလမ်းပဲ ရှိတော့တယ်။ အထိအတွေ့ ဆိုတာက တစ်ကိုယ်လုံး နနွင်းအပုပ် လိမ်းရမယ်။ အုတ်တွေကို မီးဖုတ်ပြီး အုတ်ပူ ထိုးပေးရမယ်။ ဒါမှမဟုတ် မီးကပ်ပေါ် တင်ရမယ်။ ဒါက အထိအတွေ့နဲ့ ကုရမှာ။ အနံ့ကတော့ ငယ်ထိပ် တက်မှုတ်နေတဲ့ အပုပ်သွေးကို နနွင်းမှိုင်းနဲ့ အပြင်းအထန် မှောင်မှိုင်းနေအောင် တိုက်ချရမယ်။ ဒါက အနံ့နဲ့ ကုရမှာ။ အသံနဲ့ ကုရမှာက ပြင်းပြင်းထန်ထန်ကြီး အနားမှာ တီးပေးရမယ့် သုံးနဲ့တည့်တဲ့ အိုးစည်သံပဲ။ မီးနေသည်ကို ကျွန်မ ကုရမယ့် ပုံမျိုးနဲ့ ခေတ်နည်း ကုနည်းကုထုံးနဲ့ တစ်ဘာသာစီပဲရှင်။ ရှေးကုထုံးက မီးနေသည် သွေးတက်နေရင် မှိုင်းကို အားအထားနိုး ပါပဲ။ မှိုင်းနဲ့ အသက်လုယူကြတာပဲ'

'နနွင်းနဲ့ သောက်ဖို့ မတည့်တဲ့ မီးနေသည်အတွက် ဘာတိုက်မလဲ' ဟု ကိုသန်းဆွေက မေးပြန်သည်။

'နနွင်းသောက်ဖို့ မတည့်တဲ့ လူကျတော့ ရင်ပြားတိုက်ရမှာပေါ့။ ဒါကြောင့် ကျွန်မတို့ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက မီးနေသည်တွေအတွက် မီးမကင်ဆေးနှစ်လက် ရှိခဲ့တာ။ သုံးနဲ့ သုံးနဲ့ တည့်အောင် ပေးတတ်တာ ဆေးသမားအတတ်ပါပဲ ရှင်'

ကိုသန်းဆွေသည် သူ့အတွေ့အကြုံကို သူ ဆက်ပြောလေသည်။ ကျွန်မမှာ ငွေတာရီဆီသို့ စိတ်ရောက်နေကာ ဘယ်လို ရှိရှာမည်နည်းဟု တရေးရေး တွေး၍ ရင်ပူနေသည်။

'ကျွန်တော့်မိန်းမတော့ ဆေးရုံမှာ ဖွားပြီး အိမ်ကျတော့ မီးမကင်ဆေးသောက်၊ ချွေးအောင်းပစ်တာပဲ။ အင်္ဂလိပ်နည်းနဲ့ လုပ်ခဲ့တာ လုံးလုံးကြီး စိတ်ချပြီးတော့လည်း မဟုတ်သေးဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို အမျိုးသမီးတွေ များပါတယ်ရှင်၊ အမှန်အားဖြင့် ဆေးရုံက ဆင်းလာမှ မြန်မာနည်း လုပ်တာထက် သွေးနု သားနု အခါမှာ လုပ်တာ ပိုထိရောက်နိုင်တာပေါ့'

'ကျွန်တော့် ထင်မြင်ချက်ကတော့ ဆေးရုံသွားမွေးကြတာ မွေးရမယ့်နေရာ သီးသန့်ရှိတာနဲ့၊ သန့်ရှင်းတာနဲ့၊ ပြုမယ့်စုမယ့် လူတွေ ရှိတာနဲ့ ဒါကြောင့် သိပ်အားထားတာ'

'အနောက်နိုင်ငံ ဆေးနည်းလည်း စွမ်းပါတယ်။ မီးနေသည်တွေအတွက် ဆေးစွမ်းဆေးကောင်းတွေချည်းပါပဲ။ သူတို့နိုင်ငံနဲ့၊ သူတို့ ရာသီဥတု အာဟာရနဲ့ သူတို့ ဓလေ့ထုံးစံနဲ့၊ သူတို့ဆေးနဲ့၊ သူတို့ မီးနေသည် ကုထုံးနဲ့ တကယ် အစွမ်းထက်မြက်တဲ့ ဆေးတွေ ကုထုံးတွေပါပဲ။ ကျွန်မတို့နိုင်ငံ ရေမြေနဲ့ ကိုက် မကိုက်သာ ရှေးအစဉ်အလာ ပြန်ကြည့်ပြီး လေ့လာ ဆန်းစစ်ဖို့ပဲ'

ဦးကျော်သည် ငြိမ်နားထောင်နေရာမှ 'ဒေါ်မမလေး မြန်မာနည်းနဲ့ မျက်နှာမြင်ပေးတဲ့ သားဖွားခန်းကြီးတစ်ခု ဖွင့်ဖို့ ကောင်းတယ်။ ဒီနည်းကြိုက်တဲ့ လူများအတွက်ပေါ့' ဟု ပြောလေသည်။

'မလုပ်ပါနဲ့ ဦးကျော်ရယ်၊ ကျွန်မ ဆေးဆရာ မဖြစ်ချင်ဘူး'

ကျွန်မသည် အိမ်ပြန်မည်ဟု ထပြန်လာခဲ့သည်။ ရှမ၀တိုက်မှ တိရစ္ဆာန်ရုံဆေးသို့ ရောက်လာသည့် အချိန်အထိ ငွေတာရီ၏ မချိမဆံ့ ခံစားနေရရှာသော မျက်နှာလေးသည် မပျောက်နိုင်ဘဲ တ၀ဲလည်လည် ပေါ်နေလေ၏။

အသက်ငယ်ငယ်ကလေး ရှိသေးလျက် သမီးကလေးနှင့် ချစ်သူခင်ပွန်းကို ခွဲသွားရှာရတော့မည်ဟု သူ့အကြောင်းကို တနုံ့နုံ့ တွေးမိကာ၊ ဆွေးမိကာ သေမင်းလက်ထဲမှ လုယူ၍ရလျှင် လုယူပေးချင်သော စိတ်သည် တားမရ ဆီးမရ အပြင်းအထန် ပေါ်လာလေသည်။

ဤတွင် ဆေးရုံဝင်းနှင့် ကပ်နေသော မီးရထားမင်းကြီး ဦးသာဆင်၏ အိမ်ကို ဖျတ်ခနဲ မြင်လိုက်လေသည်။ ဦးသာဆင်၏ဇနီး မြင့်မှာ တစ်ခါက ကလေးပျက်သဖြင့် သွေးတက်ဖူး၍ ကျွန်မကိုယ်တိုင် ကုသပေးသည်ကို အမှတ်ရကာ အကြံတစ်ခု ချက်ချင်း ဝင်လာ၏။

ဆရာဝန်များ လက်လွှတ်သည် ဖြစ်ပါက ငွေတာရီကို ဆေးရုံပေါ်မှ အသာဖြည်းဖြည်း ပွေ့ရွှေ့ယူမည်။ မြင့်ကို အိမ်အောက်ထပ်၌ အခန်းတစ်ခန်း ပေးရန် တောင်းပန်မည်။ သေသည် ရှင်သည် ကမ္ဘာသကာ နောက်ဆုံးပြုခြင်း ပြုရမည်။

ဗဟန်းသို့ ဦးထိုးသွားနေသော ကားကို ပြန်ကွေ့ဟု ကျွန်မက အော်ဟစ်





လိုက်သည်။ ငွေတာရီကို ဆေးရုံမှ ပွေ့ယူသွားလျှင် လူနာ အမောခံနိုင်ရန် သုံးနှင့်ပေးသွင်းမည့် အနံ့တစ်ခုကို အပူတပြင်း စဉ်းစားလိုက်ရာ ဒေါနပန်းကို သတိရမိသည်။

ကားကို ကွေ့ခိုင်းကာ ရွှေတိဂုံဘုရားဘက်သို့ ချိုးမောင်းစေလိုက် ဘုရားရှေ့၌ ရပ်ခိုင်းလိုက်သည်။ သား မောင်သိန်းတန်ကို ဘုရားပေါ်၌ ဒေါနပန်း ဝယ်ရန် မြန်မြန်ပြေးဟု လွှတ်လိုက်သည်။

ကျွန်မသည် ဒေါနပန်းခက်များကို ဆုပ်ကိုင်လျက် ဘုရား သိကြား မ၍ ခူးစ်မကို စောင့်နေပါစေဟု ဆုတောင်းရသည်လည်း အမော။ 'ဆေးရုံပေါ်က ရောမှာ မြင့်တို့အိမ်ကို ရွှေ့ရင် ငါ ဒီည အိမ်မပြန်ဘူးဟေ့' အလုပ်တိုက်၌ ခံနက်ဘက် လုပ်ရမည့် လုပ်ငန်းများ ဘယ်လိုလုပ်ရန် မှာကြားရသည်လည်း အမောဖြင့် ဆေးရုံသို့ ရောက်သွားသည်။

ကျွန်မသည် ဒေါနပန်းစည်းကလေးကို ကိုင်ကာ ပြေးတက်သွားလေ၏။

လူသွားလမ်း၌ လူစီတန်းကြီး ရပ်နေလေသည်။ ဦးဘခင်သည် ထိုင်မှ ရပ်ကာ ပန်းစည်းနှင့် တက်လာသော ကျွန်မကို ဆီးရပ်စေလျက် ၆ နာရီ ၁၅ မိနစ်က ဆုံးပြီဟု ပြောပြလေသည်။

ကျွန်မမှာ ဆို့သွားလေ၏။

အခန်းထဲသို့အဝင် ကျွန်မ မြင်ရပုံကား၊ မင်းယုဝေသည် ငွေတာရီ၏ ပါးကလေး နှစ်ဖက်ကို တယုတယ ပွတ်သပ်လျက်ရှိကာ မျက်နှာကလေးကို ငုံ့ကြည့်ရင်း မျက်ရည်စက်လက် ကျနေလေ၏။

ကျွန်မသည် ပန်းကို ကိုင်ကာ ကျောက်ရုပ်ကြီးကဲ့သို့ ရပ်နေ၏။

ငွေတာရီသည် သူ၏ ပါးကလေးနှစ်ဖက်ကို မင်းယုဝေ၏ လက်ခုပ်ထဲ၌ထည့်လျက် ခေါင်းကလေး မော့နေရှာ၏။

သူတို့သည် တစ်ဦးကိုတစ်ဦး နှုတ်ခွန်းဆက်ကာ နောက်ဆုံး မှာကြားပြောဆိုနေကြသယောင် ရှိတော့သည်။

မင်းယုဝေသည် ချစ်ဇနီးလေးအား နောက်ဆုံး မည်သို့မည်ပုံ နှုတ်ဆက်ပြောကြားနေမည်ကိုတော့ မသိချေ။

ဘယ်နှစ် ဘယ်လက ကျွန်မ ခေါင်းထဲတွင် ပုန်းအောင်း ကိန်းဝပ်နေလေသည် မသိသော ငွေတာရီ၏ ကဗျာကလေးသည် ကျွန်မ ခေါင်းထဲမှ ခုန်ထွက်သွားလျက် ငွေတာရီ၏ နှုတ်ဖျားပေါ်တွင် ကျတင်သွားပေသည်။

**လေရှူးနှောက်၍၊**
**သွေ့ခြောက်ရွက်ဝါ ကြွေခဲ့ပြီ။**
**နွေဦးပေါက်၍၊**



www.burmeseclassic.com

www.burmeseclassic.com



***မြည့်သောက်နှလွှာ ဝေခဲ့ပြီ။***
***အဟောင်းပျက်မှု၊ အသစ်ပြုသည့်***
***ဤမှလောက၊ သဘာဝသို့***
***ရှေးက အချစ်၊ ဝေးကျန်ရစ်သော်***
***ပွင့်သစ်မေတ္တာ၊ ဖူးငုံအာလည်း***
***ရောနှယ်ဖြိုး၊ ကြင်နာတိုးသည့်***
***ချစ်မိုးဆွေက ဝေမည်လော။***

မင်းယုဝေ၏ လက်ခုပ်ထဲ၌ ခေါင်းကလေး မှောက်လျက်နေသော ငွေတာရီသည် တာရာမဂ္ဂဇင်းမှ သူ၏ “ဝေမည်လော”ဆိုသော ကဗျာကလေးဖြင့် နောက်ဆုံး ပြောကြားသွားနေလေသလောဟု ထင်ယောင်ထင်မှားတွေ ဖြစ်နေမိသော ကျွန်မမှာ မျက်လုံးတွေ ဝေလာကာ ဒူးများပင် ဆတ်ဆတ်တုန်နေသည်။

ကျွန်မသည် အိမ်သို့ ပြန်ပါလာသော ဒေါနခက်တွေကို ရင်၌ အပ်ထားကာ ကားထဲတွင် မှိမှိန်းလိုက်လာလျက် သူ ရေးသားပြုစုသွားသော စာပေကဏ္ဍများကို မှတ်မိသလောက် ပြန်လှန် တွေးတော စဉ်းစားလာသည်။ အိမ်ရောက်၍ ကားပေါ်မှ ဆင်းလိုက်သောအခါ၌ ခြံဝင်းထဲရှိ ပန်းခင်းများ အေးတွင် ကြို့ကုန်း (ရာကျော် ရှမ်းဘုန်းကြီး) ဆရာတော် ပေးအပ်ခဲ့သော ရွှေစေတီတော်ကို ဖူးတွေ့လိုက်ရသည်။

စေတီရှေ့၌ ထွန်းညှိထားသော မီးရောင်ကလေးသည် လေတိုက်ကာ ဖျော့ချည် လင်းချည် ယိမ်းလှုပ်လျက် ရှိသည်။ ကျွန်မသည် အိမ်ထဲသို့ မဝင်ဘဲ ရွှေစေတီရှေ့သို့ တန်းသွားလေသည်။ ငွေတာရီအတွက် ရည်စူးဝယ်လေသော ဒေါနခက်တွေကို ဘုရားရှေ့ရှိ ပန်းအိုးထဲ၌ အသာ ထိုးစိုက်လိုက်သည်။

မြက်ခင်းပေါ်၌ ဘုရားထိုင်ရှိခိုးကာ သွားလေသူ၏ ကုသိုလ်ကို သွားလေသူအား အမျှဝေလျက် ရှိနေစဉ်၊ ကျွန်မနားတွင် သရက်သီးကလေးများ တဖြုတ်ဖြုတ် ကြွေကျလာကြသည်။

ကျွန်မသည် အမျှပေးဝေပြီး သရက်သီးကလေးကို လှမ်းကောက်ယူလိုက်ကာ တယုတယ ဆုပ်ကိုင်ထားပြီး၊ သွားလေသူ ကဗျာရှင်မကလေးအား တသသ လွမ်းဆွတ် ကြေကွဲလျက် ရှိနေတော့သည်။

[ ရှုမဝ၊ မေ ၁၉၅၈ ]

## ပြည်ရွှေဘို မြို့တော်မြောက်ဆီမှ

သူ့ကို ဘယ်သူမှန်း မသိပါ။

သူ့ကိုလည်း မမြင်ဖူးပါ။

သူ့ကို ဘယ်သူမှန်း မသိချင်ပါနှင့်ဦးဟု သူက ပြောသည်။ ၂၆-၁၂-၅၇ နေ့က သူနှင့်ကျွန်မ သိရသည်။ စာအားဖြင့် သိရသည်။ သူ့စာထဲ၌ သူ့ကို ဘယ်သူမှန်း၊ ဘယ်ကမှန်း မသိချင်ရန် တောင်းပန်ထားလေသည်။

သူ့စာကို သုံးလေးခေါက်မျှ ဖတ်ကြည့်သည်။ သူ့စာထဲ၌ ပါလာသော အကြောင်းအရာများသည် ဘယ်သူ့ကိုမျှ ပြောမပြနိုင်သော အကြောင်းအရာများ ဖြစ်သည်။ ဘယ်သူ့ကိုမှ မပြောနိုင်ပေသည့် မပြောနိုင်သည့် အကြောင်းတွေထဲမှပင် ပြောပြနိုင်သလောက်ကလေးတွေကို ရွေးထုတ်၍ ပြောပြချင်ပေသည်။

သူ့စာထဲ၌-

“ကျွန်တော်၏ စာကို အလုပ်များ မအားလပ်သည့်ကြားမှ ရတတ်သမျှသော အချိန်ကလေးတွင် ယခုကဲ့သို့ ဖတ်ရှုမိသည့်တိုင်အောင် အစ်မကြီးက ကျွန်တော် ဘယ်သူဖြစ်သည်ဟူ၍ သိနိုင်လိမ့်မည် မထင်ပါ။ ကျွန်တော် အစ်မကြီးကို တစ်ခါမျှ မတွေ့ဖူးပါ။ ကျွန်တော့်ကိုလည်း အစ်မကြီး တွေ့ဖူးလိမ့်မည် မဟုတ်ပါ။ အစ်မကြီး ရှုမဝတွင် ရေးသားခဲ့သော **ဆယ်နှစ်**ဆောင်းပါးကို ဖတ်ရှုပြီးနောက် လွန်စွာ စိတ်တွင် ထိခိုက်မိပါသဖြင့် ယခုကဲ့သို့ ရေးလိုက်ရခြင်း ဖြစ်ပါသည်။ ခင်ပွန်းသည် သေဆုံးပြီးနောက် အစ်မကြီး ရုန်းကန် လှုပ်ရှားလာခဲ့ရသော ဘဝမှာ ကြမ်းတမ်းခက်ခဲလှစွာ၏။ ဒါကို ထုတ်ဖော် ပြသနိုင်စွမ်းခဲ့သဖြင့် သိရှိနိုင်ခြင်းမှ တစ်ဆင့် လေးစားခြင်းသည် ပေါ်ထွက်ခဲ့ပါ၏။ ဤတွင် တစ်စုံတစ်ရာကို ပြုလုပ်ရန် ကျွန်တော် ဆုံးဖြတ်လိုက်မိပါသည်။”

တစ်စုံတစ်ရာ လုပ်ရန် သူ ဆုံးဖြတ်လိုက်သော အရာမှာ ကျွန်မအား ချက်ပြု လေးစားသော အနေဖြင့် ပစ္စည်းတစ်ခုကို ပေးအပ်မည် ဖြစ်ပါသည်။ သူ ပေးအပ်မည့် ပစ္စည်းမှာ တန်ဖိုးထားရလိမ့်မည့် စာမူကြီးတစ်ခုဖြစ်ကြောင်း၊ သည်လောက်ပဲ ကျွန်မ ပြောချင်ပါသေးသည်။

**သီဟရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဒ့ိပြင် ပြောနိုင်သေးတာက ကျွန်မ ပိုင်ဆိုင်သော ပစ္စည်းတစ်ခု သူ့လက်ဝယ်၌ ရောက်ရှိနေသည့် အကြောင်းပင်။

"ရွှေလင်းယုန်ကို ခင်တွယ်စွာ သိခဲ့၏။ ရွှေလင်းယုန်ကို ပုံနှိပ်စာလုံးများမှ တစ်ဆင့် သိခဲ့ရသည်။ သူ့ကိုတော့ ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့။ အစ်မကြီး ရေးသားသော စာပေများမှတစ်ဆင့် သူ့အကြောင်းကို ကျွန်တော် အများကြီး လေ့လာခွင့် ရရှိခဲ့သည်။ ထိုမျှသာမကသေး သူ၏ ကိုယ်ပိုင်စာအုပ် တစ်အုပ်မှာ သူ၏ ကိုယ်တိုင်လက်မှတ်ဖြင့် ကျွန်တော့် စာကြည့်တိုက်ထဲတွင် ရှိနေပါသည်။ ထိုစာအုပ်မှာ နီပြာတံအပြာရောင်ဘက်မှနေ၍ အင်္ဂလိပ်လို အစ်မကြီး၏ ရွှေလင်းယုန်က လက်မှတ်ထိုးထားပါသည်။"

"အစ်မကြီး၏ ရွှေလင်းယုန်က လက်မှတ်ထိုးထားပါသည်"ဟု ရေးလိုက်၍ ကျွန်မ၏ ရွှေလင်းယုန် ထိုးထားမည့် သူ့နာမည်ကလေးကို ချာချီစာအုပ်ထဲ၌ တန်းခနဲ မြင်လိုက်မိသည်။ ရွှေလင်းယုန်သည် သူပိုင်ဆိုင်သော စာအုပ်တိုင်း "ချစ်မောင်"ဟု လက်မှတ်ရေးထိုးလေ့ ဝါသနာ ရှိ၏။ ထောင်သောင်းမက ရေးထိုးထားခဲ့သော သူ့လက်မှတ်၊ သူ့လက်ရေးသည် တံဆိပ်တုံးဖြင့် လိုက်ရိုက်ထားသကဲ့သို့ပင် လက်မှတ်တိုင်း စာလုံး အနေအထား တညီတည်း၊ တစ်ပုံစံတည်းချည်း ဖြစ်ကြသည်။ ခဲတံအပြာရောင်ဖြင့် လက်မှတ်ထိုးခဲ့သော စာအုပ်မှာ အများဆုံး ဖြစ်သည်။

ထိုစာအုပ်ကို ပြန်လိုချင်ကောင်း လိုချင်ပေလိမ့်မည်ဟု သူက ရေးလိုက်၍ သူ့ထံမှ ပြန်ယူခြင်းထက် အမြတ်တနိုး သိမ်းဆည်းထားလိုသော သူ့စာကြည့်တိုက်ထဲ၌ မျိုးစေ့ချထားတာကပင် မျိုးပေါက်ကာ ရှင်သန်ပွား၍ ကျေးဇူးများစေရာ ရှိခြင်းကြောင့်၊ ကျွန်မ ပိုင်ဆိုင်သော ပစ္စည်းတစ်ခု သူ့စာကြည့်တိုက်ထဲ၌ သည်အတိုင်း ရှိပါစေချင်သည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့သည် ကျွန်မထံသို့ ထူးထူးဆန်းဆန်း သူ စာရေးသောနေ့ ဖြစ်သည်။ ဤနေ့သည် သူ့အဖို့ အမှတ်တရ ဖြစ်ရပေမည်။ သူ့အတွက် အမှတ်တရနေ့ ရှိသကဲ့သို့ ကျွန်မအဖို့လည်း ဒီဇင်ဘာလ ၂၆ ရက်နေ့သည် အမှတ်တရ ပြောစရာ ဖြစ်လောက်သော နေ့တစ်နေ့ပင်။

ဒီဇင်ဘာလ ၂၆ ရက်နေ့က ကျွန်မသည် အိမ်ခန်းထဲ တစ်ယောက်တည်း ရှိစဉ် တေးဆိုမိသည်။ ဘယ်သောအခါ ကာလမှ ကျွန်မ တေး ဆိုလေ့ဆိုထ မရှိချေ။ သီချင်းဆိုရန် ဝါသနာအထုံ မပါ၍ ဘယ်တော့မှ တေးမဆိုဘဲ နေသည်။ ထိုနေ့က ညနေဘက် အိပ်ခန်းထဲ၌ တစ်ယောက်တည်း ရှိနေခိုက် တေးညည်းဆိုနေမိပေသည်။





ရန်ကြီးအောင်၊
ကုန်းဘောင်ခေါ်ပါလို့၊
ငါးမည်ရ ပြည်ရွှေဘို၊
ဘေးရန်က ပြို၊
မုဆိုးဘို၊
ရန်ပြိုတဲ့ နန်းသိမ်၊
ဘိုးတော်ဒေသ ...။

'အလို ... ဒီနေ့ ဘာနေ့များပါလိမ့်'

တစ်ဖက်ခန်းမှ ခုတင်ပေါ်၌ လှဲနေသော ဒေါ်လေးက လှမ်း၍ မေးသည်။

'ဒီနေ့ ၂၆ ရက်နေ့ ဒေါ်လေး၊ ဘာလုပ်မလို့လဲ'ဟု ကျွန်မက ပြန်မေးသည်။

'မမလေး သီချင်းဆိုတာများ ဒေါ်လေးဖြင့် တစ်သက်လုံး မကြားဖူးဘူး၊ ဒီနေ့မှပဲ ကြားဖူးတော့လို့ ဒါကြောင့် ဘာနေ့များလဲလို့ မေးရတာ'

ကျွန်မသည် ရှက်ရှက်ဖြင့် ရယ်မောလျက် တေးသံတိတ်သွားရသည်။ သူ့ထံမှ စာရသောနေ့၌ အမှတ်တမဲ့ မဆိုစဖူး ဆိုဖူးသော ဤတေးကို အမှတ်တရ အစွဲပြုလိုက်ကာ၊ ကျွန်မ အထိမ်းအမှတ်နှင့် ကျွန်မ ဘယ်သူဘယ်ဝါမှန်း အသိပေးချင်သော သူ့ကို "ကိုအောင်ဇေယျ" ဟု နာမည်ပေးရပေသည်။

သူ့ကို "ကိုအောင်ဇေယျ" ဟု နာမည်ပေးလိုက်ပြီးသည့်နောက် စိတ်ကူးထဲတွင် ကိုအောင်ဇေယျနှင့် တွေ့ဆုံကြည့်သည်။

ကိုအောင်ဇေယျဆို၍ မြန်မာနိုင်ငံတော်ကြီးကို တတိယအကြိမ်မြောက်တည်ထောင်သွားသော ဦးအောင်ဇေယျနှင့် သူနှင့် ရုပ်ပုံချင်း ဆင်မည်၊ မဆင်မည်တော့ နှစ်ယောက်စလုံးကို ကျွန်မက မမြင်ဖူးသူမို့ တူ မတူ မပြောဝံ့ပါ။ သို့ရာတွင် သူ့စာထဲ၌ မပြောပြနိုင်တာများ ဖယ်၍ ပြောပြနိုင်တာတွေအရ ကြည့်ရက်မှ၊ ကိုအောင်ဇေယျသည် နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်လိုသော ဆန္ဒရှိသူ တစ်ဦး ဖြစ်နေသဖြင့် ဦးအောင်ဇေယျ သွေးမျိုးတော့ ရှိမည့်သူပေဟု တွေးလောက်မေ့ရပေသည်။

သူ့စာထဲ၌ သူ့ဇာတိမှာ ရန်ကုန်သားပါဟု ဆိုပေသည်။

ကျွန်မ အတွေးထဲ၌ ရန်ကုန်သား ကိုအောင်ဇေယျ မဟုတ်ဘဲ၊ ရတနာသိမ်မှ ကိုအောင်ဇေယျ ဖြစ်နေသည်။ ကျွန်မသည် ဦးအောင်ဇေယျ၏ နေရပ်ဒေသတွင် ကိုအောင်ဇေယျ ရှိသည်ကို တွေးကာ စိတ်ကူးယဉ်ကြည့်ပါလေသည်။

ရတနာသိမ်၏ နန်းမြို့တွင်းရှိ တံတိုင်းနီနီ၊ နံရံ ထူထူမြင့်မြင့်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကာဆီးထားသော ရဲတိုက်ကြီးထဲ၌ ညောင်စောင်းတစ်ခုပေါ်တွင် လဲလျောင်းနေသော သဏ္ဌာန်တစ်ခုကို တရေးရေး တွေ့ရလေသည်။

မြင့်လှသော မျှော်စင်၏ ဝိုင်းဝိုင်း အပေါက်တစ်ခုထဲမှ ထိုးဝင်နေသော အလင်းရောင်သည် ရဲတိုက်ကြီးထဲသို့ ထိုးဖြာကျဝင်နေလျက်၊ လဲလျောင်းနေသော သူ၏ ခါးအောက်ပိုင်းမှာ အလင်းရောင်ထဲတွင် တစ်ပိုင်း မိနေပေသည်။ ခန္ဓာကိုယ်၏ အထက်ပိုင်းမှာ မြင့်လှသော တံတိုင်းနံရံကြီးများ၏ အရိပ်ကျနေသော အမှောင်ထဲ၌ ဝင်နေသည်။ လင်းလင်းထင်းထင်း မရှိလှသဖြင့် မျက်နှာပုံပန်းကို ထင်ထင်ရှားရှား မမြင်နိုင်။

ရဲတိုက်ကြီးထဲ၌ ကိုယ်တစ်ပိုင်းပေါ်သို့ ထိုးကျနေသော အလင်းရောင်သာ ရှိနေလေ၏။ နေရာတိုင်း၌ မှောင်မှိုင်း တိတ်ဆိတ်နေပေသည်။ လှဲနေသသူသည် လှုးလွန့် လှုပ်ရှားခြင်း မပြု၊ ငြိမ်သက်လျက် ရှိနေ၏။

တရေးရေး ပေါ်နေသော စိတ်ကူးယဉ် အတွေးထဲဝယ် ဤသူသည် ကိုအောင်ဇေယျ ဆိုသူများလားဟု တွေးဆ ထင်မှန်း ကြည့်မိသည်။

ကိုအောင်ဇေယျ ဆိုလျှင် တစ်စုံတစ်ခုကို တွေးတောနေလျက် ရှိလို့သာ လှုပ်ရှားခြင်း မရှိဘဲ ငြိမ်သက်နေပေခြင်းပဲဟု တွက်သည်။ တစ်စုံတစ်ခုကို အကြံယူကာ တွေးတောနေခြင်းလည်း ဖြစ်မည်ဟု ယူဆသည်။

သူ တွေးတောနေမည့် အကြောင်းခြင်းရာများကို သိလိုလှ၍ မှန်းဆကြည့်မိလေသည်။

နိုင်ငံတော်ကြီး၌ ပရမ်းပတာ ဖြစ်ချင်တိုင်း ဖြစ်ပျက်နေတာတွေကို တွေးတောနေလေသလော၊ နိုင်ငံတော် တစ်ဝန်းလုံး ဆူပူသောင်းကျန်း ပုန်ကန်လျက် သူတစ်လူ ငါတစ်မင်းဖြင့် ဝါးအစည်း ပြေနေကြပုံတွေကို တွေးမြင်နေလေသလော။ နိုင်ငံတော်၌ သူပုန်အင်အားရန်ထက် ရောင်တော်ပြန်နှင့် ရောထနေကြသော လူဆိုး၊ ဓားပြရန်က တစ်နေ့တခြား များပြားလျက် အင်အား ကြီးမားလာတာတွေကိုများ တွေးနေလေသလော၊ သို့တည်းမဟုတ် အကွဲကွဲ အပြဲပြဲ ဖြစ်နေသော နိုင်ငံတော်ကြီးကို တညီတညွတ်တည်း စုပေါင်း စည်းလုံးလျက် ငြိမ်-ချမ်းစွာ ပြန်လည် ထူထောင်ဖို့ရန်ပင် နည်းလမ်းရှာကြံ တွေးတော နေလေသလော။

ကျွန်မသည် သို့လော သို့လောဖြင့် သူ့အတွေးကို စိတ်ကူးယဉ်ယဉ်နှင့် အမိအရ လိုက်ဖမ်း မှန်းဆလျက် ရှိနေမိသည်။

ကျွန်မမှာ ရတနာ့သိမ်မှ ကိုအောင်ဇေယျကို သည်ပုံအတိုင်း တရေးရေး မြင်ယောင်ကာ တစ်မျိုးတစ်ဖုံ စိတ်ကူးယဉ်ကြည့်နေပေသည်။





အလောင်းဘုရား ဦးအောင်ဇေယျ ပေါ်ပေါက်ခါနီးခေတ် အခြေအနေနှင့်၊ ကိုအောင်ဇေယျတို့၏ ယခု လက်ရှိခေတ် အခြေအနေသည် အချို့နေရာများတွင် ...တာတွေ၊ ဆင်တာတွေ ရှိနေ၍ ကျွန်မမှာ အခြေအနေအရ ဤသို့ စိတ်ကူး...ဉ်ချင် ရပါပေသည်။

မြန်မာနိုင်ငံတော်ကြီးကို တတိယအကြိမ်မြောက် ပြန်လည် ထူထောင်...သော အလောင်းမင်းတရားဘွဲ့ခံ ဦးအောင်ဇေယျ ပေါ်ပေါက်ခါနီး ခေတ်၌—

မြန်မာပြည်၏ အခြေအနေမှာ ရှုပ်ထွေး ဆိုးဝါးခဲ့ပေသည်။ အင်းဝ...င်းတလဲမင်းက စ၍ ဆက်လက် အုပ်စိုးသွားသော မင်းများသည် အမြော်အမြင်...ည်အချင်း ညံ့ဖျင်းကြသည်။

ညံ့ဖျင်းကြသူများ ဖြစ်ကြသည့်အလျောက် ပြည်တွင်းရေး မငြိမ်သက်မှု၊ ...ပမှ ရန်သူများ လာရောက် တိုက်ခိုက် ဖျက်ဆီးမှု၊ တရုတ်ရန်၊ ကသည်းရန်၊ ...၊ ရှမ်း၊ မွန် စသော ရောင်စုံသူပုန်သူကန်တို့ ပုန်ကန်ခြားနား တိုက်ခိုက်နဲ...ည်။ ဤအချိန်က စိုးမိုး အုပ်ချုပ်ကြသော မင်းများမှာ များသောအားဖြင့် ...က် တမြမြနှင့် အပျော်အပါး သောက်စားမှုးယစ်၍သာ နေကြပေ၏။ ပထမ...င်း (ယခုခေတ် အခေါ်) မှူးမတ်ပညာရှိကြီးတို့ကို သတ်ကာ၊ နှိမ်ကာ၊ စော်ကား...ကား ပြုကာ၊ တတိယလိုင်းမှ (ယခုခေတ် အခေါ်) မှူးငယ်မတ်ငယ်များကို ...ကြီးမတ်ကြီး၊ မှူးချုပ်မတ်ချုပ်များအဖြစ် မြှောက်စားလေသည်။ ပြည်တွင်း...ချုပ်ရေး၌ နှစ်ဂိုဏ်း ကွဲနေကြကာ သူဖြုံရင် ငါမည်းကြတော့သည်။ အခြေ...နေ တစ်ရပ်လုံး ညီညွတ်စည်းလုံးမှု မရှိဘဲ ပြင်ပနိုင်ငံတွေ ဝင်ရောက် နှောင့်ယှက် ...အခွင့်အရေး ပေးသည်နှင့် အတူတူ အင်အားဆုတ်ယုတ်မှု ရှိရသည်။

သောင်ရမ်းမင်း လက်ထက်က ဆိုလျှင် ယဉ်ကျေးမှု ဆုတ်ယုတ်ခဲ့သည်။ ...ကို အားပေး ချီးမြှောက်ချင်သော မင်းများ အလွန်နည်းသည်။ စီးပွားရေး ...တ်ယုတ်သည်။ ပြည်သူလူထုမှာ အစားအစာ ငတ်မွတ် ခေါင်းပါးကြပေသည်။ ...နိုင်ငံလုံး အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်မှ ထကြွ သောင်းကျန်း...ကြသည်။ ရွာ၊ မြေ၊ အိမ်ရာ၊ ကျောင်းကန်တို့ကို အကြိမ်ကြိမ် မီးတိုက် ...ဆီးပစ်ကြသဖြင့် ပျက်စီးကုန်ရကာ အိုးအိမ်မဲ့ ဒုက္ခသည်တွေ အများအပြား ...ပေါက်ကြသည်။ ယဉ်ကျေးမှုနှင့် ပတ်သက်သော စာပေကျမ်းဂန်၊ အဆောက်...အများအပြားပင် ပျက်စီး ဆုံးရှုံးရလေသည်။ အဲဒီခေတ်တုန်းက ပြည်သူ...ကြီး၏ အသက် စည်းစိမ် အိုးအိမ် လုံခြုံမှု လုံးလုံး မရှိကြပေ။

ယင်းသို့ ဦးအောင်ဇေယျ ပေါ်ပေါက်ခါနီး ခေတ်အခြေနှင့် ကိုအောင်ဇေယျ...လက်ရှိခေတ် အခြေအနေတွေကို နှိုင်းယှဉ်ကြည့်လိုက်မိသည်။ အခြေအနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတွေလည်း အများကြီး ရှိပါ၏။ ဟုတ်တာတွေလည်း အများကြီး ရှိပါ၏။ ကိုအောင်ဇေယျ၏ ခေတ်က ဦးအောင်ဇေယျခေတ်ထက် ပိုတာတွေ၊ သာတာတွေ ထို့ပြင် တိုးတက်တာတွေလည်း အများကြီး ရှိပါသေး၏။

တိုင်းပြည်အုပ်ချုပ်သော မင်းများ အမြော်အမြင် မရှိ၊ အရည်အချင်း မရှိ၊ ညံ့ဖျင်း၍ နိုင်ငံတော်ကြီး သူတစ်ပါး လက်တွင်းသို့ ကျဆင်းတော့မည့် အရိပ်အယောင်ကို တကဲကဲ မြင်သည်နှင့် ဦးအောင်ဇေယျသည် နိုင်ငံတော်ကြီး ပြန်လည် စည်းလုံးလျက်၊ ပြန်လည် ထူထောင်ရန် မုဆိုးဘိုမြို့၌ တွေးတော ကြံယူဘိသကဲ့သို့၊ ရတနာသိခ်မှ ကိုအောင်ဇေယျသည်လည်း ပြည်တွင်းငြိမ်းချမ်း ရေး မရှိဘဲ ကွဲပြဲနေသော နိုင်ငံတော်ကြီးကို စည်းလုံးလျက် ပြန်လည် ထူထော နိုင်အောင် ငြိမ်းချမ်းရေးကို ရှေးရှုကာ တောင့်တ ကြံစည်နေလေသလော စိတ်ကူးယဉ်ကြည့်ပုံများမှာ သို့လော သို့လောဖြင့် အတောမသတ်နိုင်တော့ တကား။

သူ့စာထဲ၌ တစ်နေရာတွင် "ကျွန်တော် သွားခဲ့သည့် ခရီးများမှာ လေယာဉ် မြေပြင်၊ ခြေကျင် ခရီးမိုင်ပေါင်း ဂဏန်းဖြင့် ရေးမပြနိုင်ပါ" ဟု ဖတ်လိုက်ရသဖြင့် စိတ်ကူးယဉ်သူအဖို့ ဒီစာကြောင်းကလေးကို ကွက်၍ အလောင်းဘုရား ဦးအောင် ဇေယျ နည်းတူ တိုက်ပွဲတွေ ဆင်နွှဲခဲ့လေသည့် ခရီးတာများလားဟု စိတ်ကူး ဟပ်အောင် ဆွဲစပ် တွေးယူကာ စိတ်ကူးယဉ်ရသေးသည်။

ရှစ်နှစ် ကာလပတ်လုံး တိုက်ပွဲဝင်ခဲ့သော ဦးအောင်ဇေယျ၏ ခရီးမိုင် ပေါင်းကို မည်သူကော တာတိုင်းလျက် ဂဏန်းဖြင့် မိုင်ဖွဲ့ပြနိုင်ပါမည်နည်း။

၁၁၁၄ ခု မုဆိုးဘိုတိုက်ပွဲ၊ ၁၁၁၅ ခု အင်းဝတိုက်ပွဲ၊ ၁၁၁၆ ခု တရုတ် တိုက်ပွဲ၊ ၁၁၁၇ ခု ရန်ကုန်တိုက်ပွဲ၊ ၁၁၁၈ ခု သန်လျင် တိုက်ပွဲ၊ ၁၁၁၉ ခု ဟံသာဝတီ တိုက်ပွဲ၊ ၁၁၂၀ ခု ကသည်းတိုက်ပွဲ၊ ၁၁၂၁ ခု ယိုးဒယားတိုက်ပွဲ။

ရန်ကုန်မှ အာယုဒ္ဓယ မြို့တော်သို့အရောက် ကြည်းကြောင်း၊ ရေကြောင်း ချီတက်သော ခရီးတာများ တွက်ချင့်လျက် ဦးအောင်ဇေယျထက်တော့ မိုင်မသာ နိုင်ဟု တွေးမိသေးသည်။

သူ့စာထဲ၌ သူ သွားလာနေသော လေယာဉ်၊ မြေပြင်၊ ခြေကျင် ခရီးမိုင် ပေါင်း ဂဏန်းဖြင့် ရေးမပြနိုင် ဟူသော အချက်တစ်ချက်ကို ခြေရာကောက်ကာ ဘယ်နိုင်ငံကများ နေ၍ ထည့်လိုက်သော စာလဲဟု သိချင်ဇောဖြင့် စာအိတ်ကို ရှာသော်၊ စာအိတ်မှာ မော်တော်ကားထဲ ရောက်မှ ဖောက်မိ၍ မိတ်ဆွေ၏ ကားထဲ တွင် ကျန်ရစ်ခဲ့ပြီကြောင့် ဘယ်နိုင်ငံကနေ၍ ထည့်လိုက်မှန်း အစအန ခြေရာ ကောက်၍ မရတော့ချေ။





ကိုအောင်ဇေယျကို ရတနာသိခ်၌ ရှိသည်ဟု စိတ်ကူးယဉ်ထားပြီး နောက် တော့ ဘယ်နိုင်ငံက လာသည့်စာ၊ ဘယ်နိုင်ငံတွင် ရှိနေကြောင်းကို စုံစမ်း တောကာ ခြေရာလိုက်ကောက်စရာ အလုပ်မရှိ၊ ရတနာသိခ်တွင် ရှိနေသည် ဟု အောက်မေ့ရပေမည်။

စာထဲတွင် "ကျောင်းစာများ သင်ယူ ဆည်းပူးနေရင်း တစ်ဖက်မှ နိုင်ငံရေး လုပ်ရန် စိတ်ဓာတ်ဝင်လာသည်" ဟု ကိုယ်ရေးရာဇဝင်ကြောင်း အစအန ဖော်ပြ ထားရှိသဖြင့်၊ ကိုအောင်ဇေယျ ဆည်းပူးပညာယူရာ အမေရိကတက္ကသိုလ်သာ တက္ကသိုလ် မဟုတ်ဘဲ ရတနာသိခ်တွင် ရှိနေသည်ဟု အမှတ်ထားသူ၊ စိတ်ကူးယဉ်သူအဖို့က စားသောအားဖြင့် "ရေမြေအလိုက် ဓာတ်ကြောလိုက်" ဆိုသကဲ့သို့ နိုင်ငံရေး လုပ်ရန် စိတ်ဓာတ်မွေးထားချေက မြန်မာနိုင်ငံတော်ကို ငြိမ်းချမ်းသာယာ တိုးတက် မလာအောင် စည်းလုံး ပြန်လည် ထူထောင်နိုင်သော အခြေခံ မြေခံရှိသည့် ရတနာသိခ် တက္ကသိုလ်မြေမှ ဦးအောင်ဇေယျ၏ အမွေကို ဆက်ခံ ဆည်းပူး အားထုတ်လျက်၊ တစ်နေ့နေ့တွင် နိုင်ငံတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက် မည့် ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေအောင် စိတ်မလျှော့တမ်း အားခဲ ရန် တိုက်တွန်းစကား ပြောကြား လိုသေးသည်။

"ကဗျာများ စတင် ရေးစပ်နေသည်" ဟု ဖော်ပြလိုက်သေးသဖြင့် "တွေး သည်ရောက် ရေးစပ်ထားသော ကဗျာအကြောင်းကို ကျွန်တော်နှင့် တွေ့သေးမိ စပ်ကြားတွင် ဘယ်သူမှ မပြောလိုက်ပါနှင့်ဦး" ဟု သူက မမှာသော် လည်း ကျွန်မက အကျယ်တဝင့် မလုပ်ရန် အလိုက်သိဖို့ ကောင်းသည် ထင်သည်။

"ကျွန်တော် ရေးချင်တာတွေ ရေးပြီးပါပြီ။ သို့ကြားလည်း ကျွန်တော်၏ အမည်နေရပ်ကို အစ်မကြီး မသိသေးဘဲ ထားတာက ကောင်းသည်ဟု ထင်ပါ သည်။ တစ်နေ့တော့ ကျွန်တော် ရန်ကုန် ပြန်ရောက်လာရပါမည်။ အဲဒီအချိန်ကျမှ ကျွန်တော်က အစ်မကြီးဆီ စာရေး တွေ့ခွင့်တောင်းလို့ တွေ့ခွင့်ပြုနိုင်ရင် ကျွန်တော် တွေ့ပြီး...။

ရန်ကုန်ပြန်ရောက်လာမှ ကျွန်မနှင့် တွေ့ပြီး စာမူကြီး ပေးအပ်ချင်သည် ထင်သည်။ ဘယ်သူဘယ်ဝါမှန်း သိအောင် သူ့နာမည်ကို ပြောပြချင်သည် ထင် သည်။ သူ့ကိုတော့ တွေ့ချင်ပါသည်။ စာမူကြီးလည်း ရယူလိုပါသည်။ သူ့ကို ကိုအောင်ဇေယျဟု အမည်ပေးထားပြီးသည့်နောက် ကျွန်မနှင့် တွေ့ရမှ ဖော်ပြော ချင်သော အမည်သစ်တစ်ခု ထပ်တိုး သိရှိဖို့ရန် လိုအပ်မည် မထင်။

ကိုအောင်ဇေယျ ရတနာသိခ်မှ ရန်ကုန်သို့ ရောက်လာမည့် အချိန်ကာလ အပိုင်းအခြားကို ကျွန်မ ဘယ်လိုမှ မခန့်မှန်းတတ်နိုင်ချေ။ မကြာတင်သော



www.burmeseclassic.com

www.burmeseclassic.com



ကာလမှာပင်လော၊ သို့တည်းမဟုတ် ဘယ်နှလ၊ ဘယ်နှနှစ် ကြာတင်သော ကာလမှပင်လော။

သူ ပေးအပ်မည့် ကျွန်မ အလိုရှိသည့် စာမူကြီး ရရှိရန်၊ သူနှင့် တွေ့ဆုံရန် ရက်ကာလ အပိုင်းအခြား မသိရသဖြင့် မသိနိုင်သော ကိစ္စတစ်ခုကို တင်ကြို သိနိုင်သော နည်းလမ်း ရှိမရှိ စူးစမ်း တွေးတော ရှာကြံ ကြည့်မိလေသည်။

ရှေးသရောအခါက ရှေ့ဘာဖြစ်မည်ကို တင်ကြို သိလိုသော် အတိတ်နိမိတ် တဘောင်စနည်း နာကြကာ အဓိပ္ပာယ် ကောက်ယူ သိရှိ ခန့်မှန်းနိုင်သော နည်းထုံးစဉ်လာ ရှိခဲ့သည့်အတိုင်း၊ ကျွန်မမှာလည်း အယူတော်မင်္ဂလာ ကောက်ယူ ထုံးနည်းဖြင့် ရှာရှာဖွေဖွေ အတိတ်တဘောင်တွေ စနည်းနာ၍ ကြည့်လေသည်။

အထက်စင်တော်မှ ထွက်ပေါ် မြည်လွင့်လာသော တေးသံ တဘောင် တစ်ခုမှာ–

*ပြည်ကုန်းဘောင်၊ ဌာနသာစွ*
*ဝန်းခရေညို၊ လွှမ်းစရာ့ရွှေဘို*

ဦးအောင်ဇေယျနှင့် အတူ (ကလော၊ မေ ၁၉၅၃) ...။





*ကြော့ ကြော့ ကြော့၊ မောင့်နှမ တမင်ဆို*
*ပျိုပျိုမေတစ်ပါး၊ ရွှေဓားကိုင်သကို*
*ငါးမည်ကြို့တဲ့၊ မြို့ကြီးရန်ပြို*
*ဒီလောက်တောင်ထူး၊ ရောက်ဖူးပေါင်အစ်ကို။*
*ကျွမ်းသိုက်ညီသကို၊ နန်းစိုက်ပြည်ဗဟို*
*ဇကာဒသ၊ တွေးကြထိုထို*
*ရန်မလို၊ ရန်ပြို၊ တစ်ဖန်ဆို*
*ယခု တစ်ဖန် နီးတော့မည့်၊ ရန်ကြီးအောင်မြို့ဗဟို။*

ဤတေးသံ တဘောင်ထဲ၌ မုဆိုးဆက် ၁၁ ဆက်အပြင် နောက်တစ်ဆက် လာရန် နီးတော့မည်ဟု အဓိပ္ပာယ် သမ်းနေလေသောကြောင့် ရှေးထုံးတမ်းစဉ်လာ အတိုင်း အတိတ်နိမိတ် တင်ကြို ကောက်ယူကြည့်ရချေက၊ ရတနာသိမ်မှ ကိုအောင်ဇေယျ ဆိုသူ လာဖို့ရာ မဝေးတော့ပြီ၊ နီးပြီဟု ထင်မြင် မှန်းမိရသည်။

ပစ္စုပ္ပန် မျက်မှောက်ခေတ် အခြေအနေတွေကို စနည်းနာကာ နိမိတ် ကောက်ယူ ကြည့်ရမှုလည်း၊ နိုင်ငံတော် တစ်ဝန်းလုံး တောင့်တ တမ်းတလျက် ရှိကြသော ပြည်တွင်းငြိမ်းချမ်းရေး အတိတ်နိမိတ်ကို ချင့်၍ သော်လည်းကောင်း မှန်း၍ သော်လည်းကောင်း ကောက်ယူ ကြည့်ရပါမူ ပြည်တွင်း ငြိမ်းချမ်းရေးမှာ တစ်စထက်တစ်စ တဖြည်းဖြည်း နီးကပ်လျက် ရှိလာနေပြီ။ မကြာတင်သော ကာလမှာပင် ငြိမ်းချမ်းတော့မည် ထင်သည်။ မကြာတင်သော ကာလမှာပင် နိုင်ငံတော်ကြီး ပြန်လည် စည်းရုံး ထူထောင်နိုင်ကြတော့မည် ထင်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးရမည်ဆိုသည့် အဓိပ္ပာယ်ပင်လျှင် ရတနာသိမ်မှ ကိုအောင်ဇေယျ ဆိုသူသည် ရန်ကုန်သို့ အမြန်လာတော့မည့် အဓိပ္ပာယ်ဟု အော်တောမငေါ့သော အတိတ်နိမိတ် ကောက်ယူနည်းဖြင့်၊ ကျွန်မမှာ ပြည်တွင်း ငြိမ်းချမ်းမှု အမြန် ရရှိရာ ရရှိကြောင်း နေ့ညမပြတ် ကျိတ်၍သာ ဆုတောင်းလျက် ရှိနေရပါတော့သည်။

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၅၈ ]

www.burmeseclassic.com

www.burmeseclassic.com

# ဘဝဟူသည်

၁

| | |
|---|---|
| စာပုံနှိပ်တိုက် လျှပ်စစ်မီးကြွေး ... | ၁၀၀၀ ကျပ် |
| စာပုံနှိပ်တိုက် တိုက်ခန်း လခကြွေး ... | ၆၀၀ ။ |
| စာပုံနှိပ်တိုက် ပေါင်ထားသည့်နိုင်ငံတော် | |
| ကူးသန်းရောင်းဝယ်ရေး ဘဏ်ကြွေး ... | ၂၀၀၀၀ ။ |
| သိမ်ကြီးဈေးမှ မမြင့်ကြည်သို့ ပေးဆပ်ရန် ... | ၃၀၀၀ ။ |
| ကိုဝင်းစိန်သို့ ပေးဆပ်ရန် ... | ၅၀၀၀ ။ |
| စကော့ဈေး ဒေါ်မမလေးသို့ ပေးဆပ်ရန် ... | ၂၀၀၀ ။ |
| ပေးဆပ်ရန် ကြွေးများ စုစုပေါင်း ... | ၃၁၆၀၀ ။ |

၁၉၅၉ ခု မေလ ၁၇ ရက်နေ့၌ ကျွန်မ ထမ်းထားသော ဝန်ထုပ်ဝန်ပိုးကြီးကို ကိုအောင်ဇေယျ ပခုံးပေါ်သို့ ပြောင်းတင်ပေးလိုက်သည်။ ကျွန်မသည် ရှေ့တွင် ခြောက်လ သို့မဟုတ် တစ်နှစ် အလုပ် မလုပ်ဘဲ အနားယူတော့အံ့ဟု ပိုင်းဖြတ်လိုက်သည်။ အနားယူနေသည့် အချိန်ကာလအတွင်း စာလည်း ရေးချင်မှ ရေးမည်။ စီးပွားရေးလည်း မလုပ်။ ဆေးလည်း မကု။ ခေါင်းအေးအေးထားလျက် သက်သာနိုင်သမျှ ခိုကာ အိမ်ထဲတွင် ငြိမ်ငြိမ်ကလေး နေလိုက်မည်ဟု အကြံအစည် ပြုသည်။

စာပုံနှိပ်တိုက်လုပ်ငန်းအပြင် တစ်ဖက်တစ်လမ်းမှ စီးပွားရေးအတွက် လုပ်ကိုင်ရသော မမလေးကုမ္ပဏီမှာ ဗိုလ်ချုပ်ခေတ် ကုမ္ပဏီများ ဖျက်သိမ်းရာတွင် အများနည်းတူ ပါသွား၍ ကုမ္ပဏီ ပိတ်ပစ်လိုက်ရသဖြင့် စီးပွားရေး ဝင်ငွေလုပ်ငန်းသည် စာပုံနှိပ်တိုက်သာလျှင် ရှိတော့သည်။

လောလောဆယ် ပေးဆပ်ရန် ရှိနေသော အထက်ပါ ကြွေးစာရင်းတို့ကို ကိုအောင်ဇေယျအား တာဝန်ယူရန် ပခုံး ပြောင်းပေးလိုက်ပြီးနောက်၊ ပုံနှိပ်တိုက်မှ လစဉ် မဖြစ်မနေ ရှာဖွေသွားရမည့် သုံးငွေစာရင်းကိုလည်း လွှဲအပ်လိုက်လေသည်။





| | |
|---|---|
| အိမ်လခ ... | ၄၀၀ ကျပ် |
| ကားစရိတ်နှင့် ကားမောင်းသူ လခ ... | ၄၅၀ ။ |
| အိမ်သုံးစရိတ် ... | ၆၀၀ ။ |
| လစဉ် အလှူငွေများ ... | ၁၀၀ ။ |
| ကလေးများ ကျောင်းစရိတ် ... | ၂၀၀ ။ |
| စာပုံနှိပ်တိုက် စရိတ် ... | ၁၀၀၀ ။ |
| အိမ်ဖော်နှစ်ဦးအတွက် လစာစရိတ် ... | ၁၅၀ ။ |

တစ်လလျှင် ရှာဖွေရမည့် ငွေမှာ အောက်တန်း သုံးထောင်ခန့်ရှိမှ ရပ်တည်နိုင်မည့် ဘဝမှန်းသိ၍၊ ကိုအောင်ဇေယျသည် ပေးဆပ်ရန် ကြွေးစာရင်းနှင့် လစဉ် အသုံးစာရင်းတို့ကို ကြည့်လျက် သက်ပြင်းချလေသည်။

'အိမ်လခက များလိုက်တာ၊ မြေကလေး ဝယ်ပြီး တဲထိုးနေကြရင် ၄၀၀ ကျပ်တော့ သက်သာသွားမှာပဲ'

မြေဈေး တစ်ဇကေ တစ်သိန်းပေါက်နေသော ခေတ်ကြီးထဲတွင် ကျွန်မတို့ မောင်နှံသားစုမှာ ဇကေဝက် မဆိုထားဘိ၊ တစ်စိတ်ပင် ဝယ်နိုင်သည့် အခြေအနေ မရှိပေ။ တစ်လစရိတ်အတွက် တစ်လ ကြိုတင် ရှာဖွေရန်ပင် အနိုင်နိုင် ကြိုးပမ်းလုပ်ကိုင်နေရသောကြောင့် မြေဝယ်ရန် ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်ချေ။

'ဘယ်နည်းနဲ့ဖြစ်ဖြစ် အခြေခိုင်သွားအောင် မြေဝယ်မှ ဖြစ်မယ်'

ကျွန်မက တစ်ခွန်းမှ ပြန်မပြောဘဲ ငေးနေလေသည်။ ကုမ္ပဏီလုပ်ငန်းလည်း မရှိတော့၍ လက်ရှိအကြွေး သုံးသောင်းကျော် ခေါင်းပေါ်တင်နေပုံနှင့် လစဉ်စရိတ် သုံးထောင်ရအောင် ရှာဖွေရန်ပင် တအားကျုံးလုပ်ရမည့် အခြေအနေမျိုး၌ ဘယ်နည်းနဲ့များ မြေဝယ်နိုင်ပါမည်နည်းဟု စဉ်းစား၍ မရအောင် ငေးနေမိလေသည်။

ကိုအောင်ဇေယျသည် မြေ အရေးကြီးသည်ဟု ပြောကာ ပုံနှိပ်တိုက်သို့ အလုပ်ဆင်းရန် ထွက်သွားလေသည်။ ထွက်သွားသော ကားနောက်ပိုင်းကို မျှော်ကြည့်ရင်း အလုပ်မသွားရတော့ဘူးဟု စိတ်ရောကိုယ်ရော ပေါ့ပါးသွားသည်မှာ ပြောစရာ မရှိချေ။ အလုပ်သွားရန် နေ့စဉ် ခေါင်းမဖြီးရ၊ အဝတ်အစား မလဲမဖယ် မပြင်မဆင်ရသော သက်သာခြင်းကပင် ဧရာမ သက်သာခြင်းကြီး ဖြစ်ပေသည်။

ကားထွက်သွားပြီး သံတံခါးကို ဆွဲပိတ်လိုက်ကာ ဧည့်ခန်းထောင့်ရှိ ပက်လက်ကုလားထိုင်ပေါ်၌ လျောထိုင်ချလိုက်သည်။

အိမ်ခေါင်းရင်း မရန်းပင်ရိပ်ကြားမှ နေခြည်ပြောက်ကလေးများ တစ်ပြောက် နှစ်ပြောက်သာ ထိုးဝင်နိုင်သော ဧည့်ခန်းမှာ အေးမြနေသည်။ စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဦ နှင်းဆီပန်းခက်များသည် နေခြည်ဖြောက်ကလေးတွေထဲတွင် ကြော့လန်းနေကြသည်။ စားပွဲ၊ ကုလားထိုင်၊ မီးတိုင် စသော ညှေ့ခန်းရှိ ပရိဘောဂအားလုံးတင်းသည့်ရောင် ပြိုးပြက်နေသော ကြမ်းခင်းပေါ်၌ တည်ငြိမ်စွာ သူ့အလှနှင့်သူ ကျက်သရေ ဆောင်နေကြကုန်သည်။

ပြတင်းပေါက်မှ စာကလေးငယ်များ ဝင်ချည့်ထွက်ချည် ပြုနေကြသည်။ နံနက်ပိုင်း အိမ်၌ ကျွန်မနှင့် အိမ်ဖော်မိန်းကလေးများသာ ရှိကြ၍ တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိစဉ်၊ ဝင်ချည်ထွက်ချည် ပြုနေသော ငှက်ကလေးတို့ တောင်ပံခတ်ကာ တွန်ကျူးတီတာနေသော မြည်သံတို့သည် ကြည်မော ယိုဖိမ့် ဆောက်အောင် ချိုမြိန်လှသည်။ ကျွန်မ၏ ခါးတွင် ဝတ်ထားသော ချည်လုံချည် ကလေးမှာ ရေအလျှော်များ၍ အရောင်အဆင်း ဖျော့လျက် ပျော့ဖပ်နေသည်။ ကုပ်နုတ်နေသော သရက်ထည်ဖြောက် ပိတ်အင်္ကျီလက်တိုမှာလည်း ကိုယ်ပေါ်တွင် ညက်ညော လျော့ရဲလျက်၊ ပေါ့ပါးပါဘိသည်။

လေသင့်ရာမှ တစ်ချက် တစ်ချက် နှင်းဆီရနံ့တို့သည် သင်းကြည် ဆွတ်ပျံ့ လာသည်။ အေးချမ်း ဆိတ်ငြိမ်သော၊ သန့်ရှင်းသော၊ လှပသော၊ သပ်ရပ် တင့်တယ်သော၊ ဂုဏ်ကျက်သရေတို့နှင့် ပြည့်စုံနေသော အိမ်၏ ကျက်သရေ မင်္ဂလာသည် မျက်စိအေးရုံသာမက စိတ်ကြည်၍လည်း နေပေသည်။

အဝတ်စားသစ်များ ဝတ်ကာ အလုပ်စားပွဲ၌ တကျုံ့ကျုံ့ထိုင် လုပ်နေရမည့် အချိန်မျိုး၌၊ ယခုလို ပက်လက်ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ကလေး လှဲနေရပုံမှာ ငယ်စဉ်က ပုခက်ထဲ၌ မှိန်းနေရသလိုပင် ချမ်းသာသုခ ရှိလှပေသည်။

နဖူးပေါ်တွင် ဖွာကျနေသော ဆံပင်များကို လက်နှင့် သပ်ပင့်လိုက်ပြီးနောက် လက်ကို ပြန်မချတော့ဘဲ ပက်လက်ကုလားထိုင်တန်းပေါ် တင်လိုက်ရင်း၊ နံနက်တိုင်း မှန်ခုံရှေ့သွား၍ ပြုပြင် ဝတ်ဆင်ရသော ဝတ်ဒုက္ခမှ ကျွတ်လွတ်ကာ မပြုမပြင် ကပိုကရို ထင်သလို နေခွင့်ရသော လွတ်လပ်ခြင်း အရသာကို ခံစားလျက် "ဪ... ချမ်းသာလေစွ" ဟု မြည်ကျူးလိုက်မိသည်။

ငြိမ်းပြီ၊ ဒီကနေ့က စပြီး ငြိမ်းပြီ။ သက်သာသလို ဝတ်၊ သက်သာသလို နေ၊ အခိုန်နဲ့စား၊ အချိန်နဲ့အိပ်။ ရှင်ပူစရာ၊ စိတ်မောစရာ၊ ခေါင်းရှုပ်စရာ၊ ခေါင်းနောက်စရာတွေကို ရှေ့လျှောက် ဘာမှ လက်မခံဘဲ ချမ်းသာရာ ချမ်းသာကြောင်း ရက်ရှည်လများ နေလိုက်ဦးအံ့။

ကျွန်မသည် အနားယူရန်သာ ရှေးရှု တွေးတော ကြံုးဝါးနေတော့သည်။

ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ကိုယ်လုပ်ချင်မှလုပ်၊ ကိုယ်သွားချင်မှသွား၊ ထိုင်ချင်ထိုင်၊ ထချင် ထ၊ ကိုယ့်သဘော ကိုယ့်ဆန္ဒ။





လောကဓာတ်ခုံပေါ်၌ ဆယ့်သုံးနှစ်တိုင်တိုင် မင်းသားလည်း ကိုယ်၊ မင်းသမီးလည်း ကိုယ်ပင်။ လူတစ်ကိုယ်တည်း နှစ်ကိုယ်ခွဲကာ မီးကုန်ယမ်းကုန် ကလာခဲ့ရ၍ အနား မရသော ခန္ဓာကိုယ်အား ရပ်နားခွင့်၊ ချမ်းသာခွင့် ပေးမည်။ အဘတ်နေရေး ရှိရှိသမျှသော တာဝန်များအတွက် ကြံရဖန်ရခြင်းဖြင့် လုံးပန်းကာ နွမ်းလိုက်ခွေနုံးလာခဲ့သော စိတ်နှလုံးကိုလည်း ငြိမ်းအေးခွင့်၊ တည်ငြိမ်ခွင့် ပြုမည်... စသည် စသည်အားဖြင့် ဘဝတစ်ထောင့်၊ တစ်အောင့် သက်သာခိုရန် ကြံစည် တွေးတောနေဆဲသကာလ...

'ဒေါ်မမလေးတစ်ယောက် မရှိပါဘူးလားရှင်'

ကျွန်မမှာ လန့်ဖျပ်သွားကာ ဖျတ်ခနဲ မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။ အိမ်ပေါက်ဝ သံတံခါး အပြင်ဘက်၌ အမျိုးသမီးနှစ်ယောက် မတ်တတ်ရပ်နေကြသည်။

'လူနာပြချင်လို့ပါရှင့်၊ အလုပ်တိုက်သွားတော့ အလုပ်မဆင်းတော့ဘူး ပြောလိုက်ကြလို့ အိမ်လိုက်လာတာပါရှင်'

၂

နံက်စာကို နေ့လယ် တစ်ချက်၊ နှစ်ချက် တီးမှ ကပျာကယာ ထ စားရ၏။

အလုပ်မဆင်းဘဲ အိမ်နေသည်မှာ သုံးလခန့် ရှိသွားလေပြီ။ နံနက်လင်း သည်နှင့် ညှေ့ခန်း၌ လူတွေ ပြည့်လျှံနေသည်။ အချို့မှာ ထိုင်စရာ နေရာ မလောက်၍ တစ်သုတ်ပြီး တစ်သုတ် ရပ်စောင့်နေကြရသည်။ နေ့စဉ် အလုပ်ဆင်းခဲ့စဉ်က လူနာများသည် အလုပ်တိုက်တွင် ဖွဲကောင်းကောင်းနှင့် ထိုင်စောင့်နိုင်မှ၊ သို့မဟုတ် နှစ်ခေါက် သုံးခေါက် လာရှာနိုင်မှ ကျွန်မနှင့် တွေ့ရတတ်သည်။

ပန်းဆိုးတန်း မမလေးကုမ္ပဏီ အလုပ်တိုက်နှင့် အနော်ရထာလမ်း သီဟရတနာ စာပုံနှိပ်တိုက် အလုပ်ကို တစ်ယောက်တည်း နှစ်တိုက်ပြေး လုပ်ကိုင်နေရသဖြင့်၊ ဘယ်လူနာမှ ကျွန်မကို ရုတ်တရက် လွယ်လင့်တကူ ဖမ်းမမိကြချေ။

အလုပ်မဆင်းဘဲ အိမ်မြဲနေပြီ၊ အိမ်သွားရင် အချိန်မရွေး တွေ့တယ် ဆိုသော တစ်ယောက် စကား တစ်ယောက် နားဖြင့် မိုးလင်းက မိုးချုပ် အိမ်၌ လူနာဟောင်း၊ လူနာသစ်များ ဝင်လာမစဲ ကသဲသဲ ဖြစ်နေတော့သည်။ တစ်နေ့ထက် တစ်နေ့ များပြားလာသော လူနာပရိသတ်ကြီးကို အံ့သြလာတော့သည်။ နေ့လယ် တစ်ချက် နှစ်ချက်မှ ထမင်းစားရကာ၊ ည ရှစ်နာရီလောက်မှ လူနာပြတ်သွားတတ်သည်။ ကျွန်မမှာ အိမ်မှထွက်၍ နေ့စဉ် အလုပ်ဆင်း လုပ်ရသည်ထက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲနေရင်း စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်း ဖြစ်လာသည်။ ရှုမဝသို့ ဆောင်းပါး ဝတ္ထု တစ်ပုဒ် နှစ်ပုဒ်ကိုပင် အချိန်လုပြီး ကြိုးစား ရေးသားပေးရသည်။

ဆေးတိုက်လည်း မဟုတ်၊ ဆေးခန်းလည်း မဟုတ်၊ လူနေအိမ် ဖြစ်နေ၍ အရပ်လေးမျက်နှာမှ လာကြသော လူနာများသည် အချိန်မရွေး ဥဒဟို လာနေကြတော့သည်။ တစ်ခါတစ်ရံ မိုးမလင်းတလင်း တံခါးလာခေါက်နေ၍ 'မိုးမှ မလင်းသေးဘူး' ဟု တက်ခေါက် ညည်းတွားရင်း တံခါး ထ ဖွင့်ပေးရတော့သည်။

လူနာများကို တွေ့ဆုံ လက်ခံရသည်မှာ မသက်သာလှချေ။

ကျွန်မ သင်ယူ တတ်မြောက်သော ဓာတ်ပညာမှာ ဒီရောဂါ ဒီဆေးဟူ၍ သတ်မှတ် ကုသသော ကုနည်းကုထုံး မဟုတ်ပေ။ ဝေဒနာချင်း တူသော်လည်း သူ့ခွင်မတူ၊ ဓာတ်ချင်း မတူကြလျှင် လူလိုက်၍၊ ဓာတ်လိုက်၍ ကုနည်းကုထုံး ကွဲလွဲလေသည်။ ဝေဒနာသည် တစ်ဦးအား သူ့အနာနှင့် သူ့ဓာတ် ကိုက်ညီအောင် ဆေးဝါးဓာတ်စာပေးရန် ဉာဏ်ရှိသလို ထက်မြက်အောင် ရှာကြံတွေးတော အားထုတ်ရသဖြင့် လွယ်ကူလှသော အလုပ် မဟုတ်ချေ။ မှာကြားလိုက်သည့် အတိုင်း မလွဲမှား အတိအကျ လိုက်နာ လုပ်ကိုင်ရန် အာညောင်းအောင် ပြောရ ဟောရသည်။

လူနာတစ်သုတ် ထ ပြန်သွားလျှင် ဦးနှောက်များ ဆူ၍ ခေါင်းပူ ကျန်ရစ်ခဲ့သည်။ ကုလားထိုင်တွင် ငါးနာရီ၊ ခြောက်နာရီလောက် မထရဘဲ တစ်ချိန်လုံး ထိုင်နေရ၍ ဆန့်မရ ကုန်းမရအောင် ဖြစ်သွားသော ခါးမှာ တောင့်တောင့်ကြီး ဖြစ်နေတော့သည်။ လူရှင်းသွားခိုက် အညောင်းဆန့်ရန် ခဏတစ်ဖြုတ် အိပ်ရာပေါ်သို့ လှဲလိုက်ကာ ရှိသေး၊ နောက်တစ်သုတ် ရောက်လာကြပြန်သည်။

ဝေဒနာသည် အမျိုးမျိုး လာနေကြသည်။

ချောင်းဆိုးသွေးပါ၊ ပန်းနာရင်ကျပ်၊ ကင်ဆာ၊ လေငန်း၊ ကုဋ္ဌနူနာ ကျောက်၊ ဝက်သက်၊ နှင်းခူ၊ သွေးတိုးရောဂါ၊ မီးနေသည်၊ မီးယပ်သည်၊ သူငယ်နာ၊ ခရုသင်း၊ မြင်းဖု၊ လိပ်ခေါင်း၊ ဆင်ခြေထောက်၊ စိတ်နောက်သူ ...။

ဝေဒနာမျိုးစုံ ဖြစ်လာကြသော ဝေဒနာရှင်များနှင့် ဆက်ဆံရ၍ နားချမ်းသာစရာ၊ စိတ်ချမ်းသာစရာဆို၍ တစ်ကွက်မျှ မရှိဘဲ နားမချမ်းသာစရာ၊ စိတ်မချမ်းသာစရာများကိုသာလျှင် နေ့စဉ် ဆီးကြို လက်ခံနေရလေ၏။

နေ့သေမလား၊ ညသေမလား အသည်းအသန် ဖြစ်နေသော လူနာများအတွက် ဦးနှောက်ရှုပ်ရ၊ ရင်ဖိုရလှသဖြင့် သူ့အပူမှာ ကူးစက်၍ ကိုယ့်အပူလုံးလုံးကြီး ဖြစ်နေတော့သည်။ ကုထုံးအမျိုးမျိုး ကြံဆ အားထုတ်လျက် အချိန်ရှိသရွေ့ ခေါင်းထဲ ထည့်ကာ အာရုံစိုက်နေရလေသည်။





ကျွန်မမှာ အနားယူပြီး အိမ်ထိုင်နေခါမှ ဘယ်မှ ရှောင်မပြေးနိုင်အောင် တ်မိလျက်၊ ဆေးဆရာလုံးလုံးကြီး ဖြစ်နေချေတော့သည်။

'ရောဂါ စမ်းသပ်စစ်ဆေးခ၊ ဆေးကုခ၊ လူနာတွေဆီကများ ပိုက်ဆံ ောင်းရရင် ဒီလို ပရိသတ်မျိုးနဲ့ ပိုက်ဆံတွေတော့ ထားစရာတောင် နေရာရှိမှာ မဟုတ်ဘူး' ဟု အိမ်သားတွေက ပြောကြသည်။ သည်ကြားထဲ ဆရာ လာပင့်ကြသည်။ ဘယ်လိုမှ ငြင်းမရအောင် မရှောင်သာသူများ ဖြစ်နေလျှင်၊ အချိန်မရွေး ထ လိုက်သွားရတတ်သည်။ လက်ခံကုသပေးရသော လူနာများထဲတွင် များသောအားဖြင့် ဆရာဝန်နှင့် မရတော့ဘဲ အလွန် ဆိုးဝါးလာသော အခြေဆိုက်၍ နောက်ဆုံး ကံတရားထား၍ ကျွန်မထံသို့ ပုံအပ်ရန် လာကြခြင်းကြောင့် ိုးလူနာထက် အရေးကြီးသော လူနာက များလေသည်။

ညင်းညံ့ညံ့ တိုက်လာသော လေကို ရှူလျက် ဆောင်းဝင်ပါပကောဟု လိုက်သည်။ ဆောင်းလေ တိုးသွားမှပင် အလုပ်တိုက်ဘက် မရောက်တာ ခြောက်လတောင် ရှိပြီဟု တွက်ချက်ကြည့်မိသည်။

တစ်နေ့ထက်တစ်နေ့ လူနာ များသထက် များလာလေသည်။ အိမ်၏ ငြိမ်သုခ ချမ်းသာခြင်းလည်း ဘယ်ဆီဘယ်သို့ လွင့်သွားလေမှန်း မသိချေ။ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ မော်လမြိုင်၊ ပုသိမ်၊ ဓနုဖြူ၊ မြောင်းမြ၊ လားရှိုး၊ လော၊ ဟင်္သာတ၊ ဝါးခယ်မ၊ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သရက်၊ မြေထဲမြို့၊ ရေး၊ မြိတ်၊ ထားဝယ် စသော အမြို့မြို့ အနယ်နယ်မှ မျက်နှာစိမ်း သည်သည်လူနာတွေ နေ့စဉ် အဝင်အထွက် ရှုပ်နေသောကြောင့် အိမ်ဆောပတ်လည် အိမ်နီးနားချင်းများပင် မျက်စိနောက်လောက်အောင် ဖြစ်နေလေသည်။

ရုတ်တရက် ချက်ချင်း အဆောတလျင် အိမ်ပြောင်းရန် အကြောင်း ပေါ်ပေါက်လာလေသည်။

ရန်ကုန်တွင် အိမ်ပြောင်းနေခဲ့သည်မှာ ယခုအကြိမ်သည် ၂၆ ကြိမ်မြောက် ဖြစ်၏။ အိမ်ထောင်ပစ္စည်းများ များပြားလှရကား အိမ်တစ်ခါ ပြောင်းလျှင် အသက်ထွက်မတတ် ပင်ပန်းသွားသည်။ ဆရာဇော်ဂျီ၏ ဇနီး မမရင်က အိမ်လိုက်ရှာပေးသည်။ ဆရာစံလမ်း သမ္မတဟောင်း စဝ်ရွှေသိုက် ခြံနောက်ဘက်တွင် နှစ်ထပ်တိုက်တစ်လုံး အားနေလေသည်။ ၎င်းတိုက်ကို ငှားရမ်းရန် အာတီးယား (သီရိမင်္ဂလာ)လမ်းနေ ကျောင်းဆရာမကြီး ဒေါ်ချစ်ထံသို့ မမရင်နှင့် သွားကြသည်။

'နယ်က မိတ်ဆွေတစ်ယောက် အိမ်ပါ၊ ငှားပေးဖို့ အပ်ထားတာ အရှင်



www.burmeseclassic.com

www.burmeseclassic.com



နက်နာဖြူတွေ ငှားတုန်းက တစ်လ ၁၄၀၀ ပဲ။ ဒါပေမဲ့ မမလေး တတ်နိုင်သလောက် ပေးပေါ့၊ ဘယ်လောက် ပေးနိုင်မလဲ'

ကျွန်မမှာ အလွန်ဆုံး ၅၀၀ ထက် ပိုမပေးနိုင်သဖြင့် ပြောရမှာ ခက်နေလေသည်။

'ပြောသာ ပြောပါ၊ အားမနာပါနဲ့'

ဆရာမ ဒေါ်ချစ်တို့ တစ်အိမ်သားလုံး ကျွန်မကို ကျေးဇူးရှိသူ တစ်ဦးကဲ့သို့ ဆက်ဆံကြသည်။ ဒေါ်ချစ်၏ညီမ ဆရာမ ဒေါ်စိန်၏ကျောခွင် မြင်းဖုကြီး ဖြစ်နေရာ ဆရာဇော်ဂျီ၏ ညွှန်ကြားချက်ဖြင့် ကျွန်မထံတွင် လာရောက် ကုသဖူးသည်။ မြင်းဖုကြီး ပျောက်ကင်း ချမ်းသာသွားသဖြင့် ၎င်းကျေးဇူးကို မမေ့ဘဲ ရှိ၍ ကျွန်မ ပေးနိုင်သလောက်သာ ပေးပါဟု အားပေးနေကြသည်။

'ကျွန်မ အခုနေတဲ့ အိမ်က ၄၀၀ လေးရပါတယ်၊ အလွန်ဆုံး ၅၀၀ ပဲ ပေးနိုင်ပါလိမ့်မယ်'

'ပေးနိုင်သလောက် ပေးပါ'ဟု ဆိုကာ ငွေ ၁၅၀၀ စပေါ်ယူလျက် အိမ်သော့များ ပေးလိုက်သည်။

သမ္မတပေါင်းခြံ နောက်ဘက်ရှိ နှစ်ထပ်တိုက်အိမ်ကြီးမှာ လူမနေတာ ကြာ၍ ရှည်လျား ရှုပ်ထွေးနေသော ချုံပင်ပေါင်းပင်များ အလယ်တွင် ထီးတည်းကြီး ဖြစ်နေလေ၏။ ခြံဝင်း တစ်ဝင်းလုံး စိုပြည် သာယာသော အသွင်သဏ္ဌာန် မရှိဘဲ ခြောက်ကပ် တိတ်ဆိတ်လျက် နေသည်။ မပြောင်းခင် တစ်နေ့ အိမ်သွား ဆေးရသည်။ နံနက် ကိုးနာရီမှစ၍ လည်းကျင်း တိုက်ချွတ် ဆေးကြောလိုက်သည်မှာ ညနေ သုံးနာရီထိုးမှ ပြီးစီးသဖြင့် ခြေကုန်လက်ပန်း ကျသွားတော့သည်။ အိမ်ဆေး ကြမ်းတိုက်နေစဉ် ရောဂါအခြေအနေ အကြောင်းပြန်ရမည့်သူများ မြေနီကုန်းအိမ်မှ တစ်ဆင့် လိုက်လာကြလေသည်။ ထဘီတိုတို ဝတ်လျက် တိုက်ချွတ်နေရာမှ ထ၍ ဆေးကုနေရသည်။ ညနေစောင်း အိမ်သို့ရောက်လျှင် ဧည့်ခန်း၌ စောင့်နေကြသော လူနာများကို တွေ့ရပြန်သည်။

ရှမ်းပြည်နယ် ကိုတင်အေးမှာ အလွန်အားကိုးလာသော မျက်နှာဖြင့် နှုတ်ဆက်နေသည်။

'ကျွန်တော့်မိတ်ဆွေ ရှမ်းပြည်နယ် ပင်းတယက လူနာတစ်ယောက် သားအိမ်မှာ ကင်ဆာရောဂါဖြစ်လို့ ဂန္ဒီဆေးရုံ တင်ထားတာ အခုတော့ နေ့သေမလား၊ ညသေမလား အခြေအနေ ဖြစ်လာလို့ တစ်ဆိတ် ကုပေးပါဗျာ'

'ကျွန်မ အိမ်ပြောင်းမယ့်ဆဲဆဲ ပါ၊ မအားပါဘူး။ ကျွန်မကိုယ်တိုင် လိုက်မကြည့်နိုင်သေးဘဲနဲ့ လက်ခံဖို့ ခက်ပါတယ်'





'တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်တို့မှာ ဆေးရုံဖွင့်တဲ့အချိန် သွားကြည့်ရင် အလောင်းပဲ တွေ့ရတော့မလားလို့ ထိတ်နေရတယ်။ ဆရာဝန်တွေကတော့ ဆက်လျှော့လိုက်ပါပြီ'

ရှမ်းပြည်နယ် ကိုတင်အေးနှင့် ပါလာသော လူနာရှင်၏ခင်ပွန်း စဝ်ခွန်ဦးက ဝင်၍ ပြောသည်။

အိမ်ပြောင်းရမည့်အတွက် ပစ္စည်းများ သိမ်းဆည်း ထုပ်ပိုးရန်ရှိ၍ အလုပ် ရှုပ်လှသဖြင့် လက်မခံပါရစေနှင့်ဟု ငြင်းနေသေးသည်။ နောက်ဆုံး ငြင်း၍မရဘဲ ရှမ်းပြည်နယ် ကိုတင်အေး၏ တောင်းပန်ခြင်းကို သဘောတူလိုက်ရသည်။ လူနာကို ဆေးရုံမှ ချခိုင်းလိုက်သည်။

ဧည့်သည်များ စဲသွားချိန် ပစ္စည်းများ ထုပ်ပိုး သိမ်းဆည်းနေစဉ် ပြည်လမ်း တက္ကသိုလ်ဆိပ်သနှင့် ကပ်လျက် အဆွေတော် ဓာတ်ပုံတိုက်မှ လူငယ် တစ်ဦး ပေါက်လာပြန်လေသည်။

'ကျွန်တော့်ဇနီး ရင်သားမှာ ဖုရောင်ပြီး အကျိတ်အခဲကြီးတွေ ဖြစ်လာတယ်။ ဆရာဝန်တွေကလည်း ခွဲရဖြတ်ရမယ် ပြောတယ်၊ ကျွန်တော်က မခွဲချင်ဘူး။ အခုတော့ နာလွန်းလို့ အော်ဟစ်နေရတယ်၊ ကုပေးပါ အစ်မကြီးရယ်'

အင်္ဂလိပ်အခေါ် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ စသော ရောဂါဝေဒနာများကား အသက်နေနှင့် နီးလှသည်။ အနာ၏ အခြေအနေကို နေ့စဉ် ကြည့်နိုင်မှ ဖြစ်မည်။ လောလောဆယ် ဤတာဝန် မယူနိုင်သောကြောင့် ဆရာဝန်နှင့် ကုရန် တောင်းပန်ရသည်။ ဆရာဝန်နှင့် မကုလိုပါဟု ပြောကာ မနေမနား ဆိုင်ပြောနေတော့သဖြင့် လက်ခံလိုက်ရပြန်သည်။

ပစ္စည်းများ ထုပ်ပိုးပြီးချိန်မှာ ညဉ့်နက်လှချေပြီ။ တစ်အိမ်သားလုံး အိပ်မောကျနေပြီဖြစ်၍ ထိုအချိန်တွင် ကျွန်မနှင့် အဖော်ရှိသူမှာ "အိမ်" ပင် ဖြစ်၏။ ကျွန်မ အဖော်မှာ ရှိုက်ငင်တသ ကြေကွဲနေရှာပုံ ရလေ၏။ နေ့စဉ် တသသ တပြောင်ပြောင် နေလာခဲ့ရသော ဘဝမှ ရုတ်ချည်း ညှိုးမှိန်သွားရရှာသော အဖြစ်မှာ သနားစရာ ကောင်းနေလေသည်။ အိမ်၌ မွှမ်းမံ ပြင်သထားသော အဆောင်အယောင် ဟူသမျှ ဖြုတ်သိမ်း ရှင်းလင်းပစ်လိုက်သောကြောင့် အခန့်နေရာတွင် ဟာလာဟင်းလင်း အချို့နေရာ၌ ဟောင်းလောင်းပေါက် ဖြစ်ကာ ငုံးတိတိနှင့် ကျက်သရေ ကင်းမဲ့သွားလျက် အိမ်လုံးတီးချည်း ပေါ်နေလေ၏။ နေ့စဉ်နေ့တိုင်း ဘတ်တိုက် သုတ်သင် ရှင်းလင်း မွှမ်းမံပြင်သလျက် သူ့အား တယုတယ ထားသူနှင့် ခွဲခွာရလျှင် မည်သူ လာ၍ သူ့ကို ယုယ ပြင်ဆင် မွှမ်းမံပါအံ့နည်းဟု တမ်းတ



www.burmeseclassic.com

www.burmeseclassic.com



ခြည်ကြွေးနေသကဲ့သို့ ရှိလေသည်။ ကျွန်မကလည်း ဤအိမ်ကို ခင်တွယ်ပါ၏ ကျွန်မ ပြောင်းသွားလျှင် သူ့ကို မည်သူလာ၍ ပြုပြင် မွမ်းမံပါမည်နည်း ... ပုပန် တွေးတောမိပါ၏။ နေရာထိုင်ခင်းများနှင့် အခန်းခန်းတို့ကို သံယော ... ငြိနေသော အကြည့်နှင့် တွယ်တွယ်တာ လျှောက်၍ ကြည့်နေမိသည်။ မလွဲသာ ... ခွဲခွာကြဦးစို့ ဟူသော နှုတ်ဆက်နေခြင်းဖြင့် အချိန်ကုန်မှန်း မသိ ကုန်နေ ... ဖြုန်းခနဲ ခေါင်းထဲသို့ သူတို့တစ်တွေ အလျှိုအလျှို ရောက်လာကြလေ၏။

ဂျူဗလီဟော အဆောက်အအုံ အနီးက တစ်ကိုယ်လုံး ခရုသင်း ဖြစ် ... သော ကလေးမလေး၊ စိတ်ရောဂါအထူးကုဆေးရုံတွင် လောကငရဲခံကာ ကျင် ... သွားနိုင်သော်လည်း ရောဂါမပျောက်ဘဲ နေရင်းထိုင်ရင်း တခစ်ခစ် ရယ်နေသော ... ဓာတ် ကျောင်းဆရာ ဦးကျော်တင့်၏ တူမကလေး၊ ကိုယ်ပျက်နေသော ကြည့်မြင် ... တိုင်မှ သွားစိုက်ဆရာဝန်၏ နှမ၊ အပျိုဖြစ်လာသည်က စ၍ ငါးနှစ်လုံးလုံး ... နေ့စဉ်မပြတ် ရာသီပေါ်သော တရုတ်ကပြားမလေး၊ မျက်လုံးမှ စ၍ တစ်ကိုယ်လုံး ... နှနွင်းကဲ့သို့ ဝါထိန်ကာ ဖောရောင်နေသဖြင့် ဆေးရုံမှ ချကာ ကျွန်မနှင့် ကုသ ... ပျောက်ကင်းချမ်းသာသွားသော ခနေဖြူဒေါ်စောမြင့်က တစ်ဆင့် ညွှန်လိုက်သော ... မနေဖြူ လူနာတစ်စု၊ မျက်စိ မကောင်းသော ပန်းထိမ်ဆရာ၊ ကိုယ်လက် ဖောရောင် ... နေသော မုန့်ဟင်းခါးသည်၊ နှလုံးတုန် ရင်ခုန်၍ သွေးတိုးရောဂါ စွဲနေသည့် ... အဘွားအို။ ကန်တော်လေး၊ ကြည့်မြင်တိုင်၊ ကျောက်မြောင်း၊ ဗဟိုကုန်း၊ ဟယ် ... ပင်(ပြည်ထောင်စုရိပ်သာ)လမ်း၊ ပုဇွန်တောင်၊ တရုတ်တန်းမှ ချောင်းဆိုးသွေး ... လည်ပင်းကြီးရောဂါ၊ နှင်းကူမီးယပ်ကွက်၊ ပန်းနာရင်ကျပ်၊ ဆုံဆို့နာ၊ ၁၂ ... ၁၂ ရာသီ နေ့စဉ် ဖျားနေသော ကလေး ကလေး ...။

နေ့စဉ်ရက်ခြား ကျွန်မအိမ်သို့ လာကြရသော ကုလက်စ တန်းလန်း ဤဝေဒနာသည်တွေက ကျွန်မ ဘယ်ပြောင်းသွားမှန်း မသိကြလျှင် ခက်ရချေ၍ ပြောင်းမည့်နေရပ် ပြောပါရန် သတိပေးနေကြလေ၏။

မြေနီကုန်း ပြည်လမ်းရှိ မင်တွယ်နေသော ဤအိမ်ကလေးကို မယူသယ် ဆောင်၍ မသွားနိုင်သော်ငြား၊ ဤအိမ်တွင် နေ့စဉ် တွေ့ဆုံနေကျ လူနာအုပ်ကြီး ကိုမူ မပင့်၍ သွားရန် စားပွဲတွင် ထိုင်ကာ ကြော်ငြာရေးရလေ၏။

**ဆေးစားနေသော လူနာများသို့-**

**ဆရာစံလမ်း သမ္မတဟောင်း ခြံဝင်းနောက်ဘက်သို့ ပြောင်းရွှေ့သွားရ ပါသဖြင့် လူနာများ ဤနေရာသစ်တွင် လာရောက် တွေ့ဆုံနိုင်ပါသည်။**

**ဂျာနယ်ကျော်မမလေး**

၃

... ကိုလင်းစ အိပ်ရာမှ နိုးလာသော နှစ်ထပ်အိမ်ကြီးသည် ပြတင်းများ ဖွင့်လှစ် ... အိမ်ပေါ်တက်လာကြသော လူသစ်များကို အကဲခတ်သော အကြည့်ဖြင့် ... ကြည့်နေလေ၏။ အိမ်ပတ်ချာရံတွင် ခါးဝတ်လောက် ရှည်နေသော ပေါင်းပင် ... ပင်များ ရှုပ်ထွေးနေ၍ အိမ်ကြီးမှာ ရုတ်တရက် ကြည့်လျှင် အမွေးအမှင်များ ... ပေါက်နေသော သတ္တဝါကြီးတစ်ကောင် မြေပေါ်၌ ဝပ်စင်းနေသလို ထင်ရသည်။ အိမ်တစ်ဖက်၌ တိုက်ပုကလေးတစ်လုံး ကပ်နေလျက် အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ဘေးတို့၌ရှိသော တိုက်များမှာ ခြံဝင်းကျယ်ကြီးတွေသာ ဖြစ်လျက် တစ်အိမ် နှင့် တစ်အိမ် အလှမ်းဝေးလှပေသည်။ အိမ်ခေါင်းရင်း၌ ချောက်ကြီးရှိလေသည်။ နောက်ထဲ၌ ရေကန်တစ်ကန်နှင့် ဥယျာဉ်ရှိလေသည်။ ဥယျာဉ်ရှိ သစ်ပင်တောအုပ် ... ပ်ဖျားတို့သည် အိမ်၏ ခြံမြေနှင့် လာထိနေကာ ညို့ရိပ်အုံ့ဝေနေပေသည်။

ခြံထဲ၌ သစ်ပင်ဆို၍ မရန်းပင်၊ သရက်ပင်၊ သပြေပင်၊ ဒွေးချိုပင်၊ သစ်ပင် ကြီး လေးပင်သာ ထီးတည်းရှိသည်။ လူသွားလမ်းမှာ အိမ်ဘက်သို့ ကွေ့ချိုးဝင်လာ သော လမ်းကလေး တစ်လမ်းသာ ရှိသဖြင့် ကားသံ၊ လူသံ တိတ်ဆိတ်လျက်၊ လေတိုက်သောအခါမှ သစ်ရွက်၊ သစ်ကိုင်းချင်း ပွတ်ထိ တိုက်တိုးသွားသံများ ... ကြားလာသည်။

'သူခိုးသူဝှက်များ ရှိရင်တော့ ကြောက်စရာပဲ'

ကလေးတွေက ခြံထဲ လျှောက်ကြည့်ကြရင်း ထင်ရာ မြင်ရာ ပြောနေကြ သည်။

'ဒီအိမ်မှာ ဓားပြတိုက်နေရင် ဘယ်သူကမှ သိမှာ မဟုတ်ဘူး' မိုးဟိန်း သည် လက်ခါခါ ခြေခါခါဖြင့် အော်ကျယ်ဟစ်ကျယ် စွတ်ပြောနေလေသည်။

'သရဲခြောက်ရင်လည်း ခြောက်မှာ၊ အိမ်ကြီးက ကြည့်ရတာ တိတ်နေတာ ... ကြောက်စရာကြီး'

သရဲတစ္ဆေ ကြောက်တတ်သော မခင်လေးမြင့်က ပခုံးနှစ်ဖက် တွန့်၍ ပြောနေလေ၏။

မနေ့က အိမ်ဆေးခဲ့ပြီး၍ ပစ္စည်းများ နေရာတကျဖြစ်အောင် ရွှေ့ရ သယ်ရ ... ရန်နှင့် တစ်အိမ်သားလုံး ဖားနေကြသည်။

'ဟောဒီမှာ မေမေ၊ လူနာတွေ လိုက်လာကြတယ်' ဟု မိုးဟိန်းက ကုန်း အော်လေသည်။ အပေါ်ထပ်၌ အလုပ်များနေသော ကျွန်မမှာ အထုပ်အပိုးများ ... ကျော်လွှားကာ ပြေးဆင်းလာခဲ့ရ၏။

နှစ်ထပ်တိုက် အိမ်ခန်းကျယ်ကြီးများဖြစ်၍ နေ့စဉ် အိမ်သိမ်းရသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ ပိုများလာလေသည်။ နံနက်ဘက် အလုပ်သွားသူ၊ ကျောင်းသွားသူများ ထွက်သွားကြလျှင် ကျွန်မနှင့် အိမ်ဖော်မိန်းကလေးသာ ကျန်ရစ်ခဲ့သည်။ တစ်ခန်း ဝင် တစ်ခန်းထွက်၊ အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် တစ်မနက်လုံး အိမ်သိမ်းအိမ်ရှင်း အလုပ်ဖြင့် မောနေလေသည်။ မိုးလင်းသည်နှင့် အိမ်မှာ ဧည့်ရှ လာတတ်သည့်အတိုင်း လူနာတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေသည်။ လူစဲလျှင် မီးဖိုထဲ ဝင်သွားကာ ဝိုင်းကူချက်ရလေသည်။ လူနာလာလျှင် မီးဖိုထဲက ထွက် လာကာ တွေ့ဆုံ ပြောဆိုပြီးနောက် မီးဖိုထဲသို့ ပြန်ပြေးရလေ၏။ နေ့လယ်ဘက် လူနာများ အလာစဲသွားချိန်၌ စောင့်ကြို ခေါ်နေကြသော လူနာရှင်များ ကားပေါ် သို့ တက်လိုက်သွားကာ အသည်းအသန် လူမမာများကို လိုက်ကြည့်ရလေ၏။

ရှမ်းပြည်နယ် ကိုတင်အေး၏ သားအိမ်ကင်ဆာ လူနာမှာ ဂန္ဓီဆေးရုံ မြောက်ဥက္ကလာသို့ ရွှေ့ယူလာသဖြင့် သူ့ထံသို့ သွားရန် အသွားအပြန် အချိန် အတော်ကုန်သည်။

ဆေးရုံမှ လူမှန်း မသိတစ်ချက် သိတစ်ချက်ဖြင့် သေခါနီးဆဲဆဲ သယ်ခဲ့ လာသော လူနာကို ကိုယ့်လက်ထဲ၌ အသက်မထွက်ရန် အတော် ကြိုးပမ်းကုသ ရသည်။ ဝမ်းဗိုက်ကို ဆားနှင့် ကျပ်စည်း၍ တစ်မျိုး၊ ရေစည်ပိုင်းထဲ တစ်ကိုယ်လုံး မြုပ်အောင် ထည့်ကာ ညဥ့်သိပ်ရေစိမ်၍ တစ်နည်း၊ ဒန်းလွဲ၍ တစ်ဖုံ၊ နည်းမျိုးစုံ ကြံဆ ကုသရလေသည်။ ထက်မြက်သော အနံ့များ မပြတ်ပေး၍၊ ထက်မြက်သော အာဟာရများကို ရွေးချယ်ကျွေးကာ အနာ၏ လက္ခဏာ အတိုးအလျော့ မပြတ် စောင့်ကြည့် အကဲခတ်နိုင်မှ အသက်ချမ်းသာဖို့လမ်း ရှိသည်။

သတိ မရတစ်ချက်၊ ရတစ်ချက်နှင့် အနား လူမကပ်နိုင်အောင် အပုပ်နံ့ လှိုင်နေသော လူမမာသည် တစ်ပတ်လောက်အတွင်း အနံ့များ ပျောက်ကာ ထနိုင် ထိုင်နိုင်သွား၏။

'ဆရာမရယ် ကျွန်မတော့ သေပြီအောက်မေ့တာပါ၊ ကျေးဇူးကြီးပါတယ် ကျွန်မကို ခဏခဏ လာကြည့်ပါနော်'

ရှမ်းသံခပ်ဝဲဝဲဖြင့် မျက်ရည်ကလေး တလည်လည် ဆီး၍ ပြောသည်။ သူ့အနားတွင် ထိုင်ကာ စိတ်ရှည်လက်ရှည် အားပေးစကားဖြင့် နှစ်သိမ့်ရသည်။

'ကျွန်မ ပြောတဲ့အတိုင်း အတိအကျ လုပ်နိုင်ဖို့ အရေးကြီးတယ်၊ တစ်ခုခု မှားလို့ မရဘူး။ ဒီဝေဒနာမျိုးက အမှားမခံဘူး၊ မှားသွားရင် ကုလို့ မရတော့ဘူး'

လူနာ၏ ခင်ပွန်းသည် စစ်ခွန်ဦးက 'စိတ်ချပါ ဆရာမ၊ မမှားရပါဘူး' ဟု တာဝန်ခံလေ၏။

ဆိုးဝါးသော အခြေအနေမှ မျက်လှည့်ပြလိုက်သလို တစ်ပတ်အတွင်း





အခြေအနေ ကောင်းသွားပုံကို အားရ ကျေနပ်နေကြကာ ကျေးဇူးတင်စကားသာ ပြောနေကြသည်။ သက်သာသည်ဟု ပေါ့ဆသွားမှာ စိုးရိမ်လှသဖြင့် ကျွန်မ ပြောသည့်အတိုင်း မလုပ်ဘဲ တိမ်းမှားသွားလျှင် ဘယ်နည်းနှင့်မျှ နောက်က လိုက်၍ မရနိုင်ကြောင်း မမှားစေရန် အထပ်ထပ် ဖိပြောခဲ့ရ၏။

တက္ကသိုလ်ဆံသ ဆံပင်ညှပ်ဆိုင်ဘေးရှိ အဆွေတော် ဓာတ်ပုံတိုက်မှ လူနာမှာလည်း စိုးရိမ်ရသည့်အတွက် အတိအကျ လုပ်ပါရန် စောင့်ကြည့် နှိုးဆော် နေသည်။

'အိမ်က လူကြီးတွေက ဒီအနာကို မြန်မာဆရာနဲ့ ကုသတာ ကြိုက်ကြတာ မဟုတ်ဘူး၊ ဆရာဝန်ဘက် သန်ကြတာ။ ကျွန်တော်ကတော့ ကိုယ့်ဇနီးဖြစ်နေလို့ စိုးရိမ်လွန်းလို့ ဆရာမနဲ့ ကုရတာ။ တစ်ခုခုများ ဖြစ်သွားရင်တော့ ကျွန်တော်ဒုက္ခပါပဲ'

လူနာရှင်သည် ကျွန်မကို လာစောင့်ခေါ်ကာ ကားမောင်းရင်း ပြောပြသည်။

'မမှားဖို့ အရေးကြီးတယ်၊ ပြောတဲ့အတိုင်း လုပ်ဖို့ အရေးကြီးတယ်'

'ဒါကြောင့်ပေါ့ ဆရာမ၊ ကျွန်တော် အလုပ်မသွားဘဲ ခွင့်ယူပြီး အနားမှာ စောင့်လုပ်ပေးနေတယ်။ ဆရာမ ရေစိမ်ခိုင်းတာ ဒါလောက် အဖျားကြီးနေတာ စိမ်ရမလားလို့ အိမ်က သိပ်မကြိုက်ဘူး၊ ကျွန်တော်ကသာ အတင်းစိမ်တာပဲ'

ကျွန်မက ရယ်မောလိုက်လျက် 'ရေစိမ်တော့မှ အဖျားပျောက်သွားတယ် မဟုတ်လား' ဟု ပြောလိုက်သည်။

'ပျောက်ပေလို့သာပေါ့ ဆရာမရယ်၊ မပျောက်များ မပျောက်ရင် အခက် ပဲ။ ဒါနဲ့ ဆရာမ၊ အကျိတ်အခဲကြီး ဒါလောက် မာတောင့်နေတဲ့ဟာ ဓားနဲ့ မခွဲ ဘဲ အထဲက ဟာတွေ ပေါက်ထွက်လာပါ့မလား'

'စိတ်ချ၊ အခု ဆန်ထောင်းပြီး ဆေးနဲ့ အုံပေးတာ သူ့အလိုလို ပေါက်ထွက် လာကုန်လိမ့်မယ်'

နုနယ်သော အသားအစိတ်အပိုင်း နေရာဖြစ်၍ အဆုတ်၊ အသည်းတွေနှင့် နီးကပ်လှသဖြင့် ပြောသည့်အတိုင်း လုပ်ကြရန်၊ မလွဲမှားရန် အထပ်ထပ် သတိပေး ရသည်။ အနာမပျောက်မှာကို မပူပန်ရဘဲ ပြောသည့်အတိုင်း မလုပ်ကြမှာကို စိုးနေရလေ၏။

အထပ်ထပ် အခါခါ သတိပေးနေသည့် ကြားကပင် ဥက္ကလာပ လူနာမှာ ဆီးချုပ်သွားပြီး ရောဂါဖောက်လာလေ၏။ လူနာရှင်များ မျက်လုံးမျက်ဆံ ပြူးလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ မှားလို့ ဖြစ်တာ၊ ရောဂါ သုံးပုံနှစ်ပုံ ကျသွားပြီးမှ ဖောက်လာ မှားလို့ပဲ။ ဘာမှားသလဲဆိုတာ ကျွန်မကို ပြောပါရှင်'

'ဆရာမ ပြောတဲ့အတိုင်း လုပ်နေတာပဲ၊ ဘာမှ မမှားပါဘူး'

တစ်ညလုံး၊ တစ်နေ့လုံး ဆီးသွား၍ မရတော့သဲ ဆီးချုပ်သွားခြင်း သ မှာ အစားမှား၍ မဟုတ်နိုင်။ အနံ့ဖြစ်စေ၊ အထိအတွေ့က ဖြစ်စေ မှားသွားကြော ထင်ရှားနေလေသည်။

'ရှင်တို့ ရေမှ ဆက်စိမ်ရဲ့လား' ဟု စစ်ကြော မေးမြန်းရပြန်သည်။

'ဆရာမ စ ကုတဲ့ နေ့ကစပြီး နေ့စဉ်ပဲ စိမ်နေတာပဲ'

'ညဥ့်သိပ်ရေ ဟုတ်ရဲ့လား'

စဝ်ခွန်ဦးသည် တွေ၍သွားကာ ငိုင်တိုင်တိုင်နှင့် ခပ်အမ်းအမ်း ဖြစ်သွား သည်။ ပြီးမှ ခပ်ဖြည်းဖြည်း ခပ်ဆိုင်းဆိုင်း ပြန်ပြောလေသည်။

'အခု သုံးလေးရက် စိမ်တာတော့ ဆရာမ ... ညဥ့်သိပ်ရေ မဟုတ်ဘူ သူကလည်း အတော်ကြီး သက်သာလာတာနဲ့ ညဥ့်သိပ်ရေက အေးတယ်ဆိုပြီ နေ့လယ် နှစ်ချက်လောက် ဘုံဘိုင်ပိုက်က ရေယူပြီး စိမ်တယ်၊ ရေကတော့ ပူတယ်'

ကျွန်မမှာ စကားမပြောနိုင်အောင် ဖြစ်သွားလေ၏။ စိတ်ထဲ၌လည် မချင့်မရဲကြီး ဖြစ်လာကာ နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားမိလိုက်လေ၏။

'သူ့ဓာတ်က အပူကြိုက်တဲ့ ဓာတ် မဟုတ်ဘူး၊ အအေးကြိုက်တဲ့ ဓာ ဖြစ်လို့ တမင်ကို ညဥ့်သိပ်ရေ စိမ်ခိုင်းတာရှင့်။ ရေအေးအေးကြီး စိမ်လို့ ခုလော မြန်မြန် ထနိုင်လျှောက်နိုင် ဖြစ်လာတာ၊ အပုပ်အနံ့တွေ ပျောက်သွားတာလည် ရေအေးသတ္တိကြောင့် ပျောက်သွားတာ။ ရှင်တို့ ဆေးရုံမှာ နေ့စဉ် ဒီသားအိမ် မီးပြ မီးကင် လာခဲ့တယ် မဟုတ်လား။ နေ့တိုင်း အပူဓာတ် ပေးလာတာ အပု ထွက်လာပြီး မထနိုင် မထူနိုင်အောင် ဖြစ်သွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဟိုမှာ နေ့တိုင်း မီးကင်တာ မသက်သာပါဘူး။ အနံ့ထွ လာတော့မှ နောက်ဆုံး မရဘူး ပြောလိုက်ကြတော့တာပါပဲ'

'ကျွန်မတို့ ကုသတာက ရောဂါကို အဓိက ထားပြီး ကုသတာ မဟု ဘူး။ အဓိက ထားတာက အပူကြိုက်တဲ့ လူလား၊ အအေးကြိုက်တဲ့ လူလားဆို ကို ခွဲခြားပြီးမှ ကုတာဟာ ကျွန်မတို့ ပညာပဲ။ မြစ်ကြီးနားမှ ရဲမှူးဦးလှဦးက ဟာ ဒီပုံအတိုင်း ဖြစ်တာပဲ။ သူ့ကျတော့ သူက အအေးကြိုက်တဲ့ဓာတ် မဟု ဘဲ အပူကြိုက်တဲ့ဓာတ် ဖြစ်နေလို့ ရေအေးဆိုလို့ တစ်ပေါက်တစ်စက်မှ မထိ





နှေး ဒါမှမဟုတ် ရေကို နေပြပြီး ပူတဲ့ ရေပူနဲ့ ကုပေးလိုက်လို့ အသက်ချမ်းသာ သွားတာ။ အနာချင်း တူပေမဲ့ လူချင်းမတူကြလို့ ကုသနည်း တူတာ မဟုတ် ဘူး၊ အခု ရေပူ သုံးရက်စိမ်တော့ အပုပ်နံ့ ပြန်ထွက် မလာဘူးလား'

'နည်းနည်း ထွက်လာတယ် ဆရာမ'

ကျွန်မမှာ ငိုင်ကျသွားလေ၏။ မမှားပါနဲ့ဟု အတန်တန် သတိပေးပါ လျက် သူနှင့် အခိုက်ဆုံးဖြစ်သော အပူဓာတ်ကိုမှ လုပ်မိအောင် လုပ်လိုက်လေ သဖြင့် ကိုယ့်သေတွင်းမှ ကိုယ်ရွေးစွပ်မိသလိုဖြစ်၍ အဖြေရ ခက်လှလေသည်။ သက်သာပြီးမှ အမှားလုပ်မိ၍ ပြန်ဖောက်လာခြင်း လက္ခဏာသည် အသက်ရှင်နိုင် သော လမ်းမမြင်ချေ။

'ဆရာမရယ် ... ကျွန်တော်တို့ မှားသွားပါပြီ၊ ကယ်နိုင်ရင် ကယ်ပါဦး၊ အခုတော့ မနေနိုင် မထိုင်နိုင်အောင် ဖြစ်နေပါပြီ'

တိုးလာသော ဝေဒနာကို နောက်ထပ် ဆယ်ဆလိုက်ပြီး အမိ လိုက်ဖျော် ရန် ချမ်းသာရာ လမ်းမြင်သဖြင့်၊ ကျွန်မမှာ ဦးနှောက် ပူခြောက်သွားအောင် နည်းနည်း အဖုံဖုံ ကုထုံး ပြောင်းရလျက် ရောဂါနှင့် တိုက်ပွဲဆင်ရလေ၏။

ဥက္ကလာပမှ ကျွန်မ ပြန်လာလျှင် ကျွန်မမှာ လူမမာကဲ့သို့ပင် အိပ်ရာ ထဲ၌ ခွေသွားလေ၏။ မော်တော်ကား ဆောင့်သော ဒဏ်ကြောင့် ခြေ ပြန်ကျလာကာ မလှုပ်ချင်အောင် ဖြစ်သွားလေသည်။ လူနာပေါ်၌ အာရုံ စိုက်ရသဖြင့် ဦးနှောက်များ ပွက်ဆူပြီး ခေါင်းရှေ့များပင် စီးကျနေသည်။ ကျွန်မအပြန် စောင့်နေကြသော လူနာအုပ်ကား ဧည့်ခန်း၌ ထိုင်နေကြသည်။

'ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး မမ၊ မော်တော်ကား ဆောင့် နေ့ မမ စုခံရမယ်နော်'

ဥက္ကလာပမှ ပြန်လာတိုင်း ညီမဝမ်းကွဲ မကြည်က သတိပေးသည်။

ပုံနှိပ်တိုက်ဘက်သို့ မရောက်တော့သည့် ရက်များကို ဘယ်နှ ရက်ဟု လက်ချိုး၍ တွက်ကြည့်မိသည်။

အိမ်နေပြီး အနားရသလားဟု စစ်ဆေးကြည့်မိသည်။ ခစ် မနားရပါကလားဟု ပိုမို၍ စိတ်မောကိုယ်မော ဖြစ်သွားသည်။ ဝတ္ထုတို သုံးပုဒ်၊ ဆောင်းပါး နှစ်ပုဒ်သာ ရေးနိုင်ခဲ့သည်။ စဥ်မှန်မှန် ရေးသားနိုင်သေးသည်။ ယခုသော် အနားယူဘာ င်းက မိုးချုပ် ရှိရှိသမျှသော အချိန်တို့သည် ကိုယ်ပိုင် ဟုတ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## ၄

စဝ်ခွန်ဦးသည် လူနာ စိတ်ချလောက်သော အခြေအနေ ပြန်ရောက်သွား၍ လူနာကို အပ်ခဲ့ကာ ပင်းတယသို့ ခေတ္တ ပြန်သွားလေ၏။ အဆွေတော် ဓာတ်ပုံတိုက် လူနာမှာ အနာပေါက်ထွက်သွားပြီဖြစ်၍ အနာ ပြန်မှ ကျက်ပါ့မလားဟု စိုးရိမ်သောက ရောက်လာပြန်သည်။

'အနာကျက်ဖို့က အလွယ်ကလေးရယ်၊ အထဲက မကောင်းတာ ကုန်စင်သွားမှ ကျက်အောင် လုပ်ရမယ်'

'ဒီအနာပေါက်ကြီးတွေဟာ ဘယ်နည်းနဲ့မှ ကျက်နိုင်မှာ မဟုတ်ဘူး ထင်နေကြတယ် ဆရာမ။ အထဲက ဟာတွေ မကုန်ချင်နေပါစေ၊ ကျက်အောင်သာ လုပ်ပေးပါ'

ကျွန်မမှာ ဆေးဆရာ ဘဝကို တစ်ခါတစ်ခါ စိတ်ကုန်ခန်းသွားသည်။ အလျှင်မလိုကောင်းသည်ကို အလို မလိုက်နိုင်သည့်အတွက် လူနာနှင့် ဆန့်ကျင်နေသည်။ ရင်အုံ တစ်ခုလုံး ကင်းခြေကဲ့သို့ သွားနေသော အမြစ်များ ရှိသည့် နေရာက တစ်ပေါက်ပြီး တစ်ပေါက် ပွင့်ယိုစီးလာသော ပြည်ပုပ်ပြည်ခဲတို့ ကုန်မှသာ အမြစ်ကို သတ်ရန်ဖြစ်၍ တစ်ပေါက်ပြီး တစ်ပေါက် ပွင့်လာသည်ကို မကြောက်ရန်၊ မလောရန် နားချ ပြောဆိုရလေသည်။ လူနာရှင်များမှာ 'ဒီအနာကြီး ကျက်နိုင်ပါတော့မလား၊ တစ်အုံလုံး လျှောက်စားသွားလိမ့်မယ်' ဟု စိုးရိမ်ကြောင့်ကြ ကြီးမားနေကြလေသည်။ အနာနှင့် မဟုတ်ဘဲ အနာရှင်၏ ဓာတ်နှင့် အထိဆုံး ဖြစ်ရမည်ဖြစ်သော ဆေးကို ရှာကြည့်လိုက်ရာ (ညနေ လေးနာရီပန်း) မြေနုရွက်ကို တွေ့သည်။ မြေနုရွက်ကလေး ကပ်လိုက်ရုံမျှနှင့်ပင် ရက်တရက်မှ မကျက်နိုင်ဘူးဟု ထင်မှတ်နေကြသော အနာကြီးမှာ မိမွေးတိုင်း၊ ဖမွေးတိုင်း အကောင်းပကတိ ပြန်ဖြစ်သွားလေ၏။

ရှမဝမှ စာမူကော်ပီ တောင်းနေ၏။ တစ်လပြီး တစ်လ ရွှေ့ခဲ့ရ၍ ရှေ့လ ပါရန်ဟု လူရှင်းတုန်း စားပွဲ၌ ထိုင်လိုက်သည်။ "သာကေတ ကမ်းခြေဦးမှ" ဟု အမည်ပေး၍ စာရေးနေစဉ် ရက်တရက် ပင်းတယမှ စဝ်ခွန်ဦး ပေါက်လာလေ၏။ မျက်စိမျက်နှာ ပျက်လာသောကြောင့် စိတ်ထဲ ထင့်သွားလေသည်။

'ကျွန်တော့်ကို သံကြိုးရိုက်ခေါ်လို့ အမြန် ပြန်ခဲ့ရတယ်။ လူနာက ညတစ်ညလုံး ဝမ်းပေါက်တယ်၊ မရပ် မပိတ်တော့ဘူး၊ ခုချိန်ထိ သွားတုန်းပဲ၊ အမောလည်း ဖောက်လာပြီ'

ကျွန်မသည် အံ့အားကြီး သင့်နေလေ၏။

'တလောက ကျွန်မ ရောက်တုန်းက အကောင်းပဲ။ ကျွန်မနဲ့ တစ်နာရီ





ောက် ကြာမယ်၊ ထိုင်ပြီး စကားပြောနေလိုက်တာ။ ဘာများ မှားကြပြန်သလဲ ဝမ်းပေါက်တာ အစားမှားပြီ'

စဝ်ခွန်ဦး၏ ပျက်နေသော မျက်နှာမှာ ညှိုးမည်း၍ သွားသည်။ မျက်ခွံကို လိုက် ချလိုက် လုပ်နေလျက် တုန်ယင်သော အသံ ထွက်လာလေသည်။

'ကျွန်တော် မရှိတုန်း ခရမ်းချဉ်သီး စားမိတယ် ဆရာမ၊ စားကောင်းလို့ စဉ် ဆက်စားသတဲ့'

ကျွန်မ နှုတ်မှ 'ဘုရား ... ဘုရား' ဟု ထွက်သွားလေ၏။ ကျွန်မမှာ လိုက်လှဲလှဲ ဝမ်းနည်းသွားသည်။ လူနာနှင့် မတည့်သော အစာအဟာရများ တွင် ခရမ်းချဉ်သီးမှာ သူနှင့် အခိုက်ဆုံးသော ဓာတ်ဖြစ်၍ ကိစ္စချောပြီဟု ကလိုက်ပြီး ဖြစ်သည်။

ကျွန်မက အသံပျက်ပျက်နှင့် 'ကျွန်မ စားဖို့ ပေးထားတဲ့ စာရွက်ထဲမှာ ရမ်းချဉ်သီး ပါသလားရှင်' ဟု မေးလိုက်သည်။

'မပါဘူး ဆရာမ၊ ခရမ်းချဉ်သီးက ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ယ်ဟင်း ချက်ချက် ကြက်သွန် သုံးသလိုပဲ ခရမ်းချဉ်သီး သုံးတာ ခလေ့ နေတယ်။ အဲဒီတော့ ဘာမှ မဖြစ်တန်ရာဆိုပြီး ချက်စားတာပဲ'

ကျွန်မ ရင်ထဲ၌ တလှပ်လှပ် ဖြစ်သွားလေ၏။ အနာ ကုရသည်မှာ သောက် မပင်ပန်း မခက်ခဲဘဲ၊ မမှားစေရန်အတွက် စာရွက်ထဲ မပါတာ မစား အပေါက်အောင် သတိပေးနေသည့် ကြားထဲမှ မှားမိအောင် မှားလေခြင်းဟု ဒုမနာ ဖြစ်သွားမိလေ၏။ ယခင် ရေပူကြီး စိမ်ခဲ့၍ ဒုက္ခများသွားစဉ်က ောက်က လိုက်၍ အဖတ်ဆယ်နိုင်သေးသည်။ ယခုမူ ဆေးဆရာ မျက်စိနှင့် က်လျှင် စဝ်ခွန်ဦး ဥက္ကလာပမှ ကျွန်မဆီသို့ လာနေသည့် အချိန်၌ပင် အသက် က်သွားနိုင်သည့် အခြေအနေမျိုး ရှိနေသည်။

'မရတော့ပါဘူး၊ နေ့တောင် မကူးတော့ဘူး ထင်တယ်။ တစ်ညလုံး ပေါက်တယ် ဆိုတော့ အနာက လက်ဦးသွားပြီ။ နောက်က လိုက်ဖို့ မမီတော့ ူး။ အသက် မထွက်ခင် မချိမဆံ့ မမောရအောင် ရင်ကို ဓာတ်ဆေးရည်နှင့်နှင် နှင်းပေးဖို့ပဲ ရှိတော့တယ်'

'သေချင်တဲ့လူဟာ ဆရာမ၊ ဘယ်လောက် အမှန်နဲ့ တွေ့တွေ့ ကြံဖန်ပြီး မှားနဲ့ကို တိုးပါတယ်။ ကျွန်တော် ရောက်လာလို့ ကြည့်လိုက်တော့ ဆေးခံ နေတော့ဘူးဆိုလို့ ချလာတဲ့ အခြေအနေမျိုး ပြန်ဖြစ်နေပါပြီ'

မြစ်ကြီးနားမှ ရှမ်းဦးလှဦး ကတော်ကို ကုခဲ့စဉ်က သား အနွေးအပူဓာတ် ပေးကာ ခရမ်းချဉ်သီးကို စားနိုင်သလောက် စား



www.burmeseclassic.com

www.burmeseclassic.com



ကာခဲ့သည်။ ရောဂါချင်း တူသော်လည်း ဓာတ်ချင်း မတူပါက တစ်ဦး၏ အစာ… တစ်ဦး၌ အဆိပ်ဖြစ်ကြောင်း ရှင်းပြောပြသည်။ ရေအေးနှင့် မတည့်သော အအေး… နာ သမားများ စားရမည့် ပုံနှိပ် ဓာတ်စာရွက်ကို ထုတ်ယူခဲ့လျက် ခရမ်းချဉ်သီး… ထောက်ပြလိုက်သည်။

'အဆိပ်တော့ ဖြစ်သွားပါပြီ ဆရာမ၊ ကျွန်တော်လည်း ရှင်မယ် မထင်… တော့ပါဘူး။ ရုပ်က ပျက်သွားပါပြီ'

ကျွန်မထံမှ ရင်နာနာနှင့် ထပြန်သွားသော စဝ်ခွန်ဦးထက် ကျွန်မမှာ… ပြောဖွယ်ရာ မရှိအောင် စိတ်မချမ်းမသာ ဖြစ်ကျန်ရစ်ခဲ့သည်။

ခရမ်းချဉ်သီးဆိုလျှင် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးကပင် လူတိုင်းနှင့်… တည့်သည်၊ ဗီတာမင်ဓာတ် ပါသည်၊ အားရှိသည်ဟု လက်ခံ ယူဆထားကြသည်… ခရမ်းချဉ်သီး သတ်၍ သေသော မသာပါဟု မည်သူက လက်ခံပါမည်နည်း… "အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း" ဆိုသော ရှေးစကားအတိုင်း… မတည့်သော အစာတစ်လုတ်နှင့် အသက်ဆုံးရှုံးပုံကို သင်ခန်းစာရမိတော့သည်။

စဝ်ခွန်ဦး ထသွားပြီး ပြတင်းပေါက်မှ မျှော်ကြည့်လိုက်သည်။ ကျွန်မ… အိမ်ရှေ့ တရုတ်ခြံ၌ ခြံစည်းရိုးတစ်လျှောက် မြက်ခြောက်များကို မီးတိုက်ထား… မီးတောက်မီးလျှံများ အရှိန်ပြင်းစွာ တောက်လောင်နေသည်။ တဖျစ်ဖျစ် မြည်… လျက် ရှိသော မီးပုံထဲတွင် မီးတောက်မီးညွှန့်တို့ ဟပ်ဝါးနေကြသည့် ချုံပုတ်… မြက်ဖုတ်တို့ကို မမြင်ဘဲ၊ ဥက္ကလာပ၌ စကားလက်ဆုံကျကာ ရယ်ကာမောကာ… စကားပြောနေသော လူနာကိုသာ စန့်စန့်ကြီး မြင်နေမိတော့သည်။

သူ့အတွက် အပင်ပန်း ခံခဲ့လေသမျှ အချည်းအနှီး ဖြစ်ရခြင်းလည်း… ဝမ်းနည်း၏။ သူ ချစ်လှသော သားငယ်ကလေးကို စွန့်ပစ်ခဲ့လေပြီ ဟုလည်း… ဝမ်းနည်း၏။ ကျွန်မ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်လာသည်။

ရင်ထဲ မကောင်းလှ၍ အိပ်ရာပေါ်၌ ခွေလှဲနေလိုသဖြင့် အခန်းထဲသို့… ပြန်ဝင်လာခဲ့သည်။ ခုတင်ပေါ်၌ မလှဲခင် အိမ်ထောင်ရှင် အမျိုးသမီးများ တွေ့ကြုံ… ခံစားရတတ်သော ဝေဒနာတစ်ခု ဖြစ်ရန် လက္ခဏာ ပြလာလေသည်။

ကျွန်မမှာ ဤဝေဒနာမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့၍ အတွေ့အကြုံ ရှိ… သော မကြည်ကို လှမ်းခေါ်လိုက်သည်။ မကြည်နှင့် ဒေါ်ဒေါ်သည် အခန်းထဲသို့… ပြေးဝင်လာကြကာ မျက်နှာပျက်သွားကြလေ၏။

'အဲဒါ မမ ကိစ္စများချင်တဲ့ သဘောပဲ'

'ဟေ…'

'ဒါကြောင့် မမကို ကျွန်မ တဖွဖွ ပြောနေတာ။ စိတ်ပင်ပန်း ကိုယ်ပင်ပန်း…





…မှ မခံရဘူး၊ ငြိမ်ငြိမ်နေရတယ် မမရဲ့။ မမက စိတ်ရောကိုယ်ရော သိပ်ပင်ပန်း… …တာပဲ။ အိမ်ပြောင်းတုန်းကလည်း မမ ကြည့်ရတာ တော်တော် ပင်ပန်းတယ်။ …ကလာပ လူနာဆီ သွားနေတာလည်း မော်တော်ကားက ဘယ်လောက် ဆောင့်… …လဲ'

'အဲဒီ ဥက္ကလာပအကြောင်း မပြောစမ်းပါနဲ့ဟာ'

မကြည်သည် 'ထိုင်… ထိုင်… မမ' ဟု ဆိုကာ၊ ကျွန်မကို ဖေးမလျက် …မ်းပေါ်၌ အသာထိုင်ခိုင်းသည်။

'ငါ့ဘဝက စုံလည်း စုံပါ့ဟာ'

ကျွန်မသည် ပြောပြီး ရယ်ချင်လာ၍ ခစ်ခနဲ ရယ်လိုက်လေသည်။ မကြည် …သည် စိုးရိမ်ကြီးစွာ မျက်မှောင်ကြုတ်ထားရာက မျက်လုံးကြီး ပြူးသွားကာ …မ မကိုက်ဘူးလား' ဟု ရယ်နေသော ကျွန်မ မျက်နှာကို အံ့အားသင့်ဟန်ဖြင့် …ကြည့်လျက် မေးသည်။

'ဟင့်အင်း… ဘာမှ မဖြစ်ဘူး'

'အဲဒါဟာ မမ ဓာတ်က တော်တော်ကောင်းလွန်းလို့ပဲ။ ဒါမျိုးဖြစ်တဲ့ …မတိုင်း တစ်ရာမှာ ကိုးဆယ့်ကိုးယောက် ဆိုပါတော့၊ ကိစ္စ မပြီးမချင်း ကိုက်တာ …တော့ အပြင်းအထန် လိုမ့်ခံရတာပဲ'

'ဟော… ဟုတ်ကလား'

နာကျင်ခြင်း တစိုးတစိမျှ မဖြစ်ပေါ်ဘဲ ကိစ္စပြီးသွားလေ၏။

မကြည်သည် ဇလုံငယ် တစ်ခုတွင် နနွင်းများ ဖျော်ကာ ကျွန်မဆီသို့ …လာလေ၏။

'ကိုင်း မမ၊ သူများတွေကိုတော့ ဒါမျိုးဆိုတာ အကောင်းထက် ဂရုစိုက်ရ …တယ်၊ မပေါ့ရဘူး၊ နနွင်းနိုင်အောင် လူးရမယ်လို့ ခိုင်းခဲ့တာတွေ။ ကဲ … ကဲ… … လူးပေတော့'

ကျွန်မမှာ ပြုံးနေရာက ရှုံ့မဲ့သွား၏။ အဖြစ်မျိုးစုံသည့် ဘဝကို ရယ်ချင် …ရာက နနွင်းမြင်၍ ငိုချင်သွားပြန်သည်။

ကျန်းမာရေးကို ရှေးရှုကာ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် နနွင်းတွေ တစ်ကိုယ်လုံး …ဝါထိန်နေအောင် လိမ်းလိုက်ရလေ၏။

'ဒေါ်ကြီး … လူနာ လာပါတယ်'

အိမ်ဖော်မိန်းကလေး အညွန့်သည် အခန်းထဲသို့ ပြေးဝင်လာလေ၏။

'ဘုရား… ဘုရား နနွင်းတွေနဲ့ မတွေ့ချင်ဘူး၊ ဟာ… ဘယ်သူများ …ပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



'ရေဝန်ရုံးက မင်းကြီး ဦးဝင်းဖေရဲ့ဇနီး တဲ့' ကျွန်မမှာ အကျပ်ရိုက်
ငိုင်သွားလေသည်။

'ရောဂါ ပြချင်လို့ လာတာပါ၊ တွေ့ပါရစေတဲ့'

အတန်ကြာအောင် ငိုင်နေရာမှ သက်ပြင်းချလျက် 'ကိုင်းဟာ... အခန်း
သာ ခေါ်ခဲ့ပေတော့' ဟု ဆိုလိုက်သည်။

အမျိုးသမီးနှစ်ဦး ကျွန်မ အိပ်ရာဆောင်သို့ ရောက်လာကြသည်။ မီးနေသ
ရုပ် ပေါက်နေသော ကျွန်မ ဖြစ်ပုံကို ကြည့်၍ အံ့အားသင့်သွားကြလေသ
ကျွန်မက အခု ချက်ချင်း ဖြစ်သွားသော ကိုယ့်အခြေအနေကို အလုံး ရှင်းပြေ
သူ့ရောဂါကို စစ်ကြော မေးမြန်းရလေသည်။

ဧည့်သည်လူနာများ အခန်းထဲက ထွက်သွားသောအခါ ကျွန်မ
အားနည်း၍ ကျန်ရစ်ခဲ့သည်။ သွေးအားနည်းနေခိုက် လူနာပေါ်၌ အာရုံစူးစို
ရခြင်းဖြင့် အားကုန်သွားကာ အသံများပင် တုန်နေလေသည်။ အိပ်ရာပေ
ပြန်လှဲကာပင် ရှိသေး၊ အခန်းတံခါး ပွင့်လာပြန်၏။

'ဒေါ်ကြီး ... လူနာ လာပါတယ်'

ကျွန်မသည် အိပ်ရာပေါ်မှ အညွှန့်ကို အားယူ၍ လှမ်းကြည့်နေသည်
ဘာပြောရမှန်း မသိအောင် ခက်နေလေ၏။ နန္ဒင်းတွေ ထိန်နေလ
ယခုလို အားနည်းနေချိန်ဝယ် ဘယ်လူနာနှင့်မျှ မတွေ့ချင်ပေ။ မတွေ့ချ
မတွေ့ချင်သလို နေလိုက်မည်ဟု ဖြစ်ပေါ်သောစိတ်နှင့် တာဝန်ရှိသည်ဆိုသေ
စိတ်တို့ တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲနေကြလေသဖြင့်၊ အညွှန့်မှာ အတန်ကြ
အောင်ပင် ရပ်စောင့်နေရလေ၏။

'မမတော့ ခက်တာပဲ' ဟု အနား၌ စောင့်နေသော မကြည်က ညည်း
လေသည်။

'ဘယ်သူများလဲဟာ၊ လာနေကျ လူလား'

'ဘယ်သူလဲတော့ မသိဘူး၊ အသားဖြူဖြူ မိန်းမ ပိန်ပိန်ပဲ။ ရောဂါပြချ
လို့ တွေ့ပါရစေတဲ့'

'ကိုင်းဟာ... ခေါ်ခဲ့ပေတော့'

မမလေးတော့ ကိုယ့်အတတ်နဲ့ ကိုယ်စူး၊ နတ်လို့ မရဘူးဟု ဆရာ
ခင်းသင်၏ တစ်ခါက ရှုမဝ၌ ကျွန်မကို ပြောဖူးသဖြင့် ဆရာ့ကို သတိရလိုက်ကာ
အခုမှ ငါကယ် စူးတာပဲဟု စိတ်ထဲက ပြောလိုက်မိလေသည်။

အသက် ၄၀ ကျော်ခန့် အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး မိန်းမတစ်ဦးနှင့်
ကလေးမတစ်ယောက် ကျွန်မ ခုတင်နားသို့ ရောက်လာကြ၏။





ကျွန်မကို မြင်မှ အလွန် အားနာသွားသည့်ဟန်ဖြင့် အမ်းနေကြလေ၏။

ကျွန်မသည် အိပ်ရာမှ ထ ထိုင်လိုက်ကာ ဆံပင်များ နန္ဒင်းမပေအောင်
င်းပေါင်းထားသော အဝတ်ဖြူကို ဖြုတ်ချလျက် အားတင်း၍ ပြုံးလိုက်ရသည်။
၏ ဝေဒနာကို မစစ်ဆေးခင် ဆရာ့ဝေဒနာကို အလျင်ရှင်းပြရလေ၏။

'ကျွန်မက မြင်ကွန်းမင်းရဲ့ သမီးတော်ပါ၊ ပြင်သစ် အင်ဒိုချိုင်းနားမှာ
ပါတယ်' ဟု အစချီ၍ ရာဇဝင်နောက်ကြောင်းပြန်ကာ လက်ရှိ ခံစားနေရသော
ဒနာကို ဆက်ပြောပြသွားသည်။ ညင်သာသော အသံနှင့် သိမ်မွေ့ပျော့ပျောင်း
ာ အမူအရာတို့မှာ ပေါ်လွင် ထူးခြားနေ၏။ နာရီဝက်ခန့် ဝေဒနာကို စစ်ဆေး၍
း ဝါးဓာတ်စာများ ပေးလိုက်သည်။ အခန်းထဲမှ လူနာဧည့်သည် မထွက်မီ
ခန်းထဲသို့ အညွှန့် ဝင်လာပြန်လျက် ဧည့်သည်ရောက်ကြောင်း လက်ရိပ်ခြေရိပ်
 လာပြလေ၏။ ဧည့်သည် ထွက်သွားမှ ဘယ်သူလဲဟု မေးရသည်။

'ဟို... သည်းခြေပျက်ပြီး တခစ်ခစ် ရယ်နေတဲ့ လူနာလေ၊ သူတို့ သားအမိ
ဘာယ်၊ တွေ့ပါရစေတဲ့'

'ခေါ်ခဲ့၊ ခေါ်ခဲ့'

'မမ သိပ်စကားမပြောနဲ့၊ မမ အသံဟာ မောနေတယ်' ဟု မကြည်က
တိပေးသည်။ အခန်းထဲ ဝင်လာသော သားအမိမှာ ကျွန်မကို အားနာနေကြ
ည်။ ကေတီကျောင်းဆရာ ဦးကျော်တင့်၏ ဇာမလေး ဖြစ်သည်။ ရောဂါဝေဒနာ
ျောက်ကင်းသွားသဖြင့် အလုပ်ဝင်သင့် မဝင်သင့် လာမေးကြခြင်း ဖြစ်သည်။

ဤမိန်းကလေး၏ သည်းခြေပျက်သော ဝေဒနာကို ပျောက်အောင် အသံ
 ကုခဲ့ရသည်။ အမှန်စင်စစ် သူ့ရောဂါ ပျောက်ကင်းအောင် ကုသသူမှာ ရွှေမန်း
င်မောင်၊ စိန်အောင်မင်းနှင့် ဦးမင်းကျော်တို့ ဖြစ်ကြ၏။ ဘယ်နေရာ၌ ဓာတ်ပွဲ
သည်ကို သတင်းထောက်လှမ်းကာ ညစဉ်ညတိုင်း ဆိုင်းနောက်၌ နေရာခင်း
ပြီး မိန်းကလေးကို ဆိုင်းနှင့် ကုခဲ့ရသည်။ နတ်ဆိုင်းမှာ ဓာတ်သဘင်ဆိုင်း
က် အသံ ပြင်းထန် တက်ကြွ၍ နတ်ကနား ပေးရာသို့လည်း မိန်းကလေးကို
လျက် ဆိုင်းနား၌ နေခိုင်းရသည်။ ဆိုင်းသံဖြင့် ဝေဒနာ ပျောက်ကင်းသွား၏။
ော်ချရသထက် ချရအောင် တောင်မြင့်မြင့်ကို တက်ပြီးမှ အလုပ်ဝင်ပါဟု
ပြောလိုက်သည်။

လူနာဧည့်သည်များ ထွက်သွားသောအခါ ခေါင်းထဲ၌ အုံနေလေသည်။
ဆဲ၌လည်း တုန်နေ၍ မှိုင်းတိုက်ရသည်။ မှိုင်းတိုက်နေစဉ် ဒေါ်ဒေါ် အခန်းထ
 ဝင်လာသည်။

'မမလေး ... လူနာလာတယ်၊ ယောကျ်ားကြီး တစ်ယောက်'



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီး ဆိုလိုက်၍ 'မတွေ့ပါရစေနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်မ ခ
ကောင်းလို့ နောက်မှ လာပါလို့ ပြောလိုက်ပါ' ဟု ပြောလိုက်သည်။

မကြည်က ရယ်မောလျက် 'ဆရာ လုပ်နေပြီး နေမကောင်းဘူးလား
အောက်မေ့သွားမှာပဲ' ဟု ပြောပြီး ထပ်ရယ်နေပြန်သည်။

ဒေါ်ဒေါ် အောက်ဆင်းသွားပြီး ဒေါ်ဒေါ် ပြန်တက်လာလေ၏။

'မတွေ့ရရင်လည်း နေပါစေ၊ ဆေးတော့ ပေးပါတဲ့။ သူ့တစ်ကိုယ်
အနာတွေ ဖြစ်ပြီး မနေနိုင် မထိုင်နိုင်အောင် ယားလည်းယား၊ နာလည်းနာလ
လို့ပါ တဲ့'

'ခက်တော့တာပဲ'

မကြည်က ရယ်ပြန်၍ ကျွန်မပါ ရောရယ်မိသည်။

'အနာနေပုံ ဘယ်လိုလဲဆိုတာ သေသေချာချာ သွားကြည့်ပါဦး ဒေါ်ဒေ

ဒေါ်ဒေါ်သည် ဆင်းသွားပြန်၏။

ရှေးရှေးက မိန်းမများ သွေးနုသားနု ဖြစ်နေချိန်တွင် မီးတွင်းထဲ၌ သတ
လာမေးသူတိုင်း အပြောအဆို ဆင်ခြင်ကြရသည်။ ယားနာအကြောင်း ပြောမိလျှ
သွေးနုနေသော မီးနေသည်မှာ ချက်ချင်း ယားယံလာတတ်၍ အပြောအဆို အ
ဆင်ခြင်ကြသည်။ ကျွန်မမှာ မရှောင်သာသော ဆေးဆရာဘဝကို တွေးမိ
စိတ်ဆောင်ထားရသည်။

ဒေါ်ဒေါ် ပြန်တက်လာလေ၏။

'ခါးတောင်းကို မြှောင်နေအောင် ကျိုက်ပြတယ်။ တင်ပါးတွေရော၊ ပေါ
တွေရော အနာတွေက ချပ်ထူကြီး အပြင်ကြီးဖြစ်ပြီး သွေးတစွတ်စွတ်၊ ပြည်
တစွတ်စွတ်နဲ့'

'တော်တော့ ဒေါ်ဒေါ်' ဟု ဆိုကာ ဆေးဝါးခတ်စာ ပေးရလေ၏။

ဒေါ်ဒေါ် အခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာပြန်သည်။ ကျွန်မ
မှိန်းနေရာက မျက်လုံး မပွင့်တပွင့် ဖွင့်၍ 'ဘာလဲ ဒေါ်ဒေါ်' ဟု မေးလိုက်သည်

'စစ်ဗိုလ်နှစ်ယောက် လာတယ်၊ စိတ်ခတ်စစ်ဆင်ရေးက ကိုစောဦး
လွှတ်လိုက်သတဲ့။ မမလေးနဲ့ တွေ့ပြီး လူနာအကြောင်း ပြောချင်လို့ပါတဲ့'

'အဲဒါမှ ခက်တာပဲ၊ အောက်လည်း မဆင်းနိုင်ဘူး၊ အခန်းထဲ ခေါ်
လည်း မဖြစ်နိုင်ဘူး။ ဘယ်လိုလုပ် တွေ့မလဲ ဒေါ်ဒေါ်။ ကြည့်သာ ပြောလိုက်
တော့၊ ယောက်ျားချည့်သည် လာရင် ကြည့်သာ ပြောလိုက်ပါတော့'

ဒေါ်ဒေါ်သည် ကျွန်မ မှာထားသည့်အတိုင်း နေမကုန်မချင်း နောက်ထ





ရောက်လာကြသော ယောက်ျားလူနာ ဇည့်သည်မှန်သမျှ ကြည့်သာ ပြောလွှတ်
နေလေ၏။ နေဝင်ချိန်တွင် 'မိန်းမလူနာတွေ လာတယ်' ဟု လာပြောပြန်သည်။

အနားယူပြီး အိမ်နေမည်ဟု အနားယူချင်လှသော ကျွန်မမှာ အိမ်ပြေး
ဘဝ်နေ့မှ မနားခဲ့ရချေ။ ယခုလို သွေးအားနည်းချိန် အနားယူမှ ဖြစ်မည့် အခါမျိုး
ပြင် အနားမရသော ဘဝမှာ ငိုချင်စရာ ကောင်းနေတော့သည်။

အခန်းထဲသို့ ဆရာတော်ဂျီ၏ဇနီး မမရင်နှင့် ကလေးမလေးတစ်ယောက်
ဝင်လာကြသည်။ မမရင်မှာ ခုတင်ပေါ်၌ နန္ဒင်းတွေ ထိန်နေသော ကျွန်မကို
တွေ့၍ အံ့အားသင့်သွားလေ၏။

'အို ... ဘယ်လိုဖြစ်တာလဲ'

ကျွန်မက အားယူ၍ ထ ကိုက်ကာ ဖြစ်သမျှ အကျိုးအကြောင်း ပြောပြ
သည်။

'ပင်ပန်းလွန်းလို့ ဒီလိုဖြစ်တာ၊ အပင်ပန်း မခံရဘူး။ မမလည်း ပင်ပန်းပြီး
ခလ သုံးလနဲ့ ဒီလိုပဲ ဖြစ်ခဲ့ဖူးတယ်။ ရေအိုး လှဲသွန်လိုက်သလိုပါပဲကွယ်၊
သွန်လိုက်တဲ့ သွေးတွေ ... လှ ကို ဖျော့ဖြူသွားတာပဲ၊ သိပ်အားကုန်တာပဲ
ဒီနေ ... မထနဲ့'

မမက ကျွန်မကို အိပ်ရာပေါ်သို့ အတင်း ပြန်လှဲခိုင်းလေ၏။ လူနာ
ခေါ်လာမိသည်ကို အားနာသွားလျက် စကားမပြောရန် တားမြစ်သည်။

'တစ်နေ့လုံး ထိုင်ပြောနေရတာပါ မမရာ၊ ပြောသာ ပြောပါ၊ ဒီကလေးမ
လေး ဘယ်လို ဝေဒနာ ဖြစ်လို့ပါလဲ'

မမက လက်ကာလျက် ခေါင်းခါလိုက်သည်။

'အို ... နောက်တော့ လာမယ်၊ ခုနေခါ လူနာအကြောင်း မစဉ်းစားတာ
ကောင်း တယ်။ ဖျားတာနာတာမျိုးက ကိစ္စ မရှိဘူး၊ သွေးသားနဲ့ ပတ်သက်ပြီး
ခင်မတန် သွေးနုနေတုန်းမှာ ခေါင်းရှုပ်ဖို့ မကောင်းဘူး။ ငြိမ်ငြိမ်ကလေး နေပါ'

ကျွန်မက ကလေးမလေးကို အားနာ၍ ဝေဒနာကို အတင်းမေးရကာ
ဆေးဝါးခတ်စာများ ပေးလိုက်သည်။ မမမှာ အခန်းထဲမှ မထွက်ခင် တဖွဖွ
အနားယူနေရန် သတိပေးပြီးမှ ထွက်သွားလေ၏။ မမတို့ ထွက်သွားပြီးမှ ရွှေဘုန်း
ပွင့်လမ်းမှ ဆန်စက်သူဌေး ဦးကြီးရှိန်၏ ညီနှင့်ခယ်မများ အရေးတကြီး ပေါက်
လာပြန်လေ၏။ မိတ်ဆွေတစ်ဦး၏ သမီးကလေး အပျင်းဖျားပြီး တက်နေ၍
ကျွန်မကို လာခေါ်သည်။ ကျွန်မမှာ ရှည်ရှည်ဝေးဝေး မပြောရတော့ဘဲ မြင်တဲ့
အတိုင်းပဲ အမြင့်ရေ' ဟု ပြောလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄

ဘာခ်ပတ်လုံးလုံး အခန်းထဲမှ မထွက်ဘဲ အခန်းအောင်းနေရလေသည်။ အခန်း အောင်းနေတုန်း နေ့စဉ် လာနေကြသော မိန်းမလူနာများကို အိပ်ရာပေါ်မှ ဆေးနေလျက်။ နေ့စဉ် လာနေကြသော ယောကျ်ားလူနာများကိုကား ကြားလူထား ကုသရသည်။

ကိုယ့်ကျန်းမာရေးအတွက် တစ်ပတ်လောက် လုံးဝ အနားယူနေမှ ကောင်း မည်ကို သိ၏။ အနားယူ၍လည်း နေချင်မိ၏။ သို့သော် ကိုယ် နေချင်တိုင်း မနေရတိုင်း ဆေးဆရာ ဘဝ၏ အကျပ်အတည်းကို တစ်စတစ်စ ရိပ်စားမိလာ လေသည်။

ရှစ်ရက်မြောက်သောည ဖြစ်၏။

အိပ်ရာပေါ်မှ လူနာများကို တွေ့ဆုံကာ ပြောရဆိုရ၊ အာရုံစိုက်ရ အားထုတ်ရသမျှ ညဘက်တွင် ရင်ခုန်လျက် မျက်လုံးကြောင်နေသည်မှာ သုံးရက် ခန့် ရှိနေပြီ။ ယနေ့ညလည်း သန်းခေါင်ကျော်သည်အထိ အိပ်မရချေ။ ညမှာ အလွန် တိတ်ဆိတ်နေ၏။ အိမ်မြှောင်များ စုတ်ထိုးနေသော အသံဗလံများမှာ တစ်နေရာပြီး တစ်နေရာ အဆက်မပြတ် ကြားနေရသည်။ ကလေးများမှာ ကျောင်း စာမေးပွဲကြီး နီးကပ်နေသဖြင့် မီးထွန်းကာ ညဉ့်နက်သန်းခေါင်အထိ ထိုင်စာကြည့် နေကြ၏။ ကျွန်မသည် ရင်ထဲ၌ ခုန်နေကာ အိပ်မပျော်၍ ခေါင်းထဲ ရောက်လာ သော လူနာများကို မစဉ်းစားရန် ဖယ်ရှားပစ်လျက် အိပ်ပျော်ရန် ကြိုးစားနေသော ၏။ ခေါင်းရင်းအိမ်မှ သံချောင်းတစ်ချက် ခေါက်လိုက်ပြီးနောက် မှေးမှေးမှေးနေ နှင့် အိပ်ပျော်လုပျော်ဆဲ ဖြစ်နေခိုက်၊ ကျွန်မ အခန်းဝနားသို့ ရောက်လာသော ဗလုံးဗထွေး ဝရုန်းသုန်းကားဖြစ်နေသည့် ဆူဆူညံညံနှင့် အသံကြီးသည် နားထဲ သို့ တစ်ခဲနက် ဆောင့်ဝင်သွားတော့လေ၏။

'အောင်မယ်လေး... ဘုရား... ဘုရား'

ကျွန်မ ရင်ထဲ၌ လေယာဉ်ပျံအတောင် ပြင်းစွာ ခတ်သွားသကဲ့သို့ ဖြစ်ပြီး အလန့်တကြား ထိတ်လိုက် ဖိုလိုက်ပုံမှာ ဖြောင်းဆန်အောင် ထွေးလုံးသွားတော့ ကာ၊ ဘုမသိ ဘမသိဖြင့် ပါးစပ်မှ ထွက်သွားခြင်း ဖြစ်လေသည်။

'မေမေရေ၊ အမလေး... မေမေ... မေမေ'

ကျွန်မသည် အိပ်ရာမှ ဆတ်ခနဲ ထ လိုက်ရာ ရင်ညွန့်၌ တက်၍ ဘောင်ဘင်ခတ်နေသော အလုံးကြီးကို လက်ဖြင့် ဖိလိုက်ရာ အသက်ရှူရ ကျပ်သွား ခိုက် မခင်လေးမြင့်၏ မပီမသ ကယောင်ချောက်ချား ပြောလိုက်သံကို နားမှ ကြားရလေ၏။





ကျွန်မ၏ ခေါင်းမှာ အဆမတန် ကြီးသွားလေ၏။ ရင်ထဲမှ လှိုင်းထနေ သော အလုံးကြီးမှာလည်း အရှိန်ပြင်းစွာ ပုတ်ရိုက်နေချေသည်။

နောက်ဖေး လသာဆောင်ခန်းဘက်ရှိ အခန်းထဲ၌ စာကြည့်နေသော ကိုအောင်ဖေယျသည် အခန်းထဲသို့ ပြေးဝင်လာလေ၏။

ကျွန်မမှာ အားမာန်ခဲလျက် ခြင်ထောင်စကို အတင်းဆွဲဖွင့်ကာ လှေတစ်ပိုင်း ပြင်သို့ ရောက်သွားစဉ် ခင်လေးမြင့်နှင့် မခင်လေးတို့က ကျွန်မကို ဆီးဖက် လိုက်ကြသည်။

'အောင်မလေး မေမေ ... သရဲ သရဲ'

'နေကြစမ်းပါဦး'

ကျွန်မသည် ကိုက်တစ်ရာခန့်မှ ပြေးလာသော သူကဲ့သို့ မောကြီးပန်းကြီး ပြန်ပြောလိုက်ကာ ရှေ့ဆက် မပြောနိုင်တော့ဘဲ ရင်ထဲ၌ ဆို့နေလေ၏။

'ဘာဖြစ်လို့လဲ ဟင်'ဟု ကိုအောင်ဖေယျက ကလေးများ နောက်မှ ရပ်လျက် စိုးရိမ်ကြီးစွာ မေးလိုက်သည်။

'ဦးလေးရဲ့ သရဲချောက်တယ်၊ မခင်လေးမြင့်တို့ စာကြည့်နေတုန်း ဟို... ဟို... ရေချိုးခန်းတံခါးကို သုံးလေးချက် လာခေါက်တယ်'

'မဟုတ်ပါဘူး၊ အိမ်မြှောင် အမြီးပုတ်တာပါ။ ဦးလေး စာကြည့်နေတုန်း နေ့ကပဲ တံခါးကို အမြီးနဲ့ ပုတ်သွားသေးတယ်။ အိမ်မြှောင်ကြီးတွေက နည်းတဲ့ အကောင်ကြီးတွေ မဟုတ်လား'

ကျွန်မ သွေးလန့်သွားမည်ကို စိုးရိမ်၍ သွေးဆေးနှင့်သကြား ဖျော်တိုက် ကြသည်။ ကျွန်မ ရင်ထဲ၌ တဆတ်ဆတ် ခုန်နေသော အလုံးကို တော်တော် ကြာရင် ပြေသွားမည်ဟု ထင်မိသည်။ တဆတ်ဆတ် ဆောင့်ခုန်နေသော အလုံးမှာ တော်တော်နှင့်လည်း မပြေချေ။ မြန်လိုက် နှေးလိုက်၊ ပြန်မြန်လာလိုက်နှင့်သာပင် ရောင်ခြည်များသမ်းကာ အရုဏ်တက် လာလေ၏။ ခေါင်းရင်းအိမ်မှ နာရီ သံချောင်း ငါးချက် ခေါက်လိုက်သည်။ ပထမ ခေါက်လိုက်သော အသံဖြင့် တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားသည်။ သံချောင်းသံမှန်း သိလျက် ထိန်း၍ မရတော့ဘဲ ရင်ညွှန့်ဆီသို့ အလုံးကြီး လိမ့်တက်သွားကာ ဘောင်ဘင်ခတ် ခုန်နေ လေသည်။

မိုးလင်းစ ပြုလာ၏။

ကျွန်မမှာ ရင်ထဲက အလုံးနှင့် အသက်ရှူ မရအောင် အကြိတ်အနယ် ဖြစ်နေလျက် မျက်စိများ တဖြည်းဖြည်း ပြာဝေလာလေ၏။ ကျွန်မ မျက်စိအောက် ၌ တစ်ဦးတစ်ယောက် ကျွန်မကဲ့သို့ မချိမဆံ့ ဖြစ်နေခဲ့ပါလျှင် ကျွန်မမှာ အကြံသော ရာ သက်သာကြောင်း ကြံဆ စိတ်ကူးကာ အမြန် ကုသလိုက်မည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင် မချိမဆံ့ ဝေဒနာ ခံစားနေရရိုက် ကိုယ့်ကိုယ်တိုင် ကိုယ်ပြန်ကုရန် ကြိုးစည် စိတ်ကူးနိုင်ဖို့ နေနေသာသာ၊ အသက်မရှူနိုင်အောင် အလုံးကြီး ရိုက်နေသည့် ကြားထဲက မရရအောင် ကြိုးစားပြီး ကြံဖန်ရှူနေရသည်။

ကျွန်မကိုယ်ကျွန်မ မကြာခင် သွေးတက်သွားတော့မည်ကို သိပေ၏။ သွေးပျက်သွားနိုင်တာလည်း သိပေ၏။ ကြက်ကလေးများ ကိုင်ရိုက်သလို အခုနက်ချင်းပင် မရှူနိုင် မရှိုက်နိုင်ဘဲ အသက်ထွက်သွားနိုင်သည့် လက္ခဏာမှန်း သိလာလေ၏။

ကျွန်မမှာ ဝေဒနာ အပြင်းအထန် ခံစားနေရ၍ ကျွန်မကို ကုပေးရန် ဆရာလိုမှန်း သိလာ၏။

'ဒေါ်သန်းခင်ကို မြန်မြန်ခေါ်ပါ'

ကျွန်မသည် ရင်ကို ပင့်၍ ကျပ်မော လှိုက်ဖိုနေသည့် အတွင်းက အားစိုက်၍ ပြောရသည်။ ဒေါ်သန်းခင်မှာ ကျွန်မကို ဆေးပညာ သင်ပေးသော အဘဓာတ်ဆရာကြီး၏ သမီးဖြစ်သည်။ ဤဓာတ်ပညာကို တတ်မြောက်ကာ ဆေးဆရာအလုပ် မလုပ်ဘဲ ဆေးသာလျှင် ဖော်ထုတ်စီမံနေသူ ဖြစ်လေ၏။

နာရီဝက်အတွင်း ဒေါ်သန်းခင်နှင့် ဒေါ်သန်းခင်၏ တပည့်ကလေး ပေါက်စီတို့ ကျွန်မ အခန်းထဲသို့ ရောက်လာကြသည်။ ကျွန်မမှာ အမောဆိုက်နေလေ၏။ ဒေါ်သန်းခင်နှင့် ပေါက်စီတို့၏ ရုပ်ပုံလွှာမှာ ကျွန်မ မျက်လုံးထဲတွင် ချာလပတ် လည်နေကြသည်။

ဒေါ်သန်းခင်သည် ရုပ်ပျက်သွားပြီဖြစ်သော ကျွန်မကို မြင်မြင်ချင်း ခေါင်းနားပန်း ကြီးသွားလေ၏။ သွေးစမ်းရန် လက်နှင့်ခြေကို လာကိုင်လိုက်ရာ ရေခဲတုံးကြီး စမ်းမိသကဲ့သို့ တုန့်သွားလေသည်။

'မဖြစ်ဘူး ကိုအောင်ဇေယျ၊ ဒေါ်နုပန်းအခေါ် ၂၀၀ လောက် ရအောင် အခု ကားနဲ့ သွားဝယ်ခိုင်းပါ။ ပက်လက်ကုလားထိုင် တစ်လုံးကို ကြိုးသိုင်းချည်ပြီး၊ အဲဒီပေါ်မှာ တင်ပြီး ဒန်းမြန်မြန်လွှဲမှ ဖြစ်တော့မယ်။ မြန်မြန် မြန်မြန်'

အိမ်ရှိလူကုန်ပင် ဗျာများသွားကြသည်။ ကျွန်မ အခြေအနေ ဆိုးလာသည်ကို ကြည့်ကာ စိုးရိမ်လာကြသည်။ ကျွန်မကို ရေချိုးခန်းထဲသို့ ပွေ့သွားကြသည်။ ဒေါ်သန်းခင်နှင့် ပေါက်စီတို့ ရေခွက် တစ်ယောက်တစ်ခွက်စီ ကိုင်၍ ရေခပ်လောင်းကြသည်။ ရေလောင်းပြီး ခုတင်ပေါ်သို့ ပြန်ပွေ့ယူလာကာ ဓာတ်ဆေးရည်စပ်လျက် တစ်ကိုယ်လုံး ကပျာကယာ လိမ်းကြသည်။ ကျွန်မမှာ သတိလစ်ချင်၍ သတိလစ် မသွားအောင် စိတ်ကို ခိုင်ခိုင်ကြီး တင်းထားလျက် မခံမရပ်နိုင်အောင် ရင်တက်ဆောင့်ခုန်နေသော အလုံးကြီးကို ကြိတ်မှိတ်ပြီး အလူးအလဲ ခံနေရလေ





သည်။ ဒေါ်နုပန်းများ ရောက်လာကာ ပန်းခက်များနှင့် ခွေထား၍ ကျွန်မမှာ ဒေါ်နုပုံကြီးထဲ၌ မြုပ်နေသည်။

အိမ်အပေါ်ထပ်၌ ကြိုးရှာသူ၊ ဒန်းဆင်သူ၊ ဆေးသွေးသူတို့ ပျာယာခတ်လုပ်ကိုင်နေကြစဉ်၊ အိမ်အောက်၌ မော်တော်ကားတစ်စီး ထိုးဆိုက်လိုက်သည်။

တနင်္ဂနွေနေ့တိုင်း ဝတ်တစ်ခု ထား၍ မပျက်မကွက် ရွှေတိဂုံဘုရားတက်ဖူးသော ကျွန်မ၏ သားအငယ် ဘုရားဒကာ မောင်မိုးဟိန်းသည် ဘုရားမှအပြန် ဟာမစ်တစ်(သာသနာ့ရိပ်သာ) လမ်းပေါ်၌ မော်တော်ကား တိုက်သွားလေ၏။ လည်ပင်း ဟက်တက်ကွဲသွားကာ တစ်ကိုယ်လုံး ပြင်းထန်သော ဒဏ်ရာဒဏ်ချက်များ ရလျက် သွေးအလိမ်းလိမ်း လူး၍ သတိ မရတစ်ချက်၊ ရတစ်ချက်ဖြစ်နေစဉ် လမ်းပြပုလိပ်များက ဆေးရုံသို့ မောင်းပို့မည် ပြုသည်ကို 'ကျွန်တော့်အမေဆီ ပို့ပါ၊ အမေ ကုလိမ့်မယ်' ဟု အတင်းပြော၍ သူ့ကို ပုလိပ်များ ပွေ့ယူလာသော မော်တော်ကား ဖြစ်လေ၏။

ဒေါ်သန်းခင်မှာ အိမ်ပေါ်၌ ကျွန်မအတွက် ပျာယာခတ်ပြီး ခေါင်းချာစိုင်းနေသဖြင့် ဒေါ်သန်းခင်၏ တပည့်ကလေး ပေါက်စီမှာ အောက်ထပ်တွင် သတိမဲ့နေသော မိုးဟိန်း သတိရရန်အတွက် ခေါင်းတောက် ဗျာများနေ၏။ အိမ်ရှိလူကုန်သည်လည်း အပေါ်တချို့၊ အောက်တချို့နှင့် အပူမီးတောက်၍ ရှုပ်ယှက်ခတ်အောင် အလုပ်များနေကြသည်။

ကိုအောင်ဇေယျ ဒန်းဆင်ပြီး၍ ကျွန်မကို ဒန်းပေါ်သို့ ပွေ့တင်ကြကာ ဒေါ်နုပန်းများ ခြံရံလျက် ဒန်းစလွှဲလေ၏။ အိမ်ရှိလူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေပုံကို ကျွန်မအတွက်ဟုသာ ထင်မိသည်။ အောက်ထပ်၌ မိုးဟိန်း သေလုမြောပါးဖြစ်နေသည်ကို လုံးလုံး မသိချေ။

'တစ်နာရီတိတိ လွှဲမယ်ဗျာ' ဟု ပေါက်စီက ပြောသည်။

ကျွန်မ ဒန်းပေါ် ရောက်သွား၍ ဒေါ်သန်းခင်သည် မိုးဟိန်းဆီသို့ ခဏပြေးဆင်းသွားကာ ဆေးထည့်၊ ကျပ်စည်း၊ ကြပ်ထုပ်ထိုးနှင့် အလုပ်များနေသည်။

ကိုအောင်ဇေယျ တစ်လှည့်၊ ပေါက်စီ တစ်လှည့် ဒန်းလွှဲနေကြသည်။ ဒေါ်သန်းခင် ပြန်ပြေးတက်လာပြီး ကျွန်မ အခြေအနေကို အကဲခတ်ရန် အနားမှရပ်စောင့်ကြည့်ပြီးနောက် မိုးဟိန်းဆီသို့ ပြန်ပြေးဆင်းသွားပြန်လေ၏။

ဒန်းပေါ်ရောက်၍ မိနစ် ၂၀ လောက် ရှိလျှင် ရင်ညွန့်တွင် မခံစားနိုင်အောင် တက်ဆောင့်ခုန်နေသော အလုံးကြီးမှာ အရှိန် လျော့ပါးလာလေ၏။ ဒေါ်နုပန်းများ ခြံရံထား၍ ဒန်းပေါ်၌ အရှိန်နှင့် မြောက်တက်သွားရင်း ပန်းနံ့များသည် သင်းကြိုင်နေတော့သည်။ ရင်ပေါ်တွင် ဖိစည်းထားသော သံပရာသီးထုပ်မှလည်း သံပရာနံ့များ တသင်းသင်း ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ်လဲ ဒေါ်မမလေး၊ ခံသာရဲ့လား' ဟု ဒေါ်သန်းခင်က လှမ်းမေးသည်။ ကျွန်မက ခေါင်းညိတ်လိုက်သည်။ နာရီဝက်ကျော်သွားလျှင် အသက်ရှူ သက်သာခွင့် ရလာ၍ ငါတော့ "မသေနိုင်တော့ဘူး" ဟု ကိုယ့်ကိုယ်ကိုယ် စိတ်ချ သွားလေသည်။

ကျွန်မ သက်သာခွင့်လေး ရသွားပုံရှိမှ ဆားက စောင့်နေသူများ ရယ်ရယ်မောမော စကားပြောနိုင်လာကြသည်။

'သွေးနုနုနဲ့ လူကလည်း အားနည်းပြီးနေတုန်း ခုလို သွေးလန့်သွားတဲ့အတွက် ဒီလောက် ဖြစ်ရတာ။ ကျွန်မတို့ လာတာ မီပေလို့ပဲ၊ နို့မို့ရင် ဒီလို ကမန်းကတန်း ဖြစ်ပုံမျိုးဟာ အခုလောက်ရှိ ကိစ္စများပြီ'

ဒေါ်သန်းခင်က ပြုံး၍ ပြောသည်။

'လာလိုက်ကြတဲ့ လူနာတွေကလည်း မနည်းပါဘူး ခင်ဗျာ၊ နေ့စဉ် အိပ်ရာပေါ်ကနေ ဆေးကုနေတာ။ အဲဒီကတည်းကကိုပဲ အားက နည်းလှပြီ'

ကိုအောင်ဇေယျက ပြော၍ ပေါက်စီက လွှဲနေရင်းက 'ဒီလို ဖြစ်နေတုန်းများ ဘာဖြစ်လို့ လူနာတွေနဲ့ တွေ့ရသလဲဗျ၊ ခင်ဗျားရင်လည်း ဒီပညာ သင်ထားဗျာ' ဟု ကိုအောင်ဇေယျကို မဲပြောနေလေ၏။

တစ်နာရီခန့် ရှိလာလေ၏။ ကိုအောင်ဇေယျက သက်သာရဲ့လားဟု လာမေး၍ ကျွန်မက သက်သာကြောင်း စကားဖြင့် ပြန်ပြောနိုင်သည်။

'တစ်နာရီ ခေ့ပြီဗျို့၊ ရေလောင်းမယ်'

ပေါက်စီက ကြိုးကို အရှိန်လျှော့လျက် လှမ်းအော်လိုက်သည်။

'ဒီပေါ်မှာ သက်သာရင်လည်း ခဏ နေပါဦးလား'

ကိုအောင်ဇေယျက ကျွန်မကို ပြောသည်။

'လွှဲလေ'

ရှေ့ဆက်၍ ဆယ်မိနစ်ခန့် အရှိန်ပြင်းပြင်း လွှဲနေစဉ် ကြိုးပြတ်သွားပါလေ၏။ ကြိုးပြတ်သွားလျှင်သွားချင်း ကျွန်မမှာ ပြတ်ပြီဟု မနည်း သတိထားလိုက်ရလေ၏။ သတိခိုင်ခိုင်ထားနိုင်သော်ငြား၊ အရှိန်နှင့် လွင့်ကျသွားသောကြောင့် အားလုံးထ၍ ပြေးဖမ်းကြသော်လည်း မမီဘဲ လွတ်သွားလေသည်။ ဒန်းပေါ်တွင် ခံသာရာရကာ ငြိမ်ဝပ်သွားသော အလုံးကြီးမှာ ဝုန်းခနဲ ရင်ညွန့်ဆီသို့ တက်ဆောင့်ကာ မျက်လုံးများ ပြာဝေလျက် မိုက်ခနဲ မေ့သွားသည်။ ကျွန်မကို ကောက်ဆွဲကြကာ ရေချိုးခန်းဆီသို့ ပွေ့ပြေးလာကြသည်။ ရေဆယ်ခွက်လောက် လောင်းမှ သတိပြန်ရသည်။ ပေါက်စီမှာ တအားခပ် ပက်လောင်းနေ၏။ ဒေါ်သန်းခင်မှာ ကျွန်မ ရင်ကို တစ်ချိန်လုံး ဖိထားသည်။





သတိပြန်ရသော်လည်း ရင်ဝ၌ ဆောင့်နေသော အလုံးကြီးမှာ ဖြစ်စကထက်ပင် အဆောင့်ပြန်လွန်းလှ၍ မခံနိုင်အောင် ဖြစ်နေသည်။ ကျွန်မက ရှိုက်ကာ ရှိုက်ကာ ဖြစ်နေသော အသံနှင့် 'ဒန်း ပြန်ဆင်ပါ' ဟု ပြောလိုက်သည်။

ယခုတစ်ကြိမ် အောက်ထပ်ဧည့်ခန်း မျက်နှာကြက်၌ တန်းရှိ၍ အောက်ထပ်၌ ဒန်းပြောင်းဆင်ကြသည်။ ကျွန်မကို ရေလောင်း၊ ဆေးလူးပြီး အောက်ထပ်သို့ ပွေ့ချကြသည်။ အောက်ထပ်ဧည့်ခန်း၌ စန့်နေသော မိုးဟိန်းကို ကျွန်မ မမြင်စေရန် မီးဖိုစတိုခန်းထဲသို့ ကပျာကယာ ရွှေ့ပြောင်းလိုက်ကြသည်။

ဒန်းပေါ်ရောက်၍ နာရီဝက်ခန့်ကြာမှ တဒိန်းဒိန်း ဆောင့်နေသော အလုံးမှာ ပြေစ ပြုလာလေသည်။ ကျွန်မဆရာ ဒေါ်သန်းခင်မှာ ဒန်းပြတ်ကျသွားတုန်းက ကျွန်မကို "သေပြီ" ဟု တွက်လိုက်သည်။ သူ့မျက်လုံးများ ပြာသွားကာ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်နေသော အလုံးကို အောက်ထပ်၌ ပြန်ဆင်သော ဒန်းပေါ်သို့ ကျွန်မ ရောက်သွားမှ ရေချိုးခန်းထဲ ဝင်၍ ဟင်းချလျက် သူ့ရင် သူဖိကာ ရင်ခုန် ပြေစေအောင် ခဏ ငြိမ်ထိုင်နေရသည်။

ပေါက်စီ တစ်လှည့်၊ ကိုအောင်ဇေယျ တစ်လှည့်၊ နှစ်နာရီခန့် ပြင်းပြင်းထန်ထန် လွှဲကြမှ ရင်ထဲက အလုံးကြီးမှာ ပြန်ငြိမ်သွားလေသည်။ ဒေါ်သန်းခင်သည် ဇလုံကြီးထဲတွင် ဆေးရည်များ စပ်လျက် ကျွန်မကို ဒန်းပေါ်မှ ခေါ်ပြီး တစ်ကိုယ်လုံး လူးလေသည်။ ဒေါနနှင့် နှင်းဆီများ တစ်ပွေ့တစ်ပိုက်ကြီးပင် ကျွန်မ အိပ်ရာ ပတ်ပတ်လည် ခွေရံလျက် ရင်ကို ဆားကြပ်ထုပ်ထိုးပေးကြသည်။

'နာတာရှည်က အရေးမကြီးဘူး၊ ဖြုန်းခနဲ အရေးတကြီး ဖြစ်လာတဲ့ ဝေဒနာကို လူနိုင်နိုင်နဲ့ နင်လား ငါလား အကြိတ်အနယ် လုပ်နိုင်မှ ဖြစ်တာ'

ကျွန်မမှာ အသက်ကို မှူဦးမှူဦးရှူနေရင်းမှ "ကျွန်မအတွက် ဆရာရှိပေလို့ပဲ မရှိများ မရှိရင် အခက်ပဲ" ဟု တွေးတောမိလေသည်။

ညကိုးနာရီခန့်အထိ ဒေါ်သန်းခင်နှင့် ပေါက်စီမှာ နာရီကို ကြည့်လျက် သူ့အချိန်နှင့်သူ ကျွန်မကို ဒန်းပေါ်တင်လိုက်၊ ရေလောင်းလိုက်၊ ဆေးလိမ်းလိုက် လုပ်ပေးနေကြသည်။ မိုးဟိန်းကို သတင်းလာမေးသော ဆွေမျိုးမိတ်ဆွေတို့၏ ဆက်တော်ကားများသည် ခြံထဲသို့ အရှိန်သတ်၍ ဝင်လာကာ အိမ်ဘေး၌ ကွေ့ဆိုက်ကြလျက် စတိုခန်းထဲသို့ အသံမကြားအောင် တိတ်တိတ်ကျိတ်၍ သတင်း ဝင်မေးကြလေသည်။

ညဆယ်နာရီလောက်တွင် ဒေါ်သန်းခင်သည် ပေါက်စီကို ညစောင့်ထားခဲ့ကာ ပြန်သွားလေ၏။ ပေါက်စီနှင့် ကိုအောင်ဇေယျတို့ တစ်ညလုံး ထိုင်စောင့်ကြကာ အလှည့်ကျ ဒန်းလွှဲပြီး ဆေးလူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ အားအင် ကုန်ခန်းလျက် မျက်လုံးများ ကြောင်နေသည်။ အိမ်မြှောင်ကောင်ကြီးတွေ စုတ်ထိုးလိုက်တိုင်း သွေးလန့်နေတော့လေ၏။ တစ်ထွာ လောက်ရှိသော အိမ်မြှောင်ကြီးများမှာ အခန်းတစ်ခန်းတွင် အကောင် ၂၀ လောက် ရှိကြသည်။

၅

နေရောင်ခြည်များ ဝင်လာသည်။

ကျွန်မမှာ အိပ်ရာပေါ်၌ လူမမာကြီး ဖြစ်နေ၏။ ခေါင်းအုံးများ ခြံရံလျက် မတ်ထူ ဆဲထားကာ ရင်ကို တစ်ယောက်ပြီးတစ်ယောက် ဖိပေးထားကြရသည်။

'ကဲ . . . ခင်ဗျားတို့ စာမေးပွဲ ဒီနေ့ စစ်မယ်ဆို၊ သွားဖြေလေဗျာ'

ပေါက်စီက အနား၌ ငုတ်တုတ်ထိုင် မိုးလင်းသွားသော ကိုအောင်ဖေယျ ကို လှမ်းပြောလိုက်သည်။ ကျွန်မအတွက် စိုးရိမ်သောက ရောက်နေသော ကိုအောင် ဖေယျက 'မဖြေချင်ပါဘူးကွာ' ဟု ပြောလေသည်။

'အနားမှာ ကျွန်တော်တို့ ရှိသားပဲ၊ သွားသာ ဖြေချေဗျာ။ ဖြေပြီး အသံ သွင်းစက် ထုတ်ခဲ့ပါ' ဟု ပေါက်စီက တိုက်တိုက်တွန်းတွန်း လုပ်မှ ကိုအောင်ဖေ ယျသည် အဝတ်လဲကာ တက္ကသိုလ်ကျောင်းဘက်သို့ ထွက်သွားလေ၏။

ဒေါ်သန်းခင် ရောက်လာကာ ကျွန်မကို ပွေ့ယူ၊ ရေလောင်းလျက် ဆေး လူးကြသည်။ ကျွန်မနှင့် အထိဆုံးဖြစ်မည့် ဓာတ်များကို စိစစ်ရွေးချယ်လျက် အနံ့နှင့် တစ်မျိုး၊ ဆေးဝါး အာဟာရနှင့် တစ်မျိုး၊ အထိအတွေ့နှင့် တစ်မျိုး တစ်ပြိုင်တည်း ဓာတ်ဆင်ချရန် အစီအစဉ် လုပ်သည်။ ဆေးလိမ်းပြီး တည့်သည့် အနံ့ကို ရှေးဦးစွာ ပေးလေသည်။ ကိုအောင်ဖေယျသည် အသံသွင်းစက်ကြီးကို ဆွဲဝင်လာကာ 'နောက်ဆုံးတင်းလိုက်တာ၊ ဘာတွေ ဖြေခဲ့မှန်းတောင် မသိပါဘူး' ဟု ပြောလေ၏။

ဆိုင်းသံပါသော တေးသံများကို ဖွင့်လိုက်သည်။ အခန်းထဲ၌ တစ်ခန်းလုံး မွှေးထုံ သင်းပျံ့နေလျက်၊ တေးသံကလည်း ချိုချိုသာသာ သီဆိုနေကာ ကျွန်မမှာ ငြိမ့်ငြိမ့်ညောင်းညောင်း လွှဲနေသော ဒန်းပေါ်၌ တဖြည်းဖြည်း ငိုက်မျဉ်း အိပ်ပျော် သွားလေ၏။ ကျွန်မ တစ်ရေး အိပ်ပျော်သွားခိုက် ကုလက်စ တန်းလန်း လူနာများ အလျှိုအလျှို ရောက်လာကြ၏။ ဒေါ်သန်းခင်နှင့် ပေါက်စီက ကျွန်မကိုယ်စား ထွက်၍ တွေ့ဆုံ လက်ခံ ကုသကြသည်။

အိပ်ရာမှ နိုးလာသော် ရင်ထဲက အလုံးကြီး ပြန်ငြိမ်သွားလျက် အနည်း ငယ် အားပြည့် လန်းဆန်းသွားလေသည်။ အမြန်ဆုံး နေကောင်းရန် ကိုယ်ဖိ ရင်ဖိ ဝိုင်းပြုကြမည့် ဒေါ်သန်းခင်တို့ အိမ်သို့ ရွှေ့ယူသွားရန် ဆုံးဖြတ်ကြသည်။





ကားပေါ်သို့ တွဲတင်ကာ အိမ်မှအထွက် ကားနား၌ ရပ်နေသော မခင်လေး ...ကို နားသို့ ရေချိုးခန်းထဲ ချော်လဲ၍ မထနိုင်ကြောင်း ဖုံးဖိ ပြောထားကြသည့် ...သည် ပတ်တီးများ စည်းထွက်လာကာ 'ကောင်းသွားပါပြီ မေမေ' ဟု ...ပြောလေ၏။

နံနက် ခုနစ်နာရီမှ စ၍ ညဥ့် ခုနစ်နာရီအထိ သူ့အချိန်နှင့်သူ ရေလောင်း၊ ...ဘိုက်၊ ဆေးလူး၊ အစာကျွေးနှင့် ဒေါ်သန်းခင်တို့ တစ်အိမ်သားလုံး ကျွန်မ ...က် အလုပ်များနေကြသည်။ ကုလက်စတန်းလန်း လူနာအုပ်ကြီးသည် အိမ်မှ ...လိုက်၍ ဒေါ်သန်းခင်တို့အိမ်သို့ တစ်ဦးပြီးတစ်ဦး လိုက်လာကြသည်။

ကျွန်မနှင့် တွေ့ပါရစေ၊ တွေ့မှ ဖြစ်ပါမည်ဟု အတင်း တောင်းပန်နေ ...သာ လူနာများကို အခန်းထဲမှ ထွက်၍ အတွေ့ခံရသည်။ အခန်းထဲမှ လူကောင်း ...၍ ထွက်လာကာ လူနာများကို ဆေးကုပေးလိုက်ပြီး၊ လူနာများ ပြန်သွားလျှင် ...န်မမှာ အခန်းထဲ ဝင်ကာ လူမမာ ပြန်လုပ်နေရလေ၏။

ဆရာစံလမ်းက အိမ်မှာ ရက်များ မကြာမီ စပေါ်တင်ထားသောငွေ သုံးလ ...ည့်စေတော့လေမည်။ အိမ်မှ ကလေးများ လိုက်လာကာ ဤအိမ်တွင် မနေရဲ ...ဖြင့် ရှေ့ဆက် စပေါ်ငွေ မတင်ဘဲ အိမ်ပြောင်းရန် ပူဆာကြသည်။ ကျွန်မက ...အောင်ဖေယျကို အိမ်ရှာခိုင်းသည်၊ ကိုအောင်ဖေယျမှာ အိမ်မရှာဘဲ မြေကြီးသာ ...အောင် ကျိတ်ရှာနေလေ၏။ ဘောက်ထော် ပြည်သာယာလမ်း၌ ရောင်းမည့် ...ကွက် တွေ့ခဲ့လေ၏။ အိမ်ပြောင်းနေရသော ဒုက္ခမှ ဝင့်ကျွတ်ရန် မြေဝယ် ...အောင်ဟု အတင်း တိုက်တွန်း၏။ 'ဘယ်မှာလဲငွေ' ဟု ဆိုလိုက်၍ သူ့တာဝန် ...း၊ ကြံဖန် ငွေရှာပြီး မဖြစ်ဖြစ်အောင် အမြန်ဆုံး အိမ်ဆောက်မည်ဟု ပြောလေ ...ည်။

ဘဏ်တိုက်မှ ငွေထုပ်ချေးပြီး မြေဝယ်လိုက်သည်။ အိုင်ကလောင်ရွာမှ ...က်သမားလေး သုံးယောက်ကို မှာကာ အိမ်ဆောက်ရန် စိုင်းပြင်းလေသည်။ ...ရာစံလမ်းက အိမ်မှာ ရက်စေ့လာ၍ အိမ်မဆောက်ပြီးမီအတွင်း ခေတ္တ အိမ်ငှား ...ကြရန် အိမ်လိုက်ရှာရပြန်လေ၏။ ပြည်သာယာလမ်းမပေါ်တွင် လူငှားမရှိ ...တ်ထားသော သခင်ပန်းမြိုင်အိမ် ရှိ၍ ခေတ္တနေရန် သွားငှားသည်။ "မငှားဘူး၊ ...ောင်းမည်" ဟု ပြောလိုက်လေ၏။ ကျွန်မမှာ ဒေါ်သန်းခင်တို့ အိမ်ရောက်မှ ...က်သာလာသော်လည်း အားမရှိလှဘဲ အိပ်ရာပေါ်၌ပင် လူမမာ ဖြစ်နေသေး ...ည်။ ခေတ္တ ပြောင်းနေရန် ရုတ်တရက် အိမ်ရှာမရ၍ လူမမာ လုပ်နေရင်း ...တ်သောက ရောက်နေရပြန်သည်။

သခင်ကျော်ထွန်း တိုက် ငှားမည်ဖြစ်ကြောင်း သတင်းကြားရ၏။ သခင်



www.burmeseclassic.com

www.burmeseclassic.com



ကော်ထွန်းကို တစ်ခါသာ တွေ့ဖူးသည်။ ဂျပန်ပြည် ဟီရိုရှီးမားနေ့ သွား
ကိစ္စအတွက်နှင့် ဖဆပလရုံး၌ သခင်ကျော်ထွန်းကို သွားတွေ့ရသည်။
အကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။ ငါးမိနစ်ခန့်သာ စကားပြောခဲ့ဖူး၏။

သခင်ကျော်ထွန်းမှာ စကားနည်းကာ မျက်နှာထား တင်းမာသ
ယောင် ရှိ၍ သူ့အိမ်လည်း ငှားမှာ မဟုတ်ပါဘူးဟု စိတ်အားလျှော့သွားလေသ

သခင်ကျော်ထွန်း တိုက်ကို ကွင်း၍ အနီးအနား တစ်ဝိုက်က တစ်အိမ်
တစ်အိမ် ရှာသော်လည်း ဘယ်အိမ်မှ မအားချေ။ ဆရာစံလမ်း အိမ်က ရွှေ့
နောက်ဆုံးရက်စေ့လာလေ၏။ သခင်ကျော်ထွန်းအိမ်ကို ငှားလိုငှားငြား သခ
ကျော်ထွန်းထံသို့ စာရေးပေးလိုက်သည်။ ကျွန်မမှာ လောလောဆယ် အိမ်အတွ
ဒုက္ခများနေပါ၍ အလိုရှိသော အိမ်လခကို ပေးပါမည်၊ အိမ်ဆောက် မပြီး
ခဏတ္တငှားပါရန် အစွမ်းကုန် တောင်းပန်ရေးသားလိုက်၏။

ကျွန်မ စိတ်ထဲ၌ ဘယ်နည်းနှင့်မျှ ငှားမှာ မဟုတ်ဘူးဟု ထင်ထား
ကိုအောင်ဖေယျ ပြန်လာသောအခါ ကျွန်မက 'မငှားဘူး ဟုတ်လား' ဟု အလ
ဆီးမေးလိုက်သည်။

'မငှားဘူး၊ အိမ်ဆောက်လို့ မပြီးမချင်း အလကား နေပါတဲ့'

ကျွန်မမှာ အထင်နှင့်အမြင် လွဲချော်နေ၍ သခင်ကျော်ထွန်းပေါ်၌ အား
သွားလေ၏။ သခင်ကျော်ထွန်းတိုက်သို့ ပြောင်းသည့် အကြိမ်မှာ ၂၇ ကြိမ်မြော
အိမ်ပြောင်းခြင်း ဖြစ်လေ၏။ အိမ်ဆောက်ပြီးလျှင် ၂၈ ကြိမ်မြောက် ပြောင်း
ရှိသေးသည်။ အိမ်ပြောင်းသွားလျှင် ကုလက်စတန်းလန်း လူနာများကို အသိမ
၍ မဖြစ်ပြန်သဖြင့် တာဝန်ရှိသည့်အတိုင်း ယခုတစ်ကြိမ်တွင် ကြော်ငြာ နှ
မကုန်ရန် နောက်ဆုံးပြောင်းမည့် အိမ်လိပ်စာဖြင့် ကြော်ငြာရေးရသည်။

**ဆေးစားနေသော လူနာများသို့-**

**ဆရာစံလမ်းမှ ဘောက်တော် ပြည်သာယာလမ်း ခြံနံပါတ် (၈) သို့ ပြောင်းရွှေ့ရပါသဖြင့် လူနာများ နေရာသစ်တွင် လာရောက် တွေ့နိုင်ပါသည်။**

**ဂျာနယ်ကျော်မမလေး**

၆

ကျွန်မသည် သခင်ကျော်ထွန်း၏ ခြံဝင်းထဲမှ ပန်းဥယျာဉ်ကို မြင်လိုက်၍ ကြည်
သွားလေသည်။ နှင်းဆီပန်းများ၏ ရနံ့ကလည်း သင်းထုံ၍ နေလေသည်။ နေခြ
သည် ယူကလစ်ပင်များကို ကျော်၍ ဒေလီယာပန်းပင်များပေါ်သို့ ငိုက်ညွ





ဆင်းလျက် နေသည်။ သခင်ကျော်ထွန်း တိုက်မှာ နှစ်ထပ်တိုက် ဖြစ်သည်။
မတို့ အိမ်ဆောက်မည့် ခြံမြေကွက်နှင့် သိပ်မဝေးလှပေ။

အားအင်ပြန်ဖြည့်ကာ ကျုန်းမာစ ရှိသေး၍ အောက်ထပ်ရှိ အခန်းတစ်ခန်း
ကျွန်မအတွက် နေရာပြင်ကြသည်။

ဘောက်တော်မှာ ယခင်က နေဖူးခဲ့သော အရပ်ဖြစ်၍ ကိုယ့်ရပ်ကိုယ့်မြေ
ပြန်ရောက်သကဲ့သို့ ရွှင်လန်း အားတက်သွား၏။ မကြာမီ ဆောက်ပြီးမည့်
ပိုင်အိမ်ပေါ်သို့ တက်ရတော့မည့်အတွက် ပိုမို၍ အားရှိသွားသည်။ တန်ခူးလ
လာ၍ နေမှာ တဖြည်းဖြည်း ကျဲကျဲကြီး ပူလာသော်လည်း ကျွန်မ နေသော
ခန်းမှာ စိမ်းသော သစ်ပင်ရိပ်များ ဝန်းရံလျက် အေးမြနေလေသည်။

ဘောက်တော်ရောက်ပြီး နောက်တစ်နေ့ နံနက်စာ စားပြီး ဧည့်ခန်း၌
ထိုင်နေစဉ် ခြံထဲသို့ မော်တော်ကားတစ်စီး ဝင်လာသည်။ ကားပေါ်မှ
မျက်နှာစိမ်း ဧည့်သည်များ ဆင်းလာကြသည်။

'ဒေါ်မမလေးဆိုတာ ခင်ဗျားပဲလား' ဟု အသက် ၅၀ ခန့်ရှိ လူကြီး
ယောက်က စ မေးသည်။

'ဟုတ်ပါတယ်'

'သတင်းစာထဲ နေရာကြော်ငြာတွေ့လို့ လိုက်လာတာ၊ ဟိုခြံမြေကွက်က
သမားတွေက ဒီအိမ်မှာလို့ ညွှန်လိုက်လို့။ လား . . . လား . . . ဆရာကို
ခုမှ အခုမှပဲ တွေ့ဖူးတယ်၊ ကျုပ်ကို မသိဘူး မှတ်တယ်'

'ဟုတ်ကဲ့'

ကျွန်မမှာ တစ်ခါမှ မမြင်ဖူး၍ ခပ်စိမ်းစိမ်းကြည့်နေသည်။

'ကျုပ်ပေါ့ဗျာ၊ ဆရာစံလမ်းအိမ်မှာ ခါးတောင်းကျိုက်ပြတာ၊ တစ်ကိုယ်
ယားနာတွေမှ ရစရာ မရှိပါဘူး၊ ခင်ဗျားကလို့ ပျောက်သွားတာ။ ကျုပ်က
သေးချည်း ဖိစားတော့ အိမ်က နုပါလိမ့်ဦးမယ်လို့ ပြောတယ်။ ခင်ဗျား
အတိုင်း လုပ်တာ အခုတော့ အားလုံး ပျောက်သွားလို့ ကျေးဇူးတင်ချင်လို့
ခေါ်လာခဲ့တယ်၊ ကြည့်ပေးပါဦး'

သူ ညွှန်ပြသော လူကို ကြည့်လိုက်သည်။ အသက် ၆၀ ခန့် ဘုရားတကာ
သည်။ နှာခေါင်းများ ပွလျက်၊ နားနှစ်ဖက် ထူအမ်းနေကာ ဖြူဖွေးသော
သားပေါ်၌ ကျုပ်ပြားခန့်ရှိမည့် အနီကွက်ကြီးများ ဆန်ကျဲ ဘာစ်ဆောင်ခန့်
နေပြီး တစ်ကိုယ်လုံး ပြုပ်ထနေလေ၏။

ကျွန်မက အမှတ်မထင် ဆရာမျက်စိနှင့် အနာ ကြည့်သလို လူနာကို
ကြည့်လိုက်သည်။ ကြည့်နေရင်း ကြည့်နေရင်း ရင်ထဲ၌ ယားကျိကျိနှင့် အန်ချင်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



မှုံ့ခုံသလိုလို ဖြစ်သွားသည်။ ရောဂါအခြေအနေ စစ်ကာ မေးမြန်းနေစဉ် ရင်
တလှပ်လှပ် ဖြစ်လာသည်။ သည်းခံ၍ စိတ်တင်းကာ ပြောဆိုနေရသည်။ ဆေး
စာတိစာများနှင့်တကွ ညွှန်ကြားချက်များ ရေးသားပေးနေသည်မှာ နာရီဝက်
ကြာသွားသည်။ တစ်ချိန်ထက် တစ်ချိန် ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာနေသ
ကို သတိထားမိသည်။

လူနာညှိသည်များ ထပြန်သွား၍ ထိုင်နေရာမှ မတ်တတ် ထရပ်လို
သည်။ မိုက်ခနဲ ဖြစ်သွားကာ အိုး လှဲသွန်လိုက်သကဲ့သို့ ဖြစ်၍ မျက်လုံး
မှိတ်ထားရသည်။ ကျွန်မမှာ တစ်ကိုယ်လုံး သွေးကုန်သွားသကဲ့သို့ပင် ချက်
ဖျော့ဖြူသွားလေသည်။

ဒေါ်သန်းခင်နှင့် ပေါက်စီကို အမြန် အခေါ်လွှတ်ရသည်။ ဒေါ်သန်း
မှာ တဖျစ်တောက်တောက် ဖြစ်နေလေ၏။

'ဒေါ်မမလေးရယ် ဖြစ်မှ ဖြစ်ရလေ၊ နေကောင်းတယ် ဆိုပေမဲ့ သွေး
ပြန်မရင့်သေးဘူး။ ကိုယ့်မှာ သွေးလန့်ပြီး သွေးပျက်သွားတဲ့ ဝေဒနာ မဟုတ်
ကိုယ်မကောင်းတဲ့ လူနာတွေနဲ့ တွေ့ဖို့ မကောင်းသေးဘူး။ စိတ်က ခိုင်
သွေးကမှ မရင့်သေး မခိုင်သေးဘဲ'

ကျွန်မမှာ အိပ်ရာပေါ်၌ လူမမာ ပြန်ဖြစ်သွားပြန်လေ၏။ ပေါက်စီ
ပုဆိုးတိုတို ပြင်ဝတ်ကာ ရှပ်အင်္ကျီလက်များ ပင့်တင်လျက် ဇလုံထဲတွင် ဆေး
စပ်လေ၏။

'ကဲဗျာ . . . ဒီနေ့ အရင်ကလို ကိုးခါ ပြန်လူးမယ်ဗျာ၊ အခုတစ်ခါ လူ
ခြောက်တော့ ရေစိမ်မယ်ဗျာ'

ရေရှစ်ထမ်းဝင်သည့် သစ်သားစည်ပိုင်းကြီးထဲ၌ ဒေါ်နုပန်းခက်များ
ထည့်ကာ တစ်ကိုယ်လုံး မြုပ်အောင် စိမ်ရလေသည်။ ရေစိမ်နေရင်း အနား
စောင့်နေသော ပေါက်စီက တက်ခေါက်လိုက်သည်။

'သက်သာပြီးမှ ဒီလို ဖြစ်လာတာ နာတယ်ဗျာ၊ ဒီလိုဖြစ်မှာစိုးလို့ မ
အောင် ဆေးတွေ ဖိလူးလာခဲ့တာ'

'ပက်ပင်းကြီး တိုးနေတာ ဘယ့်နှယ် လုပ်မလဲကွ၊ မကြည့်ဘဲ မျက်
မှိတ်ထားရမလား'

'အဲဒါ ခက်တာပေါ့၊ ဆေးဆရာ လုပ်ရတာ အခုလိုဆိုတော့ မခက်
'ဆေးဆရာက ငါ လုပ်ချင်လို့ လုပ်ရတာ မဟုတ်ဘူးကွ၊ အရပ်က ခန့်
ဆရာ ဖြစ်နေတာ။ နေမကောင်းလည်း နေမကောင်းလို့ပါလို့ နေသာတာ မဟု
ဘူး၊ သူ့ရောဂါက ကိုယ့်ထက် အရေးကြီးလာတာ။ ငါဖြင့် အဘ ပြောတာ
သတိရနေတယ်'





'ဘာလဲဗျ'

'သက်န်းဝတ်တော့ သက်န်းချွတ်ရင် လူပြန်ဖြစ်သေးတယ်၊ ဆေးဆရာက
သိက္ခာချလို့ ဘယ်တော့မှ မရတော့ဘူး တဲ့'

ဒေါ်သန်းခင်သည် တစ်နေ့လုံး စောင့်၍ ဆေး ကိုးကြိမ်စေ့အောင် လူးပေး
လေသည်။ ထိုနေ့အတွက် လာကြသမျှ လူနာများကို ပေါက်စီနှင့်တစ်ဆင့်
ပြီးရလေသည်။

ကိုအောင်ဇေယျမှာ လက်သမား သုံးယောက်နှင့် အိမ်အမြန်ပြီးအောင်
ဆောက်နေလေ၏။ သွပ်ရရန်၊ ဘိလပ်မြေရရန် တန်းစီ တိုးဝယ်ရ၏။ အိမ်ရိုက်သံ
ကို တစ်ပိဿာ ရှစ်ကျပ်နှုန်းနှင့် မှောင်ခိုဈေးတွင် လျှောက်ရှာ ဝယ်ဆောက်နေရ
သည်။

စီးပွားရေး တစ်ဖက်၊ အိမ်ဆောက်သည်က တစ်ဖက်၊ လူမမာအတွက်
တစ်ဖက်နှင့် ဗျာများနေပေသည်။ ဘဝလုံခြုံမှုနှင့် တာဝန်အရပ်ရပ် ကညီ၍
ထမ်းပါရစေဟု သူ့ဟာသူ စေတနာ့ဝန်ထမ်း ဘော်လံတီယာ လာလုပ်သူ
အားမနာရတော့သည်။

ပြန်နေမကောင်း ကတည်းက အခန်းထဲက မထွက်တော့ဘဲ ရင်းနှီးသော
လူနာများကို အခန်းထဲ၌ပင် ဆေးကုနေရသည်။ နံနက် ခုနစ်နာရီ တစ်ကြိမ်
ရေချိုးလျက် ဆေးလူးရပြန်သည်။ ၁၀ နာရီ ထမင်းစား၍ ၁၂ နာရီမှ ၁ နာရီအထိ
ရေစိမ်ရသည်။ ညနေ သုံးနာရီ ရေပြန်ချိုးကာ ဆေးလိမ်းကြပြန်သည်။ ညနေ
ငါးနာရီတစ်ကြိမ်၊ ခုနစ်နာရီတစ်ကြိမ် ရေလောင်းကြပြန်လေသည်။ ဤသို့ဖြစ်
လျှင် တစ်ကိုယ်လုံး ဖောလာတတ်၍ မဖောအောင် ရေတွင်တွင် ဖိလောင်းကြ
သည်။

ကျွန်မမှာ စိတ်ညစ်ညူးလာသည်။ ဘယ်တော့များမှ ရှင်းရှင်းကြီး
ကောင်းပါ့မလဲဟု စိတ်မရှည်အောင် ဖြစ်လာသည်။ ဤဓာတ်ပညာ
၁၃ နှစ်လုံးလုံး အိပ်ရာပေါ်၌ သုံးရက်လောက်ပင် တစ်ခါမှ မလဲဖူးခဲ့
ဖြစ်သည့်နေ့ကို ရေတွက်ကြည့်ရာ အိမ်သုံးအိမ်ပြောင်းလျှက် သုံး
လာပေပြီ။ ကျန်းမာစ ပြုပြီးမှ ပြန်ဖြစ်လာသည့်အတွက် လူနာတွေနှင့်
သာ ထွက်ပြေးချင်တော့သည်။

တော်ဘုရားလေးဇနီး မေနှင့် ထိပ်စုမြတ်ဘုရားဆွေးဘို့
သာကြသည်။ အိပ်ရာနားတွင် စကားထိုင်ပြောနေခိုက် လူနာ
သည်။ ထိပ်စုမြတ်ဘုရားထွေးက 'ဘာရောဂါဖြစ်လို့လဲ' ဟု

'ကျွန်မ အပျို ဖြစ်လာကတည်းက ငါးနှစ်လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါတယ်။ ဆရာမျိုးစုံ၊ ဆေးမျိုးစုံပေမဲ့ မပျောက်ဘူး။ နေ့စဉ် ဖြစ်နေတဲ့ ကြားထဲက တစ်ခါတစ်ခါ ကလေးပျက်သလို မြင်မကောင်း ရှုမကောင်းအောင် သွေးသွန်သေးတယ်။ ငါးနှစ်လုံးလုံး ဘယ်မှလည်း မသွား မလာဝံ့ဘူးရှင်၊ ငါးနှစ် လုံးလုံး စိတ်ဆင်းရဲလိုက်တာမှ'

ထိပ်စုမြတ်ဘုရားထွေးက မျက်နှာရှုံ့၍–

'အမယ်လေး ... သုံးလေးရက်တောင် ဘယ်လောက် စိတ်ညစ်စရာ ကောင်းသလဲ၊ ငါးနှစ်ဆိုတာ သေချင်စရာကြီး' ဟု ကိုယ်ကို တဆတ်ဆတ် ခါ၍ ဝင်ပြောသည်။

ကျွန်မမှာ လူနာမိန်းကလေးကို ငေးကြည့်နေသည်။

'အစ်မကြီးနဲ့ ကုတော့မှပဲ ရောဂါပျောက်သွားတော့တယ်။ အခုမှပဲ မန္တလေးတို့၊ ပြည်တို့ ဘုရားလည်ဖူးရတော့တယ်။ အခုလည်း ခရီးထွက်လည် မလို့ ဆေးလာယူတာပါ'

မင်းတုန်း ရှင်ဘုရင်လက်ထက်က ကျွန်မတို့ ဓာတ်ပညာ၏ ဓာတ်ဆရာ ကြီး ဖြစ်သော ဦးပိုသည် ဤဝေဒနာမျိုးကို လမ်းကြမ်းကြမ်းတွင် လှည်းကြမ်းပေါ် ၌ တင်မောင်းစေကာ ကုသသောထုံး ရှိခဲ့သည်။

ဤမိန်းကလေး၏ ရောဂါကို မြို့ပတ်ရထားနှင့် ကုခဲ့ရသည်။ 'မြို့ပတ် ရထား ဖောက်တာ ရောဂါပျောက်ဖို့ ဖောက်ပေးတာပဲ မှတ်ပေတော့' ဟု ဆိုကာ နေ့စဉ် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မြို့ပတ်ပြီး ရထားစီးခိုင်းရသည်။ စီးခိုင်း စက ဤရောဂါနှင့် ဘယ်မှ မသွားမလာရဲပါဘူး ဆိုနေ၍ စီးဖြစ်အောင် အတော် နားချ ပြောဟောရသည်။ အထိအတွေ့မှ နေ၍ သူနှင့် အထိဆုံးဓာတ်ကို ရွေး၍ ကုခဲ့ခြင်း ဖြစ်သည်။ တစ်လခန့် နေ့စဉ်ရက်ဆက် စီးခြင်းဖြင့် သက်သာ ပျောက် ကင်းသွားလေ၏။

ကျွန်မမှာ လူနာမိန်းကလေးကို ငေးကြည့်နေကာ "ငါးနှစ်လုံးလုံး ဖြစ်နေ တာတောင် ပျောက်သေးတာ၊ ငါ့မှာ သုံးလ ရှိသေးတယ်၊ ဘာဖြစ်လို့ မပျောက်ရ မှာလဲ" ဟု ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးနေမိလေ၏။

ဒေါ်သန်းခင်နှင့် ပေါက်စီတို့ ဖိဖိစီးစီး လုပ်ပေး၍ တစ်နေ့တခြား ပြန်၍ သက်သာလာသည်။ ကျွန်မမှာ ဤအတောအတွင်း ကိုယ်ပျက်နေသော ဝေဒနာ သည်များ မလာကြပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေရသည်။ အိမ်ရှိ လူများ လည်း မှာထားသည်။

တစ်ညနေတွင် ကိုအောင်ဇေယျက အိမ်တိုင်ထူလျက် မိုးကာပြီး၍ ရုပ်လုံး ပေါ်လာသော အိမ်ကလေးကို လိုက်ကြည့်ပါဟု ခေါ်လေသည်။ ဘောက်ထော်





ဆောက်ကတည်းက အိမ်ထဲက တစ်ခါမှ မထွက်သေး၍ မြေကြီးပေါ်၌ လျှောက်ချင် သည်နှင့် အလှမ်းမဝေးလှသော အိမ်ဆောက်နေရာသို့ လျှောက်သွားလေသည်။

အကြမ်းထည် အိမ်ပုံသဏ္ဌာန် ပေါ်လာသော အဆောက်အအုံကို ကြည့် လျက် ဘဝကို တွေးမိသည်။ အိမ်နှင့်မြေနှင့် အတည်တကျ ပြန်ဖြစ်ရတော့မည့် ဘဝကို ဆင်ခြင် တွေးတောနေစဉ် မိုးဟိန်း ပြေးလိုက်လာသည်။

'မေမေ အိမ်မှာ ဧည့်သည်တွေ ရောက်နေတယ်။ အာတီးရား(သီရိမင်္ဂလာ) လမ်းက ဆရာမကြီး ဒေါ်ချစ်နဲ့ ညီမတွေ၊ လူနာလည်း ပါတယ်'

လူနာလည်း ပါတယ်ဆို၍ ကျွန်မက 'ဘာ ... လူနာ ... ဟုတ်လား' နှင့် ကျွန်မ နှုတ်မှ တစ်ခွန်း စီ တုံ့ဆိုင်းတုံ့ဆိုင်း ထွက်သွားလေသည်။

သခင်ကျော်ထွန်းတိုက်သို့ ပြန်လျှောက်လာခဲ့ကြသည်။ ဧည့်ခန်းထဲတွင် ဆရာမကြီးဒေါ်ချစ်၊ ဒေါ်ဘေဘီနှင့် အခြား အမျိုးသမီးသုံးယောက် ထိုင်နေကြ သည်။ အမျိုးသမီး သုံးယောက်အနက် တစ်ဦးမှာ အလွန်အမင်း ဝဖြိုးလှ၍ ဆောင်ကြီး ခြုံထားကာ၊ အမျိုးသမီးတစ်ဦးကို ဖက်လျက် မျက်စိမှိတ်ပြီး မှီထား သည်။

'ဟောဒီက ကျွန်မတို့ အိမ်နားက မိတ်ဆွေတွေပါပဲ။ ဒီကောင်မှာ အနာဆိုး ကြီး ပေါက်နေလို့ ဆရာဝန်တွေနဲ့ ကုတာ မသက်သာပါဘူး။ ဆရာဝန်ကပဲ ဒီ အနာမျိုးဟာ မြန်မာဆရာ ကောင်းကောင်းနဲ့ ရှာကုပါလို့ ပြောလိုက်တယ်။ ကျွန်မ မြင်းဖုကြီး ပျောက်သွားတာ သူတို့ သိလို့၊ လိုက်ပို့ပါ ဆိုလို့ လိုက်ပို့ရပါ တယ်။ တစ်ဆိတ် ကုပေးပါနော်'

တီကို ဆားနှင့် တို့လိုက်သကဲ့သို့ အနာပဆုပ်ဟု ကြားလိုက်သည်နှင့် ကျွန်မမှာ တွန့်သွားလေသည်။ ဝေဒနာ သက်သာစတွင် ကျွန်မလို ဆေးဆရာမျိုး မှာ ဘယ်နည်းနှင့်မျှ ဤအနာမျိုးကို ကြည့်ရန် မသင့်လော်သေး၍ စိတ်ညစ်သွားလေ သည်။ ကုမည်ဆိုလျှင် ဤအနာကို သေသေချာချာ ကြည့်မှ ဖြစ်မည်။ "အနာဆိုး ကျောလုံးပုပ်" ဆိုသကဲ့သို့ ဤအနာ ပုပ်မပုပ် သေချာစွာ ကြည့်ရမည်။ ကျွန်မမှာ ကိုယ့်ဝေဒနာ တစ်ဖက်နှင့် အကျပ်အတည်း ဆိုက်နေလေ၏။

"ကျွန်မ မကုပါရစေနဲ့ရှင်" ဟု ပြောလိုက်ချင်သည်၊ သို့သော် ဤအနာမျိုး မှာ မကုနိုင်လျှင် သေတာမုချသဖြင့် လူနာပေါ်တွင် ကရုဏာသက်မိပြန်လေ၏။ ကျွန်မကို အားကိုးလျက် အိမ်ကိုင်ရာရောက် လာခဲ့ကြပြီး ကျွန်မက ထက်ခနဲ့ သဖြင့် ပြန်သွားရတော့မှာကိုလည်း စိတ်မကောင်းစရာ ဖြစ်နေသည်။

ကျွန်မမှာ ဝေခွဲ၍ မရနိုင်အောင် ဖြစ်လာကာ ရှင်ဆဲ၌ ငိုင်နေမိသည်။

'ကဲ ... လာ ... လာ ဆရာမကို ပြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘောဘီသည် လူနာကို လှမ်းပြောကာ တွဲခေါ်ပြီး ကွန်မရှေ့၌ ထိုင်ခိုင်းသည်။ စောင်ခြုံကို ဖယ်ရှားကာ အင်္ကျီများ ဝိုင်း ပင့်မ နေကြသည်။

ကွန်မသည် သွေးမခိုင်သေးမှန်း ကိုယ့်ကိုယ်ကိုယ် သိ၍ စိတ်ကိုတင်းလျ အံ့ကြိတ်ထားသည်။ လူနာပေါ်၌ မေတ္တာဓာ ပွားများ ဆောက်တည်လိုက်ကာ ကိုယ့်ကိုယ်ကိုယ် တရားချလျက် မေတ္တာပွားနေရသည်။

အလွန်တမင်း ဝလွန်းလှ၍ ကျောပြင်ကြီးမှာ သာမန်လူထက် နှစ်ဆ လောက် ရှိသည်။ အင်္ကျီကို ဆွဲပင့်ရင်း လက်သီးဆုပ်လောက် အနာကြီး ပေါ်လာ သည်။

'ကြည့်ပါ ဆရာမ၊ ဒီနေရာ တစ်ဝိုက်လုံး ညိုပုပ်နေတာ။ ကျွန်မတို့ကတော့ ပြည်ပုပ်တွေ သွေးပုပ်တွေ ခဲနေတယ် ထင်တာပဲ။ ဟောဒီ အပေါက်ကတော့ သွေးတွေ ပြည်တွေ ထွက်နေတယ်'

ကျွန်မမှာ ပါးစပ်ဟနေသလို ပွင့်ဟနေသော အနာဝမှာ သွေးပုပ်ပြည်ပုပ် များကို သေသေချာချာ ကိုင်တွယ် စမ်းသပ်ကြည့်ရသည်။ ကြည့်နေရင်း ရင်ထဲက ယားကျိကျိ နောက်တောက်တောက်နှင့် အန်ချင်သလို မူးချင်သလိုလို ဖြစ်လာကာ အနာကို ကြည့်နေသော မျက်လုံးများသည် ချက်ချင်း အားနည်းသွားလေသည်။

'အဖျားလည်း ဝင်နေတယ် ဆရာမ၊ ကိုယ်တွေလည်း ချစ်ချစ်တောက် ပူနေတယ်'

အနာ၏ လက္ခဏာကား မကြာမီ ပုပ်တော့ပေမည်။ ဤအနာမျိုး ပုပ်လျှင် ဘယ်ဆရာနှင့် ကု၍မှ မရတော့ချေ။

ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာ၍ စိတ်ကိုတင်းကာ ဦးနှောက်ထဲ၌ အနာ အတွက် အထက်ဆုံး ဓာတ်ကို ချာလပတ်လည်အောင် စဉ်းစားယူရသည်။ ဆေးဝါး ဓာတ်စာနှင့်တကွ အလုံးစုံ ညွှန်ကြား ပြောဆိုအပြီး၌ အိမ်ရောက်ရောက် ချင်း ရေလောင်းရန် ပြောလိုက်သည်။

'သိပ်ဖျားနေတယ် ဆရာမ၊ ဖြစ်ပါ့မလား' ဟု လူနာရှင်များက ပြောကြ သည်။

'အနာ ဝင်ချင်လို့ ဖျားလာတာ၊ ရေလောင်းပေးနိုင်မှ ဒီအဖျား ပြေမှာ၊ ရဲရဲဝံ့ဝံ့ လောင်းသာ လောင်းပါ၊ ကျွန်မ ပြောတဲ့အတိုင်း တစ်ခုမကျန် အတိအကျ လုပ်ဖို့ အရေးကြီးတယ်'

မောသံပါလာသော အသံဖြစ်၍ ကျွန်မက ကြိုးစားပြီး အသံမပျက်အောင် ထိန်းလျက် ပြန်ပြောရသည်။ မော်တော်ကားများ ပြန်ထွက်သွား၍ ခြံဝင်းပြင်သို့မှ မရောက်မီ ပေါက်စီနှင့် ဒေါ်သန်းခင်၏အစ်မ ဒေါ်ခင်ကြည် အိမ်သို့ ပေါက်လာ





၍၊ ကျွန်မမှာ ပေါက်စီ၏ ပခုံးကို ကပျာကယာ လှမ်းကိုင်လိုက်ရသည်။ လူ တစ်ကိုယ်လုံးရှိ သွေးများမှာ ရေအိုး လှဲမှောက်သွန်လိုက်သည့်အတိုင်း အိုင်ထွန်း မှောစီးသွားလေ၏။

'ခင်ဗျား မကြည့်နဲ့ ... မကြည့်နဲ့၊ မျက်လုံးပိတ်ထားဗျာ'

ပေါက်စီသည် ကျွန်မကို တွဲထားရင်း ကမူးရှူးထိုး ပြောနေသည်။ ကျွန်မက မျက်လုံးမှိတ်လိုက်သည်။

'ခင်ဗျားမျက်လုံး မဖွင့်နဲ့နော်'၊ ရေချိုးခန်းထဲ ရောက်တဲ့အထိ မဖွင့်နဲ့၊ ကျွန်တော်က ဖွင့်ဆိုမှ ဖွင့်ဗျ'

ကျွန်မကို သုံးလေးယောက် တွဲလျက် ရေချိုးခန်းထဲသို့ ခေါ်သွားကြသည်။ ပေါက်စီသည် ပုဆိုးတိုတို ပြန်ဝတ်လျက်၊ အရပ်ကလေး မမှီတမီနှင့် ရေခပ် ကက်သည်။ ရေ ဆယ်ခွက်လောက် လောင်းပြီးမှ ဖွင့် ဖွင့်ဟု အော်လိုက်သည်။

ကျွန်မမှာ ကိုယ့်အားနှင့်ကိုယ် မတ်တတ်ပင် မရပ်နိုင်တော့၍ သုံးလေး ယောက်က ဖေးကိုင်ထားကြရသည်။

စောစောက အကောင်း၊ အနာပဆုပ် လက်ချက်ဖြင့် အိပ်ရာပေါ်၌ လူမမာ ပြန်ဖြစ်သွားရလေ၏။

'ခင်ဗျားကလည်းဗျာ ဆရာရင့်မကြီး တစ်ယောက်လုံး လုပ်နေပြီး သိရဲ့ သားနဲ့။ ခုနေခါမှာ ထိတ်စရာ၊ လန့်စရာ၊ စိတ်ညစ်စရာ၊ နှလုံး မချမ်းသာစရာ တွေကို ကြပ်ကြပ်ရှောင်ရမယ် မဟုတ်လား။ ဒီအနာကြီး ခင်ဗျား ကြည့်တာ အံ့ပါရဲ့ဗျာ'

'ပြောကော့ကွာ ပြောတော့' ဟု ကျွန်မက အသံလေး ယဲ့ယဲ့နှင့် ပြန်ပြော လိုက်သည်။

၇

အိမ်ဆောက်ပြီးသွား၍ သခင်ကျော်ထွန်းတိုက်မှ ပြောင်းကြပြန်သည်။ (၈) ကြိမ် မြောက် အိမ်ပြောင်းခြင်း ဖြစ်လေ၏။ အားနည်းပြီး မောနေသော ကွန်မမှာ လှတွဲ၍ အိမ်ပေါ်သို့ တက်ခဲ့ရသည်။

ရောဂါဝေဒနာ အခြေအနေ အကျိုးအကြောင်း ပြန်ကြသည့် လူနာများ တစ်ယောက်တက် တစ်ယောက်ဆင်း ဖြစ်နေလေ၏။ ကျွန်မမှာ အိပ်ရာပေါ် တစ်ယောက်လာလျှင် တစ်ခါ စဉ်းစား ပြောနေရသည်။ အနာပဆုပ်ရောဂါနှင့် ရှုမဝမောင်ကြည်ဆွေ လွှတ်လိုက်သော ပင်လယ်ဘက်မှ မျက်စိတစ်ဖက် ကွယ် သွား၍ လာကုသော လူနာအပြင် ချောင်းဆိုးသွေးပါလူနာ နှစ်ယောက်အသွား



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး အာရုံစိုက်လျက် စဉ်းစားနေရလေသည်။ ဒေါ်သန်းခင်နှင့် ပေါက်စီမှာ ကျွန်မ မသက်သာမချင်း နေ့စဉ် လာ၍ ကြည့်နေရ၏။

အိမ်ရှေ့ တံခါးခေါက်သံ ကြားကာ လူနာသည့်သည်များ ရောက်လာကြ၏။ ပေါက်စီမှာ ကျွန်မကို ဆေးလူးမည် ပြုနေခိုက် လူနာ လာ၍ ဆေးခွက်ချကာ သူ ထွက်သွားသည်။

'ခက်ပါတယ်ဗျာ၊ ကျွန်တော်နဲ့ မဖြစ်ဘူးဗျ၊ သူတို့က ခင်ဗျားကိုသာ တွေ့ချင်ကြတာ။ တွေ့ပါရစေတဲ့၊ ကုလက်စ တန်းလန်းလို့ ပြောတာပဲ'

ကျွန်မသည် အိပ်ရာပေါ်မှ ထလိုက်ကာ မှန်ခုံရှေ့၌ သွားရပ်သည်။ ခေါင်းမူးနေ၍ ဒေါ်သန်းခင်က ဘီးနှင့် သပ်ဖြီးပေးရင်း 'စကားကို ဖြည်းဖြည်းပြောနော်၊ နား နား ပြီးမှ ပြော' ဟု ဒေါ်သန်းခင်က မှာသည်။

ကျွန်မမှာ လူကောင်းတစ်ယောက်ကဲ့သို့ ဣန္ဒြေမပျက် ဧည့်ခန်းသို့ ထွက်လာခဲ့၏။ ဒေါ်သန်းခင်နှင့် ပေါက်စီမှာ လိုက်ကာ နောက်မှ ချောင်းနေကြသည်။

ရှမ၀ မောင်ကြည်ဆွေ၏ အစ်ကို ဦးစန်းတင်တို့ လင်မယားနှင့် ရှမ်းပြည်နယ်မှ ဧည့်သည် လူမမာများ ဖြစ်နေသည်။

လိုက်ကာနောက်၌ ချောင်းကြသော ကျွန်မ ဆရာသမားများက ကျွန်မ အသံ မောသံပါလာလျှင်၊ ပေါက်စီသည် ဂျင်ဂျာဘီရာ ဘီလပ်ရည်ကို ပြေးဖောက်လျက် ကျွန်မ အနားသို့ လာချသည်။

တစ်ယောက်ပြီးတစ်ယောက် ဝေဒနာကို စစ်ကြော မေးမြန်းနေရသော ကျွန်မမှာ တစ်ထိုင်တည်း ဝေဒနာအမျိုးစုံ ဖြစ်နေလေ၏။ စကားပြောနေရင်း ခေါင်းထဲ မူးသွားလိုက်၊ ရင်ထဲ၌ နင့်တင့်တင့်နှင့် ကျပ်တပ်ကြီး ဖြစ်လာလိုက်၊ လေသံမှာ အားပျော့သွားပြန်၍ အားပြန်ယူလိုက်ရနှင့် အခြေအနေ အတော်ဆိုးလေ၏။

လူနာများ ပြန်သွားမှ လိုက်ကာနောက်မှ ဒေါ်သန်းခင်နှင့် ပေါက်စီတို့ ပြေးထွက်လာကာ 'လာဗျာ ... လာဗျာ ... ဆေးလူးမယ်' ဟု ပြောပြောဆိုဆို တွဲခေါ်ကြသည်။

ဆေးလိမ်းနေကြရင်း ပေါက်စီက ဟားတိုက်၍ ရယ်လိုက်သည်။

'ဟန်ဟန်သေးတော့ဗျာ၊ ခင်ဗျားက ရှေ့က လူမမာတွေ ထွက်ကု၊ ခင်ဗျားကို ကျွန်တော်တို့က နောက်က ပြန်ကု'

ပေါက်စီသည် ပြောပြီး ဟက်ဟက်ပက်ပက် ရယ်နေလေ၏။

ဆေးလိမ်းပြီး စောင်တွေ အထပ်ထပ် အုပ်ထားကြလေ၏။

အဘ ဓာတ်ဆရာကြီး မကွယ်လွန်မီ တစ်လက ကျွန်မကို ပဲခူးသို့ ခေါ်





သွားသည်။ ပဲခူးမှ အပြန် သူ၏ ဓာတ်ပညာကို အမွေဆက်ခံတော့ဟု လွှဲအပ်ပြီးနောက် 'ငါ့သမီးတော့ ပါးရေတွန့်ပြီး အမယ်ကြီးအိုကြီး ဖြစ်နေတာတောင် ဆေးတော့ ကုနေရမှာပဲ' ဟု ပြောသွားဖူးသည်။ ကျွန်မမှာ စောင်ခြုံထဲ၌ အဘကို သတိရနေလေသည်။

'တောင်းပန်ပါရစေရှင့်၊ ကျွန်မ ကလေးအကြီး ဖြစ်တုန်းကလည်း ဒေါ်မမလေးပဲ ကုပေးတာပဲ။ အခု ကလေးက အငယ်ပါ၊ အပျင်းဖျားပြီး တက်နေပါတယ်။ စကား တစ်ခွန်း နှစ်ခွန်းလောက်တော့ ပြောခွင့်ပေးပါရှင်၊ တွေ့ပါရစေရှင်။ သန်လျင်ဘက်ကတောင် ကူးလာရတာပါ'

ကျွန်မသည် စောင်ခြုံထဲ၌ တွေးနေစဉ် အပြင်ခန်းမှ ငိုတော့မလို ပြောနေသော အသံကို အတိုင်းသား ကြားရလေ၏။ ငိုသံပါနေသော အသံကြောင့် ကျွန်မမှာ မနေသာတော့ကာ ဆေးမခြောက်ခင် စောင်များလှပ်၍ ထွက်ဆေးကုရတော့သည်။

ရောဂါ မပျောက်နိုင်ခြင်းကို တစ်နေ့ထက် တစ်နေ့ စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ တစ်ခါတစ်ရံလည်း လူကောင်းတွေကို ကြည့်လျက် အားငယ်စိတ် ဝင်လာသည်။

ကနဦးက အနားယူချင်လှသော ကျွန်မ အဖြစ်ကို ပြန်စဉ်းစားမိသည်။ အနားယူခါမှ အနာရနေပုံကို တွေးမိလေသည်။ သက်သာသွားပြီးမှ ပြန်ဖြစ်ရသည့်တွင် တဝေဒနာတည်း မဟုတ်တော့ဘဲ ဝေဒနာ အမျိုးမျိုး ထွက်လာလေသည်။ ၁၃ နှစ်လုံးလုံး ဓာတ်အားကိုးလျက် နိုင်တိုင်းညွှဉ်းဆဲ လာခဲ့မိ၏။ ညလုံးပေါက် ထတမ်း မအိပ်ဘဲ အလင်း စာရေးခဲ့သည်။ အချိန်မမှန် စားသည်။ နေကုန်နေခန်း အပြောင်းထိုင်သည်။ နေ့တိုင်း ဒေါင်ချာစိုင်းလျက် အပင်ပန်း ခံခဲ့သမျှတွေမှာ အနားယူခါမှပင် ထွန်ဖြုတ်လိုက်သော နွားကဲ့သို့ ခွေကျသွားကာ ဝေဒနာ ရနေခိုက် နောက်ဆက်တွဲ အကုန် စုကိုင်နေလေ၏။

'ကျွန်မတို့ မှန်တာ လုပ်နေတာ၊ ဘာပူစရာ ရှိသလဲ။ သွေးတွေ ဘယ်လို သွန်သွန် သွေးအားနည်းသွားမှာ ဘာမှ ကြောက်စရာ မရှိဘူး။ အားနည်းရင် တစ်နေ့ပဲ။ ဒီဓာတ်တွေနဲ့ ချက်ချင်း သွေးအားပြန်ပြည့်လာတာပဲ မဟုတ်လား။ အခုနေ အကြောင်း မသိရင် ဒေါ်မမလေးကို ကြည့်ပြီး ဘယ်သူက လူမမာလို့ ထင်မလဲ၊ ဖျော့ဖြူလည်း မနေဘူး၊ ပိန်ချုံးလည်း မသွားဘူး၊ နဂိုအတိုင်းပဲ။ သက်သာပြီးမှ ပြန်ဖြစ်ရလို့ ဒီလောက် ခံနေရတာပါ'

ဒေါ်သန်းခင်က စိတ်ရှည်ရန် အားပေးနေသည်။

အိမ်သို့ နေ့စဉ် လာနေကြသော လူနာများထဲတွင် အချို့မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းနေသည်ကို လုံးလုံး မသိကြချေ။ ဆရာ လာပင့်သော ပုဂ္ဂိုလ် တစ်ယောက်မှာ မလိုက်သဖြင့် စိတ်ဆိုးသွားသည်။ သားအိမ်ရောဂါသည် ဆေးရုံ က ချ၍ ကျွန်မကို လာခေါ်သည်။

'မလိုက်နိုင်ပါဘူးရှင်'

'ဘာဖြစ်လို့လဲဗျာ၊ သေတော့မယ့်ဆဲဆဲ ဖြစ်နေတဲ့ အသက်တစ်ချောင်းပါ။ ခင်ဗျား ဆရာ မဟုတ်လား။ ခင်ဗျားဆီ သွား၊ ခင်ဗျား ကုရင် ချမ်းသာမယ်လို့ ပျောက်တဲ့လူက ညွှန်လိုက်လို့ လိုက်လာတာပါ။ လိုက်ပါဗျာ'

'ကျွန်မ နေမကောင်းပါဘူး၊ မလိုက်နိုင်ပါဘူး' ဟု ကျွန်မက ငြင်းလိုက် သည်။ ကျွန်မကို မယုံသကဲ့ မျက်လုံးကြီးဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်၍ 'ခင်ဗျား က ဘာဖြစ်လို့လဲဗျ' ဟု စစ်နေသည်။

'ကောင်းကောင်း နေမကောင်းလို့ပါ'

ပိုမို၍ မယုံနိုင်လောက်သော မျက်နှာနှင့် 'ဒီမှာဗျ၊ ခင်ဗျား လိုချင်သလောက် တောင်း၊ ကျုပ်တို့ ပေးမယ်' ဟု ဆိုလိုက်သည်။

'ကျွန်မ အခု လူနာတွေကို ကုနေတာ ကုသိုလ်ဖြစ် ကုပေးနေတာပါရှင်။ ဘယ်လူနာဆီကမှ ပိုက်ဆံ တစ်ပြားမှ လက်မခံပါဘူး။ လူနာဆီက ဆရာဝန်တွေ လို ပိုက်ဆံယူရရင် ကျွန်မ သူဌေးဖြစ်နေတာ ကြာလှပါပြီ' ဟု ဆိုလိုက်မှ အသံ ပျော့သွားသည်။ ထိုပုဂ္ဂိုလ်မှာ ကျွန်မ နေမကောင်းခြင်းကို မယုံဘဲ မလိုက်ချင်၍ သာဟု ထင်ကာ ထ ပြန်သွားလေ၏။

ရင်းနှီးသော ဆွေမျိုးများက နေမကောင်းဘူး သိ၍ 'ဆရာလုပ်ပြီး နေ မကောင်းနေသလား' ဟု နောက်ကြသည်။ 'ဆရာ လုပ်နေ၍ နာတာရှည်နေရတာ ဗျ၊ ဆရာသာ မလုပ်ရင် ကြာလှပြီ နေကောင်းနေတာ' ဟု ပေါက်စီက ဒေါနှင့် မာန်နှင့် ပြန်ပြောချလိုက်သည်။

အနာပဆုပ်လူနာ မိန်းကလေးသည် သူ့ညီမနှင့် အတူ လာကြသည်။ ရောဂါ ပျောက်ကင်းချမ်းသာသွား၍ ပိုက်ဆံ လက်မခံဘူး သတင်းဖြင့် မုန့်သေတ္တာ ထောပတ်ဘူးများ ယူလာကာ ထိုင်ကန်တော့လေ၏။

ကျွန်မမှာ တစ်ကိုယ်လုံး ဆေးလိမ်းထား၍ စောင်ခြုံကြီးနှင့် ထိုင် အကန်တော့ခံရင်း ကုပေးတဲ့ လူနာက ပျောက်သွားပြီး ဆရာက မပျောက်နိုင်သေး သည်ကို ပြုံးလိုက်မိသည်။ သူ့အတွက် ဆရာ ဘယ်လောက် သွက်သွက်လည် အောင် ဒုက္ခများခဲ့သည်ကို သူကတော့ မသိရှာချေ။ ကျေးဇူးတင်ကြောင်း ပြောလေ လေ၏။

အိမ်နီးနားချင်းတွေက ကျွန်မတို့ အိမ်ကို ကြည့်ပြီး ဒီအိမ်တော့ ဘယ်နှ ငိုသံကြားရမလဲလို့ စောင့်နေကြတာ။ ဘယ်သူကမှ ကျွန်မကို ရှင်မယ် မထင်ဘူး





သိပ်ကျောင်းက ဒေါက်တာ ဒေါ်သင်းကြည်တို့က ကျွန်မကို သေမှာပဲလို့ ထားတာ။ အခုတော့ သိပ်အံ့သြနေကြတယ်။

အံ့သြမည်ဆိုလည်း အံ့သြနိုင်ပေသည်။ သူ့အနာကြီးကို နွားချေးများဖြင့် ကုခဲ့သည်။ နွားချေးဆိုလျှင် မသန့်ရှင်း၍ အဆိပ်ဖြစ်မည်ဟု ထင်ကြသည်။ မပုပ်ရန် လူကောင်း ပါးစပ်ထဲက ကျိုးသော သွားများကို ရှာခိုင်းကာ ချောင်းပြီးတစ်ချောင်း သွေးတိုက်ခဲ့သည်။ အနာပဆုပ် ရောဂါတိုင်း ဤဆေး နှင့် မပျောက်၊ သူ့ဓာတ်နှင့်သူ ကိုက်အောင် ပေးနိုင်၍သာ ဆေးဖြစ်ပြီး ပျောက်ရလေ၏။

ကျွန်မမှာ သက်သာပြီးမှ သူ့အတွက် လူမမာ ပြန်ဖြစ်ခဲ့ကာ လူမမာဘဝ သူ့အနာကြီး မပျောက်ပျောက်အောင် အိပ်ရာပေါ်မှ ကုနေခဲ့ရ၏။ အခု ပျောက် နေ့စဉ် ခေါင်းပူ စိတ်မောခဲ့ရလေသမျှ ယခုမှ စိတ်ချမ်းသာသွားလေသည်။

ကျွန်မကို ရှိမခိုးဘဲ နွားကိုသာ ထိုင်ရှိခိုးဖို့ကောင်းကြောင်း ရယ်မော လိုက်သည်။

သူတို့ ထ ပြန်သွားပြီး မီးရထားဘက်မှ မီးရထားမင်းကြီး ဦးသာဆင် ဘော် မြင့် ပေါက်လာလေ၏။

'မမရေ ... မမရောဂါ ရထားကို အိမ်လုပ်ပြီး ကြာကြာစီးရရင် မြန်မြန် ပျောက်မယ် ပြောတာ။ မမတော့ ရထားစီးရပြီ၊ မြင့်တို့ တစ်ပတ်လောက် ခရီး ထွက်ရမယ်။ ပျဉ်းမနား၊ တောင်တွင်းကြီး၊ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်ဆိုတော့ ရထားက တစ်ပတ်လောက် လျှောက်ခုတ်နေရာမှာ။ ရထားပေါ်မှာ တစ်ပတ်လုံး နေမှာ။ မမ လိုက်ခဲ့'

ကျွန်မမှာ မြို့ပတ်ရထားနှင့် ကုသခဲ့သော မိန်းကလေးကို သတိရလိုက် ဝမ်းသာအားရ 'ဟန်ကျတာပဲ' ဟု ပြောလိုက်သည်။ လူနာတွေအတွက် ကုန် မှာကြားထားခဲ့ကာ ညရှစ်နာရီ မထိုးမီ ဘူတာရုံသို့ ဆင်းသွားလေ၏။

နေ့ညမနား ခုတ်နေသော ရထားပေါ်၌ ငါးရက်မြောက်သောနေ့တွင် နေသော မမ္မတာမှာ ရှင်းရှင်းကြီး ရပ်သွားလေ၏။ 'မြင့်ရေ... မမ နေကောင်း ပြီ' ဟု ပြောလိုက်၍ မြင့်မှာ ရွှင်မြူးသွားရှာလေ၏။

တစ်ပတ်ကျော်မှ ရန်ကုန်သို့ ပြန်ရောက်လာသည်။ ပြန်ရောက်ပြီး နောက် နေ့ နံနက်စောစော အိပ်ရာမှ ထ လိုက်သည်။

အိမ်နောက်ဘက်ခြံမှ နေရောင်ခြည်ထဲတွင် ပန်းပွင့်များကို မြင်ရသော်၊ စိုသော သစ်ပင်များပေါ်တွင် ကျေးငှက်ကလေးတွေ တင်ပင်နှင့် ကာ ပျော်မြူး၍ နေကြလေသည်။ နံနက်စောစော အော်မြည် သည်များ၏ အသံများကို တစ်သံပြီး တစ်သံ ကြားလိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆောက်နေရာဆီက လက်သမားများ ရိုက်နှက်နေသော ကူသံ၊ ဆောက်သံ လည်း တညံညံ ထွက်လာကြသည်။ အိမ်ရှေ့၊ အိမ်ဘေး တစ်ဝိုက်ရှိ ကားဂိုဒေါ် ထဲမှ ကားများကို ထုတ်ကာ တိုက်ချွတ် ဆေးကြောနေကြသည်။

ကျွန်မသည် မှန်ခုံရှေ့၌ သွားရပ်လိုက်ကာ ခေါင်းဖြီးလိုက်သည်။ ခေါင်း ပြီး ရေသွားချိုးကာ အဝတ်အစား လဲနေလေ၏။ မှန်ခုံရှေ့၌ ပြင်ဆင်နေသော ကျွန်မကို တွေ့၍ ကိုအောင်ဗေယျမှာ အံ့အားသင့်သွားလေ၏။

'စောစောစီးစီး ဘယ်သွားမလို့လဲ ဟင်'

'အလုပ်ဆင်းမလို့'

'ဟာ မဟုတ်တာ၊ အခုမှ ကျန်းမာလာတာ။ အနားယူပါဦး'

'အမယ်လေးလေး ... မယူပါရစေနဲ့ ကြောက်လှပါပြီ၊ တော်ပါတော့'

အလုပ်မသွားဘဲ အနားယူမိ၍ အိပ်ရာပေါ်၌ အနာရကာ အချိန် အ အသတ် မရှိ၊ မိုးလင်းက မိုးချုပ် လူနာတွေနှင့် တစ်နှစ်နီးပါး နပန်းလုံးလာခဲ့ရ ဘဝကို ကြောက်သွားလေ၏။

'ငြိမ်းငြိမ်းနေပါဦး၊ အလုပ်ဆင်းရတာ ပင်ပန်းပါတယ်။ တစ်ယော တည်း လုပ်နေတာ ဖြစ်တာပဲ'

'ငြိမ်းငြိမ်းနေချင်ပေမဲ့ ငြိမ်းငြိမ်းနေရတဲ့ ဓာတာ မဟုတ်ဘူ ၊ ဘဝကို ငြိမ်းငြိမ်း မနေရတဲ့ ဘဝ'

နံနက် ကိုးနာရီတွင် အလုပ်တိုက်သို့ ထွက်လာကြသည်။ အလုပ်တို နှစ်တိုက် ပြန်ရှိ၍ တစ်ယောက် တစ်တိုက်ဆီ လုပ်မယ်ဟု တာဝန်ခွဲယူလိုက်သ မဟာဗန္ဓုလပန်းခြံလမ်းထဲရှိ မမလေးကုမ္ပဏီ တိုက်ခန်းရှေ့တွင် ကျွန်မကို ချ ခဲ့ကာ ကိုအောင်ဗေယျသည် အနော်ရထာလမ်း ပုံနှိပ်တိုက်သို့ ဆက်မော သွားလေသည်။

ရှေးယခင်ကကဲ့သို့ အလုပ်ဆင်းလာသော ပုံစံနှင့် ဖျတ်ဖျတ်လတ်လ လှေကားကို နင်းတက်ခဲ့ကာ အလုပ်စားပွဲ၌ ထိုင်လိုက်ပြီ၊ မနက်ထွက်မည့် သတ စာ မီရန် စာရွက်တစ်ရွက်ဆွဲကာ ကောက်ရေးလိုက်သည်။

**ဆေးစားနေသော လူနာများသို့–**

**နေ့စဉ် နေ့လယ် ၁၂ နာရီမှ ၅ နာရီအတွင်း မဟာဗန္ဓုလ ပန်းခြံလမ်း ၂၂၁ မမလေးကုမ္ပဏီ၌ လူနာများ လာရောက် တွေ့ဆုံ နိုင်ကြပါသည်။**

ဂျာနယ်ကျော်မမလေး

[ ရှုမဝ၊ ဇန်နဝါရီ ၁၉

# မင်္ဂလာဗေယျု ဆရာတော်

၁

ခု ကဆုန်လဆန်း နှစ်ရက်နေ့၌ ဆရာတော်ဘုရား ရှေ့မှောက်သို့ ရောက်ရ ၏။

ကိုးထပ်ကြီးဘုရား အနီးရှိ မင်္ဂလာဗေယျုကျောင်းမှာ ခြေတံရှည် တစ်ထပ် ကျောင်း ဖြစ်လေသည်။ ကျောင်းအိုကျောင်းဟောင်းကြီးလည်း ဖြစ်သည်။ အုတ် ကားမှ တက်ခဲ့ရာ ကျောင်းတံခါး စေ့ထားသဖြင့် တံခါးရွက်ပျဉ်တစ်ချပ် ဖွင့်လိုက်သည်။ အထဲ၌ မှောင်နေလေသည်။ ကျောင်းမကြီးကို တစ်ဆင့်မြင့်၊ တစ်ဆင့်နိမ့် ဆောက်လုပ်ထားသည်။ တစ်ကျောင်းလုံး ပတ်ပတ်လည် ဖောက်ထား သော ပြတင်းတံခါးများအနက် အရှေ့ဘက်တံခါး တစ်ပေါက်သာ ဖွင့်လျက် အားလုံး ပိတ်ထားသည်။ မှောင်ရသည့်အထဲ လူသူ မရှိဘိသကဲ့သို့ တိတ်ဆိတ် နေပေသည်။

ကျောင်းဦးခန်းတွင် ဘုရားဆောင် ရှိသည်။ ဘုရားဆောင်ကို မွမ်းမံပြုပြင် ထားသည်။ များစွာသော ပန်းအိုးတို့တွင် ထိုးစိုက်ထားသော စက္ကူပန်းတို့မှာ အရောင်အမျိုးစုံ ဝေနေလေသေသည်။

ဘုရားဆောင်နှင့် မလှမ်းမကမ်း၌ ကြိမ်ပက်လက်ကုလားထိုင်ကြီး တစ်လုံး ရှိသည်။ အရှေ့ဘက် ပိတ်ထားသော ပြတင်းတံခါးပေါက်များနားတွင် စာရေး စားပွဲ ခုံဝိုင်း အနိမ့်တစ်လုံး ချထားလျက်၊ စားပွဲနှင့် မနီးမဝေး စာအုပ်ဗီရိုနိမ့်နိမ့် တစ်လုံးတွင် စာအုပ်များ အပြည့်ရှိလေ၏။

ကျောင်းမ အမြင့်ပေါ်တွင် သင်ဖြူးဖျာများ အခန်းပြည့်မလောက် ခင်းထား လျက်၊ အောက်ဆင့်အနိမ့်၌ အဆင်းအတက် ခါးပန်းနှင့်ကပ်၍ ဖျာတို တစ်ချပ်သာ ခင်းထားသည်။

**သီဟရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဖုန် ခဏခဏ လှည်းဟန်တူသည်။ တိုင်များတွင် ကြိုးကွင်းတပ်လျက် ခ်ိတ်ဆွဲထားသော ဝါးမြက်စည်း လေးငါးချောင်းကို တွေ့ရသည်။ လှေကားထိပ်မှ ကျောင်းခန်းထဲအထိ အဆင့်ဆင့် ခြေသုတ်ဝင်ရန် ခြေသုတ်ခုံ သုံးခု ချထားသည်။ ကြည့်လိုက်လျှင် တစ်ကျောင်းလုံး ရှင်း၍ ဘယ်နေရာမှ ဖုတ် ချေး မရှိ၊ သန့်သန့် ပြန့်ပြန့် တွေ့ရသည်။

ဖျာတိုကလေးပေါ်၌ ထိုင်လိုက်ကြသည့်အခါ အပေါ်ဆင့် ခေါင်းရင်းခန်း ထဲမှ ချောင်းသံကို ကြားရသည်။ မကြာမီ ခြေသံကိုပါ ကြားကြရသည်။ ခြေသံ နှင့် အတူ ကြမ်းခင်းမှ တကျွိကျွိ အသံများ ထွက်လာလေကာ မင်္ဂလာဗေယျ ဆရာတော်ဘုရားသည် အခန်းဝသို့ ရောက်လာလေ၏။

တစ်ခါမှ မရောက်ဖူးသော ကျောင်း၊ တစ်ခါမှလည်း မဖူးမြင်ဖူးသော ဆရာတော်ဖြစ်၍ စိုက်ပြီး စိန်းစိန်းကြီး လှမ်းကြည့်နေမိသည်။

ဆရာတော်မှာ အရပ်အမောင်း အတော်မြင့်လျက် သက်တော် ၇၀ ခန့် ရှိလေ၏။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ ပါးများတွင် အရေးအကြောင်းများ လိပ်ကျ တွဲနေသော်လည်း ချိုသာသော မျက်နှာတော်သည် အထင်အရှား ပေါ်နေ ပေသည်။ ကုလားထိုင် ရှိရာသို့ ခပ်ဖြည်းဖြည်း လှမ်းလာကာ အသာကလေး ထိုင်ချပြီးမှ ချောင်းဟန့်ပြီး ကြမ်းပေါ်မှ ထွေးခံကို ကုန်းယူ ထွေးလိုက်သည်။

ဆရာတော်ကို ဦးချကြပြီး ဆရာတော်၏ ကြီးမားသော နားရွက်၊ ခြေ လက် အင်္ဂါတို့ကို စိုက်၍ ကြည့်နေလျက်ပင် ...။

'ဘယ်ကတုံးကွယ့်'

သက်တော် ၇၀ ခန့် ရှိသော်ငြား၊ သွားများ တစ်ချောင်းမှ မကျိုးဘဲ ရှိသေးလျက် အသံလည်း မာနေသေးသည်။

'တပည့်တော် ရန်ကုန်ကပါပဲ ဘုရား၊ တပည့်တော်တို့ မိဘများက ဒွါရ ဝါဒီဂိုဏ်း အုတ်ဖို ဆရာတော်ဘုရား၊ အင်္ဂပူ ဆရာတော်ဘုရားတို့ရဲ့ တပည့် ဒကာရင်းများ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မှာ ဒွါရဆက်၊ အုတ်ဖိုဆက် ကျောင်းကို ဟိုမေး ဒီမေး လိုက်ရှာရင်း ဒီကျောင်းကို လာခဲ့ရပါတယ် ဘုရား'

'မိဘများက ဘယ်သူလဲ၊ ဘယ်မှာ နေသလဲ'

ဆရာတော်၏ မျက်လုံးသည် အားကောင်းဆဲ၊ တောက်ပဆဲပင် တွေ့ရ သည်။ မျက်စိများ မှုန်ဝေဦးမည် မဟုတ်ဟု တွေးမိသည်။

'မိဘများက ဘိုကလေးက ဦးပျားချိုပါ ဘုရား၊ မမ္ဘသုခဆရာတော်ရဲ့ ကျောင်းဒကာရင်းပါပဲ ဘုရား'

'ဟေ ... အသိသားပဲ၊ မမ္ဘသုခ ဆရာတော်ဟာလည်း ငယ်စဉ်က ငါနဲ့





အတူတူ တစ်ကျောင်းတည်း နေကြတဲ့ အရင်းအချာတွေပဲ။ လက်စသတ်တော့ မမ္ဘသုခဆရာတော်ရဲ့ ကျောင်းဒကာသမီးပါလား၊ ဘာကိစ္စ ရှိကြသလဲကွယ့်'

'ကိစ္စက တပည့်တော်ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် တန်ခူးလဆန်း နှစ်ရက်နေ့က ကွယ်လွန်သွားပါတယ် ဘုရား။ ဒီနေ့ ကဆုန်လဆန်း နှစ်ရက်နေ့မှာ တစ်လ ပြည့်ပါတယ်။ တပည့်တော် ကွယ်လွန်သူတွက် ရည်စူးပြီး ကောင်းမှုဒါန ပြုစရာ ရှိတဲ့အတွက် လာခဲ့ရတာပါ ဘုရား'

'ဩော် ... မောင်ချစ်မောင် ဒကာမ မမလေးပါလား။ လူတွေ့ မမြင်ဖူး သေးပေမဲ့ သတင်းစာထဲတော့ တွေ့ပါရဲ့။ ကွယ်လွန်တဲ့ သတင်းလည်း ဖတ်ရတယ်။ ဒေါင်းတောင်းက ပန်းတောင်းဆရာတော်ကြီးကလည်း ဂျာနယ်ကျော် မောင်ချစ် မောင်နဲ့ မမလေး အကြောင်း စပ်မိရင် အမိန့်ရှိတတ်တယ်'

ဆရာတော်သည် ကျွန်မတို့ သားအမိ လေးယောက်ကို ကရုဏာရှိသော အကြည့်ဖြင့် တစ်ဦးစီ လှမ်းကြည့်ရင်း 'ကလေးတွေကလည်း ငယ်သေးသကိုး' ဟု ဆိုလေ၏။ ကလေးများ၏ အသက်ကို မေး၍ 'ခုနစ်နှစ်၊ လေးနှစ်၊ သုံးနှစ်ပါ ဘုရား' ဟု လျှောက်လိုက်သည်။

ဆရာတော်သည် မျက်လွှာချလျက် တိတ်ဆိတ်နေတော်မူလေသည်။

ကျောင်းတွင် ကပ္ပိယ ရှိမရှိ၊ ကျောင်းသား ရှိမရှိ၊ ဟို ... သည် ... လှမ်း ရှာ ကြည့်လိုက်သည်။ ဆရာတော်တစ်ပါးမှ လွဲ၍ ကျောင်းတွင် မည်သူမှ မရှိသ လိုပင် လူရိပ်လူယောင် မမြင်ရဘဲ တိတ်နေလေ၏။

'တပည့်တော် ယခု လှူဒါန်းမည့် ဝတ္ထုအလှူငွေဟာ ယခုလ တစ်လ အတွက်သာ မဟုတ်ဘဲ၊ တပည့်တော် အသက်ထက်ဆုံး လစဉ်လတိုင်း လဆန်း နှစ်ရက်နေ့မှာ ကွယ်လွန်သူကို ရည်စူး၍ လှူမည့်အလှူ ဖြစ်ပါတယ် ဘုရား'

မျက်လွှာချထားသော မျက်လုံးများကို ဆတ်ခနဲ လှန်လိုက်ကာ ကျွန်မကို စိုက်၍ ကြည့်နေလေသည်။ ထို့နောက် ခေါင်းကို ဖြည်းလေးစွာ ညိတ်လျက် ခိန့်မြွက်လေသည်။

'ကျေးဇူးရှိသူ ကျေးဇူးရှင်များကို အခါခပ်သိမ်း မမေ့မလျော့ ဘာမှ အကျိုးမရှိတာ ... သည်း... ကဲလောက်'

'ကျေးဇူးရှိသူ ကျေးဇူးရှင်များကို အခါခပ်သိမ်း မမေ့မလျော့ ဘာဖြစ်ကြောင်း တတ်ခြင်း၊ သူတို့အတွက် သီးသန့် ရည်စူး၍ ကောင်းမှု ကုသိုလ် အာရုံပြုလိုခြင်းသည် ကောင်း၏ ... အင် ... ကောင်း၏'

လက်ကိုင်အိတ်ထဲမှ စာအိတ်နှင့် ထည့်လာသော ဝတ္ထုငွေကို ဆတ်ပုဂ္ဂိုလ် ပန်းပေါ်၌ ချထားလိုက်သည်။ ဆရာတော်သည် မျက်လွှာချလျက် ခေါင်းညိတ် ၏။

'ကျောင်းမှာ ကပ္ပိယကျောင်းသား မရှိပါဘူးလား ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အခုတော့ ကျောင်းသားလည်း မရှိဘူး၊ ကပ္ပိယလည်း မထားဘူး၊ ရှေးရှေးကတော့ စာသင်သား ဦးပဉ္စင်း၊ ကိုရင်တွေ ရှိကြတယ်။ ကျောင်းသား ကပ္ပိယလည်း ရှိသပေါ့။ ခေတ်ပျက်ပြီး ဒီဘက်ပိုင်းမှာ ငါတစ်ပါးတည်းပဲ ရှိတော့တယ်။ အသက်အရွယ်က ကြီးလာတော့ တစ်ပါးတည်း အေးအေးနေရတာပဲ ကောင်းတော့တယ်။ ဒီကျောင်းအောက်မှာ တူမတော်တဲ့ ဒကာမတစ်ယောက် ခေတ်ပျက်လို့ လာနေတယ်။ ဒီတူမပဲ ကပ္ပိယ၊ ဒီတူမပဲ ချက်ပြုတ်ပြီး ဝတ်ကြီး ဝတ်ငယ် ပြုစုနေတယ်။ ဈေးသွား ထင်ပါ့၊ လာပါလိမ့်မယ်'

အိုမင်းမစွမ်း ရှိပြီဖြစ်သော ရဟန်းတော် တစ်ပါးကို ကွယ်လွန်သူ၏ အကြောင်းပြု၍ လစဉ်လတိုင်း ထောက်ပံ့ လှူဒါန်းသွားရမည့် ကုသိုလ်အတွက် "ကောင်းပါလေစွ" ဟု စိတ်ထဲ၌ အားရ ကျေနပ်သွားလေသည်။

အသက် ၃၀ ခန့် ရှိသော မိန်းမ ဖြူဖြူဝဝ တစ်ယောက်သည် ကျောင်းပေါ်သို့ တက်လာကာ ကျွန်မနားတွင် ထိုင်လျက် ဆရာတော်ကို ဦးချလိုက်သည်။

'သူပဲကွယ့်၊ တူမ ကပ္ပိယ၊ နာမည်က မယ်ဟန်တဲ့။ သူလည်းပဲ ယောက်ျား မရှိတော့ ဒုက္ခရောက်ပြီး တောမှာလည်း မနေဝံ့ဘူး၊ ကျောင်းအောက်မှာ လာနေရတယ်။ လမ်းထိပ်မှာ ညဘက် ညဈေးတန်း ချင်းသုပ်ဆိုင် ထွက်ရတယ်'

ဆရာတော်က မိတ်ဖွဲ့ပေးသဖြင့် ဒေါ်ဟန်ကို ပြုံး၍ နှုတ်ဆက်လိုက်သည်။ ချထားသော စာအိတ်ကို ကောက်ယူ၍ ဒေါ်ဟန့် လက်ထဲသို့ ကမ်းပေးလိုက်ပြီး ဆရာတော်ဘုရားသို့ လျှောက်ထားလိုက်သည်။

'တပည့်တော် နဝကမ္မဝတ္ထု ငွေ ၁၀၀ ကျပ်ပါ ဘုရား'

ဆရာတော်သည် 'အင်း' ဟု ဆိုပြီး သီလယူ၊ ရေစက်ချခိုင်းလေ၏။

သီလယူကာ ရေစက်ချလျက် ကွယ်လွန်သူအား အမျှ ပေးဝေပြီးနောက် ကျွန်မတို့ ကျောင်းပေါ်မှ ဆင်းလာခဲ့သည်။ စမ်းချောင်း ရှမ်းလမ်းဘက် အုတ်လမ်း ပေါက်၌ ကားရပ်ထားခဲ့၍ ကျောင်းနှင့် ခပ်လှမ်းလှမ်း လျှောက်သွားရသည်။

မွန်းလွဲပြီဖြစ်၍ နေမှာ ချစ်ချစ်တောက်အောင် ပူနေလေသည်။ ခြေပူလွန်းသဖြင့် ကားဆီသို့ ပြေးသွားကြရသည်။ ကျွန်မမှာ ပြေးနေရင်း ပြီးခဲ့သော အတိတ်ကို ပြန်အမှတ်ရမိတော့သည်။

ဂျပန်ခေတ်အတွင်း ပြည်လမ်းအိမ်၌ နေကြစဉ် ဦးချစ်မောင်၏ဖခင် အုတ်ဖိုမြို့၌ ကွယ်လွန်လေ၏။ ကွယ်လွန်ကြောင်းကို အစ်မကြီးက လာ၍ အကြောင်းကြားသည်။ မည်သူမှ မသွားနိုင်၍ သင်္ဂြိုဟ်စရိတ်နှင့်တကွ ရက်လည် ဆွမ်းသွတ်ရန် ငွေများ လုံလုံလောက်လောက် ပေးလိုက်ကြသည်။ အစ်မကြီး ထ ပြန်သွား၍ လမ်းမပေါ်သို့ မရောက်မီ မကြာစဖူးသော စကားကို သူ့ထံမှ ကြားရလေ၏။





စကားမပြောခင် သူ့မျက်နှာမှာ အတော်ကြီး ဆွေးနေလျက်၊ စကားပြောရန် အတွက် ကြီးမားသော အခက်အခဲကြီး တစ်ရပ် ကြုံနေကာ၊ ပါးစပ်က ထွက်အောင် ကြိုးစားနေရသော အမူအရာတို့သည် ဘယ်တုန်းကမှ မတွေ့ဖူးသော အဆွေးမျက်နှာနှင့် ဘယ်တုန်းကမှ မတွေ့ဖူးသော အခက်အခဲ အမူအရာ ဖြစ်နေ၍ ဆန်းလည်း ဆန်း၏။ အံ့လည်း အံ့သြ၏။ 'ပြောလေ ... ဘာပြောချင်လို့လဲ၊ ပြောပါလေ' ဟု ပြောဖြစ်အောင် တိုက်တွန်းရလေသည်။

'အဖေ့အတွက် ရက်လည်ဆွမ်း မဟုတ်ဘဲ၊ ရက်လည်ဆွမ်း သွတ်သလို ရက်လည်တဲ့ နေ့ကစပြီး တစ်လ လုံးလုံး၊ တစ်လတိတိ နေ့စဉ် ဆွမ်းသွတ်ချင် တယ်'

အသုဘအတွက် ရက်လည် ဆွမ်းသွတ်ခြင်းသာ သိသည်။ တစ်လလုံးလုံး နေ့စဉ် ဆွမ်းသွတ်ခြင်း ကိစ္စမျိုးကို ကြားပဲ မကြားဖူး၍ 'ဘယ်လို ဘယ်လို' ဟု ရှင်းအောင် ပြန်မေးရသည်။

'အဖေဟာ သူ့ဘဝ တစ်လျှောက်လုံး ငြိမ်းချမ်းတယ် မရှိဘူး။ အတော် ကြီး ဆင်းရဲခဲ့တယ်။ ဒုက္ခသုက္ခလည်း သိပ်များခဲ့တယ်။ ဖြစ်ချင်တာတွေလည်း တစ်ခုမှ ဖြစ်မသွားရဘူး။ ဖြစ်လေရာ ဘဝတိုင်းမှာ ဒီဘဝက အဖြစ်မျိုးတွေ ထပ် မဖြစ်စေဖို့ ရည်စူးပြီး တစ်လလုံးလုံး သူ့အတွက် အလှူဒါနကုသိုလ် ဆက်ပါ ရစေ'

'သြော် ... ဒီလိုလား။ လုပ်လေ၊ လုပ်ပါ'

ကျွန်မသည် ပြောပြောဆိုဆို အိမ်ထဲက ပြေးထွက်သွားသည်။ အိမ်နှင့် ခြံပေါက်မှာ အတော်ကြီး ဝေး၍ လမ်းပေါ် ရောက်သွားသော အစ်မကြီးကို ပြန်ခေါ်ပြီး၊ တစ်လအတွက် ဆွမ်းသွတ်စရိတ်ငွေ ထပ်ပေးကြရန် အမိလိုက်ခြင်း ခေါ်ရလေ၏။

ပြေးသွားရင်း ကျွန်မလည်း သူကဲ့သို့ပင် စိတ်ကူးတစ်ခု ပေါက်သွားသည်။

"သူများ အရင် သေသွားလို့ ကိုယ်ကများ ကျန်ရစ်ခဲ့ရင် သူ့အဖေအတွက် သူ တစ်လ ဆွမ်းသွတ်သွားသလို၊ သူ့အတွက် တစ်သက်လုံး ဆွမ်းသွတ်မယ်။ တစ်သက်လုံး ကုသိုလ်လုပ်မယ်။ သူ့ဘဝကရော သူ့အဖေဘဝနဲ့ ဘာခြား ခြားသေး လို့လဲ"

ပြေးသွားနေသည့်အတွင်း ယင်းသို့ ပေါ်ပေါက်လိုက်သော စိတ်ကူးသည် ခန်းစိုင်းပြေးလိုက်သွား၍ မောကြီးပန်းကြီးဖြစ်လျက် တဆတ်ဆတ် ခုန်နေသော အသည်းနှလုံးတွင် အစွဲကြီး စွဲမှတ်သွားခဲ့လေ၏။

မင်္ဂလာဗေယျုံကျောင်းပေါ်က ဆင်းခဲ့ကြပြီး နေပူကြဲကြဲတွင် ဆော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကားဆီသို့ ပြေးသွားနေသော ကျွန်မသည် ယခင်က ယခုလို ပြေးသွားနေခိုက် သူ့အတွက် ဖြစ်ပေါ်ခဲ့သော စိတ်ကူးကို ပြန်အမှတ်ရလျက် မျက်ရည်များဝင်ခဲလည်လာလေသည်။

၂

သုံးနှစ်မြောက်သော တန်ခူးလဆန်း နှစ်ရက်နေ့ ဖြစ်လေ၏။

သုံးနှစ်အတွက် မင်္ဂလာဗေယျုံကျောင်းသို့ ၃၆ ခေါက် ရောက်ရလေပြီ။ သွားနေကျအတိုင်း ရှမ်းလမ်းဘက် အုတ်လမ်းပေါက်၌ ကားဆိုက်ကာ ကျောင်းသို့ ဆင်းဆက်သွားပြီး အုတ်လှေကားမှ တက်သွားသည်။ အမြဲတမ်း ပိတ်စေ့ထားသော တံခါးကို တွန်းဖွင့်လျက် ထိုင်နေကျနေရာ၌ သွားထိုင်ကြသည်။ လှုသံကြားလျှင် ဆရာတော်သည် အခန်းထဲမှ ထွက်လာကာ ကြိမ်ကုလားထိုင်ကြီးပေါ်၌ လာထိုင်တော်မူ၏။ ပြုနေကျအတိုင်း သီလယူ၊ ရေစက်ချ၊ အမျှပေးဝေကြကာ နဝကမ္မဝတ္ထုငွေ ၁၀၀ ကို ဒေါ်ဟန် လက်သို့ အပ်ခဲ့ပြီး ကျောင်းပေါ်မှ ပြန်ဆင်းလာခဲ့သည်။

သုံးနှစ်ပတ်လုံး အသွားလည်းတိတ်၊ အပြန်လည်းတိတ်၊ လူရိပ်လူခ မမြင်ခဲ့ရသော မင်္ဂလာဗေယျုံကျောင်းကြီးသည် သုံးနှစ်မြောက်သော ယနေ့၌ ထူးခြားပြောင်းလဲနေသော အရိပ်အယောင်များကို အဝေးမှပင် လှမ်းမြင်နေရလေ၏။

ကျောင်းအောက်တွင် လူသုံးလေးယောက် စုဝေး ထိုင်နေကြ၏။ အခါတိုင်းမှ လူမတွေ့၍ "ဒေါ်ဟန်ရေ" ဟု အသံပြုရသည်။ ကျောင်းအောက်၌ ထိုင်နေသော လူစုကို 'ဒေါ်ဟန်ကော' ဟု လှမ်းမေးလိုက်သည်။

အရပ်ပုပု၊ ခေါင်းတုံးဆံတောက်နှင့် လူတစ်ယောက် ပြုံးပြုံး ပြုံးပြုံးနှင့် ထ လာကာ ဒေါ်ဟန် ဆိုင်ထွက်ကြောင်း ပြောလေသည်။

'ခါတိုင်း ညနေဘက်မှ ညဈေးတန်း ဆိုင်ထွက်တယ် မဟုတ်လား' ဟု ကျွန်မက မေးသည်။

'ဟုတ်တယ်၊ ဒီလက စပြီး လမ်းထိပ်မှာ နေ့ရော ညရော ဆိုင်ထွက်နေပြီ'

ထိုသူသည် ကျောင်းပေါ်သို့ ကျွန်မနောက်မှ လိုက်တက်လာ၏။ ကျွန်မထိုင်နေကျ ဖျာချပ်ကလေးကို မထိုင်မီ ဖုန်ခါပြီးမှ ခင်းပေးသည်။

လှုသံကြား၍ အခန်းထဲမှ ထွက်လာသော ဆရာတော်၏ မျက်နှာတော်ဝင်ခါတိုင်းထက် ထူးခြား ချိုသာနေတော်မူပုံကို သတိပြုမိသည်။

ဆရာတော်သည် ကုလားထိုင်ပေါ်၌ ထိုင်ပြီး စကား မပြောခင် ပြုံးလိုက်သေးသည်။

'ခုတင်ပဲ မောင်ချစ်မောင်အကြောင်း စဉ်းစားနေမိတယ်။ မောင်ချစ်မောင်သေတာဟာ ငါ ချမ်းသာဖို့၊ ငါ ကောင်းစားဖို့အတွက် လာဖြစ်နေတယ်'





ဆရာတော်သည် ပြောပြီး ရယ်လေ၏။ အသံထွက်ပြီး ရယ်မောခြင်းကို မှတ်မှတ်ရရ ဒီတစ်ခါပဲ ဖူးမြင်ရသည့်အတွက် ကျွန်မသည် ငိုက်ကြည့်ကာ ပြုံးနေမိသည်။

'မမလေး မလာခင်တုန်းကများတော့လည်း ဆွမ်းခံထွက်တာ မဟုတ်တော့ မလောက်မငနဲ့၊ တောင်က လို၊ မြောက်က လိုနဲ့ ကသီလင်တ တယ်ဖြစ်တယ်။ တစ်ပါးတည်းလည်း တစ်ပါးတည်းအလျောက် မလုံမလောက် ခို့တဲ့ခဲ့တယ်။ အခုများတော့လည်း ဘာမှ လိုလေသေး မရှိတော့ဘဲ လစဉ် ဝတ္ထု ၁၀၀ နဲ့ လောက်လောက်ငငချမ်းချမ်းသာ ရှိရလို့ မောင်ချစ်မောင် သေတာ ငါ ချမ်းသာဖို့ လာဖြစ်ပါကလားလို့ အခုပဲ ဒီအကြောင်း စဉ်းစားနေတယ်'

သူ့ကို အကြောင်းပြု၍ သူတစ်ဦး၌ အေးငြိမ်းသမှု၊ ချမ်းသာသမှု ဖြစ်စေအောင် သူမသေမီ သူကိုယ်တိုင် ဖန်တီး စီစဉ်သွားသော အကြောင်းခြင်းရာ မဟုတ်သော်ငြားလည်း၊ သူ၏ ဖခင် ကွယ်လွန်စဉ်က ဖခင်ပေါ်၌ သူ ထားရှိသော မေတ္တာမှ အကြောင်းခံ စေ့ဆော် ပေါ်ထွက်လာရခြင်းကြောင့် ဒီအလှူမျိုး ဖန်တီးပေးပြုသူမှာ သူပဲဟု အောက်မေ့ တွေးတောနေမိသည်။

သေတာတောင် တစ်ဦးတစ်ယောက် ချမ်းသာစေဖို့ ဖြစ်ရတယ်ဟု ကျွန်မစိတ်တွင် များစွာ နှစ်သိမ့်လိုက်မိသည်။ သူ့အတွက်ကြောင့် ဆရာတော်မှာ အစစအရာရာပင် မကြောင့်မကြ မပူပင်ရဘဲ စိတ်ချမ်းသာစွာ တရားအားထုတ်ရသောကြောင့် ဤကုသိုလ်အကျိုးသည် သူ ဖြစ်လေရာ ဘဝထိုထိုတို့တွင် သွား၍ အထောက်အကူ အကျိုးပြုပါစေသားဟုလည်း ဆုတောင်းလိုက်မိသည်။

'ဘာလိုလို့နဲ့ ဒီနေ့ သုံးနှစ်ပြည့်ပြီ၊ အလှူငွေပေါင်းလည်း သုံးထောင့်ခြောက်ရာ ရှိပြီ၊ မနည်းဘူး'

'တင်ပါဘုရား'

'အင်း ... မုဆိုးမ ရှာရဖွေရတာ ...'

ဆရာတော်သည် ဆက်မပြောဘဲ နေလေ၏။ တစ်စုံတစ်ခုကို တွေးသလိုအတန်ကြာ တွေးလျက် နေလေ၏။ ထို့နောက် ကောက်ကာငင်ကာ ခြောက်လိုက်သည်။

'မယ်ဟန် အိမ်ထောင်ပြုလိုက်ပြီကွယ့်'

'ဘုရား ...'

ကျွန်မသည် ဆတ်ခနဲ ခေါင်းမော့လိုက်လျက် အံ့ဩစွာဖြင့် အသံထွက်သွားသည်။

'ခုနက တက်လာတဲ့သူက မယ်ဟန့်ခင်ပွန်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောက်တွင် လူစုစု တွေ့ကတည်းက ထူးပါတယ်ဟု ထင်ခဲ့သည်။ သုံးနှစ်လုံးလုံး ဆရာတော်နှင့် ဒေါ်ဟန်သာ ရှိသော ကျောင်းကြီးတွင် လူပိုသူပို မြင်ရသည်ကပင် မျက်စိထဲ၌ အထူးအဆန်း ဖြစ်ခဲ့သည်။

'မိန်းမဆိုတာ အိမ်ထောင် ပျက်ခဲ့ရင်၊ အိမ်ထောင် မရှိရင် ဘယ်နေရာမှ မတင့်တယ်ပါကလား။ ဝေဿန္တရာဇာတ်တော်ကြီးမှာ မဒ္ဒီဒေဝီ လျှောက်ထားသလိုပဲ၊ အရှင် မရှိတဲ့ မိန်းမများဟာ အချည်းနှီးပဲတဲ့။ အေး... နန်းတော်ပေါ်က မိဖုရားပင် အရှင် မရှိလို့ နေရေးထိုင်ရေး မဖြစ်သေးခဲ့ရင် ညဘက် လမ်းထောင့်ထွက်ပြီး ချင်းသုပ်ရောင်းရတဲ့ မယ်ဟန်အတွက် မခက်ပေဘူးလား။ အရှင် မရှိ မိန်းမသားဟာ နေရေးထိုင်ရေး အခက်ဆုံးပဲ'

ကျွန်မမှာ ဆရာတော် ဘယ်သူ့ကို ဟောနေတဲ့ တရားများလဲဟု မျက်မှောင်ကြုတ်ဖြင့် ငုံ့နာနေရသည်။ ကျွန်မ ခေါင်းမဖော်ဘဲ ငုံ့နေ၍ ဆရာတော်က သည်စာ ကို သည်တွင် ရပ်လိုက်သည်။

'မခင်လေးမြင့်၊ မောင်သိန်းတန်၊ မောင်မိုးဟိန်းတို့ မောင်နှမသုံးယောက် သွားပြီး အိပ်မက် မက်တယ်။ ဒါကြောင့် သူတို့နာမည်နဲ့ မယ်ဟန်ကို ထီတစ်စောင် ဝယ်ထိုးခိုင်းတာ ၅၀၀ ဆု ပေါက်လာလို့ အပို့လွှတ်လိုက်ရတယ်၊ ကလေးတွေ ကံ ရှိပါတယ်ကွယ်'

'ဆရာတော် ပို့ခိုင်းလိုက်တဲ့ ငွေ ၅၀၀ ကို ပြန်ယူလာပါတယ်ဘုရား။ ကျောင်းမှာ ရေမရှိတဲ့အတွက် ဒီငွေနဲ့ ရေပိုက်ဝယ်တပ်ဖို့ ပြန်လှူပါတယ်ဘုရား'

သောက်ရေအိုးတွေ ရေဖြည့်နေသော ဒေါ်ဟန်၏ခင်ပွန်းကို ဆရာတော်က လှမ်းခေါ်လိုက်သည်။ ထီပေါက်သော ဝတ္ထု ၅၀၀ နှင့် လစဉ် အလှူငွေထဲမှ ၁၀၀ ကို သူ့အား ပေးအပ်လိုက်သည်။ သီလယူ၊ ရေစက်ချပြီး ဆရာတော် သာဓု သုံးကြိမ်ခေါ်ပြီးမှ ကျောင်းပေါ်မှ ပြန်ဆင်းခဲ့သည်။

အုတ်လမ်းမ အပေါက်၌ ရပ်ထားသော ကားပေါ်သို့ မတက်မီ လမ်းထောင့် ချင်းသုပ်ဆိုင်မှ ဒေါ်ဟန်သည် ပျာယီးပျာယာ ပြေးလာလေသည်။ ပါးစောင်တွင် ကွမ်းငုံလျက် နှုတ်ခမ်းကြီး စု၍ ပြုံးတုန်းတုန်းကြီး ဖြစ်နေသော ရှက်ကိုး ရှက်ကန်း အမူအရာများကို ကြည့်လျက် ရယ်မောလိုက်မိသည်။

'ကိုင်း... ဆိုစမ်းပါဦး' ဟု ကျွန်မက ပြောလိုက်သည်။

'ဆရာတော်ဘုရား ငှဲပြီး အိမ်ထောင်ပြုလိုက်တာပါ။ ဆရာတော်ဘုရားက ကျောင်းပေါ်က တစ်ပါးတည်း၊ ကျောင်းအောက်က ကျွန်မက တစ်ယောက်တည်း ဆရာတော်ဘုရားက ကျွန်မကို ညရေးညတာ စိတ်မချ၊ ကျွန်မကလည်း ဆရာ တော် ဘုရား ညရေးညတာ မကျန်းမာမှာကို စိတ်မချနဲ့ နေကြရတာ။ ညဆိုလည်း





ဆယ်နာရီလောက်မှ ဆိုင်သိမ်းပြီး ပြန်ခဲ့ရတာ။ ကျောင်းအောက်က ကျွန်မ ပြန်လာတဲ့အသံ မကြားမချင်း တမျှော်မျှော် တပူပူနဲ့ စောင့်နေတယ်။ ကျွန်မ ပြန်လာမှ ကျိန်းတယ်။ ကာလက မကောင်းဘူးဆိုပြီး တစ်စက်ကလေးမှ စိတ်မချနိုင်ဘူး၊ အခုမှပဲ စိတ်ချတော့တယ်'

'ဘယ်က လူလဲ'

'ကျွန်မ ဆိုင်က လမ်းထောင့် မဟုတ်လား။ ဆိုက်ကားဂိတ်၊ ဆိုက်ကားသမားခေါင်းစုံ ကျွန်မ ဆိုင်နားမှာ ရပ်ကြတာ။ သူက ဆိုက်ကားနင်းနေတာ၊ ဆိုင်သိမ်းရင် သူ့ဆိုက်ကားနဲ့ ပစ္စည်းတွေ တင်ပြီး ပြန်ရတယ်။ ကြာတော့လည်း ဆရာတော်ဘုရားနဲ့ပါ ရင်းနှီးပြီး သွေးလိုသားလို ဖြစ်လာတယ်။ ခင်ဗျားဘဝ ဒီလိုနေတာ မဟုတ်သေးပါဘူးဗျာ၊ ကျုပ်ပဲ စောင့်ရှောက်ပါ့မယ်ဆိုပြီး ဆရာတော်ဘုရားကို သူ့ဟာသူ လျှောက်ထား ခွင့်ပန်တာပဲ မမလေးရဲ့'

'ဪ... ဪ'

ဂူသို့သွားရန် သုသာန်ဘက်သို့ ကားထွက်လာရာတွင် ဆရာတော်ဘုရား အမိန့်ရှိလိုက်သော စကားများကို စဉ်းစားလာမိလေသည်။

"နန်းတော်ပေါ်က မိဖုရားပင် အရှင် မရှိက မဖြစ်သေးရင် ညတိုင်း လမ်းထောင့်မှာ ဈေးသွက်ရောင်းရတဲ့ မယ်ဟန်အတွက် မခက်လား"

ဒါကို စဉ်းစားလျက် "အိမ်ပြင်ထွက်ပြီး စီးပွားရှာဖွေနေတဲ့ ငါ့ဘဝကော" ဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်း ထုတ်ကြည့်သည်။ ကျွန်မသည် သက်သာရာ သက်သာကြောင်း ဖြစ်သော အဖြေကို ရှာဖြေလေသည်။

"ဆိုက်ကားဂိတ်လောက်တော့ မဆိုးသေးပါဘူးလေ"

၃

မိုးသားများ တရိပ်ရိပ် တက်လာလေသည်။ အုတ်လမ်း၌ ကားဆိုက်ပြီး ကားပေါ်မှ အဆင်း မိုးလေကလေး တိုက်လာသည်။ လမ်းမဆုံးခင် လေတိုက်ပြင်းလာလျက် မိုးသည် ရွာတော့ မလိုလို ပိုမို၍ အုံ့မှိုင်းလာသည်။

ကျွန်မသည် မိုးကို ဂရုမစိုက်မိ၊ အုတ်လမ်းဆုံး၍ မြေလမ်းပေါ်၌ လျှောက် ခင်းလာခိုက် မြေကြီးကိုသာ သဲသဲမဲမဲ ဂရုစိုက် ကြည့်လာသည်။ မြေလမ်းပေါ်၌ ဆူးပြောင့်များနှင့် ခဲလုံးချွန်ချွန်ကလေးများမှာ ကြဲထားသကဲ့သို့ ရှိနေသည်။ ဂရုစိုက် ကြည့်လာသည့် အထဲမှပင် ခြေဖဝါး၌ မျက်ခနဲ မျက်ခနဲ စူးဝင်သွားလေသည်။

ဤလမ်းပေါ်၌ လျှောက်ခဲ့သော အကြိမ်ပေါင်း မနည်းချေပြီ။ ခြောက်နှစ် ပြည့်၍ ခုနစ်နှစ်ထဲသို့ လအားဖြင့် လေးလ စွန်းခဲ့ပြီး၊ မုဆိုးမ ဘဝ၌ တင်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



၎င်း ဤလမ်းကလေးသည် မုဆိုးမဘဝ ခရီးမှတ်တိုင်လည်း ဖြစ်၏။ ကျွန်မအတွက် အခ်ပွာယ် အမျိုးမျိုး ဆောင်သော လမ်းကလေး ဖြစ်ပေသည်။ ဆူးနဲ့ခဲကို ကြည့်၍ လျှောက်လာရင်း ၇၆ ခေါက် ရှိပြီဟု တွက်ချက် ကြည့်လိုက်သည်။

အလုပ်အားသလို၊ အချိန်ရသလို လာခဲ့ရသော နေရာဖြစ်၏။ တစ်ခါတစ်ရံလည်း ဤလမ်းပေါ်၌ နေပူကျဲကျဲကြီး လျှောက်ခဲ့ရသည်။ တစ်ခါတစ်ရံလည်း နေဝင်ဖျိုးဖျ မှောင်လုမှောင်ဆဲ လျှောက်ခဲ့ရသည်။ တစ်ခါတစ်ရံလည်း အနီးအနား ကျောင်းတိုက်များမှ ကိုယ်တော်များ ဆွမ်းခံထွက်ချိန်၊ တစ်ခါတစ်ရံလည်း ကိုယ်တော်များ ဆွမ်းခံပြန်ချိန်၊ တစ်ခါတစ်ရံလည်း မိုးထဲလေထဲ...။

ပြန်၍ တွေးနေသည့် အတွင်းမှာပင် မိုးကြီး သည်းစွာ ရွာချလိုက်၏။ ကျွန်မ တစ်ကိုယ်လုံး ရွှဲရွဲစိုသွားလေသည်။ မိုးသည်းနေသော်လည်း ဆူးနှင့်ခဲကို ကြောက်၍ ပြေးမသွားနိုင်။ လေရော၊ မိုးရော ထန်နေသည့် ကြားထဲ၌ပင် ဖြည်းဖြည်းပဲ ကြည့်လျှောက်လာခဲ့သည်။ ကျောင်းနားရောက်၍ ကျောင်းအောက်သို့ လှမ်းကြည့်လိုက်သည်။ လူတစ်ယောက်မှ မတွေ့ရချေ။ လှေကားရင်း ရောက်မှ လက်ကိုင်အိတ်ကို လှေကားထစ်ပေါ်၌ တင်လိုက်ကာ လုံချည်နားကို စု၍ ရေညှစ်ချလိုက်သည်။ ရွှဲနစ်နေသော အင်္ကျီမှ ရေများကိုလည်း ခါသပ်ချသည်။ အတော်ရေစစ်သွားမှ ကျောင်းပေါ်သို့ တက်သွားကာ တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။ မမျှော်လင့်ဘဲ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်၌ စောင့်နေသော ဆရာတော်ဘုရားကို ဖူးတွေ့ရလေ၏။

'စိုလို့ပါလားကွယ်'

'တင်ပါ... ဒေါ်ဟန်တို့ကော ဘုရား'

'ခရီးသွားကြတယ်၊ ဒကာရဲ့ ဆွေရှိရာ မျိုးရှိရာ ခဏ သွားလည်ကြတယ်။ အခု ဘောက်ထော်က လာတာလား၊ မြို့ထဲ အလုပ်တိုက်က လာတာလား'

'မြို့ထဲက လာတာပါ ဘုရား'

'မောင်ချစ်မောင် ဂူလည်း သွားရဦးမှာ၊ အိမ်ပြန်ဖို့ မှောင်မနေဘူးလား။ ခေတ်ကာလက ကောင်းတာ မဟုတ်ဘူး၊ ကြည့်သွား ကြည့်လာမှ ကောင်းမယ်'

'တပည့်တော် ဘောက်ထော် ပြန်စရာ မရှိပါဘူး ဘုရား၊ မြို့ထဲပဲ ပြန်ရမှာပါ'

ဆရာတော်ဘုရား စိတ်ပူခြင်းကို စိတ်အေးပါစေတော့ဟု မစဉ်းမစား မဆင်မခြင် လွှတ်ခနဲ လျှောက်တင်လိုက်သော စကား၏ အမှားကို ချက်ချင်း မတွေးမိ၊ ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်၌ လှဲနေရာမှ မတ်ထူ ထိုင်လိုက်ကာ– 'ဘောက်ထော် မပြန်တာက ဘာကြောင့်တုံး' ဟု မေးမှ အလျှောက်မှားပြီကို ဆင်ခြင်မိသည်။





'တပည့်တော် ဘောက်ထော်မှာ မနေတော့ပါဘူး၊ မြို့ထဲ ရောက်နေပါပြီ ဘုရား'

'နို့... ဘောက်ထော် တိုက်ကကော'

ကျွန်မသည် မလျှောက်ချင် လျှောက်ချင်ဖြင့် မလွှဲသာတော့ဘဲ နောက်ဆုံး...အတိုင်း လျှောက်တင်လိုက်ရသည်။

'ဘောက်ထော်တိုက်ကို ကြွေးရှင်လက်ထဲ အပ်လိုက်ရပါပြီ ဘုရား'

'ဟော...'

ဆရာတော်ဘုရားသည် မျက်နှာ ပျက်သွားလေ၏။ အတန်ကြာ နှုတ်ဆိတ်...နေသည်။ အသံပျော့ပျော့နှင့် ထပ်၍ အမိန့်ရှိတော့မှ ကျွန်မ ခေါင်းကို ...လိုက်နိုင်သည်။

'ကလေးတွေကော'

'ကလေးတွေတော့ ကုလားပြည်ကျောင်းက နုတ်ပြီးကတည်းက တပည့်...တော် မြို့ထဲက စိန်ပေါ်ကျောင်းမှာ ကျောင်းအိပ် ကျောင်းစား ထားပါတယ်။ ...ကျောင်းမပိတ်လို့ ခေါ်မလာနိုင်ပါဘူး ဘုရား၊ ကျောင်းမှာ ရှိကြပါတယ်'

'အခု နေတာက ဘယ်နေရာမှာလဲ'

'မြို့ထဲက အလုပ်ခန်းကလေးမှာပဲ အထပ်ခိုး လုပ်ပြီး ခေတ္တ နေပါသေး...တယ်။ အိမ်မငှားရသေးပါဘူး ဘုရား'

'ပစ္စည်းတွေကကော'

တစ်ချိန်ထက် တစ်ချိန် ပျက်သထက် ပျက်နေသော ဆရာတော်၏ မျက်နှာတော်နှင့် အသံကို မကြည့်ဝံ့၊ မကြားရဲတော့ဘဲ ခေါင်းငုံ့၍ လျှောက်နေရသည်။ တစ်ချိန်လုံး ကျွန်မ၌ အတော် ဝန်လေးနေသည်။ ဘောက်ထော် မပြန်ဘူးဟု လျှောက်ဘဲ နေလျှင်လည်း ပြီးတာပဲဟု နောင်တဖြစ်လျက် ဆရာတော်ဘုရား...၌ စိတ်အိုက်နေလေသည်။

'ပစ္စည်းတွေအတွက် ထားစရာ နေရာ မရသေးလို့ ဘောက်ထော်တိုက်မှာ...ခဏ ခွင့်တောင်းထားရပါသေးတယ် ဘုရား။ ခေတ္တ ရွှေ့ထားဖို့ နေရာ လိုက်ရှာ...မှ ရွှေ့ရပါမယ် ဘုရား'

ကျွန်မကို မျက်တောင်မခတ် စိုက်ကြည့်နေသော ဆရာတော်၏ မျက်နှာ...သည် အုံ့မှိုင်းနေလျက် အသံတိမ်တိမ်နှင့် ပြောပြန်လေသည်။

'အိမ်မရခင် စပ်ကြား ဒီမှာ ရွှေ့ထားပေါ့၊ ဒီကို ယူခဲ့' ဟု ဆိုပြီး ကုလား...ပေါ်၌ ပြန်လှဲလိုက်သည်။ ကျောင်းကြီးမှာ ဆိတ်ငြိမ်လှပါပေသည်။ ဆိတ်ငြိမ်...သော ကျောင်းကြီးပေါ်၌ ကျောင်းခေါင်မိုး မျက်နှာကြက်ကို ကြည့်...



www.burmeseclassic.com

www.burmeseclassic.com



နေသော ဆရာတော်၏ အသံသည် အာလေးလျှာလေး ဖြစ်လျက် အပြင်းဖျား သော ဝေဒနာသည် စကားပြောသကဲ့သို့ တစ်လုံးချင်း တစ်လုံးချင်း တုန်နေ သည်။

‘မောင်ချစ်မောင် သေပြီးမှ ပုံနှိပ်တိုက်လည်း ပျက်သွားကြ၊ တိုက်က ယ်ပြန်လည်း တိုက်ပေါ်က ပြန်ဆင်းခဲ့ရ။ လောကခံတရားတွေပဲ’

ဆရာတော်ဘုရား စိတ်မကောင်း ဖြစ်နေတော်မူသဖြင့်၊ မြန်မြန်ထပြန် ဝတ္ထုငွေ ကပ်ဖို့အတွက် ‘ကျောင်းမှာ ဘယ်သူရှိပါသလဲ ဘုရား’ ဟု လျှောက်လို သည်။

‘သူငယ်တစ်ယောက် ခဏ ထားခဲ့တယ်။ ဆေးသွားဝယ်နေတယ်၊ ပြန် လိမ့်မယ်၊ ဒီစားပွဲပေါ်မှာပဲ တင်ထားပေါ့။ မမလေး ငါ တစ်ခု ပြောချင်တယ်’

‘အမိန့်ရှိပါ ဘုရား’

‘မောင်ချစ်မောင်အတွက် ဆုံးတဲ့ လက စပြီး မင်း လှူလာတာ ဝါဆို အထိ ၇၅၀၀ ကျပ် ရှိသွားပြီ။ ဒါတောင် ငါးနှစ်မြောက် အထိမ်းအမှတ် လုပ်တုန်း က သက်စေ့ သံဃာတော်တွေ၊ လူတွေ ဖိတ်ပြီး ကျွေးမွေးလှူဒါန်းလို့ ကုန်ကျ တွေ မပါသေးဘူး။ မောင်ချစ်မောင် ကုသိုလ် မနည်းပါဘူးကွယ်။ ခုနေခါ မယ်ဟာန်တို့က နှစ်ဦးနှစ်ဝ ရှာနိုင်ဖွေနိုင်ကြတော့ မမလေး လှူတဲ့ငွေဟာ လုံလော ရုံ မဟုတ်ဘူး၊ ပိုတောင်နေတယ်။ ဒါကြောင့် လစဉ် လှူဒါန်းတဲ့ ဝတ္ထု ၁၀ ဒီလက စ လျှော့ပြီး တတ်နိုင်သလောက်ပဲ လှူဖို့ ပြောချင်တယ်ကွယ်’

ကျွန်မသည် လက်ကိုင်အိတ်ထဲမှ ထုတ်ယူလိုက်သော ငွေတစ်ရာကို ကိုင် လျက် ငိုင်သွားလေသည်။ ခြောက်နှစ်ကျော်ကျော် တစ်လမပျက် ဝတ္ထု ၁၀ လှူလာခဲ့သော ဤအလှူသည် အကယ်စင်စစ် တာဝန် မသေးလှပေ။ တိုက်ပျက် ပြီးနောက် ဒုက္ခ အတန်တန် ရောက်နေသည့် ကြားထဲမှပင် မပျက်အောင် အား လှူနေရသည်။ လှူပြီးတိုင်း ရင်ထဲ၌ အလုံးကြီး ကျသွားလျက်၊ လှူလိုက်နိုင်ခြင်း ဝမ်းမြောက်၍ မဆုံးနိုင်ပေ။ မစားဘဲ အငတ်ခံလျှင်သာ ခံမည်၊ ဤအလှူ အပျက်မခံဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။

အလှူခံသော ပုဂ္ဂိုလ်က လျှော့လှူရန် ပြောသည့်အတွက် စိတ်ထိခိုက်သွား လေသည်။ ကျွန်မမှာ တိုက်ပေါ်မှ ဆင်းလာခဲ့ရခြင်းကို ဝမ်းမနည်းခဲ့ပါဘဲ၊ ဆရာ တော် လျှော့လှူရန် ပြောတော့မှပင် ဝမ်းနည်းလာတော့သည်။

‘ခမ္ဘသုခ ဆရာတော်အတွက်ကလည်း မမလေးမှာ တာဝန် ရှိသေးတယ် အင်္ဂပူကို လစဉ် ဘယ်လောက် အလှူငွေ ပို့သလဲ’

‘ငါးဆယ်ပါ ဘုရား’





ကွယ်လွန်လေသော မိဘများ၏ ကျေးဇူး ကြီးမားလှသဖြင့် အမိ၊ အဖ ကို ကျေးဇူးဆပ်ရန် ရည်စူး၍ ခမ္ဘသုခဆရာတော် တစ်သက်၊ မိမိတစ်သက် စိတ်ကို ပိုင်းလျက် ခမ္ဘသုခ ဆရာတော်အတွက်လည်း လစဉ် တာဝန်ထမ်းလေ သည်။

‘မမလေးအတွက် တာဝန်တွေ များလှတယ်၊ ဒါကြောင့် ဒီလက စပြီး က်ဝက်လျှော့လှူ’

ဆရာတော် ထပ်မံပြောသော စကားကို မလွန်ဆန်နိုင်တော့သဖြင့် ယ်တန်ငါးရွက်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး ‘တပည့်တော် လစဉ် နဝကမ္မ ငွေ ငါးဆယ်ပါ ဘုရား’ ဟု လျှောက်လိုက်ကာ၊ ငွေငါးဆယ်ကို စားပွဲပေါ်၌ င်လိုက်သည်။

ဝတ္ထုကပ်ပြီး သီလယူ၊ ရေစက်ချ၊ အမျှဝေရာတွင် ဆရာတော် တိုင်ဆို သော နောက်ဆုံး ဆုတောင်းထဲ၌ ‘မိဘကျေးဇူး၊ အဆွေခင်ပွန်းတို့၏ ကျေးဇူး ကို အခါခပ်သိမ်း အောက်မေ့တသ မမေ့မလျော့ သဘောရှိသော တပည့်တော် သည် ယခုဘဝသော မဟုတ်၊ ဘဝ စဉ်ဆက် သံသရာ၌ ကျင်လည်သမျှ ကျေးဇူး ရှင် အပေါင်းတို့အား မမေ့လျော့သော၊ အောက်မေ့တသ ရှိသော၊ မပျက်တတ်သော ကုသိုလ်ကောင်းမှုပြုသော အကျင့်တရားနှင့် ပြည့်စုံလျက် မြတ်သော အကျွတ် တရားကို ရပါစေသား’ ဟု အဆုံးသတ် ဖြည့်စွက် တိုင်ချ ပေးလိုက်လေ၏။

ကျောင်းပေါ်မှ အဆင်း ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ မိုးစဲသွား သော်လည်း မိုးသားများ မည်းလျက်ပင် ရှိသေး၏။ အောက်ထော်တိုက်မှ ဆင်းခဲ့ သည့် အကြောင်းက တော်တော်၊ ဆရာတော်၏ မျက်စိထဲတွင် တစ်ကိုယ်လုံး စိုနေသဖြင့် ကြွက်စုတ်လို ဖြစ်နေသော ပုံပန်းက ပိုဆိုးနေရှာသလားဟု တွေး ကြည့်မိသည်။

ကျွန်မသည် ဆရာတော် စိတ်မချမ်းမသာ ဖြစ်သွားခြင်းကို မခံနိုင်ဖြစ် က် တက်တစ်ချက် ခေါက်လိုက်ပြီး မဲမိမဲရာ မဲပစ်လိုက်သည်။

‘သည်မိုးနှယ်တော်...’

၄

ချစ်မောင် ဆယ်နှစ်မြောက် အထိမ်းအမှတ်ကို ရွှေတိဂုံဘုရား ခြေရင်းရှိ အောင် သော ဇရပ်ကြီး၌ ကျင်းပသည်။ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ခေါ် သံဃာတော် သက်စေ့ ဆွမ်းကျွေး လှူဒါန်းကြသည်။ ဆယ်နှစ်မြောက် အထိမ်း အမှတ် ပြီး၍ လများ မကြာမီပင် အိပ်ရာလိပ်၊ အဝတ်အစား၊ အိုး



www.burmeseclassic.com

www.burmeseclassic.com



များမှတစ်ပါး ရှိရှိသမျှသော အိမ်ထောင် ပရိဘောဂများကို အနော်ရထာလမ်း ပုံနှိပ်တိုက်နှင့် မျက်နှာချင်းဆိုင် အိမ်ခန်းမှ မင်္ဂလာဗေယျုံ ကျောင်းတိုက်သို့ အပို့လွှတ်လိုက်ရပြန်လေ၏။

အင်္ဂလန်မှ စာပုံနှိပ်စက်သစ်ကြီး တစ်လုံးကို လဆိုင်းဖြင့် ဝယ်ယူခဲ့သည်။ နောက်ဆုံး ပေးသွင်းရမည့် အရစ်ကျငွေအတွက် အခက်အခဲ ပြဿနာ ကြုံလာသည်။ ဖြစ်လာသော ပြဿနာနှင့် ငှားနေသော အိမ်ခန်းကို လဲလှယ် ဖြေရှင်းလိုက်ပြီးနောက်၊ ကုဋ္ဌိုင်းတွင် နေထိုင်သော အစ်မခြံထဲတွင် တဲကလေး ထိုး၍ ရွှေ့နေကြရသည်။

ဆရာတော်သည် ကျောင်းပေါ်သို့ ပြန်ရောက်လာပြန်သော ပစ္စည်းများ ပုန်မတက်အောင် ကြက်မွေးတစ်ချောင်းဖြင့် နေ့စဉ် ခါလှည်းလျက်၊ ကျွန်မ လာမည့် လဆန်း နှစ်ရက်နေ့ကို စောင့်မျှော်နေလေ၏။

လဆန်းနှစ်ရက်နေ့၌ ကျောင်းပေါ်သို့ တက်သွားသောအခါ အခန်းထဲမှ ထွက်လာသော ဆရာတော်ဘုရားက မထိုင်သေးမီ မေးသည်။

'အခု လာတာ ကားနဲ့ လာတာလား'

'တင်ပါ့၊ ကားနဲ့ပါ ဘုရား'

'ငါက ကားပါ ရောင်းလိုက်ရပြီလားလို့ ဟေ့'

ကျွန်မက ရယ်မောလိုက်သည်။ ဆရာတော်လည်း ပြောပြီး ရယ်မောလေသည်။ ကျောင်းသို့ အိမ်ထောင် ပရိဘောဂတွေ ပြန်ပို့ရပြန်သည့်အတွက် အလှူငွေနှင့် ပတ်သက်၍ ဆရာတော် ဘယ်လိုများ အမိန့်ရှိဦးမလဲဟု ကြိုတင် တွေးတောလာသည်။ အလှူငွေနှင့် မပတ်သက်အောင် လျှောက်ထားရမည့် အကြောင်း အချက်အလက်များကိုလည်း ကြိုတင် စဉ်းစားလာပြီး ဖြစ်သည်။

ဆရာတော်သည် စားပွဲပေါ်မှ စာရွက်ကြီး တစ်ရွက်ကို ဆွဲယူကာ 'ဒီ စာရွက်ကို ကြည့်စမ်း' ဟု ကမ်းပေးသည်။

"၁၃၀၈ ခု ကဆုန်လဆန်း နှစ်ရက်နေ့၊ မမလေး ရောက်လာသည်" ဟု ခေါင်းစဉ် ရေးမှတ်ထားသည်။ ထိုခေါင်းစဉ်အောက်၌ **လစဉ်လှူသော မောင်မှိုင်း မောင် အလှူငွေစာရင်း**ဟု ရေးကာ လှူသောငွေကို လနှင့်ငွေနှင့် ရေးမှတ်ထားသည်။ လစဉ် ငွေတစ်ရာ လှူခဲ့သော အလှူစာရင်းတွင် ခြောက်နှစ် သုံးလ စာရင်းပိတ်လျှင် ငွေ ၇၅၀၀ ကျပ်ဟု ဂဏန်း ပေါင်းပြထားသည်။ ဝတ္ထု ၅၀ လှူခဲ့သော လကာ လေးနှစ် နှစ်လအထိ စာရင်းပိတ်ကာ ငွေ ၂၆၀၀ ကျပ်ဟု ဂဏန်းပေါင်းပြထား သည်။ ထို့နောက် ခွဲခြားပေါင်းထားသော အလှူစာရင်း နှစ်ရပ်ကို ပြန်ပေါင်းလျက် ငွေ ၁၀၁၀၀ ကျပ် (တစ်သောင်း တစ်ရာ)ဟု ပြထားသည်။ ရေပိုက်အလှူငွေ





၅၀၀ ပါ ဖြည့်စွက်၍ ပေါင်းပြန်သည်။ ငွေ ၁၀၆၀၀ ကျပ် (တစ်သောင်း ခြောက်ရာ) ဟု ရေးမှတ်ထား၏။

လက်ရေးလှလှ၊ စာလုံး ဝိုင်းဝိုင်းစက်စက်နှင့် ရေးတတ်သော ဆရာတော် ဘုရား၏ လက်ရေးကို မြင်ဖူးခဲ့သည်။ နေ့စဉ် နံနက်ရွတ်ရန် ဂါထာ၊ အိပ်ရာဝင် ရွတ်ရန် ဂါထာ စသည်ဖြင့် ရေးပေးဖူးသည်။ ယခု စာရင်းစာရွက်ကို ကြည့်မှ ဆရာတော်၏ ထူးခြားချက်များကို အမှတ်မထင် သွားတွေ့မြင်ရ၍ စိုက်ငေးကြည့် နေသည်။

စာရင်းတွင် ဂဏန်းများကို မြန်မာလို မရေးဘဲ အင်္ဂလိပ်ဂဏန်း ရေးထား ခြင်းသည် ကျွန်မ မျက်စိထဲတွင် အထူးအဆန်း ဖြစ်နေသည်။ စာရင်းပိတ်ပြီး အောက်၌ လက်မှတ်ထိုးထားသော အမည်နာမ ဘွဲ့တော် **ဦးဘဂဝန္တ**မှာ အင်္ဂလိပ် စာလုံးများ ဖြစ်နေလေ၏။ အင်္ဂလိပ်လိုလည်း ရေးတတ်သကိုးဟု ငေးစိုက်ကြည့် နေခိုက်တွင် ဆရာတော်က အမိန့်ရှိလိုက်သည်။

'မမလေး ... လစဉ်ဝတ္ထုငွေ ၃၀ ပဲ လှူဦး၊ လုံလောက်တယ်'

'မဟုတ်ပါဘူး ဘုရား၊ တပည့်တော်...'

ကျွန်မ စကားမဆုံးမီ ဆရာတော်ဘုရားက ကြားဖြတ်၍ မိန့်ကြားလိုက် ၏။

'လှူတာတော့ အလှူဝတ္ထု ၅၀ ပဲပေါ့၊ လိုအပ်တဲ့အခါမှ အလှူခံမယ်၊ လို အပ်တဲ့ အခါမှ လှူလေ။ အခု မယူသေးဘူး'

ကျွန်မမှာ ဆက်လျှောက်ရန် ခက်နေသည်။ ကျောင်းမလာခင်ကတည်းက အလှူငွေနှင့် မပတ်သက်အောင် ကြည့်လျှောက်မည်ဟု စီစဉ်လာခဲ့သမျှ ရှေ့ဆက် မလျှောက်သာအောင် ဆရာတော်က ကြိုတင်ကာဆီး မိန့်ကြားသွားသည်။ ကျွန်မ စိတ်သက်သာရာ ရစေခြင်းငှာ နောင် လိုအပ်သည့် အခါ၌ လှူဟု ခွင့်ပြုထား၏။ ဤကိစ္စကို ရှေ့ဆက် မနေအောင် စကားပိတ်လိုက်သည်။

'မွေ့သုခဆရာတော် ကျန်းမာရဲ့လား'

'ကျန်းမာပါတယ် ဘုရား၊ တပည့်တော် သီတင်းကျွတ်ရင် အဲဒီ သွားဖူး ဦးမှာ ဒါန်တော့ရပါမယ် ဘုရား'

'ထာဝစဉ် ပြုလုပ်နေတဲ့ အလှူတွေကို အဖန် တလဲလဲ ပြန်သတိရ အမှတ် အသား ရှိရင် အဖန် တလဲလဲ ဝမ်းမြောက်ပီတိ ဖြစ်ရတာပေါ့'

'တပည့်တော် မှတ်ပါတယ် ဘုရား'

'အေး ... မှတ်ခြင်းဟာ ကျေးဇူးပွားများတယ်၊ ဒါသ မွေ့သုခဆရာ တော်းက ငါ့ကို ပြောသွားတယ်။ ဒွါရ အနှစ်တစ်ရာပြည့် အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းတောင်း ဆရာတော် တပည့်တော်ကို ငွေတစ်ထောင်နဲ့ ပြန်ပေးခဲ့တာ မမလေး က ရွေးပါတယ် ဘုရားလို့ ပြောသွားသကွယ်'

ဆရာတော်သည် ပြောပြီး ပြုံးနေတော်မူလေ၏။

'တပည့်တော်ရဲ့ မိဘများကိုယ်စား တပည့်တော်က ရွေးတာပါဘုရား ဆရာတော်က တပည့်တော်ဆီမှာ အလှူမခံပါဘူး၊ တပည့်တော်က တောင်းတော ပန်ပန် လှူရတာပါ' ဟု ရယ်မောပြန်လျှောက်လိုက်သည်။

'ဒီငွေ တစ်ထောင်လည်း အလှူစာရင်းထဲမှာ မှတ်'

'တင်ပါ့… တပည့်တော် မိဘများအတွက် ရည်စူးပြီး ပြုလေသော ကောင်းမှုအလှူတွေကို မှတ်ပါတယ် ဘုရား'

ဝတ္ထု ၃၀ ကျပ်သာ အလှူခံ၍ ကျွန်မ စိတ်မကောင်း မဖြစ်စေဘဲ ရွှင်ရွှင် ဗျပျ ရှိစေရန် ရေးရှုလျက် တစ်ချိန်လုံး ဟိုအကြောင်း သည်အကြောင်း အဆက် အစပ် မရှိဘဲ နှစ်သိမ့်စရာများကို ပြောဆို မိန့်ကြားနေလေ၏။

သီလယူ၊ ရေစက်ချပြီး ကျောင်းပေါ် ပြန်ရောက်ကုန်သော ပစ္စည်းများကို ထ ကြည့်သည်။ ကျောင်းပစ္စည်းများနှင့် မရောနှောအောင် MML ဟူ၍ ပစ္စည်း တိုင်းတွင် စာရွက်ကလေးများဖြင့် ရေးကပ်ထားပေသည်။ ဒေါ်ဟန်နှင့်အတူ ကျောင်းပေါ်မှ ပြန်ဆင်းလာကြသည့်အခါ ဆရာတော်က မိုးဟိန်းကို ပြန်ခေါ်ပြီး အလှူအတန်းများမှ လှူဖွယ်ဝတ္ထု ရရှိသော ခဲတံအထုပ်နှင့် ကော်ပီစာအုပ်ထုပ်ကြီး ကို မိုးဟိန်းတို့ သုံးရန်အတွက်ဟု ပေးလိုက်လေ၏။

'မမလေးကို တည်တည်တံ့တံ့နဲ့ ချမ်းသာစေချင်တယ်လို့ ဆရာတော် ကျွန်မကို ခဏခဏ အမိန့်ရှိတယ်။ မမလေး ဆင်းရဲဒုက္ခ ရောက်မှာကို မမြင်ချင် ဘူးလို့ ကျွန်မကို ပြောတယ်'

ဒေါ်ဟန်သည် ကားနားအထိ လိုက်ပို့ရင်း တတွတ်တွတ် ပြောလာသည်။

'မမလေး လှူသွားတဲ့ အလှူငွေထဲက ကလေးတွေ အတိတ်နဲ့ ကျွန်မက ဆရာတော်ကို လစဉ် ထီတစ်စောင် ဝယ်ထိုးပေးရတယ်။ ထီပေါက်စဉ် ထွက်လာ ရင် ကျွန်မတို့က အမြဲ တိုက်ကြည့်ပေးရတယ်။ ပစ္စည်းတွေ ပြန်ရောက်လာတဲ့ နေ့က ချာချာလည်နေတဲ့ ဘဝပဲလို့ ညည်းရှာတယ်။ ပဲခူးဆရာတော် ဟောသလို အဘည်တကျ နေပါတော့ မမလေးရယ်'

ပဲခူးမြို့ရှိ ဝိဇိတာရုံကျောင်းသို့ အရပ်လေးမျက်နှာမှ မရောက်ဖူးသူ အတော် ရှားသည်။ ၎င်းဆရာတော်မှာ ဗေဒင် အကျော်အမော် ဆရာတော် ဖြစ် သည်။ တိုက်ဖုက်ခံရစဉ်က စိတ်ညစ်ညစ်နှင့် ပဲခူးဆရာတော်ကျောင်းတွင် တစ်လ





နေ၍ ဥပုသ်သွားစောင့်နေသည်။ တပည့်ရင်း ဒကာရင်း ဖြစ်၍ ဆရာတော်က အင်တွက်သည်။

'မူလဇာတာကတော့ ခိုင်ပါရဲ့၊ ဒါပေမဲ့ လောကအကြောင်းကို ပြင်ပါမှ။ ပြင်နိုင်ရင်တော့ ဒုက္ခများဖို့ပဲ'

"လောကကြောင်းကို ပြင်" ဆိုသည့် စကားမှာ ရဟန်းသံဃာဖြစ်၍ ကိစ္စကို သွယ်ဝိုက်ကာ မဆိုးမဘ မနေနှင့်ဟု မိန့်ကြားချက် ဖြစ်သည်။

'ဘယ်လို ဒုက္ခလဲ ဘုရား' ဟု လျှောက်လိုက်သည်။

'လောကအကြောင်းကို မပြင်သမျှ စီးပွား ဘယ်လိုရှာရှာ၊ စီးပွား ဖြစ်လာ ရင် အဲဒီစီးပွား မတည်ဘူး၊ ပျက်မယ်။ ပျက်လို့ ပြန်ကြိုးစားရင် ဖြစ်ဦးမှာပဲ၊ ပြီ ဆိုရင်လည်း ပျက်ဦးတော့မှာပဲ။ ဖြစ်လိုက် ပျက်လိုက်နဲ့ အတည်တကျ ရှိရဘဲ ချာလပတ်လည်နေမယ့် ဒုက္ခပေါ့'

'ပြင်နိုင်ရင်ကော ဘုရား' ဟု ကျွန်မက ထပ်ဆင့် လျှောက်လိုက်သည်။

'ပြင်နိုင်ရင် ယတြာခိုင်သွားလို့ ပစ္စည်းက နင့်ကို မခွန့်ဘူး'

ပဲခူးရောက်၍ ဆရာတော့်ကျောင်း ရောက်တိုင်း ဆရာတော်က ဆီးမေး တတ်သည်။

'မမလေး စီးပွားရေး အဖြစ်ထဲမှာလား၊ အပျက်ထဲမှာလား ဟေ့'

'အပျက်ထဲမှာပါ ဘုရား'

'ဒီလိုဆိုရင် ဖြစ်ဦးမှာပဲပေါ့'

နောက်တစ်ခေါက် ရောက်လျှင် ဆရာတော်က မြင်မြင်ချင်း ဆီးမေးပြန် သည်။

'အပျက်လားပေ့၊ အဖြစ်လားပေ့'

'အဖြစ်ပါ ဘုရား'

'အေး… ပျက်ဦးတော့မှာပဲ'

ဝိဇိတာရုံကျောင်းတွင် ပြောစမှတ်ရနေသော ဤအကြောင်းကို ဒေါ်ဟန် က သိ၍ အတည်တကျဖြစ်အောင် တိုက်တွန်းနေသည်။

'ကြိုကြီးစည်ရာ ဒေါ်ဟန်ရယ်…'

အိမ်ပြန်ရောက်လျှင် ရောက်ချင်း ကွန်မ၏ အလှူစာရင်းတွင် အလှူငွေ ၃၀ ကျပ်ဟု ရေးမှတ်ထားလိုက်၏။

ကုက္ကိုင်းခြံ တဲကလေးတွင် တစ်နှစ်… ကုက်ပုကလေးသို့ ပြောင်းရွှေ့ကြရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုသည့်အခါ၌ ဆရာတော်သည် ဟန်ကျပန်ကျ ပြန်ဖြစ်လာခြင်းကို စိတ်ချမ်းသာ ရ ရသွားလေသည်။

လဆန်းနှစ်ရက်နေ့ ကျောင်းသို့ သွားတိုင်း ကလေးများကိုလည်း လိုက် အောင် ဆိုဆုံးမ၏။ လူလား မြောက်လာကြသော ကလေးတွေလည်း လဆန်း နှစ်ရက်နေ့ကို လဆန်းနှစ်ရက်နေ့ဟု မပြောဘဲ "ဖေဖေ့နေ့"ဟု ပြောလာကြသည်။

၁၃ နှစ် ပြည့်မြောက်သည့် တန်ခူးလဆန်း နှစ်ရက်နေ့၌ ကျောင်းသို့ ခံနက်စောစော ရောက်သွားကြသည်။

'မောင်ချစ်မောင် ကွယ်လွန်တာ ဘာလိုလိုနဲ့ ၁၃ နှစ်တောင် ရှိပြီ၊ သူ့အလှူ လည်း ၁၃ နှစ်မြောက် အလှူပေါ့'

'သူ ကွယ်လွန်တာတော့ ဒီနေ့ ၁၃ နှစ် ပြည့်ပါပြီဘုရား။ တပည့်တော် ဒီကျောင်း ရောက်လာတာကတော့ သူ ကွယ်လွန်ပြီး တစ်လပြည့်တဲ့ ကဆုန် လဆန်း နှစ်ရက်နေ့မှာ ရောက်လာလို့ ရှေ့လ ကဆုန်လဆန်း နှစ်ရက်နေ့မှာ ၁၃ နှစ်မြောက် အလှူပါ ဘုရား'

'အင်း... တစ်နှစ်မှာ ၁၂ လ၊ ၁၃ နှစ် ဆိုတော့ကာ ၁၅၆ လ၊ ၁၅၆ ကြိမ် မြောက် အလှူပေါ့ကွာ'

'တင်ပါ့ဘုရား'

'ဂူသွားပြီး ကန်တော့ကြတာလည်း ၁၅၆ ခေါက်ပေါ့။ တရားသဘော ကြည့်ရင် သင်္ချိုင်းတစ်ခေါက် ကျောင်းဆယ်ခေါက်ပေါ့။ သတိသံဝေဂ ရစရာ အရပ်ပဲ။ ဒါကြောင့် အချို့ ရဟန်းပုဂ္ဂိုလ်တွေဟာ သင်္ချိုင်းသွား တရားအားထုတ် ကြတယ်'

'သူ့ဂူနားမှာ တဲထိုးပြီး သီတင်းသုံးနေတဲ့ ဘုန်းကြီးတစ်ပါး ရှိတယ်ဘုရား တပည့်တော် ဂူသွားကန်တော့စက သံယောဇဉ် မတွယ်ကောင်းဘူးဆိုပြီး တပည့် တော်ကို တရားဟော ဟော လွှတ်တယ်။ တပည့်တော်လည်း ဘယ်လိုမှ ပြန် မလျှောက်ပါဘူး။ လေးငါးခေါက် ရောက်တော့မှ တပည့်တော်က သံယောဇဉ် ကြောင့် လာနေခြင်း မဟုတ်ဘဲ ဂုဏ်ကျေးဇူးကို အောက်မေ့ အမှတ်ထားပြီး လာကန်တော့နေတာပါ ဘုရားလို့ ရှင်းရတယ်။ နှစ်ကာလ ကြာလာတော့ တပည့် တော် ဂူရောက်ပြီဆိုရင် တပည့်တော်နဲ့ တွေ့တိုင်းပဲ ကောင်းပ ကောင်းပ အမြဲ ရှိတယ် ဘုရား'

ဆရာတော်ဘုရားက ရယ်လိုက်သည်။

'အေးပေါ့... အကြောင်းမှ မသိကြဘဲကိုး'

ဆရာတော်ဘုရားသည် အထူးသဖြင့် တစ်နှစ်ပြည့်၍ သွားတိုင်း တစ်နှစ်



ပြည့်သော နေ့ကို အမှတ်ထားလေသည်။ ကွယ်လွန်သူ၏ အလှူကို ထိုနေ့တွင် တစ်ခုတလည် သာဓုသုံးကြိမ် ခေါ်စမြဲတည်း။

သီလယူ၊ ရေစက်ချ၊ အမျှပေးဝေပြီးနောက် ဆရာတော်သည် ဤကောင်းမှု အလှူကို ငါ သာဓုခေါ်တယ်ဟု ဆိုကာ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်လေ၏။

၅

၁၃၂၈ ခု ကဆုန်လဆန်း နှစ်ရက်နေ့၌ ဆရာတော့်ရှေ့မှောက်သို့ ရောက်ခဲ့ရသော ကျွန်မသည် ၁၃၂၁ ခု ကဆုန်လဆန်း နှစ်ရက်နေ့တွင် ဆရာတော်၏ ရှေ့မှောက် သို့ နှစ်ယောက် သွားရမည် ဖြစ်လေသည်။ ကဆုန်လဆန်း ရှစ်ရက်နေ့၌ ကျောင်းသစ် ထူထောင်ရန် ရက်သတ်မှတ်လိုက်ပြီဖြစ်၍ ဆရာတော်ဘုရား အား ပန်ကြား လျှောက်ထားရင်း ဆရာတော်ရှေ့မှောက်သို့ ကိုအောင်ဇေယျကိုပါ ကျွန်မနှင့်အတူ တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။

ကျွန်မမှာ ကားထဲတွင် စကားတစ်ခွန်းမှ မပြောနိုင်ဘဲ အိမ့်ထောင်ပြုရေး ကိစ္စကို အတောမသတ် တွေးတောလိုက်လာသည်။ ရှေ့ တစ်ရက် နှစ်ရက်ဆိုလျှင် ဤသတင်းသည် တိုင်းသိပြည်သိ ဖြစ်ရလေတော့မည်။ ဤသတင်းကို ကြားသူ မိတ်ဆွေ အပေါင်းတို့က ကျွန်မအပေါ်၌ မည်သို့များ ထင်မြင်ချက် ရှိကြမည်နည်းဟု တွေးကြည့်မိသည်။ ထိုအတွေးမှ တစ်ဆက်တည်း ပစ္စည်းလေးပါး ဒကာခံလှူ ကိုးကွယ် ဆည်းကပ်နေသော ဆရာတော်၊ သံဃာတော်များ၏ ထင်မြင်ချက်များ ကိုမှီ အရေးထားရမည့်အတွက် မည်သို့ ထင်မြင်တော်မူကြမည်ကို ခန့်မှန်း တွေးတောကြည့်လေသည်။

အင်္ဂပူမြို့မှ ဓမ္မသုခဆရာတော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက မိဘများ ကိုးကွယ် ဆည်းကပ်သော ဆရာတော် ဖြစ်သဖြင့် ကျွန်မ၏ စိတ်ဓာတ်ကို ကောင်းစွာ သိသော ဆရာတော် ဖြစ်သည်။ ရဟန်းသံဃာများ သီတင်းသုံးစုဝေးရာ နေရာတွင် အဆုံးအဖြတ် ပြုရမည့် အရေးကိစ္စ တစ်ခု ... ... ထိုအရေးကိစ္စနှင့် ပတ်သက်၍ ကျွန်မ၏ ဆုံးဖြတ်ချက်ကို ဆရာတော် ... သိတော်မူလျှင်မူချင်း "ငါ့တပည့် ဉာဏ်ရှိပါပေသည်" ဟု ... မိန့်ကြားတော်မူလိုက်၏။ ယခုကိစ္စတွင် ဉာဏ်နှင့်ယှဉ်၍ ... ဖြစ်သဖြင့် ဆရာတော် စိတ်အေးဖွယ်ရာ ရှိတန်ကောင်းသည်ဟု ... သည်။

မင်္ဂလာဇေယျုံ ဆရာတော်အတွက်ကား မည်သို့မျှ ... ဟုပင် တွေးစရာ မလို‌ချေ။ "နန်းတော်ပေါ်က မိဘုရားခေါင် ...



www.burmeseclassic.com

မဖြစ်သေးရင် ညဘက် လမ်းထောင့်မှာ ဈေးထွက်ရောင်းနေရတဲ့ မယ်ဟန်အတွက် မခက်လား" ဟု ဆရာတော် အမိန့်ရှိခဲ့ဖူးသော ထုံးကို ပြန်၍ နှလုံးမူမိသည်။ တာဝန်အရပ်ရပ် တစ်ယောက်တည်း ထမ်းရတယ်ဟု အစဉ်သဖြင့် ညည်းတွား တတ်သော ဆရာတော်အတွက် ကွယ်လွန်သူ၏ ဝန်ထုပ်ဝန်ပိုးကို ဝင်ထမ်း ကူညီ သူအား မေတ္တာရှေ့ထားလျက် ကျေးဇူးတင် စကားပင် ပြောကြားလိမ့်မည်ဟု ယုံကြည်ရသည်။

ကျောင်းပေါ်သွားတိုင်း "အဖြစ်လား၊ အပျက်လား" ဟု ဆီး၍ ဆိုတတ် သော ပဲခူးဆရာတော်ကို ဖျတ်ခနဲ မြင်ယောင်လိုက်မိပြန်သည်။ ကျွန်မမှာ ပြုံးလိုက် မိသည်။ ဆရာတော်၏ ထင်မြင်ချက်ကို နားနှင့် ဆတ်ဆတ် ကြားလိုသဖြင့် ကိစ္စ ပြီးလျှင်ပြီးချင်း ပဲခူးဆရာတော်ကို သွားကန်တော့ကြရန် ကြံစည်လိုက်သည်။

အုတ်လမ်းပေါက်၌ ကားထိုးရပ်လိုက်သောအခါ ကျွန်မသည် အုတ်လမ်း ကလေးကို လှမ်းမျှော်ကြည့်လိုက်ပြီးမှ ကားပေါ်မှ ဆင်းခဲ့၏။

မုဆိုးမ ဘဝမှတ်တိုင် ထားခဲ့သော ဤလမ်းကလေးပေါ်တွင် မုဆိုးမဘဝ နှင့် လျှောက်ခဲ့သည်မှာ ယခုတစ်ခေါက် နောက်ဆုံးပင်တည်းဟု သတိပြုမိသည်။ ထိုမှ တစ်ဆက်တည်း ယနေ့ အလှူသည်လည်း မုဆိုးမဘဝနှင့် ၁၃ နှစ်မြောက် လှူသော အလှူဟု တွေးမိသည်။

၁၃ နှစ် နေခဲ့သော မုဆိုးမဘဝ အကြောင်းကို ကောင်းကောင်း သိခဲ့လေပြီ။ အရွယ် မကုန်သေးသော မိန်းမသားအတွက် မုဆိုးမ ဘဝမျိုးလောက် ဆိုးရွားသော ဘဝကား မရှိပေသဖြင့် "၁၃ နှစ်" ဟူသော အမည်နှင့် အမျိုးသမီးများအတွက် ရည်မှန်း၍ စာတစ်အုပ် ရေးရန် ကျွန်မ အတွေးဖြင့် ကျွန်မ စိုက်စိုက်စိုက်စိုက်နှင့် လျှောက်လာစဉ်၊ ဒေါ်ဟန်သည် ကျောင်းအောက်က ပြေးထွက်လာကာ 'မမလေး' ဟု အလန့်တကြား ဆီးခေါ်လိုက်သည်။

'ဆရာတော်ဘုရားလေ ... ဆရာတော်ဘုရား ကောက်ကာငင်ကာ အသည်းအသန် ဖြစ်လို့ ဓီဝိတဒါန ဆေးရုံကို မနေ့ကပဲ တင်လိုက်ရတယ်။ မမလေးဆီလည်း လာအကြောင်းမကြားနိုင်ဘူး။ ကျွန်မလည်း ခုပဲ ဆေးရုံက ပြန်ရောက်လာတယ်'

ကျွန်မမှာ ပါးစပ်အဟောင်းသားနှင့် ကြက်သေ သေနေလေသည်။

'နေကောင်းနေတာ မမလေးရဲ့၊ မနေ့ကမှ ဖြုန်းခနဲ ကောက်ဖြစ်သွား တယ်။ လူကြီးရောဂါပေါ့၊ ခါတ်ချုပ် ဆီးချုပ်ပြီး မောတယ်။ ဒီနေ့တော့ နည်းနည်း သက်သာတယ်'

ကြက်သေ သေနေသော ကျွန်မသည် 'ဖြစ်မှ ဖြစ်ရလေ ဒေါ်ဟန်ရယ်' ဟု အသံထွက်လာတော့သည်။

သီဟရတနာစာပေ



'ခုတော့ သွားဖို့ မှောင်နေပြီ၊ နက်ဖြန်ကျတော့မှပဲ ကျွန်မ ဆေးရုံသွားပါ တော့မယ်။ သက်သာရဲ့လား ဒေါ်ဟန်ရယ်'

'မနေ့ကထက် စာရင်တော့ သက်သာပါတယ်၊ ကမန်းကတမ်း ဖြစ်လာ တော့ ဆေးရုံ ပို့ရတာပဲ မမလေးရဲ့။ လဆန်း နှစ်ရက်နေ့ မမလေး လာရင်ပေးဖို့ ငှက်ပျောသီးတောင် ခူးခိုင်းထားသေးတယ်'

ဒေါ်ဟန်သည် ကျွန်မကို ပြောနေသော်လည်း ကျွန်မအေးတွင် ရပ်နေ သော လူစိမ်းကိုလည်း စကားပြောနေရင်း မျက်စိက ရောက်ရောက်သွား၏။

'ထိုင်ပါဦးလေ' ဟု ဆို၍ ကျောင်းအောက်၌ ဝင်ထိုင်ကြသည်။

ကျွန်မသည် အလှူငွေစာအိတ်ကို ဒေါ်ဟန် လက်ထဲသို့ ထည့်လိုက်သည်။ ငွေပေးပြီး ဆိုင်းမဆင့် ဗုံမဆင့် တဲ့တိုးပြောချလိုက်သည်။

'ဒေါ်ဟန် ... ကျွန်မ အိမ်ထောင်ပြုမလို့၊ အခု လဆန်း ရှစ်ရက်နေ့မှာ ပြုမှာမို့ အိမ်ထောင်ဖက်ကို ဆရာတော်လည်း ပြရအောင် လဆန်း နှစ်ရက်နေ့ ကြံ့တာနဲ့ ခေါ်လာခဲ့တယ်၊ သူပဲ'

ကျွန်မ စောစောက ကြက်သေ သေသွားသကဲ့သို့ပင် ဒေါ်ဟန်လည်း ပါးစပ် အဟောင်းသားနှင့်ပင် ကြက်သေ သေသွားသည်။ ဒေါ်ဟန်၏ မျက်လုံး တွင် တဖြည်းဖြည်း မျက်ရည်တွေ ဝဲလာလေသည်။ မျက်ရည်များ ဝဲလာပြီးမှ 'မမလေးရယ် ... ဆရာတော်ဘုရား ဘယ်လောက်များ ဝမ်းသာလိမ့်မလဲ' ဟု ဆိုကာ မျက်ရည်ကို အင်္ကျီစနှင့် သုတ်လေသည်။

ကိုအောင်ဇေယျာဘက်သို့ လှည့်၍ ပြောပြန်သည်။

'ဆရာတော်က ထုတ်သာ မပြောတာ၊ မမလေး တစ်ယောက်တည်း ခေါင်းချာစိုင်းနေတာ မကြည့်ရက်ဘူး။ မမလေးကို အင်မတန်မှ သနားတာ ဖြစ်တယ်။ အခုလိုဆိုတော့ ကျွန်မလည်း ဝမ်းသာလိုက်တာရှင်'

'မနက် ဒေါ်ဟန် ဆေးရုံကို ရောက်နှင့်ရင် ကျွန်မအကြောင်းဆို ဆရာ တော်ကို လျှောက်နှင့်ပါ'

'အင်းပေါ့ ... အင်းပေါ့ လျှောက်မှာပေါ့၊ မမလေးတို့များ တန်ခူးလဆန်း နှစ်ရက်နေ့က လာတာ ဆရာတော်ဘုရားကို အရိပ်အမြွက်မှ လျှောက်မထားဘူး' ဟု ဒေါ်ဟန်က အပြစ်ပြောလေသည်။

'တန်ခူးလဆန်း နှစ်ရက်နေ့က အိမ်ထောင်ပြုဖို့မှ မဆုံးဖြတ်ရသေးတာ ကျွန်မ ဘယ်လျှောက်နိုင်မှာလဲ ဒေါ်ဟန်ရဲ့။ ဒီကိစ္စကို သကြင်္န်ကျပြီး နှစ်ဆန်း တစ်ရက်နေ့ကမှ ဆုံးဖြတ်ချက် ချပြီး အဖြေပေးလိုက်တာပါ'

'ဩော် ... ဟုတ်ကလား'

သီဟရတနာစာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ကျွန်မ လှူတဲ့ အလှူဟာ မှဆိုးမအဖြစ်နဲ့ နောက်ဆုံးလှူတဲ့ အလှူ... ဒေါ်ဟာန်ရဲ့'

'ဟုတ်တာပေါ့၊ တစ်ယောက်တည်း ရှာခဲ့ရတာ ချွေးနဲ့စာမှ တ... ချွေးနဲ့စာပဲ။ ဒါကြောင့် ဆရာတော်ဘုရားက တစ်ယောက်တည်း ရှာရတဲ့ ဒီအလှူ... ဘယ်အလှူနဲ့မှ မတူဘဲ အထူးအမြတ် ထားတာပေါ့။ နက်ဖြန် ဆရာတော်... လာရင် တစ်ယောက်တည်း မလာနဲ့နော်၊ ခေါ်လာခဲ့ပါ'

ခြေမကိုင်မိ လက်မကိုင်မိ ဝမ်းသာအားရ ဖြစ်နေရှာသော ဒေါ်ဟာန်... အမူအရာများကို ကြည့်၍ ထပြန်ခါနိုး၍ ကျွန်မက 'ပဲခူးဆရာတော် ဘယ်လို... အမိန့်ရှိမလဲ မသိဘူး' ဟု ပြောလိုက်သည်။

'မမလေးတစ်ယောက် အတည်တကျ ဖြစ်သွားပြီဟုလို့ လက်မောင်း... တန်းပြီး ပြောမှာပဲ မမလေးရေ့'

နောက်တစ်နေ့ ဆေးရုံသို့သွားရန် အချိန် ချိန်းခဲ့လျက် ကျွန်မတို့ ပြန်... ကြသည်။

နောက်တစ်နေ့တွင် မင်္ဂလာဧယျ ဆရာတော်ဘုရား ပျံလွန်တော်... သွားလေ၏။

မောင်သိန်းတန်နှင့် မောင်မိုးဟိန်း (သမ္မုဏ္ဏ နှင့် ဝရိပုဏ္ဏ မဖြစ်မီ) ...။





ကျွန်မမှာ အသက်မမီဘဲ ရှိ၍ ဆရာတော်ဘုရား၏ ရုပ်ကလာပ်ကို ပီပီ... သ မမြင်ရအောင်ပင် မျက်ရည်များ ပိတ်ဆီးလျက် နေတော့သည်။

ကွယ်လွန်သူ၏ အလှူကို မုဆိုးမတစ်သက် အလှူခံသွားရှာသော ဆရာ... တော်ဘုရားဖြစ်၍၊ ကျွန်မ၏ ပြီးခဲ့သော မုဆိုးမ ဘဝကဏ္ဍတွင် ဆရာတော်လည်း ...ခန်း တစ်ကဏ္ဍမှ ပါဝင်၍ နေပေသည်။

'အမောဖောက်နေတော့ ဟိုအကြောင်းကို မလျှောက်လိုက်ရဘူး မမလေး ...'ဟု ဒေါ်ဟာန်က မျက်ရည်စက်လက်နှင့် ပြောပြ၍၊ ကျွန်မတွင် အကုအညီ... ပြီကို ဆရာတော်ဘုရား မသိရှာသွားပေဘူးဟု ရင်ထဲ၌ ကြေကွဲသွားလေသည်။

အလှူတော် ၅၀ ကျပ်ကို တားမြစ်ကာ "လိုအပ်တော့မှ လှူတာပေါ့" ဟု ...မိန့်ရှိသည့်အတိုင်း သင်္ဂြိုဟ်စရိတ်ထဲတွင် ဖြည့်စွက်လှူဒါန်းလိုက်ရတော့သည်။

ဆရာတော်ဘုရား ပျံလွန်တော်မူပြီးနောက် ကွယ်လွန်သူ၏ လဆန်း ...ရက်နေ့ အလှူသည် ကဏ္ဍအသစ်သို့ ပြောင်းလဲသွားလေသည်။

မင်္ဂလာဧယျကျောင်းတိုက်အစား ရှမ်းလမ်း မဟာရာဇိကာရုံကျောင်း... ...ကိုသို့ နေရာ ပြောင်းသွားသည်။ မင်္ဂလာဧယျ ဆရာတော်ဘုရားအစား မဟာရာဇိကရုံကျောင်းတိုက် သီရိဆရာတော်ဘုရားက ဆက်လက်၍ ကွယ်လွန်သူ... ၏ အလှူကို လစဉ် အလှူခံတော်မူသည်။

ကျွန်မ မကျန်းမာ၍ မလိုက်နိုင်သည့် အခါများတွင် ဤအလှူကို ကျွန်မ ...ကိုယ်စား ကိုအောင်ဧယျက သွား၍လှူကာ ရေစက်ချ အမျှပေးဝေ နေ...။ ဆရာတော်ဘုရား ပျံလွန်တော်မူပြီးနောက် နေရာလည်း ပြောင်း၊ အလှူခံ... ...သည်း ပြောင်း၊ အလှူဒကာလည်း ပြောင်း။ ယင်းသို့ အပြောင်းအလဲ ရှိသော်... ...သည်း ကွယ်လွန်သူ၏ လဆန်း နှစ်ရက်နေ့ အလှူမှုကား ဘယ်အကြောင်း... ...ပြောင်း၊ ဘယ်အခါမှ မပျက်ဘဲ လစဉ်လဆက် တည်ရှိမြဲ တည်ရှိလ... ...၏။

ကျွန်မမှာ လဆန်းနှစ်ရက်နေ့သို့ ရောက်လေတိုင်းပင် ဆရာတော်ဘုရား... ...ကို အမှတ်ရလျက် ထိုနေ့အဖို့ ဆရာတော်၏ ရုပ်ပုံတော်မှာ မ...က်စိအဆဲမှ ... ...ဘဲ တရေးရေး မြင်နေတော့သည်။

တစ်နှစ်ပြည့်သည့် တန်ခူးလဆန်း နှစ်ရက်နေ့သို့ ရောက်လေတိုင်းလည်း ...ာခုသုံးကြိမ် ခေါ်ဆိုတတ်သော ဆရာတော်၏ အသံကို နားထဲတွင် တသဲ့သဲ့ ...ကြားယောင်လျက် နေပေတော့သည်။

[ ၅၁၀၊ ဧ ၁၁၃ ]

www.burmeseclassic.com

www.burmeseclassic.com

# လုံမေပျိုနှင့် နောက်ဖေးပေါက်

အနောက်ဘက် ကောင်းကင်တစ်ခိုခွင် တိမ်အုပ်များမှာ ရွှေဝါရောင် ယှက်သန်းနေ၏။ ရွှေရောင်နေခြည်ကို လွှမ်းခြုံထားသော ညနေခင်းမှာ ရှုမငြီးအောင် လှပနေသေးသည်။ အိပ်တန်းတက်ရန် လေထဲတွင် ဝဲလျက် ရှိကြသော ကျေးငှက်များကို မော့ကြည့်နေရင်း ကျွန်မ စိတ်ထဲ၌ သွားရကောင်းနိုးနိုး ချီတုံချတုံ ဖြစ်နေလေသည်။

စာရေးဆရာ ဗန်းမော်တင်အောင်၊ စာရေးဆရာတင့်ဆန်းနှင့် ဒဂုန်တာရာ တို့သည် ပြန်ကြရန် ကျွန်မ စားပွဲမှ ထ လိုက်ကြသည်။

'ကိုဒွေးမြိုင် တရုတ်ယဉ်ကျေးမှု အနုပညာဖွင့်ပွဲ ဖိတ်စာရပြီလား၊ ရှင်း သွားဦးမလား'

စားပွဲပေါ်၌ ချထားသော ဖိတ်စာကို ထောင်ပြရင်း ဒဂုန်တာရာကို လှမ်း မေးလိုက်သည်။

'သွားတော့ သွားချင်တာပဲဗျာ၊ ဒါပေမဲ့ အမျိုးသားဝတ်စုံ အပြည့်အစုံ ဝတ်တက်ရမယ်ဆိုတော့ ...ကျွန်တော်က အဲသလိုပွဲမျိုး တယ်မသွားချင်ဘူး မမလေး သွားမလား'

ကျွန်မက ခပ်ဆိုင်းဆိုင်း လုပ်၍ ဖြေသည်။

'မပြောတတ်သေးပါဘူးရှင်၊ ကိုအောင်ဇေယျကလည်း ခေါင်းပေါင်း ပေါင်းရမှာ ကြောက်လို့ မလိုက်ချင်ဘူးတဲ့'

'ခေါင်းပေါင်း ပေါင်းသွားရမှာတော့ ကျွန်တော်လည်း မသွားဘူး' ဟု ဒဂုန်တာရာက ပြောသည်။ ဗန်းမော်တင်အောင်က 'ဒေါ်မမလေးတော့ သွားဖို့ ကောင်းပါတယ်' ဟု တိုက်တွန်းသွားသည်။

သူတို့ အလုပ်တိုက်ပေါ်မှ ဆင်းသွားကြသောအခါ နာရီကို ကြည့်လိုက် သည်။ ငါးနာရီ ထိုးနေလေပြီ။ ဖိတ်စာတွင် ခြောက်နာရီ မိနစ်သုံးဆယ်တိတိတွင် ထိုင်ခုံအရောက် လာရန် ဖိတ်ကြားထား၍ အချိန် နီးကပ်နေသည်။





အချိန် သိပ်မရှိတော့၍ မသွားတော့ပါဘူးဟု ဆုံးဖြတ်လိုက်သည်။ မသွား တော့ဘူး ဆုံးဖြတ်လိုက်ခါမှ ဖျတ်ခနဲ ခင်လေးမြင့်ကို သွားသတိရမိသည်။

ကျွန်မ၏သမီး ခင်လေးမြင့်မှာ အရှေ့တိုင်း ယဉ်ကျေးမှု၊ အရှေ့တိုင်း အနုပညာရပ်များနှင့် အဆက်အစပ် မရှိဘဲ အလှမ်းဝေးနေသည်။ အနောက်တိုင်း ယဉ်ကျေးမှု၊ အနောက်တိုင်း အနုပညာရပ်များကို အထင်ကြီးသည်။ ငယ်စဉ်က ကွန့်ဗင့်ကျောင်းတွင် ဆယ်နှစ်လုံးလုံး ကျောင်းအိပ်ကျောင်းစား ဘော်ဒါနေခဲ့ရ၍ မြန်မာသီချင်း ကောင်းကောင်း မဆိုတတ်ဘဲ အင်္ဂလိပ်သီချင်းသာ ဆိုချင်သည်။ ရေဒီယိုဆိုလျှင် မြန်မာအချိန် အပြီးကို စောင့်ကာ အနောက်တိုင်း တေးဂီတများကို ရေတစိုက် ထိုင်ဖွင့်နားထောင်သည်။ တေးသီချင်း ကြိုက်လျှင် ရက်ကော်ဒါနှင့် အသံသွင်းယူထားလိုက်သည်။ ကျောင်းပိတ်သည့် နေ့များ၌ သူ့အခန်းထဲတွင် တိပ်ရက်ကော်ဒါမှ အနောက်တိုင်းတေးသံများ စီစီညံညံ ဖြစ်နေလေ၏။ မြန်မာ ရုပ်ရှင်ကားကို ကြည့်ခဲ့သည်။ ကျောင်းသူ အဖော်သူငယ်ချင်း တစ်စုနှင့် အမေရိကန် ကားများကို ကားသစ်လဲတိုင်း မလွတ်တမ်း ကြည့်လေ၏။

သားသမီး သုံးယောက် ရှိသည့်အနက် သူတစ်ယောက်တည်း ထူးချွန်၍ အနောက်တိုင်း ယဉ်ကျေးမှုကို အထင်ကြီးနေခြင်းကြောင့် တစ်ခါတစ်ရံလည်း သူ့အတွက် စိတ်ပျက်မိသည်။ တစ်ခါတလေလည်း ကိုယ့် မြန်မာယဉ်ကျေးမှုကို တစ်နေ့သောအခါ သူ့အသိနှင့်သူ အရည်လည်လာပါလိမ့်မယ်လေဟု စိတ်ပျက် သည့် ကြားထဲမှ မျှော်မှန်း စိတ်ဖြေလိုက်ရသည်။

ကွန့်ဗင့်မှ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကျောင်း ဆက်တက်၍ ကျွန်မ က အထူး မြန်မာစာပေ ယူရန် တိုက်တွန်းသည်။ 'ခက်သည်၊ မလိုက်နိုင်ဘူး' ဆိုကာ ပြင်သစ်ဘာသာ ယူလေ၏။

'မေမေရယ်၊ လူထုဦးချို ဘင်တီးဝိုင်းနဲ့ သိပ်စည်တာပဲ။ လာလိုက်ကြတဲ့ မျက်နှာဖြူတွေမှ အားကြီးပဲ။ ကလစ်ဆိုရော၊ ဖောစ်ရော၊ ဝေါလ်စ်ရော အစား တွေကလည်း သိပ်စုံတာပဲ'

လွတ်လပ်ရေးပွဲ အကြိုနေ့ ပဲခူးကလပ်၌ ကျင်းပသော လွတ်လပ်ရေး အောင်ပွဲ အခမ်းအနားသဘင်သို့ သူ့ဦးလေးကြီး ဦးခင်မောင်လှက သူ့သမီးများ နှင့်အတူ သူ့ကိုပါ ခေါ်သွားလေ၏။ ပဲခူးကလပ်မှအပြန် ကျွန်မကို အားရပါးရ ပြောပြနေသဖြင့် "သူ့တော့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး။ အရှေ့တိုင်း ယဉ်ကျေးမှု အနုပညာတွေနဲ့လည်း နီးစပ်အောင် လုပ်ပေးဦးမှ" ဟု စိတ်ထဲ၌ အားထားလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာ ကပွဲမှ ဖွင့်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်မှာ နှစ်စောင်ဖြစ်၍၊ ကျွန်မ စိတ်ထဲ၌ တေးထားခဲ့သော အချက်သ ဖတ်ခနဲ ပေါ်လာလေကာ သူ့ကို ခေါ်ပြရန် သတိရသွားလေ၏။ သူ့ကို ဖြ ဖြစ်မည်ဟု အိမ်သို့ အမြန် ပြန်လာခဲ့သည်။

'ခင်လေးမြင့် ... မေမေနဲ့ တရုတ်ယဉ်ကျေးမှု အနုပညာကပွဲကို လိုက် သောဒီမှာ ဖိတ်စာ၊ မြန်မြန်လုပ်'

ကျွန်မ လက်ထဲမှ ဖိတ်စာကို လှမ်းယူလိုက်ကာ ဖွင့်ဖတ်ကြည့်လေ၏

'ဟင် မေမေကလည်း မင်းပွဲစိုးပွဲကြီးပါလား။ နှစ်ပြည်ထောင် ဝန်ကြီးချု တွေ လာကြမှာ။ ယဉ်ကျေးမှုဝန်ကြီး ဦးဘစောနဲ့ တရုတ်ယဉ်ကျေးမှု ခေါင်းဆော ကြီး မစ္စတာချန်ချီချင်းတို့က အခမ်းအနား ဖွင့်မှာတဲ့'

'အေးပေါ့ ... မင်းပွဲစိုးပွဲကြီးပေါ့၊ ဖွင့်ပွဲကိုလည်း မြင်ဖူးတာပေါ့။ တရု အနုပညာကပွဲက သိပ်ကောင်းတာပဲ၊ လိုက်ခဲ့ပါ'

ခင်လေးမြင့်သည် ဖိတ်စာနှင့်မျက်နှာ မခွာသေးဘဲ ဆက်လက်၍ အ ထွက် ဖတ်နေလေ၏။

***အထူး မေတ္တာရပ်ခံပါသည်။***

*ဖိတ်ကြားခြင်း ခံရသော ဧည့်သည်တော်အပေါင်းသည် မိမိ ဖိတ်စာနှင့်တကွ ညနေ ခြောက်နာရီ မိနစ်သုံးဆယ်တိတိတွင် ထိုင် အရောက် ကြွရောက်စေလိုပါသည်။*

*ဧည့်သည်တော်များအတွက် ဖိတ်စာတွင် ပါရှိသော ထိုင်ခုံ အမှ အတိုင်း နေရာချထား ပေးပါမည်။*

*အဝတ်အစားနှင့် ပတ်သက်၍ အမျိုးသား ဝတ်စုံ၊ နိုင်ငံခြ ဝတ်စုံ သို့မဟုတ် စစ်ဝတ်စုံ အပြည့်အစုံ ဝတ်ဆင်လာကြပါမည် အကြောင်း မေတ္တာရပ်ခံ အပ်ပါသည်။*

'မေမေရေ ... အမျိုးသားဝတ်စုံ အပြည့်အစုံတဲ့'

'အေး ... ဖွင့်ပွဲ အခမ်းအနားဖြစ်လို့ ဝတ်စုံ အပြည့်အစုံ ဝတ်လာခဲ့ကြ ကောင်းပန်တာပေါ့'

ခင်လေးမြင့်သည် တွေတွေကလေး လုပ်နေလျက် 'ဒါဖြင့် မေမေ ကျ နခံ ဘာသွားမှ ဖြစ်မှာပေါ့၊ ခင်လေးမြင့် ဘာဝတ်ရမလဲ' ဟု ဆိုလေ၏။

'ပဲလုံချည် အပြာနုကလေး ဝတ်ခဲ့ပေါ့'

သူ့မျက်နှာမှာ ချက်ချင်း အိုသွားလေသည်။

'မဟုတ်တာဘဲ မေမေရယ်၊ ယဉ်ကျေးမှုဖွင့်ပွဲ အခမ်းအနားကြီးပဲဟာ နှစ်ပြည်ထောင် ဝန်ကြီးချုပ်တွေလည်း လာကြမှာ။ မင်းပွဲစိုးပွဲကြီး။ ဖဲလုံချည်





ပြာက ညဘက် သိပ်မကောင်းဘူး။ ဟို ငွေချည်ထိုး ပန်းရောင်အနက် ချိတ်ထဘီ ပန်းရောင်နိုင်လွန်အင်္ကျီ ဝတ်မယ်နော်'

သူသည် အခန်းထဲ လှည့်ဝင်သွားကာ ဗီရိုဖွင့်လိုက်၍ သူ့နောက်မှ သူ့ အခန်းထဲသို့ ဝင်လိုက်သွားသည်။

'ချိတ်ထဘီက သစ်လှပါတယ်၊ ပွဲထိုင်ဝတ်မှ ကောင်းမှာ။ အပြာပဲ ဝတ်ခဲ့ ါ'

'ဟင့်အင်း မေမေရယ်၊ အပြာ မကြိုက်ဘူး။ ခင်လေးမြင့် တစ်သက်နှင့် စ်ကိုယ် တစ်ခါမှ ဒီလို မင်းပွဲစိုးပွဲကြီးကို မသွားဖူးဘူး။ ဒီတစ်ခါပဲ သွားရသေး း။ ကောင်းကောင်း ဝတ်ခဲ့ပါရစေ မေမေရယ်'

အဝတ်အစားအတွက်နှင့် စိတ်ပျက်ပြီး မလိုက်ချင်ဘဲ ဖြစ်မည်စိုး၍ 'ဝတ် င်လည်း ဝတ်လေ' ဟု ပြောလိုက်သည်။

ခင်လေးမြင့်သည် သူ့စိတ်တိုင်းကျ ဖြစ်သွားရ၍ ရွှင်မြူးသွားလေသည်။ မ်းသာအားရ ချိတ်ထဘီကို ဆွဲထုတ်ယူကာ အိပ်ရာပေါ်၌ ပုံတင်လိုက်သည်။

'မေမေ ဆံစုပေးပါ'

'ဟဲ့ ... ဘာလုပ်မလို့လဲ'

သူ့ကုပ်၌ တစ်မိုက်လောက် ဖြတ်ထားသော ပိုနီတေး ဆံတိုဆံပင်ဖြစ်၍ စုနဲ့ ဘာလုပ်မလို့လဲဟု အံ့သြဟန်ဖြင့် ပြန်မေးလိုက်သည်။

'သြော် ... မေမေကလည်း ယဉ်ကျေးမှုဖွင့်ပွဲ မဟုတ်လား၊ လူပုံအလယ်မှာ ယ့်မြန်မာယဉ်ကျေးမှုကို ပြရမှာပေါ့။ ဒီဆံတို ပိုနီတေးလေးနဲ့ သွားလို့ ဘယ် ကောင်းပါ့မလဲ။ ဆံထုံးကလေး ဆံမြိတ်ချထုံးပြီး သွားမှ မြန်မာပီသမှာပေါ့၊ ယဉ်ကျေးမှာပေါ့'

သူ့ပါးစပ်မှ မမျှော်လင့်သော စကားကို ကြားလိုက်ရသည်။ တစ်နေ့သော ခါ သူ့အသိနှင့်သူ အရည်လည်လာလိမ့်မည်ဟု မျှော်မှန်းလျက် တွက်ဆထား က်သည် ယခုမှ မျှော်မှန်းချက်အတိုင်း ခွင်ထဲကျသွား၍ ဖိတ်စာပို့သော ပုဂ္ဂိုလ် များကို ကျေးဇူး အထူး တင်လိုက်မိလေ၏။

'ထုံး ... ထုံး ... ကောင်းတယ်'

အခန်းထဲ၌ ကျွန်မ အဝတ်လဲနေခိုက် သူ့အခန်းမှ အသံဗလံများ ဆူညံ နေသည်။ လိုက်ဖိုလှုပ်ရှားနေသော သူ့အသံများ ကြား၍ သူတော့ ရင်ခုန်နေ မှန်းရသည်။

'ကောင်းကောင်း ထုံးပေးပါ မအေးမြင့်ရဲ့။ အဒေါ်ရေ... အ



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ဝိုင်းထုံးပေးပါဦး။ အမယ်လေး ဒီဘက်ကလည်း ဆံပင်တွေ ပြန်ကျလာပြီ ပါပြီ၊ ကိုင်ထားပါဦး။ လုပ်ပါ အဒေါ်'

တစ်မိုက်လောက်ရှိသော ဆံပင်ကို မရ ရအောင် ဆံထုံးကလေး ထုံးပေး လေ၏။ အရှေ့တိုင်း ယဉ်ကျေးမှုကပွဲ သွားရမည်ဆို၍ မြန်မာဆန်ချင်သော စိတ်ဓာတ် ပေါ်ပေါက်လာသည့်အတွက် သူ့ပေါ်၌ အနှောက်တိုင်း ဆန့်ရမလား ခိတ်ပျက်ခဲ့လေသမျှ စာမဖွဲ့နိုင်လောက်အောင် ကျေနပ်အားရ သွားမိတော့သည်။

ဖြီးလိမ်းပြီး ကျွန်မ အခန်းထဲသို့ ပြေးဝင်လာသည်။

'မေမေ ပဝါ ပေးပါဦး'

'ပဝါ ဘာလုပ်ဖို့တုံး'

'ခြုံဖို့လေ မေမေရဲ့'

'မဟုတ်တာ၊ ကိုယ့်အရွယ်က ပဝါခြုံတဲ့ အရွယ်မှ မဟုတ်တာ'

'ဖိတ်စာက မြန်မာဝတ်စုံ အပြည့်အစုံ လာဖို့ မေတ္တာရပ်တာ မေမေရဲ့ ပဝါခြုံတာ ဘာဖြစ်သလဲ။ ခင်လေးမြင့်လည်း မငယ်တော့ပါဘူး၊ ပတ်ဘီ (ဥပဒေ အထက်တန်း)ပဲ ရောက်နေမှပဲ။ ကျောင်းသူတွေလည်း ပါတီတက်ရင် ခြုံကြတာပဲ ပေးပါ မေမေရယ်၊ ခြုံပါရစေ'

ကျွန်မမှာ သူ့အတွေးအခေါ်၊ သူ့အမူအရာများကို ကြည့်လျက် ရယ်ချင် လာလေသည်။ ရယ်ချင်လာ၍ ရယ်မောလိုက်ကာ 'မခြုံပါနဲ့ဟယ်၊ မလိုပါဘူး' ဟု ပြန်ပြောလိုက်သည်။

'ပဝါ မခြုံဘဲနဲ့တော့ မလိုက်ချင်ဘူး မေမေ၊ အပြည့်အစုံဆိုရင် အပြည့် အစုံ ဝတ်သွားချင်တယ်။ ပေးပါ မေမေရယ်'

လူကြီးတွေ လုပ်သလို လိုက်မလုပ်ရ၍ မျက်နှာလေး ရှုလျက် စိတ်တိုင်း မကျ ဖြစ်သွားပြန်သည်။ ကျွန်မမှာ လိုက်ဖြစ်အောင် လိုက်စေရန် အလျှော့ပေး လိုက်မှ ဖြစ်မည်ကို သိလေသည်။

'ကိုင်း ... ဒီလောက်တောင် ခြုံချင်လှတာ ခြုံစမ်းဟာ'

ဗီရိုထဲမှ ဖဲပွင့်အနက်ကပ် ပဝါပန်းရောင် အရှည်ကြီး တစ်ပိုင်ကို ထုတ်ယူ၍ ပေးလိုက်သည်။ ပဝါကို ယူလျက် ဝမ်းသာအားရ ပြန်ပြေးထွက်သွားပြန်သည်။

'အမယ်လေးဗျ'

မိုးဟိန်း၏အသံ၊ မိုးဟိန်းသည် ခင်လေးမြင့်ကို ကြည့်လျက် "အမယ်လေး ဗျ" ဟု ခုနစ်သံ ဟစ်၍ အော်လိုက်ကာ၊ လက်ခုပ်လက်ဝါး တီးပြီး တဟားဟား ရယ်လိုက်လေ၏။

'ကိုကိုရေ... မမလေးက ဆံထုံးနဲ့ ပဝါကြီးနဲ့ ခင်ဗျ၊ လာကြည့်စမ်း'





'ဘာဖြစ်သလဲ၊ ငါ့ဟာငါ ထုံးတာ။ အရှေ့တိုင်း ယဉ်ကျေးမှုပွဲ သွားမှာ ...င် ဘာသိလို့လဲ။ ကိုယ့်မြန်မာယဉ်ကျေးမှုအတိုင်း ဆံထုံး ထုံးပြီး ပဝါခြုံသွားတာ ဘာဖြစ်သေးသလဲ'

'ဟား ... ဟား ... ဟား ... ဟား'

'မမလေးတော့ ဒီတစ်ပွဲမှာ တရုတ်ပြည်ယဉ်ကျေးမှုအဖွဲ့က ချွတ်လိုက်လို့ ...ျွတ်သွားပြီဟော့။ ပိုနီတေးဆံပင် မဟုတ်တော့ဘူး၊ ဆံထုံးနဲ့ဟော့၊ ပဝါနဲ့ဟော့ ...ား ... ဟား ... ဟား ... ဟား'

'တယ် ... ဒီကောင်လေးဟာ' ဟု အခန်းထဲက ကျွန်မ လှမ်းငေါက်လိုက်မှ ...ိုးဟိန်း အသံတိတ်သွားသည်။

ခင်လေးမြင့်သည် ပဝါကို ကျောခြမ်း ပတ်လျက်၊ ပဝါစကို လိမ်၍ လက်မောင်းနှစ်ဖက် အတွင်း၌ ချိုးသွင်းကာ အရှည်ကြီး ချထားသည်။ ပဝါစမှာ ခြေသလုံးအထိ ကျနေလေ၏။ ပဝါခြုံပြီး ကျွန်မ အခန်းထဲသို့ ဝင်လာသည်။

'မေမေ ကောင်းရဲ့လား'

ကျွန်မသည် ခင်လေးမြင့်ကို ပြုံးကြည့်လိုက်သည်။ ပဝါနှင့်၊ ဆံထုံးလေးနှင့် ...ွေ့ရ၍ သူ ပြောသလို မင်း မငယ်တော့ပါကလားဟု သတိပြုမိသည်။

'မေမေကော ဘယ်ပဝါခြုံမလဲ၊ ပန်းရောင်ပဲလား'

'လဟာပြင်ပွဲမှာ မေမေ အအေးမခံနိုင်ဘူး၊ သိုးမွေး အနွေးခြုံ ဘာ... ...ူသွားမယ်'

'မဟုတ်တာ မေမေရယ်၊ ပဝါခြုံခဲ့ပါ။ ဒါမှ မေတ္တာရပ်ခံချက်အတိုင်း အပြည့်အစုံ ဖြစ်မှာပေါ့'

ယဉ်ကျေးမှုကော်မတီအဖွဲ့၏ မေတ္တာရပ်ခံချက်ကို ဦးလည်... ...ကျင့်သုံးချင်သော သူ၏ တရိုတသေ စိတ်ကလေးကို မဆန့်ကျင်လိုက်... ...ီရိုထဲမှ ပဝါတစ်ပိုင် ယူခြုံလိုက်ရသည်။

ထိုနေ့ည မောင်သိန်းတန်က ကားမောင်းပို့လေသည်။

ကားထဲတွင် ခင်လေးမြင့်မှာ လိုက်ဖို့၍ နေလေသည်။ ဒွင့်ခွဲ ... ...များကို မရောက်ဖူးသည့်ပြင် မြန်မာဆန်ဆန် လုပ်လာခဲ့၍ မိုးတိုး... ...ခဲ့လည်း ရှိ၏။

'မေမေ ... လူတွေ အများကြီး နေမှာပဲနော်'

'အများကြီးပေါ့'

'ခင်လေးမြင့် မြန်မာဆန်ရဲ့လား မေမေရယ်'

ဖိုနေသော ရင်မှ စိုးရိမ်မကင်း ဖြစ်နေသော အသံ... ... ...သည်။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာဆန်ပါတယ်၊ မြန်မာအမျိုးသမီးဟာ ဘယ်နိုင်ငံသွားသွား ကျ
သရေ အင်မတန် ရှိတာပဲ။ ခုလို ဝတ်ထားတော့ မြန်မာဆန်တာပေါ့'

'လှချင်လှ၊ မလှချင်နေ မေမေရယ်။ မြန်မာဆန်ရင် ပြီးရော'

'ဆန်ပါတယ်၊ မြန်မာဆန်ပါတယ်'

ကိုယ့် မြန်မာယဉ်ကျေးမှုကို လေးစားရမှန်း သိလာ၍ အတိုင်း
နှစ်ထောင်းအားရ ဖြစ်သွားမိသည်။ တရုတ်ယဉ်ကျေးမှုကပွဲ ပြပြီး ရွှေ
တင်မောင် ပွဲကိုလည်း ခေါ်သွားဦးမည်ဟု ကြံစည်လိုက်သည်။

'ဖိတ်စာလက်မှတ်မှာ "ဂယ်လယ်ရီ" လို့ ရေးထားတာ ဘယ်လိုလဲ မေ

'မေမေလည်း မပြောတတ်ဘူး၊ ဓာတ်ရုံဆောက်တဲ့ဘက်ဆီလည်း အ
အဘောအတွင်း တစ်ခါမှ မရောက်သေးဘူး။ "ဂယ်လယ်ရီ"ဆိုတာ အမြင့်
နိုတာလား မသိဘူး၊ မပြောတတ်ဘူး'

မောင်သိန်းတန်က ကားမောင်းရင်း လှည့်ပြောလိုက်သည်။

'ဂယ်လယ်ရီ ဆိုတာကတော့ ဦးလေး ဒဂုန်တာရာ တစ်ခါ ပြောဖူးတယ်
ဆိုဗီယက်က ဘော်လ်ရှိုင်း ပြဇာတ်ရုံကြီးတွေမှာ ဂယ်လယ်ရီကနေ ကြည့်ရတာ
သိပ်ကောင်းတာပဲတဲ့။ ရွှေရောင်ဝင်းပြီး ကတ္တီပါ အနီကြီးတွေ ခင်းထားသတဲ့
'မှန်ပြောင်းနဲ့ ကြည့်ရတယ်ဆိုပဲ'

'ဒီ ဂယ်လယ်ရီကကော' ဟု ခင်လေးမြင့်က မေးလေသည်။

'ဒီ ဂယ်လယ်ရီတော့ ငါ မသိဘူးကွ၊ တို့လည်း အဲဒီဘက် မရောက်သေး
ဘူး'

'မေမေ၊ ဝန်ကြီးချုပ် ချူအင်လိုင်းက လူတွေကို လိုက်နှုတ်ဆက်မှာလား'

'ဝန်ကြီးချုပ် ချူအင်လိုင်းက လိုက်နှုတ်ဆက်မယ့် နေရာ မဟုတ်ဘူး
သူတို့လည်း ပွဲလာကြည့်ကြမှာပဲ။ ကုလားထိုင်မှာ ဝင်ထိုင်ကြမှာပေါ့'

'တရုတ်မကလေးတွေက ဘယ်လိုဝတ် ကမှာလဲ'

'ပွဲပြတော့ ကြည့်လေ၊ သေသေချာချာ ကြည့်။ အရှေ့တိုင်းနဲ့ အနောက်
တိုင်းဟာ တခြားစီပဲ။ ယဉ်ကျေးမှု အနုပညာဘက်မှာ တရုတ်ယဉ်ကျေးမှု
အဆင်သေးလို့ မရဘူး'

ဒကား တပြောပြောနှင့်ပင် မြင်းပြိုင်ကွင်းဟောင်း တပ်မတော် လ
ပြင် ဇာတ်ရုံသစ် နေရာသို့ ရောက်သွားလေ၏။ ကားကို တစ်ပတ်ကြီး ကွေ့၍
မင်းလမ်းမ လုပ်ထားသော အပေါက်က မဝင်ခဲ့မိဘဲ ရှေ့က ကားတစ်စီး ဖြတ်ဝင်
သွားသလိုပင် ဇာတ်ရုံနောက်ဘက်မှ ကွေ့မောင်းဝင်လာခဲ့ကြသည်။

'မေမေ ... ကျွန်တော် စောင့်မနေဘူး၊ ကိုးနာရီလောက် လာကြိုမယ်'





မောင်သိန်းတန်က ပြောပြောဆိုဆို ကားပြန်ထွက်၍ ခင်လေးမြင့်က
'ဆာစောလာနော်' ဟု လှမ်းမှာလိုက်သည်။

ကျွန်မတို့နှင့် ခပ်လှမ်းလှမ်း ရှေ့မှ ခေါင်းပေါင်းနှင့် ပဝါခြုံထားသော
တွဲနောက်သို့ လိုက်လျှောက်လာကြသည်။

အလုံ ကာရံထားသော ဇာတ်ရုံကြီးကို မီးရောင်ထဲတွင် လှမ်းမြင်ရလေ
ဇာတ်ရုံ နဖူးစည်း၌ ရောင်စုံအလံများ တလူလူ လွင့်လျက်ရှိသည်။ အနီးကပ်
မှ ကျွန်မတို့မှာ ကုလားထိုင်များ ချခင်းထားသော အပေါက်ရှိရာ လမ်းဘက်
မသွားမိဘဲ၊ ဇာတ်ရုံဘေးတိုက်ကြီး လျှောက်လာခဲ့မိသည်ကို တွေ့ရသည်။

ကျွန်မတို့ရှေ့က ခေါင်းပေါင်းစ တလူလူနှင့် ပဝါအရှည်ကြီး ခြုံထားသော
မောင်နှံမှာ လမ်းဘေး၌ တန်းရိုက်ထားသော တန်းအဖြူများကို ငုံ့၍ ကုလား
ထိုင်များ ချခင်းထားသော နေရာဘက်သို့ သွားသည်ကို လှမ်းမြင်နေရသည်။

'မေမေတို့လည်း ငုံ့ရမယ် ထင်တယ်၊ အဝင်လမ်းတော့ မှားလာပြီ'

'ဟုတ်တယ် မေမေ၊ ဟိုလမ်းကြီးက ဝင်လာရင် ကောင်းမှာ။ အခုတော့
ငုံ့ရမှာပဲ'

ဇာတ်ရုံနားသို့ ကပ်သွားသောအခါ စစ်ဝတ်စုံ ဝတ်ဆင်ထားသော စစ်သမီး
များ စောင့်နေသည်ကို တွေ့ရသည်။ ရှပ်အင်္ကျီလက် လိပ်တင်လ္ကက် ချည်လုံချည်
ဟောင်းဟောင်း ဝတ်ထားသော ယောကျ်ားတစ်ယောက်နှင့် သနပ်ခါး
ကာ မြန်မာဖြစ် ဆေးရိုက် ဇင်းမယ်ချည်လုံချည် တိုတိုဝတ်ထားသည့်
မတစ်ယောက်တို့သည် ကျွန်မတို့ ရှေ့သို့ ကျော်လျှောက်လာကာ
ထဲမှ ဖိတ်စာလက်မှတ်ကို စစ်သမီးများအား ပြလိုက်သည်။

ခင်လေးမြင့်မှာ ခေါင်းပေါင်းစ တလူလူ၊ ပဝါရှည်ကြီး
တန်းငုံ့ဝင်သွားသော ဇနီးမောင်နှံတို့နောက်သို့ လိုက်ရန်
တန်းကို ငုံ့ဝင်တော့မည့်ဟန် ပြုလိုက်သည်။ ကျွန်မက အခြား
တစ်ယောက်ကို လက်မှတ်ပြ၍ ပြောလိုက်သည်။

'ကျွန်မတို့ လမ်းမှားလာတယ် ထင်ပါတယ်၊ ဒီကပဲ ငုံ့ဝင်
ရှင်'

ခင်လေးမြင့်သည် ကုန်းမည် ပြုထားသော ခါးကို
နေသည်။

'ဒီလက်မှတ်က နောက်ဖေးပေါက်က ဝင်တဲ့
ဝင်ရတဲ့ လက်မှတ် မဟုတ်ဘူး'

'ရှင် ...'



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးမြင့်သာ မဟုတ်၊ ကျွန်မပင် မျက်စိမျက်နှာ ပျက်၍ သွားမိသည်။ ကျွန်မတို့မှာ ဘာလုပ်ရမည် မသိ၊ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။ စစ်သား သည် သနပ်ခါးဘဲကျား ရိုက်၍ ဆေးရိုက် ချည်ဖင်းမယ် လုံချည်တိုကို ဝတ်ထား သော မိန်းမဝဝကြီးကို မေးထိုး၍ ပြလိုက်ကာ 'သူတို့နောက် လိုက်သွား[illegible] နောက်ဖေးမှာ အပေါက်ရှိတယ်။ အဲဒီ နောက်ဖေးပေါက်က ဝင်သွားပါ' ဟု ထပ်ပြောလေသည်။

ဘောလုံးပွဲတွင် မတ်တန်းတိုးသော ပရိသတ်မျိုးကဲ့သို့ပင် ကပိုက[illegible] ဖိုသီဖတ်သီ ဖြစ်နေသော လူတစ်အုပ် ကျွန်မတို့နားသို့ ရောက်လာကြသည်။

'မေမေရယ် ... မကြည့်ဘူး၊ ပြန်မယ်။ နောက်ဖေးပေါက်က ဒီအ[illegible] အစားနဲ့တော့ မဝင်ဘူး၊ ပြန်မယ်'

ခင်လေးမြင့်က ကျွန်မနားသို့ တိုးတိုးကပ်ပြောသည်။ လူအုပ်မှာ တိုး[illegible] ၍ ကျွန်မက အနောက်သို့ ဆုတ်ပေးလိုက်သည်။

'ဘယ်ပြန်လို့ ဖြစ်မလဲ၊ ကားလည်း ပြန်သွားပြီ။ လာပါ၊ သူတို့နောက်[illegible] လိုက်သွားရအောင်' ဟု ပြောပြောဆိုဆို သူ့လက်ကလေးကို ဆွဲခေါ်ကာ မိန်း[illegible] ဝဝကြီး နောက်သို့ လိုက်သွားရသည်။

ဓာတ်ရုံနောက်ဘက် လမ်းချိုး၊ စစ်သမီးအခေါ် နောက်ဖေးပေါက်တွင် လူအများ စုရုံး၍ နောက်ဖေးပေါက်မှ ဝင်နေကြသည်။ နောက်ဖေးပေါက်၌ ဝင်နေ ကြသော လူအုပ်ထဲတွင် ဘယ်ခေါင်းပေါင်းမှလည်း မတွေ့၊ ဘယ်ပဝါမှလည်း မမြင်။

ကျွန်မတို့မှာ ကြမ်းခင်းတန်း ရိုက်ထားသော စင်မြင့်ကြီးဘေးသို့ ရောက် လာကာ မီးမှိန်မှိန်တွင် ရပ်လိုက်ကြသည်။

'အမယ်လေး ... မေမေရယ်၊ ကြည့်လည်း ကြည့်ပါဦး'

ခပ်လှမ်းလှမ်းရှိ ဓာတ်ရုံ ဓာတ်စင်ကြီးရှေ့တွင် ကုလားထိုင်များ တစ်ထောင်မက ခင်းထားလေ၏။ ကုလားထိုင်များပေါ်၌ မင်းပရိသတ် ဧည့်သည် တော်များ အဝတ်အစား အပြည့်အစုံဖြင့် ရောက်နေကြသည်။ နောက်ဆုံး ကုလား ထိုင်တန်း၌ စစ်သမီးများ တစ်တန်းလုံး ထိုင်နေကြသည်။ ထိုကုလားထိုင်များ နောက်ဘက်၌ သံဆန်ခါခြားပြီး ပိတ်ထားကာ၊ လှေကားထစ်များသဖွယ် စင်မြင့် ကြီး လုပ်ထား၏။ သစ်သားတန်းရိုက်၍ အနိမ့်အမြင့် ဆင်ခြေလျှော (ဘောလုံးပွဲ မတ်တန်းကဲ့သို့) လုပ်ထားသော ဤစင်မြင့်ကြီးမှာ ကျွန်မတို့ ဖိတ်စာတွင် ပါလာ သော "ဂယ်လယ်ရီ" ဖြစ်လေ၏။

လူအများ ရောက်ရှိနေသော ပွဲခင်းတစ်ခင်းလုံး တိတ်နေကြလေ၏။





[illegible]မြင့်ခုံတန်းပေါ်သို့ တက်၍ လမ်းပြလုပ်နေကြသော စစ်သားများ၏ ဖိနပ်သံ [illegible] ပွဲလယ်ကောင်တွင် မြည်ဟည်းလျက် နေပေသည်။

'သုံးဘီးကား ငှားပြီး ပြန်ကြပါစို့ မေမေရယ်၊ ဒီပေါ်ကတော့ မကြည့်ချင် [illegible]'

ခင်လေးမြင့်သည် ငိုမဲ့မဲ့နှင့် ပြောလေသည်။

ကျွန်မမှာ ပွဲခင်းတစ်ခင်းလုံး၏ ရှုခင်းကို ကြည့်လိုက်ပြီး 'သုံးဘီးကားနဲ့ [illegible]ယောက်ထဲ ပြန်လို့ ဘယ်ဖြစ်ပါ့မလဲ။ လာပါ၊ ဒီပေါ်ပဲ တက်ကြည့်တာပေါ့' ဟု [illegible]ပြောလိုက်သည်။

စစ်သားတစ်ယောက်သည် ဖိနပ်သံပြင်းပြင်းနှင့် စင်ပေါ်မှ ဆင်းလာကာ [illegible]ကျွန်မတို့နားသို့ လျှောက်လာသည်။ ကျွန်မ လက်ထဲမှ လက်မှတ်ကို လှမ်းယူ [illegible]ကြည့်ကာ နေရာမပြခင် စစ်ကြော မေးမြန်းလေ၏။

'ခင်ဗျားတို့က ဘယ်ကလဲ'

'စာရေးဆရာပါ'

'စာရေးဆရာတဲ့ဟေ့ ... ဘယ်နေရာမှာ ထားမလဲ'

စစ်သားသည် သူ့နားသို့ လျှောက်လာသော စစ်သားတစ်ဦးကို လှမ်းပြော [illegible]လိုက်သည်။

'ဟို အပေါ်က မီးရထားဘက်ကဟာတွေ ထားမယ့်နေရာ ပို့လိုက်ဘူး'

'လာ ... လိုက်ခဲ့' ဟု ဆိုကာ စစ်သားက ရှေ့က သွားသည်။

'ကဲ ... လာ ... ခင်လေးမြင့်'

'ဟာ ... မေမေရယ်၊ ဟိုအပေါ်ကြီး ခင်လေးမြင့် ဘယ်တက်နိုင်ပါ့မလဲ၊ [illegible]ပြန်ကြပါစို့'

သူ့အသံမှာ ငိုသံကလေး ပါနေ၍ ကျွန်မမှာ စိတ်ညစ်သွားသွားသည်။

'ကားမှ မရှိတော့ဘဲ ပြန်လို့ ဘယ်ဖြစ်မလဲကွယ်၊ အသာဖြည်းဖြည်း [illegible]တက်သွားတာပေါ့၊ လာပါ'

'မတက်ဝံ့ဘူး မေမေရယ်၊ မတက်ဝံ့ဘူး'

ကျွန်မမှာ ဤနေရာမျိုးမှ သူ့ကို ခေါ်ခဲ့မိသည်အတွက် [illegible] [illegible]ပြင်ချင်းပင် ရင်ထဲ၌ ဟိုက်သွားမိသည်။ ခင်လေးမြင့်မှာ [illegible] ဖြစ်သည်။

ရှစ်နှစ်သမီး အရွယ်က တင်ပါးထဲက မျက်နှာ[illegible] [illegible] [illegible] တင်လိုက်သည်။ မျက်နှာဖြူမေဂျာ စစ်ဗိုလ်ဆရာဝန်က [illegible] [illegible]ကို ဖြတ်ပစ်လိုက်သဖြင့် သူ့ခြေတစ်ဖက်မှာ မိမွေးတိုင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



မသန့်မစွမ်း ဖြစ်သွားတော့သည်။ တက္ကသိုလ် ဥပစာအထက်တန်း ရောက်နေ... လည်း အခြားကျောင်းသူများကဲ့သို့ မြန်မြန် မလျှောက်နိုင်၊ မြန်မြန် မတ... မဆင်းနိုင်သဖြင့် ဘာသာတိုင်း လိုက်မသင်နိုင်ချေ။ အဆောက်အအုံ တစ်ခုတည်... ၌ သင်ရသော လောဂျစ်ဘာသာနှင့် ပြင်သစ်ဘာသာချိန်သာ သွားတက်... ကျန်ရှိသော ဘာသာများအတွက် အိမ်မှာပင် စာကြည့်ရသူ ဖြစ်လေ၏။

'ဟိုရှေ့က ကုလားထိုင်တွေနဲ့ဆိုရင် အကောင်းသား မေမေရယ်။ ထိုင်... တာကော၊ ကြည့်ရတာကော ဣန္ဒြေရတယ်။ ဒီပေါ်ကြီးက လူမျိုးစုံနဲ့ သော... ရောကော ပူးကပ်ထိုင်ရမှာ၊ နောက်မှီစရာလည်း မရှိဘူး။ ပခုံးတိုက်၊ ဒူးတို... ကြည့်ရမှာ စိတ်ပျက်စရာ ကောင်းလိုက်တာ'

ကျွန်မမှာ ပြန်ဖို့လည်းခက်၊ တက်ဖို့လည်းခက်နှင့် အခက်ကြီး ခက်... တော့၏။

'ကုလားထိုင်တွေနဲ့ မှတ်လို့ လာခဲ့တာပေါ့။ ဒီလို နေရာမျိုး ဖိတ်မှန်းသိ... ခင်လေးမြင့်ကို မေမေ ခေါ်လာပါ့မလား။ ရောက်မှတော့ မတတ်နိုင်ဘူး၊ လာ... ကွယ်'

ရှေ့ကသွားသော စစ်သားမှာ နောက်က ကျွန်မတို့ ပါလာသည့်အထင်... စင်ပေါ်သို့ ခြေလှမ်းကျဲကျဲကြီး လှမ်းတက်သွားသည်။

အမြင့်ကြီးရောက်မှ ကျွန်မတို့ မပါမှန်း သိ၍ ပြန်ဆင်းလာလေသည်။

'ဒီလိုမှန်း သိရင် မေမေရယ်၊ ဒီအဝတ်တွေ ဝတ်ကို မလာပါဘူး။ အဆ... တွေကို ကျော်လွှားတက်နိုင်အောင် "ဂျင်း"ဝတ်ခဲ့ဖို့ ကောင်းတယ်'

အိမ်မှ မထွက်ခင် မြန်မာ့ယဉ်ကျေးမှုကို ဦးထိပ်ထားလျက် မြန်မာဆန်... ဖြစ်မည်ဟု သူ့အသိတရားနှင့်သူ ပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှု စိတ်ဓာတ်သ... နောက်ဖေးပေါက်မှ ဝင်ရသော ဂယ်လယ်ရီ၏ လက်ချက်နှင့် တစ်ချက်တည်... ကျဆုံးသွားလေ၏။ အရှေ့တိုင်း မျက်စိဖြင့် အင်မတန်မှ ကိုးရိုးကားရားနိုင်... သော ဂျင်းဘောင်းဘီ ပေါင်ကျပ်ကိုမှ သွားပြီး စိတ်ကူးပေါ်ရသလေဟု ကျွန်မ... ...င်သာ ထုလိုက်ချင်သည်။

'ဖြည်းဖြည်းတက်ရင် ရပါတယ်၊ လာပါကွယ်'

စင်ပေါ်မှ ပြန်ဆင်းလာသော စစ်သားသည် ကျွန်မတို့ကို ဆင့်ပေါ်သို... ပြန်ခေါ်သွားသည်။

ခင်လေးမြင့်သည် စင်မြင့်ပေါ်သို့ တက်ရန် လှုသွားလမ်း လုပ်ထားသော... လှေကားထစ်များကို မမြင်ချေဘဲ၊ ရှေ့က စစ်သား ကျော်လွှားတက်သွားသလို... နောက်က လိုက်၍ ခုံတန်းတွေကို ကျော်လွှားတက်ပါလေ၏။





သူ့ခြေထောက်ကို သူ စိတ်မချ၍ ကြောက်အားလန့်အားနှင့် လိုအပ်တာ ...က် ပို၍ ကျော်လွှားလိုက်သည်။

ကျွန်မမှာ လိုအပ်တာထက် ပို၍ ကျော်လွှားတက်လိုက်ပုံကို မြင်၍ မျက်စိ ...း ပြာသွားလေသည်။ မတော်တဆ မဟန်နိုင်ဘဲ မှောက်ခုံကလေး လဲလိုက်မှဖြင့် ...၍နေရာတွင် ချုံးပွဲချ၍ ငိုပေတော့မည်။

'ဖြည်းဖြည်းလေ ... ဖြည်းဖြည်း'

ကျွန်မမှာ သူ့ကို မီအောင် အမြန်တက်လိုက်ရလေ၏။ တော်တော်မြင့်မြင့် ...ီး ရောက်မှ ၎င်းစစ်သားက 'ဒီမှာ ထိုင်ပါ' ဟု ဆိုကာ ပြန်ဆင်းသွားလေသည်။ ...ဦးဆုံး ကျွန်မတို့ ထိုင်ရမည့် ပျဉ်ခင်းကို ပြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။ ...တကာ ဖိနပ်နှင့် နင်းတက်ထားကြသော ခြေနင်းဖတ်ဖြစ်၍ 'မေမေရယ် ပေကုန် ...ာ့မှာပဲ' ဟု ငိုသံပါလေးနှင့် ကတုန်ကယင် ပြောနေလေသည်။

'ပေရင်လည်း ပေပေ့စေ၊ ထိုင် ... ထိုင်'

ကျွန်မတို့ကို ထိုင်ခိုင်းသော နေရာမှာ စင်၏ ညာဘက်အမြင့်၌ ဖြစ်၍ ...ျွန်မတို့ ထိုင်နေရာ အနီးအနား တစ်ဝိုက်တွင် ကွက်၍ လူရှင်းနေသေးသည်။ ...ျွန်မတို့ ထိုင်လိုက်ကာမှ ဓာတ်ခုံနှားရှိ မြေပြင်ပေါ်မှ မီးမောင်းကြီးသည် ခုံဆင့် ...ါ်သို့ ထိန်လင်းအောင် လှမ်းထိုးလိုက်လေ၏။

'အော်သာ ငိုလိုက်ချင်တာပဲ မေမေရယ်၊ အောက်က ထိုးတဲ့ မီး... ...ည်း ထိန်လို့၊ အမယ်လေး ...'

'ထိန် ... ထိန် ... ဟယ်'

မီးရောင်ထဲတွင် ခင်လေးမြင့်မှာ မျက်နှာမထားတတ်အောင် ဖြစ်... ...၊ ပဝါစသည် ဒူးချထားသော ကြမ်းဆင့်ပေါ်၌ ပုံကျနေသည်။ ခြေ... ...င်ရသော်လည်း ဒူးနှစ်ဖက်မှာ မြောက်နေကာ ခါးကြီးက မတ်မတ်ကြီး ... ...၊ မီးရောင်ကွယ်အောင် သူ့လည်ကို လိမ်ထားလေသည်။

မကြာမြင့်မီ ယူဘီအေရုံးမှ စာရင်းကိုင်ချုပ်ကတော် ကျော... ...ယ်ချင်း ဒေါ်ခင်မြင့်နှင့် သူ့ခင်ပွန်းတို့ တက်လာကြလေသည်။ မြင့်... ...သို့ပင် ပဝါအရှည်ကြီး ခြုံလျက် တောက်ပ သစ်လွင်သော ဝတ်စုံ... ...ားသည်။

'ဟော့ ... မြင့်'

'ဟော ... မမလေး'

သူ့ခင်ပွန်းနောက်သို့ လိုက်မသွားတော့ဘဲ ကျွန်မအားအောင် ဆို... ...ည်။



www.burmeseclassic.com

www.burmeseclassic.com



'အမလေးတော် သေချင်တာပါပဲ၊ အဝတ်အစား အပြည့်အစုံ ဝတ်လာ[illegible] ရမယ်လို့ ဖိတ်စာထဲ ပါလို့ အကောင်းတွေ ထုတ်ဝတ်လာရတာ။ ဒီနေရာမှန်း သိရင် ကောင်းကောင်း ဝတ်ခဲ့ဖို့ ဘာလိုသလဲ။ ဒါတောင် လူတိုင်း ဖိတ်တဲ့[illegible] မဟုတ်ဘူးတဲ့ တော့'

ကျွန်မသည် ရယ်ချင်လျက် ဣန္ဒြေဆည်နေရသည်။

မြင့်သည် ကျွန်မကို ပြောပြီး အနီးအနား တစ်ဝိုက် စင်မြင့်ပေါ်က ပရိသတ်ကို ခေါင်းယမ်းကြည့်လိုက်သည်။

'ဒီပေါ် တက်လာတဲ့ လူတွေ ပုံပန်းကြည့်ရတာ တို့လို လက်မှတ်ရတဲ့ လူတွေက ဒီနေရာမှန်း တင်ကြိုပြီး သိလို့ သူတို့ လက်မှတ်တွေကို သူတို့ မကြည့်ဘဲ တခြားလူတွေ ပေးပစ်လိုက်တယ်နဲ့ တူတယ်။ ကြည့်စမ်း ... လူတွေ[illegible] ဘောက်သောက်ပဲဟော့'

ကျွန်မက နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'လူတွေထဲမှာ ခေါင်းပေါင်းတို့ ပဝါတို့လည်း ကွက်ကျား ကွက်ကျား တွေ့ပါတယ်ကွယ့်' ဟု ပြောလိုက်သည်။

'အေးပေါ့၊ ဒီခေါင်းပေါင်းတွေ ဒီပဝါတွေဟာ တို့လို မစုံစမ်းဘဲ ရမ်းသမ်း လာတဲ့ လူတွေ ဖြစ်မှာပေါ့ဟ'

ကျွန်မမှာ ရယ်ချင်လာပြန်လျက် ဣန္ဒြေဆည်ထားရသည်။

'အလိုလေး... မြတ်စွာဘုရား'

မြေပြင်မှ မီးမောင်းကြီးသုံးခု တစ်ပြိုင်တည်း အပေါ်သို့ လှမ်းထိုးလိုက်လေ၏။ မြင့်မှာ လန့်ဖျပ်သွားလေသည်။

'လာပါ မမလေးရယ်၊ တို့ နောက်တန်း တက်ရအောင်၊ ဟိုမှာ လူ[illegible] ရှိတယ်ကွယ့်။ ရှေ့က လူတွေရှိတော့ တို့ကို ကွယ်သလောက် ကွယ်နေဦးမယ်။ ညည်းနေရာက လူရှင်းတော့ ထင်းထင်းကြီး၊ ကျုပ်တော့ ဒီအဝတ်အစားတွေနဲ့ မျက်နှာပူတယ်တော့။ ရှက်စရာကြီး ကွယ်၊ လာကွယ်'

'မရှက်ဘူးကွယ်၊ မြင့် ရှက်ရင် သွားကွယ်။ ကိုယ် မလိုက်ဘူး'

'ဟုတ်ပါတယ် မမေရယ် ... သွားရအောင် ခင်လေးမြင့်တို့ကို ဟိုရှေ့က ကုလားထိုင်တွေမှာ ကျကျနန ဝတ်စားထိုင်နေကြတဲ့ ဧည့်သည်တော်တွေလိုပဲ ဘယ်သူကမှ ထင်ကြမှာ မဟုတ်ဘူး'

ကျွန်မက ခင်လေးမြင့်ဘက်သို့ လှည့်၍ 'အလို ဘယ်လို ထင်ရမလဲ' ဟု ပြောလိုက်သည်။

'အငြိမ့်မင်းသမီးတွေလားလို့ ထင်ကြမှာပေါ့'





ကျွန်မမှာ ရယ်ချင်လှ၍ အောင့်ထားရသည်။

'မီးရောင်ကြီးထဲမှာ ညည်းပဲ မျက်နှာပြောင်တိုက်ပြီး ထိုင်နေပေတော့။ ကျုပ်တော့ ပြေးတော့မယ်' ဟု ပြောကာ မြင့်သည် ကျွန်မတို့ အနားမှ ထပြေးသွား၏။

'ရှက်စရာကြီး မမေရယ်၊ ခင်လေးမြင့် မြန်မာဆန်ချင်တာ ငါးပါးကို မှောက်တာပဲ'

ခင်လေးမြင့်သည် နာကြည်းစွာ ပြောနေသည်။

ဖွင့်ပွဲအပြီး ပိုက်ဆံနှင့် ပြသောအခါ၌ ရှေ့ဆုံးတန်းက လက်မှတ်ဝယ်၍ ပြလိုက်လျှင် သူ ပြောသလို ငါးပါးမှောက်စရာ အကြောင်း ပေါ်ပေါက်မည် မဟုတ်သဖြင့်၊ ဖွင့်ပွဲကို ခေါ်ခဲ့တာ မှားလေခြင်းဟု စိတ်မကောင်း ဖြစ်မိသည်။

'ပဲခူးကလပ် သွားတုန်းက ဒီလို မဟုတ်ပါဘူး'

'လာပြန်ပြီ ... ဒီပဲခူးကလပ်က...'

ပဲခူးကလပ်မှာ အနောက်တိုင်းသားများ စုဝေးရာ ကလပ်ဖြစ်သည်။ အနောက်တိုင်း ကပွဲများ လွှမ်းမိုးသော နေရာလည်း ဖြစ်သည်။

'ဟုတ်တယ် မမေရဲ့၊ မျက်နှာဖြူဘိုတွေ ဘိုမတွေနဲ့ အတူတူ ကုလား ထိုင်တွေနဲ့ မြက်ခင်းပေါ်မှာ ထိုင်ကြတာပဲ။ မယ်မြန်မာ မစိန်အေးတို့သည်း အဲဒီနေ့က လာပြီး တက်တယ်။ ဒီမှာက ရှက်စရာကြီး မမေရယ်'

'အို... ဘာဖြစ်လို့ ရှက်ရမှာလဲကွယ်။ သူတို့ မေတ္တာရှေ့ခံ ချက်အင်္ကျီး တော်ခဲ့ရတာ ရှက်စရာလား၊ သူတို့ ပေးတဲ့နေရာမှာ ထိုင်ရတာ ရှက်စရာလား။ ကိုယ်က ဘာမှ ရှက်စရာ မရှိပါဘူး'

'ခုနေများ ခင်လေးမြင့်ကို မိုးဟိန်းသာ မြင်ရင် ဒီပွဲတော့ ပျက်မှာပဲ'

'ဟဲ့... ဘာဖြစ်လို့ ပျက်ရမှာလဲ'

'အမယ်လေးဗျလို့ လူတွေ လန့်ကုန်အောင် ခုနစ်သံနဲ့ [illegible] ဘယ်လောက်များ လက်ခုပ်လက်ဝါး တီးတီးပြီး ဟားတိုက်လိုက်ဦးမဲ့ [illegible]'

'အသေအချာပဲဟော့'

စစ်ဝတ်စစ်စား အပြည့်အစုံ ဝတ်ထားသော စစ်ဗိုလ်ကြီးတစ်ဦးသည် အပေါက်၌ စောင့်နေသော စစ်သမီးများနားသို့ လျှောက်လာသည်။ ကျွန်မတို့သည် စကားဖြတ်ကာ လှမ်းကြည့်လိုက်သည်။

'ဟို... ဂယ်လယ်ရီက လက်မှတ်တွေနဲ့ လာတဲ့ လူတွေကို ဒီထဲ [illegible] ပေါ့။ လက်မှတ်ကို သေသေချာချာ ကြည့်ပြီးမှ ဒီထဲသွင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ကြီး၏ အောင်မြင် ပြတ်သားလှသော အသံကို အတိုင်းသား ကြားနေရ၏။

ဇန်ကောက်ပုဆိုးပန်းရောင်၊ ပိုးတိုက်ပုံအင်္ကျီအဖြူ၊ နိုင်လွန်အင်္ကျီအဖြူ နံ့သာရောင် ဖဲထဘီနှင့် သားသားနားနား ဝတ်လာကြသော တစ်စုံတွဲ တက်လာလေ၏။ အမျိုးသားမှာ သဲရှုပ်ရှုပ်နှင့် ထိုင်ရမည့် ခြေနင်းဖတ်ကို ကြည့်ကာ မျက်နှာ အမ်းတမ်းတမ်း ဖြစ်သွားသည်။ အမျိုးသမီးမှာ တစ်မုဟုတ်ချင်း မျက်နှာ သိုးကျသွားတော့သည်။ သူတို့သည် ကျွန်မတို့နောက်ဘက် အဆင့်၌ ထိုင်ချလိုက်ကြသည်။ ခင်လေးမြင့်မှာ သူ ထိုင်ရသော ကြမ်းပေါ်၌ အပေါ်ဆင့်က ခြေထောက် ချ ထားသော လူရွယ်တစ်စု၏ ဒူးတွေရှိ၍ သူတို့ဒူးနှင့် သူ့ကျောနှင့် မထိစေရန် ပုဥစပ်သို့ ရွှေ့ထိုင်သည်။

မင်းလမ်းမမှ ကားတွေ အလျှိုအလျှို ဝင်လာကြသည်။ စစ်ဝတ်စုံ အပြည့် အစုံ ဝတ်လာကြသော စစ်ဗိုလ်များနှင့် ပဝါခြုံလာကြသော ဗိုလ်ကတော်များ မော်တော်ကားထဲမှ ဆင်းလာပုံကို ဆီး၍ မြင်နေရ၏။ စစ်သမီး၊ စစ်သားများ နေရာ လိုက်ချပေးကာ ဣန္ဒြေရရ ကုလားထိုင်များတွင် ဝင်ထိုင်ကြလေသည်။ ဇာတ်ခုံရှေ့၌ လူတွေ ရာလိုက် ထောင်လိုက် ရှိသော်လည်း စည်းကမ်းသေဝပ်စွာ တိတ်နေလေ၏။

'မီးကြီးကလည်း ထိုးပြန်ပြီ မေမေရယ်'

ခင်လေးမြင့်သည် သူ့တစ်ကိုယ်လုံး မီးရောင်ထဲ၌ ဖိတ်ဖိတ်တောက်နေ သည်။ မျက်နှာကို ငုံ့ချလိုက်ကာ တဆတ်ဆတ် တုန်လျက် ရှိသည်။ ကျွန်မမှာ မီးရောင်များ မြန်မြန်ရပ်သွားရန် ကျိတ်ဆုတောင်းနေရသည်။ ပွဲမြန်မြန်ထွက်ရန် လည်း ကျိတ်ဆုတောင်းနေရသည်။ မီးရောင်ကြီး ပျောက်သွားမှ ခေါင်းထောင် လိုက်သည်။

'ပဝါကြီးနဲ့ ... သေချင်လိုက်တာ'

'ပဝါမခြုံပါနဲ့လို့ မေမေ ပြောသားပဲ'

'ဖိတ်စာက အပြည့်အစုံဆိုတော့ ခြုံမှဖြစ်မယ်လို့ ထင်တာပေါ့။ မလေးမြင့် တော့ ဦးလေးအစား ဝင့်ခံနေရပြီ။ ဦးလေးသာ ဖိတ်စာထဲကအတိုင်း ခေါင်းပေါင်း ကြီးနဲ့ လာရင် ဒီပေါ်မှာ ရယ်စရာကြီး ဖြစ်နေမှာပဲနော်'

'အေး ဟော့ ...'

ကျွန်မသည် အသံမထွက်အောင် ကျိတ်ရယ်နေလေသည်။

'မေမေ ဟိုမှာ ... ဟိုမှာ ခင်လေးမြင့်တို့လို မေတ္တာရပ်ခံချက် မိသွားပြီ' ကုလားထိုင်များတွင် အလျှိုအလျှို ဝင်ထိုင်နေကြသော ကုလားထိုင်





ရှိသတ်ကို ငေးမောကြည့်နေရာမှ စင်မြင့်ပေါ်သို့ တက်လာသော စုံတွဲကို စိုက် ကြည့်လိုက်သည်။ မီးခိုးရောင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော ထိုပုဂ္ဂိုလ် ၏ မျက်နှာကို မြင်ဖူးသည် ထင်၏။

အသားဖြူဖြူ၊ မျက်နှာ ပြည့်ဖောင်းဖောင်း၊ ခံ့ညားသော ရုပ်မျိုးဖြစ်သည်။ ဘယ်မှာ မြင်ဖူးသည်ကို မမှတ်မိပေ။ သူ့ဇနီးမှာ ရုပ်ရည်သန့်ပြန့်လှသည်။ ပဝါ ရှည်နှင့် ပိုးထဘီတွင် လိမ္မော်ရောင် အရောင်သွေးများ ဟပ်နေလျက် ကြော့ရှင်း သော ကိုယ်ဟန်ဖြင့် ကျက်သရေ ရှိလှသည်။

ကျွန်မတို့ ခုံတန်းအောက် နှစ်ဆင့်၌ ထိုင်ကြသည်။ မထိုင်မီ ထိုင်ရမည့် ခြေနင်းဖတ်ကို ငုံ့ကြည့်လိုက်ကာ အမျိုးသမီး၏ ဖျော့ဖြူသွားသော မျက်နှာကလေး ကို ဒက်ခနဲ မြင်လိုက်ကြသည်။

'သနားပါတယ် မေမေရယ်၊ ခင်လေးမြင့် အားနာလိုက်တာ'

'အေးဟယ်'

ရှေ့က ကုလားထိုင် တစ်ထောင်မက ခင်းထားသော နေရာများဆီ လှပြည့်၍ သွားပေပြီ။ ဝန်ကြီးချုပ်များ ကြွမလာသေး၍ အချိန်အတန်ကြာ စောင့် နေရ၏။

'မေမေ ... ဒီဂယ်လယ်ရီတန်းကို မြန်မာလို ဘယ်လိုခေါ်သလဲ'

'မြန်မာလို မဆလာတန်းလို့ ခေါ်တယ်'

'ဘာဖြစ်လို့ မဆလာတန်းလို့ ခေါ်တာလဲ မေမေ'

'မေမေတို့ ငယ်ငယ်က ဆပ်ကပ်သွားကြည့်ရင် ခုလိုပဲ ရှေ့က ကုလားထိုင် တွေ ခင်းထားတယ်။ ငါးကျပ်တန်း၊ သုံးကျပ်တန်း၊ နှစ်ကျပ်တန်းပေါ့။ ကုလားထိုင် တန်း နောက်ဆုံးမှာ အခုလိုပဲ ကာခြားပြီး စင်ကြီး ရိုက်ထားတယ်။ အဲဒီ စင်ပေါ်မှာ များသောအားဖြင့် လန်ချားဆွဲတဲ့ ဂေါ်ရင်ဂျီကုလားတွေ၊ နံ့နှင်းမှုန့် လိမ်းထားတဲ့ ခေါ်ရင်ဂျီကုလားမတွေ တိုးဝှေ့ပြီး အကြည့်များကြလို့ ဒီအတန်းကို မဆလာတန်း လို့ ခေါ်ကြတယ်'

ကုလားထိုင် စည်းဝိုင်းထဲသို့ ခင်လေးမြင့်အရွယ် အမျိုးသမီးငယ် တစ်ဦး ဘည်း ဝင်လာလေသည်။ တစ်ပတ်လျှို ဆံမြိတ်ချ ဆံထုံးငယ် ထုံးကာ ရှောသားမွေး ပဝါအဖြူရှည်ကြီးကို ခြုံထားသည်။ ကြည်ပြာရောင်အင်္ကျီတွင် ငွေရောင်များ ဖိတ်လက်နေသည်။ ဒေါက်မြင့်ဖိနပ်မှာ တစ်မိုက်ခန့် မြင့်နေ လေ၏။ စစ်သားကို လက်မှတ်ပြလိုက်၍ စစ်သားက လက်မှတ်ကို ငုံ့ကြည့်နေစဉ် အမျိုးသမီးကလေးသည် ဂယ်လယ်ရီတန်းကို မော့၍ ကြည့်နေသည်။

ခင်လေးမြင့်သည် ထိုအမျိုးသမီးကလေး ကုလားထိုင်ပေါ်သို့ ရောက်သွား သည်အထိ မျက်တောင်မခတ် စိုက်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်လေးမြင့်တော့ ဒီတစ်သက်မှာ ဘယ်တော့မှ စာရေးဆရာ မလုပ်ဘူး'

'အို… ဘာဖြစ်လို့လဲ'

'ခင်လေးမြင့် ခြေထောက်နဲ့ ဒီလို ကျော်လွှားပြီး တက်ရတဲ့ မမေတို့ စာရေးဆရာတွေရဲ့ မဆလာတန်းနဲ့ ဖြစ်မလား မမေရဲ့'

ခင်လေးမြင့်သည် စောစောက အမျိုးသမီးလေး ထိုင်နေရာသို့ မျက်လုံး ဝဲကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

'မဖြစ်ပါဘူး၊ အစိုးရ အရာရှိပဲ လုပ်တော့မယ်။ ဒါမှ ဟိုရှေ့က ကုလား ထိုင်တန်းမှာ အသာလေး ဝင်ထိုင်ရမှာ မမေ'

ယဉ်ကျေးမှု အနုပညာကပွဲကြီးတွင် အနုပညာရပ်၌ အကျုံးဝင်သော စာရေးဆရာများ၏ ဘဝ အခြေအနေ အဆင့်အတန်းကို အတော်ကြီး အထင်သေး သွားသဖြင့် 'လုပ်… လုပ်… အရာရှိပဲ လုပ်' ဟု ကျေနပ်အောင် ပြောလိုက်ရသည်။

စစ်သမီးကို လက်မှတ် ထုတ်ပြနေသော တရုတ်သံရုံးမှ မစ္စတာလူဝီကို ဆီးမြင်လိုက်သည်။ စစ်သမီးက ကျွန်မတို့ နေရာကို လက်ညှိုးထိုးပြ၍ မစ္စတာ လူဝီ တက်လာလေ၏။

'မမေ တရုတ်သံရုံးက အရာရှိလည်း ဒီနေရာကပဲ ကြည့်ရတယ်နော်' ဟု ခင်လေးမြင့်က နားမလည်သလို မျက်လုံးနှင့် မေးနေသည်။

'ယဉ်ကျေးမှုကော်မတီအဖွဲ့က ပို့တဲ့ ဖိတ်စာအတိုင်း လာရတာပေါ့'

မစ္စတာလူဝီသည် ကျွန်မတို့ကို တွေ့ရ၍ ပြုံးသွားကာ ကျွန်မ အနားသို့ ထိုင်လိုက်သည်။ တရုတ်ပြည်သို့ ကျွန်မ သွားစဉ်က ခရီးလမ်းတစ်လျှောက်လုံး မစ္စတာလူဝီ လိုက်ပို့သဖြင့် သူနှင့် အတော် ရင်းနှီး ခင်မင်ခဲ့သည်။ ရင်းနှီး ခင်မင်သူဖြစ်၍ ကျွန်မက ခင်လေးမြင့် အတင်း ပြန်မည်လုပ်၍ ချော့ခေါ်တင်လာ ခဲ့ရကြောင်း ပြောပြသည်။

'ဘာဖြစ်လို့ ပြန်ချင်တာလဲ'

မစ္စတာလူဝီက ခင်လေးမြင့်ကို အင်္ဂလိပ်ဘာသာဖြင့် လှမ်းမေးလိုက်သည်။

'ဒီနေရာ မကြိုက်ဘူး'

မစ္စတာလူဝီသည် ပြုံးသွားကာ 'ကောင်းတာပေါ့၊ အကုန်လုံး ဆီးမြင်ရ တာပေါ့' ဟု ဆက်ပြောသည်။

ခန်းကြီးချုပ်များ အစုံအညီ ကြွလာပြီးနောက် ဖွင့်ပွဲအခမ်းအနား စသည်။

နှစ်ပြည်ထောင် ယဉ်ကျေးမှုဝန်ကြီးများ အခမ်းအနား ဖွင့်လိုက်ပြီးလျှင် တေးဂီတ တင်ဆက်ရန် တူရိယာဝိုင်း အလျင် ထွက်တီးသည်။ စောင်းဦးဘသန်း၏ "မြန်မာ တရုတ် ချစ်ကြည်ရေး" သီချင်း၊ စိုးလှေမှုန်၏ "တရုတ်နဲ့မြန်မာ





…ခွမျိုးပေါက်ဖော်ပါ" သီချင်း၊ ဗိုလ်မှူးကြီး စောမြင့်၏ "နယ်ခြား ပေါင်းကူး …တား" သီချင်း။

'သေသေချာချာကြည့် ခင်လေးမြင့်၊ တီးနေတဲ့ တယောလေးက သေးသေး …လေး၊ တယောက ပလွေသံကျနေတာပဲ'

'သိပ်ဝေးတာပဲ မမေရယ်၊ သေသေချာချာလည်း မမြင်ရဘူး'

တူရိယာအဖွဲ့ ပြီး၍ 'ခုအချိန်က စပြီး **လုံမေချောနှင့် နွေဦးကြိုအကကို** …တင်ဆက်ပါလိမ့်မယ်ရှင်' ဟု မြန်မာလို ဝတ်ဆင်ထားသော တရုတ်အမျိုးသမီး …လေးက ကြေညာလိုက်သည်။

ခင်လေးမြင့်မှာ နောက်ဖေးပေါက်နှင့် မဆလာတန်းကို မေ့သွားလေ၏။ "လုံမေချောနှင့် နွေဦးကြို" အကမှာ သူတစ်ခါမျှ မမြင်ဖူးသော အရှေ့တိုင်းဟန် တရုတ်အမျိုးသားအက ဖြစ်လေ၏။ တရုတ်လုပျိုဖြူ လုံမေချောတို့၏ ကဟန် …သည် ညင်သာ နူးညံ့လှသည်။ စုဝိုင်း ဒူးထောက်လျက် ပျော့ပျောင်းလှသည့် …များကို ကော့ညွတ်၍ ချလိုက်ကြသည့် အခါ၌၊ ပဒုမ္မာ ကြာပန်းကြီး ပွင့်အာက …သွားသလိုပင် ထင်မှတ်ရအောင် ဝတ်စားဆင်ယင်မှုဖြင့် ဖန်တီးထားသည်။

ကျွန်မသည် ပွဲကြည့်နေရင်း တတွတ်တွတ် ပြောဟောပြနေသည်။

'ခါနွေဦးရဲ့ အရှေ့လေပြည်ကို လုံမေချောတို့က အပြုံးနဲ့ ဆီးကြိုနေကြ တယ်လို့ ခုန စကားပြန်က ပြောသွားတယ် မဟုတ်လား။ သူတို့ ကတဲ့အခါမှာ သူတို့ မျက်နှာကလေးတွေဟာ အမြဲ ရယ်ပြုံးနေတာပဲ'

'ဘယ်မြင်ရလို့လဲ မမေရဲ့၊ အဝေးကြီး'

အထူးသဖြင့် လုံမေချောတို့၏ အပြုံးကို သူ့ကို ပြချင်ခါမှ မမြင်ရ၍ …စိတ်ထဲ မချင့်မရဲ ဖြစ်သွားမိသည်။

'သူတို့ ဝတ်ထားပုံလေးဟာ ယဉ်လိုက်တာ မမေ။ နောက်ခံကားကြီး …ကလည်း သိပ်ကောင်းတာပဲ။ သူတို့အက ကြည့်ရတာ မျက်စိထဲ အေးနေတာပဲ'

ကားလိပ်ချလိုက်လျှင် ခင်လေးမြင့်သည် အားရပါးရ လက်ခုပ်တီးလိုက် သည်။ ခင်လေးမြင့်ကို အကဲခတ်နေသော မစ္စတာလူဝီသည် ဖျတ်ခနဲ လှမ်းမေး လိုက်သည်။

'အခုကော အိမ်ပြန်ချင်သေးသလား'

ခင်လေးမြင့်က ပြုံးလျက် 'မပြန်ချင်တော့ဘူး' ဟု ပြောလိုက်သည်။

မစ္စတာလူဝီက ရယ်လေသည်။

'ဒါမမလေး ရှုမဝမှာ ဒီလ ဘာရေးသလဲ' ဟု ကျွန်မကို မေး၍ ကျွန်မက …ဘဝအကြောင်း ရေးသည်ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှေ့လကော ဘာရေးမလဲ'

'ရှေ့လတော့ ခင်လေးမြင့်အကြောင်း ကျွန်မ ရေးချင်စိတ် ပေါ်နေတယ်'

ခင်လေးမြင့်သည် ကျွန်မ အနားသို့ ကပ်လျက် အသံတိုးတိုးဖြင့် 'မဆလာ တန်း အကြောင်း ရေးမလို့လား မေမေ' ဟု မေးနေ၏။

မစ္စတာလူဝီက 'ခင်လေးမြင့် ဘယ်ကျောင်းမှာလဲ' ဟု မေး၍ ခင်လေးမြင့် က 'တက္ကသိုလ်မှာပါ' ဟု ဖြေရင်း 'ကျွန်မ အမေ တရုတ်ပြည်က ပြန်လာတော့ ရှင့်အကြောင်း ခဏခဏ ပြောပါတယ်။ ရှင် ပေးလိုက်တဲ့ ဖောင်တိန်ကို အခု ထက်ထိ သိမ်းထားပါတယ်' ဟု ဆက်ပြောလိုက်သည်။

'ကျုပ် ပေးတဲ့ ဖောင်တိန်နဲ့ ခင်ဗျားအမေ ဟန်ချောင်မြို့မှာ ကဗျာတစ်ပုဒ် ရေးပြီး ကျုပ်ကို ပေးတယ်။ အဲဒီ ကဗျာအကြောင်း ခင်ဗျား သိသလား'

ကျွန်မ ကဗျာစပ်မှန်း မသိ၍ ခင်လေးမြင့်မှာ 'ဟုတ်လား မေမေ' ဟု လှည့်မေးလေသည်။

'ခင်လေးမြင့်များ ကဗျာစပ်တတ်ရင် မေမေရယ်၊ ဒီအပေါ်မှာ ဒီပဝါနဲ့ ကံကောင်းလို့ မှောက်ခုံမလဲပုံကို ကဗျာတစ်ပုဒ် ရေးစပ်လိုက်မှာပဲ'

"စပျစ်သီး ဆွတ်ယူ လှပျို့ဖြူ" အကမှာ သရုပ် မည်မျှ အသက်ဝင်နေပုံကို အနီးကပ် မျက်နှာပေးကို မြင်ရမှ ပိုမို ထင်ရှား ပေါ်လွင်မည် ဖြစ်သည်။ မျက်နှာပေး ကို လုံးဝ မမြင်ရဘဲ အဝေးက ဟန်လောက်သာ မြင်နေရလေ၏။

မြိုင်ထ နှစ်ပါးသွား ထွက်လာလေ၏။

ကျွန်မတို့ ဂယ်လယ်ရီ ပရိသတ်မှာ ဘယ်သူဘယ်ဝါ မခွဲ၊ တလုံးတစည်း တည်း ရောသွားကြသည်။ ရောက်စက မျက်နှာထားရ ခက်နေရှာသည့် ဗန်ကောက်လုံချည် ပန်းရောင်၊ တိုက်ပုံအင်္ကျီ အဖြူ ဝတ်ထားသောသူမှာ ရုပ်ဝတ္ထု က ဆေးသော ကိုးရိုးကားရား အခြေအနေအတိုင်း မဆလာတန်း ပရိသတ်နှင့် ဆုံ ပါသွားလေ၏။ အများ ထိုင်ကြသလို ဒူးထောင်လိုက်၊ ခြေသလုံးပေါ်အောင် ... ချိတ်လိုက် ဖြစ်သွားကာ 'မဆိုးဘူးဟေ့၊ ရွှေမန်းတင်မောင် အရှုံးပေး ... ' ဟု အော်ကြီးဟစ်ကျယ် ပြောဆိုနေပြီး တဟားဟား ရယ်မောနေလေ ၏။

မြန်မာမင်းသား မင်းသမီး ထွက်၍ ကပြနေသည်နှင့် ဘာမျှ မခြားသဖြင့် ခင်လေးမြင့်မှာ ရင်သပ်ရှုမော အံ့ဩနေတော့သည်။ 'သူတို့ သိပ်တော်တာပဲနော် သိပ်တော်တာပဲ' ဟု တတွတ်တွတ် ချီးကျူးလျက် နေလေ၏။

တစ်ပွဲပြီးလျှင် အားရပါးရ လက်ခုပ်တီးလိုက်လေသည်။ ခင်လေးမြင့်မှာ





... စောကလို မျက်နှာမထားတတ်သော အမူအရာမျိုး မဟုတ်တော့သဖြင့် ... ပါသေးရဲ့ဟု စိတ်သက်သာရာ ရသွားမိသည်။

အမျိုးသမီး သံပြိုင်ဆိုသော အခန်းတွင် ရွှေမိသီချင်း ဆိုပုံကို သဘောကျ ... တခစ်ခစ် ရယ်နေလေ၏။

'မျက်နှာ မမြင်ရရင် အရောင်တွေကိုကြည့်၊ အမျိုးသမီးကိုးယောက် ဝတ် ... တဲ့ အရောင်တွေကို ကြည့်စမ်း။ ပန်းရောင်နု၊ အဝါနု၊ ကြည်ပြာနု ... အရောင်နု ... လေးတွေကို တွေ့လား။ အနောက်တိုင်းရဲ့ အရောင်က ပြာစရာရှိလည်း သိပ်ပြာ ... ပဲ၊ အခု သူတို့ အရောင်ရွေးပုံဟာ ပန်းချီမဆန်ဘူးလား'

'ဟုတ်တယ် မေမေ'

အဝေးမှ မမြင်ရသည့် အရာများကို ဖယ်၍ မြင်ရသမျှကလေးတွေကို ... တိပြမိအောင် လက်တို့၍ ပြနေရလေ၏။ လူမျိုးစု အကများတွင် ဂျင်းဖော ... ိုင်း (ယိုးဒယား)၊ တိဘက်တို့၏ ကဟန်သာမက သရုပ်ဆောင်ထားသည့် ... ခိုပွာယ်ကို သရုပ်ပေါ်ပါစေတော့ဟု ဝိုင်းကူ၍ ပြောပေးရ၏။

ဇာတ်စင်ကြီးမှာ သားနား ခံ့ညားလှချေသည်။ ဇာတ်စင်အထက် ပြာလင်း ... သော ကောင်းကင်တစ်ခွင်ဝယ် ထိန်ဝင်းနေသော လကြီးနှင့် ကြယ်တာရာများ ... ာက်ပနေသည်။ ဆောင်းလေမှာ အေးစိမ့်စိမ့် ဖြစ်လာလေသည်။ ခေတ္တ ... နားပေးခိုက် ကျွန်မမှာ အမျိုးသားဇာတ်ရုံကြီးတစ်ရုံ တခမ်းတနား တည်ဆောက် ... ားပုံကို အိပ်မက် မက်ကြည့်နေမိသည်။

'မေမေရယ်၊ အေးလိုက်တာ ကျဉ်နေပြီ၊ ကျောထဲက အောင့်တာလည်း မပြောပါနဲ့တော့။ မှီချင်လိုက်တာ'

အဝေးမှ ၁၁ ချက် ခေါက်လိုက်သော နာရီသံချောင်းသံကို ကြားလိုက်ရ သည်။ ခြောက်နာရီခွဲတိတိက ၁၁ နာရီအထိ အမှီမရှိ၊ ဒူးချပြီး စန့်စန့်ကြီး ထိုင်နေရ သောကြောင့် ကျောအောင့်လာ၏။

ခင်လေးမြင့်သည် ရှေ့က ကုလားထိုင်တွေ ကြည့်ပြီး သရေကျလျက်၊ ... ကျော ပိုတောင့်နေကာ တကျည်ကျည် လှုပ်နေလေ၏။

အနားပေးခိုက် လူတစ်ယောက်သည် ဘယ်က သွားဝယ်လာမှန်းမသိ၊ ... က်ပျောသီး အခိုင်လိုက် တစ်ခိုင်လုံး ဆွဲတက်လာ၍ အနားရှိ ပရိသတ်က ... ခနဲ ရယ်ကြသည်။

ညစာ မစားရသေးသော ခင်လေးမြင့်သည် ဆာလောင်နေကာ 'မပြီးသေး ဘူးလား မေမေရယ်၊ ဆာလို့ သေရပါတော့မယ်' ဟု ညည်းနေ၏။

ပီကင်းအော်ပရာအက "တောင်ကြားတွင် လမ်းရှာစဉ်" ...



www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး၏ အသံကို ဖမ်းကာ မိန်းမတွေ ဖြစ်ရမယ်ဟု ပြောလျက် အသံ… ခန့်မှန်း ကြည့်ရလေသည်။

နောက်ဆုံးပြသော နဂါးကကို အလွန် သဘောကျသွားလေ၏။ မီးရောင်… ချလျက်၊ အခိုးအငွေ့တွေထဲတွင် လှုပ်ရှား လူးလွန့်လျက် တပျော့တပါး က… သော ရွှေနဂါးကြီးမှာ သရုပ်ပါလှပေသည်။ ညောင်းတာတွေရော၊ ဆာတာတွေရော… မေ့သွားပြန်ချေသည်။

ပွဲအပြီး ဇာတ်ခုံပေါ်သို့ စစ်သမီးများ ပြေးတက်သွားကြကာ အနုပညာ… အဖွဲ့သား အားလုံးကို ပန်းစည်းများ ပေးအပ်လေ၏။ ဝန်ကြီးချုပ် ဦးနုနှင့်… ဇနီးတို့ ဇာတ်ခုံပေါ်သို့ တက်သွားသောအခါ ကျွန်မ နားတွင် ရပ်နေသော ခင်လေး… မြင့်မှာ ပျောက်သွားလေ၏။ ကျွန်မမှာ မစ္စတာလူဝီကို ကပျာကယာ နှုတ်ဆက်…

---

ညွှန်ပွဲတစ်ခုသို့ သွားဖို့ …။





…ာ လူတွေ မတ်တတ် ထ ရပ်နေတုန်း အလစ်ဆင်းသွားသော သူ့နောက်သို့ …ခ် လိုက်ရလေ၏။

နောက်ဖေးပေါက်၌ သူ့ကို သွားမိသည်။

'ဘာဖြစ်လို့ တစ်ယောက်တည်း ဆင်းသွားရသလဲ'

'သူများတွေ မထွက်ခင် နောက်ဖေးပေါက်က အရင် ထွက်ချင်လို့ပါ …မမေရဲ့'

ပဝါကြီး တကားကားနှင့် ရှုံ့မဲ့ ပြောလိုက်သော သူ့အမူအရာများကို ကြည့်၍ ကျွန်မတို့သည်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ နောက်ဖေး …ပေါက်တွင် ရုတ်တရက် ကားရှာမရကြ၍ ကွင်းထဲတွင် နာရီဝက်ခန့် တလည်လည် ဖြစ်နေကြသည်။

အိမ်အပြန် တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာ၏။ မောင်သိန်းတန် …က 'ကောင်းရဲ့လား' ဟု မေးလိုက်သည်။ တစ်ခွန်းမျှ မပြောဘဲ တိတ်နေ၏။

အိမ်ရောက်၍ တံခါးဖွင့်ပေးသော ကိုအောင်ဇေယျက 'ဘယ့်နှယ်လဲဟော့ ခင်လေးမြင့်' ဟု ဆီးမေးလိုက်သည်။

ကျွန်မသည် ချွတ်မည်ပြုသော ဖိနပ်ကို မချွတ်သေးဘဲ ခြေကြွထားလျက် …င်၊ ခင်လေးမြင့်၏ အဖြေကို နားစွင့်လိုက်လေသည်။

'မပြောပါနဲ့တော့ ဦးလေးရယ်၊ ခင်လေးမြင့်တော့ သိပ်ကို ကြောက်သွား …တာပဲ။ နောက်များ ယဉ်ကျေးမှုပွဲဆိုရင် ဘယ်တော့မှ မလိုက်ဘူး'

'ဘာဖြစ်လို့လဲကွယ်၊ ပွဲက မကောင်းလို့လား' ဟု ကိုအောင်ဇေယျက …ားမလည်၍ ထပ်ဆင့်လိုက်သည်။

ကျွန်မမှာ ခင်လေးမြင့် ဘယ်လိုများ ထင်မြင်ချက် ပေးလိုက်မည်နည်း၊ ဘယ်လိုများ မှတ်ချက်ချလိုက်မည်နည်းဟု သိချင်ဇော ထက်သန်စွာဖြင့် နားစွင့်ရ… သာမက မျက်လုံးများပါ ပြူးပွင့်သွားလေသည်။

'ပွဲကတော့ သိပ်ကောင်းတာပဲ။ ပွဲကောင်းလို့သာပေါ့ ဦးလေးရယ်၊ ပွဲများ ကောင်းရင် အဲဒီပေါ်က အက်စတာဝီလျံလို ဒိုင်ဗင်ထိုးချလိုက်ဖို့ ကောင်းတာပဲ'

ပွဲမသွားခင် မြန်မာဆန်ချင်လှ၍ သူ့အား ဒီတစ်ချီတော့ ကျွတ်ပြီဟု အတိုင်းမသိ အားရ ကြည်နူးမိခဲ့သည်။ အမေရိကန် ရုပ်ရှင်မင်းသမီး အက်စတာ …ဝီလျံဟု ကြားလိုက်ရသည်နှင့် တစ်ချက်တည်း ကျွန်မမှာ ချွတ်မည် ပြင်ထားသော ဖိနပ်ကို ကောင်းစွာပင် မချွတ်ချင်တော့ဘဲ စိတ်ပျက်ပျက်နှင့် ခါချလိုက်လေ၏။

[ ၄၀ဝ တေးကဗျာတိုင်း သွေး… ]

www.burmeseclassic.com

www.burmeseclassic.com

## မွေးမေမေ

၁

မိုးတစိမ့်စိမ့် ရွာနေလေသည်။

မနက်စောစောက ရွာသည့်မိုးမှာ နေ့လယ်အထိ မစဲသေးချေ။ အလုပ်မသွားကြသော နေ့ဖြစ်၍ နေ့လယ်ဘက် မိုးတစိမ့်စိမ့် ရွာနေခိုက် အခန်းထဲတွင် စာဖတ်နေကြသည်။

မိုးဟိန်းနှင့် ခင်လေးမြင့်တို့ အခန်းမှ ဘာသံမှ မကြားဘဲ တိတ်နေကြသဖြင့် အိပ်နေကြသလား မသိချေ။ တစ်အိမ်လုံး တိတ်ဆိတ်နေလေ၏။

သူလည်းပဲ မိုးအေးအေးနဲ့ အိပ်နေမှာပဲဟု ထင်လိုက်မိသော ဘုန်းကြွယ်သည် တစ်ချိန်လုံး ဘာသံမကြား၊ ညာသံမကြား တိတ်နေရာမှ ကျွန်မတို့ အခန်းထဲသို့ ဝင်လာလေ၏။ သူ့လက်ထဲတွင် စာရွက်ခေါက်ကလေး ကိုင်လာသည်။ ကိုအောင်ဇေယျ စာထိုင်ဖတ်နေသော ပက်လက်ကုလားထိုင်နားသို့ ရောက်အောင် တန်းတန်းမတ်မတ် သွားလေ၏။ ခုတင်ပေါ်တွင် လှဲလျက် စာဖတ်နေသော ကျွန်မက စာအုပ်ကို အသာချလိုက်ကာ သူတို့ဆီသို့ လှမ်းကြည့်လိုက်သည်။

'ဘာဘ ... ကျွန်တော် ကဗျာတစ်ပုဒ် ကူးလာတယ်'

ဘုန်းကြွယ်၏ ပါးစပ်က ကြီးကြီးကျယ်ကျယ် ကဗျာတစ်ပုဒ် ဆိုလိုက်၍ ကိုအောင်ဇေယျသည် 'ဘာကွ' ဟု အလန့်တကြား အော်လိုက်သည်။

ဘုန်းကြွယ်သည် အောက်သွားများ ပေါ်အောင် အောက်နှုတ်ခမ်းကို ဖြဲလျက် ဘာမျှ ပြန်မပြောဘဲ သူ့ဘာဘကို စိုက်ကြည့်နေ၏။ စိုက်ကြည့်နေသော သူ့မျက်လုံးကလေးများမှာ လည်နေလေသည်။

'မှန်းစမ်း'

ကိုအောင်ဇေယျသည် လက်လှမ်း၍ သူ ကမ်းပေးလိုက်သော စာရွက်ကို ယူဖြန့် ဖတ်လိုက်သည်။

ဘုန်းကြွယ်မှာ အသက် ခြောက်နှစ်အရွယ် ကျွန်မ၏ မောင်အငယ်ဆုံး မောင်တင်ဝင်း၏ သားကလေး ဖြစ်သည်။ သူတို့ သားအဖနှစ်ယောက် ဟင်္သာတမှ ပြောင်းရွှေ့လာကြပြီး ကျွန်မနှင့်အတူ လာနေကြသည်မှာ တစ်နှစ်နီးပါးခန့် ရှိတော့





သည်။ ကျွန်မ နေသော ဘောက်ထော်ရပ်ရှိ မာလာမြိုင်ကျောင်းတွင် ပထမတန်း၌ [illegible]သင်နေသော ကျောင်းသားကလေး ဖြစ်လေ၏။

'ဟား ဟား ဟား ... မင်း တယ်လာတဲ့ လူပဲ။ ရန်ကုန်ဘုန်းကြွယ်တဲ့၊ ဟား ... ဟား'

ဘာမှန်းမသိသော ကျွန်မမှာ လှဲရာမှ ထ ထိုင်လိုက်ကာ သိစမ်းချင်သော အကြည့်နှင့် ခေါင်းကို ရှေ့ထုတ်လျက် ငုံ့လင့် စောင့်ဆိုင်းကြည့်နေစဉ်–

'သွား သွား၊ မင်းဒေါ်ကြီးကို သွားပြ' သူ့ ဘာဘက စာရွက်ကို သူ့ ပြန်ကမ်းပေးလိုက်ကာ တဟားဟား ဆက်ရယ်နေလျက်ပင်။

ဘုန်းကြွယ်သည် ဖြဲထားသော အောက်နှုတ်ခမ်းကို ပြန်စေ့ကာ မျက်တောင်ကလေး ပေကလတ် ပေကလတ် ခတ်လျက် သူ့စာရွက်ကို လာပေးလေသည်။

ကျွန်မက စာရွက်ကို ဆွဲယူကာ ဖတ်ကြည့်လိုက်သည်။ ဘုန်းကြွယ်၏ မြန်မာစာ လက်ရေးကို အမှတ်မထင် ယနေ့မှ စ မြင်ဖူးသည်။

**လေရူးသုန်သုန်၊ နှင်းမှုန်မှုန်**
**ယမုန်နာအဘေး၊ ငှက်သံကြွေး**
**ရီးလေလေ့၊ ရီးလေလေ့။**
**ဆောင်းလပြာသို၊ နှင်းစိုစို**
**ခွာညိုနှံ့သွေး၊ သဇင်မွှေး**
ရီးလေလေ့၊ ရီးလေလေ့။
မြောက်လေကပြန်၊ နှင်းငွေ့ထန်
ဟေမန်မှီ့လေး၊ စိမ့်အေးအေး
ရီးလေလေ့၊ ရီးလေလေ့။
မွေးမိရင်ခွင်၊ ခိုလှုံချင်
ရပ်ခွင်ညာကျေး၊ ဝေးလှသေး
ရီးလေလေ့၊ ရီးလေလေ့။

**ရန်ကုန် ဘုန်းကြွယ်**

ကျွန်မသည် အစအဆုံး ဖတ်လိုက်ပြီးနောက် ကိုအောင်ဇေယျကဲ့သို့ မရယ်နိုင်ဘဲ ရင် စ ခုန်လာပါလေသည်။

'ပြောစမ်း၊ ဒါ ဘယ်က ကူးရေးသလဲ'

ဘုန်းကြွယ်သည် မျက်လွှာချလျက် 'ရှမဝထဲက ကျွန်တော် ကူးယူ[illegible] [illegible]နွေ့ကြီး တစ်ခွဲသားနှင့် ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်း၊ ဒီစာအုပ် သွားယူစမ်း'

ဘုန်းကြွယ်သည် အခန်းထဲမှ ပြေးထွက်သွားလေသည်။

'ကြည့်စမ်းပါဦး၊ သူ့ကိုယ်သူ **ရန်ကုန်ဘုန်းကြွယ်**တဲ့၊ တတ်နိုင်လိုက်တာ'

ကျွန်မ ပြောလိုက်၍ သူ့ဘဘသည် အတောမသတ် ရယ်နေလျက်ပင်။

ကျွန်မမှာ ကဗျာအဆုံးတွင် **ရန်ကုန်ဘုန်းကြွယ်**ဟု လက်မှတ်ထိုးရေးထားသော စာလုံးကလေးများကို ပြန်ကြည့်လျက် မျက်လုံးပြူးရသည်။ တစ်ဖက်သည်ကဗျာကိုမှ ရွေးပြီး ကူးရေးခြင်းကို ရင်ခုန်ရသည်က တစ်ဖက်နှင့် မျက်မှုက်နှာ ပျက်နေလေသည်။

ဘုန်းကြွယ်သည် သူ ကူးယူခဲ့သော ရှုမဝမဂ္ဂဇင်းကို ဖွင့်လှန်လျက် လက်ညှိုးနှင့် ထောက်ပြလေသည်။

ဧပြီလထုတ် ရှုမဝမဂ္ဂဇင်း ဖြစ်လေ၏။ ကလေးကဏ္ဍထဲတွင် ဖော်ပြထားသော ကဗျာဖြစ်သည်။ ကဗျာ၏ အမည်မှာ "စိမ့်အေးညင်းညင်း၊ ဆောင်းသစ်နှင်း" ဖြစ်လျက်၊ ကဗျာရှင်မှာ "တင်တင်(တက္ကသိုလ်)" ဖြစ်လေ၏။

'မင်း ဒီကဗျာကို ကူးရေးတာ အဓိပ္ပာယ် နားလည်လို့လားကွ' ဟု သူ့ဘဘက လှမ်းမေးလိုက်သည်။

'ကျွန်တော် နားလည်တယ် ဘဘ'

ဘုန်းကြွယ်က ကဗျာ၏ အဓိပ္ပာယ်ကို နားလည်တယ် ဆိုလိုက်၍ ကျွန်မ ရင်မှာ ပိုခုန်သွားလေသည်။

'**လေရှူးသုန်သုန်**ဆိုတာ ဘာလဲကွာ'

ဘုန်းကြွယ်သည် ကိုအောင်ဇေယျ ကုလားထိုင် ရှေ့နားသို့ ကပ်သွားလေ၏။

'**လေရှူးသုန်သုန်**. . . ဆိုတာ'

စကားရပ်ပြီး သူ၏ ညာဘက် လက်ကလေးကို ဆန့်လိုက်လေ၏။ ဆန့်ပြီး လက်ချောင်းကလေးများကို ပူးစေပြီး လက်ဝါးကလေးကို ပြန့်ပြန့်စန့်စန့် ပြန့်လျက် ဝှေ့ပြလိုက်ရင်း 'လေက . . . ဟောလို . . . ဟောလို ပတ်ပြီး တိုက်နေတာကို ပြောတာ ဘဘ' ဟု ဖြေလိုက်သည်။

ခြေဖျားကလေး ထောက်လျက် လက်ကို ဝှေ့ပြရင်း အဓိပ္ပာယ် ပြောပြလိုက်ရာတွင်၊ အောက်က တိုက်ထားသော ကြမ်းခင်းက ချောချောဖြစ်၍ သူ့ကိုယ်ကလေးသာ ရှေ့ယိုင်ထိုးသွားလျက် ကံကောင်း၍ ဝမ်းလျားထိုး လဲကျမသွားချေ။

ကိုအောင်ဇေယျသည် နှင်းကန် ရယ်လေ၏။ ကျွန်မသည် ဘုန်းကြွယ် အဓိပ္ပာယ် ရှင်းပြနေပုံကို ရင်တဖိုဖိုနှင့် ကြည့်ကာ ရင်ထဲ၌ ကျပ်လာချေ၏။





အားရအောင် ရယ်လိုက်ပြီးနောက် ကိုအောင်ဇေယျက '**နှင်းမှုန်မှုန်** ဆိုတာ ဘာ ကောကွာ' ဟု ဆက်မေးပြန်သည်။

ဘုန်းကြွယ်သည် သူ့နှုတ်ခမ်းကို တင်းတင်းစေ့လျက် မျက်လုံးများ မှိတ်ချည်ဖွင့်ချည် လုပ်နေလေသည်။ သူနားလည်ထားသော အဓိပ္ပာယ် ပြောပြရန် အတွက် အားထုတ် ကြိုးစားနေလေသည်။

'**နှင်းမှုန်မှုန်**ဆိုတာ ဟို . . . ဟို နှင်းတွေပိတ်ပြီး ဖြူနေတာ ဘဘ၊ ဟိုလေ . . . မှောင်နေတာ ဘဘ'

'အေးကွာ . . . အေးကွာ'

ကိုအောင်ဇေယျသည် အော်၍လည်း ပြော၏။ ပြောပြီး အော်ရယ်ပြန်လေသည်။

ကျွန်မ ခေါင်းထဲ၌ သို့လော သို့လော စဉ်းစား တွေးတောလိုက်သော အတွေးများသည် တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ ဖြစ်နေကာ၊ သို့လော သို့လော တွေး များလှသည့် ကြားထဲကပင် အဓိပ္ပာယ် ရှင်းပြနေပုံကို ကြည့်လျက် ရယ်ရတော့ မလို၊ ငိုရတော့မလိုလည်း ဖြစ်နေ၏။

'ကိုင်း . . . ရော့၊ နောက်တစ်ကြောင်း ဖတ်လိုက်စမ်း'

ဘုန်းကြွယ်သည် စာရွက်ကို ဖြန့်လျက် တစ်လုံးစီ ဖတ်ပြလိုက်သည်။

'**ယမုန်နာဘေး၊ ငှက်သံကြွေး**'

'ကိုင်း . . . **ယမုန်နာဘေး** ဆိုတာ ဘာလဲကွာ၊ ပြောစမ်း၊ မင်း သိရဲ့လား'

သူ့ဘဘက မျက်နှာပိုး သတ်ပြီး မေးလိုက်၏။ ကိုအောင်ဇေယျ၏ မျက်နှာ နှင့် ဘုန်းကြွယ် ဒီအဓိပ္ပာယ်တော့ သိမှာ မဟုတ်ဘူးဟု အတပ် သိယောင် ပြကာ၊ စကားထာဝှက်သော အကြည့်မျိုးနှင့် မျက်လုံးများ ပြူးကြည့်နေလေ၏။

ဘုန်းကြွယ်က ပြောရန် ဟန်ပြင်လေ၏။

ဟန်ပြင်ပုံမှာ တစ်ပါးစပ်လုံး ပြည့်နေသော သွားကြီးတွေကို အားလုံး ပေါ်အောင် လှစ်ပြလိုက်၏။ သွားကြီးတွေကို လှစ်ပြပြီးမှ နှုတ်ခမ်းပြည့် စေ့ကာ ပါးချိုင့်ကလေးဖြင့် ခပ်ပြုံးပြုံး ပြောလေ၏။

'**ယမုန်နာဘေး**ဆိုတာ မြစ်ကြီး၊ အဲဒီ မြစ်ကြီးရဲ့ ကမ်းစပ်နံဘေးမှာတဲ့'

ကိုအောင်ဇေယျသည် ပက်လက်လှန် ထိုင်နေရာက ကျုံးထလိုက်သည်။

'တော်တယ်ဟေ့ . . . မင်း တော်တယ်၊ မင်းဒေါ်ကြီး ဂျာနယ်ကျော် မမလေးကို ရန်ကုန်ဘုန်းကြွယ်က ကျော်သွားပြီဟေ့'

ရယ်သံများ ဆူညံလျက်နေဆဲ၊ ကျွန်မမှာ ကိုယ့်အတွေးနှင့် ကိုယ် ငိုင်နေ ဘက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြွယ် အိမ်ရောက်လာပြီး မြန်မာစာ ဖတ်တတ်မှန်း သိ၍ သူ့ဘား က သူ့အတွက် **ဘားမားစတား** အပတ်စဉ် ဝယ်ပေးလေ့ ရှိသည်။ ကျွန်မ အိမ်၌ နံနက်တိုင်း သတင်းစာလာလျှင် ဘုန်းကြွယ်သည် နံနက်စာကြည့်ချိန် စာမကြည့်နိုင်ဘဲ သတင်းစာ ဖတ်နေသော ကျွန်မ နားတွင် ရစ်ဝဲရစ်ဝဲ လာ နေ၏။ တစ်စောင်ပြီး၍ လက်က ချလိုက်လျှင် သူက လာကောက်သွားလေ ကြမ်းပေါ်တွင် သတင်းစာဖြန့်လျက် တစ်ရွက်ပြီးတစ်ရွက် ကုန်းလှန်ဖတ်ကြည့် နေသည်မှာ နေ့စဉ်ပင် ဖြစ်သည်။

လဆန်းလျှင် အိမ်သို့ မဂ္ဂဇင်းစာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ရောက် လာလေ၏။ လူကြီးတွေ အလစ်တွင် မဂ္ဂဇင်းစာအုပ်ကို ဆွဲသွားကာ လူမရှိသော အခန်းတစ်ခန်းထဲ ဝင်လျက် အရုပ် လှန်ကြည့်နေတတ်၏။ ဘုန်းကြွယ် အသံ မကြား၍ တစ်ခါတစ်ရံ အိမ်ထဲတွင် ဘုန်းကြွယ်ကို လိုက်ရှာကြရသည်။ ရှာ မဂ္ဂဇင်း ကလေးရှုမဝ အခန်းကို သူစွဲနေလေ၏။ စာအုပ်နှင့် မျက်နှာနှင့် အပ်လျက် သဘောကျစရာ ရယ်စရာ တွေ့လျှင် လက်ခုပ်နှင့်ပါးစပ်ကို လုံလုံပိတ်လျက် အသံ မထွက်အောင် ကျိတ်ရယ်နေလေ၏။ မဂ္ဂဇင်းစာအုပ်စင်မှာ စာအုပ်ရွေး ဆွဲသွားတတ်၍ ကျွန်မက စာအုပ်များ ယူမကိုင်ရန် ကြိမ်းထားရ၏။ ကျွန်မ အလစ် တိတ်တိတ် ယူသွားပြီး တစ်ချောင်ချောင်တွင် ကျိတ်ဖတ်နေတတ်သော ဘုန်းကြွယ်။

အိမ်တွင် မဂ္ဂဇင်းစာအုပ်တွေ တစ်ပုံကြီး ရှိသည့်အနက် ဒီကဗျာကလေး ကိုမှ ရွေးချယ်၍ ဘာကြောင့် ကူးရေးချင်စိတ် ပေါက်ရသနည်း၊ မလုပ်ခိုင်း ဘာကြောင့် ကူးယူရေးသနည်း။ ထို့ပြင် **ရန်ကုန်ဘုန်းကြွယ်**။

ကျွန်မ စဉ်းစား တွေးတောနေသော အချက်အလက်များသည် ခေါင်းနှင့် မဆံ့ ပြည့်နေလေသည်။

**'ငှက်သံကကြွေး** ဆိုတဲ့ အဓိပ္ပာယ်ကကောကွာ၊ လုပ်စမ်းပါဦး'

ဘုန်းကြွယ်သည် အဓိပ္ပာယ် ရှင်းပြရန် ဟန်ပြင်လိုက်၏။

ယခုတစ်ခါ ဟန်ပြင်လိုက်ပုံမှာ လက်နှင့် ဖြစ်၏။ သူ့လက်ကလေးတို့ သူ့ခေါင်းပေါ်တွင် မိုးထားလိုက်သည်။ ပါးစပ်ထဲက သွားကြီးတွေကို စုပ်လျက် စကားတစ်ခွန်းနှင့် တစ်ခွန်းတွင် ရယ်ဖြဲရယ်ဖြဲ လုပ်၍ ပြောသည့်ပြင်၊ ခပ်ရွဲရွဲ မပီတပီကလေး အသံကလေးဖြင့် ရှင်းပြောလေ၏။ ပြောနေရင်း ခေါင်းပေါ်တွင် မိုးပြထားသော လက်မှ လက်ချောင်းကလေးများကို တစ်ချောင်းပြီးတစ်ချောင်း ထောင်လိုက် ချလိုက်နှင့် လှုပ်၍ ပြနေလေသည်။





'မြစ်ကမ်းနံဘေးမှာ ငှက်ကလေးတွေ၊ ဘာဘ ဟိုအပေါ်မှာ ဟောဒီလို ဟောဒီလို ပျံနေကြပြီး ငှက်ကလေးတွေက အော်နေတာ . . . ဘာဘ'

ကိုအောင်ဇေယျသည် မျက်လုံးကြီး ပြူးကျယ်ပြီး ရယ်နေလေသည်။

**'ရီးလေလေ့၊ ရီးလေလေ့** ဆိုတာကကောကွာ'

'ကလေးချော့တာ'

ကိုအောင်ဇေယျသည် ဘုန်းကြွယ်၏ ခေါင်းကို စာအုပ်နှင့် လှမ်းပုတ်လိုက် ကာ 'အာဂ ရန်ကုန်ဘုန်းကြွယ်ပဲဟေ့' ဟု ဆိုလိုက်၏။ ဘုန်းကြွယ်သည် ပြုံး၍ နေလေသည်။

'ကဲ . . . ရှေ့ဆက်ဖတ်'

**'ဆောင်းလပြာသို၊ နှင်းစိုစို**

**ခွာညိုနဲ့သွေး၊ သဇင်မွှေး'**

ဘုန်းကြွယ်သည် အသံစာစာ၊ အသံပြာပြာနှင့် တစ်ပိုဒ်စီ အော်၍ ဖတ်ပြ သည်။

'အဲဒီ တစ်ပိုဒ်လုံး မင်းနားလည်သလို ဘာဘကို အဓိပ္ပာယ် ပြန်ပြစမ်း'

ဘုန်းကြွယ်သည် မျက်နှာပိုးသတ်လျက် တံတွေး မျိုလိုက်၏။ ထို့နောက် မျက်ခုံးနှစ်ဖက်ကို ပင့်၍ပင့်၍ လေဆက်မပြတ်အောင် အားထုတ်လျက် ရှိုက်နှိုက် ပြီး ပြောပြလေ၏။

'ပြာသိုလမှာ၊ ဆောင်းတွင်းမှာ နှင်းတွေက သိပ်ကျပြီး ရွှဲရွှဲစိုနေတာငဲ ဘာဘ။ သဇင်ပန်းတွေ၊ ခွာညိုပန်းတွေကလည်း မွှေးနေတာပဲ ဘာဘ'

'ဟုတ်ပေ့ကွာ . . . ခွာညိုတွေ၊ သဇင်တွေတောင် မင်းက သိလို့ ဟုတ်ပေ့ ကွာ၊ ကဲ . . . ဆက်ဦး'

**'မြောက်လေကပြန်၊ နှင်းငွေ့ထန်**

**ဟေးမန် . . .'**

'ဟေးမန် မဟုတ်ဘူးကွ၊ ဟေမန်'

**'ဟေမန်မို့လေး၊ စိမ့်အေးအေး**

**ရီးလေလေ့၊ ရီးလေလေ့'**

'ကိုင်း'

ဘုန်းကြွယ်သည် သူ့လက်နှင့် သူ့မျက်နှာကို ယပ်ခတ်ပြလျက် 'လေတွေ က မြောက်ဘက်က သိပ်တိုက်နေတယ် ဘာဘ'

'အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ'

'နှင်းတွေကလည်း သိပ်တိုက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကလာ နှင်းတွေက တိုက်ရမှာလဲကွဲ၊ နှင်းငွေ့တွေကွဲ။ ဆောင်းတွင်းမှာ မနက်စောစော ပါးစပ်ဟပြီး ဟူးလို့ မှုတ်လိုက်ရင် ဘာတွေ ထွက်လာသလဲ'

'အခိုးတွေ ထွက်လာတယ် ဘာဘ'

'အေး . . . အဲသလိုပဲ နှင်းခိုးတွေ၊ နှင်းငွေ့တွေကို ပြောတာ။ ထန်တယ် ဆိုတာကကော အဓိပ္ပာယ် သိသလား'

'ပြင်းထန်တာ'

ကိုအောင်ဖေယျသည် ဘုန်းကြွယ်၏ ခေါင်းကို တစ်ချက် လှမ်းပုတ်ပြီး လ:က် 'ရန်ကုန်ဘုန်းကြွယ်ကွ' ဟု အားပေးလိုက်သည်။

'ကဲ . . . ရှေ့ဆက်'

ဘုန်းကြွယ်သည် စာရွက်နှင့်မျက်နှာ အပ်ထားလျက် တစ်ခဏ ငြိမ်နေပြီးနောက် '**ဟေမန်ဆိုတာ အဓိပ္ပာယ် ကျွန်တော် မသိဘူး ဘာဘ**' ဟု ပြော၏။

'**ဟေမန်ဆိုတာ ဆောင်းတွင်း**ကို ပြောတာကွ၊ မှတ်ထားနော်'

ဘုန်းကြွယ်သည် မှိတ်သော မျက်လုံးဖြင့် စိုက်လျက် ရှေ့မဆက်ဘဲ စိတ်မှတ်နေလေ၏။

'ဆက်ပြောလေ'

'ဆောင်းတွင်းမှာ စိမ့်ပြီး သိပ်ချမ်းတယ်တဲ့'

'ဟုတ်တယ်ဟေ့ . . . ဆက်ဖတ်လိုက်ဦး'

**'မွေးမိရင်ခွင်၊ ခိုလှုံချင်**

**ရပ်ခွင်ညာကျေး၊ ဝေးလှသေး**

**ရှီးလေလေ့၊ ရှီးလေလေ့'**

'ဒေါ်ကြီးကို ဒီအဓိပ္ပာယ် လာပြောပြစမ်း'

ဘုန်းကြွယ်သည် မမျှော်လင့်ဘဲ ကျွန်မ အသံကြားလိုက်၍ ကျွန်မဘက်သို့ လှည့်ကြည့်လိုက်သည်။ အငိုက်ဖမ်းလိုက်သကဲ့သို့ပင် ကိုယ်ရှိန်သတ်သွားကာ ကျွန်မ အနားသို့ ခပ်ဖြည်းဖြည်း ရောက်လာသည်။ ကျွန်မ ရင်မှာ တဒိတ်ဒိတ် ခုန်နေလေပြီ။

ကျွန်မ ရှေ့၌ မျက်နှာသေလေးနှင့် ဖြစ်နေ၏။ လက်ချင်းလက်ချင်း ပွတ်နယ်နေလျက် အခန်းနံရံကို စိုက်ကြည့်နေလေ၏။ ထိုနောက် ပါးစပ်ကို ဟ ကာ လျှာတလှုပ်လှုပ်နှင့် အသံမထွက်ဘဲ လုပ်နေလေ၏။

'မင်း နားလည်သလို မင်း ဒေါ်ကြီးကို ပြောပြလိုက်လေ၊ ပြောကွဲ'

ကျွန်မမှာ မိုးတွင်း၌ လျှပ်စီးများ လက်လျက် ပြင်းထန်စွာ မိုးခြိမ်းနေသော





မိုးကြိုးများ ပစ်လိုက်လေမလားဟု တထင့်ထင့် တထိတ်ထိတ် စောင့်လင့်နေသော သူကဲ့သို့ပင် ဘုန်းကြွယ်၏ ပါးစပ်မှ ထွက်လာမည့် အသံကို တထိတ်ထိတ် တထင့်ထင့်ဖြင့် စောင့်လင့်နေမိ၏။ ကိုအောင်ဖေယျ၏ မျက်နှာကဲ့သို့ ပြုံးမနေဘဲ ကျွန်မ မျက်နှာမှာ ပျက်နေခြင်းကြောင့် ပြောရမှာ ရွံ့နေသလားလည်း မသိချေ။ အေးခါမှပင် ထစ်အ နေလေသည်။ အသံ လုံးလုံး မထွက်တော့ဘဲ ထက်အောက် နှုတ်ခမ်းများနှင့် လျှာကလေးသာ သွက်သွက်လှုပ်နေတော့၏။

'ပြောလေ၊ ဒေါ်ကြီးကို ပြောပြလိုက်လေ' သူ့ဘာဘက ဝင်ပြောပြန်လေသည်။

အကြာကြီး စဉ်းစားနေသော မျက်လုံးကလေးများကို အခန်းနံရံမှ ခွာလိုက်ကာ ကျွန်မ မျက်နှာကို စိုက်ကြည့်နေ၏။ ထိုနောက် သူ့ပါးစပ်ထဲ၌ သူ့အသက်ကလေးနှင့် မလိုက်အောင် ကြီးနေသော သွားကြီးတွေကို ဖော်ပြလျက် အပေါ်သွားများနှင့် အောက်သွားများ ထိပြီး အတင်း စေ့ထားလေ၏။

'ပြောစမ်းပါ ဘုန်းကြွယ်ရဲ့၊ မင်း နားလည်တဲ့ အဓိပ္ပာယ်ကို ဒေါ်ကြီးကို ပြောပြစမ်းပါ'

ကျွန်မက ထပ်မေးပြန်သည်။

ပြောရမှာ ခက်သလို၊ ရှက်သလို၊ ရွံ့သလို ဖြစ်နေသော ဟန်အမူအရာနှင့်လင်စွာ ဖြစ်နေပြီးနောက် ဘုန်းကြွယ်၏ ပါးစပ်သည် ပြန်ပိတ်သွားလေ၏။ မျက်တောင်ကလေး ပြန်စင်းလျက် စဉ်းစားနေပြန်လေသည်။

စောစောကလို ဘုန်းကြွယ် ဘာကြောင့် လျှာမသွက် အာမသွက်ဘဲ နှုတ်ဆွံ့ လေးသွားခြင်းကို အနားခြံရှိသော သူ့ဘာဘ စဉ်းစားမိချင်မှ မိမည်ဟု ကျွန်မထင်လိုက်သည်။

မျက်တောင်ကြီးများ စင်းလျက် စဉ်းစားနေလေသော ဘုန်းကြွယ်၏ အမူအရာထူးကို နောက်နောက်က နှစ်ကြိမ်တိုင်တိုင် တွေ့ကြုံ မှတ်သားခဲ့ရသော ကျွန်မကား ယခုတစ်ကြိမ် ထပ်၍ မြင်ရပြန်ချေပြီ။

၂

အထက်အညာ မန္တလေးမြို့၌ ဘုန်းကြွယ်၏အမေ မနှင်းသည် ဘုန်းကြွယ်ကို ဖွားမြင်ပြီး သုံးရက်မြောက်သောနေ့၌ သေဆုံးသွားလေ၏။ မနှင်း ဆုံးသည့်နေ့ပင် ဘုန်းကြွယ်သည် အိမ်ပေါ်မှ ဆင်းသွားရ၏။ ကျွန်မသည် သုံးရက်သား ရှိသော ဘုန်းကြွယ်လေးကို ပိုက်ထွေးကာ မန္တလေးမြို့မှ သူနာပြုဆရာမကြီး တစ်ဦးထံသို့ သွားရောက်လျက် ဘုန်းကြွယ်ကို မွေးပေးရန် သွားအပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြွယ်သည် သုံးရက်သားမှ နှစ်လသားအထိ ဆရာမကြီးအိမ်၏ ပုခက်အတွင်း၌ နေခဲ့ရလေပြီးနောက်၊ ဆရာမကြီး၏ အိမ်ပေါ်မှ ထိုအရွယ်တွင် ဆင်းခဲ့ရပြန်လေ၏။ ဘိုကလေးမြို့မှ ကျွန်မ အစ်ကိုကြီးဦးသိန်းလွင်နှင့် ရင်း ဇနီး မမသွင်တို့က ဘုန်းကြွယ်ကို သူတို့ မွေးစားမည်ဆိုကာ မန္တလေးမြို့မှ ဘိုကလေးသို့ ယူသွားကြလေ၏။

နှစ်လသားမှ သုံးနှစ်သားအထိ ဘုန်းကြွယ်သည် ဘိုကလေးမြို့၌ နေခဲ့ သည်။ ကျွန်မ အစ်ကိုကြီးနှင့် မမသွင်ကိုပင် အဖေ၊ အမေ မှတ်ထင်နေ၏။ မမသွင်သည် သူ့ မွေးသည့် သားသမီးများထက် ဘုန်းကြွယ်ကို သနားကရုဏာ ပိုကာ အနွံအတာခံပြီး နို့ဘူးတိုက် မွေးလေသည်။

ဘုန်းကြွယ် စကားပြောတတ်စ၌ စပြောသော စကားနှစ်လုံးမှာ တစ်လုံး က **မေမေ**ဖြစ်လျက်၊ တစ်လုံးက **သားသား** ဖြစ်လေ၏။ စကား တော်တော် ပြောတတ်သော အခါ၌ အမေနှင့်သား အပြန်အလှန် အချီအချ စကားပြောဆိုနေ ကြလျှင်၊ ဘုန်းကြွယ်၏ ပါးစပ်မှ မေမေနှင့်သားသား ဆိုသော စကားနှစ်ခွန်းမှာ ဆောက လူများ နားညည်းလောက်အောင်ပင် အခွန်းတိုင်း ထပ်နေလေ၏။

ဘုန်းကြွယ် လေးနှစ်သားလောက်တွင် အဖေဟု ထင်မှတ်နေသော ဦးသိန်း လွင်သည် အနိစ္စ ရောက်သွားလေ၏။

အစ်ကိုကြီး အလောင်းကို ခုတင်ပေါ်၌ ပြင်ပြီး မျက်နှာပေါ်၌ အဝတ်ဖြူ လွှမ်းထားလေရာ၊ အိမ်ပေါ် တက်လာသမျှသော ဆွေမျိုးများကို ဘုန်းကြွယ်က ဆီးကြိုပြောလေ၏။

'သားသားဖေဖေ ဆံပင်ညှပ်မလို့ အဝတ်ခြုံထားတယ်၊ ဆံပင်ညှပ်ကုလား က မလာသေးဘူး'

ဘုန်းကြွယ်သည် သူ့ကို မွေးစားသော အဖေ သေသွား၍ပင် သေသွားမှန်း မသိသော အရွယ်၌ အဖေတစ်ယောက် ပျောက်ဆုံးသွားလေ၏။ အဖေ ဘယ်သွား မှန်း မသိဘူးဆိုကာ ရှေ့ကထက် အမေကို ပိုကပ်နေလေ၏။

ဦးသိန်းလွင် သေဆုံးပြီး မမသွင်မှာ သူ့သမီးအကြီး ခင်စောမြင့်နှင့် မော်ဘီတွင် သွားနေရတော့ချေသဖြင့် ဘုန်းကြွယ်ပါ တကောက်ကောက် ပါသွား လေ၏။ ခင်စောမြင့်တို့ မော်ဘီမှ ညောင်လေးပင်သို့ ပြောင်းသွားကြသည့် အခါ တွင်လည်း ဘုန်းကြွယ်မှာ အမေနှင့် တန်းလန်းတန်းလန်း ပါသွားလေ၏။

မမသွင်၏သမီး ခင်စောမြင့်၌ သားနှစ်ယောက် ရှိသည်။ သားအကြီးက ဘုန်းကြွယ်ထက် လေးနှစ်ခန့် ကြီးသော မောင်မြင့်ခိုင်နှင့်၊ ဘုန်းကြွယ်နှင့် မတိမ်း မယိမ်း ငယ်သော မောင်မြင့်ထူးတို့ ဖြစ်ကြ၏။





ဘုန်းကြွယ်သည် ဘိုကလေးမှ ခင်စောမြင့်တို့ အိမ်သို့ ရောက်သွားသည်နှင့် သူ့ခိုလှုံရာဖြစ်သော သူ့အမေ၏ ရင်ခွင်သည် သူတစ်ဦးတည်း အစိုးမရတော့ချေ။ အသွင်၏ မြေးကလေးနှစ်ယောက်က ဘွားအေ၏ ရင်ခွင်ထဲတွင် တစ်ယောက် ပြီး တစ်ယောက် ဝင်ရောက် တိုးဝှေ့နေကြလေသဖြင့် ဘုန်းကြွယ်၌ ရန်သူတွေ ပြင်းကာ ရန်ပွဲ ခဏခဏ ဖြစ်နေလေ၏။ မမသွင် ပေါင်ပေါ်သို့ မောင်မြင့်ခိုင်နှင့် မောင်မြင့်ထူးကလေးတို့ ရောက်လာလျှင် ဘုန်းကြွယ်သည် အတင်း တွန်းဖယ် ပစ်လေ၏။ မမသွင်က သူ့မြေးများကို ချိုပိုးထားလျှင်လည်း ဘုန်းကြွယ်မှာ ခံမရပ်နိုင်အောင် ဖြစ်ကာ လူးလိမ့် ငိုနေလေ၏။

တစ်နေ့ နယ်လုသောကလေး ရန်ပွဲ စ လာ၏။

'ငါ့အမေကွ ...ဖယ်ကွ'

'မင်းမေမေ မဟုတ်ဘူးကွ၊ တို့မေမေရဲ့ မေမေကွယ့်။ မင်းမေမေ မဟုတ် ဘူး'

ဘုန်းကြွယ်ထက် လေးနှစ်ကြီးသော မောင်မြင့်ခိုင်က သူ့များထံမှ နားဝင် အားဖြင့် တစ်စွန်းတစ်စ ကြားဖူးနား၀ စကားဖြင့် ရင်ခွင်နယ်လုရာ၌ ဘုန်းကြွယ် ကို တွန်းဖယ်ပြီး အနိုင်ကျင့် ပြောလိုက်လေ၏။

ဘုန်းကြွယ်သည် မျက်ရည်ကြီး နှစ်ပေါက် ယိုကျလာလျက် မောင်မြင့်ခိုင် ကို ပြန်တွန်းဖယ်ပစ်လေ၏။ နယ်လုပွဲမှာ ထွေးလုံး သတ်ပုတ်ကြသည့်အထိ ရန်ပွဲ ဖြစ်သွားလေ၏။ ဤရန်ပွဲကို မမသွင်က ဖျဉ်ပြီး ဘုန်းကြွယ်ကို ကောနယ် နှစ်သိမ့်ရလေသည်။

'သားသားက မေမေ့သားပေါ့၊ မောင်မြင့်ခိုင်က အလကား ပြောတာ၊ သူတို့က 'သားသားကို ကစားတာ'

သူ့အမေ မဟုတ်ဘူးဟု ခံပြင်းအောင် ကြားလိုက်ရသော ဘုန်းကြွယ်သည် ဤရန်ပွဲဖြစ်သည့် နေ့မှစ၍ သူ့အမေအနားက မခွာတော့ပေ။ သူ့အမေမှ သူ့အမေ အစစ်ဟု တစ်ဖက်က ကလေးများကို အရှုံးမပေးနိုင်သော စိတ်ဖြင့် အမေ့ကို အလကားနေရင်းပင် မေမေ ခေါ်နေတတ်ကာ ကလေးနှစ်ယောက် ရှေ့၌ ပိုတာ ပိုချွဲပြနေတော့၏။

ခင်စောမြင့်၏ သားနှစ်ယောက်က တစ်ခုခု လိုချင်ကြ၍ ခင်စောမြင့်ကို ချွဲကပ် ပူဆာနေကြတာမြင်လျှင်၊ ဘုန်းကြွယ်လည်း အားကျမခံ မမသွင်ကို လည်ပင်းကို ဖက်လျက် သူတို့ လုပ်သလို လိုက်တုကာ ပူဆာပြလေ၏။ ပူဆာ တာ ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ ငါ့မှာလည်း အမေရှိတယ် အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မှုဆာနိုင်တယ်ဆိုသည့် သဘောသာ ဖြစ်လေ၏။ ဤသဘောသာလျှင် ဘုန်းကြွယ် လိုချင်တာ ဖြစ်လေ၏။

ကျွန်မမှာ သူတို့ဆီသို့ မကြာခဏ ရောက်သွားလေတိုင်း ဘုန်းကြွယ်၏ ဘဝကို လေ့လာ စူးစမ်း အကဲခတ်နေမိသည်။ ဘုန်းကြွယ်က အမေ အတင်းဆော် ပြနေသော အဖြစ်ကို ကြည့်လျက် မိတဆိုးဘဝကို ရင်နာမိလေသည်။

ဤက စ၍ ကလေးချင်း ရန်ဖြစ်လျှင် "မင်းအမေ မဟုတ်ဘူးကွ" ဟု မခံချင်အောင် ပြောတတ်ခြင်းကြောင့် မမသွင်မှာ ဤစကား အစပျောက်အောင် တတ်နိုင်သမျှ ကာကွယ် ဖုံးဖိနေရလေ၏။ အမေ မဟုတ်ဘူး၊ ဟုတ်တယ် ခဏ ခဏ သက်သေပြနေရသဖြင့် မမသွင်မှာ ဘုန်းကြွယ်အပေါ်၌ အမေအရင်းများ ထက် ပိုဂရုစိုက်ပြနေလေ၏။ ဘုန်းကြွယ် ယုံကြည်လောက်အောင် အမေအရင်း တွေထက် ပိုသည်းညည်းခံနေလေ၏။

ကလေးချင်း အတူတူ ဆော့ကစားနေကြပြီး စိတ်အခန့်မသင့်ကြ၍ ရန်ဖြ ဖြစ်ကြလျှင်၊ ဘုန်းကြွယ်ကို လက်သီးနှင့် နာအောင် ပိတ်ထိုးသည်ထက် မင်းအမေ မဟုတ်ဘူးကွ ဆိုသော စကားက ဘုန်းကြွယ် ပိုနာမှန်း သိလာကြသဖြင့်၊ အချင်း ချင်း ရန်ဖြစ်တာနှင့် "မင်းအမေ မဟုတ်ဘူးကွ" ဖြင့် ဘုန်းကြွယ်ကို အလဲထိုးလိုက် လေ၏။

ဘုန်းကြွယ်သည် ထိုအခါတိုင်း ဆတ်ဆတ်ခါ နာကြည်းသွားလေ၏။ အလွန် စိတ်ဆိုးသွားတတ်သည်။ မမသွင်၏ ရင်ခွင်ထဲသို့ ခေါင်းနှင့် ဝင်ဇော့ကာ 'ဘုန်းကြွယ်မေမေ မဟုတ်ဘူးတဲ့၊ ဘုန်းကြွယ်မေမေ မဟုတ်ဘူးတဲ့' ဟု ရှိုက်ကြီး ငင်ကြီး ပြောငိုလျက် မမသွင်ကို အတင်းအကျပ် ဖက်ထားတော့လေ၏။

တစ်နေ့သ၌ သားအမိနှစ်ယောက် ကုက္ကိုင်းအစ်မခြံသို့ အလည်လာကြပြီး နောက်ဖေး သစ်ပင်အောက်တွင် စကားလက်ဆုံ ကျနေကြလေ၏။ ကျွန်မမှာ အိမ်ထဲက အသာတိတ်တိတ် ချောင်းနားထောင်နေသည်။

'မေမေ ... သားသားကို မောင်မြင့်ခိုင်က လှည်းလမ်းကြောင်းက ကောက် လာတယ်ဆိုတာ ဟုတ်လား မေမေ'

'ဘယ်ကလာ ဟုတ်ရမှာလဲ သားသားရယ်၊ မောင်မြင့်ခိုင်က သားသားကို ရန်စနေတာပါ၊ သားသားဟာ မေမေ့သားပေါ့'

'မမကြီး ခင်စောမြင့်က မေမေ့သမီးဆို'

'ဟုတ်တာပေါ့။ သူက မေမေ့သမီး၊ သားသားက မေမေ့သား။ မမကြီး ခင်စောမြင့်နဲ့ သားသားက မောင်နှမပေါ့'

'မမကြီး ခင်စောမြင့်က ဘာဖြစ်လို့ မေမေ့သမီး ဖြစ်ရတာလဲ မေမေ'





မမသွင်သည် ရုတ်တရက် မဖြေတတ်၍ ရယ်နေလေ၏။ ရယ်နေရင်း မျက်ရည်ထွက်နေသဖြင့် 'မေမေ ဘာဖြစ်လို့ မျက်ရည်ထွက်အောင် ရယ်နေတာ လဲ' ဟု ထပ်မေးပြန်သည်။ မမသွင်သည် မျက်ရည်များကို ကပျာကယာ သုတ် လိုက်ပြီးနောက် သံကုန်ဟစ် ရယ်နေလေ၏။

'မေမေက ဘာဖြစ်လို့ ရယ်တာလဲ'

ကျွန်မမှာ ကွယ်ရာမှ တိတ်တိတ်ချောင်း နားထောင်နေရင်း ဘုန်းကြွယ်၏ စစ်ဆေး မေးမြန်းနေသော မေးခွန်းများကို ဆန်းစစ်လျက် နေမိ၏။ မောင်မြင့်ခိုင် တို့ ပြောလွန်း၍ သူ့စိတ်ထဲ သံသယများ ဖြစ်နေလို့လားဟု တွေးမိသည်။ အလွန် ငါးနုပ်သော ကလေးတစ်ယောက်ဖြစ်၍ ယခုနေ အမေ မဟုတ်မှန်း သိသွားလျှင် ဘယ်လောက်များ မျက်နှာငယ်သွားရှာမလဲဟု သနားမိလေတော့သည်။ သွားလေ သူ မနှင်းကို သတိရကာ မမသွင် မျက်လုံးကဲ့သို့ပင် ကျွန်မ မျက်လုံးများတွင် သည်း မျက်ရည်များ ဝဲနေလေ၏။

ဘုန်းကြွယ် ငါးနှစ်သားအရွယ်တွင် ဘုန်းကြွယ်၏အဖေ မောင်တင်ငွေ သည် ဟင်္သာတမြို့တွင် နောက်အိမ်ထောင် ပြုလေ၏။ အိမ်ထောင်ကျပြီး သူ့သား ကို သူ ပြန်ခေါ်မည်ဟု စီစဉ်လိုက်သည်။

တစ်အိမ်တည်း အတူနေ ပြိုင်ဘက် ဖြစ်နေသော ကလေးနှစ်ယောက် ရှေ့တွင် သူ့အမေမှ သူ့အမေအစစ်ဟု ဘယ်တော့မှ အရှုံးမပေးသော ဘုန်းကြွယ်ကို သူ့အဖေရင်းက အတင်း လာခေါ်သွားလေ၏။

ဘုန်းကြွယ်သည် မလိုက်ဘူးဟု အကြောက်အကန် ရုန်းသေး၏။ မတတ် သာသည့် အဆုံး ငိုကြီးချက်မဖြင့် သူ့အဖေ ခေါ်ရာနောက်သို့ လိုက်သွားရှာလေ၏။

ဘုန်းကြွယ်မှာ ဟင်္သာတတွင် အမေသစ်တစ်ယောက်နှင့် တွေ့ပြန်လေ သည်။ ဟင်္သာတက အမေသစ်ကို မေမေဟုပင် ခေါ်သည်။ ဘုန်းကြွယ် စိတ်ထဲ တွင် သူ့ကို မွေးစားခဲ့သော ညောင်လေးပင်က မမသွင်ကိုသာလျှင် အခါခါ အောင့်မေ့ နေမည်ဟု တစ်ခွေတစ်မျိုးလုံးက ထင်မြင်ချက် ပေးကြလေသည်။

ဘုန်းကြွယ်သည် ဟင်္သာတသို့ ရောက်သွားပြီး အမေအသစ်ကို အားရ အောင်မှ မေမေ မခေါ်လိုက်ရရှာဘဲ၊ သူ ရောက်ပြီး သုံးလေးလအတွင်း အမေ အသစ်မှာ ကွယ်လွန်အနိစ္စ ရောက်သွားပြန်ချေ၏။

ဘုန်းကြွယ်၌ မေမေ ခေါ်စရာ အမေ မရှိပြန်ချေပြီ။

ဘုန်းကြွယ်၏ အမေသစ် သေဆုံးသွားပြီးနောက် သားအဖနှစ်ယောက် ဟင်္သာတမြို့မှ ပြောင်းရွှေ့လာကြပြီး ကျွန်မနှင့်အတူ လာနေကြခြင်း ဖြစ်သည်။

အိမ်သို့ ဘုန်းကြွယ် ရောက်လာသည့် နေ့မှစ၍ ကျွန်မမှာ ဘုန်းကြွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ညောင်လေးပင်အမေအကြောင်း သို့မဟုတ် ဟသ်ာတအမေအကြောင်း သူ့အား အစဖော်မပေးဘဲ မသိလိုက် မသိဘာသာ လုပ်လျက် မေ့မေ့ပျောက်ပျောက် နေ စေသည်။

ဘုန်းကြွယ်တို့ ရောက်လာပြီး တစ်နေ့တွင် ညောင်လေးပင်မှ မမသွင် ကျွန်မ အိမ်သို့ ပေါက်လာလေ၏။ သူတို့သားအမိ ခွဲသွားပြီးမှ ပထမ ပြန်ဆုံခြင်း ဖြစ်၍ အိမ်ထဲ ဝင်လာသော မမသွင် အသံကြားကြသည်နှင့်ပင် ကျွန်မတို့ ရင်ထဲ လှိုက်ဖိုသွားကြလေသည်။ အမေကို ပြန်တွေ့ရင် ခွဲလို့ ရပါတော့မလား၊ အတင်း လိုက်သွားမလား စသည်အားဖြင့် တစ်အိမ်လုံးပင် သည်အတွေးမျိုး ပြိုင်တူ တွေးလိုက်မိကြသည်။

ဘုန်းကြွယ်ကို တွေ့တွေ့ချင်း မမသွင်သည် မျက်ရည်စမ်းစမ်းနှင့် လှမ်း ခေါ်လိုက်သည်။

ဘုန်းကြွယ်သည် မျက်တောင်ကလေး စင်းလျက် စဉ်းစားနေဟန်ဖြင့် အနားသို့ မသွားဘဲ စိုက်ကြည့်နေလေ၏။

ကျွန်မမှာ အထင်နှင့်အမြင် လွဲ၍ အံ့အားသင့်မိသည်။ မျက်တောင်ကလေး စင်းလျက် စဉ်းစားနေသော ဘုန်းကြွယ်၏ အမူအရာထူးသည် ကျွန်မ မျက်စိ ထဲ၌ တော်တော်နှင့် မပျောက်အောင် စွဲထင်နေတော့လေ၏။

'ခွဲတာ လေးငါးခြောက်လ ရှိသေးတယ်၊ စိမ်းသွားလိုက်တာ။ ဟသ်ာတက အမေကိုပဲ သူ့အမေ မှတ်သွားပြီ ထင်ပါရဲ့ မမလေးရယ်'

ဘုန်းကြွယ် ကွယ်ရာတွင် မမသွင်က ကျွန်မကို တိုးတိုးကပ်ပြောသည်။

'ကလေးကိုး မမသွင်ရဲ့၊ ဟသ်ာတက တွေ့ခဲ့တဲ့ အမေကိုပဲ အမေ မှတ်ချင် လည်း မှတ်နေမှာပေါ့။ ကျွန်မတော့ ဘာမှ သူ့ကို မမေးဘူး'

မမသွင် ပြန်သွားပြီး မျှားမကြာမီပင် မမသွင်သည် ညောင်လေးပင်၌ လေဖြတ်ပြီး အနိစ္စ ရောက်သွား၏။

'ဘုန်းကြွယ် ... မင်းမေမေ သေပြီ'

တစ်အိမ်လုံးက ဘုန်းကြွယ်ကို တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြလေ သည်။

ဘုန်းကြွယ်သည် မျက်တောင်ကလေး စင်းလျက် စဉ်းစားနေသော အမူ အရာဖြင့် တစ်ခွန်းမျှ မပြောဘဲ မျက်နှာမကောင်း ဆိတ်ဆိတ်ကလေး လုပ်နေ၏။

ကျွန်မသည် ဒုတိယအကြိမ် ထပ်၍ မျက်တောင်စင်းကာ စဉ်းစားနေသော ဘုန်းကြွယ်၏ အမူအရာထူးကို မြင်ရပြန်၍၊ အမျိုးမျိုး အကဲခတ် တွေးတောလျက် မစဉ်းစားတတ်အောင် ဖြစ်ခဲ့ဖူးသည်။

၃

ကြိမ်တိုင်တိုင် ကျွန်မ မြင်ဖူးခဲ့သော သူ၏ အမူအရာထူးသည် တစ်ခုခုပဲဟု စဉ်းစားတတ်အောင် ဖြစ်ခဲ့ရာမှ၊ ယခုတစ်ဖန် ကျွန်မ ရှေ့တွင် မျက်တောင် ကလေး စင်းကာ စဉ်းစားနေသော ဘုန်းကြွယ်ကို ပြန်တွေ့ရပြန်လေသည်။ 'အဲဒီ အဓိပ္ပာယ်ကို ပြောပြလေ' ဟု ထပ်ပြောလိုက်သည်။

မတုန့်မလှုပ် လုပ်နေပြန်သဖြင့် ကျွန်မက တစ်ခေါက် ပြန်ဖတ်ခိုင်းလိုက် သည်။

**'မွေးမိရင်ခွင်၊ ခိုလှုံချင်**
**ရပ်ခွင်ညာကျေး၊ ဝေးလှသေး**
**ရီးလေလေ့၊ ရီးလေလေ့'**

ကျွန်မ နားထဲတွင် သူဖတ်ပြသော အသံမှာ ငိုသံကလေးပင် ပါသွားသည် ထင်မိ၍ အဓိပ္ပာယ် ပြန်ရန် ချော့ပြောရလေသည်။

'အဲဒီ အဓိပ္ပာယ်ကို ဒေါ်ကြီးကို ပြောပြနော်၊ ခုနက ဘာဘာကို ပြောသလို ပြောပြပေါ့'

ချော့ကာ မေးနိုင်မှပင် ဘုန်းကြွယ်က အသံပျက်ပျက်နှင့် အဓိပ္ပာယ် ရှင်းပြောလေ၏။

'သိပ်ချမ်းလို့တဲ့၊ အမေ့ရင်ဘတ်ထဲမှာ အမေ့ကို ဖက်ပြီး နေချင်ပါတယ်တဲ့၊ အမေကလည်း မရှိဘူးတဲ့၊ ဟို ... အဝေးကြီးမှာတဲ့'

ကျွန်မသည် နှုတ်ခမ်းကို ကိုက်လျက် သူ့ကို စိုက်ကြည့်နေလိုက်၏။

အမိမဲ့သားဖြစ်သော ဘုန်းကြွယ်သည် ဤကဗျာကလေး ဖတ်ကာ သူ့ရင် ထဲ၌ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာပေလိမ့်မည်။ သူသည် အမေကို တိတ်တိတ်ကိုတ် ၍ သတိရလျက်၊ လွမ်းဆွတ်လျက် နေခြင်းသည် အထူး ပြောဖွယ်ရာ မရှိ။ အဓိပ္ပာယ် ရှင်းနေလေ၏။ ထို့ကြောင့် သူ့စိတ်နှင့် တွေ့သွားသော ဤကဗျာ ကလေးကို လိုလိုချင်ချင် ကူးယူရေးသည်သာ ဖြစ်၏။ ကူးရေးပြီး **ဘင်တင် (တက္ကသိုလ်)** နေရာ၌ **ရန်ကုန်ဘုန်းကြွယ်**ဟု လက်မှတ်ရေးထိုးခြင်းမှာ ဤကဗျာ သည် သူနှင့်သာ သက်ဆိုင်သော ကဗျာဖြစ်၍ သူပိုင် ကဗျာအဖြစ် လက်မှတ် ရေးထိုးချင်စိတ် ပေါက်သွားသည်ဟု ကျွန်မ ထင်သည်။

အမေကို တိတ်တိတ်ခိုး၍ လွမ်းရာတွင် ညောင်လေးပင်မှ အမေကို လွမ်း လေသလော၊ သို့တည်းမဟုတ် ဟသ်ာတ၌ ဆုံစည်းခဲ့ရသော အမေကို လွမ်းလေ သလော၊ ကွဲကွဲပြားပြား သိချင်သဖြင့် ကျွန်မက မေးရန် ကြံရွယ်လိုက်၍၊ ကျွန်မ မမေးခင် ကိုအောင်ဖေယျက အလျင် ဝင်မေးလိုက်သည်။

**သီဟရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



'အဖေးကြီးဆိုတာက ဘယ်လောက်ဝေးတဲ့ အဝေးကြီးလဲကွ၊ ဆို... ပါဦး'

'အညာမှာ'

ဘုန်းကြွယ် ပြောလိုက်သော အသံမှာ တိမ်သွားလေသည်။ ပြော... ခေါင်းကလေး ငိုက်စိုက်ကျသွား၏။

သည်တွင် စောစောက ကျွန်မ မေးလိုသော မေးခွန်းကို ကောက်မေးလို... သည်။

'ဘုန်းကြွယ် ... မင်းမေမေဟာ ဘယ်သူလဲ၊ မင်း သိလား၊ သိ... ခေါ်ကြီးကို ပြောပြစမ်းပါ'

ဘုန်းကြွယ်သည် ခေါင်းပြန်မော့လိုက်သည်။ ကျွန်မ မျက်နှာကို ကြ... လျက် မျက်တောင်ကြီးများကို ပင့်လိုက် ချလိုက် လုပ်လိုက်ပြီးမှ ခေါင်းညိတ်... လေ၏။

'သြော် ... မင်း သိတယ်။ သိရင် ပြောလေ'

'ကျွန်တော့်အမေက မနှင်း၊ အညာမှာ သေတယ်'

---

မောင်အရင်း ဦးတင်ဝင်း ...။





'အလိုလေးတော် ...'

လန့်ဖျပ်ကာ ယောင်ယမ်းအော်လိုက်သော ကျွန်မ အသံကို ဘာမျှ မမှု ... သကဲ့သို့ မျက်တောင် တဖျပ်ဖျပ် ခတ်လျက်သာ ကျွန်မကို ခပ်တည်တည် စိုက် ကြည့်နေလေ၏။

ကျွန်မမှာ ဟသာ်တာက အမေကိုများ ပြောလိမ့်မည်လားဟု မျှော်မှန်းထား ၏။ ကျွန်မ ရင်ထဲ၌ ဆတ်ဆတ်တုန်သွားလေသည်။

'မင်းကို မင်းအမေ မနှင်းလို့ ဘယ်သူက ပြောသလဲဟင်' ဟု ကျွန်မက ... အံ့တသြ ထပ်မေးလိုက်သည်။

'မမကြီး ခင်စောမြင့်က ကျွန်တော့်ကို ပြောပြတယ်'

'မင်းကို ဘယ်တုန်းက ပြောပြသလဲ'

ကျွန်မက အသက်မရှူဘဲ ထပ်မေးပြန်၏။

'ညောင်လေးပင်မှာ နေတုန်းက ကျွန်တော် လက်တွန်းလှည်းကလေး ... တွန်းပြီး အိမ်ရှေ့မှာ ဆော့နေတုန်း ဂိုးလင်းဘတ်မုန့်သေတ္တာဘူး ကိုင်ပြီး အိမ်ပေါ် ကို လူတစ်ယောက် တက်သွားတယ်။ အဲဒီလူ ပြန်သွားတော့ မမကြီးခင်စောမြင့် က ကျွန်တော့်ကို တိတ်တိတ်ကလေး ခေါ်ပြောပြတယ်။

'ခုနက လာတဲ့လူဟာ ကျွန်တော့်အဖေ တဲ့။ ကျွန်တော့်ကို မွေးဘဲ ကျွန်တော့်အမေက မနှင်းတဲ့။ ကျွန်တော့်ကို မွေးပြီး အညာမှာ သေသွားတယ်တဲ့။ မမကြီး ခင်စောမြင့်က တိတ်တိတ်ကလေး ပြောပြလို့ ကျွန်တော် တိတ်တိတ် ကလေး မှတ်ထားတယ်'

'လက်စသတ်တော့ အညာက သူ့အမေ ရင်ခွင်ထဲ သုဝင်ချင်လို့ ဒီဘာဇာ ကလေးကို ကူးရေးတာပါလား။ ပေါ်ပြီဟေ့ ... ရန်ကုန်ဘုန်းကြွယ် ပေါ်ကုန်ပြီ ဟေ့'

သူ့စကားအဆုံး သူ့ဘာဘက ဝင်ပြောလေ၏။ ဘုန်းကြွယ်သည် ရှက်ကိုး ရှက်ကန်းဖြင့် ခေါင်းပြန်ငုံ့သွားလေ၏။

'ဒီကဗျာကလေးကို မင်းသေတ္တာထဲမှာ သိမ်းထား၊ ကြားလား ... ရန်ကုန် ဘုန်းကြွယ်၊ အလွတ်ရအောင်လည်း ကျက်ထားနော်'

ကိုအောင်ဖေဖြူသာလျှင် ဘုန်းကြွယ်ကို စကား ဆက်လက် ပြောနေနိုင် သည်။ ကျွန်မမှာ ရန်ကုန်ဘုန်းကြွယ်၏ အဖြေကြားပြီး ရင်ထဲ၌ စိမ့်သွားလျက် မည်မျှလောက် ကြေကွဲသွားရသည်ကို စာအားဖြင့် ဖော်မပြပါရစေနှင့်။

[ ရှုမဝ၊ ဇက်တင်ဘာ ၁၉၆၁ ]

www.burmeseclassic.com

www.burmeseclassic.com

## မြေးအဘွား

၁

ခမောင်သိမ်းစိုး ကျောင်းမတက်ခင် တစ်နေ့။

'ဘဘ ... သားသား နက်ဖြန် ကျောင်းတက်ရတော့မယ်၊ ဘဘကို ရှိခိုးပါတယ်'

သားသားက သူ့ဘဘကို ထိုင်၍ ရှိခိုးသည်။ ကျွန်မမှာ သားသား ထိုင်၍ ဦးချနေပုံကလေးကို ကြည့်လျက် ဝမ်းနည်းဝမ်းသာစိတ်တို့ ရောထွေးနေသည်။

'သားသား ပညာတွေ အများကြီး တတ်ပါစေ၊ လိမ္မာပါစေ'

သားသားဘဘ သားသားကို ဘာတွေ ဆုပေးနေမှန်း လုံးစေ့ပတ်စေ့ပင် မကြားမိ။ ကျွန်မ မြေးကလေး ကျောင်းသွားတော့မှာပါကလားဟု မြေးကလေးကို တစိမ့်စိမ့် ကြည့်ငေးလျက် နေမိသည်။

ကျွန်မတို့ ထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်သောနေ့က အိမ်တွင် သားသားကို စ တွေ့ရသည်။ ကျွန်မ မလွတ်ခင် သားသားဖေဖေ မောင်သိန်းတန်နှင့် သားသားမေမေ မစန်းရီတို့ ကွာရှင်းကြသည်။ ကွာရှင်းကြပြီးနောက် သားသားမေမေက ငါးလသားအရွယ် သားသားကို အိမ်၌ ထားခဲ့ကြောင်း သတင်း ကြားသိပြီး ဖြစ်သည်။

ကျွန်မ အိမ်ပြန်ရောက်သည့် အခါ၌ သားသားမှာ တစ်နှစ်ခွဲအရွယ် ရှိ၍ နေချေပြီ။ "သူ့အမေက ပစ်ခဲ့သော ကလေး"ဟု အိမ်က ဆိုစမှတ် ပြုကြသည်။

"သူ့အမေက ကျွန်မကို ပေးခဲ့သော ကလေး"ဟု ကျွန်မက အသိအမှတ် ထားသည်။

သုံးနှစ်သားလောက်တွင် သားသားမှာ အရွယ်နှင့် မလိုက်အောင် အသံ ထူးခြားအောင်မြင်သော ကလေး ဖြစ်လာသည်။ သားသား၏ အော်ဟစ်သံသည် အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ဘေး ပျံ့လွင့် လွှမ်းဖုံးသွားလျက် အသံဝါကြီးနှင့် ပီသ ပြတ်သား ကြည်လင်သည်။

သီဟရတနာစာပေ



တေးဆိုခြင်း၊ ဘုရားရှိခိုး ရွတ်ခြင်းတို့ကို သံနေသံထားနှင့် ဆိုတတ်သည်။ တေးဆိုသည့်အခါ၌ သူ့တေးသံမှာ သူ့စိတ်ထဲ၌ ဖြစ်ပေါ်ရာကို တေးစပ်၍ဆိုသော တေးသံများ ဖြစ်သည်။ ဘုရားရှိခိုး ရွတ်ဆိုခြင်းလည်း ဘုရားကိုးဆူဆရာ ရွတ်သံကဲ့သို့ သူ့စိတ်ထဲ၌ အတွေးပေါ်ရာကို နဘေထပ်စပ်၍ ရွတ်ဆိုတတ်သော အသံများ ဖြစ်သည်။

တရုတ်မြန်မာ အရေးအခင်း ဖြစ်ပွားနေချိန်တွင် အိမ်အောက်ထပ်မှနေ၍ သားသား ဟစ်လိုက် ဟဲလိုက်သော အသံမှာ အိမ်နီးနားတစ်ဝိုက် ပျံ့နှံ့ ဖုံးလွှမ်း သွားသည်။

'ဒုက္ခပါပဲ မော်စီတုန်း ရယ်ဟာယ်ဟာယ် ... ဟဲဟာယ်'

ကျွန်မမှာ အိမ်ပေါ်မှ ပြေးဆင်းလာခဲ့ပြီး သူ့ပါးစပ်ကလေးကို အတင်း ပိတ်ရသည်။ မင်းသားကြီးတစ်ယောက် ပစ်ဟဲနေသကဲ့သို့ အသံဝါကြီးနှင့် ကျောင်းကောင်း ကြားမကောင်း ဟဲ၍နေသည်။

သားသား ရေချိုးပြီဆိုလျှင် ရေချိုးခန်းမှ လျှံထွက် မြည်ဟိန်းလာသော သူ့အသံမှာ နားတောင်၍ မငြီးလောက်အောင်သာ စီနေသည်။ ရေချိုးတိုင်း၊ သူ့ကိုယ်ပေါ်သို့ ရေတစ်ခွက် ခပ်၍ လောင်းလိုက်တိုင်း တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို သို့မဟုတ် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သို့မဟုတ် ၁၊ ၂၊ ၃၊ ၄ သို့မဟုတ် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ စသည် စသည် ရွှေ့ကာ မရပ်မချင်း မရပ်မနား ဟစ်၍ ဟဲ၍ အပြောင်းပြောင်း အလဲလဲ ဆိုတတ်သည်။

'သားသားအမေ ဘယ်သူလဲ'

ဘယ်သူက မေးမေး သားသားက ဖြေသည်။

'မွေး အမေက မစန်းရီ၊ ကျွေး အမေက ဂျာနယ်ကျော်မမလေး'

သုံးနှစ်သား၌ သောကြာနေ့တိုင်း ရွှေသွေးနှင့် ကာတွန်းစာစောင်များ ဝယ်ပေးရသည်။ အိမ်ရှိလူကုန် ဘယ်သူ့ကိုမျှ ချမ်းသာ မပေးဘဲ တစ်ယောက်ပြီး တစ်ယောက် လက်ဆွဲ ထိုင်ခိုင်းပြီး တစ်အုပ်လုံး ဖတ်ခိုင်းသည်။ စာစောင် တစ်အုပ်လုံး သူ အလွတ်မရမချင်း ထပ်ပြန်တလဲလဲ ဖတ်ပြရသူ ငြီးငွေ့လောက်အောင် ဖတ်ခိုင်းတတ်သည်။ သူ အလွတ်ရသလောက် ရှိမှ စာအုပ်ကို ရွေ့ခွာလျက် သူ ဖတ်တတ်ဘိသကဲ့သို့ စာသံပေသံများဖြင့် ဖတ်၍နေတော့သည်။

စာအုပ်ကို စိတ်စွဲလမ်းသော ကလေး၊ အမေ ရှိပါလျက် အမေကို မခြင် နုံးသေးသော ကလေး၊ အရွယ်နှင့် မလိုက်အောင် အသံသြဇာ ပြည့်ဝသော ကလေး၊ လိမ္မာသော ကလေး၊ သိတတ်သော ကလေးအဖြစ် ဝိသေသ များစွာဖြင့် အိမ်ခန်း လုံးက သူ့ကို ဖူးဖူးမှုတ်၍ ချစ်ကြသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်နှင့် ကိုးလအရွယ်၌ သားသား ကျောင်းသွားတော့မည်၊ နက်ဖြန် ကျောင်းတက်ရမည်ဖြစ်၍၊ လူကြီးနှင့် စာမဖတ်ရတော့ဘဲ သူကိုယ်တိုင် စာဖတ်ရ တော့မည်၊ စာတတ်တော့မည်ဟု ပျော်ရွှင်ကြည်နူးလျက် နေရှာသည်။

'မေမေ သားသား နက်ဖြန် ကျောင်းသွားမယ်၊ မေမေ့ကို ရှိခိုးပါတယ်'

သူ့ဘဘကို ရှိခိုးပြီး၍ ကျွန်မ ရှေ့၌ လာ၍ ရှိခိုး ဦးချနေသော သားသား ကို ကြည့်လျက် သူ့အမေ မြင်စမ်းချင်စိတ်ဖြင့် ဝမ်းနည်းရသည်။ ပညာသင်တော့ မည် အသိဖြင့် ဝမ်းသာမိသည်။

ကျွန်မ သားသားကို ဆုနှစ်မျိုး ပေးလိုက်သည်။ ဆုတစ်မျိုးမှာ အသံထွက် လျက် ထုံးစံအတိုင်း ပညာတတ်ပါစေကြောင်း ဆုရှည်ကြီး ဖြစ်လျက်၊ ဆုတစ်မျိုး မှာ သားသား မကြားအောင် အသံ မထွက်ဘဲ စိတ်ထဲက ပေးသောဆု ဖြစ်သည်။

"ကျောင်းတက်သည့်နေ့၌ ကျွန်မလို မဖြစ်ပါစေနဲ့၊ ကျောင်း၌ ပျော်ပါ စေ၊ ကျောင်းကို ခင်ပါစေ"

သားသား မကြားအောင် ရင်ထဲက ကျိတ်၍ ပေးလိုက်သော ထိုဆုကြောင့် ကျွန်မမှာ ထိုနေ့ည အိပ်မရအောင် ဖြစ်ရသည်။ တစ်သက်လုံး မမေ့နိုင်ခဲ့သော အတိတ်သည် အိပ်မရအောင် ကျွန်မ ရှေ့၌ ပေါ်ရောက်လာပြန်သည်။

ကျွန်မကို စ၍ ကျောင်းအပ်သောနေ့၌ အသက်မှာ ခုနစ်နှစ်။ ကျောင်းဆင်း ချိန် တစ်နေ့သော ညနေစောင်းတွင် အမေက ကျွန်မ လက်ကို ဆွဲလျက် အမည် စာရင်း သွင်းရန် ဆရာ့ရှေ့မှောက်သို့ ခေါ်ဆောင်သွားသည်။

ကျောင်းဆရာထံ၌ ကျွန်မ နာမည်စာရင်း ပေးအပ်သည့်အခါ၌ အမေက ဆရာ့ကို ကျွန်မ၏ ထူးခြားသော ဝိသေသများကိုပါ တစ်ပါတည်း သိစေအောင် ထုတ်ဖော်၍ ပြောအပ်သည်။

'သိပ်ဆိုးတာပဲ ဆရာ၊ သူ့ကို ဘယ်သူမှ မနိုင်ဘူး။ ဒီဘက်ကမ်းက ငိုတာ ဟိုဘက်ကမ်းက ကြားရတယ်။ ဒီအသက်အရွယ်ထိ ပုခက်နှစ်လုံး ထားရ တုန်းပဲ။ အပေါ်မှာ အိပ်မယ်၊ အောက်မှာ အိပ်မယ်နဲ့ ညတစ်ရေးနိုးရင် တကျည် ကျည်နဲ့ ချေးများပြီး တက်လိုက်ဆင်းလိုက် လုပ်တော့တာပဲ။ သားသမီးထဲမှာ သူ အဆိုးဆုံးပေါ့'

နားထောင်နေသော ဆရာက ကျွန်မကို တစ်ချက်တစ်ချက် မျက်စောင်း ထိုးပြီး ကြည့်ကာ 'တယ်... ဆိုးပါကလား' လို့ ဆိုလိုက်သည်။

'ဒီနေ့လည်း ထမင်းပွဲမှာ သူ့ကို ကျွေးဖို့ ပုစွန်တုပ်ကြီးကို ခေါင်းခြွေလိုက် တာနဲ့ ခြွေရပါ့မလားဆိုပြီး ထွန့်ထွန့်လူးလို့မှ ငိုတော့တာပဲ ဆရာ။ အသစ်လဲပေး လို့လည်း မရဘူး၊ ပြန်ချုပ်ပေးရမယ် ပြောလို့ အပ်နဲ့ အပ်ချည်နဲ့ ပုစွန်ခေါင်းကို ပြန်ချုပ်ပေးမှ အငိုတိတ်ပြီး သူ့ဟာသူ ဖဲ့ပြီး ထမင်းနဲ့ စားတယ်'





ဆရာ့မျက်လုံးက ကျွန်မကို ခပ်တင်းတင်း လှမ်းကြည့်ပြန်ကာ 'အော ပါကလား' ဆိုပြန်သည်။

'စားစရာ အထူးအထွေ ကျွေးစရာ ရှိရင် သူ့အနားကို ဘယ်က ကျလာမှန်း မသိရအောင် အလစ် ပစ်လိုက်ပြီးမှ ကောက်ကျွေးရတယ်။ နို့မို့ရင် မဝမချင်း တောင်းလို့မဆုံး၊ ငိုလို့မဆုံးဘူး။ မိုးပေါ်က ကျလာတာ ပြမှ မတောင်းတော့ဘူး'

ဆရာက နားထောင်ရင်း ခေါင်းတညိတ်ညိတ် တပြုံးပြုံးဖြင့် ကျွန်မကို ထပ်ကာထပ်ကာ ခပ်တင်းတင်း ကြည့်မြဲပင်။

'အခုလည်း ကျောင်းနေပါ့မယ်အကြောင်း ဓာတ်ကြီးဆယ်ဘွဲ့ကို တစ်ည တစ်ပုံ ပြောရတယ်။ ဆယ်ပုံစေ့မှ ကျောင်းနေမယ်ဆိုလို့ ဆယ်ရက် ဆယ်ည ပြောပြီးမှ ကျောင်းလာအပ်ရတော့ ဆယ်ရက် နောက်ကျသွားတယ်'

အမေက ကျွန်မ၏ ဝိသေသ ဆိုးကွက်များကို ဆရာ့အား အသိပေးပြီးမှ ကျောင်းဝင်ရန် စာရင်းသွင်းသည်။

'ဒါ ကျောင်းနော်၊ အိမ်မဟုတ်ဘူးကွ၊ ကျောင်းမှာတော့ မင်း ဆိုးလို့ ရဘူး ... မှတ်ထား'

ဆရာ ပြောသည့် စကားကို လုံးစေ့ပတ်စေ့ မမှတ်မိ ရှိရပေမည်။ သည် စကားကို ပြောသော ဆရာ့မျက်နှာထားကိုကား တစ်သက်မှာ ဘယ်တော့မှ မေ့မရအောင် အသည်းစွဲ၍ နေပါသည်။

ဆရာကား အသက်သုံးဆယ်အရွယ်၊ အမည်က ဆရာစိန်၊ ဆံပင်ရှည်နှင့် ခေါင်းပေါင်း ပန်းရောင်အုပ်ပေါင်း ပေါင်းထားသည်။ ဆရာ့ ခေါင်းပေါင်းမှာ သန်နားရွက်လို ထောင်နေသည်။ ရုပ်အင်္ကျီ လက်ရှည်အဖြူ၊ ကြယ်စေ့ ချောင်း တပ်သည်။ အသားက ဖြူဖြူ၊ မျက်လုံး ပြူးပြူး၊ နှာခေါင်း ပွပွ၊ အရင်မှာ ပြုတ်ပြုတ်၊ ပုဆိုး အစိမ်းပြောင်နှင့် ပုဆိုး အနက်ပြောင်ကို ဆရာ့ဆောင်း၌ ဝတ်ခဲ့သမျှ တစ်ချိန်လုံးပင် ဒီနှစ်မျိုးမှ လွဲ၍ ဘယ်သောအခါမှ အရောင်ပြောင်း၍ ဝတ်ခြင်း မတွေ့ရ။ နှုတ်ခမ်းအောက်မေး တစ်ဖက်၌ ရှိသော မှဲ့ပေါ်တွင် ပေါက် နေသော အမွေးရှည်မှာ လည်စလုတ်ကို ထောက်ကျနေသည်။

နကို ပြူးနေသော မျက်လုံး နှစ်လုံးသည် အရောင် တပြောင်ပြောင်ဖြင့် အပြင်သို့ ထွက်ပြူးလာလျက်၊ နကို ပွနေသော နှာခေါင်းက ပို၍ ပွင့်ကားသွားကာ မှ ပေါ်မှ အမွေးရှည်မှာ ဆင်းချည်တက်ချည် လုပ်နေသော သတ္တဝါတစ်ကောင် သို့ လှုပ်ခတ်နေလျက်၊ ကြီးမားသော မျက်နှာထားကြီးဖြင့် ကြိမ်းဝါးလိုက်သော ဆရာ့ မျက်နှာကို ကျွန်မ ဘယ်တော့မှ ဖျောက်ဖျက်၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com

၂

ဒေါ်ကိုအောင်စောင့် ဒရဝမ် လံဘားက ကျွန်မကို ချီပိုး၍ နံနက်ကျောင်းသို့ ပို့သည်။ ကျောင်း စတက်ရသော နေ့၌ အမေ လိုက်မလာဘဲ ပိုက်ဆံတစ်ပြား ပေး၍ ကျောင်းသို့ လံဘားနှင့် လွှတ်လိုက်သည်။

ကမကလူ ရွာကြီးမှ မူလတန်း တောကျောင်းသည် နံနက် ခြောက်နာရီ ကျောင်းတက်သည်။

ကျွန်မ ကျောင်းရှေ့သို့ ရောက်သွားသော အချိန်၌ “ကကြီးရေကေ၊ ကကြီး ရေးချကာ”ဟု ဆွဲငင် အော်ဆိုလျက် ရှိကြသော အသံဗလံများမှာ ကျောင်းရှေ့ရှိ အန်ထွက်နေကာ ကျောင်းတက်၍ နေချေပြီ။

အမေက ကျောင်းရောက်လျှင် မုန့်ပစ်သလက် ဝယ်စားရန် မုန့်ဖိုး ပိုက်ဆံ တစ်ပြား ပေးလိုက်ခြင်းကြောင့် အမေ့ အမှာအကြားအတိုင်း မုန့်စားရမည်။ ကျောင်းကတော့ တက်နေပြီ။ ကျောင်းတက်သွားပြီဖြစ်၍ အိုးခွက်များ သိမ်းဆည်း နေသော မုန့်သည်ကို မုန့်တစ်ပြားဖိုး တစ်ချပ်ပေးရန် ဝယ်သည်။

‘ဟဲ့ကောင်မလေး ... ဟိုမှာ ကျောင်းတက်နေပြီ၊ သွား သွား’

ကျွန်မက ဆန်ခါထဲ၌ ကျန်နေသော မုန့်ပစ်သလက် တစ်ခုကို ကောက် ယူလျက် ဆန်ခါထဲ၌ ပိုက်ဆံ ချလိုက်သည်။

‘ဟော ... ဟော ကိုရင်ပျားချိုသမီးကတော့ လုပ်ပြီ’

မုန့်ပစ်သလက်သည် ဒေါ်ကလေးမ အော်သံမှာ ဒီအကြောင်းကို စဉ်းစား လိုက်မိတိုင်း သူ့အသံ နားထဲသို့ ရောက်လာစမြဲ ဖြစ်သည်။

လံဘားက ကျောင်းတက်နေ၍ မစားရန် တားသည်။ ကျွန်မက မုန့်တစ်ခု လုံး ကုန်အောင် ရပ်စားနေပြီးမှ ကျောင်းပေါ်သို့ တက်ခဲ့သည်။

ကျောင်းပေါ်မှ တစ်ချိန်လုံး ကျွန်မကို ဆီး၍ ကြည့်နေသော ဆရာသည် ကျွန်မ အထက်က ဖော်ပြခဲ့သော မျက်နှာထားဖြင့် ကျွန်မကို စောင့်နေသည်။

‘လာခဲ့ လာခဲ့၊ ကျောင်းတက်နေတာ မမြင်ဘူးလား။ ဒီမှာ မတ်တတ်ရပ်’

ကျွန်မ စ၍ ကျောင်းတက်သော မနက်၌ပင် ဆရာက ဆီး၍ မတ်တတ် ရပ်ခိုင်းပြီး ဒဏ်ပေးလေသည်။ ကျွန်မမှာ ဆရာ ပြသည့် နေရာ၌ပင် ရပ်နေရသည်။ ကျောင်းထဲတွင် ကြမ်းပေါ်၌ ထိုင်ကြကာ စာအံနေကြသော ကျောင်းသူ ကျောင်းသားများမှာ ကျွန်မ မျက်စိထဲ၌ မမြင်စဖူး တစ်စုတဝေးကြီး တွေ့ရ၍ လှမ်းငေးကြည့်နေသည်။

ဆရာ ဒဏ်ပေးထားသော ကျွန်မကို ကျောင်းသူ ကျောင်းသားများ





ဆရာ့အလစ်၌ ရယ်ပြ၊ ပြောင်ပြကြ၍ သူတို့ကို မကြည့်တော့ဘဲ လမ်းဘက်သို့ မျက်နှာလွှဲထားသည်။

သင်ပုန်းကြီးကို ဆွဲငင်၍ ရွတ်အံနေကြသော အသံတို့မှာ ကြာတော့ ငြီးငွေ့ ပျင်းရိလာသည်။ အိပ်ချင်ခြင်းလည်း ဖြစ်သည်။ အများနည်းတူ ထိုင်၍ စာမအံရဘဲ မတ်တတ်ရပ်ခိုင်းထားမှုကို စိတ်မရှည်ဘဲ ဖြစ်နေသည်။ ကျွန်မ ရောက်နေသော နေရာနှင့်တကွ မြင်မြင်သမျှ အရာအားလုံးကို တစ်ချိန်ထက် တစ်ချိန် မုန်းတီး၍ လာသည်။

ကျွန်မ မြင်ကွင်းထဲ၌ ရွာ၏ နောက်ဖေးတန်း လယ်စပ်တွင် ကောက်ရိုး တိုက်နေသော နွားလှည်းများကို ငေးကြည့်နေ၍၊ မနှစ်သက်မှု အပေါင်းတို့နှင့် ကွတ်ကင်းကာ စိတ်သက်သာရာ ရနေသည်။ နွားလှည်းပေါ်၌ တက်စီးပါသွား သော ကျွန်မ စိတ်မှာ ကျောင်းပေါ်၌ ကျွန်မ မရှိတော့သကဲ့သို့ပင် လွတ်ကျွတ် နေသည်။

နေထွက်စ နေခြည်နုနုအောက်၌ တအိအိ သွားနေသော လှည်းများမှာ ငေးကြည့်၍ ကောင်းအောင် လှပ ဆွဲဆောင်နေသည်။ ကျောင်းပေါ်၌ မတ်တတ် ရပ်နေရသည့်အစား နွားလှည်းပေါ်၌ လိုက်စီးနေချင်၍ ခေါက်တုံ့ခေါက်ပြန် စီးလိုက်နေရသည်။

‘ဒီမှာ ကြည့်စမ်း’

ဆရာ၏ ငေါက်သံ။

‘နောက်ကို ကျောင်းတက်နေရင် မုန့်မစားရဘူး၊ နောက်တစ်ခါ မုန့်စား ရင် ဟောဒါကြည့်’ ကျောင်းထဲ၌ ဆူညံစွာ အော်ဟစ်ရွတ်အံနေသော စာအံသံ များသည် ဖြုန်းခနဲ ရပ်တန့် တိတ်ဆိတ်သွားကြသည်။

ခုံနိမ့် ထမင်းစားဝိုင်းဖြစ်သော ဆရာ့စားပွဲဝိုင်း ခုံကလေးပေါ်မှ ကလိုင် စား၌ ချထားသော ကြိမ်လုံးကို ဆရာက ဆွဲယူ၍ ထောင်ပြသည်။ ဖြုန်းခနဲ ရပ်တန့် တိတ်ဆိတ် ပျောက်ကွယ်သွားသော အသံတို့သည် ဝါးခနဲ ရယ်သံများ ဖြင့် ပြန်ပေါ်လာကြသည်။ ဆရာက စားပွဲကို ကြိမ်ချက်ပြင်းပြင်း ခေါက်လျက် ရယ်သံများကို တိတ်စေသည်။

‘သွား ... ဟိုမှာ ထိုင်’

ဆရာ့ကြိမ်လုံးဖြင့် ထိုးပြထားသော နေရာကို သွား၍ ထိုင်လိုက်ရသည်။ ကျောက်သင်ပုန်း၊ ကျောက်တံ ထားရန် ခုံမရှိ။ စာရေးချင်လျှင် ကျောက်သင်ပုန်း ရှေ့ချ၍ ကြမ်းပေါ်၌ ကုန်းဝပ်၍ ရေးကြရသည်။ ညောင်းညောင်းဖြင့် ကျွန်မ ထိုင်ချသော နေရာမှာ မုန့်ပစ်သလက်သည် ဒေါ်ကလေးမ၏သမီး မဒေါင်း အနား၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင် ထိုင်ချင်း မဒေါင်းက တံတောင်နှင့် တွက်သည်။ တံတောင်ပြီးတော့ ခြေထောက်ခတ်၍ တွက်သည်။ ဤသို့ ရန်စပြုမှုကို ငုံ့မခံဘဲ ပြန်၍ တုံ့ပြန်ရန် လက်မြှန်ခြေမြန် ရှိလှသော ကျွန်မကို စောစောက ဆရာ ထောင်ပြသော ကြိမ်လုံးက ငြိမ်ငြိမ်နေရန် သတိပေး တားဆီးနေသည်။

ကျွန်မမှာ ရန်စမှုကို မခံမရပ်နိုင်သော စိတ်ဖြင့် မဒေါင်းကို ကြည့်လိုက်၊ ကြိမ်လုံးကို ကြည့်လိုက်၊ ကြိမ်လုံး ကြည့်လိုက် မဒေါင်း ကြည့်လိုက်။

‘ဘာကြည့်နေသလဲ၊ ဝလုံး ရေး’

စာအံသံများ စဲသွား၍ ဆရာက ကျွန်မကို ဝလုံး ရေးခိုင်းသည်။

ဝလုံး မပြောနှင့်၊ ကကြီး ခခွေးပင် အိမ်မှ အဘိုးဦးကံကြီး သင်ပေး၍ ရေးတတ် ဖတ်တတ်နေသော ကျွန်မမှာ မဒေါင်းပေါ်တွင် ဖြစ်ပေါ်နေသော ဒေါသ စိတ်များ ပျောက်ကွယ်သွားလျက် ဝလုံးကို လွယ်လွယ်ကူကူ ထိုင်ကုန်းရေးသည်။ ကျွန်မ ရေးနေခိုက် မဒေါင်းကိုယ်လုံးမှာ ကျွန်မဘက်သို့ ယိမ်းပါလာသည်။ တံတောင်နှင့် ဆောင့်သလား၊ ဘာက ဘယ်လိုဖြစ်သည် မမှတ်မိ။ ကျွန်မ ရေးနေသော ကျောက်သင်ပုန်း ဆတ်ခနဲ ကွဲသွားသည်။

မဒေါင်းကို ကျောက်သင်ပုန်းဖြင့် တအားခုတ်မည်ဟု ကျောက်သင်ပုန်းကို ကုန်းကောက်၍ အထ၊ မဒေါင်းက လစ်ခနဲ ဆရာရှိရာသို့ ထ ပြေးသွားသည်။

‘ကျောက်သင်ပုန်း သူ့ဟာသူ ကွဲတာ၊ အဲဒါ ကျွန်မကို ရိုက်မလို့ ဆရာ’

ငွေနားသန်သီးကလေး တခါခါဖြင့် မဒေါင်းက ဆရာ့ကို ငိုမဲ့မဲ့ တိုင်ပြော နေသည်။

ဆရာသည် အထက်က ဖော်ပြထားသော မျက်နှာထားကြီးဖြင့် နှာခေါင်း ပွစိပွစိ လုပ်၍ ကျွန်မ နားသို့ ရောက်လာသည်။

‘ကြည့်စမ်း၊ အတော် ဆိုးပါကလား။ ထစမ်း ... မတ်တတ်ရပ်နေ’

ကျွန်မကို နံနက် ရှစ်နာရီ ကျောင်းဆင်းသည့် အချိန်အထိ မတ်တတ်ရပ် စေကာ ဒဏ်ပေးထားပြန်သည်။

ထိုစဉ်က ကျွန်မ တောင့်နေအောင် ရပ်နေရင်း ဒီကျောင်း၊ ဒီဆရာနှင့် မဒေါင်းကို စိတ်ဆိုးလျက် နာကြည်းမုန်းတီးသော စိတ်သည် တစိမ့်စိမ့် ယိုစီး နေသည်။ ဇာတ်တော်ကြီး ဆယ်ဘွဲ့ထဲမှ ဘူရိဒတ်နဂါးများလို ဆရာရော၊ မဒေါင်း ရော၊ ကျောင်းကိုပါ ကျွန်မ မျက်စောင်းဖြင့် ပြာချပစ်ချင်နေသည်။

ကလိုင်ခေါက်လျှင် လံဘားက ကျောင်းရှေ့၌ လာရပ်စောင့်နေသည်။ ကျောင်းသူကျောင်းသားများ ကျောင်းပေါ်က ပြေးဆင်းသွားကြသည်။ ကျွန်မမှာ ရပ်လျက်၊ မတ်တတ်ရပ်ခိုင်းကတည်းက ဆရာ့ကိုလည်း မကြည့်၊ ဘယ်သူ့ကိုမှ လည်း မကြည့်၊ စိတ်ဆိုးဆိုးဖြင့် မျက်စိကို စုံပိတ်ပြီး ရပ်နေသည်။





‘သွားတော့’

ဆရာ့အသံကြားမှ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

‘ဒါ ကျောင်း ... နားလည်လား၊ အိမ် မဟုတ်ဘူး၊ မဆိုးရဘူး’

ကျောက်သင်ပုန်းကွဲကို မကောက်တော့ဘဲ၊ ဆရာ့မျက်နှာကိုလည်း မကြည့် တော့ဘဲ ကျောင်းပေါ်မှ တစ်ဟုန်တည်း ပြေးဆင်းလာခဲ့သည်။

လံဘား အချီအပိုး မခံဘဲ အိမ်ရှိရာသို့ တန်းတန်းမတ်မတ် စွတ်ပြေးသည်။ အိမ်အဝင်ဝ၌ ‘ကျောင်းမနေချင်ဘူး’ ဟု ကုန်းဟစ် အော်ငိုလိုက်သော အသံသည် တစ်ရွာလုံး ညံစီသွားလေသည်။ အမေက ချော့၍ ထမင်းကျွေးသည်။ ထမင်း တစ်လုတ် စားလိုက်၊ ကျောင်းမနေချင်ဘူး ပြော၍ အော်ငိုလိုက်။ ကျွန်မမှာ ငိုရင်း ထမင်းစားတတ်သည်။ ငိုရင်း ရေချိုးသည်။ ငိုရင်း ကစားသည်။ အငို သန်လွန်း၍ တစ်အိမ်သားလုံးက ကျွန်မကို အော့ကြောလန်သည်။

ထမင်းစားပြီး ကျောင်းပြန်ချိန်၌ ကျွန်မကို အမေနှင့် လံဘားက လိုက်ပို့ ရန် ပြင်ဆင်ကြသည်။ ကျွန်မမှာ ကျောင်းမတက်ချင်၍ အိမ်ဆောင်ရှိ စပါးစည်ကြီး ကို ပတ်ပတ်လည်ပြေးလျက် ရှိသည်။ ကျောင်းမနေချင်ကြောင်း နှိုက်ကြီးတငင် ငိုကြွေးကာ စပါးစည့်ကြီးကို ပတ်ပြေးနေသည်။

ကျွန်မ အတော်မောမှ ဖမ်းမိကြသည်။ လံဘားက အတင်း ချီပြီး ကျောင်းဘက်သို့ ယူပြေးသွားသည်။ ကျောင်းရှေ့သို့ ရောက်လျှင် လံဘားက သူ့ကိုယ်ပေါ်မှ ကျွန်မကို ချလိုက်ပြီးလျှင် အိမ်ဘက်သို့ ပြန်လှည့်ပြေးသွားသည်။ လံဘား ချခဲ့သည့် နေရာနှင့် မဒေါင်း မုန့်လက်ဆောင်း သောက်နေသော နေရာမှာ တန်းနေသည်။

မဒေါင်းကို မြင်လိုက်တာနှင့် တစ်ချက်တည်း ဘာကိုမှ သတိမရတော့ဘဲ မဒေါင်း ရှိရာသို့ တန်းပြေးသွားသည်။

မဒေါင်း နောက်မှ မဒေါင်း၏ ဆံကျစ်ထုံးကလေးကို အောက်ပြန်ဆွဲ၍ လှဲလိုက်ကာ အပေါ်မှ ဖိ၍ အားရှိပါးရှိ ရိုက်တော့သည်။

‘လာကြပါဦး၊ လုပ်ကြပါဦး။ ကိုရင်ပျားချိုသမီးကို၊ ကိုရင်ဘ၏ သမီး’

မုန့်သည် ဒေါ်ကလေးမ အော်သံနှင့် ကျောင်းတက် ကလိုင်ခေါက်သံမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖြစ်ကာ ဆူညံလျက် ရှိသည်။

ဆရာ ကျောင်းပေါ်မှ ပြေးဆင်းလာသည်။ ကျွန်မနှင့် မဒေါင်းမှာ သုတစ်ပြန် ကိုယ်တစ်ပြန် သတ်လျက် မြေပေါ်တွင် လိမ့်နေကြသည်။

ဒေါ်ကလေးမက ကျွန်မကို ဆွဲထူသည်။ ဆရာက မဒေါင်းကို ဆွဲထူသည်။

‘မဒေါင်းဟာ မဒေါင်း မုန့်လက်ဆောင်း သောက်နေတာ ဆရာ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာပြီး အတင်း နောက်က လှန်လှဲပြီး ရိုက်တာပါပဲ။ အတော်ဆိုးတဲ့ ဟာ ကလေး'

ဒေါ်ကလေးမမှာ နံနက်ပိုင်း ကျောင်းပေါ်၌ မဒေါင်း ရန်စမှုကို မသိရှာ၍ ခုနစ်သံပြာစ၍ နေတော့သည်။

ကျွန်မ စိတ်ထဲ၌ မဒေါင်းကို ရိုက်လိုက်ရ၍ အတိုင်းမသိ ကျေနပ် စိတ်ချမ်း သွားသည်။ ကျွန်မ ဘာကြောင့် မဒေါင်းကို ရိုက်ရကြောင်း ဒေါ်ကလေးမ သိစရာ မလို။ ဆရာ သိစရာလည်း မလို။ မဒေါင်း သိဖို့ လိုသည်သာ ထင်နေသည်။

ဆရာကား ကျွန်မ အထက်က ဖော်ပြသော မျက်နှာထားကြီးနှင့် နှင်း ယောက်စလုံး ကျောင်းပေါ်သို့ ခေါ်တင်လာသည်။ မဒေါင်းမှာ တဝါးဝါး ငိုလျက် လိုက်ပါလာသည်။

'မနက်ကပဲ မဆိုးနဲ့ ပြောတယ်။ မရဘူး၊ နားမထောင်ဘူး။ ကိုင်း— လက်ဝါးဖြန့်'

ကျွန်မမှာ ကျောင်းစတက်သော နေ့၌ ဒဏ်ပေးခံရရုံမက ကြိမ်လုံးနှင့် အရိုက်ခံရသည်။

'မျက်စိဖွင့်'

ရိုက်ပြီး ဆရာက ငေါက်ပြောလိုက်သည်။

ကျွန်မကား မျက်လုံးလည်း မဖွင့်၊ လက်ဝါး ဖြန့်ထားခြင်းလည်း ပြန်၍ မရုပ်။ နဂိုက အငိုသန်ပါလျက်ဖြင့် တစ်ချက်မှ မမဲ့၊ တစ်စက်မှ မျက်ရည်မကျ။

ဆရာက မျက်စိ မဖွင့်၍ ဖြန့်ထားသော လက်ဝါးကို ထပ်ရိုက်လိုက်ဦးမည် ဟု ထင်နေသည်။ အတန်ကြာမှ ထပ်မရိုက်မှ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

ကျွန်မကို ဆရာက မျက်မှောင်ကြုတ်၍ စူးစူးစိုက်စိုက် ကြည့်နေသည်။ ကျွန်မကလည်း မျက်မှောင်ကြုတ်၍ ဆရာ့ကို ပြန်၍ စူးစူးစိုက်စိုက် ကြည့်နေသည်။

'လက်ချလိုက်'

ဆန့်တန်း၍ လက်ဝါးဖြန့်ထားသော လက်ကို ပြန်၍ ချလိုက်သည်။

'လက်ပိုက်၊ မတ်တတ်ရပ်နေ'

ကျွန်မမှာ လက်ပိုက်၍ မတ်တတ်ရပ်နေရပြန်သည်။ မတ်တတ်ရပ်နေစဉ် ကျောင်းသားကလေး တစ်ဦးက ဆရာ့စားပွဲနားသို့ ထ လာသည်။ ဆရာ့ရှေ့၌ ဒူးထောက်လျက် လက်မ ထောင်ပြလိုက်သည်။ (ရှေးက မြန်မာစာသင်ကျောင်း များတွင် အိမ်သာ သွားခွင့်တောင်းခြင်း ပုံစံဖြစ်သည်)

မကြာမီ ဆရာ့စားပွဲရှေ့၌ ကျွန်မ ဒူးထောက်လျက် လက်မ ထောင်လိုက် သည်။ ဆရာက မျက်နှာထားကြီးနှင့် ခေါင်းညိတ်ပြသည်။





ကျောင်းပေါ်မှ ကျောင်းနောက်ဖေးဘက်သို့ ဆင်းခဲ့ကာ အိမ်သာရှိရာသို့ ကွေ့တော့ဘဲ နောက်ဖေးလမ်းသို့ တစ်ဟုန်တည်း စွတ်ပြေးထွက်သွားသည်။ ကျွန်မ ပြေးသွားပုံကို ကျောင်းပေါ်မှ ဆရာက အတိုင်းသား မြင်ရသည်။

ဆရာက ကျောင်းရှေ့က ဆင်း၍ လိုက်သည်။ ကျွန်မ နောက်ဖေးတန်းမှ ခန်းစိုင်းပြေးရင်း အိမ်ကြား ကွက်လပ်များမှနေ၍ သုတ်ခြေတင် ပြေးလာသော ဆရာ့ခေါင်းပေါင်း ပန်းရောင်နှင့် ပုဆိုးစိမ်းကို နေရောင်ထဲ၌ ရိပ်ခနဲ ရိပ်ခနဲ မြင်နေရသည်။

ကျွန်မ ဖြတ်ပြေးသွားသော အိမ်တိုင်း၏ နောက်ဖေးဘက်မှ 'ဟဲ့ ဟဲ့ ဟဲ့' ဟု ဆူညံစွာ ဟစ်အော်၍ တားဆီးကြသော အသံတို့ကား တစ်အိမ်ပြီး တစ်အိမ် ခဲအောင် ရွာရိုးတစ်လျှောက် တစ်ဆက်တည်း ကူးစက် ဆူညံနေသည်။

အုတ်လမ်းမပေါ်၌ အပြေးအလွှား လိုက်လာသော ဆရာ့ကို မြင်ကြသော အိမ်တွေက 'နောက်ဖေးက ပြေးပြီ၊ ပြေးပြီ' ဟု ဆရာ့ကို အိမ်ရှေ့ထွက်၍ သတင်း ပို့နေကြသော အသံဗလံများမှာလည်း အုတ်လမ်းတစ်လျှောက် တစ်ဆက်တည်း ကူးစက် ဆူညံလျက် ရှိသည်။

ရွာလမ်း တစ်လျှောက်လုံး အိမ်ရှေ့၊ နောက်ဖေး အုန်းအုန်းကျွက်ကျွက် ဖြစ်နေချိန်တွင် ကျွန်မမှာ အိမ်ရှိရာသို့ မပြေးတော့ဘဲ၊ အိမ် မရောက်မီ သုံးအိမ် အလို၌ ဦးကြာဝှား တရုတ်ဆိုင်ကြားမှ ပြေးထွက်ခဲ့ကာ၊ အုတ်လမ်းကို ဖြတ်လျက် တစ်ဖက်အိမ်တန်း နောက်ဖေးဘက်သို့ စွတ်ပြေးသွားသည်။

ဆရာကား သူ့ရှေ့မှ လမ်းဖြတ်ကျော်၍ ထွက်ပြေးသွားသော ကျွန်မ နောက်သို့ ကွေ့လိုက်လာသည်။

ကျွန်မတို့ အိမ်မှ အဖေ၊ အမေ၊ အဘိုး၊ လဲဘား၊ တစ်အိမ်သားလုံး ကျွန်မ နောက်သို့ ပြေးထွက်လိုက်လာကြသည်။ နောက်ဖေးလမ်း၌ ထွက်မည့်ဆဲဆဲ လည်းနောက်မြီးပေါ်ကို တက်လျက် ပုန်းကွယ်ရန် ကောက်ရိုးထဲသို့ ခေါင်းရော၊ ကိုယ်ရော တိုးဝင်နေသည်။

နောက်မှ လိုက်လာကြသော လူအုပ်ထဲမှ အမေနှင့် လဲဘားက ကျွန်မကို လည်းပေါ်မှ ဆွဲချကြသည်။

'မတ်တတ် မရပ်ချင်ဘူး၊ မတ်တတ် မရပ်ချင်ဘူး'

လှည်းအောက် ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်မ ဟစ်၍ ပြောဆို လိုက်သည်။

ဆရာက သူနှင့် လိုက်ခဲ့ရန် ပြန်ခေါ်သည်။

'မတ်တတ် မရပ်ချင်ဘူး၊ မတ်တတ် မရပ်ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပါးစပ် မပိတ်ဘဲ ကုန်းအော် ကုန်းငိုသည်။

ဆရာက မတ်တတ် မရပ်ရဘူး၊ ပြန်လိုက်ခဲ့ရမည် ဆိုသည်။ ကမကလှ
တောင်ပိုင်းမှ ရှိရှိသမျှ အိမ်တိုင်းက ထွက်လာကြသော လူစုလူဝေးကြီးက
ရွာနောက်ဖေးတန်းတွင် ပွဲတော်တမျှ ကြိတ်ကြိတ်တိုး ဝိုင်းအုံနေကြသည်။


ဆရာ့ တစ်ကိုယ်လုံးတွင် ချွေးတွေ ရွှဲလျက်၊ ကျွန်မ တစ်ကိုယ်လုံး
ကောက်ရိုးတွေ ကပ်လျက်။ ကျွန်မက ရှေ့က၊ ဆရာက နောက်က၊ အမေနှ
လံဘားက ခပ်လှမ်းလှမ်းမှ လိုက်လျက် ကျောင်းဆီသို့ ပြန်ခဲ့ကြသည်။

ကျောင်းသို့အပြန် ရွာလမ်းတွင် လမ်းတစ်လျှောက်လုံး ပါးစပ် မပိတ်ဘဲ
"မတ်တတ် မရပ်ဘူး" ကို မရပ်မနား ပြောငို လိုက်ပါသွားသည်။

ကျွန်မမှာ ယနေ့ည အိပ်မရဘဲ ရာဇဝင် တွင်ခဲ့သော ကျောင်းစနေသော
နေ့ကို တရေးရေး ပြန်မြင်လျက် ရင်ထဲ၌ ပူလာသည်။ မောသလိုလို ရှိ၍ အိပ်ရာမှ
ထ ခဲ့သည်။ နာရီ ကြည့်လိုက်တော့ နှစ်ချက်ခွဲနေပြီ။

---

ဦးအောင်ဇေယျ၊ ခြေး မောင်သိမ်းစိုးတို့နှင့်အတူ ...။





ကျွန်မ ကျောင်းစနေသော နေ့က ကျောင်းကို မုန်းသွားသော ထိုအစွဲမှာ
ဘယ်မြို့ရောက်၍ ဘယ်ကျောင်းပြောင်းပြောင်း၊ ရောက်ရာကျောင်း၌ နာကျင်စွာ
ကျက်သည့် ဆရာ၊ ဆရာမနှင့် ကြုံရလျှင် ရိုက်ခံထိတာနှင့် တစ်ချက်တည်း မူလ
အစွဲ ထ လာကာ ကျောင်းပေါ်မှ ခွတ်ဆင်း ပြန်သွားတတ်သော ရာဇဝင်
ဆက်ဆက်တွဲများကား တစ်ကျောင်း တစ်ရာဇဝင် ရှိခဲ့သည်။ နောက်ဆုံး ကျွန်မ
နေခဲ့သော ကျောင်း၌ ကျောင်းမှ အိမ်သို့ အပြေးပြန်ခြင်းကြောင့် ပညာ တစ်ပိုင်း
တစ်စနှင့် အိမ်မှ ကျွန်မကို ဘယ်တော့မှ ကျောင်းပြန်ထား၍ မရသည့်အထိ
တစ်သက်တာအတွက် ကျောင်းနှင့် ပြတ်ခဲ့ရ၏။

သေရာပါမည့် အမာရွတ် တစ်ခုကဲ့သို့ အသည်းစွဲနေသော ယင်း အဖြစ်
အပျက်တို့ကြောင့် ထိုနေ့ည တော်တော်နှင့် အိပ်မရသဖြင့် အတော် ကြိုးစား၍
အိပ်ရသည်။

ကျွန်မ မြေးကလေး ကျောင်းသွားရန် ပျော်ရွှင် မြူးထူးနေပုံကလေးကို
အစိမ့်စိမ့် မြင်ကြည့်လျက်၊ ကျောင်းမှာ ပျော်ပါစေကြောင်း ထပ်မံ၍ ဆုတောင်း
ရင်း မှေးခနဲ အိပ်ပျော်သွားသည်။

နံနက်စောစော အိမ်အောက်ထပ်မှ မောင်သိမ်းစိုး ငိုသံဖြင့် လန့်နိုးရသည်။

'ကျောင်းမသွားချင်ဘူး၊ ဝါး... ဝါး။ ကျောင်းမသွားချင်ဘူး၊ ဝါး...
ဝါး'

တဝါးဝါး ငိုသံကို နားစိုက်ကာ အိပ်ရာမှ ကပျာကယာ ထ လိုက်ရသည်။

သားသားကို ကျွန်မ မျက်နှာပြ၍ မဖြစ်။ ကျွန်မကို မြင်လျှင် ပိုမို၍
ငိုလေတော့မည်။ ပိုမို၍ ဆန္ဒပြပေတော့မည်။

ညက ကျောင်းသွားရန် ပျော်ပျော်ရွှင်ရွှင် ဖြစ်ပြီးမှ ကျောင်းသွားခါနီး၌
ဖြစ်၍ ငိုသံကြောင့် ရင်တုန်လှသည်။

သားသားက ရှေ့မှ ငိုလျက်၊ ဒေါ်ဒေါ်က နောက်က။ သူတို့ ခြံဝင်းထဲမှ
ကျောင်းသို့ ထွက်သွားကြပုံကို အပေါ်ထပ်မှ ဆီး၍ ကြည့်ရင်း ကျွန်မမှာ ရင်ကို
ဖိကာ ထပ်၍ထပ်၍ ဆုတောင်းနေရသည်။

'သားသား အမေ့လို မဖြစ်ပါစေနဲ့။

'သားသား ကျောင်းမှာ ပျော်ပါစေ၊ ကျောင်းကို ခင်ပါစေ'

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၇၁ ]

www.burmeseclassic.com

www.burmeseclassic.com

# မိညို

၁

မည်မျှပင် စိတ်ညစ်နွမ်းနေသည် ဖြစ်စေ၊ ဆရာနှင့် တွေ့ဆုံရလျှင် စိတ်အေးချမ်း သွားရမြဲတည်း။

ဆရာ ဦးသိန်းဟန်(ဇော်ဂျီ)မှာ အေးအေးဆေးဆေး အမူအရာရှိလျက် ဖြည်းဖြည်းညင်သာ ပြောတတ် ဆိုတတ်သူ ဖြစ်လေသည်။ ညင်ညင်သာသာ ခပ်ပြာပြာ ဟောပြနေသော စကားနောက်သို့ ထက်ကြပ်မကွာ လိုက်လျက်ရှိနေသော ဆရာ၏ ပင်ကို ဆင်ခြင်တုံတရားဖြင့် ပိုင်းခြား ဝေဖန်ပြသော အလင်းရောင် သည် စိတ်နွမ်းခြင်းကို လန်းစေသည်။ ဆရာဦးသိန်းဟန်နှင့် တွေ့ဆုံရသည့် အခါတိုင်း အေးမြသော အရိပ်တစ်ခုခုအောက်သို့ ဝင်လိုက်ရသလိုပင် ရှိသည်။

ထိုနေ့က ဆရာ့ဧည့်ခန်းထဲ၌ မင်းယုဝေလည်း ရှိသည်။ ဆရာက ဧည့်ခန်း ထဲ ဝင်ထိုင်သော ကျွန်မ အမူအရာကို အကဲခတ်ကာ 'မမလေး ... နင့်ကြည့်ရတာ မရွှင်မလန်းနဲ့ဟာ၊ ဘာဖြစ်လာသလဲ' ဟု မေးပေသည်။

ကျွန်မမှာ အမြတ်တော်ကြေးရုံးက အပြန် "လှ" ကျောင်းနှင့် စိန့်ဖိလိုမီနာ ကွန်ဗင့်ကျောင်းမှ ကလေးတွေကို ကျောင်းကြိုရန် အချိန်စောနေသေးသဖြင့် ဆရာ့အိမ်သို့ ခဏ ဝင်သည်။ ကျွန်မ ဘဝတွင် အခက်အခဲ ပြဿနာ အမျိုးမျိုး တွေနှင့် တွေ့ကြုံရင်ဆိုင်ကာ ကျော်နင်းနေရသူ ဖြစ်ခြင်းကြောင့် ကျွန်မနှင့် တွေ့ဆုံတိုင်း ဆရာက စိတ်ချမ်းသာမှု ရှိမရှိ အကဲခတ်ပုံ ရသည်။

'စိတ်ထဲ နည်းနည်းတော့ အနှောင့်အယှက် ဖြစ်လာမိတယ် ဆရာရယ်၊ အမြတ်တော်ကြေးရုံးမှာ အစစ်ခံပြီး ဆရာ့ဆီ ဝင်လာတာပါ။ ယောက်ျားရှာတဲ့ ပစ္စည်းဝင်ငွေပေါ်မှာ မယားစရိတ်၊ သားသမီးစရိတ် သတ်မှတ် နုတ်ပေးထားတယ်။ ယောကျ်ား မရှိတဲ့ မိန်းမတစ်ယောက် အဖို့တော့ သူ ရှာတဲ့ ဝင်ငွေပေါ်မှာ အမြတ် တော်ကြေး ကောက်တဲ့အခါ သားသမီး စရိတ်သာ အနုတ်ခံရပါတယ်။ သူ့အတွက် သူ့စရိတ် မနုတ်ရဘူး။ ဒါကို ကျွန်မ စဉ်းစားလာပြီး မုဆိုးမ ဘဝ နစ်နာတာကို တွေးလာမိပါတယ်'

ကျွန်မက ပြောဆိုပြီး မျက်နှာ ရွှင်ရွှင်လန်းလန်း ပြင်ထားလိုက်သည်။ ထိုနေ့က ဆရာနှင့်ကျွန်မ ခါတိုင်းလို စာပေအကြောင်း မဆွေးနွေးဘဲ အခြား





ကြာမြင့်စွာပင် လောကကြောင်း၊ ဓမ္မကြောင်းများ ဆွေးနွေးပြောဆို နေကြလေ သည်။ ဓမ္မကြောင်းကို ဆွေးနွေးနေရင်း အကြောင်းတစ်ခု စပ်မိသည်နှင့် ကျွန်မက ပြောသည်။

'ကျွန်မ စိတ်ထဲ လောကကြီးမှာ ခဏပဲ နေရတာဆိုတာ အမြဲစွဲနေတော့ မနှစ်မြို့စရာ တွေ့တွေ့၊ မခံချင်စရာ တွေ့တွေ့၊ တတ်နိုင်လို့ နိုင်လိုမင်းထက်ပဲ ပြုပြု ... ဆရာရယ်၊ ကြိတ်မှိတ် သည်းခံလိုက်တာပဲ။ ခဏပဲဆိုတာ အမြဲစွဲထား တော့ သည်းခံမှုဟာ ရလာပါတယ် ဆရာ'

ဆရာသည် စဉ်းစားသော မျက်လုံးဖြင့် ငြိမ်သက်လျက် နေရာက ခဏအေး အေး ပြုံးလေသည်။

'နေရာတကာ သိပ် သည်းခံလွန်းရင်လည်း မကောင်းဘူးဟ၊ နည်းနည်း တော့ အကြောင်းပြသင့်ထိုက်ရင် ပြရမယ် မဟုတ်လား'

ကလေးများ ကျောင်းကြိုပြီး ဆရာ့အိမ်ရှေ့သို့ ကားရောက်လာ၍ ကျွန်မ က စကားဖြတ်ကာ ပြန်ရန် နှုတ်ဆက်လျက် ထွက်ခဲ့သည်။ ဆရာသည် ကားနား အထိ လိုက်ပို့ပြီး ကားထဲ၌ ထိုင်နေသော ကလေးများကို ကုန်းကြည့်လိုက်သည်။

ကားသည် ဆရာတို့ အိမ်ဝင်းမှ ထွက်လာခဲ့လျှင် ကျွန်မ ဘေး၌ ထိုင်နေ သော မခင်လေးမြင့်က 'ဟို ... ဦးလေးက မေမေ၊ မိညိုကိုလေ သေသေချာချာ ငုံ့ပြီး ကြည့်လိုက်တယ်' ဟု ပြောလေ၏။ ကားရှေ့၌ ဒရိုင်ဘာ ဘေးတွင် ထိုင်နေ သော မိညိုသည် နောက်သို့ လှည့်လိုက်ကာ 'ဟုတ်တယ် ကြီးကြီးရဲ့၊ မိညိုကို ငုံ့ကြည့်ပြီး ကြည့်တယ်' ဟု ပြုံးစိပြုံးစိဖြင့် ပြောလျက် ပြန်လှည့်သွားလေ၏။

မိညိုအား ထူးထူးဆန်းဆန်း အနေမျိုး ဆရာဦးသိန်းဟန် ကြည့်လိုက် သည် ဆိုလျှင်လည်း ကြည့်ချင်စရာပေပင်။ မိညိုမှာ အသားမည်းမည်း၊ မျက်ခုံး မဲမဲ၊ နှာခေါင်းပြား၊ မျက်နှာဝိုင်းကလေးဖြင့် အညာကျေးလက်မှ အညာသူ ရုပ်ကလေးနှင့် တစ်ရုပ်တည်း တူနေသည်။ သူ့အသက်မှာ ၁၁ နှစ် ခန့်သည်။ သူ့ခေါင်းက ဂျပန်ဆံတောက်ကလေးနှင့် သူ့ကိုယ်၌ ဝတ်ဆင်ထားသော ကွန်ဗင့် ကျောင်းဝတ် ဂါဝန်နက်ပြာတို့သည် မိညို၏ အညာရုပ်ကို မပံ့ဖိုးနိုင်၊ ဆရာ ဦးသိန်းဟန်မှာ မခင်လေးမြင့်နှင့် အသွေးအမွေး မတူသော မိညိုကို သူက ဘယ်သူ များလဲ ဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်ခြင်းသာ ဖြစ်ပေမည်။

အကယ်၍ သူတို့သည် ကားပေါ်မှ ဆင်းကြကာ အိမ်ထဲသို့ ဝင်လာကြမည် ဆိုလျှင် "ဟဲ့ ... မမလေး၊ သူက ဘယ်သူလဲဟ" ဟု ဆရာက မိညိုကို ကြည့်ကာ မေးပေလိမ့်မည်။

မိညိုအကြောင်းများ ပြောပြရမည်ဆိုလျှင် ဆရာ့အိမ်မှ ထွေထွေထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ထ ပြန်နိုင်ကြမည် မထင်။ ဆရာ့အား မိညို၏ ပုံပြင်ဝတ္ထုကို အစအဆုံး ပြော ရမည်သာ ဖြစ်လေသည်။

ကလေးတွေက ဆရာ မိညိုကို ငုံ့ကြည့်လိုက်သည် ပြောကြ၍ ကျွန်မ ကားပေါ်တွင် "မိညို" အကြောင်းကို တစ်လမ်းလုံး တွေးလာကာ မိညို၏ အတ္ထုပ္ပတ္တိကို ဆရာ့အား စုံစေ့စွာ စိတ်ထဲ၌ ပြောပြလျက် ရှိနေတော့သည်။

၂

မိညိုသည် ပခုံးတွင် လွယ်အိတ်ကလေး လွယ်လျက် ကျွန်မ အိမ်ပေါ်သို့ တက်လာ သည်။ ဧည့်ခန်းထဲ၌ ရပ်နေကာ တရှုပ်ရှုပ် ငိုကြွေးနေလေ၏။

ကျွန်မသည် မိညို၏ ငိုသံကို အခန်းထဲမှ နားထောင်နေရင်း ရင်ထဲ၌ ကျပ်လာလေ၏။ အသက်ရှုလို့ မဝသလိုပင် မောလာသည်။ ခေါင်းထဲ၌ ရှုပ်လွန်း၍ နှုတ်ခမ်းကို ကိုက်ထားကာ မျက်ခုံးနှစ်ဖက် တွန့်ရှုံ့နေသည်။ သူ့ငိုသံသည် နားမချမ်းသာစရာ ကောင်းလှကာ နားနှစ်ဖက်ကို ပိတ်ရပြန်သည်။

မိညို၏ ငိုသံသည် မစဲနိုင်တော့ဘဲ ရှိုက်လျက်သာ ငိုကြွေးနေလေ၏။ အခန်းထဲမှ ကျွန်မ မထွက်မချင်း တိတ်တော့မည် မဟုတ်ချေ။ ကျွန်မမှာ သူ့ကို မကြည့်ချင်၊ မမြင်ချင်လျက် မတတ်နိုင်ဘဲ စိတ်နောက်နောက်ဖြင့် အခန်းထဲမှ ထွက်ခဲ့ရသည်။

အိမ်ရှေ့ဧည့်ခန်းတွင် မိညိုသည် လှေကားပေါင်ကို မှီရပ်လျက် သူ့မျက်နှာ ကို လက်ဝါးလေးဖြင့် အုပ်ကာ တရှုပ်ရှုပ် ငိုကြွေးနေလေ၏။ မိညို၏ အဒေါ် မရီသည် နီမြန်းနေသော မျက်နှာဖြင့် လသာခန်းပေါက်ဝ၌ ဆောင့်ကြောင့်ထိုင်ကာ ဆေးလိပ်တိုကို စိတ်လိုက်မာန်ပါ နင်းကန် ဖွာနေလေ၏။ မရီသည် အခန်းထဲမှ ကျွန်မ ထွက်လာ၍ ကျွန်မ မျက်နှာကို ရဲရဲ မကြည့်ဝံ့ဘဲ ဆေးလိပ်မီးခိုးနောက်သို့ လိုက်ကြည့်ရင်း 'မအူပင် သွားပြီ' ဟု အသံတုန်တုန်ဖြင့် ပြောနေသည်။

ကျွန်မ၏ မျက်လုံးထဲ၌ ဝင်းခနဲ ဖြစ်သွားကာ နီးရာ ကုလားထိုင်၌ ထိုင်လိုက်ရသည်။

'သံချောင်းတော့ အညာသားနဲ့ ပါသွားပြီ၊ မိရွှေကြည်ကတော့ အငယ်မ ပိုက်ပြီး မအူပင် သင်္ဘောဆင်းလေရဲ့'

မရီ စကားမဆုံးမီ ကျွန်မမှာ စိတ်မချုပ်တည်းနိုင်တော့ဘဲ 'ကောင်းကြတာ ပေါ့အေ' ဟု အော်လိုက်မိသည်။ မရီမှာ တိတ်သွားလေ၏။

'လင်မယားကွဲတာ ငှက်ပျောသီး အခွံနွှာလိုက်သလိုပဲ၊ လွယ်လိုက်ကြတာ အိမ်ပေါ်က တစ်ယောက်တစ်ကောင် ဆွဲဆင်းသွားကြပြီး မိညိုကျတော့ ငါ့ဆီ ပို့လိုက်တယ်၊ ဟန်သအေ'





ကျွန်မသည် ရင်ထဲ၌ ဆွေ့ဆွေ့ခုန်လျက် မိညိုဘက်သို့ လှည့်ကြည့်လိုက် သည်။ မိညိုသည် ဂျပန်ဆံတောက်ကလေး ခါခါ ခါခါနှင့် တသိမ့်သိမ့် ရှုံ့ရှိုက် လျက် နေရာက ကျွန်မ သူ့ကို ကြည့်လိုက်၍ ခေါင်းငုံ့သွားလေ၏။ ကျွန်မမှာ သူ ဝတ်ထားသော စိန်ဖီလိုမီနာ ကွန်ဗင့်ကျောင်းဂါဝန်ကို စိုက်ကြည့်လျက် ရင်ထဲ၌ သက်ပြင်းကြီး ချမိသည်။

ကျွန်မတွင် သားသမီး သုံးယောက်တာဝန်ကို မနိုင်မနင်း ထမ်းနေရသူ ဖြစ်သည်။ နောက်ထပ် တစ်ယောက်တိုး၍ ခေါင်းပေါ်သို့ တင်ပြန်ဦးမည့် ဝန်ထုပ် ကြီးအတွက် ခေါင်းလေးသွားလေသည်။ မိညို၏ ကျောင်းစရိတ်မှာ ကျောင်းလခ၊ မော်တော်ကားခ၊ မုန့်ဖိုး၊ တစ်လ ၅၀ ကျပ်ခန့် ရှိသည်။ စားစရိတ်၊ အဝတ်အစားဖိုး ပါသေးချေ။ ကျွန်မက သူ့တာဝန် မထမ်းနိုင်ဘူးဟု ပြောရအောင်လည်း အပြောရ ခက်လေ၏။

မိညိုမှာ အဖေနှင့် အမေက တာဝန် မယူနိုင်ဘူးဟု ပစ်ပြေးကြသော သားပစ် ကလေးတစ်ယောက် ဖြစ်လာသည်။ မိညို၏ အမေဘက်မှ အရင်းအချာ အား ဖြစ်သော သူ့အမေအစ်ကို မောင်သိန်းဟန် (ပြည်ထောင်စုဘဏ်စာရေး)နှင့် သူ့အမေ၏ညီမ မရီတို့မှာ အိမ်အမှု ရှုံးကြ၍ အိမ်ပေါ်မှ ဆင်းပေးကြရကာ ယာတရက် အိမ်ငှားမရ၊ အိမ်နေစရာ မရှိသဖြင့် ကျွန်မ အိမ်ပေါ်သို့ အကုန် ရောက်လာကြခြင်းကြောင့် ကျွန်မမှာ မိညိုကို အိမ်မှာ မထားနိုင်ကြောင်း၊ တာဝန် မယူနိုင်ကြောင်း ပြောရမည့် ပြောစရာလူကို မရှိချေ။

မိညိုအဖေ မောင်လှခင်၏ အလုပ်အကိုင်မှာ အာအီးတီ မော်တော်ကား မောင်းသော အလုပ်ဖြစ်သည်။ သူတို့အလုပ်၊ သူတို့လခနှင့် သူတို့သမီး မိညို ကွန်ဗင့်စရိတ်နှင့် မဖြစ်၍ မိညိုအမေဘက်မှ မောင်သိန်းဟန်၊ မရီတို့နှင့် တစ်အိမ် တည်း အတူတူ ပေါင်းနေရကာ စုနေစုစပ် စားကြလျက် ကျောင်းထားလာခဲ့ရ သည်။ သူတို့ သားအမိသားအဖ ငါးယောက်သတ်သတ် သူတို့အိမ်ထောင်နှင့်သူ နေကြရသည်ဆိုက မိညိုမှာ သူ့အဖေ မော်တော်ကား မောင်းသော လခဖြင့် ကွန်ဗင့်ကျောင်းသို့ ရောက်နိုင်ရမည် မဟုတ်ချေ။

လင်မယားအကွဲတွင် မိညို၏ ကွန်ဗင့်စရိတ်ကြောင့် အဖေရော အမေရော ဘယ်သူကမှ သူတို့နောက်သို့ ခေါ်မသွားကြချေ။

ကျွန်မ အိမ်မှာ ဆွေမျိုးများက "ဘူတာရုံကြီး" ဟု နာမည်ပေးထားကြ သည်။ သူတို့ခေါင်းပေါ် ရွက်ယူလာကြသော အပူတွေ၊ ပြဿနာအရှုပ် အထွေထွေတွေမှာ သူတို့၏ ဝန်စည်စလယ်တွေ ဖြစ်ပေသည်။ ... သော ဝန်စည်စလယ် ထုပ်တွေကို ကျွန်မ ဘူတာရုံကြီး၌ လာ၍ ...



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ယခုလည်း မိညိုအဖေ မောင်လှခင်နှင့် မိညိုအမေ မခင်ကြည်တို့၏ မထမ်းမရွက်နိုင်သော သူတို့ပစ္စည်း၊ သူတို့ ဝန်စည်စလယ်ထုပ်သည် ကျွန်မ ဘုတာရုံသို့ ရောက်လာလေ၏။

'မရီရယ် ညည်းသိတဲ့အတိုင်းပဲ၊ ငါ့မှာ ဘယ်လောက်များ တာဝန်ကြီး တယ် ဆိုတာ ပြောဖို့တောင် မလိုပါဘူးဟာ။ မိညို ငါ့ဆီမှာ စားတာ နေတာတော့ နေပါစေပေါ့။ သူ့ကျောင်းစရိတ်တော့ ညည်းမောင်ကို ထောက်ခိုင်းရအောင်'

မိညိုဦးလေး မောင်သိန်းဟန်မှာ သားမယားမရှိ၊ တစ်ကိုယ်တည်း ဖြစ်သည်။ ပြည်ထောင်စုဘဏ်တိုက်၌ လခ နှစ်ရာကျော်ရသူ ဖြစ်သည်။ အိမ် ငှားနေ၍ ကျွန်မအိမ်တွင် လာနေခိုက် စားစရိတ် တစ်ပြားမှ မကုန်ရသဖြင့် သူ့လခထဲမှ ထောက်ခိုင်းမည်ဟု ကြံရွယ်ကြည့်သည်။

'ပေးလိုက်တာ မမရယ်၊ တစ်ပြားမှ ပေးမှာ မဟုတ်ဘူး။ သူတို့နဲ့ ပတ်သက်လာရင် ဘာတာဝန်မှ မယူဘူး။ အညာသားရော၊ မိရွှေကြည်ရော မကြည် ချင်အောင် ဖြစ်နေတာ'

မရီမှာ ပြောပြီး မျက်ရည်လည်လာလေသည်။ ကျလာတော့မည့် မျက်ရည် ကို သိမ်းလျက် အသံတုန်တုန်ဖြင့် ဝမ်းနည်းပက်လက် ဆက်ပြောသည်။

'မိညိုငယ်ငယ် ငါးလ သမီးလောက် သူတို့ လင်မယား ကွဲကြတုန်းက လည်း သူတို့ သားအမိကို ကျွန်မပဲ ဈေးရောင်းကျွေးခဲ့ရတယ်။ အခုတော့'

မရီ၏ အသံမှာ ပျောက်သွားကာ ရှိုက်သံသာ ရှိတော့၏။ မရီက သူ့အဖြစ် သူ့အကြောင်းကို ဆက်ပြောစရာ မလိုအပ်သဖြင့် ရပ်သွားခြင်း ဖြစ်သည်။ သူ့အဖြစ် သူ့အကြောင်းမှာ မရီသည် ကျွန်မ အိမ်သို့ ရောက်မလာခင် သူတို့မောင်နှမ တစ်ပြုံလုံး (မောင်လှခင်ပါ အပါအဝင်) စုပေါင်း နေထိုင်ကြသော အိမ်ထောင်ကြီး တွင် စားစရိတ် မလောက်တိုင်း မရီက ရှာဖွေ စိုက်ရသဖြင့် ငွေ ၁၀၀၀ ကျပ်ခန့် စားကြွေး တင်လာ၏။ ငွေ ၁၀၀၀ ကျပ်ကြွေးတင်လာ၍ အိမ်ထောင်သည်တွေနှင့် အတူတူ ပေါင်းနေရန် စိတ်ညစ်ညစ်ဖြင့် အိမ်မှ မရှုံးမိ သူက အလျင် အိမ်ပေါ် ဆင် လာခဲ့ကာ ကျွန်မအိမ်သို့ အလျင်ရောက်သူ ဖြစ်သည်။ သိမ်ကြီးဈေးတွင် မရီအတွက် ကျွန်မက ငွေထုတ် မစ၍ ဆောက်ပေးထားသော ဈေးဆိုင်ခန်းမှ ရသော ဆိုင်လခ သူ့ဝင်ငွေလေးဖြင့် ငွေ ၁၀၀၀ ကျပ် ကြွေးကို လစဉ် ဆပ်သွား ရမည့် အကြောင်းကြောင့် မိညိုအတွက် မထောက်နိုင်ရှာချေ။

'ရှိပါစေတော့ဟာ ... ငါ့ကုသိုလ် ငါ့အကြောင်းပါပဲ။ ငါ့အိမ်ပေါ် ရောက်လာကြမှတော့ မိညိုအတွက် ငါ့တာဝန်လုံးလုံးပဲပေါ့။ နင့်ကြွေး ၁၀၀၀ ကျပ် သာ ကျေအောင် ဆပ်ပေတော့'





ကျွန်မသည် စိတ်ပျက်စွာဖြင့် ညည်းပြောလိုက်သည်။

ငိုကြောရှည်နေသော မိညို၏ ငိုသံသည် နားထဲတွင် မခံနိုင်အောင် ပြင်းပြ လာသဖြင့် ကျွန်မက 'တိတ်လေ ငိုမနေနဲ့' ဟု ငေါက်ပြောလိုက်သည်။ မိညိုသည် ကြောက်ကြောက်ဖြင့် ချက်ချင်း အသံတိတ်လိုက်ကာ ရှိုက်လျက်သာ နေရှာ၏။

ကျွန်မမှာ သူ့ကို စိုက်ကြည့်ကာ တော်တော် သနားသွားသည်။ ဖအေ၊ မအေ ငုတ်တုတ်ရှိလျက် ရှင်ကွဲ ကွဲလာခဲ့သော သူ့အဖြစ်သည် ကျွန်မ သားသမီး တွေထက် အကြောင်းဆိုးသဖြင့် ရင်နာမိလေသည်။ ကျွန်မမှာ အဖေမရှိသော ကလေးသုံးယောက်၏ မိခင်တစ်ယောက် ဖြစ်သည့်အတိုင်း စာနာစိတ် ပြင်းပြစွာ ဖြင့် 'မိညို' ဟု ဝမ်းနည်းသံဖြင့် ခေါ်လိုက်မိသည်။

'ရှင် ... ကြီးကြီး'

မိညိုသည် ရှိုက်ရင်း ထုံးကာ မျက်ရည်တွေတွေဖြင့် ကျွန်မ မျက်နှာကို စိုက်၍ ကြည့်နေသည်။

'ဝမ်းနည်းမနေနဲ့တော့၊ ဒီမှာ နင့်အဒေါ်လည်း ရှိတယ်၊ လိမ်လိမ်မာမာနေ၊ ကြီးကြီး ကျောင်းထားပေးမယ်။ အခု နင် ဒီလိုဖြစ်ရတာ ဘယ်လို အကြောင်း ကြောင့် ဖြစ်ရတယ်ဆိုတာ ကြီးကြီးကို ပြောနိုင်သလား၊ ပြောနိုင်ရင် ပြောစမ်း'

ကျွန်မသည် သူတို့လင်မယား ကွဲသွား၍ သူ့သားသမီးက မည်သို့ ယူဆ သည်၊ မည်သူ့အပေါ် အကြောင်းချမည်ကို သိလို ကြားနာချင်မိသည်။

မိညိုသည် မျက်ရည်စမ်းစမ်းရှိသော မျက်လုံး မပွင့်တပွင့်ကို မှိတ်လိုက် ကာ သုံးကြိမ်၊ လေးကြိမ် ထပ်ဆင့် ရှိုက်နေပြီးမှ အသံထွက်လာသည်။

'သူတို့ နှစ်ယောက်စလုံး မကောင်းလို့ မိညို ဒီလို ဖြစ်ရပါတယ်'

'ဘာပြောတယ်'

ကျွန်မသည် နှုတ်ခမ်းကို တင်းတင်းကျပ်ကျပ် စေ့ပြီး သူ့ကို စိုက်ကြည့် လိုက်သည်။

'အဖေရော၊ အမေရော နှစ်ယောက်စလုံး မကောင်းပါဘူး ကြီးကြီး'

ကျွန်မသည် ရင်ထဲ၌ အတော်ကြီး အောင့်နာသွားလေ၏။ ကျွန်မ စိတ်ထဲ ၌ မိညိုသည် ကလေးအရွယ် လူမမည်အဖြစ် ဘာမှန်းမ သိသေးသော လင်မယားကွဲမှုကို အဖေ မကောင်းလို့ ကွဲတာပါဟု အကြောင်းပြ ပြောလိမ့်မည် ဟု ထင်မိသည်။ ထိုသို့ မိညိုက အဖေ ဆိုးလို့၊ မကောင်းလို့ ကွဲတာပါဟု ပြောခဲ့သော်၊ ကျွန်မက နင့်အဖေ မကောင်းတာသာ နင်မမြင်နဲ့၊ နင့်အမေ မကောင်းတာပါ နင်မြင်ပါဟု သူသိအောင်၊ နားလည်အောင် ပြောပြကာ မိညို၏ ဘဝသက်တာ ရှေ့ရေးအတွက် တစ်လက်စတည်း သူတို့အကြောင်းကို ပြောပြမည်



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားသွားစေရန် ဆုံးမ သွန်သင်ရမည် ဖြစ်သည်။ ယခုတော့ ကျွန်မကယ်ရှင်းပြောစရာ မလိုအောင် သူကိုယ်နှိုက်က သိမှုတရားကလေး ရှိနေပါကလား[illegible] အံ့ဩရသည်။

'အေး . . . မိညို မှတ်ထား၊ နင်ကြီးလာရင် ဒီလို အဖေမျိုး ယောကျ်ားမျိုးနဲ့ မတွေ့ပါစေနဲ့။ ဒီလို အမေမျိုးလည်း နင် မဖြစ်ပါစေနဲ့၊ နားလည်လား'

မိညိုက ခေါင်းညိတ်သည်။

ကျွန်မမှာ မိညိုကို တစိမ့်စိမ့် ကြည့်နေမိလျက် ရင်ထဲတွင် တသက်သက်တနုံ့နုံ့ ဖြစ်လာလေသည်။ ကျွန်မသည် ကုလားထိုင်ပေါ်၌ မတ်ထားသော ကိုယ်ကြီးကို လျှော့ချလိုက်သည်။ ခြေပစ်လက်ပစ်ကြီး ဖြစ်သွားလျက် နဖူးပေါ်သို့ လက်တင်လိုက်ကာ၊ မောင်လှခင်နှင့် မကြည်တို့၏ ဇာတ်လမ်းကို အပြန်ပြန် အလှန်လှန် တနုံ့နုံ့ စဉ်းစား ဝေဖန်နေမိလေသည်။

၃

မိညို၏အမေ မခင်ကြည်ကို ကျွန်မ အိမ်ထောင်ကျပြီးမှ တွေ့ဖူးရသည်။ ကျွန်မငယ်စဉ်က ကျွန်ုပ်မ အဖေဘက်မှ အဖေ၏ အစ်မတစ်ယောက်၊ အဖေ၏ ညီမတစ်ယောက်သာလျှင် ရှိသည်ဟု သိခဲ့သည်။ ဆယ့်ငါးနှစ်သမီးလောက်ရှိမှ အဖေတို့မှာ မောင်နှမသုံးယောက်အပြင် ညီငယ်တစ်ယောက် ရှိသေးသလိုလို သိလာပြန်သည်။ သည်အရွယ်၌ ဒီအကြောင်း သိသိချင်း အဖေ့ကို အံ့အားသင့်စွာ မေးကြည့်ရသည်။

'အင်း . . . ဟုတ်တယ် သမီး၊ အဖေတို့အမေ ဆုံးသွားတော့ အဖေတို့အဖေဟာ နောက်မိန်းမနဲ့ သားတစ်ယောက် ရတယ်'

ကျွန်မသည် အဖေတို့ဘက်၌ အဖေတို့ မောင်နှမသုံးယောက်အပြင် အဖေတူ အမေကွဲ ညီတစ်ယောက် ရှိသေးကြောင်း ထပ်သိခဲ့ပြီးနောက်၊ ကျွန်မ အသက်နှစ်ဆယ်၌ အိမ်ထောင်မကျမီကလေး အိမ်သို့ တစ်ခေါက် ရောက်လာသော မကြည်တို့ အဖေကို တစ်ကြိမ်တစ်ခါသာ မြင်ဖူးခဲ့သည်။

ကျွန်မ အိမ်ထောင်ကျသွားပြီးနောက် ကျွန်မ ဖခင် မသေမီ မကြည်တို့အဖေ ခင္ဒတိုက်စိုး ဦးစိန်ရွှေသည် ညောင်တုန်း၌ သေဆုံးကြောင်း သတင်းသဲ့သဲ့ ကြားလိုက်ရသည်။

ကျွန်မဖခင် သေဆုံးပြီး မခင်လေးမြင့် မက်တတ်ပြေးသော အရွယ်၌ ကျွန်မ အိမ်သို့ ဧည့်သည်ထူး ရောက်လာသည်။ အသက် ၄၀ အရွယ် ယပ်တောင်ကလေး ထောင်ထားသလိုပင် ပါးပါးလှပ်လှပ် ကျောနှင့်ရင်နှင့် ကပ်နေအောင်





ပိန်ချုံးကျနေသော မိန်းမတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာသည်။ ပိန်လှချည်ရဲ့ဟု ကျွန်မက ငေးကြည့်မိသည်။

'အတင့်လေ . . . အတင့်၊ ညောင်တုန်းက ကိုစိန်ရွှေရဲ့မိန်းမ၊ အတင့်ဆိုတာ ကြားဖူးတယ် မဟုတ်လား'

ကျွန်မသည် ပြောပြတော့မှ အံ့အားသင့်သွားသည်။ အတင့် နာမည်ကိုကြားသာ ကြားဖူးသည်၊ မမြင်ဖူးချေ။ အတင့်မှာ ပိန်ချုံးလှသဖြင့် သက်ဆိုးရှည်ပါ့မလားဟု သနားသွားသည်။

'သူ ဆုံးသွားတော့ အတင့်မှာ လူက မမာ၊ ကလေးတွေ တစ်ပြုံကြီးနဲ့ သိပ် ဒုက္ခရောက်တာပဲ' ဟု အစချီကာ သားသမီးငါးယောက် အနက်မှ သမီးကြီး မကြည်ကို ခေါ်မွေးရန် လာပြောလေသည်။

မကြည် အိမ်ရောက်လာသော အချိန်၌ ကျွန်မတို့မှာ ရေကျော် ဂျာနယ်ကျော် ပုံနှိပ်တိုက် အပေါ်ထပ်၌ နေကြသည်။ မကြည် ရောက်လာပြီးနောက် မရီ ထပ်ရောက်လာသည်။ စစ်အတွင်း၌ အတင့် ဆုံးသွားသည်။ မရီတို့ကို သတင်းကြားကြားချင်း ပြန်ပို့လိုက်သည်။ စစ်ဆေးကြောင့် ကျွန်မတို့ ရန်ကုန်က ပြေးခဲ့ရာ မရီတို့နှင့် အဆက်ပြတ်သွား၏။ ဂျပန်ခေတ် ရန်ကုန် ပြန်ရွှေ့တော့မှ ညောင်တုန်း၌ အဖေ အမေ မရှိ၊ အတိဒုက္ခ ရောက်နေကြသော မောင်နှမ တစ်စုကို သမွန်ကြီး တစ်စင်းဖြင့် သွားခေါ်ရသည်။

မကြည်မှာ အရွယ်ရောက်နေသော မိန်းကလေးဖြစ်၍ အိမ်မှုကိစ္စကို တတ်သိနားလည်အောင် မျက်ခြည်မပြတ် လက်ထပ်သင်ပြ ပေးရလေ၏။ ကျွန်မ အိမ်တွင် နေထွက်မှ တံမြက်စည်းလှည်းရိုး ထုံးစံ မရှိချေ။ နေ့စဉ်နေ့တိုင်း [illegible] လေးနာရီ ထ ကြရသည်။ မီးဖွင့်လျက် တစ်အိမ်လုံး လှည်းကျင်း သုတ်သင်[illegible] သည်။ မိုးစင်စင်လင်းတာနှင့် တစ်အိမ်လုံး သန့်ရှင်းပြီး ဖြစ်ရ၏။

ကျွန်မမှာ အမှိုက်လှည်းသွားတာကအစ နေရာတကာ စနစ်ကျ[illegible] မ၊ သပ်ရပ်မှ ကြိုက်သဖြင့် ကျွန်မ သွေးသားရင်းချာ မိန်းကလေး[illegible] အလုပ်နှင့် ပတ်သက်လျှင် မျက်နှာသာ တစ်ချက် မပေးချေ။ အလုပ်နှင့် [illegible] မပြတ်အောင်၊ စနစ်ကျအောင် ခိုင်းလေသည်။

မကြည်မှာ မိဘအိမ်တွင် အိမ်အလုပ် လုပ်ရသူ မဟုတ်၍ [illegible] ရောက်စ အလုပ်နှင့် လက်နှင့် မပြတ်ရခြင်းကြောင့် အနေရ [illegible] ရသည်။

'နင်တို့ဟာ မိန်းကလေးတွေနော်၊ နင်တို့ဘ၀ [illegible] ဘူး။ ကိုယ့်အိမ်ကိုယ့်အိုးနဲ့ နေတဲ့အခါမှာ အိမ့်တာဝန်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးဟာ ဘာကတော်ကြီး ဖြစ်နေနေ၊ အသုံးကို မကျဘူး။ နင်တို့[illegible] တမွမ္မ သွန်သင်ပြီး လက်ထပ်ပြခိုင်းနေတာ အစေခံလို ခိုင်းတယ်လို့များ[illegible] မအောက်မေ့ကြနဲ့၊ တစ်နေ့ ငါ့ကို နင်တို့ ကျေးဇူးတင်ရလိမ့်မယ်'

ကျွန်မသည် အိပ်ရာပြင်တာကအစ အိပ်ရာဖုံး အဝတ် ရွှဲနေ၊ ဇွေနေသည်[illegible]ပင် ခွင့်မလွှတ်ဘဲ တစ်ခေါက် ပြန်လုပ်ခိုင်းတတ်သည်။ မိုးလင်းက မိုးချုပ်[illegible] အိမ့်တာဝန်၊ အိမ့်အလုပ်ကို ဘယ်နေရာမှ မျက်နှာ မလွှဲဘဲ လိုက်ကြည့် စစ်ဆေး[illegible] အရာရာ သေချာရသည်။

မကြည်သည် နှစ်နှစ်အတွင်း အိမ်မှုကိစ္စ ထိန်းသိမ်းမှု ပညာ အရည်အချင်း[illegible] အတော်ကြီး တိုးတက်လာသည်။ ကျွန်မ အိမ်တွင် လုပ်မည့်၊ ကိုင်မည့်သူ ကရင်[illegible]မိန်းကလေး သုံးလေးယောက် အမြဲထားရှိသော်လည်း သူ့ကိုချည်း လွှဲအပ်လုပ်ခိုင်း[illegible]သည်။ တစ်အိမ်လုံး သန့်ရှင်းနေအောင် နေရာတကျ စည်းနှင့်ကမ်းနှင့် သိမ်းဆည်း[illegible] ရှင်းလင်း ပြင်ဆင်တတ်လာသည်။ အဝတ်အထည်ကို ပင်းမင်းရှုံးအောင် လျှော်ဖွပ်[illegible] မီးပူတိုက်တတ်လာပြီ။ ထမင်းဟင်း ကျကျနန ချက်တတ်လာသည်။ အိမ့်တာဝန်[illegible] အားလုံး အဘက်ဘက်၌ မျက်နှာလွှဲရအောင် နိုင်နင်းကျွမ်းကျင်လာကာ အိမ်ဖော်[illegible] ကရင်မလေးများကိုပင် စီမံ အုပ်ထိန်းတတ်လာသည်။

ဂျပန်ခေတ် ဗိုလ်လက်ျာအိမ်သို့ ပြောင်းရွှေ့နေကြရသည့်အခါ၌ သခင်[illegible] ဗဟိန်းနှင့် မခင်ကြီးတို့မှာ ကျွန်မတို့နှင့် တစ်အိမ်တည်း အတူတူ နေကြသည်။ မခင်ကြီးမှာ မကြည် လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံများကို ကြည့်လျက် မိန်းမပီသသည်[illegible] ဟု အမြဲ ချီးမွမ်းလေသည်။

တစ်နေ့ မခင်ကြီးနှင့် စကားစပ်မိကြသည်။

'တော်ပါတယ်၊ ကလေးမလေးတွေ ဘာလုပ်လုပ် သိပ်ကို သေချာတာပဲ[illegible] အိမ်မှုအားလုံး လုပ်တတ်ကြတယ်။ သူတို့အဖို့ လင်ကောင်းသားကောင်း ရဖို့ပဲ အရေးကြီးတယ်၊ သည့်ပြင် ဘာမှ အရေးမကြီးဘူး'

ကျွန်မမှာ မခင်ကြီးက လင်ကောင်းသားကောင်းရဖို့ အရေးကြီးတယ်ဆို၍ မကြည်ကို လင်ကောင်းသားကောင်းနှင့် တင့်တင့်တယ်တယ် အိမ်ထောင်ဖက်နှင့် ဆုံမိရန် လိုလားမိသည်။ ကျွန်မ လက်ထဲ၌ အရွယ် မရောက်သေးသော သူ့မောင် အငယ် အပါကြီးနှင့် အမာတို့ တာဝန်ကလည်း ရှေ့အရှည်ကြီး လူဖြစ်အောင် မွေးရန် ရှိသေးသဖြင့်၊ အကယ်၍ မကြည်သာ တင့်တင့်တယ်တယ် အိမ်ထောင် ဖက်နှင့် တွေ့ဆုံက သည်ကလေး တာဝန်တွေကို သူ ခွဲဝေ ယူနိုင်ပေမည်ဟု မျှော်မှန်းထားမိသည်။

'ကျွန်မလည်း ကောင်းကောင်းမွန်မွန် လူနဲ့တွေ့ရင် သူ့ကို နေရာချချင်





[illegible]တယ်။ တင့်တောင့်တင့်တယ် အိမ်ထောင်ဖက်နဲ့ တွေ့ပါစေလို့လည်း အမြဲ [illegible]တောင်းမိတယ် မခင်ကြီးရယ်'

မခင်ကြီးနှင့် ကျွန်မတို့နှစ်ယောက် စကားစပ်မိကြ၍ ပါးစပ် မပိတ်ကြ[illegible]းမီ မကြည်သည် လင့်နောက်လိုက်ပြေးသွားလေ၏။ မကြည် လိုက်ပြေးသော [illegible]င်မှာ ဂျပန်ခေတ်ကျမှ မခင်ကြီးဆီသို့ အညာက ခေတ္တ လာရောက်နေသော [illegible]ခင်ကြီး၏ မောင်အငယ် မောင်လှခင် ဖြစ်ပေသည်။

မကြည် လင်နောက်လိုက်သွားသောနေ့က မခင်ကြီးမှာ မျက်နှာ မထား[illegible]တ်အောင် ဖြစ်လျက် အားနာ ပူထူနေရှာသည်။ ရင်ဘတ်ကို စုံထုလျက် မခင့်[illegible] [illegible]ရဲ့ ပြောလေသည်။

'မကြည်နှယ် မိုက်လိုက်ပါဘိနော်၊ တော်တယ်လို့ ချီးမွမ်းခါမှ ယောက်မ [illegible]င်းစီးထွက်တယ်။ ကံဆိုးလိုက်တာနော်၊ သည့်ပြင်ယောက်ျား ယုပါတော့။ ကျွန်မ [illegible]မောင်က ရုပ်လည်း မရှိ၊ ပညာလည်း မရှိ၊ ဘာအလုပ်မှလည်း မရှိ၊ မော်တော် [illegible]အားလေးပဲ မောင်းတတ်တယ်။ ဖြစ်မှ ဖြစ်ရလေ၊ သူ့အတွက် ကျွန်မ စိတ်မချမ်း[illegible]သာလိုက်တာ'

ကျွန်မမှာ သူတို့ လိုက်ပြေးသွားသောနေ့ပင် မည်သူ တားဆီး၍မျှ မရဘဲ [illegible]ဗိုလ်လက်ျာအိမ်မှ ဆင်းလာခဲ့သည်။ မခင်ကြီးထက် ပို၍ စိတ်မချမ်းမသာ ဖြစ်ခဲ့[illegible]သည်။ ကလေးတွေကို ကျွန်မနှင့် ပစ်ထိုးထားခဲ့ကာ ထင်ရာမြင်ရာ စိုင်းသွားသည့် [illegible]ကြောင့် သူ့မျက်နှာကို မကြည့်ချင်လောက်အောင် စိတ်ပြတ်သွားသည်။

ပြတ်ဆို အတော်ပဲ ပြတ်သွား၏။ မခင်ကြီးက မြင်းလှည်းတစ်စီး [illegible] [illegible]၍ တာမွေ၌ မြင်းလှည်းမောင်းစားနေကြသလိုလို သဲ့သဲ့ကြားရသည်။

တစ်နှစ်ခန့် ရှိသွားသည့်နောက်—

မကြည့်ညီမ မရီနှင့် ကလေးများ ညောင်တုန်းသို့အပြန် လမ်းတွင် [illegible] နှင့် သွားတွေ့ကြ၏။ ဆွဲခေါ်သွားကာ သူ့ထံသို့ ရောက်သွားကြလေ၏။ [illegible] သင်မယား ကွဲသွားကြပြီဟု သတင်းရပြန်သည်။ ကလေးတစ်ယောက်နှင့် [illegible] [illegible]ရီက ကြည့်မြင်တိုင်ဈေးတွင် တစ်ပြုံလုံးကို ဈေးရောင်းကွေးနေသည်[illegible] [illegible]မြင်သူများက လာပြောသည်။

ဂျပန်ခေတ် ကျော်လွန်၍ ကျွန်မ ခင်ပွန်း သေဆုံးပြီးနောက် [illegible] သိမ်ကြီးဈေးသို့ ရောက်သွားသည်။ သိမ်ကြီးဈေး၌ ဒူရင်းသီး [illegible] [illegible]ရီနှင့် သွားတွေ့ရ၏။ ကျွန်မမှာ ဈေးရောင်းနေတာ [illegible] [illegible]ဖြစ်ရပြန်ကာ အကျိုးအကြောင်း စုံစမ်း မေးမြန်းကြည့်သည်၊ [illegible] [illegible]လေးငါးနှစ် ကွဲနေပြီးမှ ယခု ပြန်ပေါင်းကြောင်း [illegible]သည်။ [illegible] [illegible]ဘိုးလှိုင်လမ်း ခြံထဲသို့ တစ်နေ့ သွားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်ကလေး ဖြစ်သည်။ ပြည်ထောင်စုဘဏ်တိုက်မှ မောင်သိန်းဟန်
အတူတကွ ညီအစ်ကို မောင်နှမများ အားလုံး စုနေကြသည်။ တဲအိမ် ကပြင်
အင်္ကျီချွတ်နှင့် ဝုတ်တုတ်ကြီး ထိုင်နေသော မောင်လှခင်ကို တွေ့ရသည်။ မကြည်
နှင့် ညားပြီးမှ ပထမအကြိမ် တွေ့ရခြင်းပင်။

ကျွန်မမှာ မကြည်တို့နှင့် စုဝေးထိုင်ကာ စကားပြောကြသည်။

'အညာသားကတော့ ကျွန်မ သေဆိုသေ၊ ရှင်ဆိုရှင် ...မလှုပ်ဝံ့ပါဘူး
ထားရာမှာ ဝုတ်တုတ်နေပါတယ်'

မကြည် ပါးစပ်မှ လေသံထွက်လာလျှင် မရီနှင့် အမာက 'အညာသား
သူ သိပ်နိုင်တာပဲ' ဟု ဝိုင်းပြောကြလေ၏။

'နေစမ်းပါဦးအေ၊ ညည်းတို့ ပြောပုံဆိုပုံက အညာသား၊ အညာသား
နှိမ့်နှိမ့်ချချ ဘယ်လို ပြောကြတာလဲ'

ကျွန်မက မျက်နှာထားနှင့် ပြောလိုက်၍ မရီနှင့်အမာမှာ ခေါင်းငုံ့သွားကာ
ပြုံးစိစိ လုပ်နေကြသည်။ မကြည်က တုတ်ထိုးအိုးပေါက် ထပ်ပြောပြန်သည်။

'ကျွန်မကတော့ တစ်သက်လုံး အညာသား ခေါ်တာပဲ'

ကျွန်မမှာ နားခါးသွားသည်။ သို့သော် သူ့လင်သူ အညာသားခေါ်ခေါ်
ဘာခေါ်ခေါ် ... အငယ်တွေကပါ မခေါ်ရန် တားမြစ်မှပဟု-

'သူ့ဟာသူ ဘယ်လိုခေါ်ခေါ် ညည်းတို့က ကိုယ့်ခဲအိုသားချင်းတစ်ယောက်
ဖြစ်လာမှ ဘာကိစ္စ အညာသား ... အညာသားနဲ့ ပြောရတာလဲ'

'မမကြည်နဲ့မှ မတန်တာ၊ အညာသားပဲ ခေါ်မှာပဲ' ဟု အမာက နှုတ်ခမ်း
ပွစိ ပွစိဖြင့် ခပ်စူစူလေး ပြောလေသည်။

'ကလေးပဲ နှစ်ယောက် ရနေပြီ၊ ညည်းတို့က ခုထက်ထိ ညည်းအစ်မနဲ့
မတန်တုန်းဘဲလား။ ပြောစမ်းပါဦး'

ကျွန်မမှာ မရီတို့ ညီအစ်မကို ကြည့်ကာ ခက်ရချည်ရဲ့ဟု တွေးမိသည်။
သူတို့စိတ်ထဲ၌ အခုထက်ထိ မကျေမနပ် ရှိတုန်းကို အံ့သြနေမိသည်။ ကျွန်မမှာ
မောင်လှခင်ကို လှမ်းကြည့်လိုက်သည်။ ပါးစပ်ထဲ လက်ညှိုးထည့်၍မှ မကိုက်
တတ်သလို ပုံပန်း၊ သူ့အရှိ သူ့စရိုက်အတိုင်း မည်းမည်းသည်းသည်း၊ ရိုးရိုးနုံနုံ
ကုပ်ကုပ် ပုံပန်းသဏ္ဌာန် ပေါ်လွင်နေကာ သူတို့အလယ်တွင် ထုံထိုင်းထိုင်း ညိုးညိုး
ခြောက်ခြောက် သနားစရာ ကောင်းနေသည်။

'ကျွန်မတော့ သူတို့ ကလေးနှစ်ယောက်သာ ရနေတယ်၊ တစ်ခါမှ အညာ
သားကို မျက်နှာချင်းဆိုင် စကားမပြောဖူးသေးဘူး'

မရီက မဲ့ပြောလေသည်။





'အစ်ကိုသိန်းဟန်ကလည်း သူ့ဖက်ပြီး စကားကို မပြောဘူး' အမာက
ဝင်ပြောပြန်သည်။

မကြည်မှာ ညီမများက သူ့ခင်ပွန်းကို ဝိုင်း၍ ချိုးချိုးဖွဲ့ဖွဲ့ ပြောနေခြင်းကို
အားယူပုံ တစ်စက်မှ မရှိသည့်အပြင်၊ တောက်ပသော မျက်လုံးကြီးဖြင့် မျက်နှာ
တစ်ပြင်လုံး ကျေနပ် ကြည်သာခြင်း အပြည့်အဝ ဖော်ပြနေသည်။

ကျွန်မမှာ သူတို့တစ်တွေ တစ်အိမ်တည်း အတူတူ ပေါင်းနေကြပြီး
သည်အချိုးအတိုင်း၊ သည်စိတ် သည်သဘောအတိုင်း သွားကြရင်တော့ တစ်နေ့
ပေါက်မည်ဟု တွက်မိသည်။ လူသား မဆိုထားနှင့်၊ သစ်တုံးကြီးပင် ခလုတ်တိုက်ပါ
များတော့ လှုပ်သေးလေရော "လူ့သစ်တုံး"ကို ခလုတ်တိုက်ပါ များကြ၍ တစ်နေ့
နေ့ လှုပ်လာချေက အကျိုးနည်းကြလိမ့်မည်ဟု ထင်မြင်မိသည်။

မောင်သိန်းဟန် ရုံးမှ ပြန်လာရာ မောင်လှခင်မှာ တော်ရာ ထ သွား
သည်။

ကျွန်မမှာ တစ်ခေါက်ရောက်၊ တစ်ထိုင်တည်းနှင့်ပင် အားလုံးပေါ်တွင်
အကဲခတ် လေ့လာကြည့်နေသည်။

မောင်သိန်းဟန်သည် ဆေးလိပ်တို လက်ညှပ်လျက် မေးခါခါ၊ ခေါင်းခါခါ
ဖြင့် တမျှင်တတန်းကြီး လေဆက်မပြတ် ပြောချပါလေ၏။

'သူ့ရုပ် ကြည့်ပါဦး မမရဲ့၊ အညာသား မယား လူမွေးလူတောင် ကြောင်
သေးရဲ့လား။ အကြာကြီး ကွဲနေပြီးမှ ကျွန်တော်တို့က ပြန်မပေါင်းပါနဲ့ဆိုတာ
ပြောလို့ကို မရဘူး၊ ပြန်ပေါင်းတယ်။ တစ်နေ့လုံး ထိုင်ကြည့်လို့ ဘယ်နေရာ
ထက်ကွက်မှ ကျက်သရေ မရှိတဲ့ဟာကို သူက မပြတ်နိုင်ဘူး။ မှားတုန်းက မှားခဲ့ပြီ
ပေါ့ မပြင်ချင်သေးဘူး။ အခု ထပ်ပြီး ကလေးတစ်ယောက်က နှစ်ယောက်
ဖြစ်လာပြန်ပြီ။ လင်က ဒရိုင်ဘာ၊ ရတာမှ တစ်လ ၁၀၀ ကျပ်ရယ်၊ သနားစရာ
ဘုန်းဗင့်ကျောင်း ထားချင်သေးတယ်။ စိတ်ကြီးကလည်း ခုထက်ထိ ဘဝင်
မြင့်လုံး အင်မတန်မှ ကြီးတဲ့မိန်းမ၊ ကျွန်တော်တို့နဲ့ အတူတူ ပေါင်းပြီး နေ
နေကြလို့သာပေါ့။ သူတို့ဟာ သူတို့များ တကွဲတပြား နေကြရင် ကုန်
ဆေးလို့ မရဘယ်၊ အဝတ်တောင် လုံလုံလောက်လောက် ဖုံးစရာ ရှိကြမှာ
...

ကျွန်မမှာ နားထဲတွင် မီးစကြီးနှင့် ထိုးသွင်းလိုက်သလိုပင် အ
သွားသည်။ တစ်အိမ်တည်း အတူတူ စုဝေးနေကြသော သူတို့၏
လာသော အသံဗလံများမှာ အက်သံ မြင်နေလေ၏။ မောင်လှခင် ကြည့်
လျှင် သည်အိမ်ပေါ်၌ တစ်နာရီမှ နေချင်စရာ မကောင်း
သူတို့ဘက်မှ ကြည့်သည့်အခါ မောင်လှခင်နှင့် တစ်မိုး
တစ်နာရီလေးမှ အတူတူ မနေချင်မှန်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ တစ်ခေါက် ရောက်သွားတာနှင့်ပင် အကြီးအကျယ် စိတ်ဖျက် သွားသည်။ ကျွန်မသည် မကြာခဏ မရောက်တော့ချေ။ တွေ့ချင်လျှင် သူတို့ကို အိမ်ခေါ်သည်။ မရီအတွက် သိမ်ကြီးဈေး အပြင်တန်း၌ ဆိုင်ဆောက်ရန် ငွေ ၁၀၀၀ ကျပ် ရှာပေးလိုက်သည်။

ဤအိမ်ကလေးပေါ်တွင် မကြည်သည် လင်နှင့် ရန်ဖြစ်လိုက်၊ အိမ်ပေါ်က ဆင်းသွားလိုက်၊ လင်က လိုက်ခေါ်လိုက်၊ ပြန်တက်လိုက်နှင့် အကြိမ်ကြိမ် တက်ချည် ဆင်းချည် လုပ်ခဲ့လေ၏။

ဦးဘိုးလှိုင်လမ်း ခြံထဲ၌ အိမ်များ ဖျက်သိမ်းရ၍ သူတို့အိမ်ကလေးလည်း အဖျက်ထဲ ပါသွားသည်။ မောင်လှခင် မိခင် ဒေါ်မြကြီးနေရာ သခင်ဗဟိန်း နေသွားသော မြေနုလမ်း အိမ်သို့ သူတို့ ရွှေ့ပြောင်းနေကြသည်။

အိမ်ပြောင်းသွားမှ အိမ်ကြီးကို ဖိတ်ဖိတ်လက်နေအောင် ပေါလစ်တိုက်ကြ ကြ၏။ မောင်သိန်းဟန်က အိမ်ထောင်ပရိဘောဂသစ်များ ဝယ်၍ ခင်းကျင်း ပြင်ဆင်လိုက်ရာ သားသားနားနားချည်း ဖြစ်သွားလေသည်။

တစ်နေ့ ကျွန်မ ရောက်သွားသည်။ အိမ်တွင် မကြည်နှင့် မရီတို့သာ ရှိ လေသည်။ ကျွန်မက ပြင်ဆင်ထားသော အိမ်ကြီးကို လိုက်ကြည့်သည်။

'မမ ကျေးဇူးပါပဲ။ မမနဲ့ နေတုန်းက ခိုင်းလိုက်တာ၊ ချေးများလိုက်တာလို့ အောက်မေ့မိတယ်။ မမနဲ့ ခွဲလာကတည်းက ကျွန်မတို့ သွစ်ညစ်ပတ်ပတ် မနေတတ်တော့ဘူး'

ကျွန်မမှာ ပြုံးနေသည်။

ကျွန်မ အပြုံးမှာ သူပြောတာကို သဘောကျ၍ ပြုံးခြင်းမဟုတ်။ မကြည်တို့ အိမ်ခန်းထဲ၌ တွေ့မြင်ရသော အရာများကို ကြည့်ကာ ပြုံးနေလေသည်။

ခင်းကျင်းထားသော အိပ်ရာ၏ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တို့မှာ ဒိုဘီဖွပ် အတိုင်း ကော်တောင့်ကာ ဖွေးဖြူနေလေသည်။ အိပ်ရာပေါ်၌ မီးပူတိုက်ပြီး ပုံထား ထားသော မောင်လှခင်၏ ပုဆိုး၊ ရှပ်အင်္ကျီများမှာလည်း ပင်းမင်းက ရွှေလာ သလား မှတ်ရပေမည်။ ကြမ်းခင်းမှာ အရိပ်မြင်ရအောင် အရောင်တောက်လ လျက် ရှိသည်။

သူတို့ အိပ်ခန်းမှာ အာအီးတီ မော်တော်ကားမောင်းသော ဒရိုင်ဘာ လင်မယား အခန်းဟု မထင်ရ။ ရုံးဝန်ထောက်၊ ရုံးစာရေးကြီး လင်မယား နေကြ သော အခန်းမျိုးနှင့် တူပေသည်။ မောင်လှခင်ဘဝ၊ မောင်လှခင် အခြေအနေ နှင့် မကြည်လို ပြောင်ပြောင်ရောင်ရောင် နေတတ်သော မယားမျိုးကို ထမင်းထုပ် နှင့် လည်ရှာဦးတော့၊ အစားတွေ့ဖို့ မမြင်သဖြင့် ပြုံးရလေသည်။





ကျွန်မမှာ ပြုံးရာက ချက်ချင်း မျက်နှာပျက်လောက်အောင် တစ်စုံတစ်ခု ကို တွေးမိ၍၊ မျက်နှာ မပျက်အောင် ပြန်ကြိုးစားရလေသည်။

အိမ်ကြီးကို အထက်တန်းကျကျ တခမ်းတနား ပြင်ဆင်ကြလျက် စည်းကမ်းတကျ သပ်ရပ် သန့်ပြန့်စွာ လုပ်ကိုင်နေထိုင်တတ်သော စရိုက်လေး အကျင့်သည် မကြည်အတွက် ကောင်းကျိုးပြုပါမည်လောဟု သံသယ ဖြစ်မိသည်။ သံသယဖြစ်မိ၍ ထိတ်ခနဲ ဖြစ်သွားရာ မျက်နှာ မပျက်အောင် ကြိုးစားရလေသည်။

ထိုအတွင်း နေ့လယ် ထမင်းစားချိန်ကျ၍ အိမ်ရှေ့၌ အာအီးတီကားကြီး လာဆိုက်လေ၏။

မောင်လှခင်သည် ကုပ်ချောင်းချောင်း တက်လာလေသည်။ သူ့အမူအရာ မှာ အစဉ်သဖြင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံသူကဲ့သို့ ကြည့်ပုံရှုပုံ၊ လမ်းလျှောက်ပုံက အစ ရဲရဲတင်းတင်း မရှိ။ စကားပင် လေးလုံးကွဲအောင် ပြောရန် ရွံ့နေ ဆွံ့နေသော လုထဲ မဝင်ရဲသည့် အမူအရာမျိုး ရှိနေ၏။

မောင်လှခင် ကားဆိုက်လျှင် မကြည်က အမာကို 'အညာသား လာပြီ၊ ထမင်း ထည့်ပေးလိုက်' ဟု လှမ်းပြောလိုက်သည်။ အမာက 'ပြင်ပြီးသားပဲ၊ အုပ်ထားတယ်' ဟု ဆိုကာ နေရာမှ မထချေ။

အိမ်ပေါ် တက်လာသော်လည်း မကြည်က ဆီးကြို နှုတ်ဆက်သမှု မပြု၊ မမြင်သလိုပင်၊ စကားပြောစရာ မလိုအပ်သလိုပင် အရေးမထားပုံ၊ အရာမသွင်းပုံ မှာ ထင်ရှားနေသည်။ ထိုအခိုက် ကျွန်မ စိတ်ထဲတွင် မောင်လှခင်ကို သနားသွား သည်။ အကယ်၍ မောင်လှခင်သည် ခေတ်ပညာ အရည်အချင်းကလေး အဆင့် အတင့်နှင့် ဟန်ကျပန်ကျ ဖြစ်ချေက အလုပ်က အပြန် ပျာပျာသလဲ ကြိုဆို နှုတ်ဆက်ရမည်သာဟု တွေးကာ သနားရခြင်း ဖြစ်သည်။

ကျွန်မက ရဲပါစေတော့ဟု 'မင်း အလုပ်က ပြန်လာပြီလား ဆော့' ဟု နှုတ်ဆက်လိုက်ရာ 'ဟုတ်ကဲ့' ဟု ပြောပြောဆိုဆို နောက်ဖေးသို့ တန်းဝင်သွား လေသည်။ သူ့အတွက် ပြင်ထားသော ထမင်းပွဲ၌ ထမင်းထိုင်စားနေသည်။

မောင်လှခင်ကို တစ်အိမ်လုံး မည်သူကမျှ မေးဖော် ပြောဖော်လုပ်၍ စကားမပြောကြပေသည့် သူ့သားကလေး သံချောင်းမှာ အဖေ့အနားသို့ ထသွား သွားကာ တီတီတာတာ စကားပြောနေရှာ၏။ ကျွန်မမှာ သည်အိမ်တွင် မောင်လှခင်အတွက် စကားလက်ဆုံ ပြောမည့်သူ သံချောင်းပဲ ရှိတယ်ဟု အောက်မေ့လိုက်သည်။

မောင်လှခင်သည် ထမင်းစားပြီး ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်ဆင်းသွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦးဟာ၊ မိညိုကကော သူ့အဖေကို မခင်ဘူးလား' ဟု ကျွန်မ မောင်လှခင် ဆင်းသွားမှ မေးကြည့်လိုက်သည်။

မရီသည် ပြုံးရယ်လျက် 'သိပ်မုန်းတာပဲ မမ' ဟု ပြောလေ၏။ မိညိုသည် သူ့အဒေါ် မျက်နှာကို ပြုံးစိပြုံးစိဖြင့် ကြည့်နေလေသည်။

'မိညို ငယ်ငယ်က ဒိုင်အိုကျောင်းမှာ ထားတုန်းက တစ်ခါတလေ အညာသားက ကျောင်းလွှတ်ချိန် သူ မောင်းတဲ့ကားနဲ့ ကျောင်းသွားကြိုတယ်။ အဲဒါ အိမ်ပြန်လာတော့ မိညိုက အညာသားကို ကျောင်းလာမကြိုခိုင်းပါနဲ့၊ သူ ရှက်ပါတယ်လို့ ပြောလို့ ကျွန်မတို့ ရယ်ရသေးတယ်'

မကြည်သည် ပြောပြီး တခစ်ခစ် ရယ်နေလေသည်။ မကြည် ရယ်နေတုန်း အမာက ရယ်စရာ သဘောမျိုး ထပ်ပြောပြန်သည်။

'မမရေ ... အခုလေ အညာသားက အင်္ကျီချွတ်ကြီးနဲ့ ကုလားထိုင်ပေါ်မှာ စတိုင်နဲ့ ထိုင်ပြီး ခြေထောက်ကြီး ချိတ်ပြီး ရေဒီယိုဖွင့်လို့'

အမာသည် ပြောပြီး ဟက်ဟက်ပက်ပက် ရယ်မောနေလေ၏။

'ဟဲ့ ... နင်တို့ ဘယ်လိုစကားတွေ ပြောနေကြတာလဲဟင်၊ နင်တို့ကအဘောက အဲသလောက် ပြောနေကြရင်တော့ ဟိုမိန်းမက သူ့လင်ကို သာပြီး အထင်သေးသထက် သေးမှာပဲ။ နင်တို့ ပြောတာ ဆိုတာတွေ ငါနားနဲ့ ထောင်လို့ကို မရဘူး'

'ကျွန်မတောင် မနှစ်သက်ဘဲဟာ၊ သူတို့ ဘယ်လာ နှစ်သက်ကြပါ့မလဲ မမရယ်။ စညားကတည်းက တစ်စိမှ ကျွန်မ မနှစ်သက်ဘူး၊ ယူတုန်းကလည်း ချစ်လို့ကြိုက်လို့ ယူခဲ့တာ မဟုတ်ဘူး၊ တဇောက်ကန်း မိုက်စိတ်ဝင်ပြီး သူ့နောက် ထ လိုက်မိတာ။ ကျွန်မက ပြတ်နိုင်တယ်၊ သူက ကျွန်မကို မပြတ်နိုင်ဘူး။ မနှစ်သက်ဘဲနဲ့လည်း ပေါင်းနေရတယ် မမရယ်'

ကျွန်မသည် နှလုံးနာစွာဖြင့် မကြည်၏ မျက်နှာကို စိုက်ကြည့်နေမိသည်။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ နောင်ပြင်ရန် ခက်သည့်အမျိုးဟု ရွတ်ဖတ်နေသော လင်္ကာစာပိုဒ်သည် ကျွန်မ နားထဲတွင် ကြားယောင်လျက် ရှိမိသည်။

မကြည် ခံစားနေရသော ဝဋ်ဆင်းရဲကို တွေးမိသည်။ မချစ်မနှစ်သက်သော သူနှင့် အတူတကွ နေရသော ဝဋ်ဆင်းရဲကို သံဝေဂယူလျက် သည်ဘဝတွင် ပြင်စေမှ သူ့အတွက် သံသရာ၌ ချမ်းသာမည်ဟု နှလုံးပိုက်မိသည်။ အဆင်မပြေသော သူ့အိမ်ထောင်ကို အဆင်ပြေစေအောင် တရားလမ်းအတိုင်း ဖျောင်းဖျဆုံးမ နေလိုက်သည်မှာ တစ်နေကုန်သွားလေ၏။





ကျွန်မကပင် "မောင်လှခင်" ဟု ခေါ်နိုင် ပြောနိုင်ပါသေးလျက် သူတို့မှာ "အညာသား" သာလျှင် နှုတ်ကျိုးနေကြလျက် ပြုပြင်ရန် ဘယ်လို ဆုံးမ၍မှုမရချေ။ သူတို့နှင့် ပတ်သက်၍ ကျွန်မမှာ ယောကျ်ားနောက် လိုက်သွားတုန်းကလည်း တော်တော် စိတ်ထိခိုက်ခဲ့ရ၏။ ယောကျ်ားယူပြီး ယောကျ်ားကို နေရာထားပြန်သည့် အတွက်လည်း စိတ်ဆင်းရဲနေလေသည်။

ကျွန်မသည် သူတို့အိမ် ရောက်တိုင်း မတော်မတည့်တာတွေ ကြားရမြင်ရလွန်းသဖြင့် အကုန် သိမ်းကျုံး လျှောက်ပြောရကာ မောလှလေသည်။

မကြည်သည် သူ့လင်နှင့် စိတ်ဆိုးကာ မအူပင်က ဆွေမျိုးများဆီ သွားနေမည်ဟု အိမ်ပေါ်က ဆင်းပြန်လေသည်။ ကလေးနှစ်ယောက်ကို မရီနှင့် ထားပစ်ခဲ့လျက် ကျွန်မ အိမ်သို့ ဝင်လာသည်။

ကျွန်မသည် မကြည်အား အာခေါင်ခြောက်လောက်အောင် ဆုံးမကာ လင့်ကိုပြန်ပေါင်းရန် ဆိုဆုံးမ ပြောသည်။ သူ့ယောကျ်ားနှင့် ပြန်ပေါင်းရလျှင် သူ့ကိုယ်သူ သတ်သေပါတော့မည်ဟု ဆိုသည့် အကြောင်းပြချက်မှာ လှုပ်ဝါးဖွယ် ဖြစ်လေသည်။

'သူ့ကို ဘယ်သူကမျှ မြှောက်ပေးတယ် မသိပါဘူး။ နောက်ကို သူနဲ့ အတူတူ ကျွန်မ ထမင်းလက်ဆုံ စားရမယ်တဲ့၊ သူ ဘယ်အချိန် ပြန်လာလာ စောင့်ပြီး အတူတူ စားရမယ်တဲ့၊ မစားရင် ပိုက်ဆံ မပေးဘူးတဲ့။ တစ်သက်လုံးအခေါင်းမဖော်ဘဲ ဒီအိမ်ကြီးကျမှ လှုပ်ဝါးလာတယ်၊ ကြီးကျယ်လိုက်တာ။ ကျွန်မ ဘယ်နည်းနဲ့မှ သူနဲ့ ပြန်မပေါင်းချင်ဘူး'

'အတူတူ စောင့်စားပါဆိုရင် အတူတူ စားလိုက်ပေါ့။ ညည်းယောကျ်ား မဟုတ်လား၊ ညည်းယောကျ်ား အနေနဲ့ ပြောတဲ့စကားကို ငါက လွန်တယ်၊ လမ်းမကျဘူးလို့ မပြောနိုင်ဘူး၊ တရားလမ်းကျတယ်။ လှုပ်ဝါးတယ်လို့ ပြောတဲ့ သူက လမ်းမကျတာ'

မကြည်မှာ တစ်သက်လုံးက ဒီစကား မပြောဘဲ ခုမှ ဒီလို ပြောရမလားဟု ဆတ်ဆတ်တုန်နေလေသည်။ ဒေါသကြီးလေစွ အဖက်တန်လို့လား ဆိုသော မာန်မှာ ပြင်းလေလေ၊ ကျွန်မမှာ ဒေါသ ရုပ်သိမ်းအောင်၊ မာန်ကျအောင် တရားနှင့် ပြလျက် ဆုံးမလိုက်သည်မှာ လည်ချောင်းကို ၍ သာလေ၏။

ကျွန်မမှာ ပြောဆို ဆုံးမ မရ၍ 'ကိုင်း မယ်မင်းကြီးမ ...အလိုရှိရာ ကြွ။ ညည်းသဘောအတိုင်း။ တစ်နေ့ ညည်း ဒီအကျိုး ဒုက္ခကြီး တွေ့ဦးမယ်။ ငါ ပြောတာ မှတ်ထား၊ ညည်းလောက် ဘဝကူးသိုလ်ညဲ့တဲ့ မိန်းမ ငါ မတွေ့ဖူးဘူး' ဟု ပြောလိုက်သည်။

မကြည်မှာ သူ့ယောကျ်ားကို ဘယ်လောက်ပဲ ပြတ်ချင်ပြတ်ချင်၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမှာ သူ့ကို အလွန် စုံမက်ရကား ပြေးလို့ မရချေ။ လမ်းတွေ့တာနှင့် အတင်းဆွဲလေ၏။ သူတို့ကိစ္စနှင့် အရပ်ထဲက သူကြီးလည်း အေးအေး မနေရချေ။ တိုင်လိုက် တောလိုက်နှင့်ပင်။ ထိုအခါက ကွဲမလိုလိုနှင့် ပြန်ပေါင်းရလေ၏။

မောင်လှခင်နှင့် ပြန်ပေါင်း၍ နောက်ထပ် ကလေးမလေးတစ်ယောက် မျက်နှာမြင်ပြီးနောက်၊ တစ်နေ့တွင် မကြည်သည် ညှိုးညှိုးမှိုင်မှိုင်နှင့် အိမ်ပေါ်သို့ တက်လာလေသည်။

'ဘာလာလုပ်သလဲ' ဟု ကျွန်မက မေးလိုက်သည်။

'ကျွန်မ အင်းစိန်က ပြန်လာတယ်၊ အညာသားအစ်ကို အင်းစိန်ထောင်မှာ အလုပ် လုပ်နေတဲ့ ကိုအောင်သိန်းဆီသွားပြီး သူ့ညီအကြောင်း သွားတိုင်တာ'

'ဘာဖြစ်ရပြန်ပြီလဲ' ဟု ကျွန်မက ငေါက်လိုက်သည်။

'အလကား မမရယ်၊ ကျွန်မကို နေ့ရှိသရွေ့ ရန်မူနေတယ်။ ရှက်စရာ ကြောက်စရာတွေ ပြောလို့ သွားတိုင်တာ'

'ဘာပြောလို့လဲ'

'ကျွန်မကို လင်ငယ်နေချင်သတဲ့၊ မသက်ာဘူးတဲ့၊ အရင်တစ်ခါ ကွဲတုန်းက မအူပင် ဘကြီးဦးပုအိုတို့ဆီ သွားတာ မယုံနိုင်ဘူးတဲ့။ အဲတာ အကြောင်းပြပြီး သူ့လခ ပိုက်ဆံတစ်ပြားမှ မပေးတော့ဘူး။ လူမသိအောင် အတွင်းကျိတ် ကျိတ် နှိပ်စက်နေတယ်'

ကျွန်မမှာ နားရှက်သွားကာ စက်ဆုပ်စွာဖြင့် 'အတော်ရိုင်းတဲ့ သူငယ်ပဲ' ဟု ပြောလိုက်သည်။ ပြောပြီးမှ ပြန်၍ တွေးဆလိုက်ကာ စဉ်းစဉ်းစားစားဖြင့် မေးမြန်းကြည့်လိုက်သည်။

'ညည်းကို အဲဒီထိအောင် ပြောရတဲ့အဖြစ် ရောက်လာတာတော့ မအံ့သြပါဘူး။ ကိုင်း ပြောစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလို ပြောရသလဲဆိုတာ ညည်း စဉ်းစား ကြည့်ရဲ့လား၊ ညည်း စဉ်းစားမိရမယ်'

မကြည်သည် ခေါင်းကို ကြမ်းနှင့် ထိလုမတတ် ငုံ့သွားကာ ရှက်ကြောက် ခြင်း ပြင်းစွာဖြင့် တဆတ်ဆတ် တုန်နေလေ၏။ တော်တော်နှင့် မပြောဝံ့၊ ပြောပြန် လည်း စကားထစ်သော သူကဲ့သို့ တစ်လုံးထွက်လာ၊ နှစ်လုံးထွက်လာနှင့် ပြောလေ သည်။

'အိမ်မှာက မမ သိတဲ့အတိုင်းပါပဲ။ အပါကြီးတို့ လင်မယားကလည်း ပိုက်ဆံ မှန်မှန် မပေးဘူး။ အညာသားကလည်း ရတဲ့လခ မြင်းလောင်းလိုက်သေး တယ်။ မရီမှာလည်း သူ့ဆိုင်လခတွေ ကြိုကြိုပြီး ယူသုံးနေရတော့ လစဉ် မရှိ တော့ဘူး။ မောင်သိန်းဟန်ပဲ ဆန်တို့၊ ဆီတို့ မှန်မှန်ဝယ်တာ။ တစ်ခါတလေ





နေ့ဖိုးတောင် မရှိအောင် ကျပ်လို့ အင်္ကျီလုံချည် ပေါင်ရတယ်။ ကျွန်မမှာ ကလေး နှစ်ယောက် ဖြစ်လာတော့ အညာသား လခနဲ့ဟာ အတော် ကသီလင်တ နိုင်ပါ တယ်။ ဒါတောင် မွေးတိုင်း အဖတ်မတင်လို့ပဲ။ ကလေးတွေနဲ့ မလောက်မငှ ဒုက္ခရောက်ပါတယ်။ ကျွန်မက သားသမီး နီးလွန်းလို့၊ အဲဒါကြောင့် သားသမီး ဆားချင်တာနဲ့ . . .'

မကြည်သည် ရှေ့ဆက်ပြောရန် ကြောက်လှစွာဖြင့် မပြောဝံ့တော့ဘဲ ခေါင်းငုံ့ရှုပ် ငိုကြွေးနေလေ၏။ သူ့ယောက်ျား ပညာရှိ အထင်လွဲပုံ၊ စွပ်စွဲပုံမှာ သူ့အတွက် ကိုယ်ကျိုးကြီး နည်းရလေ၏။ သူ့ယောက်ျားကို မနှစ်သက်မှန်း တစ်သက်လုံး ပြလာခဲ့လေသမျှ ယခု အကြောင်းဆိုက်မှ ကောင်းကောင်းကြီး ပြန်ပြန် ထိနေလေ၏။

မကြည်သည် သူ့ယောက်ျားကို တစ်သက်လုံး စကားချိုချိုသာသာ မပြော ခဲ့၊ ဘုတ်ထိုး အိုးပေါက် ငေါက်ဆတ်ဆတ် ပြောနေကျခဲ့၏။ သူ့ယောက်ျားနှင့် အတူ ခရီးမှ ယှဉ်၍တွဲ၍ သွားလား လာလား မလုပ်ဘဲ တစ်ယောက်တစ်ကွဲ သွားနေကျခဲ့၏။ မကြည်၏ ယောက်ျားမှာ သူ့မယား သူ့ကို မနှစ်သက်မှန်း သိ၏။ သူနှင့် သွားအတူ၊ လာအတူ တွဲရမှာ ရှက်မှန်းလည်း နားလည်၏။ သို့သော် မကြည်၏ ယောက်ျားသည် မကြည် သူ့မယားဖြစ် ပြီးရောဆိုသော အတစ်ခုနှင့် သည်းပြင်အရာတွေ အားလုံး ဖလှယ်နိုင်သည်။ သူ့ကို ဆဲဆဲဆိုဆို ခဲ့သည်။ မာမာကျောကျော ပြောလည်း မနာဘဲ နေခဲ့သည်။ ယောက်ဖနှင့် ယမများက သူနှင့် သဘောမတူနိုင်၍ မတူကြောင်း နာနာကြည်းကြည်း ပြောဆို ကြမှန်း သိလျက်ဖြင့် ရေမြေ့လို စင်းခံနေခဲ့သည်။ ယခုသော် သူ့မယားက သားသမီး ဝေးချင်သည်နှင့် တစ်ချက်တည်း နာလုံးကြီး ကြီးဖြင့် ရစရာမရှိအောင် အထင်လွဲ လာချင်လေ၏။

'ကိုင်း . . . ဘယ့်နှယ်ရှိစ မဟုတ်ပါ၊ ဟိုတစ်ခါ ကွဲတုန်းက ငါမပြောဘူးလား၊ ခင့်စိတ် မပြင်ရင် နင် တစ်နေ့ ဒီ့ထက် ဒုက္ခရောက်လိမ့်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ညည်းဘက်က ညည်းအပြစ်တွေကော ညည်း မြင်ရဲ့လား'

မကြည်သည် ကျွန်မ ကြိမ်းမောင်းနေသည်ကို ကြောက်ကြောက်ဖြင့် နားထောင်ရင်း 'ကျွန်မဘက်က ဘာအပြစ်မှ မရှိပါဘူး မမရဲ့၊ သူ့ကို မနှစ်သက်ပေမဲ့ ကျွန်မဘက်က မယားဝတ္တရား တစ်ချက်မှ မပျက်ကွက်ပါဘူး' ဟု ပြောလိုက်၍ ကျွန်မမှာ ပိုမို၍ စိတ်ဆိုးလာသည်။

'မြင်ပါတယ်၊ ညည်းဘက်က မပျက်တဲ့ မယားဝတ္တရားတွေ ငါမြင်ပါ တယ်၊ အိပ်ရာများ ပြင်ထားလိုက်တာ ဒိုဘီရှူးအောင် မွှေးလို့၊ ညည်းယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တဲ့ အင်္ကျီလုံချည် မှန်သမျှ ပင်မင်းဆိုင်က ရွေးလာတဲ့ အတိုင်းပဲ၊ အချိန်ထ ဆမင်းပွဲဆိုလည်း ရေ့ရောက်၊ အဆင်သင့်၊ သန့်သန့်ပြန့်ပြန့် ဆီနဲ့ပြားနဲ့ အကျ ချက်လို့။ အေး... အဲသလို မယားဝတ္တရားအညီ ညည်း လုပ်သာ နေတယ် ညည်း ယောက်ျားမျက်နှာ မြင်တော့လည်း၊ "အညာသား" စကားပြောတော့လည်း ကိုယ့်အောက်ငယ်သားလို မာကျောကျော၊ တုတ်ထိုးအိုးပေါက်။ မယူခင်တုန်း ကလည်း ဒီလူနဲ့ငါနဲ့ ဖြစ်ပါ့မလား မစဉ်းစားဘူး။ ယူပြီးရင်လည်း ဘာကြီး ဖြစ်နေနေ ကလေးသုံးလေးယောက် ရှိနေပြီ။ ညည်းစိတ်ကို ချရမယ်၊ ပြင်ရမယ် ပြောင်းရမယ် မဟုတ်လား။ နေ့ရှိသရွေ့ စိတ်တစ်စိတ်က မယားဝတ္တရားငါးပါး လုပ်နေပြီး စိတ်တစ်စိတ်က နေ့ရှိသရွေ့ ငါလိုအစားနဲ့ မတန်ဘူး စွဲနေတယ် ဒီဘက်က ပျက်ကွက်တာတော့ ဘာပြောမလဲ'

မကြည်သည် ရှိုက်ငိုနေလျက် ဘာမှ ပြန်မပြောနိုင်ချေ။

'ညည်း လုပ်နေတဲ့ ဝတ္တရားက စိတ်ကူးထဲက ဝတ္တရားတွေ လျှော့ကျ နေတာ။ ဒီဝတ္တရားက တော်လာတဲ့ လင်တစ်ယောက်အတွက် လုပ်ရတဲ့ဝတ္တရား ညည်းယောက်ျား မောင်လှခင်အဖို့မှ မဟုတ်ဘဲ၊ ညည်းသာ ဒီလို ဝတ္တရားလည်း သိတယ်၊ လုပ်တယ်။ ညည်းယောက်ျား မျက်နှာမြင်လိုက်ရင်လည်း "ကိုလှခင်" ဆိုပြီး ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူ ပြောမယ်ဆိုမယ်၊ နေမယ်ထိုင်မယ် ဆိုရင် ညည်းဖြစ်ချင်တာ ဖြစ်ရမှာပေါ့။ ညည်းကို ပက်ပက်စက်စက် ဒီလို ပြော မလား၊ ကိုင်း... ဘယ့်နှယ်ရှိစ'

မကြည်သည် အသံမထွက်ဘဲ မျက်ရည်များ အိုင်ထွန်းလျက် ရှိနေသည်။

'သူ့အစ်ကို အင်းစိန်ထောင်က ကိုအောင်သိန်း သွားပြောတော့ ဘာပြော လိုက်သလဲ'

'အင်မတန် ရိုင်းတဲ့အကောင်၊ မိုက်ရိုင်းလာရင် ဘယ်သူနဲ့မှ တူတာ မဟုတ်ဘူး တဲ့။ တွေ့ရင် လက်သီးနဲ့ ထိုးဦးမယ်လို့ ပြောလိုက်တယ်။ သူ့အစ်ကို က သူ့လို မဟုတ်ပါဘူး၊ တခြားစီပဲ။ အင်မတန် ယဉ်ကျေးပါတယ်'

'ကိုင်း... အညာသားဆိုပြီး ခလုတ်တိုက်ကြဦးလေ၊ လူ့သစ်တုံးတော့ လုပ်လာပြီ'

ကျွန်မမှာ သူတို့ဘဝကို တရားလည်း ရလျက်၊ စက်ဆုပ် စိတ်ပျက်လှ သည်။ သူတို့အကြောင်း သူတို့ အိမ်သားတစ်စုထံမှ ဆက်သိရကြားရ ပြန်သည် မှာ ညစဉ်ညတိုင်း လူမကြားအောင် ကျိတ်လျက် ကုတ်ဖဲ့ကန်ကျောက် သတ်ပုတ် နေကြကာ၊ တစ်အိမ်တည်း အတူတူနေပြီး တစ်ခန်းစီ ဖြစ်ကြသည်။ သူတို့ အကြောင်း မကြားချင်၊ မသိချင်တော့သဖြင့် ကျွန်မ အိမ်တွင် စပ်လို့မှ သူတို့ အကြောင်း မပြောကြရန် တားမြစ်ပိတ်ပင် ထားလိုက်ရသည်။





တစ်ဦးကလည်း အထင်လွဲချင်၊ တစ်ဦးကလည်း စော်စော်ကားကား အထင်လွဲစကား ပြောရမလားဟု အထင်လွဲတာကို မပြေပြေအောင် မပြော၊ ရှင်းရမည့် ကိစ္စကို ရှင်းအောင် မရှင်းဘဲ ရန်စလာလျှင် မခံချင်တိုင်း မဟုတ်က ဟုတ်က စကားဖြင့် အရွဲ့တိုက် ပြောနေ၏။ အငေါ်တူးတူး မနာ နာအောင် ငြိမ်ပြောလျက်ရှိရာ အထင်လွဲချင်သူမှာ ဒိန်းတလိန်းနတ် ပူးကပ်ဝင်ကာ နေ့မြင့် သော အရှူးရင့်လေဖြင့် နောက်ဆုံး အိမ်မှုရှုံး၍ အိမ်ပေါ်က ဆင်းပေးကြရသည့် နေ့၌ ကလေးတစ်ယောက်စီ ဆွဲဆင်းသွားကြလျက် မိညိုမှာ အိမ်ပေါ်သို့ ရောက် လာပါလေ၏။

၄

ကျွန်မသည် သူတို့ ဓာတ်ထုပ်ကို ပြန်လှန်၍ တနုံ့နုံ့ စဉ်းစားလျက် မောသွားလေ သည်။ မိညိုကို ကြည့်လိုက်ရာ မျက်နှာလေး မဲ့လျက် လမ်းဘက်သို့ ငေးမှော် ကြည့်နေသည်။ ကျွန်မမှာ သူ့အမေလို မဖြစ်ပါစေနှင့်ဟု မိညို၏ ရေ့ရေးကို ပြေးပူမိလေသည်။

မိညိုသည် ရောက်စသော ငိုလျက်၊ နောက်နေ့များတွင် ပျော်ပျော်ရွှင်ရွှင် ဖြင့် ကျောင်းတက်နေလေသည်။ နံနက်ဘက် သူ့ကျောင်းခိုန်က စော၍ ဘတ်စ် ကားနှင့် တစ်ကွဲ လွှတ်ရကာ၊ နေ့လယ် ကျောင်းဆင်းချိန်၌ ကျွန်မ သားသမီးများ နှင့် အတူ အိမ်က ကားအကြိုလွှတ်ရသည်။ ကျွန်မမှာ တာဝန်တစ်ခု ပိုလာသော် လည်း ကုသိုလ်ပဲဟု အောက်မေ့ရတော့သည်။

မိညိုရောက်၍ မကြာမီ မောင်လှခင်၏ နမဝမ်းကွဲ "အစီ"သည် သား ကလေး တစ်ယောက်နှင့် ဒုက္ခဆင်းရဲ ရောက်နေရှာ၍ ကျွန်မ အိမ်တွင်နေရန် ပြောလာ၏။ ကျွန်မမှာ အစီတို့ သားအမိကို သနားကာ နေချင်လည်း နေပါစေဟု ခွင့်ပြုလိုက်သည်။

တစ်နေ့တွင် မောင်လှခင်သည် သူ့သားကလေး သံချောင်းကို လက်ဆွဲကာ ကျွန်မ အိမ်ပေါ်သို့ တက်လာသည်။ ကျွန်မမှာ ရေချိုးနေခိုက် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ပြောနေသော မရီ၏ အသံကို ကြားရလေသည်။

'အရှက်ကို မရှိဘူး၊ ဟိုက မပေါင်းချင်လို့ သွားပြီ။ လင်ငယ်နေတယ်ဆို၊ ဘာဖြစ်လို့ လာဆက်ချင်သေးသလဲ။ ပြတ်ပါတော့လား။ တို့ နေတဲ့ နေရာကို ဘယ်တော့မှ မျက်နှာ လာမပြနဲ့။ သမီးကို မပြတ်နိုင်ရင် တာဝန်ယူနိုင်ရင် ခေါ်သွား၊ အခု ခေါ်သွား'

ကျွန်မမှာ ရေချိုးခန်းထဲက ကပျာကယာ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မရီ ...နင် ဘယ်လိုပြောလိုက်တာလဲ။ သူ့သမီးဆိ သူ လာမှာပေါ့ ခင့်နှယ်ဟယ် ... သူတို့ကြားထဲ အကုသိုလ်ကြီးလိုက်တာ၊ နင် အနေသာကြီး မဟုတ်လား'

မရီသည် ဆတ်ဆတ်တုန်နေကာ 'မိရွှေကြည်ကို နာမည်ပျက်အောင် သက်သက် ဒင်း ချိုးတာ မခံနိုင်လွန်းလို့' ဟု ပြောလျက် တိတ်သွား၏။

ကျွန်မမှာ အိမ်ရှေ့သို့ မထွက်ချင်တော့ဘဲ စိတ်ဆင်းရဲကြီးစွာဖြင့် နားမချမ်း မသာ ဖြစ်နေကာ၊ ထမင်းစားခန်းထဲ သွားထိုင်နေလိုက်သည်။ ကျွန်မ နောက်က 'ကျွန်တော် ပြန်တော့မယ်' ဟု မောင်လှခင်က လာနှုတ်ဆက်၍ ခေါင်းလှည့်ကာ ညိတ်ပြလိုက်သည်။

ကျွန်မ အိမ်တွင် လာနေသော မောင်လှခင်နှမ အစီသည် တစ်နေ့ သူ့အမျိုး များ ရှိရာ တာမွေဘက်သို့ ထွက်သွားလေသည်။ ညနေစောင်း၌ မျက်နှာ မကောင်း ပြန်ရောက်လာသည်။ ကျွန်မ အပါးသို့ ကပ်ကာ မရီတို့ မကြားအောင် တိုးတိုး ကလေး ပြောပြသည်။

'တာမွေမြင်းစောင်းမှာ ကိုလှခင်နဲ့ ကျွန်မ တွေ့ခဲ့တယ်။ အစ့်မောင်တော့ မောင်ပါပဲ၊ နည်းနည်းမှ မကောင်းဘူး မမ။ မိညိုတို့ကို မမ လက်ခံမထားရင် ကောင်းလိမ့်မယ်၊ မမအတွက် ပြောတာပါ'

'ဘာဖြစ်လို့လဲ' ဟု ကျွန်မက အံ့အားသင့်သင့် မေးကြည့်သည်။

'သူ့မယားကို သူ ပြတ်နိုင်တာ မဟုတ်ဘူး မမရဲ့။ မမကြည်က သူ့ကို ဘယ်တော့မှ ပြန်ပေါင်းမှာ မဟုတ်ဘူးဆိုတာ သူ သိတယ်။ ဒါကြောင့် မစားရတဲ့ အမဲ သဲနဲ့ပက်မယ် ပေါ့။ အစ့်ကို ဘယ်လိုပြောတယ် မှတ်သလဲ။ ဒီလောက် မာနကြီးတဲ့ဟာမ၊ သူ့သာမကဘူး သူ့ဆွေမျိုး၊ သူ့အစ်မ ဂျာနယ်ကျော်မမလေးပါ ဂုဏ်မပျက် ပျက်အောင် ချိုးပြမယ်။ ဂျာနယ်ကျော်မမလေး မျက်နှာကို အိုးမည်း သုတ်ပြမယ်။ ကြည့်နေဆိုပြီး အစ့်ကို ဘီလူးကြိမ်း ကြိမ်းပြလိုက်တယ်။ ဒါကြောင့် မမအတွက် အစီ စိတ်ပူပြီး ပြောပြတာပါ။ သူတို့ လက်ခံထားသမျှ မဲနေမှာပဲ'

ကျွန်မမှာ မုဆိုးမဘဝနှင့် သူ့သမီး တာဝန်ကြီး ထမ်းရွက်နေရမှန်း သိလျက်နှင့် သည်လောက် စိတ်ယုတ်ရှိရသလားဟု တွေးမိသည်။ ကိုယ့်ရှိတဲ့ ဂုဏ်သိက္ခာ သူ ဖျက်တိုင်း ပျက်ရမှာလားဟုလည်း အောက်မေ့မိသည်။

ထိုအခိုက်တွင် ကုက္ကိုင်းမှ ကျွန်မ အစ်မကြီး ပေါက်လာသည်။ ကျွန်မက အစီ ပြောပြသည့် အကြောင်းကို အစ်မအား ပြောပြမိသည်။

'ညည်းလေ တော်တော်ခက်တယ်။ ကိုယ့်ဘာသာကိုယ် နေနိုင်သားနဲ့ လူတကာ့ အပူတွေ ဝင်ဝင်ရွက်တယ်။ ညည်းက ဘာကိစ္စ ကျောင်းထားပေးရတာ





လဲ။ ဆွေမျိုးဆိုပေမဲ့ တို့အဖေနဲ့ တစ်သွေးစီ၊ ကြီးမှ အိမ်ရောက်လာလို့ ဘီးလုး ဆွေ့ ဒူးတွေ့ တွေ့ဖူးရတဲ့ ဆွေမျိုး။ ဒါများ တစ်လျှောက်လုံး တာဝန်ကြီးတွေ ထမ်းထားလိုက်တာ လက်စကို မသတ်နိုင်သေးဘူး၊ သမီးတာဝန် ဆက်ပြန်ပြီ။ သူ့အဖေ ခေါ်ပြီး ပြန်အပ်လိုက်၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့၊ မင်းလှေမှော လည်း မဆယ်နဲ့ ဟဲ့'

'သူ့အဖေကရော၊ အမေကရော မခေါ်နိုင်ဘူး ဆိုလို့ ဒီရောက်လာတာ မရဲ့။ ကျွန်မက လက်မခံလို့ ဘယ်သွားရမလဲ၊ ကလေး သနားပါတယ်။ ကုလား နိုင်လို့ ရခိုင်မဲ့ရင် သူ့စေတနာ သူ့အကျိုးပေးမှာပဲ'

ကျွန်မမှာ မိညိုကို သနားသဖြင့် အစ်မကြီး စကား နားမထောင်ဘဲ ကျောင်းပို့မြဲ ပို့နေလေ၏။

အစီ ပြောသည့်အတိုင်းပင် မိညိုအဖေသည် တစ်စတစ်စ အတင့်ရဲလာ လေ၏။ ကျွန်မ ပတ်ဝန်းကျင်၊ ကျွန်မ အသိမိတ်ဆွေများထံသို့ ပေါက်ပေါက် ရောက်ရောက် သွားကာ သူတို့လင်မယားကို ကျွန်မက အတင်းအဓမ္မ ခွဲပြီး ယောကျ်ားအငယ် နေခိုင်းပါသည်ဟု လျှောက်ပြောနေလေ၏။ ကျွန်မ နားသို့ ပေါက်ကြားလာမှ သူ့နှမ အစီပြောသော ကျွန်မဂုဏ် ချိုးဖျက်ပြမည့် သူ့နည်းသာ သည်နည်းပါလားဟု သိရလေ၏။

မိညိုမှာ သည်အကြောင်းကြားလျှင် စာကောင်းကောင်း မကျက်နိုင်တော့ ဘဲ တရှုပ်ရှုပ် ထိုင်ငိုနေလေ၏။ ကျွန်မမှာ သူ့သမီး တာဝန် မထမ်းချင်သောက် အောင် စေတနာ ပျက်သွားကာ မိညိုအား 'မိညို ...နင့်ကို ငါ မမွေးလိုတော့ဘူး နင့်အဖေဆီ တာမွေ သွားနေတော့' ဟု ပြောမိသည်။

'ကြီးကြီး ... မိညိုကို ဒီအိမ်က မနှင်ပါနဲ့၊ မိညိုကို သနားပါ ကြီးကြီး ရယ်။ မိညို တာမွေ မသွားချင်ဘူး၊ မိညိုကို ကျောင်းထားမှာလည်း မ[illegible] ဒီမှာ နေပါရစေ ကြီးကြီးရယ်' ဟု မိညိုသည် ကျွန်မ ကုလားထိုင်[illegible] ဒူးကလေး ထောက်ကာ မျက်ရည်စက်လက်ဖြင့် သနားစဖွယ် ငိုကြွေး[illegible] နေရှာ၏။

ကျွန်မမှာ မိညိုအတွက် စိတ်မချမ်းမသာကြီး ဖြစ်ရလှ[illegible] ကာ၊ ကလေးကို ကျောင်းပို့မြဲ ဆက်ပို့လျက် ကြိတ်မှိတ်သည်း[illegible]။

မိညိုအဖေသည် လူတွေ လိုက်ပြောရုံနှင့် ဂုဏ်မ[illegible] ရောက်ကာ၊ သတင်းထောက်အသင်းသို့ ရောက်အောင်သွား[illegible] ပြောပါလေ၏။ အထောက်တော်သတင်းစာ တင်[illegible] အကြောင်း ထည့်ကာ သူ အလိုရှိသလို သတင်းစာထဲ၌ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နာမည် ပါမလာချေ။ အခြား သတင်းစာများမှ သတင်းထောက်များကမူ သတင်းစာတွင် လုံးဝ မဖော်ပြဘဲ ထားကြသည်။ ကျွန်မမှာ ခင်မင်သော သတင်းထောက်များနှင့် မကြာခဏ တွေ့သော်လည်း အားနာ၍ မပြောဘဲ ငြိမ်နေကြသည်။

မရီတို့သည် ကျွန်မ အိမ်ပေါ်၌ ရှစ်လလောက် နေသွားကြပြီးနောက် မြေနီကုန်း ဆန်းသီရိလမ်း၌ မောင်သိန်းဟန် အိမ်ငှားရ၍ အိမ်ပေါ်မှ အားလုံး ပြောင်းဆင်းသွားကြသည်။ မီညိုအမေမှာ မအူပင်၌ သူ့ညီမ အမာနှင့် ရှစ်လ လောက် သွားနေကာ၊ မောင်သိန်းဟန် အိမ်ငှားရမှပင် ရန်ကုန်သို့ ပြန်လာပြီး မီညိုကို ပြန်ခေါ်ကာ မောင်နှမ ပြန်စုနေကြသည်။

မကြာသေးမီက မီညိုအဖေသည် ဆိုက်ကားသမားနှင့် ကျွန်မထံသို့ စာ တစ်စောင် ပို့လိုက်ပြန်သည်။ ဂုဏ်မပျက် ပျက်အောင် စိတ်ဓာတ်ဖြင့် မကြားဝံ့ မနာသာများ ရေးသား စွပ်စွဲထားလေသည်။

"သူတို့လင်မယားကို ခွဲပြီး ဘာဖြစ်လို့ လင်ငယ်နှင့် ခုထက်ထိ မပေးစား ဘဲ ထားသလဲ။ စာနယ်ဇင်းလောကကို တစ်နှစ်ကျော်ကျော် ကြာအောင် လူသိ အောင် လုပ်သော်လည်း စာနယ်ဇင်း လောကကြီးက ဖုံးကွယ်၍ ထားကြပါသည်" စသည်ဖြင့် ရေးထားသော စာမှာ ကျွန်မ တစ်ယောက်တည်း ပေးပို့သော စာမျိုး မဟုတ်။ ဤစာသည် မိတ္တူဖြစ်သည်။ အောက်ပါဌာနများသို့ ပေးပို့သည်ဟု ပါသေး၏။

သူ ပေးပို့သော ဌာနများ . . .

၁။ သတင်းထောက်များအသင်း၊

၂။ အမျိုးသမီး ကလောင်ရှင်၊

၃။ ဗ–လ–မ–စ၊

၄။ ဂျာနယ်ကျော်မမလေး၊

၅။ စာရေးဆရာ ဒဂုန်တာရာမှတစ်ဆင့် မမလေး၊

၆။ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊

ကျွန်မမှာ သူ့စာကို ဖတ်ကာ စာနယ်ဇင်းလောက၌ ကျွန်မ နာမည် မပါသဖြင့် ဂုဏ်မပျက်ဟု ထင်ပြီး၊ ဂုဏ်ပျက်စေရန် အသင်းအဖွဲ့အစည်းများသို့ ရောက်အောင်ပို့ကာ မလျှော့တမ်း လုံ့လထုတ်နေကြောင်း တွေ့ရလေသည်။

ကျွန်မမှာ သူ့စာကို ဖတ်နေရင်း ဆရာ ဦးသိန်းဟန်ကို ပြေးသတိရမိသည်။ ဆရာက "နေရာတကာတိုင်း သည်းခံလည်း မကောင်းဘူးဟ၊ အကြောင်း ပြသင့် လည်း ပြမှ" ဟု တစ်ခါက ကျွန်မ သည်းခံတတ်မှုကို ဝေဖန် ပြောဆိုဖူးသဖြင့် သည်းမခံဘဲ တစ်ခုခု အရေးယူရန် တွေးမိလေသည်။

သီဟရတနာစာပေ



ဒဂုန်တာရာမှာ သည်စာမျိုး အလားတူ ရသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အတင့်ရဲလာတာတွေ သည်းခံမနေဘဲ အရေးယူရန် ကျွန်မထံသို့ လာပြောလေ၏။

ဆွေမျိုးကဲ့သို့ ရင်းနှီးနေသော ပုလိပ်အရာရှိကြီးတစ်ဦးက သူတို့ ဇာတ် ကြောင်း ကောင်းကောင်း သိသဖြင့် ကျွန်မကိုများ စော်ကားရသလားဟု စိတ်ဆိုး ကာ မျက်ခွက် လက်သီးနှင့် ပိတ်ထိုးမည်ဟု လာပြော၏။

ကျွန်မမှာ တစ်စုံတစ်ရာ အရေးယူမည်ဟု စဉ်းစားလိုက်တိုင်း မီညို၏ မျက်နှာကလေးကို ပြေးမြင်ယောင်လာမိသည်။ "နှစ်ယောက်စလုံး မကောင်းပါ ဘူး ကြီးကြီးရဲ့၊ သူတို့ နှစ်ယောက်စလုံး မကောင်းလို့ မီညို ဒီလို ဖြစ်နေရတာပါ" ဟုသော မီညို၏ စကားမှာ နားထဲတွင် စွဲနေလေသည်။

ဤကိစ္စနှင့် ပတ်သက်၍ အရေးယူရန် တွေးလိုက်သည့်အခါ မီညို အဖေ ဆောင်လုခင်သာ မကောင်းသည် မဟုတ်၊ မိုက်တွင်းနက်လှသော မီညိုအမေ ကြည်ပါ မကောင်းသဖြင့် အစော်ကား ခံရခြင်းဟု တွေးမိလျက် ကျွန်မ ဘဝ တစ်ကွေ့တွင် လာတွေ့ရသော ကျေးဇူးကန်းလှသူကို ရန်တုံ့မမူမိရန် ကြိုးစား စိတ်ဖြေလျက်၊ တစ်စုံတစ်ရာ အရေးမယူဘဲ သည်းခံလက်စနှင့် သည်းခံပါတော့ မည်ဟု ပိုင်းဖြတ်လိုက်လေသည်။

ကျွန်မသည် အရေးမယူရန် ဆုံးဖြတ်လိုက်ပြီးနောက် မီညို၏ မိဘများ ရောက်ရှိ မြုပ်နှံနေသော အကုသိုလ် နယ်နိမိတ်က အမြန်ဆုံး ကျွတ်စေသော်၎င်း လွတ်စေသော်၎င်း ပြီးလျှင် အိမ်ထောင် တစ်သက်လုံး မှားလာသော အမှားများကို နှစ်ဖက်စလုံး အမြင်မှန် ပြန်ရသွားကြလျက်၊ မိဘနှင့် ရင်ကွဲ ကွဲနေရရှာသော သားသမီးကလေးတွေကို ထောက်ထား ငဲ့ညှာကြကာ ပြန်လည် ပေါင်းသင်းကြပါ စေရန် မေတ္တာရည်သန်လျက် ရှိနေတော့လေ၏။

[ ပေဖူးလွှာ၊ ဖေဖော်ဝါရီ၊ ၁၉၇၁ ]

www.burmeseclassic.com

www.burmeseclassic.com

# မာလီ

## ၁

'အမား . . . အမား . . . အမား'

ဤအသံသည် အဝေးကလိုလိုလည်း ထင်ရ၏။ အနီးကလိုလိုလည်း မှတ်ရ၏။ အသံမှာ တစ်ယောက်ယောက် ကြားရအောင် ဖျစ်ညှစ် အော်ဟစ်နေရသော အသံမျိုးနှင့်လည်း တူသည်။

သေတ္တာထဲသို့ အဝတ်အထည်များ ထည့်နေခိုက် နားထဲတွင် ရောက်ရောက်လာသော အသံကို သတိပြုလိုက်မိ၊ မပြုလိုက်မိ ဖြစ်နေပေသည်။ မော်စကိုသွားရန် ခရီးသေတ္တာ ပြင်နေစဉ် အခိုက်အတန့် ထိုအသံက တခြား၊ ကျွန်မ စိတ်ဝင်စားနေသည်က တခြား။

မော်စကိုမှာ အေးမည်။ အနွေးထည်တွေ များများ ယူသွားနိုင်မှ ဖြစ်မည်။

ဗီရိုထဲရှိ အဝတ်အထည်များကို တစ်ထည်စီ ရွေးကာ ရွေးကာ သေတ္တာထဲသို့ ဖိသပ်ထည့်နေသည်။

အအေးကို ကြောက်ကြောက်ဖြင့် ထူထူထဲထဲ အဝတ်အထည်တွေကို လက်စမသတ်နိုင်အောင် စိမ်ပြေနပြေ ရွေးရွေးထည့်နေရာ၊ သေတ္တာထဲရှိ အဝတ်ပုံကြီး မောက်မြင့်နေတော့မှ သံသေတ္တာကို ပိတ်ကြည့်သည်။ လူတစ်ကိုယ်လုံး တက်ဖိကာ တအား ပိတ်သော်လည်း၊ အဖုံးနှင့်အပိတ် မစေ့၍ သေတ္တာထဲက အဝတ်တွေကို ပြန်နုတ်ရန် ရွေးရပြန်လေသည်။

'အမား . . . အမား . . . အမား'

ဒီအသံကလည်း ဘာသံပါလိမ့်ဟု အသံကို စူးစိုက်လျက် နားထောင်ကြည့်သည်။ ဂရုစိုက်၍ နားထောင်လိုက်သောအခါ ရင်ခေါင်းသံကြီးဖြင့် ဝါးနေသည့် အသံကြီး ကြားရ၍ လက်ထဲက အဝတ်တွေကို ပစ်ချလိုက်မိသည်။

အသံမှာ အိမ်အောက်ထပ် ကားရုံဘက်ဆီမှ လာသော အသံဖြစ်သည်။ မည်သူ့ အသံမှန်း ကွဲပြားရန် နားကို စွင့်ထားသည်။ စူးစိုက်ကာ စွင့်ထားသော နားထဲ၌ "အမား . . . အမား" ခေါ်နေသံမှာ ပီပီသသ မဟုတ်တော့၊ မောသံကြီးဖြင့် ညည်းခေါ်နေသည့် အသံကို ကျက်မိမှ မျက်လုံးမျက်ဆန် ပြူးသွားလေသည်။





ကျွန်မသည် သေတ္တာများ၊ အဝတ်ပုံများကို ခုန်ကျော်လွှား၍ အောက်ထပ်[illegible] အပြေး ဆင်းသွားလေသည်။

အချိန်မှာ ညဉ့် ဆယ်နာရီခန့် ရှိပေမည်။ အောက်ထပ် ဧည့်ခန်းတွင် [illegible]များ မှိတ်ထား၍ မှောင်နေ၏။ အခန်းထဲမှ ပြေးထွက်ကာ လှေကားကို အပြေး[illegible]ဆင်းခဲ့ရာ ကျွန်မ နောက်မှ ပြေးလိုက်လာကြသော မိန်းကလေး နှစ်ယောက်ကား [illegible]တစ်ယောက်က အိမ်တွင် ကျွန်မနှင့် အဖော်နေသော အုန်းလှ ဖြစ်သည်။ [illegible]တစ်ယောက်မှာ ယနေ့ ညနေစောင်းမှ အိမ်သို့ စွပ်စွပ်ရွှပ်ရွှပ် ပေါက်လာသော [illegible]မ်ကြီးဈေးတွင် ဆိုင်ထွက်နေသည့် ညီမဝမ်းကွဲ မခင်ရီ ဖြစ်လေသည်။

'မမ . . . မာလီ ဘာဖြစ်ပါလိမ့်၊ မာလီ့အသံပါ၊ မီးဖွင့်ပါ မီး . . . မီး'

နောက်မှ ကပ်၍ မခင်ရီက ကသောကမျော ပြောနေလေလေ၊ မီးခလုတ်[illegible] စမ်းမတွေ့နိုင်ဘဲ ဖြစ်လေလေနှင့် မွန်ထူ၍သာ နေတော့သည်။

ဘယ်သူ့လက်ဖြင့် နှိပ်မိမှန်းပင် မသိနိုင်သော ခလုတ်သံနှင့်တကွ ဧည့်ခန်း[illegible]ထဲတွင် မီးရောင် ထွန်းလင်းသွားပေသည်။

ဧည့်ခန်းရှိ အပြင်ထွက်နိုင်သည့် သံတံခါးကို တွန်းဖွင့်ကြကာ သူ့ထက်ငါ အရှေ့ရောက်အောင် တံခါးပေါက်က တိုးထွက်၍ ခြံထဲသို့ ပြေးဆင်းခဲ့ကြသည်။

မာလီ၏ တဲဝသို့ ရှေ့က အလျင်ရောက်နှင့် သွားသူမှာ မခင်ရီ ဖြစ်လေသည်။

'အမယ်လေး . . . မမရယ်။ မျက်လုံးကြီး ပြူးပြီး မိုက်ကြီး ပုလိုက်နေ့[illegible] [illegible]၊ ဟောတော့ . . . ဗုန်းခနဲ လဲသွားပြီ'

ဗုန်းခနဲ အသံကြားသည်နှင့် ပြေးလာသော ကျွန်မ ခြေထောက်[illegible] [illegible]စ်ခါတည်း ရပ်တန့်သွားတော့သည်။

မာလီသည် အကျီ မရှိဘဲ ကာကီဘောင်းဘီတိုနှင့် တဲအတွင်း [illegible] [illegible] ထိုင်နေရာကပင် လဲခွေကျကာ အသက်ထွက်သွားလေပြီ။

မာလီ၏ တဲအိမ်နောက်ဘက် မော်တော်ကားရုံ နောက်ဆွယ်[illegible] [illegible]သော ကားမောင်သမား မောင်အေးပါတို့ လင်မယားကို ခေါ်ထု[illegible]—

'မာလီ သေပြီ၊ သွား . . . သွား (အိမ်နီးနားချင်း) အ[illegible] [illegible]သွားခေါ်စမ်း' ဟု ကျွန်မ ပါးစပ်က အော်နေသည်။

အမှန်ပင် မာလီမှာ အသက်ထွက်သွားပေပြီ ဖြစ်၍ [illegible] [illegible]င်ထဲတွင် မချိတင်ကဲ ဝမ်းနည်းသွားတော့သည်။

ဘာရောဂါနှင့် သေမှန်းကို ထင်မြင်ချက်ပင် မ[illegible] [illegible]နှန်းလှ၍ တဲရှေ့တွင် တွေတွေကြီး ရပ်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သာရောက်ကြသော အိမ်နီးနားချင်း မိတ်ဆွေများ၏ တစ်ယော[illegible]ဘစ်ခွန်း ပြောနေကြသော အသံများကို ကြားမိပါ၏။

'နှလုံးရောဂါနဲ့ တူတယ်။ ပန်းနာလား၊ ရင်ကျပ်တာပဲ ဖြစ်မယ်'

ညနေက အကောင်းသားပကတိ၊ ကျွန်မ အပြန် ခြံတံခါးပင် ကား[illegible]နိုင်အောင် သူကိုယ်တိုင် ရပ်စောင့် ဖွင့်ပေးသေး၍ လူမမာတစ်ယောက်လည်[illegible] မဟုတ်ပေ။

တော်တော် စောစောက ကျွန်မကို အော်ခေါ်နေသော အသံတွင် ပထ[illegible]သုမှန်းပင် မထင်ခဲ့။ ကျွန်မတို့ အိမ်နားတွင် နွားနို့ကုလားတဲများ ထူထပ်[illegible]လမ်းသွား ကုလားတစ်ယောက် အသံလိုလို၊ ဘာလိုလို မကြားတကြား နမော်န[illegible] နေလိုက်မိ၏။

ယခုမှ "စောစောက ခေါ်တာကို ကြားသလိုလို ရှိသား" ဟု စိတ်ထဲတွင်[illegible] ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကာ စကားမပြောနိုင်အောင် ဖြစ်နေရ၏။

ဝေဒနာ ခံစားပုံ မဆိုထားနှင့်၊ အသက်ပင် မမီလိုက်၍ ဘယ်လို ဖြစ်တာ[illegible] လဲကို မတွေးတတ်နိုင်အောင် ဖြစ်မိသည်။

မာလီ၏ အမည်ကို ကျွန်မ မသိပေ။ အိမ်တွင် မာလီတစ်ဦး ထွက်သွာ[illegible] ပြီးနောက် ထိုမာလီက အစားရှာ ထားခဲ့သော မာလီ ဖြစ်သည်။ ကျွန်မတို့ သူ့ကို မာလီဟုပင် ခေါ်ကြသည်။ သူ့အသက်မှာ ၄၀ ခန့် ရှိမည်။ စကားနည်း[illegible] ရိုးသားသည်။

နံနက်လင်းလျှင် ခြံထဲရှိ ပန်းပင်များကို ရေ လိုက်လောင်းပြီးနောက်[illegible] ရေတွင်းမှ သုံးရေချိုးရေ ထမ်းထည့်လေသည်။ ရေခပ်ပြီး သူ့ခြေလက်ကို ရေတွင်[illegible]၌ စင်စင်ကြယ်ကြယ် ဆေးကြောလျက် သံပုံးတွင် ရေထည့်ကာ အိမ်ထဲသို့ ဆွဲ[illegible] ဝင်လာသည်။

အိမ်အောက်ထပ်၊ အပေါ်ထပ် ဖုန်ခါ၍ တံမြက်စည်းလှည်းကာ ရေပုံးထဲ[illegible] ရေနှင့် ကြမ်းကို ချောပြောင်နေအောင် သုတ်ပွတ်တိုက်လေသည်။

ကျွန်မနှင့်နေသော အဖော်မိန်းကလေး အုန်းလှမှာ နံနက် ဈေးထွက်ကာ [illegible]ဖိုဆောင်တွင် ချက်ပြုတ်နေခိုက်၊ တစ်မနက်စာလုံး တစ်အိမ်လုံး အလုပ်ကို သူသာ [illegible] လုပ်ကိုင်နေသည်။

စာရေးစားပွဲပေါ်ရှိ စာအုပ်၊ စာရွက်များကို ဖုန်ခါ ရှင်းလင်းထားတတ်သည်။ ကျွန်မ အိပ်ရာခုတင်ကို လှလှပပ ကျကျနန ခင်းပြု ဖုံးအုပ်ပေးထားသည်။ မှန်ခုံပေါ်ရှိ ပစ္စည်းများကို ကျွန်မ ထားတတ်သည့်အတိုင်း မှတ်သားလျက် ဖုန်သုတ် ရှင်းလင်းကာ နေရာတကျ ပြန်ထားသည်။ အကြောင်းကိစ္စ မရှိဘဲနှင့် စကား





[illegible]ပြော၊ မြန်မာစကားလည်း မပြောတတ်။ သူ့အလုပ်များ ပြီးစီးလျှင် တဲထဲတွင် သူ့ဟာသူ အေးအေးနေတတ်၏။

တစ်ညလုံး စားပွဲတွင် ထိုင်ကာ မိုးလင်းအထိ စာထိုင်ရေးနေသည့်နေ့ ဆိုလျှင်၊ နံနက် အလုပ်လုပ်ရန် အိမ်ပေါ်သို့ သူတက်လာကာ အနားတွင် လာရပ် နေလေသည်။

သူ့ကို လှည့်မမေးမချင်း ရပ်နေတတ်သည်။ 'ဘာလဲ မာလီ' ဟု မေးမှ မျက်နှာကလေး ပြုံးကာ စကားဖြင့် မပြောဘဲ ပွင့်နေသော မီးလုံးကို လှမ်းပိတ်လိုက်ရန် လက်ညှိုးထိုး၍ ပြနေလေသည်။

ဘယ်အခါကြည့်ကြည့်၊ ချိုသာသော မျက်နှာထားနှင့် အေးအေးဆေးဆေး အသွင်ကို မျက်စိထဲတွင် မြင်ယောင်ကာ အလောင်းကိုပင် သတိမရ ဖြစ်နေလေသည်။

'မနက်စောစော မသာချလိုက်ပေါ့' ဟု မိတ်ဆွေ အစ်မကြီးများက ပြော၍ အားလုံး ပြန်သွားကုန်ကြမှ တဲထဲတွင် လဲသေနေသော မာလီ အလောင်းကြီးကို အစောင့်ထားရန် ကုလားများ လိုက်ရှာခိုင်းရသည်။

မောင်အေးပါ ကုလား လိုက်ရှာနေခိုက် ကျွန်မ၊ မခင်ရီ၊ အုန်းလှ၊ မောင်အေးပါ မိန်းမ ဗြူးတော၊ မိန်းမတွေသာ ခြံထဲ၌ ရှိကြသည်။ အား[illegible] ခုံပေါ်တွင် စု၍ ထိုင်ကြကာ မောင်အေးပါ အပြန်ကို မျှော်နေကြရသည်။

ဗြူးတောက ကြောက်လှချည်ရဲ့ဟု ပြောကာ အုန်းလှနှင့် ပူးကပ်ထိုင်သည်။ အုန်းလှကလည်း ကြောက်လှချည်ရဲ့ဟု မခင်ရီ အနားသို့သာ တိုးကပ်နေသည်။

'ဘာ ကြောက်စရာ ရှိသလဲ' ဟု ကျွန်မက အားပေးလိုက်လျှင် ကု[illegible]ဘက် လှည့်ကြည့်လိုက်ကြကာ ကြက်သီး တဖြန်းဖြန်း ထကြလှက် 'အစ်[illegible]ကြီး၊ ကြက်သီး ထ လိုက်တာ' ဟု ဆိုကြသည်။

၂

ထိုညက လရောင် မရှိ။ အိမ်ထဲမှ ထွက်နေသော မီးရောင်အလင်း[illegible] တဲနားတွင် ထိုင်နေကြရသည်။ တစ်ယောက်မျက်နှာ တစ်ယော[illegible] မမြင်ရ။ တဲထဲ၌ လဲနေသော အလောင်းကို မြင်နေကာ တုန်[illegible] နေကြသည်။

မောင်အေးပါ ခေါ်လာသော ကုလား အဘိုးကြီး [illegible] တောင်းတောင်းပန်ပန် ပြောရကာ တဲထဲ၌ အစောင့်[illegible] အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးပါတို့ လင်မယားမှာ ကားရုံနောက်ရှိ သူတို့အိမ်ကလေးသို့ ပြန်မသွားဝံ့ကြ၍ အိမ်အောက်ထပ်၌ အိပ်နိုင်းလိုက်ရသည်။

အခန်းထဲက သေတ္တာတွေနှင့် ချုပ်ထားသော အထည်တွေကို ကြည့်ချင်စိတ်၊ ထည့်ချင်စိတ် မရှိတော့၍၊ အခန်းနံရံနားသို့ တွန်းရွှေ့ ပုံတင် ထားလိုက်ရသည်။

အိပ်ရာထဲသို့ ဝင်ကြရသော်လည်း အိပ်ချင်စိတ် လုံးလုံး မရှိ၍ မခင်ရီနှင့် စကားလှမ်းပြောနေကြသည်။

'လူတွေဟာ မသေခင် နေ့စဉ်ရက်ဆက် သေခြင်းတရားကို နေ့ညမပြတ် ရှေးရှု နှလုံးသွင်းနိုင်မယ်ဆိုကြရင် လောဘ၊ ဒေါသ၊ မောဟ တရားတွေ နည်းပါး ကုန်မှာ အမှန်ပဲ။ ကြည့်စမ်း ... မာလီဟာ မနက်က အကောင်း၊ ဟော... အခုည သေသွားပြီ မဟုတ်လား။ ကိုယ့်ပစ္စည်း၊ ကိုယ့်အိမ်၊ ကိုယ့်ဥစ္စာတွေကို တွေးကြည့်စမ်း။ တစ်နေ့ကျ ပစ်ခဲ့ရမယ် မဟုတ်လား'

မခင်ရီထံမှ စကားပြန် မရ။ သခါရကို စဉ်းစားတွေးတော နေသလို တိတ်ဆိတ်နေ၏။ အတန်ကြာမှ 'မမ ... မာလီကို လခ ပေးပြီးပြီလား' ဟု ကောက်မေးလိုက်သည်။

'မပေးရသေးဘူး'

'ကုလားများဟာ ပိုက်ဆံ ခင်တွယ်တယ် မမရဲ့၊ သူ့စိတ်က စောသွား မှာနော်'

မခင်ရီ၏ အသံကား ရှေ့မဆက်တော့ချေ။

တစ်အိမ်လုံး ဘာသံမှ မကြားရဘဲ ငြိမ်ဆိတ်လျက် ရှိပေ၏။ မီးပိတ်ထား၍ မှောင်နေလေသည်။ လမ်းမီးဓာတ်တိုင် အလင်းရောင်ကလေးသည် ပြတင်းတံခါး ပေါက်သို့ ဖြာဟပ်နေလေသည်။

ခုတင်အောက်၌ အိပ်ပျော်သွားသော မခင်ရီ၏ အသက်ရှူသံကိုသာ မှန်မှန် ကြားနေရစဉ်၊ စစ်တပ်မှ ခေါက်လိုက်သော သံချောင်းသံကို ကြားရ၍ "ဟင် တစ်ချက် ထိုးပါပကော" ဟု အိပ်ရာထဲတွင် တော်တော်နှင့် အိပ်မပျော်နိုင် ဖြစ်နေခြင်းကို စိတ်ညစ်သွားသည်။

အိပ်ရာမှ ထ၍ ဆေးလိပ်သောက်ရန် မီးခြစ်ရှာဖွေရာ အခန်းပြင်ဘက်သို့ ရောက်သွားမိသည်။ အခန်းပြင်ဘက်၌ အိပ်နေသော အုန်းလှမှာ ကျွန်မ အသံ ကြားသည်နှင့် အိပ်နေရာမှ ဝေါက်ခနဲ ထရပ်ကာ 'အမယ်လေး' ဟု ခုန်အော်လိုက် သည်။

'မမပါဟဲ့၊ ဆေးလိပ်သောက်မလို့ ထလာတာ။ မကြောက်ပါနဲ့၊ ဘာ ကြောက်စရာ ရှိသလဲ'





'လန့်လိုက်တာ မမရယ်' ဟု ဆိုကာ သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေလျက် ပြန်၍ လှဲအိပ်သည်။ ခြေလက်ပင် မဆန့်ရဲဘဲ ကွေးပုနေလေသည်။

မီးခြစ် ရှာမတွေ့၍ အောက်ထပ်သို့ ဆင်းခဲ့ကာ မီးခလုတ်ကို ဖွင့်လိုက်ရာ၊ မောင်အေးပါတို့ လင်မယားနှစ်ယောက်မှာ လှဲဆန့် မအိပ်ဝံ့ကြဘဲ ကုန်းထိုင်နေကြ သည်။ အကြောက်လွန်ကာ ရောဂါရကုန်မည်စိုး၍ မကြောက်လန့်ရန် အားပေး စကား ပြောဆိုပြီး မီးခြစ်ယူ၍ အပေါ်သို့ ပြန်တက်လာခဲ့သည်။ ထိုညအဖို့ မိုးလင်းခါနီးမှပင် အိပ်ပျော်သွားသည်။

## ၃

မိုးလင်းလေလျှင် ကုလားထုံးစံအတိုင်း မာလီကို အဝတ်ဖြူနှင့် ထုပ်ကြလေ့က်း ကုလားလေးယောက်က ထမ်းစင်နှင့် ထမ်းကာ သင်္ချိုင်းသို့ ယူဆောင် သွားကြ လေသည်။

ကျွန်မလည်း အိမ်အပေါ် ဆင်ဝင်ပေါက်မှ ထွက်လျက် ခေါသွားသော အလောင်းကို လမ်းကွေ့ လွန်သွားသည့်အထိ စိုက်၍ ရပ်ကြည့်နေသည်။

အလုပ်တိုက်သို့ ကိုးနာရီလောက် ထွက်ခဲ့သည်။ အိမ်တွင် မောင်အေးပါ မိန်းမ ဖြူးတေနှင့် အုန်းလှတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ မခင်ရီကို သိမ်ကြီး ဈေး သူ့ဆိုင်အေးတွင် ချပေးလိုက်ပြီးနောက် 'ညနေ လာခေါ်မယ်၊ လိုက်ခဲ့ဦး' ဟု ပြောလိုက်ရသည်။

အလုပ်တိုက်သို့ ခေတ္တသာ ဝင်ကာ မော်စကို သွားရေးအတွက် ငိုအာ ရကြရန် တစ်နေ့လုံးလုံး တစ်ယောက်တည်း သံရုံးတကာ ရုံးသို့ သွားနေရလေ၏။ ငိုအာ ရပြီး တစ်ဖန် ပုလိပ်ရုံးတွင် နိုင်ငံထွက် လက်မှတ်များ သွားယူရာ အချိန်ကို သွားခွင့် မပေးပြန်၍ ပုလိပ်ရုံးကြီးပေါ်သို့ တက်သွားကာ ပုလိပ်မင်းကြီးအား သွား တောင်းပန်ရပြန်သည်။ ဆိုဗီယက်သွား မြန်မာယဉ်ကျေးမှုအဖွဲ့ အတွက် ဆိုနေ့က ခရီးထွက် လက်မှတ်များ ချောချောမောမော ပြီးစီးသွားရန် ဘာစီးနေရုန်း ဘာစ်နေခန်း တစ်ယောက်တည်း ဖားနေအောင် လုပ်နေရသည်။

ညနေ ငါးနာရီလောက်တွင် မခင်ရီကို ဈေး၌ ဝင်ခေါ်ကာ အိမ်သို့ ပြန်ခဲ့ ကြသည်။

အိမ်ရောက်လျှင် အုန်းလှကလည်း မနေဝံ့တော့၍ ပြန်တော့မည်ဟု အထုပ်အပိုး ပြင်ထားသည်။ မောင်အေးပါ မိန်းမကလည်း နေရဲတော့၍ သူတို့ လင်မယား ည ရှစ်နာရီ ရထားနှင့် သွားကြတော့မည်ဟု လာပြောသည်။

တစ်အိမ်လုံး ကျွန်မနှင့် မခင်ရီသာ ရှိ၍ သူတို့အား မပြန်ကြပါနဲ့ဦး သွားကြပါဟု အတန်တန် တောင်းပန်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မျက်နှာတွေတွင် သွေးမရှိတော့ဘဲ နေစရာ ထိုင်စရာ မရှိအောင် ထိတ်လန့်နေကြ၏။ ဒရိုင်ဘာ မောင်အေးပါမှာ သူ့မယားထက်ပင် သူက ကြောက်သေး၏။ သူ၏ မွေးစကလေး သေဆုံးသွားစဉ်က မအိပ်ဝံ့ကြောင်း ပြောပြသည်။

'ယောကျ်ားပဲကွယ်၊ ဘာ ကြောက်ရမှာလဲ' ဟု အားပေးသော်လည်း အားလုံးထက် သူက အကြောက်ဆုံး ဖြစ်နေတော့သည်။

'သရဲဆိုတာ မရှိပါဘူးကွယ်၊ မင်းတို့ မကြောက်ကြပါနဲ့'

'မကြောက်နဲ့ ဆိုပေမဲ့ ကြောက်တာပဲ။ မမက မာလီ မသာချတုန်းက နင်လည်း မနှင်လိုက်ဘူး၊ ဒီတော့ ကျွန်မတို့ ဘယ်နေရမလဲ'

ထိုသို့ အုန်းလှက ဝင်ပြောလိုက်မှပင် သတိမရသည့် အဖြစ်ကို သတိရလာ စေသည်။

မသာပို့ လိုက်သည့်အခါ၌ အချို့မသာတွင် ဆိုင်ရာတို့က သုသာန်တွင် အမိန့်ပြန်ကြပုံကို သွား တွေးမိသည်။ အလုပ်နှင့် မကင်းရာ မကင်းကြောင်း ပတ်သက်နေလျှင် အကြီးအကဲ သက်ဆိုင်ရာက သေသူကို သွားလိုရာ သွားနိုင်ကြောင်း အမိန့်ပြန်သည့် ဓလေ့ထုံးစံကို သတိရမိသည်။

'အစ်ကိုလေး သေတုန်းကလည်း အမိန့်ပြန်ကြတယ် မဟုတ်လား မမရဲ့' ဟု မခင်ရီက ပြောလေသည်။

ကျွန်မခင်ပွန်း ဆုံးတုန်းက သင်္ချိုင်းတွင် ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်က အမိန့်ပြန်ပုံ၊ စာရေးဆရာအသင်းမှ အမိန့်ပြန်ပုံ၊ အခြား ဟိုအသင်း၊ ဒီအသင်း ဝင်ထားမိသည့် အသင်းပေါင်းစုံက မြမြှုပ်ခင် တစ်သင်း တစ်ဖွဲ့စီ အမိန့်ပြန်ကြပုံများကို ပြန်လည်၍ သတိရမိလေသည်။

'ကျောင်းသားကလေး သေတာတောင်မှ ကျောင်းဆရာက သွားလိုရာ သွားနိုင်ကြောင်း အမိန့်ပြန်ရတယ်'

'မပြန်တော့ကောကွယ် ဘာဖြစ်သလဲ' ဟု ကျွန်မက ရယ်မေးလိုက်သည်။

'ကျောင်းသားက စိတ်မစွဲရင်တော့ ဟုတ်တာပေါ့ မမရဲ့။ စိတ်စွဲသွားလို့ ကျောင်းမှာ ကျောက်တံသံကလေး တချောက်ချောက် လာပေးလို့ ဆရာက အမိန့်ပြန်လိုက်မှပဲ အသံ ပျောက်သွားသတဲ့'

ဆိုင်ရာက အမိန့်မပြန်လျှင် သေသောသူမှာ သွားလိုရာ မသွားနိုင် ဖြစ်တတ်ကြောင်းဟု နှင်ကြသည့် ထုံးစံကို အယုံအကြည် သိပ်မရှိခဲ့။

'သေနေမှပဲ၊ ပြောလို့ကော ကြားဦး သိဦးမှာလားဟယ်' ဟု နောက်ပြောင် လိုက်မိသည်။





သို့သော် ယနေ့ညအဖို့ စိတ်သံသယ ကင်းကင်းရှင်းရှင်းနှင့် သူတို့မှာ နေရဲအိပ်ရဲ ရှိပါစေတော့ဟု ရည်ရွယ်ကာ–

'ကိုင်း . . . ဒါဖြင့် မာလီတဲ့ သွားပြီး မမ အမိန့်ပြန်လိုက်မယ်လေ။ ဒီလို ဆိုရင် မကြောက်ကြဘူး . . . ဟုတ်လား'

'အခု ညကြီးမင်းကြီးတော့ သွားမပြောပါနဲ့ မမရယ်၊ သူ့တဲဝ သွားရမှာ ကြောက်စရာကြီး။ မနက်မှပဲ သွားပြောပါတော့'

'ပြောမယ့်လူက ငါပါဟ၊ ငါက မကြောက်ဘဲနဲ့ မင်းတို့က ကြောက်နေ သလား။ သွားပြောမယ်လေ'

'ဥာန်ကရိုဏ်းကျကျ အာဏာသံနဲ့ အကျယ်ကြီး ပြောရတယ် မမရဲ့၊ ညကြီးမင်းကြီး မပြောပါနဲ့၊ မနက်မှ ပြောပါ'

အထိတ်တလန့် ကျွန်မအား ဝိုင်းတားနေကြသည်။ ကျွန်မမှာ မာလီကို ဥာန်ကရိုဏ်းကျကျ ပြောရမည် ဆိုခြင်းကို ဟက်ဟက်ပက်ပက် ရယ်မောမိလေ သည်။

အောက်ထပ် ဧည့်ခန်းထဲတွင် ထိုင်ကြကာ သရဲတစ္ဆေ အယုံအကြည် ရှိထိုက်ကြောင်း တရားထိုင်ဟောနေရသဖြင့် မအိပ်ချင်အောင် မျက်လုံးများ ညောင်း ကျယ်နေသည်။ အဝေးမှ သန်းခေါင်ကျော် နာရီပြန် တစ်ချက် သံချောင်းခေါက်သံ ကြားရမှပင် အိပ်ဖို့ရန် အပေါ်ထပ်သို့ တက်ရတော့သည်။

မနေ့ညက အတိုင်းပင် မောင်အေးပါတို့ လင်မယားက အောက်ထပ် ဧည့်ခန်းထဲတွင် အိပ်သည်။ ကျွန်မ အခန်းထဲတွင်ကား ခုတင်ပေါ်တွင် ကျွန်မ အိပ်၍၊ မခင်ရီနှင့် အုန်းလှက ခုတင်အောက်တွင် အိပ်ကြလေသည်။

မီးမှိတ်လိုက်၍ တစ်အိမ်လုံး မှောင်ကျသွားသည်။ ညဉ့်နက်လာပြီဖြစ်၍ စကားမပြောတော့ဘဲ အိပ်ရာထဲတွင် ငြိမ်နေလိုက်သည်။ သူတို့ မြန်မြန် အိပ်ပျော် ကြပါစေဟု ကျိတ်၍သာ ဆုတောင်းနေရသည်။

သူတို့ အိပ်ပျော်လောက်ပြီ ထင်တော့မှ အိပ်ရာက ထလိုက်သည်။ ခင်ရီ မှာ မအိပ်သေး၍ ကျွန်မ ထလျှင် သူလည်း အတူ လိုက်ထသည်။

မီးဖွင့်လိုက်၍ မီးရောင်အောက်တွင် ဖြူဖျော့နေသော ခင်ရီ၏ မျက်နှာကို မြင်မိသဖြင့် ဒီည သူခေါ်လာခဲ့ခြင်းကို စိတ်မကောင်း ဖြစ်သွားမိသော်လည်း 'ကိုး။ ဆာလိုက်တာကွယ်၊ အိပ်လို့လည်း မရဘူး' ဟု သူ့ အကြောက်ကို ဖော်ချင် ယောင်ဆောင် ပြောလိုက်သည်။

ကျွန်မက ရယ်စရာ မောစရာ စကားတွေ ရှာပြောနေသည်။ ခင်ရီ မပျက် ဟန်ဆောင်ရယ်မောလျက် နားထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . အိပ်ပေတော့ ညဥ့်နက်လှပြီ။ မမ မင်းတို့နားမှာပဲ ဆင်းအိပ်မယ်၊ အိုက်ဘယ်ကွယ်'

အကြောက်ပြေပါစေတော့ဟု အကြောင်းပြကာ သူတို့ အနားတွင် အိပ်ရာ ပြင်လိုက်သည်။ သူတို့နှစ်ယောက်နှင့် ယှဉ်မအိပ်ဘဲ သူတို့နှစ်ယောက်ကို ခေါင်း တိုက်၍ ကန့်လန့်အိပ်လေသည်။

မီးမှိတ်လိုက်လျှင် မခင်ရီလည်း မော်စကို ခရီးစဉ်ကို လျှောက်မေးနေပြန် ၍ သွားရမည့် ခရီးစဉ်ကို ပြောပြနေရလေသည်။

အမှောင်ထဲတွင် ကျွန်မတို့နှစ်ယောက် ပြောနေသော စကားသံမှာ တစ်ယောက်နှင့်တစ်ယောက် ကြားလောက်ရုံသာ ခပ်တိုးတိုး ပြောနေကြသည်။

၄

စကားပြောနေကြခိုက် လှေကားအဖုံး ချထားသော တံခါးကို တစ်စုံတစ်ယောက်က မ တင်နေသံ ကြားကြရလေသည်။

သည်အသံ ကြားကြားချင်း နှစ်ယောက်စလုံး စကားပြော ရပ်သွားကြ သည်။ အခန်းနှင့်လှေကားမှာ ကပ်နေ၍ ထင်ထင်ရှားရှားကြီး ကြားရသော အသံ ကို နားစွင့်လိုက်ကြသည်။ အံဖုံးတံခါးကို ပင့်တင်နေသော အသံကား ပီသလှ၏။

'မမ . . . မမ . . . မမ' ဟု လေသံလေးဖြင့် အဆက်မပြတ် ထွက်ခေါ်နေ သော မခင်ရီ၏ အသံမှာ ရင်ထဲတွင် ဆို့ကျပ်၍ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် တုန်တုန် ယင်ယင် ထွက်နေသော အသံမျိုး ဖြစ်သည်။

'ဘယ့်နှာပါလိမ့်' ဟု ကျွန်မ အံ့အားသင့်ကာ ရုတ်တရက် ကြက်သေ သေသွားသည်။

လှေကားအံဖုံး ပွင့်သွား၍ လှေကားထစ်ကို တစ်ထစ်ပြီး တစ်ထစ် နင်း တက်လာနေသော ခြေသံသည် တဖြည်းဖြည်း ကျွန်မတို့ အခန်းခေါင်းရင်းသို့ ရောက်လာသည်။

မခင်ရီသည် ကြောက်အားလန့်အားနှင့် ဆွဲမိဆွဲရာ ကျွန်မ ခေါင်းက ဆံပင်ကို တအား လှမ်းဆွဲလိုက်ကာ လေသံ၊ အဆက်မပြတ် 'မမ . . . မမ . . . မမ' နှင့် ဘခေါ်တည်း ခေါ်နေလျက် ဆံပင်ကို ဆွဲဆောင့်နေတော့သည်။

ကျွန်မက သူ့လက်ကို ဖမ်းဆုပ်လိုက်ပြီး 'မခင်ရီ . . . လူ . . . လူ . . . လူတက်လာတာ၊ သူခိုးနဲ့ တူတယ်၊ သူခိုးပါ' ဟု သူကြားလောက်အောင် လေသံ နှင့် ပြန်ပြောနေသည်။

ခြေသံသည် အိပ်ခန်းခေါင်းရင်း စာရေးစားပွဲနားတွင် ပျောက်သွားသည်။





ကျွန်မလည်း အသက်ကို မျှဉ်းပြီး ရှူလျက် အသံကို နားစွင့်နေသည်။

စားပွဲခုံပေါ်မှ စာအုပ်များကို ကြမ်းပေါ်သို့ ယူယူချနေသော အသံ ထွက်လာပြန်သည်။

မခင်ရီကား အသံမထွက်တော့။ သူ့လက်နှင့် ဆုပ်ထားသော ကျွန်မ ဆံပင်တွေကို အပြင်က အသံကြားရဲ့လား ပြသော အထိမ်းအမှတ်ဖြင့်သာ အသံနှင့် ထပ်တူ ဆွဲဆောင့်ပြနေလေသည်။

ပထမက လူတက်လာတယ်၊ သူခိုးဟု ခြေသံအရ မခင်ရီအား ပြောခဲ့ သည်။ စားပွဲခုံပေါ်မှ စာအုပ်များ ချလျက် ဖုန်သုတ်ခါ လှည့်နေသော အသံကို ထင်ထင်ရှားရှားကြီး ကြားရတော့မှပင် လူမဟုတ်ဘူး အသိနှင့် တစ်ကိုယ်လုံး ဖြန်းခနဲ သိမ့်သွားတော့သည်။

မခင်ရီသည် မျက်လုံး မဖွင့်ရဲဘဲ ကျွန်မ ဆံပင်ကိုသာ ဆွဲလှုပ်ပြနေရင်း ဆတ်ဆတ်တုန်နေရှာလေသည်။ မခင်ရီ၏ လက်မောင်းကို ဆုပ်ကိုင်ထားလျက် ဘာလုပ်ရမှန်း မတွေးတတ်တော့အောင် စိတ်အားငယ်မိသည်။

စားပွဲခုံကို တဖုတ်ဖုတ် တဖတ်ဖတ် ခါသုတ် ရှင်းလင်းနေသည့် အသံ သည် နားထဲတွင် မခံမရပ်နိုင်အောင် အကြားရ ဆိုးနေလျက်၊ ရင်ထဲက တဒိတ် ဒိတ် ခုန်လွန်း၍ အသက်ရှူမှားနေသည်။

တကယ့် တကယ် အရေးကျတော့မှပင် တစ်ယောက်တည်း နေထိုင်သော ဘဝကို စိတ်အားငယ်အောင် ချောက်ချားပေးနိုင်သည်။ ထိုအချိန်အခါ၌ စိတ်ထဲ တွင် အပြင်းထန်ဆုံး တောင့်တ ဖြစ်ပေါ်မိသော အရာကား ယောက်ျားတစ်ယောက် အပေါ်ထပ်တွင် ရှိစေလိုချင်သော စိတ်ပင် ဖြစ်၏။

ကျွန်မ၏ခင်ပွန်း ကွယ်လွန်သွားသည်မှာ ခုနစ်နှစ်ခန့် ရှိတော့သည်။ ဘဝ တစ်လျှောက်လုံး အိမ်တွင် ယောက်ျားအဖော်ရှိမှ နေထိုင်၍ ဖြစ်မည်ဟူသော အသိမျိုး၊ စိတ်ကူးမျိုး မဖြစ်ပေါ်ဖူးချေ။ ဖြစ်သလိုပင် ကျွန်မဘာသာ နေထိုင်ခဲ့ သည်။ ကြောက်စိတ် လန့်စိတ်လည်း မရှိ။ တစ်ခါတစ်ရံ အိမ်ဖော် မိန်းကလေး အဖော် ပြန်သွားက တစ်အိမ်လုံး တစ်ယောက်တည်း နေထိုင်ခဲ့သည်။ မိန်းမ တစ်ယောက် ဖြစ်ပါလျက် ယောက်ျားတစ်ယောက်ကဲ့သို့ နေထိုင်ခဲ့ရသည်။ အခြေအနေအရ အစစ အရာရာ ကိုယ့်ကိုယ်ကိုယ် အားကိုးလွန်းသဖြင့် မိန်းမ သဘာဝ၊ မိန်းမစိတ်ကို ပေါ်ထွက်ခွင့်ပင် မပေးလေသော ဘဝမျိုးသို့ ရောက်နေ ပေသည်။

အိမ်တွင် ညအိပ်ညဉ့်နေ ယောက်ျားတစ်ယောက်ယောက် အစောင့်ခေါ် ထားမှ၊ အဖော်ခေါ်ထားမှ ဟူသော ဆန္ဒမှာ ဘယ်အခါကမှ မပေါ်ပေါက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



လှုက်၊ ယခု အရေးအကြောင်း ဖြစ်နေမှ ယောက်ျား အားကိုးစိတ် ပေါ်ပေါက်လာခြင်းမှာ စင်စစ် မိန်းမတို့၏ သဘာဝအမှန်ပင် ဖြစ်တော့သည်။

အသံကို နားစိုက်လျက် မျက်လုံးကို တအားပိတ်၍ ဖိုလှိုက်ကာ ခေါင်းနားပန်းများ ကြီးနေ၏။ ကျောထဲ၌ စိမ့်၍ ဆို့နစ်မောလာကာ ကျပ်လာလေ၏။

ညဥ့်မှာ တိတ်ဆိတ်နေလေ၏။ အဝေးမှ နှစ်ချက် ခေါက်လိုက်သော သံချောင်းသံမှတစ်ပါး လမ်းပေါ်မှ အသံဗလံ မကြားရ၊ ဆိတ်ငြိမ်နေပေသည်။

အိမ်တွင်း၌ ဖြစ်ပေါ်နေသော အသံကား ရဲတင်းလှ၏။ ကြမ်းပေါ်တွင် ကြက်မွေးနှင့် ဖင်ရွှေ့ ဖင်ရွှေ့ လိုက်လှည်းနေသော အသံသည် တစ်အိမ်လုံးကို ဆိုးမိုးလျက် ရှိနေသည်။

တအား မှိတ်ထားသော မျက်စိထဲတွင် ရုပ်အင်္ကျီလက်တို၊ ကားကြီးဆောင်းဘီတို၊ ခေါင်းတုံးနှင့် ဆောင့်ကြောင့်ထိုင်ကာ တံမြက်စည်း လှည်းနေသော မာလီကို အတိုင်းသား မြင်နေရကာ၊ အခန်းပြင်ဘက်တွင် မာလီ ရောက်နေသော အသိနှင့် သေပြီးမှ မျက်စိထဲတွင် တွေ့နေသော ထိုပုံသဏ္ဌာန်မှာ ကိုးကွယ်ရာ မရှိလောက်အောင် ကြောက်စရာ ကောင်းလှသည့် အဖြစ်ဆိုးကို တွေ့ကြုံနေရပေ၏။

မခင်ရီကား ကျွန်မ၏ ဆံပင်ကို တင်းတင်းကြီးသာလျှင် ဆွဲဆုပ်၍ လှုပ်ခါခြင်း မပြုတော့သဖြင့်၊ မြော့များနေပြီလားဟု သူ့အတွက် ပူလိုက်မိခြင်းမှာလည်း မပြောဖွယ်နိုင်။ အလွန့်အလွန် စိတ်အားငယ်နေသည့် စိတ်ကို သတိဖြင့် ခဲယဉ်းစွာ တင်းနေရခြင်း၏ ပင်ပန်းခြင်းမှာလည်း တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံဖူးလောက်အောင် ပင်ပန်းလှချေသည်။

ဘာလုပ်ရမည်နည်း၊ အော်လိုက်ရမည်လား၊ အသံပေးလိုက်ရမည်လား။ အော်လိုက်လျှင် အုန်းလှနှင့် အောက်ထပ်က မောင်အေးပါတို့ နိုးကုန်ကာ တစ်အိမ်လုံး အုပ်မနိုင် ထိန်းမရ ဖြစ်ကုန်တော့မည်။ အချိန်ကလည်း မလှ။

ရှပ်ရှပ် ရှပ်ရှပ်နှင့် လှည်းနေသည့် အထဲမှ ငှက်မွေးတွင် ကပ်နေသော ဖုန်ကို ပြင်နှင့် ဆောင့်၍ဆောင့်၍ ခါချနေသည့် အခါများတွင် လူတစ်ကိုယ်လုံး အဆမတန် ကြီးသွားလိုက်၊ တစ်ဖန် ပြန်ငယ်သွားလိုက်နှင့် အသံက လူကို ဖမ်းစားနေလေ၏။

သည်အရေးကို စိတ်ရှိသလို ကြောက်လန့်နေ၍လည်း မဖြစ်နိုင်။ မခင်ရီ ဘယ်လို ဖြစ်နေသလဲ မသိ။ မောင်အေးပါတို့ နိုးသွား၍ သည်အသံများ ကြားကြလျှင် ဘာတွေ ဖြစ်ကုန်ကြမည်နည်း။ ကြောက်စိတ်ကို ထိန်းနိုင်အောင် ထိန်းမှ ဖြစ်တော့မည်။ သူတို့ကို ငဲ့ကွက်လိုက်ကာ မလှုပ်ဝံ့ဘဲ အသေလို ဖြစ်နေသော ခန္ဓာကိုယ်ကြီးကို ဇွတ်ထူထောင်လိုက်ရတော့သည်။





မှောင်ထဲတွင် အတင်းထ၍ ထိုင်ကာ မီးခလုတ်ကို ပြေးဖွင့်လိုက်သည်။

အိပ်ရာမှ တအား ကျုံးထလိုက်စဉ် မခင်ရီ လက်ထဲတွင် မိနေသော ဆံပင်များကို လွတ်အောင် ရုန်းထရသည်မှာ တစ်သက်တွင် မမေ့နိုင်ဖွယ်ရာ နာကျင်လှသည်။

၅

မီးပွင့်လျှင်ပွင့်ချင်း အဟမ်း... အဟမ်းဟု အသံထွက်အောင် ဇွတ်ညှစ်ဖျစ်ထုတ်လိုက်ရသည်။ မျက်စိများကား ပြာနေလေသည်။

ပြင်ဘက်က အသံများမှာ တစ်ခါတည်း ပျောက်သွားသည်။ ကြက်မွေးလှည်းသံကြားထဲမှ မီး ထဖွင့်လိုက်ရာ မီးလင်း၍ ကျွန်မ အသံထွက်မှပင် ထိုအသံများ ပျောက်သွားခြင်း ဖြစ်သည်။

ကပျာကယာ မခင်ရီနားသို့ ဒူးထောက်လိုက်ကာ 'မခင်ရီ... မခင်ရီ' ဟု ကတုန်ကယင်ကြီး ခေါ်ကြည့်သည်။

မခင်ရီသည် မျက်လုံးကို မေးမေးကလေး ဖွင့်ကြည့်လျက် 'မမ ... ကိုအေးပါတို့ နိုးပြီး အပေါ် ခေါ်တင်ပါ၊ ကျွန်မ ကြောက်တယ်။ နိုးပါ... နိုးပါ' ဟု မောကြီး ပန်းကြီး ပြောလေသည်။

မောင်အေးပါတို့ အနိုးခိုင်းနေသည့်အတွက် သွားနိုးရန် မလွယ်[illegible] သရဲချောက်တယ်၊ ထကြဟု ပြောဖို့ရာလည်း အခက်။ မာလီ လာခြောက်[illegible] အပေါ်လာကြပါ သွားခေါ်လျှင် တစ်ခါတည်း ဘာမှ မမြင်၊ မဆင်ခြင်ဘဲ အိမ်ပေါ်က ဆင်းပြေးကြပေလိမ့်မည်။

အိမ်တွင် ကျွန်မက လူကြီးဖြစ်၍ ကျွန်မ အကြောက်ကို ဖော်ပြ[illegible] မဖြစ်နိုင်။ တစ်ညတာ ကြိတ်မှိတ်၍ အောင့်အည်းနေရသော အလွှမ်[illegible] များအား ထပ်မံ၍ မညှဉ်းဆဲ မနှိပ်စက်ချင်ပေ။ ကျွန်မ သွားခေါ်လျှင် [illegible] မှာ သာ၍သာ ဆိုးသွားစရာ ရှိသည်။

'မမ ... ကျွန်မ မနေဝံ့လို့ပါ၊ ခေါ်ပါ ... ခေါ်ပါ'

မခင်ရီမှာ မျက်လုံးမှိတ်ကာ အသက်မရှူဘဲ ပြော[illegible]

'အေး ... အေး နိုးလိုက်ပါ့မယ်၊ သူတို့ မသိစေနဲ့[illegible] ပြောရလျက်၊ နံဘေး၌ အိပ်နေသော အုန်းလှကို နိုးလိုက်[illegible]

'အုန်းလှ ... ထ ... ထ မခင်ရီ မူးနေတယ်၊ [illegible] ခေါက်ခနဲ ထ တာမြင်လျှင် မခင်ရီလည်း ငြိမ်နေ[illegible]

'ဟင် ... မူးနေတယ် ဟုတ်လား၊ ကျွန်မ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မခင်ရီကား သူ့ကို ခေါ်နေသည်ကို မထူးဘဲ မှူးနေသူတစ်ယောက်ကဲ့သို့ မလှုပ်မယှက် ငြိမ်နေလေသည်။

မခင်ရီ အကယ်ပင် မှူးနေသည် အထင်ဖြင့် အုန်းလှ ပူပူပင်ပင် ဖြစ်သွားခြင်းကို မြင်ရ၍ သဘောကျမိကာ၊ သည်အကြံ ရသည်ကို များစွာ ကျေနပ်သွားမိသည်။

'မောင်အေးပါတို့ သွားနိုးစမ်း၊ သိပ်မှူးနေတယ်နဲ့ တူတယ်၊ သွားစမ်း . . . သွားစမ်း'

သည်းက အခန်း အပြင်ဘက်သို့ တစ်ယောက်တည်း မသွားဝံ့သော အုန်းလှမှာ အခန်းအပြင်ဘက်သို့ ပြေးထွက်ကာ မီးခလုတ် သွားဖွင့်လျက် လှေကားအံ့နှုကို မ ဖွင့်၍ စိုးရိမ်ကြီးစွာ ပြေးဆင်းခေါ်လေသည်။

'မခင်ရီ ဟန်မပျက်နေနော်၊ အဲသလိုပဲ မှူးချင်ယောင်ဆောင်နေနော်၊ သူတို့ကို အပေါ်မှာ ခေါ်ထားနိုင်အောင်'

လှေကားမှ ပြေးတက်လာသော အသံတွေ အပေါ် မရောက်လာမီ မခင်ရီကို မြန်မြန်ဆန်ဆန် ပြောရသည်။

မခင်ရီ အနားတွင် ဝိုင်း၍ ယပ်ခတ်ပေးသူကပေး၊ နှိပ်သူက နှိပ်နှင့် ကျွန်မတို့ အားလုံး ပျာယာခတ်နေကြပေ၏။

အစအန ခွဲစိတ်ထားသော တောင်တန်ကတိုးများကို ခွက်ထဲတွင်ထည့်ကာ မီးရှို့လိုက်သည်။ မခင်ရီ နှာဝသို့ အနံ့ရောက်အောင် တွင်တွင်ကြီး ယပ်ခတ်ပေးနေရလေသည်။

'မခင်ရီ . . . ဘယ့်နှယ်နေသေးသလဲ'

မခင်ရီကား တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေလေသည်။

'သိပ်မှူးနေတယ်နဲ့ တူတယ်၊ စောစောက မမ နှိုးရောပေါ့ကွယ်။ ရှူလိုက်နော်၊ ရှူလိုက်' ဟု မခင်ရီကို အသံပေးရင်း လှုမမာနှင့် တူအောင် ဟန်လုပ်ကာ ဆေးကုနေရ၏။

အုန်းလှတို့ကား မခင်ရီ အကယ်ပင် မှူးနေသည်၊ အင်မတန် နေမကောင်းဖြင်းနေသည် ထင်ကြ၏။ ယုံကြ၏။ မခင်ရီကို ဝိုင်း၍ စိုးရိမ်သောစိတ် ရှိနေခြင်းမှတစ်ပါး သူတို့တွင် အခြား ကြောက်စိတ်လန့်စိတ်များ မရှိသလောက် မေ့နေကြကုန်သည်။

ကျွန်မတို့ နှစ်ယောက်မှာမူ အခန်းအပြင်တွင် မာလီ ရှိသေးသလို စွဲလမ်းကာ အသည်းအေးအေးဖြင့် မနည်းဟန်ဆည်နေကြရသည်။

မခင်ရီကား ပကတိ လှုမမာကြီးဖြစ်၍ နေ၏။ လင်းထိန်သော မီးရောင်





အောက်၌ သက္ကလတ်စောင်ကြီး ခြုံ၍ မလှုပ်မယှက် ပက်လက်လှန်ကာ သွေးမရှိသလို နွမ်းလျ ဖြူဖျော့နေသော မျက်နှာကလေးနှင့် မျက်လုံးကလေး မှေးစင်းလျက် အသက်ရှူမြန်နေပုံကလေးမှာ လှုမမာနှင့် တစ်ထေရာတည်း တူသည်။

'မမ . . .ခေါ်ကြည့်ပါဦး၊ သတိရရဲ့လားလို့ ခေါ်ကြည့်ပါဦး'

လေသံကလေးနှင့် အုန်းလှက တိုးတိုးကလေး ကပ်ပြောလေသည်။ အသံကျယ်၊ အသံမမြည်အောင်လည်း ဖြည်းဖြည်းသက်သာကလေး လုပ်ကြကိုင်ကြသည်။ ခြေဖျားထောက်ကာ ဖော့နင်းနေကြသည်။ ထိုအချိန်၌ အိမ်မှာ သရဲခြောက်သည့် အိမ်နှင့် မတူဘဲ လှုမမာရှိသည့် အိမ်နှင့် တူနေလေ၏။

'မခင်ရီ . . . ဘယ့်နှယ်နေသေးသလဲ'

အတန်ကြာမှ မခင်ရီ မျက်နှာနားသို့ ကပ်၍ လှုမမာ သတင်းမေးပုံမျိုး မေးကြည့်လိုက်သည်။

'နည်းနည်းတော့ သက်သာပါတယ်'

အဖြေစကားအဖြစ်သာ နည်းနည်း သက်သာပါတယ်ဟု ဖြေလိုက်ရသော်လည်း မသက်သာသည့် အနေမျိုးဖြင့် ပြန်ပြောသော လှုမမာ၏ ဟန်အမူအရာမှာ သဘာဝ ကျလှသည်။

အပေါ်ထပ် တစ်ထပ်လုံး မီးထိန်ထိန်လင်းလျက် ရှိသော်လည်း ထင်းဆောင့်ထောင့်၊ တစ်နေရာရာမှ မာလီ အသံပေးလိုက်မည်ကို ဖုံးဖိနေသည့်ကြားထဲ စိုးရိမ်လိုက်ရသည် ဖြစ်ခြင်းမှာလည်း တထိတ်ထိတ်။

'နည်းနည်း သက်သာရင် အိပ်လိုက်ပါလားကွယ်၊ တို့ အနားမှာ နေမယ်၊ ဘာမှ အားမငယ်နဲ့ . . . အိပ်လိုက်နော်'

လှုမမာက ခေါင်းညိတ်၍ပြကာ မှိန်းနေလေသည်။ မခင်ရီ၏ ခြေရင်းဘက်တွင် အုန်းလှနှင့်ဖြူးတေတို့က တစ်ဖက်စီ ထိုင်ကာ ခြေသလုံးကို ဆုပ်နှိပ်ပေးနေကြသည်။ လှုမမာ နည်းနည်း သက်သာသည်ဆိုမှ မောင်အေးပါတည်း အခန်းဝသို့ ရွေ့ကာ သတင်းစာ ဆွဲယူကြည့်နေသည်။

လှုမမာနားမှ ထ ခဲ့ကာ ပြတင်းပေါက်နား၌ သွားရပ်သည်။ [illegible] သို့ မျှော်ကြည့်ရင်း ရင်ထဲတွင် မသက်မသာ ဖြစ်နေသည့် အဖြစ်ကြီးကို သူတို့ မမြင်အောင် ပင့်သက်ကြီး ချပစ်လိုက်သည်။

မိုးမှာ မလင်းသေးချေ။ ထိုအခိုက် သုံးနာရီ ခေါက်[illegible] သံ [illegible] သည် နားထဲသို့ နင့်ဝင်သွားလေသည်။ မိုးမြန်မြန် လင်း[illegible] ဘင် နောက်ထပ် ဘာသံမှ မကြားရပါစေနဲ့ဟု ဆု[illegible] ချက် မကြားရသော်လည်း ဘယ်နေရာ ကြည့်ကြည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရမလားဟု စိတ်အထင်ကြောင့် ရင်ထဲတွင် တလှပ်လှပ် ဖြစ်
သည်။

မခင်ရီကား မလှုပ်မယှက် ငြိမ်၍နေသည်။ သူ့စိတ်ထဲတွင် ဘယ်
တွေး၍ ဘယ်လို ဖြစ်နေရှာမည်ကို သနားလှသည်။

'မမ' ဟု ခေါ်သံကြား၍ မခင်ရီ အနားဥ္ဓ ပြန်ထိုင်ကာ 'ဘာလိုချင်သ
မခင်ရီ' ဟု ကုန်းမေးလိုက်သည်။

'မမ ပရိတ်ရွတ်ပါ၊ ကျွန်မ ရင်တွေ တုန်နေတယ်'

စောင်ကို ခေါင်းမြီးခြုံမလို ဆွဲကွယ်၍ အုန်းလှတို့ မမြင်အောင်၊ မကြ
အောင် လေသံကလေးနှင့် ပြောနေ၏။ မျက်စိမျက်နှာပျက်ပျက်နှင့် စောင်
ထားကာ ပရိတ်ရွတ်ရန်သာ မျက်ရိပ်မျက်ကဲ တွင်တွင်ကြီး ပြနေလေသည်။

အခြေအနေမှာ ပရိတ်ရွတ်ဖို့လည်း ခက်သည်။ မောင်အေးပါနှင့် ဗြူ
မှာ ခရစ်ယာန် ကရင်များဖြစ်၍ ပရိတ်အဓိပ္ပာယ်ကို နားမလည်ကြသော်လည်း
မခင်ရီနှင့် တိုးတိုး တိုးတိုး ပြောကြပြီး ကျွန်မ ပရိတ်ရွတ်လိုက်သည်ဆိုလျှင်
အုန်းလှက ရိပ်မိ၍ ကြောက်စိတ် ဝင်လာမည်ကိုလည်း စိုးရိမ်မိသေးသည်။

မခင်ရီအား အုန်းလှ မရိပ်မိအောင် မျက်စိမှိတ် ခေါင်းညိတ်ပြရင်း
'သက်သာတယ်လား၊ သက်သာရင် အိပ် . . . အိပ်' ဟု ဖာထေး ပြောလိုက်ရ
ဘယ်ပုံဘယ်နည်း ပရိတ်ရွတ်ရမည်ကို စဉ်းစားရလေသည်။

မခင်ရီနားမှ ထခဲ့လျက် အခန်းထဲတွင် ညောင်းညာ၍ လမ်းလျှောက်
သလို ခေါက်တုံ့ခေါက်ပြန် ခပ်ဖြည်းဖြည်း စင်္ကြံလျှောက်ပြရင်း 'အုန်းလှ၊ ညဦး
မမ ဘုရားရှိခိုးမိရဲ့လား' ဟု လှမ်းမေးလိုက်သည်။

ကုန်း၍ နှိပ်ပေးနေသော လက်များကို တန့်လျက် ကျွန်မကို မော့ကြည့်
သူ စဉ်းစားနေခိုက် သူ့အဖြေ မရခင် 'မရှိခိုးမိဘူး ထင်တယ်' ဟု ဖြည်းညင်း
သက်သာ ညည်းပြောလိုက်သည်။ သတိမေ့၍ ပြုမူသော အပြုအမူမျိုးဖြင့် စင်္ကြံ
လျှောက်ရင်း အေးအေးဆေးဆေး သံနေသံထားနှင့် ကြည်ကြည်နူးနူး ပရိတ်
စ ရွတ်ရလေသည်။

အခန်းဝတွင် သတင်းစာ ထိုင်ကြည့်နေသော မောင်အေးပါမှာ သတင်း
ကို ခေါင်းချ၍ ကြမ်းပေါ်တွင် ခွေလှဲကာ အိပ်နေလေသည်။

သမန္တာ စက္ကဝါဠေသု . . . မှ စ၍ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်
ခန္ဓသုတ်၊ မောရသုတ် စသည့် သုတ်စဉ်အတိုင်း ရွတ်လျက်နေဆဲပင် အုန်းလှနှင့်
ဗြူးထွေးတို့ မခင်ရီအနားတွင် တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်သွားကြ
သည်။





ပရိတ် မပြီးခင် မခင်ရီကို လှမ်းကြည့်လိုက်ရာ သူပါ အိပ်ပျော်သလို
တွေ့ရ၍၊ အိပ်ပျော် မပျော် သူ့အနားသို့ နှုတ်ကလည်း ရွတ်ရင်း သွားငုံ့ကြည့်လိုက်
သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံမျိုး မဟုတ်ပေ၊ စိတ်ပန်း ကိုယ်နွမ်းဖြစ်ပြီး
လွန်ဆန်နိုင်၍သာ မှေးခနဲ မှေးသွားပုံကို တွေ့မြင်ရသည်။ အိပ်ပျော်နေသည်ကို
သိတော့မှပင် ရွတ်ဖတ်ခြင်းကို ရပ်ကာ ကြမ်းပေါ်တွင် အတုံးအရုံး အိပ်နေကြသူ
တွေကို တစ်ယောက်စီ လှမ်းကြည့်မိလေသည်။

သူတို့ကား ချမ်းသာစွာ အိပ်ပျော်လျက် ရှိကြပေပြီ။ တစ်အိမ်လုံး
တိတ်ဆိတ်၍ နေပြန်ချေသည်။ အခန်း အလယ်ကောင်တွင် မတ်တတ်ရပ်၍
ကြည့်သည်ကြည့် ကြည့်နေရာက မှန်ခုံရှေ့ရှိ ထိုင်ခုံကလေးပေါ်တွင် သွားထိုင်
လိုက်သည်။

ပရိတ်ရွတ်နေစဉ်က သံချောင်းလေးချက် ခေါက်သံကို သတိပြုလိုက်
သဖြင့် မိုးလင်းဖို့ရန် အချိန်လိုသေးသည်။ အားလုံး စိတ်ချလက်ချ အိပ်ပျော်
နေကြလျက်၊ အခန်းထဲတွင် ကျွန်မ တစ်ယောက်တည်း ကြောင်တောင်တောင်ကြီး
ဖြစ်နေခြင်းကို ကျောချမ်းလာပြန်သည်။

အိမ်ကြီးကား တိတ်ချက်သား ကောင်းလှသည်။

ပြတင်းပေါက် အပြင်ဘက်တွင် မည်းမှောင်နေသည်။ အခန်းတံခါး
အခန်းဆီးမှ မီးရောင်နှင့် အခန်း အပြင်ဘက်ကို အတိုင်းသား မြင်ရသော
မကြည့်ရဲအောင် ထိတ်လန့်လျက်၊ ဘယ်လိုနေ၍ ဘယ်လိုထိုင်ရမှန်း မသိအောင်
ချောက်ချားလာပြန်၏။

ထိုင်နေရင်း နေရင်းပင် အသက်ရှူခက်အောင် ရင်ထဲတွင် တဒိတ်ဒိတ်
ဆောင့်ခုန်လာကာ၊ ခေါင်းထဲ၌လည်း သွေးရောက်၍ ထိန်းမနိုင် သိမ်းမနိုင်
ကြက်သီးတဖြန်းဖြန်း ထ နေ၏။

ထိုင်ခုံပေါ်တွင် ဘယ်မှ မကြည့်ဝံ့တော့ဘဲ ခေါင်းကို ငုံ့ချ၍ မလှုပ်ရဲအောင်
ဖြစ်နေသည်။ အိပ်နေသည့် သူတွေကို နှိုးလိုက်ချင်၏။ နှိုးလိုက်ချင်လျက်နှင့်
ချမ်းချမ်းသာသာ အိပ်ကြပါစေတော့ဟု သည်းခံ အောင့်အည်းကာ စိတ်ကို မနည်း
ထိန်းသိမ်းရလေသည်။

တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်လှ၏။ တိတ်ဆိတ်နေသည့် အတွင်း၌
ချွတ်ခနဲဆို၍ ဘာသံမှလည်း မကြားလို၊ လင်းအားကြီးအခိုင် ဘာသံမှ မကြားဘဲ
တိတ်တိတ်ဆိတ်ဆိတ်ကြီး ရှိနေခြင်းသည်လည်း အနေရ ခက်လှသည်။ မိုး
ကလည်း မလင်းနိုင်၊ မိုးလင်းပါစေတော့။

ဘာသံမှ မရှိနေသည့် အထဲတွင် မာလီ မဆုံးခင်က အဆောင်အောက်



www.burmeseclassic.com

www.burmeseclassic.com



တသည်းနေသော အသံကြီးကို ပြန်၍ ကြားလာသည်။ စောစောက ဖုန်း သုတ်လှည်းနေသော အသံတွေကိုလည်း ကြားယောင်မိသည်။ ထိုအခါ ချွေး လာကာ လည်ပင်းကို ဖျစ်ညှစ်ထားသည့်အတိုင်း အသက်ရှူ မဖြစ်အောင် အ လျက် ခေါင်းနားပန်း ကြီးသထက် ကြီးလာတော့သည်။

ငုံ့ထားသော ခေါင်းကို မထောင်ဝံ့။ မာလီ မတ်တတ်ကြီးရပ်ကာ အခန်း က ကျွန်မကို ကြည့်နေသလို အောက်မေ့ကာ ကိုယ့်ကိုယ်ကိုယ် ခြောက်နေသည်။

စွင့်ထားသော နားကလည်း ကြားရတော့မည်၊ ကြားရတော့မည် ထင် သည်။ ဖွင့်ထားသော မျက်စိကလည်း မြင်ရတော့မည်၊ မြင်ရတော့မည် မှတ် သည်။ မမြင်ရ မကြားရမချင်း ကြောက်နေရသော အကြောက်သည် မြင်ရကြား ၍ ကြောက်ရသည်ထက် ဆင်းရဲ ပင်ပန်းလှချေသည်။

တစ်ခဲနက် ငြိမ်သက်လျက် ဆိတ်သုဉ်းနေသော အကာလကြီး၌ ခြံထောင့် မှ ခွေးတစ်ကောင် ဆွဲငင်ကာ အူလိုက်သည့် အသံကို ကြားရလေသည်။

ဖြန်းခနဲ ကြက်သီးမွေးညင်းကြီး ထ သွားသည်။ ခွေးအူသံကြီး တိတ်သွား လျှင် ကြမ်းပေါ်တွင် အိပ်မောကျနေသူများ၏ အသက်ရှူသံမှာ ကျွန်မ၏ ရင်ခုန် သံနှင့် အတူ မြည်ဟည်းနေသည်ဟု မှတ်ထင်ရသည်။

ဤသို့ တစ်ယောက်ထီးတည်း အဖြစ်ကို မဖုံးမကွယ် သိသိသာသာ ခံစားရရင်း၊ စောစောက မာလီ့အသံများသည် ပေါ်လာလေကာ စိတ်က စိတ်ကို ချောက်ချားလျက် ရှိသည်မှာ တစ်သက်တွင်သာ ခံစားရဖူးလိုက်သည်။

ဤသို့လျှင် စိတ်၏ ချောက်ချားလှခြင်းဖြင့် ငုံ့နေရာမှ အံကို ကြိတ်၍ မျက်စိကိုသာ မှိတ်ထားရလိုက်လေသတည်း။

၆

'ဟင် . . . မမ မအိပ်ဘူးလား၊ မိုးလင်းပြီလား'

လူးလွန့်ရင်း ပြောလိုက်သော အုန်းလှ၏ အသံကို ကြား၍ ငုံ့ချထားသော ခေါင်းကို အသာ ထောင်လိုက်ကာ၊ မျက်စိထဲတွင် အုန်းလှအား သဲသဲကွဲကွဲ မြင်ရ အောင် ထိုင်ခုံပေါ်မှ အားယူ၍ ကြည့်ရလေသည်။

အုန်းလှ လိမ့်၍လွန့်ရင်း စကားပြောနေသော အသံကြောင့် တစ်ယောက် ပြီး တစ်ယောက် နိုးကုန်ကြသည်။

အင်းသလောက်သာ လင်းစ ပြုရသေး၍ အပြင်ဘက်၌ မှောင်လည်း မမှောင်၊ လင်း သည်း မလင်း၊ မှုန်ဖြူဖြူ အရောင်ကလေး သမ်းကာ ဝိုးတိုးဝါးတား လင်းလျှက်ရှိသည်။

သီဟရတနာစာပေ



ကျေးငှက်တို့၏ အိပ်တန်းထ သံ၊ ဟိုတစ်ကောင် သည်တစ်ကောင်စ ကြားလိုက်ရသည့် အိမ်ကြီးကား ကျက်သရေ ကင်းလှသော အသွင်ကို ဆောင်နေ လေသည်။

အိပ်ရာမှ ထ သူတို့ကား ဖျတ်ဖျတ်လတ်လတ် မရှိကြ၊ မလှုပ်ချင် မသယ် ချင်ဟန်နှင့် မရွှင်မလန်း ညှိုးနေကြသည်။

မခင်ရီသည် အိပ်ရာ ထလာကာ ကျွန်မ ခုံနားတွင် လာ၍ ထိုင်နေလေ သည်။ ညက ခံစားလိုက်ရသော ဒဏ်ရာဒဏ်ချက်ဖြင့် ပျော့နေရှာသည်။ သွေးလှ ညှိုးနယ်နေကာ မျက်နှာကလေးတွင် စိုးရိမ် ထိတ်လန့်သည့် အရိပ်အယောင်များ ထွက်လျက် တော်တော်နှင့် စကား မပြောနိုင်ရှာပေ။

ကျွန်မလည်း ထိုင်ခုံမှကို မထဘဲ ပြတင်းပေါက်ကိုသာ ငေးစိုက်ကြည့် လျက် ငြိမ်သက်စွာ ထိုင်နေလေသည်။ ညက အဖြစ်ကို တစ်ယောက်နှင့် တစ်ယောက် ပြန်မပြောချင်အောင်ပင် ဖြစ်နေကြသည်။

သည်အိမ်တွင် ဆက်လက်၍ နေထိုင်ရမည့် အရေးအတွက် စိတ်ပူစရာ သက်ပျက်ကြီး ဖြစ်နေသည်။ မောင်အေးပါ၊ ဖြူးတော၊ အုန်းလှတို့ ယနေ့ သွားကြ တော့မည်။ မခင်ရီလည်း အဖော်လာ၍ အိပ်ရဲတော့မည် မဟုတ်။ သည်အိမ် မနေ၍ ဘယ်အိမ် သွားနေရမည်နည်း။

---

ဘာက်ထော်မှ ဂျာနယ်ကျော်မမလေး၏ ဂေဟာ (ခုနှစ် ၁၉၅၃) ...။



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်တွင် ယခင့် ယခင်က တစ်ယောက်ထီးတည်းပင် နေရဲထိုင်ရဲ ခဲ့သော သတ္တိများ ယခုတွင် ကုန်ဆုံးရခြင်းကို နှမြောတသမိသည်။ ဆက်လက်၍ တစ်ယောက်တည်း နေရတော့မည့် အရေးကို စိတ်မချမ်းမသာ ဖြစ်လာသည်။ သူက လင်းအားကြီး တစ်ယောက်တည်း ပေတေ ကြိတ်မှိတ် ခံစားလိုက်ရသော အဖြစ်ဆိုးကို ဝမ်းနည်းလာကာ ကိုယ့်ကိုယ်ကိုယ် သနားမိသည်။

'မမရယ် ... မော်စကို မသွားပါနဲ့တော့။ သွားခါနီး လာခါနီး နိမိတ် မကောင်းပါဘူး'

မခင်ရီသည် တောင်တွေးမြောက်တွေးနှင့် ငြိမ်နေရာမှ ကောက်ပြောလိုက်၍ လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာလေးမှာ ချောင်ကျနေလေသည်။

ကျွန်မအဖို့တွင် ယနေ့ညသည် အိမ်မှာ အိပ်ရသည့်အဖြစ် မရောက်ဘဲ ယနေ့ပင် လေယာဉ်ပျံပေါ်သို့ တက်ကာ ခရီးထွက်သွားချင်မိသည်။

လေးလံ ထိုင်းမှိုင်းစွာဖြင့်ပင် ကျွန်မတို့နှစ်ယောက် အောက်ဆင်း၍ မျက်နှာ သစ်ရန် အခန်း အပြင်ဘက်သို့ ထွက်လာကြသည်။ အပြင်ဘက်တွင် အချို့ စာရွက်များ အောက်သို့ လွင့်ကျနေသည်။ စာအုပ်ပုံကြီးမှာ စားပွဲပေါ်တွင် သူ့ အတိုင်းပင် တွေ့ရသည်။ ကြက်မွေးလေးကား လှေကားပေါင်တွင် ထောင်လျက်။

အောက်ထပ်ရောက်လျှင် သည်အိမ်မှ သွားကြတော့မည်ဟု အထုပ်အပိုး ပြင်၊ သိမ်းဆည်းနေကြသော မောင်အေးပါတို့နှင့် အုန်းလှတို့ကို ကြည့်ကာ စိတ်ထဲတွင် ဟာ၍ ဝမ်းနည်းသွားသည်။

မာလီ၏ ဦးလေးတော်သူ ကုလားအဘိုးကြီး တစ်ယောက်နှင့် တစ်ဖက် အိမ်က မာလီတစ်ယောက် စောစောစီးစီး ပေါက်လာကြလေသည်။ မာလီ့လခ ပေးရန် သူ့အမျိုး ရှာခေါ်ခဲ့ပါဟု မှာထား၍ ခေါ်လာခြင်း ဖြစ်သည်။

'မမ ... လခပေးရင်း မာလီကို တစ်လက်စတည်း နှင်လိုက်ပါ မမရယ်' ဟု ဝိုင်းပြောကြလေသည်။

မခင်ရီက အတိုက်တွန်းဆုံး ဖြစ်သည်။ မာလီ၏ တဲကလေးထဲသို့ ကျွန်မ ဝင်သွားကာ သူ့ပစ္စည်းများကို သူ့ဦးလေးအား အကုန် ပေးအပ်လိုက်ပြီးနောက်၊ သူ့လခကို အဘိုးကြီး လက်ထဲတွင် ထည့်ကာ ပါးစပ်မှ ပြောရလေသည်။

'မာလီ ...မာလီ့ လခကို ပေးလိုက်ပြီ၊ မာလီ သွားလိုတဲ့ဆီ သွားတော့။ သည်နေ့က စပြီး သည်အိမ်မှာ မာလီ့အလုပ် မရှိဘူး၊ သွားပေတော့'

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၅၃ ]

## လူထူး လူဆန်း

'ကျွန်တော် လာနိုင်ပါသလား'

ကျွန်မက ပြုံးလေသည်။

သူ့ကို မြင်လိုက်လျှင် ပြုံးချင်တိုင်း ပြုံးလိုက်ချင်သည်။ သို့ရာတွင် သူ့ရှေ့၌ ပြုံးချင်တိုင်း ပြုံးလို့လည်း မဖြစ်၊ ပြုံးချင်တိုင်း ပြုံးလိုက်ချင်သော အပြုံးကို ပြင်ပ၌ မပြုံးဘဲ ပြုံးရုံကလေးသာ ပြုံးကာ...

လှေကားတံခါး ဆင်းဖွင့်ပေးလိုက်သည်။

သူသည် အညာဖြစ် ပင်နီဖျင်ကြမ်း အပေါ်အင်္ကျီနှင့် အဖြူခံ ပလေကတ် ချည်လုံချည် အကွက်ကို ဝတ်ထား၏။ လူပုံ သနားကမားနှင့် သူ၏ ဆံရှည် ဆံတောက်မှာ အတော် အကြည့်ရဆိုး၏။ သူ့မျက်လုံးတွင် တဖိတ်ဖိတ် တောက်ပ နေသော အရည်ကြည်များ ကိန်းအောင်းနေသည်။ သူ့အသံမှာ လွမ်း၍မြှင့်၍ နေလျက် ပျော့သည် ထင်ရကာ ကာရန်ညီစွာ ညင်သာ တေးဆန်လှ၏။ ပြုံး၍ နေစဉ် ချိုသော မျက်နှာထားသည် အပြုံးကွယ်သည်နှင့် တင်းသွား၏။ သူ့အသား မှာ တရုတ်ကပြားမကလေး အသားဖြူပုံ ဖြူနုညည်းမျိုး နဖြူနေသည်။

ကျွန်မ နောက်မှ လှေကားထစ်များကို တစ်ထစ်ပြီးမှ တစ်ထစ် ခပ်ဖြည်း ဖြည်း ဆိုင်းနင်းတက်လာစဉ်–

'ဒီတစ်ခေါက် ရှင် ကျွန်မဆီ လာတွေ့နိုင်လိမ့်မယ်၊ လာလိမ့်မယ်လို့ မထင်ဘူး' ဟု ကောင်းကောင်းမွန်မွန်ပင် ပြောလိုက်သည်။

သူသည် လှေကားထစ်၌ လှမ်းတက်ရန် ပြင်လိုက်သော [illegible] ဆိုင်းလျက် လှေကားအလယ်၌ ဘေးတိုက်ရပ်လိုက်ကာ ဆင်သွား[illegible] တဆဲ ကဲဖြင့် အိမ်ပေါ်မရောက်ခင် ဖောက်လာလေ၏။

'ဘယ်လိုလဲ ... ကျွန်တော် လာရမှာလား၊ သွားရမှာလား'

ကျွန်မမှာ သူ့အကြောင်း သိ၍ ရယ်ချင်ခြင်းကို [illegible] နိုင်အောင် ဆောင်ကာ 'တက်ပါရှင်၊ တက်ပါ' ဟု [illegible] လေသံ ခပ်အေးအေးဖြင့် ပြန်ပြောမှပင် ပြန်လှည့်တက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းရှိ ကုလားထိုင်တွင် ထိုင်မိသည်နှင့် ဧည့်သည်ပီပီ ဧည့်သည် ဘာသာ မနေနိုင်ဘဲ၊ သူ့ရှေ့၌ ထိုင်နေသော သူ့ထက်အလျင် စောရောက်နေသည့် လူနာဧည့်သည် မိန်းမတစ်ဦး၏ မျက်နှာကို စေ့စေ့ကြည့်၍ စကားပြောလိုက်သည်။

'ကျွန်တော် လာတဲ့အတွက် ခင်ဗျားမှာ အနှောင့်အယှက် ဖြစ်သွားသလား ခင်ဗျားမှာ အနှောင့်အယှက် ဖြစ်တယ်ဆိုရင်လည်း ပြောပါဗျာ'

ဧည့်သည်မိန်းမမှာ သူ့ကို မြင်မြင်ချင်း စကားပြောနေသော သူတစ်ယောက်အားဧည့်သည်အား ခပ်အမ်းအမ်း လှမ်းကြည့်နေသည်။ ဘယ်လို လူကြီးမှား ပါလိမ့်ဟု အကဲမခတ်တတ်ပုံဖြစ်လျက် မျက်စိမျက်နှာ မထားတတ်ဖြစ်ပြီး အဖြေမပေးဘဲ ကြောင်နေသည်။

သူသည် ဘယ်လိုလဲဗျာဟု စောင့်ငံ့၍ မေးနေသော မျက်လုံးအစုံဖြင့် ဧည့်သည်မိန်းမကို ကြည့်မြဲ ကြည့်နေလျက်...။

ကျွန်မက ဧည့်သည်မိန်းမ ကိုယ်စား ဝင်အဖြေပေးလိုက်ရသည်။

'ကိစ္စမရှိပါဘူး၊ သူ့မှာ အနှောင့်အယှက် ဖြစ်စရာ မရှိပါဘူး'

ဧည့်သည်မိန်းမသည် သူမရောက်ခင် ငါးမိနစ်ခန့် စောရောက်လာသည်။ သူ့ရောဂါကို ကျွန်မနှင့် ကုသနေ၍ ရောဂါအခြေအနေ ပြောရန် လာခဲ့ခြင်း ဖြစ်သည်။ သူ့နောက်မှ တက်လာသော ဧည့်သည်က သူ့ဟာသူ အေးအေး ထိုင်နေလိုက်ခဲ့လျှင် ကျွန်မကို သူ့ဝေဒနာ အခြေအနေ ပြောဆိုပြီးမှ ပြန်ဖို့ရာ ရှိသည်။ ဧည့်သည်ပီပီ ဘာသာ အေးအေး ထိုင်မနေလိုက်ဘဲ အမေးအမြန်း ထုလိုက်၍ ဧည့်သည်မိန်းမသည် သူ့ဝေဒနာကို လုံးဝ မပြောမဆိုတော့ဘဲ နေရာမှ ထလျက် 'ကျွန်မ ပြန်ပါဦးမယ်' ဟု ဆိုလေ၏။

ကျွန်မမှာ ထိုမိန်းမ၏ ရုက်ကိုးရုက်ကန်း ကြောင်သွားသော အမူအရာကို ကြည့်လျက် အားနာသွားကာ၊ ဝေဒနာ အခြေအနေကို မတ်တတ်ပင် မေးရတော့သည်။ 'သက်သာပါတယ်၊ နောက်မှပဲ လာခဲ့ပါဦးမယ်' ဟု ပြောပြောဆိုဆို ဆင်းသွားလေသည်။

ကျွန်မသည် သူ့ရှေ့ရှိ ကုလားထိုင်၌ ပြန်ထိုင်လိုက်ကာ 'ရှင် အခု ဘယ်က လာတာလဲ' ဟု မေးလိုက်သည်။

'ဒီလာတာပဲဗျ၊ ရောက်စတုန်းကတော့ အလုပ်များနေတယ်၊ အခု ပြန်ရခါနီးလို့ ကိုချစ်မောင် မိန်းမဆီ လာနှုတ်ဆက်တယ်'

သူသည် ပြောပြီး ကျေနပ်စွာ ရယ်မောလိုက်သည်။ "ပြန်ရခါနီးလို့ ခင်ဗျားဆီကို လာနှုတ်ဆက်တယ်"ဆိုလျှင် ပြီး၏။ "ကိုချစ်မောင် မိန်းမဆီ" ဟု စကားကို အတွန့်တက် ပြောလိုက်ရခြင်းဖြင့် ကျေနပ်စွာ ရယ်နေခြင်း ဖြစ်သည်။





သူ စကားပြောလျှင် အနှောင့်မလွတ်၊ အသွားမလွတ် အစွန်းအစ ထွက်ကာ ကွန့်ပြောရမှ ကျေနပ်တတ်သော သူ့ဝါသနာ ဘာဂီကို အောချထားသော မျက်လုံးဖြင့် ပြုံး၍ပင် ကြည့်နေမိသည်။

ကျွန်မသည် သူနှင့် သိကျွမ်းပြီးနောက် သူ့ကို လူထူးလူဆန်းဟု အောချအားလိုက်သည်။

လူထူးလူဆန်းဟု အောချ မထားမီ တွေ့စမြင်စ၊ အသိဖြစ်စကမှ လူထူးလူဆန်း တစ်ယောက်ဟု အမှတ်ထားသည်။ တွေ့ပြီးမြင်ပြီး အသိဖြစ်ပြီးနောက် ကျွမ်းလာကြသည့် အခါတွင် လူတစ်မျိုးဟု တစ်ဆင့်တက်၍ အသိအမှတ် ပြုပြန်လျက်၊ နောက်ဆုံး၌ကား လူထူးလူဆန်း ဟူ၍ အောချလိုက်သည်။

သူ့ကို စ၍ တွေ့ဖူးသည်မှာ ၁၉၄၆ ခု အိပ်မက်ထဲ၌ ဖြစ်၏။

ကျွန်မ၏ သတင်းစာတိုက် အလုပ်တိုက်ထဲသို့ ချိုင်းထောက်နှစ်ဖက်နှင့် ထော့နင်း နင်းလျက် ဝင်လာသော သူ၏ ပုံသဏ္ဌာန်ကို အိပ်မက်ထဲ၌ ခပ်ရေးရေး တွေ့လိုက်ရ၏။

ထိုနေ့နံနက် လက်ဖက်ရည်စားပွဲတွင် အိမ်သူအိမ်သားတို့အား ညက အထူးအဆန်း မက်သော အိပ်မက်ကို ပြောပြမိသည်။

'ညက ကိုကို့မိတ်ဆွေတစ်ယောက် ဘိလပ်မှာ နေတယ်ဆိုတဲ့ "ကိုအုန်း" ကို သွားအိပ်မက်တယ်။ တစ်ခါမှလည်း မမြင်ဖူးဘဲနဲ့ ထူ့ထူးဆန်းဆန်း မြင်ရတယ်။ ချိုင်းထောက်ကြီး နှစ်ဖက်နဲ့၊ အဲဒီလူ ခြေထောက်များ ကျိုးနေ [illegible] မသိဘူး။ အိပ်မက်ထဲ တွေ့ရတဲ့ ရုပ်ကတော့ မှုန်မှုန်ဝါးဝါးပဲ၊ မထင်ရှား [illegible] ချိုင်းထောက်ကြီးက သိပ်ထင်ရှားတာပဲ။ ကိုကို မသေခင်က အဲဒီလူ [illegible] ဘယ်လို့လည်း တစ်ခါမှ ပြောမသွားဖူးပါဘူး'

'ဘယ် ကိုအုန်းလဲ၊ ကိုအုန်းပဲလို့ ဘယ်လို သိရသလဲ' ဟု ကျွန်မ [illegible] က စိတ်ဝင်စားစွာ အံ့အားသင့်ဟန်ဖြင့် ဖြတ်မေးလိုက်သည်။

'ကိုကိုနဲ့ကျွန်မ လက်ထပ်ပြီး လန်ဒန်ကို စာတစ်စောင် [illegible] သူ့မိတ်ဆွေ ကိုအုန်းမှန်း သိရတာပဲ၊ မမြင်ဖူးပါဘူး။ အိပ်မက်ထဲမှာ [illegible] ချိုင်းထောက်ကြီးနဲ့ သူဝင်လာတာ မြင်မြင်ချင်း ကျွန်မက "[illegible]" [illegible] အဲသလိုပဲ နှုတ်ဆက်လိုက်တယ်။ ပြီးတော့ လန့်နိုးတာပဲ'

ဒေါ်လေးသည် မျက်မှောင်ကြုတ်ကာ [illegible]

'ခြေထောက်များ ကျိုးနေသလားမှ မသိဘဲဟာ' ဟု [illegible]

လက်ဖက်ရည် သောက်ပြီး၍ အိမ်ခန်းထဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဗီရို ဖွင့်လိုက်သည့်အခါ၊ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီစာအုပ်ကို မြင်၍ စာအုပ်ကို ထုတ်ယူခဲ့ပြီး ညက အိပ်မက်ကို ဒိုင်ယာရီထဲ၌ ရေးမှတ်ထားလိုက်သည်။

၁၉၄၈ ခု မတ်လ ၁၅ ရက်နေ့၌ သတင်းစာတိုက်ကို ဖျက်ဆီးပစ်ကြ၍ သတင်းစာ ထွက်ရန် အခြားတိုက်များ၌ အငှားရိုက်နေစဉ် အအိပ်ပျက်၊ အစား ပျက်နှင့် လှေကားအဆင်း မူးမိုက်လျက် တလိမ့်ခေါက်ကွေးကျကာ နှစ်ရက်ခန့် မေ့နေပြီးနောက်၊ သတိရသောအခါ သတင်းစာလုပ်ငန်းကို ရပ်ကာ အယ်ဒီတာ ကိုစောဦးအား ဂျာနယ် ဆက်ထုတ်ဖို့ အလုပ်လွှဲအပ်ပြီး အနားယူရန် လေးလခန့် ခရီးဝေး ထွက်သွားသည်။

အလုပ်တိုက်သို့ ကျွန်မ ပြန်ရောက်သည့်နေ့၊ ကိုစောဦးနှင့် စကားပြောကြ ရင်း 'ဒါနဲ့ ဘိလပ်က ဦးအုန်း လာတယ်၊ ဆရာကတော့်ကို လာမေးတယ်၊ ကျွန်တော်က မကြာတော့ဘူး၊ ပြန်လာလိမ့်မယ်လို့ ပြောလိုက်တယ်။ သူ လာရင် ကျွန်တော် ကံဘဲ့ကို ညွှန်လိုက်မယ်' ဟု ပြောလေသည်။

သတင်းစာတိုက် ပျက်သွားပြီး ခေတ္တခဏ နေထိုင်သော ကံဘဲ့ ကျွန်မ၏ အဒေါ်အိမ်သို့ သူ လာတွေ့သည့် တစ်နေ့သော အချိန်မှာ နံနက်ဘက် ဆယ်နာရီခန့် ရှိမည်။

ကျွန်မမှာ ရေချိုးပြီး အခန်းထဲတွင် အဝတ်အစားများ လဲနေ၏။

ဒေါ်ဒေါ်အိမ်မှာ ဘိုကပြားများထံမှ ဝယ်ယူလိုက်သော ဝင်းခြံနှင့် တစ်ထပ် လွှာချင်းအိမ် ဖြစ်သည်။ အိမ်ကလေးကို အခန်းအဆောင်ဖွဲ့ကာ သပ်ရပ်စွာ ဆောက်ထားသည်။

ဝင်းခြံထဲ၌ ကြီးကြီးခင်ကိုယ်တိုင် အခင်းလိုက်၊ အတန်းလိုက် စိုက်ပျိုး ထားသည့် နှင်းဆီ၊ စံပယ်ပန်းတို့မှ မွှေးရနံ့သည် အိမ်ထဲသို့ သင်းပျံ့ဝင်နေလေ သည်။ ပိန္နဲပင်ကြီးပေါ်က ကွက်ပြောက်ထိုးနေသော နေရောင်ခြည်မှာ ကျွန်မ အခန်းထဲရှိ မှန်ခုံပေါ်သို့ ဖြာကျနေပေသည်။ နံနက်ခင်း အိမ်၌ တိတ်ဆိတ်ငြိမ်သက် နေလျက် ဝေအုပ်နေသော သစ်ပင်များ အရိပ်ဖြင့် သာယာအေးမြနေသည်။

'ဦးအုန်းက သူ လာနိုင်ပါသတဲ့လား ခင်ဗျာ'

ကျွန်မသည် အခန်းထဲ၌ အဝတ်အစား လဲနေရင်း ထိုအသံကို ကြားလိုက် ရသည်။ ဧည့်ခန်းထဲတွင် ရှိနေသော ဒေါ်ဒေါ်သိန်းက 'ဪ ဦးအုန်း လာသလား၊ ပြောလိုက်ပါ၊ လာနိုင်ပါတယ်လို့ ပြောလိုက်ပါ' ဟု လောကွတ်ပျူငှာ ရွှင်လန်း အားရ ပြန်ကြားလိုက်သော အသံကိုလည်း ကြားရ၏။

'လှိုင်ရေ ... ဦးအုန်း လာတယ်၊ မြန်မြန်လုပ်' ဟု အခန်းထဲသို့ လှမ်းပြော လိုက်သည်။





ကျွန်မမှာ ဗီရိုရှေ့၌ ရပ်မြဲ ရပ်နေလျက် လှေကားမှ တက်လာမည့် သူ့ အသံကို စောင့်ဆိုင်း နားစွင့်နေသည်။

ဒေါ်ဒေါ်မှာ အိမ်သို့ ဘယ်ဧည့်သည်လာလာ အိမ်ဝလှေကားထိပ်၌ ထွက် ရပ်ကာ သူ့အသံလေးသာသာဖြင့် ပျာပျာသလဲ ဆီးကြို ဖိတ်ခေါ်တတ်စမြဲတည်း။ အိမ်ရှေ့က ဧည့်ခေါ်သံကြားလျှင် နောက်ဖေးက ကြီးကြီးခင်၏ ရင်ထဲ၌ ဝမ်းသာ ထုံးကြီး ကြွတက်လာကာ အလျင်အမြန် ပြေး၍ ကော်ဖီနှပ်နေကျ။

'ကျွန်တော် လာရမလား'

အိမ်အောက် လှေကားရင်းဆီက အသံ၊ ထိုအသံမှာ တစ်ကြိမ်တစ်ခါ ကြားရုံဖြင့် နားထဲတွင် ကျက်မိသွားနိုင်လောက်သော အသံမျိုးသာ မြည်လျက် ပျွမ်းသွားသည်။

အိမ်ပေါက်ဝက ထွက်ရပ် စောင့်ကြိုနေသော ဒေါ်ဒေါ်က မေတ္တာဂယက် ရိုက်သံလေးဖြင့် လှိုက်ခုန်စွာ–

'လာပါ ဦးအုန်း၊ တက်ပါ၊ တွေ့ရတာ ဝမ်းသာလိုက်တာ'

ကျွန်မမှာ အခန်းထဲ၌ မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။

"ဦးအုန်းက သူ လာနိုင်ပါသတဲ့လား ခင်ဗျာ" ဟူ၍ ရှေ့တော်ပြေးနှင့် အမေးလွှတ်လိုက်ခြင်း တစ်ခေါက်၊ ထိုနောက် ကားပေါ်မှ ဆင်းလာပြီး အိမ်ဝက နေ၍ "ကျွန်တော် လာရမလား" ဟု ထပ်မေးရပြန်ချည်သေးသည့် နောက် တစ်ကြိမ်။

မြန်မာပြည်တွင် ဧည့်သည်တို့ လုပ်ရိုး အစဉ်အလာ၌ ခွင့်ပန်ကြားပြီး အိမ်ပေါ်သို့ တက်ရခြင်းမျိုး ထုံးစံတစ်ခု မထားကြ၍ နားထဲ ထောင့်နေလေသည်။

ဘိလပ်မြေ နင်းလျက်၊ ဘိလပ်လေ ရှူကာ၊ ဘိလပ်တွင် နေထိုင်သူ ဦးအုန်း၏ စံနမူနာ ထုံးစံဟူ၍ လူချင်း မတွေ့ဖူးမီ ရှေးဦးပထမ အမှတ်အသား တစ်ခု ရသွားလေသည်။

ကျွန်မသည် ရပ်၍ စဉ်းစား ဆင်ခြင်နေပြီးမှ ဘိလပ်ဧည့်သည်ကို ဆွေး ဧည့်ခံရန် ဗီရိုထဲမှ အဝတ်အစားများကို ကပျာကယာ ထုတ်၍ ဝတ်ရသည်။

'လှိုင် လာပါလိမ့်မယ်၊ ခဏ စောင့်ပါဦး။ အခုပဲ ရေချိုးပြီး အဝတ်လဲနေ ပါတယ်'

ဒေါ်ဒေါ်က ကျွန်မ မြန်မြန် ထွက်လာအောင် ခပ်ကျယ်ကျယ် ပြောနေ လေသည်။ အခန်းဝက အထွက် ခန်းဆီးကို ဆွဲဖယ်လိုက်ရာ ကျွန်မ ရှေ့တူရူ ထိုင်နေသော ဦးအုန်း၏ မျက်နှာကို မြင်မြင်ချင်း အိမ်မက်ထဲက ချိုင်းထောက် ကြီးကို မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ပုံပန်းကို ရှုကြည့် အကဲခတ်ရင်း မတ်တတ် ထ ရပ်... 'ကျွန်တော် မောင်အုန်းပါ' ဟု ပြုံးပြောနေသော သူ့မျက်နှာကို တွေ့ဖူးမြင်ဖူး... ခပ်စိမ်းစိမ်း ကြည့်၍ ပြန်ပြုံးလိုက်သည်။

သူသည် ဖျင်ပင်နီကြမ်း အပေါ်အင်္ကျီနှင့် ပလေကတ်အကွက် ချည်လုံချည် ဝတ်ထားသည်။ ကုလားထိုင်ပေါ် ထိုင်လိုက်သော သူ့ကိုယ်ခန္ဓာမှာ ဆန့်ဆန့် မြင့်မားနေသည်။ ယောက်ျားကိုင် လက်ကိုင်သားရေအိတ်ကြီးကို ပေါင်ပေါ်တွင် ထောင်တင်ကိုင်ထားသည်။ ဆံရှည်ဆံပင်မှာ နောက်တွင် ဖားဖားကျလျက် မျက်နှာနှင့်တကွ လက်၊ ခြေတို့မှာ ဖြူဆွတ်နေသည်။

ကျွန်မမှာ သူ့ကို မြင်မြင်ချင်း သာသနာပြု ခရစ်ယာန် တရားဟောဆရာ နှင့် တူလိုက်တာဟု အောက်မေ့မိသည်။

'ကိုစောဦး ပြောလို့ ကျွန်မဆီ လာနှုတ်ဆက်တာ သိရပါတယ်၊ ဘယ်တုန်းက ရောက်နေပါသလဲ' စသည်ဖြင့် ကျွန်မကပင် စတင်၍ အာလာပသလ္လာပ စကား ပြောကြရလေသည်။

စကားပြောကြစဉ် လှုပ်ရှားပြီး ပြောတတ်သော သူ့မျက်လုံးနှင့် သူ့ခေါင်း ကို သတိထားမိသည်။

ဦးချစ်မောင်အကြောင်း၊ စာပေအကြောင်း၊ ကလေးများအကြောင်း ဟိုရောက် သည်ရောက် စကားကောင်းနေကြခိုက်၊ နောက်ဖေးမှ ကြီးကြီးခင် ဖျော်ထုတ်လိုက်သော ကော်ဖီပွဲကို ဒေါ်ဒေါ်က သူ့ရှေ့၌ ချပေးလိုက်သည်။

'သတင်း စာတော့ ရပ်လိုက်ရပါပြီ၊ လမ်းပန်း အဆက်အသွယ်တွေက လည်း မကောင်းဘူး။ အခုတော့ ဂျာနယ်ပဲ ဆက်ထုတ်နေပါတယ်'

ကျွန်မက အလုပ်အကိုင် အကြောင်းကို ပြောနေရာ စိုက်နာ့ထောင်နေ လျက် ပြီးမှ ကော်ဖီ ယူသောက်လေသည်။ ဒေါ်ဒေါ်က ဘောက်ထော်တွင် အိမ် ငယ်ထား၍ မကြာမီ ပြောင်းရွှေ့မည့်အကြောင်း ပြောပြနေသည်။

ထိုနေ့က ထိုင်၍ စကားပြောကြသည့် အချိန်မှာ သိပ်မကြာလှ။ သူ ...နေ့ ထလျှင် ကျွေးချင်မွေးချင် ရှိလှသော ဒေါ်ဒေါ်က ထမင်းစား ဖိတ်လိုက် သည်

'နေပါစေ ဒေါ်ဒေါ်၊ နောက်များမှ စားပါ့မယ်။ ကျွန်တော်က နေ့လယ် တစ်ထပ်ပဲ သက်သတ်လွတ် စားပါတယ်၊ ဘောက်ထော်အိမ် ပြောင်းရင် ကလေး တွေနဲ့ တွေ့ရအောင် ကျွန်တော် လာခဲ့ပါဦးမယ်'

ညနေ့ကြီး ဆင်ယင်လျက် ဖော်ဖော်ရွေရွေ ရပ်ပြီး ပြောနေရာမှ 'ကဲ... အားလုံးပဲ ပြန်ပါဦးမယ် ခင်ဗျာ' ဟု နှုတ်ဆက်ကာ လှေကားဆီသို့ ထ သွား သည်။

သူ၏ ခြေတစ်ဖက်ကို တန်း၍ လှမ်းလိုက်ကာ၊ နောက်ခြေတစ်ဖက်က အာစုံရပ်မိတော့မှ တစ်ဖန် အားယူ၍ တစ်ဖက်ခြေကို ကြွကာ တန်းလျက် လှမ်းပြီး လျှောက်သွားဟန်ကို မြင်မြင်ချင်း ကြက်သေ သေသွားလေသည်။

'ခြေထောက်က တယ်မသန်ရှာဘူးနဲ့ တူတယ်၊ တက်လာတုန်းက ဆိုင်း ပြီးမှ လှမ်းတက်ရတယ်' ဟု ဒေါ်ဒေါ်က ကရုဏာအတိုင်း ပြောနေ၏။

လှေကားမှ ဆင်းလျက် ကားဆီသို့ ထော့နင်း နင်းလျှောက်သွားသော သဏ္ဌာန်ကို နောက်မှ ပါးစပ်ဟောင်းလောင်းကလေးဖြင့် ငေးကြည့်နေရင်း 'အိပ်မက်နှယ် ... စင်းလိုက်တာ ဒေါ်ဒေါ်ရယ်' နှုတ်မှ မြည်ထွက်သွားလေသည်။

သူနှင့် တွေ့ပြီး မကြာမီ ဘောက်ထော်အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ အိမ်ပြောင်းခါစ အိမ်ထောင်ပစ္စည်းများ ခင်းကျင်း ပြင်ဆင်လျက် အလုပ်များနေ လေသည်။

'ဦးအုန်း လာပါတယ်၊ သူ လာနိုင်ပါသတဲ့လား ခင်ဗျာ' သူ၏ ရှေ့ဆောင် ပြေး ဒရိုင်ဘာသည် အိမ်ပေါက်ဝ၌ ရပ်လျက် ခွင့်တောင်းနေ၏။

'ပြောလိုက်ပါရှင်၊ လာနိုင်ပါတယ်လို့'

ကျွန်မမှာ အိမ်ဝ၌ ရပ်လျက် အိမ်ရှင့်ဝတ္တရားအတိုင်း ဆီးကြိုနေသည်။

'ကျွန်တော် လာရမလား'

သူ့ထုံးစံစဉ်လာကို မှတ်သားထားသော ကျွန်မက ပြုံး၍ ခေါင်းညိတ် လိုက်သည်။ ဖြည်းလေးစွာ လှမ်းလျှောက်လာစဉ် မြင့်မားသော သူ့ခန္ဓာကိုယ်ကြီး မှာ ကိုင်းနေလေသည်။ တွေ့စက အဝတ်အစားနှင့်ပင် သားရေအိတ်ကြီး ဆွဲလာ လေသည်။

အိမ်အောက်ထပ်၌ စာအုပ်ဗီရိုများ တန်းစီချကာ တောင်ပုံရာပုံ ဖြစ်နေ သော စာအုပ်တွေမှာ ဗီရိုထဲ မသွင်းရသေးဘဲ ရှုပ်နေလေ၏။ အိမ်ပေါ်... ဆောင်သို့ ခေါ်လာခဲ့ရသည်။ အိမ်ဆေးသုတ်ပြီးစ မခြောက်သေး... များမှာ စူးရှစွာ နံနေလေသည်။

'ခင်ဗျားအိမ်က အတော် ကောင်းသားပဲဗျ'

သူသည် မထိုင်ခင် အိမ်ပေါ်တွင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေသော်... လှေကားထိပ်ရှိ အခန်းထဲသို့ ရောက်လျှင် ဝင်ဝင်ခြင်း ... ဘင်ထားသော ပန်းအိုးကလေးထဲမှ ဖြူဖွေးသော နှင်းဆီ... ကြည့်သည်။ အခန်းထဲ၌ ခုတင်တစ်လုံး၊ မှန်ခုံတစ်ခု၊ ...







www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံး၊ ဒိုဘီခြင်းကလေး တစ်ခု၊ မျက်နှာသုတ်ပဝါ လှမ်းသည့် စင်နိမ့်ကလေးနှင့် တအုပ်ထည့် မှန်ဗီရိုငယ်တစ်ခု ရှိသည်။ အခန်း၏ ကြမ်းခင်းမှာ ဆေးရောင်တော် ကိုက်ထား၍ ပြောင်လက်နေလေသည်။

'ခင်ဗျားက ဘာကြောင့် ကိုချစ်မောင်နဲ့ ယူရတာလဲ၊ ခင်ဗျား ကိုချစ်မောင်နဲ့ ယူဖို့ မကောင်းဘူး'

'ရှင် ...'

ကျွန်မက မျက်မှောင်ကုတ်၍ မေးသည်။ သူသည် မျက်နှာကို ပင့်လျက် သိက္ခာ ကျွန်ရှေ့ရင့်ရင့်နှင့် ရှိကာ၊ သူ၏ မျက်လုံးများမှာ မျက်တောင်များ စင်းလျက် အပြစ်တင်မကင်း ကြည့်ရင်း ဆက်ပြောပြန်သည်။

'ခင်ဗျား ဘိုနဲ့ ယူဖို့ ကောင်းတယ်'

ကျွန်မသည် မျက်မှောင်ကုတ်လျက်ပင် မျက်လုံးများ မှေး၍ တစ်ချော လောက် စူးစိုက်၍ ငေးကြည့်လိုက်သည်။ ရှင် ပြောစရာလားဟု မပြောလိုက် သော်လည်း၊ ပြောနေသည့် အမူအရာသည် ကျွန်မ၏ မျက်နှာပေါ်၌ ပေါ်၏။

သူသည် ပြောပြီး လူကို ဂရုမထားသကဲ့သို့ မှန်တင်ခုံပေါ်၌ ခင်းကျင်း ထားသော ပစ္စည်းများကို လှမ်းကြည့်ပြန်သည်။

'ဘာဖြစ်လို့လဲရှင့်'

ကျွန်မအား ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျွန်မ၏ တည်တည်တင်းတင်း မျက်နှာထားသည် သူ့အား ခပ်ရှုန့်ရှုန့် ဖြစ်သွားစေသည်။ သူသည် ပြုံးလျက် ချိုချိုသာသာ လျှော့ချလေသည်။

'ခင်ဗျား နေပုံထိုင်ပုံက ဘိုဆန်လို့ ပြောတာပါဗျာ'

'သြော် ...'

ကျွန်မက မျက်နှာထား လျှော့လိုက်သော်လည်း စိတ်ထဲ၌ မရှင်းလင်းသေး ဘိုဆန်တယ် ဆိုသော အဓိပ္ပာယ်ကို နားမလည်ချေ။ ဘိုဆန်တယ် ထင်မြင်လျှင် လည်း ဘိုဆန်တယ်သာ ပြောဖို့ရာ ရှိ၏။ "ဘိုနဲ့ ယူဖို့ကောင်းတယ်" ဟု ပြောစရာ မရှိ။ ရင့်ရင့်သီးသီး အတွန့်တက် ပြောနည်းမျိုးကို စိတ်ထဲ၌ အလျှင်း မနှစ်သက်။ သူ့အား ဘယ်လိုလူများလဲဟု အကဲခတ်လိုက်သည်။

'ခင်ဗျား ပေါင်ဒါဘူးတွေ လူးတာ တော်တော် ပိုက်ဆံကုန်မှာပေါ့၊ အလှပြင်တော့ ဘာထူးလို့လဲဗျာ၊ ဒါတွေ သုံးတာ ပိုက်ဆံဖြုန်းတာပဲ'

ကျွန်မသည် သူ့ကို အမျိုးမျိုး အကဲခတ်မိသည်။

သည်လူသည် ကိုယ်နှင့် ဆိုင်သည့်ကိစ္စ ဖြစ်စေ၊ မဆိုင်သည့်ကိစ္စ ဖြစ်စေ ပြောချင်လျှင် မထောက်မထား အားမနာပါးမနာ ပြောတတ်သည့်သူဟု ထင်လိုက်





၏။ လူကြည့်တော့ အတော့်ကို ယဉ်သလိုလိုနှင့် ရိုင်းချင်လျှင် ရိုင်းမည့်သူဟုလည်း ထင်လိုက်၏။ အပြောချိုမယောင်ယောင်ဖြင့် အပြောဆိုးမည့်သူဟုလည်း တွေး လိုက်၏။ စကားပြောရ အတော် ကျပ်မည့်သူပါတကားဟု မှတ်ချက်ချကာ၊ သူ့မိန်းမနှင့် သူ့ပဲလေဟု ဖြေတွေးကြည့်တော့မှ စိတ်ထဲ အနှောင့်အယှက် ကင်းသွား လေသည်။

'ကျွန်မ လုပ်ကိုင် ရှာဖွေနေတဲ့ အထဲမှာ ပေါင်ဒါဘူး ဝယ်ဖို့လည်း ပါတယ် ရှင့်'

ကျွန်မမှာ သူနှင့် အကျသွားမည့် ကိုက်လျော်ညီသော အဖြေကို တွေးဖြေ လိုက်သည်။ ဖြေပြီး စိတ်ထဲတွင် ပေါ့ပါးသွားလေသည်။

သူသည် ရယ်မောလျက် ဟိုအခန်း၊ သည်အခန်း ကြည့်ရှုပြီး ဧည့်ခန်း၌ ခင်ထိုင်သည်။

'၁၉၄၆ ခုနှစ်က ရှင့်ကို ကျွန်မ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ချိုင်းထောက်ကြီးနဲ့ တွေ့ရလို့ ဒိုင်ယာရီထဲမှာတောင် ရေးထားလိုက်တယ်၊ ရှင့် ခြေထောက် ဘာဖြစ်လို့လဲ'

ဘိုလပ်တွင်နေစဉ် ပြေးရင်း လဲသွား၍ ခြေထောက် ဝေဒနာ ရလိုက်ကြောင်း ပြောပြကာ 'ဖြစ်စက ကျွန်တော်တောင် ချိုင်းထောက်နဲ့ လျှောက်ရတယ်၊ အခုမှ သက်သာလာလို့ ဒီလို လျှောက်နိုင်တာ' ဟု ဆက်ပြောသည်။

'ခင်ဗျား နေ့စဉ် ဒိုင်ယာရီ ရေးသလား'

'ဟုတ်ကဲ့၊ ကျွန်မ ရေးပါတယ်'

'ဘာတွေ ရေးသလဲ၊ ဘယ်လို ရေးသလဲ'

'နေ့စဉ် တွေ့ကြုံခံစား ထင်မြင်ချက်တွေကို လျှောက်ရေးတာပေါ့။ စိတ်ကူးတွေနဲ့ ဝေဖန်ချက်တွေ ရေးတဲ့အခါ စိတ်ကူးရသလို၊ စိတ်ထဲ ပေါ်သလို ပွင့်ပွင့်လင်းလင်း ရေးတာပဲ။ ကျွန်မ ဒိုင်ယာရီ ရေးတာ စိတ်ဝင်စားသည်'

'ကျွန်တော်နဲ့ စ တွေ့တဲ့နေ့က ကျွန်တော့်အကြောင်း ခင်ဗျား ရေးသလား၊ အကောင်း ရေးသလား၊ အဆိုး ရေးသလား ... ပြောစမ်းဗျာ'

သူသည် မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်လျက် စူးစမ်း သော မျက်လုံးဖြင့် စစ်မေးနေသည်။

'ကျွန်မ ရေးတဲ့ ဒိုင်ယာရီထဲက စာကြောင်းတွေဟာ မရှိဘူး။ ဒိုင်ယာရီ ရေးကတည်းက ကျွန်မ အဓိဋ္ဌာန် ကြောင့် အကောင်းအဆိုး ပြောမပြနိုင်ပါဘူး ရှင့်'

'သူလိုလူ စာအုပ်က စိတ်ကူးယဉ်စာလေပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပြုံးနေသည်။

စာပေမွေ့လျော်သူ၊ စာ အလွန်ဖတ်သူဟု သူ့သတင်းအစအန ကြား ခဲ့သည်။ အနောက်နိုင်ငံ စာပေနှင့် ပတ်သက်သော သူ၏ ထင်မြင်ချက်တွေ ကြားနာရသည်။ စာရေးဆရာများကိုလည်း ဝေဖန်ပြော၏။ စာအုပ် များ ဖတ်ပုံရသည်။ ဘိလပ်တွင် စစ်မဖြစ်ခင် ကာလ ကတည်းက ကြာမြင့်စွာ နေ၍ သူ့တွင် မြန်မာစာအုပ် အစုံမရှိကြောင်း ပြောရင်း၊ ကျွန်မစာအုပ် ဒိုင်ယာ မြန်မာစာအုပ်စာရင်းကို တောင်း၍ ပြလိုက်သည်။

ကလေးတွေမှာ အိမ်တွင် မရှိ၊ ကျောင်း၌ ဘော်ဒါနေကြ၍ ကျောင်းပိတ် ရက်နှင့် ကိုက်ကာ ထမင်းစား ဖိတ်လိုက်လေသည်။

ထမင်း လာစားမည့်နေ့၌ ကျွန်မမှာ မီးဖိုထဲတွင် အလုပ်များနေ၍ မမကြီး ကို အိမ်ဝ၌ အစောင့်ထားရသည်။ လာနိုင်ပါသလားဟု ရေ့တော်ပြေး ဒရိုင်ဘာ ကလေး လာမေးရင် အိမ်ပေါက်ဝ၌ ခွင့်ပေးရမည့်သူတစ်ယောက် ရှိနေဖို့ လို၏။

ကလေးများ လကုန် အိမ်ပြန်၊ စနေ ကျောင်းပိတ်ရက် အိမ်ပြန်လာကြ၍ ယနေ့ လာမည့် ဧည့်သည်နှင့် တွေ့ကြရန် ပြောကြားထားသည်။

သူသည် အပေါ်ပင်နီအကျႌ ချွတ်ခဲ့ကာ၊ ရှပ်အကျႌအဖြူနှင့် စာအုပ်များ ပွေ့ပိုက်လျက် သူ့ထုံးစံစဉ်လာအတိုင်း ဧည့်ခန်းထဲသို့ ရောက်လာ၏။

'သူက ခင်လေးမြင့်ပါ၊ သူက မောင်သိန်းတန်၊ ဟိုလူက မိုးဟိန်း'

ကလေးများနှင့် မိတ်ဖွဲ့ပေးလိုက်သည်။ ကလေးတွေလည်း ဧည့်ခန်းထဲ အသီးသီး သူ့ကုလားထိုင်နှင့်သူ ငြိမ်သက်စွာ ဝင်ထိုင်လိုက်ကြသည်။ ကျွန်မ၏ အစ်မဝမ်းကွဲ မမကြီးလည်း ဝင်ထိုင်သည်။

'အိမ်သားတွေ အားလုံး ခေါ်ပါဗျာ' ဟု မထိုင်ခင် သူကဆို၍ ကျွန်မ၏ တူမလေးများနှင့် ကံဘဲ့မှ ဒေါ်ဒေါ်သမီး စုစုကိုပါ ခေါ်ထုတ်ပြီး ထိုင်ခိုင်းရသည်။

သူသည် ဝိုင်းထိုင်နေကြသော လူစုအနက် ကျွန်မ သားကလေးနှစ်ယောက် ကို ရှေးဦးစွာ စ၍ စကားပြောလေသည်။

'ကျွန်တော် လာတာ ခင်ဗျားတို့ မေမေကို လာပြီး ပိုးတာ မဟုတ်ပါဘူး။ ပိုးဘယ်လို့ မထင်ကြပါနဲ့နော်၊ ပိုးဖို့လာတာ မဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေ ကိုခင်မောင်ရဲ့ မိသားတစ်စုကို လာတွေ့တာပါ'

ဧည့်ခန်းထဲ၌ ဝိုင်းထိုင်နေကြသော လူတစ်စုအနက် အစ်မကြီးနှင့် အထူး သဖြင့် ဘုံမ၊ ညီမတို့မှာ မျက်နှာများ နီမြန်းကုန်လျက် ခေါင်းမဖော်ဝံ့အောင် ဖြစ်သွားကြ၏။

"ကျွန်တော်၊ ခင်ဗျား"နှင့် အပြောခံနေကြရသည့် အသက် ငါးနှစ်

သီဟရတနာစာပေ



ခြောက်နှစ် အရွယ် သားကလေးနှစ်ယောက်မှာ သူ ရှင်းပြောသည့် အဓိပ္ပာယ်ကို အလျှင်း ဘာမှ နားမလည်ကြ။ မျက်လုံးကလေးတွေ ပေကလတ်၊ ပေကလတ်ဖြင့် ကြည့်လျက် နားထောင်နေကြသည်။ ခင်လေးမြင့်မှာ သူ့မျက်နှာကို ငေးစိုက်ကြည့် နေ၏။

ကျွန်မ နေရာတွင် အခြား မုဆိုးမ တစ်ယောက်သာဆိုက ဘယ့်နှယ်မှား နေမည်မသိ။ ပူထူသွားချင်လည်း သွားမည်။ မျက်နှာ မထားတတ်အောင် ရှက်ချင် လည်း ရှက်သွားမည်။ အတော် အနေရ အထိုင်ရ ကျပ်ပေလိမ့်မည့် ကိစ္စမျိုးတည်း။

ကျွန်မမှာ ဤအခက်အခဲမျိုး စိုးစိမ့် မကြုံ၊ ရင်ထဲတွင် အလိပ်လိပ် တက်လျက် ရယ်ချင်လှခြင်းကို အတင်း အောင့်နေရ၏။ သူ့ကိုယ်သူ ဟုတ်လှပြီ ယဉ်လှပြီဟုများ ပြောဆိုနေလေသလားဟု ရင်ထဲတွင် အလိပ်လိပ် တက်လျက် ရယ်ချင်နေခြင်း ဖြစ်သည်။

ကျွန်မသားတွေ နားလည်မှု ရှိကြအောင် စိုးရိမ်ကြီးစွာဖြင့် "ကျွန်တော်၊ ခင်ဗျား"နှင့် ရှင်းလင်း အစီရင်ခံနေသော သူ၏ ယဉ်ကျေးမှုသည် တူမလေးနှင့် ဒုစုတို့ မျက်နှာ မဖော်ဝံ့ဘဲ အနေခက်အောင် နှလုံးတုန်စေ၊ ရင်ဖိုစေ၏။

မမကြီးမှာ ကျွန်မကို အားနာစွာဖြင့် မကြည့်ဘဲ ဆေးလိပ်ကို တွင်တွင် သာ ဖွာနေသည်။

သူသည် တည်ကြည် ရိုးသားလှသော မျက်နှာဖြင့် နှုတ်က မအံမရော ပြောဆိုပြီး ကြွေအပြည့်နှင့် ငြိမ်သက်သွားလေ၏။

ဧည့်ခန်းမှာ ဆိတ်ငြိမ်နေသည်။

'ကျွန်တော့်အဖေ သေတော့ ကျွန်တော့်အမေဟာ ကျွန်တော့်ကို မွေးတောင် သေးဘူး။ ကျွန်တော် ငယ်ငယ်က ကျွန်တော်တို့အိမ် ယောကျ်ားလာရင် သိပ် ခံကြိုက်တာဘဲ' ဟု ကျွန်မဘက်သို့ လှည့်ပြောလေသည်။

'ကျွန်မသားကလေးတွေကတော့ ဒီလိုသဘော မရှိကြဘူး။ အိမ်ကို ယောကျ်ား မိတ်ဆွေသင်္ဂဟများ လာရင် ဦးလေး၊ ဦးလေးနဲ့ သိပ်ခင်ကြတာ ဘဲ'

သူ့စကား ကြားရမှ အားလုံး ပြန်လည်၍ နေသာရာ ထိုင်သာရာ ရသွား ကြကာ၊ ထိုနေ့ နေ့လယ်ဘက်တွင် သက်သတ်လွတ်ထမင်း စားသောက်လိုက် သည်။

ကျွန်မမှာ ဘောက်ထော်မှ လမ်း (၄၀) တိုက်သို့ နေပြောင်းလာ၍ ဂျာနယ် ဆက်ထုတ်နေသည်။ ထိုအချိန်က ဂျာနယ်ကျော် အယ်ဒီတာ ကိုရွှေဥဒေါင်း ထွက်သွားလိုက် ၍ ဂျာနယ်ကို ဇဝနနှင့် ဆက်ထုတ်နေရလေသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညနေ သုံးနာရီလောက် လမ်း (၄၀) တိုက်သို့ သူရောက်လာသည်။ ဘီလပ်မှ သူ့မိတ်ဆွေ လေဘာအမတ် "ဝစ်ဒရူးဝယတ်"က စာပေ အနုပညာရှင်များနှင့် တွေ့ဆုံချင်သည်ဆို၍ ဆရာဇော်ဂျီအိမ်တွင် ညနေ ချိန်းထားကြောင်း ပြောလာကာ၊ ကျွန်မကို လိုက်ခဲ့ရန် လာခေါ်လေ၏။

သူ၏ ကားထဲတွင် ဆရာဒဂုန်နတ်ရှင်၊ မဟာဆွေ ပါလာလေသည်။ ကျွန်မမှာ အလုပ်တိုက်က ထ လိုက်သွားရသည်။ ဆရာဇော်ဂျီအိမ်၌ စာရေးဆရာများနှင့် အနုပညာရှင်များ ဖိတ်ထားသဖြင့် လူစုံ လာကြသည်။ မျက်နှာဖြူဧည့်သည်နှင့် အနုပညာသည်တို့ တွေ့ဆုံနှီးနှော စကားပြောကြသည်။ ဆရာမင်းသုဝဏ်က သူ့မိတ်ဆွေအား မဲဇာတောင်ခြေရတုကို သံနေသံထားနှင့် ရွတ်ပြနေလေ၏။

ဆရာဇော်ဂျီက "သူလိုလူ" စာအုပ် ဖတ်ကောင်းကြောင်း ဝေဖန်သဖြင့် ကျွန်မက 'သူလိုလူ စာအုပ်ကို ကိုအုန်းက စိတ်ကူးယဉ်စာပေလို့ ပြောတယ်ဆရာ' ဟု ပြောလိုက်သည်။

ဆရာဇော်ဂျီက ရယ်မောကာ 'တို့ ဒီလို မဝေဖန်ပါဘူးဟာ' ဟု ဆိုလေ၏။

ဆွေးနွေးပွဲက မိုးချုပ်မှ ပြန်ကြရသည်။ စာရေးဆရာများကို သူ့ကားနှင့် တင်ခဲ့ကာ ပြန်လိုက်ပို့ပေးနေသဖြင့် ကြန့်ကြာနေသည်။ ကျွန်မ နေသော ဘောက်ထော်ကို နောက်ဆုံးမှ ပို့နိုင်သည်။

မြို့ထဲတွင် အသီးသီး ပို့ပြီးနောက် ကျွန်မကို ပို့ရန် ဘောက်ထော်ဘက်သို့ မသွားခင် သူက ပြောသည်မှာ–

'ခင်ဗျားလည်း ထမင်း မစားရသေးဘူး၊ သူ(ဒရိုင်ဘာ)လည်း မစားရသေးဘူး၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက် ဆန်းကဖီးပေါ် သွားစားကြ။ ကျွန်တော် ကားထဲက စောင့်နေမယ်လေ'

ဆန်းကဖီး၌ ဒရိုင်ဘာနှင့်အတူ နှစ်ယောက် ထမင်းစားခိုင်းနေ၏။ 'မစားချင်ဘူးရှင့်' ဟု အတင်း ငြင်းဆန်ရလေသည်။ ဘယ်လိုလူပါလိမ့်ဟု စိတ်ထဲ၌ မတွေးတတ်အောင် ဖြစ်မိသည်။

ထိုအချိန်က မော်တော်ကား ရောင်းလိုက်၍ ကျွန်မတွင် မော်တော်ကား ခရီးမြန်း သိသဖြင့် သူ့ကားကို ယူသုံးနိုင်ကြောင်း ပြောကာ ကျွန်မ သွားလိုရာသို့ သွားရန် ကားပို့ပေးသည်။

လဆန်း ၂ ရက်နေ့ တစ်နေ့၌ သူ့ကားကို ယူကာ သချိုင်းသို့ သွားလေသည်။ သုသာန်မှ အိမ်သို့ ပြန်လာခဲ့ပြီး ညနေဘက်၌ စာအုပ်ပေးရန် အိမ်သို့ သူ ပေါက်လာသည်။





'ခင်ဗျား ကြဲတောသွားတယ် ဆို'

'ဟုတ်ကဲ့၊ ကျွန်မ ကိုကို့ဂူ သွားကန်တော့ပါတယ်။ လဆန်း ၂ ရက်နေ့တိုင်းပဲ သွားပါတယ်'

သူသည် ကျွန်မ မျက်နှာကို မျက်လုံး ပြူးစိုက်၍ ကြည့်လိုက်ကာ ဆိုတော့ ပြောတော့မည့် အရိပ်အယောင်များမှာ မျက်နှာ၌ ပေါ်လာလေသည်။

'ခင်ဗျား ဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ ခရစ်ယာန်တွေသာ ဒီအလုပ်မျိုး လုပ်တာဗျ။ အဲသလို ခင်ဗျား အမြဲတမ်း သချိုင်းသွားကန်တော့နေရင်တော့ ကျွန်တော် ထင်တယ်၊ ခင်ဗျားကို ဘယ်ယောကျ်ားမှ ယူမှာ မဟုတ်ဘူး၊ စိတ်ချ'

ကျွန်မမှာ ဣန္ဒြေမဆည်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ တကယ့် စေတနာကြီးနှင့် ပြောရမှန်းမသိ၊ မပြောရမှန်း မသိ ဖွင့်ပြောပုံကို ရယ်မောရခြင်း ဖြစ်သည်။

'သချိုင်း အမြဲတမ်းသွားလို့ မယူတဲ့ ယောကျ်ားမျိုးကို ကျွန်မက လွမ်းနေရောသလား ရှင်'

ကျွန်မအား မိတ်ကောင်းဆွေကောင်း ပီသစွာ စိတ်စေတနာကောင်းနှင့် ပြောသွားသော သူ့သတိပေးချက်မှာ တွေးမိတိုင်း အခါခပ်သိမ်း ရယ်မောရတော့သည်။

သူ၌ သူများနှင့် မတူအောင် ထူးသော အချက်များ ရှိ၏။ မြန်မာကြည့် မကြည့်၊ မြန်မာတွေး မတွေး၊ မြန်မာပြော မပြော၊ မြန်မာ့စရိုက် မြန်မာ့ဓလေ့နှင့် ဆန့်ကျင်ဖီလာသော အချက်များဖြင့် သူများနှင့် မတူအောင် ထူးလည်း ထူး၏၊ ဆန်းလည်း ဆန်း၏။

အိမ်၌ တူကလေး မောင်စိုးလွင် ဖျားနေလေသည်။ တစ်ညသ၌ ခေါင်းနိုးလွင် အတော် နေမကောင်းဖြစ်နေ၍ တစ်ညလုံး မအိပ်ရသေး၊ ကျွန်မမှာ နောက်တစ်နေ့ တစ်နေ့လုံး ခေါင်းကိုက်လျက် ခေါင်းကို မထူနိုင်အောင် ဖြစ်နေလေသည်။

အိမ်ပေါ်ထပ် အပြင်ခန်းတွင် လေလာလာ အိပ်ရာခင်းလျက် တစ်နေ့ခင်းလုံး လှဲနေသည်။ ညနေ သုံးနာရီလောက်၌ မှေးခနဲ ဖြစ်သွားစဉ် အိမ်ပေါ်သို့ လှတက်လာသံများ ကြားရ၍ ခေါင်းထူကြည့်လိုက်ရာ၊ ကျွန်မ အစ်မကြီးနှင့် ဦးအုန်းတို့ ဖြစ်နေ၏။

ဦးအုန်းသည် ကျွန်မ နေရာနှင့် ခပ်လှမ်းလှမ်းရှိ ဟက်လက်ကုလားထိုင်အား၌ ရပ်လျက် 'လှဲနေပါ၊ ခင်ဗျား နေမကောင်းဘူး ပြောတာနဲ့ သတင်းမေးခွင့်ပို့ ခွင့်တောင်းပြီး တက်လာကြည့်တာပါ။ ကျွန်တော် လာတာ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် လှဲနေပါဗျာ။ စကား မပြောဘဲနဲ့ ငြိမ်ငြိမ်လေး လှဲနေပါ' ဟု



www.burmeseclassic.com

www.burmeseclassic.com



အခေးမှ လက်ကို ဆန့်တန်း၍ မထလိုက်ရန် လက်ရိပ်ခြေရိပ်ပြ တားမြော နေ၏။

ကျွန်မမှာ ဖြုန်းခနဲ တက်လာကြခြင်းကို အံ့အားကြီးသင့်လျက် ထထိုင်ရ အခက်၊ ခေါင်းပြန်ချရ အခက်နှင့် တွေ့ပြီး၊ အခေးက ပြေးလာနေသော ဘတ်စ်ကားကို အရပ်ခိုင်းပုံ ပြနေသော လက်ကို ကြည့်လျက် ခေါင်းပြန်ချလိုက်ရသည်။

ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်လိုက်ကာ သားရေအိတ်ကို ဖွင့်၍ မြန်မာ ကုမ်းစာအုပ် တစ်အုပ် ထုတ်ယူလိုက်၏။

"သစ္စာ ဆိုသည်ကား..."

ကျွန်မ၏ မျက်လုံးများကို မှိတ်ပစ်လိုက်သည်။ **သစ္စာ ဆိုသည်ကား**က စသော ကျမ်းစာအုပ်ထဲ၌ ပါသည့် စာပိုဒ်ကို တစ်လုံးချင်း ခပ်လေးလေး ခပ် ကုယ်ကျယ်ကြီး လျှောက်ဖတ်ပြနေလေ၏။

မြန်မာထုံးစံတွင် လူမမာသတင်း သွားမေးကြလျှင် စာဖတ်ပြတာမျိုး ထုံးစံ မရှိ၍၊ ဘယ်နိုင်ငံက ယူလာတဲ့ အတုများပါလိမ့်ဟု မတွေးတောတတ်သော အစ်မကြီးမှာ ဣန္ဒြေ မဆည်နိုင်လွန်း၍ မောင်စိုးလွင် အခန်းထဲသို့ ထ ပြေးလေ၏။

ကျွန်မမှာ စာဖတ်သံကို နားထောင်နေရင်း ခရစ်ယာန် မသာတွင် ခေါင်းရှေ့၌ ရပ်ကာ သရဏဂုံတင်နေသော ခရစ်ယာန်သင်းအုပ်ဆရာ၏ ကျမ်းစာ ရွတ်ဖတ်သံကို အာရုံ ရောက်သွားလေသည်။ ဦးအုန်း ဖတ်နေသော စာပိုဒ်တွေကို မကြားမိတော့ချေ။ မသာခေါင်းရှေ့၌ သင်းအုပ်ဆရာ ဖတ်နေသော ကျမ်းစာပိုဒ်ကို တစ်လုံးချင်း ခပ်လေးလေး အသံနိမ့်မြင့်ဖြင့် ဖတ်သံများ ဤသို့ ကြားနာနေရလေ၏။

"လူမျိုးရှိသမျှ မြက်ပင်ကဲ့သို့ ဖြစ်၏။ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက် တတ်၏။ အပွင့်လည်း ကြွေတတ်၏။ အလိုရှိတော်မူ၍ ခေါ်ယူခြင်း ခံရသော သမီးတော်သည် အဘဘုရားသခင်၏ ခြေတော်ရင်းသို့ ရောက်ကာ ကိုယ်တော် အရှင်မြတ်နှင့်အတူ ရှိနေပါပြီ။ ကိုယ်တော်အရှင်မြတ်၏ မေတ္တာဖြင့် အားလုံးသော သူတို့၏ နှလုံးသား၌ ပူပန်ခြင်း မရှိရန် ကိန်းဝပ်တော်မူပါ။ အသက်ရှင်၍ ကျန် ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသော သူတို့၏ အလျင်အဦး နေရာရကြမည် မဟုတ်"

အဖျားတက်နေသော မောင်စိုးလွင်မှာ ခေါင်းအုံးနှင့် မျက်နှာအပ်လျက် ရှုံ့ပြုံးနေလေသည်။ မထူနိုင်အောင် ကိုက်နေသော ကျွန်မ ခေါင်းကိုက်မှာ ဦးအုန်း ဖတ်နေသော ကျမ်းစာ၏ တန်ခိုးတော်အဟုန်ဖြင့် လွင့်ပြေးလေပြီ။

ဦးအုန်းသည် ဆယ့်ငါးမိနစ်ခန့် ဖတ်ပြပြီး စာအုပ်ကို ပိတ်လိုက်ကာ တအောင့် ငြိမ်သွား၏။





'ကိုင်း... ကျွန်တော် ပြန်မယ်ဗျ၊ သက်သာသလိုသာ နေပါခင်ဗျာ'

ဦးအုန်း ဆင်းသွား၍ အစ်မကြီးလည်း အခန်းထဲမှ ပြေးထွက်လာပြီး ဦးအုန်း နောက်မှ အတူ လိုက်ဆင်းကာ အိမ်အောက်သို့ လိုက်ပို့ပေးလေသည်။

ကျွန်မမှာ မျက်လုံးကို ဖွင့်လိုက်ကာ ဘုရား ... ဘုရား ဟု ခပ်တိုးတိုး ဘလျက် လှဲရာမှ ထ ထိုင်ရလေသည်။

အိမ်မှ ပြန်သွားပြီးနောက် ဦးအုန်းသည် ရက်ကြာကြာပင် မလာဘဲ နေပြန် လေ၏။

ကျွန်မမှာ ဂျာနယ်ကျော် ထုတ်ဝေခြင်း လုပ်ငန်းကို အလျှင်းရပ်စဲရကာ ဘိုက်ပျက်ကြီးကို ပိတ်လျက် အလုပ်အကိုင် မရှိ ဖြစ်နေ၏။

အလုပ်အကိုင် မရှိသည့်အတွင်း စာမရေး၊ စာမဖတ်၊ ဘယ်မှ မသွားဘဲ အိမ်ပေါ်တွင် ပက်လက်ကုလားထိုင် တစ်လုံးနှင့် နေသည်။ ပက်လက်ကုလားထိုင် ပေါ်တွင် အမြဲ တိတ်တိတ်ဆိတ်ဆိတ် နေတတ်၏။ သတင်းစာ ထုတ်နေစဉ်က ပင်ပန်းမှန်း မသိ၊ မောရမှန်း မသိခဲ့သမျှတို့သည် တိုက်ပိတ်တော့မှ ပက်လက် ကုလားထိုင်ပေါ်၌ မောနေလေသည်။ ကျွန်မ ပက်လက်ကုလားထိုင်ပေါ် နေသွင် မည်သူမျှ အနား မလာကြတော့ပေ။

တစ်နေ့တွင် ပက်လက်ကုလားထိုင်ပေါ်၌ အချိန်ကြာမြင့်စွာ ငြိမ်ဘိ ဘဆိတ် ထိုင်နေရင်း ငယ်စဉ်က အတူ နေဖူးခဲ့သော အဒေါ်ကို သတိရလာကာ တွေ့ချင်စိတ်ဖြင့် အဒေါ် နေထိုင်ရာ နှင်းပန်းလမ်းသို့ ဘတ်စ်ကားစီး ထွက်သွား သည်။

ကုန်သန်းရောင်းဝယ်ရေးဝန်ကြီး ဖြစ်သွားသော ဦးအုန်းသည် အိမ်သို့ အတန်ကြာ မလာဘဲ နေရာမှ ကျွန်မ ထွက်သွားပြီး မကြာမီ အိမ်သို့ ရောက်လာ လေ၏။

'မမ မရှိပါဘူး၊ နှင်းပန်းလမ်း သွားမယ်ပြောပြီး ထွက်သွားတာပဲ'

စုစုက ထုံးစံအတိုင်း လာနိုင်ပါတယ် ခွင့်ပေးပြီး အိမ်ထဲရောက်မှ ပြော လိုက်သည်။ ဧည့်ခန်းထဲ၌ တအောင့်မျှ ငြိမ်ထိုင်နေပြီးနောက် 'ဘယ်အချိန် ပြန်လာမှာလဲဗျာ' ဟု မေးလိုက်သည်။

'ဘယ်အချိန် ပြန်မယ် ပြောမသွားပါဘူး'

'ဘတ်စ်ကားနဲ့ သွားသလား'

'ဟုတ်ကဲ့၊ မနက်က တစ်မနက်လုံး ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင် နေတယ်။ စုစုတို့လည်း အပြင်သွားမယ် မထင်ဘူး၊ ထွက်သွားတော့မှ ဘယ်လဲလို့ မေးရတာ။ အလုပ်အကိုင် ပျက်သွားတော့ စိတ်လက် မရွှင်သဘူးလား မပြော တတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်မှာ စာမဖတ်ဘူးလား'

'စာဖတ်တာလည်း မမြင်ပါဘူး၊ ဘာမှလည်း မလုပ်ဘူး။ မနက် မိုးလင်းရင် ပက်လက်ကုလားထိုင်မှာ တစ်ချိန်လုံး ထိုင်ပြီး နေတာပဲ။ သူ့ဘာသာသူ နေတယ်'

'ခင်ဗျားတို့က သူနဲ့ စကားပြော မနေကြဘူးလား'

'ကျွန်မက ကံဘဲ့က သူ့ဆီ လာရတာ။ ကျွန်မ လာတဲ့အခါတော့ ပြောပါတယ်'

'နှင်းပန်းလမ်း အိမ်နံပါတ် ဘယ်လောက်လဲ။ ကျွန်တော် ဒီနေ့ အားတယ်၊ သွားကြိုပေးမယ်လေ'

ကျွန်မမှာ နှင်းပန်းလမ်းရှိ အဒေါ်အိမ် ဆင်ဝင်၌ ထိုင်နေလျက် လမ်းပေါ်တွင် အစာစားနေကြသော ခိုအုပ်ကြီးကို ငေးကြည့်နေလေသည်။ အိမ်ရှေ့၌ အော်စတင် ကားနက်တစ်စီး ထိုးဆိုက်၍ ကြည့်လိုက်ရာ အံ့အားသင့်သွားမိသည်။ ဒရိုင်ဘာက ကျွန်မကို မြင်၍ ဦးအုန်း ပါလာကြောင်း လှမ်းပြောလိုက်သည်။

"အိမ်က နေရာ ညွှန်လိုက်တာပဲ၊ ဘာကိစ္စများ ရှိပါလိမ့်" ဟု အောက်မေ့ကာ အောက်သို့ ဆင်းလာခဲ့သည်။ သူသည် ဒရိုင်ဘာဘေး၌ ထိုင်လျက် ကျွန်မအား လှည့်ပြောလေ၏။

'ခင်ဗျားကို ကျွန်တော် ပြောစရာ ရှိလို့၊ အိမ်သွားရအောင်'

'ဘာကိစ္စပါလဲ' ဟု ကားပေါ် မတက်သေးဘဲ ထပ်မေးကြည့်သည်။

'ကိစ္စကတော့ ခင်ဗျား အိမ်ပြန်ဖို့ ကားနဲ့ လာခေါ်တာပဲ၊ တက်ပါဗျာ'

ကျွန်မမှာ အဓိပ္ပာယ် မရှင်းဘဲဖြင့် ကားနောက်တံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်ရသည်။ တစ်လမ်းလုံး အိမ်ရောက်သည့်အထိ ကျွန်မအား စကားမပြောဘဲ စာဖတ်လိုက်ပါလာလေသည်။

အိမ်သို့ ရောက်ကြလျှင် ဧည့်ခန်းထဲ၌ မထိုင်ရသေးခင် ကျွန်မအား ထူးထူးဆန်းဆန်း ပြောလေ၏။

'ဒီမှာ ခင်ဗျား တစ်ဆိတ်လောက် ဟောဟို သစ်ပင်အောက်မှာ သွားနေစမ်းပါ'

အိမ်ဘေးက သရက်ပင်ကြီးအောက်သို့ လက်ညှိုးထိုး ညွှန်ပြရင်း ဧည့်ခန်းမှ ထွက်သွားရန် နှင်နေလေသည်။

ကျွန်မမှာ ခပ်ကြောင်ကြောင် ဖြစ်သွားလျက် 'ဘာဖြစ်လို့ ကျွန်မ သစ်ပင်အောက် သွားနေရမှာလဲရှင့်' ဟု မေးရလေသည်။





'သွားနေစမ်းပါဗျာ၊ ခဏပါ။ ကျွန်တော် သူတို့နဲ့ ခဏလောက် စကားပြောစရာ ရှိလို့ပါ'

ဧည့်ခန်းထဲ၌ မတ်တတ်ရပ်လျက် ရှိကြသော စုစု၊ မမြစိန်နှင့် မလှမြင့်တို့မှာ ကြောင်တောင်တောင်ကြီး ဖြစ်နေကြကာ သူ့အား အထူးအဆန်း ကြည့်နေကြ၏။

စုစုတို့နှင့် စကားပြောစရာရှိ၍ ဆိုကာ ကျွန်မ မသိ၊ မကြားရအောင် အိမ်ပြင်ဘက် ထွက်၍ သစ်ပင်အောက်၌ အရှောင်ခိုင်းခြင်းမှာ အတော်ဆန်း၏။

အဆန်းတော့ ကြုံရပြီဟု သစ်ပင်အောက်သို့ ရောက်သွားရလေ၏။ ဆယ်မိနစ်ခန့် ကြာလျှင် အိမ်ပေါ်မှ ဆင်းလာလေသည်။ ကျွန်မမှာ သစ်ပင်ကို မှီကာ မှင်သေသေနှင့် ရပ်နေလေသည်။

'ကျွန်တော် ပြန်ပါဦးမယ်ဗျာ'

ကျွန်မ အနားသို့ မလာဘဲ အဝေးက လှမ်းနှုတ်ဆက်ကာ ကားပေါ်တက်လျက် ကားထွက်သွားလေသည်။ ကျွန်မမှာ မျက်စိအောက်မှ ကား ကွယ်ပျောက်သွားသည့်တိုင် ထိုနေရာမှ ရုတ်တရက် မရွေ့နိုင်၊ ငိုင်လျက် တအောင့်လောက် ကြက်သေ သေနေလေသည်။

အိမ်ပေါ် ပြန်တက်သွားသည့်အခါ ဣန္ဒြေဆည်၍ ထားရသော မျက်နှာများကို သွားမြင်သဖြင့်၊ ကျွန်မက မျက်မှောင်ကုတ်လျက် 'ဘာလုပ်တာလဲဟ၊ ဘာပြောတာလဲ' ဟု စစ်ကြော မေးမြန်းလိုက်သည်။

မမြစိန်မှာ ရယ်ချင်လှလျက် ချုပ်တည်းထားကာ ကျွန်မအား လန့်လန့်ဖြင့် ဖာဖာထေးထေး ပြောလေသည်။

'ဦးအုန်းက အကောင်း ပြောသွားတာပါ'

'ဘာပြောသွားတာလဲ၊ ငါ့ကို သစ်ပင်အောက် ရှောင်ခိုင်းတာကလည်း ဘာအဓိပ္ပာယ်လဲ'

သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြလျက် ပြုံးစိစိ ဖြစ်နေကြသည်။ စုစုက လူလည်လုပ်၍ ဖြေပြောလေသည်။

'အဆိုး မဟုတ်ပါဘူး၊ မမအတွက် စေတနာနဲ့ ပြောသွားတာပါ။ မမြစိန်နဲ့ မလှမြင့်ကို သီချင်းဆိုတတ်သလား၊ အတီးအမှုတ် တတ်သလားလို့ မေးတယ်'

'ဘာကိစ္စလဲ'

စုစုမှာ ဆုတ်ဆိုင်းထစ်အ သွားကာ တွန့်သွားပြီးမှ မပြောလျှင် မပြီး၍ ဆက်ပြောရလေသည်။

'တခြားကိစ္စ မဟုတ်ပါဘူး၊ သီချင်း ဆိုတတ် တီးတတ်ရင်မမင်္ဂ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လင်လင် ရှိအောင် အနားက ဆိုတီးပြကြဖို့ အကြံပေးစကား ပြောသွားတာပါ'

'ဟော ... ငါ့ကို ဆိုတီးပြရအောင် ငါက ဦးနှောက်ပျက်နေလို့လား'

သုံးဦးသား ခေါင်းချင်းဆိုင်ကာ တခစ်ခစ် ရယ်နေကြလေသည်။ 'ပြောစမ်းပါဦးဟာ၊ နင်တို့က ဘာများ ပြောကြလို့ ဒီလို ပြောရတာလဲ၊ ဘာကိစ္စ ခေါ်ခိုင်းရတာလဲ' ဟု သိအောင် မေးရသည်။

မမြစိန်က စုစု၏ ပခုံးကို ပုတ်လိုက်ကာ 'မမစုပေါ့၊ မမစု ပြောတာ' ဟု ဆိုလေသည်။

စုစုသည် မျက်နှာပိုးသတ်ကာ ခပ်အေးအေး ပြောပြသည်။ 'ဒီက ပြောတာက တခြားပါ။ အိမ်မှာ စာမဖတ်ဘူးလား မေးလို့ မဖတ်ဘူး၊ ပက်လက်ကုလားထိုင်ပေါ်မှာပဲ ငြိမ်ထိုင်နေတာပဲ။ အလုပ်အကိုင် ပျက်တော့ စိတ်မချမ်းသာဘူးထင်ပါရဲ့လို့။ ဒီလောက်ပဲ ပြောမိတာပါ' ဟု အစအဆုံး ပြန်ရှင်း ပြောပြလေ၏။

ကျွန်မက ရင်ဘတ်ကို ပုတ်လိုက်ကာ 'ကံကြီးလို့ဟေ့၊ ငါ့ကို ဒီခေါ်မလာဘဲ စိတ်ရောဂါ အထူးကုဆေးရုံထဲ ခေါ်သွားရင် ဒုက္ခ' ဟု ပြောလိုက်ရာ သုံးယောက်စလုံး အူတက်မတတ် ရယ်နေကြလေသည်။

ခင်မင်သော မိတ်ဆွေတစ်ယောက်၏ ဇနီးဖြစ်၍ တတ်နိုင်သလောက် ကူညီ ရိုင်းပင်းချင်သော သူ၏ စေတနာကို လေးစားပါ၏။ ကျွန်မ စိတ်လက်မချမ်းသာဘူး ပြောကြ၍ စိတ်လက်ချမ်းသာစေချင်သော စေတနာအတိုင်း သူ့စိတ်ကူးနှင့်သူ ကောင်းရာကောင်းကြောင်း နည်းပေးလမ်းညွှန် ပြုလုပ်သွားခြင်း ဖြစ်လေသည်။ ကျွန်မ၏ အနား၌ သိချင်း မဆိုရ၊ မတီးမမှုတ်ရဘဲနှင့်ပင် ကျွန်မမှာ အတောမသတ် ရယ်မော ရွှင်လန်းရလျက် ဒီဋ္ဌဓမ္မ စေတနာ့အကျိုး ခံစားရလေ၏။

ဦးချစ်မောင်နှင့် ရင်းနှီးခင်မင်သော မိတ်ဆွေများအနက် သူက အပေးတွင်ရှိသော မိတ်ဆွေတစ်ယောက် ဖြစ်လေရာ၊ ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက်မှ ရောက်လာသော မိတ်ဆွေတစ်ယောက်အား အရေးတယူပြုလျက် စိတ်နှင့်ဆန္ဒကျင်ဘက် ဖြစ်သည့်တိုင် မိတ်ဆွေဝတ္တရား မပျက်စေရအောင် ဂရုထား၍ ဆက်ဆံသည်။

မည်သူ့မျှ မပြနိုင်သော နေ့စဉ်မှတ်တမ်း ဒိုင်ယာရီကို ပြရန် တစ်နေ့လာပြောလေသည်။ စ၍ တွေ့ဖူးသော နေ့က ရေးမှတ်ထားမည့် ထင်မြင်ချက်မှတ်တမ်းကို ဖတ်ခွင့်ပြုရန် သဲသဲမဲမဲ တောင်းနေလေသည်။

ကျွန်မမှာ ဒိုင်ယာရီ စရေးကတည်းက ရေးနေသည့် အတောအတွင်း





မည်သူ့မျှ မပြ ဟူသော ပြဋ္ဌာန်းချက် ရှိသည်။ ပြဋ္ဌာန်းချက်ရှိသည့် နောက်သို့ စိတ်က တစ်သမတ်တည်း တစ်သဝေမတိမ်း လိုက်တတ်သော ဝသီအကျင့် ရှိ၍ ကျွန်မ၏ ပြဋ္ဌာန်းချက် ပျက်ပြားမည်စိုး၍ မပြနိုင်ကြောင်း တောင်းပန်ပြောလိုက်ရသည်။

'ဖတ်ချင်လို့ တောင်းတာပါဗျာ၊ ခင်ဗျား ပြရမယ်ဗျာ၊ ခဏလောက်ပြပါ'

ကျွန်မမှာ ဒိုင်ယာရီပြရန် တဖွဖွ ပြောနေခြင်းကို အားနာသော်လည်း၊ အခိုင်အမာ ပြုထားသော ပြဋ္ဌာန်းချက်ကို မဖျက်ချင်သဖြင့် 'မဖတ်ချင်ပါနဲ့ရှင်၊ မပြနိုင်လို့ပါ' ဟု ထပ်မံ၍ တောင်းပန်ပြောလိုက်သည်။

မပြနိုင်ကြောင်း တောင်းပန်နေပါလျက် အပြောမလျှော့၊ ဖတ်ချင်တာဖတ်ရမှ ပြီးမည်ကဲ့သို့ မထတမ်း ဇွတ်ပြော တောင်းနေလေသည်။

မပြနိုင်ကြောင်း တောင်းပန်ပါလျက်နှင့် ဘယ့်နှယ်ကြောင့် ဇွတ်တောင်းနေပါလိမ့်ဟု စိတ်ထဲ အိုက်လာလေသည်။ နေ့စဉ် ဒိုင်ယာရီ ရေးမှတ်ခြင်းကို သူတစ်ယောက်တည်း သိသည် မဟုတ်၊ ဗိုလ်လက်ျာလည်း သိလေသည်။ ဗိုလ်လက်ျာ ဒုတိယ နန်းရင်းဝန်ဘဝမှ နုတ်ထွက်လိုက်ခြင်းနှင့် ပတ်သက်၍ ကျွန်မ၏ ဒိုင်ယာရီတွင် ရေးမှတ်မည့် ဝေဖန်ချက်များကို ဖတ်ချင်ကြောင်း လာပြောကာ တောင်းဖူးသည်။ ကျွန်မက ပြဋ္ဌာန်းချက်ရှိ၍ မပြနိုင်ကြောင်း တောင်းပန်သည့်အခါ ဇွတ်မတောင်းဘဲ မပြနိုင်ခြင်းကို နားလည်မှု ရှိလေသည်။

ကျွန်မမှာ စိတ်အိုက်လျက် 'မပြနိုင်လို့ပါရှင်၊ ဒါတော့ ခွင့်လွှတ်ပါ' ဟု အတင်း ငြင်းနေလေ၏။

ထိုနေ့က ကျွန်မ ရေးမှတ်ခဲ့သည့် အချက်အလက်များမှာ အကြောင်းအရာ ဘာစ်ခုတည်း ရေးသားထားသော မှတ်တမ်းမဟုတ်။ နံနက်စောစော နေ့သစ်၏ ရောင်ခြည်ကို ခံယူရင်း နံနက်ဦး၏ အလှအပကို ဖွဲ့နွဲ့သီကုံးကာ ကဗျာရေးစပ်လိုစိတ်မှ စေ့ဆော်လျက် ရှေးက စာဆိုတော်များ စပ်ဆိုသွားသော ကဗျာ အနှ၊ အယဉ်၊ အကြမ်းများကို တွေးတော စိတ်ဝင်စားမိသည့်အလျောက် ထိုနေ့မှတ်တမ်းထဲတွင် ဝေဖန်ချက်နှင့်တကွ ရေးမှတ်ထားလေသည်။ တွေးတောစိတ်ဝင်စားမိ၍ ရေးမှတ်လိုက်သော ကဗျာများမှာ အစိပ္ပာယ်အားဖြင့် ကြမ်းလှရမ်းလှ ရင့်သီးလှလျက်၊ ကဗျာအနေဖြင့် ပရိယာယ် တင်စားကာ သိမ်သိမ်မွေ့မွေ့ကလေး ဖွက်ဝှက် စပ်ဆိုသွားကြသော ကဗျာများ ဖြစ်သည်။ ထိုကဲ့သို့ သူတစ်ထူးမသိ မမြင်နိုင်သော မှတ်တမ်းတွင် လွတ်လပ်စွာ စိတ်ကူးကျယ်ပြန့်၍ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



တွေးတောမိသမျှ စုရုံး ရေးမှတ်ထားမိခြင်းကြောင့် ပြဋ္ဌာန်းချက် အဓိဋ္ဌာန် မျိုးသည့် တိုင်အောင် ပြဖို့ရန် ဝန်လေးသော မှတ်တမ်းမျိုး ဖြစ်နေသည်။

'မပြပါရစေနဲ့ရှင်၊ ဘယ်နည်းနဲ့မှ မပြနိုင်လို့ပါ။ ကျွန်မကို အယူသီးတယ် ထင်ရင်လည်း ကျွန်မရဲ့ ကျပ်မပြည့်တဲ့ ချို့ယွင်းချက်လို့ပဲ အပြစ်ဆိုပါတော့။ ပြဋ္ဌာန်းချက်ကို ဖျက်ပြီး ပြရရင် ကျွန်မအတွက် ဆိုးဝါးပါလိမ့်မယ်။ ဒါကြောင့်ပါ၊ မဖျက်ပါရစေနဲ့'

အမျိုးမျိုး လှည့်၍ မပြရန် တောင်းပန်ပါလျက် အတင်းအကြပ်ပင် ထိုင်တောင်းနေ၏။

ကျွန်မမှာ ဒါလောက် ပြောပါလျက် မပြန်တမ်း၊ မထတမ်း အတင်းအကြပ် တောင်းခြင်း ကိစ္စကို မတောင်းနိုင်တော့အောင် ကာကွယ်သော သဘောဖြင့် နောက်ဆုံးအားဖြင့် ပြောလိုက်သည်။

'ပြလို့ မဖြစ်ဘူးရှင်၊ ရှင့်ကို ပြလိုက်ရင် အခိုင်အမာ တစ်ရပ် ပျက်သွားပြီ ရယ်လို့ သိပ်ကို စိတ်ကုန်သွားပြီး တစ်ခုခု လုပ်မိလိမ့်မယ်။ ပြတဲ့အတွက် အဲသလို ဆိုးကျိုး ဖန်တီးလာလိမ့်မယ်ဆိုရင် မဖတ်ချင်ဘူး မဟုတ်လား'

'ကျွန်တော်ကတော့ ဖတ်ရမှ ပြီးမှာပဲဗျ။ မပြရင် စောင့်နေမှာပဲဗျာ မပြန်ဘူး'

ကျွန်မမှာ စိတ်ပျက်လက်ပျက်ဖြင့် သူ့အား ငေးကြည့်နေလျက် အတော် ခက်တဲ့ လူပါလားဟု စိတ်ထဲက အပြစ်ဆိုနေသည်။ ဝေဖန်ချက်ကို အလွန် ဖတ်ချင်လွန်း၍သာလျှင် သည်လောက် ဇွတ်ပြောနေမှန်းလည်း ရိပ်မိ၏။ သူ တစ်ထူး၏ ခံရာခံဆစ်ကို မဆင်ခြင် မထောက်ထားနိုင်အောင် ဖတ်ချင်ဇောက ဖုံးလွှမ်းနေပေသည်။ တစ်ခါမှ မကြုံစဖူးသော အကြပ်အတည်းမျိုးမှ ကြုံလာရ သည်။ သူ့အား ပြလိုက်ရ၍ ကျွန်မ၌ မည်မျှ စိတ်ပျက်သွားလိမ့်မည်ကို ကျွန်မ သာလျှင် သိသည်။

သူသည် ဖွဲမလျှော့၊ ဖတ်ချင်ဇော ထက်သန် ပြင်းပြစွာဖြင့် စောင့်ဆိုင်း လျက်ပင် ရှိနေ၏။

အချိန် ကုန်မှန်းမသိ ကုန်ကာ ကျွန်မမှာ ပြရမှာကို ဝန်လေးခြင်းထက် ပြပြီး ပျက်ပြားသွားကုန်မှာတွေကို စဉ်းစားလျက် ပိုမို၍ ဝန်လေးနေကာ စိတ်ရှုပ် လာသည်။ နောက်ဆုံး၌ စိတ်အနှောင့်အယှက် ဖြစ်ဖြစ်နှင့် အလိုက်မသိသော သူတစ်ယောက်ကို ပြဋ္ဌာန်းချက် ပျက်ပြားခဲ့လိုက်တော့သည်။

'ကိုင်းရှင်၊ သည်လောက်တောင် ရှင်ဖတ်ချင်လှတာ ပြရတော့မှာပေါ့။ သို့သော်ပေမဲ့ ဖတ်ရင် ဒီနေ့ မှတ်တမ်းပဲ ရှင်ဖတ်ရမယ်၊ သည့်ပြင်နေ့တွေ မဖတ်ရဘူး။





ဖတ်ပြီးရင်လည်း မှတ်တမ်းထဲမှာပါတဲ့ အချက်အလက်တွေ ဘာမှ မေးလား၊ မြန်းလား မဆွေးနွေးနိုင်ဘူးရှင့်'

'ကျွန်တော် ဖတ်ရုံပဲ၊ ခင်ဗျား စည်းကမ်းအတိုင်း လိုက်နာနိုင်ပါတယ်'

ဒိုင်ယာရီ စာအုပ်ပုံကြီးထဲမှ ထိုလ ဒိုင်ယာရီ မှတ်တမ်းစာအုပ်ကြီးကို ဆွဲထုတ်ယူလိုက်ကာ၊ ထိုနေ့ရက်ကို လှန်ရှာလျက် ၎င်းစာမျက်နှာသာ ဖတ်ရန် ခွင့်ပေးလိုက်သည်။

ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှမ်းယူလျက် ခေါင်းငုံ့၍ အစအဆုံး အေးအေး ဆေးဆေး ထိုင်ဖတ်နေလေသည်။ ဖတ်ပြီး 'ကျေးဇူးတင်ပါတယ်ဗျာ' ဟု ဆိုကာ ပြန်ပေးလေသည်။ လိုက်နာပါမည် ဆိုသည့်အတိုင်းပင် မှတ်တမ်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မပြောချေ။ တစ်စုံတစ်ရာ အဓိပ္ပာယ် ထူးခြားခြင်းကိုလည်း မပြ ချေ။ သာမန်အတိုင်းပင် စာပေအကြောင်း၊ စာအုပ်သစ်များအကြောင်း ပြောဆို ပြီးနောက် နှုတ်ဆက်ပြန်သွားလေ၏။

ကျွန်မမှာ စိတ်ပျက်ကျန်ခဲ့လေ၏။ ပြဋ္ဌာန်းချက်ကြီး ပျက်ပြားသွား၍ လည်း စိတ်ပျက်သွားသည်။ လောကကြီးတွင် သည်လိုလူမျိုး ရှိနေခြင်းလည်း စိတ်ပျက်သွားသည်။ ရှေးမဆွက အန္တရာယ် တွေ့လိမ့်မည်ကို မတွေးတောဘဲ၊ အခိုင်အမာ ပြဋ္ဌာန်းချက်ကြီးနှင့် ရေးမိသော ကိုယ့်ကိုယ်ကိုယ်လည်း အကြီး အကျယ် စိတ်ပျက်သွားသည်။

နောက်တစ်နေ့ နံနက်၌ ပြဋ္ဌာန်းချက်နှင့် စ ရေးလာခဲ့သည့် စာအုပ်က စ၍ နောက်ဆုံးစာအုပ်အထိ ဒိုင်ယာရီ စာအုပ်အားလုံး၊ သားရေဖုံး စာရင်းစာအုပ် အရွယ် စာအုပ် ၃၀ ကျော်ခန့်ကို အိမ်ဝင်း နောက်ဖေး သရက်ပင်အောက်သို့ သယ်ချလာကာ၊ နေ့စဉ် မြင်တိုင်းမြင်တိုင်း စိတ်ပျက်၍ အပြီးမသတ် ဖြစ်မနေ ရလေအောင် ပျောက်ပျက်သွားကုန်ရန် မီးပုံ၍ ရှို့လေ၏။

ဘာသာပြန်စာပေအသင်း၌ အလုပ် လုပ်နေသူ တင်တင်ထွေးသည် အိမ်၌ သူ့မောင်လေး မောင်စိုးလွင် ဖျားနေသည်ကို သတင်းမေးလာရင်း၊ သရက်ပင် အောက်၌ စာအုပ်ပုံကြီး မီးရှို့နေသော ကျွန်မ အနားသို့ ရောက်လာကာ 'ဘာတွေ ရှို့နေတာလဲ' ဟု လာရပ်မေး၏။

'ဦးအုန်းကောင်းမှု အမျှပဲ မတင်ထွေးရေ'

ကျွန်မက ရယ်မော၍ ပြောလိုက်လေသည်။ ဒိုင်ယာရီ မှတ်တမ်းစာအုပ် များ မီးရှို့နေကြောင်း သိလျှင်သိချင်း သူ၏ နီမြန်းသော နှုတ်ခမ်းပါးကလေးကို စုလျက် ကျွတ် ကျွတ် ကျွတ်ဟု နမြောကြီးစွာ စုတ်သပ်၍မပြီး ရှိနေလေသည်။

ထိုနေ့ည၌ ဒိုင်ယာရီ ရေးစရာ အလုပ် မရှိတော့သဖြင့် စောစောအိပ်ရာ ဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ထိုအဖြစ်အပျက်များကို အလိုက်မသိသူအား လေသံမျှ မသာဘဲ နေလိုက်သည်။ အိမ်လာလျှင် ဣန္ဒြေမပျက် ခါတိုင်းကဲ့သို့ပင် မိတ်ဆွေဟောင်းမပျက် ပြုစု ဧည့်ခံလေသည်။

ဦးအုန်းမှာ မကြာမီပင် အင်္ဂလန်သို့ သံအမတ်ကြီးအဖြစ် သွားရမည့်ရက်နီးကပ်လာသည်။ သူ့တွင် မရှိသော မြန်မာစာအုပ်များ လိုချင်သည်ဆို၍ ကျွန်မလိုင်ဘရီစာအုပ်ဗီရိုထဲမှ ရွေးထုတ်ကာ ပေးအပ်လိုက်သည်။ ရွှေလင်းယုန် ရေးသားသော "သူ" ဒုတိယတွဲ စာအုပ်တစ်အုပ်တည်း ရှိသည်ကို အင်္ဂလိပ်လို အစအဆုံးဘာသာပြန်ချင်သည်ဆို၍ ပေးလိုက်သည်။

အင်္ဂလန် သွားခါနီး အိမ်၌ ထမင်းဖိတ်ကျွေးသည်။ ထမင်းစားနေစဉ်သူက အရေးတကြီး ပြောသည်မှာ 'သံအမတ်အလုပ်က သိပ်အလုပ်များတာခင်ဗျား ကျွန်တော့်ဆီ စာများရေးရင် ရှည်ရှည် မရေးပါနဲ့ဗျာ၊ ဖတ်နိုင်မှာ မဟုတ်ဘူး'

ကျွန်မမှာ ယနေ့အထိ သံအမတ်ကြီးထံသို့ စာတစ်စောင်မှ မရေးဖူးချေ။ သည်ထက် တိုသည့်စာမျိုး ရှိမည် မထင်။

ထမင်းစားပြီး၍ နှုတ်ဆက်ကာ ပြန်တော့မည်ဆဲဆဲ စားပွဲပေါ်၌ရှိသော "သူလိုမိန်းမ" စာအုပ်ကလေးကို လှမ်းယူလိုက်ကာ 'ကျွန်တော် ဒီစာအုပ်ကလေးမဖတ်ရသေးဘူး၊ ယူသွားမယ်' ဟု ပြောပြောဆိုဆို အိတ်ထဲသို့ ထည့်လေ၏။

'ဒီစာအုပ်တော့ မယူပါနဲ့ရှင်၊ ကျွန်မမှာ တစ်အုပ်မှ မရှိလို့ သူများဆီကပြန်တောင်းထားရတာပါ။ နောက် ရှာလို့တွေ့ရင် ကျွန်မ ပို့ပေးပါ့မယ်'

ကျွန်မက စာအုပ် ပြန်ပေးခဲ့မည် ထင်သည်။ သို့သော် စာအုပ်ကို အိတ်ထဲအပြီးထည့်ကာ 'သွားတော့မယ်ဗျာ' ဟု ဆိုလျက် တစ်အိမ်သားလုံး နှုတ်ဆက်ကာအိမ်ပေါ်မှ ဖြည်းဖြည်းဆေးဆေး ဆင်းသွားလေသည်။

စာအုပ် ပြန်မပေးခဲ့ဘဲ ယူသွားသဖြင့် သည်အတိုင်း ကြည့်နေလိုက်၍ မဖြစ်ဟု စိတ်ထဲ သွားတွေးလိုက်မိသည်။ အိမ်လာလျှင် "ကျွန်တော် လာနိုင်ပါ့သလား ခင်ဗျာ"ဟု အမြဲတမ်း ထုံးစံတစ်ခု ထားလျက် ယဉ်ကျေးကြောင်း ပြသောသူတစ်ယောက်က မပေးဘဲနှင့် အရယူသွားခြင်းအား ယဉ်ကျေးသည် မဆိုနိုင်ကြောင်း သိသွားစေချင်သော စိတ်ဓာတ် နိုးဆော်ချက်ဖြင့် ...

ခုက်ချင်း အိမ်ပေါ်မှ ဆင်းပြေးလိုက်သွားကာ ထွက်တော့မည်ပြုဆဲ စက်နှိုးထားသော ကားနား၌ သွားရပ်လျက် ခပ်ပြုံးပြုံး ပြောလိုက်သည်။

'ဒီမှာရှင့် ... ဒီစာအုပ်ကလေး တစ်အုပ်တည်း ရှိတော့လို့ ပြန်ပေးခဲ့ပါရှင်၊ မပေးဘဲနဲ့တော့ ကားမထွက်ပါနဲ့။ ပေးခဲ့ပါ'





ကားထွက်ခါနီး မရမက လိုက်တောင်းခြင်းကို အံ့သြသွားကာ မကြိုက်မနှစ်သက်သော မျက်နှာထားဖြင့် လေးနက်စွာ စိုက်၍ ကြည့်နေ၏။

ကျွန်မက စာအုပ် ထားခဲ့သည့်အဖြစ် ရောက်အောင် လက်တစ်ဖက်ကတံခါးကို ကိုင်ထားလျက် ရပ်စောင့်နေသည်။ ဒရိုင်ဘာမှာ စက်သာ နှိုးထားလျက်ကားထွက်ရန် ခက်နေလေသည်။

'ရော့ ခင်ဗျားစာအုပ်၊ ကျွန်တော်နဲ့ခင်ဗျားနဲ့ မိတ်ဆွေဖြစ်လို့သာ ခုလိုယူလာတာ။ ဒီနေ့ ဒီအချိန်က စပြီး ခင်ဗျားနဲ့ ကျွန်တော်နဲ့ မိတ်ဆွေအဖြစ်ကရပ်စဲတယ်'

ကျွန်မမှာ သူ့စကားကို ဆုံးအောင် နားထောင်ပြီးမှ စာအုပ်ကို လှမ်းယူလိုက်သည်။ စာအုပ်ယူပြီး သူနှင့် ကိုက်ညီမည့် စကားကို ပြန်ကြားရန် စဉ်းစားကာ မျက်တောင်ကို ပင့်၍ သူကဲ့သို့ လေးလေးနက်နက် ကြည့်ပြောလိုက်သည်။

'မိတ်ဆွေအဖြစ်က ရပ်စဲတယ်ဆိုရင် ကျေးဇူးပါပဲ'

ကျွန်မသည် ပြောပြီး ချာခနဲ လှည့်လာခဲ့သည်။

အိမ်ပေါ် တက်ခဲ့၍ စာအုပ်သိမ်းရန် စားပွဲအံဆွဲ ဆွဲလိုက်စဉ် ကျွန်မနောက် တံခါးပေါက်မှ 'ဦးအုန်းက သူ လာနိုင်ပါသတဲ့လား ခင်ဗျာ' ဟု ဒရိုင်ဘာ၏ အသံကို ကြားလိုက်ရာ တုန်သွားလေ၏။

'ရှင်တို့ကားက ခုထက်ထိ မထွက်သေးဘူးလား' ကျွန်မ၏ ကိုယ်ကိုလှည့်ဘဲ ခေါင်းကိုသာ သမင်လည်ပြန် လှည့်ကာ လှမ်းအော်လိုက်သည်။

ဒရိုင်ဘာမှာ အဖြေမပေးဘဲ ရပ်နေ၏။

ကျွန်မမှာ တကယ်တမ်း မရိုင်းပျနိုင်ဘဲဖြင့် "ပြောလိုက်ပါရှင်၊ မလာနိုင်ပါဘူးလို့" ဟု ပြောလိုက်ချင်သော စကားမှာ နှုတ်ဖျားတွင် စနေလေသည်။ ကျွန်မက လာခွင့်မပြုလိုက်လျှင် မိတ်ဆွေ သင်္ဂဟများနှင့် ပေါင်းသင်းဆက်ဆံရေးဘက်၌ စိတ်နေစိတ်ထား တစ်မျိုးပြောင်း၍ သည်ထက် အဆင်ပြေချင်လည်း ပြေသွားလိမ့်မည်၊ သို့မဟုတ် သည်ထက် ဆိုးချင်လည်း ဆိုးလိမ့်မည်။

ကျွန်မမှာ အဆင်ပြေခြင်း၊ မပြေခြင်းထက် သည်ထက် ဆိုးသွားမည်ကိုအလိုမရှိကာ 'ပြောလိုက်ပါရှင်၊ လာနိုင်ပါတယ်လို့' ဟု ပြောရလေ၏။

သူသည် ကားပေါ်မှ ဆင်းလာကာ အိမ်ဝ၌ 'ကျွန်တော် လာနိုင်ပါသလားခင်ဗျာ' ဟု မေး၍ ကျွန်မက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

ကျွန်မအား တော်တော် အားနာသွားသော မျက်နှာဖြင့် အသံကို နှိမ့်လျက်တောင်းပန်စကား ပြောလေသည်။

'ကျွန်တော်တို့ဟာ ကလေးတွေနဲ့ တူလိုက်တာ။ ရုတ်တရက်စိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မာန်ပါ ပြောမိတာ စိတ်မဆိုးပါနဲ့၊ ခွင့်လွှတ်ပါဗျာ။ စိတ်ထဲမှာ ဘယ်လိုမှ မထားပါနဲ့'

မမျော်လင့်ဘဲ အိမ်ပေါ် ပြန်တက်လာကာ တောင်းပန်နေခြင်းမှာ စိတ်ထဲတွင် ထိခိုက်သွားသည်။ ပင်ကိုအားဖြင့် ထင်သလောက်လည်း မဆိုးပါဘူးဟု တွေးမိသည်။ မိတ်ဆွေအဖြစ်က ရပ်စဲလိုက်ပြီးမှ မမျော်လင့်ဘဲ ပြန်တက် တောင်းပန်ခြင်းဖြင့် အမှတ်တရ ဖြစ်စေမည့် မိတ်ဆွေတစ်ယောက် အဖြစ်သို့ ပို့ဆောင်ပေးလိုက်လေသည်။ အခြေအနေမှာ ကျွန်မ ခင်ပွန်း၏ မိတ်ဆွေ တစ်ယောက် အဖြစ်သာမက၊ ကျွန်မ၏ မိတ်ဆွေတစ်ယောက် အဖြစ်သို့ပါ ကူးပြောင်း တည်တံ့သွားလေသည်။

ကျွန်မက ပြုံးလျက် 'စိတ်ထဲမှာ ဘယ်လိုမှ မထားပါဘူးရှင်၊ မိတ်ဆွေ ရင်းချာလို သဘောထားပါ့မယ်' ဟု တုံ့ပြန်ပြောလိုက်သည်။

သူသည် စိတ်ပေါ့ပါးစွာ ကုလားထိုင်၌ ထိုင်လိုက်ကာ 'ကျွန်တော် မေ့သွားတယ်၊ ခင်ဗျားတို့ဖို့ ဓာတ်ပုံ ပေးခဲ့မလို့' ဆိုလျက် သားရေအိတ်ထဲမှ ဓာတ်ပုံများကို ထုတ်ယူလေသည်။ ဓာတ်ပုံများကို လှမ်း၍ ကမ်းပေးရင်း 'ဓာတ်ပုံ ပေးရတာ လန့်လန့်ပဲဗျ။ သမီးရည်းစား ဓာတ်ပုံပေးတာမျိုး မဟုတ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေများအဖြစ် ပေးတာပါနော်' ဟု ပြောလိုက်သည်။

သူသည် ဓာတ်ပုံ ပေးရင်း ရှင်းပြောနေသည်။ "ခင်ဗျားတို့ဖို့ ဓာတ်ပုံ ပေးမလို့" ဆိုစဉ်က ကျွန်မမှာ ရှင်းနေသည်။ ရှင်းနေသည့် ကိစ္စကို ရှုပ်အောင် လုပ်သဖြင့် ကျွန်မမှာ သူ့အား တကယ့်လူပဲ ဟူသော စိတ်ပျက်လက်ပျက် ကြည့် နည်းမျိုး ကြည့်နေလျက်၊ လူထုလူဆန်းပါတကားဟု နောက်ဆုံး အောချ ထားလိုက်ရခြင်း ဖြစ်ပေသည်။

*

'ကိုချစ်မောင်မိန်းမဆီ လာနှုတ်ဆက်တယ်ဗျာ' ဟူ၍ ပြောရခြင်းအတွက် သဘော ကျစွာ ရယ်နေခြင်းကို အောချထားသော မျက်လုံးဖြင့် ကြည့်နေရာမှ 'ဘယ်တော့ ဆော်စကို ပြန်မလဲရှင့်' ဟု မေးလိုက်သည်။

သံအမတ်ကြီး ဦးအုန်းသည် ဆိုဗီယက် ခေါင်းဆောင်ကြီးများဖြစ်သော မာရှယ် ဘုလ်ဂနင်နှင့် ကရုရှက်တို့ မြန်မာပြည်သို့ မိတ်ဆက် မရောက်လာခင် မော်စကိုမှ ကြိုတင်၍ ရောက်လာနေခြင်း ဖြစ်သည်။

'ကျွန်တော် အင်္ဂါနေ့လောက် ပြန်မယ်၊ ခင်ဗျား ပုံနှိပ်တိုက် အလုပ်အကိုင် ဘယ့်နှယ်လဲဗျ၊ နေရာကျရဲ့လား'





'ကျွန်မ တိုက်က ဘာမှ မထုတ်နိုင်ပါဘူးရှင်၊ ခုတော့ အငှားပဲ ရိုက်နေ ပါတယ်။ အငှားရိုက်ပြီး တစ်ဖက်တစ်လမ်းက စာရေးတာပဲရှင့်'

ဘောက်ထော်တိုက် ရောင်းရပြီး မြို့ထဲ၌ ငှားနေသော ကျွန်မ အိမ်ခန်း ကို မရောက်ဖူးသဖြင့် အိမ်ခန်း အခြေအနေကို အကဲခတ်သလို ဟိုသည်ကြည့် လိုက်ကာ 'ခင်ဗျား စိတ်မဆိုးဘူးဆိုရင် ကျွန်တော် ဦးသန့်ကို ပြောခဲ့ပါရစေ။ အစိုးရဌာနက အငှားရိုက်တာများရှိရင် ခင်ဗျားကို အလုပ်ပေးဖို့' ဟု ဆိုလေသည်။

ကျွန်မက 'အလုပ်ရအောင် ပြောပေးခဲ့မှာများ စိတ်ဆိုးရမှာလားရှင့်' ဟု ခပ်သွက်သွက် ပြောလိုက်ရာ ရယ်မောနေသည်။

'အခု ဘာတွေ ရေးနေသလဲဗျ၊ ခင်ဗျား ရေးတာတွေ ကျွန်တော် အားလုံး ဖတ်ပါတယ်။ **မုန်း၍မဟူ**လည်း ဖတ်တယ်။ **လောကီရတနာ**ကို ကျွန်တော် ကြိုက်တယ်။ ဘောက်ထော်က ကြီးကြီးခင်ကို မျက်စိထဲ မြင်လာတယ်၊ ကောင်း တယ်ဗျ'

'အခုလ ရှုမဝတော့ **ပြည်သူ့ဆုတောင်း** ဆောင်းပါးပဲ ရေးနိုင်တယ်။ ဝတ္ထု မရေးနိုင်ပါဘူး'

'ကျွန်တော်လည်း အခု ဝတ္ထု ရေးနေတယ်'

'ဝတ္ထု ရေးနေတယ်လား၊ ဘာဝတ္ထုလဲရှင့်၊ နာမည်ကတော့...'

ကျွန်မမှာ "ဝတ္ထုရေးနေတယ်"ဟု မမျော်လင့်ဘဲ ကြားရ၍ အံ့အားသင့် သွားသည်။ စိတ်ဝင်စားသွားသည်။

'ကျွန်တော် ရေးနေတဲ့ ဝတ္ထုနာမည်က "ကိုကို့လက်ဆောင်" '

"ကိုကို့လက်ဆောင်" ကြားကြားချင်း "အမယ်"ဟူသော အလုံးမှာ ကကောင်း၍ နှုတ်က ထွက်မသွားပေ။ ရင်ထဲ၌ ရယ်နေရကာ မျက်နှာ၌မူ ဣန္ဒြေ ဆည်ထား၏။

'"ကိုကို့လက်ဆောင်"ဆိုတဲ့ နာမည်ကလေးက ယဉ်ပေ့ရှင်၊ နောက်ခံ ကတော့... မြန်မာပြည်လား၊ နိုင်ငံခြားလား'

'နောက်ခံကတော့ နိုင်ငံခြားပဲဗျာ'

'ရှင့်အဖို့ မြန်မာပြည် နောက်ခံထားလို့လည်း မဖြစ်နိုင်ပါဘူးရှင်'

'ဘာဖြစ်လို့လဲဗျ' ဟု ထိတ်လန့်တကြား ပြန်မေးနေသည်။

'ရှင့်ကိုယ်ရှင် ပင်နီအင်္ကျီ ဝတ်ထားလို့ မြန်မာဆန်လှပြီ ထင်မနေနဲ့၊ ကျွန်မ အမြင်မှာ ရှင်ဟာ မြန်မာ မဟုတ်တဲ့ မြန်မာတစ်ယောက်ပဲ'

မြန်မာပြည်နှင့် ဝေးနေ၍ သူ့၌ မြန်မာမှုရာများ ပျောက်နေပေသည်။ မြန်မာမကို နိုင်ငံခြားမလေ့ထုံးစံမှ မြန်မာလို တိုက်ရိုက်ဘာသာပြန်လျက် ကျင့်သုံး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် မြန်မာမကျ ဖြစ်နေရသည်။ သူ၏ မြန်မာမှုများမှာ ဖားတစ်ပိုင်း ငါးတစ်ပိုင်းနှင့် တူနေသည်ဟု ထင်မြင်မိသည်။

ကျွန်မမှာ ကိုယ့်အတွေ့အကြုံနှင့်ကိုယ် သည်လူ နိုင်ငံခြား ကြာကြာနေရ ခက်ရချည်ရဲ့ဟု အောက်မေ့မိသည်။

ဦးအုန်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ 'ကျွန်တော့်မိတ်ဆွေ တွေက ကျွန်တော့်ကို ခင်ဗျား ပြောသလို ပြောကြတာပဲဗျ' ဟု ဆိုသည်။

ဦးအုန်း ရှေ့သို့ ကြံရည်ဖန်ခွက် လာချပေးရာ 'ခင်ဗျားစာတ်မှာ ကြံရည်နဲ့ ကျွန်တော်နဲ့ တည့်သလား' ဟု ကောက်မေးလိုက်သည်။

'ကျွန်မ ဓာတ်အရတော့ ကြံရည်နဲ့ ရှင်နဲ့ လုံးဝ မတည့်ဘူး၊ အဆိပ်ပဲ ဆိုပါတော့။ ရှင်နဲ့ တည့်မယ့် ကရင်ဆိုဒါပဲ သောက်ပါရှင်'

ပြောပြောဆိုဆို ကြံရည်ဖန်ခွက်ကို ထယူမည်ပြုရာ အလျင်ဦးအောင် လှမ်းယူလိုက်လျက် 'မတည့်တဲ့ အဆိပ်ပဲ သောက်လိုက်မယ်ဗျာ' ဟု ဆိုကာ ဖန်ခွက်ကို အလျင်အမြန် မော့ချလိုက်သည်။

'တစ်ခါတလေ ရှင့်အကြောင်း ရေးချင်တဲ့စိတ် ပေါက်တယ်'

'ဘာဖြစ်လို့ မရေးသလဲဗျ'

'ရှင့်အကြောင်း ရေးဖို့က ကျွန်မအဖို့ မလွယ်ဘူး၊ ရေးရင် စွန့်စား ရေးရမှာ။ ရှင့်အတ္ထုပ္ပတ္တိလည်း ကျွန်မ သိပ်သိတာ မဟုတ်ဘူး။ ကျွန်မ ရေးရင် ကျွန်မတွေ့ကြုံရတဲ့ ဆက်ဆံရေးအကြောင်းလောက်သာ အကြမ်း ရေးနိုင်မှာ။ ဒါလည်း မလွယ်ပါဘူးရှင်၊ ရှင်က လူတစ်မျိုးဆိုတော့ ပေါ်အောင် ရေးနိုင်ဖို့ ခက်တယ်'

'ဘယ်လို လူတစ်မျိုးလဲဗျ' ဟု သိချင်စိတ် ထက်သန် ပြင်းပြလှရှာသော အသံဖြင့် မေးလေသည်။

'ရှင်က **လူထူးလူဆန်း**ပဲ'

ဦးအုန်းမှာ အတောမသတ် ရယ်မောနေလေ၏။

[ ရှမဝ၊ ဖေဖော်ဝါရီ ၁၉၅၆ ]

# တစ်ဖြစ်လဲ

[ ရှမဝမဂ္ဂဇင်းတိုက်ခန်း၌ ရှမဝဦးကျော်သည် စားပွဲ၌ထိုင်ကာ နှုတ်ခမ်းကို စုလူးက် မှုနေသည့် မျက်နှာမျိုးနှင့် ခေါင်းကို တွင်တွင် ခါယမ်းနေလေ၏။ ကိုသော်တာဆွေမှာ မျက်ခုံးမျက်စကလေးကို ချီလျက် ဦးကျော်နားဝယ် ကြောင်ကလေးကဲ့သို့ မှတ်သီးမှတ်သပ် လုပ်ရင်း ဦးကျော်အား တံတောင်နှင့် တွက်ကာတွက်ကာ မရဲကဲ ရွှေချူနေလေ၏။ စားပွဲတစ်ခုံ၌ ကိုတင့်တယ်သည် ခေါင်းစုတ်ဖွားကြီးနှင့် ဆေးပေါ့လိပ်တို လက်ကြားညှပ်ကာ အတွင်းသာင့်လျက် စာကုန်းရေးနေလေ၏။ စားပွဲတစ်ခုံ၌ မျက်မှန်ကြီး တဝင့်ဝင့်နှင့် ပါးစပ်ကို အားရပါးရဖြဲကာ ဦးကျော်နှင့် ကိုသော်တာဆွေတို့ ငွေကာစ်ခွေထစ်နေကြသည့် သဘာဝကျကျ ရှုခင်းကို ရယ်နေသော ကိုသန်းဆွေ။

ရှမဝတိုက်ခန်းထဲ၌ သူတို့လေးဦး စုနေလျှင် သည်အချိုးအတိုင်း မြင်ခဲ့ဖူးပေါင်းများခဲ့ရပြီ။ မဂ္ဂဇင်း ထုတ်ဝေသူနှင့် စာရေးဆရာတွေဟု ကျွန်မ မျက်စိသည် အမြင်အားဖြင့် ရိုးလည်း ရိုးနေချေပြီ ဖြစ်၏။ အသွင်အပြင်လည်း ဘယ်အခါမှ ခြားနားလှသည်မရှိ။ သူတို့ကို မြင်ရသည့် နေရာ ပတ်ဝန်းကျင်မှာလည်း စာပုံနှိပ်စက်ရိုက်သံ တညံညံပင်တည်း။

သူတို့လေးဦး ဘဝပြောင်းသွားကြပြီဟု သတင်းရရချင်း ကျွန်မမှာ မနေနိုင်မထိုင်နိုင် ရှိလှသည်။ သူတို့တစ်တွေ ဘယ်ဘဝ ရောက်ကြ၍ ဘယ်လို ဖြစ်ပျက်နေကြသည်ကို သိချင်မြင်ချင် လှဘိသည်။ ကျွန်မသာ မဟုတ်၊ ရှမဝ စာဖတ်ပရိသတ်ကြီးလည်း သူတို့လေးဦး၏ အဖြစ်သနစ် ဘဝသစ်ကို သိချင်မြင်ချင်ကြမည် အမှန်။ ကျွန်မမှာ သိချင်မြင်ချင်လွန်းအားကြီးသည့်အတိုင်း ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ သိနိုင်မြင်နိုင်စွမ်း ရှိသည့် အကြားအမြင်ရ အတတ်ကို ရှာဖွေ စူးစမ်းရ၏။ အားထုတ်ရ၏။

အကြားအမြင် ရသည် ဆိုသည်မှာ ရှမဝ ပရိသတ်ကြီး သိရှိကြသည့်အတိုင်း ငြိမ်သက်စွာ အာရုံဝင်စားလိုက်တာနှင့် အကြားအမြင် ရသည်ဟု ကြားနိုင်မြင်နိုင်သည်ဟု ဆိုကြသည့်အတိုင်း၊ ယုံကြသည့်အတိုင်း အာရုံတွေ မထွေပြားဘဲ စူးစိုက်သော အာရုံနှင့် မျက်လုံးသာ စိုက်၍ထားပါ။ ကျွန်မ သိသလို၊ ကျွန်မ မြင်သလို သူတို့ဘဝကို ကျွန်မကဲ့သို့ အပ်ချမတ်ချ သိနိုင်မြင်နိုင်ကြမည် ဖြစ်ပါသတည်း။

မမရေးသူ ]

www.burmeseclassic.com

www.burmeseclassic.com

၁

'ဂျက်...'

ပွင့်ဟ၍ သွားလေ၏။

ဂူပေါက်ဟူ၍လည်း မပြောနိုင်ပေ။ သို့ရာတွင် ဂူနှင့် နှိုင်းလျှင်လည်း နှိုင်းနိုင်ပါ၏။ သူတို့လေးဦး ဤဂူကြီးထဲ၌ ရှိကြသည်။ အဝမှ ကြည့်လျှင် အထဲတွင် မှောင်မှိုင်းမှိုင်းနေလေသည်။ ဝင်ပေါက်မှာ ကျဉ်းလေသည်။ အထဲသို့ ဝင်လိုက်သည်နှင့် ကျောစိမ့်၍ သွားပါလေ၏။ ရှေ့တိုးလှမ်းသွားလေ တမြမြ တစိမ့်စိမ့် အေးစက်လာလေလေ၊ ရင်ခွဲရုံထဲက ရေခဲတိုက်ထက် အအေးဓာတ် ပိုသည်။ ဤအထဲ၌ ဘဝပြောင်းနေကြသော သူတို့လေးဦးသားသည် ရုပ်ဆင်းမပျက် ရှိကြမည်ကား သေချာ၏။

ဝင်ပေါက်အတွင်း၌ သံထည် တံခါးရွက် နှစ်ထပ် ဆီးထားလေသည်။ ခြမကိုက် ပိုးမထိုးအောင် စာချုပ်စာဖိုင်များ သွင်းထားသည့် အလုပ်ရုံးများမှ သံဗီရိုတံခါး ပုံစံမျိုး ဖြစ်သည်။ ဝင်ရာလမ်းသည် လှောင်နေကာ မွန်းသလိုလို၊ အသက်ရှူပုံပင် တစ်မျိုးတစ်ဖုံ ပြောင်းရှူရသည်။

အဝ အဝင် ကျဉ်းမြောင်းသော်လည်း အထဲ၌ ကျယ်ဝန်းလေသည်။ မီးရောင်တို့သည် မြင့်လှသည့် တိုင်ထိပ်ရှိ အမိုးအကာ အပိတ်အဖုံး ပြုလုပ်ထားသော အုပ်ဆောင်း မီးမောင်းခွက်တွင်းမှ ကြောင်တောင်ကွက်ကျား လင်းလျက် ရှိနေသည်။ လေဝင်ပေါက် မထားဘဲ ထုထည်ကြီးလှစွာ အလုံပိတ် ဆောက်လုပ်ထားသောကြောင့် အီဂျစ်ပြည်မှ Pryramids ပစ်ရစ်မစ် သချိုင်းဂူကြီးများနှင့် ခပ်ဆင်ဆင်၊ အမေရိကန် အီးစီအေ ပစ်ရစ်မစ်ကြီး ဖြစ်ပေ၏။ အီးစီအေခေါ် အမေရိကန်ပြည် ထောက်ပံ့မှုရစဉ်က အစိုးရက အမွေရလိုက်သော အစိုးရ ရုပ်ရှင် စတူဒီယိုကြီး ဖြစ်သည်။ အထဲ၌ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အအေးဓာတ် တအားလွှတ်ထား၍ လှုပ်လှုပ်ရွရွ မရှိကြလျှင် ရေခဲသေတ္တာထဲက အေးပုံ ခဲပုံမျိုး သွေးခဲသွားကြမည်သာပင်။

သူတို့လေးဦးကို ရှာဖွေလိုက်သော မျက်လုံးထဲ၌ မျက်နှာအသစ်တွေလည်း တွေ့ရ၏။ အချို့သည် အဝင်အဝ လက်ရန်းကုလားထိုင်များ၌ ဒူးပိုက်၍ ခပ်ကွေးကွေး ထိုင်ကာ တုန်ချမ်းနေကြလေသည်။ အချို့မှာ ဘီးတပ်ထားသော ရောမ ခေတ်ပုံကင်မရာကြီးများကို လေးငါးယောက် ဘီးတိုက်လျက် ကွေ့လှည့် ရွှေ့နေကြ၏။ ကြမ်းခင်းပေါ်၌ ရှည်လျားစွာ ရှုပ်ယှက်ခတ်ကျနေသော ဓာတ်ကြိုးများကို ကျော်လွှား၍ လျှောက်သွားရသည်။ အသံဇလံတို့သည် အုတ်အုတ်





အောအော လိုဏ်သံနှောလျက် မပွဲ့မလွင့် လုံနေသော အသံတွေ၊ ကြမ်းခင်းပေါ်၌ ဖိနပ်ရှပ်တိုက်သံများလည်း ရှုပ်ထွေး စွက်ဝင်နေသည်။

ကျယ်ဝန်းသော အတွင်း၌ အလယ်တွင် အကာအရံ တစ်ဝက်တစ်ခြမ်း ဆီးထား၍၊ သည်ဘက်နှင့် ဟိုဘက်ခြားကာ နှစ်ဖက်စလုံး အဝင်ဝမှ မြင်ရသည်။

သည်ဘက်တွင် အလှပြင် မှန်တင်ခုံနှင့် ကုလားထိုင်များ ချခင်းထားလေသည်။ မှန်ခုံရှေ့ဝယ် နတ်ရုပ်သွင်သို့ ပြစ်မျိုးမှည့်မထင်အောင် အလှပြင်ဆင်နေသော လှတန်ဆောင်မှု၊ မျက်တောင်ကော့ညွှတ်သေး၊ စုတ်ဖြင့်ရေးသို့၊ ကြိုင်အေးကတိုးရည်၊ ထုံမျိုးကြည်၍၊ နတ်ပြည်မိုးသုဓာ၊ ပျံကျလာသို့၊ ရွှသာတင့်စနိုး၊ သခေါင်မိုးကို၊ မီးမောင်းထိုးထားရာတွင်၊ ကျွန်မ မြင်သည်၊ ရယ်ရွှင်ပြုံးတုံ၊ ပြုံးတုံ့နှင့်...။

ဟိုတစ်ဖက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ ပင်နီအင်္ကျီဝတ်ကာ ပလေကတ်လုံချည် အဖြူနှင့် ပုံ့ပုံ့ကြီး ထိုင်နေသော ရှုမဝဦးကျော်ကို ရှာတွေ့ရပေပြီ။ သူသည် ယခင်ဘဝက အကျိုးပေးအတိုင်း ဆုတောင်းပြည့်လျက် ရှိနေကာ၊ သူ့ရှေ့တွင် အဆောင်တစ်ခုကို အကျအန ဖန်ဆင်းထားလေ၏။

သူ ဖန်ဆင်းထားသော အဆောင်မှာ နှစ်ယောက်စလုံး အလုပ်လုပ်ကြ၍ ဘစ်လ ငါးရာမျှ ဝင်ငွေရှိသည်ဆိုသော စာရေးလင်မယား၏ ရိပ်သာခန်းဆောင် ဖြစ်သည်။ နောက်ခံ ကားချပ်ကြီးကို အိမ်နံရံသဖွယ် ဆေးခြယ် ကာထားကာ ခန်းမအသွင် အပေါက်ဖောက်လျက် အစိမ်းနု အပွင့်ရိုက် ခန်းဆီးရှည်ကြီး ချထား၏။ တစ်ယောင့်တွင် ခုံမြင့်ပေါ်၌ ရေဒီယိုတစ်လုံး တင်လေကာ ညှော်ခန်းစားပွဲ၊ ကုလားထိုင်များ ခင်းထားလေသည်။ စာအုပ်စင်၊ စာရေးစားပွဲ၊ စားပွဲတင်နာရီ၊ ဘရေးဘဝ အိမ်ထောင်ပစ္စည်း ရှိသင့်ရှိထိုက်တာတွေနှင့် နံရံအတုတွင် ရှုမျှော်ခင်း ပန်းချီကားလေးပုံ ချိတ်ထားလေ၏။

ရှုမဝဦးကျော်မှာ ရှုမဝမဂ္ဂဇင်း ထုတ်ဝေနေစဉ် ဘဝက အလွန် ရုပ်ရှင်ဝါသနာပါသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ ကားသစ်လဲတိုင်း ရုပ်ရှင်ရုံသို့ မပျက်မကွက် သွား၏။ ရုပ်ရှင်ကား ကောင်းလျှင် ကြည့်ဖြစ်အောင် သွားကြည့်ရန် ကျွန်မကို သတိပေး၏။ သူ ကြည့်ခဲ့သော ဓာတ်လမ်းဓာတ်ကွက်နှင့် ရိုက်ပုံရိုက်နည်း၊ အက်တင် အမှုအရာပါ မကျန် ဝေဖန် ပြောပြတတ်ရာ၊ စာမူရေးခလာယူသော ကျွန်မကိုပင် ငွေထုတ်လက်မှတ် ပေးလိုက်ရန် မေ့နေတတ်ပါလေ၏။ ကျွန်မတို့ ရေးသားကြသော ဝတ္ထုဓာတ်လမ်းများကို သူ့အကြိုက် ရွေးချယ်ကာ စိတ်ကူးနှင့် ရုပ်ရှင်ရိုက်ပြလိုက်သည်မှာလည်း ဓာတ်ထုတ်ပေါင်း မရေမတွက်နိုင်တော့ချေ။ ကျွန်မ ရေးခဲ့သော **မုန်း၍မဟူ** ဝတ္ထုကို မည်သူနှင့် တော်ပါမည်နည်းဟု



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လိုက်တွေ တစ်ယောက်ပြီးတစ်ယောက် ရွေးချယ် ရှာကြည့်ရသည့် အပိုဒုက္ခလည်း ရှိဘတ်သေး၏။ ကျွန်မ ဝတ္ထုကော်ပီ သွားပေးသည့်အခါ တစ်ခေါက်တွင် မှန်းရှုံမဟု အတွက် ဓာတ်လိုက်နာမည် တစ်ယောက် ပြောကြားလိုက်ကာ၊ နောက် တစ်ခေါက်တွင် တစ်ယောက် ပြောင်းထားကြည့်ပြန်၏။

မဂ္ဂဇင်းဝတ္ထုများကို သူ ကြိုက်လျှင် 'ရုပ်ရှင်ရိုက်လိုက်ရရင် ကောင်းမှာပဲဗျာ' ဟူ၍ ဝါသနာအလျောက်သာ စိတ်ကူးယဉ်နေလျက်၊ သူ့လုပ်ငန်းမှာ လည်း မဂ္ဂဇင်းကိုသာ ပုံနှိပ်ထုတ်ဝေနေလေ၏။

ကျွန်မမှာ ဦးကျော်ကို မြင်လိုက်လျှင်ပင် ဘဝက အထုံအဆက် ပါလာခဲ့သည်အတိုင်း သည်ဘဝ လာဖြစ်နေတာဟု တွေးမှတ်ကာ၊ ရှုမဝရုပ်ရှင်ပိုင်ရှင် ဦးကျော်နားသို့ အသံဖမ်းစက်တွေမှ ကိရိယာတွေ ကို့လို့ကန့်လန့် ချပုံထားသည် ကို ကျော်လွှားကာ လျှောက်သွားရလေ၏။

'ဩော်... ဒေါ်မမလေးပါလား၊ ထိုင်ပါ... ထိုင်ပါ'

ဦးကျော်သည် ကုလားထိုင်မှ ထလိုက်ကာ သူ့ကုလားထိုင်တွင် ထိုင်ရန် နေရာ ချထား၏။ ကျွန်မမှာ မှုက်လုံး ကိုးကန်းတောင်းမှောက် ကြည့်လျက် 'ဟိုလူတွေကော' ဟု မေးလိုက်သည်။

'ဟိုမှာလေ'

ဦးကျော် မေးထိုးပြရာသို့ ကျွန်မ ကြည့်လိုက်ရာ၊ လား ... လား... ကိုသန်းဆွေသည် မှန်တစ်ချပ်ပ ရှေ့ထောင်ကိုင်ကာ မျက်နှာချေ လူးနေလေ၏။ မျက်နှာကို မိတ်ကပ် ခြယ်နေလေ၏။

ကိုသန်းဆွေနှင့် မလှမ်းမကမ်းတွင် စပ်ဖြဲဖြဲ ထိုင်နေသော ကိုသော်တာဆွေသည် 'အစ်မကြီး' ဟု ကျွန်မကို လှမ်းခေါ်နှုတ်ဆက်လိုက်ကာ ဆက်လက်၍—

'အစ်မကြီး ... သန်းဆွေနဖူး သေသေချာချာ ကြည့်စမ်းပါ၊ လေယာဉ်ပျံ ကွင်း လုပ်ဖို့ မကောင်းဘူးလား'

ကျွန်မမှာ ကိုသန်းဆွေ၏ နဖူးပြင်ကျယ်ကြီးကို ငေးကြည့်ကာ ယူဘီအေ ဒါကိုတာ လေယာဉ်ပျံမှာ ထိုးဆင်း ဆိုက်ကြည့်လိုက်မိသည်။

'ရိုက်မယ် ... ရိုက်မယ်'

ဤအသံသည် ကိုတင့်တယ်၏ အသံ ဖြစ်ချေ၏။ ရှုမဝတိုက်ခန်းထဲတုန်းက အငယ်  ဖြစ်လေရာ ဘဝတိုင်းတွင် ခေါင်းစုတ်ဖွားနှင့် ရှပ်လက်တို ဝတ်ကာ မှိုသီဖင်းသီ ကြီးပင်။ နက်မှောင်သော မျက်ခုံးမွေးကြီးများကို တွန့်ရှုံ့ထားလျက်၊ အကြည့်မှာ ခေါင်းငိုက်စိုက်၊ မျက်လုံး အထက်လန်လန်၊ အောက်နှုတ်ခမ်းကို ရှေ့သို့ အနည်းငယ် ထုတ်လျက် ပါးနှစ်ဖက်ကို တွန်းကန်ကာ ပိတ်စီထားလေသည်။





သူသည် သူ ရောက်ရှိသော ဒါရိုက်တာဘဝမှ ရှုမဝမဂ္ဂဇင်းထဲတွင် သူ ရေးသားခဲ့သော ကျော်ကြားလှသည့် "လာလုလုငေး" ဝတ္ထုကြီးကို ဦးကျော်အား အသက်သွင်းပြရန် ဟန်ရေးတပြင်ပြင်...။

'ရိုက်မယ်ဟေ့ ... ရိုက်မယ်'

ဒါရိုက်တာမှာ သည်ဘက်ခန်းမှ ဟိုဘက်ခန်းသို့ ခေါက်တုံ့ခေါက်ပြန် ကူးသန်းကာ နှိုးဆော် ကြွေးကြော်လျက် ရှိနေ၏။

'ဟ ... သန်းဆွေရ၊ မင်းနှုတ်ခမ်းဟာ နှုတ်ခမ်းဆိုးဆေး တစ်တောင့်နဲ့ လောက်ပါ့မလားကွ'

ကိုသန်းဆွေသည် မှန်ရှေ့တွင် ပါးစပ်ကို ဟဖြဲထားကာ နှုတ်ခမ်းပေါ်၌ နှုတ်ခမ်းဆိုးဆေးတောင့်ကို တင်လျက် ကိုသော်တာဆွေအား စောင်းငဲ့ကြည့်ရင်း ဟဲဟဲ ရယ်နေလေ၏။

လာလုလုငေးထဲမှ စာရေးကိုမောင်မြင့်နှင့် အေးအေးတို့ လင်မယားသည် ဧည့်ခန်းကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။ သူတို့ ခေါင်းပေါ်၌ အသံ ဖမ်းယူမည့် မောင်းတန်ကြီးမှာ အသံဖမ်း ချိန်သီးကြီး ဆွဲလျက် မိုးထားလေသည်။ စတူဒီယိုမှ အလုပ်သမားများမှာ အလုပ်ရှုပ်နေကြချေပြီ။ ဓာတ်ပုံလှည်းကြီးကို တွန်းကြရွေ့ကြကာ ရှေ့တည့်တည့်မှ ချိန်နေကြသည်။ အချို့မှာ ပေကြိုးနှင့် ဓာတ်ပုံ အကွာအဝေး တိုင်းဆွဲ ရေးမှတ်ကြ၏။ မီးမောင်းထိုးသူ လူတစ်စုလည်း အဘက်ဘက်မှ လှည့်ချိန်လျက် မီးထိုးပေးထားကြသည်။

လက်ထောက်ဒါရိုက်တာ ရွှေဂုန်မြင့်သည် စားပွဲပေါ်တွင် တင်ရမည့် ဆေးလိပ်ခွက်၊ စီးကရက်ဘူး၊ မီးခြစ်၊ ရှိပစ္စည်းအစုစုကို နေရာတကျ ရေးမှတ်နေကာ အလုပ်များနေရှာ၏။

ဖလင်အယ်ဒီတာ ဦးဘိုးဟန်မှာ ဓာတ်ပုံအယူအဆ အကွက်ကောင်းအောင် စိတ်ကူးထုတ်လျက် ညွှန်ပြ ပြောဆိုနေပေသည်။

ရွှေညာမောင်၏ **ချစ်ဖေဖေ** ဓာတ်ကားထဲမှ မင်းသားမြင့်စိုးသည် **လာလုလုငေး** ဝတ္ထုထဲမှ ဓာတ်လိုက် စာရေးဆရာ တင့်တယ်၏ နေရာကို ယူကာ စာရေးဆရာ ကိုအောင်တင့်အဖြစ် ကိုတင့်တယ်က အသွင်ပြောင်းပေးထားလိုက်သည်။

ကျွန်မမှာ စာရေးလင်မယား လုပ်ကြရမည့် အကြင်အမျိုးသား၊ အကြင် အမျိုးသမီးနှင့် စာရေးဆရာ ကိုအောင်တင့်ကို ငေးနေရာ ကျွန်မနားတွင် ဖြီးလိမ်းနေသော ကိုသန်းဆွေသည် စိတ်မရှည်နိုင်သော အသံနှင့် သည်းတွားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ လုပ်ပေးစမ်းပါ အစ်မကြီးရာ၊ ဆိုးလို့ကို မရပါဘူး'

ကျွန်မသည် ကိုသန်းဆွေ လက်ထဲမှ နှုတ်ခမ်းဆိုးဆေးတောင့်ကို လှမ်းယူလိုက်ကာ ကျွန်မဘက်သို့ မျက်နှာ လှည့်ခိုင်းလိုက်သည်။ ပန်းနုရောင် ခြယ်လူးထားသော ကိုသန်းဆွေ၏ မျက်နှာကြီးမှာ အင်္ဂတေ ကိုင်ထားသကဲ့သို့ ချောချော်ပြောင်နေသည်။ မျက်ခုံးမွေးကို အကျ ဆွဲထားလေသည်။ သူ့နှုတ်ခမ်းသည် ဟ လာလေ၏။ ကျွန်မမှာ အမွှေးနံ့သာ လူးလိမ်းပြီး ဖုတ်ဝင်နေသော သူ့မျက်နှာကြီးကို ဂုထဲတွင် သည်တစ်ကြိမ် သည်တစ်ခါပင် စေ့စေ့စပ်စပ် ကြည့်ရှုဖူး၏။ ကျောထဲက စိမ့်လာလေသည်။ အအေးဓာတ်မှာ ပိုမို စိမ့်မြလာသည်ဟု ထင်ရသည်။

နဖူးသာ မကျယ်လျှင်၊ မျက်နှာသာ မဝိုင်းလျှင်၊ အရပ်သာ မပုလျှင် စာရေးဆရာ ကိုသန်းဆွေသည် ရုပ်ရှင်ဇာတ်လိုက်ဖြစ်ရန် စွံနိုင်ပေသည်။ ယခုတွင်မူ သူသည် ဇာတ်လိုက်အဖြစ် မစွံနိုင်သော်လည်း အမှုအရာ အက်တင် စွံပါလိမ့်မည်။ သူ၏ အလွမ်းဝတ္ထုများကို ဖတ်ကာ မျက်ရည်စမ်းစမ်း ဖြစ်ကြသော စာဖတ်ပရိသတ်သည် "လာလုလုငေး" ဇာတ်ကားတွင် သရုပ်ပါ သဘာဝကျလှသော သူ့အက်တင်ကို စွဲကြရဦးတော့မည်။

လပြည့်ဝန်းကဲ့သို့ ဝန်းဝိုင်းနေသော သူ့မျက်နှာမှာ ဟလိုက်မှ အဆမတန် ကြီးသွားသလို ထင်ရလေသည်။ နှုတ်ခမ်းဆေးဆိုးတောင့်ဖြင့် သူ့နှုတ်ခမ်းကို ရစ်ခွေ၍ သုတ်ဆွဲပေးနေစဉ်—

'ဒေါ်မမလေး ကျွန်တော့်မင်းသမီးကို တစ်ဆိတ် ကြည့်လုပ်ပေးစမ်းပါ၊ ဆံပင်ခွဲထားတာ အကြောင်းကြီး ထင်းနေတယ်။ တစ်ဆိတ်ဗျာ၊ လုပ်ပေးပါ'

ဦးကျော်သည် အရေးတကြီး ဖြစ်နေလေသည်။ သည်ဘဝ ရောက်မှ သူ့မင်းသမီး မလှမှာကို ပူပန်နေရှာသည်။ ကျွန်မမှာ ကိုသန်းဆွေ၏ နှုတ်ခမ်းကို "မာရီလင်မွန်ရိုး" နှုတ်ခမ်းနှင့် တစ်ထေရာတည်း တူအောင် နီနီရဲရဲ ဆိုးခြယ်၍ ဆေးလိုက်ပြီး တစ်ဖက်ခန်းသို့ ကူးလာခဲ့သည်။

လှမိုးသူဇာ၏ ချစ်ဖွယ်ရာ အပြုံးကလေးကို တွေ့ရသည်။ ခေါင်းကို တစ်ဘက်သို့ ဆံထုံးကလေး ခွေထုံးထား၍ ယဉ်စစနှင့် ကြည့်၍ လှသည်။ လှသူဇာ၏ အလုံးအရပ်မှာ မနိမ့်မမြင့် ကြော့ရှင်းလှကာ ဟောလိဝုဒ် ဇာတ်လိုက်မင်းသမီးများကဲ့သို့ သူ့ကျောမှာ ဆန့်နေလေသည်။ နိုင်လွန်လက်ရှည်နှင့် ပိုးတွန့်ပွင့်ရိုက် ကြက်သွေးထဘီကို ဝတ်ဆင်ထားလေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံတို့သည် ပေါ်လွင်ထင်ရှားကာ တည်သော၊ မာသော၊ ထက်သော အသွင်အပြင် ဆောင်နေ





၏။ တစ်စုံတစ်ခုကို ပြုလျှင် ရှပ်ရှပ်ချွံချွံ ပြုလိမ့်မည်ဖြစ်သော မျက်လုံး၏ အကြည့်သည် နက်ရှိုင်းနေသည်။

"ကွမ်းတောင်ကိုင်လည်း မရွေးမိပါ၊
ပန်းတောင်ကိုင်လည်း မရွေးမိပါ"

ရေဒီယိုထဲမှ အခါခါ ကြားဖူးခဲ့သော သူ့ သီဆိုသည့် ရွှေမိတေးသံလေးမှာ နားထဲတွင် ရစ်ဝဲရစ်ဝဲ ဖြစ်နေရင်း၊ သူ၏ နားသယ်မှ ဆံပင်ကလေးများကို မြင့်တင်၍ ပြင်ဖြီးပေးလိုက်လေသည်။

ဒါရိုက်တာ ကိုတင့်တယ်သည် ဘယ်သူ့မှ မကြည့်ဘဲ ခေါင်းကို အောက်စိုက်လျက် လက်နှစ်ဖက်ကို တအား လွှဲမြောက်၍ ဖတ်ခနဲ လက်ခုပ်တီးလိုက်ကာ 'ကိုင်း… ရိုက်ဟာဇယ် လုပ်ကြစမ်း၊ လုပ်ကြစမ်း' ဟု အချက်ပေးလိုက်လေသည်။

စာရေးကိုမောင်မြင့်တို့ လင်မယားအိမ်သို့ တင့်တယ်၏ လာလုလုငေးထဲမှ မှိုမှို လာတော့မည့် အခန်း ရိုက်ကူးတော့မည်။

ဦးကျော်သည် မျက်တောင်မှု မခတ်နိုင်၊ ဓာတ်ထက်သန်စွာ ရိုက်ကွင်းကို စူးစိုက်လျက် နေလေသည်။ ကိုသော်တာဆွေသည် ကျွန်မ ကုလားထိုင်ခုံအောက် ကြမ်းပေါ်တွင် သူ့ဖိနပ်နှစ်ဖက်ကို ခုထိုင်လိုက်ကာ၊ အလုပြင်သံဘူးကြီးကို သူ့ရှေ့ချဖွင့်လျက် ပေါင်ဒါဘူး မိတ်ကပ်ဘူးနှင့် တို့ဖတ်များကို ထုတ်ယူလိုက်သည်။

'အစ်မကြီး၊ ဒွံပုံကြီးနဲ့ လက်ကို သွားကြတဲ့အကြောင်း ရုပ်ရှင်ရိုက်လိုက်ရင် မကောင်းဘူးလား ဟင်'

ကျွန်မမှာ ရိုက်ကွင်းကို အာရုံစိုက်နေရာမှ သူ့ကို လှည့်ကြည့်ကာ ပြုံးလိုက်မိသည်။

အရပ်ရပ် နေပြည်တော် ကြားလို့မှ မတော်အောင် ကျော်မကောင်း ကြားမကောင်း လက်ကို ရောက်အောင် သွားကြသည့် ဒွံပုံကြီးတွင် ကျွန်မကို ဆွဲထည့်ကာ ရေးခဲ့သော သူ့ဝတ္ထုကို စာဖတ်သူများ မှတ်မိကြပေလိမ့်မည်။ ဝတ္ထုထဲမှနေ၍ ဂျာနယ်ကျော်ကိုပင် ဂျာနေ့ကြိုဖြစ်အောင် နောက်ပြောင် ရေးလေသမှု ခံရပေါင်းလည်း များလှပေပြီ။

ကျွန်မမှာ ပြုံးကာ 'စွံမှာပဲနော်' ဟု ဖြေလိုက်သည်။ ကိုသော်တာဆွေသည် ကြမ်းပေါ်တွင် တင်ပျဉ်ခွေ၍ ဖိနပ်ဖင်ခုထိုင်ကာ မိတ်ကပ်အလှဆီကို သူ့လက်မချေးနှင့်ချေးနှင့် ရောစပ်ပွတ်နေလျက်၊ သူ့မျက်နှာကို တစိမ့်စိမ့်ဝင်အောင် ပွတ်ပေးလိုက်လေ၏။ လိမ်းပုံလိမ်းနည်းမှာ မြန်မြန်ထက်ထက် စနစ်တကျ မိန်းမပီသသည်။ အလှပြင်သည့် နေရာတွင် မည်သူ့ အကူအညီမှ မယူ။ စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



သန့်ဆွဲထက် သာပေသည်။ မှန်ထဲမှ ပါးခွက်ကလေး ချိုင့်နေသော သူ့မျက်နှာကိုလည်း ကျေနပ်စွာ ကြည့်လိုက်သေး၏။ ပြုံးလိုက်သေး၏။ သူက ပါးချိုင့်လေးနဲ့ စားနေတာဟု မင်းသမီးက အဝေးမှ လှမ်းပြောလိုက်သည်။

ကျွန်မ ရှေ့တွင် ရိုက်ရန် ကျင့်ပြင်ကြတော့မည့် ဇာတ်ကွက်ဇာတ်ကောင်များကို မကြည့်အားသေးဘဲ၊ ဖြီးပုံလိမ်းပုံ သူ့အမူအရာကိုသာ တစ်စမကျန် သဲသဲမဲမဲ စိုက်ကြည့်နေလိုက်သည်။

ခဲတံနှင့် မျက်ခုံးမွေး ဆွဲလိုက်လေ၏။ မျက်ခုံးအဖျားကလေးကို တရေးရေး ထင်တန်းလာအောင် ခတ်ကာသပ်ကာ သူ့လောက် စိတ်ရှည်ရှည်နှင့် မျက်ခုံးဆွဲမည့်မိန်းမ်းကို ကျွန်မ တစ်သက်တွင် ဘယ်မိန်းမမှ မမြင်ဖူးချေ။ မျက်ခုံး အနေအထား စိတ်တိုင်းကျသွားမှ နှုတ်ခမ်းဆိုးရန် ဆေးတောင့်ကို ဖွင့်လျက် ကျွန်မဘက်သို့ မလှည့်သလို လှည့်ပြုံးလိုက်သည်။

ကျွန်မက ပြုံးနေသည်။

နှုတ်ခမ်းဆိုးသည့် နေရာ၌ နှုတ်ခမ်းအလယ်မှ အရေးအကွဲ အကြောင်းကလေးကို အရင် ပေါ်ထင်အောင် သုတ်ဆွဲလိုက်ကာ၊ ပြီးမှ နှုတ်ခမ်းသားပါးပါး သေးသေးကလေး ပေါ်အောင် အနီမျဉ်းကြောင်း ရဲရဲကလေး တားဆွဲထားသဖြင့် ဟောလိဝုဒ်က မင်းသမီး စံချိန်ကို ချိုးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦး ရှုမဝက မွေးထုတ်လိုက်နိုင်ပြီ။ ဘယ်က မြင်ဖူးထားသည် မသိ၊ ဆေးဆိုးပြီး နှုတ်ခမ်းကလေးနှစ်ခု ဖိထပ်လိုက်သေး၏။

သူသည် ရုပ်ရှင်ဇာတ်လိုက်ဖြစ်ရန် ချောမောသော အင်္ဂါရုပ် ရှိ၏။ အင်္ဂါရုပ် ရှိပင်ရှိငြား သူ စကားပြောလျှင် မြန်လည်းမြန်၊ ထစ်တစ်တစ် ရှိသဖြင့် ဘယ်ကမ္ဘာမှ ရွေးမည်ကို မသိနိုင်သေးချေ။

မို့မို့သည် လက်ဆွဲအိတ်ကလေးကို ကိုင်ကာ စာရေးအိမ်ထဲမှ ဧည့်ခန်းထဲသို့ ရောက်လာ၏။ တောင်မြောက်လေးပါး အရပ်များမှ မီးမောင်းကြီးများ ချိန်ထိုးရာ မို့မို့၏ အသားမှာ ဝင်းပနေလေသည်။ စာရေးဆရာ ကိုအောင်တင့်သည် ခုံးပေါ်၌ ဆံပင်ကလေး ကျခွေနေလျက် မို့မို့နှင့် ယှဉ်ရပ်လိုက်ကာ ဆောင်အတွင်းသို့ ဝင်ကြတော့မည်။ လိုက်ဂူအထက်ရှိ မှန်ကာထားသော အမြင့်မှ နားကြပ်နှင့် အသံဖမ်းနေသော ပန်ချာပီ ခေါင်းပေါင်းနှင့် အသံဖမ်းဆရာသည် မှန်ထဲမှ အောက်သို့ ငုံ့စိုက် ရပ်ကြည့်နေသည်။

'ကိုင်း… ဝင်လာ၊ အောင်တင့်က ကြိုဆိုသံနဲ့ ပြော' ကိုတင့်တယ်သည် ပြောပြီး လက်ခုပ်ကို ဖျတ်ခနဲ ရိုက်လိုက်ကာ 'အားလုံး ငြိမ်ကြပါ' ဟု အော်လိုက်၏။





ဒါရိုက်တာ ကိုတင့်တယ်သည် ကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ကာ မျက်မှောင်ကြီး ကြုတ်လျက် စာရေးဆရာ ကိုအောင်တင့်နှင့် မို့မို့ကို စားတော့ပါးတော့မတတ် ပြူးစိုက်၍ ကြည့်နေသည်။ ဦးကျော်လည်း ထိုနည်းနှင်နှင်ပါပေ။

အားလုံး ငြိမ်နေကြသည်။

စာရေး ကိုမောင်မြင့်နှင့် အေးအေးတို့သည် နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်မှ ဝင်လာမည့် မို့မို့နှင့် ကိုအောင်တင့်ကို စိုက်၍ ကြည့်ထားရသည်။

'လာ မို့မို့ … အဆင်သင့်ပဲ၊ ဟောဒါက ကိုယ်နဲ့ ညီအစ်ကိုလိုနေတဲ့ ကိုမြင့်နဲ့ မမအေးတို့ ဇနီးမောင်နှံပေါ့။ ကိုမြင့် … မမအေး … ဒါ ကျွန်တော့် ချစ်ဆွေ မို့မို့လေ' မို့မို့သည် ဧည့်ခန်းထဲသို့ တဖြည်းဖြည်း လှမ်းဝင်လာကာ ရပ်လျက် အပြုံးတွင် မျက်နှာကလေး ညှိုးငယ်စွာဖြင့်–

'တွေ့ရတာ ဝမ်းသာပါတယ် ရှင်'

ကိုမောင်မြင့်နှင့် ယှဉ်ထိုင်နေသော မမအေးက ပြုံးလိုက်ကာ မျက်နှာကို ပင့်ချီလျက် တစ်လုံးချင်း တစ်လုံးချင်း၊ တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း စာကျက်ထားသလို နဂိုသံ မဟုတ်သော အသံနှင့် ရွတ်လေ၏။

'အေးတို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မို့မို့အကြောင်းတော့ ကိုအောင်တင့်က ခဏခဏ ပြောပါတယ်'

ကိုတင့်တယ်သည် ရုတ်ခနဲ ထရပ်လိုက်ကာ အသားစပ်လောက်အောင် လက်ဝါးကို ဖျတ်ခနဲ ရိုက်လျက် 'ဟိုး… ပြင်ပြော' ဟု အော်လိုက်လေ၏။

သူ၏ မျက်နှာကို တစ်မဟုတ်ချင်း ရှစ်ခေါက်ချိုးလိုက်ကာ မှုန်ကုပ်ကုပ်ဖြင့် လက်ခုပ်တီးလိုက်သည်နှင့် မို့မို့နှင့် ကိုအောင်တင့်တို့မှာ ပြန်လုပ်ရန် ဧည့်ခန်းဝပ်နားသို့ ပြန်ရောက်သွားရပြန်လေ၏။

'နှာသံနဲ့ မပြောရဘူး၊ လင်မယားညှနေတာမှ မဟုတ်ဘဲ။ အေးတို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ဒီလို ပြောမှပေါ့။ ကဲ ပြင်ပြော'

လက်ခုပ်သံတစ်ချက် ပေါ်လာ၏။ အားလုံး ငြိမ်သွားကြသည်။ မို့မို့နှင့် ကိုအောင်တင့် ဝင်လာကာ ပြောဆိုပြီး–

'အေးတို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မို့အကြောင်းတော့ ကိုအောင်တင့်က ခဏခဏ ပြောပါတယ်'

ကိုတင့်တယ်သည် သူ၏ လက်တံကြီးကို ဆန့်၍ လက်ဝါး ဖြန့်ကာလျက် ရပ်ခိုင်းလိုက်သည်။ ဦးကျော်နားသို့ ရောက်လာ၏။ ဦးကျော်အား "ဘယ့်နှယ်လဲ၊ အက်တင် ကြိုက်ကဲ့လား" ဟု မျက်စနှင့် မေးထိုးပြလိုက်ရာတွင်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သည် ကိုသော်တာဆွေ ငွေတောင်းသည့်အခါမျိုး ရှုနေကျ မျက်နှာကြီးနှင့် ခေါင်းကို တွင်တွင်ကြီး ယမ်းခါပြလိုက်သည်။

'ကိုင်း... လုပ်ဦး၊ ထပ်လုပ်ဦး၊ ပြင်ပြော'

'အေးတို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မို့အကြောင်းတော့ ကိုအောင်တင့်က ခဏခဏ ပြောပါတယ်'

'ဟာ မဟုတ်သေးပါဘူး၊ မို့အကြောင်းတော့ ... ကိုအောင်တင့်က — ဒီလို ပြတ်တောင်း ပြတ်တောင်း လုပ်မပြောစမ်းပါနဲ့၊ နားထောင်စမ်း၊ ဒီမှာ ဒီလိုပြော။ မို့အကြောင်းတော့ ကိုအောင်တင့်က ခဏခဏ ပြောပါတယ်။ ဒီလို ပြော၊ နဂိုသံနဲ့ ပြော။ အသံမှာ လှိုင်းလေးတွေ ရှိတယ်၊ တစ်ပြေးတည်းချည်းလည်း မပြောရဘူး။ ကဲ... ပြောစမ်း'

ကိုတင့်တယ်သည် မိန်းမသံလေး ဝင့်ဝင့်ဖြင့် အသံ အမြင့်အနိမ့်၊ အဆက် အဖြတ် စသည့် အသံတို့ကို သဘာဝ ကျနိုင်သမျှ ကျအောင် အခေါက်ပေါင်း များစွာ ရွတ်ပြလိုက်၊ အပြောခိုင်းလိုက်နှင့် စိတ်တိုင်း မကျမချင်း ထပ်ကာထပ်ကာ လုပ်ခိုင်းနေလေ၏။ အစစ အရာရာ အလွန်ဂရုစိုက်လျက် ချေးများလေ၏။

"ဘယ့်နှယ်လဲ" ဟု ဦးကျော်အား မေးထိုးလိုက်ရာ 'ရိုက်လေ၊ တဖြည်းဖြည်း တော်လာပါပြီ' ဟု ပြောလိုက်သည်။

'ကိုင်း... ဖူးရီဟာဇယ် လုပ်လိုက်ကြဦး၊ ဒီတစ်ခေါက်'

ကျွန်မမှာ ငေး၍ ကြည့်နေရာမှ အထပ်ထပ် ပြင်ကျင့်ခိုင်းသဖြင့် စောစောကထက် ပိုမို ကောင်းမွန်လာသော စကားသံနှင့် အမူအရာများ တိုးတက်လာသည်ကို တွေ့ရသည့်အတွက် ကိုတင့်တယ် ချေးထူခြင်းကြောင့် ကောင်းမွန်လာတာပဲဟု တွေးမိသည်။

မို့မို့သည် ဧည့်ခန်းတွင် ဝင်၍ ထိုင်လိုက်ကာ အိမ်ရှင်လင်မယားကို အကဲခတ်ဟန် ပြုပြီးမှ ကိုအောင်တင့်ဘက်သို့ လှည့်ကာ–

'ကိုအောင်တင့်'

'ခင်ဗျာ'

'အားလား... ဟင်'

'အားပါတယ် မို့၊ ဘာကိစ္စရှိလို့လဲ'

'အားရင် မို့နဲ့ အပြင်ကို ခဏလောက် လိုက်ခဲ့ပါလား'

မို့မို့က "အားလား... ဟင်" ဟု မေးလိုက်သော အသံလေးမှာ နားထဲတွင် စွဲငြိဖွယ်ရာ ကောင်းအောင် ရှိုက်သံလေး ရောပါနေရာ နားထောင်၍ ကောင်းနေလေသည်။ "အားရင် မို့နဲ့ အပြင်လိုက်ခဲ့ပါလား" ဟု ပြောပုံဆိုပုံ အသံမှာ အရိုက်





အငင် ပါလျက်၊ အက်တင်ဟန်ပါ ညက်ညောနူးညံ့၍ သည်အတိုင်း သွားလျှင် သည်မင်းသမီးကလေး နာမည်ကြီးနိုင်တယ်ဟု အောက်မေ့မိသည်။

ကိုတင့်တယ်မှာ မင်းသမီးကို သူကြိုက်သလို ပုံသွန်းထားလေ၏။ အနား ကပ်၍ တတွတ်တွတ်နှင့်လည်း သင်၊ အကြိမ်ကြိမ် အခါခါလည်း ကျင့်ခိုင်း၊ မင်းသမီး၊ မင်းသားမှာ ဆရာ ခိုင်းသမျှ စိတ်ပါလက်ပါစွာ လိုက်လုပ်ကြလေ၏။

စာရေးလင်မယားအိမ်သို့ မို့မို့လာကာ ကိုအောင်တင့်ကို ခေါ်ထုတ်သွားသည့် အခန်းကို တစ်နာရီခန့် ကြာအောင် မကြိုက်မချင်း ပြင်ကျင့်ခိုင်းနေပြီးမှ ရိုက်ရန် ပြင်တော့လေသည်။

'ရိုက်မယ်၊ ရိုက်မယ်၊ အားလုံး ငြိမ်ကြပါ'

ဓာတ်ပုံဆရာတွေ အလုပ်များသွားကြ၏။ အပေါ်ထပ် မှန်ခန်းထဲမှ ငြိမ်ရန် အော်၍ အချက်ပေးလိုက်သည်။ ရိုက်ခါနီးစက်သံ ဝင်လာသည့်အခါ လက်ထောက် ဒါရိုက်တာ ရွှေဂုန်မြင့်သည် E-9 ဟု အော်လိုက်ကာ အမှတ်အသား အချက်ပေးလျက် ရိုက်ကြလေ၏။

ကျွန်မမှာ ရုပ်ရှင်ပညာ သဘောကို စူးစမ်း လေ့လာနိုင်သော အခွင့်ရလေ၏။ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းလေသည်။ ဘေးက ထိုင်ကြည့်နေခိုက် စကားပြောတာ သည်လောက် မခက်ပါဘူးဟု ထင်မှတ်ရသော်လည်း၊ ကင်မရာ ချိန်လိုက်သည့် အခါ၌ အလွယ်ပြောရမည့် စကားကလေးပင် အခက်ကြီး ဖြစ်တတ်သည့် အခက်အခဲကို တွေ့မြင်နေရလေ၏။

ကိုသော်တာဆွေသည် သူ့အခန်း ရိုက်တော့မည်ဖြစ်၍ ဟာဝေယံ ရှပ်အင်္ကျီ အစိမ်းကို လဲလိုက်လေသည်။

'ရိုက်ခါနီး ကပျာကယာ ပြေးဝယ်ရတဲ့ အင်္ကျီ အစ်မကြီးရဲ့။ နှစ်ဆယ့် သုံးကျပ် ပေးခဲ့ရတယ်။ ဒါတောင် ဖိုးကျော်က ဈေးများသေးသတဲ့။ ရိုက်ပြီးရင် အိမ်ယူမသွားရဘူးတဲ့ ခင်ဗျ'

ကျွန်မက ရယ်မောလိုက်သည်။

'ကိုယ်တော့ အဝတ်အစား ဝယ်ဖို့ ဦးကျော်ဆီက ငါးဆယ် ထုတ်သွားတယ်။ ဒီရှပ်အင်္ကျီနဲ့ ဒီပုဆိုး ဝယ်လာတာပဲ' ဟု ကိုသန်းဆွေက ပြောလိုက်သည်။ ကိုသန်းဆွေသည် ရှပ်အင်္ကျီလက်ရှည်အဝါ၊ ပုဆိုးအနက်ကွက် ဝတ်ထား၏။

ကိုသော်တာဆွေနှင့် ကိုသန်းဆွေတို့သည် အင်္ကျီသစ်၊ လုံချည်သစ်တို့ဖြင့် စာရေးဆရာ ဘဝထက် သားနားနေကြသည်။ ယခင်က ရှမဝ၌ စာမူရေးခ ငွေကြိုတင် ထုတ်နိုင်သလို ယခုလည်း ပုဆိုး ကြောင်ကြောင်ကျားကျား၊ အင်္ကျီ ကြောင်ကြောင်ကျားကျားများ ဝယ်ရန် ငွေကြိုတင် ထုတ်ယူနိုင်သည့် အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုရှိလာကြ၏။ စာပုံနှိပ်တိုက်ခန်းတွင် သူတို့လေးဦး စုကြပုံနှင့် စတူဒီယို ရုံထဲတွင် သူတို့လေးဦး စုကြပုံ၊ မြင်ရချက် နှိုင်းယှဉ်တွေးမိကာ ပါးနှီ၊ နှုတ်ခမ်းနီ နှင့် တိုးတက်ချင်တိုင်း တိုးတက်နေကြပုံကို ဟက်ဟက်ပက်ပက် ရယ်မိလေသည်။

၂

'အံ့မယ် ... ကြင်နာသမှုတွေ ရှိနေလိုက်ကြတာ'

'လုပ်ပြန်ပြီ၊ ကြင်နာသမှုတွေ ရှိနေ ... ကြင်နာသမှုတွေ များနေလိုက်ကြ တာ ... လို့ ဆိုပါကွ မောင်ဆွေရ၊ ကဲ ... ပြင်ပြော'

ကိုတင့်တယ်သည် ကုလားထိုင်ပေါ်မှ ကုလားထိုင် လက်ရန်းကို တအား ရိုက်လျက် ထလိုက်ကာ ပြင်ပြောရန် အချက်ပေးလိုက်လေ၏။ ကိုသော်တာဆွေနှင့် ကိုသန်းဆွေတို့သည် စာရေးကိုမြင့်တို့ အိမ်သို့ လာကြရာ ဧည့်ခန်းထဲ ဝင်ခါနီး ဧည့်ခန်းဝမှ နေလျက် အေးအေး ဓာတ်ပိုးနေသည်ကို ကိုမြင့်က ဇက်ပိုးနှိပ်ပေးနေတာ မြင်၍၊ ကိုသော်တာဆွေက လှမ်းပြောရမည့် စကားလုံး ဖြစ်၏။

သူတို့ နှစ်ယောက်သည် စပ်ဖြဲဖြဲ ပြုံးစိစိနှင့် ဧည့်ခန်းထဲ ဝင်သွားရမည့် ဟန် ရပ်နေကြကာ၊ ကိုသော်တာဆွေက "အံ့မယ် ... ကြင်နာသမှုတွေ ရှိနေလိုက် ကြတာ" ဟု မှားပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်မမှာ သူတို့နှစ်ယောက် အက်တင်ကို ကြည့်ကာ မရယ်မိအောင် ဣန္ဒြေဆည်နေရလေ၏။ သူတို့နှစ်ယောက်နှင့် ကိုတင့်တယ် သင်ပြနေပုံကို ခေါင်း မြင်ရသည့်အခါ သာ၍ ဣန္ဒြေဆည်ထားရသည်။ သူတို့ သုံးဦးသားကို သဘော ကျစွာ ပြုံးပြုံးကြီး ဖြစ်နေသော ဦးကျော်ကို မြင်မိရာ ဣန္ဒြေမဆောင်နိုင်တော့ဘဲ ရယ်မောမိသည်။

ရုပ်ရှင်ဝါသနာ ပါလာသော ဦးကျော်၏ အထုံနောက်သို့ သူတို့သုံးဦးသည် အဆက်ပါလာကြကာ ဆုံလည်းဆုံတဲ့ ရေစက်ပဲဟု အောက်မေ့နေစဉ် ဦးကျော် သည် ကျွန်မနားသို့ ထ လာလေ၏။

'ဒေါ်မမလေး ကျွန်တော့်မင်းသမီးကို ဆင်ပေးစမ်းပါဗျာ၊ ကူညီစမ်းပါ'

ဦးကျော်သည် သူ၏ ဝါသနာအထုံကို ဘဝကူးကာ လိုက်ဖြည့်ရရှာသော ဇာတ်ကွယ်ထဲမှ စာရေးဆရာသုံးဦးနှင့် တင်းတိမ် အားမရသေးဘဲ ကျွန်မကိုပါ အထုံအဆက်ထဲ ပါအောင် ဆွဲထည့်လိုဟန် ရှိ၏။

'ကဲ ဆောင်းရီပဲဟာဆယ် လုပ်မယ်၊ မောင်ဆွေ အသံကို ဖြည်းဖြည်းပြော ပါ။ ကြင်နာသမှုတွေ သွားမရှိလိုက်နဲ့ဦးနော် ... ကြင်နာသမှုတွေ များနေလိုက်တာ၊ မှတ်ထားနော်။ များ ကွ များ၊ ကဲ ပြောပါ ပြောပါ၊ အားလုံး ငြိမ်ကြပါ'

သီဟရတနာစာပေ



ကိုတင့်တယ်သည် သုံးဆယ့်ခြောက်ကောင် ဖွင့်ခါနီး အံ့စာကို ခေါက်ကာ အော်ဟစ်လိုက်သော အသံမျိုးဖြင့် အော်ဟစ်လိုက်လျက်၊ ဖျောင်းခနဲနေအောင် လက်ခုပ်တီးလိုက်လေ၏။

'အံ့မယ် ... ကြင်နာသမှုတွေ ပွားနေလိုက်တာ'

ကိုသော်တာဆွေသည် ဧည့်ခန်းထဲမှ စာရေးလင်မယားကို လှမ်းကြည့်ရင်း "များ"ရမည့် စကားလုံးကို "ပွား"လိုက်ကာ ဓာတ်ပုံကင်မရာကြီး ချိန်ထားသော ခြည်းထဲ၊ ဘောင်ထဲသို့ ဝင်သွားလေ၏။ သူ လမ်းလျှောက်ပုံမှာ ညာဘက်ပခုံးသည် နောက်သို့ အနည်းငယ် ရောက်ကာ ဘယ်ဘက်ပခုံးကို ရှေ့သို့ထိုး၍ သူ၏ ခါးမှာ လိမ်ဖယ်ညွှတ်ပျောင်းလျက် နွဲ့နှောင်းသောဟန် ရှိ၏။ ခါးတွင် ဝတ်ဆင် ထားသော မန္တလေး ကျစ်ပိုးပုဆိုးမှာ ခြေမျက်စိဖုံးကာ တရွတ်တိုက် ပါသွားလေ ၏။

သူနှင့် အတူတူ ဧည့်ခန်းထဲ ဝင်ရမည့် ကိုသန်းဆွေမှာလည်း ခါးတုတ် ဘုတ်နှင့် ခပ်ဝဝ ကိုယ်လုံးရှိ၍ ဆင်ပျံဆင်ပေါက်ကလေး လမ်းလျှောက်သွားသလို ပင် တစ်လှမ်းနှင့်တစ်လှမ်း အိအိညက်ညက် ရှိလှ၏။

ကိုသော်တာဆွေတို့ကို မြင်လျှင် စာရေးကိုမြင့်က–

'ဟော ... ဆွေနှစ်ဆွေ ဘယ်က ပေါ်လာကြသလဲ၊ လာကြ ... လာကြ ... ထိုင်။ မတွေ့ရတာ အတော်ကြာပါပကော'

စာရေးကိုမြင့် လုပ်သူမှာ သည်စကားကို အက်တင်နှင့် အဆီအငေါ်တည့် အောင် အတော် ကြိုးစားပမ်းစား ပြောရရှာသည်။

ကိုသော်တာဆွေသည် သူ ထိုင်ရမည့် ကုလားထိုင်တွင် မထိုင်မီ–

'မတွေ့ရတာ ကြာဆို မဂ္ဂဇင်း ဖောင်ပိတ်ရက်မှာ အလုပ်တွေ များနေ ကြလို့ပဲဗျ။ နို့ ဟိုဆရာကြီး တစ်ယောက်ကော'

ကိုတင့်တယ်သည် မျက်မှောင်ကြီး ကြုတ်လျက် အားမလို အားမရ ဖြစ်လှသည့်ဟန်ဖြင့် နှုတ်ခမ်းကိုက်ကာ ခေါင်းကို ဆတ်ဆတ်ခါ၍ 'ပြန်လုပ် ... ပြန်လုပ်' ဟု ကြုံးအော်လေ၏။

ကိုသော်တာဆွေ၏ အသံမှာ နောက်က ကုဒ်းလိုက်သလိုပင် မြန်လိုက် သည်မှာ ပြောစရာ မရှိချေ။ မျက်ခုံးမျက်စနှင့် ခေါင်းပါလှုပ်ကာ ပါးချိုင့်ကလေး ပေါ်လေအောင် အက်တင်များများ ထည့်ပြောလိုက်သဖြင့် ရုပ်ရှင်ထဲက မင်းသမီး ကြီး ဒေါ်ဂျမ်းစိန်၏ အက်တင်ထက် စွံနေလေ၏။

'နို့ ဟိုဆရာကြီး တစ်ယောက်ကော ... ဆိုတဲ့ နေရာမှာ မခြောင်ခင် အသာ နားပြီး ဟိုဟိုဒီဒီ ကြည့်လိုက်ရသေးတယ်'

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသော်တာဆွေသည် ကိုတင့်တယ် ပြောနေစဉ် ကိုတင့်တယ် ဟိုဟိုဒီဒီ ကြည့်ပြပုံအတိုင်း သူပါ လိုက်လျက် ဟိုဟိုဒီဒီ ကြည့်နည်းမျိုး ကျိုးကန်းတောင်းမှောက် လုပ်ပြနေရာ၊ ဘေးက ကြည့်နေသော ပရိသတ်မှာ တဟားဟား ပွဲကျနေကြလေ၏။

'ကိုင်း ... ပြန်လုပ်'

ဆောင်းပါး၊ ဝတ္ထုထဲတွင် သူနှင့် သိသူကျွမ်းသူ မှန်သမျှ ရစရာ မရှိအောင် ကလောင်နှင့် ဖိနှိပ်ကော်ခတ်ခဲ့သော ကိုသော်တာဆွေ တစ်ယောက်သည် ဖလင်နယ်ပယ်တွင် နိုင်သူပေါ်ကာ နှိပ်စက် ညှဉ်းပန်းမှုကို အလူးအလဲ ခံနေရကာ အဖန်တလဲလဲ ပြန်လုပ်ပြနေလေ၏။ ကိုတင့်တယ်က 'အစ်မကြီး၊ ကျွန်တော် သူ့ကို ခုမှ ကောင်းကောင်း နိုင်ရတာ' ဟု ကျွန်မအား အောင်မြင်သံဖြင့် တိုးတိုးကလေး လာကပ်ပြောလေ၏။

ကိုသော်တာဆွေ အကြိမ်ကြိမ် ပြင်ကျင့်ပြီးနောက် စာရေးကတော်အေးအေးက 'ဘယ်သူလဲ ... မောင်အောင်တင့်လား၊ စောစောကတည်းက ထွက်သွားတယ်ရှင့်' ဟု စကားဝင်လိုက်သည်။

'ဒီ... ကိုယ်တော်ချောကလည်း ခုတလော တော်တော် ခြေသွက်နေတယ်။ မဂ္ဂဇင်းတိုက်ကိုတောင် တစ်နေ့မှ မပေါ်လာဘူး'

ကိုသန်းဆွေသည် သူ့အသံလေး သာသာစီစီနှင့် သဘာဝကျကျ လှမ်းပြောလိုက်သည်။ ဦးကျော်မှာ ကိုသန်းဆွေ ပြောဟန်ဆိုဟန် သံနေသံထားကို စိတ်တိုင်းကျလှကာ အားရကျေနပ် နေလေ၏။

အအေးဓာတ်ငွေ့မှာ အတော်ပင် အေးမြလာသည်။ ကျွန်မမှာ အနွေးထည်ဝတ်ထားရကာ ကော်ဖီပူပူ မှုတ်သောက်နေရသည်။

စာရေးလင်မယားနှင့် သူတို့နှစ်ဦး ဆုံ၍ ရိုက်သော စကားပြောခန်းမှာ အချိန် အတော်ကုန်နေလေ၏။ တစ်ဦးက နေရာကျသွားပြီး၊ တစ်ဦးက နေရာမကျ ရှိပြန်၍ မရိုက်ခင် အကြိမ်ကြိမ် အဖန်ဖန် ပြင်လိုက် ကျင့်လိုက် လုပ်ကြရကာ၊ ဒါရိုက်တာမှာ ဖျားချင်သလို စိတ်ရောကိုယ်ရော ပန်းကျလာသည်။

ဘီလပ်ပြန် ကိုတင့်တယ်သည် ပုဆိုးတစ်ထည်ကို ဆွဲခြုံကာ အထက်ထပ်မှန်ဆောင်သို့ ကြုံးအော်လိုက်သည်။ 'မကယ်နိုင်ကြတော့ဘူးလားဗျို့၊ လူတွေလည်း ဒုလာပါဒရက် လိုက်ကုန်တော့မယ်။ ခင်ဗျားတို့ အအေးဓာတ် လျှော့ပါဦးဗျ'

ကိုသော်တာဆွေမှာ အခါခါ လုပ်ပြနေရ၍ ငြီးငွေ့လာသည့်အခါ ဖောက်လိုက်လေ၏။





'သန်းဆွေ ... တစ်သက်လုံး လုပ်စားရမှာကွ၊ ငါ့ကို ကြောင်မနေစမ်းနဲ့၊ ပြန်လုပ်'

ကိုသန်းဆွေကို အနီးကပ်ပုံကြီး ရိုက်ကူး အသံသွင်းနေစဉ်၊ ကိုသော်တာဆွေသည် ကျွန်မ နားသို့ ထ လာလေသည်။

'အစ်မကြီး ကျွန်တော့်အခန်းဟာ အကယ်ဒမီ ရနိုင်ပါရဲ့နော်'

ကျွန်မက 'နီးစပ်ပါပြီလားရှင်' ဟု ပြောလိုက်သည်။

ကျွန်မမှာ ပက်လက်ကုလားထိုင်တွင် လှဲထိုင်ကာ နှုတ်ကရာ ကျိုးမော့ရင်းသာလုလုငေး ဝတ္ထုဇာတ်ကြောင်းကို ပြန်လှန် စဉ်းစားနေကာ၊ ဝတ္ထုထဲက ဇာတ်ကွက်များကို ဇာတ်ကောင်တွေ အသီးသီးနှင့် မြင်ယောင်နေမိလေ၏။ မဂ္ဂဇင်းဝတ္ထုကို အသံထွက် ရုပ်ရှင်ဖြစ်အောင် ဖန်တီးသူများမှာ မဂ္ဂဇင်းတိုက်ရှင်နှင့်စာရေးဆရာ တစ်စုဖြစ်၍ အခြားရုပ်ရှင်နှင့် မတူသော ထူးခြားချက်ကို သွားတွေးမိသည်။

ကိုသော်တာဆွေမှာ ဒုက္ခများနေလေ၏။ နောက်တစ်ခန်းအတွက် ပြောရမည့် စကားကို ကျင့်နေရာ၊ စတူဒီယိုအလုပ်သမားများမှာ ဓာတ်ပုံကင်မရာချိန်ထားကာ အဆင်သင့် ပြင်ဆင်၍ အနားတွင် ခြေပစ်လက်ပစ် ထိုင်နေကြလျက်စောင့်ဆိုင်းနေကြ၏။

'မထင်နဲ့ဦး မမအေး၊ သူတို့ ထုတ်ဖို့ ကြံနေတဲ့ မဂ္ဂဇင်းက ခပ်ဆန်းဆန်းဗျ။ မဂ္ဂဇင်း အသစ်တစ်စောင်ဟာ အနည်းဆုံး တစ်နှစ်လောက် အရှုံးခံပြီး ထုတ်နိုင်မှ သက်ဆိုးရှည်တတ်တာ။ အေးဗျာ၊ ဖိုးအောင်တင့် လာရင်သာ ကိုဇော်က မှာတဲ့ အကြောင်း ပြောလိုက်ပါတော့။ ကျွန်တော်တို့ သွားမယ်'

ကိုတင့်တယ်က ကိုသော်တာဆွေ ပြောရန် စကားကို သံနိမ့်သံမြင့်ဖြင့် ဘေးက ရွတ်ပြနေလေ၏။ ကိုသော်တာဆွေကလည်း အကြိမ်ကြိမ် ပြင်ရလျက်မချောနိုင်အောင် ဖြစ်နေသည်။

'မောင်ဆွေရ စဉ်းစားလိုက်စမ်းပါ၊ မဂ္ဂဇင်းအလုပ်ဟာ မောင်ဆွေ နားလည်တဲ့အလုပ် မဟုတ်လား။ ထစ်နေစရာ လိုသေးသလား။ အေးဗျာ ဆိုတဲ့ နေရာမှာ အသံကို မချပါနဲ့၊ အသံကို တက်ပြောပါ။ ကဲ... ပြန်လုပ်'

ကိုတင့်တယ်သည် ကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြန်ကာ ရိုက်ကွင်းကို ကျောခိုင်းလျက် ဒူးပေါ် လက်ထောက်ပြီး လက်သီးဆုပ်ပေါ်တွင် နမှူးမှောက်၍ ကိုသော်တာဆွေ၏ အသံကို မျက်စိမှိတ် အာရုံစိုက်ထားလေ၏။ ကိုသော်တာဆွေမှာ ပြင်ပြောနေလေ၏။ ပြောနေစဉ် မဆုံးမီ ကိုတင့်တယ်က လှမ်းအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်ဆွေ့ အရက်ထဲမှာ ရေရောတာ များသွားပြီ... များသွားပြီ'

ကိုသော်တာဆွေမှာ ပြောနေသော စကားကို ဖြတ်လျက် သဘောပေါက်သွားသည့် အသံဖြင့် 'နားလည်ပြီ... နားလည်ပြီ' ဟု ပြန်အော်လိုက်လေ၏။

နားလည်ပြီ၊ နားလည်ပြီဟု အော်ပြီးမှ လွဲလေရာ ကိုတင့်တယ်သည် နေရာမှ ထလိုက်ပြီး ဟိုလျှောက်သည်လျှောက် လျှောက်ကာ 'ဓားတစ်ချောင်းလောက် ရှာပေးစမ်းပါဗျို့' ဟု အော်လိုက်၏။ ဦးကျော်က 'ဘာလုပ်ဖို့တုံး' ဟု မေးလိုက်သည်။

'ကိုယ့်ကိုယ်ကိုယ် ထိုးသတ်ချင်လို့ပါ'

ဒါရိုက်တာမှာ ကြိတ်မနိုင် ခဲမရ ဖြစ်လျက်၊ သေချင်စော် နံနေလေသည်။ ကိုသော်တာဆွေမှာ အပြုံးမပျက်၊ အရယ်မပျက်၊ အနောက်မပျက် တဝါးဝါးနှင့်ပင် ပွဲကျနေကြသည်။

ကျွန်မမှာ ထိုင်ကြည့်နေရင်း ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြသော သူတို့တစ်တွေကို သနားမိလေသည်။ အေးအေးဆေးဆေး စားပွဲတွင် ထိုင်ကာ စာရေးနေလျှင် ဖြစ်ကြလျက် ကိုယ့်ချမ်းသာမှု ကိုယ်မရှာဘဲ ဘဝပြောင်းချင်ကြတာ ခေါင်းသူကြီးဦးကျော်ပါ အပါအဝင်၊ သူတို့၏ ဘဝကို ဘေးက ထိုင်ကြည့်ရင်း အခြောက်တိုက် မောပန်းနေလေ၏။

၃

ကျွန်မသည် အကြားအမြင်ရ အတတ်ကို သည်မျှနှင့် ရပ်တန့်ကာ မောပန်းစွာဖြင့် မျက်လုံး အနားယူလိုက်ရလေသည်။ သူတို့၏ ဘဝသစ်ကို ကွက်ကွက်ကွင်းကွင်း မြင်ကြပြီဖြစ်သော စာဖတ်ပရိသတ်ကြီးအားလည်း အနားပေးလိုပါသည်။ ကျွန်မ၏ လက်ရှိဘဝ စာပေနယ်ပယ် အတွင်းမှနေ၍ ဘဝပြောင်းနေကြသော သူတို့ လေးဦးစလုံးကို မျှော်မှန်းရော်ရမ်းကာ သူတို့ ရုပ်ရှင်လုပ်ငန်းကြီး အောင်မြင်ပြီး၊ သည်ဘဝမှ ကျွတ်ကြလွတ်ကြရန် "လာလုလုငေး" ဇာတ်ကားကြီးကို မြန်မြန် ရုံတင်နိုင်ပါစေသားဟု ဩဓိသပတ္တနာ မေတ္တာရည်မှန်းလျက် ရှိရပေသည်။

[ ရှုမဝ၊ အောက်တိုဘာ ၁၉၅၆ ]

## သာသောအခါ သာပါလိမ့်

၁

ရန်ကုန်တွင် နွေဘက် သင်္ကြန်အချိန်၌ ရေဆင်းရဲ၏။ အိမ်ပေါ်သို့ လုံးလုံး ရေမတက်တော့သဖြင့် ရေတစ်ထမ်း တစ်ကျပ် ပေးဝယ်ရသည်ပင် အလိုရှိသလောက် မရနိုင်အောင် ရေထမ်းသူများလည်း ရှားပါး၏။ နံနက်လင်းလျှင် မျက်နှာသစ်စရာပင် ရေမရှိသော အခက်အခဲ ရှိနေရ၍ ရန်ကုန်က ထွက်ပြေးချင်စိတ် ပေါ်လာလေသည်။

ကလေးများ နွေကျောင်းပိတ်ရက် ဖြစ်သည်။ လေးငါးဆယ်ရက် ရန်ကုန်မှ ဝေးရာသို့ ထွက်ပြေးသွားရန် နေရာတစ်နေရာ စဉ်းစား ရွေးချယ်ကြည့်သည်။ ကျွန်မမှာ ရှမ်းပြည်နယ်သို့ သွားလိုဆန္ဒ ရှိနေသည်။ ကလေးများက သထုံ၊ မော်လမြိုင်ဘက်သို့ သွားချင်ကြသည်။ သားအလတ်မှာ ရန်ကုန်တွင် မရှိ၊ ပဲခူးသို့ သွားနေကာ အဖော်တစ်ယောက်နှင့်အတူ ကျိုက်ထိုဘက်သို့ သွားမည်ဟု သတင်းပေးပို့လေသည်။

ပဲခူးမှ သူထွက်မည့်နေ့ရက်ကို အမီလိုက်ကြကာ သူဝင်ချင်သော ကျိုက်ထိုမြို့ကို တစ်ထောင့် ဝင်ပြီးနောက် သထုံ၊ မော်လမြိုင်သို့ ခရီးဆက်ရန် အစီအစဉ်လုပ်လျက် ရန်ကုန်မှ ထွက်ခဲ့ကြသည်။

မော်လမြိုင်ဘက်၊ စစ်တောင်းမြစ်ကူးရသည့် ခရီးလမ်းမှာ အလွန် ကသီကရိ နိုင်သည်။ မြစ်ဆိပ်တွင် အထုပ်အပိုး ဆွဲကာ အလုအယက် သင်္ဘောပေါ်သို့ ပြေးတက်ကြရသည်။ ကုန်းပေါင်တံတားပေါ်မှ ရေထဲသို့ လိမ့်မကျကုန်သည်ပင် တော်လှပြီဟု အောက်မေ့ရတော့၏။ သင်္ကြန်အခါတော် ရေပက်နေချိန် ဖြစ်သည်။ စစ်တောင်းမြစ်ကို ဖြတ်ကာ ခုတ်မောင်းနေသော သင်္ဘောပေါ်၌ ကျပ်သိပ်နေသော လူစုလူအုပ်ကြီးမှာ ရွှဲရွှဲစိုနေကြပေသည်။ တစ်ဖက်ကမ်းသို့ မရောက်မချင်း မြစ်ထဲက ရေကို ခပ်ကာ တရကြမ်း လိုက်ပက်ကြသော ရေပက်သူများကား သင်္ဘောပေါ်၌ အတော် သောင်းကျန်းကြလေ၏။

ရန်ကုန်၌ ရေမရှိ၍ စိတ်ညစ်ညစ်ဖြင့် ထွက်ပြေးခဲ့သော ကျွန်မမှာ ခရီးသွားမတ်တတ် တစ်ကိုယ်လုံး စိုရွှဲနေလျက် စိမ့်ချမ်းနေကာ ရေအတွက် စိတ်ညစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဖက်ကမ်း၌ စောင့်နေသော ရထားတွဲ ရှိ၍ ကမ်းဆိုက်လျှင် နေရာ ရအောင် အပြေးအလွှား တက်ကြရသည်။

ကျွန်မတို့ တက်စီးသော တွဲမှာ တွဲငယ်လျက် လူများ ပြည့်ကျပ်နေသည်။ မော်လမြိုင်ဘက်သို့ ခုတ်မောင်းနေသော ရထားတွဲများမှာ ရှေးရှေးက တွဲအို တွဲဟောင်းကြီးများ ဖြစ်သည်။ ခရီးလမ်းပန်း ဆိုးသဖြင့် တွဲသစ် တွဲကောင်းများ မထားရှော့သလားဟု တွေးမိလေသည်။

မော်လမြိုင် ရထားလမ်းကား ကရင်သူပုန်များ သောင်းကျန်းရာ နယ်မြေ ဒေသတစ်ပိုက် ဖြစ်သည့်အတိုင်း ရထားတွဲထဲ၌ ခရီးသည်များသည် လမ်း တစ်လျှောက်လုံး ပြည်တွင်းစစ်ကို ညည်းလိုက်လာကြသည်။ အခြားကိစ္စ အကြောင်းကို တယ်ပြောချင်ဆိုချင်ကြပုံ မရှိ၊ ရထားထွက်တာနှင့် မိုင်းဗုံးအကြောင်း က စတင်၍ သူတစ်ခွန်း ငါတစ်ခွန်း ပြောကြပါလေ၏။ ကျွန်မမှာ ရန်ကုန်က စစ်တောင်းအထိ သီးသန့်တွဲ စီးခဲ့သည်။ စစ်တောင်းမှ ကျိုက်ထိုဘက်သို့ သီးသန့် တွဲ မရ၍ လူအများနှင့် တိုးဝှေ့ ရောနှောစီးရရာ ခရီးသည်များ၏ ညည်းကြညူကြ သော အသံများမှာ တစ်တွဲလုံး လှိုက်ညံစီနေလျက် စိတ်မချမ်းသာ၊ နားမချမ်းသာ ဖြစ်လာရလေသည်။ အသံဗလံများကို နားစွင့်လျက် ရထားပြင်ဘက်သို့ ငေးလိုက် လာခဲ့သည်။ ဘယ်တော့များမှ ပြည်တွင်းငြိမ်းချမ်းရေး ရပါမည်နည်းဟု တစ်ကိုယ် တည်း ကျိတ်၍ သူတို့ကဲ့သို့ပင် ညည်းမိလေသည်။

ပြည်တွင်းဆူပူမှုနှင့် ပတ်သက်၍ ကိုယ်နှင့်မဆိုင် လျစ်လျူရှုကာ ဥပေက္ခာ ပြုမရသော စိတ်မှာ ကျွန်မ၌ အတော်ကြီး ပြင်းပြ၏။ ပြည်တွင်းငြိမ်းချမ်းမှု ရအောင် ဆောင်ရွက်နိုင်မှု၊ စွမ်းဆောင်နိုင်မှု မရှိဘဲနှင့် အရှုးထလျက် ဘယ်လို လုပ်ရပါမည်နည်းဟု စိတ်ရှုပ်ခဲ်ကာ ခေါင်းနောက်ဖူးခဲ့ပေါင်းလည်း များလှလေပြီ။

ကျွန်မမှာ ခရီးသွားရင်း ခရီးသည်တို့နှင့် ခတ်ကူးလျက် အရှုးထလာပြန် ကာ၊ ငြိမ်းချမ်းအောင် ဘယ်လို လုပ်ရပါမည်နည်းဟု တောင်စဉ်ရေမရ တွေးတော လိုက်လာသည်။

ပြည်တွင်းစစ်ကို တွေးလိုက်တိုင်း ဦးနု၏ မျက်နှာမှာ ပေါ်လာ စမြဲပင်။ ပြည်တွင်း ငြိမ်းချမ်းရေးရအောင် နိုင်ငံခေါင်းဆောင်ကြီး ဦးနုသည် မဖြစ်ဖြစ်အောင် လုပ်လိမ့်မည်ဟူသော ယုံကြည်ချက်မှာ ကျွန်မ စိတ်ထဲ၌ စွဲလမ်းလွှမ်းလှသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကျွန်မ တတ်နိုင်သည့်ဘက်မှ ဝတ္ထုများဖြင့် လှုံ့ဆော်၍ ရေးခဲ့လေတိုင်း၊ အားထားစိတ်ဖြင့် ဝတ္ထုထဲတွင် ဦးနုကို မပါ ပါအောင် ထည့်သည်။

ရှုမဝမဂ္ဂဇင်းထဲ၌ ရေးခဲ့ဖူးသော "မြန်မာ့ငြိမ်းချမ်းရေး" ဟူသော ဝတ္ထုထဲ

သီဟရတနာစာပေ



တွင် ကရင်သူပုန် နိုပ်စက်၍ တရပ်တကျေး ထွက်ပြေးနေရသော ရဟန်းသံဃာ တော် တစ်ပါးက ရွာသို့ ပြန်ကျောင်းထိုင်ရန် လာပင့်ကြသော တပည့်တပန်းများထံ စာပြန်ဟန် "တကြော်ကြော် ခေါ်လာနှင့်ဦး၊ ကရင်နှင့် သခင်နုတို့ မိတ်ပြုရန် ဆွေးနွေးလို့၊ ကျေအေးစွာ ငြိမ်းချမ်းမှ၊ လှမ်းခဲ့မယ်ဘုန်း" ဟု ရေးဖူးခဲ့သည်။

ထို့နောက် "ပြည်သူ့ဆုတောင်း" ဟု ဝတ္ထုတစ်ပုဒ် ထပ်ရေးပြန်သည်။ ဆာလထဲရှိ သစ်ပင်အောက်၌ ရင်အုံပွင့်သွား၍ သွေးပန်းနေသော မိခင်၏ ရင်ဝကို လက်ဝါးကလေးနှင့် အုပ်ပိတ်ထားသော လူမမည် တောသူနှင့် ရွှေတိဂုံကုန်းတော် ခေါ်၌ ဆုံကြဟန် ဇာတ်လမ်းဖွဲ့လျက်၊ ဝတ္ထုအဆုံးတွင် ငြိမ်းချမ်းရေးအတွက် ရွှေတိဂုံစေတီကြီး မတတ်နိုင်ချေ၊ ဦးနုသာလျှင် တတ်နိုင်ချေသည် တကားဟု ရေးမိပြန်သည်။

ကျွန်မမှာ ရထားပြင်ဘက်သို့ ငေးလျက် ငြိမ်းချမ်းရေးပြဿနာကို စဉ်းစား သာရင်း တစ်ချက် တစ်ချက် ဦးနုမျက်နှာကို ရိပ်ခနဲ မြင်နေသည်။ တစ်ချက် တစ်ချက် လုပ်ဝံ့ကိုင်ဝံ့သူ မရှိ၍ ကျွဲစားကျက်၊ နွားစားကျက် ဖြစ်ကုန်သော လယ်ရိုင်းလယ်ကွက်တွေလည်း မြင်၏။ တစ်ချက် တစ်ချက်လည်း မိုင်းဗုံး ဖောက်ခွဲထားသော တံတားပျက်ကြီးများကို မြင်မိသည်။

'ကျိုက်ထီးရိုး ဘုရားဖူးတွေတော့ တက်ကြတာပဲ' ကျွန်မသည် သဲ့ခနဲ ကြားလိုက်၍၊ ကျွန်မ ရှေ့၌ ထိုင်နေသော အသားမည်းမည်း လူကြီးဘက်သို့ မျက်နှာလှည့်လိုက်သည်။

'ကျိုက်ထီးရိုးဘုရားလမ်း ဖွင့်သလားရှင်'

ကျွန်မက သဲ့ခနဲ ကြားရသော သတင်းကို သဲကွဲအောင် ပြန်မေးကြည့် သည်။

'သွားတဲ့လူ တချို့တော့ သွားကြတာပဲ'

ကျွန်မအား အဖြေပေးသော ထိုလူကြီးသည် မေးလို့သာ ဖြေရသည်။ မျက်နှာရော၊ အသံရော ပေါ့ပျက်ပျက် ပြန်ပြောနေသည်။ ကျိုက်ထီးရိုးဘုရား အကြောင်း ကြားရမှ ကျွန်မတို့ ဆင်းကြမည့်ဘူတာမှာ ကျိုက်ထိုဘူတာဖြစ်၍၊ ရှစ်နှစ်သမီးလောက်က ကျိုက်ထီးရိုး ဘုရားဖူးလာရာ ကျိုက်ထိုဘူတာ၌ ဆင်းကြ သည်များကို တရေးရေး အမှတ်ရလျက် စဉ်းစားနေခိုက်၊ ကျွန်မနှင့် တစ်ယောက်ခြား ထိုင်နေသော စစ်ဗိုလ်ကတော်က စကားလှမ်းပြောလိုက်သည်။

'အစ်မကြီး မော်လမြိုင် ဘယ်နေ့လောက် ရောက်မလဲ၊ အိမ်မှာ တည်းနော်'

ကျွန်မမှာ အတွေးကို ဖြတ်ကာ မော်လမြိုင် ရောက်မည့်ရက်ကို တွက်ချက် ကြည့်သည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကျိုက်ထိုမှာ တစ်ညပဲ အိပ်မယ်၊ နက်ဖြန် သထုံသွားပြီး သုံးလေးရက်အတွင်း မော်လမြိုင် ရောက်မှာပါပဲ'

မော်လမြိုင်သို့ တစ်လျှောက်တည်း သွားချင်လှက်၊ သားအလို လိုက်ကာ ကျိုက်ထိုဘူတာသို့ ဆင်းလိုက်ရသည်။ ဘူတာ၌ ကျိုက်ထိုမြို့မှ ကိုစိုးနိုင်က ကျွန်မ သားကို စောင့်ကြိုနေလေသည်။ ကျွန်မတို့ ပါလာသည်ကို အံ့အားသင့်ကာ ဝမ်းသာအားရ တွဲပေါ်တက်လာသည်။

'မော်လမြိုင် သွားမလို့၊ ကိုစိုးနိုင်ဆီ ဝင်ပါရစေ ပြောလို့ ဝင်ရမှာ။ ကိုစိုးနိုင်အိမ်နဲ့ ကျွန်မတို့ လူအုပ်နဲ့ ဖြစ်ပါ့မလားရှင်'

ကျွန်မတို့ လူစုမှာ အိမ်ရှိလူကုန် တစ်အိမ်သားလုံး ဖြစ်နေ၍ ကျွန်မက အားနာနေသည်။ ကိုစိုးနိုင်မှာ 'ဖြစ်တာပေါ့၊ နေရာ အကျယ်ကြီး' ဟု ဝမ်းသာအားရ ပြောကာ ရထားပေါ်မှ ပစ္စည်းများကို ဆွဲချလေသည်။ ဘူတာရုံ၌ ဆိုက်ကားမလုံလောက်၍ ပစ္စည်းများကို သစ်ပင်အောက်၌ စုပုံထားကြကာ ဆိုက်ကားအခေါ်လွှတ်လိုက်လေ၏။

ကျွန်မသည် သစ်ပင်ခြေရင်းက အမြစ်တုံးကြီးပေါ်၌ သွားထိုင်ကာ ကျိုက်ထို မြို့ခင်းမြို့ကွက်ကို မျှော်လှမ်းကြည့်လိုက်သည်။ နေရောင်အောက်၌ မြေနီမြေမှုန့်များ ထောင်းထောင်းထကာ တလွင့်လွင့် ရှိလျက်။ အိမ်ခြေ အလှမ်းကျဲကျဲ မြင်ရသော ရှုခင်းထဲတွင် အဝေးမှ သစ်ခက်များ အုပ်မိုး၍ စိတန်းကာ မောင်းလာနေသော လှည်းတန်းကြီးကို တွေ့လိုက်ရသည်။

'ကိုစိုးနိုင် ကျိုက်ထိုမှာ ဘုရားပွဲ ရှိသလား'

ကျွန်မ စိတ်ထဲ၌ ဘုရားပွဲလာကြသော တောလှည်းများဟု ထင်မှတ်၍ မေးလိုက်သည်။ ကိုစိုးနိုင်သည် အဝေးမှ လှည်းတန်းကြီးကို လှမ်းကြည့်လိုက်ကာ 'ဒီမှာ ဘုရားပွဲ မရှိဘူး၊ ဒီလှည်းတွေက ကျိုက်ထီးရိုး ဘုရားဖူးပြန်တွေ၊ တောင်ပေါ်က ဆင်းလာကြတာ' ဟု ပြောပြသည်။

'ကျိုက်ထီးရိုး ဘုရားဖူးလှည်းတွေ ဟုတ်လား၊ ကရင်သူပုန်တွေက မနှောင့်ယှက်ဘူးလား ရှင်။ ရထားပေါ်မှာလည်း ကြားခဲ့တယ်'

ကျွန်မမှာ လှည်းတန်းကြီးကို တစ်ဖန် ပြန်လှမ်းကြည့်လျက် ကရင်သူပုန်နယ်ထဲသို့ စွန့်စွန့်စားစား ဘုရားဖူး သွားခဲ့သူတို့ကို အံ့သြငေးမောနေမိသည်။

'ကရင်သူပုန်တွေက လမ်းဖွင့်ပေးတာ။ တောင်ပေါ်မှာ ဘုရားထီးတင်ပွဲ သူတို့ လုပ်တယ်။ တောင်ပေါ်ကို ဘုရားဖူး လာကြပါ၊ သူတို့ စောင့်ရှောက်ပါ့မယ်၊ တာဝန်ယူပါ့မယ်လို့ မြို့ထဲမှာ စာရွက်တွေ လျှောက်ကပ်တယ်။ အဲဒါကြောင့် သွားရဲကြတာ'





'အို . . . သူတို့က ဗုဒ္ဓဘာသာလား' -

ကိုစိုးနိုင်သည် ရှိက်ရယ်လိုက်လေ၏။ ကျွန်မ အံ့သြဟန်ကို ကြည့်လျက် ရယ်ကာ ပြီးမှ ဆက်ပြောသည်။

'ဗုဒ္ဓဘာသာတွေပေါ့ ဒေါ်မမလေးရဲ့၊ ဒီဘက်နယ်က ကရင်သူပုန်ဆိုတာ ဗုဒ္ဓဘာသာဝင်ချည်းပဲ။ ကေအင်ဒီအိုတွေထဲမှာ ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာ နှစ်ဂိုဏ်း ပေါင်းထားတာ။ ဘုရားထီးတင်ပွဲဟာ လူတော်တော် စည်တယ် ပြောတယ်၊ ဘာမှ မနှောင့်ယှက်ဘူးတဲ့။ ဘုရားဖူးပြန်တွေ ပြောတော့ စားနပ်ရိက္ခာ မပါရင် သူတို့ကတောင် ဝေခြမ်းပေးသေးတယ်တဲ့'

'ဟာ . . . ဒီလိုဆိုရင် ဘုရားသွားဖူးရအောင်'

ကိုစိုးနိုင်မှာ သူ့မျက်လုံးကို တာစူ၍ ပြူးလိုက်ကာ သွားများပေါ်အောင် ဖြဲပြီး အံ့အားသင့်စွာပင် 'ဒေါ်မမလေး သွားမလား၊ တကယ် ပြောတာလား' ဟု မေးနေလေသည်။

'သွားချင်တယ်ရှင်၊ ကြုံကြိုက်ခဲပါဘိ။ သူများတကာတွေ သွားဖူးလို့ ပြန်လာကြမှပဲ၊ သွားမယ်ရှင်၊ မနက်စောစော တက်ရအောင်'

ကျွန်မမှာ ကျိုက်ထိုဘူတာအဆင်း သစ်ပင်အောက်၌ တစ်ထိုင်တည်း ဘုရားတက်ဖူးရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ကျိုက်ထိုနှင့် ကျိုက်ထီးရိုးမှာ မြေစပ်ကြောတည်း ဖြစ်လေ၏။ ကျိုက်ထိုမြေ နင်းလိုက်သည်နှင့် မြေကြောလိုက်ကာ ကျိုက်ထီးရိုး တောင်ပေါ်သို့ မရည်ရွယ်ဘဲ ရောက်ရဦးတော့မည်။

စစ်အတွင်း လူဖြစ်ကြ၍ ကျိုက်ထီးရိုးဘုရားပုံတော်သာ မြင်ဖူးတွေ့ဖူးကြသော ကလေးများမှာ ခရီးလမ်း ဘာမှန်းညာမှန်း မသိကြဘဲ၊ ကျွန်မက ကျိုက်ထီးရိုး ဘုရားဖူးမည်ဟု ဆိုလိုက်ရုံဖြင့် ဝမ်းသာဝမ်းမြောက် ခုန်ပေါက် မြူးထူးသွားကြလေ၏။

၂

နောက် ဝေလီဝေလင်း အိမ်ရှေ့၌ လှည်းနှစ်စီး ရောက်လာသည်။ ကျွန်မမှာ အိမ်ရှေ့ ခံနပ်ချွတ်၌ ရပ်ကာ ကျွန်မတို့ စီးသွားရမည့် လှည်းယဉ်ကလေးတွေကို ကြည့်ရှုလျက် စိတ်ကြည်နူးနေပေသည်။ အိမ်က ထွက်လာစဉ်က ကျိုက်ထီးရိုးဘုရားဖူးရန် အစီအစဉ် မရှိခဲ့ဘဲ၊ မရည်ရွယ်ဘဲ လာကြုံကြိုက်ရခြင်းအတွက် နှစ်ထောင်းအားရဖြစ်မိသည်။ ကျိုက်ထီးရိုးတောင်မှာ ကရင်သူပုန်များ နယ်ပယ်ဒေသ တစ်ပိုင်းဖြစ်၍၊ သူတို့ ကြီးစိုးနေသော သူတို့ နယ်ထဲသို့ သွားခွင့်ပြုသည် ဆိုသည့်အတွက် သွားကြည့်ရန် စိတ်အားထက်သန်ခြင်းလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မှာ တောင်ပေါ်တွင် ညအိပ်ရမည်ဖြစ်၍ စားမှုသောက်မှု ကိစ္စ အတွက် ငါးသေတ္တာ၊ နို့ဆီ၊ ပေါင်မုန့်၊ ငါးပိကြော်များ ပိုပိုမိုမို ယူရသည်။ မြို့ပြင်၌ စောင့်နေသော စစ်တပ်က နို့ဆီ၊ ငါးသေတ္တာများ ဘူးလိုက် ယူခွင့်မပြုဟု ဆိုကြ၍ ဖောက်ထည့်ယူရလေသည်။

နံနက် ဝေလီဝေလင်း လှည်းနှစ်စီးသည် ခြူသံ တညံညံနှင့် ပေတစ်ရာ လမ်းပေါ်၌ ပြေးနေကြ၏။ မြို့ထဲတွင် အချို့အိမ်များ တံခါး မဖွင့်ကြသေး။ နံနက်စောစော လမ်းထွက်လာသူတို့သည် လှည်းနှစ်စီးကို သမင်လည်ပြန် လှည့်ကြည့်သွားကြသည်။ ကျိုက်ထီးရိုးတောင် တက်မည့် လှည်းမှန်း သိကြသလိုလို သူတို့ မြို့ခံများပင် မသွားဝံ့သော ဒေသသို့ သွားဝံ့ကြသော ကျွန်မတို့အား ဘယ်အရပ်က ဘာတွေပါလိမ့်ဟု စိန်းစိန်းကြီး စိုက်ကြည့်လိုက်ကြသည်။ ကျွန်မမှာ လှည်းဦး၌ ထိုင်ကာ ထွက်ပြူစ နေဝန်းကြီးကို မျက်နှာပြုလျက် လင်းသစ် လာတော့မည့် နံနက်ခင်းကို စောင့်ကြိုမိသည်။ ကျေးငှက်တို့သည် စိမ်းဆတ်သော လေအဟုန်ထဲဝယ် ပျံသန်း ဟစ်ကြွေးလျက် ကြည်မွေ့နေကြ၏။ တစ်စစ သစ်ထင်း ဝါးပင်များပေါ်သို့ ယိုဖိတ်ကျလာသော နေရောင်၏ အသွေးကား ဖျော့လျော့လျော့ ဝင်းဖြာလှနေပေသည်။

မြို့စွန်မြို့ဖျား ရောက်ချိန်၌ နေလုံးမြင့်လျက် အပူရှိန် ပြင်းလာလေသည်။ မြို့ထိပ်၌ စောင့်နေသော အစိုးရတပ်မှ အစောင့်စစ်သားများက လှည်းများကို ရပ်ခိုင်းသည်။

'ဘုရားဖူးတွေပါ၊ တောင်ပေါ် သွားမလို့။ ဟောဒီမှာ နို့ဆီ၊ ငါးသေတ္တာ ဖောက်ယူလာပါတယ်'

ကျွန်မနှင့် အတူတကွ ရန်ကုန်မှ လိုက်လာသော အဒေါ်က ဆွဲချိုင့်များကို ဖွင့်လှစ်ကာ ပြလေ၏။ ကျွန်မမှာ စစ်သားများကို အကဲခတ်ကာ သူတို့ စစ်ဆေး မေးမြန်းပုံကို စောင့်ကြည့်နေသည်။ စစ်သားများမှာ လှည်းပေါ်၌ နို့ဆီ၊ ငါးသေတ္တာ သော ပစ္စည်းများသာ အရေးတယူ ရှာကြလေ၏။ ကရင်သူပုန်များ ရှိရာ တောင် ပေါ်သို့ ရိက္ခာ မပို့အောင် စစ်ဆေးကြည့်ရှုခြင်း ဖြစ်၏။ ရှာဖွေ စစ်ဆေးပြီး သွားခွင့်ပြုလိုက်သော အခါ၌ ကျွန်မ စိတ်ထဲတွင် နို့ဆီ၊ ငါးသေတ္တာ ရှာရုံမဟုတ်ဘဲ လှည်းပေါ်က လူတွေကိုလည်း အမည်၊ နေရပ် အကြောင်းအရာ မေးမြန်း စစ်ဆေး မှတ်သားဖို့ သင့်သည်ဟု ထင်မိသည်။

လှည်းမှာ စစ်တပ်လွန်မှ ဒုန်းစိုင်း မောင်းချလာလေ၏။ နေရောင်ပြင်း၍ လမ်းဘေး သစ်ပင်ရိပ်များဘက်သို့ ဆင်းမောင်းသည်။ ခရီး အတော်ကြီး လှမ်းကာ လူနေအိမ်ခြေ ပြတ်လျက် တောစပ်ထဲ ရောက်လျှင် လှည်းနှင့် ခပ်လှမ်းလှမ်း၌





စုဝေးရပ်နေကြသော ကရင်သူပုန်များကို တွေ့ရလေသည်။ အသက် ငယ်ငယ် ရွယ်ရွယ် လေးငါးယောက်၊ အချို့ ဘောင်းဘီရှည်အနက်၊ အချို့ ဘောင်းဘီအတို အနက် ဝတ်လျက် ပုဆိုး ကွင်းသိုင်းထားကာ၊ အချို့မှာ ခါကီဘောင်းဘီနှင့် ဦးထုပ်အပျော့ စွပ်ထားသည်။ သူတို့ ကျော၌ သေနတ်များ လွယ်ပိုးထားကာ ယောင်မလည် ရပ်နေကြသည်။ မောင်းလာသော လှည်းတွေကို အရေးမထား သလို၊ မမြင်သလို၊ မကြည့်သလို သူတို့ဘာသာသူတို့ စုဝေး စကားပြောနေ သဟန်မျိုး လှမ်းမြင်ရသည်။

မော်လမြိုင် မရောက်ဖူး၍ ရန်ကုန်က လိုက်လာသော အဒေါ်မှာ ကြောက်ကြောက်လန့်လန့်နှင့် ကျိုက်ထီးရိုး လိုက်ခဲ့ရကာ ကရင်သူပုန် မြင်တာနှင့် မျက်စိမျက်နှာ ပျက်သွားလေ၏။ နှုတ်က တွတ်တွတ်ထိုး ရွတ်လျက် စိပ်ပုတီးကို ခင်းစိပ်လေ၏။ လှည်းပေါ်၌ ပျော်မြူးလာကြသော ကလေးများကို ကျွန်မက လက်ကုပ်ကာ 'ဟိုမှာ ကရင်သူပုန်တွေ' ဟု ပြလိုက်သည်။ ဆူညံလာသော ကလေး များမှာ သူပုန်တွေကို လှမ်းကြည့်လျက် ငြိမ်ကျသွားကြလေ၏။

လမ်းတွင် ဘုရားဖူးလှည်းဆို၍ ကျွန်မတို့ လှည်းနှစ်စီးသာလျှင် အသွား ရှိသည်။ ကျွန်မမှာ ကျိုက်ထိုဘုတာရုံ၌ ဘုရားဖူးပြန်လှည်းများကို ကျွန်မမျက်စိ နှင့် အမြင်၊ ကိုယ်တိုင် တွေ့မြင်ခဲ့ရခြင်းကြောင့် သူပုန်တွေ မြင်လိုက်၍ ကြောက်ရွံ့ ခြင်း၊ ထိတ်လန့်ခြင်း မရှိ။ သူတို့ ဝါဒ ဖြန့်ထားတာ ဘာမှ လုပ်မှာ မဟုတ်ဘူးဟု စိတ်ချသည်။ သူတို့ ရှိကြောင်း အရိပ်အယောင်ပြ ထင်ပါရဲ့ဟု တွေးမိသည်။ သူတို့ အမှုအရာမှာ ဒုက္ခပေးမည့်၊ နှောင့်ယှက်မည့် အမူအရာ မပေါ်သဖြင့် ခပ်ရဲရဲပင် သူတို့ကို သေသေချာချာ စိုက်ပြီး ကြည့်လာသည်။

ကျွန်မမှာ ပြည်တွင်းဆူပူမှုကို နည်းနည်းမှ မလိုလား၍ သူတို့ကို ကြည့်ကာ ဝမ်းနည်းမိသည်။ သူတို့မှာ စင်စစ် သူခိုးဓားပြများ မဟုတ်ချေ။ နိုင်ငံရေးအရ ဆော်လှန် ပုန်ကန် ခြားနားကာ သေနတ်စွဲကိုင်နေသူများ ဖြစ်ချေသည်။ တိုင်းရင်း သားတွေ တညီတညွတ် တစည်းတလုံးတည်း ရှိကြရလျှင် ပြည်ထောင်စုကြီး မည်မျှ သာယာဝပြော စည်ကားမည်နည်းဟု တွေးလိုက်ကာ သူတို့ ကြည့်ရင်း ယူကျုံးမရ ဖြစ်ရသည်။

လှည်းသည် သူတို့နား ရောက်ကာ သူတို့ကို ကျော်ဖြတ်သွားသည့်တိုင် လှည်းကို ဂရုတစိုက် မကြည့်ကြဘဲ သူတို့ဘာသာ စကားပြောနေကြပြီး လှည်းနှင့် အတော်ကလေး လှမ်းသွားမှ တောစပ်ထဲသို့ ဝင်ပျောက်သွားကြလေ၏။

'အမယ်လေး... ဘုရား... ဘုရား... မင်းတို့ အမေမို့သာ မင်းတို့ ဒီ ဘုရား ရောက်ကြတာနော်။ တခြား မိဘသာဆိုရင် ကရင်သူပုန်နယ်ထဲက ဘုရားကို မင်းတို့ ပို့မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကရင်သူပုန်များ ကွယ်ပျောက်သွားမှ အဒေါ်က သက်ပြင်းကြီး ချလိုက်ကာ ရင်တုန်ပန်းတုန်ဖြင့် ပြောလေသည်။ ကလေးများမှာ အဒေါ် စကားပြော 'မကြောက်ပါနဲ့ ဘွားဘွားရဲ့' ဟု တစ်ယောက်တစ်ခွန်း အသံ ထွက်လာကြလေ၏။

ကင်မွန်းစခန်းသို့ နံနက် ၁၀ နာရီခွဲမှ ရောက်ကြသည်။ ဇရပ်ပျက်ကြီးများ တွေ့ရသည်။ ဇရပ်ပေါ်၌ ကရင်အဘိုးကြီး နှစ်ယောက်နှင့် ကရင်အမျိုးသမီး တစ်ယောက် ရှိသည်။ ပျားရည်ပုလင်း၊ တောင်ဝှေး၊ ပလိုင်း၊ ခြင်းကလေးများ ရေ့၌ချလျက် ဘုရားဖူးလာများကို စောင့်မျှော်နေကြသည်။

ကျွန်မ ငယ်စဉ်က ဘုရားဖူးလာစဉ် ဈေးဆိုင်များ ပြည့်နှက်လျက် စည်ကားလှသော ကင်မွန်းစခန်းကို တရေးရေး မြင်ယောင်မိတော့သည်။ လေတိုက် ၍ သစ်ပင်များ တရှဲရှဲ မြည်နေကြသံမှ တစ်ပါး လူသူကင်းဝေးကာ တိတ်ဆိတ် ခြောက်ကပ်လျက် ရှိလေ၏။ ဇရပ်တွင် ထမင်းစားပြီးမှ တောင်ပေါ်တက်ရန် စီစဉ်ကြသည်။ သရက်ပင်၊ ရှောက်ပင်များ အုပ်ဝေနေသော အရိပ်အောက်၌ ရပ်ကာ၊ ရှောက်သီးတစ်လုံး ဆွတ်ခူးချင်၍ ဇရပ်ပေါ်၌ တွေ့ရသော ကရင်ကြီးအား 'ဦးကြီး ရှောက်သီးတစ်လုံး ခူးပါရစေ' ဟု လှမ်းစကားပြောလိုက်သည်။

ကရင်ကြီးသည် ဆေးတံကို ခဲလျက် 'ဝေး ကျုပ် ခူးပေးမယ်' ဆိုကာ ထ လာလေ၏။ ကရင်ကြီးမှာ အရပ်မြင့်မြင့်၊ ပိန်ပိန်၊ သျှောင်ထုံးနှင့် ပကတိ ရိုးသားသော အသွင်အပြင် ရှိသည်။

'ဦးကြီးတို့ ဒီနားမှာ ရွာမရှိဘူးလား' ဟု ကျွန်မက မေးရာ၊ ကရင်ကြီးက ပြုံးလေ၏။

'ရှိတာပေါ့ကွယ်၊ ကျုပ်တို့ ဒီနားမှာ တောင်ယာ လုပ်စားတာပဲ'

'ဒီကို အစိုးရစစ်တပ် မလာဘူးလား'

'လာတဲ့အခါလည်း လာတယ်ကွယ့်၊ လာရင် တိုက်ပွဲဖြစ်ကြတော့ ကျုပ်တို့ ထွက်ပြေးရတာပါပဲ' ဆင်းရဲသားပီပီ ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင် မစားရ သော ဘဝကို စိတ်ညစ်ဟန်၊ သူ့စကားအဆုံး၌ "ထွက်ပြေးရတာပါပဲ" ဆိုသော အသံမှာ လွမ်းဆွတ် ကြေကွဲစရာကောင်းအောင် ဆုတ်နစ်လျက် ဝဲနေသည်။

သူသည် ပြောပြီး သစ်ပင်ပေါ်သို့ တက်သွားကာ ရှောက်သီးတစ်လုံး ဆွတ်ခူး ဆင်းလာသည်။

'ဘုရားဖူးတွေ တောင်ပေါ်မှာ ရှိသေးသလား' ဟု ကျွန်မက မေးကြည့် သည်။

'ပြန်ကုန်ကြပြီ၊ နည်းနည်းပါးပါးတော့ ရှိမှာပါပဲ'





'ကျွန်မ သမီးလေးဟာ ခြေထောက် ကောင်းကောင်း မသန်ဘူး၊ တောင် ပေါ် တက်နိုင်မယ် မထင်ဘူး ဦးကြီးရယ်။ ဒီ အနီးအနားက ရွာထဲမှာ ထမ်းပို့ ပေးမယ့်သူများ ရှာမရဘူးလား'

တောင်ပေါ်သို့ မခင်လေးမြင့် တက်နိုင်မည် မထင်၍ ကျွန်မက အထမ်း သမား ရှာပေးရန် အကူအညီ တောင်းရသည်။ ကရင်ကြီးသည် တွေဝိုင်သွားလေ့က် 'ရှိမယ် မထင်ဘူး၊ အားလုံး ကိုင်းထဲ ဆင်းသွားကြပြီ' ဟု ပြောသည်။ ကျွန်မက စိတ်မလျှော့ဘဲ ထပ်၍ ပြောပြန်သည်။

'ဦးကြီးရယ် ရှာပေးပါ၊ အထမ်းသမား ရမှဖြစ်မှာမို့ ဒီအနားမှာ တစ်ဆိတ် ရှာပေးစမ်းပါ ဦးကြီးရယ်'

'အေး . . . အေး . . . ကျုပ် သွားကြည့်ဦးမယ်'

ကရင်ကြီးသည် ဇရပ်နောက်ဘက် သစ်ပင်အုပ်တွေထဲ ဝင်သွားလေ၏။ ဇရပ်ထဲ၌ နံနက်စောစော အိမ်က ချက်ပြုတ်ယူလာသော ထမင်းကို ဖက်မှာ ခူးလျက် ဖက်ပေါ်၌ ပုံစားကြလေ၏။ ကျွန်မတို့ ထမင်းစားပြီး ဇရပ်နောက်ဘက် သစ်ပင်အုပ်တွေထဲမှ ကရင်ကြီး ထွက်လာသည်။ သူနှင့်အတူ လူရွယ်တစ်ယောက် ပါလာ၏။ လူရွယ်မှာ အသက် ၃၀ ခန့်၊ အသား နီကြင့်ကြင့်၊ ကိုယ်တုံးလုံးနှင့် အကျီမရှိ၊ ပုဆိုးညစ်ညစ် နံငယ်ပိုင်းသာသာ ဒူးအထိ ဆီးထားကာ တုတ်ခိုင်ခိုင် ဂင်တိုပုံပန်းမျိုးပင်။ လက်မလောက် ရှည်နေသည့် ဆံတိုနှင့် ဖြစ်သည်။ သူ့ဆံတိုမှာ ထိုးထောင်နေလျက် မျက်နှာကို အုပ်မိုးနေသည်။

'သူ့ပဲ ခေါ်လာရတယ်၊ ဒီမှာ ဘယ်သူမှ မရှိတော့ဘူး'

ဆံတိုမှာ မျက်လုံးစင်းလျက် တုတ်တုတ်မှ မလှုပ်၊ လက်နောက်ပစ်ထား သည်။ မေးစေ့ကို အထက်သို့ ပင့်မ၍ နှုတ်ခမ်းကို စေ့ထားလေရာ အောက်နှုတ်ခမ်း မှာ ရှေ့သို့ လန်ထွက်နေသည်။ ဆင်းရဲလှသော လူကြမ်းရုပ်မျိုး ပေါက်နေလျက်၊ ရှေးရှေး ကျောက်ဂူခေတ်က လူရိုင်းရုပ်မျိုးနှင့် ခပ်ဆင်ဆင်ပင်။

'သမီး တောင်ပေါ် တက်နိုင်မှာ မဟုတ်ဘူး၊ ပုခက်လုပ်ပြီး သူ ထမ်းတက် လိမ့်မယ် . . . ဘယ့်နှယ်လဲ'

မခင်လေးမြင့်မှာ သူ့အင်္ဂါရုပ်ကို ကြည့်ကာ လန့်ဖျပ်သွားလျက် မျက်လုံး ကြောင်တောင်နှင့် ငေးကြည့်နေသည်။

ထမ်းမည့်သူ တစ်ယောက်တည်း ရှိနေ၍ ကျိုက်ထိုမှ လှည်းပေါ်တွင် လိုက်ပါလာသော ကိုစိုးနိုင် အသိ လူကြီးတစ်ယောက်က သူပါ ထမ်းမည်ဟု ဝင်ပြောသည်။

'ကောင်းပါပြီ၊ တောင်ပေါ်အရောက် ဘယ်လောက်ပေးရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကရင်ကြီးက ဆံတိုကို ကရင်လို လှမ်းမေးလိုက်သည်။ ဆံတို၏ မျက်လုံးမှာ ပွင့်လှုပ်လာကာ မပွင့်တပွင့် အသံဖြင့် အာလေးလျှာလေး ပြန်ပြောလေသည်။

'လေးဆယ် ပေးရမယ် ပြောနေတယ်'

'များလှချည့်လား ဦးကြီးရယ်၊ မလျှော့တော့ဘူးလား'

ကရင်ကြီးက ပြုံးလေ၏။

'ကျုပ်တို့ ကရင်က ခက်တယ်။ လူချင်း ခင်ရင် အလကား ထမ်းပို့တာပဲ၊ ပိုက်ဆံ တစ်ပြားမှ မယူဘူး။ ပိုက်ဆံနဲ့ဆိုရင် ပြောတဲ့အတိုင်းလည်း တစ်ပြားမှ မလျှော့တော့ဘူး'

'ဪ... ဪ... ဒါဖြင့် ကောင်းပါပြီလေ။ ဘယ်လို ထမ်းမလဲ၊ ကျွန်မတို့မှာ စောင်ပါ ပါတယ်'

'ထမ်းပိုးလျှိုဖို့ ဝါးသွားခုတ်ရမယ်ပေါ့၊ ကြိုးလည်း ရှာရမယ်'

ကရင်ကြီးက ဆံတိုကို ဝါးခုတ်ရန် လှမ်းပြောလိုက်သည်။ ဆံတိုသည် သူ၏ တုတ်ခိုင်သော ခြေသလုံးဖြင့် မြေကြီးကို ဖနောင့်နှင့် ပေါက်နင်းသွားသော အသံမျိုးထွက်အောင် ဘောက်ဘောက် မြည်သွားကာ သစ်ပင်များ အုပ်ဝေနေရာ ထဲသို့ ဝင်သွားလေ၏။

မကြာမီ လျှော်ကြိုးများနှင့် ဝါးတစ်လုံး ထမ်းလာကာ သစ်ပင်အုပ်ထဲက ထွက်လာ၏။ ဝါးများကို ခုတ်ပိုင်းနေစဉ် ကျွန်မမှာ ဆံတိုကို လှုကဲခတ်ကြည့်နေသည်။ ဘာမျှ အသိဉာဏ်ဟူ၍ ရှိပုံမရ၊ လူရိုင်း၊ လူရိုး၊ လူအပဲဟု အကဲခတ်ရသည်။ မြန်မာစကား တတ် မတတ် သိချင်လာသည်။

'ရှင့်နာမည် ဘယ့်နှယ်ခေါ်သလဲ'

ကျွန်မက ဇရပ်တိုင်ကို မှီလျက် ခပ်အေးအေးဆေးဆေးပင် သူ့ကို လှမ်းမေးနေသည်။

'လှူး'

'ဘယ့်နှယ်'

'လှူး... လှူး'

ဝါးခုတ်ရာက လျှာလေးအာလေးဖြင့် ခပ်ဝဲဝဲ ပြန်ပြောနေ၍ အတော်ကရုစိုက် နားထောင်ရသည်။

'ဪ... လှူးလား၊ ဒီမှာ ရှင် တောင်ပေါ်ကို အထမ်းလိုက်ပို့ဖူးသလား'

'ထမ်းမပို့ဖူးဘူး၊ ကျုပ် ပျားဖွပ်တယ်၊ ညည သစ်ပင်ပေါ် တက်ပြီး ပျားအုံ တက်ရိုက်တယ်'





ဝါးခုတ်ပြီး စောင်ကို လျှော်ကြိုးနှင့် ချည်လေရာ၊ ချည်ပုံ နေရာမကျ၍ ချည်နည်းကို ကရင်ကြီးက လက်ထပ်ပြပေးရလေ၏။

'ဟိုအရင်တုန်းက ကျုပ်တို့ အသက်ငယ်ငယ်ပေါ့လေ။ တောင်ပေါ် ဘုရားဖူး ထမ်းပို့ခဲ့တဲ့ အထမ်းသမားပဲ။ ဒီကောင်က မထမ်းဖူးသေးဘူးလေ။ ဟိုခေတ်တုန်းက ခုလို မဟုတ်ဘူး၊ တယ် အေးချမ်းတယ်။ ဒီဘုရားကို တစ်နိုင်ငံလုံး လူကုန်အောင် လာဖူးကြတာ။ လာသမျှ ဒီရွာက ကျုပ်တို့ ကရင်တွေ ထမ်းပို့တာချည်းပဲ။ ပိုက်ဆံလည်း ခုလောက် မယူကြဘူးလေ။ တောင်ပေါ်ကျ ထမင်းလည်း ချက်ပေးတယ်၊ ရေလည်း ခပ်ပေးတယ်။ ကုသိုလ်လည်းရ၊ ပိုက်ဆံလည်း ရပေါ့'

ကရင်ကြီးသည် စောင်စကို ခေါက်ချည်ရင်း ရှေးဖြစ်ကြောင်းကို တအောက်မေ့မေ့ ပြောလျက်နေ၏။ ကျွန်မမှာ ကရင်လူမျိုးတို့၏ ရိုးသားမှု စိတ်ရင်းကို လေးစားရကာ၊ ပြည်တောင်စု တို့တိုင်းရင်းသားတွေပါပဲလားဟု ချစ်ခင်သောစိတ် ဖြစ်လျက် သူတို့နှင့် တွေ့ဆုံရတာ ဝမ်းသာမိသည်။ ကျွန်မက လူရှာပေးသဖြင့် ကျေးဇူးတင်၍ ပိုက်ဆံပေးသည်ကို ငြင်းနေသဖြင့် အတင်း မရမက ပေးရသည်။

ကလေးများမှာ ထမင်းစားသောက်ပြီး သူတို့နှင့် ရွယ်တူ မောင်အောင်သီနှင့် တောင်ပေါ်သို့ အလျင် ပြေးတက်သွားနှင့် ကြလေ၏။ ကျွန်မမှာ အထမ်းကိစ္စပြီးစီးအောင် စီစဉ်နေရသဖြင့် လူအုပ်ကွဲကာ နောက်ကျနေသည်။ ကျွန်မတို့ တောင်ပေါ်သို့ စတက်သော အချိန်မှာ နေ့လယ်မွန်းတည့် ၁၂ နာရီခွဲ ဖြစ်သည်။

အထမ်း စီမံပြီး မခင်လေးမြင့် အထမ်းနောက်မှ ကျွန်မအဒေါ်၊ ကိုစိုးနိုင်၊ အိမ်က အဖော် ပါလာသော မောင်ထွန်းတင်နှင့် ကျွန်မတို့ လိုက်သည်။

တောင်တက်တွင် နေပူပြင်းလှသည်။ နာရီဝက်လောက် တက်ရသည်နှင့် မျက်နှာများ နီရဲနေကာ မောဟိုက်လာကြလေ၏။ လူ အရောက်အပေါက် နည်း၍ လမ်းအတော်ဆိုးနေသည်။ အမြင့် လှမ်းတက်ရသည်လည်း ဆိုး၏။ အနိမ့် မြေသီ မြေပြန့်ကလေးပင် ပြေပြေပြစ်ပြစ် နင်းသွားရသော မြေညီမျိုး မတွေ့ချေ။ မြေညီမှာပင် ချိုင့်တွေ၊ အထစ်တွေနှင့် ခလုတ်တိုက် လျှောက်ရလေ၏။ အမြင့် အတက်နေရာ၌ကား ဆိုဖွယ်ရာ မရှိ၊ ချော်မလဲ လိမ့်မကျစေရန် ခြေကို မြဲမြဲထိန်းလျက် ကုတ်ကတ်တက်ရသည်။ အတက်မှ ပြန်၍ ဆင်းရသော နေရာမျိုးတွင် မြေချိုင့် မြေဖု မြေထစ်တွေ ရှုပ်ထွေးလျက် ခဏခဏ တိုက်မိ ခိုက်မိကာ ကျွံကျသွားရ သည်။

နေကပူ၊ လမ်းက ဆိုးလွန်း၍ လျှောက်သလောက် ခရီးမတွင် ဖြစ်နေဆဲ၊ မခင်လေးမြင့်ကို ထမ်းတက်သွားကြသော လှူးတို့မှာ မြေဖုမြေထစ် မြေချိုင့်များကို



www.burmeseclassic.com

www.burmeseclassic.com



သံမဏိ ဖဝါး၊ ဖနောင့်များနှင့် နင်းပေါက် ဆောင့်သွားလိုက်ကြရာ မြန်လွန်းသဖြင့် သမီးကို မျက်ခြည်မပြတ်ရန် ဓာနှင့် နေပူကျဲကျဲ လမ်းဆိုးဆိုးကြီးတွင် သေလု မျောပါး နောက်က အမီ လိုက်တက်ကြရလေ၏။

ကျွန်မ အခေါ်မှာ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၍ နေပူကြီးထဲတွင် လျှာထွက်ကာ ဟောဟဲဟောဟဲ ဖြစ်နေသည်။ တောင်အတက် အမယ်လေး ... တ တက်နေ သည်မှာ မပီသချေတော့။ ဟမ်မယ်လေး ... ဟမ်မယ်လေး ဖြစ်နေကာ စောင့်ခေါ် ရလေသည်။

ရှေ့က အထမ်း အတော်လေး လှမ်းသွားသောအခါ တောင်မတက်မှီ သော အခေါ်မှာ ဗုန်းခနဲ ပစ်ထိုင်လဲပါလေ၏။ သူ့မျက်နှာ၌ သွေးတစ်စက်မှ မရှိဘဲ ဖြူဆွတ်နေ၏။ လှိုင်းခတ်နေသော ရင်ဖြင့် မျက်လုံးကြီး ပြူးထွက်လာကာ အမောဆို့သွားလေ၏။

ကျွန်မမှာ အခေါ်ကို ပွေ့ထူပေးကာ၊ မောင်ထွန်းတင် ဆွဲလာသော ရေချိုင့် ထဲက ရေဖြင့် မျက်နှာကို ပက်ဖျန်းကာ အမောသက်သာအောင် ထိုင်လုပ်ပေးရ တော့လေ၏။ အတန်ကြာမှ အသံထွက်လာသည်။

'မလိုက်တော့ဘူး၊ မလိုက်နိုင်တော့ဘူး' အခေါ်က မျက်ဖြူလန်လျက် မောသံကြီးဖြင့် ကြိုးစား၍ တရှိုက်ရှိုက် တဆို့ဆို့ ပြောလိုက်သည့်အခါ၊ ကျွန်မမှာ လမ်းခုလတ်ကြီး ဘယ်လိုလုပ် ထားခဲ့ရပါ့မလဲဟု အကြီးအကျယ် စိတ်ပျက်သွား လေ၏။

ရှေ့ဆုံးက တက်ပြေးသွားကြသော ကလေးများအတွက် ဘယ်ရောက်၍ ဘယ်ပေါက်နေကြမည် မသိ၊ လှမ်းပူမိသည်။ မခင်လေးမြင့်ကို ထမ်းတက်သွားကြ သော လူးတို့ကို မျက်ခြည်ပြတ်သွားရပြီကြောင့် သာ၍ ပူမိသည်။ တောင်ပေါ်၌ လုပြတ်လျက် တက်သူ ဆင်းသူများကို မတွေ့ရချေ။ အခေါ်က ဆက်မလိုက်နိုင် အောင် ဖြစ်နေပြန်ရာ ဘယ်လို စီစဉ်ရမည်မသိ၊ ထူပူ စိတ်ညစ်သွားသည်။

'မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ဒေါ်လေးရယ်။ ဒီလို လုပ်ပါ၊ ဒီမှာ အမော ဖြေနေပါ။ သက်သာတော့မှ တဖြည်းဖြည်း တက်ခဲ့ပါ။ ထွန်းတင်နဲ့ ကိုစိုးနိုင်ကို ဒေါ်လေးနဲ့အတူ ထားခဲ့မယ်။ သူတို့နှစ်ယောက် တွဲခေါ်ပါလိမ့်မယ်။ ကျွန်မ မခင်လေးမြင့်ကို အမီလိုက်မှ ဖြစ်မယ်'

'ဒေါ်မမလေး သွားပါ၊ ကျွန်တော်တို့ စောင့်မယ်' ဟု ကိုစိုးနိုင်က ပြော သည်။ ဒေါ်လေးကို သက်သာအောင် လုပ်ပေးခဲ့လျက် ကိုစိုးနိုင်တို့ကို ထားခဲ့ကာ တစ်ယောက်တည်း ဆက်တက်သွားလေသည်။

တစ်တောင်ဆင်း၊ တစ်တောင်တက်နှင့် အတော်ကြီး လှမ်းအောင် ခရီး





ရောက်ပေါက်လာခဲ့သော်လည်း ရှေ့မှ လူသံသူသံ ဟူ၍ လုံးလုံး မကြားရချေ။ ဘစ်တော တစ်တောင်လုံး တိတ်ဆိတ်နေလေ၏။ မောဟိုက်လွန်းလှ၍ ပြင်းပြင်း ကြီး ရှူထုတ်လာသော အဆက်မပြတ် ကြားရသည့် အသက်ရှူသံမှာ ကျယ်လောင် လှလေသည်။

ကျွန်မမှာ လူသွားလမ်းအတိုင်း တစ်လမ်းလုံး ခေါင်းငုံ့လျက် လမ်းသာ စိုက်ကြည့်လာရလေသည်။ ဘေးနှစ်ဖက်မှ ချုံနွယ် ပိတ်ရှုပ်လျက် တောထူထူ ထပ်ထပ်တို့ကို ဖြတ်ကာသာ ကျော်လာခဲ့လျက် လှည့်လို့မျှ မကြည့်အားနိုင်၊ ရှေ့က အထမ်းကို မီချင်ဇောဖြင့်သာ သေလုမျောပါး သုတ်သုတ်ကြီး စိုင်းလာခဲ့ သည်။ သစ်ပင်ကြီးများ အုပ်လျက်ရှိသော အရိပ်အောက်သို့ ဝင်သွားရသည့်အခါ၌ အေးမြသွားလေသလောက်၊ အရိပ်ထဲက ထွက်သည့်အခါ၌ မိရသော အပူမှာ မီးဟပ်လိုက်သလိုပင် ချစ်ချစ်တောက်အောင် ပူပြင်းလှလေ၏။ သုတ်သုတ်သာ နှင်းလာခဲ့ရလျက် ခရီး ဘယ်ရောက်၍ ဘယ်ပေါက် နေပြီမှန်းလည်း မသိ။ ကျိုက်ထီးရိုးတောင် ရောက်ခဲ့ဖူးစဉ်က ရှစ်နှစ်သမီးအရွယ် ဖြစ်သည်။ ထိုစဉ်က ဘောများက အထမ်းနှင့် ပို့သည်။ အထမ်းနှင့် မလိုက်၊ အဖေ ကျောပိုးခေါ်မ လိုက်မည်ဟု တောင်ပေါ်၌ ထွန့်ထွန့်လူး ငိုကြွေးခဲ့၍ အဖေက ကျောပိုးတက်ရ များ ပြန် အမှတ်ရမိလေသည်။

ကျွန်မမှာ ရှေ့ဆက်တက်သွားရင်း သွားရင်း တောင်တက်လမ်းကလည်း ဆိုး၊ နေကလည်း ချစ်ချစ်ပူ၊ တစ်မိုင်လောက် ခရီးရောက်လာသည်အထိ လူဟူ၍ အရိပ်အယောင် မမြင်ရ၊ တောကြီးတောင်ကြီးထဲ၌ တစ်ကိုယ်တည်း၊ တစ်ယောက် တည်း တောင်တွေးမြောက်တွေးနှင့် တောင်ပူမြောက်ပူ ဖြစ်နေလေသည်။ ရှေ့က လူးတို့ ထမ်းသွားသော မခင်လေးမြင့်နှင့် နောက်က အမောဆို့ ကျန်ခဲ့သော အခေါ်တို့အတွက် ရှေ့မအေး၊ နောက်မအေး ဖြစ်နေသည်။ အမျိုးမျိုး အပဲ့ သွားတော ပူပန်စရာများ တစ်ဖက်နှင့် တစ်ယောက်တည်း ဖြစ်နေသော လမ်းခရီး တစ်ဖက်မှလည်း ခြောက်လန့်ကြည့်မိပြန်လေသည်။

"ခုနေများ တောတောင်သားရဲတိရစ္ဆာန် ကျားနဲ့ တွေ့ပါက ..."

"ခုနေများ သူပုန်တွေ ထွက်ဖမ်းပါက ..."

ရှေ့နောက်တောင်မြောက် တောအလုံး တောင်အလုံး၌ [illegible] သစ်ပင်ဝါးပင်ကြီးများ၏ ပင်ခြေရင်းကနေ၍ တောအနက် [illegible] ထလောက် ထွင်းဖောက်လ[illegible]က် သားကောင်၊ ကျားကောင် [illegible] ကြည့်ရှုသွားမိ၏။

ရိုင်ဖယ်၊ ဘရင်းဂန်းတို့ဖြင့် ချိန်ရွယ်ထားသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြို သစ်ပင်ကြားတစ်လျှောက် စိတ်ကူးဖြင့် ရှာဖွေ ကြည့်ရှုလိုက်သေး၏။ နေပူကျဲကျဲ တောင်တက်နေရ၍ လူပင်ပန်းလှရသည့်အထဲ၊ စိတ်ကိုလည်း တော်တော် ပင်ပန်း ဗျာများအောင် နှိပ်စက်မိသည်။ တောင်တွေး မြောက်တွေး တောင်ပူ မြောက်ပူနှင့် မနားအောင် လုံးလည်လိုက် ပူနေသော သောက၊ ဗျာပါဒ တို့မှာ အချည်းနှီး အကျိုးမဲ့ ပင်ပန်းလှလေရဲ့ဟု နောက်မှ ပြန်ပြီး သတိချပ်မိသည်။

တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ် ငြိမ်းချမ်းလျက် ရှိလေ၏။ တောင်ပေါ်၌ စုရုံးစုံညီ စိမ်းလန်း အုပ်ဝေနေကြသော သစ်ပင်ဝါးပင်ကြီးများ၏ ရိပ်ငြိမ်ကို ခိုမှီလျက် စိတ်ကို တည်ငြိမ်အောင် ကျင့်သုံး ဆောက်တည်ကြကုန်သော သူတော် ရသေ့ရဟန်းများကို သွားတွေးမိသည်။ သွားရင်းလာရင်း ဒါကို တွေး သည်နှင့် တဒင်္ဂ တစ်ခဏပဲဖြစ်ဖြစ်၊ တောင်ရောက်မြောက်ရောက်နှင့် ပျံ့လွင့် လှသော စိတ်များကို ငြိမ်သက်အောင် ထိန်းချုပ်ရန် စမ်းသပ် ကြိုးစားကြည့်ချင်လာ လေသည်။

ကျွန်မသည် မောမောဖြင့် သုတ်သုတ် မသွားတော့ဘဲ ခပ်မှန်မှန် သွားတော့ သည်။ ရှေ့က လှူးတို့ ထမ်းသွားသော မခင်လေးမြင့်အတွက် တောင်တောင်အီအီ ပူပန်သောကကို ရပ်နားပစ်လိုက်သည်။ နောက်၌ အမောဆို့ ကျန်ခဲ့သော ဒေါ်လေး အတွက်လည်း နောက်ဆံ မတင်းတော့ဘဲ အာရုံဖြတ်သည်။

ချိုင့်တွေ ထစ်တွေကြောင့် တစ်လှမ်းနှင့်တစ်လှမ်း ကြည့်လှမ်းတက်နေ ရသော မျက်စိအောက်က ကွက်ကွက်လောက်နေရာ အရံအတားမှ ကျော်လွန်၍ ဘယ်မှ မကြည့်တော့ဘဲ ၊ မောလွန်လွန်း၍ ပင့်သက်ရှူလာသော ထွက်သက် ဝင်သက်ကို အာရုံပြု မှတ်သားကာ၊ ဒါပဲလုပ်လျက် လျှောက်လေတော့၏။

မိမိ စိတ်ကို မဖမ်းနိုင်အောင် လွင့်ချင်တိုင်း လွင့်နိုင်စေကာမူ စိတ်ကို ဘယ်မှ မရောက်အောင် ဖမ်းချုပ်ထားသည့် အလုပ်မျိုးမှာ မလွယ်ကူလှချေ။ စိတ်မှာ လွင့်သွားလိုက်၊ ပြန်ဖမ်းလိုက်ရနှင့် ပူးလိုက် ခွာလိုက် ဖြစ်နေသည်။ တစ်စထက် တစ်စ ငြိမ်သက်နိုင်သလောက် ငြိမ်သက်စေရအောင် ကြပ်မတ်ရှေ့ လှပ်ဆောင် သွားနေရခြင်းဖြင့် နှစ်မိုင်လောက် ဆက်၍ မရပ်မနား သွားနေသော ကျွန်မမှာ ခေါင်းပေါ်၌ ချစ်ချစ်တောက် ပူနေသော အပူကြီးကို ခံသွားနိုင်သည်။ စိတ်ကူးဖြင့် တွေးတောပူပန်ရသော သောကလည်း ကင်းဝေးသွားသည်။ အာရုံ ထွေပြား စိတ်ကစား ခြောက်လှန့်ကြည့်သော ဘေးရန် အမျိုးမျိုးတို့မှလည်း လုံခြုံသွားသည်။ ထွက်သက်ဝင်သက် ရှူနေသော အာရုံကို မှတ်သား၍ သော် လည်းကောင်း သို့တည်းမဟုတ် တစ်လှမ်းပြီး တစ်လှမ်း လှမ်းခဲ့သော ခြေလှမ်းကို သိမှတ်နေခြင်းဖြင့် သော်လည်းကောင်း စိတ်ငြိမ်သက်မှု ဖြစ်နေသည်။





တဖြည်းဖြည်း လမ်းကူးတံတားပျက်ကလေးနားသို့ ရောက်လာသည်။

တံတားတစ်ဖက် သစ်ပင်အောက်၌ မခင်လေးမြင့်ကို မြေပေါ်၌ ချထားကြ ကာ၊ လှူးမှာ သစ်တစ်ပင်ကို မှီလျက် အပန်းဖြေရင်း မှိန်းနေလေ၏။ ကိုက်ထိုက လိုက်လာသော လူကြီးမှာ တောင်တက် ဝန်ပိုးဝန်ထုပ် ထမ်းလေ့ထမ်းထ မရှိဖူး သဖြင့် ခြေပစ်လက်ပစ်ကြီးဖြစ်ကာ တောင်ခါးပန်းကို ကျောမှီလျက် စန့်လှဲနေလေ သည်။

မခင်လေးမြင့်သည် အဝေးမှ မြေကြီးကို ငုံ့လျက် စိုက်စိုက် စိုက်စိုက်နှင့် တက်လာနေသော ကျွန်မကို ငေးကြည့်နေလျက် တံတားကလေးနား ရောက်မှပင် 'မမေ' ဟု လှမ်းခေါ်လိုက်သည်။ ကျွန်မသည် ပင့်သက်ချလျက် မြေပေါ် ခုထား သော သူ့ပုခက်နား၌ ထိုင်ချလိုက်ကာ အမောဖြေလေ၏။ အမောဖြေပြီး ရေရှာ ရလေသည်။ လှူးက ရေရမည့် နေရာကို လိုက်ပြသည်။ တံတား တစ်ဖက်ရှိ တောအုပ်ထဲသို့ လှူးနောက်မှ လိုက်သွားရသည်။ ကျောက်ဆောင် ကျောက်တုံး ကြီးများကို ကျော်လွှားတက်ရသည်။ ကျောက်တုံးတွေ ကြား၌ စမ်းရေအိုင် တွေ့ရ ၏။ အိုင်ထဲ၌ သစ်ရွက်များ ပုပ်လျက် ရေနံ့ မကောင်းချေ။ ရေမကောင်းဘူးဟု ကျွန်မက ပြော၍ လှူးက အထက်သို့ မော့ကြည့်သည်။ အထက်မြင့်မြင့်၌ ပြောင်တင်းမည်းနေသော ကျောက်တုံးကျောက်ဆောင်ကြီးတွေ စီရရီ မိုးနေသည်။ ကျွန်မမှာ အောက်ကရေ မကြိုက်၍ ကျောက်တုံးများရှိရာ အထက်သို့ တွယ်တက် သွားသည်။ လှူးမှာ နောက်က လိုက်လာသည်။ အထက်မြင့်မြင့် ရောက်မှ ကျောက်တုံးကျောက်ဆောင်ကြား၌ စိမ့်စီးနေသော စမ်းရေကြည်ကို တွေ့၍ လက်ခုပ်နှင့် ခပ်ယူကာ မျက်နှာသစ်လိုက်ရာ စိမ့် အေးမြသွားလေ၏။ ကျွန်မ မျက်နှာသစ်နေစဉ် လှူးမှာ ကျွန်မနောက် ကျောက်တုံးတစ်တုံးပေါ်၌ ရပ်ကြည့် နေသည်။ ရေကြည်သည်ဟု ကျွန်မက မျက်နှာသစ်နေရင်း လှမ်းပြောလိုက်သည်။ လှူးသည် မပွင့်တပွင့် ခပ်လေးလေး အေးစက်စက်ဖြင့် ပြန်ပြောသည်။

'ဒီဆီက ရေက တောထဲက ကျားတွေ၊ ဆတ်တွေ လာသောက်ကြတယ် ထင်တယ်။ ကြည်တယ်'

ကျွန်မမှာ ကပျာကယာ ကျောက်တုံးပေါ်က ခုန်ချရလေ၏။

ကျောက်တုံးတွေကို ဆင့်ကဲဆင့်ကဲ ကျော်လွှား ခုန်ချကာ သဝေပြးရှင်ပြေး မခင်လေးမြင့်တို့ ရှိရာသို့ ပြေးထွက်ခဲ့လေသည်။ မခင်လေးမြင့်နား ရောက်မှ လှူးလုပ်ပုံကို ပြောပြကာ ဟက်ဟက်ပက်ပက် ရယ်မောရလေသည်။ ထိုနေရာ၌ တအောင့် အမောဖြေနေကြပြီးနောက် လှူးသည် အထမ်းကို ရှေ့က ထမ်းလျက် ဆောင့်ထွက်သွားရာ၊ ထမ်းပိုးနောက်ဘက်က ထမ်းသော လူကြီးမှာ လှူး၏ တောင်တက်ခြေကို မမီဘဲ ယိမ်းထိုးလျက် လိုက်ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ ... ရုပ်ရှင်ထဲက တောထဲမှာ လူရိုင်းတွေ ထမ်းသွားတာနဲ့ တူလိုက်တာ'

ပုခက်ထဲမှ မခင်လေးမြင့်က ရှေ့က ထမ်းထားသော ဆံတိုလွှား၏ ပုံပန်းကို ကြည့်ကာ ပြောသွားသည်။ ကျွန်မမှာ သူတို့နှင့်အတူ တစ်ခဏလောက် သာ အမှီ လိုက်နိုင်လျက် ပြတ် ကျန်ရစ်ခဲ့လေ၏။ တစ်ယောက်တည်း လာခဲ့သော လမ်း၌ တောင်ပေါ်မှ ဆင်းလာသော ဘုန်းကြီးနှစ်ပါးနှင့် ဆုံမိသည်။ တောင်ပေါ်၌ လူ ရှိမရှိ မေးမြန်း စုံစမ်းကြည့်ရသည်။ 'တချို့ ရှိကြသေးတယ်၊ မဆင်းကြ သေးဘူး' ဟု ပြောသွားကြသည်။

ရေမြောင်ကြီးသို့ ညနေ လေးနာရီလောက် ရောက်သွားသည်။ ကျွန်မတို့ နောက်မှ လိုက်လာမည့် အဒေါ်မှာ ဘယ်စခန်း ရောက်နေပြီ မသိ၊ အလျင်ဦးဆုံး တက်နှင့်သော ကလေးများမှာ ဇရပ်ဘေးရှိ ကျောက်ဆောင်ကျောက်တုံးတွေပေါ်၌ ဆော့ခုန်ကူး ကစားနေကြသည်။ မခင်လေးမြင့်မှာ ဇရပ်အောက်၌ ပုခက်စောင်ပုံထဲ၌ပင် ခရီးပန်းပြီး လှဲခွေနေလေ၏။ ဇရပ်ပေါ်၌ ဘုန်းကြီး လေးငါးပါးနှင့် မိန်းမ ယောကျ်ား ဘုရားဖူး လူဆယ့်ငါးယောက်လောက် တွေ့ရသည်။

ကျွန်မ မျက်လုံးများမှာ ပြာနေလျက် ဦးခေါင်းမှာ ပူချစ်နေသည်။ ဇရပ်ထဲ ဝင်မနားတော့ဘဲ တစ်ဆက်တည်း ကျောက်တုံးတွေ ရှိရာသို့ တန်းသွားလေ၏။ ရေမြောင်ကြီး၌ နွေခေါင်ခေါင်ကြီးဖြစ်၍ ရေခန်းနေပြီ။ ကျောက်တုံးကြီးတွေကို တစ်တုံးပြီး တစ်တုံး ကျော်ကာ ရေလိုက်ရှာသော်လည်း ရေစပ်စပ်သာ ရှိသည်။ တော်တော်ဝေးဝေး သွားကြည့်မှ ကျောက်တုံးကြီး နှစ်တုံးကြားတွင် စမ်းရေအိုင် ကလေး သွားတွေ့ရသည်။ ကျောက်တုံးပေါ်၌ ငါးသေတ္တာခွက်လွတ် တစ်ခု တွေ့သည်နှင့် ငါးသေတ္တာခွက်နှင့် ရေကို လှမ်းခပ်ယူကာ တစ်ခါတည်း ခေါင်းပေါ် က လောင်းချလိုက်လေ၏။

'ဒကာမနဲ့ ... နေပူကြီးထဲက လာပြီး'

ကျောက်တုံးနားမှ ဖြတ်သွားသော ဦးပဥ္စင်းတစ်ပါးက အပြစ်ဆိုသွားလေ၏။ ကျွန်မမှာ ဓာတ်ဆရာဖြစ်၍ ကျွန်မဓာတ်နှင့်ကျွန်မ နောက်တစ်ခွက် ကုန်းခပ် လိုက်ပြန်သည်။ နောက်တစ်ခွက် ခပ်မှ ရေထဲတွင် ကျောက်ပုစွန် ပေါက်စ ကျောက်ငါး ပေါက်စလေးများ သဲသဲလှုပ် ကူးယက်နေကြသည်ကို မြင်မိသည်။ ခွက်ကို လွှတ်ချပြီး ခေါင်းကို စမ်းကြည့်လိုက်သည်။ ခေါင်းပေါ်၌ ပုစွန်ပေါက်စနှင့် ငါးပေါက်စကလေးများသည် တဆတ်ဆတ် တဖျပ်ဖျပ် ခုန်နေကြကာ လက်နှင့် ကျုံးဖမ်းယူရသည်။

နေပူကြီးထဲက လာပြီး မဆွတ်တဆွတ် ခေါင်းရေဆွတ်လျှင် ဒုက္ခရောက်





မည်ကြောင့် ရေနိုင်အောင် လောင်းမှ ဖြစ်သဖြင့် ပုစွန်၊ ငါး ကင်းရာ ရေအိုင်ကို လိုက်ရှာရလေ၏။ ဇရပ်ရှေ့ တံတားတစ်ဖက်တွင် စမ်းရေအိုင်ကြီး သွားတွေ့သည်။ ကျွန်မသည် ရေအိုင်ကြီးထဲ ဆင်းသွားလျက် ကျွဲများလို လူတစ်ကိုယ်လုံး မြုပ်အောင် ထိုင်စိမ်လိုက်လေ၏။

ကျွန်မ အဒေါ်မှာ ငါးနာရီလောက်မှ ရေမြောင်ကြီးသို့ ရောက်လာလေ၏။ ဇရပ်ပေါ်၌ တွေ့ရသော လူအုပ်မှာ ကျွန်မ ရေဆင်းစိမ်နေချိန်ပင် တောင်ပေါ်သို့ တက်သွားနှင့်ကုန်ကြ၏။ ဇရပ်၌ ဘုန်းကြီး သုံးလေးပါးသာ ကျန်တော့သည်။ ဘုန်းကြီးများက နေရပ်မေး၍ ကျွန်မက ပြောပြလိုက်သည်။ ဘုန်းကြီးများမှာ ကျွန်မတို့ထက် စော၍ ဆက်တက်သွားကြလေ၏။

ရေမြောင်ကြီး ဇရပ်၌ ကျွန်မတို့ လူစုသာလျှင် ကျန်ရစ်ခဲ့၏။ ညစာ အတွက် ဖြစ်သလို ချက်ပြုတ်စားကြပြီးနောက် နေဝင်ရီတရော ရေမြောင်ကြီးမှ ဆက်တက်ခဲ့ကြသည်။ ကျွန်မတို့မှာ ည ဆက်တက်ကြမှ တောင်ပေါ်သို့ ည နှစ်ချက်လောက်တွင် ရောက်သွားကြမည်။

ညဘက် တက်ရခြင်းကြောင့် လူစု မကွဲအောင် နှိုးဆော်ပြီး နားအတူ သွားအတူ တက်ကြလေသည်။ တောင်မတ်မတ်ကြီး တောင်ကို တက်နေကြရင်း နေဝင်သွားလေ၏။ တောင်တက်မှာ စောက်မတ်လျက် ရင်ဆို့အောင် တက်နေကြ ရသည်။ အမှောင်သမ်းလာ၍ သွားလမ်းကို ဂရုစိုက်ကြည့်ရသည်။ အချို့နေရာတွင် ကျောက်တုံး၊ ကျောက်ကမ်းပါးများမှာ ငူချွန်ထွက်နေသဖြင့် လူသွားလမ်းမှာ ကျဉ်းမြောင်းနေလေ၏။ ကမ်းပါးကို မှီကပ်လျက် ကုတ်ကုတ်ကတ်ကတ်နှင့် စမ်းတက်နေရသော ခရီးလမ်းမှာ သွားလေလေ ဆုံးနိုင်ခဲလေလေနှင့် ပို၍သာ ဝေးလံနေဟန် ထင်ယောင်မိသည်။ ရှေ့မှ အမှောင်သမ်းနေသော တောင်တန်း ကြီးများသည် ညို့ညို့မည်းမည်းကြီးဖြစ်၍ ပိတ်ဆီးလျက် ရှိကြသည်။ ကျွန်မတို့ လူစု အသံဗလံများမှာ တစ်တောင်လုံး ပဲ့တင်ထပ်ကာ ဆူညံနေသည်။ တစ်ချက် တစ်ချက် လေအေးသည် တိုးဝှေ့သွားကာ အမောဖြေပေးသည်။ လမ်းကို သဲသဲ ကွဲကွဲ မမြင်တော့ဘဲ မှောင်မည်းလာ၍ တောင်ခါးပန်းရှိ လမ်းကလေးတွင် နားကြ ကာ လထွက်ကို ထိုင်စောင့်ကြရလေသည်။

ကျွန်မမှာ ချုံနွယ်တို့ဖြင့် ရှုပ်ထွေးနေသော တောင်ကမ်းပါးကြီးကို ပစ်မှီ သျှက် မြေကြီးပေါ်၌ ခြေဆင်းထိုင်ကာ ထွက်လာမည့် လဝန်းကို အေးအေးလူလူ စောင့်ကြိုနေရင်း စိတ်ထဲ၌ အလွန် ချမ်းမြေ့နေ၏။ ညအချိန်မတော် မှောင်မှောင် မည်းမည်း တောကြီးတောင်ကြီးပေါ်၌ ဘယ်လို ဘေးအန္တရာယ်မျိုးမှ မမှုကြဘဲ၊ မစဉ်းစားကြဘဲ စိတ်ချလက်ချ ရဲရဲရင့်ရင့် ရှိနေကြ၏။ သူပုန်ရန်၊ သားကောင် ကျားကောင်ရန် ဝေး၍ မြွေပါးကင်းပါးပင် ဘယ်သူမျှ မကြောက်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းပါးပေါ်မှ ဆီးကြည့်လိုက်လျှင် တောင်အောက် ချောက်ထဲ၌ မီးရောင်ကလေး တလက်လက်နှင့်ရှိသော အိမ်စုကလေးများ တွေ့ရသည်။ မြေနှင့် ကပ်ကာ ပြားပြားဝပ်နေကြ၏။ သူပုန်များ စခန်းချရာ နေရာဟု လေးထံမှ သိရသည်။

မြင့်ကျိုင်းသော သစ်ပင်ကြီးများသည် တရှဲရှဲနှင့် ယပ်ခတ်ပေးသည်။ အမောဖြေ၊ အပန်းဖြေ နားနားနေနေ နေကြရန် ဧည့်ဝတ်စောင်ဝတ် ပြုကြပေ၏။ ကာလ အတန်ကြာစွာ လူသူ မရောက်မပေါက်သဖြင့် ခြောက်ကပ်လျက် ရှိနေကြစဉ်၊ ညအချိန်မတော် လူသံသူသံ ကြားကြ၍ လန့်နိုးကြလေဟန် တောသံ တောင်သံ ပြန်လျက် တစ်ပင်နှင့်တစ်ပင် သစ်ကိုင်းချင်း ရိုက်ခတ်ကြပြီး သြဘာ ကောင်းချီး ပေးနေကြလေ၏။ ကောင်းကင်မှာ ကြယ်များ ပြောက်လျက် တောင်ငွေ့ မြူခိုးတွေ ထနေကာ မှိုင်းပြာနေလေ၏။ တောင်ငွေ့မြူခိုးတွေကို ဖောက်ကာ ထွက်ပြူလာတော့မည့် လရိပ်ပုံသဏ္ဍာန်ကြီး တရေးရေး ပေါ်လာခြင်းကြောင့် တိတ်ဆိတ်စွာ တစိမ့်စိမ့် ကြည့်နေကြလေ၏။

ဤအချိန်၌ လေပွေ့ရာသို့ မျောပါနေသော မြူခိုး တိမ်တိုက်တွေကို ကြည့်လျက် ထွင်းဖောက် သာလာတော့မည့် လမင်းကို ရင်တဖိုဖိုနှင့် ငံ့လင့်ရင်း ကျွန်မ စိတ်ထဲတွင် တိုင်းပြည်ကြီး ငြိမ်းချမ်းလျက်၊ အေးချမ်းလျက် သာယာစေချင်လှသည့် စိတ်ဆန္ဒမှာ ဘယ်နှယ် ဘယ်လိုကြောင့်မှန်း မသိ ပေါ်လာကာ၊ မြူတိမ်ထဲမှ ဖောက်ထွက်ပြီး သာလာမည့် ဖိုးရွှေလမင်းကြီးကဲ့သို့ တိုင်းပြည်ကြီး သာယာပါစေဟု တိုင်တည် တောင့်တကာ ကြေကွဲဝမ်းနည်းသလိုလို ဖြစ်မိသည်။

လေသည် တညင်းညင်း ဆော်သွေးလျက် ရှိနေ၏။ တောင်ထိပ်ပေါ်တွင် တောင်ကမ်းပါးကြီးကို မှီကာ လဲလျောင်းနေသော ကျွန်မမှာ ယိုညှတ်ကျဆင်းလာသော ငွေလရောင်ထဲတွင် လူရောစိတ်ရော နူးညွတ် ပျောင်းနွဲ့လျက် ရှိနေလေ၏။ ပြာမှိုင်းနက်ရှိုင်းနေသော ကောင်းကင်ပြင်ကြီးနှင့် နီးကပ်ကာ လက်တစ်လှမ်းလောက်ပင် ကွာဝေးသည် ထင်မိတော့သည်။ ကျွန်မ၌ တောင့်တမှု ကြောင့်ကြမှုတွေနှင့် အလျှင်း ကင်းစင်လျက် ကောင်းကင်ကြီးနှင့်နီးနီး ငွေလရောင်ကို တသက်သက် ခံယူကာ ချမ်းသာသုခ ဖြစ်နေစဉ် . . .။

'သွားကြစို့၊ အဝေးကြီး လိုသေးတယ်' ဟု လေးက ဟစ်အော်လိုက်သည်။

ကျွန်မတို့ လူသိုက်သည် တောင်ထိပ်ပေါ်သို့ စီတန်းလျက် တက်သွားကြသည်။ လရောင်ထဲတွင် တစ်ယောက်ခါး တစ်ယောက် ဆွဲထားသော လူစီတန်းကြီးသည် ဖွေးဖွေးလှုပ်နေလျက် မြွေကြီး လင်းမြွေလို တစ်ခါတစ်ရံ အဖြူတန်းကြီးမှာ လိမ်ကောက်ကွေ့သွားလေ၏။





ဘိုးပြန်တောင်မှာ အဘိုးများ လှည့်ပြန်ချင်အောင် အတက်ရ ဆိုးလေ၏။ ကျွန်မတို့မှာ တောင်နှစ်လုံးကြားထဲ ရောက်သွားလျှင် လရောင်ကွယ်သွားသဖြင့် မှောင်ကြီးမည်းကြီးထဲ စမ်းသွားကြရသည်။ မောလှလေပြီ။ ခြေများမှာ တရွတ်ဆွဲလျက်သာ ယိုင်နေကြသည်။ ညဉ့်နက်လာသဖြင့် မနားကြတော့ဘဲ သဲသဲမဲမဲ ကြိုးစား တက်ကြလေသည်။ ရောက်ခါနီးပြီလားဟု မေးလိုက်တိုင်း လေးက အားပေးစကား ပြောဆိုသည်။

'အင်း . . . အဝေးကြီး လိုသေးတယ်'

ကျွန်မတို့ သွားနေသော လမ်းမှာ တစ်လှမ်းလှမ်းလျှင် တစ်ခါ ခလုတ်တိုက်သော လမ်းဖြစ်၏။ တစ်နေရာတွင် လျှောက်သွားရသော လမ်းမှာ ကညွှန်းမြောင်းလုကာ တစ်ဖက်မှ ချောက်ကြီးဖြစ်၍ တောင်ကမ်းပါးကို ရင်နှင့် အပ်၍ ဘေးတိုက်ကပ်သွားရသည်။ လရောင် ကျိုးကျိုးကျဲကျဲဖြင့် ချောက်ထဲ ကျမသွားအောင် မှန်းသန်းသွားရလေ၏။ ကျောက်တုံးကြီးများသည် လမ်းဘေး၌ အတုံးအရုံး လဲလျက်၊ လရောင် ကွယ်သည့်နေရာ၌ သဘက်ကြီးများ လှဲအိပ်နေသလို ထင်ရလေသည်။

ရွှေရင်ဆိုတောင်သို့ တက်ရာတွင် စောက်မတ်လွန်းလှ၍ ကျွန်မမှာ လမ်းခုလတ်၌ ပစ်လှဲ၍သာ နေရစ်ခဲ့ချင်တော့သည်။ တောင်တက်နေရင်း တောင်အောက်၌ တောမီးများ လောင်နေလေသည်။ မီးတောက်ကြီးမှာ အခိုးအလျှံ ထကာ တောင်ပေါ်သို့ တက်ဟပ်လျက် သစ်ပင်များကို ဝါးစားသွားလေ၏။ ကျွန်မတို့မှာ တောမီးနှင့် လွတ်ကင်းအောင် ခပ်သုတ်သုတ် ပြေးတက်ရသည်။ လူနင်းသွားသော သစ်ရွက်ခြောက်သံများ၏ ညည်းတွားသံသည် လမ်းတစ်လျှောက်လုံး ဆူညံလျက် ရှိလေသည်။

ကျွန်မမှာ ရောက်ဖို့ လိုသေးသည် ဆိုကြလေ၊ ပိုမောလေ ဖြစ်နေသည်။ မြန်မြန်ရောက်ချင်သော ဇောသာ ရှိလျက် ခရီး မတွင်တော့ချေ။ အလာ အတက်တုန်းက အမောဆို့ခဲ့သော အခေါ်မှာ တောင်တက် အရှိန်ရသွားကာ အမိ လိုက်တက်လာနိုင်ခြင်းကြောင့် အံ့သြရသည်။ 'တန်ခိုး တော်တော်ကြီးတဲ့ ဘုရားပဲ၊ ကြောက်စိတ်ဆိုလို့ တစ်စက်မှ မရှိဘူး' ဟု တအံ့တသြ ပြောလာလေသည်။

ကျွန်မမှာ တော်တော်နှင့် မရောက်နိုင်လေ၊ တက်ရမှာ စိတ်မရှည်လေ၊ မောလေ ဖြစ်နေသဖြင့် နေ့လယ်က စမ်းသပ် ကျင့်ကြည့်သော စိတ်အလုပ်ကို ပြန်လုပ်ကြည့်သည်။ အာရုံ တစ်ခုတည်း စိုက်ထားတော့မှ ရှည်ဝေး ကြမ်းတမ်းသော ခရီးတာအား သတိမထားတော့ကာ၊ မရပ်မနား လျှောက်နေတာပင် တင်ခံတည်း သိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သနစ်ချက်လောက် ဘုရားခြေရင်းသို့ ရောက်ကြသည်။ ရင်ပြင်တော် ပေါ်သို့ အတက်မှ တောင်အောက်၌ တဟုန်းဟုန်း လောင်ကျွမ်းနေသော တောမီးများကို ငုံ့ရပ်ကြည့်သည်။ ရန်သူမျိုးငါးပါးဘေးမှ လွတ်ကင်းခဲ့ကာ ဘုရားခြေတော်ရင်း ရောက်ရပြီဟု အတိုင်းမသိ စိတ်အေးချမ်းသွားရ၏။ တောင်ပေါ်က စေတီတော်မှာ လက်ဆွဲခေတ်မီးများ ချိတ်လျက် လင်းထိန်ကာ ရွှေရောင် ဝင်းထိန်နေသည်။ ရင်ပြင်တော် အတက်၊ လေမုန်တိုင်း ကျနေသလိုပင် လေပြင်းထန်စွာ တိုက်ခတ်နေလေ၏။ ကုန်းတော်ပေါ်ရှိ ဘုရားဖူးများ တည်းခိုသော ဇရပ်အမိုးများမှာ သွပ်ချပ်များ ကွာဟနေကာ တဖြန်းဖြန်း ရိုက်ခတ်မြည်နေကြသည်။ ရင်ပြင်တော်ပေါ်ရှိ အိတာလျံကျောက်ပြားများမှာ အချို့နေရာများတွင် ကွာထွက်နေသည်။ ကျောက်သမ္ဗန်မှ ပြေးတက်နှင့်သွားကြသော ကလေးတို့သည် ဇရပ်တစ်ဆောင်တွင် နေရာ ယူထားနှင့်ကြ၏။ ရင်ပြင်တော်ပေါ် ရောက်လျှင် ဆီးခေါ်ကြသည်။ ကျွန်မမှာ တည်းခိုရမည့် ဇရပ်ထဲသို့ မဝင်သေးဘဲ၊ ဘုရားသို့ တစ်ခါတည်း တန်းသွားသည်။

အာရုံခံ တန်ဆောင်းကြီးထဲ၌ ဖယောင်းတိုင်မီးများ တွေ့သော်လည်း လူရိပ်လူစ မမြင်ရပေ။ စေတီတော်သို့ ကူးသွားရန် ခင်းထားသော တံတားပေါ်မှ ဘုရားကျောက်တုံးကြီးပေါ်သို့ ရောက်အောင် သွားလေသည်။ ကျောက်တုံးကြီးပေါ်၌ ထိုင်ချလိုက်သည်။ လေမှာ တဝှီးဝှီး တိုက်နေ၏။ ကျောက်တုံးကြီး အောက်သို့ ငုံ့ကြည့်လိုက်ရာ နက်ရှိုင်းလှသော ချောက်ကြီးထဲ၌ ဟိုတစ်ကွက်၊ ဟိုတစ်ခု လောင်မြိုက်နေသော မီးလျှံမီးတောက်တို့မှာ အပါယ်ငရဲဘုံကြီးနှင့် တူနေပေသည်။ ကျောက်တုံးကြီးပေါ်၌ မှေးတင်လျက် ဘုရားတည်နေပုံ သဏ္ဌာန်ကို ဦးမချစိမ်ပြေနပြေ သေသေချာချာ ထိုင်ကြည့်နေလေ၏။

ဟ ကွာနေသော နေရာအောက်သို့ ရောက်အောင် တွားသွားပြန်ကာ စေတီတော် အနား ကပ်ကြည့်သည်။ စေတီထိပ်တွင် ထီးတင်ထားကာ ငြမ်းဆင်ထားသော ဝါးများကို မဖြုတ်ကြသေးချေ။

ကျောက်တုံးပေါ်မှ အောက်သို့ လွင့်ကျသွားတော့ မလောက်ပင် အဆီးအတား မရှိ၊ လေ တရကြမ်း တိုက်ခတ်နေသောကြောင့် မြဲမြဲထိန်း၍ ထိုင်ရကာ အခိုက်ကြာမြင့်စွာ စိတ်ရှိလက်ရှိ ကြည်ညို ရှိခိုးနေလေ၏။

ကျွန်မတို့ တည်းခိုသော ဇရပ်မှာ ရှေးက အင်ဂျင်မီးပေးစက် ထားသော ဇရပ်ဖြစ်သည်။ ဇရပ်ထဲသို့ ဝင်သွားသောအခါ၌၊ ကလေးများမှာ အချို့ တုံးလုံး ပက်လက် အိပ်နေကြ၏။

ဇရပ်ထဲတွင် ကျူဖျာများ ခင်းထားသည်။ ခေါင်းရင်း၌ သစ်သား ခုတင်





တစ်လုံး တွေ့ရသည်။ ခုတင်ပေါ်၌ မွေ့ရာ၊ ခေါင်းအုံး ပြင်ထားသည်။ ခုတင်အထက် နံရံနှင့်ကပ်လျက် ဘုရားစင်ကြီး ရှိကာ၊ ဘုရားစင်အောက်၌ စားပွဲခုံတစ်ခုဖြင့် ကန်တော့ပွဲများ ပြင်ထားသည်။ ဘိုးဘိုးအောင် ပုံတော်ကားလည်း ချိတ်ထားသည်။

ဇရပ်ထဲ၌ ကျွန်မတို့ လူစုအပြင် အခြား လူစိမ်း ဘုရားဖူးများလည်း တည်းခို အိပ်စက်နေကြ၏။ လက်ဆွဲခေတ်မီး ထွန်းထား၍ လင်းထိန်နေပေသည်။ လေတိုက်လွန်းသဖြင့် တံခါးပေါက်များ ပိတ်ထားသည်။ ကျွန်မတို့အတွက် ယူထားသည့် နေရာ၏ ခြေရင်းဘက်၌ မီးဖိုခန်း ရှိကာ၊ မီးဖိုပေါ်၌ ရေနွေးအိုး မီးထိုးတည်ထားသည်။

အိပ်ရာ၊ နေရာများ ပြင်ဆင်နေစဉ် တံခါးတွန်းကာ အထဲသို့ လူ တစ်ယောက် ဝင်လာ၏။ ထိုသူမှာ အရပ်ပြတ်ပြတ်၊ ခပ်ပိန်ပိန်၊ အသားဖြူဖြူ၊ မုတ်ဆိတ်မွေး အရှည်ကြီးနှင့်၊ လည်၌ အလုံးကြီးကြီး စိပ်ပုတီးကြီး ဆွဲထားသည်။ ဘိုးဘိုးအောင် ခေါင်းပေါင်းနည်း အဝတ်ဖြင့် ခေါင်းကို အုပ်ပေါင်းထားလျက်၊ အထက်ဂိုဏ်းဆရာ၊ ပထမံဆရာ ဝိဇ္ဇာရုပ်မျိုး ပေါက်နေသည်။

‘ဂျာနယ်ကျော်မမလေးဆိုတာ အစ်မကြီးလား’

‘ဟုတ်ပါတယ်’

ကျွန်မသည် သူ့ကို စိန်းစိန်း စိုက်ကြည့်လိုက်သည်။ သူ့မျက်နှာကို တစ်ခါမျှ မမြင်ဖူးချေ။

‘ကျွန်တော်က ဘုရားဖူးတွေကို စောင့်ရှောက်ကြည့်ရှုဖို့ တာဝန်ကျနေတဲ့ ဆာဘာအေးပါပဲ။ ဗိုလ်စိုးတို့တော့ ထီးတင်ပြီး မနေ့ကပဲ တောင်ပေါ်က ဆင်းသွားကြပါပြီ’

သူသည် ကျွန်မ ထင်သလို အထက်ဂိုဏ်းဆရာ မဟုတ်ဘဲ ကရင်သူပုန်ဗိုလ် ဖြစ်နေသဖြင့် အထင်နှင့်အမြင် တက်တက်စင် လွဲကာ အမ်းသွားမိ၏။ မုတ်ဆိတ်ကျင်စွယ်နှင့် ဖော်ကီ၊ တပသီ ရုပ်မျိုးဟန်မျိုး ပေါက်ကာ စိပ်ပုတီးကြီး ဆွဲထားသော ကရင်သူပုန်ဗိုလ်နှင့်မှ ကြုံကြိုက်ဖန်ဖန် လာဆုံရ၏။ ကျွန်မ မည်သူမည်ဝါ သိနှင့်သဖြင့် ရေမြောင်ကြီးမှ ကျွန်မ အလျင် တက်သွားသော ဘုန်းတော်ကြီးများ ထံက သိရမည်ဟု တွေးကြည့်သည်။

‘ခုလို မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာပါတယ်၊ အလိုရှိတာ ပြောပါခင်ဗျာ’

‘ကျေးဇူးတင်ပါတယ်။ ကျွန်မ ရန်ကုန်က လာခဲ့တာ၊ စင်စစ် ဘုရားဖူးထွက်လာတာတော့ မဟုတ်ဘူး။ ကျိုက်ထိုကျမှ ဘုရားဖူးပြန် လူ[illegible]တွေ မြင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ မနှောင့်ယှက်ဘူး ပြောကြတာနဲ့ ဘုရားတက်ဖူးချင်စိတ် ပေါက်ပြီး ရောက်လာတာပါပဲ'

သူပုန်ဗိုလ်သည် ကျူဖျာပေါ်၌ ကျွန်မနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ မျက်နှာချင်းဆိုင် မြင်ရမှ အသက် သိပ်မကြီးသေးသော မျက်နှာသည် ထင်ထင်ရှားရှား မြင်ရ၏။ လူရည်သန့်သန့် ရုပ်လက္ခဏာမျိုး ဖြစ်သည်။

'ရေမြောင်ကြီးမှာ အစ်မကြီးတို့ ရောက်နေတယ် သတင်းရတော့ ကျွန်တော် တော်တော် အံ့အားသင့်သွားတယ်။ ခုလို လာခဲ့တာ အတော် ပင်ပန်းမှာပဲ။ ဘုရားထီးတင်တဲ့အတွက် ပြည်သူလူထု ဖူးဖို့ရာ ကျွန်တော်တို့ လမ်းဖွင့်ပေးပါတယ်။ တောင်ပေါ်တက်လာမယ့် ဘုရားဖူးတွေ စိတ်အနှောင့်အယှက် မဖြစ်ကြအောင် ကျွန်တော်တို့ စစ်သားတွေကို တစ်ယောက်မှ တောင်ပေါ်မှာ မတွေ့စေရပါဘူး။ ကျွန်တော်နဲ့ တပည့် နှစ်ယောက် သုံးယောက်သာ ဘုရားပေါ်မှာ ရှိပါတယ်'

'ကင်မွန်းစခန်း မရောက်ခင် လမ်းမှာ ကရင်တပ်သားတွေနဲ့ တွေ့ခဲ့တယ်။ လမ်းတစ်လျှောက်လုံးတော့ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး' ဟု ကျွန်မက ပြန်ပြောရာ ပြုံးနေသည်။

မောင်ထွန်းတင်က ကျွန်မအတွက် ညစာ စားစရာများ ပြင်ပေးနေစဉ် သူပုန်ဗိုလ်သည် ထ သွားကာ ခရမ်းချဉ်သီး ဆော့စ်ပုလင်းနှင့် ကြက်သွန်များ လာပေးသည်။ ထို့နောက် နို့ဆီ၊ ကော်ဖီမှုန့် ရှိကြောင်း ပြော၍ 'ကျွန်မ ယူလာပါတယ်၊ နေပါစေ' ဟု ပြောလိုက်သည်။

ညစာ စားပြီး အချိန်မှာ နံနက် သုံးနာရီခန့် ရှိပြီ။ ကရင်သူပုန်ဗိုလ်သည် ကျွန်မတို့ ဝိုင်းတွင် ဝင်ထိုင် စကားပြောနေသည်။ ကရင်သူပုန်တို့၏ တောင်းဆိုချက်၊ သူပုန်ထရသည့် အကြောင်းရင်း စသော နိုင်ငံရေး ရာဇဝင် ရှုပ်ကို ရှင်းလင်းပြောပြနေသည်။

ကျွန်မမှာ ပင်ပန်းလွန်း၍ အိပ်ချင်နေသည်။ တိတ်ဆိတ်စွာပင် နားထောင်နေရလျက်၊ တစ်ချက် တစ်ချက် ငိုက်မျဉ်းသွားသည်။

'ပြည်တွင်းငြိမ်းချမ်းရေး ရှိဖို့ ကျွန်တော်တို့ကလည်း လိုလားပါတယ်'

ကျွန်မမှာ မျက်လုံးကျယ်သွားလေ၏။ ပြည်တွင်းငြိမ်းချမ်းရေးမှာ တောင်ပေါ်တန်းက ကျွန်မ ထိုင်စောင့် မျှော်ခဲ့ရသော ဖိုးလမင်းကြီးနဲ့ တူလေ၏။ တိုင်းပြည်ကြီး သာယာဝပြောဖို့ရာ၊ လွတ်လပ်ရေး တည်တံ့ဖို့ရာ ပြည်တွင်း ငြိမ်းချမ်းမှု ရှိမှသာ ဖြစ်လိမ့်မည်။

'ဒီမှာရှင် လက်နက်ကိုင် ပုန်ကန်နေကြတာ ကိုးနှစ်၊ ဆယ်နှစ် ရှိပါပြီး





ပြည်သူလူထုဟာ ဖွတ်ဖွတ်ကြေနေပြီ။ ပြည်သူလူထုရဲ့ ဘဝအခြေအနေရော၊ စိတ်ဆန္ဒရော ငြိမ်းချမ်းရေးကို ရေဆာသလို ဆာနေကြပါတယ်။ လက်နက်ကိုင် တော်လှန်ရေးကို အားပေးတဲ့ အခြေအနေမျိုး မဟုတ်တော့ဘူး ဟုတ်လား။ ရှင်တို့ လက်နက်ကိုင် အင်အားစုတွေ ဘယ်လောက်ဖွဲ့ထားပြီး လက်နက်ကိုင် တိုက်နေနေ၊ လက်နက်ကိုင် တော်လှန်ရေးဟာ ကျဆင်းနေတာ ငြင်းနိုင်ရဲ့လားရှင်။ ရှင်တို့နဲ့ ကျွန်မတို့ဟာ တိုင်းရင်းသား အချင်းချင်းတွေပါပဲ။ တစ်ဦးနဲ့တစ်ဦး မေတ္တာပျက်ကြဖို့ မဟုတ်ဘူး၊ တစ်ဦးနဲ့တစ်ဦး မေတ္တာ မပျက်ကြဖို့ အရေးကြီးပါတယ်။ တစ်ဦးနဲ့တစ်ဦး လက်တွဲပြီး လွတ်လပ်တဲ့ ပြည်ထောင်စုကြီးကို ပြည့်စုံ ခိုင်မာလာအောင် ဝိုင်း လုပ်ကြရလိမ့်မယ်။ ရှင်တို့ဘက်က ငြိမ်းချမ်းရေး ရှေးရှုတယ်၊ လိုလားတယ် ကြားရတာ ဝမ်းသာစရာပဲရှင်'

ကရင်သူပုန်ဗိုလ် စောဘအေးမှာ နိုင်ငံရေးအမြင် ရှိပုံ ရ၏။ စောဆောက ကရင်သူပုန်ရာဇဝင် ရှင်းပြနေရင်း သူ့ရာဇဝင်ကြောင်း ထည့်ပြောသွားရာတွင် ဘီအေအောင်ပြီး ခေတ်ပညာတတ် တစ်ယောက်လည်း ဖြစ်၏။ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီး မြသပိတ်တောင်ပေါ်တွင် သက်နှင်းဆီးဖူးလေသည်။

ကျွန်မမှာ ကျွန်မခင်ပွန်း ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက် တော်လှန်ရေး ရာဇဝင်၊ ဖဆပလ ရာဇဝင်၊ တောခို ကွန်မြူနစ် ရာဇဝင်၊ ပြည်သူ့ရဲဘော်၊ ကရင် စသည့် နိုင်ငံရေးလှုပ်ရှားမှု အရပ်ရပ်ကို မှတ်တမ်း အမျိုးမျိုး လိုက်စုလျက် သိမ်းဆည်း စုဆောင်းနေခဲ့သည်။ အင်းစိန်တိုက်ပွဲတွင် ကရင်များ နောက်ဆုတ်ပြီး ငြိမ်းချမ်းရေးအတွက် စေ့စပ်ရေး လုပ်စဉ်က၊ စောဘဦးကြီးတို့ ဘက်မှ တောင်းဆိုချက် စာတမ်းကို ဗိုလ်လကျာ်ထံမှ တောင်းယူ သိမ်းဆည်းထားခဲ့သည်။

ကရင်သူပုန်ရာဇဝင်ကို စောဘအေးက ရှင်းပြောနေစဉ် ကျွန်မမှာ ထိုစဉ်က စေ့စပ်ရေးလုပ်ရန် သူတို့ တောင်းဆိုသော အချက်အလက်များကို ပြန်လည်စဉ်းစားလျက်၊ အဓိက သူတို့ တောင်းဆိုထားသော စစ်တပ်မှ ထုတ်ပစ်လိုက်မည့် ကရင်စစ်သားများအတွက် စားဝတ်နေရေး ထောက်ပံ့ကြေးငွေ ငါးသိန်းလောက် ရှိမည်ကို ကျေအေးပေးလိုက်နိုင်လျှင် ရာဇဝင် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းချင် ပြောင်းမည်ဟု တွေးထင်မိသည်။

'ကွန်မြူနစ်တွေ ငြိမ်းချမ်းရေးအတွက် စေ့စပ်ရေး ကြိုးစားနေဆဲ ခြေလှမ်းကို ကျွန်တော်တို့လည်း စောင့်ကြည့်နေကြပါတယ်'

ကွန်မြူနစ်များဘက်က ကြိုးစားနေသော ငြိမ်းချမ်းရေးပေါ်တွင် ကရင် ငြိမ်းချမ်းရေးကလည်း လိုက်တည်နေသဖြင့် ပြည်တွင်း ငြိမ်းချမ်းမှုအောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရာတွင် ကွန်မြူနစ်များ၏ တာဝန်ကို တွေးမိသည်။ လွတ်လပ်ရေး တည်တံ့ခိုင်မာအောင်၊ ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းသွားအောင် ကြိုးစားဖို့ရာ ငြိမ်းချမ်းရေးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင်လုပ်ဖို့ မြင်သင့်ကြပြီဟု တွေးမိသည်။

စောဘာအေးက ဆက်လက်၍ ကရင်သူပုန်တွေက သထုံ၊ မော်လမြိုင်မှ ရဟန်းသံဃာတော်များ ပင့်ဖိတ်လျက် သာသနာ ၂၅၀၀ ပွဲတော်ကြီး လုပ်သည့် အကြောင်းများ ပြောပြနေသည်။ ကျွန်မမှာ ကရင်သူပုန်နှင့် တွေ့ဆုံနေရလျက် ရန်သူ မထင်၊ စိတ်ထဲတွင် တိုင်းရင်းသား အချင်းချင်း ရင်းနှီးသော စိတ်မျိုး ဝင်စားနေသည်။ သူတို့အထဲလည်း ဗုဒ္ဓဘာသာဝင်တွေ ရှိပါကလားဟု ရင်းနှီးစိတ်ကို ပိုမို လေးနက်စေသည်။

'ကျွန်မတို့ မြန်မာပြည်မှာ ဒီဘုရားကြီးဟာ နှစ်စဉ်နှစ်တိုင်း စည်ကားရတဲ့ ဘုရားကြီး။ ရှင်တို့ ကြီးစိုးနေတဲ့အတွက် လူတွေ မလာရဲဘဲ ဒီဘုရားကြီးဟာ တောကြီးတောင်ကြီး ဖြစ်ပြီး ခြောက်ကပ် ဆိတ်သုဉ်းနေတာ စိတ်မကောင်းပါဘူး ရှင်'

ကျွန်မမှာ စည်ကားရမည့် အရပ်၌ ခြောက်ကပ်နေသည့်အတွက် စိတ်မချမ်းမသာ ဖြစ်ဖြစ်ဖြင့် ပြောလိုက်သည်။

'ကျွန်တော်တို့လည်း တွေးမိပါတယ်။ ရှေးကလိုပဲ စည်ကားစေချင်ပါတယ်။ ပြည်သူလူထု အများ ဘုရားဖူးရအောင် ကျွန်တော်တို့ ဖယ်ပေးလိုပါတယ်။ တောင်ပေါ်ကို သာသနာ့ ငြိမ်းချမ်းရေးနယ်မြေ သတ်မှတ်ကြရင် သိပ်ကောင်းမယ်။ ဒီပြင် နေရာကျ တိုက်ချင်တိုက်၊ ဒီနေရာကို မတိုက်ကြစတမ်း။ တောင်ကို ရဟန်းသံဃာနဲ့ မြန်မာရော၊ ကရင်ရော ဂေါပကလူကြီးတွေ ပေါင်းဖွဲ့ပြီး သိမ်းယူကြမယ်ဆိုရင် ကျွန်တော်တို့ဘက်က အပ်ဖို့ အဆင်သင့်ပဲပါ။ သခင်ကိုယ်တော်မှိုင်းလို ပုဂ္ဂိုလ်ကြီးလည်း အဖွဲ့ထဲ ပါစေချင်တယ်။ တောင်ပေါ်မှာ လက်နက်ကိုင်တဲ့ လူ တစ်ယောက်မှ မရှိကြစတမ်း။ ပြည်သူလူထုက ဒီနေရာဟာ ငြိမ်းချမ်းတယ်လို့ တကယ့်ကို ယုံယုံကြည်ကြည်နဲ့ သမုတ်ပြီး အသိအမှတ် ပြုအောင် တကယ် ငြိမ်းချမ်းရေးလုပ်ငန်းစစ်မှလည်း တကယ် အောင်မြင်မယ်'

ကရင်သူပုန်က လူထုအတွက် လေးလေးစားစား သည်လောက် ပြောဖော်ဆိုဖော် ရတာပင် တော်လှပြီဟု အောက်မေ့ရတော့သည်။ ကျွန်မမှာ သူ ပြောသည့်အတိုင်း ဖြစ်နိုင်တာ မဖြစ်နိုင်တာထား၊ သည်နေရာကို ကွက်ပြီး ငြိမ်းချမ်းရေး နယ်မြေတစ်ဝိုက်ဟု သည်နေရာက စ၍ စမ်းသပ် ကြည့်ချင်စိတ်များ ဖြစ်ပေါ်မိသည်။





'အမှန်တော့ ကျွန်တော်တို့ ဖွင့်ပေးရုံနဲ့ မဟုတ်သေးဘူး၊ ဒီတောင်က တောင်ပိုင်တွေကလည်း ခွင့်ပြုရသေးတယ်'

ကျွန်မမှာ ခေတ်ပညာတတ်တစ်ယောက်က သည်အရာတွေ ယုံကြည်သလားဟု အံ့သြနေမိသည်။ သူက ဆက်ပြောသည်။ 'ကျွန်တော်လည်း အစက နတ်တွေ ဘာတွေ ယုံတာ မဟုတ်ဘူး။ ဒီတောင်ကျတော့ မယုံလို့ မရဘူး။ မိုးတွင်းဆိုရင် ဘုရားရင်ပြင်တော်ပေါ်မှာ ဘုရားလာဖူးကြတဲ့ မြွေကြီးတွေဟာ နဂါးကြီးတွေလား ထင်ရတယ်၊ နည်းတဲ့ အကောင်ကြီးတွေ မဟုတ်ဘူး။ ရင်ပြင်တစ်ခုလုံးအပြည့် အတုံးအရုံး လူးလိမ့်နေကြတာပဲ။ ဘုရားဘေး၊ ဘုရားအောက် ချောက်ထဲမှာ ဂူတွေ အများကြီး ရှိတယ်။ ကျားတွေဟာ အဲဒီဂူတွေထဲမှာ လာအိပ်ကြတာပဲ။ ဘုရားပွဲ လုပ်လို့ ဘုရားဖူး လူတွေအတွက် ဘေးရန် မရှိအောင် လမ်းဖွင့် လမ်းရှင်းပေးဖို့ တောင်ပိုင် တောင်စောင့်နတ်တွေကို ကန်တော့ တောင်းပန်ပြီး၊ ကျွန်တော်တို့ ကန်တော့ပွဲတွေ အများကြီး ပေးပြီးမှ ဖွင့်ရတာ။ သူတို့ ဖွင့်မပေးဘဲ ဒီအတိုင်း တက်ရင် ကျားဆွဲသွားမှာပေါ့'

ကျွန်မမှာ သူ ပြောတာကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ကျွန်မ တစ်သက်လုံး ကျိုက်ထီးရိုးဘုရားဖူးတွေ တောင်ပေါ်၌ တစ်ခါမှ ကျားဆွဲသည်၊ ဘေးရန်ကြုံသည်ဟု မကြားဖူး၍ တန်ခိုးကြီးသည်ကိုမူ ယုံကြည်စိတ်ချရိုး အမှန်ပင် ဖြစ်သည်။

ကျွန်မတို့ နောက်မှ ရောက်လာကြသော ဦးပဥ္စင်းရွယ်ရွယ် သုံးပါးသည် ဇရပ်ထဲသို့ ဝင်လာကာ 'ဒကာကြီး၊ ကျုပ်တို့ဇရပ်မှာ ရေမရှိဘူး၊ ရေ ဘယ်က ရမလဲ' ဟု မေးလေသည်။ ကရင်သူပုန်သည် 'အရှင်ဘုရားတို့ ခုည အဖို့တော့ အဲဒီရေပဲ သုံးပါ' ဟု သောက်ရေအိုးကြီးကို မပေးလိုက်သည်။ ခြေမသန်စွမ်းသော ခရီးသည်တစ်ယောက် အထမ်းနှင့် ရောက်လာပြန်သည်။ ကျွန်မတို့ကဲ့သို့ပင် ည တက်လာကြသောသူများ ဖြစ်သည်။ ကျွန်မတို့ ယူထားသော နေရာနှင့် မလှမ်းမကမ်း နေရာ အမြင့်တွင် လှဲအိပ်လေ၏။ ကျွန်မမှာ ထိုည၌ ညောင်း၍သာ ဆန့်လှဲလျက် တစ်ရေးမှ မအိပ်ချေ။ ကရင်သူပုန်မှာ တော်တော်နှင့် မအိပ်ချေ။ ခေါင်းရင်းက ခုတင်ပေါ်တွင် ဆောင့်ကြောင့်ကလေး ထိုင်လျက် ဘုရားရှိခိုးနေလေ၏။

မမျှော်လင့် မရည်ရွယ်ဘဲ ရောက်လာသော နေရာဒေသနှင့် တွေ့ကြုံရသော အဖြစ်အပျက်များမှာ စိတ်ဝင်စားစရာမှားသာလျှင် ဖြစ်၍၊ ကျွန်မမှာ လုံးဝ မအိပ်ချင်တော့ဘဲ တွေ့ရ ကြုံရတာတွေကို ပြန်လှန် သုံးသပ်နေရင်း အရုဏ် တက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်တော်ပေါ်၌ အရဏ်တက်မှာ ကြည်နူးစရာ ကောင်းလှသည်။ တည်းခိုဇရပ်တွေထဲမှ ဘုရားဖူးများ ထ၍ ဆွမ်းကပ်နေကြသည်။ ကရင်သူပုန်မှာ အလုပ်ရှုပ်နေလေ၏။ တောင်ပေါ်သို့ တသဲသဲ ကြွလာသော ဘုရားဖူး သံဃာတော်များ အားလုံးအတွက် ဆွမ်းစားပွဲများ ပြင်ကာ ဆွမ်းကပ်နေလေသည်။ ဇရပ်ထဲ၌ စားနပ်ရိက္ခာများ သိုလှောင်ထားသည်။ ဆန်များကို သံစည်ကြီးများနှင့် ထည့်ထားသည်။

ကျွန်မမှာ အရဏ်တက် ဘုရားဖူးပြီး ထလိုက်မှ ဘုရားသို့ ကူးသွားသော တံတားထိပ်တွင် "မိန်းမများ မဝင်ရ" ဟူသော စာတန်းကို သွားမြင်မိသည်။ ညက ထိုစာတန်းကို မမြင်ဘဲ စွတ်သွားမိသည်။ ကျောက်တုံးကြီးပေါ်သို့ ရောက်ခဲ့ရသဖြင့် 'မိန်းမဆို၍ ကျွန်မ တစ်ယောက်တည်းများ ဘုရားကျောက်တုံးကြီးပေါ်သို့ ရောက်ဖူးရော့သလား' ဟု တွေးမိသည်။

ကျွန်မတို့ ဇရပ်နောက်တွင် သံဃာတော်များအတွက် ဆွမ်းချက်နေသော ဆွမ်းချက်တဲရုံကို တွေ့၍ သွားကြည့်သည်။ ငွေလက်ကောက်၊ ငွေလက်စွပ်ကြီးများ ဆင်ယင် ဝတ်ထားသော ကရင် တောင်သူ မိန်းမကြီးများနှင့် ကရင် အဘိုးကြီးများ ချက်ပြုတ်နေကြလေသည်။ စားနပ်ရိက္ခာ မပါလာသော ဘုရားဖူးများသည် ဤတဲထဲသို့ လာကြသည်။ ဆွမ်းချက်တဲထဲ၌ ဆန်၊ ဆီ၊ ပဲ၊ ငရုတ်၊ ကြက်သွန်များ ဝေငှပေးနေသည်ကို လာယူကြလေသည်။ ကျွန်မမှာ ဝေငှပုံကို ရပ်ကြည့်နေရင်း သဒ္ဓါတရားစိတ် ဖြစ်နေလေသည်။

တစ်နေ့လုံး ဘုရားရင်ပြင်ပေါ်တွင် ဘုရားဖူးလိုက်၊ အနီးအနားတစ်ဝိုက် သွားလိုက်နှင့် အချိန်ကုန်ကြသည်။ ကျွန်မတို့ ချက်ပြုတ်စားရန် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ကြာဆံ၊ ငါးခြောက်များကို သူပုန်ဗိုလ်က လာပေးသည်။ ဘယ်အချိန်က ထမ်းခိုင်းထားသည် မသိ၊ ရေနံဆီပုံးနှင့် ရေ ဆယ်ပုံးလည်း လာချထားသည်။

ငလူးမှာ တောင်ပေါ်တွင် စီးပွားလမ်း တော်တော် ဖြောင့်နေပေသည်။ ဘုရားဖူးများအတွက် တောင်အောက် ချောက်ကြီးထဲ ဆင်း၍ ရေခပ်ပေးနေသည်။ ငွေစက္ကူကျပ်တန်များကို သူ့ပုဆိုးစတွင် ကျစ်ကျစ်ပါအောင် ချည်လိမ်ထုပ်ထားလျက် တပြုံးပြုံး ဖြစ်နေလေသည်။

'ခင်ဗျားနာမည် မမလေးလို့ ကျုပ်မှတ်ထားတာ၊ မေ့မသွားအောင် နာမည် မပြောင်းပါနဲ့' ဟု သတိရတိုင်း ပြောမှာနေသေး၏။

ဘုရားဖူးများမှာ များသောအားဖြင့် တောဘက်ကလူစု များသည်။ ကြေးရတာတ် တရုတ်ကပြားများလည်း တွေ့ရ၏။ ဘုရားပေါ်တွင် လူသုံးဆယ်လောက်





ပင် ရှိမည် ထင်သည်။ ပန်းတင်ခုံ စားပွဲကြီးတစ်ခု ကရင်သူပုန်တပ်များ ကမ္ဗည်းစာတန်းထိုး လှူဒါန်းထားကြသည်။ မှတ်တမ်းစာအုပ်လည်း ရှိ၏။ ဘုရားလာဖူးသူတို့ ရေးလိုရာ ရေးခဲ့ရန် သူပုန်များက မှတ်တမ်းစာအုပ် ထားလေ၏။ ကျွန်မသည် မှတ်တမ်းစာအုပ်ကို လှန်ကာ ကရင်သူပုန်လက်ထက် အရပ်ရပ်မှ လာဖူးကြကုန်သော ဘုရားဖူးတို့၏ မှတ်တမ်းကို တစ်ရွက်ပြီးတစ်ရွက် လှန်ဖတ်ကြည့်လေသည်။

၃

နံနက်စောစော ပြန်ဆင်းမည်ဖြစ်၍ ညဘက်တွင် ပစ္စည်းများ သိမ်းစုနေစဉ်၊ မောင်သိန်းတန်သည် စောဘအေး ခုတင်ပေါ်မှ သင်္ကန်းအပိုင်းအစ တစ်ခုကို ဆွဲယူကာ သူ့ကိုယ်တွင် ပတ်ပြီး ရုံကြည့်နေလေ၏။ ဘုန်းကြီးဟန်ဖြင့် မျက်လွှာချလျက် 'ဦးသောဘိတကွ' ဟု ပြောင်နောက် ကစားနေသည်။ ကစားနေရင်း 'မေမေ ကျွန်တော် သင်္ကန်းဆီးချင်တယ်' ဟု ပြောလာသည်။ ကျွန်မက ပြောင်နောက် ပြောနေသည်ထင်၍ 'မရှုပ်စမ်းနဲ့' ဟု ငေါက်လိုက်သော်လည်း ပြောင်နောက်ခြင်း မဟုတ်ဘဲ အတင်းမရခက နားပူနေတော့သည်။ ကျွန်မမှာ သူပုန်ဗိုလ်ကို သင်္ကန်းတစ်စုံ ရှာပေးပါရန် အကူအညီ တောင်းရသည်။ ဒီလောက် ဝတ်ချင်လှတာ၊ ဒီတောင်ပေါ်မှာ မှတ်မှတ်ရရ ဝတ်ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘုရားဖူးလာသော အာဂန္တုဘုန်းတော်ကြီး တစ်ပါးထံမှ သင်္ကန်း အပိုတစ်စုံ ရလာလေ၏။ သင်္ကန်းဖိုးကို ပူဇော်ကာ တောင်ပေါ်တွင် ထာဝစဉ် နေထိုင်

ဦးအောင်ဇေယျ၊ မြိတ် ဦးစိုးမြင့်(စိုးစာပေ၊ ဂျာနယ်ကျော် ဦးချစ်မောင်၏ ညီအရင်း) တို့နှင့်အတူ ...။



www.burmeseclassic.com

www.burmeseclassic.com



သော ဘုန်းတော်ကြီး တစ်ပါးရှိရာ ဇရပ်သို့ သွားကြရလေ၏။ ဘုန်းတော်အိုကြီးမှာ မွန်လူမျိုး ဖြစ်သည်။ သက်န်းတောင်း၊ သီလ ပေးရာတွင် အသံဝဲလွန်း၍ ဂရုစိုက် နားထောင်ရသည်။

ကျွန်မမှာ ကျိုက်ထီးရိုး ဘုရားသို့ မရည်ရွယ်ဘဲ ရောက်လာ ဖူးရ၏။ မောင်သိန်းတန်မှာလည်း မရည်ရွယ်ဘဲ ကျိုက်ထီးရိုးတောင်ပေါ်၌ ကိုရင်သောဘိတ ဖြစ်သွားရ၏။ ကိုရင်ဝတ်ပြီး၍ ရေစက်ချနေစဉ် မိုးပေါက်များ တဖြောက်ဖြောက် ကျလာလေသည်။

'ကိုရင့်ဆံပင်ကို ဘုရားကျောက်တုံးအောက်မှာ ထားချေ' ဟု ကျွန်မက ပြော၍ သူ့ဆံပင်များကို စေတီအောက်တွင် သွားထားလေသည်။

နံနက်ဝေလီဝေလင်း သံဃာတော်များ ဆွမ်းကပ်ချိန်တွင် ကိုရင်သောဘိတ ကို ဆွမ်းကပ်ပြီး ကျွန်မတို့လူစု တောင်ပေါ်က ဆင်းခဲ့ကြသည်။

တောင်ပေါ်က မဆင်းမီ ကျွန်မတို့ ဘုရားထိုင်ဖူးကြကာ ရင်ထဲတွင် လှိုက်ဖိုလျက် ရှိနေသည်။ ဘုန်းကြီးများကို ဝေလီဝေလင်း ဆွမ်းကပ်နေကြသော ကရင်သူပုန် အမျိုးသမီး၊ အမျိုးသားများကို လှမ်းကြည့်ကာ ကြေကွဲစိတ်လည်း ဖြစ်၏။

ဆွမ်းကပ်နေရာမှ ကရင်သူပုန်က ထ လာ နှုတ်ဆက်သည်။

'အစ်မကြီး ပြန်သွားရင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ဆက်ဆက် ပြောပါ။ တောင်ပေါ်ကို ဘုရားလာဖူးပါ၊ ကျွန်တော်တို့ တာဝန်ယူပြီး ဆင်နဲ့ တင်ပို့မယ်လို့ ပြောပါခင်ဗျာ'

ကရင်သူပုန်ဗိုလ်ကို နှုတ်ဆက်ပြီး ဘုရားပေါ်က အဆင်း၊ ကျွန်မသည် ခေါင်းလောင်းကြီးကို တအား သွားထုကာ တိုင်တည်လိုက်မိသည်။

'တိုင်းပြည်ကြီး မြန်မြန် ငြိမ်းချမ်းရေးရပြီး အေးချမ်းသာယာလိမ့်မည် ဖြစ်ပါက ဤဘုရားကြီး အမြန်ဆုံး စည်ကားလာသည့် နိမိတ် ပြပါစေသား'

ကျွန်မသည် အံကို ကြိတ်လျက် တအားထုလိုက်သည်။

ခေါင်းလောင်းကြီး၏ အသံမှာ တောင်ပေါ်၌ မြည်ဟိန်းသွားလေ၏။ လေထဲတွင် ပျံ့လွင့်လျက်ရှိကာ ခေါင်းလောင်းသံတို့သည် တော်တော်နှင့် မစဲနိုင်။

ခေါင်းလောင်းကြီးသည် ထုလိုက်တိုင်း သက်သေထူကာ တဒေါင်ဒေါင် မြည်ကျူးလျက် ကျွန်မအား နှစ်သိမ့်စကား ပြောကြား အားပေးလိုက်လေ၏။

[ ရှုမဝ၊ ဇန်နဝါရီ ၁၉၅၈ ]

# ငြိမ်းချမ်းရေးအလံ

၁

ကျွန်မသည် ထောင်ထဲသို့ ဝင်ရန် ထောင်ပေါက်ဝသို့ ရောက်လာခဲ့သည်။

လမ်းတစ်ဖက်က ပလက်ဖောင်းပေါ်တွင် လူတွေ ရပ်နေကြလေရာ၊ သူတို့ လက်ထဲတွင် လွယ်အိတ်၊ ဆွဲချိုင့်များကို ဆွဲကိုင်ကာ ထောင်ဖွင့်ချိန်ကို စောင့်ဆိုင်း နေကြသည်။ နေရောင် မကျတတ်သေး၍ နေပူကြီးထဲတွင် ထောင်ဘူးရှေ့၌ ရပ်နေသော ကျွန်မကို လှမ်းမျှော်ကြည့်လျက် ရှိကြသည်။

ကျွန်မမှာ ထောင်ထဲသို့ ဝင်ရမည်ကို သဘောကျကာ ရွှင်ရွှင်လန်းလန်း ရှိလေသည်။ တစ်ခါက ထောင်ထဲသို့ ဝင်ရန် ကြိုးစားခဲ့ဖူးသည်။ မြန်မာပြည်သို့ အင်္ဂလိပ်များ ပြန်ဝင်စက ဦးချစ်မောင်အား ဖမ်းသွားကြသည်။ သည်ထောင်ထဲ တွင် တစ်နေ့နှင့် တစ်ည နေသွားဖူး၏။ ထိုစဉ်က ထောင်ထဲသို့ အင်မတန် ဝင်ရောက်ချင်သည်။ ဝင်ခွင့်မရ၍ ပလက်ဖောင်းပေါ်က ရပ်ကာ ထောင်ကြီးကို မျှော်ကြည့်ပြီးသာ ပြန်ခဲ့ရသည်။ ရောက်ဖူးချင်သော နေရာတစ်ခုကို ယနေ့မှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပေတော့မည်။

ဘူးဝ၌ ဆယ်မိနစ်ခန့် ရပ်စောင့်ကာ နေရပေသည်။ အုတ်တံတိုင်း အတွင်း၌ 'ဘယ်လို နေမလဲ၊ ဘာတွေ ရှိမလဲ' ကြည့်ချင်မြင်ချင်လှလေပြီ။ စက္ကရီတေရီရုံး ရုံးကြီးမှ အတွင်းဝန် ပေးလိုက်သော ထောင်ဝင်စာကို အပေါက်စောင့် ပုလိပ် လက်သို့ ပေးလိုက်ကာ ဘူးဝ၌ ခေတ္တခဏ စောင့်၍နေရသည်။

ကျွန်မသည် တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူးသော အကျဉ်းသမား တစ်ယောက်ကို တွေ့ရအောင် လာခဲ့ပေသည်။

ကျွန်မအဖို့ သည်လို အကျဉ်းသမားမျိုးနှင့် တွေ့ဆုံရန် စိတ်ကူးထဲမှ မထည့်ဖူး၍ လာခဲ့ခြင်းမှာ ထူးဆန်းနေပေသည်။ ကျွန်မကို မြင်လျှင် အကျဉ်း သမားကလည်း မုချ အံ့ဩ ထူးဆန်းသွားပေလိမ့်မည်။

ကာကီဝတ်စုံ ဝတ်ထားသော ခပ်ဝဝ ထောင်အရာရှိကြီး တစ်ယောက်က ဘူးဝသို့ လျှောက်လာသည်။ 'ထောင်ထဲ ဝင်ချင်လို့လား' ဟု သူက စတင် မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်မက အတွင်းဝန်ထံမှ ထောင်ဝင်စာ ယူခဲ့ပြီး အထဲသို့ ပေးထားကြောင်း ပြန်ပြောလိုက်သည်။

အရာရှိသည် ထောင်တံခါးကို ဖွင့်ခိုင်းကာ သူနှင့်အတူ ကျွန်မကိုဝါ ဝင်စေသည်။

ထောင်ထဲသို့ ရောက်သွားပေပြီ။ သို့သော် ရှေ့က သံတံခါးကြီး တစ်ခု ပိတ်ဆီးထား၍ ကျော်ဖြတ်ရဦးမည်။ ဝင်လမ်းနှစ်ဖက် အုတ်တိုက်ထဲကို ရှေးဦးစွာ လှမ်းမြင်ရသည်။ ထောင်မှူးများ ထိုင်ကြသော ရုံးခန်းကို တွေ့ရသည်။ တစ်ဖက်တွင် သံတိုင်များ စိုက်လျက် အပြင်လူများနှင့် အကျဉ်းသမားများ တွေ့ဆုံနိုင်ရန် နေရာ လုပ်ထားသည်။ သံတံခါးက ကျော်ဖြတ်လျှင် ရှေ့တွင် အုတ်တံတိုင်းနှင့် တံခါးကြီးများ ဆီးထားသေးသည်။

ထောင်ထဲသို့ ရောက်သွားသောအခါ ထောင်အတွေ့ကို ခံစားရသည်။ တံခါးတစ်ခုကို ကျော်ဖြတ်၍ နောက်မှ ပြန်ပိတ်သံ ကြားတိုင်း ကျောထဲက စိမ့်တိမ့်တိမ့် ဖြစ်မိသည်။

ရုံးခန်းထဲရှိ စားပွဲတွင် ငုံ့ကာ စာရွက်ကို ဖတ်ကြည့်နေသော ထောင်မှူးက ကျွန်မကို မော့ကြည့်လိုက်သည်။ အကြည့်ချင်း ဆုံကြသော်လည်း ထောင်မှူး၏ မျက်လုံးအစုံမှာ အကြည့်တစ်မျိုးဖြင့် ကြည့်လိုက်သော ကြည့်ပုံမျိုး ဖြစ်လေ၏။

ကျွန်မ လာရောက် တွေ့ဆုံသည့် အကျဉ်းသမားမှာ သာမန် ရိုးရိုးအကျဉ်း သမား မဟုတ်ပေ။ စစ်ရာဇဝတ်ကောင် အကျဉ်းသမား ဖြစ်လေသည်။ စစ်အကျဉ်း သမား ဆိုရာ၌ စစ်သားတစ်ယောက်လည်း မဟုတ်ချေ။ မြန်မာပြည်တွင် နှလုံး နာစရာ ကောင်းလောက်အောင် ကြီးစိုးသွားလေသော ကင်ပေတိုင်ရုံးကြီးမှ စစ်ဗိုလ် ကြီး ဖြစ်၍ ထောင်မှူးထံမှ ထိုအကြည့်မျိုးကို အကြည့်ခံရပေသည်။

'ခဏ ထိုင်ပါ'

လူ့ချွေးကြီးနှင့် ခွင့်ပြုချက်အရ သူနှင့် မျက်နှာချင်းဆိုင်ကာ ဝင်ထိုင်လိုက် သည်။ စားပွဲခုံပေါ်တွင် ကျွန်မ ယူဆောင်လာသော အထုပ်ကို တင်လိုက်သည့်အခါ တစ်ချက် လှမ်းကြည့်ပြန်သည်။

မြန်မာမ တစ်ယောက်က ဂျပန်ကို ထောင်ထဲ ဝင်တွေ့ခြင်းသည် အကြောင်းမသိလျှင် ဘာလိုလို ထင်နိုင်စရာ ရှိလေသည်။

ရုံးခန်းထဲတွင် အချို့ထောင်သားများ အလုပ် လုပ်လျက် ရှိကြသည်။ ဂျပန်ထောင်သား တစ်ယောက်ကိုလည်း တွေ့ရသည်။ အတော်ပင် မြန်မာရည် လည်နေပုံရသည်။ ပြုံးကာရယ်ကာ ရွှင်ရွှင်ပျပျ ဖြစ်နေပုံလည်း တွေ့မြင်ရသည်။

ကျွန်မ တွေ့ရမည့် အကျဉ်းသမားကို စောင့်ဆိုင်းနေရခိုက် ဟိုဟိုဒီဒီ





ငေးကြည့်နေမိသည်။ ထောင်မှူးသည် တိတ်ဆိတ်စွာနေရာမှ 'ဟိုမှာ . . . လာပြီ' ဟု အသံပြုလေသည်။

နောက်ဘက်သို့ ချက်ချင်းလှည့်၍ ကြည့်လိုက်သည်။ အသက် ၅၀ ခန့် ရှိမည်ဖြစ်သော ဂျပန်ကြီးတစ်ယောက်နှင့် ခပ်ရွယ်ရွယ် ဂျပန်တစ်ယောက် ဝင်လာ ကြသည်။ ဂျပန်ကြီးမှာ အရပ် မနိမ့်မမြင့် ဖြစ်လျက်၊ တစ်ယောက်မှာ ပိန်ပိန် ရှည်ရှည် ဖြစ်သည်။ နှစ်ယောက်စလုံး ခေါင်းတုံးရိတ်ကာ ဇွပ်ကျယ်အင်္ကျီ၊ ကာကီ ဘောင်းဘီတိုနှင့် ခုံဖိနပ်များ စီးထားကြသည်။

စားပွဲအေားတွင် နှစ်ယောက် ယှဉ်ကာ မတ်မတ်ရပ်လျက် ထောင်မှူးအား ကုန်းညွှတ်၍ အရိုအသေ ပေးနေကြသည်။ သူတို့နှစ်ယောက်အနက် ကျွန်မ တွေ့ရမည့် အကျဉ်းသမားမှာ မည်သူဖြစ်မှန်း မသိ၍ 'ကာနယ်ကူမဲ ဆိုတာ ဘယ်သူပါလဲရှင်' ဟု ထောင်မှူးအား မေးကြည့်လိုက်သည်။

'ခင်ဗျား မသိဘူးလား'

'မသိပါဘူးရှင်၊ ကာနယ်ကူမဲကို ထောင်ထဲမှာ ဆက်ဆက်တွေ့ခဲ့စမ်းပါ လို့ ဂျပန်ပြည်က စာရေးလိုက်လို့ ကျွန်မ လာတွေ့တာပါ'

ထောင်မှူးသည် စောစောကလောက် ဣန္ဒြေ သိပ်မကြီးတော့ဘဲ ချိုချို သာသာဖြင့် 'သူပဲ . . . သူပဲ' ဟု ဂျပန်ကြီးကို မေးထိုးပြသည်။

ဂျပန်များမှာ ကြောင်နေကြသည်။ ကျွန်မကို ကြည့်ကာ ကြောင်နေကြစဉ် လက်ကိုင်အိတ်ထဲမှ စာအိတ်ကို ထုတ်ယူကာ ထောင်မှူးအား ပြလိုက်သည်။ စာကို ထောင်မှူးက ယူကြည့်ပြီး ပြန်၍ကမ်းကာ 'ပေးပါ၊ ပေးနိုင်ပါတယ်' ဟု ခွင့်ပြုလိုက်သည်။

ကျွန်မလည်း ထိုင်ရာမှ ထကာ ကာနယ်ကူမဲကို စာလှမ်းပေးလိုက်သည်။ ကျွန်မ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်၍ စာကို လှမ်းယူသည်။

စာကို အတူတူ ခေါင်းချင်းကပ်ကာ ဖတ်နေကြသည်။ သူတို့မှာ စာဖတ် ရင်း ခေါင်းတဆတ်ဆတ် ညိတ်ကာ တဖြည်းဖြည်း ဝင်းပလာကြသည်။ စာဆုံး သွားသည့်အခါ၌ နှစ်ယောက်စလုံး ကုန်းညွှတ်ပြီး ချိုချိုပြုံးပြုံး နှုတ်ဆက်ကြသည်။

ထောင်မှူးက သူတို့ကို ကျွန်မအနားက ကုလားထိုင်တွင် ထိုင်စေသည်။ သူတို့သည် ထောင်မှူးကို ကုန်းညွှတ်ကာ အရိုအသေ ပြုပြီးမှ ဝင်ထိုင်ကြသည်။

မြန်မာတွေကို ရေနွေးပူလောင်း၊ လက်သည်းခွံ ခွာလှုံ ညှဉ်းပန်းနှိပ်စက် သွားသည့် နေရာတွင် ရာဇဝင် တွင်ရစ်အောင် ရက်စက် ကြမ်းကြုတ်လှသော နာမည်ကျော် ဂျပန်ကင်ပေတိုင်ရုံးမှ စစ်ဗိုလ်ကြီးတစ်ဦးနှင့် ထောင်ထဲတွင် မျက်နှာ ချင်း လာဆိုင်နေရသဖြင့် သူ့ကို သေသေချာချာ အနုစိတ်၍ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်မှာ အသက်ကြီးသော်လည်း ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ အမူအရာမှာ ကြမ်းတမ်း ခက်တရော်သည့်အသွင် မရှိဘဲ နူးညံ့ ပျော့ပျောင်းသော သဘောရှိသည်။ ခက်ထန် တင်းမာသော မျက်နှာထား မဟုတ်၊ ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေရှိသည်။ သူ၏ အကြည့်မှာ စေ့စပ် နိုက်ချွတ်၍ အာရုံခံစားမှု၌ ထက်မြက်စူးရှပုံ ရသည်။

စွပ်ကျယ်အင်္ကျီ၊ ဘောင်းဘီတို့နှင့် ခုံဖိနပ်ကို ဖယ်ရှားကာ ရွှေကြယ်ပန်းထောက်၊ စလွယ်ကြိုး၊ ဓားရှည်ကို ခါး၌ ချိတ်လျက်၊ ဒူးထိအောင် စွပ်ထားသည့်သားရေဖိနပ်၊ စစ်ဝတ်စစ်စား အဆောင်အယောင် အပြည့်အစုံနှင့် ရင်ဘတ်တွင် တံဆိပ်အမျိုးမျိုး ဆင်ယင်ပေးလိုက်လျှင် အတော် ခံ့ညားမည်ဖြစ်သော ရုပ်လက္ခဏာ ဖြစ်သည်။

ကာနယ်က စကား စ ပြောသည်။ လူကို မကြည့်ဘဲ ရှေ့သို့ စူးစိုက်ပြီး မျက်စိကို မှေးကာ ချိုပြုံးစွာ ပြောသည်။

စကားဆုံးလျှင် ဘေးမှ ထိုင်နေသော ဂျပန်က အင်္ဂလိပ်စကားဖြင့် ဘာသာပြန်ပေးသည်။

'မြန်မာပြည်ထောင်ထဲမှာ နေရတဲ့အခိုက် သည်နေ့တစ်နေ့ဟာ မမေ့နိုင်စရာ ဖြစ်မယ့်နေ့ပါပဲ။ နောက်နောက်က မတွေ့ဖူး မမြင်ဖူးကြဘဲနှင့် ထောင်ထဲမှာ လာပြီး တွေ့တာ၊ ထောင်ထဲမှာ အသိဖြစ်ကြရတာဟာ ဘယ်လောက် ကြည်နူးပြီး ကျေးဇူးတင် ဝမ်းသာမိတာကို ပြောမပြနိုင်လောက်အောင်ပါပဲ။ ဂျပန်ပြည်က မိတ်ဆွေရဲ့ စာထဲမှာ ခင်ဗျား ဂျပန်သွားမယ်ဆိုတာ သိရလို့ ဂျပန်ရောက်ရင် ကာနယ့်ကိုယ်စား ကာနယ့်မိသားတစ်စုက ခင်ဗျားကို အနူးအညွတ် ခရီးဦးကြိုပြုကြပါလိမ့်မယ်။ ဂျပန်ပြည်ဟာ အင်မတန် သာယာလှပပါတယ်'

စကားပြန်သည် အင်္ဂလိပ်စကားဖြင့် ချောနေအောင် ဘာသာပြန်ပြောလေသည်။ ကျွန်မလည်း သူတို့ကို စူးစိုက်ကာ ပြုံး၍ နားထောင်နေရာမှ 'ထောင်ထဲမှာ နေရထိုင်ရတာ ဘယ်လို ရှိပါသလဲ' ဟု မေးလိုက်သည်။

'ထောင်ထဲမှာ ကောင်းပါတယ်။ လွတ်လွတ်လပ်လပ် နေရပါတယ်၊ ကောင်းကောင်းမွန်မွန် ထားကြပါတယ်'

'ဘယ်လောက်ကြာအောင် သည်ထောင်မှာ နေရမလဲ'

ကျွန်မ ပြောတိုင်းပြောတိုင်း စကားပြန်က သူ့သဘောနှင့် မဖြေဘဲ ကာနယ်ကို ဂျပန်လို ဘာသာပြန်ပေးသည်။

'အနှစ်နှစ်ဆယ် နေကြရပါမယ်'

ထိုအဖြေကို နှစ်ယောက်စလုံး ပြုံးရယ်၍ ဖြေလိုက်ကြသည်။





အင်္ဂလိပ်များ ပြန်ဝင်ပြီးနောက်၊ စစ်ကြီး ပြီးစီးသွားသည့်အခါ၌ ရန်ကုန်မြို့တွင် စစ်ဆေးကြသော စစ်ခုံရုံးက သူတို့ကို စစ်တရားခံအဖြစ် အနှစ်နှစ်ဆယ် အပြစ်ပေးသွားကြသည်။ လွတ်လပ်ပြီးသည့်အခါ မြန်မာအစိုးရက သူတို့ကို ထောင်ထဲတွင် ဆက်လက်ထားရတုန်းပင်။

ကျွန်မ ယူဆောင်လာခဲ့သော အထုပ်ထဲမှ စီးကရက်ဘူးကို ထုတ်ဖွင့်ကာ 'သူတို့ သောက်ရန် ပေးနိုင်ပါသလား' ဟု ထောင်မှူးကို မေးကြည့်သည်။ ထောင်မှူးနှင့် ကျွန်မ စကားပြောပုံကို သူတို့ စိုက်၍ ကြည့်နေသည်။

ထောင်မှူး၏ ခွင့်ပြုချက်အရ စီးကရက်များ ပေးလိုက်သည်။ 'ကျေးဇူးတင်ပါတယ်' ဆိုကာ ဘူးထဲမှ စီးကရက်ကို ကိုယ်စီ နိုက်ယူလျက် မီးညှိကာ အားရပါးရ ရှူရှိုက်သောက်ကြသည်။

ကာနယ်က သူ့မိသားတစ်စုနှင့် တွေ့လျှင် ကျန်းကျန်းမာမာနှင့် ပျော်ပျော်ရွှင်ရွှင် ရှိကြောင်း ပြောပြရန် မှာနေလေသည်။

'ခုအချိန်သွားရင် ဂျပန်ပြည်မှာ ချယ်ရီပန်းတွေတော့ တုံးနေပြီ။ ရာသီဥတုကတော့ သိပ်မအေးလှပါဘူး။ ဟာကိုနီကို သွားလည်ပါ၊ အင်မတန်မှ သာယာပါတယ်။ ကျိုတိုကိုလည်း ဆက်ဆက်သွားဖြစ်အောင် သွားကြည့်ပါ။ ဂျပန်ပြည်ရဲ့ မြို့တော်ဟောင်းမို့ ရာဇဝင်ဘက်က ကြည့်စရာ ရှုစရာတွေ ရှိပါတယ်'

စကားပြန် ပြောပြနေတုန်း ကာနယ်သည် ဆေးလိပ်မီးခိုးများကို စိုက်ငေးလျက် မှေးကြည့်နေလေသည်။ သူ၏ စိုက်ငေးနေသော အရပ်ဒေသကို ကျွန်မလည်း မှန်းဆ၍ ကြည့်နိုင် သိနိုင်ပါသည်။

သူသည် ဂျပန်ပြည်၏ ရှုခင်းများကို မြင်နေပေလိမ့်မည်။ တဖွဲဖွဲ ကျဆင်းနေသော နှင်းပွင့်များကို ငေးမောကြည့်နေပေလိမ့်မည်။ မြတ်နိုးရာ၊ ချစ်ခင်ရာ၊ စွဲလမ်းရာ ရှုခင်းများကို မျက်စိအာရုံ ခံနေပေလိမ့်မည်။ မိမိ ချစ်ခင်ရာ အိမ်သူအိမ်သားများကို သတိရနေပေလိမ့်မည်။ အခုလို အဝေးကြီး တိုင်းတစ်ပါးရှိ ထောင်တွင်း၌ နှင်းဝတ်မြုလည်း မကျ၊ ရှုခင်းလည်း မသာယာ၊ ထောင်ထဲတွင် မြင်နေကျ အကျဉ်းသမားတွေ၊ တချွင်ချွင် မြည်နေသည့် လက်ထိပ်သံတွေ၊ ပတ်ချာလည် ပိတ်ဆီးနေသည့် အုတ်နံရံကြီးတွေ၊ နေရာတိုင်း၌ ကျက်သရေ မင်္ဂလာကင်းမဲ့သော အခြင်းအရာတွေနှင့်။ သည်အထဲတွင် အနှစ်နှစ်ဆယ်ချဉ်းအောင် နေရပေဦးတော့မည်။

ဂျပန်ပြည် တိုကျိုမြို့မှ သူနေသော မြို့သို့ ရထားနှင့် သွားရကြောင်း ခရီးစဉ်ကို ပြောပြလေသည်။ သူ့အိမ်တွင် သဘောကျသလို နေထိုင်ရန်လည်း မှာကြားသည်။ ဂျပန်ပြည်အကြောင်း၊ သူ့အိမ် သူ့ကလေးများအကြောင်း၊ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



ပြည်က သစ်ပင်ပန်းမာလာများ အကြောင်းများနှင့် ဂျပန်၏ အနုပညာရပ်များကို ကင်ပေတိုင် စစ်ဗိုလ်ကြီးက စိတ်ဝင်စားစရာ ပြောပြနေလေသည်။

ကျွန်မတို့မှာ ကိုယ့်အိမ်ကိုယ့်ရာကဲ့သို့ပင် အေးအေးဆေးဆေး စကားထိုင်ပြောနေကြသည်။ ထောင်မှူးမှာ သူ့အလုပ်ကို ငုံ့လုပ်နေရင်း ကျွန်မတို့ ပြောသမျှ နားထောင်နေလေသည်။ မကြာမီ ထောင်ထဲသို့ အပြင်ဘက်မှ လူများ ဝင်လာကြသည်။

သူတို့သည် သံတိုင်ပြင်ဘက်မှ သမံတလင်းပေါ်တွင် တန်းစီ၍ ထိုင်ကြရသည်။ အကျဉ်းသမားတွေလည်း အတွင်းဘက်မှနေ၍ တစ်တန်းကြီး စီထိုင်ကြသည်။ သံတိုင်နှင့် မျက်နှာအပ်ကာ ကိုယ့်အိမ်က လူနှင့် စကားပြောနေကြသည်။ အပြင်ဘက်မှ တွတ်တွတ်ထိုးကာ ပြောဆိုနေကြသော အသံတို့မှာ အနည်းငယ် ဆူညံလျက် ရှိသည်။

ထောင်ထဲတွင် တစ်နာရီခန့် ကြာခဲ့သည်။ ကျွန်မက 'မှာကြားလိုက်သမျှ ဆွေမျိုးတစ်စုအား ပြောပြလိုက်ပါမည်' ဟု နှစ်သိမ့်လိုက်သည်။ သူတို့ ထကြသည့်အခါ ပန်းသီး၊ စပျစ်သီးများကို ထုပ်လာသော ခံပေါ်က အထုပ်ကို ထောင်မှူးအား ဖြေ၍ပြကာ ဖြူစင်လေးနက်သော မေတ္တာ၏ အငွေ့အသက်များ ယှက်သန်းနေသော မျက်နှာဖြင့် ကာနယ်ကို လှမ်းပေးလိုက်သည်။

ကင်ပေတိုင် စစ်ဗိုလ်ကြီးသည် အထုပ်ကို ပိုက်ကာ၊ တစ်ခဏမျှ တွေဝေငြိမ်ငုံ့လျက် နေပြီးနောက် 'ကျေးဇူးတင်ပါတယ်၊ ကြင်နာတဲ့ စိတ်နှလုံးကို အထူးလေးစားပါတယ်' ဟု ပြောဆို နှုတ်ဆက်ကာ လှည့်ထွက်သွားကြသည်။

၂

ကျွန်မ ရင်ထဲတွင် တခုန်ခုန် ဖြစ်နေကာ၊ အပေါက်ဆီသို့ ခဏခဏ လှမ်း၍ ကြည့်သည်။ ခန်းမကြီးကား တိတ်ဆိတ်လျက် ရှိသည်။ ခန်းမကြီးကို ခမ်းခမ်းနားနား ပြင်ဆင်ထားသည်။ တံခါးပေါက်များ၌ ပိုးလိုက်ကာ အစိမ်းအရှည်ကြီး ချထားသည်။ အခန်းထဲတွင် ခင်းထားသည့် ကော်ဇောကြီးနှင့် ဆိုဖာများမှာ ဂျပန်ပြည်လုပ် ပထမတန်း အမျိုးအစားကောင်းထဲက ဖြစ်သည်။ အခန်းထောင့်များတွင် ချထားသော ကြွေပန်းအိုးကြီးများကား ခံ့ညားလှသည်။ နံရံတွင် ချိတ်ထားသော ရှေးဟောင်းပန်းချီကားချပ်များကို တွေ့ရသည်။ ဆေးရောင် အနည်းငယ် ဆောင်နေသော်လည်း နုနုနှင့်ပျော့ပျော့ ခြယ်ထားသော စုတ်ချက်ကို တွေ့နိုင်သည်။

ကျွန်မ ရောက်ရှိနေသော နေရာမှာ တိုကျိုမြို့ တိုက်ကို ထရေဒင် အလုပ်တိုက်ကြီး၏ ငါးထပ်ရှိ အလုပ်ခန်းကြီး နောက်ဘက် ဧည့်ခန်းဆောင် ဖြစ်သည်။





ဤနေရာ၌ ကာနယ်ကူမဲ၏ ဇနီးနှင့် တွေ့ဆုံရန် ဂျပန်မိတ်ဆွေက စီစဉ်ထားသည်။ ကျွန်မမှာ ကာနယ်၏ ဇနီးကို ထိုင်စောင့်နေရင်း ထောင်ထဲကို သတိရနေသည်။ ထောင်ထဲ၌ ကာနယ်နှင့် တွေ့ခဲ့ပုံကို မျက်စိထဲတွင် ပေါ်နေတော့သည်။

ဖြူဖွေးသော လက်တစ်ဖက်သည် ခန်းဆီးစထဲမှ ထွက်ပေါ်လာရာ၊ တလှပ်လှပ်ရှိသော ရင်နှင့် လှမ်းကြည့်လိုက်သည်။ အသက် လေးဆယ်ခန့် ရှိမည်ဖြစ်သော အရပ်ပုပု ဂျပန်မနှင့် ခပ်ရွယ်ရွယ် ဂျပန်မကလေးတစ်ယောက် အခန်းထဲသို့ ဝင်လာကြသည်။ သူတို့သည် ဂါဝန်ကို မဝတ်ဆင်ဘဲ ရှေးရိုး ဂျပန်ကီမိုနိုကို ဝတ်ဆင်ထားသည်။ လှပသော အဝတ်ထုပ်ကလေးကို ပိုက်လာကြသည်။ ဂျပန်ပြည်၌ မိန်းမများ လက်ကိုင်အိတ်ကို အသုံးအပြု နည်းကြသည်။ လက်ကိုင်အိတ်နှင့် ထည့်ရမည့် ပစ္စည်းများကို လေးထောင့်ကျကျ ချုပ်ထားသည့် ပိုးပဝါထဲတွင် ထည့်လျက် စုချည် ထုပ်ကိုင်ကြသည်။ ပဝါမှာ အသားအမျိုးမျိုး၊ အပွင့်၊ အဆင်၊ အရောင် အမျိုးမျိုး ဖြစ်သည်။ လက်ကိုင်အိတ် ကိုင်သလို ပဝါထုပ်ကို ကိုင်ဆောင်ကြသည်။ သနားကမားရှိသော ရုပ်ရည်တို့နှင့် ညှိုးငယ်နွမ်းလျနေသော မျက်နှာထားများကို ကြည့်လျက် သူတို့ဒုက္ခကို မိန်းမချင်း စာနာစိတ် ဖြစ်မိပေသည်။ ကျွန်မ အနားသို့ ရောက်လျှင် ဂျပန်မိတ်ဆွေက မိတ်ဆက်ပေးသည်။

ကာနယ်ကူမဲ၏ မိန်းမမှာ မျက်နှာလုံးလုံးနှင့် ရိုးသားလှသော ရုပ်ရှိသည်။ အမူအရာမှာ ခပ်ထိုင်းထိုင်း လေးလေးကြီး ဖြစ်သည်။ ကျွန်မကို နှုတ်ဆက်ပြီး ဆိုဖာပေါ်တွင် ထိုင်လျက် ကရားမှ ရေလွှတ်သလို ပြောနေသည်။ ဂျပန်မိတ်ဆွေက ဘာမျှ ဝင်မပြောဘဲ၊ ပြောသမျှကို နားထောင်လျက် ရှိသည်။

'ရထားနဲ့ လာခဲ့ရလို့ အချိန်နောက်ကျတာကို ခွင့်လွှတ်ပါ။ မမလေးကို တွေ့ရမှာမို့ ညက တစ်ညလုံး ဝမ်းသာလွန်းလို့ အိပ်လို့ မပျော်ပါဘူး။ ကျွန်မယောကျ်ားနဲ့ တွေ့ခဲ့တော့ ဘာများ မှာလိုက်ပါသလဲ။ သူ့အကြောင်းကို ကျွန်မ သိပ်ကြားချင်တာပဲ။ သူ ဝသလား၊ ပိန်သလား၊ ပျော်ပျော်ရွှင်ရွှင် ရှိရဲ့လားရှင်'

ထိုမိန်းမမှာ ပြောပြီးလျှင် မျက်နှာသေလေးဖြင့် ကျွန်မအဖြေကို နားစွင့်မျှော်လင့်လျက် ရှိနေသည်။

ကျွန်မက ဂျပန်မိတ်ဆွေမှတစ်ဆင့် ကာနယ်နှင့် တွေ့ဆုံခဲ့ရသည့် အကြောင်းကို အစုံအလင် လျှောက်ပြောပြသည်။ သူတို့ ဘယ်လောက် ကြားချင်သိချင်ကြမည့် အချက်များကို အလိုက်တသိ စဉ်းစားကာ နားထောင်၍ မဝနိုင်လောက်အောင် ဖြစ်ရန် စိတ်ရှည်ရှည်ဖြင့် ပြောပြသည်။

ဂျပန်မိတ်ဆွေက ဘာသာပြန်နေစဉ် သူတို့ကို တစိမ့်စိမ့် ကြည့်လျက်၊ ကွေကွင်း ဆင်းရဲခြင်း ဒုက္ခကို နှလုံးသွင်းကာ ဆင်ခြင် စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှေ့တွင် ငြိမ်ငြိမ်သက်သက်ဖြစ်လျက် မျက်ရည်စမ်းစမ်းနှင့် နားဆောင်နေကြသည်။

ခပ်ရွယ်ရွယ် ဂျပန်မကလေးမှာ ထောင်ထဲတွင် ကျွန်မ တွေ့ခဲ့သော စကားပြန်၏ မိန်းမဖြစ်သည်။ လက်ထပ်ပြီး တစ်လမျှ မကြာခင် သူ့ယောက်ျား စစ်ထဲသို့ လိုက်သွားလေသည်။ သူနှင့်ရသော ကလေးမှာ ကျောင်းသို့ပင် တက်နေလေပြီ။ ဖခင်၏ ဓာတ်ပုံကို ကြည့်ကြည့်ပြီး မြန်မာပြည်သို့ လိုက်ပို့ပါဟု ငိုယို ပူဆာကြောင်း ပြောပြသည်။

'ကျွန်မတို့ သားအမိ သိပ်ဆင်းရဲနေတယ်လို့ ထင်ပြီး ငတ်မွတ်နေကြသလား၊ ဆန်ရှိရဲ့လား၊ အဝတ်ရှိရဲ့လားလို့ ထောင်ထဲက စာရေးတိုင်း ထည့်ရေးတယ်။ ဆန်လည်း စားရပါတယ်၊ အဝတ်လည်း လုံလောက်ပါတယ်လို့ ကျွန်မ စာပြန်ရေးတာ သူက မယုံဘူး။ ပြန်သွားရင် ပြောပြပါ။ ကျွန်မတို့ ငတ်ငတ်မွတ်မွတ် မဖြစ်ပါဘူး၊ ဝဝလင်လင် ရှိပါတယ်လို့ ပြောပါနော်'

ဒုက္ခသည်နှစ်ဦးအား တစ်ဦးစီ လှည့်၍ တတ်နိုင်သမျှ နှစ်သိမ့် ပြောဆိုရသည်။ ဆိုဖာပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်ကြလျက် ဝမ်းနည်းပက်လက်ဖြစ်နေကြသော မျက်နှာများဖြင့် ကျွန်မ ပြောတာကို ငေး၍ နားထောင်ပြီး ခေါင်းများ ဆို့နေကြသည်။

'တွေ့ဖို့ နှစ်ပေါင်းနှစ်ဆယ် ကြာဦးမယ်နော်'

သူတို့သည် ပင့်သက်ကြီး ချလျက် ခေါင်းကို ငုံ့လိုက်ကာ ကျလာသော မျက်ရည်ကို တို့သုတ်သည်။

ဝမ်းပန်းတနည်း ဖြစ်နေကြသည့် ကြားထဲမှ ကျွန်မကို တွေ့ရ၍ အတိုင်းမသိ ဝမ်းမြောက်ခြင်းလည်း ဖြစ်ကြသည်။ သူတို့ အရပ်တွင် ကာနယ်ကူမဲ၏ သတင်းကို ယူဆောင်လာသော မြန်မာမတစ်ယောက် ဂျပန်ပြည်သို့ ရောက်နေပြီဆိုသည့်သတင်းမှာ ပျံ့နှံ့သွားပြီး၊ မနေ့ညက သတင်းမေးလာကြသော ဧည့်သည်တွေမှာ အိမ်နှင့်အပြည့် ဖြစ်နေကြောင်းကို ဝမ်းသာအယ်လဲ ပြောပြသည်။ ထိုနေ့နေ့လယ်စာကို ဂျပန်ဟိုတယ်ကြီး တစ်ခုတွင် ကျွန်မအား တည်ခင်း ကျွေးမွေးကြသည်။ မပြန်ခင် သူတို့နေရပ် ဇူရှီသို့ လာခဲ့ရန် တဖွဖွ ဖိတ်ခေါ်နေကြ၏။ ကျွန်မက နေ့ရက် သတ်မှတ်ပေးလိုက်ရသည်။

၃

နံနက်စောစော ရထားနှင့် တိုကျိုမှ ဇူရှီသို့ ထွက်လာခဲ့သည်။ မီးရထားသည် လယ်ကွင်းများကို ဖြတ်လာရသည်။ တစ်ခါတစ်ရံ တောင်ကြားထဲသို့ ရောက်သွား





ပြန်သည်။ တောင်ကြားက ထွက်မိလျှင် မဆုံးနိုင်သော တောစတောင်စကို မြင်ရပြန်သည်။

လမ်းတွင် စက္ကူ ကောက်ရိုးတို့ဖြင့် ဆောက်လုပ်ထားသော ဂျပန်အိမ်ကလေးများနှင့် ဂျပန်ဆင်းရဲသား လယ်သမားများကို တွေ့မြင်ရသည်။

ကျွန်မ စီးသောတွဲမှာ သာမန်ရိုးရိုးတွဲ တစ်တွဲ ဖြစ်သည်။ ထိုင်ခုံများမှာ ဂတ္တီပါခံ ထိုင်ခုံများဖြစ်၍ ငြိမ့်ညောင်း ညက်ညောကာ သန့်လည်း သန့်ရှင်းသည်။ ရထားကို ကျောက်မီးသွေးနှင့် မမောင်းဘဲ၊ လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်ကြသည်။

နံနက်ခင်း နေရောင်တွင် တောတောင် လယ်ကွက်များမှာ သာယာကြည်လင်၍ နေလေသည်။ ဝါးပင်များကား စိမ်းစိမ်းလန်းလန်း ရှိကြသည်။ ဘုတာရုံတွေကို မကြာမကြာ ဖြတ်ရသည်။ ဘူတာရုံကြီးများကို ဟိန်းနေအောင် ဆောက်ထားကြသည်။ ပလက်ဖောင်းတွင် စားစရာ သောက်စရာများကို လက်တွန်းလှည်းကလေးနှင့် ရောင်းနေကြသည်။ ဥမင်လိုဏ်ခေါင်း တစ်ခုကို ဖြတ်ကျော်ပြီးနောက် ၁၁ နာရီလောက်တွင် ဇူရှီဘူတာရုံသို့ ရောက်လေသည်။

ရထားပေါ်မှ ဆင်းဆင်းချင်း ကာနယ်၏ဇနီးနှင့် လူရွယ်တစ်ယောက် လာကြိုနေတာ တွေ့ရသည်။ ကျွန်မတို့လည်း ဘူတာရုံဝ၌ စောင့်နေသော ကားပေါ်သို့ တက်ကြကာ ကာနယ်အိမ်သို့ မောင်းလာကြသည်။

မြို့မှာ မသေးလှပေ။ တောင်ပေါ်တောင်အောက် မြို့တည်ထားသည်။ လူနေအိမ်ခြေများဖြင့် ပြည့်ညပ်နေပေသည်။ အိမ်ခြေလွတ်သည့် နေရာတို့တွင် သစ်ပင်ကြီးများ စိမ်းစိမ်းညို့ညို့ ပေါက်နေကြသည်။ ဂျပန်ပြည်မှာ ဈေးသည်နိုင်ငံဖြစ်၍ ဘယ်အရပ် ရောက်ရောက်၊ ဘယ်နေရာ ကြည့်ကြည့် ဈေးဆိုင်အိမ်ဆိုင်တွေချည်း တွေ့ရသည်။

မြို့ထဲမှ အတော်ကလေး မောင်းထွက်လာသောအခါ ပြာလဲ့လဲ့ ပင်လယ်ကြီးကို သွားတွေ့ရသည်။ ပင်လယ်ကမ်းပါးဘေးတွင် မြို့ကလေး တည်ရှိနေသည်။

ခြံတစ်ခြံရှေ့၌ ကားကို ထိုးရပ်သည်။ ကားပေါ်မှ ဆင်းကာ ခြံထဲသို့ ဝင်သွားကြသည်။ ခြံထဲတွင် ဂျပန် တစ်ထပ်အိမ်ပုကလေး ရှိသည်။ အိမ်ကလေးကို အမိုးကော့ကလေးဖြင့် တော်ရုံတန်ရုံ သေးသေး ဆောက်ထားသည်။ အိမ်ထဲတွင် အခန်းတိုင်း၌ အတာမိ မြက်ဖျာများ အပြည့် ခင်းထားသည်။ စားပွဲ ကုလားထိုင် မရှိ။ ဖျာပေါ်တွင် ဖင်ထိုင်ခုံကလေးများ ဝိုင်းချကာ ခလယ်တွင် စားပွဲပုကလေး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင် လူတွေ ရောက်နေကြသည်။ ကာနယ်၏ ဆွေစုမျိုးစု ပရိသတ် ဖြစ်သည်။ အားလုံးပင် ခေါင်းကို ညိတ်လျက် ညိတ်လျက် နှုတ်ဆက်ကြ၏။

'သည်အိမ်လေးမှာ ကျွန်မ အဖေနဲ့ လာနေရပါတယ်။ ကာနယ်နဲ့ နေတဲ့ အိမ်ကိုတော့ ထမင်းစားပြီး လိုက်ပြပါမယ်' ဟု ကာနယ့်ဇနီးက ပြောပြသည်။

ရှစ်နှစ်၊ ခြောက်နှစ်ခန့်ရှိသော ကလေးမလေးနှစ်ယောက် ကျွန်မ အနားသို့ လာထိုင်ကြသည်။ သူတို့မှာ ကျောင်းသူမကလေးများ ဖြစ်သည်။ သူတို့အဖေ ကာနယ်ကို တစ်ယောက်က မမှတ်မိကြောင်းနှင့် တစ်ယောက်က မမြင်ဖူးသော ကြောင်း ပြောဆိုသည်။

ဂျပန်အဘိုးအိုကြီး နှစ်ယောက်ကား အခန်းထိပ်က ထိုင်လျက် ကာနယ်၏ အကြောင်းကို သတင်းမေးကြလေသည်။ စကားပြန်နှင့် စကားပြောဆိုနေကြစဉ် အဘိုးကြီးများမှာ ရွှင်ပျ ငြိမ်သက်လျက် ရှိကြသည်။ ကာနယ်၏ ဇနီးမှာ အနား တွင် ထိုင်မနေနိုင်ဘဲ ကျွန်မအတွက် ကျွေးမွေးရန် ပြင်ဆင်ရင်း အလုပ်များနေလေ သည်။

ကာနယ် ငယ်ရွယ်စဉ်က ဓာတ်ပုံ၊ လက်ထပ်စဉ်က ဓာတ်ပုံ၊ နှစ်နှစ်သမီး ကလေးကို ချီလျက် ရိုက်ထားသော ဓာတ်ပုံ၊ တစ်ပုံပြီး တစ်ပုံ ယူပြကြသည်။ ကျွန်မမှာ သတင်း မေးမြန်းနေကြသော ဂျပန်၊ ဂျပန်မများကို တစ်ယောက်ပြီး တစ်ယောက် ပြောပြနေရသည်။ စကားပြန် လုပ်သော ကျွန်မနှင့် လိုက်လာသည့် ဂျပန်မိတ်ဆွေမှာ တစ်ယောက်ပြီးတစ်ယောက် ပြန်ပြောရလေရာ အာခြောက်၍ လား မသိ၊ လက်ဖက်ရည်ကြမ်း ခဏခဏ ယူသောက်တာ မြင်မိသည်။

ကာနယ်၏ တူတော်သော လူရွယ်တစ်ယောက်မှာ အင်္ဂလိပ်စကား ကောင်းကောင်း ပြောနိုင်သည်။ စစ်ကို အလိုမရှိအပ်ကြောင်း ပြောဆို၍ ကျွန်မက ဟုတ်မှန်ကြောင်း ထောက်ခံလိုက်သည်။ သူသည် စစ်ကို လွန်စွာ မုန်းနေဟန် ရှိသည်။ စစ်ကြောင့် အကျိုးပျက်စီးရပုံများကို အတော်ကလေး ဆွေးနွေး ပြောဆို ကြသည်။ ဂျပန်လူငယ်ပိုင်းမှာ ရှေးကလို စစ်ပညာကို မသင်လိုကြတော့၊ စစ်သား မဖြစ်ချင်ကြ။ သူတို့ ခေါင်းထဲတွင် ဘုရင်ဧကရာဇ်ကို အသက်ပေး၍ စစ်ထဲဝင်ရန် မရှိသလောက် ခေါင်းပါးပုံကို ပြောပြသည်။

'စစ်မဖြစ်ခင်က ဂျပန်နဲ့ စစ်ပြီး ဂျပန် မတူတော့ဘူး'

'ဘာကို ဆိုလိုတာလဲရှင်'

'အရင်တုန်းက လူတွေဟာ နန်းတော်နားရောက်တာနဲ့ ဦးခိုက်ကြတယ်'

သူက ရှေ့သို့ ဆက်မပြောဘဲ နေလေသည်။ ရှေ့သို့ ဆက်ပြောရန်လည်း မလိုတော့ချေ။ နန်းတော်ကြီးသို့ ကျွန်မ သွားရောက် ကြည့်ရှုသည့်နေ့က နန်းတော်





အုတ်ကျုံး တစ်ဖက် မုခ်တံတိုင်းကြီးပေါ်၌ နန်းတော်ကို ကျောခိုင်းကာ လွတ်လပ်စွာ ခုံစိတင်းနီးနှောနေကြသည့် ဂျပန်မောင်မယ် စုံတွဲတွေကို တွေ့မြင်ရ၍ ငေးမော ကြည့်ရှုခဲ့ရသည်။ သည်လောက် အမြင့်ပေါ်မှာ ဘယ်လိုလုပ်များ တက်ထိုင်ကြ ပါလိမ့်ဟုလည်း အံ့အားသင့်မိသည်။ နန်းတော်မြို့ရိုးနားသို့ ကားမောင်းသွားလျှင် ဂျပန်စုံတွဲတွေ၊ အမေရိကန်စစ်သားနှင့် ဂျပန်မ စုံတွဲတွေကို ကျုံးတစ်ဖက် မုခ် တံတိုင်းကြီးပေါ်တွင် တက်ထိုင်ကြကာ မြင်မကောင်း ရှုမကောင်း ပွေ့ဖက်နေကြ ပုံပင် လမ်းပေါ်က အတိုင်းသား မြင်နိုင်သည်။

'တိုးတက်တဲ့ အပိုင်းက ဂျပန်လူငယ်တွေရဲ့ တက်ကြွလာတဲ့ စိတ်တွေကို ရှေ့လျှောက် ဖိနှိပ်လို့ ရမှာ မဟုတ်ဘူး။ မကြာသေးခင်က တိုကျိုမှာ ဖြစ်ပွားတဲ့ အဓိကရုဏ်းကို သိလိုက်သေးသလား'

ကျွန်မက ခေါင်းညိတ်လိုက်သည်။ တစ်နေ့တွင် တိုကျိုဟိုတယ်မှ တည်းအိမ်သို့ အပြန်လမ်းတွင် ဂျပန်လူထုနှင့် အမေရိကန် စစ်ပုလိပ် အဓိကရုဏ်း ကြီးကို ပက်ပင်း သွားဆုံမိသည်။ ပန်းခြံကြီးထဲမှ စီတန်းလှည့်လာသော လူထုကြီး ကို အမေရိကန် စစ်သားများက ရိုက်နေကြတုန်း အချင်းဖြစ်ပွားရာ နေရာသို့ ရောက်သွားလေသည်။ လမ်းပိတ်နေ၍ ကားကို ခေတ္တရပ်ကာ စောင့်နေရသည်။

ဦးထုပ်အနီပတ်၊ ခါးပတ်အဖြူ ကာကီရောင် စစ်ဝတ်ကို ကော်တောင့် တောင့် ခေါက်ရိုးကျကျ ဝတ်ဆင်ထားကြသည့် အမေရိကန် စစ်သားများမှာ လှုပ်လှုပ်ရွရွနှင့် ပျားပန်းခပ်နေကြသည်။ တစ်စီးပြီး တစ်စီး ဆိုက်ရောက်လာသည့် လက်နက်ကိုင်စစ်သား အပြည့်နှင့် အမေရိကန် ကားတွေမှာလည်း လမ်းပေါ်တွင် ပလူပျံနေတော့သည်။ လူတွေကို အတင်း ဖမ်းဆီးပြီး စစ်သားများက ကားပေါ်သို့ ဆွဲတင်နေပုံကို ငေးကြည့်နေစဉ်၊ ကျွန်မဘေးက ထိုင်လိုက်လာသော ဂျပန်မိတ်ဆွေ လည်း စစ်သားများကို စိုက်ကြည့်နေရာမှ–

'မမလေး ... အမေရိကန် စစ်သားတွေကို သေသေချာချာ ကြည့်စမ်းပါ။ သူတို့ဟာ တကယ့်သူရဲကောင်း စစ်သားနဲ့ တူရဲ့လား'

ကျွန်မက 'ဘာဖြစ်လို့လဲ' ဟု လှည့်မေးလိုက်သည်။

'ကျုပ် မျက်စိထဲတော့ သူတို့ကို ကြည့်ရတာ သံပတ်ပေးထားတဲ့ ကလေး ကစားစရာ ယမင်းရုပ်ကလေးတွေလိုပဲ၊ ချစ်စရာကလေးတွေ'

ကျွန်မမှာ အရေးထဲ ဟက်ဟက်ပက်ပက် ရယ်မိသေးတော့သည်။

'ဂျပန်မှာ ရှေ့လျှောက် ဒီထက် ကြီးကျယ်တဲ့ အဓိကရုဏ်းတွေ၊ လှုပ်ရှားမှု တွေတော့ ဖြစ်ဦးမှာပဲ' ဟု ကာနယ့်တူက ဆက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တိုကျိုမှာ ပြနေတဲ့ မြန်မာပြည် အင်ဖာတိုက်ပွဲ ရုပ်ရှင်ကားကို ခင်ဗျား ကြည့်မိသေးသလား'

ကျွန်မက ခေါင်းညိတ်လိုက်ပြန်၍ ထင်မြင်ချက်ကို မေးလေသည်။

၄

ဂျပန်ပြည်တွင် ကျွန်မ ကြည့်ရှုခဲ့သော ရုပ်ရှင်ကားများအနက် ဤကားမှာ အနောက်ဆုံး ကားဖြစ်သည်။ စစ်ဆန့်ကျင်ရေးကား တစ်ကား ဖြစ်လေသည်။

မြန်မာပြည်ကို ဂျပန်များ သိမ်းပြီးနောက် အိန္ဒိယကို ဆက်လက်၍ တိုက်ရန် စစ်ကြောင်းချီသော အင်ဖာတိုက်ပွဲကြီးကို ဓာတ်အိမ်ဖွဲ့လျက် ရိုက်ထားသည်။ ညဈေးတန်းသို့ လျှောက်ရင်း ရုပ်ရှင်ရုံတွေ့သည်နှင့် ဝင်ကြည့်မိသည်။ တစ်ရုံလုံး လူတွေ ပြည့်ကျပ်နေလေရာ နောက်ဆုံးက မတ်တတ်ရပ် ကြည့်ခဲ့ရသည်။ ကျွန်မ ဝင်သွားသော အချိန်၌ကား ပြနေပြီ။

တောနက်ကြီးထဲတွင် ဂျပန်စစ်တပ်ကို မြင်ရပေသည်။ သစ်ပင်များသည် လွန်စွာ အုံမှိုင်း၍ သစ်ကိုင်းများမှာ ကောင်းကင်ကို မမြင်နိုင်အောင် ပိတ်ဆို့ ယှက်ဖြာနေကြသည်။ နေရောင် မထိုး၍ သစ်တောကြီးမှာ စွတ်စို ထိုင်းမှိုင်းနေလေသည်။ တောနက်ကြီးထဲတွင် ချီတက်လျက်နေကြသော စစ်သားများကား စိတ်အားလျှော့၍ နေကြသည်။ စစ်သားတိုင်း၌ ပင်ပန်းလှပြီဖြစ်သော လက္ခဏာများ ရှိကြသည်။ ကိုယ့်ကိုယ်ကိုယ် မဟာန်နိုင်လောက်အောင်ပင် ယိမ်းယိုင်နေကြကုန်သည်။ တောထဲ၌ ငှက်ဖျားရောဂါ စွဲကပ်လျက် ဖျားနာ သေဆုံးကြသော စစ်သားများလည်း မနည်းချေ။

ဤတောကြီးကို ဖြတ်ကျော်၍ အမြန်ဆုံး ချီတက်ကြမှ အသက်ရှင်ကြမည်ကို သူတို့အားလုံး နားလည်ပေသည်။ သူတို့သည် ရှေ့သို့သာ ချီလျက် တိုးထွက်ကြသည်။ သစ်ပင်ကြီးများ၏ ရောမ သစ်ကိုင်းကြီးများနှင့် သစ်နွယ်တန်းတို့မှာ အခင်းချင်း လိမ်ယှက်ပြီး အပေါက်မရှိအောင် တားဆီးလျက် ရှိသည်။ ဤသစ်တောထုကြီးတွင် မခံမရပ်နိုင်သော ငှက်ဖျားဒဏ်ကြောင့် ဖျားနာ သေဆုံးသွားသည့် စစ်သားအလောင်းတို့ကို ကျော်လွှား ချီတက်လျက် ရှေ့သို့သာ ခရီးပြင်းနှင်ကြလေသည်။

ဤစစ်တပ်ကား မြန်မာပြည် ရမည်းသင်း၊ မန္တလေး စသည့် နေရာတို့မှ အင်ဖာစစ်မျက်နှာသို့ ခရီးရှည်ကြီး မရပ်မနား ချီတက်လာခဲ့ရသော တပ်ခွဲ စစ်တပ်တစ်တပ် ဖြစ်သည်။ သူတို့သည် အင်ဖာစစ်မျက်နှာသို့ အမြန်ဆုံးရောက်လေအောင် ပြင်းပြင်းထန်ထန် ချီတက်ကြရပေမည်။





ထိုအတောအတွင်း သစ်ပင်ကြီးများ ကြားထဲမှ လေမုန်တိုင်း၏ ဖြတ်သန်းတိုးဝင်လာသော အသံမှာ ကြောက်လန့်ဖွယ်ရာ ဆူညံလာလေသည်။

ယိမ်းထိုးနေသော သစ်ပင်ကြီးတို့သည် တစ်ပင်နှင့်တစ်ပင် ကြိတ်မြည်လျက် ရှိကြသည်။ တစ်ပင်ကိုတစ်ပင် တိုက်ခတ်ပစ်လှဲလျက် ရှိကြသည်။ အမှောက်ခြောင်းခြောင်း ထွက်နေသော သစ်ပင်အိုကြီးတွေ အောက်၌ စစ်သားများ အတုံးအရုံး အပိခံသွားကြရသည်။ လျှပ်စစ်များ ပစ်ခတ်ကာ မိုးချုန်းသံများလည်း ဆူညံလျက် ရှိနေသည်။ တစ်ခဏ အတွင်းပင် မိုးသည် တဝေါဝေါ အော်မြည်၍ သည်းထန်စွာ ရွာသွန်းချလိုက်သည့် တောအုပ်ကြီးသည် ပွဲတင်ထပ်မျှ ညည်းညူလျက် ရှိနေပေသည်။

စစ်သားများသည် အချိန် ကြာမြင့်စွာဖြင့် ကြမ်းတမ်းလှသော ခရီးလမ်းကို ပင်ပင်ပန်းပန်း လာခဲ့ရ၏။ ရှေ့သို့ ခရီးဆက်လက်၍ မသွားနိုင်တော့ဘဲ အင်အားများ ကုန်ခန်းလျက် ရှိကြလေပြီ။ သူတို့၌ စားနပ်ရိက္ခာဆိုလျှင် တောထဲတွင် တွေ့ကရာ ရှာစားသွားကြရသည်။ စစ်သားတိုင်းပင် လူ့အသွင်အပြင် မဆောင်တော့ဘဲ ရိုင်းစိုင်းသော လူဝံတိရစ္ဆာန်ကြီးတွေနှင့် တူနေတော့သည်။

တပ်မှာ တဖြည်းဖြည်း လူများလျော့လျက်၊ လေပြင်းမုန်တိုင်းဒဏ်ကြောင့် တောထဲတွင် တကွဲတပြားစီ ဖြစ်ကုန်တော့သည်။ စစ်သားအချို့ လူစုကွဲသွားသဖြင့် တောကြီးထဲတွင် မျက်စိလည်ကာ တလည်လည် ဖြစ်နေကြသည်။ ကံကောင်းထောက်မ၍ ထိုလူစုသည် အင်ဖာစစ်မျက်နှာသို့ ရှေ့မှ ချီတက်သွားသော စစ်တပ်ကြီး၏ တပ်စိတ်တစ်ခု စခန်းချထားသော နေရာသို့ ရောက်သွားကြသည်။ ထိုတပ်စိတ်မှာ ရှေ့သို့ ခရီးမဆက်နိုင်သော စစ်သားလူမမာတွေ ရှိနေ၍ ခေတ္တစခန်းချနေရသည်။ တောနက်ကြီးထဲ၌ သစ်ကိုင်း သစ်ခက်တို့ဖြင့် တဲထိုးကာ စစ်စခန်း ချထားလေသည်။

တောထဲမှ ဆိုက်ရောက်လာသော စစ်သားအချို့ကို တပ်စိတ်၏ စစ်ဗိုလ်များ ရှိသော တဲဆောင်တွင်းသို့ လက်ဖတင်နှင့် စစ်ဗိုလ်တစ်ဦးက ခေါ်ဆောင်၍ သွားလေသည်။

စစ်သားများ တဲတွင်းသို့ ဝင်ကြသောအခါ တဲထဲ၌ စစ်ဗိုလ်များ အနားတွင် ရပ်နေသော ကြယ်သုံးပွင့် တစ်လိုင်းရ စစ်ဗိုလ်လောင်းကလေးကို တောထဲက ဆိုက်ရောက်လာသည့် ကြယ်တစ်ပွင့်ရ စစ်သားအဘိုးကြီးက ဝမ်းသာအားရ သွားပြေးဖက်လိုက်သည်။ တစ်ယောက်ကလည်း ပြန်၍ ဖက်လေသည်။

စစ်ဗိုလ်များမှာ ရုတ်တရက်ကြီး သူတို့နှစ်ယောက်၏ အမူအရာကို ငိုက်၍ ကြည့်မိကာ သည်းမခံနိုင်အောင် ဖြစ်သွားကြသည်။ ကက်ပတိန် စစ်ဗိုလ်တင်ဦး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထ၍ စစ်သားအဘိုးကြီးကို ပြုံးပြုံးကြီး ကြည့်လိုက်ပြီးလျှင် တဲပြင်သို့ ခုက်ခုင်း ဆွဲထုတ်သွားလေသည်။ စစ်သားတွေမှာ မျက်နှာပျက်လျက် တဲပြင်ဘက်ကို မသိမသာ ငဲ့ကြည့်ကြသည်။

'ကိုယ့်ထက် ရာထူးကြီးတဲ့ စစ်ဗိုလ်လောင်းကို အရိုအသေ မပေးဘဲ စစ်ဗိုလ်တွေ ရှေ့မှာ ဖက်လားယက်လား ခုလိုလုပ်တာ စစ်တပ် စည်းကမ်းဥပဒေကို ဖောက်ဖျက် ကျူးလွန်းတယ်ဆိုတာ သိရဲ့လား'

ကက်ပတိန်သည် ခက်ထန်လှသော အသံနှင့် အော်ငေါက် စစ်မေးလိုက်သည်။ အဘိုးကြီးမှာ ကြောက်ရွံ့သော အမူအရာဖြင့် အဖြေကို မပေးနိုင်ဘဲ ငုံ၍ နေလေသည်။

'ကိုယ့်ထက် ရာထူးကြီးတဲ့ စစ်ဗိုလ်ကို အရိုအသေ မပေးဘဲ ပြေးဖက်ရအောင် နောက်တုန်းက ခင်ဗျားက ဘာမို့လို့လဲ'

ကက်ပတိန်သည် အော်ကြီးဟစ်ကျယ် ထပ်မေးလိုက်သည်။

'ကျွန်တော်က ကျောင်းဆရာပါ၊ သူက တပည့်ပါ'

ခါးထောက်လျက် မျက်နှာထားဆိုးဆိုးဖြင့် ထန်ထန်မာမာ ငေါက်မေးလိုက်သော စစ်ဗိုလ်ကို ရဲရဲမျှ မကြည့်ဝံ့ဘဲ တုန်တုန်ယင်ယင်ဖြင့် အဘိုးကြီးက ပြန်ပြောသည်။

ကက်ပတိန်လည်း မဲ့မဲ့ရွဲ့ရွဲ့နှင့် အသံ တစ်ချက်ထွက်၍ ရယ်မောပစ်လိုက်ကာ 'စစ်တပ်ထဲမှာ ကျောင်းဆရာဆိုတာ၊ တပည့်ဆိုတာ မရှိဘူး။ ကိုယ့်ထက် ရာထူးကြီးတဲ့သူကို တွေ့ရင် ဘယ်သူပဲ ဖြစ်နေနေ အရိုအသေ ပေးရတယ်ဆိုတာ နားမလည်ဘူးလား။ စစ်စည်းကမ်းဥပဒေကို ကျူးလွန်ရင် အပြစ်ဒဏ်ပေးတယ်ဆိုတာကော မသိဘူးလား'

ကက်ပတိန်သည် အတောမသတ် အော်ဟစ် ကြိမ်းမောင်း ဆူညံပြီးတော့မှ အဘိုးကြီးကို အပြစ်ဒဏ်ပေးလေ၏။

သစ်ပင်ပေါ်၌ နားနေသော ငှက်ကလေးတစ်ကောင်ကို သူကိုယ်တိုင် သေနတ်နှင့် ချိန်၍ ပစ်ချလိုက်ပြီးနောက်၊ စစ်သား အဘိုးကြီးကို မြေကြီးပေါ်၌ လေးဖက်ထောက်ခိုင်းကာ သွေးစက်လက် ယိုစီးလျက်ရှိသော ငှက်ကောင်ကို ပါးစပ်နှင့် ကိုက်ချီ ယူခိုင်းလိုက်သည်။

စစ်သားအဘိုးကြီးလည်း တွေ၍နေကာ စစ်ဗိုလ်ကို တစ်ချက် မော့ကြည့်လျက်၊ ငှက်ကျသွားသော နေရာသို့ မသက်မသာ လှမ်းကြည့်ရင်း မြေပေါ်တွင် လေးဖက်ထောက်လိုက်ရသည်။

ခပ်လှမ်းလှမ်းမှ တောင်ပံနှစ်ဖက် ဖြန့်လျက် စန့်သေနေသော ငှက်ရှိရာသို့





တည့်တည့်ကြီး လေးဖက်ထောက်သွားကာ ငှက်သေကို ပါးစပ်ဖြင့် သွားကုန်းကိုက်ရသည်။ ပါးစပ်နှင့် ကိုက်မိသောအခါ နေရာမှ ပြန်လှည့်၍ စစ်ဗိုလ်ရပ်နေရာသို့ လေးဖက်ထောက် လာခဲ့ရသည်။ စစ်ဗိုလ်သည် ကျေနပ်သည့် မျက်နှာထားဖြင့် ကြည့်ကောင်းကောင်းနှင့် စိုက်ကြည့်နေလေသည်။ ထို့နောက် စစ်ဗိုလ်က ရှေ့က သွားလျက်၊ စစ်ဗိုလ်နောက်မှ ခွေးတစ်ကောင်ကဲ့သို့ လေးဖက်ထောက်လျက်ကြီးဖြင့် ငှက်သေကို ကိုက်ချီကာ တွားလိုက်သွားရင်း မျက်ရည်များ စီးကျနေလေသည်။

ထိုနေ့ညတွင် ကောင်းကင်၌ တိမ်သား ကင်းစင်လျက် တစ်ခြမ်း လကလေး ပေါ်နေလေသည်။ တဲဆောင်ထဲရှိ အိပ်စင်ပေါ်၌ စစ်ဗိုလ်သည် ဖိမ်ယှလျက် မှောက်လျက်လှဲကာ အနှိပ်ခံနေပေသည်။ လေးဖက်ထောက် လိုက်ခဲ့ရသည့် စစ်သား အဘိုးကြီးက စစ်ဗိုလ်ကို တံတောင်နှင့် ကြိတ်၍ နှိပ်ပေးနေရသည်။

တစ်တောလုံးကား ပြကတိ တိတ်ဆိတ်နေလေသည်။ တောအုပ်ထဲ၌ သစ်ပင်ကြီးတွေ ကြားမှ ထိုးဖောက် ဝင်ရောက်လာသော လရောင် မှုန်မှုန်မွှားမွှားတွင် လူတစ်စု မီးပုံတစ်ပုံ ပျိုးနေကြသည်။

မီးမွှေးပြီးနောက် မီးအရှိန်ရရန် သစ်ကိုင်းခြောက်များ ထပ်ထပ်ထည့်လိုက်ရသည်။ မီးတောက်ကြီးမှာ ရဲ၍ နီမြန်လာသောအခါ မီးပုံအားတွင် လူလုံးပေါ်လာကြသည်။ သူတို့မှာ စစ်သားများ ဖြစ်ကြသည်။ မီးတောက် ကောင်းလာလျှင် အသားစိုင်ကြီးကို သံချောင်းများဖြင့် ညှပ်လျက် မီးထဲတွင် ထိုးကင်ကြသည်။ သူတို့သည် တပ်စခန်းနှင့် တော်တော်ကလေး လှမ်းသည့် တောအုပ်ထဲသို့ လာရောက်ကာ ထိုအလုပ်ကို သက်စွန့်ကြိုးပမ်း ခိုးကြောင်ခိုးဝှက် လုပ်ကြရသည်။ မီးထဲတွင် ကင်နေသည့် အသားမှာ စစ်ဗိုလ် စီးရန် ထားရှိသည့် တပ်စခန်းတွင် နောက်ဆုံး တစ်ကောင်တည်း ကျန်နေသောမြင်း ဖြစ်ချေသည်။

စစ်ဗိုလ်သည် အိပ်စင်ပေါ်တွင် တရှုးရှုး အိပ်ပျော်နေရာမှ တစ်ရေးနိုးကာ လက်နှစ်ဖက်ကို တန်းလျက် အကြောအခြင် ဆန့်ထုတ်လိုက်သည်။ ဘေးတွင် ထိုင်နှိပ်နေသော စစ်သားအဘိုးကြီးကို မငိုက်မျဉ်းရန် ခြေနှင့်ကန်၍ သတိပေးပြီးလျှင်၊ သူ၏ ဆူဖြိုးသော ခန္ဓာကိုယ်ကြီးကို တစ်ဖက်သို့ စောင်းလှည့်ပေးကာ အနှိပ်ခံရင်း အိပ်ပြန်လေသည်။

အဘိုးကြီးသည် ပုဆစ်တုပ်ထိုင်ကာ တင်ပါးကို တံတောင်နှင့် ကြိတ်ပေးနေရင်း သက်ငယ်ကြားမှ မြင်ရသော လကို မော်ကြည့်နေလေသည်။ ဆွေးမြည့်နေသည့် မျက်နှာကြီးတွင် တွေးတော စဉ်းစားနေပုံကို လရောင်ဖြင့် ကောင်းစွာ ပေါ်ထင်နေသည်။

ကောလိပ်ကျောင်းခန်းကြီး ပေါ်လာလေသည်။ ကုတ်အင်္ကျီအနက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘိရှည်အနက်၊ နက်တိုင်ကို စည်းလျက် ခံ့ညားစွာ ဝတ်ဆင်ထားသော ပါမောက္ခဆရာကြီးမှာ ကောလိပ်ကျောင်းသားကြီးများ ရှေ့ရှိ စားပွဲခုံကြီးနောက်၌ မတ်တတ်ရပ်၍ စာပို့ချနေလေသည်။ ကျောင်းခန်းထဲတွင် ကြယ်သုံးပွင့် တစ်လိုင်းရ စစ်ဗိုလ်လောင်းကလေးမှာ ကောလိပ်ကျောင်းသားများနှင့်အတူ ပို့ချနေသည်ကို စူးစိုက်ကာ နားထောင်နေပေသည်။ ပါမောက္ခကြီး အနီးတွင်ရှိသော ကျောက်သင်ပုန်းကြီးပေါ်၌ ပြင်သစ်ဘာသာစာလုံးများကို ရေးသားထားကာ ပြင်သစ်စာပေကို ကျောင်းသားများအား ပို့ချ သင်ကြားနေလေသည်။

အလွန်မှ ခမ်းနားကြီးကျယ်လှသော အဆောက်အအုံကြီးဖြစ်သည့် တိုကျိုကောလိပ်သိပ္ပံကျောင်းကြီးတွင် ပါမောက္ခကြီး လုပ်ခဲ့သော အဘိုးကြီးမှာ စစ်ဗိုလ်၏ အကာန်ခံနေရလေပြီ။ တစ်ညလုံး မငိုက်မျဉ်းရဘဲ ထိုင်နှိပ်ခိုင်းထားသည်။ ပါမောက္ခကြီးမှာ စစ်ထဲသို့ မဝင်မနေရ ဥပဒေကြောင့် စစ်ထဲသို့ လိုက်ပါလာခဲ့ရသည်။ အသိပညာ မရှိဘဲ မောက်မာ ခက်ထန်လှသည့် စစ်ဗိုလ်ကို နှိပ်နေရင်း သူ့အဖြစ်တွေကို ပြန်၍ စဉ်းစားကာ မျက်ရည်တွေ စီးကျလာသည်။

တဲပြင်ဘက်၌ စစ်သားများ မြင်းသားကို ဖုံ့ရွှံ့ကာ တိတ်တိတ်ကျိတ် ဝေငှလျက် စားနေကြသည်။ စစ်သားတစ်ယောက်က တုံးလုံးပက်လက် အိပ်နေကြသော လူမမာများကို လက်ကုတ်နိုးကာ လက်ထဲသို့ တစ်တစ်စီ လိုက်ထည့်ပေးလိုက်သည်။ လူမမာများကား အသားတုံးကို မျက်စိနှင့်မှ ဖွင့်မကြည့်နိုင်ဘဲ တစ်ခါတည်း ပါးစပ်ထဲတွင် ထည့်ကာ အငမ်းမရ မျိုချလိုက်ကြသည်။

ဝေလီဝေလင်း အချိန်သို့ ရောက်မှပင် ပါမောက္ခကြီး စစ်ဗိုလ်၏ တဲတွင်းမှ ထွက်လာလေသည်။ သူ့အတွက် ဝေပုံကျ မြင်းသားတစ်တုံးကို တစ်တစ်ရထားသော တပည့် စစ်ဗိုလ်လောင်းလေးက တဲဝက စောင့်လျက် ပါမောက္ခကြီးကို ဆီးပေးလိုက်သည်။

နံနက်လင်းလေသောအခါမှ စစ်ဗိုလ်မှာ မြင်းပျောက်ကြောင်း သိ၍ လွန်စွာမှ ဒေါပွနေလေသည်။ တဲဆောင်ထဲသို့ မသက်သော စစ်သားများကို တစ်ယောက်ပြီး တစ်ယောက် ခေါ်ယူ စစ်ဆေးလေသည်။ မြင်းခိုးသတ်သော လက်သည်ကို စစ်မရလေလေ၊ ဒေါထလေလေဖြင့် မပေါ်မချင်း စစ်မေးနေသည်။

စစ်သားတစ်ယောက်သည် ဖြည်းဆေး လေးလံသော ခြေလှမ်းဖြင့် အစစ်ဆေးခံရာ တဲဆောင်ခန်းသို့ ဝင်ရောက်လာသည်။ အစစ်အဆေး ခံနေကြရသည့် စစ်သားများမှာ စစ်ဗိုလ်ရှေ့တွင် တန်းစီကာ ရပ်နေကြရင်း ဝင်လာသော ဆာဂျင်စစ်သားကို လှည့်ကြည့်ကြသည်။ တပ်သားများ ပြုလုပ်ပုံကို တပ်ထဲတွင် တာဝန်ကျသော ဆာဂျင်လေးက သူပင် တာဝန်ယူကာ သူ သတ်ပါတယ်ဟု စစ်ဗိုလ်ရှေ့တွင် လာရောက် ဝန်ခံလိုက်သည်။

သီဟရတနာစာပေ



စစ်ဗိုလ်သည် ဆာဂျင်ကို မျက်တောင်မခတ် စိန်းစိန်းကြီး ကြည့်လျက် သူ၏ ခြေစွပ်ဖိနပ်ကြီးကို တအား ခေါင့်ဆွဲ ချွတ်ယူပြီး ဆာဂျင်ကို ပါးစပ်နှင့် အကိုက်ခိုင်းသည်။

'ဒါလည်း မြင်းက ရတဲ့ သားရေပဲကွ၊ ဒီဖိနပ်ကရော အရသာ မရှိဘူးလား၊ ကိုက်ကြည့်စမ်း'

မိမိအား စားတော့ဝါးတော့မလောက်ပင် ဒေါသူပုန်ထကာ ပါးစပ်ထဲသို့ တအား ထိုးသွင်းထည့်နေသည့် ဖိနပ်ဦးကို ဆာဂျင်သည် ပါးစပ်ဟ၍ ကိုက်ရလျက် စစ်ဗိုလ်ကို တွေတွေဝေဝေကြီး စိုက်ကြည့်နေလေသည်။

စစ်သားတွေမှာ ဆာဂျင့်ဖြစ်ပုံကို ကြည့်လျက် နှလုံး မချမ်းမသာ ဖြစ်နေကြသည်။ တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘဲ ဝမ်းနည်း ငြိမ်သက်စွာဖြင့် ဆာဂျင်ကို ငေးစိုက် ကြည့်နေကြသည်။

ထိုအခိုက် ခပ်ရွယ်ရွယ် စစ်သားတစ်ယောက် ရှေ့သို့ တိုးထွက်လာကာ မခံမရပ်နိုင် ဖြစ်နေသော မျက်နှာထားဖြင့် စစ်ဗိုလ်အား ရဲရဲဝံ့ဝံ့ ခံ အော်ပြောလိုက်သည်။

'လူတစ်ယောက်မှာ အပြစ်ရှိရင် လူလိုသာ အပြစ်ပေးပါ၊ ခင်ဗျားတို့ဟာ လူတွေပါ'

စစ်သား၏ စကားလုံးများ၊ စစ်သားအသံနှင့် စစ်သားမျက်လုံးများသည် စစ်ဗိုလ်အား အသည်းကို ဓားနှင့် မွှေ့သကဲ့သို့ ဖြစ်သွားစေသည်။ စစ်ဗိုလ်သည် မိုက်ခနဲ ပြာသွားရာမှ ဓားအိမ်က ဓားကို ဆွဲချွတ်လိုက်ကာ စစ်သားအား ရွယ်လိုက်သည်တွင်၊ လက်ဖတင်နင် စစ်ဗိုလ်တစ်ဦးက နောက်က ဓားကို ဝင်၍ဆွဲလေသည်။

'ခုနေ ဒီလိုလုပ်ရင် စိတ်ဓာတ်တွေ ပျက်ကုန်လိမ့်မယ်'

လက်ဖတင်နင်က တိုးတိုးကပ်ပြောပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းစွပ်ထည့်ပေးလိုက်သည်။ စစ်ဗိုလ်သည် အံကို ကြိတ်ထားရာ ကြီးမားသော မေးရိုးကြီးများ လှုပ်ရှားနေသည်ကို အတိုင်းသား မြင်နေရသည်။

ဆာဂျင်မှာ ဖိနပ်ကြီးကို ကိုက်ထားရာမှ ပြူးကြောင်သော မျက်လုံးဖြင့် တဲတွင်းမှ ဆွဲထုတ်သွားသော စစ်သားကို ကြည့်ကျန်ရစ်သည်။

တပ်စခန်း တစ်ခုသို့ စေလွှတ်ထားသည့် ကင်းထောက်စစ်သား တစ်ယောက်သည် ချောစာများကို ယူဆောင်လာကာ တဲဆောင်ထဲသို့ ဝင်လာသည်။ ဂျပန်ပြည်မှ ပို့လိုက်သော စစ်သားများ၏ စာများထဲတွင် ရဲရဲဝံ့ဝံ့ ခံအော်ပြောသွားသော စစ်သား၏ စာတစ်စောင်လည်း ပါလာလေသည်။ စစ်ဗိုလ်သည် ထိုစာကို ချန်လှပ်ပြီး အခြားစာများသာ စစ်သားများအား ဝေငှပေးလိုက်သည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စစ်မဖြစ်မီ ဂျပန်ပြည်၌ စစ်စိတ်စစ်မာန်များ တက်ကြွလျက် စစ်တိုက်ရန် စစ်ပြင်နေသည့် အချိန်ကြီး၌ သူသည် စစ်ဆန့်ကျင်ရေးကို လျှို့ဝှက်စွာ လှုံ့ဆော်ခဲ့သည်။ ထို့ကြောင့် သူ့အား ဖမ်းဆီးကာ ထောင်ထဲ၌ သွင်းထားလိုက်သည်။ စစ်ကြီးဖြစ်ရန် ကြေညာလိုက်သည့်အခါ၌ သူ့အမေသည် ထောင်ထဲသို့ သွား၍ သူ့သားအား ထောင်မှ ထွက်နိုင်ရန် စစ်ထဲသို့ လိုက်သွားပါဟု ချော့မော့ ပြောဆိုနေလေသည်။ သူသည် ခေါင်းမာနိုင်သမျှ ခေါင်းမာ၍ နေခဲ့သည်။ အမေက အလျှော့မပေးဘဲ သူ့ကို ခဏခဏ လာတွေ့ပြီး မျက်ရည်ကြီးပေါက်ကျကာ ထောင်မှ ထွက်ပြီး စစ်ထဲ လိုက်သွားရန် လက်မှတ်ထိုးအောင် တိုက်တွန်း ငိုယို နေလေသည်။ နောက်ဆုံး၌ သူသည် ချစ်မြတ်နိုးလှသော မိခင်အား စိတ်ချမ်းသာမှု ဖြစ်စေရန် သဘောတူလိုက်ရတော့သည်။ စစ်ဆန့်ကျင်ရေး မလုပ်ပါဘူး ဟု ပဋိညာဉ် ဝန်ခံချက်ပေး၍၊ စစ်ထဲသို့ လိုက်ပါမည်ဟု လက်မှတ်ထိုးကာ ထောင်ထဲမှ ထွက်ခဲ့ရသည်။

အမေ ဝမ်းသာလှသည်။ သားကလေး စစ်ထဲတွင် အထိအခိုက် မရှိစေအောင် အဆောင်တွေ ဘာတွေလည်း ပေးလိုက်သည်။ အမေ့နှုတ်မှ တတွတ်တွတ် တဖွဖွ သွန်သင် ဆုံးမ မှာကြားနေစဉ် သူသည် ပြုံးလျက် စိတ်မချနိုင်ရန်ကောဟု ထင်မှတ်မိသည်။

သူသည် ပင်လယ်ကမ်းဘေးမှ ထွက်ခွာစ ပြုသော စစ်သင်္ဘောကြီးပေါ်၌ ရပ်လျက် ကမ်းပေါ်က လူအုပ်ကြီးထဲတွင် ညပ်နေသော အမေ့ကို လက်ပြ၍ နေလေသည်။ အမေသည် ခြေဖျားထောက်ကာ ခေါင်းကိုမော့လျက် မျက်ရည်စက်လက်ဖြင့် ပြန်၍ လက်ပြနေလေသည်။

သူ၏ ဘဝဟောင်းသည် တရေးရေး ထင်ယောင်၍ လာရင်း သူ့လက်ကို နောက်ပစ်လျက် ဖြည်းဆေး လေးလံစွာ ခေါင်းငုံ့ လျှောက်လာသည်။ မှောင်သထက် မှောင်လာလေသည်။ သူ့ မျက်စိရှေ့တွင် ပိန်းပိတ်၍ မှောင်နေသော အမှောင်။ သူသည် ဘယ်အရာကိုမျှ မမြင်ဘဲ ရှိသည်။ တိတ်ဆိတ်ခြင်းတို့သည် တစ်မုဟုတ်ချင်း ပြိုကွဲ ပျက်စီးသွားပေတော့သည်။

စစ်ဗိုလ်သည် သူ့ကို သစ်ပင်အောက်တွင် ရပ်ခိုင်းကာ နောက်က သေနတ်နှင့် လှမ်းပစ်သတ်လိုက်သည်။ သူသည် မြေပေါ်သို့ အလျားထိုး၍ လဲကျသွားပြီး နောက် အသက်မထွက်ခင် လူးလိမ့်လျက်ရှိစဉ် သူ့ပါးစပ်မှ နောက်ဆုံး 'မေမေ' ဟု တမ်းတ တသ လိုက်သည့်အခါ၊ စစ်ဗိုလ်သည် ၎င်း၏ ဘောင်းဘီအိတ်ထဲမှ စာအိတ်ကို ဆွဲထုတ်၍ 'အဲဒါ မင်းအမေဆီက ရောက်လာတဲ့ စာပဲ' ဟု ဆိုကာ အစုတ်စုတ် အမြွာမြွာ ဆုတ်ဖြဲပြလိုက်သည်။





သူမှုကား ဆွေးမြည့် စုတ်ရိနေသော နှလုံးနှင့် စစ်ဗိုလ်လက်ထဲမှ တလွင့်လွင့် ကျလာသော စက္ကူ အပိုင်းအစများကို ဝိုးဝိုးဝါးဝါးပင် မြင်နိုင်လေတော့ကာ၊ အသက်ဇီဝိန် ချုပ်ငြိမ်းသွားလေသည်။

ရှေ့သို့ အမြန် ချီတက်ရန် အထက်မှ အမိန့်စာ ရောက်လာ၍ စစ်သားများသည် အထုပ်အပိုးတွေကို ပြင်ဆင်လျက် ရှိကြသည်။

လူမမာများ ထားသည့် တဲထဲသို့ စစ်ဘက်ဆိုင်ရာ ဆရာဝန်နှင့် စစ်ဗိုလ်တစ်ယောက် ဝင်လာကြသည်။ တဲထဲ၌ အလယ် လူသွားလမ်း လုပ်လျက် ဟိုဘက် ဒီဘက်တွင် စင်မြင့်ကလေး ရိုက်၍ ဝါးများ ခင်းထားကာ၊ စင်ပေါ်တွင် လူနာများကို တင်ထားသည်။ တစ်ဖက်နှင့်တစ်ဖက် ခေါင်းပြု၍ လဲလျောင်းနေကြသော လူနာတွေကို ဆရာဝန်က တစ်ယောက်စီ သွေးလိုက်စမ်းကြည့်သည်။ လူနာများမှာ ဟိုဘက် ဒီဘက်ပေါင်း လေးဆယ်လောက် ရှိမည်။ လူနာတွေကို စစ်ဆေး ကြည့်ရှုပြီးနောက် စစ်ဗိုလ်က တဲအတွင်း တဲအဆုံး ထရံနှင့်ကပ်၍ တောင့်တောင့်ရပ်ကာ သူ့တွင် ပြောရန်ရှိသော စကားကို နားထောင်ကြရန် သတိပေးလိုက်သည်။

လူနာတွေက လှဲလျက်ကပင် စစ်ဗိုလ်ဘက်သို့ ခေါင်းလှည့်ကာ နားစွင့်နေကြသည်။

'ကျုပ်တို့ အခု ရှေ့ဆက်ပြီး တက်သွားဖို့ အမိန့်စာ ရောက်လာတယ်။ ကျုပ်တို့ အခု ဆက်သွားရမယ့် စစ်ကြောင်းဟာ ရန်သူရှိရာ တည့်တည့်ကြီး သွားရမယ့် စစ်ကြောင်းပဲ။ ခင်ဗျားတို့ကို ကျုပ်တို့ ဘယ်နည်းနှင့်မှ ခေါ်မသွားနိုင်ဘူး။ ဒီမှာလည်း ခင်ဗျားတို့ကို ကြည့်ရှုဖို့လူ မထားခဲ့နိုင်ဘူး။ ကျုပ်တို့ မရှိရင် ဒီမှာ ခင်ဗျားတို့တစ်တွေ သေကြရမှာပဲ။ ဒီတော့ ခင်ဗျားတို့ဟာ ဘုရင်ဧကရာဇ်မင်းမြတ်ရဲ့ စစ်သားကောင်း ပီသစွာ ကိုယ့်တာဝန်ကို ကိုယ်နားလည်ကြပါ။ ခင်ဗျားတို့အတွက် သည်ပစ္စည်းများ ထားခဲ့မယ်'

စစ်ဗိုလ်က ပြောပြီးသောအခါ စစ်လွယ်အိတ်ထဲမှ လက်ပစ်ဗုံးလုံးကလေးများကို လူနာများ ခေါင်းရင်း၌ စီ၍ချလိုက်သည်။ လူမမာတွေလည်း ခေါင်းရင်းတွင် ဒေါက်ခနဲ လာချသော ဗုံးလုံးကလေးကို ပြူးပြူးကြောင်ကြောင်ဖြင့် ခေါင်းထောင်ကာ ကြည့်လျက်၊ စိတ်ထဲတွင် မချိလှသည့် အဖြစ်ကို ကြိတ်မှိတ်ကာ ခေါင်းပြန်ချကြသည်။

တဲပြင်ဘက်တွင် စစ်သားများ ခြေသံညီညီ လျှောက်သွားကြသည်ကို တဲတွင်းက ကောင်းစွာ မြင်နိုင်ကြသည်။ အားလုံးပင် ခေါင်းထူ၍ တဲဝသို့ မျက်ညဉ်းပိုင်းကာ မမှိတ်မသုန် ကြည့်နေကြသည်။ စစ်တပ်သည် လူနာများ တဲရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်ကာ တောလမ်းကြီးတစ်လျှောက် တဖြည်းဖြည်း ပျောက်ကွယ်၍ သွားလေပြီ၊ အသံဗလံများလည်း ဝေးသထက် ဝေး ဝေး ဝေး သွားလေကာ၊ တစ်စ တဖြည်းဖြည်း ပျောက်တိမ်သွားတော့သည်။

သူတို့ မျက်စိအောက်က စစ်တပ် ကွယ်ပျောက်သွားတော့မှ တစ်ယောက်ကို တစ်ယောက် ဘယ်သူ့ ဘယ်သူကိုမှ မကြည့်ကြဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တွေး၍၊ ငေး၍၊ ငိုင်၍ ကြောက်စရာကောင်းအောင်ပင် ငြိမ်သက် တိတ်ဆိတ်သွားလေသည်။

တဲကြီးထဲတွင် ချွတ်သံ တစ်ချက် မကြား၊ အလွန်တရာ ငြိမ်သက် တိတ်ဆိတ်လျက် ရှိနေစဉ်၊ လူနာတစ်ဦးသည် သူ့စိတ်ကိုသူ မထိန်းနိုင်တော့ဘဲ အိပ်ရာမှ ထ ထိုင်ကာ ခေါင်းရင်းက လက်ပစ်ဗုံးလုံးကလေးကို ကုန်းယူလိုက်သည်။ လှုပ်လှုပ်ရှားရှား အသံကြောင့် အားလုံးပင် တစ်ပြိုင်နက်တည်း စောင်းငဲ့၍ ကြည့်ရှုကြသည်။ လက်ပစ်ဗုံးကို လက်ထဲတွင် ဆုပ်လျက် ဒယိမ်းဒယိုင်နှင့် တဲပြင်သို့ ထွက်သွားသော လူနာကို ငိုင်းစိုက်ကြည့်ကြ၏။ သူတို့ အကြည့်တွင် လူနာအား တားမြစ်လိုသည့် အရိပ်အယောင် စိုးစိလေးမျှ မရှိပေ။ ဝမ်းနည်းကြေကွဲကြသည့် အရိပ်အယောင်သာလျှင် မျက်နှာတွေပေါ်၌ ပေါ်လွင်၍နေသည်။

အသီးသီး ခေါင်းလျှိုးပြီး မျက်လုံးများ မှိတ်ကာ ပြင်ဘက်သို့ နားစွင့်နေရင်း ငြိမ်နေကြလေ၏။

တောကြီး တစ်တောလုံး မြည်ဟည်း ပေါက်ကွဲသွားသော အသံကြီးကို ကြားရတော့မှပင် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်း၍ ပြူးကြည့်လိုက်ကြသည်။ မည်သူမျှ အသံ မထွက်နိုင်ကြ။ စောစောကထက်ပင် ငြိမ်သက်၍ သွားပြန်ချေ၏။

လှုပ်ခနဲ အသံကြား၍ လှည့်ကြည့်ကြပြန်သည်။ ခပ်ရွယ်ရွယ် လူနာတစ်ယောက်သည် ပက်လက်နေရာမှ အားယူ၍ ထလိုက်ကာ၊ တစ်ချက် ရှုံ့မဲ့လျက် သူ့ကိုယ်ကို ကျနအောင် ထိုင်ပြီးနောက် စစ်လွယ်အိတ်ထဲမှ စက္ကူနှင့် ခဲတံကို ထုတ်၍ ပန်းချီထိုင်ဆွဲနေသည်။

တဲထဲတွင် သူ ထလိုက်၍ လှုပ်ရှားသွားသည်မှအပ ငြိမ်မြဲ ငြိမ်ကျသွားလေသည်။ ထိုသို့ တစ်တဲလုံး တိတ်နေရာမှ အသံကြား၍ လျင်မြန်စွာ လှမ်းကြည့်ကြသည်။ မုတ်ဆိတ်ထူထူ၊ အရိုးငေါငေါနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော လူနာတစ်ယောက် ဖြုန်းခနဲ ထ၍ စင်ပေါ်က ခုန်ဆင်းလိုက်သည်။ သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေလျက် ဗုံးကို ကောက်ကာ ပြင်ဘက်သို့ ပြေးထွက်သွားလေသည်။





တဲပြင်ဘက်သို့ရောက်လျှင် လက်ထဲက ဗုံးကို သေသေချာချာ ကိုင်ကြည့်ရင်း မျက်လုံးကြီး ပြူးလာကာ တစ်ကျောလုံး တရွရွ စိမ့်တက်သွား၍၊ ဗုံးကို မပစ်ဝံ့တော့ဘဲ သစ်ပင်ကြီး ခြေရင်း၌ အသာကလေး သွားချထားလိုက်သည်။ သဘောကျလှစွာဖြင့် ခါးထောက်၍ သူ့ဟာသူ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ထို့နောက် သစ်ပင်ကြီးကို ပတ်ချာလှည့်၍ ပြေးနေလေသည်။ ပြေးရာမှ တစ်ဖန် ကိုယ်လုံးကို သစ်ပင်နှင့် ကွယ်ပြီး ဗုံးလုံးကလေးကို မရဲတရဲ ချောင်း၍ ကြည့်ပြီး ကြောက်အားလန့်အားနှင့် အော်နေပြန်သည်။ သစ်ပင်ခြေရင်းက ဗုံးနှင့် လွတ်ရာလွတ်ကြောင်းဖြစ်အောင် သစ်ပင်ပေါ်သို့ အတင်း တွယ်ဖက် တက်ပြေးပြီးနောက် အောက်သို့ ငုံ့ကြည့်ကာ၊ ကယောင်ကတမ်းတွေ ပြောဆို အော်ဟစ် ရယ်မောနေလေသည်။ သစ်ပင်ပေါ်မှ သစ်ပင်အောက်သို့ ပြန်ဆင်းလာပြန်ပြီးလျှင် ဗုံးကို မြင်၍ ပြေးစရာ နေရာမရှိသလိုဖြစ်ကာ အော်ဟစ်ငိုပြန်လေသည်။ အပြင်ဘက်က သူ့ဖြစ်အင်ကို တဲတွင်းက အတိုင်းသား မြင်နေကြရသည်။

မကြည့်ရက်နိုင်သော လူနာတစ်ယောက်သည် ဗုံးကို ကောက်ယူခဲ့လျက် အရူးနားသို့ လျှောက်သွားလေသည်။ အရူးက ထွက်ပြေးမည်လုပ်၍ အရူးကို အတင်း ဝင်ဖက်ရလေသည်။ အရူးက ကြောက်အားလန့်အား ရုန်းကန်နေလေသည်။ အရူးကို လက်တစ်ဖက်ဖြင့် ပိုက်ဖက်ထားပြီး လက်တစ်ဖက်တွင် ကိုင်ထားသည့် လက်ပစ်ဗုံးမှ ပင်ကို ပါးစပ်နှင့် ခဲခဲယဉ်းယဉ်း ကိုက်ဖြုတ်၍ တအားပေါက်ပစ်လိုက်လေသည်။

ပြင်းထန်လှစွာ နားပွင့်မတတ် မြည်ဟည်းလိုက်သော အသံကြီးဖြင့် တစ်တောလုံး သွက်သွက်ခါအောင် တုန်လှုပ်သွားလေရာ၊ သစ်ပင်ကိုင်းကြီးများမှာ တကျွတ်ကျွတ် ကျိုး၍ မြေပေါ်သို့ တစ်ရှိန်ထိုး ကျလာကြသည်။

အပြင်မှ အသံဗလံများမှ မစဲသေးခင် ခေါင်းတွင် ပတ်တီးစည်းထားသော လူနာတစ်ယောက်လည်း ဗုံးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် တဲပြင်သို့ ထွက်သွားပြန်၏။

သွားပြန်ပြီတစ်ယောက် ဟူသော အကြည့်ဖြင့် လူနာတွေလည်း ပြူးကြောင်စွာ လိုက်၍ ကြည့်လိုက်ကြသည်။ အိပ်ရာမှ လုံးလုံးမထမထုနိုင်ဘဲ အသည်းအသန် ဖြစ်နေသည့် လူနာတချို့ကား ဘာတွေဖြစ်၍ ဖြစ်နေမှန်းကို မသိတော့ဘဲ၊ ဝေဒနာကို ပြင်းထန်စွာ ခံစားကာ လူမှန်းမသိ ဖြစ်နေကြသည်။

တောအုပ်ကြီးသည် တော်လည်းသကဲ့သို့ သွက်သွက်ခါ တုန်ဟည်းသွားပြန်လေ၏။

တစ်လက်စတည်း မသေနိုင်သေး၍ ဝေဒနာကို ပြင်းပြစွာ ခံစားရင်း



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ် ညည်းညူလိုက်သော ပြင်ဘက်က အသံကြီးကို ကြားကြရ၍ ကြည့်လည်း မကြည့်ချင်၊ ကြားလည်း မကြားချင်။

ပန်းချီ ထိုင်ဆွဲနေသော စစ်သားကား ပန်းချီဆွဲသည့် ပစ္စည်းတွေကို လွယ်အိတ်ထဲသို့ ပြန်ထည့်လျက်၊ အပြင်ဘက်က တအော်အော် တညည်းညည်း အသံကြီးကို မကြားရက်နိုင်ကာ မျက်လုံးတွေ စုံမှိတ်လျက် နှုတ်ခမ်းကို တင်းနေအောင် စေ့ထားသည်။

လူနာတစ်ဦးသည် အိပ်ရာမှ လူးလဲ၍ ထ သွားကာ မြေကြီးပေါ်တွင် သည်းညူ လူးလိမ့် အော်ဟစ်လျက်ရှိသော မသေမရှင် ဖြစ်နေသည့် လူပေါ်သို့ ကုန်းမှောက်လိုက်ပြီးနောက်၊ ပင်ကို ကိုက်ဖြုတ်ကာ တအားလွှဲ ပေါက်ပစ်လိုက်သည်။

တစ်တောလုံး သိမ့်သိမ့်ခါနေသကဲ့သို့ တစ်တဲလုံးလည်း သိမ့်သိမ့်ခါလျက် ရှိုက်သံတို့ဖြင့် လွှမ်းနေလေသည်။

မတည်ငြိမ်သော စိတ်အာရုံတို့ဖြင့် မျှော်လင့်ချက် ကင်းဝေးကာ ကိုယ့်ရောစိတ်ပါ ကယောင်ချောက်ချား ဖြစ်လာကြပြီး၊ တစ်ယောက်ကိုတစ်ယောက် မကြည့်ဝံ့အောင် ဖြစ်နေကြတော့သည်။

'အရှေ့ဟာ ဘယ်ဘက်မှာလဲ'

ပန်းချီဆရာသည် အက်ကွဲတုန်ယင်သော အသံကြီးဖြင့် သူ့ဘေးက လူနာကို လှမ်းမေးလိုက်သည်။ လူနာမှာ မျက်စိကို မဖွင့်ချင် ဖွင့်ချင်နှင့်ဖွင့်၍ အရှေ့ဘက်သို့ လက်ထိုးပြလိုက်သည်။

ပန်းချီပစ္စည်းများ ထည့်ထားသည့် လွယ်အိတ်ကို ပခုံး၌လွယ်၍၊ နံဘေးတွင် ချထားသည့် တုတ်ကြီးကို ကောက်ယူကာ၊ ချိုင်းတွင် ထောက်လျက် တဲတွင်းမှ ထွက်လာခဲ့သည်။ ပန်းချီဆရာ၌ ခြေထောက် တစ်ချောင်းသာ အကောင်းအတိုင်းရှိလျက်၊ တစ်ချောင်းမှာ ဒူးမှ ဖြတ်ထား၍ ပတ်တီးများ စည်းထားသည်။ တဲဝတွင် ခေတ္တရပ်လျက် သူ့ကိုယ်ကို ချိုင်းထောက်ဖြင့် ထောက်ကာ ဦးတည့်၍ အရှေ့ဘက်သို့ မျက်နှာမူလိုက်ပြီးလျှင် ခြေတစ်ပေါင်ကျိုး ထွက်သွားလေသည်။

'ပြန်မယ်၊ ဂျပန်ပြည်ကြီးကို ဒီချိုင်းထောက်နဲ့ပဲ တစ်လှမ်းပြီးတစ်လှမ်း လှမ်းပြန်ရင်း သေမယ်'

လေးတွဲ့ တစ်ဆို့သော အသံဖြင့် သူ့ကိုယ်သူ ပြောလျက် ပန်းချီဆရာ ခြေတစ်ပေါင်ကျိုးသည် နက်ရှိုင်းထူထပ်လှသော တောကြီးထဲသို့ ချိုင်းထောက်ကြီးနှင့် ထောက်ကာ ထောက်ကာ တရွေ့ရွေ့ ဝင်၍ သွားလေ၏။

...ချီတက်သွားကြသော စစ်တပ်ကား ကြမ်းတမ်းလှသော ခရီးတာတွင်





ရန်သူလေယာဉ်ပျံတို့က အပေါ်က တရကြမ်း ဗုံးနှင့် လိုက်ကြဲချနေ၏။ မြေပြင်မှလည်း လေးဖက်လေးတန် ဝိုင်းကာ အမြောက်တို့ဖြင့် ပစ်ခတ် ချေမှုန်းခြင်းကြောင့် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်၊ တစ်တပ်လုံး ပိတ်မိနေကြလေပြီ။

တောအုပ်ကြီးမှာ ပဲတင့်ထပ်မျှ ဟည်း၍နေလေသည်။ မီးခိုးလုံးကြီးတို့ဖြင့် ပိတ်မှောင်လျက် ရှိနေ၏။ ကောင်းကင်ပေါ်သို့ မြေစိုင်မြေခဲကြီးတွေ ဖွာခနဲဖွာခနဲ မြောက်တက်သွားပြီးနောက် လွတ်အောင် မရှောင်နိုင်သော စစ်သားများကို ဘစ်ခါတည်း ဖို့သတ်လိုက်တော့၏။ အမြောက်ဗုံး ထိမှန်ကြ၍ သေပွဲဝင်ကြရသော အလောင်းကောင်တို့မှာ မြင်မကောင်း ရှုမကောင်း ဖြစ်နေပေသည်။

ဖိနပ်ကြီးကို ပါးစပ်နှင့် ငုံကိုက်ခဲ့ရသော ဆာဂျင်လေးမှာ မြေခဲကြီးကိုမိလျက် မြန်မြန် ကိစ္စချောအောင် သူ့ကိုယ်သူ ဆေးထိုး၍ သတ်လိုက်ရသည်။ ဒါမောက္ခကြီးလည်း နံဘေးတွင် ခွေလဲသွားသော ဆာဂျင်ကို ကြည့်လျက် ဗုံးဆန်မှန်ကာ မချိမဆန့် အသက်ထွက်သွားရှာသည်။

မြုံးထဲမှ ငါးများလိုပင် ထွက်ပေါက်မရှိဘဲ သေမင်း ပါးစပ်ပေါက်ထဲသို့ အပြုံလိုက် ဝင်သေကြပုံမှာ ကြောက်ခမန်းလိလိ ဖြစ်ချေသည်။

တစ်တပ်လုံး ပြုတ်ပြုတ်ပြုန်း ကုန်သည့်တိုင်အောင် တဖုန်းဖုန်း တဒုန်းဒုန်းနှင့် မရပ်မစဲ သွန်ကြဲ ပစ်ခတ်နေတုန်းပင် ရှိသေးသည်။

မြေပေါ်တွင် မှောက်လျက် ဝပ်နေသော မသေဘဲ ကျန်နေသည့် စစ်သားသည် ပစ်ကြနေသည့် အကြားမှပင် မတ်တတ်ထ၍ ရပ်လိုက်သည်။ အဝတ်စကို သေနတ်ဖျားတွင် အလံထိုးချည်လျက် မြှောက်၍ ကိုင်လိုက်ကာ 'ငြိမ်းချမ်းရေး ပေးပါ၊ ငြိမ်းချမ်းရေး ပေးပါ' ဟု အသံကုန် ကုန်းဟာစ်ပြီး ရန်သူရှိရာ တည့်တည့်သို့ စွတ်လျှောက်သွားလေသည်။

သူ သွားရာလမ်း တစ်လျှောက်လုံး မီးခိုးတွေ ပိတ်ဆီးလျက် ရှိလေသည်။ အလိပ်လိပ် တက်၍ ဆို့ပိတ်ကာနေသော မှိုင်းနေသည့် မီးခိုးတွေထဲတွင် အလံဖြူကလေးသည် လွင့်ကာလွင့်ကာ လှုပ်ယမ်းလျက် ရှိလေသည်။ စစ်ကို မုန်းတီးလှစွာ ကြွေးကြော် ဟစ်အော် လျှောက်သွားနေသော စစ်သား၏ ရုပ်ဆင်းသဏ္ဌာန်ကား တစ်စစ မပီသတော့ဘဲ မီးခိုးများ ဖုံးကွယ်၍ သွားလေတော့၏။

## ၁

'ဂျပန်လူမျိုးတွေနဲ့ သည်ကားနဲ့တော့ အတော် ဆီလျော်တာပဲ' ဟု ကျွန်မက မှတ်ချက်ချလိုက်သည်။ ကာနယ်၏တူက ပြုံးသွားသည်။

နံနက်စာကို ထိုအိမ်ကလေး၌ စားသောက်ပြီးနောက် ကာနယ်အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြုံကြီး ထွက်လာခဲ့ကြသည်။ အိမ်မှာ တောင်ကုန်းပေါ်တွင်ရှိ၍ အုတ်လှေကားမှ တက်သွားရသည်။ တောင်ပေါ် တက်နေရသကဲ့သို့ လှုသံသူသံ မကြားရဘဲ အိမ်ကို မမြင်ရခင် သစ်ပင်ကြီးတွေသာ အထပ်ထပ် တွေ့မြင်နေရသည်။

အုတ်လမ်းဘေးရှိ မိုးမခပင်များမှာ မှိုင်နေသလိုပင် ငြိမ်သက် ငိုက်ရှမ်းလျက် ရှိကြသည်။ တောင်ခါးပန်းတွင် တောပန်းတွေ တသီကြီး ပွင့်နေကြသည်။ အမြင့်ပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ လာခဲ့သော အုတ်လမ်းကလေးကို တောင်ခါးပန်းတွင် ကွေ့ကွေ့ကောက်ကောက် ပြန်မြင်ရသည်။ အုတ်လမ်းဆုံးတွင် ပန်းပင်မျိုးစုံ ပွင့်လျက်ရှိသော ဥယျာဉ်ကြီးကို တွေ့မြင်ရသည်။ ဥယျာဉ်အလယ် ကျယ်ပြန့်သော မြက်ခင်းကြီးမှာ စိမ်းလန်းလျက် ရှိသည်။

ဥယျာဉ်ကြီးကို မျက်နှာပြုနေသော အမိုးကော့ ဂျပန် တစ်ထပ်အိမ်ကြီးကား အုပ်ဝေနေသော သစ်ပင်ကြီးတွေ အောက်၌ ပုန်းနေသည်။ လူမနေသလို တိတ်ဆိတ်လျက် ရှိသည်။ အိမ်ထဲသို့ ဝင်ကြသောအခါ ဂျပန်မလေး တစ်ယောက်က ကြမ်းပေါ်တွင် ဒူးတုပ်လျက် ခေါင်းငုံ့ကာ ဆီးနှုတ်ဆက်သည်။

ဧည့်ခန်းဆောင်ထဲ ဝင်လျှင် နံရံတွင် ချိတ်ထားသော ပန်းချီကားများကို 'ကာနယ် ဆွဲတာ' ဟု ရှေးဦးစွာ လိုက်ပြသည်။ "လက်စသတ်တော့ ပန်းချီဆရာကိုး" ဟု စိတ်ထဲက ရေရွတ်မိသည်။

ပန်းချီကားများကို ပိုးအဝတ်ပေါ်တွင် ရေးဆွဲထားကာ နံရံတွင် ချိတ်ဆွဲထားသည်။ တောခင်း၊ တောင်ကြားလမ်း၊ ရေကန်၊ တိမ်တိုက်၊ ပန်းပင်ပုံများဖြစ်သည်။ အနုဘက်တွင် တော်တော်ကြီး လိုက်စားသော လက်ရာဖြစ်သည်။ ကားချပ်များ အောက်တွင် ကာနယ့်လက်ရေးနှင့် ကဗျာ၊ လင်္ကာများ ရေးစပ်ထားသည်။

ဧည့်ခန်းတွင် ဆိုဖာကြီးတွေ ချခင်းထားပြီး၊ အောက်တွင် ကော်ဇောရှိသည်။ ဧည့်ခန်းထောင့်၌ ရှေးဟောင်းပစ္စည်းများကို စင်ပေါ်တွင် အလှ ခင်းကျင်းထားသည်။ ရေတကောင်း၊ ပန်းအိုး၊ ကရား၊ ကြွေအိုးကြွေခွက် ပစ္စည်းတစ်စုံကို တရုတ်ပြည်၊ ဂျာမနီပြည်၊ ပြင်သစ်ပြည်၊ ဂျပန်ပြည်က စသည်ဖြင့် ပြောပြသည်။ နှစ်ကြာပြီဖြစ်၍ ကြေးကရားကြီးမှာ ကြေးညှိများ တက်ကာ စိမ်းနေသည်။

တစ်အိမ်လုံးကို အနုပညာသဘော သက်ဝင်အောင် ခြယ်လှယ် ဆင်ယင်၍ ထားပုံကို တွေ့မြင်ရသည်။ ဧည့်ခန်းအလယ်ရှိ စားပွဲခုံနိမ့်ပေါ်တွင် သစ်ကြားသီးနှစ်လုံးကို သစ်စေးအနီသုတ်လျက် ယွန်းဗန်းကလေးဖြင့် ထည့်၍ တင်ထားသည်။

ဧည့်ခန်းထဲမှာ ကာနယ်တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် ထိုင်





နေတဲ့အခါ သစ်ကြားသီး နှစ်လုံးကို လက်ထဲမှာ တစ်လုံးနဲ့တစ်လုံး ကြိတ်ပွတ်ပြီး တော့ အသံကို နားထောင်နေတတ်တယ်'

ကျွန်မက ခုံပေါ်မှ သစ်ကြားသီးနှစ်လုံးကို ကောက်ယူလိုက်ပြီး လက်ထဲဆုပ်၍ ကြိတ်ပွတ်ကြည့်လိုက်သည်။ စိတ်အာရုံ ဘယ်မှ မပျံ့လွင့်နိုင်အောင် အသံကို စူးစိုက်၍ လေ့ကျင့်ပုံပဲဟု တွေးကြည့်မိသည်။

ဧည့်ခန်းဆောင်မှ တစ်ခန်းသို့ ကူးလိုက်ရာ ရှေးရိုး ဂျပန်ဧည့်ခန်းသို့ ရောက်သွားသည်။ ဖင်ထိုင်ခုံများ ဝိုင်းချလျက် အလယ်တွင် စားပွဲပုကလေး ခင်းထားသည်။ ပန်းပွားမြိတ်များ ရှိသော ပိုးစပေါ်တွင် စာတန်းရေးပြီး နံရံ၌ ချိတ်ထားသည်။ ထိုအောက်တွင် ပန်းအိုးကို ပန်းစိုက်လျက် ချထားသည်။ ပန်းအိုးနှင့် ပန်းမှာ ကျွန်မကို ညို့နေသည်ဟု ထင်ရသည်။ မျက်လုံးနှင့် မခွာနိုင်အောင် ပန်းအိုးကိုသာ စိုက်ကြည့်မိသည်။ ပန်းကား ပန်းနှင့်မတူ၊ ထူးဆန်းသည်ဟု ဆိုချင်သည်ထက် ဂျပန် တစ်ကျွန်းလုံးနှင့် လူတွေ၏ စိတ်ထားကို ပန်းအိုးက ဖော်ပြနေသည်ဟု ထင်မြင်မိသည်။

အိမ်ထဲ ရောက်နေသော်လည်း အိမ်ထဲ ရောက်နေသလို စိတ်၌ အိမ်၏ အတွေ့ မရှိ။ ဂျပန်အိမ်များမှာ အိမ်နှင့်မတူဘဲ ဘူးကလေး၊ သေတ္တာကလေး၊ အိမ်ထောင်ပရိဘောဂကလေး တစ်ခုနှင့် တူသည်။

တစ်ခန်းတွင် ဘုရားဆင်းတုတော်ကို ခုံဖြင့်တင်လျက် ဆွမ်းတော်တင်၍ ရေချမ်း ပန်းများ ကပ်ထားသည်။ တစ်အိမ်လုံး မြက်ဖျာအပြည့် ဖုံးခင်းထားသည်။ အိမ်ပတ်လည် သစ်ပင်ကြီးများ ဝန်းရံ အုပ်ဆိုင်းထားသော်လည်း တစ်အိမ်လုံးပင် လင်းနေသည်။ ဂျပန်ဧည့်ခန်း နောက်ဘက် အခန်းတွင် သူတို့ ထုံးစံအတိုင်း လက်ဖက်ရည်ကြမ်းကို အခမ်းအနားနှင့် လုပ်၍ တိုက်ကြသည်။

ခြံထဲသို့ ဆင်းကြည့်ကြသည်။ အိမ်ရှေ့ ပန်းရုံများအောက် ရေစပ်စပ်တွင် ဂဏန်းကြီးနှစ်ကောင်ကို အခဲ့ တွေ့ရသည်။ လက်မများ ကားကာ ရွေ့တွားသွားနေရာမှ လှုသံကြား၍ ရပ်နေသည့်ဟန်။ ဂျပန်မိတ်ဆွေက ဂဏန်းတစ်ကောင်ကို ကုန်းကောက်ယူပြီး သံနှင့် အတု လုပ်ထားတာဟု ပြောပြသည်။ အိမ်နောက်ဘက်တွင် မြင့်မားလှသည့် တောင်ကြီးရှိသည်။ တောင်ပေါ်တွင် အပွင့်နီနီဆွေ ပွင့်နေသည့် သစ်ပင်ကြီးများပေါ်၌ ငှက်ဖြူဖြူကလေးတွေ နားနေကြသည်။

ခြံနောက်ဘက်၌ ကျောက်ဂူလိုဏ်ကြီး တွေ့ရသည်။ ထိုဂူထဲတွင် ကျောက်တုံးကို ကုလားထိုင်သဏ္ဌာန် ဆစ်ထုထားသည်။ ညအခါ ဂူထဲ၌ ကာနယ် ဝင်၍ တရားထိုင်ကြောင်း ပြောပြသည်။

မလှမ်းမကမ်းမှ ပင်လယ်သမုဒ္ဒရာကြီးကို ဆီး၍ မြင်နေရသော ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းဥယျာဉ်၊ မိုးမခပင်များ ဝိုင်းရံပတ်လည်နေပုံမှာ များစွာ ပနံရနေလေသည်။

'သာဒီ . . . ပန်းရုံ၊ ပန်းခင်း၊ ဟို . . . မိုးမခပင်တွေနဲ့ တစ်ပင် ခန်တက် အော်မြည်နေကြတဲ့ ငှက်ကလေးတွေဟာ အိမ့်ရှင်ကို မျှော်ငံ့နေကြတယ်' ဟု ဂျပန်အဘိုးကြီးက ပြောပြသည်။

ကျွန်မတို့သည် တောင်ကုန်းပေါ်မှ ဆင်းခဲ့ကြကာ ပင်လယ်ကမ်းစပ်သို့ လျှောက်သွားကြသည်။ နွေဦးတု ကျခါနီး၍ ရေကူးလာကြသော သူများအတွက် ဝါးတဲများ ဆောက်လုပ်နေကြသည်။

ကောင်းကင်တစ်ခွင်လုံး မြူတွေ ဆိုင်း၍နေသည်။ ရေပြင်ကြီးမှာ နက်ပြာပြာ အဆင်း ရှိလေသည်။ ကျွန်းငူ ကျောက်ဆောင်ကြီးများကို လှိုင်းလုံးကြီးတွေ တဝုန်းဝုန်း တက်ပုတ် ခုန်ပေါက် မြူးထူးနေကြသည်။ ကျောက်ဆောင်တို့၌ ရေလုံးကြီး ပြန်လိမ့်ဆင်း ဖြာကျသွားပုံမှာ ထိုင်ပြီး ကြည့်နေချင်လောက်အောင် လှပပါပေသည်။ သောင်စပ်၌ ခုန်လွှား ကူးယက်နေကြသော ငါးပေါက်စကလေးများကို စင်ရော်တွေက ဝဲကာပျံကာ ထိုးသုတ် ချီယူသွားကြသည်။

ရေပြင်ကို ဖြတ်သန်း၍ လေတဟူးဟူး တိုက်လျက်ရှိသည်။ အဝေးတွင် မြူတို့ဖြင့် ပြာမှိုင်းညို့နေသော ဖူဂျီတောင်ကြီးကို တွေ့မြင်ရသည်။

ကျွန်မနှင့် လိုက်ပါလာကြသော လူအုပ်ကြီးမှာ သောင်ပြင်တွင် ရပ်နေကြသည်။ ကျွန်မမှာ ခြေယားနေသည်။ ရေထဲသို့ ဆင်းကြည့်ချင်၍ သောင်ပြင်ပေါ်မှ ရေပြင်ထဲသို့ တစ်ခါတည်း ဆင်းလျှောက်သွားသည်။ ရေအောက်က စီရရီ ရှိနေသည့် ကျောက်စရစ်ခဲလေးများကို ချစ်စရာကောင်း၍ ကုန်းကောက် ယူကြည့်သည်။ ကမ်းပေါ်က လူအုပ်က ကျွန်မကို တက်ခဲ့ရန် လှမ်းခေါ်နေကြသည်။ ကျွန်မလည်း ဒူးဆစ်မြုပ်လောက်အထိ ရေ့တိုးပြီး လျှောက်သွားသည်။

ထိုနေရာမှ မတ်တတ်ရပ်၍ အရပ်လေးမျက်နှာသို့ မျှော်ကြည့်လိုက်သော အခါ နက်ပြာနေသော ပင်လယ်သမုဒ္ဒရာ ရေပြင်ကြီးနှင့် တစ်ဖက်တွင် တောင်ပေါ်၌ ညို့ညို့ စိမ်းစိမ်းတွေ အလယ်ကောင်တွင် ခပ်ရင့်ရင့် အစိမ်းကွက် တစ်ကွက်မှာ ကာနယ်၏ခြံပင် ဖြစ်လေသည်။ ထိုအစိမ်းကွက်၏ အုပ်ဝေနေသော သစ်ပင်ကြီးများ အလယ်တွင် ကာနယ်၏ အိမ်ကလေးမှာ အတိုင်းသား။

ဘယ်ကြည့်ကြည့် သာသာယာယာ စိမ်းစိမ်းစိုစို ရှိကာ၊ မဆုံးနိုင်သော ပင်လယ်ရေပြာပြင်ကြီးမှာ လွမ်းဆွတ်ဖွယ်ဖြစ်အောင် ရှိနေပေတော့သည်။ ဤကြည်နူးဖွယ်ရာရှိသော ရှုခင်းကို ကာနယ်သည် ထောင်ထဲမှ ငေးနေပေလိမ့်မည်။

ကာနယ်၏ ဆွေမျိုးဉာတိအိမ်များတွင် လက်ဖက်ရည်ပွဲများ စီစဉ်ထားကြ၍၊ ရထား မလာခင် တစ်အိမ် တစ်အောင့် သွားသောက်ရသည်။

သီဟရတနာစာပေ



ကျွန်မ မျက်နှာကို တကြည့်တည်း ကြည့်နေသော ကာနယ်၏ သမီးကလေးကို 'မင်း အဖေ့ဆီကို ဘာမှာ လိုက်မလဲ' ဟု မေးကြည့်လိုက်သည်။ ကလေးမက ရှက်သလို အမူအရာဖြင့် ခေါင်းငုံ့နေသည်။ သူ့အမေနှင့် ကာနယ်၏ ဘူက 'ပြောလိုက်လေ' ဟု ခိုင်းတော့မှ ခေါင်းကို မမော့ဘဲ ပြောလေသည်။

'ညီ့သည်က အဖေနဲ့ သိတယ်၊ ကျွန်မက အဖေနဲ့မှ မသိဘဲ၊ ဘာမှာလိုက်ရမလဲ'

ကာနယ်နှင့် ကလေးမလေး တွေ့နိုင်ရန် ကျွန်မနှင့် ကလေးမ လဲ၍များရလျှင် လဲပေးလိုက်ချင်သလို စိတ်ထဲ၌ ဖြစ်သွားသည်။ တစ်အိမ်က စားသောက်ပြီး၍ ထွက်လာလျှင် ထိုအိမ်က လူများပါ ထလိုက်လာကြရာ၊ ဘူတာရုံသို့ ဆင်းသွားသော အခါ၌ လူအုပ်ကြီးမှာ မနည်းပေ။

ဘူတာရုံတွင် ကာနယ်ကို ပေးလိုက်ပါဆိုကာ ပစ္စည်းများ ပေးအပ်ကြသည်။ ပစ္စည်းဆို၍ ထူးထူးထွေထွေ မဟုတ်၊ ပန်းချီကားချပ်များသာ ဖြစ်သည်။

ရထား ထွက်ခါနီး ကာနယ်ကို ပြောလိုက်ရန် စကားများ မှာကြားရင်း၊ ပြုံးရယ်သော မျက်နှာထားများကို အခြေမပျက် ပြုံး၍ပင် ထားနိုင်ကြသည်။ ဂျပန်များမှာ သွေးသားများ စစ်ပွဲတွင် ကျဆုံးသွားသည့်တိုင်အောင် အပြုံးမပျက်ဘဲ နေတတ်အောင် လေ့ကျင့်မှု ရပြီးသား လူမျိုးဖြစ်သည်။ ကာနယ်၏ ဇနီးမှာ ပြုံး၍ နှုတ်ဆက်သော်လည်း ထိုအပြုံးအောက်က မျက်ရည်များ တဖြိုင်ဖြိုင် စီးဆင်းနေပုံ ရှိသည်။

ရထားပေါ်သို့ တက်သွားပြီးနောက် တံခါးပေါက်မှ ခေါင်းပြူကာ ရပ်နေလိုက်သည်။ ရထား ထွက်ခွာစ ပြု၍ အားလုံးကို လှမ်းနှုတ်ဆက်လိုက်သည်။

ရထား ထွက်သွားသောအခါ ကာနယ်၏ ဇနီးက ပဝါဖြူကလေးကို ယမ်းပြနေလေသည်။ သူတို့ကို ပြန်၍ လက်ပြရင်း ပဝါဖြူကလေး ယမ်းနေပုံကို ဝေးဝေးမှ ငေးကြည့်လျက်၊ မီးခိုးတွေထဲတွင် စစ်သား၏ အလံဖြူကလေး ယမ်းနေပုံကို သွားအမှတ်ရမိတော့သည်။

[ ရှုမဝ၊ ဇူလိုင် ၁၉၅၂ ]

www.burmeseclassic.com

www.burmeseclassic.com

# ဒိုးနက်

၁

ယနေ့ မိုးသားများ ကင်းရှင်းပြီး နေသာနေ၏။

ပြတင်းကို ဆွဲဖွင့်လိုက်သောအခါ ဝင်းဝင်းထိန်နေသော နေရောင်ခြည် တန်းကြီးကို မြင်လိုက်ရ၍ စိတ်ကြည်လင်သွားလေသည်။

ဂျပန်ပြည်တွင် ရာသီဥတုကို စိတ်မချရ။ နေပူနေရာက ချက်ချင်းပင် ညို့ဆိုင်းပြီး မှိုင်းချင်လည်း မှိုင်းသွားတတ်သည်။ မအုံ့မဆိုင်း မမှိုင်းဘဲနှင့် ရုတ်တရက် မိုးပေါက်များ ကျချင်လည်း ကျလာသည်။ ဂျပန်ရာသီဥတုကို မိန်းမစိတ်နှင့် တူသည်ဟု ဂျပန်များက ဥပမာနှိုင်းကြ၏။

ကျွန်မသည် ခြံထဲသို့ ဆင်းကာ မြက်ခင်းပေါ်တွင် အဝတ်ခင်းလျှက် လှဲနေသည်။ ဂျပန်ပြည်သို့ ရောက်ကတည်းက မိုးလင်းက မိုးချုပ် အသည်းခိုက်အောင် စိမ့်အေးနေခဲ့သည်။ နေရောင်နှင့် ထိတွေ့ရသည် မရှိ။ နေ့တိုင်းပင် နေမပူဘဲ မှိုင်းအုံ့နေ၏။ လွတ်လွတ်ကျွတ်ကျွတ် နေရောင်ထဲဝယ် ထွက်နေရသည့် အခါ တစ်ခဏအတွင်း ပူနွေးလာသည်။ အိမ်ရှေ့အိမ်ဘေးက ဂျပန်အိမ်ကလေး များကို ကြည့်လိုက်ရာ ဂျပန်မများသည် အဝတ်အထည်များကို နေရောင်၌ ဖြန့်လှမ်းနေကြသည်။ အချို့လည်း အိမ်ထဲက အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို နေရောင်ပြရန် အပြင်သို့ သယ်ထုတ်နေကြသည်။

မိုးတွင်းအခါများ၌ နေကလေးပွင့်လျှင် ဖွပ်ချင်လှမ်းချင်သည့် စိတ်များ ရိုးရိုးရှရှ ဖြစ်လာတတ်သကဲ့သို့ ကျွန်မလည်း မြက်ခင်းပေါ်တွင် နေရောင်ကို ခံယူနေရင်း တော်တော်ကလေး ပူလာသည်နှင့် ရေချိုးချင်သည့်စိတ် ဖြစ်လာသည်။ ရေချိုးရင်း ခေါင်းပါ လျှော်လိုက်ချင်သည်။

ဂျပန်ပြည်တွင် ခေါင်းလျှော်ဖို့ရန် တရော်၊ ကင်ပွန်းသီး မရှိ၍ ဆပ်ပြာနှင့် လျှော်မှ ဖြစ်မည်။ ဆံပင်များကို ဆပ်ပြာနှင့် လျှော်လေ့လျှော်ထ မရှိဖူးသဖြင့် ဆပ်ပြာနှင့်လည်း မလျှော်ချင်ပေ။ ဆပ်ပြာနှင့် မလျှော်ချင်၍ ဘာနှင့်လျှော်ရ ကောင်းမလဲဟု စဉ်းစားသည့်အခါ မှန်ချပ်ပေါ်တွင် အင်္ဂလိပ်စာကြောင်း၊ ဂျပန် စာကြောင်းများဖြင့် "ဆံပင်အလှပြုပြင်ရာဌာန" ဟု ရေးထားသော လမ်းချိုးက ဆိုင်ကို သွားသတိရသည်။





ဂျပန်ပြည်၌ ဂျပန်မများသည် ဆံရှည်ထားပြီး ရှေးကကဲ့သို့ ဂျပန်ဆံထုံး များကို မထုံးကြ။ အနောက်နိုင်ငံသူများကဲ့သို့ ဆံပင်ကို ဖြတ်ကြသည်။ ဆံပင်ကို အခွေအလိပ် အကောက်အတွန့် ပုံစံအမျိုးမျိုး လုပ်ထားကြ၏။ ဆံပင် အလှပြုပြင် ပေးသော ဆံသဆိုင်ကလေးများမှာ ရပ်ကွက်တိုင်းလိုလို ရှိကြသည်။

ဆံပင်အလှပြုပြင်ပေးသည့် ဆိုင်တွင် ခေါင်းသွားလျှော်ရလျှင် နေရာကျ မည်ဟု တွေးကာ မြက်ခင်းပေါ်မှ ထလျက် ဆိုင်ကလေးရှိရာသို့ ထွက်လာခဲ့သည်။

၂

ရန်ကုန်တွင် ဆံပင်အလှပြုပြင်သည့် ဆိုင်တစ်ဆိုင်သို့ ခေါင်းလျှော်ရန် တစ်ခါ ရောက်သွားဖူးသည်။ ၎င်းဆိုင်မှာ တရုတ်မတစ်ယောက်က ဟန်ကျပန်ကျ ဖွင့်လှစ် ထားသောဆိုင် ဖြစ်သည်။ ဆိုင်တွင် အမေရိကန်မှ မှာယူသော ဆံပင်ကောက်သည့် တွန့်သည့် ဓာတ်ခွက် ကိရိယာတန်ဆာပလာများနှင့် ပြည့်နှက်နေလေ၏။ အင်္ဂလိပ် မ၊ အမေရိကန်မ၊ တရုတ်မများ အလာများကြသည်။ သို့သော် မြန်မာမများလည်း တွေ့ခဲ့သည်။

ဂျပန်ပြည်၌ ပို့ပို့အိုအို ကြီးကြီးငယ်ငယ် ဘယ်သူ့ခေါင်းကြည့်ကြည့် အတွန့်အကောက်နှင့်သာ ဖြစ်၍ ဆံသဆိုင်များ အများအပြား ဖွင့်လှစ်ထားမှန်း သိနိုင်၏။ ဂျပန်ပြည်၌ ဂျပန်အမျိုးသမီးများ၏ အလှအပ ပြုပြင်ပုံ ပြုပြင်နည်း ကလေးများကို ကိုယ်တွေ့မျက်မြင် သိချင် ကြည့်ချင်သည်။

"ရှင်ချူကူး" ရပ်ကွက်ထဲရှိ ဂျပန်အိမ်ကလေးတွေ ရှေ့က လျှောက်ကာ သွားရ၏။ ဂျပန်အိမ်ရှင်မများ နံနက်ခင်း အိမ်မှုကိစ္စ အလုပ်များနေပုံကို လမ်းမက မြင်ရ တွေ့ရသည်။

အိမ်ဝင်းခြံများထဲ၌ စိုက်ပျိုးထားကြသည့် ပန်းပင်တို့မှာ နေရောင်အောက် တွင် အရောင်မျိုးစုံစွာ ပွင့်နေကြသည်။ ပန်းမျိုးတွေမှာ မြန်မာပြည်တွင် မရှိသော ပန်းမျိုးတွေ ဖြစ်သည်။ အရောင်အဆင်းနှင့် အပွင့်နေပုံ၊ အဆုပ်အခိုင်ဖြစ်အောင် ပွင့်ဖတ်ပွင့်လွှာများ ထပ်နေပုံကို ကြည့်လျှင် သဘာဝ၏ ဆန်းကြယ်ခြင်းများကို အံ့ဩ ငေးမောသွားရလောက်အောင် လွန်စွာမှ လှပ ထူးဆန်းသည်။ ပန်းဆိုင်များမှာ နေရာတကာတွင် ရှိသည်။ ဟိုတယ်ကြီးများတွင် ဝါးနှင့် လှလှပပ ရက်လုပ်ထား သော ခြင်းကလေးများထဲ၌ ခြင်းပုံသဏ္ဌာန်နှင့်လိုက်အောင် ပန်းမျိုးစုံ ခက်နွယ် ထည့်ကာ လှပစွာ ခင်းကျင်းပြီး ရောင်းချကြသည်။

ကျွန်မမှာ ခြံဝင်းတွေထဲမှ ပန်းပင်များကို ငေးမောကာ ဖြည်းဖြည်း ဆေးဆေး လျှောက်သွားသည်။ ဆံပင်အလှပြုပြင်သည့် ဆိုင်သို့သွားသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ဂျပန်အိမ်ဆိုင်ကလေးများ ရှိသည်။ အရပ်ထဲတွင် ဆူဆူညံညံ မရှိ၊ တိတ်တိတ်ဆိတ်ဆိတ်နှင့် အေးအေးချမ်းချမ်း သာသာယာယာရှိသည်။ တစ်ဆိုင်ပြီး တစ်ဆိုင် ဆိုင်များကို ဖြတ်ကျော်ကာ မေမော လျှောက်ကြည့်သွားသည်။

ဆံပင်အလှပြုပြင်သည့် ဆိုင်သို့ ရောက်သည့်အခါ ရှေ့မှ ပိတ်ကာထားသော မှန်တံခါးကို လက်နှင့် ခေါက်လိုက်သည်။ မှန်တံခါးရွက် တစ်ဖက် ပွင့်လာသဖြင့် အသာ အထဲသို့ ဝင်လိုက်သည်။

၃

နှုတ်ခမ်းနီ၊ ပါးနီ ဆိုးထားသော ဂျပန်မကလေးမှာ ရုတ်တရက် မှန်တံခါးရွက်ကို ပြန်မတွန်းလိုက်သေးဘဲ ကျွန်မကို ကြည့်ကာ အံ့အားသင့်သွားပြီးနောက် ချိုပြုံးစွာ ခါးကို ညွတ်ကုန်းပြီး ရိုရိုသေသေ နှုတ်ဆက်ပေသည်။ အပေါက်ဝရှိ ကုလားထိုင်တွင် ကျွန်မကို ထိုင်ခိုင်းသည်။ ကျွန်မ ရှေ့တွင် ဒူးထောက်လျက် ကျွန်မ စီးလာသော ဖိနပ်ကို သူ့လက်နှင့် ဆွဲချွတ်ပေးသည်။ ဆိုင်ထဲသို့ စီးဝင်ရန် အဆင်သင့် စီတန်းချထားသော မြက်ဖိနပ်တစ်ရန်ကို စွပ်ပေးလေသည်။ ဖိနပ်ချွတ်ပြီးလျှင် အပေါက်ဝ၌ ကာထားသော မှန်လိုက်ကာအတွင်းသို့ ခေါ်သွားသည်။

အခန်းမကြီးထဲ ဝင်လျှင် အခန်းထဲ၌ အလုပ် လုပ်နေကြသော ဂျပန်မများ ကျွန်မ နားသို့ လာကြပြီး ပျာပျာသလဲ ညွတ်ကုန်းကာ နှုတ်ဆက်ကြသည်။ ဆိုင်ထဲတွင် ကျွန်မ အလျင် ရောက်နေကြသော ဆံပင်လာဖြီးသည့် ဂျပန်မများကိုလည်း တွေ့ရသည်။ သူတို့၏ ခေါင်းတွင် ဓာတ်အုပ်ဆောင်းကြီးများ စွပ်တပ်ထား၍ မလှုပ်နိုင်ဘဲ ကုလားထိုင်ပေါ်တွင် ခေါင်းခိုင်နေရာမှ ကျွန်မကို ကြည့်နေကြသည်။

အခန်းနံရံ၌ ပတ်ပတ်လည် မှန်ဝိုင်းများ ကပ်ထားသည်။ မှန်ခုံရှေ့တိုင်းတွင် ကတ္တီပါ ကုလားထိုင်ကလေးများ တစ်လုံးစီ ချထားသည်။ ဆေးရောင် အဖြူ အနက် သုတ်ထားသည့် ဓာတ်ခွက်အုပ်ဆောင်းများမှာ မီးရောင်အောက်၌ တောက်ပြောင် ဖိတ်လက်နေပေသည်။ အခန်းထဲတွင် တုံးလုံးမှန်ဗီရို အပုများကို ခလယ်တွင် အတန်းနှင့် ချခင်းထားသည်။ ဗီရိုထဲတွင် ခေါင်းနှင့် ပတ်သက်၍ ပြုပြင်ရန် အသုံးအဆောင် ကိရိယာ တန်ဆာပလာ ဘူး၊ ပုလင်း အမျိုးစုံ ထည့်ထားသည်။ ဗီရိုပေါ်တွင် ဆံညှပ်၊ ကလစ်၊ ဆံပင်အုပ်သည့်ပိုက်၊ ဆံပင်ကောက်သည့် တွန့်သည့် သံကလစ်၊ သံညှပ် စသည့် ပစ္စည်းများကို စက္ကူဘူးကြီး ဘူးငယ်များနှင့် အပြည့် ထည့်တင်ထားသည်။ မှန်ခုံများတွင် လူပြည့်နေလျှင် ခေတ္တ စောင့်နားနေရန် တစ်နေရာတွင် ကုလားထိုင်များ ခင်းကျင်းထားသည်။ အလယ်က စားပွဲပေါ်၌ စာအုပ်များ ပုံထပ်ထားသည်။





ဆံပင်ဖြီးပေးသည့် ဂျပန်မကလေးများမှာ လက်တိုဂါဝန်အဖြူ ဝတ်ဆင်ထားကြသည်။ ကိုယ်ရှေ့က အဝတ်ဖြူစ ချထားပြီး ကြိုးစနှစ်ဖက်ကို ခါးနောက်တွင် ပတ်ချည်ထားသည်။ အားလုံးပင် ပါးနီ၊ နှုတ်ခမ်းနီ ဆိုးထားပြီး ဆံပင်ကို အတိုဖြတ်ကာ ပုံစံအမျိုးမျိုး တွန့်ကောက်ထားကြသည်။ ဂါဝန်တိုနှင့် သူတို့ ခြေထောက်၌ ခြေအိတ် မရှိဘဲ၊ ရှေ့ထိုး မြက်ဖိနပ်ကလေးများ စွပ်ထားကြသည်။

ကျွန်မလည်း မှန်ခုံတစ်ခုံရှေ့တွင် ထိုင်လိုက်ကာ ခေါင်းလျှော်လိုကြောင်း အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။ ကျွန်မ ပြောသော စကားကို နားမလည်ကြ။ အင်္ဂလိပ်စကား မတတ်ကြမှန်း သိရတော့သည်။

ကျွန်မကို တစ်ယောက်တစ်ပေါက် ဝိုင်း၍ ပြောကြမေးကြသည်။ သူတို့ ဂျပန်စကား မတတ်၍ ဘာမေးမှန်း ပြောမှန်း မသိပေ။ သူတို့ ပြောနေ မေးနေလျှင် သူတို့ မျက်ခုံးမျက်လုံး အမူအရာကို စိုက်ကြည့်ပြီး ပြုံးနေရသည်။ သူတို့က ကျွန်မ နားမလည်မှန်း သိ၍ ရယ်မောကြတော့လည်း ရောရယ်ရလေသည်။

တံခါးဖွင့်ပေးသော ဂျပန်မကလေးက စားပွဲပေါ်က စာအုပ်များကို သွားယူကာ မှန်ခုံပေါ်တွင် လာတင်ပြီး တစ်ရွက်ပြီးတစ်ရွက် လှန်၍ပြရင်း ပါးစပ်ကလည်း တတွတ်တွတ်နှင့်။

အမေရိကန် မိန်းမ မဂ္ဂဇင်းဆိုက်အရွယ် ကြွေရောင် စက္ကူချောနှင့် ရိုက်ထားသော ဂျပန်မဂ္ဂဇင်းတွေ ဖြစ်သည်။ စာမျက်နှာတိုင်းတွင် ဆံပင်ကို ပုံစံအမျိုးမျိုး လုပ်ထားသည့် ဂျပန်မဓာတ်ပုံများ၊ ဂျပန်စာများသာ ဖြစ်သည်။ တစ်ရွက်ပြီး တစ်ရွက် ရုပ်ပုံတွေကို လက်ညှိုးနှင့် ထောက်ပြီး ပြောပြနေသဖြင့် မည်သည့်ပုံစံ ကြိုက်သလဲ မေးဟန်ရှိသည်။

ကျွန်မလည်း စိတ်ဝင်စားစွာဖြင့် ရုပ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ လှန်ကြည့်သည်။ ကိုယ်တစ်ဝက် ခေါင်းပုံများကို ရှေ့က နောက်က ကောက်ပုံ ကောက်နည်း၊ ထုံးပုံထုံးနည်းနှင့်တကွ အမျိုးမျိုး အဖုံဖုံ ပြထားသည်။ အနောက်နိုင်ငံကနှင့် တစ်ပုံစံတည်း ဖြစ်တော့သည်။

ဆိုင်ခန်းထဲတွင် ရှိရှိသမျှသော အသုံးအဆောင် ဟူသရွေ့ ဂျပန်ပြည်ဖြစ် ဂျပန်လုပ် အသုံးအဆောင်ချည်းသာ ဖြစ်သည်။ အနောက်နိုင်ငံက ပြုလုပ်သုံးစွဲသော ပစ္စည်းအရပ်ရပ်ကို အသေးအဖွဲမှမချန် သူတို့ပြည်လုပ် အဖြစ် ဘယ်အရာမဆို တစ်ပုံစံတည်း လိုက်လုပ်ထားသည်။ ဘာပစ္စည်းမဆို သူတို့ပြည်တွင်လည်း ရှိရန် နိုင်ငံခြားနှင့် မီအောင် လိုက်တုလုပ်ထားကြသည်။

ကျွန်မက ကုလားထိုင်မှ ထ၍ အခန်းထဲတွင် ရှိသော မျက်နှာသစ် ကြွေခွက်မှ ရေပိုက်ကို ဖွင့်ချလိုက်ပြီး ရေများကို လက်နှင့်ခံကာ ခေါင်းကို ဆွတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေါင်းလျှော်လိုကြောင်းကို နားလည်အောင် ပြတော့မှ သဘောပေါက်သွားကြသည်။

ကြေခွက်အနီးရှိ ကုလားထိုင်တွင် ကျွန်မအား ထိုင်ခိုင်းသည်။ အဝတ်ဖြူကြီးနှင့် ရှေ့က ပတ်ဖုံးပေးပြီး ခေါင်းကို ကုလားထိုင် ခေါင်းတင်ပေါ်၌ တင်ထားရသည်။ ကုလားထိုင်မှာ အရှင်ဖြစ်၍ ဘေးက လှည့်၍ပေးသည့်အခါ ခုတင်လိုဖြစ်သွားသည်။ ခုတင်ပေါ်တွင် ခေါင်းထောင်ပြီး လှဲနေရသည့်အတိုင်း လှဲနေရသည်။ သူတို့က ခေါင်းလျှော်ပေးနေကြသည်။ ရေထဲတွင် ထည့်လိုက်သော ဖြူဖြူမှုန့်မှာ ဂျပန်ပြည်လုပ် ခေါင်းလျှော်သည့် ဆေးမှုန့်ဖြစ်သည်။ အမြှုပ်များထွက်လာကာ ခေါင်းကို ညင်ညင်သာသာ နှံ့နှံ့စပ်စပ် ပွတ်တိုက် လျှော်ပေးကြသည်။

ခေါင်းလျှော်ပြီးသည့်အခါ ဆံပင်များကို ဝါးဘီးကလေးနှင့် ရှင်းဖြီးသည်။ ဂျပန်ပြည်တွင် ဝါးကောင်း ထွက်၍ ဝါးနှင့် ပြုလုပ်သုံးစွဲသော အသုံးအဆောင်များ ပေါများလေသည်။ ဝါးဘီးမှာ ပထမတန်း ဖြစ်သည်။ ဘီးတကာဘီးတွင် ဝါးဘီးစစ်စစ်ကောင်းလျှင် အခြား မည်သည့်ဘီးမျိုးမှ မသုံးချင်တော့ပေ။

ဆံပင်များကို ရှင်းဖြီးပြီးလျှင် အနည်းငယ်စီ ခွဲခွဲယူလျက် ဆံပင်အမှားနေ၍ ဝါးဘီး လက်ကိုင်ရိုးတံကလေးနှင့် ရစ်ပတ် လိပ်ယူပြီးနောက် ဆံပင်အခွေကလေးများကို ခေါင်းပေါ်တွင် ဟိုနေရာ၊ ဒီနေရာ လျှောက်တင်ပြီး ဆလိုက်နှင့်ညှပ်ထားလိုက်သည်။ ကျွန်မက ငြိမ်ခံနေသည်။ စေ့စပ်သပ်ရပ် သေချာခြင်းရှိပုံကိုမှန်ထဲမှ စိုက်ကြည့်နေသည်။ သူတို့ လုပ်ပုံကို အစအဆုံး ကြည့်ချင် သိချင်၍လုပ်ချင်သလို လုပ်ပါစေဟု လွှတ်ပေးထားလိုက်သည်။

ထိုသို့ လုပ်ပေးနေရင်း မပျင်းအောင် စကားပြောနေသည်။ တစ်ခါတစ်ခါရင်သွေးနှံ့ကို လက်ညှိုးနှင့် လာထောက်၍ သူ့လက်ညှိုး၊ သူ့မျက်နှာ အရိပ်အခြည်ကို ကြည့်ကာ အဓိပ္ပာယ် မှန်းယူကြည့်ရသည်။ ဘာလူမျိုးလဲ မေးနေတာပဲဟုအောက်မေ့ကာ 'ဘိရုမ္မာ'ဟု ပြောလိုက်သည်။

'ဘိရုမ္မာ၊ ဘိရုမ္မာ' ဟု သူတို့ အချင်းချင်း လှည့်ပြောနေကြသည်။ ကျွန်မကို ဆက်လက်၍ မေးမြန်းပြန်သည်။ ဘာမေးမှန်း မသိ၍ မဖြေနိုင်။ ကျွန်မဆီကစကားပြန် မရမှ တိတ်ဆိတ်သွားသည်။

ဆံပင်များအားလုံး ခေါင်းပေါ်သို့ ဆလိုက်နှင့် ညှပ်တင်ပြီးတော့မှ ပိုက်ထူထူကျဲကျဲကြီးနှင့် ခေါင်းကို အုပ်ချလိုက်ကာ အစနှစ်ဖက်ကို ကုပ်တွင် စုချည်သည်။ ဘူးထဲမှ ဂွမ်းများကို ဆွဲယူကာ နားထင်တွင် ခုပေးထားသည်။



၄

ဓာတ်ခွက်အုပ်ဆောင်းတိုင်ကြီးကို နောက်တည့်တည့်သို့ ဆွဲရွှေ့လာပြီး ခေါင်းကိုခွက်ကြီးနှင့် အုပ်စွပ်ချလိုက်သည်။ ဓာတ်ခွက်တိုင်မှ မီးခလုတ် ဖွင့်လိုက်သောအခါခွက်ထဲမှ လေထွက်လာသည်။ လေမှာ လေအေး လေညင်း မဟုတ်ဘဲ လေပူဖြစ်လေသည်။ ဆံပင်များကို မြန်မြန်ခြောက်သွားအောင် အပူတိုက်ခြင်း ဖြစ်သည်။

မိနစ် ၂၀ ခန့် ထိုသို့ ထိုင်နေရသည့်အတွင်း ဖတ်ရှုရန် မဂ္ဂဇင်းစာအုပ်များလာပေးသည်။ ကျွန်မက အရုပ်တွေကို လှန်ရင်း တစ်ချက်တစ်ချက် ခေါင်းလာဖြီးကြသည့် ဂျပန်မများကို လှမ်း လှမ်းကြည့်လိုက်သည်။

ဆိုင်ထဲတွင် တိတ်ဆိတ်နေသည်။ ဆေးရုံက လူနာခန်းထဲ ရောက်နေသကဲ့သို့ ဘယ်ကြည့်ကြည့် ဖြူစင်သန့်ရှင်းနေသည်။ ခေါင်းလာဖြီးကြသည့် သူများအားမျက်နှာနှင့် လိုက်အောင် ပုံအမျိုးမျိုး ကောက်တွန့်ပေးနေသည်။ ဆံပင်အတိုဖြတ်ကာ ကောက်တွန့်သည့် ကိစ္စမှာ လွယ်လွယ်ကူကူ လုပ်လို့ရသည့် ကိစ္စမျိုးမဟုတ်ပေ။ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဆံပင်များကို များလှစွာသော သံညှပ်ကြီးတွေနှင့် တစ်ခေါင်းလုံး ကုပ်စွပ်ညှပ်ပြီး ဓာတ်ခွက်အောက်တွင် တစ်နာရီလောက် အပူတိုက် ဒုက္ခခံနေနိုင်မှ ကောက်တွန့်နိုင်သည်။ အသီးသီး ဓာတ်ခွက်အောက်တွင် ငြိမ်သက်စွာ ရှိနေကြသည်။

မိန်းမများ၏ အလှသဘောကား ခေတ်အလိုက် ပြောင်းလဲခြင်း ဖြစ်ရသည်။ ရှေးက မြန်မာမများ မဟာနဖူး ထားခဲ့ကြ၏။ မိန်းမဆိုလျှင် မဟာနဖူးနှင့်မှ လှပေယဉ်ပေသည်။ ယခုခေတ်တွင် ဘယ်သူမှ မဟာနဖူး မလုပ်ကြ၊ မဟာအမောက် လုပ်ထားကြသည်။ မိန်းမ၏ အလှသဘောကား တစ်သမတ်တည်းအလှမျိုး မဟုတ်ဘဲ ခေတ်ပေါ်တွင် တည်နေပေသည်။ သူတို့နိုင်ငံတွင် ရှေးခေတ်က ဂျပန်ဆံထုံးကြီး ထိုးထိုးထောင်ထောင် ထုံးထားမှ လှသည်ဟု မှတ်ခဲ့ကြသည်။ ယခု သူတို့၏ အလှမှာ တစ်ခေါင်းလုံး ကောက်တွန့်လိပ်ခွေနေခြင်းပင်။ ဤအလှကား ဂျပန်နိုင်ငံသာ မဟုတ်၊ တစ်ကမ္ဘာလုံး ကူးစက်သော အလှမျိုးပေတည်း။

ဆံပင်များ ခြောက်သွေ့သွားသောအခါ မှန်ခုံရှေ့တွင် ပြန်ထိုင်ရသည်။ စည်းထားသော ပိုက်ကြီးကို ဖြုတ်လျက် စောစောက လိပ်တင်ထားသော ဆံပင်အခွေများကို ပြန်ဖြန့်ဖြီးချသည်။ ဆံပင်များ ခြောက်သွား၍ ခေါင်းဖြီးပေးတော့မည်ဟု ပြုပြင်ပေးခါနီး မျက်နှာကို သေသေချာချာ ကြည့်သေးသည်။ မျက်နှာနှင့်လိုက်အောင် ထိပ်တည့်တည့်က ခလယ်ခွဲ ခွဲလိုက်ကာ၊ နားသယ်က ဆံစကိုသံကလစ်ကြီးနှင့် ကုပ်ညှပ်ထားသည်။ ကျွန်မက ဆံပင်တွေ ကောက်ကုန်တော့မှာကြောင့် မလုပ်ရန် တားမြစ်သည်။ သံညှပ်ကို ဆွဲဖြုတ်ပစ်မှ မကြိုက်မှန်းသိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ခဏ နေပါဦး ဟုသော အဓိပ္ပာယ် ပြသွားပြီး ခန်းမကြီး နောက်ဘက်က အခန်းကလေးထဲသို့ ဝင်သွားသည်။

အခန်းထဲမှ မီးပူကဲ့သို့သော အရာတစ်ခုနှင့် အရှည်တစ်တောင်၊ အလုံး လက်မခန့် ရှိမည်ဖြစ်သော သံချောင်းနှစ်ချောင်း ဆွဲယူလာကာ မှန်ခုံပေါ်တွင် တင်လိုက်သည်။ မီးပူကဲ့သို့သော အရာမှ မီးကြိုးနှင့် ပလပ်ကို မီးခလုတ်၌ သွားစွပ်လိုက်သည်။ တစ်ခဏကလေးနှင့် အထဲတွင် မီးရဲရဲ နီလာသည်ကို ဖောက်ထားသည့် အပေါက်ကြားမှ မြင်ရသည်။ အထဲက ရဲရဲတောက်လာလျှင် သံချောင်းနှစ်ချောင်းကို အပေါက်ကြားထဲသို့ တစ်ဝက်လောက် ထိုးသွင်းထားလေသည်။ ကျွန်မက "ဘာများ လုပ်မလို့ပါလိမ့်" ဟု ငြိမ်စိုက်ကြည့်နေသည်။

သံချောင်းများကို မီးဖုတ်ထားရာ ရဲရဲနီလာသည်နှင့် ဆွဲထုတ်ယူကာ ရေဆွတ်ထားသော အဝတ်ပိုင်းတွင် သွားကပ်လိုက်သည်။ ရေစိုနှင့် ထိ၍ ရှဲခနဲ အသံမြည်ကာ သံချောင်းမှ အခိုးများ ထွက်လာသည်။

ရှေ့မှ ခွဲထားသော ဆံပင်များကို ဆွဲယူကာ မီးဖုတ်ထားသော သံချောင်းများနှင့် ညှပ်ကပ်လိုက်တော့မည် လုပ်၍ ကျွန်မမှာ လန့်ဖျပ်သွားပြီး၊ မလုပ်လိုက်ရန် ကပျာကယာ လက်နှစ်ဖက်နှင့် ကာလိုက်ရသည်။

သူမက သံချောင်းတွေနှင့် ရှယ်ထားရင်းပင် ဘာကို ပြောပြနေမှန်းမသိ တတွတ်တွတ် ပြောလို့ နေပေ၏။ ကျွန်မမှာ လက်ကို ပြန်မချဝံ့ဘဲ ပြောရင်း ပြောရင်း ခေါင်းပေါ်သို့ ဝဲဝဲလာသည့် သံပူကြီးကို ဆံပင်များနှင့် မထိမိစေရန် ကာထားရသည်။

"ထိပ်က ဆံပင်တွေ သံပူနဲ့ ကပ်ပြီး မြှိုက်မလို့လား" ဟု ထိတ်ထိတ်လန့်လန့်နှင့် ခေါင်းကို တွင်တွင် ယမ်းပြနေရသည်။ ဂျပန်မကလေးမှာ သံချောင်းကို သူ့လက်က မချဘဲ ရှယ်မိုးထားရင်း မနားတမ်း၊ မရပ်တမ်း အတွင်သာ လျှောက်ပြောနေလေသည်။ အူလိုက်သည်းလိုက် ခရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောလျက်၊ လက်ထဲက သံချောင်းမှာလည်း အခိုးတွေ ထွက်လျက်။

ဆိုင်ထဲတွင် ဂျပန်မကလေးများ ကျွန်မတို့ နားသို့ ဝိုင်းလာကြသည်။ အားလုံးပင် ကျွန်မတို့ကို ကြည့်ကာ ပြုံးရယ်ကြပေသည်။ သူ့လက်က အခိုးတလူလူ ထွက်နေသော သံချောင်းတွေ မချမချင်း စိတ်မချနိုင်ဘဲ ဆံပင်များနှင့် မထိမိစေရန် လက်နှစ်ဖက်နှင့် ကာနေရသည်။ ကျွန်မမှာ တော်တော်ပင် စိတ်အိုက်သွားသည်။ နောက်ဆုံး သံချောင်းကို ပြန်ချထားလိုက်တော့မှ စိတ်သက်သာရာ ရသွားတော့သည်။

ဂျပန်မကလေးမှာ စိတ်မလျှော့။ ဒီလောက် ပြောနေတာ နားမလည်မှန်း





သိသော်လည်း စိတ်အိုက်ပုံ မပြ။ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို နားမလည်လည်အောင် လက်ဟန်ခြေဟန်နှင့် တစ်မျိုး၊ စာအုပ်ထဲက ပုံများ ပြကာ တစ်မျိုး၊ သံကလစ်၊ သံကုပ်နှင့် သံချောင်းကို ယှဉ်ပြကာ တစ်မျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် နားလည်သွားအောင် မမောမပန်း ပြောနေတုန်းပင်၊ စိတ်ရှည်လက်ရှည် ပြောနေတုန်းပင်။ သူ ပြောနေသော အသံမှာ နားထဲတွင် စူးစူးသွားသည်။ နားလည်သွားအောင် တစ်မျိုးပြီးတစ်မျိုး အားထုတ်ပြသည့် ဟန်အမူအရာတွေမှာ ကြည့်လို့လည်း ကောင်းသည်။ ရယ်လည်း ရယ်ချင်သည်။ သူ့ပုံပန်းကို ကြည့်ရသည်မှာ ကျွန်မ နားမလည်မချင်း အပြောလျှော့မည် မဟုတ်၊ စိတ်လျှော့မည်လည်း မဟုတ်။ ထို့ကြောင့် ဒါလောက် မရပ်မနား ပြောဟောနေတာ အဓိပ္ပာယ် သိအောင်ဟု အားထုတ်ပြီး အာရုံ စူးစိုက်ထားရသည်။ အဓိပ္ပာယ် တစ်ခုတစ်ခု ရှင်းသွားလျှင် "ဒါကို ပြောနေတာကိုး" ဟု ရယ်မောရကာ အဓိပ္ပာယ်ကောက်ဖမ်းရသည်ကို စိတ်ဝင်စားပြီး ပျော်ရွှင်လာသည်။

သံချောင်းမှာ မပူကြောင်း သူ့ဆံပင်နှင့် အခါခါ ညှပ်ပြသည်။ သံညှပ်ကလစ်နှင့် ကောက်နေအောင် လုပ်ပေးမည်ကို မကြိုက်ဘူးဆို၍ သံချောင်းနှင့် လုပ်ရကြောင်း လက်ဟန်ခြေဟန်နှင့် နားလည်အောင် ပြောပြသည်။ သံချောင်းနှင့် လုပ်လျှင် ရှေ့မှ ဆံပင်ကလေး လှိုင်းထ နေမည့်အကြောင်း စာအုပ်ထဲမှ ရုပ်ပုံ တစ်ပုံကို လှန်ပြပြောသည်။ သံကလစ်နှင့် လုပ်လျှင် ကောက်လိမ်နေမည်စိုး၍ မသိမသာ လှိုင်းထ နေသလောက်ကလေးရှိရန် သံချောင်းနှင့် လုပ်ပေးရကြောင်း၊ စာအုပ်ထဲက ကောက်လိမ်နေသည့်ပုံနှင့် လှိုင်းထ နေသည့်ပုံ နှစ်ပုံကို ယှဉ်ပြကာ ပြောသည်။ လက်ဟန်ခြေဟန်များနှင့် အဓိပ္ပာယ် ပေါ်သည်အထိ မသိသိအောင် ပြောပြတတ်ပုံကို သဘောကျလာသည်။ ပြောရလွန်း၍ သူမမှာ မောပန်းလာရှာသည်။

ကျွန်မက သံချောင်းများကို လက်နှင့် စမ်းကြည့်ပြီး သိပ်မပူသည်နှင့် "ဒါလောက် လုပ်ချင်လှတာ လုပ် ... လုပ်" ဟု အခွင့်ပေးလိုက်သည်။

ရှေ့တွင် ခွဲထားသော ဆံပင်များကို ဆွဲယူပြီး လှိုင်းထလာအောင် သံချောင်းနှစ်ချောင်းနှင့် ညှပ်ဆွဲ ဖိပေးနေသည်။ ဆံပင်ကို အလိုရှိသလို ခေါက်ရိုးကျအောင် ခေါင်းပေါ်၌ မီးပူတိုက်နေပေတော့သည်။

ဆံပင်များ ရှေ့မှ လှိုင်းထလာမှ သံချောင်းကို ချထားလိုက်သည်။ မဂ္ဂဇင်းစာအုပ်ထဲတွင် လိပ်ပုံခွေပုံ အမျိုးမျိုး အဖုံဖုံ လုပ်ပြထားသည့် ရုပ်ပုံများထဲက မြန်မာဆန်ဆန် နောက်တွဲထုံးထားသည့် ဆံထုံးပုံ တစ်ပုံကို ရွေးချယ်ပြီး ထုံးပေး



www.burmeseclassic.com

www.burmeseclassic.com



ရန် လက်ညှိုးနှင့် ထောက်ပြသည်။ သူတို့ ဝိုင်းအုံကြည့်ကြပြီး 'ဒိုးနက် ဒိုးနက်' ဟု အော်လိုက်ကြသည်။

ခေါင်းနောက်တွင် "ဒိုးနက်"ဆံထုံးကလေး သပ်သပ်ရပ်ရပ် ထုံးပေးကြသည်။ ခေါင်းဖြီးပြီး၍ မှန်ခုံမှ ထလိုက်သောအခါ အင်္ကျီနှင့်ထဘီကို ကိုင်ကြည့်ကြပြီး သဘောကျနေကြသည်။ အင်္ကျီတွင် တပ်ထားသော ကြယ်စေ့၊ လက်စွပ်၊ လက်ကောက်များကို တစ်ယောက်ပြီး တစ်ယောက် ဝိုင်းကိုင်ကြည့်ကြပြီး ကျောက်များကို မမြင်ဖူးကြ၍ အံ့သြနေမှန်းကို သူတို့အသံ ဖမ်းကြည့်ရသည်။ သူတို့၏ အရပ်အမောင်းမှာ ကျွန်မ ခါးဝက်လောက်သာရှိ၍ အရပ်ချင်း လာတိုင်းကြည့်ကြကာ သူတို့အချင်းချင်း ရယ်မော ဆူညံနေကြသည်။

၆

ကျွန်မကို ပြန်မလွှတ်ချင်ကြသေးဘဲ လက်ဖက်ရည်တိုက်ကာ အနားခွဲ ဝိုင်းအုံ ထိုင်ကြသည်။

ဂျပန်ပြည်တွင် နာမည်များကို "စံ"ထည့်ခေါ်ကြသည်။ "စံ"ဆိုသော အဓိပ္ပာယ်မှာ မောင်၊ မ ထည့်ခေါ်သော အဓိပ္ပာယ်မျိုး ဖြစ်သည်။ သူတို့ရင်ဘတ် သူတို့ ပုတ်ပြ၍ "ကစ်ကူစံ"၊ "မစကောစံ"ဟု တစ်ယောက်ပြီးတစ်ယောက် အမည်များ ပြောပြကြသည်။ ကျွန်မကိုလည်း လက်ဝါးနှင့် လာပုတ်ပြီး နာမည် မေးကြသည်။ ကျွန်မက မမလေးဟု မပြောဘဲ "မမလေးစံ"ဟု ဖြေလိုက်၍ သဘောကျပြီး အတောမသတ် ရယ်နေကြသည်။

ကစ်ကူစံက စာရွက်ပေါ်တွင် ခဲတံနှင့် လေယာဉ်ပျံပုံ ရေးဆွဲပြီး ကျွန်မကို ပုတ်လိုက်၊ လေယာဉ်ပျံကို ထောက်လိုက်၊ "မမလေးစံ" ဂျပန်ဟု ပြောပုံကို ကြည့်ပြီး ဂျပန်ပြည်သို့ လေယာဉ်ပျံနှင့် လာခဲ့ကြောင်းကို ဂျပန်လို "ဟိုက်... ဟိုက်"ဟု ပြန်ပြောလိုက်ရာ ဝါးခနဲ ရယ်ကြပြန်သည်။

ကျွန်မကို စိတ်ဝင်စားနေကြသကဲ့သို့ သူတို့ကိုလည်း စိတ်ဝင်စားလာလေသည်။ တစ်ယောက်နှင့်တစ်ယောက် သိချင်ကြသည့် အကြောင်းများကို စာရွက်ပေါ်တွင် ရုပ်ပုံများ ရေးဆွဲပြကာ ပြောကြရသည်။ သူတို့ ပြောချင်တာကို ကျွန်မ နားလည်အောင် လက်ဟန်ခြေဟန်နှင့် ပြောနိုင်သလို၊ ကျွန်မ စကားကိုလည်း သူတို့ နားလည်အောင် ပုံဆွဲကာ လက်ဟန်ခြေဟန်နှင့် ပြောပြရသည်။ ကျွန်မ လုပ်ပြသည့် အမူအရာကို စိုက်ကြည့်နေကြရာမှ နားလည်သည်နှင့် တစ်ချက်တည်း သူတို့ အချင်းချင်း သူတို့စကားနှင့် ဘာသာပြန်လိုက်ကာ ညံနေကြသည်။

ကျွန်မက ဂျပန်စက္ကူများ ထုတ်၍ အဖိုးအခယူရန် ပိုက်ဆံပေးသည်ကို





ချိုပြုံးစွာနှင့် ခေါင်းခါကာ လက်ကိုင်အိတ်ထဲသို့ အတင်း ပြန်ထည့်ပေးကြသည်။ ကျွန်မ ပြန်မည်ဟု ထ လျှင် ဝိုင်းဖက်ထားကြပြီး လက်ဖက်ရည် ထည့်ပေးပြန်သည်။

ဘာသာစကားများကို ကိုယ်လိုချင်သည့် အဓိပ္ပာယ်ပေါက်အောင် ဟန်အမူအရာနှင့် သည်တစ်ကြိမ်၊ သည်တစ်ခါသာ လုပ်ပြဖူးသည်။ နားလည်အောင် ဘယ်လို ပြရ၊ ပြောရမည်ကို အလိုလို ထိုးထွင်းတတ်သိလာသည်မှာ အံ့သြစရာပင် ဖြစ်သည်။ သူတို့မှာ သူတို့ပြောသည့် စကားကို လက်ဟန်ခြေဟန်နှင့် တစ်ဆင့် ဘာသာပြန်သည့်အခါ ရိုင်းပျစေသည့် အမူအရာ မပေါ်ပေ၊ ယဉ်ကျေးနိုင်သမျှ ယဉ်ကျေးအောင် အားထုတ်ပုံပါ အထူး သတိပြုမိ၏။ ဆိုင်ထဲသို့ လာသူတိုင်း စိတ်ကျေနပ်အောင်၊ စိတ်တိုင်းကျအောင် ဝတ္တရား ကျေပွန်စွာ ပြုလုပ်ဖို့ အကျင့် ရထားကြပြီးသည့်အတိုင်း စကားကို ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေး ပြောနေကျသလို၊ လက်ဟန်ခြေဟန်နှင့် ခက်ခက်ခဲခဲ ဘာသာပြန်ရာတွင်လည်း ယဉ်ကျေးအောင် ဂရုစိုက်ပုံမှာ ပေါ်လွင်ထင်ရှားသည်။

ဟန်အမူအရာတိုင်း ချစ်စရာ ကောင်းသည်။ နှစ်သက်စရာ ကောင်းသည်။ သူပြောပြော၊ ကိုယ်ပြောပြော ပြောတိုင်း ပြောတိုင်း ရယ်မောနေရသည်။

စကားနှင့် သိအောင် ပြောကာ ခင်မင်ရင်းနှီးရသည်ထက် အမူအရာ လက်ဟန်ခြေဟန်နှင့် တပင်တပန်း အားထုတ်ပြီး သိအောင် ပြောကာ ခင်မင်ရခြင်းက မြန်မြန် ရင်းနှီးသွားစေသည်။

ကစ်ကူစံက 'မမလေးစံ'ဟု ခေါ်ခေါ် ပြောနေသည်ကို မစကောစံက 'လေးကိုစံ'ဟု ထောက်ထောက်ပေးသဖြင့် လေးကိုစံ ဆိုသည်ကို ပထမ ဘာမှန်း မသိပေ။

အခန်းထဲတွင် သူတို့ ထုံးစံဓလေ့အတိုင်း အလှအပကို ပူဇော်ထားသော ပန်းအိုးထဲမှ ပန်းပွင့်ဖြူဖြူသွယ်သွယ် တစ်ခက်ကို သွားနှုတ်ယူလိုက်ပြီး သည်ပန်း အမည်မှာ "လေးကို" ဖြစ်၍ သူတို့က ကျွန်မကို "လေးကိုစံ"ဟု ပန်းနာမည် မှည့်ခေါ်ကြသည့် အကြောင်း အဓိပ္ပာယ် ပြန်ပြသည်။

ခေါင်းတွင် "ဒိုးနက်"ကို ထုံးပေးလိုက်ကာ "လေးကိုစံ"ဟု ခေါ်ကြပုံကို ယခုထက်တိုင် အမှတ်ရ၍ မဆုံးနိုင်။ နံနက်တိုင်း တယ်လီဖုန်းမှ 'လေးကိုစံ၊ ဒိုးနက် လာထုံးပါ'ဟု ဖိတ်ခေါ်သော ကစ်ကူစံ၏ အသံလေးကို ဂျပန်ပြည်၌ နေ့စဉ်နေ့တိုင်း ကြားရပေတော့သတည်း။

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၅၁ ]

www.burmeseclassic.com

www.burmeseclassic.com

## ယုမိစံနှင့် နိရှိဒေ့စံ

မြန်မာပြည်၌ နိုင်ငံခြားဘာသာသင်သိပ္ပံကျောင်း မတည်ထောင်မီ သမီး ခင်လေးမြင့်သည် ပြင်သစ်ပြည်သို့ အစိုးရ ပညာတော်သင်အဖြစ် သွားခဲ့ပေသည်။ အိမ်နှင့်ကျွန်မ ဝေးနေခဲ့စဉ် အချိန်အတွင်းတွင် ပြင်သစ်ပြည်မှ သမီး ပြန်ရောက်လာသည်။ အိမ်တွင် ကျွန်မ မရှိခိုက် အိမ်၏ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီရန် လာအိုသံရုံး၌ လစာ ၅၀၀ ကျပ်ဖြင့် အလုပ်ဝင်လုပ်ကြောင်း ကျွန်မ သိရှိခဲ့ရသည်။

ငါးလခန့်ကြာသော် ကျွန်မဆီသို့ သမီးထံမှ စာတစ်စောင် ရောက်လာသည်။ တော်လှန်ရေးအစိုးရ ပညာရေးဌာနက နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်း ဖွင့်လှစ်တော့မည်ဖြစ်၍ ထိုကျောင်း၌ ပြင်သစ်နည်းပြဆရာမ အလုပ်ကို သုံးလဝင်ရောက် လုပ်အားပေးရမည်။ ပြင်သစ် နည်းပြဆရာမ အလုပ် ရနိုင်သည်။ နည်းပြဆရာမ ခန့်အပ်မည့် လစာမှာ ၂၉၇ ကျပ် ဖြစ်ကြောင်း သူ့စာ၌ ပါသည်။

သမီးထံသို့ ချက်ချင်း စာပြန်ရေးလိုက်သည်။ လာအိုသံရုံး၌ လစာ ၅၀၀ ကျပ် ရသော အလုပ်ကို ချက်ချင်း နှုတ်ထွက်၍ တော်လှန်ရေးအစိုးရ ပညာရေး ဌာနမှ ဖွင့်လှစ်တည်ထောင်မည့် ဘာသာခြားသိပ္ပံကျောင်း၌ သုံးလ အကူဝင်၍ လုပ်အားပေးရန်နှင့်၊ နောင်တွင် နည်းပြဆရာမ ခန့်အပ်သောအခါ၌ မည်မျှပင် လခရရ ဝင်လုပ်ရမည်ဟု စာပြန်လိုက်သည်။

သမီးထံမှ ပြန်စာကို အဝေးမှ စိတ်တထင့်ထင့်နှင့် စောင့်မျှော်နေရသည်။

သမီးထံမှ စာပြန်ရောက်လာသည်။ မေမေ့စာအရ လာအိုသံရုံးမှ အလုပ်နှုတ်ထွက်ပြီး တော်လှန်ရေးအစိုးရ ပညာရေးဌာနမှ ပန်းဆိုးတန်းရှိ ချာတာဘဏ် အဆောက်အအုံ အပေါ်ဆုံးထပ်တွင် ဖွင့်လှစ်သော ဘာသာခြားသိပ္ပံကျောင်း၌ လုပ်အား ဝင်ပေးနေကြောင်း ပြန်စာရတော့မှပင် ကျွန်မ စိတ်ချမ်းမြေ့သွားတော့သည်။

လွတ်လပ်သော နိုင်ငံတိုင်းတွင် နိုင်ငံခြား ဘာသာသင် သိပ္ပံကျောင်းကြီးများ ရှိကြသလို ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တော်လှန်ရေးအစိုးရ၏ ပညာရေးဌာနက နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းကြီး ဖွင့်လှစ်ပေးသည့်အတွက် နှစ်သက်ခြင်း ပီတိ ဖြစ်ခဲ့ရသည်။

သီဟရတနာစာပေ



နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်း၌ ပြင်သစ်စာဌာနတွင် လက်ထောက်ကထိက ဖြစ်၍နေသော သမီး ခင်လေးမြင့်ကို ကျောင်းပို့ကျောင်းပြန် ကားဖြင့် သွားကြိုရ ပို့ရသည့် အခွင့်ကြုံတိုင်း ကျွန်မမှာ ထည်ဝါခံ့ညားသော ကျောင်းအဆောက်အအုံကြီးကို တစိမ့်စိမ့် ကြည့်လျက် ပီတိဖြစ်မိသည်။ ဤအဆောက်အအုံကြီး မဆောက်မီ ဤကျောင်း ဖွင့်လှစ် တည်ထောင်စက ဖြစ်ပေါ်ခဲ့သော နှစ်သက်ခြင်း ပီတိထက် ဆထက်တိုး၍ သွားလေသည်။

ထိုခံစားမှုပီတိကြောင့် ဤကျောင်းကြီးနှင့် ပတ်သက်သော ဝတ္ထုတစ်ပုဒ်တစ်နေ့နေ့တွင် ရေးရန် စိတ်ကူးဉာဏ် ဖြစ်ပေါ်လာသည်။

ထိုစိတ်ကူးဉာဏ်ကြောင့် ကျွန်မ ရေးသားခဲ့သော "သွေး"ဝတ္ထုတွင် ယုမိစံကို နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်း၌ ဂျပန် ကထိက ဆရာမလေးအဖြစ် ဖာတ်ကောင်ထား၍ ရေးခဲ့သည်။ နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်း၌ ဂျပန်ကထိက ဆရာမလေး မည်သို့ ဂျပန်စာ သင်ပြပုံကို ဝတ္ထု အခန်း (၅) အတွက် သဘာဝကျကျ ရေးရန် လေ့လာရမည်ဖြစ်၍ လေ့လာခွင့်ပြုပါရန် ကျောင်းအုပ်ကြီးထံတွင် ခွင့်ပန်လိုက်သည်။

ကျောင်းအုပ်ကြီး ဦးတင်အောင်စိုး၏ ခွင့်ပြုချက်အရ "သွေး"ဝတ္ထုအတွက် လေ့လာရန် ကျောင်းသို့ တစ်နေ့ ရောက်သွားသည်။ ထိုနေ့က ကျွန်မတစ်ဦးတည်း မသွားဘဲ ကျွန်မအား ဘာသာပြန်ပေးရန် ကျွန်မ တူတော်မောင်၏ ဇနီး ဂျပန်အမျိုးသမီး "တိုက်ကောစံ"ကိုပါ အတူ ခေါ်သွားသည်။

"သွေး" ဝတ္ထု ရေးသော နှစ်မှပင် ဂျပန်စာဌာန၌ ဂျပန်ပါမောက္ခ "နဝိုင်း" ဖြစ်၍၊ ကထိကမှာ ဂျပန်ဆရာ မဟုတ်ဘဲ ဂျပန်ဆရာမလေး "နိရှိဒေ့စံ" ဖြစ်နေသဖြင့် ဝတ္ထုအတွက် အထောက်အကူ အများကြီး ရနိုင်မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

ကျောင်းအုပ်ကြီးက ကျွန်မကို ဂျပန်ကထိက ဆရာမနှင့် မိတ်ဆက်ပေးသည်။ ဂျပန်ကထိက ဆရာမလေး၏ သွင်မှုယာဟန်ပန်မှာ အရပ်ပုပုပြပ်ပြပ်၊ ချိုမြသော အပြုံးကလေးက မျက်နှာတွင် အစဉ်ပွင့်၍ အသံကလည်း ချိုအေးစီလွင်သော အသံ၊ ဂါဝန်အဝါ၊ ဖိနပ်အဝါ ဆင်မြန်းထားသည်။

ဂျပန်ကထိက ဆရာမက ကျွန်မနှင့် တူမလေးကို ဘာသာစကားလေ့ကျင့်ရေး ခန်းမဆောင်သို့ ခေါ်သွားသည်။ ဘာသာစကား လေ့ကျင့်ရေး ခန်းမဆောင်သည် ကျောင်းသား ၄၀ ခန့် ဆံ့သော ရက်ကော်ဒါ စက်ခန်းကြီး ဖြစ်သည်။ ဤစက်ခန်းကြီးတွင် နိုင်ငံခြားဘာသာ ခုနစ်မျိုးတို့ကို ဘာသာစကားများနှင့် စာပေ အသံထွက် မှန်ကန်အောင် လေ့ကျင့် သင်ကြား ပို့ချပေးသော စက်ခန်းဖြစ်သည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားတို့သည် စက်ခန်းကြီးထဲ၌ နံပါတ်စဉ် ထိုး၍ တစ်ကန့်စီ ခြားထားသော ကိုယ့်နံပါတ်ခုံ၌ ဝင်ထိုင်နေနှင့်ကြသည်။

ဂျပန်ကထိက ဆရာမနှင့် ကျွန်မတို့ အခန်းထဲသို့ ဝင်သွားသောအခါ၊ ကျောင်းသူကျောင်းသားများက ဂျပန်ကထိက ဆရာမကို ဂျပန်ဘာသာဖြင့် ထ၍ နှုတ်ဆက်ကြသည်။

ဂျပန်ကထိက နီရှိဒေ့စံက သူ့အတန်းမှ ကျောင်းသူကျောင်းသားများကို ယနေ့ ဂျပန်စာ သင်ပြပုံ သင်ပြနည်း လေ့လာရန်အတွက် စာရေးဆရာမ ဂျာနယ်ကျော် မမလေး လာရောက်ကြောင်း ချိုအေးသော အသံလေးဖြင့် ပြောပြသည်။ ကျောင်းသူကျောင်းသားတို့သည် တောက်ပသော မျက်လုံးကိုယ်စီတို့ဖြင့် ကျွန်မကို ပြုံးရွှင်စွာ လှမ်းကြည့်ကြသည်။

နီရှိဒေ့စံ စားပွဲ၌ ထိုင်လိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်မ၏ တူမလေး တိုက်ကောစံအား ဆရာမ သင်ပြမည့်စာကို ဘာသာပြန်ပေးရန် ပြောလိုက်သည်။ ကျောင်းသားများ ရှေ့ရှိ ဂျပန်ဆရာမ ထိုင်လိုက်သော ခုံမြင့် စားပွဲကြီးပေါ်၌ အသံတိတ် အသံဖမ်း စက်ကိရိယာ ခေတ်ခွက် ခလုတ်များ တပ်ဆင်ထားသည်။ ဆရာမက စားပွဲ၌ ထိုင်၍ အသံလွှင့်ကာ သူ့အသံကို ကျောင်းသားများက ဖမ်းယူ နားထောင် သင်ကြား လေ့ကျင့်ကြခြင်း ဖြစ်သည်။

ဤလေ့ကျင့်ရေး အခန်းကြီးထဲ၌ လေအေးစက်များ တပ်ဆင်ထားခြင်းကြောင့် တစ်ခန်းလုံး အေးမြလျက် ရှိသည်။ နီရှိဒေ့စံ၏ နှုတ်မှ ထွက်ပေါ်လာသော အသံလေးမှာ စမ်းရေများ စီးကျနေသည့် စမ်းရေကျသံကဲ့သို့ တလွင်လွင် တစီစီ ထွက်ပေါ်လာသည်။

ကျောင်းသူကျောင်းသားတို့သည် နားကြပ်များကို နားနှစ်ဖက်၌ တပ်ဆင်ထားကြလျက် နီရှိဒေ့စံ၏ အသံကို တိပ်ခွေမှ တစ်ဆင့် ဖွင့်၍ နားကြပ်ဖြင့် နားထောင်နေကြသည်။

'အနတာဝ နီဟွန်းနီ၊ အီတခိုတိုးင အာရိမတ်စက'

ဤအသံကို ကြားကြားချင်း ကျွန်မ တူမလေး တိုက်ကောစံက လေသံဖြင့် ဘာသာပြန်ပေးသည်။

'ဂျပန် သွားဖူးကြသလား'

'အီရယ်ဝါတာကုရှိဝ၊ နီဟွန်းနီ အီတခို တိုးင အာရိမဆင့်'

ကျောင်းသူကျောင်းသားများက ၎င်းတို့ နေရာမှနေ၍ ဂျပန်ဆရာမ၏ မေးခွန်းကို ဂျပန်ဘာသာဖြင့် ဖြေကြားနေကြသည်။

တိုက်ကောစံက ကျွန်မအား လေသံဖြင့် ဘာသာပြန်ပြသည်။





'ဂျပန် မသွားဖူးပါဘူး'

'အနတာဝ နီတွန်း နော့ကီတယ့် အော့မော့တယ့် အီမတ်စက'

'ဂျပန်တံဆိပ်ခေါင်း ရှိသလား'

'အနတာဝ နမ်းမိုင်ကီတယ့် အော့မော့တယ့် အီမတ်စက'

'တံဆိပ်ခေါင်း ဘယ်နှခု ရှိသလဲ'

'အနတာဝ နီဟွန်းနော့အဲ ငအော့မိတခေါ် တောင အဲရိမတ်စက'

'ဂျပန် ဘိုင်စကုတ် ကြည့်ဖူးသလား'

တိုက်ကောစံ၏ ဘာသာပြန်ချက်များကို ကျွန်မ၏ နားတစ်ဖက်က စွင့်၍၊ သင်ကြားနေသော ကထိက ဂျပန်ဆရာမလေး နီရှိဒေ့စံအား "သွေး"ဝတ္ထုထဲက ယုမိစံအဖြစ် မြင်ယောင် ဖန်ဆင်းလျက် စိတ်အာရုံ၊ နားအာရုံ စူးစိုက်ထားသည်။

နီရှိဒေ့စံသည် သူ့မေးခွန်းတိုင်းကို ဂျပန်ဘာသာဖြင့် ကျောင်းသားများ ပြန်၍ ဖြေကြားချက်၊ အသံထွက် မှန်မမှန်နှင့် သူ စစ်ဆေးလိုသော ကျောင်းသား ထိုင်ခုံနံပါတ် ခလုတ်တို့အား တစ်ခုပြီးတစ်ခု ဖွင့်၍ နားထောင်ကြည့်ရင်း၊ နား ကလည်း အာရုံစိုက်လျက်၊ လက်ကလည်း မအား၊ နှုတ်ကလည်း မရပ်မနား မေးခွန်းထုတ် သင်ကြားလျက် ရှိသည်။

ကျောင်းသားများကို အမေးအဖြေ စကားပြော လေ့ကျင့်နိုင်းပြီးနောက် ဆက်လက်၍ ဂျပန် ရှေးဟောင်းရိုးရာပုံပြင်လေးကို သင်ကြားနေသည်။

ထိုရိုးရာပုံပြင်လေးမှာ နွားကျောင်းသား လုလင်ငယ်နှင့် ရက်ကန်း ရက်သော လုံမပျို နှစ်ဦးတို့၏ မေတ္တာဘွဲ့ ပုံပြင်လေးဖြစ်ကြောင်း တိုက်ကောစံက

ဂျပန်ပြည် ကျိုတိုမြို့ ဘုရားကျောင်းရှေ့တွင် ဦးကိုကိုကြီး၊ ဂျပန်မိတ်ဆွေများနှင့် အတူ (ခ ခုနှစ် ၁၉၅၀)...။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်လျက် ရှိသည်။ ဤပုံပြင်လေးကို အကြောင်းပြု၍ ဂျပန်ပြည်၌ "တနဗတမာ ဆူ·ရိ" ပွဲတော် ကျင်းပကြောင်း ပြောပြသည်။

ကျွန်မ၏ စိတ်အာရုံထဲ၌ ဤပုံပြင်ကို ဂျပန်ကထိက ဆရာမ နိရှိဒွေ့စံ မသင်ဘဲ၊ ကျွန်မ၏ ဇာတ်ကောင် ယုမိစံ သင်ကြားနေသယောင် အာရုံ ပြောင်းထားလိုက်ကာ၊ တစ်ဖက်မှလည်း စိတ်ဝင်စားစွာ နားစိုက်ထားသည်။

လေ့ကျင့်ခန်း သင်ကြား ပြီးဆုံးသွားသော အခါ၌ ကျွန်မမှာ "သွေး"ဝတ္ထု၌ ပါရှိသော အခန်း(၈)ကို ဤစက်ခန်းထဲ၌ပင် စိတ်ကူးဖြင့် ရေးပြီးသလောက် ဖြစ်သွားသည်။

ကျောင်းသားများ အခန်းကြီးထဲမှ ထွက်သွားကြသော အခါ၌ ကျွန်မက တမလေး တိုက်ကောစံကို နိရှိဒွေ့စံနှင့် မိတ်ဖွဲ့ပေးသည်။ မြန်မာလို ဝတ်ဆင်ထားသော တိုက်ကောစံကို ဂျပန်ဆရာမက မြန်မာအမျိုးသမီးလေးပဲဟု ထင်မှတ်နေသည်။ တိုက်ကောစံကို မြင်မြင်ချင်း ဂျပန်အမျိုးသမီး မထင်ဘဲ မြန်မာ ရုပ်ရှင်မင်းသမီးလေးများလားဟု သူ့စိတ်၌ ထင်မှတ်ကြောင်း ပြောကာ တခစ်ခစ် ရယ်မောနေသည်။

"သွေး"ဝတ္ထုစာအုပ် ထွက်သွားသောအခါ၌ နိရှိဒွေ့စံနှင့် ဆုံကြသောအခါ ကျောင်း၌ ကျွန်မ ဝတ္ထုအတွက် သူ ဒုက္ခများလျက်ရှိကြောင်း ကျွန်မကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြောပြသည်။ 'မောင်လေး မောင်မောင်နှင့် တွေ့ပြီလား' ဟု ကျောင်းသားများက သူ့ကို ဝိုင်းမေးကြကြောင်း ပြော၍ ကျွန်မတို့ တသောသော ရယ်မောကြရသည်။

ရယ်မောရင်းမှ နိရှိဒွေ့စံက ပြောပြန်သည်။

'မမလေးစံ ဝတ္ထုထဲမှာ မမလေးစံ ဇာတ်ကောင် ယုမိစံအဖေက ဂျပန်မှာ သေတယ်။ ကျွန်မ အဖေက စစ်အတွင်းမှာ စစ်တိုက်ရရင်း တရုတ်ပြည်မှာ သေတယ်။ မတူပါဘူး'

နိရှိဒွေ့စံသည် ထိုစကားကို ပြောပြီး အတောမသတ် ရယ်မောပြန်သည်။ ထိုနောက် ဆက်ပြန်၏။

'ယုမိစံက သူ့အဖေကို ဝတ္ထုထဲမှာ စစ်ပြီးတော့ ပြန်တွေ့ရတယ်နော်။ ကျွန်မကတော့ ကျွန်မအဖေကို ပြန်မတွေ့ရတော့ပါဘူး'

ဤစကားကို ဆက်၍ ပြောရာ၌ နိရှိဒွေ့စံ၏ မျက်နှာလေးသည် ရယ်မောလွန်း၍ သွေးရောင်လွှမ်းလျက် ရှိရာမှ ရုတ်ခြည်းပြောင်း၍ ညှိုးဖျော့သွားရှာသည်။

[ နိုင်ငံခြားဘာသာသိပ္ပံ (ဆယ်နှစ်မြောက်)မဂ္ဂဇင်း၊ ဇန်နဝါရီ ၁၉၇၄ ]

## ဆန်တစ်ဇွန်း

၁

ပြည်မြို့ ရတနာမာရ်အောင် တောရကမ္မဋ္ဌာန်း အလင်းပြတိုက် ကမ္မဋ္ဌာနစရိယ ရတနာမာရ်အောင် ဆရာတော်ဘုရားကြီး ပြုလုပ်မည့် ငါးနှစ်မြောက် ဗုဒ္ဓပူဇနီယပွဲ တရားပွဲနှင့် သံဃာ ၁၀၈ ပါး ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ပြုလုပ်မည်ဖြစ်သော စံတော်ရာ ကုန်းတော်သို့ ကျွန်မ သွားလိုသောဆန္ဒ ပြင်းစွာ ဖြစ်ပေါ်မိသည်။

စံတော်ရာကုန်းမှာ ပျော်ဘွယ်မြို့မှ ကားနှင့် နာရီဝက်ခန့် သွားရသော တောလမ်းခရီး ဖြစ်သည်။ စံတော်ရာ ကုန်းတော်ကြီး၏ နောက်ခံသမိုင်းသည် စိတ်ဝင်စားဖွယ်ရာ ထူးခြားမှုရှိသော ကုန်းတော်ကြီး ဖြစ်သည်။

ထိုစံတော်ရာ ကုန်းတော်ကြီးနှင့် ရတနာမာရ်အောင်တောရ ဆရာတော်ဘုရားကြီးတို့ ပတ်သက် ဆက်စပ်လျက် ရှိပုံ နောက်ကြောင်း ရာဇဝင်မှာလည်း စိတ်ဝင်စားဖွယ်ရာ ထူးခြားမှု ရှိသည်။

စံတော်ရာ ကုန်းတော်ကြီး၏ အကျယ်အဝန်းသည် ငါးဧက ရှိမည်။ ကုန်းတော်ပေါ်၌ ဘိန်းနွယ်ပင်၊ သမုန်းပင်၊ သနပ်ခါးပင်တို့ အုပ်ဝေ စိမ်းစိုနေလျက် အောက်ခြေရှင်းကာ ကျယ်ဝန်းလှသော ကုန်းမြေပြန့်ကြီး ဖြစ်လေသည်။

ကုန်းတော်ပေါ်၌ ရှေးဟောင်းစေတီတော်ကြီး တစ်ဆူ၊ သိမ်ကျောင်း တစ်ကျောင်း၊ အုတ်တိုက်ကျောင်း တစ်ကျောင်း၊ ကျောင်းအိုကြီးတစ်ကျောင်းနှင့် ဇရပ်တစ်ဆောင် ရှိသည်။ ထိုစေတီတော်ကို သီရိခေတ္တရာသောကမင်းကြီး ပထမ ကည်ထားခဲ့ပြီးနောက်၊ ဒုတိယ တကောင်း အဘိရာဇာမင်းက ပြုပြင်မွမ်းမံ တည်ခဲ့ ပြန်သည်။ တတိယအကြိမ် ထိုစံတော်ရာကုန်းကိုပင် ထပ်မံ၍ မွမ်းမံ ပြုပြင်ခဲ့သော ပုဂ္ဂိုလ်မှာ ရှင်အရဟံ ဖြစ်သည်။ စံတော်ရာကုန်းတော်တွင် ဖူးတွေ့ရသော သိမ်တော်မှာ ရှင်အရဟံ ကိုယ်တော်တိုင် သက္ကရာဇ် ၄၁၉ ခု၌ သမုတ်ခဲ့သော သိမ်တော် ဖြစ်သည်။ တစ်ဖန် စတုတ္ထအကြိမ် ပြုပြင် မွမ်းမံ တည်သွားသော ပုဂ္ဂိုလ်ကား အင်းဝ ဒုတိယဘုရင် မင်းခေါင် ဖြစ်လေသည်။

ဤတောင်ကုန်းကို စံတော်ရာကုန်းဟု ရှေးက အမည်တွင်ခဲ့ခြင်းမှာ ဘုရင်များ ခေတ္တ ကြွမြန်းကြသည့်အခါ၌ ယာယီတနန်းထိုးကာ စံမြန်းခဲ့ခြင်းကြောင့် စံတော်ရာကုန်းဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။ ပျူစောထီးမင်းမှ စ၍ ဘုရင်များ မရောက် မရှိရ၊ စံတော်ရာကုန်းသို့ အရောက်များကြသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်းဝခေတ် အင်းဝ ဒုတိယဘုရင် မင်းခေါင်သည် အင်းဝနှင့် တောင်ငူကို နေ့ချင်းပေါက် စိုင်းလျော် ခေါ် မြင်းကို စီးလာခဲ့သည်။ တောင်ငူသို့ ရောက်ရောက်ချင်း စိုင်းလျော်ဖြင့် အင်းဝသို့ ချက်ချင်း လှည့်ပြန်ခဲ့ရာတွင် စီးတော်မြင်းမှာ ခရီးပန်းလှ၍ လဲကျ သေဆုံးသွားခဲ့သည်။ အင်းဝမင်းခေါင်၏ မြင်းချချောင်း၊ မြင်းလှူးအိုင်၊ ကျောက်ဖျာ၊ မြင်း၏ ကကြိုးတန်ဆာများ မြုပ်ထားသော နေရာ၊ စိုင်းလျော် မြင်းသေကောင်ကို မြုပ်နှံထားသော နေရာ အမှတ်အသားများ ယခုထက်တိုင် စံတော်ရာ ကုန်းတော်ကြီးပေါ်၌ အဓိကရ ရှိနေသည်။

ရှေးအမည် စံတော်ရာကုန်းကို ယခုနောက်ပိုင်းတွင် နံ့သာကုန်း၊ သာယာကုန်း ဟုလည်း ခေါ်ကြသည်။

စံတော်ရာ ကုန်းတော်ကြီးနှင့် သုံးမိုင်ခန့် ဝေးသော ဆားတောင်ရွာတွင် ရဟန်းနာမာရ်အောင် တောရ ဆရာတော်ဘုရားကြီးကို ဖွားမြင်တော်မူပေသည်။ အသက်ရှစ်နှစ်အရွယ် ရှင်သာမဏေ ကိုရင်ဝတ်သောအခါ၌ စံတော်ရာကုန်းတော်ပေါ်တွင် ကျောင်းထိုင်နေသော ဆရာတော်ကြီး၏ အဘိုးတော်သူ ဆရာတော်ကြီး ဦးဣန္ဒ ခြေတော်ရင်း၌ ကိုရင်ဝတ်သည်။ ရှစ်နှစ်သားမှ စ၍ အသက်ထက်ဆုံး သက်သတ်လွတ်စားရန် သစ္စာပြုပြီးနောက် သင်ပုန်းကြီးမှအစ ပရိတ်ကြီး၊ လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ဝိနည်း၊ ပါတိမောက် ပါဠိတော်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း အစရှိသော ပရိယတ် အခြေခံနှင့် ပဋိပတ် အကျင့်တရားတော်များကို သင်ကြား အားထုတ်လေသည်။

ဆားတောင်ကိုရင်လေးဘဝ အသက်ရှစ်နှစ်သား အရွယ်၌ပင် ပျော့ဖွယ် တစ်နယ်လုံး ဆားတောင်ကိုရင်လေးကို မသိသူ မရှိသလောက် ထင်ရှားကျော်ကြားခြင်း ရှိခဲ့သည်။

ရှစ်နှစ်သား ကိုရင်လေးသည် သမထ၊ ဝိပဿနာတရားများကို အပြင်းအထန် အားထုတ်လျက် နယ်လှူထုကြီးကို ဆေးကုသ ပေးခဲ့ခြင်းကြောင့် ထင်ရှားကျော်စောခြင်း ဖြစ်ခဲ့သည်။ ရှစ်နှစ်သား အရွယ်ကပင် စံတော်ရာကုန်းတော်ပေါ်၌ အဓိဋ္ဌာန် ထိုင်နေခြင်းကြောင့် အရွယ်တော်ကလေးနှင့် မလိုက်အောင် ပေါက်မြောက်ထူးချွန်ခြင်း ရှိ၍ ပျော့ဖွယ် တစ်နယ်လုံးက အံ့သြ ချီးကျူး၍ မဆုံး၊ ကိုရင်လေးကို အားထား ကြည်ညို ကိုးကွယ်ခဲ့ကြ၏။

ထိုသို့ ရှစ်နှစ်သားအရွယ် ဆားတောင် ကိုရင်လေးအဖြစ် စံတော်ရာကုန်းတော်ပေါ်၌ ကျော်စော ထွန်းပေါက်လျက် ရှိနေရာက ဆားတောင်ကိုရင်လေးသည် အသက် ၁၂ နှစ်တွင် စံတော်ရာကုန်းမှ ရုတ်တရက် မည်သည့်နေရာသို့ ထွက်သွားမှန်း မသိအောင် ပျောက်ကွယ်သွားခဲ့သည်။





ပျောက်ကွယ်သွားသော ဆားတောင်ကိုရင်လေးသည် အသက်နှစ်ဆယ့် တစ်နှစ်အထိ ထိုကာလ အချိန် အတောအတွင်း၌ လောကီ၊ လောကုတ္တရာ သင်ကြား ပြသပေးမည့် ဆရာတော်ကြီးများထံမှောက်သို့ ရောက်အောင်သွားကာ သင်ကြား ဆည်းပူး အားထုတ်ရခြင်းကြောင့် အမြို့မြို့ အနယ်နယ်သို့ ရောက်နေတော့သည်။

ဆားတောင်ကိုရင်လေးကို လောကီ၊ လောကုတ္တရာ နှံ့စပ် တတ်မြောက် ထွန်းပေါက်အောင် သင်ကြား ပြသပေးကြသော ဆရာတော်များမှာ–

၁။ စံတော်ရာကုန်း ဆရာတော်ဘုရားကြီး ဦးဣန္ဒ၊
၂။ တောင်တွင်းကြီးမြို့ အရှည်ပေါ်သီ သက်တော်ရှည် ဘိုးမော်အောင် (လောကီ၊ လောကုတ္တရာ)၊
၃။ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရား (သမထ၊ ဝိပဿနာ)၊
၄။ စစ်ကိုင်းတောင် တောင်ဖီလာ ဆရာတော်ဘုရား (ဝိနည်းဘက်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ)၊
၅။ မုံရွာ ဘုတလင် ကြောင်ပန်းတောရ ဆရာတော်ဘုရား (သမထ၊ ဝိပဿနာ)၊
၆။ မုံရွာ ဖိုးဝင်းတောင်ဆရာတော် ဦးဇာနေယျ (အဘိဓာန်၊ အလင်္ကာ၊ ဆန်း)၊
၇။ မုံရွာ မိုးညှင်းတောရ ဆရာတော်ဘုရားကြီး (သမထ၊ ဝိပဿနာ)၊
၈။ မုံရွာခရိုင် ပုံတောင်ပုံညာ ရက်ကန်းစင်တောင် အရှည်ပေါ်သီ သက်တော်ရှည် ဆရာတော် ဦးသြဘာသ (လောကီ၊ လောကုတ္တရာ)၊
၉။ မုံရွာ အိုးတစ်လုံး တောရ ဆရာတော်ဘုရား (အဘိဓမ္မာ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ)၊
၁၀။ ပြည်မြို့ ကန်ဦးကျောင်း ဦးသီလ ဆရာတော်ဘုရားကြီး (ဝိနည်းဘက်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ)၊
၁၁။ ပြည်မြို့ မဟာဓမ္မိကာရာမ တောရ ဆရာတော်ဘုရားကြီး ဦးသုတ (သုတ္တန်၊ ဝိနည်း)၊
၁၂။ ပြည်မြို့ ရွှေတောင် အဘယာ ရာမတိုက် ဦးတိက္ခိန္ဒြိယ (ဓာတ်ကမ္မဋ္ဌာန်း)၊
၁၃။ သထုံမြို့ မူလ မင်းကွန်း ဆရာတော်ဘုရားကြီး (သမထ၊ ဝိပဿနာ)၊
၁၄။ ကျိုက်ထိုမြို့ သစ်ချတောင် ဆရာတော်ဘုရား ဦးတိလောက (ပါဠိ၊ သုတ္တန်၊ အဋ္ဌကထာ)၊
၁၅။ ကျိုက်ထို ကျိုက်ထီးရိုးဘုရား အရှည်ပေါ်သီ ဆရာတော် ဦးကုမာရ (သမထ၊ ဝိပဿနာ)၊



www.burmeseclassic.com

www.burmeseclassic.com



၁၆။ မော်လမြိုင်မြို့ မုဒုံ ကျောက်တစ်လုံးတောရ ဆရာတော် ဦးပဒုမ (သမထ၊ ဝိပဿနာ)၊
၁၇။ ဆားလင်းကြီးမြို့နယ် ဝက်လူးအိုင် မဟာဓမ္မိကာရာမကျောင်း ဆရာတော်ဘုရား (ဝိနည်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ)၊
၁၈။ ပဲခူးရိုးမ အရညဝါသီ ဦးဝါသဝ (သမထ၊ ဝိပဿနာ)၊
၁၉။ တောင်ငူခရိုင် ရေတာရှည်မြို့နယ် မယ်ဒက်တောရ ဆရာတော်ဘုရား (သမထ၊ ဝိပဿနာ)၊
၂၀။ ဖြူးမြို့ ရိုးမတောင် အရညဝါသီ ဦးသီလဝံသ ဆရာတော်ဘုရား (သမထ၊ ဝိပဿနာ)၊
၂၁။ သာယာဝတီမြို့ မင်းကျောင်း ဆရာတော် ဦးနန္ဒိယ (ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ)၊
၂၂။ ရမည်းသင်းခရိုင် ရွှေမြို့ အရညဝါသီဆရာတော် ဦးခန္တာဓေတိ (သုတ္တန်၊ ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာ၊ သမထ၊ ဝိပဿနာ၊ စမလမ်းစဉ်)၊
၂၃။ ကျောက်ပန်းတောင်းမြို့ အရညဝါသီ ဆရာတော် ဦးအာသဘ (အဘိဓမ္မာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ)၊
၂၄။ အင်းစိန် သမိုင်း မင်းကျောင်းဆရာတော် ဦးနန္ဒိယ (ဝိနည်းဘက်ဆိုင်ရာ ကဒ်ါ)၊
၂၅။ သမိုင်း မြို့မကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးညေယျ (ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာ)၊
၂၆။ ရန်ကုန်မြို့ ရွှေကြက်ယက်ကျောင်း ဆရာတော်ဘုရား (ကဒ်ါ၊ အဘိဓမ္မာ၊ ဋီကာ)၊
၂၇။ ရန်ကုန်မြို့ သိမ်ကြီးကျောင်း ဦးဝိလာသ ဆရာတော် (ဓမ္မစကြာ အကျဉ်း အကျယ် ယူပုံယူနည်း)၊
၂၈။ ပုဂံမြို့ ဆံရှည်ဆရာတော်ဘုရား (လောကီ၊ လောကုတ္တရာ)၊
၂၉။ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီး၊ ပင်းတယဂူ၊ အင်းတိမ် သက်တော်ရှည် ဘိုးတော်ဖြူ (လောကီ၊ လောကုတ္တရာ)၊
၃၀။ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ကျစ္စာဘုရား အရညဝါသီ သက်တော်ရှည်ရာကျော် ဆရာတော်ဘုရားကြီး ဦးသဒ္ဓမ္မကိတ္တိ (လောကီ၊ လောကုတ္တရာ)၊
၃၁။ ပျော်ဘွယ်မြို့ ရွှေမင်းဝံတောင် ဆရာတော် ဦးပါး (သမထ၊ ဝိပဿနာ)၊
၃၂။ ပဲခူးမြို့ အရညဝါသီ ဓမ္မစေတီမင်းခေါင် (လောကီ၊ လောကုတ္တရာ)၊

သီဟရတနာစာပေ



၃၃။ သီရိလင်္ကာကျွန်းမှ အရညဝါသီ ဆာဒူးယောဂီ ဘာဘာကြီး (သမထ၊ ဝိပဿနာ)၊
၃၄။ သာစည်မြို့ အင်းမကြီး သိမ်တောင် ဆရာတော် ဦးဇဝန (အဘိဓမ္မာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ)၊
၃၅။ သူကောင်းမြို့ အရညဝါသီ ဦးရှင်ကြီး ဦးလန်း (လောကီ၊ လောကုတ္တရာ)၊
၃၆။ စကုမြို့ ရွှေစက်တော် အရညဝါသီ ဆရာတော် ဦးစန္ဒိမာ (လောကီ၊ လောကုတ္တရာ)၊
၃၇။ ရခိုင်ရိုးမ အရညဝါသီ သက်တော်ရှည် ဆရာတော်ကြီး ဦးကေလာသ (သမထ၊ ဝိပဿနာ)။

ကိုရင်ဘဝနှင့် အသက် ရှစ်နှစ်မှ အသက်နှစ်ဆယ့်တစ်နှစ်ထိ လောကီ၊ လောကုတ္တရာ သင်ကြား ပြသပေးကြသော အထက်ပါ ဆရာတော်ကြီးများ ထံမှောက်တွင် အချို့ ရက်ပိုင်း၊ အချို့ လပိုင်း၊ အချို့ နှစ်ပိုင်း၊ ကိုးနှစ်တိုင်တိုင် မရပ်မနား သင်ကြားဆည်းပူး အားထုတ်တော်မူခဲ့ပြီးနောက် ပဉ္စင်းခံရန် စံတော်ရာ ကုန်းတော်ပေါ်ရှိ သိမ်ကျောင်းသို့ ပြန်ရောက်လာခဲ့သည်။

၁၂ နှစ်သား အရွယ်တွင် ကုန်းတော်ပေါ်မှ ပျောက်ကွယ်သွားပြီး အသက် ၂၁ နှစ်တွင် ပြန်ရောက်လာသော ကိုရင်လေးကို နယ်လူထုက ပဉ္စင်းခံပေးကြ၏။ ပဉ္စင်းခံပြီး စံတော်ရာ ကုန်းတော်ရှိ သိမ်ကျောင်း၌ သုံးရက်တည်း နေခဲ့ကာ ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းတော်ပေါ်တွင် အဓိဋ္ဌာန်ဝင် တရားအားထုတ်ရန် ချက်ချင်း ပြန်ကြွသွားလေသည်။

ရွှေတိဂုံကုန်းတော် တနင်္ဂနွေထောင့် ခေါင်းလောင်းကြီးနား၌ ရှိသော ဂူပေါက်ထဲသို့ ဝင်ရောက်ကာ ၄၉ ရက်တိုင်တိုင် နိသဇ်မှုတင် ဆောက်တည်လျက် ဂူထဲမှ မထွက်ဘဲ တရားအားထုတ်ခဲ့သည်။

၄၉ ရက် ပြည့်သောအခါ၌ ရွှေတိဂုံကုန်းတော်ပေါ်မှ ပြည်မြို့သို့ ထွက်ခွာသွားသည်။ ရှေးက သာဝတ္ထိတောရ၊ ယခု ရန်ကုန်မှ ဦးပဉ္စင်းလေး ကြွရောက်သီတင်းသုံးခြင်းကို စွဲ၍ "ရန်ကုန်တောင်"ဟု ခေါ်ကြသော တောင်တန်းပေါ်ရှိ ဂူတစ်ဂူတွင် ဂူအောင်း၍ တရား အားထုတ်ပြန်သည်။

ဂူထဲမှ မထွက်၊ အစာ မစား၊ တရား အားထုတ်လျက် ရှိသော ရန်ကုန် ဦးပဉ္စင်းလေး သတင်းမှာ တစ်မှုဟုတ်ချင်း ပြည်မြို့၌ ပျံ့လွင့် ပေါက်ကြားသွားသည်။ လာရောက် ချောင်းမြောင်း စောင့်ကြပ် ကြည့်ရှုကြသော ပရိသတ်ကြီးမှာ တစ်နေ့တခြား စည်ကား များပြားလှခြင်းကြောင့် အင်္ဂလိပ်အစိုးရလက်ထက် အစိုးရပိုင်းမှ မသင်္ကာ၍ တောင်တန်းကို စစ်ဘာရီများ ဝိုင်းထားခဲ့ကြသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမိဋ္ဌာန် ပြီးမြောက်၍ ဂူမှ ထွက်သောအခါ အိုင်၊ စီ၊ အက် အတွင်းဝန် ဦးတင်ထွဋ်၊ အရေးပိုင်ဦးဘဖိုး စသော ပုဂ္ဂိုလ်များက အစာ မစားဘဲ ဂူအောင်းကာ တရားအားထုတ်ခြင်း အစစ်အမှန်ဖြစ်ကြောင်း ရှင်းလင်း သိမြင်ကြတော့မှပင် သဒ္ဓါစိတ် အထူးပေါက်ကြလျက်၊ တောင်တန်းပေါ်၌ ဦးပဥ္စင်းလေး သီတင်းသုံးရန် အိုင်၊ စီ၊ အက် အတွင်းဝန် ဦးတင်ထွဋ်က ဦးဆောင်ကာ ကျောင်းဆောက် ကိုးကွယ်ကြသည်။

ပြည်မြို့ သာဝတ္ထိတောရ ရန်ကုန်တောင် ခေါ် တောင်တန်းပေါ်တွင် ဆယ်နှစ်တိုင်တိုင် ကျောင်းထိုင်ခဲ့ကာ တစ်နေ့တခြား များပြား စည်ကားလှသော ပရိသတ်ကြီးကို ငြီးငွေ့လှခြင်းကြောင့်၊ တစ်နေ့တွင် သီတင်းသုံး နေထိုင်သော ကျောင်းနှင့်တောင်ကို စွန့်ပစ်ကာ လူမသိအောင် တိတ်တဆိတ် ထွက်ခွာသွားတော့သည်။

ရန်ကုန်တောင်မှ ထွက်ခွာခဲ့ပြီးနောက် မိမိအား လောကီ လောကုတ္တရာ ဉာဏ်သဿသာ သင်ကြား မြသပေးလိုက်ကြသော အထက် ဖော်ပြပါ ဆရာသမား ပုဂ္ဂိုလ် ၃၇ ပါးကို အစွဲပြု၍ တော ၃၇ တော၊ တောင်ပေါင်း ၃၇ တောင်ပေါ်၌ ဝိပဿနာတရား အားထုတ် ပွားများလျက် တောရ ဆောက်တည်ခဲ့ပြီးနောက်၊ ပြည်မြို့ ရန်ကုန်တောင်နှင့် အလှမ်းဝေးသော ယခု မာရ်အောင် တောရ တောကြီး ထဲသို့ ပြန်ကြွလာကာ သစ်ခက်တဲကလေးဖြင့် တစ်ပါးတည်း ဆက်လက်၍ တရား အားထုတ်နေသည်။

တောထဲဝင်၍ ထင်းခုတ်သော ဦးသက်ပြင်း ဆိုသည့် ပုဂ္ဂိုလ်က သစ်ပင် အောက်တွင် တရား အားထုတ်နေသော ဦးပဥ္စင်းကို တွေ့ရှိသွားခြင်းကြောင့် ရန်ကုန်တောင် ဦးပဥ္စင်းကို တောကြီးထဲ၌ တွေ့ခဲ့ရကြောင်း သတင်းပေါက်ကြား သွားသည်။ နောက်နောက်က ကိုးကွယ် ဆည်းကပ်ခဲ့ကြကုန်သော ပြည်မြို့ရှိ ဒကာ၊ ဒကာမများက ထိုသတင်းကို ရလျှင်ရချင်း တောထဲ၌ ဝင်ရောက် ရှာကြ သည်။ သစ်ရွက်မိုးအကာအောက်၌ ဦးပဥ္စင်းကို တွေ့ရှိ၍ အခြား ဘယ်မှ မကြွဘဲ ဤတော ဤတောင်၌ အစဉ်အမြဲ သီတင်းသုံးပါရန် တောင်းပန် လျှောက်ထားကြ ပြီးလျှင် ကျောင်းဆောက် လှူဒါန်းကြကုန်သည်။

ပြည်မြို့ ရတနာမာန်အောင် တောရ ကမ္မဋ္ဌာန အလင်းပြ တောရရိပ်သာ ကြီးမှာ ဘုရား၊ ဂူကျောင်း၊ သိမ်ကျောင်း၊ ဇရပ်၊ လူတစ်ထောင်ဆံ့ မဏ္ဍပ်၊ မာတ်တော်တိုက် စသော အဆောက်အအုံကြီးများ ပြည့်ညပ်လျက် တစ်နေ့တခြား ယနေ့ထက်တိုင် စည်ကားလျက် ရှိသည်။

ဆရာတော်ကြီးသည် ဝါတွင်း လေးလပတ်လုံး ကျောင်းရှိ သံဃာအပါး





ဖဝခန့်ကို နံနက်ပိုင်း ဝိနည်းစာဝါချသည်။ ဆွမ်းစားပြီးချိန်မှ စ၍ အချိန်လေးချိန် ပိုင်းကာ ညကိုးနာရီအထိ တစ်ဝါတွင်းလုံး တောရ၌ တရား လာအားထုတ်ကြ သော ပရိသတ်ကြီးကို တရားဟောကာ တရားအားထုတ်နည်း ပြ၍ ရှေ့မှောက် တော်၌ပင် တရားအားထုတ်ခိုင်းလေသည်။ နှစ်စဉ် ဝါတွင်းတိုင်း တရားအားထုတ် ကြသော ရပ်ဝေးရပ်နီး လူသူပရိသတ် စာရင်းမှာ တစ်နှစ် တစ်ဝါတွင် လူ တစ်သောင်းနီးပါးခန့် နှစ်တိုင်း ရှိသည်။

သီတင်းကျွတ်လျှင် ကျောင်း၌ ကထိန်ခင်းပြီးနောက် ပင့်ဖိတ်ထားသော အနယ်နယ် အရပ်ရပ် အမြို့မြို့သို့ ဝိပဿနာတရား ထွက်ဟောလေသည်။ ငါ်ခင် ခါနီးမှ ကျောင်းသို့ ပြန်ရောက်တော်မူသည်။

ဆရာတော်ဘုရားကြီး၏ သက်တော် ဖ၇ နှစ်၊ ဝါတော် ၄၇ ဝါ ရောက်မှ ငယ်ရွယ်စဉ်က ပဥ္စင်းခံပြီး ထွက်ခွာခဲ့သော စံတော်ရာကုန်းပေါ်သို့ ကြွရောက် ကြည့်ရှုလိုသော စိတ်ဆန္ဒ ပေါ်ပေါက်လာသည်။ နောက်ပါ ဒါယကာနှစ်ဦး ဒါယိကာမတစ်ဦး၊ သက်သတ်လွတ် ချက်ပြုတ် ဆွမ်းကပ်ရန် သီလရှင်နှစ်ဦးနှင့် ပြည်မြို့တောရမှ စားနပ်ရိက္ခာများပါ ယူဆောင်ကာ ထွက်ခွာလာခဲ့ကြသည်။

စံတော်ရာကုန်းတော်ပေါ်သို့ ရောက်ကြသောအခါ လူတစ်ဦးတစ်ယောက် မျှ မတွေ့ရဘဲ ပကတိ တိတ်ဆိတ်လျက် ရှိသည်။ စေတီတော်သာလျှင် ကာလ ကြာမြင့်ခြင်းကြောင့် ပျက်စီး တိမ်းစောင်းနေလျက် သိမ်ကျောင်းကလေးကလည်း နဂိုအတိုင်း၊ ဇရပ်ကလေးကလည်း မူလအတိုင်း၊ အုတ်ကျောင်းကလည်း ယခင်က ရှိရင်းစွဲအတိုင်း တွေ့ရှိကြရသည်။

ထူးခြားမှု ရှိသည်မှာ သိမ်ကျောင်းကလေးထဲရှိ ဘုရားပလ္လင်တွင် ပုရွက်ဆိတ်အုံ ကြီး စွဲနေကာ၊ ပလ္လင်အောက် မြေပေါ်၌ ကြာပွင့်ပေါက်နေခြင်းကို တွေ့ကြရသည်။

စံတော်ရာ ကုန်းတော်သို့ မည်သူမျှ ဖြတ်သန်းသွားလာဝံ့ မရှိကြ။ ကုန်းတော်ပေါ်တွင် သိမ်ကျောင်းဇရပ် ရှိ၍ တစ်ခါက ဘုန်းကြီးတစ်ပါး လာရောက် နေထိုင်ရာတွင်၊ သစ်ပင်ခုတ်မိသဖြင့် ကျောင်းပေါ်မှ ညအချိန် ခြေထောက်ကနေ ဆွဲထုတ်ခံရသည် ဆိုခြင်းကြောင့် မနေဝံ့ဘဲ ချက်ချင်း ပြောင်းရွှေ့သွားလေသည်။ ထိုအကြောင်းကြောင့် မည်သည့် ရဟန်းသံဃာမျှ လာရောက် မနေရဲကြပေ။ မည်သူ တစ်ဦးတစ်ယောက်မျှ လာ၍ သစ်ပင် မခုတ်ဝံ့ကြခြင်းကြောင့် စံတော်ရာ ကုန်းပေါ်ရှိ သိမ်ကျောင်း၊ တိုက်ကျောင်းတို့မှာ သွပ်၊ သစ် စသည်တို့ အခွာမခံ ရဘဲ နဂိုအတိုင်း ရှိနေခြင်း ဖြစ်သည်။ ဤအတိုင်း အပျက်အစီး မရှိ ကမ္ဘာစစ်၊ ပြည်တွင်းစစ် ကာလများကို လွန်မြောက်လာခဲ့သည်။

ဆရာတော်သည် စံတော်ရာကုန်းနှင့် အနီးဆုံး နှစ်မိုင်ခန့် ဝေးသည့်

www.burmeseclassic.com



တမာကုန်းရွာသို့ လူစေလွှတ်ကာ ဆရာတော် ရောက်ကြောင်း အကြောင်းကြားလိုက်သည်။

သတင်းပို့လိုက်သော ရွာတွင် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြတော့သည်။ ဆရာတော်ကို ဖူးမြင်လိုလှ၍ နွားလှည်းများဖြင့် လိုက်လာ ဖူးမြော်ကြသည်။

တစ်ရွာမှ တစ်ရွာ သတင်းပျံ့သွားခြင်းကြောင့် ခရီးဝေးသော ရွာတွေမှလည်း နောက်နေ့များတွင် လှည်းများဖြင့် ဖူးမြော်ရန် ရောက်လာကြကုန်၏။

ဖူးမြော်ရန် ရောက်ရှိလာကြသော တောင်သူလယ်သမား လူထုပရိသတ်ကြီးကို ဆရာတော်က သိမ်ကျောင်းအဝ၌ ထိုင်လျက် ဝိပဿနာတရား ဟောကြားတော်မူလေသည်။

တောသူတောင်သား ပရိသတ်ကြီးမှာ သစ်ပင်တွေအောက် မြေကြီးပေါ်၌ ထိုင်၍ တရားနာကြသည်။

နေရိပ်ရာ ဘိန်းနွယ်ပင်၊ သနပ်ခါးပင်တွေ အောက်၌ တုပ်ကွရိုကျိုး ဝပ်လျှိုးလျက် တိတ်ဆိတ်စွာ တရားနာယူနေကြသော များပြားလှသည့် တောသူတောင်သား ပရိသတ်ကို တွေ့ကြသောအခါတွင်၊ ဆရာတော်နှင့်အတူ ပြည်မြို့မှ လိုက်ပါလာကြသော တပည့် ဒါယကာ (ဖျာပုံ)ဦးထွန်းကြည်နှင့် ပုသိမ်မြို့မှ တပည့် ဒါယိကာမ ဒေါ်မြမြရင်တို့သည် တောထဲတောင်ထဲ၌ မမြင်စဖူး အလွန်အံ့ဩမိခြင်း ဖြစ်ကြသည်။

လူသူနှင့် ဝေးလှသော ဤတောင်ကုန်းပေါ်ရှိ သစ်ပင်ရိပ်အောက်တို့၌ တရားနာနေကြသော ပရိသတ်နှင့် တရား ဟောကြားနေသော ဆရာတော်ကြီးတို့၏ မြင်ကွင်းသည် ဘယ်နေရာမှ ယခု ပုံစံအတိုင်း မတွေ့မမြင်နိုင်ကြသော ရှုမြင်ကွင်းကြီးဖြစ်၍ အလွန် အံ့ဩထူးဆန်း ဝမ်းမြောက်ခြင်း ဖြစ်ကြသည်။

သဒ္ဓါစိတ်၊ ဝမ်းမြောက်စိတ်ကြောင့် ကုန်းတော်ပေါ်ရှိ ပျက်စီး ယိုယွင်းနေသော စေတီတော်ကြီးကို ပြန်လည်တည်ထား ကိုးကွယ်နိုင်ရန် ပုသိမ်မြို့မှ ဒေါ်မြမြရင်က ဘုရားအစ်မ၊ ဖျာပုံမြို့မှ ဦးထွန်းကြည်က ထီးတော်ဒကာ ပေါ်သွားကြသည်။

ဆရာတော်ဘုရားကြီးသည် တိမ်းစောင်း ပျက်စီးနေသော စေတီကြီးကို လေးလပိုင်းနှင့် ပြီးစီးအောင် အသစ်ပြန်တည်သည်။

စေတီတော်အသစ် တည်ပြီး၍ ထီးတော်တင်သည့် နှစ်၌ ဗုဒ္ဓပူဇနီယပွဲနှင့် တရားပွဲ ပြုလုပ် ကျင်းပသည်။ ဘုရားပွဲတော် မစမီ တရားပွဲကို ၁၅ ရက်တိုင်တိုင် ကြိုတင်၍ ကျင်းပသည်။ စေတီတော်ကြီး ထီးတော်တင်သော ပထမနှစ်တွင်





ထီးတော်တင်မည့်နေ့ နံနက်ပိုင်း၌ စံတော်ရာကုန်းတော်ပေါ်သို့ လာရောက် ပူဇော်ဖူးမြော်ကြမည့် တောရွာများမှ တောင်သူလယ်သမားများကို ဆရာတော်ဘုရားက ဆန်အတင်း တစ်ရာချက်၍ ကျွေးမွေး လှူဒါန်းသည်။

ဒုတိယနှစ် ဘုရားပွဲ၊ နတ်တော်လပြည့်နေ့ နံနက်ပိုင်းတွင် ကောက်ညှင်းဆန် တင်း ၉၀ ပေါင်း၍ ငါးခြောက်အချိန် ၂၀၀ ကျော်ဖြင့် ဘုရားအစ်မ ဒေါ်မြမြရင်က ကျွေးမွေး လှူဒါန်းသည်။ ပရိသတ် မည်မျှ များပြားသနည်းဆိုမူ တင်း ၉၀ ပေါင်းထားသော ကောက်ညှင်းပေါင်းမှာ လူတစ်ယောက် တစ်ထုပ် ထုပ်လှူက်ဝေငှရာတွင် နာရီပိုင်းအတွင်း ကုန်သွားသည်။

တတိယနှစ်တွင် နတ်တော်လပြည့်နေ့ နံနက်ပိုင်း၌ လာရောက်မည့် ပရိသတ်ကို ကျွေးရန် ရန်ကုန်မြို့ ပုဇွန်တောင် ဂန္ဓမာလာမုန့်တိုက်ပိုင်ရှင် ဒေါ်ခင်အေး မောင်နှမတစ်စုတို့က နန်းကြီးအချိန် ၁၄၅၀ ကျွေးမွေး လှူဒါန်းသည်။ နန်းကြီးအချိန် ၁၄၅၀ မှာ ၄၅ မိနစ်ဖြင့် ကုန်သွားသည်။

စတုတ္ထနှစ်၌ နတ်တော်လပြည့်နေ့ နံနက်တွင် ဆန်တင်း ၉၀ ချက်လှူက် ငါးခြောက်ဟင်းနှင့် ဆရာတော်ကြီးက ပရိသတ်ကို ကျွေးမွေးလှူဒါန်းသည်။

တစ်နှစ်ထက် တစ်နှစ် လူများပြားလွန်း၍ ယခု ကျင်းပမည့် ငါးနှစ်မြောက် ဘုရားပွဲတွင် တရားပွဲနှင့်တကွ သံဃာတော်အပါး ၁၀၈ ပါး ဆွမ်းဆန်စိမ်း လောင်းလှူရန် စီစဉ်ထားသည်။ နတ်တော်လပြည့်နေ့ နံနက် သံဃာတော် တစ်ရာရှစ်ပါးနှင့်တကွ ကုန်းတော်ပေါ်သို့ လာကြမည့် ပရိသတ်အတွက် ဆရာတော်ဘုရားကြီးက ဆန်အတင်း ၁၅၀၊ ဘုရားအစ်မ ပုသိမ် ဒေါ်မြမြရင်၊ ထီးဒကာ ဦးထွန်းကြည်၊ ရန်ကုန်မှ ဂန္ဓမာလာ မုန့်တိုက်ပိုင်ရှင် ဒေါ်ခင်အေး မောင်နှမ တစ်စု၊ သုံးဦးပေါင်းစပ်၍ ကာလပေါင်း ငါးခြောက်အချိန် ၂၀၀ ကျော်၊ ငါးပိကြော်၊ ဟင်းချိုတို့ဖြင့် ကျွေးမွေး လှူဒါန်းကြပေမည်။

ပဉ္စမမြောက်နှစ် ဆန်တင်း ၁၅၀ ချက်ကျွေး လှူဒါန်းမည့် အလှူသို့ ကျွန်မ သွားလိုစိတ် ပြင်းပြမိသည့်အတိုင်း ရန်ကုန်အဖွဲ့နှင့် ရန်ကုန်မှ ညနေစ်ခေါက် ထွက် ကားဖြင့် ထွက်လာခဲ့ကြသည်။ ပျော်ဘွယ်မြို့သို့ နောက်တစ်နေ့ ညနေ လေးနာရီတွင် ရောက်သွားကြသည်။ ပျော်ဘွယ်မှတစ်ဖန် စံတော်ရာ ကုန်းတော်သို့ ထွက်ခဲ့ကြရာ တောင်ကုန်းပေါ်သို့ ညနေ ငါးနာရီလောက် ရောက်သွားသည်။

၂

စံတော်ရာ ကုန်းပေါ်သို့ ရောက်လျှင်ရောက်ချင်း ဆောက်လုပ်ဆဲရှိသော မပြီးသေးသည့် မွှာရုံ အဆောက်အအုံကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။ မွှာရုံ၌ ကျင်းပနေသော ဆရာတော်၏ တရားပွဲမှာ မပြီးသေးချေ၊ ဟောပြောနေဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံ အဆောက်အအုံကြီးမှာ တိုင်ပေါင်း ၁၃၀၊ အနံ ပေ ၁၀၀၊ အလျား ပေ ၁၅၀ ရှိသည်။ အမိုးက သွပ်၊ အမိုး မိုးလျှင် သွပ်ချပ်ရေ ၇၆၀ မိုးမှ အမိုးလုံပေမည်။ ဓမ္မာရုံ အဆောက်အအုံအတွက် သွပ်ချပ်ရေ ၂၀၀ သာ ရရှိသေး၍ ဘုရားပွဲ၊ တရားပွဲ အမီ တာလပတ်ကြီးများ၊ ဓနိများဖြင့် ယာယီ မိုးထားသည်။ အကာမရှိ၊ အခင်း မရှိသေး။ ဆင့်များသာ ခင်းပြီးလျက် ဆင့်အောက် မြေကြီးပေါ်၌ အတန်းလိုက် တရားနာနေကြသော ပရိသတ်မှာ အဆောက်အအုံနှင့် မဆံ့၊ ပြည့်ကျပ်နေသည်။

ကျွန်မတို့ ရောက်ပြီး နောက်တစ်နေ့ကား နတ်တော်လဆန်း ၁၄ ရက်၊ အဖိတ်နေ့ ဖြစ်သည်။

ဆန်တင်း ၁၅၀ နှင့် ငါးခြောက်အချိန် ၂၀၀ ကျော် ဟင်းချက်ရန် တာဝန်ယူ ချက်ပြုတ်ပေးကြမည့် အနီးဆုံး ရွာဆယ်ရွာမှ တစ်ရွာလျှင် လူဆယ်ယောက်၊ လိုအပ်သော ပစ္စည်းအစုံအလင်နှင့် လူ ၁၀၀ လှည်းများဖြင့် ရောက်လာကြသည်။

ကျွန်မ တည်းခိုသော ဇရပ်ကလေး နောက်ဘက် မြေကွက်လပ်ကြီးတွင် ချက်ပြုတ်ကြရန်အတွက် မြေကျင်းရှည်ကြီးများ တူးကြကာ မီးဖိုကြသည်။ မနက်ဖြန် လပြည့်နေ့ နံနက်အတွက် ကြိုတင်၍ ငါးပိကြော်ကြသည်။ ငါးခြောက်ဟင်း ချက်ကြသည်။ ထမင်း ချက်မည့်နေရာ၊ ငါးခြောက်ဟင်း ချက်မည့်နေရာ၊ ဟင်းချို ချက်မည့်နေရာ မီးဖိုကျင်းများကို လေးနေရာ ခွဲထားကြသည်။

ပရိသတ်ကြီးကို ထမင်းကျွေးရန် ထမင်းရုံ ဆယ်ရုံ ဆောက်ကြသည်။

ထမင်းရုံ တစ်ရုံ၌ ထမင်း တစ်ခါပြင်လျှင် လူ ၁၀၀ စား၊ ထမင်းဆယ်ရုံ၊ လူ ၁၀၀၀ တစ်ပြိုင်တည်း ကျွေးနိုင်အောင် စီစဉ်ထားသည်။ ထမင်းရုံတစ်ရုံအတွက် လုပ်အားပေးမည့် သူများကို ရွာဆယ်ရွာက တာဝန်ယူကြသည်။ ထမင်းရုံဆယ်ရုံအတွက် ရွာဆယ်ရွာမှ လုပ်အားပေးရန် လူ ၁၀၀ တာဝန်ယူကြသည်။

ထမင်းရုံ တစ်ရုံတွင် ထမင်းစားပွဲခုံ ၂၀၊ ပန်းကန်ခွက်ယောက်၊ သောက်ရေအိုး အပြင် ကုန်းတော်ပေါ်၌ ရေရှားပါးသဖြင့် ထမင်းရုံ တစ်ရုံ တာဝန်ယူသော ရွာတစ်ရွာက ပစ္စည်းအစုံအလင်သာမက သောက်ရေသုံးရေအတွက် ရေစည်လှည်း ၁၅ စီးပါ တာဝန်ယူရခြင်းကြောင့် ပစ္စည်းများနှင့် ရေလှည်းများကို ကုန်းတော်ပေါ်သို့ အခေါက်ခေါက် သယ်ကြ တိုက်ကြရသည်။

ကုန်းတော်ပေါ်၌ ရေမရှိသဖြင့် စေတီ ထီးဒကာ ဦးထွန်းကြည်က ရေတွင်း တူးလှူသည်။ ရေတွင်းတူး၍ အတောင် သိပ်မနက်ခင် တွင်းထဲမှ ခပ်ထုတ်ကြသော မြေကြီးထဲတွင် ရွှေရောင်အဆင်းနှင့်တူသော မြေမှုန့်တွေပါ ရော၍ ပါလာသည်။ ဆက်၍ တူးရန် မတူးဝံ့ခြင်းကြောင့် ဆရာတော်ဘုရား တရား ဟောနေသော





ရန်ကုန်မြို့သို့ ရေတွင်းဒကာများ အမြန် လိုက်လာကြသည်။ ဆရာတော်ဘုရားအား ထူးဆန်းသော မြေကြီးကို လာပြကြသည်။ ဆရာတော်ဘုရားက အန္တရာယ်ရှိသည်၊ ဆက်မတူးဘဲ ယခုချက်ချင်း ရပ်ရန် မိန့်ကြားသဖြင့် ရေတွင်းကို ရေချို ထွက်အောင် ဆက်မတူးကြတော့ပေ။ ရေတွင်းထဲမှ ထွက်နေသလောက် ရေငန်၊ ရေနောက်မှာ သုံးစွဲရန် မလုံမလောက် ဖြစ်နေသည်။

စံတော်ရာ ကုန်းတော်နှင့် အလှမ်းဝေးလှသော ရွာများမှ တစ်နေ့ခရီး၊ တစ်ညခရီး ကြိုတင်၍ ရောက်လာကြသော လှူပရိသတ်တို့၏ နွားလှည်းတွေမှာ အဖိတ်နေ့ကပင် ကြိုတင် လာရောက်ကြခြင်းကြောင့် ကုန်းတော်ပေါ်နှင့် ကုန်းတော်ပတ်လည်တို့တွင် နွားလှည်းများ မြင်မကောင်းအောင် မှတာကျဲနေတော့သည်။

ကြိုတင် ရောက်လာသော ပရိသတ်တို့သည် လပြည့်နေ့ ဆရာတော် တရားဟောအပြီး သံဃာတော် အပါး ၁၀၈ ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူရန် အတွက် ကိုယ့်နေရာ ကိုယ်ရအောင် အဖိတ်နေ့ ညကတည်းက နေရာယူထားကြကာ၊ တစ်ညလုံး မြေကြီးပေါ်၌ ငုတ်တုတ် ထိုင်စောင့်နေကြရသည်။

ဆွမ်းဆန်စိမ်း လှူရန်အတွက် တောင်ကုန်းပေါ်သို့ အသီးသီး ယူဆောင်လာခဲ့ကြသော ဆန်မှာ တင်းနှင့်၊ တောင်းနှင့်၊ အိတ်နှင့် မဟုတ်။ အဝတ်ဆောင်း၊ ပုဆိုးဟောင်းကလေးများဖြင့် ထုပ်ယူလာသော အထုပ်ကလေးများကို ခေါင်းဆော် ရွက်၍ ရောက်လာကြခြင်း ဖြစ်သည်။ ကိုင်းသမား ယာသမားများကလည်း သံဃာတော်တို့အား ကြက်သွန်၊ ငရုတ်သီး လောင်းလှူရန် အထုပ်ကလေးများနှင့် ယူလာခဲ့ကြသည်။

လပြည့်နေ့နံနက် အရုဏ်မတက်မီ ဆိုက်ရောက်လာကြသော နွားလှည်းများနှင့် ရွာစာရင်းကို ကောက်ယူကြသည့်အခါ–

၁။ ဆားတောင် (ရှေ့ရွာ၊ နောက်ရွာ)၊ ၂။ သာယာကုန်း၊ ၃။ အေးသာယာ၊ ၄။ တိမ်းတီ၊ ၅။ ရွာသစ်၊ ၆။ ဘူးမကုန်း၊ ၇။ ဧကရာဇ်၊ ၈။ ဓောင်ခြမ်းကုန်း၊ ၉။ လူးကွဲ၊ ၁၀။ လူးကုန်း၊ ၁၁။ ရေလည်ကွေ့ (တောင်၊ မြောက်)၊ ၁၂။ လက်ထပ်ကုန်း၊ ၁၃။ ညောင်ရမ်း၊ ၁၄။ နတ်အင်း၊ ၁၅။ ချမ်းသာကြီးကွက်သစ်၊ ၁၆။ အင်းကုန်း၊ ၁၇။ ဈေးရွာ၊ ၁၈။ ဥယျာဉ်၊ ၁၉။ ရေအိုးစင်၊ ၂၀။ သူဌေးကုန်း၊ ၂၁။ စည်ပင်သာယာ၊ ၂၂။ ချောင်းဆုံ၊ ၂၃။ ဘုတ်တလုပ်၊ ၂၄။ မကျည်းခွ၊ ၂၅။ အင်းဂနက်၊ ၂၆။ ကြို့ကုန်း၊ ၂၇။ သပြေရိုး၊ ၂၈။ လယ်တော်၊ ၂၉။ မင်းမွာ၊ ၃၀။ မြောင်းခွ၊ ၃၁။ ကျိုနီ၊ ၃၂။ သည်းကုန်း၊ ၃၃။ ဟင်းနွယ်အိုင်၊ ၃၄။ ညောင်ပင်သာ၊ ၃၅။ ဝက်လက်၊ ၃၆။ သောင်နွယ်(တောင်၊ မြောက်)၊ ၃၇။ ကင်းတား၊



www.burmeseclassic.com

www.burmeseclassic.com



၃၈။ ရွာသာ၊ ၃၉။ ထန်းတပင်– ဆယ်ရွာ၊ ၄၀။ ချောင်းမကြီး၊ ၄၁။ ပိတောက်ပင်၊ ၄၂။ သစ်ဆိမ့်ပင်။ ၄၃။ ညောင်ပင်တဲ၊ ၄၄။ ချောင်းကမ်းကြီး၊ ၄၅။ ရွာသစ်ကြီး။ ၄၆။ ထွေးအင်း(တောင်၊ မြောက်)၊ ၄၇။ လျှော်ဖြူကုန်း၊ ၄၈။ မြရေပေါက်၊ ၄၉။ ဗောဓိကုန်း၊ ၅၀။ ကျီရွာ၊ ၅၁။ ရှမ်းစု၊ ၅၂။ သံဗို။ ၅၃။ ဖျင်ဖင်း၊ ၅၄။ ဒိုင်းချောင်း၊ ၅၅။ အုန်းပင်ခြံ၊ ၅၆။ ကံတွင်း၊ ၅၇။ ဓိးပင်ပေါက်၊ ၅၈။ ဓိးကွဲ၊ ၅၉။ တမာကုန်း၊ ၆၀။ ကံတဲ၊ ၆၁။ အေးသန်းကုန်း၊ ၆၂။ ပင်းတား(ကုလားရွာ)၊ ၆၃။ လွှဲပေါက်ကုန်း၊ ၆၄။ သီးပင်၊ ၆၅။ အုတ်ဆတ်ပင်၊ ၆၆။ ယင်းတော်ရွာ၊ ၆၇။ ဖွဲ့သင်း၊ ၆၈။ ပင်မြိုင်၊ ၆၉။ ကျုပ်တွင်း၊ ၇၀။ ဝါးရုံ(နှစ်ရွာ)၊ ၇၁။ ပေါက်တန်း၊ ၇၂။ အိုင်ကြီးလည်၊ ၇၃။ အင်းရွာ၊ ၇၄။ ပေါက်တော၊ ၇၅။ ဆင်ဝင်၊ ၇၆။ ဘုန်းမိုးကြီးကုန်း၊ ၇၇။ ဆင်အုန်း၊ ၇၈။ ပန်းတွင်း၊ ၇၉။ ပန်းတင်၊ ၈၀။ ရွာသစ်(အနောက်မြောက်)၊ ၈၁။ ကွက်ငယ်၊ ၈၂။ ဒဟာတ်တန်း၊ ၈၃။ ကန်တော်၊ ၈၄။ ကုက္ကိုတန်း၊ ၈၅။ တဲကြီးကုန်း၊ ၈၆။ ကံဖျားငါးရွာ၊ ၈၇။ ညောင်ပွင့်၊ ၈၈။ ထုံးဘိုကုန်း၊ ၈၉။ မဲဒီး၊ ၉၀။ ချောင်းနား၊ ၉၁။ မင်းတဲကုန်း၊ ၉၂။ တောင်ဖီလာ၊ ၉၃။ ငနုံဆင်း၊ ၉၄။ ညောင်ကုန်း၊ ၉၅။ ပျော့ကုန်း၊ ၉၆။ ကျွဲတန်း၊ ၉၇။ သဲတော၊ ၉၈။ ညောင်အိုင်၊ ၉၉။ ထန်းတောကြီး၊ ၁၀၀။ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့၊ ရမည်းသင်းမြို့၊ တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့၊ လယ်ဝေးမြို့၊ ပြည်မြို့၊ ပုသိမ်မြို့၊ ဖျာပုံမြို့၊ နတ္တလင်းမြို့၊ ရန်ကုန်။ ရွာပေါင်း ၉၉ ရွာ၊ မြို့အနေဖြင့် ၁၁ မြို့မှ ဖြစ်သည်။

မြို့ ၁၁ မြို့မှ လာရောက်ကြသော မြို့သူမြို့သားဆိုလျှင် လူ ၁၀၀ ခန့်သာ ရှိပေသည်။ ရွာ ၉၉ ရွာမှ ရောက်လာကြသော တောသူတောင်သား ကိုင်းယာ လယ်သမားကြီးတို့ ပရိသတ်ဦးရေမှာ သောင်းမက ရှိသည်။

ကျွန်မ၏ ဘဝ တစ်သက်တာတွင် ကိုင်းယာလယ်သမား တောသူ တောင်သား တစ်သောင်းမက ရှိသော များပြားလှသည့် ကျေးရွာပရိသတ်ကို အစုအဝေးကြီး အနေဖြင့် တစ်စုတစ်ပေါင်းတည်း တရားနာလာသည်ကို တစ်ခါဖူးမျှ ဤမျှလောက် မမြင်ဖူးခဲ့ချေ။ အလွန် ဆင်းရဲခြင်း၊ ပင်ပန်းခြင်း၊ နွမ်းပါးခြင်း၊ အသားအရေ ညိုညစ် ကြမ်းတမ်းခြင်း ရှိကြသော ရုပ်လက္ခဏာများမှာ လူအသီးသီးတိုင်း၌ ထင်းထင်းကြီး ပေါ်လွင်လျက် ရှိသည်။ အလှူလာ၍ ကလေးလူကြီး တောအနေဖြင့် ဝတ်ကောင်းစားလှ တတ်နိုင်သမျှ ဝတ်ဆင်လာကြသည်။ ချမ်းလှသော ရာသီဥတုဖြစ်၍ အချို့လည်း ချေးအထပ်ထပ် ညစ်ထည်းနေသော ချည်စောင်များ ပတ်ခြုံလာကြသည်။

လပြည့်နေ့ နံနက် ငါးနာရီမှ စ၍ ထမင်းရုံတွေမှ ပရိသတ်တို့ကို ထမင်း စ ကျွေးကြသည်။

သီဟရတနာစာပေ



မိုးပြဒယ်ကြီးတွေမှ တစ်အိုးပြီး တစ်အိုး သွန်ငှဲ့လိုက်ကြသော ထမင်းရည်များမှာ ချောင်းဖြစ်မတတ် စီးဆင်းနေတော့သည်။

ထမင်းရုံထဲ၌ စားသောက်နေကြသော ပရိသတ်ကြီးကို တစ်ရုံပြီး တစ်ရုံ ကျွန်မ လိုက်ကြည့်သည်။ ဆီဆယ်ပုံး ငှဲ့လောင်း၍ ချက်ထားသော ငါးခြောက်ချိုင့် ၂၀၀ ကျော် ဟင်းမှာ ခရမ်းချဉ်သီး၊ ကြက်သွန်မြိတ်၊ ငရုတ်သီးစိမ်းတို့ဖြင့် အဆင်း အနံ့ အရသာ ပြည့်စုံ ကောင်းမွန်လှသောကြောင့် ထမင်းရုံတိုင်းပင် လက်မလည်နိုင်အောင် ဟင်းလိုက်နေကြသည်။ ဟင်းချက်ပြီး ထည့်ထားသော ဆယ်ဝင်စဉ့်အိုးကြီးတွေထဲမှ မပြတ်မလပ် ခပ်ပေးနေကြရသည်။

ခေါ်ဖိထုပ်·ဟင်းချိုချက်နေသော နေရာ၌ တစ်ခါချက်လျှင် မိုးပြဒယ်ကြီး ငါးအိုးဖြင့် တရစပ် မီးထိုးချက်နေကြသည်။

ကုန်းတော်ပေါ်သို့ ရောက်လာသော ပရိသတ်အား ထမင်းစားရန် ထမင်းလက်မှတ် ဝေငှပေးသော လက်မှတ်ပေါင်း ၇၀၀၀(ခုနစ်ထောင်)ကျော် ထုတ်ပေးပြီးနောက်၊ လက်မှတ် ကုန်သွား၍ ပေးစရာ မရှိတော့သဖြင့် ထမင်းရုံဆွေကို လူအစောင့် အဆီးအတား မရှိ ဖွင့်ပေးလိုက်တော့သည်။ စားလိုသူတိုင်း အဝ ဝင်စားကြပါ။

ဆရာတော်ဘုရားကြီးသည် နောက်ပါ သံဃာတော်များနှင့် ထမင်းရုံဆွေထဲ၌ စားသောက်လျက် ရှိကြသော လူထုပရိသတ်ကြီးကို ကိုယ်တိုင် ကြွရောက်ကြည့်ရှုကာ ဝမ်းမြောက်ခြင်း ပီတိကြောင့် ဝမ်းပြည့်လျက်၊ ထိုနေ့ နံနက် နေ့ဆွမ်းကို လုံးလုံး ဘုဉ်းမပေးဘဲ ကပ်ထားသော ကော်ဖီတစ်ခွက်သာလျှင် သောက်လေသည်။

နေ့လယ် တစ်နာရီ၌ တရားဟောမည်ဖြစ်၍ နံနက် ငါးနာရီမှ နေ့ ၁ ချက်အထိ ပရိသတ်ကြီးကို အဆက်မပြတ် လူပေါင်း ၁၀၀၀ ပြီး ၁၀၀၀ ကျွေးမွေးနေခြင်းကြောင့်၊ ဟင်းချိုချက်သော ဌာနတွင် မိုးပြဒယ်အိုးကြီးဖြင့် ဟင်းချိုအိုးပေါင်း ၇၀ ချက်ပြီးနောက် ချက်သူတို့ လက်ပန်းကျကာ ရပ်လိုက်ရတော့သည်အထိ ဖြစ်သည်။

ဤမျှ များပြားလှသော တောင်ယာ လယ်သမားဦးကြီးတို့၏ တောလုထု ပရိသတ်ကြီးသည် စံတော်ရာ ကုန်းတော် တစ်ကုန်းလုံး ခြေချစရာ မရှိအောင် ဖွေးဖွေးလှုပ်နေကြသော်လည်း၊ အံ့ဩစရာ ကောင်းလောက်အောင်ပင် အသံဗလံ ဆူဆူညံညံ အုန်းအုန်းကျွက်ကျွက် မလုပ်ကြဘဲ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက် သွားကြလာကြ၊ စားကြသောက်ကြပုံမှာ စံတင်လောက်ပေသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

၃

နေ့လယ် တစ်နာရီ၌ အသံချဲ့စက်မှ ဆရာတော်ဘုရားကြီးအား တရားဟော ကြွပါရန် ပင့်ဖိတ်သံ ထွက်ပေါ်လာသည်။

ပျော်ဘွယ်မြို့နယ် တစ်ဝိုက် ရွာအသီးသီးရှိ ဘုန်းကြီးကျောင်းများမှ ပင့်ဖိတ် ဆွမ်းကပ်ထားသော သံဃာတော်များနှင့် ဆရာတော်ကြီးပါ သံဃာ အပါး ၁၀၈ ပါး တရားဟော စင်မြင့်ပေါ်သို့ တက်သွားကြသည်။

တရားဟောမည့် ဓမ္မာရုံကြီးထဲ၌ ပရိသတ်များ မဆံ့အောင်ဖြစ်ကာ ဆေး နှစ်ဖက် မြေပြင်ပေါ်တွင် လျှံထွက်နေကြသည်။

ကျွန်မတို့ ရန်ကုန်မှ လာကြသော အဖွဲ့သည် တရားနာသွားရန် ဓမ္မာရုံထဲ၌ ထိုင်စရာ နေရာမရှိ၊ ပရိသတ်ပေါက်အောင် မတိုးနိုင်ကြပေ။ ဓမ္မာရုံကြီး ခြေရင်း၌ ရှိသော ဇရပ်ကလေးပေါ်မှ ဆင်းသွားရန်ပင် ခြေချစရာ နေရာ မရှိသဖြင့် ဇရပ်ကလေးပေါ်မှာပင် ထိုင်နေကြရသည်။

စံတော်ရာ ကုန်းတော် တစ်ကုန်းလုံး ဆရာတော်ဘုရား၏ တရားဟောသံ သာလျှင် ပျံ့နှံ့ ဖုံးလွှမ်းနေလျက်၊ လူသူ မရှိဘိသကဲ့သို့ပင် တစ်တောလုံး တစ်ကုန်း လုံး တိတ်နေသည်။

ကျွန်မမှာ ဇရပ်ပေါ်၌ မတ်တတ်ရပ်လျက် တရားဟောနေသော ဆရာ တော်နှင့် တရားနာယူနေကြသော ပရိသတ်ကြီးကို မမှိတ်မသုန် စိုက်ကြည့်နေမိ သည်။

အဟောင်းကို မပြန်နှင့်၊
အသစ်ကို မကြံနှင့်။
ဖြစ်အောင် မပြုနှင့်၊
ပျက်အောင် မပြုနှင့်။
ဖြစ်တာ ပျက်တာ မြင်အောင်ရှု။

လူသံ မကြားအောင် တိတ်လျက် ရှိနေရာက ဆရာတော်ကြီး တိုင်ချပေး နေသော တရားလင်္ကာကို လိုက်၍ ရွတ်ဆိုကြသော ပရိသတ်ကြီး၏ အသံတို့သည် အထက် ဘဝဂ်သို့ လျှံတက်သွားသည်။

နာဝ စိုက်ထား၊ စိတ်ဓာတ်အား၊ သိဗြား ဘာဝနာ။
မရှိ ပညတ်၊ ရှိ ပရမတ်၊ ဤနှစ်ရပ်၊ မှတ်သား သိစေပါ။
ဝိပဿနာ၊ လိုရင်းမှာ၊ ရုပ်နာမ် ဖြစ်ပျက်တာ။
ဖြစ်ပျက် ရုပ်နာမ်၊ သိသော ဉာဏ်၊ ကေန် ဒိဋ္ဌိကွာ။
ကြံစည် တွေးမှု၊ လွတ်အောင်ရှု၊ သိမှုပေါ်တာ၊ အနတ္တာ။





ဖြစ်ပျက် ဒုက္ခ၊ သိမဂ္ဂ၊ မတွေးမကြံ၊ နိရောဓ။
သိတတ် သိအပ်၊ ဤနှစ်ရပ်၊ ရုပ်နာမ် ပရမတ်။
အနိစ္စမြင်၊ လောဘစင်၊ ဤတွင် မဂ်ရကြောင်း။
ဒုက္ခကိုမြင်၊ ဒေါသစင်၊ ဤတွင် မဂ်ရကြောင်း။
အနတ္တကို မြင်၊ မောဟစင်၊ ဤတွင် မဂ်ရကြောင်း။

ကျွန်မသည် ပရိသတ် လိုက်ဆိုကြ၍ ဟိန်းထွက်လာသော တရားသံများ ကို နားစိုက်ထားရင်း၊ ဤဆရာတော်ကြီး ဟောကြားနေသော ဝိပဿနာတရား သည် တရားနာယူနေကြသော တောင်ယာလယ်သမား လူထုကြီးနှင့် အံဝင်ခွင်ကျ လိုက်ဖက်လှလေစွဟု စဉ်းစားနေမိသည်။

တရားနာယူနေကြသော တောင်ယာလယ်သမား လူထုကြီးမှာ မြို့ပေါ်ရှိ မြို့သူမြို့သားများလို အစားအသောက်လည်း မဆန်းပြား၊ မလော်မာ။ အဝတ် လည်း မဆန်းပြား၊ မလော်မာ။ အနေလည်း မဆန်းပြား၊ မလော်မာ။ ပကတိ ရိုးသားမှု အခြေခံလျက် ရောင့်ရဲ တင်းတိမ် သည်းခံနိုင်ကြလေခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ နည်းပါးပြီးသား ဖြစ်ကြသည့်အတိုင်း၊ တရားရစရာ ရှိလျှင် ဤသူတွေက အလျင် တရား ရနိုင်သည်ဟု စဉ်းစား တွေးတောနေမိသည်။

တရားဟောချိန် နှစ်နာရီအတွင်း ကာလ၌ပင် ဆရာတော်ဘုရားသည် ရှေ့မှောက်၌ ရှိသော ပရိတ်သတ်ကြီးကို ၁၅ မိနစ် တရား ထိုင်ခိုင်းလိုက်သေး သည်။

ခန္ဓာကိုယ်၌ ထင်ရှားသော အစိတ်အပိုင်းဖြစ်သည့် နှာဖျား နှာဝကို ဉာဏ် နှင့် စောင့်ကြည့်ခိုင်းလေသည်။ ပြောင်းလဲမှု၊ ဖောက်ပြန်မှု၊ ဖြစ်ပျက်နေမှုတို့ကို မိမိ ပယောဂ မပါဘဲ၊ ပြုပြင် လုပ်ဆောင်မှု မပေးရဘဲ ရုပ်နာမ်မှတစ်ပါး ဘာမှ မရှိပါကလားဟု ထိသိနေမှုသာ လိုရင်းဖြစ်ကြောင်း ရှင်းလင်း ဟောကြားနေသည်။

၁၅ မိနစ် တဒင်္ဂပဟာန် တစ်ခဏ အချိန်ကာလကလေး၌ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းအေးနေခြင်းကြောင့် အတ္တ ကင်းစေသည့် ဉာဏ်အမြင် စင်ကြယ်လျက်ရှိသော ၁၅ မိနစ် အကျိုးကား နည်းသည့်အကျိုး မဟုတ်တော့ချေ။

တရားဟောပြီး အမျှဝေကာ သာဓု အနုမောဒနာ ပြုကြလေသော အသံ တို့သည် လူသူမနီး တောတောင်ကုန်းကြီးပေါ်၌ ကြက်သီးထဖွယ်ရာ ကောင်း လောက်အောင် သောင်းသောင်းညံသွားလေသည်။

တရားပွဲပြီးလျှင် သံဃာအပါး ၁၀၈ ပါးကို လှူရန် ဆွမ်းဆန်မြိမ်း လောင်းလှူပွဲ စ လေသည်။

အဖိတ်နေ့ ညကပင် မအိပ်မနေ ကိုယ့်နေရာကိုယ် ဦးထားကြသော



www.burmeseclassic.com

www.burmeseclassic.com



အလှူဆေး ပုဂ္ဂိုလ်တို့သည် ဆန်ထုပ်ကလေး၊ ရေတ်သီး၊ ကြက်သွန်ထုပ်ကလေးတွေကို ကိုယ့်ရှေ့ မြေပေါ်၌ ချထားကြသည်။ အလယ်က လမ်းလုပ်ထားလျက် မျက်နှာချင်းဆိုင် ထိုင်ကြရခြင်းကြောင့် နှစ်ဖက် လောင်းလှူနိုင်သည်။

လယ်ယာလုပ်သား ဦးကြီးတို့သည် ဆွမ်းဆန်ခံ ကြွလာသော သံဃာတော် ၁၀၈ ပါးကို တစ်ပါးလျှင် အဝတ်ထုပ်ကလေးထဲမှ ဆန်တစ်ဇွန်း ခပ်လောင်းလှူလိုက်ကြသည်။

ရေတ်သီးတောင့် လှူမည့် ယာသမား၊ ကိုင်းသမား လုပ်သားဦးကြီး မိကြီးတို့ကလည်း သံဃာတော် တစ်ပါးလျှင် ရေတ်သီး သုံးတောင့်စီ လှူကြသည်။

ကြက်သွန်နီ လှူမည့် ကိုင်းသမား လုပ်သားဦးကြီးတို့ကလည်း သံဃာတစ်ပါးလျှင် ကြက်သွန်၃ နှစ်၃ လောင်းလှူကြသည်။

ညနေ ငါးနာရီခွဲတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီး ပြီးစီးသွားသည်။

လယ်ယာလုပ်သား ဦးကြီးမိသားစုတို့၏ လုပ်အား ချွေးနဲ့စာမှ သံဃာတစ်ပါး ဆန်တစ်ဇွန်းကျ လှူဒါန်းလိုက်ကြသော ဆန်မှာ သံဃာတစ်ပါးလျှင် ဆန်ခြောက်တင်းကျော်မျှ ရရှိကြသည်။

သံဃာအပါး ၁၀၈ ပါး၊ ဆန်တင်းပေါင်း ၇၀၀ ကျော်။

ကိုင်းလုပ်သား ဦးကြီးတို့၏ ချွေးနဲ့စာ လောင်းလှူလိုက်သော သံဃာတစ်ပါး ကြက်သွန် နှစ်၃၊ ရေတ်သီး သုံးတောင့်မှာလည်း သံဃာတစ်ပါးတစ်ပါးလျှင် တင်းတောင်းနှင့် နှစ်တင်း သုံးတင်းမက မောက်လျှံသွားကြသည်။

ဆွမ်းဆန်စိမ်းလောင်းပွဲအပြီး ဤမျှ များပြားလှသော ပရိသတ်ကြီးသည် နာရီပိုင်းအတွင်း စံတော်ရာကုန်းတော်ပေါ်၌ ပျောက်ကွယ်သွားကြပုံမှာ ပြောစမှတ်ပြုရအောင် မြန်ဆန်လွန်းလှပေသည်။ ငှက်တွေ ပျံသွားကြသည့်အလား နေမဝင်ခင်ပင် ကုန်းတော်ပေါ်၌ လူတွေ ဘယ်ရောက်ကုန်မှန်း မသိအောင် ပရိသတ်ရှင်းသွားသည်။

ဘိန်းနွယ်ပင်အောက်၌ ကျွန်မ ရပ်လျက် မျက်စိ မဆုံးနိုင်အောင် တရွေ့ရွေ့ သွားနေသော လှည်းတန်းရှည်ကြီးကို မျှော်မဆုံးအောင် ရှုငေးကြည့်နေရင်း စေတီတော်ကြီး ထီးတင်ပြီး ဒုတိယနှစ်က ဘုရားပွဲတွင် လာကသော စိန်မာဒင် မင်းသားက လူသူမနီးဘဲနှင့် တောခေါင်ခေါင် တောင်ကုန်းပေါ်သို့ ရောက်လာကြသော များပြားလှသည့် လူထုကြီးကို တွေ့မြင်ရသောအခါ "ဒီလူတွေက ဘယ်က လာတဲ့ လူတွေလဲ၊ လူတွေမှ ဟုတ်ရဲ့လားဗျာ" ဟု ပြောသွားသည်ဆိုခြင်းကို ကြားယောင်မိလာလျက်၊ စိန်မာဒင် ပြောမည်ဆိုလည်း ပြောစရာပေပဲဟု အောက်မေ့မိသည်။

သီဟရတနာစာပေ



စံတော်ရာကုန်းဘက် ရာဇဝင်အကြောင်းကလည်း ထူးပါပေ၏။

ကုန်းတော်ပေါ် မဟာမင်္ဂလာ ဇေယျသိဒ္ဓိ စေတီတော်ကြီးကလည်း ထူးပါပေ၏။

ဆားတောင် ဂုံင်လေးအဖြစ် စံတော်ရာ ကုန်းတော်ပေါ်၌ ရှစ်နှစ်သားတွင် ကိုရင်ဝတ်ကာ ပေက်သွားပြီးနောက်၊ အသက် ၂၁ နှစ်တွင် ပြန်ရောက်လာကာ ပဋ္ဌင်းခံလျက် ပြန်ပျောက်သွားပြန်ပြီးလျှင် သက်တော် ၆၇ နှစ်၊ နှစ်ပေါင်း ၄၀ ကျော်မှ ဤစံတော်ရ ကုန်းတော်တွင် သာသနာပြုသော ပြည်မြို့ ရတနာမာန်အောင် တောရ ဆရာတော်ဘုရားကြီး၏ အကြောင်းကလည်း ထူးပါပေ၏။

ကျွန်မသည် ဘိန်းနွယ်ပင်အောက်၌ ကျုံ့ကျုံ့ကလေး ထိုင်ချလျက် ဆည်းလည်းသံ တချွင်ချွင် မြည်နေသော မဟာမင်္ဂလာဇေယျသိဒ္ဓိ စေတီတော်ကြီးကို ဦးချရှိခိုးပြီးနောက် ဤဆုကို တောင်းလိုက်မိသည်။

'ရှေ့နှစ်ခါ ဤစံတော်ရာကုန်းတော်တွင် ကျင်းပမည့် ဗုဒ္ဓပူဇနိယ ခြောက်ကြိမ်မြောက် ပွဲတော်၌ လယ်ယာဦးကြီးတို့သည် သံဃာတစ်ပါးလျှင် ဆန်တစ်ဇွန်းမှ နှစ်ဇွန်းတိုး၍ လောင်းလှူနိုင်ကြပါစေ။

ဂျာနယ်ကျော်မမလေး၏ တစ်ဘဝနိဂုံး (၁၀ မြေ ၁၉၈၂) ...။



www.burmeseclassic.com



'ကိုင်းကျွန်းလုပ်သား ဦးကြီးတို့ကလည်း ကြံသွန်နီနှစ်ဥမှ ကြက်သွန်နီလေးဥ တစ်ဆတိုး၍ လောင်းလှူနိုင်ကြပါစေ။

'တောင်ကုန်းပေါ်၌ ဆောက်လုပ်ဆဲ ရှိနေသော တိုင် ၁၃၀၊ အနံ ၁၀၀၊ အလျား ၁၅၀ ရှိသည့် ဤမြွှာရုံကြီးသည်လည်း နတာရည် လူမမာကြီးလို အချိန်ကြာပုံမျိုး မဖြစ်စေဘဲ ရှေ့နှစ်ခါ ဘုရားပွဲတော်ချိန်တွင် မိုးပြီး၊ ကာပြီး၊ ခင်းပြီးသား တွေ့မြင်ရပါစေ။

'ဆင္ဗမအကြိမ်မြောက် ရှေ့နှစ်တွင် ပျော်ဘွယ်နယ် တစ်နယ်လုံးရှိ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြသော ရွာပေါင်း ၁၀ ကျော်မှ ရွာသူရွာသား ဦးကြီးမိကြီး အပေါင်းတို့ကို ဆရာတော်ဘုရားကြီးက ၁န်တင်းပေါင်း ၁၅၀ မှ ဆန်တင်းပေါင်း ၂၀၀ အထိ တိုး၍ ကျွေးမွေး လှူဒါန်းနိုင်ပါစေ။

'မဟာမင်္ဂလာ ဇေယျသိဒ္ဓိ စေတီတော်ကြီး၏ ဝန်ခိုးတော်ဖြင့် ဘုရားတပည့် တောင်းသော ဤဆုသည် ပြည့်ပါစေသား'

[ မြစ်ငယ် မီးရထားစာကြည့်တိုက် ငွေရတုမဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၇၉ ]

BURMESE CLASSIC .com

www.burmeseclassic.com